# မဟာရာဇဝင်တော်ကြီး

(ပဉ္စမတွဲ)

၁'၁ ၁ ၈ ၉
၉၅၉.၁

မန္တလေးရတနာပုံ-မြို့တည်နန်းတည်

**ပဉ္စမသင်္ဂါယနာတင်-မင်းတရားကြီးလက်ထက်**

ရွှေနန်းတော် မှန်နန်းဆောင်ကြီးရှေ့ ဇေတဝန်ဆောင်တော်တွင်

ရဟန်းပညာရှိ, လူပညာရှိတို့နှင့် တိုင်ပင်နှီးညှိ၍

ပညာရှိ-မှူးတော် မတ်တော်တို့

ကြီးကြပ်စီကုံးရေးသားသည့်

## ဒုတိယမဟာရာဇဝင်တော်ကြီး-ခေါ်

# ကုန်းဘောင်ဆက်

# မဟာရာဇဝင်တော်ကြီး

(ပဉ္စမတွဲ)

စုဆောင်းရေးသားပြုစုသူ

“ကြက်သရေဆောင်-ရွှေစလွယ်ရ ဝန်ထောက်မင်း”

**ဦးမောင်မောင်တင် (I) K.S.M., A.T.M.**

★

(မူပိုင်ရှင်ဦးတင်မောင်မောင်ကလေး)

**လယ်တီမဏ္ဍိုင် ပုံနှိပ်တိုက်**

အမှတ် ၁၆၇၊ ၄၇-လမ်း၊ ရန်ကုန်မြို့။

( ၁၃၂၉ )

တတိယအကြိမ် ရိုက်နှိပ်ခြင်း
အုပ်ရေ ( ၂၀၀၀ )


၁၉၆၇-ခု၊ အောက်တိုဘာလ

☆

ပုံနှိပ်သူ ....ဦးထွန်းလှိုင်
ထုတ်ဝေသူ....ဦးထွန်းလှိုင်

ရန်ကုန်မြို့ ၄၇-လမ်း၊ အမှတ် ၁၆၈-လယ်တီမဏ္ဍိုင် ပုံနှိပ်တိုက် နှင့်-စာပေဌာန၊ မှတ်ပုံတင် အမှတ် (၀၄၃၃) (၀၅၁၃) အရ ပုံနှိပ်ထုတ်ဝေသည်။

---



ရတနာပုံနေပြည်တော်ကြီးကို လက်မွန်အစပဌမတည်ထောင်ဖန်ဆင်းတော်မူသော ပဌမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီးဘုရားနှင့် ဒုတိယနန်းစံ မာရ်အောင်ရတနာစေတီတော်ဒါယကာ မင်းတရားကြီးဘုရားတို့ စံတော်မူသော မြနန်းစံကျော် ရွှေနန်းတော်ကြီး။



ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးကို
ဆက်လက်စီကုံးရေးသားသူ ကြက်သရေဆောင် ရွှေစလွယ်ရမင်း
အမှုထမ်းကောင်းတံဆိပ်ရမင်း အငြိမ်းပင်စင်စား
**ဝန်ထောက်ဦးတင် (I) K.S M., A.T.M.**

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ကျမ်းဦးပဏာမ၊ ပဋိညာဉ်စသော ဂန္ထာရမ္ဘ .... | ၁ |
| ၂ | အလောင်းမင်းတရားကြီးဘုရား၏ အနွယ်အဆက်တော် .... | ၁၀ |
| ၃ | ခမည်းတော် မယ်တော်တို့ မုဆိုးဖိုတွင် အတည် အနေ ခြေကြီး မြစ်ကြီး ဖြစ်ခြင်း .... .... .... | ၁၅ |
| ၄ | တိတ်နိမိတ်ကြီးစွာပြလျက် မုဆိုးဖိုမြို့တွင် အလောင်းမင်းတရားကြီးဘုရားဖွားမြင်တော်မူခြင်း၊ မင်းဖြစ်အံ့သောအိမ်မက်တော်မြင်ခြင်း၊ တိတ်နိမိတ် စနည်းတဘောင် ဖြစ်ပေါ်ခြင်း .... | ၁၆ |
| ၅ | မြောက်ဘက် အရပ်က မင်းလောင်းပေါ်မည် ကျော်စောခြင်းကြောင့် အစီရင်ဦးအောင်ဇေယကိုတောင်ငူရာဇာခေါ်၍ကြည့်ရှုမေးမြန်းခြင်း .... .... .... | ၁၈ |
| ၆ | အလောင်းမင်းတရားကြီးဘုရား မုဆိုးဖိုမြို့တွင် ထန်းလုံးတပ်တည်၍လက်နက်လူသူစုဆောင်းသိမ်းသွင်းပြီးလျှင် အဖြိုးအခိုင်နေတော်မူခြင်း .... .... .... | ၁၈ |
| ၇ | ဟံသာဝတီဘုရင်ကညီတော်ဥပရာဇာစသော ဗိုလ်မှူးတပ်မှူးတို့ကိုစေ၍ ရတနာပူရအဝပြည်ကြီးကိုတိုက်ခိုက်သိမ်းယူသည်တွင် မြန်မာနိုင်ငံအလုံး တလိုင်းမင်း၏ လက်နက်နိုင်ငံဖြစ်ခြင်း .... | ၁၉ |
| ၈ | အလောင်းမင်းတရားကြီးဘုရား မင်းအဖြစ်ကို ယူတော်မူခြင်း– | ၂၀ |
| ၉ | တလိုင်းဥပရာဇာနှင့် ဂွေ့ဂုဏ္ဏအိန်တို့က လွှတ်သော သံနှစ်ဦး မုဆိုးဖိုသို့ သစ္စာပေးရောက်ကြခြင်း၊တလိုင်းသံတို့ကိုသတ်ခြင်း– | ၂၁ |
| ၁၀ | တလိုင်းဥပရာဇာက မုဆိုးဖိုသို့ သစ္စာပေးရန် လူသုံးထောင်နောက်ဆက်လွှတ်လိုက်သည်ကို အလောင်းမင်းတရားကြီးက ခုခံဖမ်းဆီးသတ်ဖြတ်လိုက်ခြင်း .... .... | ၂၅ |
| ၁၁ | မြင်းရည်ဘက် ၆၀ ဖွဲ့ခြင်း၊ ဘွဲ့ဦးပေးခြင်း၊ တံဆိပ်နာမံတော်အထူးခံဘွယ်မရှိ၊အလောင်းမင်းတရားကြီးဟုခေါ်တွင်နှင့်သော တံဆိပ်နာမံတော်ရှိလေပြီဟု အမိန့်တော်ရှိခြင်း .... | ၂၇ |
| ၁၂ | မုဆိုးဖိုသို့ တလိုင်းတပ် လူငါးသောင်းခန့် ချီတက်ဝန်းရံသည်ကို အလောင်းမင်းတရားကြီးဘုရား တိုက်ခိုက် အောင်မြင်တော်မူခြင်း .... .... .... | ၃၅ |
| ၁၃ | မြောင်းဝန်းအရပ်တွင် တလိုင်းတပ်ကို အောင်တော် မူခြင်း၊ တောဘောင်ကြီးရာ ရှောင်ရှားပုန်းအောင်း နေသူတို့ကိုခေါ်သိမ်းတော်မူခြင်း .... .... .... | ၄၃ |

မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၄ | ခင်ဦး ချစ်ညိုနှင့် အလောင်းမင်းတရားကြီးဘုရား၏ စစ်သည်တော်တို့ တိုက်ခိုက်ခြင်း၊ ရွှေပေါင်လောင် တပ်ကို အောင်တော်မူခြင်း .... .... .... | ၄၅ |
| ၁၅ | ရွာသစ်ကြီး, ညောင်လှ, ခင်ဦး, ငါးစီး, ရေဦးကုန်းဘက်ရှိ တလိုင်းတပ်များကို တပွဲပြီးလျှင် တပွဲအောင်တော်မူခြင်း .... | ၅၀ |
| ၁၆ | စစ်ဗိုလ်,စစ်ကဲ,နာခံ,တပ်ရေးစည်းကြပ်၍သေနတ်တပ်,အမြောက်တပ်, လှံတပ်, လေးတပ်ဖွဲ့စည်းခြင်း၊ ဘွဲ့အမည် အရည်ပေးတော်မူခြင်း .... .... .... | ၅၇ |
| ၁၇ | တလိုင်းတို့က တည်လှာသည့် တည်တောတပ်နှင့် ကျောက်ကာတပ်များကို အောင်တော်မူခြင်း .... .... | ၅၈ |
| ၁၈ | အလောင်းမင်းတရားကြီးဘုရား အနိမ့်, အမြင့်,ကျောက်ကာ, သာစည် စသောမြို့ရွာများသို့ တိုင်းခွင်လှည့်လည်တော်မူခြင်း၊ အဝအမှုထမ်းဟောင်း ရာဇာဓိရာဇ်သည် အင်တိုင်း အရပ်က မင်းခင်းတပ်သို့ဝင်ခြင်း၊ ချစ်ညို ကျွန်းတောကြီးက ခံသည်ကို သေနက်ဝန်တိုက်၍ထွက်ပြေးခြင်း၊ သစ်ခေါက်တပ်ကို သေနတ်ဝန်တိုက်ရာ အရေးမသာ၍ ဆုတ်ခွာရခြင်း .... .... | ၆၁ |
| ၁၉ | ဂွေ့ဂုဏ္ဏအိန်တို့က တလိုင်း တို့ကို သွေးဆောင်၍ ဗိုဝအရပ်ရောက် ခေါ် ပြီးလျှင် တလိုင်းအများကို သတ်လိုက်ခြင်း .... | ၆၃ |
| ၂၀ | ဂွေ့ဂုဏ္ဏအိန်က သစ္စာခံ၍ အမှုတော်ထမ်းပါမည်ဟု မှုဆိုးဗိုသို့ လူသုံးရာခန့်နှင့် တရုပ်ဝန် ဆိုသူကို စေလွှတ်ရာ အလောင်းမင်းတရားကြီးဘုရားက ၎င်းတို့ အဖြောင့် မဟုတ်ကြောင်း သိတော်မူ၍ ကုန်စင်အောင် ကွပ်တော်မူခြင်း၊ ရိုးရင်းတော်ဘက် အမှုထမ်းတို့အား စားကျေးမြို့ရွာ အရာအထူးပေးခြင်း .... | ၆၄ |
| ၂၁ | ရတနာသိင်္ဃမြို့ကို တည်တော်မူခြင်း .... .... | ၆၅ |
| ၂၂ | တိုင်းပြည်မြို့ရွာသာသနာကိုပြုစုတော်မူခြင်း၊ခိုးမှုဖြစ်ပွားလျှင် မြို့ရွာ သူကြီး ခေါင်းအကြီးတို့က ဥစ္စာရှင်ကို ပေးလျော်ရခြင်း၊ လယ်ယာကိုင်းကျွန်း ရိတ်သိမ်းသည့်အခါ ကြက်သေဝက်သေ တင်၍ ရိတ်သိမ်းရိုးရှိသည့်အရာ,ကြက်ဝက် သတ်၍ လယ်နတ် ရှာနက်ပေးကြသည့်အရာများကို လုံးလုံး မြစ်တားတော်မူခြင်း | ၆၉ |
| ၂၃ | ဂွေ့ဂုဏ္ဏအိန်တောင်သုံးဆင့်သို့ပြောင်း၍အခိုင်နေသည်ကိုတိုက်ရာ သေနတ်ဝန်ရှုံးခြင်း၊ စစ်ဗိုလ်များကို အလောင်းမင်းတရားကြီးဘုရားက အကျဉ်းထားတော်မူခြင်း၊ သားတော်သတိုးမင်းစော လုပ်ကြံတော်မူ၍ ဂွေ့ဂုဏ္ဏအိန်ကို အောင်တော်မူခြင်း– | ၇၂ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၄ | အဝမြို့အောက် လောင်သာအရပ်တွင် တလိုင်းတပ်ကိုတိုက်ခိုက် အောင်မြင်ခြင်း .... .... .... | ၇၄ |
| ၂၅ | အလောင်းမင်းတရားကြီးသားတော်လတ် သတိုးမင်းစော အဝမြို့ကို ချီတက်တိုက်ခိုက် အောင်မြင်ခြင်း၊ အလောင်းမင်းတရားကြီး ဘုရား အဝမြို့ကို သိမ်းတော်မူခြင်း .... .... | ၇၆ |
| ၂၆ | အလောင်းမင်းတရားကြီးဘုရားရေဝတီမြစ်ကြောင်းကအထက်ဆင်ဘိုမှန်ကင်းအရောက်ဆန်တက်တော်မူ၍စော်ဘွားမြို့စားတို့ကို သစ္စာပေးတော်မူခြင်း၊ကိုးလံရှိသော လှေသစ် ၃၀၀–ကျော်များကို ခုတ်စေခြင်း၊ ရတနာသိင်္ဃမြို့တော်သို့ စုန်တော်မူခဲ့ခြင်း | ၈၀ |
| ၂၇ | အဝအမှုထမ်းဟောင်း ရာဇာမိရာဇ်သည် စစ်သည်လက်နက် ဆင်မြင်းအများနှင့် အလောင်းမင်းတရားကြီး ဘုရားသို့ ကျွန်တော်ခံဝင်ရောက်ခြင်း၊ သားတော် သတိုးမင်းစောကို အဝမြို့က အခိုင်နေစေခြင်း .... .... .... | ၈၄ |
| ၂၈ | ဟံသာဝတီဘုရင်က ညီတော်ဥပရာဇာစသော ဗိုလ်မှူးတပ်မှူး အပေါင်းတို့နှင့် စစ်သည်နှစ်သိန်းကျော် အင်ကြီးအားကြီးချီလာ၍ အဝမြို့ကို ကြည်းရေပိတ်မျှ ဝန်းရံခြင်း၊ တလိုင်းစစ်သူကြီး ဒလပန်း လှေတပ်ခုနစ်တပ်, တိုက်လှေကြီးရှစ်ရာကျော်နှင့် ကျောက်မြောင်းရောက် ဆန်တက်စွဲရပ်ခြင်း .... .... | ၈၅ |
| ၂၉ | အဝမြို့စောင့် သားတော်သတိုးမင်းစော အဝမြို့ကို အထပ်ထပ် ဝန်းရံသည့် တလိုင်းတပ်များကို ထွက်၍ စစ်ရေးစမ်းတော်မူခြင်း .... .... .... .... | ၉၀ |
| ၃၀ | လှေတပ်ခုနစ်တပ်, တိုက်လှေကြီး ရှစ်ရာကျော်တွင် စစ်သူကြီး ဒလပန်း ကွပ်ကဲ၍ ကျောက်မြောင်းရောက် ဆီးဆို့စွဲရပ်သည့် တလိုင်းရေတပ်ကို တိုက်လှေတော် ၃၆–စင်းမျှနှင့် တိုက်ခိုက် အောင်မြင်၍ တလိုင်းတပ် ဆုတ်ခွာခြင်း.... .... | ၉၄ |
| ၃၁ | နွားချေးကျွန်း, သံလွင်ဖြူ, ငါးတပ်ကြီးကရံသော တလိုင်းလှေ တပ်ကို သားတော် သတိုးမြွေရာဇာတိုက်၍အောင်တော်မူခြင်း၊ အဝမြို့ကိုရံသော တလိုင်းကြည်းတပ်ကို သားတော် သတိုးမင်းစောတိုက်၍ အောင်မြင်တော်မူခြင်း .... .... | ၉၇ |
| ၃၂ | တလိုင်း ဥပရာဇာတို့တပ်များ အရေးရှုံး၍ ဟံသာဝတီရောက် ဆုတ်ခွာခြင်း .... .... .... | ၉၉ |
| ၃၃ | အလောင်းမင်းတရားကြီးဘုရား ပင်းမဲ့ထီးရောက် ချီတော်မူ၍ အရပ်ရပ် သစ္စာပေးပြီးလျှင် ရတနာသိင်္ဃမြို့သို့ပြန်ခြင်း၊ရတနာသိင်္ဃနန်းတော် ပြီးပြေအောင် ဆက်လက်တည်လုပ်ခြင်း .... | ၁၀၀ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၄ | ဟံသာဝတီပါ၊ အဝရွှေနန်းရှင် မင်းတရားနှင့် မြန်မာမှူးမတ် အမှုထမ်း လူတထောင်ကျော်တို့ကို တလိုင်းမင်းက သတ်လိုက်ခြင်း၊ မြေလတ်ဖော့ခွင်မြို့ရွာသူကြီးတို့ တစိတ်တဝမ်းတည်းညီညွတ်ကြ၍ လူသူစုရုံးပြီးလျှင် ပြည်မြို့မှစ၍ အနီးအစပ်မြို့ရွာရှိ တလိုင်း အကြီးအအုပ်တို့ကိုသတ်ဖြတ်၍ အလောင်းမင်းတရားကြီးဘုရားကို တင်လျှောက်ချီပင့်ခြင်း .... .... | ၁၀၄ |
| ၃၅ | ထီးလင်းစော်ဘွားကို အောင်တော်မူခြင်း၊ ရတနာသိင်္ဃနေပြည်တော် ရွှေချက်သိုဘုရားကို ရွှေထီးအထွတ် တင်ခြင်း.... | ၁၀၇ |
| ၃၆ | တလိုင်းမင်းက စစ်အားကြီးချီ၍ ပြည်မြို့ကို ဝန်းရံခြင်း .... | ၁၀၉ |
| ၃၇ | ရန်ပုံခွင်းအမြောက်အကြောင်း၊ မိုးနဲ, ညောင်ရွှေ, တိကျစ်, စကား, ကျိုင်းတောင်း, ကျိုင်းခန်း စသော စော်ဘွားတို့ကို သစ္စာပေးရန် သေနတ်ဝန် ချီတက်ခြင်း.... .... | ၁၁၁ |
| ၃၈ | အလောင်းမင်းတကြီးဘုရား ဟံသာဝတီသို့ ချီတော်မူမည် ခန့်ရန်ခြင်း .... .... .... | ၁၁၆ |
| ၃၉ | ရေနံချောင်းမြို့, မလွန်မြို့,ညောင်ပင်ဆိပ် ကာမတွင် စွဲရပ်သည့် တလိုင်းလှေတပ်များကို ရွှေချီတပ် ၃-တပ်ကတိုက်၍ အောင်မြင်ခြင်း၊ တလိုင်း ရေတပ်ဆိုသမျှ ပြည်မြို့အောက် တရုပ်မော်က စောမြဲရေတပ်သို့ ပေါင်းကြခြင်း .... .... | ၁၂၁ |
| ၄၀ | အလောင်းမင်း တရားကြီး ဘုရား ပြည်မြို့သို့ ရေကြောင်းချီတော်မူခြင်း၊ ရောက်လျှင် ကိုယ်တော်တိုင် ကွပ်ကဲ၍ ဆံတော်ရှင်တွင် စွဲရပ်သည့် တလိုင်းတပ်ကို တိုက်ခိုက်အောင်နိုင်ခြင်း၊ တလိုင်းတပ်ဆိုသမျှ အကုန် ဆုတ်ခွာကြခြင်း .... | ၁၂၃ |
| ၄၁ | အလောင်းမင်းတရားကြီး ဘုရား ဟံသာဝတီသို့ စုန်တော်မူခြင်း၊ လွန်ဆေးမြို့ကို မြန်အောင်မြို့ သမုတ်၍ တလကျော် စံတော်မူခြင်း .... .... .... | ၁၃၄ |
| ၄၂ | တလိုင်းတို့ပြည်မြို့ကတပ်ပျက်၍ဆုတ်ပြေးလေရာ သန်လျင်ကင်းဝကျွန် တပ်ကြီးတည်၍ ရပ်ခံခြင်း၊ တလိုင်းမင်းက ပန်းလှိုင်ဝတွင် တပ်ကြီးကည်စေခြင်း၊ ဗညားဒလကို သန်လျင်မြို့စီးထားခြင်း၊ သန်လျင်ကင်းဝ ပန်းလှိုင်ဝများတွင် တလိုင်းရေတပ်ကြီးကို အောင်တော်မူခြင်း၊ အလောင်းမင်းတရားကြီး ဘုရား ဒဂုန်သို့ရောက်တော်မူလျှင် မြို့ရာဟောင်းအနောက်တွင် မြို့သစ်ကည်၍ ရန်ကုန်မြို့သမုတ်စံနေတော်မူခြင်း .... .... | ၁၃၇ |
| ၄၃ | တလိုင်းမင်းက စေ၍ လက်ယာဗိုလ်စွဲရပ်လှာသည့် ရန်ကုန်မြို့အနီးတာမွေတပ်ကြီးကို အောင်တော်မူခြင်း.... .... | ၁၄၁ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၄ | ဘောင်းနင်းမလစ်တွင် မြန်မာတပ် စစ်ရှုံးချက် နာလှသော ကြောင့် မင်းလှရာဇာ, ယောစော်ဘွား, ကန္နီမြို့သူကြီးတို့ကို ကွပ်တော်မူခြင်း .... .... .... | ၁၄၃ |
| ၄၅ | ဟိုင်းကြီးကျွန်းနေကုမ္ပဏီကုလားတို့ကို ဖမ်းဆီးသိမ်းယူခြင်း.... | ၁၄၄ |
| ၄၆ | ဘောင်းနင်းမလစ်တွင် စွဲရပ်သည့် တလိုင်း တပ်ကို အောင် တော်မူခြင်း .... .... .... | ၁၄၇ |
| ၄၇ | သန်လျင်တပ်ကိုတိုက်ရာ မြန်မာက အရေးနိမ့်ခြင်း .... | ၁၄၈ |
| ၄၈ | ရဲမွန်အရပ်တွင်ရှိ တလိုင်းတပ်ကိုမတိုက်ဘဲပြန်လာခြင်းကြောင့် ဒိဲယင်းဗိုလ်နှင့် ရဲခေါင်စံကျော်တို့ကို ကွပ်တော်မူခြင်း၊ ဒလ တပ်ကို အောင်တော်မူခြင်း .... .... | ၁၅၁ |
| ၄၉ | ရန်ကုန်မြို့မှာ စစ်သည်သုံးသောင်း အစောင့်အနေ ထားခဲ့၍ ရတနာသိင်္ဃနေပြည်တော်သို့ ဆန်တက်တော်မူခဲ့ခြင်း .... | ၁၅၂ |
| ၅၀ | ရန်ကုန်မြို့စောင့် မြန်မာတပ်ကို တလိုင်းတို့တိုက်ခိုက်သည့်တွင် မအောင်မြင်ဘဲ တလိုင်းတို့အရေးရှုံးနိမ့် ဆုပ်ခွာရခြင်း .... | ၁၅၄ |
| ၅၁ | အလောင်း မင်းတရားကြီးဘုရား ရတနာသိင်္ဃသို့ ရောက်လျှင် သေနတ်ဝန်ကို ရန်ကုန်မြို့သို့ ချီစေခြင်း၊ တလိုင်းတပ်ကြီးငါး တပ် ဝန်းရံသည်ကို တိုက်ခိုက် အောင်မြင်ခြင်း .... | ၁၅၇ |
| ၅၂ | အလောင်းမင်းတရားကြီးဘုရား ရတနာသိင်္ဃမြို့မှ ရန်ကုန်မြို့သို့ ချီတော်မူခြင်း .... .... .... | ၁၆၁ |
| ၅၃ | ရန်ကုန်မြို့သို့ ရောက်တော်မူလျှင် ကြည်းတပ်, ရေတပ်စီမံစေ လွှတ်တော်မူ၍ တလိုင်းတပ်များနှင့် တိုက်ခိုက်ခြင်း .... | ၁၆၄ |
| ၅၄ | ဟံသာဝတီမြို့ပန်းတိုင်တံခါးနှင့် ဆီတည့်တွင် စာဆွဲရခြင်း.... | ၁၆၆ |
| ၅၅ | အင်္ဂလိပ်မင်းက သေနတ်အမြောက် လက်နက်ခဲယမ်း အများ လက်ဆောင်ဆက်၍ သံရောက်လာခြင်း၊ အလောင်းမင်းတရား ကြီးဘုရားက ရာဇသံပြန်ပေးခြင်း .. .... | ၁၆၈ |
| ၅၆ | တလိုင်းမင်းကစေ၍ စစ်သည်ခုနစ်ထောင်ကျော်နှင့် ဈေးငယ် ဗိုလ်တို့ စွဲရပ်လာသည့်ဒေါပုံတပ်ကို မြန်မာတို့က ဝန်းရံခြင်း၊ အရံဖြိုတ်မည့်လာသည့်တလိုင်းတပ်ကို နိုင်ခြင်း၊ ဒေါပုံတပ်ကြီး ကို အောင်မြင်ခြင်း .... .... .... | ၁၇၀ |
| ၅၇ | သန်လျင်ရေတပ်ကို အောင်တော်မူခြင်း၊ သန်လျင်မြို့ ပဌမတိုက် ရာတွင် သေနတ်ဝန်ကျခြင်း၊ နောက်ထပ်ကြို၍ တိုက်သည့်တွင်မှ သန်လျင်မြို့ကို အောင်တော်မူခြင်း .... .... | ၁၇၄ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၈ | သန်လျင်ပျက်လျှင် ရန်ကုန်မြို့သို့ မျိုးရိက္ခာမဝှိနိုင်အောင်တလိုင်းတို့က ဆီးဆို့ခြင်း၊ ၎င်းတပ်များကို မြန်မာတပ်ကလိုက်၍ဖမ်းဆီးခြင်း၊ တလိုင်းစစ်သူကြီး ဒေါဇ္ဇယ်ယစက်သည် အလောင်းမင်းတရားကြီးထံ ဝင်စားလာခြင်း .... .... | ၁၈၆ |
| ၅၉ | တလိုင်းမင်း ညည်းညူတွေ့မှိုင်တော်မူခြင်း၊ တလိုင်းမင်းသမက်တော် ဧဘဗြ ကမာဝီအရပ်တွင် တပ်ကြီးတည်လာခြင်း၊ပိုင်ကျုံဝမှာ မတ္တရာမိုလ်ပယ်ကျော် ကြည်းတပ်ရေတပ် စွဲရပ်လာခြင်း၊ ၎င်းတပ်များကို တိုက်ခိုက်အောင်မြင်ခြင်း၊ ဒဝယ်စားက လက်ဆောင်တော် ဆက်သခြင်း၊ .... .... | ၁၈၉ |
| ၆၀ | အလောင်းမင်းတရားကြီးဘုရား ရန်ကုန်က ဟံသာဝတီသို့ ချီတော်မူ၍ ကမာဝီတပ်တွင် စံတော်မူခြင်း.... .... | ၁၉၃ |
| ၆၁ | တလိုင်းမင်းက ပဲကူးမြစ် ဝဲယာ ကျိုက်ဖတိုင်တွင် တပ်ကြီးရှစ်တပ် အဖြိုးအနိုင် တည်ရပ်စေခြင်း၊ ဆီးကြိုစေရန်လည်းကြည်းတပ်ရေတပ်အများ လွှတ်ခြင်း၊ ထိုဆီးကြိုသမျှတပ်များကို တိုက်ခိုက်အောင်တော်မူခြင်း .... .... | ၁၉၄ |
| ၆၂ | အလောင်းမင်းတရားကြီးက ကပဝီတပ်က ချီတော်မူ၍ ကျိုက်ပကစ် တဲနန်းတော်တွင် စံတော်မူခြင်း .... | ၁၉၆ |
| ၆၃ | ပဲကူးမြစ်ဝဲယာ၊ ကျိုက်ဖတိုင်တွင်တည်သည့် တပ်ကြီးရှစ်တပ်ကို အောင်မြင်တော်မူခြင်း .... .... | ၁၉၇ |
| ၆၄ | ကျိုက်ပကစ်တဲနန်းတော်တွင် စံတော်မူစဉ် ပဲကူးမင်းအခွင့်နှင့်ရဟန်းတော်များ ဟံသာဝတီမြို့တွင်းကထွက်လာ၍ အလောင်းမင်းတရားကြီးဘုရားသို့ မေတ္တာစာဆက်သွင်းခြင်း၊ရာဇသံ ပြန်ပေးတော်မူခြင်း .... .... | ၂၀၁ |
| ၆၅ | ရာဇသံပြန်ရောက်လျှင် စစ်သူကြီးဒလပန်းက တလိုင်းမင်းအားကြိုးဝါးပျောက်ယားခြင်း၊ဟံသာဝတီမြို့ထိပ်သို့မြို့စီးပြစီးအများတင်ခြင်း .... .... | ၂၀၆ |
| ၆၆ | အလောင်းမင်းတရားကြီး ကျိုက်ပကစ်နန်းတော်က ချီခဲ့၍ ရန်ကင်းစည့်တွန်း နန်းတော်တွင် စံတော်မူခြင်း၊ ထိုကပန်းဆေးတပ်ဖော်သို့ ချီတော်မူခြင်း၊ ဇေတုဝတီမြို့ကို တည်တော်မူခြင်း၊ တပ်အများ ကည်လုပ်၍ ပဲကူးမြို့ကို ဝန်းရံခြင်း .... | ၂၀၇ |
| ၆၇ | ညဉ့်အခါ စစ်သည်သူရဲငါးတောင်နှင့် စစ်သူကြီး ဒလပန်းပဲကူးမြို့တွင်းကထွက်၍ မြန်မာတပ်ကို ညဉ့်စစ်တိုက်ခြင်း .... | ၂၁၂ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆၈ | အလောင်းမင်းတရားကြီး ပဲကူးမြို့ပြင်တပ်ကြီးကို အောင်မြင်တော်မူခြင်း၊ စစ်သူကြီးဒလပန်း သူရဲငါးထောင်ကျော်တို့နှင့် ညဥ့်အခါ ပဲကူးမြို့ကထွက်၍ စစ်တောင်းမြို့ရောက်ရှောင်ရှားနေခြင်း .... .... .... | ၂၁၃ |
| ၆၉ | တလိုင်းမင်းက အညံ့ခံ၍ တပင်တိုင်စံ သမီးတော်ကို ဆက်သပါမည် ရာဇသံစာစေလွှတ်ခြင်း၊ ရာဇသံပြန်ပေးခြင်း .... | ၂၁၆ |
| ၇၀ | တလိုင်းမင်း သမီးတော်ကို အဆက်အသ ခံတော်မူခြင်း၊ အလောင်းမင်းတရားကြီး ဘုရားသို့ တလိုင်းမင်းက ဆက်သောရာဇသံစာများ .... .... .... | ၂၂၄ |
| ၇၁ | ဟံသာဝတီတွင် ဗညားဒလ စောဖြတို့က တလိုင်းမင်းကို နန်းကချ၍ ဟံသာဝတီမြို့ကို ပိတ်ပြီးလျှင် အလောင်းမင်း တရားကြီးဘုရား၏ တပ်တော်များကို ပစ်ခတ်တိုက်ခိုက်ပြန်ခြင်း.... | ၂၃၀ |
| ၇၂ | အလောင်းမင်းတရားကြီးဘုရားဟံသာဝတီမြို့ကိုတိုက်ခိုက်သိမ်းယူတော်မူခြင်း .... .... .... | ၂၄၀ |
| ၇၃ | ဟံသာဝတီတွင် မင်းပြုဘူးသူ ဆင်ကျွံးရှင်ခံ ဇင်းမယ်သမိန်ထောမင်းသို့ အမိန့်တော်စာပေးခြင်း၊ မှူးတော် မတ်တော်တို့ကို ဘွဲ့အမည်အရည် အဆောင်အရွက်ပေးတော်မူခြင်း .... | ၂၄၇ |
| ၇၄ | အလောင်းမင်းတရားကြီးဘုရား ဟံသာဝတီနန်းတော်တွင် နှစ်လ စံနေတော်မူ၍ ဘွဲ့အမည်အရည် ပေးခြင်း၊ မြို့စောင့်ခန့်ထားခြင်း၊ အရပ်ရပ်ပညာသည်တို့နှင့် တကွ မင်းထိုက်ဘဏ္ဍာတော်များကို သိမ်းယူတော်မူ၍ ဟံသာဝတီက ရန်ကုန်မြို့သို့ စုန်တော်မူခြင်း .... .... .... | ၂၅၇ |
| ၇၅ | အလောင်းမင်းတရားကြီးဘုရား ရန်ကုန်မြို့တွင်စံတော်မူ၍ ရာထူးဌာနန္တရ ဘွဲ့အမည်အရည် ပေးခြင်း၊ ရန်ကုန်မြို့က ဆန်တော်မူခဲ့၍ ကျောက်မြောင်းမြို့ ရောက်သောအခါ အခမ်းအနား ကြီးကျယ်စွာဖြင့် ရတနာသိင်္ဃ မြို့တော်သို့ ဝင်တော်မူခြင်း .... .... .... | ၂၅၉ |
| ၇၆ | ရွှေမြို့တော်သို့ရောက်၍ မြို့တွင်းမြို့ပြင်ရှိသမျှစေတီပုထိုးများကို ပူဇော်တော်မူခြင်း၊ မြို့တော်ကို အသစ်ချဲ့ထွင်၍ တည်ပြန်ခြင်း၊ စည်းခံတော်တည်ရပ်မြေကို အုတ်ကျောက် စီရင်တော်မူခြင်း၊ မြို့ရွာကံကျေးပေးခြင်း၊ သေနတ်အအစု ဖွဲ့ခြင်း .... | ၂၆၅ |
| ၇၇ | စည်းခံတော်ကို အုတ်မြစ်ချခြင်း၊ ကွေ့လဝတို့ကို အသိမ်းအယူစစ်သည်အများ စေလွှတ်တော်မူခြင်း | ၂၆၇ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


၇၈ စည်းခံတော်မှာ ဥပနာ သွင်းတော်မူခြင်း၊ သေနတ် အစု အမှုထမ်းဖွဲ့တော်မူခြင်း၊ စည်းခံတော်ကို ရွှေထီးအထွတ် တင်လှူတော်မူခြင်း .... .... .... ၂၇၂

၇၉ အလောင်းမင်းတရားကြီးဘုရား ကသည်းပြည်သို့ ချီတက်တိုက်ခိုက် သိမ်းယူတော်မူခြင်း .... .... .... ၂၉၂

၈၀ မူးကိုဆည်ပြီးလျှင် မူးရေကိုနန္ဒာကန်တော်ကြီးရောက် မြောင်းတော်ဖောက်၍သွင်းခြင်း၊ ညီတော်သတိုးသိခ်သူကို တောင်ငူပြည်ကြီးကို နှင်းအပ်တော်မူခြင်း .... .... ၃၀၀

၈၁ ဒဂုန်ဆံတော်ရှင်ဘုရားတွင် ဆောက်လုပ်သည့် ရွှေစရပ်ကြီး ပြိုပြေသောကြောင့် ရေစက်သွန်းချတော်မူရန် ရန်ကုန်မြို့သို့ ရေကြောင်းစုန်တော်မူခြင်း .... .... ၃၀၂

၈၂ အလောင်းမင်းတရားကြီးဘုရားရန်ကုန်ကယိုးဒယားသို့ချီတက်တော်မူခြင်း၊ ယိုးဒယားမြို့ကိုရံစဉ် ကိုယ်တော်ကျန်းကျန်းရှိတော်မမူ၍ ယိုးဒယားက ပြန်တော်မူခဲ့ရာ မုတ္တမကျေးတွင် နတ်ပြည် စံတော်မူခြင်း .... .... ၃၀၃


**သားတော်ကန်တွင်းစည်းခံ ဒါယကာ စစ်ကိုင်း မြို့တည် မင်းတရားကြီး အကြောင်း**


၈၃ ခမည်းတော် အလောင်းမင်းတရားကြီး နတ်ရွာစံတော်မူလျှင် သားတော်အကြီးဒိပဲယင်းမင်း ရတနာသိင်္ဃ ရွှေထီးရွှေနန်းကို သိမ်းမြန်း တော်မူခြင်း၊မင်းခေါင်နော်ရထာ ထောင်ထားသည်ကို ကိုယ်တော်တိုင် ချီတက်တိုက်ခိုက် အောင်မြင်တော်မူခြင်း ၃၂၅

၈၄ ဘဝရှင်မင်းတရားကြီးဘုရား သင်္ကြန်ခေါ်တော်မူခြင်း၊ ဥကင်ဖွင့်တော်မူခြင်းစသည်များ .... .... ၃၃၆

၈၅ ဘထွေးတော် တောင်ငူစား ထောင်ထား ခြားနား၍ ကိုယ်တော်တိုင် ချီတက် တိုက်ခိုက် ဖမ်းဆီးတော်မူခြင်း .... ၃၃၇

၈၆ ဇင်းမယ်ကို သိမ်းယူရန်နှင့် ဒလပန်းကို ဖမ်းဆီးရန် စစ်သည်တော်များ စေလွှတ်ခြင်း၊ ကျောင်းတော်လှူခြင်း၊ နန္ဒာကန်ကွင်းသယ် စည်းခံတော်တည်ခြင်း၊ မန်းစက်တော်ရာကို အဖူးအခြံ့ စုန်တော်မူခြင်း၊ စစ်ကိုင်းမြို့ နန်းတော်ကို သိမ်းမြန်းတော်မူခြင်း၊ ရတနာသိင်္ဃ နော်ပြည်တော် ပတ်လည် အုတ်အုတ် ကျက်ကျက် အသံဖြစ်ခြင်း၊ ဘဝရှင်မင်းတရားကြီးဘုရား နတ်ပြည်စံတော်မူခြင်း .... .... ၃၄၆

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | **ညီတော်–ဆင်ဖြူရှင်မင်းတရားကြီးအကြောင်း** | |
| ၈၇ | နောင်တော် မင်းတရားကြီး နတ်ရွာစံလျှင် ညီတော်မြေဒူးမင်း ရတနာသိဏ် ရွှေထီးရွှေနန်းကို သိမ်းမြန်းတော်မူခြင်း၊ ဇင်းမယ် ၅၇–ခရိုင်ကဲ့ အလိုတော်ပြည့်၍ ဘယင်္ဂါမဏိ ပြန်လာပြီးနောက် ဇင်းမယ် ထောင်ထားပြန်သောကြောင့် ဇင်းမယ်,လင်းဇင်း, ယိုးဒယားပြည်များကို သိမ်းယူရန် စစ်သည်တော်အများ ဇင်းမယ်ကြောင်းချီတက်စေခြင်း .... | ၃၅၀ |
| ၈၈ | အဝမြို့ကို ပြင်ဆင် တည်လုပ်စေခြင်း၊သကြန်တော်ခေါ်ခြင်း၊ မင်းမိဖုရား, မင်းညီမင်းသား, မှူးတော် မတ်တော်တို့ကို ရွေးချယ် ခန့်ထားခြင်း၊ ဘွဲ့အမည် အရည်ပေးတော် မူခြင်း၊သွေးသောက်ဖွဲ့တော်မူခြင်း .... .... | ၃၅၂ |
| ၈၉ | ယိုးဒယားသို့ ဒဝယ်ကြောင်း စစ်သည်တော်အများ နောက်သပ် ချီတက်စေခြင်း၊ ကသည်းပြည်သို့ ဘဝရှင်မင်းတရားကြီး ဘုရား ကိုယ်တော်တိုင် ချီတက် တိုက်ခိုက် သိမ်းယူတော်မူခြင်း၊ နိဗ္ဗာန်ဆိပ်ဦး စေတီတော် တည်တော်မူခြင်း .... | ၃၆၈ |
| ၉၀ | ရတနာပူရ အဝမြို့တော် နန်းတော်လုပ်ဆောင်ပြီးပြေလျှင် ရွှေ့ပြောင်း စံတော်မူခြင်း၊ အဝ မြို့တော်ကြီးကို အသစ်ချဲ့ဖွင့်၍ တည်တော်မူခြင်း .... .... .... | ၃၇၀ |
| ၉၁ | ဇင်းမယ်,လင်းဇင်းနှင့်တကွ ယိုးဒယားမြို့ကို အောင်တော်မူခြင်း .... .... .... | ၃၇၄ |
| ၉၂ | ယိုးဒယားမင်း မိဖုရား,သားတော် သမီးတော်စသည်ကို ပြခြင်း | ၄၀၂ |
| ၉၃ | ဒွါရာဝတီမည်သော ယိုးဒယားပြည်ကြီး၏အဋ္ဌုပ္ပတ္တိ၊ဇေယျာဘိသေက ခံတော်မူခြင်း၊ မဟာဥကင် ဖွင့်တော်မူခြင်း .... | ၄၀၆ |
| ၉၄ | ကျိုင်းတုံမြို့သို့ တရုပ်စစ် ပဌမရောက်လာခြင်း၊ မြန်မာဗိုလ်မှူးတပ်မှူးတို့ ချီတက်တိုက်ခိုက်သည်တွင် တရုပ်တို့ အရေးရှုံးနိမ့်ဆုတ်သွားရခြင်း .... .... .... | ၄၁၈ |
| ၉၅ | လူးတဆွဲနှစ်ပနားစသော ဇင်းမယ် ၅၇–ခရိုင်သို့ စစ်သည်စေလွှတ်ခြင်း .... .... .... | ၄၂၃ |
| ၉၆ | တရုပ်စစ်သည်အများ ဒုတိယ ထပ်မံရောက်လာ၍ မြန်မာတို့နှင့် တိုက်ခိုက်ကြရာ တရုပ်တပ်များ ဆုတ်ခွာသွားခြင်း .... | ၄၂၄ |
| ၉၇ | တရုပ်ဥဒည်မင်း၏သမက်နှင့်ညီတို့ချုပ်အုပ်ပြီးလျှင် တရုပ်စစ်သည်အများ တတိယ ချီတက်လာပြန်၍ မြန်မာတပ်များနှင့် တိုက်ခိုက်ကြသည်တွင် တရုပ်တို့ ဆုတ်ခွာသွားရခြင်း .... | ၄၃၃ |

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၉၈ | ပုဂံရွှေစည်းခုံဘုရား ထီးတော်ကျလျှော၍ ထီးတော်အသစ် တင်လှူခြင်း၊ ရွှေဒဂုံဘုရားပဌမဖောင်းတိုင်ပြိုပျက်သောကြောင့် ကောင်းမွန်ခိုင်ခန့်အောင် ပြင်ဆင်လုပ်ဆောင်တော်မူစေခြင်း၊ စန္ဒပုရီ လင်းဇင်းမင်းက သမီးကညာနှင့် လက်ဆောင်တော် ဆက်သခြင်း .... .... .... | ၄၄၅ |
| ၉၉ | တရုပ်စစ်သည်အများ စတုတ္ထအကြိမ် ထပ်မံချီတက်လာပြန်၍ မြန်မာတို့နှင့် အပြင်းအထန်တိုက်ခြင်း၊ ကောင်းတုံမြို့တွင် တရုပ် နှင့် မြန်မာတို့ စကားပြေပြောဆိုကြခြင်း.... .... | ၄၄၈ |
| ၁၀၀ | ဝန်ကြီး မဟာသီဟသူရ ကသည်းပြည်သို့ ချီတက်သိမ်းယူခြင်း၊ တရုပ်ကွေ့ဓွေ့ဗိုလ်မှူး မိုးဝန်းမြို့သို့စကားပြောဆင်းလှာခြင်း.... | ၄၇၉ |
| ၁၀၁ | ယောရဇေတဝန်ကျောင်းတော်နှင့်သုဓမ္မာစရပ်တော်ဆောက် လုပ်ခြင်း၊ မကွေးမြို့က ဆင်ဖြူတော် ရောက်သည်ကို (ဆဒ္ဒန် ပြောင်ကျော်) ဘွဲ့တပ်၍ ဆင်ဖြူရှင် ခံတော်မူခြင်း၊ မယ်တော် မိဖုရားခေါင်ကြီး နတ်ရွာစံခြင်း၊ စမ္ပာပါသက်က သမီးကညာ ရောက်ခြင်း .... .... .... | ၄၈၆ |
| ၁၀၂ | ယိုးဒယားပြည်မယ်တက်မြို့ဝန်ဘန်ကောက်မြို့ကိုတည်၍ထောင် ထားပြန်သည့်ကွင် ယိုးဒယားသို့ စစ်သည်တော်များ ချီရခြင်း– | ၄၈၇ |
| ၁၀၃ | မင်းတရားကြီးဘုရား ခါတ်ဆက် နန်းစံတော်မူခြင်း၊ မဟာ ဥကသ် ဖွင့်တော်မူခြင်း .... .... | ၄၈၉ |
| ၁၀၄ | ယိုးဒယားသို့ချီတက်ရာမှ တလိုင်းစစ်သည်များပြန်၍ ရန်ကုန်မြို့ ရှိ မြန်မာတို့ကိုတိုက်ခြင်း၊ ဝန်ကြီးမဟာသီဟသူရ အုပ်ချုပ်၍ ထားရိုက်မကြောင်း ယိုးဒယားသို့ ချီတက်ခြင်းစသည်များ .... | ၄၉၀ |
| ၁၀၅ | ဘဝရှင်မင်းတရားကြီးဘုရားရန်ကုန်မြို့သို့စုန်တော်မူ၍ဆံတော် ရှင်ဘုရားကို ထီးတင်တော်မူခြင်း၊ ယိုးဒယားသို့စစ်သည်အများ ယပ်၍လွှတ်ခြင်း၊ အာဝနေပြည်တော်သို့ ပြန်တော်မူခြင်း .... | ၄၉၅ |
| ၁၀၆ | ဒဂုန်ဆံတော်ရှင်စေတီတော် အဋ္ဌုပ္ပတ္တိ .... .... | ၁၅၀ |
| ၁၀၇ | ယိုးဒယားနှင့် မြန်မာတို့ တိုက်ခြင်း၊ ဆင်ဖြူရှင် မင်းတရားကြီး ဘုရား နတ်ရွာစံခြင်း .... .... .... | ၅၀၄ |


### သားတော်–စဉ့်ကူးမင်း အကြောင်း


| | | |
|---|---|---|
| ၁၀၈ | ခမည်းတော်မင်းတရား နတ်ရွာစံလျှင် သားတော် စဉ့်ကူး မင်း အဝမြို့ ရွှေထီးနန်းကိုသိမ်းမြန်းခြင်း၊ ခမည်းတော် လက် ယက် ယိုးဒယားသို့ချီစေသည့်တပ်များကိုခေါ်သိမ်းတော်မူခြင်း | ၅၀၃ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀၉ | မင်းမိဖုရား, မင်းညီမင်းသား, မှူးတော် မတ်တော်တို့ကို ရာထူးပေးခြင်း၊ ဝန်ကြီးမဟာသီဟသူရကိုအရာမှ နုတ်ခြင်း၊ ဝန်ကြီးသမီး မြောက်နန်း မိဖုရားကို ကွပ်ခြင်း၊ ဘထွေးတော် အမြင့်မင်းနှင့် တိုင်ပင်ရာပါသူတို့ကို ကွပ်ခြင်း၊ ဘထွေးတော်ဗဒုံမင်း, ပုခန်းမင်း, ပင်းတလဲမင်း တို့ကို စစ်ကိုင်း, ပင်းယ, ရွှာသစ်ကြီးသို့ပို့ခြင်း၊ ငါးထပ် ဇေတဝန်ကျောင်းတော် ဆောက်လုပ်လှူဒါန်းခြင်း .... .... .... | ၅၀၄ |
| ၁၁၀ | ဒုကုဋ် တင်–သက်နှိုး ရုံ–နှစ်ဂိုဏ်း ကွဲပြားသည်ကို သက်နှိုးရုံနှယ် တဂိုဏ်းတည်း ဖြစ်စေခြင်း၊ ဘကြီးတော်သား မောင်မောင်ကို ဘောင်းကားရွာသို့ပို့ခြင်း၊ ဆောက်လုပ်ပြီးပြေသည့် ကျောင်းတော်များကို ရေစက်သွန်းချခြင်း၊ ထောင် အရပ်ကလိပ်ပြာအများ ပျံလာ၍ စစ်ကိုင်းဘက်သို့ ကူးခြင်း၊ ပင်းယရွှေစည်းခုံပို့ခြင်း၊ဟံသာဝတီရောက်မင်းမြေးတော် သခင်မင်းမိကို နန်းတင်၍ မြနန်းရှင် ခံစေခြင်း၊ အညာသီဟတောဘုရားရှင်ကို ဖူးရန် ဆန်တော်မူခြင်း .... .... | ၅၀၇ |


---

## ဘောင်းကားမင်း အကြောင်း


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၁၁ | စဉ့်ကူးမင်းမရှိခိုက် ဘောင်းကားရွာသို့ပို့ထားသော မောင်မောင် အဝတွင် နန်းတက်ခြင်း၊ ဘထွေးတော်ဗဒုံမင်း, ပုခန်းမင်း, ပင်းတလဲမင်း, စည်သာမင်းတို့ကို အဝမြို့ နေရင်းအိမ်ဘော်သို့ ပြောင်းရွှေ့ နေစေခြင်း၊ အဝမြို့ကို မြို့စီး ပြစီးတင်ခြင်း၊ စဉ့်ကူးမင်း၏ တပ်များကို တိုက်ခိုက်စေခြင်း၊ စဉ့်ကူးမင်း စံပယ်နဂိုရ်က အဝသို့ သမွန်နှင့် စုန်ခြင်း .... | ၅၂၀ |


---

## အမရပူရ ပဋမ မြို့တည်နန်းတည် မင်းတရားကြီး


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၁၂ | ဘခထွေးတော် ဗဒုံမင်းက ဘောင်းကားစား မောင်မောင်ကို နန်းတော်ထက်တွင် ဖမ်းပြီးလျှင် အဝမြို့ ရွှေထီး ရွှေနန်းကို သိမ်းတော်မူခြင်း၊ ဘောင်းကားစားနှင့်စဉ့်ကူးမင်း,၎င်းမိဖုရားတို့ကို ဖျောက်တော်မူခြင်း .... .... | ၅၂၅ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၁၃ | ဝန်ကြီးအတွင်းဝန်ခန့်ခြင်း၊ ညီတော်စည်သာမင်းသား,ဝန်ကြီး မဟာသီဟသူရ တို့ကို ကြိုရာပါ လူများနှင့်တကွ ကွပ်ခြင်း၊ ဝန်ကြီး, မြို့ဝန်, ဝင်းမှူးမှစ၍ ဝန်စုရခန့်ခြင်း၊စစ်ကိုင်းအိမ်တော်ရာတွင် အောင်မြေလောက စေတီတော်တည်၍ ဌပနာသွင်းခြင်း၊ သားတော်, သမီးတော်များကို အဆောင် အယောင် အခမ်းအနား, မြို့စား-ရွာစားပေးခြင်း .... | ၃၃၂ |
| ၁၁၄ | ပုဏ္ဏားကြီး ရာမကဗ္ဗာနာက ရှမ်းလူမျိုးတို့ ရန်စမကုန်သေးဟု ဟောပြောခြင်း၊သူပုန်ဘုန်းက ညဉ့်အခါ နန်းတော်သို့ဝင်၍ တိုက်ခြင်း .... .... .... | ၃၄၀ |
| ၁၁၅ | ဘဝရှင် မင်းတရားကြီးဘုရား အမရပူရမြို့ကိုတည်တော်မူခြင်း၊ အဝမြို့မှ အမရပူရမြို့သို့ ပြောင်းစံတော်မူခြင်း၊ ထီးဆောင်းမင်္ဂလာ မဟာဥကသ်ဖွင့်တော်မူခြင်း၊ တံဆိပ်နာမံ ခံတော်မူခြင်း၊ မင်းမိဖုရား,မှူးတော်မတ်တော်တို့ကို ဘွဲ့အမည်အရည်ပေးခြင်း- | ၃၄၅ |
| ၁၁၆ | မြောက်နန်းမိဖုရား သားတော်အကြီး ရွှေတောင်မင်းနှင့် မိဖုရားခေါင်ကြီး သမီးတော်လတ် တောင်တွင်းကြီး မင်းသမီးကို လက်တပ်၍ အိမ်ရှေ့နှင်းတော်မူခြင်းစသည်များ .... | ၃၅၄ |
| ၁၁၇ | နိုင်ငံတော်အတွင်း ၂၃၀-သော ဌာနတို့၌ ရွှေဂူဘုရား ၂၃၀ တို့ကို တည်တော်မူခြင်း၊ ရွှေမြို့တော်လေးထောင့် စေတီတော် ဘုရားလေးဆူကို ဌပနာတော်မူခြင်း .... .... | ၃၅၆ |
| ၁၁၈ | သွေးသောက်ဖွဲ့မတော်မူခြင်း၊ အိမ်ရှေ့မင်းနှင့်တကွ သားတော်များကို အစိုးအနင်း, အဆောင်အယောင်ပေးခြင်း၊ ဘဝရှင် မင်းတရားကြီး တံဆိပ်နာမံတော် ထပ်၍ ခံခြင်း၊ မင်းမိဖုရား, အိမ်ရှေ့မင်း, မင်းညီမင်းသား, ဝန်ကြီးမှစ၍ ဗိုလ်မှူးတပ်မှူးတို့ကို ဘွဲ့အမည်အရည်ပေးခြင်း၊ မြို့သစ်တောကရသည့် ရတနာဆင်ဖြူမတော်ကို (ဥပေါ်ပြောင်မွန်) ဘွဲ့တပ်၍ သိမ်းတော်မူပြီးလျှင် ဆင်ဖြူရှင်ခံတော်မူခြင်း .... .... | ၃၅၉ |
| ၁၁၉ | အိမ်ရှေ့မိဖုရားက သားတော်ဖွားမြင်ခြင်း၊ မြပုခက်တင်ခြင်း၊ စစ်ကိုင်းမြို့ကို မုံ့ဘိုးပေးတော်မူခြင်း .... .... | ၃၆၃ |
| ၁၂၀ | အမှာစကား .... .... .... | ၃၆၄ |

* ★ *

# ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး

## ပဉ္စမအုပ်

---

**ပဏာမ၊ ပယောဇဉ်၊ ပဋိညာဉ်**

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

(၁) မဟာမုနိ မရမ္မာနံ၊ မဟာဒေသံ မနောရမံ။
ပဇ္ဇော ယော နိမန္တနာ နံ၊ အကာ ဝါသံ ဝိဒန္တိမံ။
(ရတနစက် ဂါထာ)

(၂) အနာဂတေ ဣဒံစက္ကံ၊ အတြ ဌဿတိ တံဇိနံ။
အဋ္ဌရာဇဝံသံ သဟ၊ အဋ္ဌမမ္ဗဂဏံ နမေ။
(အနဝတတ် ရေလည်ဂါထာ)

(၃) သတတံဝ သမ္ဗာ ဌာတု၊ သမ္ဗန္ဓဝံသတေဇသော။
စက္က မတုလာနုဘာဝံ၊ ရညော နော သောမရဇ္ဇိဝ။
(ရတနစက် ဂါထာ)

မဟာမုနိ – မုနိငါးပါးတို့ထက် မြတ်သော မုနိဖြစ်တော်မူထသော၊ ယောဇိနော–အကြင်ငါးမာရ်အောင်မြင် ဘုရားရှင်သည်၊ မရမ္မာနံ–မြန်မာတိုင်းသူ လူမျိုးတို့၏၊ မနောရမံ – နှလုံးမွေ့လျော် ပျော်ရာဖြစ်သော၊ မဟာဒေသံ–သုနာပရန်တမ္ဗဒိပ်ဟူသော မြတ်သောအရပ်သို့၊ နိမန္တနာ–

အရှင်မဟာပုဏ်မထေရ် ပင့်ဘိတ်တော်မူသော အားဖြင့်၊ ပဗ္ဗော-လာရောက်တော်မူသည်ဖြစ်၍၊ အနာဂတေ-နောင်သောအခါ၌၊ ဥဒိစတ္တံ-ဤသာသနာတော် မြတ်သည်၊ အတြ-ထိုမြန်မာတို့ တိုင်းပြည်အရပ်၌၊ ဌဿတိ - ကာလမြင့်ရှည် တည်ရစ်လတ္တံ့၊ ဣမံကာရဏံ - ဤသို့သော အကြောင်းကို၊ ဝိဒ်ဗ္ဗော-အနာဂတံသညာဏ်တော်ဖြင့် သိတော်မူသောကြောင့်၊ နံမဟာဒေသံ-ထိုသုနာပရန်တမွဒိပ်ဟူသော မြတ်သောအရပ်ကို၊မြတ်သောအရပ်၌၊ ဝါသံ ဝသိတပုဗ္ဗံ-နေတော်မူဘူးသည်ကို၊ အကာ-ပြုတော်မူလေပြီ၊ အဂ္ဂရာဇဝံသံ-မြတ်သော မဟာသမ္မတမင်းမှလာသော အာဒိစ္စဝင် မင်းနွယ်ဖြစ်တော်မူထသော၊ သဟာအဂ္ဂမမ္မဂဏံ - မြတ်သောတရားသံဃာနှင့်လည်း တကွဖြစ်တော်မူထသော၊ တံဇိနံ-ထိုငါးမာရ်အောင်မြင် ဘုရားရှင်ကို၊ နမေ-နမာမိ-ရှိခိုးပါ၏။ ။တေနပုညေန-ထိုသို့ရှိခိုးသော ထောမနာဝန္ဒနာပဏာမ ကောင်းမှုကြောင့်၊ သမ္ပန္နဝံသတေဇသော-ပြည့်စုံသော အသမ္ဘိန္န အာဒိစ္စဝံသ မင်းနွယ်မင်းရိုး တန်းခိုးတေဇော်ရှိတော်မူသော၊ နောရဇ္ဇော-ငါတို့အသျှင် ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများရှင် မင်းမြတ်၏၊ စက္ကုံ-အာဏာတော်စက်သည်၊ အတုလာနုဘာဝံ-သူမတူနိုင်အောင်သော အစွမ်းအာနုဘော်ရှိလျက်၊ သောမရဗ္ဗိဝ-လမင်း,နေမင်းကဲ့သို၊ သတတံဝ-အမြဲမပြတ်လျှင်၊ သမ္ပာဌာတု-ကောင်းစွာတည်ထွန်းတော်မူစေသတည်း။

(၄) မဟာသမ္မတရာဇမှာ၊ မောဓိပရိတ္တရာဇိနော။
ယာဝဝံသာ ဝိသောဓေတွာ၊ ပဌမံဝ အနာကုလံ။
(သုဒ္ဓပဏ္ဍာဝတ္တ ဂါထာ)

(၅) ဗုဒ္ဓကုံရမဟာရာဇ၊-ဝံသံ ဒါနိ ယထာတထံ။
ဝိသောဓေဿတိ အဇ္ဈေရုံ၊ ယထာဒိဋ္ဌံ ယထာသုတံ။
(သုဒ္ဓပဏ္ဍာဝတ္တ ဂါထာ)

မဟာသမ္မတရာဇမှာ - ကမ္ဘာဦး မဟာသမ္မတ မင်းမှသည်၊ မောဓိပရိတ္တရာဇိနော-ညောင်ရမ်းမင်း၏၊ ယာဝဝံသာ-အဆက်အနွယ် ဆယ်ဆက်တိုင်အောင်၊ ပဌမံ-လက်ဦးစွာသော မဟာရာဇဝင်ကို၊ အနာကုလံဝ - အနှောင့်အရှက်မရှိ သန့်ရှင်းစင်ကြယ်စွာလျှင်၊ ဝိသောဓေတွာ-အထူးထူး အပြားပြား သုတ်သင်ရှင်းလင်း စေပြီး၍၊ ဒါနိ-ယခုအခါ၌၊

အဆွေရုံ-အုံ့ဘွယ်သူရဲဖြစ်သော၊ ဗုဒ္ဓင်္ကုရမဟာရာဇဝံသံ-အလောင်းမင်းတရားကြီး၏အဆက်အနွယ်တော် မဟာရာဇဝင်ကို၊ ယထာဒိဋ္ဌံ-မြင်လိုက်ဘူးကြသည့် အတိုင်း၊ ယထာ သုတံ-ကြားလိုက်ဘူးကြသည့် အတိုင်း၊ ယထာတထံ-ဟုတ်မှန်သည့်အားလျော်စွာ၊ ဝိသော ဓေဿတိ-အထူးထူး အပြားပြား သုတ်သင်ရှင်းလင်းစေတော်မူလတ္တံ့။

(၆) သာသနေ ဟိ မခါရဂ္ဂေ၊ ကလိယုဂေ ဂဋ္ဌပ္ပကေ။
မဟာဓမ္မရာဇာဓိပ၊-တိနော ကာလေ မရမ္မကေ။
(ဝိပုလာဓိဿက ဂါထာ)

(၇) ရာမညဒေသိယာဘယာ၊ နဋ္ဌေ တဒ္ဓုပ သမ္မကော။
နရပ္ပတိဇေယသုရ၊-န္တယဘူတော မဟာယသော။
(ဝိပုလာဓိဿက ဂါထာ)

(၈) သယံ ပဘာရ ဟိတာနံ၊ အာဒိကပ္ပိကဇန္တုနံ။
ရဝိစန္ဒ လာဘောဝိယ၊ နိဗ္ဗယ သုခဒေါ ဝတ။
(ဝိပုလာဓိဿက ဂါထာ)

(၉) ရတနာသိဿကာရောစ၊ စက္ကရဋ္ဌဟိတာဝဟော။
ဗုဒ္ဓင်္ကုရမဟာရာဇာ၊ ပါကဋ္ဌော သဗ္ဗဓိ သဒါ။
(သုဒ္ဓပထျာဝတ္တ ဂါထာ)

(၁၀) အဋ္ဌဝဿာနိ သော တတ္ထ၊ သမ္ဗုတ္တိ မနုဘာဝိယ။
စက္ကဝတ္တိနိဗ္ဗိသေသံ၊ သုသဋ္ဌိတော ဒိဝင်္ဂတော။
(ဝိပုလာဓိဿက ဂါထာ)

ဟိဝိတ္ထာရေမိ-ထိုသို့ အထူးထူး အပြားပြား သုတ်သင် ရှင်းလင်းစေတော်မူသော အကြောင်းကို ချဲ၍ ဆိုဦးအံ့၊ သာသနေ-သာသနာတော်မြတ်သည်၊မခါရဂ္ဂေ-နှစ်ထောင့် နှစ်ရာ့ ကိုးဆဲ့ငါးနှစ်ရှိလတ်သော်၊ကလိယုဂေ-ကလိယုဂ် အဝင်အပေါ် ကောဇာသက္ကရာဇ်သည်၊ ဂဋ္ဌပ္ပကေ-တထောင့်တရာ့တဆဲ့သုံးနှစ် ရောက်သောအခါ၊ မဟာဓမ္မရာဇာ ဓိပတိနော-"မဟာဓမ္မရာဇာဓိပတိ"အမည်ရှိသောမင်း၏၊ ကာလေ-လက်ထက်၌၊ မရမ္မကေ-မြန်မာတိုင်းပြည်အလုံးသည်၊ ရာမညဒေသိယ ဘယာ-ရာ

မညတိုင်း တလိုင်းသူပုန်တို့ဘေးကြောင့်၊ နဒ္ဒေ-ပျက်စီးတိမ်းယိမ်းခဲ့သည်ရှိသော်၊ တဒူပ သမ္ပကော-ထိုရာမညတိုင်း တလိုင်းသူပုန်တို့ ဘေးကို အကြွင်းမဲ့ ပြေပျောက်ငြိမ်းချမ်းအောင် ပြုနိုင်သော၊ နရပ္ပတိဇေယသုရန္တယာဘူတော-ပုဂံ နရပတိစည်သူ မင်းကြီး၏ အဆက်အနွယ်တော်အစစ်ဖြစ်သော၊ မဟာယသော-များသော အခြံအရံရှိသော မင်းတရားကြီးသည်၊ သယံပဘာရ ဟိတာနံ-မိမိတို့အရောင်အဝါ ကွယ်လေကုန်သော၊ အာဒိကပ္ပိကဇန္တူနံ-ကမ္ဘာဦးသူတို့အား၊ ရဝိစန္ဒလာဘောဝိယ-လ, နေ အရောင်အဝါ အလင်းကို ရခြင်းကဲ့သို့၊ ဝတ-စင်စစ်၊ နိဗ္ဗယသုခဒေါ-ဘေးကင်းခြင်း ချမ်းသာခြင်းကို ပေးတော်မူတတ်၏။ ။ရတနာသိဉ်ကာရောစ-ရတနာသိဉ်မည်သော ကုန်းဘောင်ပြည်ကြီးကိုလည်း တည်ထောင်ပြုစုတော်မူ၏၊ စက္ကရဋ္ဌဟိတာဝဟော-သာသနာတော်မြတ်စီးပွားတိုင်းပြည်စီးပွားဟူသော ပြည်ကြီးဝန်ကိုလည်း ရွက်ဆောင်တော် မူ၏၊ ဗုဒ္ဓင်္ကုရမဟာရာဇာ-အလောင်းမင်းတရားကြီးဟူ၍၊သဗ္ဗဓိ-ခပ်သိမ်းသော တိုင်းနိုင်ငံ၌၊ သဒါ-အခါခပ်သိမ်း၊ ပါကဋ္ဌော-ကျော်စော ထင်ရှားတော်မူ၏။ ။သော မဟာရာဇာ-ထို အလောင်းမင်းတရားကြီးသည်၊ တတ္ထ-ထိုရတနာသိဉ်မည်သော ကုန်းဘောင် ပြည်ကြီး၌၊ စတ္တဝတ္တိနိဗ္ဗိသေသံ-စကြာမင်း စည်းစိမ်နှင့် မထူးသော၊ သမ္ပတ္တိံ-မင်းစည်းစိမ်ကို၊ အဋ္ဌဝဿာနိ-ရှစ်နှစ်တို့ပတ်လုံး၊ အနုဘာဝိယ-ခံစားတော်မူ၍၊သုသဏ္ဌိတော-ကုသိုလ်ကောင်းမှုအပေါင်းကို ကောင်းစွာဆည်းပူးတော်မူပြီးသော်၊ ဒိဝင်္ဂတော-နတ်ရွာလားတော်မူလေပြီ။

(၁၁) တတော တဿ ဇေဋ္ဌပုတ္တော၊ သိရာဒိသိရိလဉ္ဆနော။
မဟာဇေယပုရကာရော၊ ရဇ္ဇံ စတ္တာရိ သမ္ပကာ။
(ဝိပုလာမိဿက ဂါထာ)

တတော-ထိုသို့ အလောင်းမင်းတရားကြီး နတ်ရွာလားသည့်နောင်မှ၊ တဿ - ထို အလောင်း မင်းတရားကြီး၏၊ ဇေဋ္ဌ ပုတ္တော - သားတော်ကြီးသည်၊သိရာဒိသိရိလဉ္ဆနော-သိရိသဒ္ဒါ အစရှိသည်သော "သိရိပဝရ မဟာဓမ္မရာဇာ" ဟူသော အသရေနှင့်ယှဉ်သော တံဆိပ်နာမံခံတော်မူလျက်၊ မဟာဇေယပုရကာရော-မဟာဇေယပူရမည်သော စစ်ကိုင်းပြည်ကို ကြည်ထောင်ပြုစုတော်မူ၍၊ စတ္တာရိဝဿာနိ-လေးနှစ်တို့ပတ်လုံး၊ရဇ္ဇံ-မင်းအဖြစ်ကို၊ သမ္ပကာ-သမ္မာအကာ-ကောင်းစွာ ပြုစုတော်မူလေပြီ။

(၁၂) တတော˘တသော၀ ဘာတာစ၊ မဏ္ဍိမော သိရိလဋ္ဌနော။
ရတနာပုရကာရောပိ၊ ရဋ္ဌံ ဒွါဒသသမ္ဘကာ။
(ပဏ္ဍာ၀တ္တ ဂါထာ)

တတော-ထိုစစ်ကိုင်းမြို့တည် မင်းနောင်မှ၊ တသော၀-ထို စစ်ကိုင်းမြို့တည်မင်း၏ပင်လျှင်၊ မဏ္ဍိမောဘာတာစ-ညီတော်လတ်သည်လည်း၊ သိရိလဋ္ဌနော-"သိရိသုဓမ္မ မဟာရာဇာ ဇနိန္ဒာဓိပတိ" ဟူသော အသရေရှိသော တံဆိပ်နာမံခံတော်မူလျက်၊ ရတနာပုရ ကာရောပိ-ရတနာပုရမည်သော ရွှေ၀ပြည်ကြီးကိုလည်း တည်ထောင်ပြုစုတော်မူ၍၊ ဒွါဒသ ၀ဿာနိ-တဆဲ့နှစ်နှစ်တို့ပတ်လုံး၊ ရဋ္ဌံ-မင်းအဖြစ်ကို၊ သမ္ဘကာ သမ္ဘာအကာ-ကောင်းစွာ ပြုစုတော်မူလေပြီ။

(၁၃) တတော တဿ ပုတ္တောရာဇာ၊ မဟာဒိသိရိလဋ္ဌနော။
ဆ ၀ဿာနိ ရဇ္ဇာကာသိ၊ စိနတ္ထော ပုညသမ္ပဒံ။
(ဝိပုလာဝိဿက ဂါထာ)

တတော-ထိုအ၀မြို့တည်မင်းနောင်မှ၊ တဿ-ထိုအ၀မြို့တည် မင်း၏။ ပုတ္တောရာဇာ-သားတော် မင်းမြတ်သည်၊ မဟာဒိသိရိလဋ္ဌနော-မဟာသဒ္ဒါ အစစွာတည်သော "မဟာဓမ္မ ရာဇာဓိရာဇာ" ဟူသော အသရေရှိသော တံဆိပ်နာမံ ခံတော်မူလျက်၊ ပုညသမ္ပဒံ-လောကီ လောကုတ္တရာ စီးပွားချမ်းသာပြည့်စုံအံ့သောအကြောင်းကောင်းမှုကုသိုလ်ကို၊ စိနတ္ထော-ဆည်းပူးတော်မူ၍၊ ဆ၀ဿာနိ-ခြောက်နှစ်တို့ ပတ်လုံး၊ ရဋ္ဌံ-မင်းအဖြစ်ကို၊ အကာသိ-ပြုတော်မူလေပြီ။

(၁၄) တတော မဟာရညော ပုတ္တော၊ မဏ္ဍိမော သိရိလဋ္ဌနော။
အဇ္ဈေရ ပုညတေဇောစ၊ ဒသရာဇဓမ္မေ ရတော။
(ဝိပုလာဝိဿက ဂါထာ)

(၁၅) အမရပူရကာရောစ၊ ဒိဋ္ဌကူဋ္ဌ၊ မတိသိဒ္ဓိတော။
ဇေဋ္ဌပုတ္တံစ နတ္တံစ၊ ရာဇကိုရေ ပတိဋ္ဌယံ။
(ပဏ္ဍာ၀တ္တ ဂါထာ)

(၁၆) အဋ္ဌတိ˘သေ၀ ၀ဿာနိ၊ လောကဓမ္မ ဟိတာ၀ဟံ။
ပုညသဥ္စယံ စိနတ္ထော၊ ဒိ၀င်္ဂတော အနာကုလံ။
(ဝိပုလာဝိဿက ဂါထာ)

တတော-ထိုစတုတ္ထမင်းနောင်မှ၊ မဟာရညော-အလောင်းမင်းတရားကြီး၏၊ မဇ္ဈိမောပုတ္တော-သားတော်လတ်သည်၊သိရိလဒ္ဓနော-"သိရိပဝရဝိဇယာနန္တ ယသတြိဘဝနာဒိတျာဓိပတိ ပဏ္ဍိတမဟာဓမ္မ ရာဇာဓိရာဇာ" ဟူသော အသရေနှင့် ပြည့်စုံသော တံဆိပ်နာမံ ခံတော်မူ၏၊ အဗ္ဘေရပုညတေဇောစ-အံ့ဘွယ် သူရဲသော ဘုန်းတန်းခိုးလည်း ကြီးတော်မူ၏၊ ဒသ ရာဇဓမ္မေ-မင်းကျင့်တရား ဆယ်ပါး၌လည်း၊ ရတော-မွေ့လျော်ပျော်ပါးတော်မူ၏။

အမရပူရကာရောစ၊ အမရပူရ မည်သော ပြည်ကြီးကိုလည်း တည်ထောင် ပြုစုတော်မူ၍၊ ဒွိကူဋတ္တု-နှစ်ကြိမ် တိုင်အောင်၊ အဘိသိဉ္စိတော-မုဒ္ဓါဘိသိက်ခံတော်မူ၏၊ ဇေဋ္ဌပုတ္တံစ-သားတော်ကြီးကိုရင်း၊ ဇေဋ္ဌနတ္တံစ-မြေးတော်ကြီးကိုရင်း၊ ရာဇကုံရေ-မင်းညွန့် မင်းလျာ မဟာဥပရာဇ်အဖြစ်၌၊ ပတိဋ္ဌယံ-တည်စေတော် မူလျက်၊ အဋ္ဌတိံသေဝဿာနိ-သုံးဆဲ့ရှစ်နှစ်ဘို့ပတ်လုံးလျှင်၊ လောကဓမ္မ ဟိတာဝဟံ-လောကရေး ဓမ္မရေး ပြည်ကြီးဝန်စီးပွားကို ရွက်ဆောင်တော်မူ၍၊ ပုညသဉ္စယံ-များစွာသော ကုသိုလ်ကောင်းမှုအစုကို၊ စိနန္တော-ဆည်းပူးတော်မူပြီးမှ၊ အနာကုလံ-အနှောင့်အရှက်မရှိ ငြိမ်ဝပ်သာယာစွာ၊ ဒိဝင်္ဂတော-နတ်ပြည် စံတော်မူလေပြီ၊

(၁၇) ဇေဝံ ဝိတာမဟာရညော၊ ဒိဝင်္ဂတေ ပနတ္တကော။
ဇုဋ္ဌက်ိရမဟာရညော၊ နတ္တောစေဝ တိရာဇုနံ။
(သုဋ္ဌပဏျာဝတ္တ ဂါထာ)

(၁၈) မဟာဥပရညော သုတော၊ သိရာဒိ သိရိလဒ္ဓနော။
နာနာရတနသမ္ပုဏ္ဏံ၊ ရတနာပုရနာမကံ။
(ဝိပုလာမိဿက ဂါထာ)

ပတိဋ္ဌာပေတွာ တဏ္ဍော၊ ဘိသိတ္တော ဂန္ထညယတော။
ဘိရာဒိသိရိလဒ္ဓေန၊ ပါကဋော သဗ္ဗဘူတလေ။
(ချင်းမိဿက ဂါထာ)

(၁၉) ပိင္ဂကဝေဒဂန္ထေသု၊ ရာဇဝံသာဒိတိဟာသေ။
ဟတ္ထိသိပ္ပါဒိဝိဇ္ဇာသု၊ သုတသန္နိစယော ဘိယျော။
(ဝတ္တ ဂါထာ)

(၂၀) ဇုဗ္ဗာဒိဂုဏသမ္ပန္နော၊ ဆဒ္ဒန္တဂဇသာမိကော။
နေကသေတိဘိန္နော တေသံ၊ သုတ္တာန ပဋ္ဌရာဇုနံ။
(ဝိပုလာမိဿက ဂါထာ)

(၂၁) ရာဇဝံသံ ယထာဒိဋ္ဌံ၊ ယထာသုတံ အဘူတကံ။
သံသန္ဒေတွာ အနေကေဟိ၊ အမစ္စေဟိစ သမ္ဗသော။
(သုဒ္ဓပထျာဝတ္တ ဂါထာ)

(၂၂) ဘိက္ခူဟိ ရာဇဂရူဟိ၊ လောကဓမ္မသုတက္ခိဘိ။
တမ္ပိ ပုန ဝိသောခမေသိ၊ တဒါ ဘူတံ အဝိတထန္တိ။
(ဝိပုလာမိဿက ဂါထာ)

ဇဝံ-ဤသို့၊ ဝိတာမဟာရညော-ဘိုးတော် မင်းတရားကြီးသည်၊ ဒိဝင်္ဂတော-နတ်ပြည် စံတော်မူသည်ရှိသော်၊ ဗုဒ္ဓက်ုရမဟာရညော-ဘေးတော် အလောင်းမင်းတရားကြီး၏၊ ပနတ္တကော-မြစ်တော်လည်းဖြစ်သော၊တိရာဇူနံ-မဟာဇေယပူရ, ရတနာပူရ,အမရပူရမြို့တည် မင်းတရားကြီးသုံးပါးတို့၏၊ နတ္တော ခေဝ-မြေးတော်လည်းဖြစ်သော။

သိရာဒိ သိရိလဉ္ဆနော-သိရိသဒ္ဒါအစရှိသည်သော "သိရိမဟာဓမ္မာဘိဇေယသီဟသူရ" ဟူသော အသရေနှင့်ယှဉ်သော တံဆိပ်နာမံတော်ရှိတော်မူသော၊ မဟာဥပရညော-မဟာဥပရာဇာ၏၊ သုတော စ-သားတော်လည်းဖြစ်သော၊ အမှာကံ မဟာဓမ္မရာဇာ-ငါတို့အသျှင် မင်းတရားမြတ်သည်၊ နာနာရတနသမ္ပုဏ္ဏံ-အထူးထူးသော လောကရတနာ-ဓမ္မရတနာနှင့်ပြည့်စုံသည်ဖြစ်၍၊ ရတနာပုရနာမကံ-ရတနာပူရ မည်သော ရွှေဝပြည်ကြီးကို၊ ပတိဋ္ဌာပေတွာ - ပြုစုတည်ထောင်စေ၍၊ တတ္ထဝ-ထိုရတနာပူရမည်သော ရွှေဝပြည်ကြီး၌ပင်လျှင်၊ ဂန္တညာယတော-ကျမ်းဂန်ထုံးစံအသင့်အားဖြင့်၊ အဘိသိတ္တော - မုဒ္ဓါဘိသိက်ခံတော်မူ၏၊ သိရာဒိ သိရိလဉ္ဆနော-သိရိသဒ္ဒါအစရှိသည်သော (သိရိတြိ ဘဝနာဒိတျာဓိပတိ ပဝရပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇာ" ဟူသော အသရေနှင့်ယှဉ်သော တံဆိပ် နာမံတော်ဖြင့်၊ သဗ္ဗဘူတလေ-မြေပြင်ခပ်သိမ်း၌၊ ပါကဋော-ကျော်စောထင်ရှားတော်မူ၏။

ဝိဋကဝေဒဂန္ထေသု-ဝိဋကတ်ဗေဒင် ကျမ်းတို့၌ရင်း၊ ရာဇဝံသာဒိတိဟာသေ-ရာဇဝင်ပုံပြင်အစရှိသော ဣတိဟာသကျမ်း၌ရင်း၊ ဟတ္ထိသိပ္ပါဒိ

ဝိဇ္ဇာသု-ဆင်အတတ်စသော အတတ်ပညာတို့၌၎င်း၊ ဘိယျော-အလွန်၊ သုတသန္နိစယော-ဗဟုသုတအကြားအမြင်ကို ကောင်းစွာဆည်းပူးတော်မူ၏။

ဇာနှစ္စာဒိဂုဏသမ္ပန္နော - ဤသို့စသော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံတော်မူသော၊ ဆန္ဒန္တဂဇသာမိကော - ဆဒ္ဒန်ဆင်မင်းသခင် ဖြစ်တော်မူသော၊ အနေက သေတိဘိန္ဒော-ငါတို့အသျှင် ဆင်ဖြူများရှင် မင်းတရားမြတ်သည်၊ တေသံပဋ္ဌရာဇူနံ-ယခင် အကျဉ်းမာတိကာ ထားခဲ့သော ထိုမင်းတရားကြီးငါးပါးတို့၏၊ ရာဇဝံသံ-မဟာရာဇဝင်ငါးခန်းကို၊ ယထာဒိဋ္ဌံ-မြင်ဘူးတိုင်း၊ ယထာသုတံ-ကြားဘူးတိုင်း၊ အဘူတကံ-မမှန်မကန် မရုံမလင်ပါရှိသည်ကို၊ သုတွာန-ကြားနာတော်မူရ၍၊ လောကဓမ္မသုတကွိဘိ-လောကဝတ် ဓမ္မဝတ် ဗဟုသုတ ပညာမျက်စိ ရှိကုန်သော၊ အနေကေဟိ-များစွာကုန်သော၊ အမစ္စေဟိစ-မှူးမတ်တို့နှင့်၎င်း၊ ရာဇဂရုဟိ-မင်းဆရာဖြစ်ကုန်သော၊ ဘိက္ခုဟိစ-ရဟန်းတို့နှင့်၎င်း၊ သဗ္ဗသော-အချင်းခပ်သိမ်း၊ သံသန္ဒေတွာ-နှီးနှောညှိညွတ်၍၊ တမ္ပိရာဇဝံသံ - ထိုမင်းတရားကြီးငါးဆက်တို့၏ ရာဇဝင်ငါးခန်းကိုလည်း၊ တဒါ-ထိုမဟာသမ္မတမင်းက စ၍ဆိုသော ပဌမရာဇဝင်ကို သုတ်သင်သည်မှ အခြားမဲ့သောအခါ၌၊ ဘူတံ-မှန်ကန်စွာ၊ အဝိတထံ-မချွတ်မယွင်း၊ ပုန-တဖန်၊ ဝိသောဓေသိ၊ အထူးထူးအပြားပြား သုတ်သင်ရှင်းလင်းစေတော်မူသတည်း။

ဤသို့ဆိုခဲ့ပြီးသည့်အတိုင်း မင်းတကာတို့၏လက်ဦးစွာ မဟာသမ္မတမင်းကစ၍ သုံးသိန်း သုံးသောင်း လေးထောင့် ငါးရာ့ ခြောက်ကျိပ်ကိုးပါးသော မင်းစဉ်မင်းဆက်ကို လက်ဦးထားလျက် မဇ္ဈိမဒေသမင်းဆက်၊ တကောင်း၊ သင်းတွဲ၊ သရေခေတ္တရာ၊ ပုဂံ၊ မြင်စိုင်း၊ ပင်းယ၊ စစ်ကိုင်း၊ အဝ၊ ညောင်ရမ်း မင်းဆက် တိုင်အောင်သော မင်းတို့၏အစဉ်အဆက် ပဌမ မဟာရာဇဝင်ကို ရှင်းလင်းသုတ်သင် စီရင်ပြီး၍ ရတနာသိယ် ကုန်းဘောင် ပြည်ထောင် အလောင်းမင်းတရားကြီး၏ အဆက်အနွယ်တော် မင်းငါးဆက်တို့ကို ပြဆိုရာ ဒုတိယမဟာရာဇဝင်ငါးခန်းကို ရှင်းလင်းသုတ်သင်စီရင်အံ့သော၌ ပဏာမ၊ ပယောဇဉ်၊ ပဋိညာဉ်၊ မာတိကာစကားစဉ်၊ ကရဏပ္ပကာရဟူသော ကျမ်း၏ အဦးအစ၌ ပြထားမြဲဖြစ်သော ဂန္ထာရမ္ဘစကားကို ပြထားလို၍ ဤကျမ်းဦး နှစ်ဆဲ့နှစ်ဂါထာတို့ကို ဆိုသတည်း။

ဤနှစ်ဆဲ့နှစ်ဂါထာတို့တွင် ရှေးဦးစွာသော ရတနစက်ဂါထာ၊ အနဝတတ်ရေလည် ဂါထာဖြင့် မဟာဝင်, ဒီပဝင်စသော ကျမ်းဂန်များ၌ သိဆိုဠ်ကျွန်းသား လူအများအား အထူးသဖြင့် မြတ်စွာဘုရားချီးမြှင့်တော်မူသော ကျေးဇူးတော် မဟာသမ္မတမင်းမျိုးမှ ဖြစ်သော ဂုဏ်တော်တို့ဖြင့် ထောမနာပဏာမပြုသကဲ့သို့ သုနာပရန်-တမ္ဗဒိပ်ဟူသော မြန်မာတိုင်းသူလူမျိုးတို့အား အထူးသဖြင့်ဘုရားသခင်ချီးမြှင့်တော်မူသောကျေးဇူးတော် မဟာသမ္မတမင်းနွယ်မင်းဆက်ဖြစ်တော်မူသော ဂုဏ်တော်တို့ဖြင့် အရာနှင့်လျော်စွာ ထောမနာ ပဏာမကို ပြ၏။

ဒုတိယရတနစက်ဂါထာဖြင့် နေမင်း,လမင်းကဲ့သို့ သူမတူနိုင်အောင် အစွမ်းအာနုဘော် ရှိတော်မူလျက် ငါတို့အသျှင်မင်းတရားမြတ်၏ အာဏာတော်စက်ထွန်းလင်း၍ ဤရာဇဝင်ကျမ်းပြီးစီးအောင်မြင်စေသတည်းဟု ရတနတ္တယပဏာမ၏ အကျိုးပယောဇဉ်ကိုပြ၏။

စတုတ္ထ, ပဉ္စမဂါထာဖြင့် ပဌမ မဟာရာဇဝင်ကို ရှင်းလင်းသုတ်သင် စီရင်ပေအံ့ဟု ပဋိညာဉ်ကိုပြ၏။

ဆဌစသော ဆယ်ဂါထာတို့ဖြင့် အလောင်းမင်းတရားကြီးမှ စ၍ အသမ္ဘိန္နအာဒိစ္စဝင် အဆက်အနွယ်တော်ဖြစ်သော မင်းတရားမြတ် ငါးပါးတို့ မာတိကာစကားစဉ်ကို ပြ၏။

သောဠသမစသော ခုနစ်ဂါထာတို့ဖြင့် ဤသို့စင်ဂုဏ်ကျေးဇူးထူးမြတ်တော်မူသော ငါတို့အသျှင် ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူများရှင် မင်းတရားမြတ်သည် ဤသို့သော မှူးမတ် ရဟန်းပရိသတ်တို့နှင့် ညှိညွှတ်စည်းဝေး ဆွေးနွေးတိုင်ပင်တော်မူ၍ မြင်တိုင်း ကြားကိုင်း ညီညွှတ် မှန်ကန်စွာ ရှင်းလင်းသုတ်သင် စီရင်ရေးသားထားစေသတည်းဟု ကျမ်းပြုသော အခြင်းအရာ ကရဏပ္ပကာရကိုပြ၏။

ဤသို့လျှင် ကျမ်း၏ အဦးအစ၌ ပညာရှိတကာတို့ ထားမြဲ ဖြစ်သော ဂန္ထာရမ္ဘစကား ခပ်သိမ်းကို ထားပြီး၍ အလောင်းမင်းတရားကြီး အကြောင်းတော်က အစမူလျက် ဒုတိယ မဟာရာဇဝင်ကို ရှင်းလင်းသုတ်သင် စီရင်ရေးသားထားပေအံ့။

---

# အလောင်းမင်းတရားကြီး

## အနွယ်အဆက်

အောင်သူတကာတို့၏ အထွတ် ဖြစ်တော်မူသော သဗ္ဗညုရှင်ရင်းတရားမင်းသည် ဗောဓိအောင်မြေ ဗုဒ္ဓဟော်၌ သစ္စာလေးဆင့် ပွင့်တော်မူပြီး၍ ပရိနိဗ္ဗာန် စံယူတော်မူသည်မှ သာသနာတော် နှစ်ထောင့်နှစ်ရာ့ကိုးဆဲ့ငါးနှစ်၊ သက္ကရာဇ် တထောင့်တရာ့တဆဲ့သုံးခု၊ နှောင်းတန်းခူးလဆန်းရှစ်ရက်၊ ဗုဒ္ဓဟူးနေ့တွင် ရတနာပူရ အဝပြည်ကြီး ပျက်စီးတိမ်းယိမ်းလေလျှင် ကမ္ဘာဦးသူ လူအပေါင်းတို့၏ ကိုးကွယ်ရာ အစစွာမင်းပြုတော်မူသော မဟာသမ္မတမင်းကဲ့သို့ အာဒိစ္စကုလ,အာဒိစ္စဝံသ နေမင်းမျိုး နေမင်းနွယ်ဖြစ်တော်မူသော အလောင်းမင်းတရားကြီး ဘုရားသည် ဘေးလောင်းတော်တို့၏ အရိုက်အရာတော်ဖြစ်သော တိုင်းကြီး,ပြည်ကြီးဟီးသောင်းမင်းအပေါင်းတို့ကို သိမ်းရုံး စိုးအုပ်တော်မူ၍ မင်းပြုတော်မူ၏။ အလောင်းမင်းတရားကြီးဘုရား၏အကြောင်းတော်ကား....

ဤဘဒ္ဒကပ်ကမ္ဘာထက် ဇမ္ဗူဒိပ်မြေအပြင်တွင် ထီးဖြူဆောင်းချင်း မင်းတကာတို့၏ လက်မွန်အစ ပဌမမင်းပြုတော်မူသော အာဒိစ္စကုလ, အာဒိစ္စဝံသ နေမင်းမျိုး နေမင်းနွယ် ဖြစ်တော်မူသော မနုဟ ဆိုအပ်သော မဟာသမ္မတမင်းမှ ဝံသအားဖြင့် အသမ္ဘိန္နရာဇဝံသ ခတ္တိယအစစ် ဖြစ်တော်မူသော နှစ်သိန်းငါးသောင်း နှစ်ထောင့်ငါးရာ့ငါးကျိပ်ခြောက်ယောက်သောအာဒိစ္စဝင် မင်းမျိုးတို့သည်၎င်း၊ ထိုမင်းတို့တွင် အဆုံးစွန်ဖြစ်သော ဥက္ကာကရာဇ်မင်းကြီး၏ သားတော် ဥက္ကာမုခမင်းကစ၍ ရှစ်သောင့်းနှစ်ထောင့်တကျိပ် သုံးယောက်သော သာကီဝင်မင်းမျိုးတို့သည်၎င်း၊ မပြတ်မဒေသ၌ အစဉ်အတိုင်းမင်းပြုတော်မူကုန်၏။ ယင်းသို့ ရေတွက်အပ်ခဲ့ပြီးသော သုံးသိန်းသုံးသောင့်းလေးထောင့် ငါးရာ့ခြောက်ကျိပ်ကိုးယောက်သော အာဒိစ္စဝံသသာကီယမင်းတို့၏ အထွတ်ဖြစ်တော်မူသော အာဒိစ္စဗန္ဓု သာကျသီဟ ဂေါတမအမည်တော်ရှိသော ငါတို့မြတ်စွာဘုရားပွင့်တော်မူမည်လွန်လေပြီးသောအတိတ်ကာလ၌ ကောသလတိုင်း,ပဉ္စာလတိုင်း ပေါင်း နှစ်တိုင်းတို့ကို အစိုးရတော်မူသော ပဉ္စာလရာဇ်မင်းက သာကီဝင်မင်းမျိုး နေနန်းရိုးအနွယ်တော်ကို အမျိုးဆက်လိုသော၄ာ ကောလိယမင်းသမီးအား သိမ်းတောင်းရာ သူမတန်သော ဇာတိမာန်ဖြင့် မချေမငံ မ... စကားကို ဆိုချေသောကြောင့် ပဉ္စာလရာဇ်မင်းနှင့် သာကီဝင်မင်း

တို့ စစ်ကြီးဖြစ်ကြရာ သာကီဝင်မင်းတို့ရှုံးချေ၍ ဒေဝဒဟ, ကောလိယ, ကပိလဝတ်-မည်သော သုံးပြည်ထောင်သော သာကီဝင်မင်းတို့ တလတ်တလျှားပျက်ပြားလေသောအခါ အဘိရာဇာမည်သော သကျသာကီဝင်မင်းကြီးသည် မိမိဗိုလ်ခြေအလုံးအရင်းနှင့်တကွ မဇ္ဈိမဒေသမှ ဖဲခွဲသဖြင့် ငါတို့မြန်မာဦးစွန်းထွန်းရာဖြစ်သော သင်္ကဿရဋ္ဌမည်သော တကောင်းပြည်ကြီးကို တည်ထောင်၍ အစစွာ မင်းပြုတော်မူသည်၊ ထိုအဘိရာဇာမင်းတရားကြီး နတ်ပြည်စံတော်မူလျှင် သားတော်နှစ်ပါးတွင် အကြီးဖြစ်သော နောင်တော် ကံရာဇာကြီးမူကား ရခိုင်ဓညဝတီကို ,စိုးအုပ်စံနေတော်မူသည်၊ ညီတော်ကံရာဇာငယ်မင်းမူကား တကောင်းပြည်ကြီးကို စိုးအုပ်စံနေတော်မူသည်။

ယင်းသို့လျှင် အာဒိစ္စဝံသသာကီယနွယ်ရင်း မြန်မာမင်းတို့၏လက်မွန်အစ ပဌမဖြစ်သော အဘိရာဇာ မင်းတရားကြီးမှ သားတော် ကံရာဇာငယ်၊ သားတော်ဇမ္ဗူဒီပရာဇာ၊ သားတော် သင်္ကဿရာဇာ၊ သားတော်ဝိပ္ပန္နရာဇာ၊ သားတော်ဒေဝတရာဇာ၊ သားတော်မုနိကရာဇာ၊ ဘထွေးတော် နာဂရာဇာ၊ ညီတော်ဣန္ဒရာဇာ၊ သားတော် သမ္မုတိရာဇာ၊ သားတော် ဒေဝရာဇာ၊ သားတော် မဟိန္ဒရာဇာ၊ သားတော် ဝိမလရာဇာ၊ သားတော်သီဟဟနုရာဇာ၊ သားတော် မနက်ရာဇာ၊ သားတော် ကံသရာဇာ၊ သားတော် ကာလိင်္ဂရာဇာ၊သားတော် သင်းတွဲရာဇာ၊သားတော်သီဟဥ္စရာဇာ၊ ညီတော်ဟံသရာဇာ၊ သားတော် ဝရရာဇာ၊ သားတော် အလောင်းရာဇာ၊ သားတော် ကောလဟရာဇာ၊ သားတော် သူရိယရာဇာ၊သားတော် သင်းကြီးရာဇာ၊သားတော် တိုင်းချစ်ရာဇာ၊သားတော် မုဒုရာဇာ၊ သားတော် မင်းလှကြီးရာဇာ၊ သားတော် သံသုသီဟရာဇာ၊ သားတော် မနက်ရာဇာ၊ သားတော် အာဟိန္ဒရာဇာ၊ သားတော် မောရိယရာဇာ၊ သားတော် ဘိန္နကရာဇာ၊ ယင်းသို့သုံးကျိပ်သုံးယောက်သော မင်းတို့သည် သင်္ကဿရဋ္ဌမည်သော တကောင်းပြည်ကြီး၌ အစဉ်အတိုင်း မင်းပြုတော်မူကုန်၏။

အဆုံးစွန်ဖြစ်သော ဘိန္နကရာဇာ မင်းကြီးလက်ထက် ဂန္ဓာရတိုင်း စိန့်ပြည်က တရုပ်တရက်တို့ နှောင့်ရှက်လေ၍ သင်္ကဿရဋ္ဌ မည်သော တကောင်းပြည်ကြီး ပျက်စီးတိမ်းယိမ်းလေလျှင်၊ ဘိန္နကရာဇာ မင်းကြီးသည် မိဖုရားနာဂဆိန်နှင့် ဆွေတော် မျိုးတော် အလုံးအရင်းတို့ကိုယူ၍ မန်လည်အရပ်၌နေသောအခါ မင်းကြီးနတ်ပြည်စံတော်မူလေလျှင် သုံးစု

ကွဲ၍ တစုလူတို့ကား အရှေ့မျက်နှာ ရှမ်းတဆဲ့ကိုးခရိုင် တည်ထောင်၍ အသီးအသီးနေလေသည်၊ ထိုကစ၍ ဘိန္နကရာဇ်မျိုးဟု အစဉ်တွင်လေသည်၊ တစုလူတို့ကား သုနာပရန် ပြူ,ကမ်းယံ, သက်တို့အရပ်သို့ဝင်လေသည်၊ တစုလူတို့ကား မိဖုရားကြီး နာဂဆိန်နှင့် နေမြမန်လည်အရပ်တွင် နေလေသည်။

ယင်းသောအခါ မဇ္ဈိမဒေသ၌ ငါတို့မြတ်စွာဘုရားထင်ရှားပွင့်တော်မူ၍ မဟာနာမ်မင်းလက်ထက် ဝိဋုဍူဘဘေးကြောင့် သာကီဝင်မင်းတို့ ပျက်စီးလေသောအခါ ဓဇရာဇာမည်သော သာကီဝင် မင်းသည် ဆွေတော်မျိုးတော် အလုံးအရင်းနှင့်တကွ မဇ္ဈိမဒေသမှ ဖဲခွဲသဖြင့် ရှေးဦးစွာ မောရိယကို တည်ထောင်စံနေသည်၊ မောရိယကား မွေရင်းဆိုလိုသည်၊ မဇ္ဈပဒ အဋ္ဌကထာစသော သာသနာကျမ်း၌ မောရိယဟူ၏၊ ဂေါတမပူရာဏ်စသော လောကီကျမ်းတို့၌မောရက်ဟူ၏၊ ရခိုင်ရာဇဝင်၌ မောရင်ဟူ၏၊ ယင်းကတဖန်ပြောင်းခွဲပြန်၍ မန်လည်အရပ်သို့ ရောက်တော်မူလေသော် ကိုအရပ်တွင် ရှိနေနှင့်သော နာဂဆိန်မိဖုရားကြီးနှင့်ဆွေတူ မျိုးမျှ သာကီသချည်းဖြစ်၍ မင်း မိဖုရားနှစ်ပါး စုံဘက်တော်မူပြီးလျှင် အညာ ပုဂံကို တည်ထောင်စံနေသည်၊ ယင်းကမှ ရှေးသက်ဿရဋ္ဌ မည်သော တကောင်းပြည်ကို ပဥ္စာလရာဇ်ပြည် သမုတ်၍ ထီးနန်းမြို့ပြထပ်ပြု တည်ထောင် စံနေတော်မူသည်၊ ဇမ္ဗူဒီပဓဇရာဇာဟူသောတံဆိပ်နာမံခံတော်မူသည်၊ ထိုပြည်ကို ပဥ္စာတကောင်း တွင်၏၊ ထိုမင်းကစ၍ သတိုးမဟာရာဇာမင်းကိုင် ညီတော်သားတော် အဆက်ဆက် အားဖြင့် တဆဲ့ခုနစ်ဆယောက်သောမင်းတို့သည် အစဉ်အတိုင်း မင်းပြုကြကုန်သည်၊ ထိုမင်း၏ အမည်ကားဇမ္ဗူဒီပဓဇရာဇာမင်း၊ သတိုးတိုင်းရရာဇာမင်း၊သတိုးရထားရမင်း၊ သတိုးဘံခွန်ရမင်း၊ သတိုးလှံပျံရမင်း၊ သတိုးရွှေမင်း၊ သတိုးဂဠုန်ရမင်း၊ သတိုးနဂါးရမင်း၊ သတိုးနဂါးနိုင်မင်း၊ သတိုးရဟော်လာမင်း၊ သတိုးပေါင်ရှည်မင်း၊ သတိုးကျောက်ရှည်မင်း၊ သတိုး ဆင်လောက်မင်း၊ သတိုးဆင်ဟန်မင်း၊ သတိုးကိုင်းချစ်မင်း၊ သတိုးမင်းကြီးမင်း၊ သတိုး မဟာရာဇာမင်း ဤဘကျိပ်ခုနစ်ယောက်တည်း။ ။ထိုတကောင်းပြည်၌ နတ်မိန္နာ၊ ဘီလူး, ရက္ခိုသ်, မြွေနဂါးတို့နှောင့်ရှက်၍ ထိုမင်းတို့စည်းစိမ်နန်းသက် မရှည်လေသတည်း။

ထိုမင်းတို့၏ အဆုံးစွန်ဖြစ်သော သတိုးမဟာရာဇာမင်းကြီးလက်ထက် သားတော်မရှိ၍ မိဖုရားကြီးကိန္နရဒေဝီ မောင်တော် ခေပမူတကို အိမ်ရှေ့

နှင်းတော်မူ၏၊ ထိုအိမ်ရှေ့မင်းသည် အရပ်တဆဲ့နှစ်တောင်ရှိသော တောဝက်ကြီးကို လိုက်သတ်လေရာ နေပြည်တော်သို့မပြန်ပဲ သရေခေတ္တရာပြည်ဖြစ်ရာ ပြူတို့အရပ်၌ ရသေ့ရဟန်းပြု၍ နေတော်မူစဉ် သတိုးမဟာရာဇာမင်းကြီးသားတော် မဟာသမ္ဘဝ, စူဠသမ္ဘဝညီနောင်နှစ်ပါးရောက်တော်မူလျှင် မဟာသမ္ဘဝမင်းသည် ထိုအရပ်၌ရှိနှင့်သော ရသေ့သမီးဘေဒါရီတပါး, ပြူမိဖုရားတပါး ထိုနှစ်ပါးကို နန်းတင်တော်မူ၍ ရသေ့ပြည်၌အစစ္စာ မင်းပြုတော်မူသည်။ မဟာသမ္ဘဝမင်းကြီး နတ်ပြည်စံတော်မူလျှင် ညီတော်စူဠသမ္ဘဝမင်းပြုတော်မူသည်၊ နတ်ပြည်စံတော်မူလျှင် သားတော်ဒွတ္တပေါင်မင်းကြီး သရေခေတ္တရာပြည်ကို တည်ထောင်၍ မင်းပြုတော်မူသည်၊ နတ်ပြည်စံတော်မူလျှင် သားတော် ဒွတ္တရန်၊ သားတော်ရန်မန်၊ သားတော်ရကွန်၊ သားတော် ခန်ထောင်း၊ သားတော် လက်ခိုင်၊ သားတော် သီရိခန်၊ သားတော် သီရိရာဇ်၊ ထိုတကျိပ်တယောက်သောမင်းတို့သည် အစဉ်အတိုင်းမင်းပြုတော်မူကုန်သည်။ ထိုမင်းတို့ကား တကောင်းနန်းရိုး နေမျိုးနှင်နှင်တည်း၊ ထိုတွင်သီရိရာဇ်မင်းလက်ထက် သမီးတော်နှင့် မျိုးခြားတပါးမင်းကို စုံဘက်တော်မူ၍ ခမည်းတော်နတ်ပြည်စံတော်မူလျှင် သမက်တော် ငတပါးမင်း မင်းပြုတော်မူသည်၊ နတ်ပြည်စံတော်မူလျှင် သားတော်ပါဝိရန်၊ သားတော်ရန်မုက္ခ၊ သားတော်ရန်သိမ်၊ သားတော်ရန်မုဍ္ဍလိန္ဒ၊ ညီတော် ဘေရိန္ဒ၊ သားတော်မုဍ္ဍလ၊ သားတော်ပုဏ္ဏ၊ သားတော်သာခ၊သားတော်သာသိ၊ညီတော်ကန္နု၊နောင်တော်ကန်တက်၊ နောင်တော်ဘိင္ဃ၊ သားတော် သုမုန္ဒရီ၊ သားတော် အဒိတျာ၊ ညီတော် သုပညာနဂရဆိန္န မင်းဖြစ်တော်မူ၏၊ ထိုမင်းလက်ထက် ပြည်ကြီးပျက်၍ သရေခေတ္တရာ မင်းဆက်ပြတ်လေ၏။

ထိုအခါ သုပညာနဂရဆိန္နမင်း၏ တူရင်းအစစ်နေမျိုးဖြစ်သောသမုဒ္ဒရာဇ်မင်းကြီးသည် အရိမဒ္ဒနာမည်သော ပုဂံပြည်ကိုတည်ထောင်၍မင်းပြုတော်မူ၏။

ယင်းသောအခါ အညာတကောင်းပြည်ကြီး၌ သတိုးတဆဲ့ခုနစ်ဆက်မြောက်ဖြစ်သော သတိုးမဟာရာဇာမင်းကြီး အနွယ်တော် ဖြစ်သော သတိုးအာဒိစ္စရာဇာမင်းသည် တကောင်းပြည်ကို နတ်မိစ္ဆာ မြွေနဂါးတို့ တဝ၊ တရုပ်တရက်တို့တဝ နှောင့်ရှက်ဖျက်ဆီးလေ၍ ပြည်ရွာမငြိမ်မသာရှိသောကြောင့် ရှောင်လွှဲ၍ မန်လည်အရပ်၌ ကြီးကျယ် သာယာလှစွာသော ဥယျာဉ်တောင်ယာ လုပ်စားနေလေသောအခါ မိဖုရား၌ ဘုန်း

ပညာလက္ခဏာနှင့် ပြည့်စုံသော သတိုသားကိုဖွားမြင်လျှင် တကောင်းမင်းမျိုးဖြစ်သော ရသေ့ကြောင်ထံအပ်၍ အဌာရသအတတ်မျိုးကိုသင်စေသည်။

တဆဲ့ခြောက်နှစ်အရွယ်သို့ရောက်လျှင် ပုဂံပြည်ကြီး၌ ငှက်ကြီး, ဝက်ကြီး,ကျားကြီး, ရှုးပျံဟို့ကို သိကြားပေးသောလေးဖြင့် ခွင်းသတ် အောင်မြင်လေသည်ကို သမုဒ္ဒရာဇ်မင်းကြီးအားရတော်မူ၍ သမီးတော်သီရိစန္ဒာဒေဝီနှင့် အမျိုးမပြား ထိမ်းမြားစုံဘက်တော်မူပြီးလျှင် အိမ်ရှေ့နှင်းတော်မူ၏။

သမုဒ္ဒရာဇ်မင်းကြီး နတ်ပြည်စံတော်မူလျှင် အိမ်ရှေ့မင်းသည် မင်းမပြုဦးပဲ အဌာရသအတတ်သင်ပေးသော တကောင်းမင်းမျိုးဖြစ်သော ဆရာရသေ့ကြောင်အား မင်းပြုစေပြီး၍ ဆရာရသေ့ကြောင်မရှိမှ အရိမဒ္ဒနာမည်သော ပုဂံပြည်ကိုတည်ထောင်၍ ပျူစောထီးအမည်နှင့် မင်းပြုတော်မူ၏။

(ဤအရာ၌ အချို့သောရာဇဝင်ကဗျာလင်္ကာများတွင် နေမင်းသားနှင့်နဂါးမတို့ သင့်မြတ်ရာ အဏ္ဍဇပဋိသန္ဓေဖြင့် ပျူစောထီးမင်းကို ဖွားမြင်လေသောကြောင့် နေမျိုးဖြစ်ဟန် ရေးမှားကြလေသည်။ စင်စစ်သော်ကား ပျူစောထီးမင်းတွင်မှ နေမျိုးဖြစ်လေသည်မဟုတ်၊ မဟာသမ္မတမင်းသည်ပင် အာဒိစ္စကုလ၊ အာဒိစ္စဝံသ နေမင်းမျိုးနေမင်းနွယ် ဖြစ်သောကြောင့် ထိုမဟာသမ္မတမင်း၏ အသန္တိ နွှယ်တွယ် အနွယ်အဆက်ဖြစ်သော သာကီဝင်မင်းတို့သည်လည်း နေမျိုးချည်းဖြစ်လေ၏ ထိုသာကီဝင်မင်းမှ ဆက်နွယ်သော အဘိရာဇာမင်း၊ သတိုးဇမ္ဗူဒိပဓဇရာဇာမင်း၊ ဒွတ္တပေါင်မင်း၊ ပျူစောထီးမင်းစသော မြန်မာမင်းတို့သည်လည်း နေမျိုးချည်းဖြစ်လေသည်။ ထို့ကြောင့် ယခုတိုင် မြန်မာမင်းတို့ကို နေထွက်ဘုရင်ဟု အစဉ်ဟွင်လေသည်ကို ပျူစောထီးမင်းတွင်မှ နေမျိုးဖြစ်သကဲ့သို့ အချို့သောသူတို့ ထင်မှတ်စွဲယူကြသည်ကို သက်ာပျောက်ကင်းလင်းစိမ့်သောငှာ ကျမ်းဂန် အထောက်အကြောင်း၊ သမိုင်းပေါင်းအထွက်အလာ၊အာဂုံယုတ္တိပြ၍ ပဌမ မဟာရာဇဝင်တော်ကြီး၌ အကျယ်ဆိုခဲ့လေပြီ။)

ယင်းသို့လျှင် မဟာသမ္မတမင်းမှ ပျူစောထီးတိုင် ဆက်နွယ်ခဲ့ပြီး၍၊ ပျူစောထီးမင်းမှ ရတနာသိင်္ချြတည် အလောင်း မင်းတရားကြီးတိုင် ဆက်နွယ်အင်္သော မျိုးတော်စဉ်ကို ဆိုဦးအံ့။

ပျူစောထီးမင်း၊သားတော် ထီးမင်းယဉ်မင်း၊ သားတော်ယဉ်မင်းပိုက်မင်း၊ သားတော် ပိုက်သေဉ်လည်မင်း၊ သားတော် သေဉ်လည်ကြောင်မင်း၊ သားတော် ကြောင်ဖူရာဇ်မင်း၊ သားတော် သည်ထန်မင်း၊ သား

တော် သာရမွန်ဖျားမင်း၊ သားတော် သိုက်တိုင်မင်း၊ သားတော် ခံလတ်မင်း၊ သားတော် ထွန်တိုက်မင်း၊ သားတော် ထွန်ပစ်မင်း၊ သားတော် ထွန်ချစ်မင်း၊ သားတော် ဗိသုံမင်း၊ သားတော် ဗိတ်ဒေါတာင်မင်း၊ သားတော် သိမ်မင်း၊ သားတော် သိန်းခွန်မင်း၊ သားတော် ရွှေလောင်းမင်း၊ သားတော် ထွန်တင်မင်း၊ သားတော် ထွန်လွတ်မင်း၊ သားတော် စောခင်နှစ်မင်း၊ သားတော် ပျဉ်ပြားမင်း၊သားတော်တန်နက်မင်း၊ သားတော် ကြောင်ဖြူမင်း၊ သားတော် နော်ရထာမင်း၊ သားတော် စောလူးမင်း၊ သားတော်စောယွမ်းမင်း၊ သားတော်အလောင်းစည်သူမင်း၊ သားတော် နရသူမင်း၊ သားတော် မင်းယဉ်နရသိမ်မင်း၊ သားတော် နန္ဒသူရိယ၊ သားတော် မင်းသိဒ္ဓိကာ၊ သားတော် မင်းဘဲကြီးရတနာ၊ သားတော် မင်းဘဲငယ်ရတနာ၊သားတော် လမ္ဘူးမြို့စားရန္တသူရ၊ သားတော်ပေါက်မြိုင်မြို့စားမင်းပုလဲ၊ သားတော် မြေနဲမင်းဒိကာ၊ သားတော် အဝရွှေနန်းရှင် မိုးညှင်းမင်းတရား၏ ညီတော်ဖြစ်သော ဝပါနော်ရထာ၊ သားတော် မြောက်ဘက်နော်ရထာ၊ သားတော် သင်ယာ၊ သားတော် မင်းနေဝန်း၊ သားတော် မင်းရဲထွေး၊ သားတော်မင်းကြီးရွှေ၊ သားတော် မင်းကိုးခင်၊ သားတော်မင်းစစ်နိုင်၊သားတော် သီရိမဟာဓမ္မရာဇာ၊သားတော်ရတနာသိဉ်မြို့တည် အလောင်းမင်းတရားကြီး။

ဤကား–မဟာသမ္မတ အာဒိစ္စနွယ်မျိုး နေနန်းရိုးဖြစ်တော်မူသော ပျူစောထီးမင်းမှ အလောင်းမင်းတရားကြီးတိုင် သား၏သားဖြင့်၊မပြားနွယ်ဆက်၊ ဆင်းသက်ခဲ့သော လေးဆယ့်ခုနစ်ဆက်သော အာဒိစ္စဝံသ အသင်္ခိန္ဒ သာကီယအနွယ်တော်ကို ပြရာပြကြောင်းဖြစ်သော မျိုးတော်စဉ်အကျဉ်းတည်း။

## ခမည်းတော်, မယ်တော်တို့ မူဆိုးပိုသို့ ရောက်ပုံ

အလောင်းမင်းတရားကြီးဘုရား ခမည်းတော်မယ်တော်တို့ မြောက်ဘက် မူဆိုးပိုအရပ်သို့ ရောက်ကြောင်းကား .. မိုးညှင်း မင်းတရားလက်ထက်တော်- ညီတော် ဝပါနော်ရထာကို မြောက်ဘက်ကိုးသင်း မြင်းနှင့်တကွ မြေဒူးမြို့စသည်များကို နှင်းအပ်တော်မူ၍ မြေဒူးမြို့တွင် နေတော်မူရသည်၊ ဝပါနော်ရထာမရှိပြန်လျှင် ဝပါနော်ရထာသား-မြောက်ဘက်နော်ရထာကို ဘုရင်မဟာသီဟသူရမင်းကြီးက သမီးတော် ဘိုးတော်ရှင့်မယ်နှင့် စုံဘက်ပြီးလျှင် နော်ရထာဟူသော အမည်နှင့် အဘအရာ နှင်းအပ်၍ မြောက်ဘက်မြေဒူးမြို့မှာပင် စိုးအုပ်နေရသည်ကို အကြောင်းပြု၍

မြောက်ဘက်နော်ရထာဟု တွင်လေသည်၊ မြောက်ဘက် နော်ရထာ၏ သားတော်မြေးတော်တို့လည်း ရိုးရာမပျက် ဆက်လက်အုပ်ချုပ် စိုးရင်ကြရသည်။ ။ထိုမှစ၍မြောက်ဘက်အရပ်မှာ အတည်အနေ ခြေကြီးမြစ်ကြီးဖြစ်လေသတည်း။

ဤကား-မဟာသမ္မတမင်းမှစ၍ အလောင်းမင်းတရားကြီးတိုင် မပြတ်သော အသင္ကိန္န၊ ခတ္တိယဇာတ်၊ နေနတ်နွယ်ရိုး မင်းမျိုး မင်းမြစ် ဖြစ်တော်မူသော အကြောင်းကို ရာဇဝံသပြဆိုခဲ့သော မျိုးတော်စဉ်အကျဉ်းတည်း။

### တိတ်နိမိတ်ပြလျက် ဖွားမြင်တော်မူခြင်းနှင့် အိပ်မက်တော် မြင်ခြင်း၊ စနည်းတဘောင်ဖြစ်ပေါ်ခြင်း

ယင်းသို့ ဆွေကော် မျိုးတော်တည်းဟူသော အဘိဇစ္စဗလ အားနှင့် ပြည့်စုံတော်မူသောအလောင်းမင်းတရားကြီးဘုရားသည် မယ်တော်မဟာဒေဝီဝမ်း၌ ပဋိသန္ဓေနေတော်မူ၍ ဆယ်လစေ့လျှင် သက္ကရာဇ်တထောင့်ခုနစ်ဆဲ့ ခြောက်ခု တော်သလင်း လပြည့်ကျော်တရက် သောကြာနေ့ ညဥ့်တချက်ကီးကျော် မနသိဠ္ဌနက္ခတ် မွန်းတည့် ပြိဿလက် ကုံစန်း၊ သိဟ်တွင် ဟနက်ငွေ့ စနေ၊ ကန်တွင် ဗုဒ္ဓဟူး, သောကြာ၊ မိဿတွင် ကြာသပတေး၊ ကြကင့်တွင် အင်္ဂါ၊ ဗြိစ္ဆာတွင် ရာဟု၊ နက္ခတ်စဉ်နှစ်ဆဲ့လေးလုံး နှစ်ပါဒ်၊ ဇိဇနာပြည့် ကောင်းမြတ်သော မင်္ဂလာအခါ၌ မုဆိုးဖိုမြို့တွင် ဖွားမြင်တော်မူလျှင် မြေကြီး ငလျင် ပွဲတင်ထပ်မျှ နေ့ရက်အကြိမ်များစွာ တုန်လှုပ်၏၊ တော်လည်း၏၊ တောင်ကမ်းပြို၏၊ မြေကြီး ကွဲအက်၏၊ ရေထွက်၏၊ ယင်းသို့ မမြင်ဘူးမြဲ အံ့ဘွယ်သရဲသော တိတ်ကြီး နိမိတ်ကြီးတို့သည် ထင်ကုန်၏၊ အရွယ်သို့ရောက်တော်မူလျှင် ဓမ္မဝတ်,လောကဝတ်, ရာဇဝတ်တို့၌ လေ့လာသင်ကြားတော်မူ၍ သူမတန်အောင်တတ်မြောက်တော်မူသောကြောင့် ဆွေတော် မျိုးတော်တို့မှစ၍ အနီးအပါး မြို့ရွာသင်းရဲသားအပေါင်း ချစ်ကြောက်ရိုသေစွာ အလောင်း မင်းတရားကြီး အဆုံးအမတော်ကို နာယူယုံကြည်ကြကုန်သည်။

နှစ်ဆဲ့နှစ်နှစ်အရွယ်တော်သို့ ရောက်သောအခါ ညဉ့်အချိန် မျောက်မျဉ်းစက်ပျော်စဉ် ခံတွင်းမှ အခိုးအလျှံထွက်၍ အစကိုတလံနှစ်လံ၊ တာတရာ နှစ်ရာ၊တာတထောင် နှစ်ထောင်၊တယူဇနာ နှစ်ယူဇနာ စသည်ဖြင့် အခိုးအလျှံသည် ကောင်းကင်သို့ ဝှန်တက်၍ စတုမဟာရာဇ်, တာဝတိံသာ၊ ယာမာ, တုသိတာ,နိမ္မာနရတိ,ပရနိမ္မိတဝသဝတ္တီနတ်ပြည်ခြောက်

ထပ် နတ်ရပ်တိုင်အောင် တက်လေသည်ကို ဇမ္ဗူဒီပါကျွန်းသူအလုံးကြည့်ရှုကြသည်ဟု မြင်မက်တော်မူ၍နိုးတော်မူလျှင် ငါ၏ဘုန်းတန်းခိုးအာဏာ အဝှန်အဝါတို့သည် လူ့ပြည် နတ်ပြည်တိုင်အောင် ကျော်စော ထင်ရှားစွာ မင်းဖြစ်မည်ဟု အိပ်မက်တော်မူသည့် အကျိုးကို ဘတ်တော်မူ၍ သူတထူးတို့မကြားမသိစေရ နှလုံးသွင်းတော်မူမိသည်နှင့် တရံသောအခါ စက်ပျော်တော်မူကြိုက်တွင် လက်ယာလက်ရုံးတော်မှပြကတေ့မီးတောက်မီးလျှံကဲ့သို့ ထင်ရှားစွာ တောက်ပ၍ နိုးတော်မူလျှင် ယမန်အိပ်မက်တော်မူသည်နှင့် ညီညွတ်လှ၏၊ မချွတ်လျှင် မင်းစကြာဇ အဖြစ်ကို ရမည်ဟု နှလုံးသွင်းတော်မူပြီးလျှင် စကြဝတေး ရှေးမင်းလောင်းတို့ ကျင့်ရာ ဖြစ်သော ဒါန,ဒမ္မ,သံယမ-ဟူသော တရားသုံးပါးကိုရင်း၊ ပတိရူပ ဒေသစသော စက်လေးပါးကိုရင်း ပြည့်စုံအောင် ဖြည့်ကျင့်ဆောင်ရွက်တော်မူသည်၊ ယင်းသို့ ဘုန်း ပညာ လက္ခဏာ အာဏာသတင်း အရင်းအမျိုး တိတ်နိမိတ်ဖြင့် ကျော်စော ထင်ရှားစွာဖြစ်၍ ရတနာပူရ အဝပြည်ကြီး မပျက်မီကပင် မြောက်ဘက်အရပ်က မင်းလောင်းပေါ်မည်ဟု ပြည်ထဲအလုံး အကျော်အစော ကောလာဟလဖြစ်လင့်၏။ ။ထိုအကြောင်းကို အဝရွှေနန်းရှင် မင်းတရား ကြားတော်မူလျှင် ကျိန်းခန်းယတြာအလိုက် စာသင်ဆရာရွှေဖြိုးကို ဘုရင့်နောင် အမည်နှင့် ထီးဖြူမြောက်စည်ပေး၍ စစ်ကိုင်းက မင်းပြုစေ၏၊ နောက် တောင်ငူရာဇာကိုလည်း ငစဥ့်ကိုင်က မင်းပြုစေ၏။ ။ထိုအခါ တဘောင်ပေါ်သည်ကား-

* အမယ်ကြီးနှင့်၊ဘကြီးတား၍၊ လားလားမနိုင်၊ သောကြာသားက
စကားခိုင်၊ သံတိုင်ကျောက်ခဲ၊ လူပျိုချင်းတွင်မိုလ့်ကဲ၊ပဲနှင့်ပျောင်း
ကို၊ဟောင်းလျှင်ပစ်၍၊အသစ်ရှာ၊အောင်ပါလေလား-သောကြာ
သား၊ သောကြာသားကို၊ နတ်များပုံပေါင်း၊ ဆုကြီးတောင်း၊
ကောင်း၏မြောက်မှာ၊အိမ်ကခွါ၊ ဖြူရာမှာဝှမ်း၊ မောင်လူပျိုမယ်က
မှန်း၊-စိန်ပန်းယင်းမာ၊ ပြိုင်လာဘက်ရှုံး၊ နောက်မှ ပေါ်သည့်
တောင်တလုံး၊ ဆံထုံးပေါ်တွင်၊ မျှမဆင်၊ ဂူတော်ပြင်မှာ၊ မှန်ပင်
စိုက်ချင်သည်တည့်လေ။

ဟူ၍ ပြည်သူသားငယ်တို့ တဘောင်ချင်း အကြော်အငြာ ဆိုမြည်ကုန်သည်။ ထိုစကားကို ပညာရှိတို့ကြားလျှင် မြောက်က မင်းလောင်းပေါ်မည်မချွတ်ဟု ဆိုစကုန်၏။

## ဦးအောင်ဇေယကို တောင်ငူရာဇာခေါ်၍ မေးမြန်းခြင်း

ယင်းသောအခါ စစ်ကိုင်တပ်က တောင်ငူရာဇာကြားလျှင် မြောက်ဘက်အရပ်က မင်းလောင်းပေါ်မည် ကျော်စောသည့်အတိုင်း မူဆိုးပိုအစိအရင်လည်း အင်ခွင်ကြီးလှသည် ကြားရသည်၊ နိမိတ် ကဘောင်လည်း ပေါ်ရှိသည်ဟု စစ်ကိုင်တပ်သို့ခေါ်၍ ရောက်လျှင် တောင်ငူရာဇာလည်း အလောင်းမင်းတရားကြီး၏ မင်းဘွယ်စိုးယအသွင်အပြင်ကြန်အင်လက္ခဏာ ရဲရင့်တည်ကြည်ခြင်းများကိုမြင်လျှင် ဆိုလောက်ပေ၏ ချီးမွမ်း၍ ရှင်ဘုရင်စော်နံသောဟူသည် မှန်မည်လောမေးလျှင် ချောပစ်သောစကားမျှသာ ဖြစ်ပါသည်ဟု ပြောဆိုပြီးပြေ၍ ပြန်လာသည့်နောက် တောင်ငူရာဇာက ကျော်စောသည်နှင့် ကျော်တိုင်းတင့်သော အရည်အချင်း ဆွေအားမျိုးအားလည်းရှိချေသည်။ လူတို့ဘုန်းကံကို မမြင်နိုင်ပေရာ၊ ကျိန်းချေခန်းချေပြုမှသင့်မည်ဟု မူဆိုးပိုမြို့ ရွှေတန်ဆာဘုရားမြောက်တွင် ကျိန်းချေကဲနန်းပေါ် ဆောက်လာရ၏။

## မူဆိုးပိုမြို့တွင် ထမ်းလုံးတပ်တည်၍ နေတော်မူခြင်း

ထိုအကြောင်းများကို မြင်တော်မူလျှင် ယခု ပြည်ထဲအရေးကိုထောက်သော် ပါးအစည်းပြေသကဲ့သို့ရှိသည်၊ ရွှေသို့သာယာမည်မထင်၊အဝပျက်ခဲ့သော်လည်း ငါတို့နေနိုင်အောင်နေမှသင့်မည် အကြံတော်ရှိ၍ မူဆိုးပိုမြို့ကို ပတ်ဝိုက်ပြီးလျှင် တာလေးရာ့ခုနစ်ဆယ်ရှိသော ထန်းလုံးတပ်ကို ပဗ္ဗင်,ရင်လျှောက်,ဂါတုတ်,ရင်တား, ကျုံးမြောင်းနှင့်တကွ ဖြိုးဖြိုးခိုင်ခိုင်တည်လုပ်တော်မူ၍ အနီးအစပ် လေးဆဲ့ခြောက်ရပ် ကျေးရွာများတွင်လက်နက်ကိရိယာ ဆင်မြင်းလူသူ မျိုးရိက္ခာတို့ကို တပ်တွင်းသို့ချည်း သွင်းတော်မူသည်၊ တပ်တော်ပြင်ပတ်လည် ဆည်,ကန်,ရေတွင်း အကြွင်းမရှိ ဖျက်ဘိမ်း၍ စစ်ဟလင်း ရှင်းသင်းရသည်၊ အမှုထမ်း သူရဲသူခက်တို့ကိုလည်း ပြောင်းလက်နက် အပစ်အခတ် ဓားခုတ် လှံထိုး ဒိုင်းရေးလွှားရေးတို၌ ကျွမ်းကျင်သူတို့ကို ပြောင်းလက်နက် အပစ်အခတ် မားခုတ်လှံယိုး ဒိုင်းရေးလွှားရေးတို့ကို လေ့လာစေသည်။ မြင်းစီး မြင်းရေး၌ကျွမ်းကျင်သူတို့ကို လှံရှည်အဲမောင်း မြင်းစီးမြင်းရေးတို့ကို လေ့လာစေသည်၊ ယင်းသို့ လုပ်ရေးကြံရေးတို့ကို ပြီးစီးပြည့်စုံအောင် စီရင်စည်းကြပ်

တော်မူပြီးလျှင် ကေသရရာဇာခြင်္သေ့မင်းစောင့်သော ရွှေဂူကဲ့သို့ အရေးကို မြော်တင်း၍ အခိုင်နေတော်မူ၏။

## တလိုင်းမင်း၏ လက်နက်နိုင်ငံဖြစ်ခြင်း

ထိုအခါ ဟံသာဝတီဘုရင်က ညီတော်ဥပရာဇာနှင့် ဗညားဒလ၊ဒလပန်းစသော မိုလ်မှူးတပ်မှူး သူရဲသူခက် လက်နက်ဆင်မြင်း စည်းကြပ်ခန့်ရန်ပြီးလျှင် အဝစစ်ကိုင်းမြို့များကို ကြည်းရေဝိတ်မျှ ချီရောက်ဝန်းရံလာ၍ သတ္တရာဇ် တထောင့်တရာ့တဆဲ့သုံးခု၊ တပို့တွဲလပြည့်ကျော် ရှစ်ရက်နေ့၊ စစ်ကိုင်းမြို့ပျက်လျှင် အဝသို့ချဉ်းဘိ၍ ဟင်းခူးထင်းခွေမျှမထွက်ရအောင် ကြည်းတပ်ရေတပ် အထပ်ထပ် ဝန်းရံလုပ်ကြိုလေလျှင် မြို့တွင်းသားတို့ ငတ်မွတ်ရှားပါးအင်အားနည်းလျော့လှချေ၍ သတ္တရာဇ်တထောင့်တရာ့တဆဲ့သုံးခု၊ နှောင်းတန်းခူးလဆန်း ခြောက်ရက်နေ့၊အဝပြင်မြို့ပျက်သည်။ လဆန်းခုနစ်ရက်နေ့ ကြာသပတေး ကြယ်လတွင်ချင်းသည်၊ လဆန်းရှစ်ရက်နေ့ အတွင်းမြို့ပျက်သည်။

ယင်းသို့ ရတနာပူရ အဝပြည်ကြီး ပျက်စီးတိမ်းယိမ်းလေလျှင် ဥပရာဇာ, ဗညားဒလ,ဒလပန်းတို့ ရွှေနန်းတော်တွင် နန်းစဉ်နန်းဆက်ရှိသော ရွှေငွေကျောက်သံပတ္တမြား၊ ဆင်, မြင်း, လက်နက်ကိရိယာ, ဖောင်ပန်း, လှော်ကား,ရဲလှေ,သမ္ဗန်စသော ပြည်ကြီးကိရိယာ ဘဏ္ဍာတော်များကို သိမ်းရုံး၍ အဝရွှေနန်းရှင် မင်းတရားကြီး ကိုယ်တော်နှင့်တကွ၊ မင်းမိဖုရား၊ မင်းသားမင်းသမီး၊ မင်းဆွေစိုးမျိုး၊ မှူးတော်မတ်တော် ပြည်သူလူရဟန်း၊ စာပေဝိဋကတ်အတတ်သည် ပညာသည်တို့ကို စစ်ကြောသိမ်းယူ၍ ဖောင်လှေနှင့် ဟံသာဝတီသို့ချည်း ပို့ရလေ၏။ ရွှေနန်းတော်မှစ၍ မိုးထိကျောင်း,မှန်စီကျောင်းစသော ကျောင်းကန်၊ ကျီတော်အိမ်ရာများကို အကုန်အစင် မီးတိုက်လေ၍ ရဟန်းရှင်လူ ပြည်သူအပေါင်းတို့သည် ကိုးကွယ်ရာမရှိ၊ ကြီးစွာသောဆင်းရဲသို့ရောက်ကြလေသည်။

ရတနာပူရ အဝပြည်ကြီး၌ ညောင်းရမ်းမင်းတရားကြီးမှ ဆယ်ဆက်မြောက်ဖြစ်သော မဟာဓမ္မရာဇာဓိပတိတံဆိပ်နာမံတော်ရှိသော ဟံသာဝတီရောက် မင်းတရားသည် ဘေးလောင်းတော် ဘိုးလောင်းတော်တို့၏ အရိုက်အရာဖြစ်သော တိုင်းကြီးပြည်ကြီးအရှင် ဖြစ်တော်မူလျက် "ဥဋ္ဌာနဝတောသတိမတော" စသော တရားကို နှလုံးပိုက်တော်မမူ၊ ပြည်ထဲအံရေး၌ ကိုယ်တော်တိုင် စိစိစစ်စစ် မြစ်မြစ်ခြေခြေ ဝေဘန်ခွဲခြမ်းတော်

မှုလေ့မရှိ အပျော်အရွှင်သဘင်မှုနှင့်သာ အလျော့အမေ့ နေလေ့ရှိတော်မူသည်၊ မှူးကြီး မတ်ကြီး အနီးအဝေး အရေးပေးတော်မူသည်မှာလည်း အရည်အချင်း အရင်းအမြစ် စိစစ်တော်မူလေ့မရှိ၊ အမှုထမ်း အရာထမ်း လက်ရုံးနှလုံးအရည်အချင်းရှိပေသသူတို့ကိုလည်း အရည်အလျောက် ချီးမြှောက်တော် မမူပါသောကြောင့် မှူးကောင်း မတ်ကောင်းတို့ တိမ်မြုပ်ပျောက်ကွယ်လေ၍ ပြည်ထဲအရေး ထွက်ပေါ်သောအခါ မြော်မြော်မြင်မြင် စီရင်လျှောက်ထားနိုင်မည့်သူ မှူးကောင်း မတ်ကောင်း မပေါ်မထွက်၊ အမှုတော်ကို စွန့်စွန့်စားစား ကြိုးကြိုးပမ်းပမ်း ထမ်းရွက်နိုင်မည့်သူ ဗိုလ်မှူးတပ်မှူး သူရဲ သူခက်ကောင်း မရှိလေသောကြောင့် နေရောင်ဖြင့် နှိပ်စက်အပ်သော ကာဠုပက္ခလဆုတ်အခါကဲ့သို့ ဘုန်းလက်ရုံးအဝှန်အဝါ အာဏာသတင်း ဆုတ်ယုတ်လေ၍ မင်းနှင့်တကွ ပြည်ကြီးအလုံး ရန်သူ့လက်တွင် ပျက်စီးတော် မူရချေသည်၊ အစဉ်နိုင်ငံတော်ဖြစ်သော ထိုထိုသောတိုင်းကြီး ပြည်ကြီး ယီးဆောင်းစော်ဘွား မြို့စားအပေါင်းတို့လည်း တနေ့တပါး တလတခြား ဖောက်ပြားယွင်းယို၍ ကိုယ်စီ ကိုယ်မြို့နှင့်သာ အခိုင်နေကြရချေသည်။

## အလောင်းမင်းတရားကြီး မင်းအဖြစ်ကို ယူတော်မူခြင်း

ယင်းသောအခါ ကမ္ဘာဦးသူ လူအပေါင်းတို့သည် ကမ္မဇိဒ္ဓိမိမိကိုယ်ရောင်ကွယ်ခဲ့လတ်သော် လောကဓာတ်အလုံး အမိုက်အတိသာ ဖြစ်လေ၍ အလင်းပည်းဟူသော ကိုးကွယ်ရာကိုမရပါသောကြောင့် အလွန်လျှင်စိုးရိမ်မြည်တမ်းခြင်း ဆင်းရဲရောက်၍တောင့်တလတ်သောအခါ မြင်းမိုရ်၊ စကြဝဠာ၊ သမုဒ္ဒရာ၊ သီဒါ၊ သတ္တရဘန်၊ ကျွန်းကြီးလေးကျွန်း ကျွန်းငယ်နှစ်ထောင်နှင့်တကွ၊ မရှေးမနှောင်း တပေါင်းလပြည့်နေ့ အရှေ့လောကဓာတ်မှ ရောင်ခြည်တထောင်ဆောင်လျက် နေဇက်ရဲရဲ ထွက်ဆဲဆဲသောအခါကဲ့သို့ ပြည်သူသတ္တဝါအပေါင်းတို့ ကိုးကွယ်ရာ ဖြစ်တော်မူသော အလောင်းမင်းတရားကြီး ဘုရားသည် ဖြစ်ဆက်များစွာ သံသရာမှ မြေမြုလုံးမျှကျုံး၍ချသို၊ ဒါနစသော ဖြည့်ဆည်းတော်မူဘူးသော ပါရမီတော်ဘုန်းတော်အဟုန်ဖြင့် ပွင့်နီးချိန်ထောက်ရောက်တော်မူသည်နှင့်အသင့်ကြို၍ မုဆိုးဖိုပတ်လည် မြို့စားရွာနေ ဆွေတော်မျိုးတော်စသော လေးဆဲ့ခြောက်ခေါင်း လူအပေါင်းတို့သည် "အလောင်းမင်းကြီး–အခါတန်ပြီ

မင်းအဖြစ်ကိုယူ၍ သတ္တဝါအပေါင်းတို့ကိုကယ်ဆယ်တော်မူပါ"ဟုမဟာသမ္မတ မင်းကိုကဲ့သို့ ချီးပင့် လျှောက်ထား ကြသည်တွင် အလောင်းမင်းတရားကြီး ဘုရားလည်း ဘုရားအလောင်း မင်းကောင်း မင်းမြတ်တကာတို့မစွန့်မြဲသော အဇ္ဈာသယ သမ္ဘာဆန္ဒတော် နှိုးဆော်တိုက်တွန်းအပ်သည်ဖြစ်၍ ငါသို့သော မင်းမြေး မင်းမြစ်ရှိသည်ဖြစ်လျက် ဘေးလောင်းတော်တို့၏ အရိုက်အရာသာသနာတော်၏အခြေအမြစ်ဖြစ်သောတိုင်းကားရှင်လူ ပြည်သူသတ္တဝါအပေါင်းတို့ဆင်းရဲဖြင့် မနစ်မွန်းကောင်းပလေ၊ ငါလည်း သမ္ဘာသမ္ဘောဓိ သဗ္ဗညုတ ဆုကို ပန်ယူတော်မူသည်နှင့်အညီ လူအပေါင်းတို့၏အကျိုးစီးပွားကို ဆောင်ရွက်ခြင်းတည်းဟူသောလောကတ္တစရိယာ၊ ဆွေတော်မျိုးတော်တို့၏ အကျိုးစီးပွားကိုဆောင်ရွက်ခြင်းတည်းဟူသော-ဉာတတ္တစရိယာ၊ကိုယ်တော်၏အကျိုးစီးပွားကိုဆောင်ရွက်ခြင်းတည်းဟူသော-ဗုဒ္ဓတ္တစရိယာ၊ ဤမျှသော စရိယသုံးပါးကို ဖြည့်ကျင့်တော်မူရအံ့သောအခါတန်ပြီ၊ ငါသည်သာလျှင် သတ္တဝါအပေါင်းတို့ ကိုးကွယ်ရာဖြစ်စေအံ့ဟု လူသာမန်တို့ ခံဝံ့ခဲသောဝန်ကို ခံယူတော်မူ၍ ဤသို့လည်း အမိန့်တော်ရှိတော်မူသည်။

ရှေးအထက် ငါပျို့ရွယ်တော် မူစဉ် မင်း ကေရာဇ် ဖြစ်အံ့သော ကြီးကျယ်သော အိပ်မက်တော်ကို မြင်မက်တော် မူဘူးသည်နှင့် အညီ လက်ရုံးတော်လည်းတောက်သည်၊ အဝရွှေနန်းရှင်လည်း အဝမပျက်မီ၊ မြောက်အရပ်က၊ အရှေ့လောကဓာတ်မှသည် အနောက် လောကဓာတ်တိုင်အောင် နက္ခတ်တာရာ ကြယ်အပေါင်း ခြံရံလျက် နေဗိမာန်သည် အစဉ် အတိုင်း အဆက်မပြတ် ပေါ်ထွန်းသည်ဟု မြင်မက် သည်ကို စစ်ကိုင်း သရက္ခန်ကျောင်းတွင် သီတင်း သုံးနေသော မထေရ်သူမြတ်ကြားလေလျှင် နေမင်းမျိုး နေမင်းနွယ် ဖြစ်သော မင်းလောင်း မင်းလျာ မြောက်အရပ်က ပေါ်ထွန်း၍ သားတော်အစဉ် မြေးတော်အဆက် မြစ်တော် အညွန့်တိုင်အောင် ပြည်ထောင်မင်းရိုး စိုက်လတ်မည်-ဟု ဆိုဘူးကြောင်းကို ကြားတော်မူရသည်၊ အဝလောကသရာဇူ ဘုရားရှင်မြောက်ရွှေဂူဖြူကျောင်းတွင် သီတင်းသုံးနေသော မထေရ်သူမြတ်နှင့် တောင်ပလူ-ပရက္ကမတိုက် ရွှေကျောင်းတွင်သီတင်းသုံးနေသော မထေရ်သူမြတ်နှစ်ဦးတို့လည်း အိပ်မက်တော်၏ အကြောင်းကို ကြားစကာလကပင်သိုက်၊ ဓာတ်၊ နိမိတ်၊ စနည်း၊ တဘောင်၊ ဗေဒင်၊ ကိန်းခန်းများစွာကိုတွက်ချက် ဆင်ခြင်လျှင် ရှေ့သို့ ပြည်ထဲအရေး နှောင့်ရှက်မည်၊ ယင်း

၁၁၁၈၉
သာသနာရေးဦးစီးဌာန
စာကြည့်တိုက်

သောအခါ မြောက်ဘက်အရပ်ကို ခိုမှီကြသည်ဖြစ်မှ ချမ်းသာရာရမည်ဟု အကျွမ်းဝင်သော တကာအရင်းအချာတို့ကို ပြောဆိုဘူးသည်ဟူ၍လည်း ငါကြားတော်မူရသည်၊ တကြောင်းလည်း ယမန်တွင် စစ်ကိုင်းအရပ်သို့ ငါသွားတော်မူရာ အနန္တရာမမည်သော ပုဏ္ဏားသူအို တယောက်သည် မြောက်အရပ်က မင်းလောင်းပေါ်မည်ဟု ကျော်စောသည်ကား အခြား မဟုတ်ဟု ဟောဘူးလေသည်။ ထိုအကြောင်းများကို ထောက်လျှင် ငါ လည်း ထီးရိုးနန်းရိုး စိုးမိုးဆက်ခံထိုက်သော မင်းမျိုးမင်းနွယ်ပင် ဖြစ် တော်မူသည်ဟု အမိန့်တော်ရှိပြီးလျှင် ထိုနေ့မှစ၍ သားတော်ညီတော် ဆွေတော်မျိုးတော် ကျေးရွာသူကြီး ခေါင်းအကြီးတို့နှင့် လုပ်ရေးကိုင်ရေး ကို မပြတ်ပြောဆို တိုင်ပင် စီရင် စည်းကြပ်တော်မူသည်။ မြို့၏အလယ်၌ ကြီးကျယ်သာယာလှစွာသော သက်ကယ်နန်းအဆောင်ဆောင် ဆောက် လုပ်တော်မူ၍ ဗိုလ်ဝင်ခံတော်မူသည်။

## တလိုင်းသံတို့ကို သတ်ဖြတ်ခြင်း

ယင်းသောအခါ ဥပရာဇာစသော တလိုင်းဗိုလ်မှူးတပ်မှူးအပေါင်းတို့ လည်း အဝမြို့ကိုရလျှင် တောင်ဘက် မြောက်ဘက် မြို့ကျေးရွာများကို အသီးအသီးခန့်ထား၍ သစ္စာပေးစေပြီးလျှင် အဝမြို့တွင်းမှာ ဒေါ်တော်စု ကိုအစောင့်အနေခန့်ထားခဲ့၍ ဥပရာဇာတို့လည်း ခရမ်းပေါက်သို့ဆုတ်၍ နေလေသည်။ ။ထိုအခါ သက္ကရာဇ် တထောင့်တရာ့တဆဲ့လေးခု၊ကဆုန် လဆန်းရှစ်ရက်၊ ကြာသပတေးနေ့၊ မုဆိုးဖိုမြို့သို့ ဥပရာဇာက လူသုံးဆယ် ကျော် သစ္စာပေးရောက်လာသည်၊ ထိုနေ့ မတ္တရာအုတ်ဖိုအရပ်တွင် အဝ မပျက်မီကပင် ခြားနားထောင်ထား၍ မင်းပြုလေသော ကွေ့ဂုဏ္ဏအိမ်က လည်း သစ္စာပေးစေလွှတ်၍ မုဆိုးဖိုမြို့သို့ လူနှစ်ဆယ်ကျော် ရောက်လာ သည်။ ယင်းသို့ သံနှစ်ဦးတို့ တနေ့တည်း ပြိုင်၍ ရောက်လာသည်ကို အလောင်းမင်းတရားကြီးသည် ရာဇမာယာ၌ လိမ္မာတော် မူသည်ဖြစ်၍ ရောက်လာသော သံနှစ်ဦးတို့ကို တဲကန္နားနှင့် တွက်နပ်ကျွေးမွေးမျှံပျူးစေ ၍ အခြားစီ အကြည့်အရှုအစောင့်အနေနှင့်ထားတော်မူသည်။

ထိုအခါ အလောင်းမင်းတရားကြီးဘုရား မယ်တော် ခမည်းတော်တို့ က ယခုကိန်းခန်းအလျောက် ရတနာပူရအဝပြည်ကြီးပင် သူ့လက်သို့ ရောက်၍ အကြေအညာ နိုင်ငံအလုံး တလိုင်းမင်းသစ္စာကို ခံကြရကုန် သည်၊ တလိုင်းတို့မှာလည်း အဝမြို့ကို အောင်မြင်လျှင် မရေမတွက်နိုင်

သော လက်နက်ကိရိယာ ဆင်ကောင်း မြင်းကောင်းများကိုရ၍ သူရဲသူခက် ဗိုလ်ပါအင်အား များလှချေသည်။ မောင်တို့ သားသမီးတစုနှင့် တကွ မိဘတို့တွင်ရှိသော ဥစ္စာရွှေငွေကို တဝက်ခွဲ၍ ပေးကမ်းပြီးလျှင် တလိုင်းမင်းသစ္စာကို ခံပါတော့ဟူ၍ သားတော် အလောင်းမင်းတရားကြီးဘုရားကို တိုင်ပင် တောင်းပန်တော်မူကြသည့်တွင် အလောင်းမင်းတရားကြီးဘုရားလည်း မယ်တော် ခမည်းတော်တို့ကို ရှိခိုးပြီးလျှင် လက်ယာလက်ရုံးဆန့်ကြိုးတော်မူ၍ မည်သည်ကိုမျှ ကြောင့်ကြစိုးရိမ်တော် မမူပါနှင့်၊ ယောကျ်ားတို့မည်သည် လုံ့လဝီရိယ အကြံအစည်ကို လျှော့မြဲမဟုတ်၊ ကျွန်ုပ်လည်း မင်းမျိုးမင်းရိုးမှန်သည်နှင့်အညီ ရဟန်းရှင်လူ ပြည်သူတကာ၊ သာသနာတော်မြတ်စီးပွား၊ ဆွေတော်မျိုးတော်တို့စီးပွားကို ရွက်ဆောင်၍ မင်းဧကရာဇ်၏ အဖြစ်ဖြင့် မယ်တော် ခမည်းတော်တို့ ကျေးဇူးတော်ကို ဆပ်ပါမည်၊ မင်းဧကရာဇ်ဖြစ်ထိုက်သော ဘုန်းပညာလက္ခဏာ ဇာတာစဉ်းလက် အိပ်မက် စသော သိုက်,ဓာတ်, နိမိတ်, တိတ်, တဘောင်, အကျော်အစော, ကောလာဟလ ပြသည်နှင့်အညီ ကာလသမ္ပတ္တိ, ဂတိသမ္ပတ္တိ, ပယောဂသမ္ပတ္တိ, ဥပဓိသမ္ပတ္တိ ဟူသော သမ္ပတ္တိလေးပါး ထင်ရှားကြိုက်ကြုံ၍ ရှိလေပြီးသည်ကို နိုင်ငံအလုံးပင် တလိုင်းမင်းသစ္စာကိုခံသည်တမှုံ။ ကျွန်ုပ်ခန့်ညားတွက်မရှိ၊ တလိုင်းတို့က အလုံးအရင်း ဗိုလ်ပါအင်အားများလှသည်ဆိုသည်မှာလည်း ကာသိတိုင်း ကောသလတိုင်း တိုင်းနှစ်တိုင်းတို့၏အကြား တိုင်းကျဉ်တခု၌မင်းပြုသော အရှင်ပဓ္ဓေကဗုဒ္ဓါအလောင်းသည် မိမိသူရဲတထောင်မျှဖြင့် တဆဲ့ရှစ်ခေါ ဘဏီ ဗိုလ်ခြေအင်အားများသော ကာသိကရာဇ် မင်းနှင့်တကွ ဇမ္ဗူဒိပ် ကျွန်းအလုံး၌ရှိသော မင်းအပေါင်းတို့ကို အောင်မြင်၍ ဧကရာဇ်မင်း အဖြစ်ကို ရဘူးလေသည်၊ စစ်တို့၏သဘောသည် ဗိုလ်ခြေအင်အား များသည် နည်းသည်မှာ အကြောင်းမဟုတ်၊ လက်ရုံးနှလုံးလုပ်ရည်ကြံရည်မှာ သာအကြောင်းဖြစ်သည်၊ ကျွန်ုပ်မယ်တော်ခမည်းတော်တို့ကို မင်းဧကရာဇ်တို့ လုပ်ကျွေးသဂြိုဟ်ခြင်းဖြင့် လုပ်ကျွေး သဂြိုဟ်ပါမည်၊ မင်းဧကရာဇ် မယ်တော်ခမည်းတော်ခံကြရမည်-ဟု အမိန့်တော်ရှိသည်ကို မယ်တော် ခမည်းတော်တို့ကြားလျှင် ခမည်းတော်ကငါ့သားသည်ယောကျ်ားလည်း ဝီလှသည်၊ လက်ရုံး တော်လည်း တောက်ဘူးသည်၊ ဇာတာစဉ်းလက် အိပ်မက်တော်များတွင်လည်း မင်းဖြစ်အံ့သောနိမိတ်ထင်ရှားလှပေသည်၊ ငါလည်း ငါ့သားခြသေ့်စီး၍ကောင်းကင်တိမ်ယံသို့ တက်သည်ကို ပြည်

သူအပေါင်းတို့ ကြည့်ကြစဉ် ကောင်းကင်မှသက်၍ ရွှေတန်ဆာဘုရား ရင်ပြင်တော်တွင် ဘုရားသခင်ကို ရှိခိုး ပူဇော်သည်ကို မြင်မက်တော်မူသည်၊ ကေန်မချွတ် မင်းအဖြစ်ဖြင့် သာသနာတော်ကို ချီးမြှင့်ရမည့်သူ ဖြစ်ပေသည်ဟု ချီးမွမ်းတော်မူပြီးလျှင် ကောင်းချီးပေး၍ အိမ်တော်သို့ ပြန်ကြလေ၏။

ထိုအခါ အလောင်းမင်းတရားကြီး ဘုရားလည်း အမှုထမ်းတို့၏နှလုံး စိတ်ဝမ်းကို သိရစေဟု သားတော် ညီတော် ဆွေတော် မျိုးတော် ဗိုလ်မှူး တပ်မှူး အပေါင်းတို့ကို ခေါ်တော်မူ၍ အရောက်ညီလျှင် ယခုသံနှစ်ဦး သစ္စာပေးလာရောက်သည့်အရေးမှာ မည်သို့သင့်သည် အမိန့်တော်ရှိလျှင် သားတော် ညီတော် ဆွေတော် မျိုးတော် ဗိုလ်မှူးတပ်မှူးတစုတို့ လျှောက်သည်ကား-ယခု တလိုင်းတို့က ရတနာပူရ အဝမြို့အလုံးကိုရလေသည်မှာ လူရည်ကောင်း၍ ရလေသည်မဟုတ်၊ ဓမ္မတာအားဖြင့် ဘုရားပွင့်တော်မူမည်ကို ရှိတော်မူနှင့်သော အရှင်ပစ္စေကဗုဒ္ဓါတို့ပရိနိဗ္ဗာန် ယူတော်မူနှင့်ရသကဲ့သို့ ဘုရားဘုန်းတော်တန်းခိုးတော်ပေါ် ထွန်းရအံ့သောအခါတန်၍ အရေးတော်ဖြစ်နှင့်ရသည်သာဖြစ်ပါသည်၊ တကြောင်းလည်း အဝရွှေ နန်းရှင်ကံကုသိုလ်တော်စဲချိန်ရောက်၍ ပြည်ရွာမငြိမ်မသာရှိသည့်အတွင်း ကိန်းခန်းအလျောက် မြန်မာတို့ ညီညီ ညာညာ ကြိုးကြိုး ပမ်းပမ်း မထမ်း မရွက်လေသောကြောင့်သာ အဝပြည်ကြီးကိုလျက် အလွယ်တကူ ရလေလျှင် သည်ကဲ့သို့သာထင်မှတ်၍ လုပ်ရေးကြံရေး၌ လေးစားမမှုပေါ့လျော့ လေရာသည်၊ တလိုင်းတို့ပင် ချီလာသော်လည်း ခံနိုင်အောင်ခံမည် သို့ရာတွင် ကျွန်တော်တို့မှာ သူနှင့်အင်အား မတန်လေသေး အဝပျက်တွင် နောင်ပော်စည်သာမင်းကြီးလည်း ကွေ့တို့အရပ်သို့ ရောက်လေ၍ သူ့လက်တွင် ရှိချေသေးသည်၊တလိုင်းတို့နေရပ်နှင့်ကွေ့တို့နေရပ်ကိုထောက်လျှင်လည်း တလိုင်းတို့နေရာ ဟံသာဝတီကား အလွန်ဝေးလေသည်၊ ကွေ့တို့နေရာ မတ္တရာအုတ်ဖိုကား တစခန်း နှစ်စခန်း မျှသာ နီးလှလေသည်ဖြစ်သောကြောင့် အခိုက်အတံ့ကွေ့တို့သစ္စာကိုခံ၍ပေါင်းယှက်ခုံခံရလျှင် တလိုင်းတို့ လှုပ်ရှားနိုင်မည်လော၊ ယင်းသို့မလှုပ်ရှားနိုင်၍ တလိုင်းတို့ပြန်လေလျှင် မြောက်ဘက်တခွင် မြို့ကျေးရွာများကို သိမ်းရုံး၍ ကြံကြိုက်ရာရာ ကြံမည်ဟု လျှောက်ကြသောအရေးကို အလောင်းမင်းတရားကြီးဘုရား ကြားတော်မူလျှင် ကိုယ်တို့လျှောက်ကြသော အရေးလည်း သင့်သည်ပင်ဖြစ်တော့သည်၊ သို့ရာတွင် ကွေ့တို့ သစ္စာကို ခံပြီးမှ နောင်

ကြီးကြိုက်ရာရာ ကြီးမည် ဆိုသည့် အရေးမှာ တို့မင်းမျိုးတို့ကား သစ္စာမစောင့်သော အမျိုးဟု နောင်ကမ္ဘာပတ်လုံး ပြောထုံးမကျေ ဖြစ်လေရာသည်၊ တလိုင်းတို့ သစ္စာကိုလည်း ခံတွက်မရှိ ကွေ့တို့ သစ္စာကိုလည်း ခံတွက်မရှိ နှုတ်ရေးဖြင့် သင့်အောင်ပြောဆိုပြန်သွားစိမ့်မည် အမိန့်တော်ရှိပြီးလျှင် သံနှစ်ဦးတို့ကို အစုံအညီ ရှေ့တော်သို့ဝင်စေ၍ အရောက်ညီလျှင် အမိန့်တော် ရှိသည်ကား။ ။ယခုမင်းမတ်တို့ နှစ်ဦး သစ္စာပေးလာရောက်ကြသည့် အရေးမှာ နှစ်ဦးကပင် စေလာကြသည်ချည်းဖြစ်တော့သည်၊ သို့ရာတွင် တဦးကို တဦး ပျပ်ဝပ်မည့်အရေးအရာကို မထင်မမြင်နိုင်အောင် ရှိလေသည်၊ ရှေ့သို့ တဦးဦးက ပျပ်ဝပ်ရသည့် ကာလ ငါတို့မှာ အထွေအရာမရှိပြီဟု အမိန့်တော်ရှိပြီးလျှင် သံနှစ်ဦးတို့ကို အထိုက်အလျောက် ဆုလာဘ်ပေးတော်မူ၍ ပြန်စေရ၏။ ။ယင်းသော အခါ ကွေ့ဂုဏ္ဏအိန်က စေပါသောသံတို့ကိုမူကား နောင်တော်စည်သာ မင်းကြီးကွေ့ထဲမှာရှိလေသေးသည်ကိုထောက်၍ အသာအယာ အကျွေး အမွေးနှင့်ကျောက်မြောင်းဆိပ်ရောက်ပို့လိုက်စေ၏၊တလိုင်းသံတို့ကိုမူကား ဟန်လင်းမြို့တောင်တောကဆီးကြို၍ သတ်လေသည်၊ အများပင်သေလေ၏။ ။အချို့ ထွက်လွတ် သူတို့ အဝသို့ရောက်၍ အကြောင်းမျိုးကို ဥပရာဇာကြားလေလျှင် ရတနာပူရ အဝပြည်ကြီးစင်လျက် ငါတို့လက်တွင် မခံနိုင်လေသည်ကို မူဆိုးပို့မျှ ထန်းလုံးတပ်ငယ်တခုကိုကိုး၍ ထောင်ထား လေသော်လည်း ငါတို့လက်က လွတ်နိုင်မည်လော၊ ငါးတို့အရှင်သစ္စာ တော်ကိုခံလျှင်ခံစေ မခံလျှင်ပုခက်တွင်းမကျန်ကုန်စင်အောင် သတ်လေဟု လက်နက်ကိုင် လူသုံးထောင်ခန့်၍ ထိုနှစ် ကဆုန်လဆန်း တဆဲ့နှစ်ရက် နေ့ မူဆိုးပို့သို့သစ္စာပေးလာပြန်ရ၏။ ။ထိုအကြောင်းကို အလောင်းမင်း တရားကြီး ကြားတော်မူလျှင် သံတဲ ကောင်းမွန် ကြီးကျယ်စွာ ဆောက် စေ၍ မြို့ရှေ့လမ်းချောင်းနားနှစ်ဘက် လက်ဝဲ လက်ယာ တောစပ်တွင် မြင်းနှစ်ရာ၊သေနတ်ငါးရာ ပုန်းကွက်၍ အသင့်နေစေသည်။ တင်ကျည်းစွဲ လူရဲ ငါးရာ တို့ကိုလည်း တပ်တွင်းက စည်းကြပ်၍ အသင့်နေ စေ သည်။ ။ယင်းသို့ စီရင် ခန့်ရန်တော်မူပြီးလျှင် ဒေဝသီဟ တုရင် နှင့် လူတဆယ်တို့ကို ခရီးဦးကြိုဆိုစေသည်၊ ဒေဝသီဟ တုရင်တို့လည်း အဝက ချီလာသော တလိုင်းတပ်နှင့် တွေ့လျှင် ယုံကြည်စလောက် နိမ့်နိမ့်ကျကျပြောဆိုသွေးငင်ခဲ့၍ ပုန်းကွယ်မြုပ်ထားရာချောင်းနားတော စပ်သို့ရောက်လျှင် ပုန်းကွယ်ရှိနှင့်သော မြင်းသည်တော်တို့နှင့် သူရဲတော်

တို့အရိပ်အရောင်ကို တလိုင်းတို့မြင်လျှင် တလိုင်းတို့က ဒေဝသီဟတုရင်ကို ရုတ်ခြည်းလိုက်၍ လှံနှင့်တုပ်လေသည်။ ဒေဝသီဟတုရင် ဆုံးချေ၏။ ယင်းသို့စင်တွင် သေနတ်သူရဲငါးရာတို့ လက်ဝဲလက်ယာ နှစ်ဘက်ညှပ်၍ ပစ်ခတ်ကြသည်။ မြင်းသည်တော်တို့လည်း လူပုံကို အပြင်းလွှတ်၍ လက်ဝဲလက်ယာ လှည့်ကာပတ်ကာထိုးကြသည်။ ထိုအခါ တပ်တွင်းက တင်ကျည်းစွဲသူရဲငါးရာတို့ထွက်၍ အဆုတ်အဆိုင်းမရှိ ရှပ်ရှပ်ခွဲခွဲပြေးဝင်ရိုက်နှက်ကြသည်တွင် တလိုင်းတို့ မခံနိုင်၍ အဆီးအတားမရှိ ပရမ်းပတာပျက်သလေ၏။ သုံ့လူအများ ရတော်မူလိုက်၏။ သေလေသည်လည်း များ၏။ အနိုင်လွတ်သူ လူငါးယောက်တို့အဝသို့ရောက်၍ အကြောင်းမျိုးကို ဥပရာဇာကြားပြန်လေသော် မင်းနှင့်တကွ အဝပြည်ကြီးစင်လျက် ငါတို့လက်တွင် မခံနိုင်သည်ကို မှူးဆိုးပိုငယ်မျှ ထောင်ထားလေသော်လည်း အရေးပြုလောက်သည် မဟုတ်ပြီ၊ တည့်တော, ဟသ်ာ, ကျောက်ကာ, သာစည်, ဗဒုံ,အမြင့်,ငါးစို,ဇင်ရွာ,ခင်ဦးစသောမြို့ရွာများလည်း သစ္စာခံသောက်၍ တပ်နှင့်အသီးအသီးငါတို့လူချည်းဖြစ်လေပြီးသည်ကိုအပန်းတကြီး လုပ်ကြံရတော့မည်မဟုတ်၊ မြောက်ဘက်တွင် ရှိနှင့်သည့် ဗညားလကွန်းအိန်၊ ဗညားအေဥ်၊ ဗညားပရံ၊ ဗညားအိန္ဒဗလကျော်သူ၊ ဗျတ္တပတို့တပ်ပေါင်း ငါးတပ်နှင့် သမိန်ဇိပ်ဖြူ၊ ပိုက်သီဟ၊ အဲနရဲ၊ အဲကန်ကောင်းတို့ လေးတပ်ကိုပေါင်း၍ တတပ်လျှင် မြင်းသုံးရာ၊လူငါးထောင်၊ ဗိုလ်မှူးဒလပန်းမှာ မြင်းသုံးရာ၊ လူတသောင်းနှင့် အဝက ရပ်နေချုပ်အုပ်၍ အစုစုမြင်းသုံးထောင်၊ စစ်သည်သူရဲငါးသောင်းငါးထောင်နှင့် မှူးဆိုးပိုကိုသာမဟူ၊ ရန်စရန်ငုတ် အစထော်လော် ပေါ်ထွက်လေသမျှကို ကုန်စင်အောင် သုတ်သင် ရှင်းလင်းရစ်ရမည်၊ ဟံသာဝတီတွင်လည်း ယေးဒဂယ်၊ ဗြိတ်၊ တနင်းသာရီသားတို့ မကျိုးမနွံလေသေး၊ ယိုဒယားမင်းကို ချီပင့်၍ လာချေသော် ဗိုလ်မှူး တပ်မှူးအပေါင်း သူရဲကောင်း ဟူသမျှလည်း အညာသို့သာပါလေသောကြောင့် အရေးလစ်လပ်ချိမ့်မည်။ယင်းသို့ဖြစ်၍ သမက်တော်စောဗြ၊ ဗညားဒလ၊ ဗညားကျေဥ်၊ ဒေါ်ဇွယ်ယစက်၊ ဒေါ်တော်စု၊ ဥပါကောင်းတို့နှင့် ငါတို့တပ်ပေါင်း သုံးဆယ်သားတို့မှာ စုန်သွားနှင့်တော့မည်ဆို၍ ဒလပန်းကို အဝတွင် အစောင့်အနေခန့်ထားခဲ့ပြီးလျှင် ခရမ်းပေါက်တပ်က ဥပရာဇာနှင့် တပ်ပေါင်းသုံးဆယ်သားတို့ ဟံသာဝတီသို့ စုန်သွားလေ၏။

စစ်သူကြီးဒလပန်းလည်း မူဆိုးပိုအရေးကိုထောက်၍ မြောက်ဘက်တလွှားမြို့ရွာများမှာ ရှမ်းမြန်မာတို့ကို သိမ်းရုံးရှိနှင့်သည်၊ ဗညားလကွန်းအိမ်ကို မြင်းသုံးရာ၊ လူငါးထောင်နှင့် တည်တောဟသ်ာကရပ်စေသည်၊ ဗညားအေဉ်ကိုလည်း မြင်းသုံးရာ လူငါးထောင်နှင့် ကျောက်ကာက ရပ်စေသည်၊ဗညားပရံကိုလည်းမြင်းသုံးရာ လူငါးထောင်နှင့် အမြင့်မြို့ကရပ်စေသည်၊ ဗညားအိန္ဒဗလကျော်သူကိုလည်း မြင်းသုံးရာ လူငါးထောင်နှင့် ငါးစို့ ဇင်လေးရွာက ရပ်စေသည်။ ခင်ဦးစားလက်ယာပျံချီ၊ ဗျူဟာတို့ကိုလည်း မြင်းသုံးရာလူငါးထောင်နှင့် ခင်ဦးကရပ်စေသည်။ယင်းသို့မှ သမိန်ဇိပ်ခြဲ၊ပိုက်သီဟ၊အဲနရဲ၊အဲကန်ကောင်းတို့လေးတပ်ကိုလည်းတတပ်တတပ်လျှင် မြင်းသုံးရာ လူငါးထောင်စီခန့်ရန် စည်းကြပ်ပြီးလျှင် သည့်ခါသော် မူဆိုးပိုမြို့ ငါတို့လက်တွင် ခံနိုင်မည်လောဟု ကြုံးဝါး၍ သမိန်ဇိပ်ခြဲ၊ ပိုက်သီဟ၊ အဲနရဲ၊ အဲကန်ကောင်းတို့နှင့် တပ်ပေါင်းကိုးတပ်တွင် မြင်းသုံးထောင်၊ စစ်သည်သူရဲ လေးသောင်းငါးထောင်နှင့် သတ္တရာဇ် တထောင့်တရာ့တဆဲ့လေးခု၊ ကဆုန်လပြည့်ကျော် တရက်နေ့ အဝမြို့က မြောက်ဘက်စစ်ကိုင်းသို့ကူး၍ ချီစေ၏။

## မြင်းရည်တက် ၆၈-ဖွဲ့ခြင်းနှင့် ဘွဲ့ဦးပေးခြင်း အလောင်းမင်းတရားကြီးဟု ခေါ်တွင်ပြီး တံဆိပ်နာမံတော် ရှိပြီဟု မိန့်တော်မူခြင်း

ထိုနေ့ မူဆိုးပိုမြို့မှာလည်း အလောင်းမင်းတရားကြီးဘုရားသည် ဆွေတော် မျိုးတော် မူးတော်မတ်တော် အမှုထမ်းတို့တွင် အရည်ရှိသူကိုရွေးချယ်တော်မူ၍ တောင်ငူရွှေနန်းရှင်မင်းတရားရွှေထီး လက်ထက် မြင်းရည်တက်နှစ်ကျိပ်ရှစ်ယောက်ရွေးကောက်စည်းဖွဲ့တော်မူသကဲ့သို့ ကျွန်တော်မျိုးတို့တွင် အရည်တူလူခြောက်ကျိပ်ရှစ်ယောက်တို့ကို မြင်းရည်တက် ဖွဲ့တော်မူသည်။ ။မြင်းရည်တက် ခြောက်ကျိပ်ရှစ်ဖွဲ့သူတို့ အမည်ကား....
၁-ငစည်းစိမ်၊ ၂-ငညွှန့်၊ ၃-ငကောင်း၊ ၄-ငအိုး၊ ၅-ငနဲ၊ ၆-ငတွန်၊ ၇-ခင်ပါး၊ ၈-ကျော်မှတ်၊ ၉-ပန်းထွေး၊ ၁၀-ဝိန်ကျော်၊ ၁၁-ငအောင်၊ ၁၂-လွှမ်းသူ၊ ၁၃-ငမြ၊ ၁၄-ငပိုက်၊ ၁၅-တော်အိုင်၊ ၁၆-သာဝ၊ ၁၇-မှတ်ကျော်၊ ၁၈-ထွန်းရ၊ ၁၉-ငအက်၊ ၂၀-သာမြတ်၊ ၂၁-ငအောင်ငယ်၊ ၂၂-ငတော်၊ ၂၃-စံခဲ၊ ၂၄-စည်ပင်၊ ၂၅-စံမှတ်၊ ၂၆-ထွန်းမြ၊ ၂၇-ပေါ်ထင်၊ ၂၈-ပန်းညို၊ ၂၉-ရွှေရည်၊ ၃၀-ငဖျော်၊ ၃၁-သာထွန်း

အောင်၊ ၃၂-သော၊ ၃၃-သွင်၊ ၃၄-ဖြိုးသာ၊ ၃၅-ကျော်ထင်၊ ၃၆-ရွှေရည်၊ ၃၇-မြတ်သူ၊ ၃၈-တုတ်ဖြိုး၊ ၃၉-ကျော်စံ၊ ၄၀-ထွေး၊ ၄၁-စိန်ပုံ၊ ၄၂-မြတ်လာ၊ ၄၃-ထွေးညို၊ ၄၄-ရွှေခဲ၊ ၄၅-မြတ်ထွန်း၊ ၄၆-ချစ်ဖြိုး၊ ၄၇-နှောင်း၊ ၄၈-သာထင်၊ ၄၉-ထွန်းကျော်၊ ၅၀-စံရာ၊ ၅၁-သော်၊ ၅၂-သာဦး၊ ၅၃-ရော၊ ၅၄-တွယ်၊ ၅၅-ညိုသူ၊ ၅၆-သုတောင်း၊ ၅၇-လွှမ်းကျော်၊ ၅၈-တုတ်၊ ၅၉-လွင်၊ ၆၀-ခက်၊ ၆၁-စံမှတ်၊ ၆၂-အောင်၊ ၆၃-ဆွေနည်၊ ၆၄-ပန်း၊ ၆၅-ရွှေထင်၊ ၆၆-ချင်းတီး၊ ၆၇-ညိုမင်း၊ ၆၈-ပွင့်တို့ အရည်တူလူပေါင်း ခြောက်ကျိပ်ရှစ်တို့ကို မြင်းရည်တက်ဖွဲ့တော်မူသည်။

ထိုအခါ ဘွဲ့ဦးပေးတော်မူသည့် လူခုနစ်ယောက်ကား....

၁ ဘထွေးတော် မင်းကြီးညိုသူသား ဆွေနည်ကို မင်းရဲသခ်ယာ။

၂ အရီးတော်ခင်ပွန်း ပန်းကို နန္ဒယော်ခာ။

၃ ကျွန်တော်ရင်း ပွင့်ကို နေမျိုးရွှေတောင်။

၄ နောက် ဝန်ကြီးခန့်သူ ကျွန်တော်မျိုး ချင်းတီးကို မင်းလှကျော်ထင်။

၅ ရင်းညိုမင်းကို မင်းကျော်ရွှေတောင်။

၆ ရင်းရွှေထင်ကို နေမျိုးကျော်ထင်။

၇ နောက် သေနတ်ဝန်ခန့်သူ ကောင်းကို မင်းကျော်ပျံချီ။ ထိုသူတို့ အရည်တူ လူခုနစ်ယောက်ကို ဘွဲ့ဦးပေးတော်မူသည်။

မြင်းရည်တက် ခြောက်ကျိပ်ရှစ်ယောက်လူတို့ကို နောက်မှ ဘွဲ့အမည်များထူး သနားတော် မူသည်ကား....

၁ မရီးတော်ခင်ပွန်း စည်သာမင်းကြီးစည်းစိမ်ကို မင်းလှစည်သူ။

၂ ခယ်မတော် ခင်ပွန်း ညွန့်ကို မင်းလှကျော်သူ။ နောက် မင်းရဲမင်းကျော် (အဝပိုလ်မှူး)။

၃ ကောင်းကို မင်းကျော်ပျံချီ၊နောက် မင်းလှမင်းခေါင်၊ နောက် မင်းလှ မင်းခေါင်ကျော်၊ နောက် မဟာသေနာပတိ၊ နောက် အဂ္ဂမဟာသေနာပတိ၊ (သေနတ်ဝန်)။

၄ အရှင် မိဖုရားခေါင်ကြီးမောင်တော် အိုးကို မင်းရဲကျော်စွာ။

၅ ဘထွေးတော် မင်းကြီးညိုသူသား နဲကို မင်းရဲစည်သူ။

၆ ထွန်းကို သီရိရွှေတောင်၊ နောက် မင်းလှရွှေတောင်၊ နောက် မင်းလှမင်းခေါင်၊နောက် မင်းခေါင်နော်ရထာ၊(မှူးဆိုးချုံပိုလ်)။

၇ ခင်ပါးကို ရဲစက်ကျော်ခေါင်။
၈ ကျော်မှတ်ကို ရဲစက်တံခွန်။
၉ ပန်းထွေးကို ဗလကျော်ခေါင်။ နောက် မင်းရဲကျော်ထွတ်။
၁၀ ဝိန်ကျော်ကို မင်းလှကျော်ခေါင်။
၁၁ ငအောင်ကို သီရိကျော်ထင်။
၁၂ လွှမ်းသူကို မင်းကျော်ရဲထင်။
၁၃ ငမြကို နန္ဒကျော်၊ နောက် မင်းကျော်သိဒ္ဓိ၊ နောက် ဗလဇေယကျော်ထင်၊နောက် အဘယဂါမဏိသူရ၊နောက် သူရကျော်ထင်၊ နောက် ဂါမဏိသင်္ကြံ၊ နောက် နေမျိုးသီဟသိင်္ခသူ။ (ညောင်စာရေး မြို့စား)။
၁၄ ငတော်အိုင်ကို အိန္ဒဗညာ။
၁၅ ငထွန်းရကို မင်းလှကျော်စွာ။
၁၆ ငအက်ကို ရဲစက်ပျံချီ။
၁၇ သာမြတ်ကို သီရိပျံချီ၊ နောက် မင်းကျော်ပျံချီ။
၁၈ သာစည် ငအောင်ငယ်ကို ရဲထင်ပျံချီ။
၁၉ စံခဲကို အင်းယဉ်တုရင်။
၂၀ နောင်တော်မင်းကြီး အောင်ဖြိုးသား စံမှတ်ကို မင်းရဲသီရိ။
၂၁ ထွန်းမြကို ရန်နိုင်သီရိ။ နောက် လက်ဝဲကြိုသိုင်း၊ နောက် ဗန္ဓုသေနကျော်ထင်၊ နောက် မင်းကြီးပဇ္ဇောတ၊ နောက် ရာဇဥဿရော၊ နောက် ရာဇဥတ္တမကျော်ထင်၊ နောက် ရာဇဥတ္တမသင်္ကြံ၊ (တပ်ကောင်ဟန်ဝန်)။
၂၂ ပေါ်ထင်ကို ငွေတောင်ပေါ်၊ နောက် ရွှေတောင်ကျော်စွာ၊ နောက် ရွှေတောင် ကျော်စွာကျော်၊ နောက် သီရိဇေယသင်္ကြံ။
၂၃ ငပန်းညိုကို နရာသိင်္ခကျော်၊ နောက် ကျော်ထင်ရွှေတောင်၊ နောက် သီရိနန္ဒမိတ် ကျော်ထင်၊ နောက် ကျော်ထင်တရဖျား၊ နောက် မဟာတရဖျား၊ (မင်းတုန်းမြို့ဝန်။
၂၄ ရွှေရည်ကို ဗလဇေယကျော်၊ နောက် မင်းကျော်စည်သူ၊ နောက် နေမျိုးနော်ရထာ၊ နောက် မင်းကြီး မင်းခေါင်ကျော်၊ နောက် မဟာသီရိဇေယသူရ၊ နောက် ဥတ္တမဇေယသူရ၊ နောက် သတိုး မဟာသက်တော်ရှည်၊ (ကျောက်ဆည်ဝန်)။

၂၅ သာယွန်းအောင်ကို တုရင်ဗလ။

၂၆ ဘောကို ရွှေတောင်လှကျော်၊ နောက် ရွှေတောင်ထွတ်ကဲ၊ နောက် မင်းလှရာဇာ၊ နောက် မင်းကျော်ထင်၊ နောက် မဟာသီဟသူ၊ နောက် မဟာသီရိသီဟသူ၊ နောက် မဟာသီရိ သီဟသူမှ၊ (အသည်ဝန်ကြီး)။

၂၇ မရိုးမဟော်သား သွေင်ကို မင်းငယ်ကျော်၊ နောက် မင်းရဲနန္ဒသူ၊ နောက် သတိုးသီဟကျော်။

၂၈ ဖြိုးသာကို ဥဒိန်ရဲနိုင်၊ နောက် လက်ယာ ကြံသိုင်း၊ နောက် ယကျိုးကျော်စွာ၊နောက်မင်းကြီးမဟာဝိသာ၊ (ရွှေဝင်းတော်မှူး)။

၂၉ ကျော်ထင်ကို ရန်အောင်သေန။

၃၀ ရွှေရည်ကို နရာပုံချီကျော်၊ နောက် ရွှေတောင် ဇေယကျော်၊ နောက် ရွှေတောင်ဗညသူ၊ နောက် ဇေတုကာဘယ၊ နောက် ဇေယဥဒိန်ကျော်သူ၊ (ဗန်းမော်မြို့ဝန်)။

၃၁ မြပ်သူကို လက်ဝဲရွှေဟောင်၊ နောက် မင်းကျော်တန်ဆောင်။

၃၂ ကျော်စံကို နန္ဒကျော်ထင်၊ နောက် မင်းကျော်ဥဒိန်၊ နောက် မင်းကြီးကျော်ထင်၊ နောက် မင်းကြီး မင်းကျော်ခေါင်၊ နောက် မဟာသီရိဇေယကျော်သူ၊ နောက် မဟာရာဇသင်္ကြံ၊ နောက် မဟာသီရိဇေယသင်္ယာ၊(စစ်ကိုင်းမြို့ဝန်ဆင်နင်းမိုလ်)။

၃၃ ဝေထွေးကို နန္ဒသီဟ၊နောက် နန္ဒသီဟကျော်ထင်၊(မြောင်းဝန်)။

၃၄ ဘကြီးတော်မင်းကြီးညီထင် မြေးစိန်ငုံကို၊မင်းကျော်ထင်၊နောက် မင်းရဲကျော်၊ နောက် မင်းရဲကျော်ထင်၊ (မူးကပေါက်၊မြင်းမှူး)။

၃၅ မြက်သာကို ဇေယကျော်ထင်၊ နောက် ကော်တော်ရန္တမိတ်၊ နောက် နေမျိုးသင်္ယာ။

၃၆ ရွှေခဲကို စစ်ကောင်းသီရိ၊နောက် စစ်ကောင်းသီရိကျော်၊နောက် မင်းကြီးကျော်၊ နောက် ဥတ္တမသီရိသင်္ယာ၊ (သိန္နီမြို့ဝန်)။

၃၇ မြပ်ပွန်းကို မင်းကျော် ဗညား၊ နောက် မင်းကျော် အာကာ၊ နောက် မင်းခေါင်နော်ရထာ၊ နောက် မင်းကြီးစွာ စောထွေး၊ နောက် မဟာနန္ဒသင်္ကြံ၊ (လက်ယာဝင်းမှူး)။

၃၈ ချစ်ကြိုးကို ဗလရာဇာ၊ နောက် မင်းကြီး ရာဇာ၊ နောက် ဥတ္တမရာဇာ၊ (စစ်တောင်းမြို့ဝန်)။

၃၉ ငနှောင်းကို လက်ယာကျော်ထင်၊ နောက် မင်းလှနော်ရထာ၊ နောက် မင်းကြီး မင်းခေါင်၊ နောက် မဟာစည်သူ၊ နောက် မဟာသီဟသူ၊နောက် သတိုးသီရိမဟာဥဇနာ၊(မြို့လပ်ဝန်ကြီး)။

၄၀ ငသာထင်ကို နန္ဒကျော်။

၄၁ စံရာကို လက်ယာပျံချီ၊ နောက် မင်းထင်ပျံချီ၊ နောက် မင်းကြီး ဂါမဏိစန္ဒ၊ နောက် စတုဂါမဏိ၊ နောက် နေမျိုး ဥတ္တမ နော်ရထာ၊ (ပုဂံမြို့ဝန်)။

၄၂ ငသော်ကို နေမျိုးနန္ဒမိတ်၊ နောက် မင်းကြီးနန္ဒရာဇ၊ နောက် နန္ဒဥဿရော၊ နောက် နန္ဒသာရကျော်ထင်၊ (မတ္တရာမြို့ဝန်)။

၄၃ သာဦးကို ဂဇဗလ၊ နောက် ရွှေတောင် သိမ်ဝေ။

၄၄ ငဘွယ်ကို ရန်ခွင်းကျော်၊ နောက် တုရင်သီဟကျော်၊ နောက် သီဟရာဇသင်္ကြီ၊ နောက် နေမျိုးဇေယသင်္ကြီ၊ နောက် နေမျိုး ကျော်ထင် သမ်ယာ၊ (တောင်ဘက် တိုက်ဝန်)။

၄၅ ငညိုသူကို လက်ယာဘီလူး၊ နောက် မင်းထင် နော်ရထာ၊ (ရွှေဝင်းတော်မှူး)။

၄၆ ဆုတောင်းကို ထုလွတ်ကျော်၊ နောက်မင်းငယ်ဗလ၊ နောက် သက်ရှည်ကျော်ထင်၊ နောက် သီရိသီဟသူ၊နောက် နေမျိုးသီဟ ကျော်ထင်၊ (ကျိုင်းသေဉ်မြို့ဝန်၊ နောက်လက်ယာဝင်းတော်မှူး)။

၄၇ လွှမ်းကျော်ကို ဝေရကျော်၊ နောက် မင်းငယ်ကျော်စွာ။

၄၈ ငလွင်ကို ရဲကျော်သူရ၊ နောက် ဗလမင်းထင်၊ နောက် ဗလ နော်ရထာ၊ (ကောင်းတုံဝန်)။

၄၉ ငအောင်ကို ဥဒိန်နန္ဒသူ၊ နောက် နန္ဒဂုတ္တသင်္ကြီ၊နောက် သီရိဂုတ္တ သင်္ကြီ။

၅၀ ဆွေနည်ကို မင်းလှငယ်။

၅၁ အရိုးတော် မြောက်သားတော်ပေန်းကို နန္ဒယော်ဓာ၊ နောက် သက်တော်ရှည်၊ နောက် မင်းကြီး သက်တော်ရှည်၊ နောက် မင်းကြီး သတိုးသက်တော်ရှည်၊ (တရားမြို့စား)။

၅၂ ရွှေထင်ကို နေမျိုးကျော်ထင်၊ (မြောင်းဦးစား ဝန်ကြီး)။

၅၃ ချင်းတီးကို မင်းလှကျော်ထင်၊ နောက် မင်းကြီးကျော်ထင်၊ နောက် မဟာပကြီ၊ နောက် မဟာဥတ္တမပကြို၊ နောက် မဟာနန္ဒသကြို၊ နောက် မဟာဥတ္တမ ဇေယသူရ၊ (တွင်းသင်းဝန် ကြီခင်းမင်းကြီး)။

၅၄ ညီမင်းကို မင်းကျော်ရွှေတောင်၊ (ဝန်ကြီး)။

၅၅ ငပွင့်ကို နေမျိုးရွှေတောင်၊ နောက် မင်းလှရွှေတောင်၊ နောက် နေမျိုး သိရိဇေယ နော်ရထာ၊ (ဝန်ကြီး)။ ၎င်း ရဲဘော် လူခြောက်ကျိပ်ရှစ် အနက်၊ အချီးအမြှင့်ခံရသူပေါင်း ငါးကျိပ်ငါးယောက်။

၁-ငပိုက်၊ ၂-သာဝ၊ ၃-မှတ်ကျော်၊ ၄-ငတော်၊ ၅-စည်ပင်၊ ၆-ငဖျော်၊ ၇-ငတုတ်ဖြိုး၊ ၈-ထွေးညို၊ ၉-ထွန်းကျော်၊ ၁၀-ငရာ၊ ၁၁-ငတုဘ်၊၁၂-ငခက်၊၁၃-ရွှေကျော်တို့တကျိပ်သုံးယောက်မူကား မပေါက်မမြောက်ခင်လေ။ ။မြင်းရည်တက်ဖွဲ့ရင်းကား ခြောက်ကျိပ်ခုနစ်တည်း။

မရီးတော်မြောက်သားတော် စည်သာမင်းကြီးကို သက္ကရာဇ်တထောင့်တရာ့ တဆဲ့ခြောက်ခု၊ နတ်တော်လဆန်းသုံးရက်နေ့တွင်မှ မြင်းရည်တက်တွင် စာရင်းဦးသွင်းရသောကြောင့် နောက်မှခြောက်ကျိပ်ရှစ်ယောက်ဖြစ်ရလေသည်။ ။မြင်းရည်တက် ဖွဲ့စေသည့် ကာလ စည်သာ မင်းကြီးကွေ့ထဲမှာ ရှိလေသေးသည်ဖြစ်လျက်၊ခြောက်ကျိပ်ရှစ်ယောက်ရှေ့နောက်စာရင်းစဉ်မပျက်စေခြင်းငှာ စည်သာမင်းကြီးကို စာရင်းဦး ထည့်သွင်းရေးခဲ့သတည်း။ ။စည်သာမင်းကြီးကား ဟံသာဝတီပါ မင်းတရားလက်တက် စည်သူ ကျော်ထင်၊ မင်းကြီးကျော်စွာ ထင်ခံသော အမတ်ကြီးတည်း။ ။ဤအရာ၌ မြင်းရည်တက်တွင် နောက်မှရသော ဘွဲ့အမည်အရာအထူးတို့ကိုလည်း စကားအလျဉ်းသင့်၍မှတ်လွယ်စိမ့်သောငှာ ဘွဲ့ပုံနှင့်တကွ ပြဆိုခဲ့သတည်း။

မြင်းရည်တက် ခြောက်ကျိပ်ရှစ်ယောက် ဖွဲ့တော်မူသည့်နောက် ရွှေသို့အမှုတော်ကို ကြိုးပမ်းထမ်းရွက်စိမ့်ဟု ကျေးရင်းကျွန်ချာ အစေ အပါးအသုံး အဆောင် ပြုသမျှ လူတို့ ကိုလည်း ရွေးချယ်တော်မူ၍ ငညိုမှန်၊ ငရွှေအင်ကြီး ငရိုး၊ ငထွန်းကောင်း၊ ငစရွဲ၊ ငသွင်၊ ငပိုက်၊ ငဖြိုးသွင်၊ ငထွန်းဝံ၊ ငထွန်းပုံ၊ ငကျော်လှ၊ ချမ်းသာ၊ငတုတ်လှ၊ ငကောင်း၊ ငမိုး၊ ငပန်၊ ငပုရေး၊ ငဖျော်၊ ငထွန်းသာတို့နှင့် လူရည်တူလူပေါင်း တရာ့နှစ်ဆယ်ကို ငညိုမှန်၊ ငဖျော်တို့ကို ခေါင်း ခန့်၍ ၎င်းနှစ် ကဆုန်လ၊

ကိုယ်ရံတော် သက်တော်စောင့် ရွှေနန်းတော်သေနတ်ဖွဲ့တော်မူသည်။ ။ ထိုပြင် အမှုကို ထမ်းရွက်ရည် ရှိသသူတို့ကို ရွေးစစ်၍ ရသည့်လူတရာ့ လေးဆယ်ကိုလည်း တုရင်စက်၊ ရွှေတောင်အိန္ဒကျော်၊ ငအောင်၊ကျော်စံ တို့ကို သွေးသောက်ကြီးခန့်တော်မူ၍ သုံးသွေးသောက်စု ဖွဲ့တော်မူသည်၊ တကိုယ်လျှင် ဆုတော်ငွေလည်း တပိဿာ သုံးဆယ်စီ သနားတော်မူသည်။

ထိုမှတပါး မြို့တော်လေးဆဲ့ခြောက်ရပ် ခေါင်းတို့ကိုလည်း ဘွဲ့အမည် ပေးတော်မူသည်ကား–

၁ မြို့တော်ရှေ့ အရပ်ခေါင်းကို ဇေယနန္ဒသူ။
၂ မြို့တော်တောင်အရပ်ခေါင်းကို ဥဒိန်သီဟ။
၃ မြို့တော် ဗောင်းဝန်းတိုက်အရပ် ခေါင်းကို တုရင်ဗလ။
၄ မြို့မြောက်ကျီရပ်ခေါင်းကို နန္ဒဗလကျော်သူ။
၅ မြို့တော်အလယ်ကျီရပ်ခေါင်းကို လက်ယာတုရင်။
၆ မြို့တော်အလယ် ကုန်းရပ်ခေါင်းကို နန္ဒဗလ။
၇ ချောင်းဦးရပ်ခေါင်းကို ဗလဇေယကျော်။
၈ မြို့တော်အနောက်ရပ်ခေါင်းကို လက်ဝဲသီရိ။
၉ ဟန်လင်းမြို့ခေါင်းကို လက်ဝဲရွှေတောင်။
၁၀ မူဆိုးချုံရွာခေါင်းကို ဒေဝဗလကျော်။
၁၁ ရင်းမာကန် ရွာခေါင်းကို ဇေယရန္တမိတ်။
၁၂ ရင်တော်ရွာခေါင်းကို ဘယရန္တသူ။
၁၃ နောက်အုန်တကွင်းရွာခေါင်းကို ဒေဝသီဟတုရင်။
၁၄ မင်းရွာခေါင်းကို ဂဇသီရိ။
၁၅ ရွာသာခေါင်းကို ရန်ထိပ်ကျော်ထင်။
၁၆ သပြွတ်တောရွာခေါင်းကို ရန္တမိတ်ကျော်ထင်။
၁၇ ပိတ်တောရွာခေါင်းကို သီရိနန္ဒ။
၁၈ မြောင်းဝန်းရွာခေါင်းကို သုဝဏ္ဏတုရင်။
၁၉ မြွေဘမ်း ရွာခေါင်းကို နန္ဒသူရ။
၂၀ မန်းကျည်းတုန်ရွာခေါင်းကို ငွေတောင်ကျော်သူ။
၂၁ သစ်ခေါင်းခွ ရွာခေါင်းကို သီရိသူ။
၂၂ ရွာတောရွာခေါင်းကို တုရင်ဘိရာမ။
၂၃ ယင်းဘာရွာ ခေါင်းကို တုရင်စတ္တ။

၂၄ အုတ်နဲပုတ်ရွာခေါင်းကို အနန္တနော။
၂၅ သမန်သာရွာခေါင်းကို ရန်ထိပ်သူ။
၂၆ ချည်ပါတောင်ရွာရပ်ခေါင်းကို မင်းရဲသိမ်ရာဇ်။
၂၇ ချည်ပါမြောက်ရွာရပ်ခေါင်းကို မင်းကျော်သီရိ။
၂၈ ပန်းရန်ရွာခေါင်းကို ဗညားသန်လံ။
၂၉ လိပ်ချင်ရွာခေါင်းကို သမန်ရဲသူ။
၃၀ မင်းချောင်းရွာခေါင်းကို ရာဇဗလ။
၃၁ ဘွဘ်သိုင်ရွာခေါင်းကို ရာဇသီဟ။
၃၂ ကန်တူရွာခေါင်းကို ဘုမ္မဇေယ။
၃၃ ပလိုင်းရွာခေါင်းကို နန္ဒမိုလ်။
၃၄ အုန်းပေါက်ရွာခေါင်းကို နန္ဒကျော်သူ။
၃၅ ပေါက်တုံရွာခေါင်းကို ဗလသီဟ။
၃၆ တောင်မြင့်ရွာခေါင်းကို လက်ဝဲအိန္ဒ။
၃၇ စိုင်နံရွာခေါင်းကို တုရင်အိန္ဒ။
၃၈ ယောင်တင်းရွာခေါင်းကို ရန်အောင်ဘီလူး။
၃၉ ပန်းတောင်းရွာခေါင်းကို ဝေရကျော်။
၄၀ ကာမပတီရွာခေါင်းကို တုရင်သူရဲ။
၄၁ ထနောင်ဝန်းရွာခေါင်းကို ဒေဝကျော်ထင်။
၄၂ သစ်ဆိမ့်ရွာခေါင်းကို ဒုဋ္ဌရာဇာ။
၄၃ ဆိပ်ခွန်ရွာခေါင်းကို မေ္ဃသူရဲ။
၄၄ ဟန်လင်းမြို့ နောက်ခေါင်းကို တုရင်သိမ်။ ။ယင်းသို့လေးဆဲ့ခြောက်ခေါင်းဘို့ကို ဘွဲ့အမည်သနားတော်မူလေသည်။
၄၅ မင်းကြီးရွာခေါင်း ငဖြူလှ။
၄၆ ရွာသစ်ခေါင်း ငပွေးဘို့မှာ ဘွဲ့သနားတော်မူသည့်နောက်မှဖြစ်၍ ထိုနေရာ၌ဘွဲ့မရလေ။

ယင်းသို့သောအခါ ဆွေတော်မျိုးတော်ဗိုလ်မှူး တပ်မှူးတစုတို့က တံဆိပ် [illegible] အကြောင်းနှင့် လျှောက်ကြသည်တွင် အလောင်းမင်းတရားကြီး ဘုရား အမိန့်တော် ရှိသည်ကား……ဂဝံပတွေ့ ရသေ့သိုက်တွင် "ပူ[illegible]င်း အ[illegible]၊ မွေ့ရ[illegible]၊ အသစ်ပြည်ကြီး ထောင်လတ္တံ့။ ပူးမင်း[illegible]ကို၊ သိကြား အမည် ပေးလတ္တံ့"ဟု သိုက်ရှိသည်နှင့်အညီ သာသ[illegible] သိကြားနတ်မြတ်တို့ နှိုးဆော် တိုက်တွန်းသောအား

"အလောင်းမင်းတရားကြီး"ဟု ခေါ်တွင်နှင့်သော တံဆိပ်နာမံတော်ရှိ လေပြီဟု အမိန့်တော်ရှိသည်။

## တလိုင်းတပ် လူငါးသောင်းခန့်ကို တိုက်ခိုက် အောင်မြင်တော်မူခြင်း

ယင်းသောအခါ မတ္တရာအုတ်ဖိုတွင်နေသော ကွေ့ဂုဏ္ဏအိန်က ယခု မုဆိုးဖိုသည် ငါတို့အားကိုကိုး၍ တလိုင်းဘိုကို ခုခံလေသည်။ ငါတို့သို့ ဝင်စားမည်အမှန် ဖြစ်သည်ဟု ယုံကြည်သောကြောင့် စည်သာမင်းကြီးကို အသာအယာပို့လိုက်၍ မုဆိုးဖိုသို့ ရောက်လာ၏။ ။ထိုအခါ စစ်ကိုင်း ဘက်ကချီလာသော တလိုင်းတို့တပ်လည်း လေးစခန်းနှင့်မုဆိုးဖိုသို့ရောက် လျှင် မြို့အရှေ့မျက်နှာက တပ်မစွဲရပ်၍ ပတ်ပတ်ဝန်းကျင် မြေပြင်မလပ် ကြာချပ်ကဲ့သို့ အထပ်ထပ်ရံလေ၏။ ။အလောင်းမင်းတရားကြီးဘုရား လည်း သားတော်ညီတော် ဆွေတော် မျိုးတော် ဗိုလ်မှူးတပ်မှူးတို့ကိုခေါ် တော်မူ၍ အရောက်ညီလျှင် ယခု တလိုင်းတို့က ချီတက်ဝန်းရံလာသည်ကို မည်သို့ လုပ်ကြံသင့်မည်ဟု အမိန့်တော်ရှိသည်တွင် မင်းလှစည်သူ၊မင်းလှ ကျော်သူ၊ မင်းလှပျံချီ၊ မင်းရဲကျော်စွာစသော ဗိုလ်မှူး တပ်မှူးတစုတို့ လျှောက်သည်ကား ...ယခု တလိုင်းမင်းညီ ဥပရာဇာနှင့် ဗညားဒလ စသော ဗိုလ်မှူးတပ်မှူးအပေါင်းတို့သည်ရတနာပူရအဝမြို့အလုံးကိုမင်းနှင့် တကွရလေလျှင် မရေတွက်နိုင်သောဆင်ကောင်း,မြင်းကောင်း လက်နက် ကိရိယာများကို သိမ်းယူ၍ သူတို့အရှင်ရှိရာ ဟံသာဝတီသို့ချည်း ပို့လေပြီ၊ ဥပရာဇာနှင့်တပ်ပေါင်း သုံးဆယ်သားတို့လည်း ဝမ်းသာပန်းကြီး ဟံသာ ဝတီသို့စုန်လေပြီ၊ ယခု ကျွန်တော်တို့ မုဆိုးဖိုမြို့သို့ လူလေးသောင်းငါး သောင်းခန့်ချီတက်ဝန်းရံလာသည်မှာ တလိုင်း,ရှမ်း,မြန်မာအရောရောဖြစ် ၍ များလေသော်လည်း စစ်ကြီးတွေ့ကြရလျှင် ရှမ်း,မြန်မာတို့ ကြိုးကြိုးပမ်း ပမ်းထမ်းရွက်မည်မဟုတ်၊ တလိုင်းတို့လည်း နွေလအရှည် စစ်ညောင်းလှ လေပြီဖြစ်၍ အားအင်လျော့လျော့ရှိလေသည်။ ကျွန်တော်တို့မှာ အလုံး အရင်းနည်းသော်သည်း အရှင့်အရေး-ကိုယ်အရေးဖြစ်၍ တယောက်ကို တရာမတန် အမှုတော်ကို သက်စွန့်ကြိုးပမ်း ထမ်းရွက်ကြမည်ချည်း ဖြစ်ပါ သည်၊ သို့ရာတွင် တလိုင်းတို့နှင့် ကျွန်တော်တို့ စစ်ကြီး မတွေ့ဘူးရသော ကြောင့် တလိုင်းတို့ လုပ်ရည် ကြံရည် ကိုလည်း ကျွန်တော်တို့မသိ၊ ကျွန်တော်တို့ လုပ်ရည်ကြံရည်ကိုလည်း တလိုင်းတို့က မသိလေသေး၊

ယင်းသို့ဖြစ်၍ သည်တကြိမ်ကို သင့်ရာအရေးတောင်းပြီးလျှင် တလိုင်းတို့ကို ပြန်စေမည်၊ တလိုင်းတို့ပြန်လေသော် တည်တောတပ်၊ ကျောက်ကာတပ်၊ အမြင့်ဘပ်၊ ငါးစို့တပ်၊ ခင်ဦးတပ်များကိုတိုက်၍ ဆင်မြင်းလက်နက်လူသူအင်အား ဖြည့်တင်းပြီးလျှင် အဝကို ချီတက်သိမ်းယူမည်၊ အဝကိုရလျှင် ရှမ်းပြည်တခွင် စော်ဘွားမြို့စား အပေါင်းနှင့်တကွ တောင်ဘက်မြောက်ဘက်နိုင်ငံအလုံး မြို့ကြီးပြကြီးများကို သိမ်းရုံး၍ ဟံသာဝတီတိုင်အောင် ချီတက်လုပ်ကြံမည်၊ ယင်းသို့လုပ်ကြံရလျှင် ကျွန်တော်တို့လက်တွင် ဟံသာဝတီခံနိုင်မည်လောဟု ဗိုလ်မှူးတပ်မှူးတို့ လျှောက်သော အရေးကို သားတော်သခင်ယတ်ကြားတော်မူလျှင် ယခုဗိုလ်မင်းတပ်မင်းတို့လျှောက်ကြသောအရေးလည်း စစ်ရေးပင်ဖြစ်ပေသည်။ သို့ရာတွင် ယခုမှ အရေးတောင်းသော်လည်း သူတို့ အရေးပေးဘိမည်မဟုတ်၊ တကြောင်းလည်း ကြောက်၍ အရေးတောင်းသည်ဟု တလိုင်းတို့ ထင်မှတ် လေရာသည်၊ ယင်းသို့ဖြစ်၍ တပ်နှင့်ကြံကြံခံနေမည်၊ တလိုင်းတို့က ချီလာတက်လာလျှင် ပိတ်ပိတ်ဆို့ဆို့ တယောက်မလွတ် ထိုးခုတ်ပစ်ခတ် သတ်ညှစ်လိုက်မည်၊ သည်ကဲ့သို့ နှစ်ကြိမ်သုံးကြိမ် အရှုံးအနအသေအပျောက်များလျှင် တလိုင်းတို့ အရှုံးပါ၍ မြို့သို့မချဉ်းမတက်နေလျှင်လည်း နေစေ၊ မနေလျှင်လည်း တိုက်မည်၊ ယခုလည်း ကဆုန်နွေလ ပူပြင်းလှသောအခါဖြစ်၍ ဆင်မြင်းမြက်ရေရှားသည်၊ သူနာသူဖျားများသည်၊ နေ့ရက်မရှည်ခင် တလိုင်းတို့ ဆုတ်ခွါရမည်မချွတ်ဟု သားတော်သခင်လတ်လျှောက်သော အရေးကို သားတော် သခင်အကြီးကြားလျှင် ယခု ညီတော်နှင့်ဗိုလ်မင်းများလျှောက်ကြသောအရေးသည် စစ်ရေးပင်ဖြစ်ပေသည်၊ သို့ရာတွင် စစ်တို့သဘောသည် လူနည်းလူများ အကြောင်းမဟုတ်၊ စွန့်စားရည်မှာသာအကြောင်းဖြစ်၍ နဂါးဟိုဦးခေါင်းနောက်ကို သောက်လေ့ရှိသော ဂဠုန်ငှက်ကဲ့သို့ ရဲခြင်းနှင့် ပြည့်စုံသော ဗိုလ်မှူးတပ်မှူး သူရဲသူခက် ရဲမက်တော် အပေါင်းတို့နှင့် ကျွန်တော်ယှဉ်၍ စစ်ဦးဘီလူးပါနင်းမည်၊ ကျွန်တော်တို့လက်တွင် ခံနိုင်မည်လော၊ မခံနိုင်၍ တလိုင်းတို့ ဆုတ်ခွါလေလျှင် လက်ရောပါလိုက်ထပ်၍ အဝတိုင်အောင် သတ်မည်ဟု သားတော်သခင်ကြီး လျှောက်သော အရေးကို အလောင်းမင်းတရားကြီးဘုရား ကြားတော်မူလျှင် အမိန့်တော်ရှိသည်ကား…တလိုင်းတို့ ဗိုလ်ခြေအင်အားများလေသော်လည်း စွန့်စားလုပ်ကြံရည် ငါတို့ကိုမတန်လေရာ၊ တချင်းရွေးမျှ စိန်စစ်ကျောက်ကို မြေသုံးဘောင် ရှိဘိလင့်ကစား ကြေမွပျက်စီးအောင် မစွမ်းရာသကဲ့သို့၊

ငါတို့တပ်ကို တလိုင်းတို့ဖြိုဖျက်နိုင်မည်လော၊ ငါတို့တွင်လည်း မျိုးရိက္ခာ အပြည့်အစုံဖြစ်သည်၊ တလိုင်းတို့စစ်ကြောင်း၏ ရိက္ခာလည်း ပြတ်စေဦး ရေမိုးလည်းငတ်စေဦး၊ ယင်းသို့မဟုတ် နိုင်ချင်ကြက်ကဲ့သို့အားတက်အင်ကြီး ပြုတည့်လျှင် နိုင်သော်ကားကောင်း၏၊ မသင့်၍ တစွန်းတစလိပ်လည်း ခဲ့လျှင် စစ်ဦးမညှိုးပြီလော၊ စစ်တို့သဘောသည် အဦးအစပွဲလမ်းရလျှင် ရဲမက်တို့ အားမြောက်သည်၊ ပွဲလမ်းမရလျှင် ရဲမက်တို့ အားလျော့သည်၊ သို့ဖြစ်၍ ကြံ့ကြံ့သာခံလော့၊ တလိုင်းတို့က ချဉ်းကပ်လာသည် ကိုလည်း စီးစီးနင်းနင်း ပစ်ခတ်ထိုးခုတ် သတ်ညှစ်လေ၊ တလိုင်းတို့က အောင်ခြင်းကိုမရ၍ စစ်နွမ်းသည့်ကာလ ငါကိုယ်တိုင်တော်ထွက်၍ တဟုန်တည်း တိုက်တော်မူမည်ဟု အမိန့်တော်ရှိလျှင် သားတော် ညီတော် ဗိုလ်မှူး တပ်မှူးအပေါင်းတို့လည်း အမိန့်တော်ကို ဦးထိပ်ရွက်၍ အသီးအသီးတပ်နှင့် မြို့ထိပ်က ကြံ့ကြံ့ခံနေ၏။

ယင်းသောအခါတလိုင်းစစ်သည်တို့လည်း လှည်းရထားတွင် ကောက်ရိုး အပြည့်နှင့် အမြောက်စိန်ပြောင်းတင်၍ လှည်းကတုတ်အများစီရင်ပြီးလျှင် နေ့ညဉ့်မဆိုင်း လှည်းကတုတ်ကို လူတွန်း၍ သေနတ်မီးပေါက် အမြောက်စိန်ပြောင်း မစဲမလပ်ပစ်လွှတ်လျက် မုဆိုးပိုမြို့အလုံးကို ကျုံး ဘိဘနန်း မြေလုံးတုန်မျှ ဟစ်ကြွေးကြော်ပြောလျက် တပ်ရင်းသို့ ချဉ်းလာကပ်လာသည်ကို ရဲမက်တော်တို့ မြို့ထိပ်ကနေ၍ ထိုးခုတ် ပစ်ခတ်သည်၊ လှည်းကတုတ်ကို တံရှူမီးစည်းနှင့် ရှို့သည်၊ သည်ကဲ့သို့ လေးရက် ငါးရက် ချဉ်းကပ်သော်လည်း မချဉ်းမကပ်နိုင် တလိုင်းစစ်သည်တို့ အရှုအန အသေအပျောက် များလှသောကြောင့် ရုံ၍သာ နေကြ၏။

ထူးမြတ်သောဘုန်းပါရမီရှိတော်မူသော ဘဝရှင်အလောင်းမင်းတရားကြီးဘုရား စံနေတော်မူသော ထန်းလုံးတပ်တော်ကို တလိုင်း စစ်သည် အပေါင်းတို့သည် ကျောက်ဖျာမိုးရှိဘိအံ့ဘနန်း သံယံကြိုးဝါးလျက် မြေပြင်အလားအထပ်ထပ်ရံလေသော်လည်း စူဠနိဗြဟ္မဒတ်မင်းသည် တရာသောမင်းနှင့်တကွ တဆဲ့ရှစ်ခေါဘဏီ စစ်သည်သူရဲအပေါင်းဖြင့် ခြိမ်းမောင်းရံလာသည်ကို ဘုရားအလောင်း မဟောသဓာသုခမိန်သည် ဥပကာရီမြို့တွင် ပညာပါရမီတော်တည်းဟူသောအားဖြင့် မထိပ်မရှံ တင်းတင်း ခံသကဲ့သို့ သူရသတ္တိ ရဲရဲညီသော ဘုန်းပညာ အာဏာလုံ့လ ထိမျှသောအားတို့ဖြင့် အရေးကိုမြော်တင်းလျက် လေးစားမမှု နေတော်မူ၏။

ထိုအခါ တလိုင်းတို့က တပ်တွင်းသို့ ဝင်နိုင်အောင်ဝင်မည်ဟုအာမခံ တလိုင်းသူရဲတထောင့်ငါးရာ ရွေးကောက်ပြီးလျှင် ညဉ့်သန်ယံကို တောင်မျက်နှာက ချောင်းဝပ်ပုန်းကွယ်၍နေစေ၏၊ အနောက်မျက်နှာက ရံသည့် သန်လျင်ဝန်တပ်ကလည်း လှည်းကတုတ်အများနှင့် တပ်ကို မီးတိုက်မည် အသင့်စီစဉ်၍ နေစေ၏၊ ယင်းသို့ စီရင်ပြီးလျှင် အရှေ့မျက်နှာက မြေလုံးတုန်မျှ ကြော်ငြာဟစ်ကြွေးလျက် သေနတ်မီးပေါက် အမြောက်စိန်ပြောင်း မစဲမလပ်ပစ်ခတ်၍ တပ်သို့ ချဉ်းကပ်လာသည်ကို ရဲမက်တော် တို့လည်း တလိုင်းတို့ အရှေ့မျက်နှာကတပ်ကို တလုံးတည်း တက်မည့်အဟန်ရှိချေသည်ဟု အရှေ့မျက်နှာသို့ဘိ၍ ခံကြသည်နှင့်၊ တောင်မျက်နှာက တပ်စီးတပ်နင်း ပါးချေသောကြောင့် ချောင်းဝပ်၍နေသည့် အာမခံတလိုင်း သူရဲကောင်း ထောင့်ငါးရာတို့ တောင်မျက်နှာတပ်ကို ကပ်မိ၍ တက်လျှင် ရဲမက်တော်တို့လည်းမဆုတ်မနစ်ကြို့ကြို့ခံ၍ ထိုးခုတ်ပစ်ခတ်ကြသော်လည်း မလုံချေ၍ တလိုင်းအာမခံငါးဆယ်လောက် တပ်တွင်းသို့ပေါက်ချေသည်၊ ယင်းသောအခါ မြင်းရည်တက်သူရဲကောင်း ဆင်နင်းမိုလ် နန္ဒကျော်ထင် ကွပ်ကဲ၍ တပ်တွင်းသို့ပေါက်လာသည့် တလိုင်းတို့ကို ထိုးခုတ်ပစ်ခတ်လျှင် တလိုင်းနှစ်ဆယ်ကျော်လောက် သေလေ၏၊ ကျန်လူတို့လည်း အရှအနန့် တပ်ပြင်သို့ ခုန်ပြေးလေ၏၊ ယင်းသို့ကြိုက်တွင် အနောက်မျက်နှာက ရံသော သန်လျင်ဝန်ကွပ်ကဲ၍ တပ်ကို မီးတိုက်မည် လှည်းကတုတ်အများနှင့် ကပ်လာပြန်သည်၊ အလောင်းမင်းတရားကြီး ကိုယ်တော်တိုင်ကွပ်ကဲခံသောကြောင့်တလိုင်းတို့မကပ်နိုင်လျှင် ကျွန်တော်ရင်းဖြစ်သော မဏ္ဍရာတလိုင်းငသိုက်စပ်ကိုအမှတ်ပေးတော်မူ၍တလိုင်းတို့တပ်သို့ ဝင်စေသည်၊ငသိုက်စပ်လည်းဘပ်ပြင်သို့ချက်တဖြုတ်ထွက်တည့်၍တလိုင်းစကားရောနှောပြောဆိုလျှင် တလိုင်းတို့လည်း အချင်းချင်း မှတ်နေ သည်နှင့် လှည်းကတုတ်တွင် တင်ထားသော ကောက်ရိုး မီးစာများကို ငသိုက်စပ် ရှိလေလျှင် မီးရောင်တွင် တလိုင်းတို့ကိုမြင်သာ၍ ရဲမက်တော်တို့တပ်ထိပ်က သေနတ်နှင့် ရွယ်ကာ ရွယ်ကာလွှတ်သည်၊ တလိုင်းအများသေလေ၏။ ယင်းတွင်ပင် သန်လျင်ဝန်လည်း ကျည်သင့်၍သေလေ၏။ ။ယင်းသို့မှ တလိုင်းတို့ဆုတ်၍ ရံတပ်တွင် နေမြဲနေ၏။ ။အလောင်းမင်းတရားကြီး ဘုရားလည်း ငသိုက်စပ်ကို အားရတော်မူ၍ သမိန်ပရမ်းအမည်ပေးတော်မူ၏။

ယင်းသောအခါ သားတော် သခင်နှစ်ပါးမှစ၍ မင်းလှစည်သူ၊မင်းရဲကျော်စွာ၊ မင်းကျော်ပျံချီ၊ မင်းလှကျော်သူ၊ မင်းလှ ရွှေတောင်တို့နှင့် ဗိုလ်မှူးတပ်မှူးတစုတို့ လျှောက်သည်ကား - ယခု တလိုင်းတို့ လုပ်ရည်ကြံရည်ကိုလည်း ကျွန်တော်တို့သိရပြီ၊ ကျွန်တော်တို့ လုပ်ရည်ကြံရည်ကိုလည်း တလိုင်းတို့သိရလေပြီ၊ တလိုင်းတို့ အရုံခံတွက်မရှိ၊ ကျွန်တော်တို့ကို ဆင်စီးချင်း မြင်းစီးချင်း၊ တလိုင်းတို့ မျက်နှာဆိုင်ဝံ့မည်လော၊ ယခုပင်ထွက်၍ တလိုင်းတို့ရုံတပ်ကိုတိုက်ပါမည်ဟု လျှောက်ကြသည်ကို ဘဝရှင်အလောင်းမင်းတရားကြီးဘုရား အားရတော်မူ၍ ယခု တလိုင်းတို့မချဉ်းမကပ်ဝံ့၍သာနေလေသည်၊ သည်ခါသော် ငါကိုယ်တော်တိုင် ထွက်၍တိုက်မည်ဟု အမိန့်တော်ရှိပြီးလျှင် စည်းကြပ်ခန့်ရန်တော်မူသည့် တပ်စဉ်ကား....

မြို့တော်အရှေ့မျက်နှာက မင်းလှကျော်သူတတပ်၊ ဗလကျော်ခေါင်တတပ်၊ ရဲစက်တံခွန်တတပ်၊ မင်းလှကျော်ခေါင် တတပ်၊ သီရိရွှေတောင်တတပ်၊ အိန္ဒဗညားတတပ်၊ ဥဒိန်နန္ဒသူ တတပ်၊ မင်းလှစည်သူ တတပ်၊ သည်ရှစ်တပ်ကို မြို့တော်ပြင်အရှေ့မြောက်ထောင့်က တောင်သို့ တပ်စဉ်အတိုင်း မင်းလှစည်သူကို အချုပ်ခန့်၍ စွဲရပ်စေသည်။

မြို့တော် တောင်မျက်နှာက ရဲစက်ကျော်ခေါင်တတပ်၊ မင်းရဲကျော်ထင် တတပ်၊ နန္ဒကျော်တတပ်၊ပလိုင်းဗိုလ်ငမှတ်ကျော် တတပ်၊အင်းယဉ်တုရင်တတပ်၊ စေညပင်တတပ်၊ ငွေတောင်ပေါ်တတပ်၊ နရာသိခ်ကျော်တတပ်၊ အရှင်မိဖုရားခေါင်ကြီး မောင်တော် မင်းရဲကျော်စွာ တတပ်၊ သေနတ်ဝန် မင်းကျော်ပျံချီ တတပ်၊ သည်တဆဲ့တတပ်ကို မြို့တော်ပြင်အရှေ့တောင်ထောင့်က အနောက်သို့ တပ်စဉ်အတိုင်း မင်းရဲကျော်စွာ၊ မင်းကျော်ပျံချီတို့ကို အချုပ်ခန့်၍ စွဲရပ်စေသည်။

မြို့တော် အနောက်မျက်နှာက မင်းလှငယ်တတပ်၊လက်ယာပျံချီတတပ်၊ မင်းကျော်ရွှေတောင် တတပ်၊နန္ဒကျော်တတပ်၊ နေမျိုးရွှေတောင်တတပ်၊ ရန်ခွင်းကျော်တတပ်၊ သီရိကျော်ထင် တတပ်၊ ဗလဇေယကျော် တတပ်၊ ခေါက်တတပ်၊ နန္ဒယော်ဓာတတပ်၊ မရိုးတော်သား မင်းရဲကျော်တတပ်၊ သည်တဆဲ့တတပ်ကို မြို့တော် အနောက်တောင်ထောင့်က မြောက်သို့ တပ်စဉ်အတိုင်း နန္ဒယော်ဓာ၊ မင်းရဲကျော်တို့ကို အချုပ်ခန့်၍ စွဲရပ်စေသည်။

မြို့တော် မြောက်မျက်နှာက ငရွှေကျော် တတပ်၊ တုရင်ဗလ တတပ်၊ ငဖျော်တတပ်၊ ငထွန်းကျော် တတပ်၊ ဘထွေးတော် မင်းကြီးညိုသူသား မင်းရဲစည်သူတဘပ်၊ တုလွတ်ကျော် တတပ်၊ လက်ယာဘီလူးတတပ်၊ ဂဇဗလတတပ်၊ ဗလရာဇာတတပ်၊ စစ်ကောင်းသီရိတတပ်၊ မင်းရဲကျော် တတပ်၊ မင်းကျော်ဗညား တတပ်၊ နေမျိုးနန္ဒမိတ် တတပ်၊ ရန်အောင်သေနတတပ်၊ ညီတော် သတိုးသိခ်သူ တတပ်၊ သည်တဆဲ့ငါးတပ်ကို မြို့တော် အနောက်မြောက်ထောင့်က အရှေ့သို့ တပ်စဉ်အတိုင်း ညီတော် သတိုးသိခ်သူကို အချုပ်ခန့်၍ စွဲရပ်စေသည်။

ယင်းသို့ လေးဆဲ့ငါးတပ် စည်းကြပ်ခန့်ရန်တော်မူပြီးလျှင် ငါခန့်ရန်တော်မူသည့်အတိုင်း စီစဉ်ခင်းကျင်း၍သာနေကြ၊ တလိုင်းတို့ပင် စစ်ရေးငင်လာသော်လည်း မလိုက်နှင့်၊ ကျောက်တိုင်နှင့်အတူ ကြံ့ကြံ့သာနေ၍ အောင်သံပေးတော်မူမှ တပြိုင်တည်း ရှပ်ရှပ်ချွံချွံ ဘိတ်ိစီးစီး ချင်းနင်းထိုးခုတ်ပစ်ခတ်ကြရမည်ဟု အမှတ်ပေးတော်မူသည့်အတိုင်း နံနက်လေးချက်တီးကပင် လေးဆဲ့ငါးတပ်လုံးထွက်၍ မြို့နှင့်တဆဲ့သုံးတာကွာ လက်ယာရစ်လှည့်လျက် တပ်စဉ်အတိုင်း အသီးအသီးစွဲရပ်သည်ကို တလိုင်းတို့မြင်လျှင် နှစ်ကြိမ်သုံးကြိမ် စစ်ရေးငင်လာသော်လည်း မလိုက်မထပ်၊ သံမြို့နှင့်အတူ ခံနေလျှင် တလိုင်းတို့လည်း ရံမြဲရံ၍နေ၏။

ထိုအခါ အလောင်းမင်းတရားကြီးဘုရားလည်း သက္ကရာဇ် တထောင့်တရာ့တဆဲ့လေးခု၊ ကဆုန်လပြည့်ကျော်ရှစ်ရက် သောကြာနေ့၊ မွန်းယိမ်းနှစ်ချက်တီးကျော် နှစ်မောင်းတွင် အတန္တုအားဖြင့် တာဝတိံသာ မဟာသုဒဿနမြို့သို့ ချီဘက်လာကုန်သော အသုရာစစ်သည်တို့ကို နှိပ်နင်းအံ့သောငှာ မဂ်လာရှိသောစိတ္တကုဋ်တံခါးမှသိကြားထွက်စံသကဲ့သို့ အောင်တံခွန်ကို လွှားလွှားလွင့်တော်မူ၍ သားတော်မြတ် နှစ်ပါးနှင့်တကွ ဆွေတော် မျိုးတော် ကျွန်တော်ရင်း မြင်းရည်တက် လေးဆဲ့ခြောက်ခေါင်းအစု အမှုထမ်းလက်နက်စွဲ သူရဲအပေါင်းခြံရံလျက် မင်းတို့စံပယ်ခြင်းဖြင့် စည်တော်ရှမ်း၍ အရှေ့မျက်နှာ လက်ယာတံခါးမှ ရွှေထီးဖြန့်လျက် ထွက်တော်မူသည်ကို တလိုင်းတို့တပ်ကမြင်လျှင် သောသောထ၍ ကြည့်ကြစဉ်ကောင်းကင်အရပ်က သိမ်းငှက်တခုသည် စွန်ရဲကိုတိုက်၍ ရွှေတော်တူရူဦးခေါင်းငိုက်ဆိုက်ကျလာသည်ကို ရဲမက်တော်တို့လှံနှင့်နှိပ်၍ရလိုက်သည်။

ထိုနိမိတ်ကို မြင်တော်မူလျှင် စွန်နံဖြစ်သော တလိုင်းကို သိမ်းနံဖြစ်သော ငါမင်းတရားသည် ယခုနေ့အောင်မြင်တော်မူမည် မချွတ်....ဟု

ဘတ်တော်မူပြီးမှ ငါတည်းမင်းမျိုးမင်းမြစ် မှန်သည်ဖြစ်၍ ရဟန်းရှင်လူ ပြည်သူတကာ သာသနာတော်မြတ်၏စီးပွား၊ မယ်တော်, ခမည်းတော်, ဆွေတော် မျိုးတော်တို့၏ စီးပွား၊ သားတော်အစဉ် မြေးတော်အဆက် မြစ်တော်အညွန့်တိုင်အောင် ဆောင်တော်မူထိုက်သည်မှန်လျှင် သိကြား၊ စတုလောကပါလာ၊ သာသနာတော်မြတ်ကို စောင့်ကုန်သော သမ္မာဒေဝ နတ်မြတ်အပေါင်း ကောင်းသောကြည့်ရှုခြင်းဖြင့်ညီညာရွက်ဆောင်သည်ဖြစ်၍ အလွယ်တကူ ရန်သူတော်တို့ကို လှံထင်းဆောက်ကာ ပြီးမြောက် အောင်မြင်တော်မူစေသောဟု ရွှေကရားဖြင့် ရေစက်သွန်းတော်မူပြီးလျှင် ရေမြေသို့ရောက်သည်နှင့် တပြိုင်နက် "အောင်ခါ ရောက်ပြီ၊ အောင်ချိန်သင့်ပြီ၊ အောင်ခါတန်ပြီ" ဟု ညွှန်းသောစကားဖြင့်အောင်သံပေးတော်မူသည်ကို မြန်မာစစ်သည် တလိုင်းစစ်သည် အပေါင်းတို့သည် နားရင်း ကြွပ်ကြွပ် အပ်၍ ဟစ်ကြော်ဘိကဲ့သို့ တပ်လုံးကြားလေ၏။ ။ ထိုအခါ ပမာအားဖြင့် ကေသရရာဇာ ခြင်္သေ့မင်းသည် ရွှေဂူဝမှခုန်ကြွ စံ့ယယ်လျက် ထွက်၍ ဟောက်မြူးသောအသံကို တောင်ယံကမ်းပါး ကျက်စားရှိကုန်သော သားအပေါင်းတို့သည် ကြောက်ခြင်း ပြင်းရကား ကမ်းပါးချောက်သို့ဦးစောက်ကျဘိသကဲ့သို့တလိုင်းစစ်သည် အပေါင်းတို့သည် အလောင်းမင်းတရားကြီးဘုရား အသံတော်ကို ကြားလျှင် ဘုန်းအာဏာတော်အား သတိမတည်နိုင်၍ လက်နက်လွှတ်ကျသောဟူ၏။

ယင်းသို့စင်တွင် တပ်မတော်မှ အောင်စည် အောင်မောင်း သောင်းသောင်း သောသော တီးမှုတ်စေလျက် အမှတ်ပေးတော်မူလျှင် လေးဆဲ့ငါးတပ် စွဲမှတ်ရှိနေကုန်သော မြင်းစီးသူရဲ၊ သေနတ်စွဲသူရဲ၊ လေးစွဲသူရဲ၊ ရထားစွဲသူရဲ၊ တင်ကျည်းစွဲသူရဲ တို့လည်း တပြိုင်နက် ကြော်ငြာလျက် အဆုတ်အဆိုင်းမရှိ ချုံချုံရှပ်ရှပ် ထိုးခုတ် ပစ်ခတ်ကြသည်ကို တလိုင်းတို့လည်း မဆုတ်မနစ်ကြိုး၍ခံသည်၊မနည်းကြာ တဦးကိုတဦး မတိုးမဓွေနိုင်၊ အထွေးထွေးရှိစဉ် အလောင်းမင်းတရားကြီးဘုရား ကိုယ်တော်တိုင် ကွပ်သည်ကို ရဲမက်တော်တို့မြင်လျှင် အသက်ကို ပန်းတပွင့် အန္တိုင်းမမှတ် စွန့်စားထိုးခုတ် ပစ်ခတ် ကြသောကြောင့် တလိုင်းတို့ အရှုံအန အသေအပျောက်များသည်နှင့် မနည်းကြာအမ်း၍ရှိနေစဉ် တပ်မတော်နှင့်တကွတောင်ဘိ၏သို့တဟုန်တည်းတိုက်တော်မူလျှင် တလိုင်းတို့မခံနိုင်၍ အဆီးအတားမရှိပျက်လေ၏။ ။အရှေ့မျက်နှာက တလိုင်းတို့ တပ်မပျက်လျှင် တောင်မျက်နှာ၊ အနောက်မျက်နှာ၊ မြောက်မျက်နှာ၊ ရုံတပ်အလုံးလည်း

ပျက်ပြန်လေ၏၊ ယင်းသောအခါ ကဆုန်နွေလ ဖြစ်လျက် မြောက်လေပြင်းစွာလာလတ်၍ မြို့မှုန်ခြောင်းခြောင်း တောင်သို့ဘိကာ တလိုင်းတို့ဆုတ်ခွာသည်ကို ရဲမက်တော်တို့ လိုက်ထပ်ထိုးခုတ် ပစ်ခတ်လျှင် တလိုင်းစစ်သည်တို့ ခါးဝတ်မဆည်း စစ်ကြီးထောင်းထောင်းပျက်၍ ကိုယ်လွတ်ဆုတ်ခွာရလေ၏။

ယင်းသောအခါ သူကောင်အတင်တင်မြေပြင်ပြည့်မျှ တလိုင်းတို့သေလေ၏၊ သုံ့ပန်းလည်းအများရတော်မူ၏၊ ခဲယမ်းမီးကျောက် အမြောက်စိန်ပြောင်း သေနတ်ဓားလှံစသော စစ်ကိရိယာ၊ ရွှေ ငွေ အဝတ်အစားတို့သည် တောင်ပုံ၏သို့ သိမ်းယူမနိုင် ရတော်မူ၏။ ။ထိုအခါ ကွဲပြား ထွက်ပြေးလေသော တလိုင်းစစ်သည်တို့ကား မြောက်ဘက် စစ်ကိုင်းတွင်မျှ မရပ်မနေဝံ့ ဧရာဝတီမြစ်ကို လက်ပစ်ကူး၍ သေလေသည်လည်းများ၏၊ လှေ-တက်-တုံး-ဘူးစသည်တို့ဖြင့်ကူး၍ အချို့လည်းအဝသို့ အနိုင်ရောက်၏၊ လက်နက်ထိ၍သေသူ၊ ရေငတ်၍သေသူ၊ ရေမွန်း၍သေသူ၊ တလိုင်းသူကောင်တို့ကား-ရေ, မြေ, တော, တောင် အနှံ့အပြား များစွာ မရေတွက်နိုင်အောင် သေလေ၏၊ လမ်းစဉ်တလျှောက် ပစ်ချခဲ့သော လက်နက် ကိရိယာများကို ရဲမက်တော်တို့ သိမ်းယူ၍ မြင်းငါးရာ၊ သေနတ်တထောင်ကျော်၊ဓားလှံ၊ရွှေငွေ အဝတ်ပုဆိုး ရင်ပြင်ပြည့်မျှ ဆက်ကြသည်ကို အလောင်း မင်းတရားကြီးဘုရား အားရတော်မူ၍၊ လက်နက်တော်မှတပါး ရွှေ ငွေ အဝတ်ပုဆိုး စသည်များကို ရသူယူစေ၏။ ။ယင်းသောအခါ သမိန်ဇိပ်ဖြူ၊ ပိုက်သီဟ၊အဲနရဲ၊အဲကန်ကောင်းတို့ ကိုယ်လွတ်ရှောင်ရှား၍ အဝသို့ရောက်လေ၏။

ဗညားလက္ကွန်းအိန်၊ဗညားအော်၊ ဗညားပရမ်း၊ ဗညားအိန္ဒဗလကျော်သူ၊ ဗျတ္တပတို့လည်း အပြင်းခွာ၍ မြောက်ဘက် မြို့ရွာများတွင် မိမိတို့စွဲရပ်ရှိနေရင်းတပ်သို့ အသီးအသီးပြန်လေ၏။ ။ထိုအခါ တလိုင်းတို့ စည်းကြပ်ရင်းမိုလ် ကိုးတပ်လုံး အစည်းအကြပ်ပျက်၍၊နှမ်းကြဲသကဲ့သို့ တလိုင်းရဲမက်တို့ အကွဲကွဲရှိလေ၏။ ။ယင်းသို့ တလိုင်းတို့တပ် ပျက်လေသောအခါ မြင်းဖြူလေးစီးနှင့် နတ်ကြီးလေးယောက်လိုက်၍ စစ်ကိုင်းရောက်ခြိမ်းချောက်သောဟူ၏။

အလောင်းမင်းတရားကြီးဘုရား၏ ရွှေဘုန်းတော်မြတ်ကြောင့် ကုန်းဘောင်နေပြည်တော်ကို ဝန်းရံလာသော တလိုင်းတို့တပ်ကြီး ပျက်လျှင် ထမ်းရည်,ရွက်ရည်ရှိသောလူပေါင်းတရာ့ကိုးဆယ်ကို သက္ကရာဇ် ၁၁၁၄

တထောင့်တရာ့တဆဲ့လေးခု နယုန်လ၊ သေနစတ္တ၊ နတ်စက်လောင်မီး၊ အရေးနိုင် အရေးလွှန်တို့ကို သေနတ်သွေးသောက်ကြီးခန့်၍ သေနတ်စု ဖွဲ့တော်မူသည်။ ဆုတော်ငွေတော်လည်း တကိုယ်လျှင် သုံးဆယ်စီသနား တော်မူသည်။

## မြောင်းဝန်းအရပ်တွင် တလိုင်းတပ်ကို အောင်တော်မူ၍ ရှောင်ရှားနေသူတို့ကို သိမ်းတော်မူခြင်း

ထိုအခါ စစ်သူကြီးဒလပန်းလည်း ယခုမူဆိုးပိုကို ငါတို့အားကြိုးမာန် တက်လုပ်ကြံသော်လည်း သူ့ကို အားပွံ့သကဲ့သို့ လူသူဆင်မြင်းလက်နက် လိရိယာအများ သူကရချေသည်၊ ရွှေသို့ မြောက်ဘက်တခွင် မြို့ကျေးရွာ များကို သူကသိမ်းရုံးမိ၍ အင်အားကြီးလေသော် အရေးခက်ချိမ့်မည်ဖြစ် ၍ မူဆိုးပိုသားတို့ တပ်က မခွာသာအောင် ငါတို့က အလုံးအရင်းခန့် ထားပြီးလျှင် ဗဒုံ၊ ဒိပဲယင်း၊ ကောလင်း၊ ဝန်းသိုစသော မြောက်ဘက် တခွင်မြို့ကျေးရွာများကို အလျှင်အမြန်သိမ်းရုံး၍ မူဆိုးပိုအနီး တပ်ကြီးစွဲ ရပ်ရသည်ဖြစ်မှ ကြံကြိုက်ရာရာ ကြံအားရှိမည် ဖြစ်သည်။ ခင်ဦးစား လက်ယာပုံ့ချီနှင့်တိုင်ပင်၍ မြောင်းဝန်းက တပ်ကြီးတပ်နိုင်တည်လုပ်စွဲရပ် လေဟု မြင်းငါးရာ၊ လူဘသောင်း ငါးထောင်နှင့် အဲကန်ကောင်းကို မိုလ်မှူးခန့်၍ သက္ကရာဇ် (၁၁၁၄) တထောင့်တရာ့တဆဲ့လေးခု၊ ဝါဆို လဆန်းခြောက်ရက်၊ ဗုဒ္ဓဟူးနေ့ အဝကချီစေသည်။ မြောက်ဘက်တခွင် မြို့ကျေးရွာများကို သိမ်းရုံးစည်းကြပ်၍ မူဆိုးပိုမြောက် မြောင်းဝန်းအရပ် တွင် တပ်ကြီးတည်၍ နေလေ၏။

ယင်းသောအခါ ဘဝရှင် အလောင်းမင်းတရားကြီး ဘုရားသည် သားတော် ညီတော် မိုလ်မှူးတပ်မှူးတို့ကို အမိန့်တော်ရှိသည်ကား... ယခု အဲကန်ကောင်းနှင့် ခင်ဦးစား လက်ယာပုံ့ချီတို့ မြောင်းဝန်းက တပ်ကြီး စွဲရပ်လာသည်ကို အရှည်နေစေလျှင် ရွှေသို့ကို လုပ်ရေးကြံရေး များချိမ့် မည်ဖြစ်၍ ယခုပင် ကိုယ်တော်တိုင်ထွက်၍ တိုက်တော်မူမည်ဟု အမိန့် တော်ရှိသည်ကို သားတော် ညီတော် မိုလ်မှူးတပ်မှူးတို့ လျှောက်သည် ကား...ယမန်တွင် တလိုင်းတို့က ကိုးမိုလ်ကိုးတပ် စစ်အားကြီး ဝန်းရံချီ တက်လာသည့်ကာလ ကျွန်တော်တို့တွင် လက်နက်အင်အား နည်းချေ သေးသည်၊ သို့ကိုစင်လျက် တလိုင်းတို့က အောင်ခြင်းကိုမရ၊ ရှုံးချက်နာ လှသည်ဖြစ်၍ ကျွန်တော်တို့မူဆိုးပိုမြို့ကို ဒကာရက္ခိုသ်စောင့်သောဒိုင်ကို

ကဲ့သို့ တလိုင်းတို့ မျက်နှာမှုမလှည့်ဝံ့အောင် ရှိလေသည်။ယခု ကျွန်တော်တို့မှာ လက်နက်ကိရိယာ လူကောင်း မြင်းကောင်းလည်း များလှလေပြီ။ မြောင်းဝန်းတစ်မျက်ကို ကိုယ်တော်နှင့် ထိုက်တန်သည်မဟုတ်ပါ၊ကျွန်တော်တို့ထွက်၍ အလွယ်တကူသိမ်းယူပါမည်ဟု လျှောက်ကြသော အရေးကို ခွင့်ပြုတော်မူ၍ သက္ကရာဇ် (၁၁၁၄) တထောင့်တရာ့တဆဲ့လေးခု၊ဝါဆိုလဆန်းကိုးရက်၊ တနင်္ဂနွေနေ့ လေးဆဲ့ခြောက်ခေါင်းတစ်မူးတို့ကို စည်းကြပ်တော်မူပြီးလျှင် သားတော်သခင်အကြီး၊ သခင်အလတ်တို့ကို ခန့်၍ ချီရ၏။ မင်းနှစ်ပါးလည်း မြောင်းဝန်းသို့ချီတော်မူ၍ တလိုင်းတို့တပ်နှင့် တွေ့လျှင် စစ်နှစ်ကြောင်းဖြန့်၍ မရပ်မဆိုင်းမြောင်းဝန်းတပ်ကိုတိုက်သည်။ တလိုင်းတို့က အဲကန်ကောင်း၊ လက်ယာပျံချီတို့ကွပ်၍ ဆီးခံပစ်ခတ်သော်လည်း ရဲမက်တော်တို့ အကြောက်အရွံ့မရှိ၊ မဆုတ်မနစ် ထိုးခုတ် ပစ်ခတ်လေလျှင် တလိုင်းတို့လည်း အရွံ့ပါချေ၍ တံ့တံ့စားစားမရပ်မခံပဲ ကစီကယင်ရှိလေသည်ကို မင်းနှစ်ပါးမြင်တော်မူ၍ တဟုန်တည်း နင်းလျှင် တလိုင်းတို့မခံနိုင်၍ တစ်လုံးသောသောပျက်လေ၏။ဗိုလ်မှူးအဲကန်ကောင်း လက်ယာပျံချီတို့လည်း မြင်းနှင့်အပြင်းခွာ၍ လွတ်လေ၏။ သုံ့လည်း အများရတော်မူလိုက်၏။ သေလေသည်လည်းများ၏။

ယင်းသောအခါ ခေးသွားနီးရာပါရလေသော ရှမ်း,မြန်မာ,ကတူးတို့ကို မသတ်လေနှင့် မှာတော်မူလိုက်၍ အထွေးထွေး ရှိလေသောကြောင့် လိုက်၍မသတ် လွတ်ရလေသည်၊ မင်းနှစ်ပါးလည်း ရခဲ့သော မြင်း၊လူ၊ သေနတ် လက်နက်ကိရိယာများကိုဆက်လျှင် ဘဝရှင် အလောင်းမင်းတရားကြီးဘုရား အားရတော်မူ၍ သားတော် ညီတော် ဗိုလ်မှူးတစ်မှူးတို့ကို အထိုက်အလျောက် ရဲဆုပေးတော်မူ၏။ ။ယင်းသောအခါ အဝ မငြိမ်မသာရှိစဉ်ကပင် ရပ်ရွာကခွာ၍ တောတောင်ကြီးရာ ရှောင်ရှားနေလေသောသူတို့ကို အသာအယာ သိမ်းခေါ်တော်မူပြီးလျှင် ဝတ်ဘွယ်, စားဘွယ်သနားတော်မူ၍ ရပ်စုကွက်စုချထား နေထိုင်စေသည်။ ရောက်လာသမျှ ရဟန်းသံဃာတော်တို့ကိုလည်း ကျောင်း,သင်္ကန်း,ဆွမ်း,ဆေးဟူသော ပစ္စည်းလေးပါး ထောက်ပံ့တော်မူ၍ ဝါတွင်း သုံးလပတ်လုံး စမ်ရေးမင်းမှုမရှိစေရ၊ ကျောင်းကန်ဘုရား ပျက်စီးယွင်းယို မသန့်မရှင်းရှိသည်များကို ကောင်းမွန်အောင် ပြင်ဆင်ဆောက်လုပ် သန့်ရှင်းတော်မူ၏။

## ခင်ဦးဧချစ်ညိုနှင့် တိုက်ခိုက်ခြင်း၊ ရွှေပေါင်လောင် တပ်ကို အောင်တော်မူခြင်း

ထိုအခါ ဟံသာဝတီဘုရင်က အဝမြို့တွင် အစောင့်အနေ ခန့်ထားသူ စစ်သူကြီး ဒလပန်းသည် မြန်မာတို့ကို တလိုင်းဆံမဖြတ် အလိုတူအလို ပါ လက်တွင်းထား၍ အစေအသုံးပြုကြောင်း၊ တလိုင်းတို့ကို ပြင်ထား ကြောင်း၊ မူဆိုးပိုအရေးမှာလည်း အကြိမ်ကြိမ်ရှုံး၍ လက်နက်ကိရိယာ အများဆုံးကြောင်းများနှင့် ကြားသောကြောင့်၊ ဒလပန်းကို ဟံသာဝတီ သို့ခေါ်၍ တောင်ငူဝွေခွန်ဝန်ကိုဒလပန်းအစား စစ်သူကြီးအရာနှင့် အဝ မှာ အစောင့်အနေ ခန့်သည်တွင် အရေးအကြောင်းရှိသမျှကို ခင်ဦးစား လက်ယာပျံချီနှင့် တိုင်ပင်၍ စီရင်သိမ်းရုံးရမည်ဟူ၍လည်း မှာလိုက်၏။

ခင်ဦးမြင်းစီးငလုံးသား၊ လက်ယာပျံချီခံ့ ငချစ်ညိုကား-ဆင်စီး၊ မြင်း စီး၊ လက်ရုံးခွန်အား၊ ဓားခုတ်လှံထိုး၊ ဒိုင်းရေးလွှားရေး၊ လေး, သေနတ် အပစ်အခတ် အတတ်မျိုးစုံ၏၊ အပြီးအစီး အကွယ် အကာ လုံ၏၊ စစ်ရိပ် စစ်ခြည် နားလည် လိမ္မာ၏၊ တယောက်ချင်းကို မဆိုထားဘိ ထောင်ပုံ ရာပုံကိုသော်လည်း စီးချင်းဝင်ထွက်နိုင်သော ရဲစွမ်းသတ္တိရှိ၏၊ထိုသို့သော ယောကျ်ားကောင်းဖြစ်ပါလျက် ထူးမြတ်သော ဘုန်းပါရမီ ရှိတော်မူ သော အလောင်းမင်းတရားကြီးဘုရား ဘုန်းတော်, ကံတော်, လက်ရုံး, နှလုံး, လုပ်ရည် ကြံရည်ကို မမှီချေသောကြောင့် ရောင်ခြည် တထောင် ဆောင်၍ ထွန်းသော နေမင်း၏ အရှိန်ဝယ် ကွယ်လေသော လ-ကဲ့သို့ ကျေးဇူးသတင်း ကျော်စောခြင်း ရှိသော်လည်း မိမိ ကြံတိုင်းမမြောက်၍ တလိုင်းမင်းသစ္စာခံသည်ကိုမျှဒုက္ခမကင်းရှိလေသည်ကိုဘဝရှင်အလောင်း မင်းတရားကြီး သနားတော်မူ၍ မှာလိုက်သည်ကား-

ခင်ဦးစားလက်ယာပျံချီ-ကိန်းခန်းအလျောက် ရတနာပူရ အဝပြည် ကြီး ပျက်စီးတိမ်းယိမ်းလျှင် ဆင်းရဲခြင်းဖြင့် နစ်မွန်း မျောပါးကုန်သော ရှဉ်းရှင်လူ ပြည်သူသတ္တဝါ အပေါင်းတို့ကို ကယ်ဆယ်တော် မူလို၍ ထီးရိုး, နန်းရိုး,မင်းရိုးမင်းမြစ် ဖြစ်သည်နှင့်အညီ မြန်မာ့ဦးစွန်းတည်ထွန်း စိုက်ထောင်မည် ကြံရည်တော်မူသည့် အတိုင်း ချီတက် လာရောက်သမျှ တလိုင်းစစ်သည်တို့ကိုအကြိမ်ကြိမ်အောင်မြင်တော်မူသည်၊ခင်ဦးစားသည် ကျေးဇူးသတင်း ကျော်စောခြင်းရှိသော မြန်မာသူရဲကောင်းဖြစ်ပါလျက် ယောကျ်ားမပီ တလိုင်းမင်းသစ္စာကို ခံလေသည်၊ ငါ့သို့ဝင်၍ အမှုတော်

ကိုထမ်းလျှင် သားမယား ဆွေမျိုးနှင့်တကွ သူကောင်း ပြုတော်မူမည်-ဟု အမိန့်တော်စာနှင့် စေတော်မူလိုက်၏။ ။အမိန့်တော်စာကို ခင်ဦးစား ကြားလျှင် ရှေးမဆွကပင်ရန်စရန်ငုတ်ရှိသည်ဖြစ်၍ငါဝင်စားသော်လည်း အသက်ကို မလွှတ်ပေရာ ပရိယာယ်သာ ဖြစ်ရာသည်ဟု အောက်မေ့မိ၍ "မြန်မာချင်းကို ရှုံမခိုးလိုပြီ"ဟု ဆိုလိုက်၏။

ထိုစကားကို ဘဝရှင် အလောင်းမင်းတရားကြီး ကြားတော်မူလျှင် ကြမ္မာကုန်သောသူကို လူကိုထား၍ ဘုရားပင်သော်လည်း မထိုက်ပေရာ သည်ခါသော် ခင်ဦးစားငယ်ငါ့လက်တော်ကလွတ်နိုင်မည်လော ယခုပင် ချီ၍ ခင်ဦးတပ်ကို မီးတိုက်ချေ၊ မီးမြင်လျှင်ငါချီတော်မူလာမည် မှာတော် မူပြီးလျှင် ခင်ဦးရွာမျှကိုကားဟု မလေးမလောက် အပေါ်အလျော့ မြင်း ငါးဆယ်,သေနတ်တရာ,လူသုံးရာနှင့်သာ သေနတ်ဝန် မင်းကျော်ပျံချီကို စစ်လျှင်ခန့်တော်မူ၍ ချီနှင့်ရ၏၊ သေနတ်ဝန် မင်းကျော်ပျံချီလည်း မရပ် မဆိုင်းချီသွား၍ ညဥ့်သုံးချက်တီးအချိန် ခင်ဦးတပ်သို့ရောက်လျှင် ရောက် ခြင်း တပ်ကိုတက်သည်၊ တပ်စီးတပ်နင်းတို့သိ၍ ဘိခံထိုးခုတ်သောကြောင့် မပေါက်နိုင်လျှင် တပ်ပြင်တွင်ရှိသော ကျောင်းဆိုး စရပ်ဆိုးတို့ကိုမီးတိုက် ၍ ပြန်ခဲ့ရာ ခင်ဦးစားသက်ယာပျံချီထွက်၍ လိုက်လာသောကြောင့် အား မတန်၍ ရဲမက်တော်တို့ အကွဲကွဲအပြားပြား ဆုတ်ခဲ့ရချေသည်၊ ဘဝရှင် အလောင်းမင်းတရားကြီးဘုရားလည်းခင်ဦးကမီးမြင်လျှင် အလိုတော်ပြည့် ပြီ အမှတ်ရှိတော်မူ၍ အတွင်းကိုယ်ရံတော်နှင့်သာ စည်မောင်းတူရိယာ သာယာစွာတီးမှုတ်စေလျက် ငြိမ့်ငြိမ့်လေးလေး အရေးမပြု ချီတော်မူ၍ စည်သာမြောက်သို့ ရောက်တော်မူလျှင် ဆုတ်ခဲ့ရသော သေနတ်ဝန်တပ် နှင့်တွေ့၍ အကြောင်းကို ကြားတော်မူသည်တွင် ငါယခုပင်ချီ၍ တိုက် တော်မူမည်ဟု ခင်ဦးသို့ချီတော်မူရာ ခင်ဦးစားလက်ယာပျံချီလည်း ခင်ဦး တပ်သို့ မပြန်မသွား ဗိုလ်ပါ စည်းရုံးရပ်နေသည်နှင့်တွေ့၍ အပြင်းတိုက် တော်မူလျှင် ခင်ဦးစားလက်ယာပျံချီသည်း မဆုတ်မနစ်ခံ၍တိုက်လေ၏၊ ယင်းသောအခါ ရဲမက်တော်တို့လည်း မစည်းမရုံးခင် အင်အားလည်း မတန်သည်နှင့် သည်တကြိမ်ကို ရှိနှင့်စေဦးဟုခွာ၍ ဆုတ်တော်မူခဲ့၏၊ တာ ငါးရာကျော်ခန့်ရောက်လျှင် ရဲမက်တော်တို့ကို စည်းရုံးရပ်တင်းတော်မူပြီး မှ ဘဝရှင် အလောင်းမင်းတရားကြီးဘုရားလည်း ရုံးမိသမျှ ရဲမက်တော် တို့နှင့် ပြန်တော်မူခဲ့၍ နေဝင်မှ ရောက်တော်မူ၏။

ယင်းသောအခါ အမိန့်တော်ရှိသည်ကား …ကေသရရာဇာခြင်္သေ့တို့၏သဘောသည် သားကြီးကိုဟောက်သည်ဟူ၍၎င်း၊သားငယ်ကိုဟောက်သည်ဟူ၍၎င်း ပြုမြဲသောလုံ့လကို မလွန်မယုတ် ပြုသကဲ့သို့ မင်း့အမတ်စသော စစ်သူကြီးတို့၏ သဘောလည်း မလောက်သည်ဟူ၍ အပေါ့အလျော့မပြုရာ၊ အခါခပ်သိမ်း လုံ့လသတိရှိအပ်လှချေသည်။ ငါ ခင်ဦးသို့ အပေါ့အလျော့ချီတော်မူသည်မှာ တပ်တွင်းသို့ဝင်မိလျှင် မီးပြရမည် မှာတော်မူသည်ကို တပ်တွင်းသို့ မပေါက်မရောက်မီ မီးမြင်ချေသောကြောင့်သာ အရေးတော်ကုန်ပြီ အမှတ်တော်ရှိ၍ အပေါ့အလျော့ ချီတော်မူသည်။ နောင် သည်ကဲ့သို့ မှာတော်မူသည့် ငါ့အမိန့်တော်ကို ကျူးလွန်ရမည်မဟုတ်ဟုအလျင်လိပ်လည်းနှင့်သူတို့ကို နှုတ်ပြစ်တင်တော်မူသည်။ သေနတ်ဝန် စသော ဗိုလ်မှူးတပ်မှူးအပေါင်းတို့ ဦးခေါင်းဆိုက်လျက် ထိပ်ထက်မိုးကြိုးကျအံ့သကဲ့သို့ အလွန်ကြောက်ရွံ့ကြကုန်၏။

ထိုအခါ အဝပျက်သည့်ကာလ အဝမင်းသား ရွှေတောင်မြို့စားနော်ရထာမင်းစော ရှောင်ရှား၍နေရာက မယားမင်းထိပ်ပန်းနှင့် ခြေရင်းတော်သို့ တကိုယ်ရည် ဝင်ရောက်လာ၍ ကောင်းမွန်စွာ အလုပ်အကျွေးနှင့် ထားတော်မူသည်ကို တွေးတော၍ ကိုယ်ရေး ကိုယ်ရာကိုကြောက်ပြန်သောကြောင့် ထိုနေ့ပင် မုဆိုးဖိုမြို့တွင်ရှိနှင့်သော မိမိကျေးကျွန်တို့ကို မျှဉ်းပျောင်းသွေးခေါ်၍ ကွေ့တပ်သို့ ပြေးဝင်လေသည်ကိုလိုက်၍ဖမ်းစေသော်လည်း မမှီလိုက်၍ ကွေ့တပ်သို့ရောက်လေ၏။

ယင်းသောအခါ ဒိပဲယင်းမြို့မြောက်၊ရွှေပေါင်လောင်ဟူသော အရပ်၌ တလိုင်းတို့က တပ်ကြီးတပ်ခိုင် ကည်လုပ်စွဲရပ်နေ၏။ ထိုအကြောင်းကိုဘဝရှင် အလောင်းမင်းတရားကြီးဘုရား ကြားတော်မူလျှင် နေမျိုးရွှေတောင်ကို ဗိုလ်မှူးခန့်တော်မူ၍ လက်နက်ကိုင်လူတထောင်နှင့်ချီစေသည်၊ နေမျိုး ရွှေတောင်လည်း ရွှေပေါင်လောင်တပ်သို့ ရောက်မှ တလိုင်းငါးထောင်ကျော် စွဲရပ်သည့်တပ်ကိုမြင်လျှင် အားမတန်ချေဟု အောက်နမ့်မိသော်လည်း မဆုတ်မပြန်ပဲ ခံနိုင်မည်လောဟု တပ်သို့ချဉ်း၍လုပ်ကြံသည်ကို တလိုင်းတို့က လူနည်းမှန်းသိလျှင် မြင်းတရာကျော်၊လူနှစ်ထောင်ကျော် တပ်ကထွက်၍ အပြင်းတိုက်သည်။ ရဲမက်တော်တို့ အားမတန်၍ ရွှေချေ၏။ ။တတိုင်ကျော်လောက်ရောက်မှ စည်းရုံးမိပြန်၍ ငါတို့အရပ်အနေမသင့်၍သာ ဆုတ်ခွာရချေသည်။ သည်အခါသော် စည်းစည်းကြပ်ကြပ် ရပ်ရပ်နေနေ လုပ်ကြံကြရမည်ဟု ပြန်၍ရုံပြန်လေ၏။

ထိုအကြောင်းကို တလိုင်းတို့မြင်လျှင် မြန်မာစစ်သည်တို့ကား အနည်းမျှသာဖြစ်၍ ငါတို့နှင့် အားမတန်လေသည်ကိုသိလျက် ပျက်၍ပြေးလေပြီးမှ ယခုပြန်၍ ချဉ်းလာပြန်သည်။ အားကိုးစရာ နောက်ကစစ်ကြီးကူလာသည်ဖြစ်မည်အမှတ်ရှိလျက် ညဉ့်ကို မြန်မာတပ်ကမသိရအောင် တပ်လုံးထွက်၍ ဆုတ်ခွာလေ၏။ မိုးသောက်မှသိသောကြောင့် တပ်တွင်ကျန်ရစ်သည့် သုံ့လူသူများကို သိမ်းယူ၍ပြန်ရ၏။ ။အရေးတော်ပြီးကြောင်းကို ဘဝရှင် အလောင်းမင်းတရားကြီးဘုရား ကြားတော်မူလျှင် အားရတော်မူ၍ အထိုက်အလျောက် ရဲဆုကို ပေးတော်မူ၏။ ။နေမျိုးရွှေတောင်သည် သူ့ကို အားမျှမတန်လျက် မာန်ကိုမလျော့ပဲ စွန့်၍ ရဲချေသောကြောင့် အရေးတော်ပြီးဘူးလေသည်။ နောင် ထုံးတခုပင် ဖြစ်လောက်ပေသည်ဟူ၍လည်း အမိန့်တော်ရှိ၏။

ထိုအခါ ခင်ဦးစား လက်ယာပုံချီက မူဆိုးပိုတပ် အနီးအပါး ချက်တဖြုတ်လာ၍ ကျွဲနွားများကို သိမ်းယူသောကြောင့် သေနတ်ဝန် မင်းကျော်ပုံချီနှင့် မြင်းနှစ်ဆယ်၊ သူရိန်ဒေဝနှင့် သေနတ်လက်ကောင်း ခုနစ်ဆဲ့ငါး ပေးအပ်ပြီးလျှင် ခင်ဦးတပ်အနီးအပါး ကျွဲနွားများကို လိုက်သိမ်းချေစေတော်မူ၍ သေနတ်ဝန် မင်းကျော်ပုံချီ၊ မူဆိုးချုံပိုလ် မင်းလှရွှေတောင်၊ သူရိန်ဒေဝတို့သွားကြလေရာ ခင်ဦးအရှေ့နှစ်တိုင်ခန့်ကွာ ကျွန်းချောင်းအရပ်တွင် သေနတ်ကိုင်လူတို့ကိုထားခဲ့၍ မြင်းနှစ်ဆယ်နှင့်သာ ခင်ဦးတပ်သို့ချဉ်း၍ ကျွဲနွားတို့ကိုလိုက်ခဲ့သည်။ ခင်ဦးစား လက်ယာပုံချီ မြင်းနှစ်ဆယ်၊ သေနတ်ကိုင်သုံးရာလောက်နှင့် အပြင်းလိုက်လာသည်တွင် လက်ယာပုံချီအစ်ကို ငချစ်ဝ မြင်းသုံးစီးနှင့် ရှေ့လွန်၍ရောက်နှင့်သည်ကို ရဲမက်တော်တို့ သေနတ်နှင့်လွှတ်လျှင် ကျည်သင့်၍ ကျလေ၏။ ငချစ်ဝခေါင်းကို ရဲမက်တော်တို့ဖြတ်၍ယူခဲ့၏။ ယင်းသို့ကြိုက်တွင် ခင်ဦးစား လက်ယာပုံချီမှီလာ၍ ယောကျ်ားကောင်းသော် ထွက်ခဲ့စေ၊ငါနှင့်စီးချင်းကစားကြရမည်။သေနတ်လုလင်တို့ ပွဲကြည့်၍သာနေကာမူဟုလက်ယာပုံချီဆိုလျှင် မင်းကျော်ဗညားထွက်သည်။ငမြတ်ထွန်းငယ်နှင့် ငါတိုက်ဘက်မတန် ငါ့လုံ့သာ သွေးစွန်းတော့မည်ဆို၏၊မူဆိုးချုံပိုလ်မင်းလှရွှေတောင်ထွက်သည်ကို ငတွန်ငယ်-ငါ့လက်စဉ်းကို စဉ့်ကိုင်မှာနေကြသည့်ကာလကပင် နင်သိရင်းဖြစ်သည်၊ နင်နှင့်တိုက်ဘက် မတန် ဆိုပြန်၍ ယင်းမာကန်ဗိုလ်၊ ယင်းတောဗိုလ်တို့ မြင်းနှင့်သာ အသီးအသီး ထွက်ကြသော်လည်း မဘက် မပြိုင်လို သေနတ်ဝန် ဆိုသူသာ ထွက်လာစေဆို၍ သေနတ်ဝန်

မင်းကျော်ပျံချီထွက်လာရာတွင်မှ သည်အခါသော်ယောကျ်ားကောင်းချင်း တွေ့ကြရတော့မည်၊ ကိုယ်တို့တစုမှာ ပွဲကြည့်၍သာ နေကာမူ၊ သေနတ်ဝန်ဆိုသူငကောင်းနှင့် ငါတန်စေ ကြိုးဝါးပြီးလျှင် မြင်းကို အကုန်လွှတ်၍ ခြေတဘက်ထောက်၍ ရပ်လျက်စီးသည်၊ ပက်လက်အိပ်လျက်စီးသည်၊ ထက်ဝယ်ဖွဲ့လျက်စီးသည်၊ မြင်းနံပါးနှင့် ကပ်လျက်စီးသည်၊ လှံကိုလက်ဝဲလက်ယာဘယ်ညာလှည့်လျက်စီးသည်၊ ယင်းသောအခါ သေနတ်ဝန်က လှံမကို ချိန်၍နေ၏၊ ခင်ဦးစားလက်ကာပျံချီလည်း မြင်းကိုစီးခြင်းအထွေထွေစီးပြပြီးလျှင် လှံနှင့်လွှတ်လိုက်သည်၊ သေနတ်ဝန်မင်းကျော်ပျံချီ စီးသည့်မြင်းကကို လှံစွဲချေ၏၊ ယင်းသို့ခိုက်တွင် ရဲမက်တော်တို့ သေနတ်နှင့် ဖြိုင်ဖြိုင်ထသည်ကို ခင်ဦးစားမြင်လျှင် မတည်ကြသည်ကိုကား ဆို၍ ခွာလေ၏၊ ယင်းမှ သေနတ်ဝန်တို့ ပြန်ခဲ့၍ ငချစ်ဝ ခေါင်းကို ဘဝရှင် အလောင်းမင်းတရားကြီးဘုရားအားဆက်လျှင် အားရတော်မူ၍ သေနတ်လုလင်တို့ကို ဆုပေးတော်မူ၏။

ထိုအခါ အဝမိုလ်မှူး ငွေခွန်ဝန်က သမိန်လွတ်တတပ်၊မြန်မာရဲခေါင်စံကျော်တတပ်၊ကျောက်ကာစား သမက် မြန်မာရုံးခါးစားတတပ်၊ သည်သုံးတပ်တွင် မြင်းငါးရာ လက်နက်ကိုင်လူ တသောင်း ငါးထောင် ခင်လတ်ကစွဲရပ်ရမည်ချီစေရာ ဒီပဲယင်းမြို့ ကိုးဆွဲကိုးရွာကို သိမ်းရုံး၍ မှူးအနောက်ဘက် ခင်လတ်အရှေ့တွင် တပ်ကြီးတပ်ခိုင် တည်လုပ်စွဲရပ်လာကြောင်းကို ဘဝရှင် အလောင်းမင်းတရားကြီး ကြားတော်မူလျှင် သားတော်သခင်နှစ်ပါး၊ သေနတ်ဝန် မင်းကျော်ပျံချီ၊ မင်းလှကျော်သူတို့ကို မြင်းသုံးရာ၊ သေနတ်ငါးရာ၊ စစ်သည်သူရဲ နှစ်ထောင်နှင့် သက္ကရာဇ် (၁၁၁၄) တထောင့်တရာ့ တဆဲ့လေးခု သီတင်းကျွတ် လပြည့်ကျော် တရက်နေ့ချီစေသည်၊ မှူးတွင် ယူတော်မူကကူး၍တလိုင်းတို့တပ်သို့ရောက်လျှင် တပ်မချပဲ အနောက်မျက်နှာက ဓား, တူးရှင်း, ပေါက်ဆိန်,ကတုတ်,လှေကားနှင့်ချဉ်းကပ်မိလျှင် တလိုင်းတို့ ဆီးခံ ထိုး ခုတ် ပစ်ခတ်လေသော်လည်း သူ့လက်နက်ကိုမှုမခန့် တလုံးတည်းဘိ၍ နင်းသည်ကို မခံနိုင်၍ တပ်ပေါက်ရာက ရဲမက်တော်အလုံးဝင်မိလျှင် အဆီးအတားမရှိ ပျက်လေ၏၊ ယင်းသို့ကြိုက်တွင် သမိန်လွတ်၊ ရဲခေါင်စံကျော်၊ ရုံးခါးစားတို့လည်း ကိုယ်လွတ်ခွာလေ၏၊ ထိုအခါ ရုံးခါးစား မြင်းနှင့်ပြေးသည်ကို ရဲစက်ကျော်ခေါင်မြင်၍ နင်ယောကျ်ားကောင်းဆိုလျှင် ဘဇာကိုပြေးမည်နည်း

ဟု ကြုံးဝါး၍ မြင်းနှင့်လိုက်လျှင် ရှုံးခါးစားလည်း မြင်းကဆင်း၍ လူပုံ သို့ဝင်မိသေသောကြောင့် လွတ်လေ၏၊ ရှုံးခါးစားစီးသည့် မြင်းသင်းခွေ သုံးဘောင့်တမိုက်ကိုရလိုက်၏၊ အမြောက် ငါးဆယ်၊ သေနတ်ငါးရာ၊ မြင်းတရာကျော်၊ သုံ့ လူတထောင်ကျော်ရလိုက်၏၊ သေလေသည်လည်း များ၏။ ။ခင်လယ်တပ်ကြီးကို အောင်တော်မူလျှင် သခင်နှစ်ပါး ဗိုလ်မှူး တပ်မှူးတို့ပြန်ခဲ့၍ ရသည့်လက်နက် မြင်းလူများကိုဆက်လျှင် ဘဝရှင် အလောင်းမင်းတရားကြီးလည်း အားရတော်မူ၍ အထိုက်အလျောက် ရဲ ဆုပေးတော်မူ၏၊ ရှုံးခါးစားစီးသည့်မြင်းကိုလည်း နတ်ယဉ်ကျော် အမည် ပေးတော်မူ၏။

## တလိုင်းတပ်များကို ဆက်တိုက် အောင်တော်မူခြင်း

ယင်းကမှ သေနတ်ဝန်မင်းကျော်ပျံချီ၊ မင်းလှရွှေတောင်တို့ကို ရွာသစ်ကြီးအရပ်သည် အထက်ကလည်း တလိုင်းတို့ အခြေအမြစ် ပြုဘူးသည်၊ ယခုလည်း တလိုင်းတို့အရပ်အနေ ပြုကြောင်းနှင့် ကြားတော်မူရသည်၊ အခြေအမြစ်မဖြစ်ခင် ဖျက်ချေဟု စေခန့်တော်မူ၍ချီရ၏။ ။ယင်းသော အခါ အဝဗိုလ်မှူး ငွေခွန်ဝန်က မုဆိုးပိုမင်းသည် ထန်းလုံးတပ်ကို သံမြို့ မှတ်၍ လူနှစ်ထောင် သုံးထောင်နှင့် အခိုင်နေလေသည်မှာ မြောက်ဘက် တလွှား ငါးစို့တခွင်၊ မြို့ကျေးရွာများကို သိမ်းရုံးပြီးလျှင် ခင်ဦးစား လက်ယာပျံချီကို မြောက်ဘက်မျက်နှာက ရံစေမည်၊အဲနရဲ၊အဲကန်ကောင်း တို့ကိုလည်း ကျောက်မြောင်းကိုင် မြို့ရွာများကိုသိမ်းယူဆန်တက်၍ အရှေ့ မျက်နှာက ရံစေမည်။ သမိန်ဇိပ်ဗြ၊ သမိန်လွတ်၊ သမိန်သံလိုက်၊ ရဲခေါင် စံကျော်တို့ကိုလည်း မူးမြစ်ကြောင်းအနောက်တပြင် မြို့ရွာများကိုသိမ်းယူ၍ အနောက်မျက်နှာက ရံစေမည်၊ ငါလည်း ပိုက်သီဟ၊ ပိုက်ကမြင်းတို့ နှင့် စစ်ကိုင်းကြောင်းချီတက်၍ တောင်မျက်နှာကရံမည်၊သည်ကဲ့သို့ လေးကြောင်း လေးမျက်နှာတက်၍ စစ်အားကြီးလုပ်ကြရလျှင် မုဆိုးပိုတပ်သည် ငှက်မူ၍ ပျံထွက်နိုင်မည်လောဟု ကြုံးဝါးပြီးလျှင် သက္ကရာဇ် (၁၁၁၄) တထောင့်တရာ့တဆဲ့လေးခု၊ သီတင်းကျွတ်လတွင် သမိန်ဇိပ်ဗြတတပ်၊ သမိန်လွတ်တတပ်၊ သမိန်သံလိုက်တတပ်၊ ရဲခေါင်စံကျော်တတပ်၊ သည် လေးတပ်တွင် မြင်းသုံးရာ၊ စစ်သည်သူရဲနှစ်ထောင့်ငါးရာ၊မူးမြစ်ကြောင်း ချီနှင့်ရလေ၏။ အဲနရဲ၊ အဲကန်ကောင်းတို့လည်း ဧရာဝတီ မြစ်ကြောင်း ကျောက်မြောင်းရောက် ချီရလေသည်။ ခင်ဦးစား လက်ယာပျံချီသို့လည်း

မြောက်ဘက်တလွှား ငါးစို့တခွင် သိမ်းရုံးစည်းကြပ်ရမည်ဟု တလိုင်းတပ်မှူးတို့ကို ခန့်ထားစေလွှတ်သည်။

ယင်းသောအခါ အနောက်ဘက် မှူးကြောင်း အလျင်ချီနှင့်ရသည့် လေးမိုလ်လေးတပ်တို့ ဥဒေါင်လှအရပ်သို့ရောက်ကြောင်းကို အလောင်းမင်းတရားကြီးဘုရား ကြားတော်မူသော်လည်း ရွာသစ်ကြီးသို့ သေနတ်ဝန် မင်းကျော်ပျံချီ မင်းလှရွှေတောင်တို့ ချီလေရာ သူရဲသူခက်လက်နက် ပါချေသောကြောင့်ခပ်မဆိတ်နေတော်မူ၏။ ထိုအခါ သားတော်ညီတော် ဗိုလ်မှူးတပ်မှူးတို့က ယခု တလိုင်းတို့ လေးတပ်ချီသာ၍ ဥဒေါင်လှအရပ်တွင် တပ်ကြီးတပ်ခိုင်တည်လုပ်လာသည်ကို တပ်မပြီးခင် အလျင်အမြန်ချီတက်၍ ဖျက်ဆီးသိမ်းယူပါမည်ဟု လျှောက်ကြသော်လည်း ဘဝရှင်အလောင်းမင်းတရားကြီးဘုရားသည် ရာဇမာယာ၌ လိမ္မာတော်မူသည်နှင့်အညီ ယခု တပ်မပြီးခင် ချီချေသော် တလိုင်းတို့က ငါတို့တပ်မပြီးခင်သောကြောင့်သာ ရှုံးရလေသည်ဟု ဆိုပြန်လေတော့မည်။ တပ်ပြီးစေဦးဟု အမိန့်တော်ရှိ၍ ရပ်ဆိုင်းသည့်အတွင်း သေနတ်ဝန် မင်းကျော်ပျံချီ မင်းလှရွှေတောင်တို့ ရွာသစ်ကြီးတပ်ကို ဖျက်သိမ်း ပြန်ရောက်၍ ယခု တလိုင်းတို့က စစ်လေးမျက်နှာ ခန့်ရန်စည်းကြပ်ကြောင်းနှင့် အဝကထွက်လာသူတို့ စစ်ချက်တွင် ကြားသိရသည့်အတိုင်း တလိုင်းတို့က ဥဒေါင်လှတွင် တပ်တည်သည်ကို ချီ၍တိုက်ပါမည်ဟု လျှောက်သည်တွင် တလိုင်းတို့ တပ်တည်၍ပြီးစေဦးတော့ဟု ငါ့အမိန့်တော်ရှိနှင့်သည်။ ယခုမှာ တလိုင်းတို့တပ်လည်းပြီးတန်လေပြီ။ချီလေတော့ဟူ၍ အမိန့်တော်ရှိလျှင် သေနတ်ဝန် မင်းကျော်ပျံချီ မင်းလှရွှေတောင်တို့ လက်နက်ကိုင်လူတထောင့်ငါးရာနှင့်ချက်တဖြုတ်ချီသွား၍ ဥဒေါင်လှတပ်သို့ရောက်လျှင် တပ်မချပဲ သမိန်သံလိုက်တပ်ကိုတိုက်သည်၊ သမိန်သံလိုက်တပ်ပျက်လေ၏။ သမိန်သံလိုက်လည်း မြင်းဦးတွင်ပင် သေလေ၏။ သမိန်သံလိုက်တပ်ပျက်လျှင် သမိန်ဇိပ်ခြဲတပ်ကို တိုက်သည်၊ ပျက်ပြန်လေ၏၊ သမိန်ဇိင်ခြဲတပ်ပျက်လျှင် သမိန်လွတ်တပ်ကို ႏုတိုက်သည်။ ပျက်ပြန်လေ၏။ သမိန်လွတ်တပ် ပျက်လျှင် ရဲခေါင်စံကျော်တပ်ကိုတိုက်သည်၊ ပျက်ပြန်လေ၏။ သမိန်ဇိပ်ခြဲ၊ သမိန်လွတ်၊ ရဲခေါင်စံကျော်တို့သုံးဦးလည်း မြင်းနှင့် အပြင်းခွာသောကြောင့် လွတ်လေ၏။ သေနတ်ဝန် မင်းကျော်ပျံချီ၊ မင်းလှ ရွှေတောင်တို့လည်း ဥဒေါင်လှတပ်တွင် ရလိုက်သည့် လူသုံးရာကျော်၊ မြင်းနှစ်ဆယ်၊ သေနတ်တရာကျော်များကို သိမ်းယူ၍ ဆက်ရလေ၏။ ။ဘဝရှင်အလောင်းမင်း

တရားကြီးဘုရားလည်း အားရတော်မူ၍ ဗိုလ်မှူးတပ်မှူး သူရဲသူခက်တို့ကို အထိုက်အလျောက် ဆုပေးတော်မူ၏။

ယင်းသောအခါ မှူးရိုးတလျောက်အကြေအညာ၊မြောက်ဘက်တလွှား ရောက်လာသမျှ တလိုင်းတို့လည်း ညောင်လှပျက်ကြောင်းကို ကြားလျှင် ယခု ရွာသစ်ကြီးကိုလည်း သူကတိုက်နှင့်၍ ပျက်စီးလေပြီ။ သူ့ကို ရံမည် ငါတို့လာသည်၊ သူ့ကိုကားမရံရ၊ ငါတို့ကို သူကရံမည့်အဟန် ရှိချေသည်၊ အရှည်နေသော် မသင့်ရာချေဟု မှူးဆိုးပိုတပ်နှင့် မနီးရအောင် ခရီးကွေ့ရှာ၍ အဝသို့ချည်း ပြေးထွက်ကြလေ၏။ ။ယင်းသောအခါ အဝဗိုလ်မှူး ငွေခွန်ဝန်က ယခု ရွာသစ်ကြီးတပ် တိုင်အောင် မြန်မာတို့ ပေါက်ရောက်လာချေသည်။ ငါတို့ကချီစေသည့်တပ်ဦးလည်း လေးတပ်လုံးပျက်ချေသည်၊ခင်ဦးစား လက်ယာပျံချီနှင့် ပေါင်းရမည်။မြောက်ဘက်သို့ချီစေသည်ကိုလည်း မရပ်မနေဝံ့၊ ပြန်လာချေသည်၊ ကျောက်မြောင်းသို့ ချီစေသောတပ်ကို သူကဘိ၍လုပ်ကြံချေသော် အရေးပျက်ချိမ့်မည် အကြံဖြစ်၍ ကျောက်မြောင်းသို့ ချီစေသည့် အဲနရဲ၊ အဲကန်ကောင်းတို့တပ်ကို လိုက်သိမ်းပြန်ရ၏။

ထိုအခါ သက္ကရာဇ် (၁၁၁၄) တထောင့်တရာ့တဆဲ့လေးခု၊ တန်ဆောင်မုန်းလဆန်း ငါးရက်နေ့တွင် အလောင်းမင်းတရားကြီး ဘုရားကိုယ်တော်တိုင် နောင်တော် ညီတော် ဗိုလ်မှူးတပ်မှူးအပေါင်း သူရဲကောင်းဟူသမျှ ရွေးကောက်ခန့်ရန် စည်းကြပ်တော်မူ၍ ခင်ဦးတပ်ကို ချီတော်မူသည်၊ ရောက်လျှင် တပ်မတော်ကား ခင်ဦးအရှေ့ အင်ကြင်းကုန်းကရံတော်မူသည်၊ နောင်တော်ကြီးတပ်မှူကား တောင်မျက်နှာက ခင်ဦးတပ်ကိုတက်ရသည်၊ ယင်းသောအခါ ခင်ဦးစား လက်ယာပျံချီလည်း တောင်မျက်နှာကတပ်ကို အလုံခံစေပြီးလျှင် အရှေ့ကမြင်းနှင့်ထွက်၍ ဘဝရှင် အလောင်းမင်းတရားကြီးဘုရား စံနေတော်မူသည့် တပ်မသို့ လာသည်ကို သူရိန်ဒေဝသေနတ်နှင့်ပစ်သည်၊ မြင်းကို ကျည်သင့်၍ လည်းလေ၏၊ ခင်ဦးစားလည်း တပ်တွင်းသို့ ဝင်၍ မြင်းတစီးနှင့် ထွက်လာပြန်သည်၊ သူရိန်ဒေဝ သေနတ်နှင့် ပစ်ပြန်လေသည်၊ မြင်းတစီး လည်းပြန်လေ၏၊ နောက်တကြိမ်တွင် မြင်းစင်ရော်ဖြူကိုစီး၍ သေနတ်ရှိရာ ရှောင်လွှဲကာ မြင်းဘပ်တော်သို့ ဝင်၍ ပုဏ္ဏက ယောက်ျားကဲ့သို့ ဝံ့ဝံ့ရဲရဲ လက်ဝဲ လက်ယာ လှည့်ကာပတ်ကာ ထိုးသည်၊ မြင်းတပ်သားတို့ ကစီကာယင် အကွဲကွဲ ရှိချေ၏၊ ယင်းသို့မှ ဘဝရှင်အလောင်းမင်းတရားကြီးရှိရာ မြင်းကိုအပြင်း

လွတ်လာသည်နှင့် လက်နက်စွဲရမက်တော်အပေါင်းတို့ ထိုးခုတ်ပစ်ခတ်ကြသော်လည်း မဆုတ်မနစ် ချုံချုံဝင်လာသည်၊တပ်လုံးဆိမ့်သိမ့်လှုပ်ချေ၏၊ ယင်းသောအခါ အလောင်းမင်းတရားကြီး ဘုရားလည်း ဒါနေဘဲလူးအား သိကြားမြိမ်းသောအခါကဲ့သို့ ဝရဇိန်လက်နက်နှင့် တူသော လက်သုံးတော်ဓားကို အအိမ်မှချွတ်တော်မူ၍၊ နင်လည်းငချစ်ညို၊ ငါလည်း အလောင်းမင်း နင့်ကိုသာ ငါရှာသည် နင် ယောက်ျားကောင်း တပြိုင်းချဉ်းခဲ့ဟု ကြုံးကြုံးခံတော်မူသည်ကို ခင်ဦးစားမြင်လျှင် ဘုန်းရှိန်ကိုမခံဝံ့၍ တနာရီခန့်အမ်း၍ နေပြီးလျှင် မြင်းဦးလှည့်၍အပြင်းခွာလေ၏။ ။ယင်းသောအခါ မင်းလှစည်သူ၊ မင်းကျော်ပုံချို၊ မင်းလှရွှေတောင် တို့နှင့် ဗိုလ်မှူး တပ်မှူးတို့ကား နောင်တော်ကြီးတပ်သို့ ပါလေ၍ တောင်မျက်နှာက တပ်ကို တက်သည်၊ တပ်ထိပ်ကတပ်စီးတပ်နင်းတို့ခံ၍ ထိုးခုတ်ပစ်ခတ်သောကြောင့် မတက်နိုင်၍ ဆုတ်ရချေ၏၊ ယင်းတွင်ပင် နောင်တော်ကြီးလည်း ဆုံးချေ၏၊ ဘဝရှင်အလောင်းမင်းတရားကြီး ဘုရားလည်း နောင်တော်ကြီးဆုံးကြောင်းကိုကြားတော်မူလျှင် အလွန်ကြေကွဲတော်မူ၍ နှလုံးတော်မသာယာ ရှိသည်နှင့် အုပ်စည်းမပျက်ရမက်တော်တို့ကိုရုံး၍ ဆုတ်တော်မူခဲ့၏။

ခင်ဦးစားလည်း မှူးဆိုးပိုသားတို့သည် ယခု စစ်မသာ၍ဆုတ်လေသော်လည်း နောက်တကြိမ် အားသစ်၍ ချီလာပြန်လျှင် အရေးခက်ချိမ့်မည်၊ တလိုင်းတပ်နှင့် တွေ့လေရာမှာလည်း သူတို့ကသာ ပွဲလမ်းရချေသောကြောင့် အားတက်လှချေသည်၊ သူကမရောက်ခင်တင်၍ စစ်ကူတောင်းရမှ သင့်မည်အကြံဖြစ်၍ အဝဗိုလ်မှူး ငွေခွန်ဝန်သို့ စေလေ၏၊ စေဟန်ကား⋯မှူးဆိုးပိုသားတို့သည် ဘီလူးသဘက်အတူ ရက်ရောကြမ်းကြုတ်စွာ သူ့ရန်သူကိုတွေ့လျှင် အသားစားအံ့သကဲ့သို့ငွန့်ငွန့်စားစား ညီညီညာညာ မဆုတ်မနစ် စည်းစည်းကြပ်ကြပ် ရပ်ရပ်နေနေရှိလှချေသည်၊ စစ်နှစ်ဘက်ပြိုင်ဆိုင်တွေ့လေသမျှလည်း သူတို့ကသာပွဲလမ်းရချေသောကြောင့် နိုင်လိုကြက်ကဲ့သို့ အားတက်အင်မြောက်ရှိချေသည်၊ ယခု ခင်ဦးတပ်ကို အကြိမ်ကြိမ် ချီတက်လုပ်ကြံရာမပေါက်မမြောက်၍ မှူးဆိုးပိုသားတို့ပြန်သွားရလေသည်မှာလည်း ကျွန်ုပ်တို့က သားမယားကိုယ်ရေးဖြစ်၍ အသက်ကို စွန့်စားထမ်းရွက်ကြရသည်နှင့် တပ်လည်း လုံခြုံခိုင်ခန့် လှသောကြောင့်သာ အရေးမလစ်ရှိချေသည်၊ မှူးဆိုးပိုသားတို့သည် နှလုံးစိတ်ဝမ်းကြီးလှချေသည်၊ယခုသူတို့မှာလည်း လုပ်ရေးကြံရေးများသေးသောကြောင့်သာ ပြန်

လေသည်၊နောက်အားသစ်၍ ချီလာပြန်ချေသော် တပ်တွင်းသားတို့ စစ်ခေါင်းကျိန်းလှချေပြီဖြစ်၍ မှုဆိုးပိုသားတို့စွန့်စားရည်ကိုရှိသောကြောင့် နှလုံးစိတ်ဝမ်းငယ်ချိမ့်မည်၊ ယင်းသို့ ခံသော်လည်းမခံနိုင်ရာ၊ ဟံသာဝတီက စစ်ကြီးမရောက်မီ လက်နက်ကိုင် လူသုံးထောင်တန်သည်၊လေးထောင်တန်သည်၊ အလျှင်အမြန်ထပ်ဖြည့်ပါမှ ရပ်နေနိုင်ပါမည့်အကြောင်းနှင့်စေသောကြောင့် အဝဗိုလ်မှူး ငွေခွန်ဝန်က တလိုင်းသူရဲကောင်းသုံးထောင်ရွေး၍ ခင်ဦးတပ်သို့ချီစေသည်၊ ရောက်လျှင် ခင်ဦးတပ်နှင့် ကမ်းမှိုလှမ်းမှိုခံ့လောက်ဆိုင်တပ်ကြီးသုံးတပ်တည်၍ အခိုင်နေလေ၏။

ထိုအကြောင်းကို ဘဝရှင် အလောင်းမင်းတရားကြီး ဘုရား ကြားတော်မူလျှင် သားတော်ညီတော် ဗိုလ်မှူး တပ်မှူး အပေါင်းတို့ကို ခေါ်တော်မူ၍ လုပ်ရေးကြံရေးကို နှိုင်းရှည့်တော်မူလျှင် မင်းလှစည်သူ၊ မင်းကျော်ပျံချီ၊ မင်းလှရွှေတောင်စသော ဗိုလ်မှူး တပ်မှူးတို့ လျှောက်သည်ကား–ခင်ဦးစားငယ်သည်မဆွကလက်ရုံးကိုကိုး၍ထောင်ထားမိချေသောကြောင့် မသေဝံ့ ပန်းပြားပင်တွယ်တလိုင်းတို့ကိုခိုမှီရလေသည်၊ယခုလည်း ရွှေဘုန်းတော်ရှိန်ကို ခင်ဦးတပ်နှင့် ခံသော်လည်း မခံနိုင်ရာ အမှတ်ရှိ၍ တလိုင်းတို့ကို စစ်ကူ တောင်းသောကြောင့် အဝမြို့ဒစောင့် တလိုင်းဗိုလ်မှူး ငွေခွန်ဝန်က လက်နက်လူသူဖြည့်လောင်းသည့်အဟန်ရှိချေသည်၊မသေဝံ့သော ခင်ဦးစားငယ်သည် ပန်းပြားပင်နှင့် တူသော တလိုင်းတို့ တပ်ကို ခိုကိုး လေသော်လည်း ကျွန်တော်တို့ လက်တွင် ခံနိုင်မည်လော၊ ကျွန်တော်တို့ ဗိုလ်မှူးတပ်မှူးတစု ယခုပင်ချီ၍ ခင်ဦးတပ်ကို အရသိမ်းယူပါမည်ဟု လျှောက်ကြသော အရေးကို ဘဝရှင် အလောင်းမင်းတရားကြီးဘုရား ခွင့်ပြုတော်မူ၍ သည်ခါသော် ခင်ဦးတပ်ကို မရပဲ ဆုတ်ခွာခဲ့လျှင် ကြီးစွာသောအကွပ်တော်ကို ခံကြရမည်၊ ခင်ဦးစားငချစ်ညို၊ ညီငချစ်မြ၊ဘ–ငလုံးတို့ကိုရလျှင် မသေစေနှင့်အမိန့်တော်ရှိလျှင် သက္ကရာဇ် (၁၁၁၄) တထောင့်တရာ့တဆဲ့လေးခု၊ တန်ဆောင်မုန်းလဆန်းရှစ်ရက်အင်္ဂါနေ့ ညဥ့်နှစ်ချက်တီးကျော်၊ သားတော် ညီတော် ဗိုလ်မှူးတပ်မှူးတို့ မြင်းတရာ၊စစ်သည်သူရဲ သုံးထောင်နှင့်ချီ၍ မလင်းမီ ခင်ဦးတပ်သို့ရောက်လျှင် တပ်မချပဲ အနောက်တောင်ထောင့်က တပြိုင်နက်တပ်ရင်းသို့ကပ်၍ တပ်တိုင်ကိုတူးသူတူး၊ဖြတ်သူဖြတ်၊ တက်သူတက်၍ တဟုန်တည်း ဘိဘိစီးစီး ရှုပ်ရှုပ်ချုံချုံ လုပ်ကြံသည်ကို ခင်ဦးစား လက်ယာပျံချီလည်း ရိုတရောဖြစ်၍ မထွက်ဝံ့၊ တပ်တွင်းကကွပ်ကဲ၍သာနေ၏။ တပ်စီးတပ်နင်းတို့

လည်း အနောက်တောင်ထောင့်ကသာ ရန်သူရှိသည့်အမှတ်နှင့် တလုံးတည်း အနောက်တောင်ထောင့်ကိုသာဘိ၍ ခံလေ၏။ ယင်းသို့ကြိုက်တွင် မြောက်တံခါးက လူသုံးဆယ်လောက်သာ အစောင့်အနေ ရှိသည်ဖြစ်၍ မင်းလှစည်သူနှင့် မြင်းနှစ်ဆယ်ကျော် အနောက်ကလှည့်ပြီးလျှင် မြောက်တံခါးကိုတက်ဖွင့်၍ဝင်မိလျှင် တပ်တွင်းရှိသည့် အိမ်ရာများကို မီးတိုက်၍ တတပ်လုံးမီးတောက်လေလျှင် တပ်လည်းပေါက်သည်နှင့် ရဲမက်တော်အလုံး တပ်တွင်းသို့ချည်း ရောက်လေ၏။ ယင်းသို့ကြိုက်တွင် ခင်ဦးစားလက်ယာပုံ့ချီလည်း မိဘသားမယား ဆွေမျိုးစုံရာနှင့်သာ ထွက်ပြေးလေသည်ကို ဝေလီဝေလင်း နှင်းလည်းမှုန်သည်နှင့် မမိလိုက်၍ လွတ်လေ၏။

ယင်းသို့ ခင်ဦးတပ်ပျက်လျှင် တလိုင်းတပ်ကို တိုက်ပြန်သည်။ မခံနိုင်၍ တလိုင်းတို့တပ်လုံး အပြင်းဆုတ်ခွာလေ၏။ ရဲမက်တော်တို့လည်းတတိုင်ကျော်လောက်လိုက်၍ သတ်လိုက်သည်။ တလိုင်းအများသေလေ၏။ သုံးတပ်လုံးပျက်လျှင် ရဲမက်တော် ဗိုလ်မှူးတပ်မှူးတို့လည်း သုံ့ပန်းလူသူ၊ ဥစ္စာရွှေငွေ၊ ဆန်ရေစပါး၊ ကျွဲနွားများနှင့်တကွ ရလိုက်သည့် မြင်းတရာကျော် သေနတ်နှစ်ရာကျော်ကိုသိမ်းယူ၍ ပြန်ခဲ့၏။ ဘဝရှင်အလောင်းမင်းတရားကြီးဘုရားလည်း ရခဲ့သည့် သုံ့ပန်းခုနစ်ရာကျော်နှင့် မြင်း,သေနတ်များကို ဆက်လျှင် အားရတော်မူ၍ အသီးအသီး အထိုက်အလျောက် ဆုပေးတော်မူ၏။ ခင်ဦးစား လက်ယာပုံ့ချီလည်း ရုံးမိသမျှလူတို့နှင့် အနီးအပါးကျေးရွာများကို သိမ်းရုံးပြီးလျှင် မူးအနောက်ဘက် ကျွန်းတောကြီးတွင် တပ်တည်၍နေလေ၏။

ထိုအခါ ငါးစို့ဇင်ရွာမှာ တလိုင်းဗိုလ်မှူး အိန္ဒဗလကျော်သူ၊ဇင်လေးမှူးတို့ အဝပျက်စကပင် ဒလပန်းက မြင်းသုံးရာ လူငါးထောင်နှင့် ခန့်ထားစွဲရပ်စေသည်။ ယခုလည်း မြောက်ဘက်တခွင်မြို့ကျေးရွာ ရှမ်းကတူးမြန်မာတို့ကိုသိမ်းရုံး၍ လူနှစ်သောင်းကျော်နှင့် တပ်ကြီးတပ်ခိုင် တည်၍အခိုင်အလုံနေကြောင်းကို ဘဝရှင်အလောင်းမင်းတရားကြီးဘုရား ကြားသိတော်မူသောကြောင့် အသာအယာ စာ,လူစေလွှတ် ခေါ်စေသည်ကို ဗညားအိန္ဒဗလကျော်သူက ငါတို့မှာ မြန်မာလူမျိုးမှန်သော်လည်း ဟံသာဝတီက လာရောက်သည့်အမှုထမ်းဖြစ်သည်၊တလိုင်းမင်းသစ္စာကိုခံလေပြီးဖြစ်၍ မြန်မာလူမျိုးပင် ဖြစ်သော်လည်း အလောင်းမင်းတရားကြီး သစ္စာကို မခံသာပြီဟု လျှောက်လိုက်၏။

ထိုစကားကို ဘဝရှင်အလောင်းမင်းတရားကြီးဘုရား ကြားတော်မူ၍ ချီတော်မူမည်အမိန့်တော်ရှိသည်ကို သားတော် ညီတော် ဗိုလ်မှူးတပ်မှူး တစုတို့က ယခု ကျွန်တော်တို့နှင့် ဆိုင်ပြိုင်၍ တွေ့လေသမျှ တလိုင်းတို့က အရေးရဘူးသည်မရှိလေ၊ ငါးစို့ဇင်လေးရွာ ဗညားအိန္ဒဗလကျော်သူတို့ လူတသောင်းကိုးထောင်မျှနှင့် ခံလေသည်ကို ကိုယ်တော်တိုင် ချီလောက် သည်မဟုတ်ပါ၊ ကျွန်တော် သားတော် ညီတော် ဗိုလ်မှူးတပ်မှူးတို့ အရေး သာ ဖြစ်ပါသည်ဟု လျှောက်သည့်အရေးကို ဘဝရှင် အလောင်းမင်း တရားကြီးဘုရား ခွင့်ပြုတော်မူ၍ သားတော်သခင်အကြီး၊ သခင်အလတ်၊ ညီတော် သတိုးသိင်္ခသူတို့နှင့် ဗိုလ်မှူးတပ်မှူးတို့ကို မြင်း သေနတ် အလုံး အရင်း ပေးအပ်တော်မူ၍ မြင်းနှစ်ရာ၊ လူသုံးထောင်နှင့် သက္ကရာဇ် (၁၁၁၄) တထောင့်တရာ့တဆဲ့လေးခု၊ တန်ဆောင်မုန်း လပြည့်ကျော် တဆဲ့နှစ်ရက်နေ့ ချီရ၏။ ထိုလပြည့်ကျော် တဆဲ့လေးရက်နေ့ ဇင်ရွာ တပ်သို့ရောက်လျှင် တပ်မချပဲ ဗညားအိန္ဒဗလကျော်သူ တပ်ကို ကပ်၍ ပုဆိန်, တူးရွင်း, ကြိုးကွင်း, လှေကားနှင့် ခုတ်ဖျက်တူးဖြိုဆွဲငင်၍ တပ်သို့ တက်သည်ကို တပ်ထိပ်က တပ်စီးတပ်နင်းတို့ ထိုးခုတ်ပစ်ခတ် ခုခံသော် လည်း မခံနိုင်၊ ရဲမက်တော်အလုံး တပ်တွင်းသို့ချည်းရောက်လေ၍ တပ် အလုံးကို မီးတိုက်လျှင် ဗညားအိန္ဒဗလကျော်သူတို့ တပ်ပျက်လေ၏။ ။ ဗညားအိန္ဒဗလကျော်သူတပ်ပျက်လျှင် ဇင်လေးမှူးတပ်ကို တိုက်သည်၊ပျက် ပြန်လေ၏။ ။ဗညားအိန္ဒဗလကျော်သူ၊ ဇင်လေးမှူးတို့ကား မြင်းနှင့် အလွတ်ခွာလေသောကြောင့် လွတ်လေ၏။ ။သားတော် ညီတော် ဗိုလ် မှူး တပ်မှူးတို့လည်း သုံ့လူယောကျ်ား မိန်းမ နှစ်ထောင်ကျော်နှင့် မြင်း, သေနတ်, အမြောက်, စိန်ပြောင်း, ဓား, လှံထက်နက်များကို သိမ်းယူပြီး လျှင် ပြန်ခဲ့၍ ရသည့် သုံ့လူ မြင်း လက်နက် ဘဏ္ဍာတော်များကို ဆက် လျှင် ဘဝရှင်အလောင်းမင်းတရားကြီးဘုရားလည်း အားရတော်မူ၍ အ ထိုက်အလျောက် ဆုပေးတော်မူ၏။

ယင်းကမှ ရာဇာဓိရာဇ်အမည်ခံသောအဝအမှုထမ်းဟောင်းသည် အပ မပျက်မီလျှင် ရွာသစ်ကြီးတွင် ဆင်ငါးဆယ်၊ မြင်းငါးရာ၊လူငါးထောင် နှင့် နေရာက အဝပျက်လျှင် ရေဦးကုန်းဘက် အရပ်တွင် တပ်ကြီးတည်၍ အခိုင်နေလေသည်ကို ဘဝရှင် အလောင်းမင်းတရားကြီး ဘုရား ဓားလှံ မတုံး နှလုံးဖြင့်သာ အရေးပြီးစေလို၍ အသာအယာ ခေါ်စေသည်၊ ရာ ဇာဓိရာဇ်လည်း အလောင်းမင်းတရားကြီးသို့ဝင်လည်းခက်၏၊မဝင်လည်း

ခက်၏ နှလုံးပိုက်၍ နေ့ရက်အကြာ မလာ မရောက်နေသောကြောင့် ဘဝ ရှင်အလောင်းမင်းတရားကြီး ဘုရားသည် သားတော် ညီတော် ဗိုလ်မှူး တပ်မှူး အပေါင်း သူရဲကောင်း နှစ်ထောင် မြင်းနှစ်ရာနှင့်၊ သက္ကရာဇ် (၁၁၁၄) တထောင့်တရာ့တဆဲ့လေးခု၊နတ်တော်လဆန်းတရက်၊တနင်း လာနေ့၊ ချီတော်မူလျှင် ရာဇာဓိရာဇ်လည်း အလုပ် အကြံကို မခံဝံ့၍ အလုံး အရင်းဖြင့် မြေဒူးမြို့ အနောက်မြောက်အရပ် အင်တိုင်းတွင် တပ်တည်၍ နေလေ၏၊ဘဝရှင်အလောင်းမင်းတရားကြီးဘုရားလည်း ယေကျွား မိန်းမ သုံ့ပန်း တထောင်ကျော် စပါးသုံးသောင်းကျော်များကို သိမ်းယူ၍ ပြန် တော်မူခဲ့၏။

## တပ်မျှားဖွဲ့ခြင်းနှင့် အမည် တော်မူခြင်း

ထိုအခါ သက္ကရာဇ် (၁၁၁၄) တထောင့်တရာ့တဆဲ့လေးခု၊ ကဆုန် လမှစ၍ နတ်တော်လတိုင် ရှစ်လအတွင်းတွင် ရှေးဦး တလိုင်းသုံးထောင် ကိုအောင်တော်မူလိုက်သည့်ပွဲ။ ။ထိုနောက် တလိုင်းလေးသောင်းငါး ထောင်ကို အောင်တော်မူလိုက်သည့်ပွဲ။ ။ထိုနောက် မြောင်းဝန်းတပ် ကို အောင်တော် မူလိုက်သည့်ပွဲ။ ။ထိုနောက် ရွှေပေါင်လောင်တပ် ကို အောင်တော်မူလိုက်သည့်ပွဲ။ ။ထိုနောက် ခင်လတ်တပ်ကို အောင် တော် မူလိုက်သည့်ပွဲ။ ။ထိုနောက် ရွာသစ်ကြီးတပ်ကို အောင်တော် မူလိုက်သည့်ပွဲ။ ။ထိုနောက် ညှောင်လှတပ်ကိုအောင်တော်မူလိုက်သည့် ပွဲ။ ။ထိုနောက် ခင်ဦးတပ်ကို အောင်တော်မူလိုက်သည့်ပွဲ။ ။ထိုနောက် ငါးရှိတပ်ကို အောင်တော်မူလိုက်သည့်ပွဲ။ ။ထိုနောက် ရေဦးကုန်းဘက် တပ်ကို အောင်တော်မူလိုက်သည့်ပွဲ။ ။ထို ဆယ်ပွဲတွင် ရတော်မူသော သုံ့ လူ,မြင်း,သေနတ်,အမြောက်,စိန်ပြောင်း လက်နက် ကိရိယာများကို ရွေးချယ်စိစစ်တော်မူပြီးလျှင် လက်နက်ကိုင်ငယ် တဆယ်လျှင် တကြပ်၊ ဆယ်ကြပ်လျှင် တတပ်မှူး၊ ဆယ်တပ်မှူးလျှင်တဗိုလ်၊ စစ်ကဲနှစ်၊ နာခံနှစ်၊ တပ်ရေးနှစ်၊စည်းကြပ်တော်မူသည်၊အမြောက်၊စိန်ပြောင်း၊ သေနတ်ကိုင်၊ လှံကိုင်၊ ဓားစွဲ၊ လေးစွဲ၊ တင်ကျည်းစွဲ၊ ခွဲဝေဖွဲ့တော်မူသည်။

မူဆိုးပိုနေရင်းအမှုထမ်းတို့ကိုလည်း လက်ဝဲကြောင်းလေးမှူး ဓနုစက် နှင့် ရွှေလေးငါးရာ၊ ဓနုသိပ္ပကျော်၊ ဓနုဇေယကျော်၊ ဓနုရန်အောင် ကျော်၊ ဓနုလျှပ်တို့နှင့် လက်ယာကြောင်း ရွှေးလေးငါးရာ၊ နှစ်စုရွှေလေး

တထောင် ဖွဲ့တော်မူသည်။ ။အမှုထမ်း သူရဲ သူခက်တို့ကိုလည်း စေ့ငှ အောင် စိစစ်တော်မူ၍ အဝတ်အစား မြင်းဆုပေးတော်မူ၏။ ။ရဲဘော် ကျွန်တော်ရင်း မြင်းရည်တက် ခြောက်ကျိပ် ရှစ်ယောက် တို့တွင်လည်း မပေါက်မခြောက်ခင်သည့် လူတကျိပ် သုံးယောက်ပြင် ကျန်လူငါးကျိပ် ငါးယောက်တို့ကိုသည်း အမှုတော်ကိုသက်စွန့်ကြိုးပမ်းထမ်းရွက်ပေသည်၊ ဘွဲ့ဦးရ ခုနစ်ယောက်သာရှိလေသေးသည်ဟု မြင်းရည်တက်ဗိုလ်မှူးတပ်မှူး တို့ကိုလည်း ဘွဲ့အမည် သနားတော်မူသည်။ ။လေးဆဲ့ခြောက်ရပ်၊လေး ဆဲ့ခြောက်ခေါင်းတို့ကိုလည်း ဘွဲ့အမည်သနားတော်မူသည်၊ အရပ်ရပ် သိမ်းရ သုံ့လူတို့ကိုလည်း ကျေးကျွန်မပြုစေရ အသီးအသီး မျိုးရိက္ခာပေး ၍ အိမ်ရာချထားနေထိုင်စေသည်။

## တည်တောတပ်နှင့် ကျောက်ကာတပ်များကို အောင်တော်မူခြင်း

ထိုအခါ အဝမြို့မှာ ယမန် ခင်လတ်တပ်က ထွက်ပြေး လေသည့် သမိန်လွတ်၊ ရဲခေါင်စံကျော်တို့က ယခုမှုဆိုးပို ထောင်ထားလေသည် ကို နှိမ်နင်းမည် ငါတို့အကြိမ်ကြိမ် လုပ်ကြံသည်၊ သူ့ကိုကား မနှိမ်နင်းရ သူကနှိမ်နင်း၍ ငါတို့ပြေးရသည်သာ များလှချေသည်၊ ယင်းသို့သော် လည်း ရှုံးယောင်မူ၍လည်း နိုင်တတ်၏၊ နိုင်ယောင်မူ၍လည်း ရှုံးတတ်၏၊ ယင်းသို့သောကြောင့် ရှုံးသည်ဟူ၍ အားမချသာချေ၊ အားမချပဲ ဆင် ဦး မြင်းဦးတွင် သေရခြင်းသာလျှင် ယောကျ်ားကောင်းတို့ပွဲ ဖြစ်သည်၊ သည်ခါသော် အနောက်ဘက်ကြောင်း ဆင်လုံးမြင်းရင်းနှင့် ချီတက်ပြီး လျှင် မူးအနောက်တခွင် မြို့ကျေးရွာများကို အကုန်သိမ်းရုံး၍ တည်တော က အခြေအနေပြုပြီးလျှင် မှုဆိုးပိုကိုရအောင် မိုးခို၍တိုက်မည်၊ ခံနိုင်မည် လောဟု အဝဗိုလ်မှူး ငွေခွန်ဝန်ကိုဆိုလျှင် ငွေခွန်ဝန်လည်း သမိန်လွတ်၊ ရဲခေါင်စံကျော်တို့ဆိုသော အရေးကိုကြိုက်၍ ဗညားလကွန်းအိမ်နတတပ်၊ ဗညားလောတတပ်၊ သမိန်လွတ်တတပ်၊ ရဲခေါင်စံကျော်တတပ်၊ မဏ္ဍရာ ဗိုလ်တတပ်၊သည်ငါးတပ်တွင်ပါသည့် မြင်းတထောင်၊သေနတ်တထောင် စစ်သည်တသောင်းနှင့် မူးအနောက်ဘက်ကြောင်းချီရ၏။ ကျောက်ကာ စားသခက် ရုံးခါးစားမူကား ကျောက်ကာ၊သာစည်၊အမြင့်၊ ဗဒုံ၊ဒီပဲယင်း မြန်မာလက်နက်ကိုင် တသောင်းငါးထောင်၊ မြင်းတထောင်၊ သေနတ် တထောင် သိမ်းရုံးစည်းကြပ်၍ အလျင်ချီသော တလိုင်းတို့တပ်နှင့်ပေါင်း

၍ နှစ်စု သေနတ်နှစ်ထောင်၊ မြင်းနှစ်ထောင်၊ စစ်သည်သူရဲ နှစ်သောင်းငါးထောင်နှင့် တည်တောတွင် တပ်ကြီးတပ်ခိုင် တည်လုပ်၍ အခြေပြုလေ၏။

ထိုအကြောင်းကို ဘဝရှင်အလောင်းမင်းတရားကြီးဘုရား ကြားတော်မူလျှင် သားတော် ညီတော် ဗိုလ်မှူး တပ်မှူးတို့ကို ယခု တည်တောတွင် တလိုင်းတို့က တပ်ကြီးတည်လုပ်သည်ဟု ကြားတော်မူသည်၊ တည်တောက အခြေပြုမည် အားသစ်၍ကြံသည့်အဟန် ရှိချေသည်ဟု အမိန့်တော်ရှိလျှင် လျှောက်ကြသည်ကား····ယခု တလိုင်းတို့ တည်တောက စွဲရင်လာသည်မှာ အခြေမဖြစ်ခင်အလျင်ချီတက်၍ သိမ်းယူဆက်သပါမည်၊တလိုင်းတို့ကား အကြိမ်ကြိမ် စစ်ရှုံးချက်နာလှသောကြောင့် အားနှင့်လျော့လျော့ရှိလေပြီ၊ ကျွန်တော်တို့ ချီတက်လုပ်ကြံရလျှင် အလွယ်တကူ အရေးတော်ပြီးမည်ဟု လျှောက်သောအရေးကို ကြိုက်တော်မူ၍ ခင်လတ်ဗိုလ် မင်းကျော်စည်သူတတပ်၊ မှူးဆိုးချုံဗိုလ် မင်းလှရွှေတောင် တတပ်၊ ဆင်နင်းဗိုလ်နန္ဒကျော်ထင် တတပ်၊ ယင်းပါဗိုလ် မင်းလှကျော်ခေါင် တတပ်၊ ယင်းတောဗိုလ်ဗလကျော်ထင် တတပ်၊သေနတ်ဝန် မင်းကျော်ပျံချီတတပ်၊ သည်ခြောက်တပ်တွင် မြင်းသုံးရာ၊စစ်သည်သူရဲခြောက်ထောင်၊ ညီတော်သတိုးသိခ်သူတပ်တွင် မြင်းတရာ၊ စစ်သည်သူရဲတထောင်၊ သားတော်နှစ်ပါးတပ်တွင် မြင်းနှစ်ရာ၊ စစ်သည်သူရဲနှစ်ထောင်၊ စည်းကြပ်ခန့်ရန်ပြီးလျှင်တပ်တော်မချီမီ ငါးရက်ကတည်တောတပ်သို့ပါလေသောမြန်မာတို့ကို စိတ်ကွက်စိမ့်မည် မြင်းသုံးဆယ်စေ၍၊ ဗဒုံ၊ ငပယင်း၊ ကင်းစမ်းမြို့ကျေးရွာများကို မီးရှို့စေသည်၊ မီးကိုမြင်လျှင် တည်တောတပ်တွင်ရှိနှင့်သည့် မြန်မာတို့ကား ငါတို့သားမယားကို မှူးဆိုးပိုက သိမ်းယူလေပြီ အမှတ်ရှိ၍ နှလုံးဝမ်းငယ်လေ၏၊ ယင်းသို့မှ သက္ကရာဇ် (၁၁၁၄) တထောင့်တရာ့တဆဲ့လေးခု၊ နတ်တော် လဆန်း ခုနစ်ရက်နေ့ မှူးဆိုးပိုမြို့ကချီတက်စေသည်၊ လဆန်းရှစ်ရက်နေ့ နံနက်၊ တည်တောတပ်သို့ ရောက်လျှင်ဉာလိုင်းတို့တပ်ပေါ်တွင် အခါမဟုတ်ဲကောင်းကင်က ကျီးငှက်ပြိုသည်၊ ယင်းသို့ကြိုက်တွင် အနောက်မျက်နှာ တောက်မျက်နှာက တပ်သို့ကပ်မိလျှင် တပ်တွင်းရှိသည့် မြန်မာတို့ ထွက်လေအသံပေး၍ တဟုန်တည်းတက်သည်၊ တပ်တွင်းရှိသည့်မြန်မာတို့လည်း လက်မထူပဲ၊ လက်နက်ကိုချ၍ တည်တောတပ်က ထွက်ရှောင်လေလျှင်၊ တလိုင်းငါးတပ်သားတို့လည်း မခံနိုင်၍ အဆီးအတားမရှိ၊ တပ်လုံးပြို၍ ပျက်လေ၏၊ သေလေ

သည့်လည်းများ၏၊ ဗညားလကွန်းအိမ်၊ ဗညားလော၊ သမိန်လွတ်၊ ရဲခေါင်စံကျော်၊ မတ္တရာဗိုလ်၊ ရုံးခါးစားတို့ကား၊ မရုံးမစည်းနိုင်၊ အကွဲကွဲ တပ်ကထွက်ပြေး၍ လွတ်လေ၏။ ယင်းသို့မှ သားတော်ညီတော် ဗိုလ်မှူး တပ်မှူးတို့ပြန်ခဲ့၍ တည်တောတပ်တွင်ရသည့် အမြောက်ခုနစ်ဆဲ့ကိုး၊ သေနတ်သုံးရာ့ သုံးဆယ်၊ မြင်းတရာကျော်၊ သို့ပန်းမိန်းမယောကျ်ား သုံးထောင်ကျော်ကို သိမ်းယူပြန်လာခဲ့၍၊ ပါသည့်အမြောက်,မြင်း,လူများကို ဆက်လျှင် ဘဝရှင် အလောင်းမင်းတရားကြီး ဘုရား အားရတော်မူ၍ အထိုက်အလျောက် ရဲဆုပေးတော်မူ၏။

ထိုအခါ သေနတ်ဝန်တို့နှင့် တဝက်တပ်ကို မပြန်စေပဲ ကျောက်ကာ သို့ချီရလေ၏။ ကျောက်ကာတွင် ဗညားအိမ်နှင့် တလိုင်းငါးထောင်စွဲရပ် ရှိနေနှင့်သည်ကို မူဆိုးပိုမ္ဗြိတော်က ချီလာသည်ကြားလျှင် ကျောက်ကာ သား မြန်မာတစုတို့က တလိုင်းတို့ကို လုပ်ကြံနှင့်လေ၍ ကျောက်ကာတွင် တလိုင်းတို့ တယောက်မကျန် သေကြေထွက်ပြေးရာ ရလိုက်သည့် မြင်း, သေနတ် လက်နက်ကိရိယာများကို ကျောက်ကာသားတို့ သိမ်းယူဆက် သပြီးလျှင် ကျောက်ကာအရေးတော်ပြေကုန်၍ သေနတ်ဝန်နှင့် ဗိုလ်မှူး တစုတို့ ပြန်လာခဲ့၍ ရသည့် သေနတ်,မြင်း,လူများကိုဆက်လျှင် အားရ တော်မူ၍ အသီးအသီး အထိုက်အလျောက် ဆုပေးတော်မူ၏။

ဘဝရှင်အလောင်းမင်းတရားကြီးဘုရားလည်း ငါယခု ရည်ကြံတော် မူသည့်အတိုင်း အောင်မြင်တော်မူ၍ သားတော်အစဉ် မြေးတော်အဆက် သာသနာတော်ကို ချီးမြင့်ထိုက်သည်မှန်မူကား ထင်ရှားသော တိတ်ကြီး နိမိတ်ကြီးကို ပြစေသော-အဓိဋ္ဌာန်ပြုတော်မူလျှင် သက္ကရာဇ် (၁၁၁၄) တထောင့်တရာ့တဆဲ့လေးခု၊ နတ်တော် လပြည့်ကျော် တဆဲ့သုံးရက်၊ တနင်္ဂနွေနေ့ မြေကြီးငလျင် ပြင်းစွာ တနေ့တည်း ခုနစ်ကြိမ်လှုပ်၏။ ထို အခါ ကောင်းမှုတော် ရွှေဂူကြီးဘုရား ချရားသီးတခြမ်းပြိုသည်ကို ပြင် လုပ်တော်မူ၍ ရွှေလုံးတော်ပြည့်မွမ်း၏။ ရွှေတန်ဆာ၊ သက်တော်ရှည်၊ သက်တော်ရစေသောဘုရားရှင်တို့ကိုလည်း ရွှေတန်ဆောင်၊တံခွန်၊ကုက္ကား မုလေးပွား၊ ထီး၊ တံခွန် ပူဇော်တော်မူ၏။ ရဟန်း သံဃာတော်မြတ်တို့ အား ဆွမ်းစသော ပရိက္ခရာရှစ်ပါးအစုံ လှူတော်မူ၍ ခုနစ်ရက်တိုင် အောင် သဘင်ခံတော်မူ၏။

အထူးထူးသော တိုင်းကြီးပြည်ကြီး ထီးဆောင်းမင်းများသခင် ရွှေ တွင်း,ငွေတွင်း, ပတ္တမြားတွင်း, ပယင်းတွင်းစသော ရတနာအပေါင်း

တို့၏အရှင် စတုတ္ထရတနာပူရ မြို့တည်နန်းတည် ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများသခင် အသျှင် ဘဝရှင် မင်းတရားကြီးဘုရား လက်ထက်တော် သက္ကရာဇ် တထောင့်တရာ့ကိုးဆဲ့တခု၊ နယုန်လဆန်း တရက်နေ့ကစ၍ ရဟန်းပညာရှိ, ပုဏ္ဏားပညာရှိ, မှူးမတ်ပညာရှိတို့နှင့် အထူးထူးသော ရတနာတို့ဖြင့် ဆန်းကြယ်သော မှန်းနန်းတော်၊ ဆောင်တော်ဦး၊ နန်းမ စနှ၌ နိုင်းညှိ၍အသင့်ယုတ္တိ ကျမ်းဂန်အာဂုံများနှင့်အညီ သုတ်သင်စီရင် တော်မူသော ဒုတိယ မဟာရာဇဝင်တော်ကြီး စတုတ္ထထုပ် ပဌမတွဲ ၌ တွင်ရွှေ ပြီး၏။

---

## အလောင်းမင်းတရားကြီး တိုင်းခွင်လှည့်လည်တော်မူခြင်း

အဝအမှုထမ်းဟောင်း ရာဇာမိရာဇ်သည် မင်းခင်းတပ်သို့ဝင်ခြင်း
ချေစ်ညိုကို သေနတ်ဝန်တိုက်၍ ထွက်ပြေးခြင်း
သစ်ခေါက်တပ်ကို သေနတ်ဝန်တိုက်ရာ ဆုတ်ခဲ့ရခြင်း

သက္ကရာဇ် (၁၁၁၄) တထောင့် တရာ့ တဆဲ့လေးခု၊ တပို့တွဲလတွင် ဘဝရှင်အလောင်းမင်းတရားကြီးဘုရား များစွာသော ဗိုလ်မှူးတပ်မှူးသူရဲ သူခက် ရဲမက်တော်အပေါင်းခြံရံလျက် တိုင်းခွင်လှည့်တော်မူ၍ အနိမ့်၊ အမြင့်၊ ကျောက်ကာ၊သာစည်စသော မြောက်ဘက်တလွှား မြို့ရွာသူကြီး ခေါင်းအကြီးတို့ကို သစ္စာ ခံစေပြီးလျှင် ဗဒုံကျေး၊ ညောင်ကန်ရွာတွင် လက်နက်ကိုင် လူသုံးထောင်နှင့် သေနတ်ဝန် မင်းကျော်ပုံချိုကို အစောင့် ခန့်ဘော်မူ၍ပြန်တော်မူခဲ့၏။ထိုအခါ ကွေ့ဂုဏ္ဏအိန်ညီငနက်လည်း သစ္စာ တော်ခံ၍ သေနတ်ဝန်တပ်တွင် အမှုတော်ကို လိုက်ထမ်းရ၏။ ။ယင်း သောအခါ အင်တိုင်းအရပ်တွင်ရှိနေသော ရာဇာမိရာဇ်လည်း ယခု မူဆိုး ဝိုမင်းက မြောက်ဘက်တခွင် မြို့ရွာများကိုသိမ်းယူ၍ လက်နက်နိုင်ငံပြုလေ ပြီ၊ ယခုနေသော အင်တိုင်းအရပ်သည် ငချစ်ညိုနေသော ကျွန်းတောကြီး တပ်နှင့် နီးချေသည်၊ ရှေ့သို့ဖမ်းယူလာမည်မချွတ်၊ ယခုက ပြောင်းခွာရ မှသင့်မည် အမှတ်ရှိ၍ အင်တိုင်းတပ်ကပြောင်း၍ အလုံးအရင်းနှင့် မင်း ခင်းတပ်သို့ ဝင်လေ၏။ ယင်းကမှ ကန္နီတိုင်အောင် ဆင်း၍ အရှေ့ဘက် အနောက်ဘက် မြို့ရွာများကို မီးထင်းတိုက်ရှို့ သိမ်းယူပြီးလျှင် ကန္နီတွင် နေလေ၏။ ထိုအကြောင်းကို သေနတ်ဝန် မင်းကျော်ပုံချိုကြားလျှင် ကန္နီ သို့ချီသည်။မရောက်ခင် ကန္နီကပြောင်း၍ မင်းခင်းတွင်နေမြဲနေပြန်လေ၏။

ထိုအခါ ကျွန်းတောကြီးသားတို့မှကား ခင်ဦးစားကိုအားပြု၍ သစ္စာတော်မခံနေသည်ကို ဘဝရှင်အလောင်းမင်းတရားကြီးဘုရား ကြားတော်မူလျှင်ခင်ဦးစားကိုအရဖမ်းလေဟုသေနတ်ဝန် မင်းကျော်ပျံချီရှိရာ ညောင်ကန်တပ်သို့ စေတော်မူလျှင် သက္ကရာဇ် (၁၁၁၅) တထောင့်တရာ့တဆဲ့ငါးခု၊ကဆုန်လဆန်းငါးရက်နေ့ လက်နက်ကိုင် လူနှစ်ထောင်နှင့် သေနတ်ဝန် မင်းကျော်ပျံချီ ညောင်ကန်တပ်ကချီ၍ ကျွန်းတောကြီးတပ်ကိုတိုက်လျှင် တပ်တွင်းသားတို့ မခံနိုင်၍ ကျွန်းတောကြီးတပ် ပျက်လေ၏။ ။ ခင်ဦးစားလည်း မိဘသားမယား ဆွေမျိုးနှင့်ထွက်ပြေး၏။ ရာဇာဓိရာဇ်ရှိရာ မင်းခင်းမြို့သို့ ဝင်လေ၏။

ထိုအကြောင်းကို ဘဝရှင် အလောင်းမင်းတရားကြီးကြားတော်မူလျှင် ရာဇာဓိရာဇ်သည်ငါ၏ရန်သူတော်ဖြစ်သော ခင်ဦးစားချစ်ညိုကိုလက်ခံသိမ်းထားလေသည်၊ ရာဇာဓိရာဇ်နှင့်တကွ ချစ်ညိုကိုမထွက် မလွတ်စေရ ဖမ်းလေဟု သေနတ်ဝန်မင်းကျော်ပျံချီရှိရာ ညောင်ကန်တပ်သို့ အမိန့်တော် ပြန်လေ၏။ ။သေနတ်ဝန် မင်းကျော်ပျံချီလည်း ကဆုန်လဆန်းဆယ်ရက်နေ့ လက်နက်ကိုင် လူနှစ်ထောင်နှင့် မင်းခင်းသို့ အပြင်းချီလေသော် မင်းခင်းမြို့တောင် ပန်းသေချောင်းရေကိုကူး၍ ချောင်းတဘက်သို့ တက်မိလျှင် ရာဇာဓိရာဇ်,ခင်ဦးစားတို့လည်း မခံဝံ့၍ မင်းခင်းတပ်က ထီးလင်းစော်ဘွားညီ ကျေန်နေရာ သစ်ခေါက်တပ်သို့ ပြေးဝင်လေ၏။

ထိုအကြောင်းကို ဘဝရှင်အလောင်းမင်းတရားကြီးဘုရားကြားတော်မူပြန်၍ ကျေန်နှင့် တကွ လူပြေးတို့ကို တွေ့မိအောင် လိုက်လံဖမ်းဆီးရမည်ဟု သေနတ်ဝန်မင်းကျော်ပျံချီရှိရာ မင်းခင်းတပ်သို့ အမိန့်တော်ပြန်ရ၏။ ။သေနတ်ဝန်မင်းကျော်ပျံချီလည်း လက်နက်ကိုင် လူနှစ်ထောင်ကျော်နှင့် သစ်ခေါက်တပ်သို့ ချီသွားလေသော် ရာဇာဓိရာဇ်ခင်ဦးစားတို့လည်း သစ်ခေါက်တပ်တွင် မနေဝံ့၍ တောင်ငူရာဇာရှိရာ ပိုန်မွဲပိုမြင့်ကို အမှီအမှီပြုမှ ချမ်းသာမည် အမှတ်ရှိသဖြင့် ယောကျောက်ကာသို့ ပြေးလေ၏။

ထိုအခါ သေနတ်ဝန်မင်းကျော်ပျံချီသည် သစ်ခေါက်တပ်သို့ရောက်၍ ချဉ်းကပ် ကြည့်ရှုလျှင် သစ်လုံးပတ်တဘက် အရပ်တဆဲ့ငါးတောင် မြဲမြံခိုင်ခန့်စွာ ဆောက်လုပ်သည့်တပ်ကိုမြင်လျှင် ဆုတ်၍ သေနတ်တလှမ်းခန့်ကွာကစွဲရပ်သည့်တွင် နံနက်လေးချက်တီးအချိန်ကသည့် နံနက်တချက်တီးတိုင်အောင် တပ်ထိပ်က မိုးရွာ၏သို့ ပစ်ဖောက်သည့် အမြောက် စိန်ပြောင်း လက်နက် ထူထပ်လှသောကြောင့် အထိအပါးများချေ၏၊ ယင်း

ပါ ဗိုလ်မင်းလှကျော်ခေါင်လည်း ဆုံးချေ၏၊ ထိုအခါ ဗိုလ်မှူးမင်းကျော်ပျံချီလည်း ယခုငါတို့ခွာချေသော် သူကလိုက်ထပ်ချိမ့်မည်ဟု အမှတ်ရှိ၍ သေနတ်လုလင် ခြေသည်သူရဲကိုအလျင်ဆုတ်နှင့်စေ၊ ယင်းသို့မှမြင်းတပ်နောက်က အုပ်၍လိုက်လေ၊ ခြေသည်တယောက်မျှ သူကရသည် ကြားရလျှင် မြင်းတပ်သားတို့ကို စီရင်မည့် အကြီးအကြပ်တို့ကို ဆင့်ဆိုပြီးလျှင် ဗိုလ်မှူးမင်းကျော်ပျံချီနောက်အုပ်၍ စည်းစည်းကြပ်ကြပ် ဆုတ်ခွာခဲ့သည့်နှင့် တပ်တွင်းသားတို့မြင်လျှင် ထွက်၍လိုက်သည်ကိုရဲခြင်းနှင့် ပြည့်စုံသော စစ်သည်တော်တို့လည်း ခြေလှမ်းမရွေ့ ပြကတေ့သာဆုတ်ခွာခဲ့၍ ဗိုလ်မှူးမင်းကျော်ပျံချီနောက်က တလား့နှစ်လား လှည့်ကာ့ပတ်ကာ မြင်းရေးကစား၍ လိုက်သည်ကို တပ်တွင်းသားတို့ မြင်လျှင် မလိုက်ဝံ့၍ပြန်လေ၏။ ။ယင်းသောအခါ ထီးလင်း စော်ဘွားမှုကား သည်တွင် အရှည်နေချေသော် မှုဆိုးပိုကချီလာချိမ့်မည်အမှတ်ရှိ၍ ထီးလင်းက ခွာပြီးလျှင် မြစ်သာနားမှာနေလေ၏။

## ကွေ့ဂုဏ္ဏအိန်တို့က တလိုင်းများကိုသတ်ခြင်း

ထိုအခါ မတ္တရာအုတ်ဖို အရပ်တွင် နေသော ကွေ့ဂုဏ္ဏအိန်တို့က တလိုင်းတို့သည် ယမန်တွင် ငါတို့တပ်ကို တိုက်လာသည့်ကာလ ငါတို့လည်း အားမတန်၍ ရှောင်ရှားနေရသည်နှင့် လက်နက်ကိရိယာများကို ယူသွားလေသည်၊ လူလည်းအများသေသည်၊ သည်ခါသော် တလိုင်းတို့ကို လက်စားချေမိအောင် လှည့်ဖြားသွေးခေါ်၍ သတ်မည် ကြံပြီးလျှင် အဝမ္ဗိုစောင့် တလိုင်းဗိုလ်မှူး ငွေခွန်ဝန်သို့စေလေ၏။ ။ဧဟန်ကား.... ယမန်တကြိမ် ဗိုလ်မင်းတပ်မင်းများ ချီလာသည့်ကာလ စစ်ဦးဘီလူးပါဖြစ်ချိမ့်မည်ကို ကြောက်လှ၍ လူကြီးတစု အတွေ့မခံဝံ့၊တောတောင်ပုန်းလျှိုးနေပေသည်၊ ကျွန်ုပ်တို့တွင် ရှိသော လက်နက်ကိရိယာ များလည်း ကျွန်ုပ်တို့နှင့် မထိုက်တန်ပေ၊ ယခုဗိုလ်မင်း တပ်မင်းများ ချီလာလျှင် ဝှက်ထားသမျှ လက်နက်ကိရိယာများကို တခုမကျန် ကုန်စင်အောင် ဆက်သ၍ သစ္စာခံပါတော့မည်ဟု ကွေ့တို့ကစေသည်ကို တလိုင်းတို့ကယုံကြည်၍ သံလျှေနှစ်ရာ လက်နက်ကိုင် လူငါးထောင်နှင့် မတ္တရာအုပ်ဖိုသို့တလိုင်းတို့ ချီလာသည်ကို ပိုဝအရပ်သို့ ရောက်လျှင် အုတ်ဖိုရောက် မချီလာနှင့်တော့ မြို့သူရွာသားတို့ အလျင်ကကြောက်ရှိန်နှင့် မငြိမ်မဝပ် ထိပ်လန့်ပါတော့မည်ဖြစ်၍ ပိုဝအရပ်တွင် သစ္စာခံပါတော့မည်ဟု ဆိုပြီးလျှင် တဲ

ကန္တားဆောက်ပေး၍ အပျို့အငှာ ကျွေးမွေးတွက်နပ်သည်ကို တလိုင်းတို့လည်း အယုံအကြည် ဝမ်းမြောက် ဝမ်းသာ သောက်စား ကြသည်နှင့် ယစ်မူးမေ့လျော့သည့်အခိုက်တွင် တောထဲက ဝှက်ထားသော ကွေ့လဝတို့ထွက်၍ တလိုင်းတို့ကို ခုတ်သတ်လျှင် တလိုင်းမိုလ်မှူး တပ်မှူး ဒေါဗညားအများသေလေသည်၊ လှေနှစ်ရာကျော်နှင့်ပါသည့် လက်နက်ကိရိယာများကိုလည်း ကုန်စင်အောင် သိမ်းယူလေသည်။

### ကွေ့ဂုဏ္ဍာအိန်၏လူတို့ကို ကွပ်တော်မူ၍ အမှုထမ်းတို့အား စားကျေးမြို့ရွာ အရာအထူးပေးခြင်း

သည့်ကဲ့သို့ ဘဝရှင်အလောင်းမင်းတရားကြီးသို့လည်း ကွေ့ဂုဏ္ဍာအိမ်က သစ္စာတော်ခံ၍ အမှုတော်ကို ထမ်းပါမည် အကြံ ရှိသည့်အတိုင်း မဆွကပင် ညီငနက်ကို ခြေရင်းတော်မှာမြဲပါစေသည်ဟု တရုပ်ဝန်ဆိုသူ စစ်ကိုင်းနေကျော်သူတို့ လူသုံးရာဒလောက်နှင့် စေလာသည်ကို တဲကန္တားနှင့် ကောင်းမွန်စွာ ကျွေးမွေးနေထိုင်စေပြီးလျှင် ဘဝရှင် အလောင်းမင်းတရားကြီးဘုရားလည်း ရာဇဂုဏ်နှင့် ပြည့်စုံတော်မူသည် ဖြစ်၍ စုံစမ်းတော်မူသည်တွင် မဖြောင့်ကြံသည်ကို အတပ်သိတော်မူလျှင် တယောက်မကျန် ဖမ်းဆီးသတ်ညှစ်ရမည် အမိန့်တော်ရှိ၍ ဖမ်းဆီးရ၏။ ထိုအခါ တရုပ်ဝန်ဆိုသူက ယခု ရွှေမြို့တော် တည်မည်ဆဲဆဲဖြစ်ပါသည်။ အရှေကျုံးတော်တမျက်နှာတာခံ၍ အမှုတော်ကို ထမ်းရွက်ပါမည့်အကြောင်းနှင့် လျှောက်သော်လည်း နိုင်ငံတော်တွင် ကျုံးတူးမြို့လုပ် ရှားသည်မဟုတ်၊ နင်တို့ကဲ့သို့သော သူလိမ်သူကောက်ကို အရှင်မထားကောင်းဟု ကွပ်တော်မူလေ၏။ ။ညောင်ကန်တပ်သို့ပါလေသည့် ငနက်ကိုလည်း မိုလ်မှူး မင်းကျော်ပျံချီသို့မှာ၍ သတ်ရလေ၏။ ။ထိုနေ့မှစ၍ ကွေ့လဝတို့ ဧရာဝတီမြစ် အနောက်ဘက်သို့ မကူးမလာဝံ့၊ ကြောက်ရွံ့လေ၏၊

ဘဝရှင်အလောင်းမင်းတရားကြီးဘုရားကား ထူးမြတ်သောဘုန်းပါရမီ ရှိတော်မူသည်နှင့်အညီ သစ္စာ,ဓမ္မ, ဓိတိ, စာဂ–ဟူသော ရန်အောင်ကြောင်းတရားလေးပါး၊ သဿမေဓ,ပုရိသမေဓ,ဝါစာပေယျ, သမ္မာပါသ–ဟူသော သင်္ဂဟတရားလေးပါးကို မပြတ် သိမ်းဆည်းတော်မူသောကြောင့် ရန်သူတော်အပေါင်း မကောင်းသောအကြံအစည်ဖြင့် ကြံစည်ငြားသော်လည်း မပေါက်မမြောက်သည်သာ ဖြစ်၍ မျက်နှာတော်ရည်လေရာ အရေးတော်ပြီးစီးအောင်မြင်တော်မူ၍ ဆိုအပ်ခဲ့ပြီးသော ပွဲဆယ်

ပွဲတွင် တည့်တောတပ်ကို အောင်တော်မူသည့်ပွဲ၊ ကျောက်ကာတပ်ကို အောင်တော်မူသည့်ပွဲ၊ ကျွန်းတောကြီးတပ်ကို အောင်တော်မူသည့်ပွဲ၊ မင်းခင်းတပ်ကို အောင်တော်မူသည့်ပွဲနှင့်သော် တဆဲ့လေးကြိမ်ဖြစ်သော အောင်ပွဲတော်တွင် သက်စွန့်ကြိုးပမ်း ထမ်းရွက်ပေသော သားတော်, ညီတော်,ဆွေတော်, မျိုးတော်,ဗိုလ်မှူး,တပ်မှူး, သူရဲသူခက်, ရဲမက်ကျွန်တော်မျိုး, လေးဆဲ့ခြောက်ခေါင်းအမှုထမ်း, မြို့နေရွာသားတို့ကို အမှုတော်ကို အရှည်ထမ်းကုန်နိုင်အောင် မြို့ပြကျေးရွာ၊ အရာအထူး၊ ရွှေ,ငွေ အဝတ်အစား၊ မြင်းနွားလယ်ယာ အထိုက်အလျောက် ချီးမြှင့်ပေးကမ်း ပြုစုတော်မူသည်။

အသက်ခြောက်ဆယ်ရှယ်ရှိသော လူအိုလူကြီးတို့ကိုလည်း တိုင်းမင်းမှ မရှိစေရ၊ ကိုယ်စားတော် စေတီပုထိုး ဗောဓိ ညောင်တော်များမှာ သင်ပုတ်ရေချမ်း ညောင်ရေသွန်းလောင်းရမည်၊ တနေ့မပြတ် ကျောင်းဘုရားသွားရမည်၊ အခါအခါ ဝါတွင်းဝါပ ဥပုသ်ပဥ္စသီဆောက်တည်ရမည် ရွေးကောက် ခန့်ထားတော်မူသည်။ ကျောင်း,ဘုရားသွား လူကြီးငါးရာကျော်ရသည်ကိုလည်း အဝတ်ပုဆိုး,စပါး, ကြေးငွေသုံးလောက်အောင် ပေးကမ်းကျွေးမွေး ပြုစုတော်မူသည်။ ။ထိုအခါ မြို့တော်ပတ်လည် ရှိနေကုန်သော ရဟန်းရှင်လူ ပြည်သူအပေါင်းတို့သည် ပဒေသာပေါက်ဘိသကဲ့သို့ အလွန်ဝပြောသာယာ စည်ပင်လေသတည်း။

## ရတနာသိင်္ခမြို့ကို တည်တော်မူခြင်း

ဘဝရှင် အလောင်းမင်းတရားကြီး ဘုရားလည်း မြို့နန်းတည်တော်မူမည် ကြံရည်တော်မူ၍ သားတော် ညီတော် ဆွေတော် မျိုးတော် မှူးတော် မတ်တော် ရဟန်းပညာရှိ လူပညာရှိတို့ကို ညီလာသဘင် ဖြစ်စေလျက် အမိန့်တော်ရှိသည်ကား····ရတနာပူရအဝပြည်ကြီး ပျက်စီး တိမ်းယိမ်းခဲ့လျှင် ဘေးလောင်းတော်တို့၏ အရိုက်အရာ မဟာထာဝရ မြန်မာ့ဦးစွန်းထွန်းရာဖြစ်သော တိုင်းကြီးပြည်ကြီးစင်လျက် ရာဇသုညကာလဝိပတ္တိ ကြုံချေ၍ ပရိယတ် ပိဋကတ်စာပေ၊ မွေတော်ဓာတ်တော်မြတ်၏ ကိန်းဝပ်ရာ ရဟန်းသံဃာ သာသနာတော်မြတ်၏ ခြေကြီး မြစ်ကြီးဖြစ်သော နိုင်ငံတော်အလုံးသည် အစည်းမဲ့သော ဝါးကဲ့သို့ မင်းတည်းဟူသော စိုးကွပ်ခြင်းမှ ဆိတ်လေသောကြောင့် ရဟန်းရှင်လူ ပြည်သူသတ္တဝါအပေါင်းတို့ ကြီးစွာသော ဘေးဘယသို့ ရောက်ရလေသည်ကို ငါအရှင် ကေ

ရာဇ် မင်းမြတ်သည် စရိယသုံးပါး တရားကို ထောက်ရှုတော်မူ၍ မင်းဖြစ်တော်မူသည်နှင့်အညီ မဟာသမ္မတမင်းမှစ၍ မပြတ်သော အသင်္ခိန္နခတ္တိယနွယ်မျိုး နေနန်းရိုးအစစ် ဖြစ်တော်မူသော ဘေးလောင်းတော်တို့၏ အရိုက်အရာကို ငါဆက်စံစိုးအုပ်တော်မူ၍ ရဟန်းရှင်လူ ပြည်သူသတ္တဝါ သာသနာတော်မြတ် စီးပွား သားတော်အစဉ် မြေးတော်အဆက် မြစ်တော်အညွန့် တိုင်အောင် ဆောင်တော်မူမည် ရည်ကြိုတော်မူသည့် အတိုင်း သာသနဒါယကာ ငါကေရာဇ် ဖြစ်တော်မူထိုက်သည် မှန်၍ ရန်သူတော် တို့ကို လှံတင်ဆောက်ကာ ပြီးမြောက်အောင်မြင်တော်မူသည်နှင့်အညီ ဘေးလောင်းတော် တို့၏ အရိုက်အရာ မြန်မာမင်းတို့၏ အမွန်ဖြစ်သော တကောင်း ပြည်ကြီး၊ သရေခေတ္တရာပြည်ကြီး၊ အရိမဒ္ဒနာပြည်ကြီး၊ ဝိဇယပူရပြည်ကြီး၊ ဇေယပူရပြည်ကြီး၊ ရတနာပူရပြည်ကြီးတို့ကို အစဉ်ွာ ထီးရိုး,နန်းရိုး စိုးမိုးစိုက်ထူတော်မူသော ပြည်ထောင်မင်းဖျား မင်းတရားတို့ကဲ့သို့ ရဋ္ဌင်ခုနစ်ပါးနှင့် ပြည့်စုံစွာ မြို့နန်းဘည်တော်မူမည် အကြံတော်ရှိသည်၊ ထာဝရမြို့ကြီး တည်ထောင်တော်မူမည်ဆိုသည့်အရာလည်း ရန်အပေါင်းတို့ကို အောင်ရာဖြစ်သော အောင်မြေ အောင်ရပ်ကို အလွန်ရခဲသည်၊ယခုငါတို့မူဆိုးဝိုမြို့တော်သည် ဘူမိလက်သန် မြေကြန်ကောင်းမြတ်သည် မှန်၍ ဗိုလ်ခြေ လေးသောင်း, ငါးသောင်း ချီတက်ဝန်းရံလာသော တလိုင်းစစ်သည်တို့ကို အနည်းငယ်သာဖြစ်သော လေးဆဲ့ခြောက်ခေါင်း ကျွန်တော်ရင်းတို့နှင့်သာ အလွယ်တကူအောင်တော်မူလိုက်သည်၊ ယင်းသည့်အောင်မြေက ချီတက်လုပ်ကြံလေသမျှ အရပ်ရပ် ရန်သူတော်တို့ကိုလည်း အောင်တော်မူသည်သာဖြစ်၍ အခြားအောင်မြေရှာဘွေရတော့မည်မဟုတ်ပြီ၊ ထာဝရ ဇင်္ဂမစသော ကိန်းခန်းကာလ သင့်-မသင့် ရာ-မရာ အခါတော်ကိုသာ ပညာရှိတို့က ရွေးချယ်ဆက်သွင်းရမည် အမိန့်တော်ရှိလျှင်။ ။သားတော် ညီတော် ဆွေတော် မျိုးတော် မှူးတော် မတ်တော်တို့က ယခုပြည်ထဲ အရေးကို ထောက်လျှင် ရှေ့သို့လုပ်ရေးကြံရေး များသေးသည်ဖြစ်၍ ထာဝရမြို့ကြီး နန်းကြီး အဖြိုးအခိုင်တည်လုပ်ရသည်ဖြစ်မှ ကိုယ်တော်တိုင် တိုင်းခွင်လည်တော်မူ၍ အစဉ်နိုင်ငံတော်ဖြစ်သော တိုင်းကြီး ပြည်ကြီး ထီးဆောင်းစော်ဘွား မြို့စားအပေါင်းတို့ကို သိမ်းရုံးတော်မူရာ နေပြည်တော်တွင်ရှိနေရစ်သော ရဟန်းရှင်လူ ပြည်သူအပေါင်းတို့ စိတ်ဝမ်းလုံခြုံရာဖြစ်ပါမည်။ သို့ရာတွင် ထာဝရကိန်း,ဇင်္ဂမကိန်း ဆိုသည်မှာ အရေးနှင့် ပြက်

ပြက်ဖြစ်၍ နှစ်,လ အရှည် ဖြည်းဖြည်း ဆိုင်းဆိုင်း ငံ့လင့်ရွေးချယ်ရမည် မဟုတ်ပါ၊ နေ့ရက်မရှည် ငြိုးပြေလွယ်သည်ဖြစ်မှ အဝ စစ်ကိုင်းစသော နိုင်ငံဘော်အလုံး မြို့ကြီး ပြကြီးများကို သိမ်းယူတော်မူ၍ ဟံသာဝတီတိုင် အောင် ချီတက်လုပ်ကြံတော်မူရပါမည်ဟုလျှောက်သောအရေးကို ကြိုက် တော်မူ၍ ပညာရှိတို့က ရာဇဌာနီ မြို့ကြီး နန်းကြီး တည်လုပ်ရာသော ထာဝရကိန်း မကြိုက်ချေသေးဟုလျှောက်သော်လည်း အရေးပြုတော်မမူ ၀ါ ဇင်္ဂမကိန်းတွင်ပင် ရန်အောင်ရာသောဇာတာစဉ်းလက် နေ့ရက်နက္ခတ် စသည်တို့ကိုသာ ရွေးချယ်လျှောက်ထားရမည်အမိန့်တော်ရှိသည့်အတိုင်း မှူးမတ် ပညာရှိ ပုဏ္ဏားပညာရှိတို့ လျှောက်သည်ကား–

ဘေးလောင်းတော် ပုဂံနရပတိစည်သူ မင်းတရားကြီး တိုင်းခွင် လှည့် တော်မူသောအခါ ဤအရပ်သို့ရောက်တော်မူလျှင် ငပိုအမည်ရှိသောမှူးဆိုး အား ပိုမြေနယ်နိမိတ်အပိုင်းအခြားပေးအပ်၍ ဗောင်းဝန်းတိုက်အရပ်တွင် ဗောင်းဝန်းတော်ကို ထားသည်၊ စံကားကိုးဆူ အဝင်ဖြစ်သော ရွှေတန် ဆာဘုရားရှင်လည်း ဤအရပ်တွင် ခြင်္သေ့မင်းစစ် ဖြစ်တော်မူရာ သာသ နာငါးထောင်ကုန်အောင် ထွန်းပ ပွင့်လင်းရာအရပ်ဖြစ်မည်ကို မြင်တော် မူ၍ ကိန်းဝပ်တော်မူလိုသော ပြာဋိဟာကို ပြတော်မူသောကြောင့် ရွှေ တန်ဆာ ဘုရား တည်တော်မူခဲ့သည်၊ အဝမင်းတို့ လက်ထက် အဝမြို့သို့ ပင့်၍ မဟာမြတ်မုနိဘုရားဘွင် သွင်းထားကိုးကွယ်တော်မူသည်ကို ကိန်း ဝပ်တော်မမူ၊ မူဆိုးပိုသို့သာ ကြွတော်မူသည်။ ထိုအတူ အကြိမ်ကြိမ်ပင့် သော်လည်း အဝတွင် ကိန်းဝပ်တော် မမူသောကြောင့် မဟာမြတ်မုနိ သုမင္ဂလာစရပ်တွင် သံကွန်ရက်ပတ်လည်ကာရံလျက် အရှေ့သို့မျက်နှာတော် ရည်၍ထားသော်လည်း မြောက် မူဆိုးပိုမြို့သို့သာ မျက်နှာတော် ရည်၍ နေတော်မူသည်၊ ထိုအကြောင်း နိမိတ်များကို ထောက်လျှင် ဘုမိဇာလ မန္တန်ရသော ကပိလရှင်ရသေ့၏ သင်္ခမ်းတော်ရာ လက်ယာရစ်လှည့်၍ ရောက်သောနွယ်မြက်တို့ဖြင့် တင့်တယ်သောအောင်မြေအရပ်၌ နေသော သမင်,ဒရယ်,ယုန်ငယ်တို့သည် တပါးအရပ်မှလာသောခြင်္သေ့,သစ်,ကျား သားရဲတို့ကိုလျက် အောင်နိုင်သကဲ့သို့ ရွှေချက်တော် သိုမြှုပ်ရာ နှစ်ရာ ပြု မူဆိုးပို မြို့တော်သည် ဘူမျာဓိပတိ၊ ဘူမိဥတ္တဋ္ဌ၊ မြေမျှားသေဌ်နင်း၊ မြေ မင်း မြေမြတ်မှန်၍ ရန်သူအပေါင်းတို့ကို အလွယ်တကူ အောင်တော်မူ သော ပုဗ္ဗနိမိတ် ပြာဋိဟာ ထင်ရှားပြသည်နှင့်အညီ ကပိလဝတ်ပြည်ကြီး ကို ထီးနန်းမြို့ပြ အစတည်ထောင်တော်မူသော ဥက္ကာမုခမင်းကြီးမှ နွယ်

တော်မြင့်ညောင်း ရှစ်သောင်းမကာ စည်ပွားသကဲ့သို့ သားတော်အစဉ် မြေးတော်အဆက် မြစ်တော်အညွန့် အစွန့်ရှည်စွာ သာသနဒါယကာ မဟာဓမ္မရာဇ်မင်းချည်းဖြစ်မည်ဟုလျှောက်ပြီးလျှင် ရဟန်းပညာရှိ ပုဏ္ဏား ပညာရှိ,ပူးမတ်ပညာရှိတို့ ညှိနှိုင်းတိုင်ပင်၍ မြို့နန်းတည်ရာ ရွေးချယ် ဆောက်သွင်းသည့်အခါတော်ကား....

* အောင်မြေမင်္ဂလာ၊ သုနာပရန္တ၊ တိုင်းမအချက်၊ ဘူမိနက်တွင်၊ မဟာရာဇဌာနီ ရွှေမြို့တော်ကြီး ရွှေထီး ရွှေနန်း တည်တော်မူမည်မှာ.... သာသနာတော်(၂၂၉၇) နှစ်ထောင့် နှစ်ရာ့ကိုးဆဲ့ခုနစ်၊သက္ကရာဇ်ကော ဇာ (၁၁၁၅) တထောင့် တရာ့ တဆဲ့ငါးခု၊ ပဌမ ဝါဆိုလပြည့်ကျော် ခြောက်ရက်၊ ကြာသပတေးနေ့သို့အဝင်၊ ညဉ့်သုံးချက်တီးကျော်၊ ငါးနာ ရီ၊ ပါဒ်ပြည့်၊ တဆဲ့တစ်ဗိဇနာ၊ ပြန်ပြည့်၊ ခရာပြည့်၊ ပြုဗ္ဗာဘဒြပိုဒ်နက္ခတ် တပါဒ်မွန်းတည့်၊ ပြိဿတွင် လက်နှင့် ဗုဒ္ဓဟူး,သောကြာ၊ မေရှန်တွင် တနင်္ဂနွေ၊ ကြကင့်တွင် ကြာသပတေး၊ တူတွင် ရာဟု၊ ဓနုတွင်စနေ၊ ကုံ တွင် တနင်္လာ၊ မိန်တွင် အင်္ဂါ ကြိုက်လျှက်၊ဗုဒ္ဓဟူးတြင်း၊ တနင်္လာ နဝင်း၊ လက်စီးနက္ခတ် လေးလုံးပါဒ်ပြည့်ထက် လက်စီးလျှက်၊ ကောင်းမြတ်သော မင်္ဂလာအခါတော်တွင် ရွှေအုတ်၊ ငွေအုတ်၊ ကြေးအုတ်၊ မိုးကြိုးအုတ်၊ ကြေးနီအုတ်၊ သံအုတ်၊ မြေအုတ် အုတ်မျိုးခုနစ်ပါးတို့ကို အရှေ့မျက်နှာ မြောက်စွန် ဗုဒ္ဓဟူးသား အလယ်ကြာသပတေးသား၊တောင်စွန် တနင်္ဂနွေ သားတို့ကို နေစေ၍ တပြိုင်နက် မြေစနစ်စေရာသည်ဟု ပညာရှိတို့ ဆက် သွင်းသော အခါတော်အတိုင်း....

၁ မြို့တာဝန်း နှစ်ထောင်ရှိသော မြို့တော်တဌာန။
၂ ငါးဆဲ့လေးဆောင်ရှိသော ရွှေနန်းတော် တဌာန။
၃ မြို့မှဆယ်တာကွာ အပြေတာနှစ်ဆယ်ရှိသောကျုံးတော်တဌာန။
၄ ကိုးဆဲ့ကိုးရပ် အမွန်ရှိသော ချောင်းတို့၏စီးဝင်ရာ မဟာနန္ဒာကန် တော် တဌာန။
၅ ဖွားတော်မူရပ် ရွှေချက်သိုစေတီတော် တဌာန။
၆ သာသနာတော်စောင့် နတ်တို့အားဗာလိနတ်စာပေးရာ နတ်ကွန်း တော်ကြီး တဌာန။
၇ နာရီတော် လျှောက်ကြားရာ ပဟိုရ် တဌာန။

ထိုခုနစ်ဌာနတို့ကိုအခါတော်အတိုင်း နေ့နံသင့်သောမင်းသား၊အမတ် ကြီး၊ ပုဏ္ဏားပညာရှိ၊ လူပညာရှိ၊ သူဌေး၊ သူကြွယ်၊ မိသုကာ၊ ကြိုးတိုင်း

ကြိုးကိုင်နှင့်တကွ အသီးအသီး လက်မှတ်ပေးအပ်ဆင့်ဆို၍ ရွှေပန္နက် ငွေပန္နက် ချမှတ်စေပြီးလျှင် ခုနစ်ဌာနကို တပြိုင်နက်တည်း မြေစ၍ စနစ်စေသည်။ ။မြို့တော်အရှေ့မျက်နှာမြောက်စွန်ဇာနန္ဒာတံခါး။ ။ထိုထောင်ဆင်ဖြူတံခါး။ ။ထိုတောင်သူဇာ တံခါး။ ။မြို့တော် တောင်မျက်နှာအရှေ့စွန် ကုန်းဘောင်တံခါး။ထိုအနောက်ရန်မျိုးနှိမ်တံခါး။ ။မြို့တော်အနောက်မျက်နှာ တောင်စွန် ဇေယျာ တံခါး။ ။ထိုမြောက် ကရဝိက်တံခါး။ ။ထိုမြောက်ရန်ကြီးအောင် တံခါး။ ။မြို့တော်မြောက်မျက်နှာအနောက်စွန် လိုင်သာတံခါး။ ။ထိုအရှေ့မုံအာတံခါး။ ။ထိုတံခါးဆယ်ရပ်နှင့်တကွ၊ တန်ဆောင်း၊ လမ်းခွ၊ ကျုံးတော် ကန်တော်၊ စေတီတော်၊ ရွှေနန်းတော်၊ ပဟိုရ်တော် နတ်ကွန်းတော် ခုနစ်ဌာနတွင် တဌာနလျှင် နေ့သင့်မင်းသားနှစ်၊သူဌေးနှစ်၊ သူကြွယ်နှစ်၊ ပုဏ္ဏားနှစ်၊ ဗိသုကာနှစ်၊ ပန်းရန်နှစ်၊ မြင်းသည်နှစ်၊ ဆိုင်းနှစ်၊ အကနှစ်၊ စည်တော်တစုံ၊ နတ်ရကာပွဲရှစ်၊ နို့ခေါက်ရှစ်၊သင်ဖြူးရှစ်၊ စပါးမျိုး ခုနစ်မည်၊ ပဲမျိုးခုနစ်မည်၊ အုတ်မျိုး ခုနစ်မည်၊ ရွှေတူးရွှင်း၊ ငွေတူးရွှင်း၊ နတ်ပူဇော်တော်ပွဲ နှစ်၊ ဘုရားပူဇော်တော်ပွဲသုံး၊ တံခွန်၊ ကြက်လျှာ၊ ပန်းစိုက်မြူတာသုံးစီ အသီးအသီးအကြီးအကြပ် မှူးမတ်စီရင်သူ လုပ်လုကံကျွေး ပေးအပ်ဆင့်ဆိုတည်လုပ်ရသည်။

မြို့တော်မတည်မီ ခုနစ်ရက်ကပင် ခုနစ်ဌာနတွင် နေ့စဉ်ပွဲစုံ ခံရသည်၊ တဌာနလျှင် သင်္ဃာတော် ရှစ်ပါးစီ ပရိတ်မေတ္တာကမ္ဗဝါ ရွတ်ဘတ်ရသည်၊ အသီးအသီး မှူးကြီး မတ်လတ်တို့ပရိတ်တော်နာရသည်၊ ခုနစ်ဌာနတွင် အခါတော်စောင့် ပုဏ္ဏားတို့ စောင့်နေရသည်၊ အခါတော်ရောက်လျှင် ရုံးခတော်ကအမြောက်သံပေး၍ တညီတညွတ်တည်း ရွှေတူးရွှင်း ငွေတူးရွှင်းနှင့် မြေစနစ်ပြီးလျှင် ရွှေအုတ်စ၍ စီလုပ်ကြရသည်၊ အလုံးစုံ ပြီးပြေလျှင် "ရတနာသိင်္ဃကုန်းဘောင်ပြည်ကြီး" သမိုက်တော်မှုသည်။

## သာသနာကို ပြုစုတော်မူခြင်း

သက္ကရာဇ်(၁၁၁၅)တထောင့်တရာ့တဆဲ့ငါးခု၊ ပဌမဝါဆိုလကသည် သီတင်းကျွတ်လ တန်ဆောင်မုန်းလတိုင် စစ်မက်မရှိ၊မြို့လုပ်မြို့တာ လက်နက်ကိရိယာ၊စစ်ဝတ်တန်ဆာများကိုသာပြီးပြေပြည့်စုံအောင် လုပ်ဆောင်ကြရသည်၊ အရပ်ရပ် မြို့ရွာများက ဝင်ရောက်လာသမျှ လူတို့ကိုလည်း

အမှုထမ်းစေ သင့်သသူကို အမှုထမ်း၊ အရာထမ်းစေ သင့်သသူတို့ကို အရာထမ်း ရွေးချယ်သိမ်းပိုက် ပြုစုတော်မူသည်။ ။မြို့တော်ပတ်လည် မြို့ကျေးရွာနေ ကျွန်တော်မျိုး အပေါင်းတို့သည် တလိုင်းတို့ ရောက်ပေါက်သည့်ကာလ လုပ်အိုင်စကျင်းလယ်မြေကို ပစ်ထား၍ ခါးသွားနီးရာဝင်သလေသူတို့ လယ် မြေ ကန် ချောင်းများကို အမှုတော်ထမ်းတို့ကို လုပ်မြေပေးတော်မူနှင့်သည်မှာလည်း လယ်မြေ ကန် ချောင်းရှင်တို့ ရွှေဘဝါးတော်အောက် ဝင်ရောက်၍ သစ္စာတော်ခံလျှင် မိမိတို့ ကန်ချောင်းလယ်မြေများကို ဥစ္စာရှင်တို့ကို ပေးအပ်စေ၍ လုပ်စားကြရသည်။ မြောက်ဘက် ငါးစို့ ငါးရွာ၊ ကောလင်း၊ ဝန်းသို၊ အနောက်ဘက် ဗန့်ကိုကိုးဆဲ့ကိုးရွာ၊ ကန္နီမြို့၊ ဗဒုံမြို့၊ အမြင့်မြို့၊ ပုခန်းကြီးမြို့၊ မြေဒူးမြို့၊ ငရနဲမြို့၊ စည်ပုတ္တရာမြို့ ခေါ် သန္တိမြို့စသော မြို့ရွာနေ ဆင်းရဲသားတို့ တောအုံတောင်ကမ်း ပုန်းလျှိုးနေသူတို့ကိုလည်း မိမိတို့ မြို့ရွာသို့ ခေါ်သိမ်းဝင်နေစေ၍ သစ္စာတော်ကို ခံစေသည်။ မြို့တော်မှစ၍ အရပ်ရပ်မြို့ရွာများတွင် သိတင်းသုံးနေတော်မူကုန်သော အထူးထူးသော ဝါဒအလျောက် အသီးအသီး ပြုကျင့်သုံးဆောင်ကြကုန်သော ဂါမဝါသီ၊ ဦးထုပ်လုံး၊ ဦးထုပ်ပြား၊ မိုးကြိုးသွား၊ တာလပတ်နီပြု ဆောင်ရွက်ကြကုန်သော အယူမညီသောရဟန်း အပေါင်းတို့ကိုလည်း မိမိတို့ အယူဝါဒအသုံးအဆောင်တို့ကို ပယ်စေ၍ ဂုဏာဘိလင်္ကာရ အမည် ရှိသော တုံရွာရှင်ပင်ဘုရားကြီး၏ အယူဝါဒ အသုံးအဆောင်တို့ကို တချက်တည်း သုံးဆောင်ဆောက်တည်ကြရသည်။ ဒုကုဋ်တင်၊ သက်န်းရုံဟု နှစ်ဂိုဏ်းနှစ်သွယ် ရှိကြသည်မှာလည်း အကွဲအပြားမရှိစေရ အတုလယသမဟာဓမ္မရာဇာဓိရာဇဂုရု ဆရာတော်အား သာသနာပြုအပ်တော်မူ၍ ဒုကုဋ်တင်နွယ် တဂိုဏ်းတည်းသာ ဖြစ်စေ၏။ မြို့တော်မှစ၍ နိုင်ငံတော်ပတ်လည် မြို့ရွာများတွင် သားထိုး၊ နွားသတ်၊ နတ်ကိုး-နတ်တင်၊ ထမ်းရည်၊ အရက်၊ ကဇော်၊ လှော်ဇာ၊ ခေါင်ရည်၊ ဘိန်းဘင်း စသော မကောင်းသော အမှုအရာ တို့ကိုလည်း မသတ်မညှစ် မသောက်မစား မကိုးမကွယ်စေရ၊ ဆိုင်ရာ စစ်ကြော၍ပယ်စေရသည်၊ မြို့ရွာတွင် သားထိုး နွားသတ်တို့ကိုတွေ့လျှင်လည်း ဖမ်းဆီး၍ ဆုံးရှုံးအောင် စီရင်ရသည်။

အရပ်ရပ် မြို့ရွာများတွင် ခိုးသူခိုး၍ ဥစ္စာပျောက်လျှင် ပျောက်သည့် မြို့ရွာသူကြီး၊ ခေါင်းအကြီးတို့က ဥစ္စာရှင်ကို ပေးလျော်ရသည်။ တမြို့နှင့် တမြို့၊ တရွာနှင့်တရွာစပ်ကြားတွင် သူခိုးဓားပြတိုက်ခိုက်လုယူ၍ ဥစ္စာ

ပျောက်လျှင် တိုက်ခိုက်လုယူရာအရပ်နှင့် စပ်သည့် နှစ်မြို့နှစ်ရွာကိုတာထိုးစေ၍ ဥစ္စာပျောက်သည့်အရပ်နှင့် နီးသည့် မြို့ရွာသူကြီးတို့က ပျောက်သည့် ဥစ္စာတို့ကို ပေးလျော်ရသည်။

လယ်ယာ,ကိုင်းကျွန်း,စပါး, ပဲ,ပြောင်း, နှမ်း,ဂါများကို လုပ်ဆောင်ရိတ်သိမ်းသည့်ကာလ ကြက်သေတင်၍ ရိတ်သိမ်းရိုးရှိသည့် လယ်ယာ၊ ဝက်သေတင်၍ ရိတ်သိမ်းရိုးရှိသည့်လယ်ယာ ဟူ၍ မိစ္ဆာဒိဋ္ဌိအယူဖြင့် ကြက်ဝက်သတ်၍ လယ်နတ်,ရွာနတ် ပေးကြသည်များကိုလည်း လုံးလုံးပယ်စေ မြစ်တားတော်မူသည်။ မြစ်တားတော်မူလျက် ဆန်လွန်၍ပြုကျင့်သည့် ကြားတော်မူလျှင်လည်း အပြစ်အလျောက် ကွပ်ညှပ် စီရင်တော်မူသည်။ မြစ်တားတော်မူသည်မှစ၍ တနှစ်တနှစ်လျှင် နိုင်ငံတော်ပတ်လည်တွင် မရေမတွက်နိုင်သော ကြက်ဝက်တို့သည် ချမ်းသာကြကုန်သည်။

ဝိနည်းကျမ်းဂန် ရှိသည့်အတိုင်း မကျင့်မဆောင်သော ရဟန်းတို့ကိုလည်း မဟာဒါန်ဝန် မဟာဒါန်စာရေး ခန့်တော်မူ၍ မပြတ်မလပ်သုတ်သင်ရှင်းလင်း စစ်ကြောစေရသည်။

ဘေးလောင်းတော် သင်းကနက်လှေစကြာရှင်အလောင်းဖြည့်သူတည်တော်မူသော ကျော်လေးဆူအဝင် သိဟဠေဘာမြတ်စွာဘုရားကို လူဆိုးလူပျက်တို့ တူးဖြိုလေသည်ကိုလည်း တည်တော် မူအံ့သောငှာ ဘုရားသခင် ဆင်းတု ဓာတ်တော်မွေတော်များကို စစ်ကြောစုရုံး ထိန်းသိမ်းရမည်အကြောင်းနှင့် သိင်္ဃတောရွာသူကြီး ရဟန်းသင်္ဃာတို့ကို အမိန့်တော်စာအပ်၍ စစ်ကြောစုရုံး ထိန်းသိမ်းထားနှင့်ရသည်။ ပုဂံ နရပတိစည်သူမင်းကြီး ကုသိုလ်တော်၊ စံကားကိုးဆူ အဝင်ဖြစ်သော စည်ပုတ္တရာ ရွှေလင်းပင်ဘုရား၊ စမွန်းရွာ ရွှေစံကားဘုရား၊ လှထွေရွာ ရွှေစံကားဘုရားရှင်များကိုလည်း မြို့တော်သို့ ဆောင်တော်မူပြီးလျှင် ရွှေနန်းတော်ဦးတွင်ထား၍ မပြတ်မလပ် ရှိသေစွာ ကိုးကွယ်တော်မူသည်။

သားတော်အကြီးကို သတိုးမွေ့ရာဇာဟူသော အမည်ကို ပေးတော်မူသည်။ သားတော်အလတ်ကို သတိုးမင်းစော ဟူသောအမည်ကို ပေးတော်မူသည်၊ ညီတော်ကို သတိုးသိင်္ခသူဟူသော အမည်ကို ပေးတော်မူသည်။ သေနတ်ဝန် မင်းကျော်ပျံချိုကို မင်းလှမင်းခေါင်ကျော်၊ မင်းလှမွေ့တောင်ကို မင်းလှမင်းခေါင်ဘွဲ့ ကပ်တော်မူသည်။

## ကွေ့ဂုဏ္ဏအိန်ကို အောင်တော်မူခြင်း

ယင်းသောအခါ တောင်ငူရာဇာအမှုထမ်း ဗညား ဥပရာဇာဆိုသူလည်း ရွှေစက်တော်အောက် ရောက်၍ အမှုတော်ကို ထမ်းရ၏။ ။ ကွေ့ဂုဏ္ဏအိန်ကလည်း ဗိုသုံးဗိုတွင် တဗိုမင်းဖြစ်မည် သိုက်ရှိသည်-ဟူ၍လည်း သူတို့ ပြောဆိုကြသည်။ ယခုလည်း မူဆိုးဗိုမှာ ထီးနန်းတည်ထောင်မိချေပြီ။ ရွှေသို့ ငါတို့သို့ ချီလာမည်မချွတ်ဖြစ်သည်။ မလာမီက ရှောင်လွှဲမှ သင့်မည် အကြံရှိ၍ တောင်သုံးဆင့်သို့ ပြောင်းလွှဲ ပြီးလျှင် ရောဝတီမြစ်အရှေ့ဘက်မြို့ရွာ မြန်မာ,တလိုင်း,ကွေ့,လဝတို့ကို သိမ်းသွင်းပြီးလျှင် အခိုင်နေလေ၏။ ။ထိုအကြောင်းကို ဘဝရှင် အလောင်းမင်းတရားကြီးဘုရား ကြားတော်မူလျှင် ပင်လယ်ဂါမဏိကြီးတတပ်၊ မူဆိုးချုံဗိုလ် မင်းလှမင်းခေါင်တတပ်၊သေနတ်ဝန် မင်းလှမင်းခေါင်ကျော်တတပ်၊ မင်းလှကျော်သူတတပ်၊ သားတော်အကြီး သတိုးဓမ္မရာဇာတတပ်၊ သည်ငါးတပ်တွင် သားတော်သတိုးဓမ္မရာဇာ တပ်မပြု၍ မြင်းသုံးရာ၊ စစ်သည်သူရဲ သုံးထောင့်ငါးရာနှင့် ရောဝတီကိုကူး၍ တောင်သုံးဆင့်သို့ချီရသည်။

ယင်းသောအခါ ကွေ့တို့အကြီးဖြစ်သော ဂုဏ္ဏအိန်လည်း မိုးမြိတ်သို့ သစ္စာတိုက်သွားခိုက်ဖြစ်၍ တောင်သုံးဆင့်တပ်တွင် ရှိရစ်သောကွေ့,လဝတို့လည်း မူဆိုးဗိုက ချီလာကြောင်းကို ကြားလေလျှင် သားမယားတို့ကို တောတောင်ကျယ်နက်ရာ ဝှက်ထား၍ ယောကျ်ားသူရဲကောင်း၊ထိုးမဝင်ခုတ်မရ အာမခံလူသုံးရာစည်းကြပ်ပြီးလျှင် ခရီးအကျဉ်းကဆို့၍ ပုန်းကွယ်နေနှင့်၏၊ ထိုအခါ ရဲမက်တော်တို့လည်း လမ်းအကျဉ်းအမြောင်းတောင်ခါးပန်းကို လှည့်၍ချီရာ သာယာသောမြေအပြင်ကိုတွေ့၍ ဆင်မြင်းအင်အား ဖြည့်တင်းမည်ဟု မြင်းကဆင်း၍နေကြစဉ် ကွေ့ငကတ်ဆိုသူ လူတယောက် တည်းချင်း လှံတစင်းနှင့် ဦးစွန်းဝင်လာသည်ကို ပင်လယ်ဂါမဏိကြီးဆီး၍ လှံနှင့်တုပ်လိုက်သည်။ တတာလောက် စဉ်၍ကျလေသည်။ မစူးမရှထ၍ လှံရေးကစားသည်၊ ယင်းသို့ကြိုက်တွင် ပုန်း၍နေသော ကွေ့,လဝတို့ အကုန်ထွက်၍ ထိုးခုတ်လျှင် ရဲမက်တော်တို့လည်း စစ်မျက်နှာဖြန့်၍ မခံသာသောကြောင့် ကရဲကစဲ တောင်မြောင်ချောက်ကြားအများပင်ဆုံးချေ၏။ထိုအကြောင်းကို ဘဝရှင်အလောင်းမင်းတရားကြီးဘုရား ကြားတော်မူလျှင် ဗိုလ်မှူးတပ်မှူးတို့သည် ပေါ့လျော့ချေသောကြောင့်သာ ငါ့ကျွန်တော်မျိုးအများ ဆုံးပါးရချေသည်ဟု မူဆိုးချုံဗိုလ်

မင်းလှမင်းခေါင် စသော ဗိုလ်မှူးတပ်မှူးတို့ကို ခေါ်တော်မူ၍ အကျဉ်း ထားတော်မူ၏။

ထိုအခါ သားတော်အလတ် သတိုးမင်းစော လျှောက်သည်ကား.... ကွေ့ဂုဏ္ဏအိန်ငယ်သည် တောအုံတောင်ကမ်း လမ်းကျဉ်းတွင် ဆိုမိလေသောကြောင့် နွားခြေရာ တည်းဟူသော အရပ်ကို အမှီရသော ဘီလုံးဇက်ငယ်သည် စွန်ရဲကိုလျက် နိုင်ဘူးလေသကဲ့သို့ ဗိုလ်မှူး တပ်မှူး သူရဲသူခက် ရဲမက်တော်တို့သည် တောတောင်စဉ်းဝါး မသိ၍ တကြိမ်တခါ လိပ်လည်းခြင်း ဖြစ်ပါသည်။ သည်ခါသော် သေနတ်ဝန် မင်းလှမင်းခေါင်ကျော်တို့ကို အုတ်ဖိုကြောင်းချီစေမည်၊ ကျွန်တော်လည်း မိုးမြိတ်ကြောင်း ချီ၍ စစ်နှစ်ဘက် ညှပ်ဖမ်းဆီးပါရလျှင် ကွေ့ဂုဏ္ဏအိန်သည် နဂါးမူ၍ မြေကိုလျှိုးနိုင်သည်ဖြစ်၍ လက်တော်ကလွတ်နိုင်မည်လောဟု လျှောက်သည်ကို ဘဝရှင်အလောင်းမင်းတရားကြီးဘုရားကြားတော်မူလျှင် အမျက်တော်ပြေ၍ အကျဉ်းထားသော ဗိုလ်မှူးတပ်မှူးတို့ကို လွှတ်တော်မူပြီးလျှင် မှူးဆိုးချုံဗိုလ်မင်းလှမင်းခေါင်တတပ်၊ပင်လယ်ဂါမဏိကြီးတတပ်၊သေနတ်ဝန် မင်းလှမင်းခေါင်ကျော်တတပ်၊သည်သုံးတပ်တွင် မြင်းသုံးရာ၊သေနတ်တထောင်၊ စစ်သည်သူရဲ သုံးထောင်နှင့် အုတ်ဖိုကြောင်း၊ ။မင်းကျော်စည်သူ တတပ်၊ မင်းလှကျော်သူတတပ်၊ သားတော်အလတ် သတိုးမင်းစောတတပ် သည်သုံးဘပ်တွင် မြင်းသုံးရာ၊ သေနတ်တထောင်၊ စစ်သည်သူရဲသုံးထောင်နှင့် မိုးမြိတ်ကြောင်း စစ်နှစ်ကြောင်းခန့်ရန်စည်းကြပ်တော်မူပြီးလျှင် သက္ကရာဇ် (၁၁၁၅) တထောင့်တရာ့တဆဲ့ငါးခု နတ်တော်လဆန်းငါးရက်နေ့ ချီရသည်။

ထိုအခါ သေနတ်ဝန်တို့ ချီလေရာ သပြေချောင်းဖျား ရေနံ့သာမြို့သို့ ရောက်လျှင် ကွေ့တို့က ကင်းစမ်းလာသည့် မြင်းတရာနှင့်တွေ့၍ တိုက်ကြသည်တွင် ကွေ့တို့က မြင်းတဆယ်ကျော် သေလေလျှင် အပြင်းခွာ၍ ဒေါင်သုံးဆင့်တပ်သို့ ရောက်လျှင် ဗိုလ်ပါအင်အားများကြောင်း၊ သားတော်အသတ်နှင့်တကွ အုဘ်ဖိုကြောင်း မိုးမြိတ်ကြောင်း စစ်နှစ်ဘက်ညှပ်ချီလာကြောင်းများကို ဂုဏ္ဏအိန်သို့ပြောဆို၍ အကြောင်းမျိုးကို ကြားသိလျှင် အလျှင်တကြိမ် ချီဘက်သာသည်ကာသ နိုင်ရသည် ဆိုသော်လည်း တသောင်း လာသည်ကို တရာခံနိုင်သော လမ်းကျဉ်းတွင် တွေ့၍သာ မြန်မာစစ်သည်တို့ ဆုဘ်ခွာရလေသည်။ ယခုမှာ ရှေးအခါကဲ့သို့ အပေါ့

အလျော့ ချီလာမည်မဟုတ်၊ စစ်အားကြီး နှစ်ဘက်ညှပ် ချီလာချေသည်။ ငါတို့ ခံသော်လည်း မခံနိုင်ရာ၊ လာမည့်ဘေးကို အဝေးကမြင်မှဆိုသကဲ့သို့ ယခုက ရှောင်ရှားမှ သင့်မည် အမှတ်ရှိ၍ ရှမ်းပြည်သို့ တောအုံတောင်ကမ်းကြီးရာ ပြေးလေ၏။ ယင်းသောအခါ ကွေ့ဂုဏ္ဏအိန်လည်း ငါတို့ပြေးလေရာ မြန်မာ နောက်ထပ်ကပ်၍ လိုက်ချေသော် ရှောင်လွှဲခက်ချိမ့်မည်ဖြစ်၍ မလိုက်ဝံ့အောင် မြန်မာတပ်ကို ညှဉ့်ခိုးဝင်၍ ချက်တဖြုတ် လှန့်ချောက်ဦးမည်ဟု သီပေါမြို့တွင် တပ်တော်ချရပ်၍ အမှတ်မဲ့အိပ်နေခိုက် ကွေ့သုံးကျိပ် တိတ်တဆိတ် ဝင်ရောက်လာ၍ တပ်တွင်းသို့ရောက်မှ ထိုးခုတ်ပစ်ခတ်သောကြောင့် တပ်လုံး သောသော လန့်ချေ၏၊ ယင်းသို့မှ ကွေ့ဂုဏ္ဏအိန်လည်း တောင်းသုံးဆင့်တပ်ကရှမ်းပြည်သို့ ထွက်ပြေးလေ၏၊ ထိုအခါ သားတော်သတိုး မင်းစောစသော ဗိုလ်မှူး တပ်မှူးအပေါင်းစစ်နှစ်ကြောင်းသားတို့လည်း တောင်သုံးဆင့်တပ်သို့ရောက်လျှင် ကွေ့ဂုဏ္ဏအိန်တို့ကိုမတွေ့မမိလိုက်ချေ၍ တပ်တွင်ကျန်ရစ်သော လက်နက်ကိရိယာ သုံ့လူမိန်းမယောကျ်ားနှစ်ထောင်ကျော်ကို သိမ်းယူ၍ပြန်ခဲ့ရ၏။

## လောင်သာအရပ်တွင် တလိုင်းတပ်ကို အောင်မြင်ခြင်း

ယင်းသောအခါ အဝမှာ စစ်သူကြီး ငွေခွန်ဝန်၊ စစ်တောင်းဗိုလ်၊ လက်ယာဗိုလ်တို့က ယခုမူဆိုးပိုမှာထီးနန်းမြို့ပြအခိုင်အဖြိုး တည်ထောင်မိချေပြီဖြစ်၍ သူ့ကိုကားမရုံရငါတို့ကိုသူက ရုံလာချိမ့်မည်၊ ကွေ့ဂုဏ္ဏအိန်စသော အရှေ့ဘက် အနောက်ဘက်မြို့ရွာအလုံးကိုလည်း သူကသိမ်းပိုက်မိချေပြီ၊ ငါတို့လည်း မြောက်ဘက်တလွှား တောင်ဘက်တလွှား မြို့ကျေးရွာများကို သိမ်းသွင်းပြီးလျှင် အဝအောက်လောင်သာဟူသော အရပ်မှာတပ်ကြီးတပ်ခိုင်တည်၍ နောက်ထောက်ကျောခံအလုံးအရင်း သွင်းထားရသည် ဖြစ်မှသင့်မည်ဟု ရေဝတီ မြစ်တောင်ဘက် မြို့ ကျေးရွာ များကို သိမ်းသွင်း၍ အစောင့်အနေ ခန့်ရန် စည်းကြပ်သည် များကို ဘဝရှင်အလောင်းမင်းတရားကြီးဘုရား ကြားတော်မူလျှင် သေနတ်ဝန် မင်းလှမင်းခေါင်းကျော်ကို အလုံးအရင်းပေးအပ်တော်မူ၍ ချင်းတွင်းမြစ်ဆုံတွင် တပ်နှင့် အခိုင်နေရမည် ခန့်တော်မူ၍ ချီရသည်၊ နောက်လည်း မင်းလှမင်းခေါင်တို့ကို မူးဝမြစ်ဆုံရောက် ချီလာစေမည်၊ မင်းလှမင်းခေါင်တို့ တပ် မူးဝသို့ရောက်လျှင် စစ်နှစ်ကြောင်းပေါင်း၍ လောင်သာအရပ်တွင် စွဲရပ်ရှိနေသည့် တလိုင်းတပ်ကို တိုက်ရမည်ဟု မှာတော်မူလိုက်၏။

ယင်းသို့မှ မင်းလှ မင်းခေါင် တတပ်၊ မင်းကျော်တန်ဆောင် တတပ်၊ တောင်ငူရာဇာ အမှုထမ်းဟောင်း ဗညားဥပရာဇာတတပ်၊ ရဲစက်တံခွန် တတပ်၊သည်လေးတပ်လည်းအလုံးအရင်းနှင့် မူးဝရောက်ချိရ၏၊ယင်းသို့မှ မင်းလှမင်းခေါင်တို့လေးတပ် ခြေရင်းတော်ကချီ၍ မူးဝသို့ရောက်ကြောင်း ကိုသေနတ်ဝန်မင်းလှမင်းခေါင်ကျော်ကြားလျှင် မြစ်ဆုံက ရေကြောင်းချီ ခဲ့၍ မင်းလှ မင်းခေါင်တို့လေးတပ်နှင့် ပေါင်းမိကြလျှင် လောင်သာတွင် တလိုင်းတို့တပ်ကြီးကို လှေကား,ကြိုးကွင်း,ဓား, တူးရွင်း, ပုဆိန်နှင့် ခုတ် ဖြတ်ဆွဲငင်၍ အပြင်းတိုက်သည်၊ ယင်းတွင် ဗိုလ်မှူးရဲစက်တံခွန်ကျည်သင့် ၍ ဆုံးချေ၏၊ သေနတ်ဝန်မင်းလှမင်းခေါင်ကျော်၊ မှူးဆိုးချုံဗိုလ်မင်းလှ မင်းခေါင်စသော ငါးတပ်တွင်ပါသော ဗိုလ်မှူးတပ်မှူးသူရဲသူခက် ရဲမက် တော်တို့လည်း သူ့လက်နက်ကို လက်နက်မမှုတ် တလိုင်းတို့တပ်ကို တက် သည်တွင် တလိုင်းတို့ မခံနိုင်၍ တပ်လုံးပျက်လေ၏၊ တလိုင်းတို့လည်း လောင်သာတပ်ပျက်လျှင် အဝသို့ပေါင်းမည် အပြင်းဆုတ်ခွာလေသည် ကို ရဲမက်တော် ဗိုလ်မှူး တပ်မှူးတို့ နောက်ထပ်လိုက်၍ အဝမြို့ရင်းသို့ ရောက်လျှင် တလိုင်းတို့လည်း အဝမြို့တွင်းသို့ ဝင်မိ၍ လွတ်လေ၏။

ယင်းသောအခါ အဝမြို့မြောက်မျက်နှာ လေသာတံခါး၊မာန်အောင် တံခါးကို အရကြိုး၍ ဓားပုဆိန်နှင့် တံခါးရွက်ကို ဖောက်ဖွင့်သည်၊ မြို့ကို လှေကားထောင်၍ တက်သည်ကို တလိုင်းတို့မြင်လျှင် မြို့ထိပ်က သေနတ် ဓားလှံ အုတ်ကျောက်နှင့်ပစ်ခတ်ထိုးခုတ်သောကြောင့် မပေါက်မတက်နိုင် ရှိသည်နှင့် တလိုင်းတို့က မြို့အရှေ့မျက်နှာ အောင်ထွန်းတံခါးက မြင်းတပ် အများထွက်ပြီးလျှင်မြို့မြောက်မျက်နှာကိုလှည့်၍တိုက်သည် မြို့ထိပ်ကလည်း ပြောင်းသေနတ် ပစ်ခတ်သည်၊ စစ်နှစ်ဘက်ညှပ် ပစ်ခတ် ထိုးခုတ်သော သေနတ်ဝန်မင်းလှမင်းခေါင်ကျော် မှူးဆိုးချုံဗိုလ်မင်းလှမင်းခေါင်စသော ကြောင့် ဗိုလ်မှူးတပ်မှူးသူရဲသူခက်ရဲမက်တော်တို့ စစ်မသာ၍လှေသို့ဆင်း ပြီးလျှင် အုတ်စည်းမပျက် မြောက်ဘက်သို့ကူးသွားဆုတ်ခွာရချေသည်၊ ထို့အခါ သေနတ်ဝန် မင်းလှမင်းခေါင်ကျော်လည်း မြစ်ဆုံရောက်ချီ၍နေမြဲ နေလေ၏။ ။ယင်းသောအခါ ဗညားဥပရာဇာခံသောဗိုလ်သည် ကျေးဇူး သစ္စာတော်ကို မစောင့် အဝသို့ဝင်မည် တလိုင်းတို့နှင့်ဘာသာစကား ပြောဆိုကြောင်းကို တလိုင်းစကားနားလည်သူတို့ လျှောက်ချက်အတိုင်း ခေါ်၍ စစ်မေးရာ ဟုတ်မှန်ချေသောကြောင့် ဗညားဥပရာဇာကို ကွပ် တော်မူလေ၏။

## အဝမြို့ကို အောင်မြင် သိမ်းပိုက်တော်မူခြင်း

ထိုအခါ သေနပတ်ဝန် မင်းလှမင်းခေါင်ကျော်၊ မှူးဆိုးချုပ်ဗိုလ် မင်းလှမင်းခေါင်စသော ငါးတပ်သားတို့ အဝက ဆုတ်ခွာခဲ့၍ သေနတ်ဝန်လည်း နေရင်းမြစ်ဆုံတပ်သို့ ဆုတ်နေရကြောင်း၊ မင်းလှမင်းခေါင်တို့လေးတပ်လည်း မြောက်ဘက်သို့ ဆုတ်ခွာ ရကြောင်းများကို ဘဝရှင်အလောင်းမင်းတရားကြီးဘုရား ကြားတော်မူလျှင် သားတော်, ညီတော်ဗိုလ်မှူးတပ်မှူးတို့နှင့်လုပ်ရေးကြံရေးကိုတိုင်ပင်တော်မူသည့်တွင်သားတော်အသတ်သတိုးမင်းစော လျှောက်သည်ကား …ယခုအဝမြို့မှာ စစ်တောင်းဗိုလ်၊ လက်ယာဗိုလ်၊ ဘန်းစက်ထိပ်၊ တောင်ငူ၊ သာဂရ၊ လှိုင်းတက်၊ ညောင်ရမ်းစသော တောင်ဟခွင် မြို့ရွာများကို သိမ်းရုံး၍ စစ်တောင်းဗိုလ်, လက်ယာဗိုလ်ဘို့နှင့် အဝဗိုလ်မှူး ငွေခွန်ဝန်တို့ မြင်းသုံးထောင် စစ်သည်သူရဲ နှစ်သောင်းနှင့် စောင့်နေကြောင်းများကို ကြားသိရသည်၊ မြောက်ဘက်တလွှား မြို့ကျေးရွာများကိုလည်း ကျွန်တော်တို့ကသိမ်းရုံးမိသောကြောင့် တလိုင်းတို့ အနေကြုံ့လှလေပြီ၊ ရှေ့သို့ ဟံသာဝတီက စစ်အားကြီးချီလာမည် မချွတ်ဖြစ်၍ ဟံသာဝတီက စစ်ကြီးမရောက်မီ အဝမြို့ကို ရအောင်လုပ်ကြံမည်၊ အဝမြို့ကိုရလျှင် တောင်ဘက်တခွင် မြို့ရွာများကို သိမ်းသွင်း၍ အခိုင်နေမည်၊ ဟံသာဝတီကပင် ချီလာသော်လည်း အဝနှင့် ရတနာသိဿမြို့တော် ကမ်းမှီလှမ်းမှီဖြစ်၍ စစ်နှစ်ဘက်ညှပ်လုပ်ကြံရလျှင် တလိုင်းဘို့ခံရပ်နိုင်မည်လော-မခံနိုင်၍တလိုင်းတို့ဆုတ်လေလျှင် တောင်ဘက် မြောက်ဘက် လက်နက်နိုင်ငံတော် အလုံးကို သိမ်းယူ၍ ဟံသာဝတီတိုင်အောင် ချီတက်လုပ်ကြံမည်၊ သည့်ကဲ့သို့လုပ်ကြံရမှ ဟံသာဝတီကို အလွယ်တကူ အလိုတော်ပြည့်မည်ဖြစ်၍ ယခုက အဝမြို့ကို ကျွန်တော်ချီတက် သိမ်းယူပါမည်ဟု လျှောက်သော အရေးကို ဘဝရှင်အလောင်းမင်းတရားကြီးဘုရား အားရတော်မူ၍ မင်းကျော်ဥဒိန်တတပ်၊ မင်းကျော်စည်သူတတပ်၊မင်းကျော်တန်ဆောင်တတပ်၊ မင်းလှရွှေတောင်တတပ်၊ မင်းရဲကျော်စွာတတပ်၊ သားတော်သတိုးမင်းစောတတပ်၊ သည်ခြောက်တပ်ဘွင် မြင်းသုံးရာ့ငါးဆယ်၊ စစ်သည်သူရဲ လေးထောင့်ငါးရာ၊ သားတော်သတိုးမင်းစောကို အချုပ်၊ လက်ဝဲကုမ္ပဏ်ကို တပ်မစင်ကဲကြီးခန့်တော်မူ၍၊ ဝေဠုကိုင်က ဇေယျာဝတီအရှေ့ဘက်သို့ကူး၍ ကြည်းကြောင်းချီရမည်။

လက်ယာဘီလူးဘတပ်၊ လက်ယာပျံချီတတပ်၊မင်းလှမင်းခေါင်တတပ်၊ မင်းလှကျော်သူ တတပ်၊မင်းလှစည်သူတပ်၊ သည်ငါးတပ်တွင်မြင်းသုံးရာ၊ စစ်သည် သူရဲလေးထောင်နှင့် အနောက်ဘက် ကြည်းကြောင်း ချီရမည်။

သေနတ်ဝန် မင်းလှမင်းခေါင်ကျော်လည်း မြစ်ဆုံတပ်က အဝသို့ ရေကြောင်းချီရမည်။

သည်ကဲ့သို့ စစ်သုံးကြောင်း သုံးသွယ် ခန့်ရန် စည်းကြပ်တော် မူပြီးလျှင် သက္ကရာဇ်(၁၁၁၅) တဆောင့် တရော့ တဆဲ့ငါးခု၊ နတ်တော်လပြည့်ကျော် ခုနစ်ရက်နေ့၊ တပ်မတော် ငစဉ့်ကိုင်က ပိဝသို့ ကူးပြီးလျှင် မတ္တရာကမှ ထီးပေါင်းကားဟောင်ကျည်းကိုချီ၍ အဝမြို့နား၊ ရွှေကြက်ယက်တွင် တတပ်၊ တပ်ကြီးတွင်တတပ် စွဲရပ်သည်။ ။အနောက်ဘက်ကြောင်းချီရသောတပ်လည်း စစ်ကိုင်းကစွဲရပ်သည်၊ မြစ်ဆုံနံ့နွှင်းကိုင်းက ချီလာသော သေနတ်ဝန် မင်းလှမင်းခေါင်ကျော်လည်း တိုက်လှေသုံးရာနှင့် ရွာသစ်ကြီးက ခရမ်းပေါက်သို့ကူး၍ ဆင်တဲတွင်စွဲရပ်သည်။

ယင်းသောအခါ တလိုင်းတို့ အဝမြို့ကထွက်၍ ဆင်တဲတပ်ကို အကြိမ်ကြိမ်တိုက်သည်ကို ရဲမက်တော်တို့ သံမြို့နှင့်အတူ ဆီးခံ ထိုးခုတ်ပစ်ခတ်လျှင် တလိုင်းတို့ အရှုံးအန အသေအပျောက်များလှသောကြောင့် မြို့တွင်းက မထွက်မလာဝံ့ရှိလေ၏။ ။စစ်ကိုင်းကစွဲရပ်သော တပ်လည်း ရောဝတီမြစ် တောင်ဘက်သို့ ကူး၍ မီးသွေးတိုက်၊ ဘားတမော့၊ ဆင်ကျုံးကိုလျှောက်၍ မြောက်မျက်နှာက စွဲရပ်လာသည်။ ။ဆင်တဲကသေနတ်ဝန်နှင့် ရေကြောင်းတပ်လည်း မာန်အောင် တံခါးပြင်ကသည် မြစ်သာဝရောက် အနောက်မျက်နှာကိုပတ်၍ စွဲရပ်လာသည်။ ။ရွှေကြက်ယက်က သားတော် သတိုးမင်းစောတပ်လည်း အဝမြို့အရှေ့မြစ်ငယ်တဘက် ရောဝတီဘသည် တောင် မြစ်ငယ်နားကို လျှောက်၍ စွဲရပ်လာသည်။

သုံးမျက်နှာ အရောက်ညီလျှင် အရှေ့မျက်နှာကရုံသည့်သတိုးမင်းစောတို့ခြောက်တပ်လည်း မြစ်ငယ်ကိုကူး၍ အဝမြို့ရင်းသို့ ချဉ်းသည်၊ မြောက်မျက်နှာကရုံသည့် မင်းလှမင်းခေါင်၊ မင်းလှကျော်သူ၊ မင်းလှစည်သူတို့ ငါးတပ်လည်း မြို့ရင်းသို့ ချဉ်းသည်၊ အနောက်မျက်နှာကရုံသည့်သေနတ်ဝန် မင်းလှ မင်းခေါင်ကျော်တို့ လေးတပ်လည်း မြို့ရင်းသို့ချဉ်းသည်။

ယင်းသို့ သုံးမျက်နှာရုံ၍သို့မြို့တက်မည်စီရင်စည်းကြပ်သည်ကို တလိုင်း ငွေခွန်ဝန်၊ လက်ယာဗိုလ်၊ စစ်တောင်းဗိုလ်တို့ မြင်လျှင် ယခု မှုဆိုးပိုက

ငါတို့ကို ရံလာသည်မှာ မှုဆိုးပိုသားတို့သည် ငါတို့နှင့် စစ်မျက်နှာ ပြိုင်ဆိုင်လေသမျှ သူတို့ကသာ ပွဲလမ်းရချေသောကြောင့် သူရဲ သူခက် ရဲမက်အပေါင်းတို့ အားတက်အင်ကြီး ရှိလှချေသည်၊ ငါတို့က သူရဲ သူခက် ရဲမက်အပေါင်းတို့မှာမူကား သူတို့နှင့်စစ်မျက်နှာ ပြိုင်ဆိုင်လေရာ နာနာကြည်းကြည်းသာ ရှုံးချေသည်နှင့် စစ်လည်း ညောင်းညာလှလေပြီ ဖြစ်၍ နှလုံးစိတ်ဝမ်းငယ်ချေသည်။ အဝမြို့တွင်းတွင်ရှိသည့် ရှမ်း,မြန်မာ ဆိုသည်မှာလည်း ယုံကြည်ရမည်မဟုတ်ဖြစ်၍စစ်ကြီးတွေ့မှဆုတ်ရချေလျှင် သူကကပ်၍ လိုက်ထပ်ချိမ့်မည်၊ ယခုက မြန်မာတို့ မသိရအောင် ညဉ့်က ဆုတ်ရသည်ဖြစ်မှ အုပ်စည်းမပျက် ရှိမည်ဟု တိုင်ပင်ပြီးလျှင် သက္ကရာဇ် (၁၁၁၅) တထောင့်တရာ့တဆဲ့ငါးခု နတ်တော်လပြည့်ကျော် တဆဲ့သုံး ရက် တနင်္ဂနွေနေ့ အဝမြို့တောင်မျက်နှာ ကျော်ဘုံဝင်မနား တံခါးက ထွက်၍ တညဉ့်လုံး အပြင်းခွာလေ၏။ အဝမြို့အလုံး ဆိတ်ညံ့သောကြောင့် စုံစမ်းသည်တွင်မှ တလိုင်းတို့ ညဉ့်ကဆုတ်ခွာကြောင်းကိုသိ၍ ရဲမက်တော် တို့ လိုက်လံဖမ်းဆီးသော်လည်း မမီလိုက်ချေ၊ ယင်းသို့ ရတနာပူရအဝ ပြည်ကြီးကို အောင်မြင်တော်မူလျှင် သားတော် သတိုးမင်းစောမှ စ၍ ဗိုလ်မှူးတပ်မှူး သူရဲသူခက် ရဲမက်တော်အပေါင်းတို့ အဝမြို့တွင်းသို့ ဝင်၍ အလွယ်တကူ သိမ်းယူရလေသည်။

ထိုအခါ ရတနာသိင်္ဃမြို့တော်က ဘဝရှင် အလောင်းမင်းတရားကြီး ဘုရားလည်း ဗိုလ်မှူး တပ်မှူး မြင်းသည် ခြေသည် သူရဲသူခက် ရဲမက်တော် အပေါင်း ခြံရံလျက် သက္ကရာဇ် (၁၁၁၅) တထောင့်တရာ့တဆဲ့ငါးခု၊ ပြာသိုလဆန်း ငါးရက်နေ့ ဆင်ဖြူတံခါးကထွက်တော်မူ၍ ထိုနေ့ မြို့ရှေ့ တွင် အောင်တပ်ချတော်မူသည်၊ ထိုကမှ လဆန်းခြောက်ရက်နေ့ သရိုင် ရွာတွင်၊လဆန်းခုနစ်ရက်နေ့ စမွန်ရွာတွင်၊လဆန်းရှစ်ရက်နေ့ မန်းကျည်း စဉ်တွင်၊ လဆန်းကိုးရက်နေ့ ဇေယပူရမည်သော စစ်ကိုင်းမြို့ သဲပြင်တွင် အောင်တပ်ချတော်မူပြီးလျှင် လဆန်းဆယ်ရက်နေ့ ရတနာ ရွှေဖောင် တော်နှင့် ရွှေကြက်ယက်၊ ရန်အောင်မြင်၊ ရွှေတောင်ဦး၊ ချမ်းသာကြီး ဘုရားရှင်များကို ပူဇော်တော်မူပြီးလျှင် ဇေယပူရမည်သော စစ်ကိုင်းမြို့ကို သာစည်တံခါးကဝင်၍ သိမ်းတော်မူသည်။ ထိုနေ့ပင် ရတနာပူရ အဝမြို့ မြောက်ကျွန်းဟွင် သက်ကယ်နန်းနှင့် စံတော်မူသည်။ ထိုနန်းတော်ကို လည်း အောင်နန်းဘုံသာ သမုတ်တော်မူသည်။ကျွန်းကိုလည်း ဘုန်းခေတ် ဖြစ်ကျွန်း သမုတ်တော်မူသည်။

ယင်းသို့မှ သက္ကရာဇ် (၁၁၁၅) တထောင့်တရာ့တဆဲ့ငါးခု ပြာသိုလဆန်းဆယ်ရက် ကြာသပတေးနေ့၊ သားတော် ညီတော် ဆွေတော် မျိုးတော်မှူးတော်မတ်တော်၊သူရဲသူခက်၊ရဲမက်တော်အပေါင်းအသောင်း မကမြီရံလျက် သာစည်တံခါးက ဝင်တော်မူ၍ ရတနာပူရ အဝပြည်ကြီးကို သိမ်းတော်မူသည်။

ထိုအခါ သားတော် သတိုးမင်းစောကို အလွန် အားရတော်မူ၍ အမိန့်တော်ရှိသည်ကား….ရတနာပူရ အဝပြည်ကြီးသည် မင်းနေမည် ကာမဟုတ်၊ ဧရာဝတီ, ဒုတ္တာဝတီမြစ်ကြီးတို့၏ ပေါင်းဆုံရာ သုနာပရန် တမ္ဗဒိပတိုင်းတို့၏အချက်အချာ၊ မင်းဝံတောင်ဦးတောင်ညွန့်ဖြစ်၍ ကြည်းဘက်ရေဘက်လည်း အလွန်တင့်တယ်သည်၊ တဘက်ရန်သူတို့ မကောင်းကြံသော်လည်း တဆဲ့နှစ်ရာသီပတ်လုံး မြစ်ရေအတိ ဝန်းရံလျက်ရှိလေသောကြောင့် လုပ်ရေးကြံရေး အလွန်ခဲယဉ်းသည်၊ သို့စင်အင်္ဂါနှင့်ပြည့်စုံသောမြို့ကို ဆင်မြင်း,ရဲမက် မပင်မပန်း အလွယ်တကူလုပ်ကြံ၍ဆက်သည်၊ ဤဇမ္ဗူဒိပ်မြေအပြင်ထက် အသက်တဆဲ့ခုနစ်နှစ်သာ ရှိသော ငါ့သား သတိုးမင်းစောကဲ့သို့ ကေရာဇ်မင်းတို့သား ရှိဘူးမည်လော၊ အမိန့်တော်ရှိပြီးလျှင် စလွယ် တဆဲ့ရှစ်သွယ်၊ အထက်ဒက်၊ အလယ်ချက် မြကြီးတစ်၊ အနားပတ္တမြားကြီးနှစ်၊ အရံပတ္တမြားငယ်တရာ့သုံးဆဲ့နှစ်၊ အောက်ဒက်၊ အလယ်ချက်မြကြီးတစ်၊အနားပတ္တမြားငယ်တရာ့နှစ်ဆယ်၊ရှေ့ဘယက် အလယ်ချက်မြကြီးတစ်၊အနားပတ္တမြားငယ် တရာ့တဆဲ့နှစ်၊ နောက်ဘယက် အလယ်ချက်မြကြီးတစ်၊ အနားပတ္တမြားငယ် တရာ့တဆဲ့နှစ်၊ မြကြီးပတ္တမြား ကျောက်ပေါင်းလေးရာ့ရှစ်ဆဲ့လေး စီချယ်သော ရွှေစလွယ်၊ ဝေါပလာရွှေပိန်း၊ ကျိုင်းရွှေချက်လေး၊အဆောက်အအိမ် ပတ္တမြားစီရွှေဓား၊ ပေါင်းဝန်းရဲကတင် ယဉ်သာပေါက်မ၊ အသုံးခံ မြေဒူးမြို့များကို ဆုပေးတော်မူသည်။ ။ဆွေတော် မျိုးတော် မိုလ်မှူးတပ်မှူးတို့ကိုလည်း အရည်အလျောက် ရွေးကောက်တော်မူ၍ စားကျေးမြို့ရွာ အရာအထူး ဘွဲ့အမည် အစီးအနင်း အဆောင်အရွက်ပေးတော်မူသည်။

ယင်းသောအခါ ရတနာပူရအဝမြို့တွင် တလိုင်းတို့ဖျက်ဆီးလေသော မြို့တွင်းစည်းခုံ၊ မာန်အောင်ရတနာ၊ ရွှေရင်းရဲ၊ ရွှေစေတီ၊ ထီးလှိုင်ဂူ၊ ဘုရားလှ၊ ရွှေမုဋ္ဌော၊ ဂူဖြူမုဋ္ဌော၊ ဝူတော်သစ်၊ မဟာဘုံသာ၊ ရန်အောင်မြင်၊ ဟံသာကျ၊ မြသိန်းတန်၊ ရွှေဘုံသာ၊မဟာနော၊ မဟာဇိန်၊သာထွန်းဦး၊ လောကမာန်အောင်၊ ရန်အောင်မြင်သိမ်၊ ကုန်းရိုးသိမ်၊ရှင်ဖြူရှင်လှ၊

ပင်းယစည်းခုံ ဘုရားရှင်များကို ပန်းရန် အင်းကတေ အုတ်ဘိုး လက်ခစရိတ် ကံကျွေး ပေးအပ်တော်မူ၍ ပြင်ဆင်လုပ်ဆောင်ရသည်။

သက္ကရာဇ် (၁၁၁၅) တထောင့်တရာ့တဆဲ့ငါးခု ပြာသိုလဆန်းတဆဲ့ငါးရက် အင်္ဂါနေ့တွင် ရွှေထီး ရွှေတံခွန် လှူတော်မူပြီးလျှင် ရဟန်းသံဃာတော်မြတ်တို့အား ဆွမ်းလုပ်ကျွေးတော်မူ၍ သာဓု အနုမောဒနာပြုတော်မူသည်။ ။သေနတ်ဝန် မင်းလှမင်းခေါင်ကျော်ကိုလည်း အလုံးအရင်းပေးအပ်၍ မြစ်ဆုံက ရပ်မြဲရပ်နေစေသည်။ ။မင်းလှကျော်သူကိုလည်း မြင်းတရာ့ငါးဆယ်၊ သေနတ်သုံးရာ၊လက်နက်ကိုင် လူသုံးထောင်အမြောက် စိန်ပြောင်းပေးအပ်၍ အဝမြို့စောင့် ဗိုလ်မှူး ခန့်တော်မူသည်။

**စော်ဘွား မြို့စားတို့ကို သစ္စာတော်ပေး၍ ရတနာသိင်္ဃ မြို့တော်သို့ စုန်တော်မူခြင်း**

ယင်းသို့ ခန့်ရန် စည်းကြပ်တော်မူပြီးလျှင် သားတော် သတိုးဓမ္မရာဇာ သားတော်သတိုးမင်းစောတို့ကိုရွှေတပ်တင်တော်မူ၍သက္ကရာဇ်(၁၁၁၅) တထောင့်တရာ့တဆဲ့ငါးခု တပို့တွဲလပြည့်ကျော်ရှစ်ရက်နေ့ ရတနာရွှေဖောင်တော်နှင့် ရတနာပူရအဝမြို့တော်က အညာဆင်ဘိုမှန်ကင်းသို့ ချီတော်မူသည်။ ထိုနေ့ မင်းရွာတွင် စခန်းချတော်မူ၏။ထိုစခန်းတွင် ရာဇာမိရာဇ်က ဆင်ဖြူတစီးရသည်ကိုဆက်၍ ကျွန်တော်ခံ ဝင်ရောက်ပါရမည့်အကြောင်းနှင့် ဆားလင်းကုန်း ဗိုလ်နန္ဒစည်သူသို့ စာလှ စေရောက်လာသောကြောင့် နန္ဒစည်သူက ဆင်ဖြူတော်ကိုသိမ်းယူတော်မူပါဟုလျှောက်လှာ၍ အကြီးအကြပ် သင်းမှူးဒိုင်းမှူး မြင်းတော်သည်တို့ကို ကြိုယူစေသည်။ ထိုကဆန်တော်မူ၍ စဥ့်ကိုင်တွင် ချတော်မူသည်။ ထိုကမှ ငါးပတ်ချောင်းတွင် ချတော်မူသည်။ ထိုကမှ တပို့တွဲလပြည့်ကျော် တဆဲ့နှစ်ရက်နေ့ ကျောက်မြောင်းသို့ ရောက်တော်မူသည်။ ထိုအခါ ရတနာသိင်္ဃမြို့တော်က နန်းမတော် အရှင်မိဖုရားခေါင်ကြီးဘုရား, မယ်တော်ဘုရား, သားတော်, သမီးတော်, ကိုယ်လုပ်တော်အပေါင်း ကျောက်မြောင်းသို့ဆင်း၍ နှုတ်ဆက်ဖူးမြင်ကြသည်။ ကျောက်မြောင်းတွင် သုံးရက်စံတော်မူပြီးမှ ဆန်တော်မူ၍ သိင်္ဃတောသို့ရောက်လျှင် သီဟတော ဘုရားကို ပူဇော်သက္ကာရပြုတော်မူသည်။ ထိုကဆန်တော်မူ၍ ကသာမြို့သို့ရောက်တော်မူလျှင် အရှင်မိဖုရားခေါင်ကြီး မောင်တော်မင်းရဲကျော်စွာ၊ မှူးဆိုးချုံဗိုလ် မင်းလှမင်းခေါင်တို့ကို အလုံးအရင်းနှင့် မိုးညှင်း မိုးကောင်းမြို့

များကို အသိမ်း အယူ ခန့်တော်မူ၍ တပေါင်းလပြည့်ကျော် သုံးရက်နေ့ ချီရသည်၊ ထိုနေ့ပင် ကသာကဆန်တော်မူ၍ ရွှေအင်ရွာကို ငွေပြားပျော် ဘွယ် သမုတ်တော်မူသော ကျွန်းတွင် စံနေတော်မူသည်၊ ထိုစခန်းတွင် မိုးမြိတ်စော်ဘွား၊ ဗန်းမော်စော်ဘွားတို့ သားမယားနှင့်တကွ လာရောက်ပြီးလျှင် ဆင်ကြီး,မြင်းကြီး, သားသမီးဆက်၍ ကျွန်တော်ခံဝင်ရောက်လာသည်၊ ထိုကဆန်တော်မူ၍ ငါးပတ်ဝသို့ ရောက်တော်မူလျှင် စံတော်မူသည့်ကျွန်းကို အောင်ခန်းမလွှာ၊ နန်းတော်ကို မင်္ဂလာဘုံသာ သမုတ်တော်မူ၍ စံတော်မူသည်၊ တပေါင်းလပြည့်ကျော်ရှစ်ရက်နေ့ ရွှေပေါ် ကျွန်းဘုရားရှင်ကို ရွှေတန်ဆောင် ငွေတန်ဆောင်စသော အထူးထူးသော ပူဇော်တော်ပွဲတို့ဖြင့် ဖူးမြင်ပူဇော်တော်မူပြီးလျှင် မိုးမြိတ်စော်ဘွား,ဗန်းမော်စော်ဘွားတို့ကို ရွှေပေါ်ကျွန်းဘုရား ရင်ပြင်တော်တွင် သစ္စာပေးတော်မူသည်။ တပေါင်းလပြည့်ကျော်ကိုးရက်နေ့ ရွှေပေါ်ကျွန်းက ချီတော်မူ၍ ကောင်းတုံမြို့အောက် ကံ့တော်ကျွန်းကို ပုပ္ပဝတီ သမုတ်၍ စံတော်မူသည်။ ထိုကမှ တောင်ကွန်းရွာကျွန်းကို ရာဇဝတီ သမုတ်၍ စံတော်မူသည်။ ထိုကမှ မိုးညှင်းချောင်းဝ ကျွန်းကို နတ်သအောင်မြေ သမုတ်၍စံတော်မူသည်၊ ထိုစခန်းတွင် အရှေ့ဘက်တောင်ရိုးသို့ချီတော်မူ၍ လှေသစ်ကိုးလံရသုံးရာကျော် ခုတ်စေသည်။ထိုကမှ တပေါင်းလပြည့်ကျော်သုံးရက်နေ့ သမိုင်းရွာဟောင်း အထက်ကျွန်းကို ရန်လုံးအောင်သာ သမုတ်၍ စံတော်မူလည်း။

ထိုစခန်းတွင် သမိုင်းရွာအနောက်တောင်ရိုးတွင်ရှိနေသော ကချင်, ရှမ်းရိုင်းတို့ လူဘာသောင်းခန့်နှင့် မြစ်ဆိပ်တဘက်တွင် တပ်ကြီးတပ်ခိုင် တည်၍နေသည်ကို ရွှေချီ သားတော် ညီတော်တို့တပ်နှင့်တွေ့၍တိုက်ကြရာ သမိုင်းရွာ ထမံပေါ်မိုင်းနှင့် ကချင်နှစ်ရာကျော် သေလေလျှင် ထွက်ပြေး၍ မောင်းကြေးနင်း, တောင့်,လေးမြှား, စပါးဆန်ရေနှင့်တကွ သုံ့လူရှမ်းကချင် မိန်းမယောကျ်ား တရာကျော်ရလိုက်၏။ ထိုကမှ မှန်ကင်းရွာဆိပ်ကို ရန်ထိပ်အောင်သာသမုတ်၍ စံတော်မူသည်။ ထိုကမှ ဆင်ဘိုရွာအောက်ကျွန်းကို လေးကျွန်းအောင်သာ သမုတ်၍ စံတော်မူသည်။ ရတနာပူရအဝမြို့တော်မှ နှစ်ဆဲ့နှစ်စခန်းနှင့် ဆင်ဘိုရွာသို့ ရောက်တော်မူသည်။ ထိုစခန်းတွင် တောတောင်မှီခိုရိုင်းပျံ့လေသမျှ ထမံပေါ်မိုင်း ရှမ်းရိုင်းကချင်တို့ကို သုတ်သင်ရှင်းလင်းတော်မူပြီးလျှင် သူပုန်သူကန် ရန်မာန်မရှိမမြင်သောကြောင့် မိုးကောင်း,မိုးညှင်းသို့ချီစေသော မင်းရဲကျော်စွာ

မင်းလှ မင်းခေါင်တို့ တပ်ကို ခေါ်တော်မူ၍ ဘဝရှင် အလောင်းမင်းတရားကြီးဘုရား ဆင်ဘိုမှန်ကင်းက စုန်တော်မူခဲ့သည်။ မှန်ကင်းရွာအောက်ကျွန်းကို အောင်ဆိပ်သာစည်၊ ဟာခန်းအောက်ကျွန်းကို ရန်မျိုးအောင်သာ၊ ဈေးသစ်ရွာအောက်ကျွန်းကို တပ်တော်အောင်သာ သမုတ်တော်မူ၍ စခန်းစဉ် စံတော်မူသည်၊ ထိုကစုန်တော်မူ၍ ကောင်းတုံမြို့သို့ ရောက်တော်မူလျှင် ဗိုနိမ့် ဗိုမြင့်တွင် နေသော တောင်ငူရာဇာ သေလွန်၍ မင်းကြီးရဲထင် ကျွန်တော်ခံ ဝင်ရောက်ကြောင်း၊ တလိုင်းကလည်း ရဲခေါင်စံကျော်,ဗားရားကြီးတို့ ကျွန်တော်ခံဝင်ရောက်ကြောင်း၊ကလေးမြို့ကလည်း ဆင်သုံးစီးနှင့် အဝမင်းမျိုး မင်းရဲကျော်စွာ ကျွန်တော်ခံဝင်ရောက်ကြောင်းများကို နေပြည်တော်က လျှောက်လှာရ၏။

ထိုက စုန်တော်မူ၍ ငါးပတ်ဝ ကျွန်းတောကြီး မင်္ဂလာဘုံသာ နန်းတော်တွင် စံတော်မူစဉ်၊ မင်းရဲကျော်စွာ မင်းလှမင်းခေါင်တို့ မိုးကောင်းမိုးညှင်းကို အလိုတော်ပြည့်၍ သုံ့လူမိန်းမ ယောကျ်ားနှစ်ရာကျော် သိမ်းယူ ပြန်ခဲ့ကြောင်းနှင့် လျှောက်လှာသည်၊ တန်းခူးလဆန်း ရှစ်ရက်နေ့ ရွှေပေါ်ကျွန်းဘုရားဦး စရပ်တွင် ရွှေမှန်ကင်း ရှစ်ဆူ လှူတော်မူသည်၊ တန်းခူးလဆန်းကိုးရက်နေ့ မင်္ဂလာဘုံသာ နန်းတော်က စုန်တော်မူ၍ ကောက်ကွေ့ချောင်းဝတွင် စံတော်မူသည်၊ ထိုစခန်းတွင် ရဲမက်တော်တို့ သစ်ပျဉ်ကိုယ်စေ့လှေနှင့် တွဲယူခဲ့ရသည်၊ ထိုကစုန်တော်မူ၍ ကသာတွင် စံတော်မူသည်ကို၊ ထိုစခန်းတွင် မိုးကောင်း မိုးညှင်းကရခဲ့သည့်လက်နက်ကိရိယာများ ကို မင်းရဲကျော်စွာ,မင်းလှမင်းခေါင်တို့က ဆက်လှာသည်၊ထိုက စုန်တော်မူ၍ မြတောင်တွင် စံတော်မူသည်၊ ထိုစခန်းတွင် မြတောင်မြို့ ဖောင်တော်ဦးစေတီ ဟောင်းနွမ်းယိုယွင်းသည်ကို ပြင်လုပ်ရန်၊ စရပ်ဆောက်ရန် စရိတ်ကြေးငွေ သူကြီးတို့ကို ပေးအပ်တော်မူပြီးမှ ထိုစခန်းတွင် အုတ်တသိန်းခန့်ရှိသည်ကို ရဲမက်တော်တို့ တင်ခဲ့ရသည်၊ ထိုကစုန်တော်မူ၍တကောင်းနန်းတော်တွင်စံတော်မူသည်၊ထိုစခန်း၌ဗောင်းတော်ကျရာအရပ်တွင်၊သက္ကရာဇ် (၁၁၁၅)တထောင့်တရာ့တဆဲ့ငါးခုနှောင်းတန်းခူးလဆန်း တဆဲ့လေးရက်နေ့ည စေတီတည်လုပ်တော်မူ၍ တန်းခူးလဆန်း တဆဲ့ငါးရက်နေ့ပြီးလျှင် ရွှေထီးအထွတ် တင်လှူတော်မူသည်၊ "ဇိနအောင်ချာ ရွှေဘုံသာ" ဟူသော ကျောက်ကမ္ပည်းနာမံကိုလည်းလှူတော်မူသည်၊ များစွာသော ရဟန်းသံဃာတို့အား ဆွမ်းဘောဇဉ်အမြိန်အရသာ ပရိက္ခရာရှစ်ပါး လှူတော်မူ၍ သာဓုအနုမောဒနာ ပြုတော်မူ

သည်၊ ထိုကမှ တန်းခူးလပြည့်ကျော် တရက်နေ့ စုန်တော်မူ၍ ကျောက်မြောင်းသို့ ရောက်တော်မူသည်၊ ထိုကမှတန်းခူးလပြည့်ကျော် နှစ်ရက်နေ့ နှစ်ချက်တီးကျော် နေပြည်တော်သို့ ရောက်တော်မူသည်။

ယင်းသောအခါ အဝမင်းဆွေတော်မျိုးတော်ဖြစ်သော မင်းရဲကျော်စွာလည်း ထူးမြတ်သောကြိန်အင်လက္ခဏာနှင့်ပြည့်စုံသောဆင်ကောင်းသုံးစီးကို လက်ဆောင်ပြု၍ ကလေးမြို့ကကျွန်တော်ခံဝင်ရောက်လာ၏၊ ဘဝရှင်အလောင်းမင်းတရားကြီးဘုရားသည်း ကျွန်တော်ခံ ဝင်ရောက်လာသော မင်းရဲကျော်စွာနှင့် တော်င်ပူရာဇာအမှုထမ်း မင်းကြီးရဲထင်၊တလိုင်းအမှုထမ်း ရဲခေါင်စံကျော်, ဗားရားကြီးတို့ကို မရှုတ်မချ သားမယားနှင့်တကွ မစသိမ်းပိုက်တော်မူ၏။

ထိုအကြောင်းကို ရာဇာဓိရာဇ်ကြားလျှင် ခင်ဦးစား လက်ယာပုံချီကို ဤသို့ဆို၏၊ ယခုအရေးကို ထောက်ရှုဆင်ခြင်သော် အလောင်းမင်းတရားကြီး ဘုန်းတော် ကံတော်သည် မကြီးစွမ်းနိုင်အောင် အံ့ဘွယ်သရဲ လွန်ကဲ ထူးမြတ်သော အဖြစ်ကိုလည်း ကိုယ်တို့ ငါတို့ အမြင်အထင်အရှားပင် ဖြစ်တော့သည်၊ ရှေ့သို့ မြန်မာမင်းတို့ အစဉ်နိုင်ငံတော်ဖြစ်သော တိုင်းကြီး ပြည်ကြီးနှင့်တကွ ရာမညတိုင်း တလိုင်းသုံးရပ်ကို အောင်မြင်၍ အပြည့်ပြည်ထောင်သော မင်းတို့၏ အရှင်ဖြစ်ချိမ့်မည်၊ သို့အကြောင်းကို ပြက်ပြက်ထင်ထင် သိမြင်ကောင်းသည်ဖြစ်လျက် ကိုယ်တို့ ငါတို့ မကျိုးမနွံနေချေသော် မချွတ်လျှင် ပျက်စီးခြင်းသို့ရောက်ရချိမ့်မည်၊ ကိုယ်ဘို့ငါတို့ ကျေးဇူးရှင်ဖြစ်သော တောင်ငူရာဇာလည်းမရှိ-သေချေပြီ၊ ယခုမင်းရဲကျော်စွာ၊ မင်းကြီးရဲထင်၊ ရဲခေါင်စံကျော်၊ ဗားရားကြီးတို့ ဝင်ရောက်သည်ကိုသည်း မရှုတ်မချ သူကောင်းပြုသည်ဟု ကြားသိရသည်၊ ကိုယ်ဘို့ ငါတို့လည်း အလောင်းမင်းတရားကြီးသို့ဝင်၍ ယဖွာခံကြရသည် ဖြစ်မှ ချမ်းသာချိမ့်မည်ဟု ဆိုသည်ကို ခင်ဦးစား လက်ယာပုံချီကြားလျှင် ဗိုလ်မင်းဆိုသောအရေးလည်း ဟုတ်မှန်လှသည်ပင် ဖြစ်တော့သည်၊ သို့ရာတွင် ကျွန်ုပ်မှာ ဗိုလ်မင်းတို့နှင့် မတူပလေ၊ မဆွကပင် ကျေးနီးရွာစပ် ချင်းဖြစ်၍ ခိုက်ရန်အရှုအနမျှားချေသည်၊ ပြည်ထောင်ဦးက ကျွန်ုပ်ကို ခေါ်ပေသည့်ကာလလည်း မချေ မငံပြောဆိုလိုက်ပေသည်၊ ယင်းသို့ဖြစ်၍ ယခုမှဝင်စားသော်လည်း အသက်မသေ ချမ်းသာမည်မထင်ပြီ၊ ဗိုလ်မင်းတို့သာ အလောင်းမင်းတရားကြီး သစ္စာကိုခံပါလေ၊ ကျွန်ုပ်မှာမူကား

ကံကြမ္မာအလျောက် ဖြစ်လိုရာ ဖြစ်ပါစေတော့ဟု-ဆို၍ ခင်ဦးစား လက်ယာပုံချီသည့် ယောကျ်ာကာတပ်မှူးခွာခဲ့၍ စလင်သူဌေးဖြူတပ်သို့ဝင်လေ၏။

## ရာဇာဓိရာဇ် ကျွန်တော်ခံခြင်းနှင့် သားတော်သတိုးမင်းစောကို အဝမြို့က အခိုင်နေစေခြင်း

ရာဇာဓိရာဇ်သည်း တိုက်ဆင်ခြောက်ဆယ် မြင်း,ငါးရာ,လူငါးထောင် အခြောက်သေနတ် ခေါးလှံလက်နက်ကိရိယာနှင့်တကွ ဘဝရှင်အလောင်းမင်းတရားကြီးဘုရားသို့ဝင်ရောက်လာ၏၊ ဘဝရှင် အလောင်းမင်းတရားကြီးဘုရားလည်း ရောက်လာသောရာဇာဓိရာဇ်နှင့်တကွ ပါသည့် မိုလ်မှူးတပ်မှူး သူရဲသူခက်တို့ကို သစ္စာတော်ပေးပြီးလျှင် ရာဇာဓိရာဇ်ကို မင်းလှရာဇာဘွဲ့တပ်တော်မူ၍ ရတနာသိင်္ဃမြို့တော်တောင်တွင် အစုအကွက်ချ၍ နေရ၏၊ သားတော် သတိုးမင်းစောကိုအပ်တော်မူ၍လည်း အမှုတော်ကို ထမ်းစေ၏၊ ရာဇာဓိရာဇ်နေသော အရပ်ကိုလည်း တောင်တပ်ဟူ၍ ခေါ်ဝေါ်ရ၏၊ ရာဇာဓိရာဇ်ကိုလည်း မဟာဆွေတော်ကြီး ဟူ၍လည်း ခေါ်တော်မူ၏။

အဝ အမှုထမ်းဟောင်း ရာဇာဓိရာဇ် အကြောင်းကား-အဝမပျက်မီ ရွာသစ်ကြီးတွင်နေသည်၊ နောက် အဝပျက်လျှင် ရေဦးကုန်းဘက်တွင် နေသည်ကို အလောင်းမင်းတရားကြီးဘုရားချီ၍ လုပ်ကြံတော်မူလျှင် မခံဝံ့၍ အင်တိုင်းသို့ ပြောင်းနေသည်၊ ယင်းကမှ မင်းခင်းတပ်တွင်နေသည်၊ ယင်းကမှ ကန္နီသို့ပြောင်းနေသည်၊ ယင်းကမှမင်းခင်းသို့ပြောင်း၍ နေမြဲနေပြန်သည်၊ ယင်းကမှ သစ်ခေါက်တပ်တွင်နေသည်၊ ယင်းကမှတောင်ငူရာဇာ ဗိုနိမ့် ဗိုမြင့်တပ်ကို အမှီအခို အကာမ်းအလှမ်းပြု၍ ယောကျ်ာကာဘွင်နေလေသတည်း။

တောင်ငူရာဇာအကြောင်းကား အဝမပျက်မီ စဥ့်ကိုင်တွင် ဘုရင်ခံမင်းပြုသည်၊အဝပျက်လျှင် တလိုင်းတို့ဆောင်သွားလေ၍ ဆားမလောက်သို့ရောက်မှကျေးကျွန်အမှုထမ်းတို့ခိုးယူခဲ့၍ ဗိုနိမ့်ဗိုမြင့်တွင်နေရာ၊သက္ကရာဇ် (၁၁၁၅) တထောင့်တရာ့တဆဲ့ငါးခုတွင် သေလွန်လေသည်။

ထိုအခါ ထီးလင်း စော်ဘွားလည်း သေလွန်လေ၍ ထီးလင်းမြို့မှာ စော်ဘွားမရှိလျှင် သစ်ခေါက်တပ်မှာ နေသည့် စော်ဘွားညီငကျန်သည်

သစ်ခေါက်တပ်ကခွာ၍ ထီးလင်းမြို့မှာစော်ဘွားအရာနှင့် ရိုးမတလျောက် ချင်းရိုင်းတို့ကို သိမ်းသွင်း၍ အခိုင်နေကြောင်းကို ဘဝရှင် အလောင်းမင်း တရားကြီးဘုရား ကြားတော်မူလျှင် သေနတ်ဝန် မင်းလှမင်းခေါင်ကျော် ကို သိမ်းယူချေ စေခန့်တော်မူ၍ မြစ်ဆုံတပ်ကချီလေလျှင် ငကျွန်လည်း အလုပ်အကြံကို မခံဝံ့၍ တောတောင်ကြီးရာ ရှောင်လွှဲ ပြေးဝင်လေ၏၊ သေနတ်ဝန် မင်းလှမင်းခေါင်ကျော်လည်း ထီးလင်းမြို့ကို သိမ်းယူပြီးလျှင် အကြီးအအုပ် ခန့်ထား၍ ပြန်ခဲ့၏၊ ဘဝရှင် အလောင်းမင်းတရားကြီး ဘုရားလည်း ရွှေသို့ဟံသာဝတီကချီလာမည်ကို မြင်တော်မူ၍ သေနတ်ဝန် ကို အလုံးအရင်း ထပ်ဖြည့်ပြီးလျှင် မြစ်ဆုံက အခိုင်နေစေ၏၊ အဝမြို့တွင် လည်း မင်းလှကျော်သူနှင့် အလုံးအရင်း နည်းချေသည်ဟု မြင်းငါးရာ သေနတ် နှစ်ထောင့်ငါးရာ၊ စစ်သည်သူရဲ ငါးထောင်၊ ရဲဘော်မြင်းရည် တက်မိုလ်မှူး နှစ်ကျိပ်ငါးယောက်နှင့် မင်းလှမင်းခေါင်ကိုစစ်ကဲခန့်တော်မူ ၍၊ သားတော်သတိုးမင်းစောကို ရတနာပူရအဝမြို့မှာ အခိုင်နေစေ၏။ ။ သားတော်သတိုးမင်းစောလည်း အဝသို့ရောက်လျှင် ပတ်လည်မြို့ကျေးရွာ တွင် ရှိနေသည့် ဆင်,မြင်း,လူသူ, ဆန်စပါး,လက်နက်ကိရိယာရှိသမျှကို ကုန်စင်အောင် သိမ်းရုံး၍ မြို့တွင်းသို့ချည်း သွင်းပြီးလျှင် ကျုံးမြောင်းမြို့ ပြ၊ ပစ်စင်ရင်လျှောက်၊ ဆင်ခလုတ်,မြင်းခလုတ်၊ ကတုတ်ဆူးငြောင့် လုပ် ရေးဆောင်ရေးရှိသမျှကို ပြီးပြေအောင် စီရင်၍ အရေးကိုမြော်တင်းလျက် နေတော်မူလေ၏။

### ဟံသာဝတီဘုရင်က စစ်သည်နှစ်သိန်းကျော်ဖြင့် ချီလာ၍ တလိုင်းစစ်သူကြီး ဒလပန်း တိုက်လှေကြီးများဖြင့် ဆန်တက် စွဲရပ်ခြင်း

ထိုအခါ ဟံသာဝတီဘုရင်က ရတနာပူရ အဝပြည်ကြီးသည် ပြည် ထောင်ဦး သတိုးမင်းဖျားမှစ၍နှစ်ပေါင်းသုံးရာ့ရှစ်ဆဲ့ခုနစ်နှစ်တိုင်အောင် တိုးနန်းမင်းဆက်ကာသအရှည် မြို့၏အင်္ဂါ ခုနစ်ပါး အစာလေးပါးနှင့် ပြည့်စုံသော တိုင်းကြီးပြည်ကြီးစင်လျက် ငါ့ဘုန်းလက်ရုံးအလုပ်အကြံကို မခံနိုင်၍မင်းနှင့်တကွ နိုင်ငံအလုံး ငါ့လက်တော်သို့ ရောက်လေပြီးသည်ကို မှုဆိုးပိုင်ယ်မျှ ထောင်ထားလေသော်လည်း ငါ့လက်တော်က လွတ်နိုင် မည်လော၊ မြန်မာဆိုသမျှ ရန်ကြွင်းမီးပွား မထား မကျန်စေနှင့် အမြစ် အရင်း တျင်းတျင်းဖြတ်၍ ပုခက်တွင်းမှမလွတ်စေရ ကုန်စင်အောင် ဖမ်း

ဆီးသတ်ညှစ်ရမည်ဟုအာဏာထားပြီးလျှင် ကြည်းတပ် ရေတပ်စည်းကြပ်
ခန့်ရန်သည်ကား....

ဗညားအေဥ်တတပ်၊ဗညားကျော်တတပ်၊ဗညားရက္ခိုက်တတပ်၊ဗညား
ရွှတ်တတပ်၊ ဗညာနန္ဒကျော်ထင် တတပ်၊ တာနော တတပ်၊ တလရှင်
တတပ်၊ အိန္ဒဘိပျံချီ တတပ်၊ အဲကန်ကောင်း တတပ်၊ လက္ခန်းအိန်
တတပ်၊ ဟံသာဝတီ ဘုရင့်ညီ ဗညာဒလတတပ်၊ သည့်တဆဲ့ တတပ်
တွင် မြင်းလေးထောင်၊ စစ်သည်သူရဲ တသိန်းတသောင်းကို ဗညားဒလ
ချုပ်၍ ကြည်းကြောင်းချီရသည်။

စစ်တောင်းစားတတပ်၊ လက်ယာစားတတပ်၊ ခနေဖြူစားတတပ်၊လှိုင်
စားတတပ်၊ ဘောလယ်စားတတပ်၊ ပန်းတနော်စား တတပ်၊ ပန်းလှိုင်
စား တတပ်၊ တောသမိစား တတပ်၊သန်လျက်ကင်းစား တတပ်၊ဇလွှံစား
တတပ်၊ ကနောင်စား တတပ်၊ရေကင်းစား တတပ်၊မော်ဝန်းစားတတပ်၊
ဘောင်းနင်းစား တတပ်၊ ညောင်စာရေးစား တတပ်၊ ကြီခင်စား တတပ်၊
ကွင်းကောက်စား တတပ်၊ သည့်တဆဲ့ခုနစ်တပ်တွင် တတပ် တတပ်လျှင်
လှေတရာ၊ စစ်သည်သူရဲ ငါးထောင်စီ လှေပေါင်း တထောင့်ခုနစ်ရာ၊
စစ်သည်သူရဲ ရှစ်သောင်းငါးထောင်။ ။ဒေါဠယ်ယစက် တတပ်၊ဒလ
ပန်းတတပ်၊ သမက်တော် စောဗြတတပ်၊ ဥပရာဇာ တတပ်၊ သည့်လေး
တပ်မှာ တတပ်တတပ်လျှင် လှေနှစ်ရာ၊ စစ်သည်သူရဲ တသောင်းစီ၊ လှေ
ပေါင်း ရှစ်ရာ၊ စစ်သည်သူရဲ လေးသောင်း၊ သည့်တပ်ခပေါင်း နှစ်ဆဲ့
တတပ်တွင် တိုက်လှေကြီး တထောင့်နှစ်ရာ၊ရိက္ခာတင် ဝန်လှေ တထောင့်
သုံးရာ၊ စစ်သည်သူရဲ တသိန်းနှစ်သောင်းငါးထောင်ကို ဥပရာဇာချုပ်၍
ရေကြောင်းချီရသည်။ ရေကြောင်းတပ်မှာ ပုဂံ ရွှေစည်းခုံ ဘုရားတွင်
မြန်မာထီးကိုချ၍ တလိုင်းထီးကို တင်ခဲ့ရမည်ဟူ၍လည်း ရဟန်းသံဃာ
တော်တို့နှင့်တကွ ဟံသာဝတီဘုရင်က ပေးလိုက်၏။

သို့ကြည်းတပ် ရေတပ် စည်းကြပ်ခန့်ရန်၍ ကြည်း, ရေ တပ်ပေါင်း
သုံးဆဲ့နှစ်တပ်၊ စစ်သည်သူရဲ နှစ်သိန်းသုံးသောင်းငါးထောင်နှင့် ကြည်း
ဘက်ရေဘက် ချီလှာ၍ ဥပရာဇာတို့ရေတပ် ဆင်ဖြူကျွန်းသို့ရောက်လျှင်
ပုဂံ ရွှေစည်းခုံဘုရားထီးတော်ကို ပြန်မှတင်မည်ဟု ရဟန်းသံဃာအကြီး
အကြပ် အစောင့်အနေနှင့် ရေကြည်ဝအရပ်တွင် ထားခဲ့ပြီးမှ ရေတပ် ပုဂံ
အထက် ဆင်တဲဝသို့ရောက်လျှင် ပင်းမဲထီးမိုလ် လက်ဝဲ သီဟကျော်ထင်,
စဃက်သူမိုလ် တုရင်ပျံချီ, မင်းလှပျံချီတို့ကို အလျှင်ချီခဲ့ရမည်ဟု ဥပရာဇာ

ကခေါ်စေသည်ကို လက်ခံ သီဟကျော်ထင်မှာ အလုံးအရင်းနှင့်တကွ လာရောက်သည်။ စလင်္ကသူဗိုလ် တုရင်ပုံချီ, မင်းလှပုံချီတို့မှူကား တလိုင်းတို့တပ်နှင့်မပေါင်းလို၍ မလာနေကြောင်းကိုဥပရာဇာကြားသောကြောင့် စလင်္ကသူရွာကိုချီ၍ တိုက်စေသည်။တုရင်ပုံချီ,မင်းလှပုံချီတို့လည်း တလိုင်းတပ် အင်အားကြီးလှသောကြောင့် မခံနိုင်၍ ပျက်လေလျှင် တုရင်ပုံချီလည်း တိုက်ပွဲတွင်ပင် ဆုံးချေ၏။ မင်းလှပုံချီမှူကား တပ်ပျက်လျှင် နှမငယ်ကိုဆောင်ယူ၍ ရုံးမိသမျှသော ဆွေမျိုးစုံရာနှင့် အလျှင်ထွက်ခွာခဲ့ပြီးလျှင် အဝမြို့ သားတော်သတိုးမင်းစောထံဝင်ရောက်လှာသည်ကို ဘဝရှင်အလောင်းမင်းတရားကြီးဘုရားထံသို့ နှမငယ်နှင့်တကွ ပို့ရလေ၏။ ။ ဘဝရှင် အလောင်းမင်းတရားကြီး ဘုရားလည်း မင်းလှပုံချီ နှမငယ်ကို အပြင်အလျှာနှင့် ပြည့်စုံသည်ဖြစ်၍ အပါးတော်တွင် စေပါးတော်မူ၏။ ယင်းသောအခါ စလင်္ကသူရွာတွင် ခိုဝင်နေသော ခင်ဦးစားလက်ယာပုံချီသားအဘတို့လည်း စလင်္ကသူတပ်ပျက်လျှင် ဥပရာဇာတပ်သို့ဝင်လာသည်ကို ဥပရာဇာမှာ ဒလပန်းတောင်း၍ သတ်လေ၏။

ယင်းသို့ ဟံသာဝတီဘုရင်က ရာမညတိုင်း တလိုင်းသုံးရပ်နှင့်တကွ မြန်မာပြည် မြေလတ်တခွင် မြို့ကျေးရွာများကို သိမ်းရုံးပြီးလျှင် ကြည်းရေ ဝိတ်မှုစစ်ကြီးချီလှာ၍ သက္ကရာဇ် (၁၁၁၆) တဆောင့်တရာ့တဆဲ့ခြောက်ခု ကဆုန်လဆန်း၅ရက်နေ့ တလုပ်မြို့သို့ ရောက်ကြောင်းကို ဘဝရှင် အလောင်းမင်းတရားကြီး ကြားတော်မူလျှင် တလိုင်းတို့ တပ်အင်အားကြီးလှသည်ဆိုသည်၊ လုပ်ရည်ကြံရည်ကိုသိရအောင် စစ်ရေးစမ်းဦးမည် နှလုံးပိုက်တော်မူ၍ မောင်သတိုးခမ္ဘရာဇာ အဝမြို့ရောက်ချီပြီးလျှင် အဝမြို့တွင်ရှိသည့် သတိုးမင်းစောတပ်၊ မြစ်ဆုံနံ့နွှင်းကိုင်းတွင်ရှိသည့် သေနတ်ဝန်တပ် သည်သုံးတပ်ပေါင်း၍ တလုပ်အနီးမှတွင်ရှိသည့် တလိုင်းတပ်ကို တိုက်ရမည့် အမိန့်တော်ရှိ၍ သားတော်အကြီး သတိုးမွေရာဇာ ရတနာသိင်္ဃမြို့တော်က ချီတော်မူရ၏။ အဝသို့ရောက်လျှင် သေနတ်ဝန် မင်းလှမှင်းခေါင်ကျော်တပ်သို့စေ၍ ငါတို့လည်း ရောဝတီမြစ် တောင်ဘက်ကြည်းကြောင်း တလုပ်မြို့ရောက်ချီလာမည်၊သေနတ်ဝန် မင်းလှမင်းခေါင်ကျော်လည်း ရေကြောင်း ချီခဲ့ရမည်ဟု အခါနေ့ရက် ချိန်းချက်မှာထားတော်မူ၍ မင်းညီနောင် နှစ်ပါး အလုံးအရင်းနှင့် ကြည်းကြောင်းချီတော်မူသည်။ သေနတ်ဝန်လည်း မြစ်ဆုံက လှေတရာနှင့် ရေကြောင်းချီလာ၍ ရေတပ်ကြည်းတပ် အရောက်ညီလျှင် တလုပ်မြို့တွင် တလိုင်းတို့တပ်

ကိုတိုက်သည်။ တလိုင်းတို့က ကြည်းဘက် ရေဘက် အင်အားကြီးလှသောကြောင့် သားတော် သတိုးဓမ္မရာဇာတပ်၊ သားတော် သတိုးမင်းစောတပ် ရွေ့ချေ၏။ ကြည်းတပ်ရွေ့သည်ကို တလိုင်းတို့မြင်လျှင် စစ်သူကြီး ဒလပန်းတိုက်လှေကြီးလေးရာကျော်နှင့် စစ်ခေါင်းတည့်၍ သည်ခါသော် ယောက်ျားကောင်းချင်း သိရတော့မည်ဟု သေနတ်ဝန် မင်းလှမင်းခေါင် ကျော်လှေတပ်ကိုတိုက်သည်၊ သေနတ်ဝန်လည်း မဆုတ်မနစ်၊ အထိုး အပစ်ခံ၍အပန်းတကြီးပင်ကွပ်ကဲခုခံပါသော်လည်း တလိုင်းတို့က လှေ လူ အင်အားများလှသောကြောင့်မခံနိုင်၍ သေနတ်ဝန်မင်းလှမင်းခေါင်ကျော် တို့လှေတပ်လည်း ပျက်ပြန်ချေ၏၊ ရဲမက်တော်တို့လည်း ရေကိုဆင်းကူး၍ ကြည်းသို့တက်နိုင်သူသာ လွတ်ချေ၏၊ သေလေသည်ကား များချေ၏၊ ယင်းမာကန် ဗိုလ် မင်းလှမင်းကျော်စွာလည်း ယင်းတွင်ပင် လက်နက်သင့် ၍ သေချေ၏။

ယင်းသောအခါ သေနတ်ဝန် မင်းလှမင်းခေါင်ကျော်၊ မင်းကျော် တမွတ်, ရာဇဟုမ္မ က်တို့စီးသည့် လှေသုံးစင်းသာ လှေနှင့်တကွ ခွာနိုင် လေသည်၊ ထိုလှေသုံးစင်း ခွာနိုင်လေသည်ကို တလိုင်းရဲမက်တို့ မြင်လျှင် မြန်မာတို့လှေတပ်သည် လက်ခုပ်တွင် ထားသော ရှစ်ရှားတလုံးခန့်မျှ နည်းလှလေသည်ဖြစ်လျက် သို့စင် ရဲဝံ့လေသည်၊ အင်အား တူဘိမူကား ဘဇာဆိုဘွယ်ရာ ရှိတော့မည်၊ ယခုမူကား တလိုင်းကားများ၊ မြန်မာ ကား ရှစ်ရှား၊ အနည်းအများ အင်အားမတန်လေ၍သာ သူမစွမ်းကို လက်ပန်းကိုင်သကဲ့သို့ နိုင်ရလေသော်လည်း ပွဲမဟူလောက်ဖြစ်လေသည်၊ ရှေ့သို့အင်တူအားမျှ စစ်ကြီးတွေ့ကြသည့် ကာလ အရေးခဲချိမ့်မည်ဟု အချင်းချင်း ဆိုခိုးကြကုန်၏။

သေနတ်ဝန်တို့ လှေသုံးစင်းသားတို့လည်း ဆုတ်ခွာခဲ့၍ မြစ်ဆုံတပ်မှာ ရှိသည့် ဆန်ကျီ စပါးကျီယမ်းတိုက်များကိုမီးတိုက်ရှို့ခဲ့ပြီးလျှင် ချင်းတွင်း ညာကို ဆန်ခဲ့၍ ရွှေစာရေးဝန်ဘိုတွင် ရပ်တင်းပြီးမှ ရဲမက်တော်တို့ကို ရုံးစည်း၍ နေ၏။ ။သားတော် သတိုးဓမ္မရာဇာလည်း ရုံးမိသမျှ ရဲမက် တော်တို့နှင့် ရောဝတီမြစ် မြောက်ဘက်သို့ ကူး၍ နေပြည်တော်ရောက်ခွာ လေ၏။ ။သားတော် သတိုးမင်းစောမူကား နေမြဲအဝမြို့သို့ ဝင်ပြီးလျှင် တရော်ဆေးဝါးမန္တန်ပရိတ်ရည်တို့ဖြင့်ဦးခေါင်းဆေးလျှော်တော်မူ၏။ ။ မြို့စောင့်နတ်,ရွာစောင့်နတ်ပုံကို ဗာလိနတ်စာ ပသလျက် ဆင်မြင်းဗိုလ် ပါတို့ကို အင်အားပြည့်တင်းစေ၍ မြို့စီးပြစီး နှင့်အခိုင်နေတော်မူ၏။ ။

သေနတ်ဝန် မင်းလှ မင်းခေါင်ကျော်လည်း ရွှေစာရေးဝန်ဘိုက ရုံးမိ သမျှသော ရဲမက်တော်တို့ကို စစ်ကိုင်းမူးဝတွင် ထားခဲ့၍ စုံရာနှင့်သာ ရတနာသိင်္ခမြို့တော်သို့ ရောက်လှာ၏။

ထိုအခါ ဥပရာဇာစသောသုံးဆဲ့နှစ်တပ်သားတို့လည်း ကြည်းကြောင်း ရေကြောင်း အဝမြို့သို့ ချီလာ၍ တလိုင်းမင်းညို ဗညားဒလတို့ တဆဲ့တ တပ် မြို့သာဖောင်ကျင်းကြောင်းချီသည်၊ တလိုင်းမင်းသမက်စောဗြ၊မဟာ ဥပရာဇာတို့ ရေတပ်နှစ်ဆဲ့တတပ်လည်း ချီတက်ခဲ့၍ မူးဝရွာထောင်တွင် ထားသည့် မြန်မာတို့တပ်ကို တိုက်သည်ပျက်ပြန်ချေ၏၊ ရဲစက်တံခွန်လည်း ယင်းတွင် ဆုံးချေ၏၊ ဥပရာဇာတို့ ရေကြောင်း နှစ်ဆဲ့တတပ်ခရမ်းပေါက် သို့ရောက်၍ တလိုင်းမင်းညိုဗညားဒလတို့ ကုန်းကြောင်းတဆဲ့တတပ်သား တို့နှင့် ပေါင်းမိလျှင် ဤသို့တိုင်ပင်ကြ၏၊ မြန်မာတို့တိုင်းပြည် အလုံးတွင် အဝမြို့သာ အမြစ်အခြေ ပဌာနဖြစ်သည်၊ အဝမြို့တွင် မြန်မာမင်းသား အလုံးအရင်းနှင့် နေသည်ကို အလျှင်ရအောင်တိုက်မည်၊ မြန်မာမင်းသား နှင့်တကွ တမြို့လုံးကိုရမှ အဝတွင် အရပ်အနေပြု၍ပြီးလျှင် မှူးဆိုးပိုမှစ၍ ထောင်ထားရိုင်းပျံသမျှကို လုပ်ကြမည်၊ သည်ကဲ့သို့ ခြေခြေမြစ်မြစ်ရပ်ရပ် နေနေ လုပ်ကြ၍ မြန်မာလူမျိုး ယောကျာ်း ဆိုသမျှကို ပုခက်တွင်းမကျန် အကုန်အစင်သတ်ပြီးမှ မိန်းမဘို့ကိုအကုန်သိမ်းယူ၍ ဟံသာဝတီမြို့သို့ ပြန် မည်ဟု တိုင်ပင်ညီညွှတ်ကြသောကြောင့် ကြည်းတပ်မှာ တလိုင်းမင်းညို ဗညားဒလ အဝမြို့အနောက် ရောဝတီမြစ်နားက အရပ်အနေပြု၍ ဗညား အဥ်တတပ်၊ ဗညားကျော် တတပ်၊ ဗညားရက္ခိုက်တတပ်၊ ဗညားရွှတ် တတပ်၊ ဗညားနန္ဒကျော်ထင်တတပ်၊ တာနောတတပ်၊ တလရှင်တတပ်၊ အိန္ဒဘိပုံချီတတပ်၊ အဲကန်ကောင်းတတပ်၊ လကွန်းအိန်တတပ်၊ တလိုင်း မင်းညို ဗညားဒလနှင့်သော် တပ်ပေါင်းတဆဲ့တတပ်မှာ မြို့အနောက်ရော ဝတီမြစ်နားကသည် မြို့တောင်ကိုလည်၍ မြို့အရှေ့ မြစ်ငယ်နား လေး ထောင့်ဝဲ ငွေစင်ချောင်းဝ ဆိုက်အောင် တပ်စဉ်အတိုင်းအဝမြို့ကို ကြည်း ဟပ်ရံ၏။

ရေတပ်မှာ မဟာဥပရာဇာမြို့အနောက် ခရမ်းပေါက်တွင် အရပ်အနေ ပြု၍၊ စစ်တောင်းစား တတပ်၊ လက်ယာစား တတပ်၊ မနေဖြူစားတတပ်၊ လှိုင်စားတတပ်၊ ဥပရာဇာနှင့်သော် တပ်ပေါင်းငါးတပ်၊ ဘားတမော့ ဆင်ရဆိပ်ဆိုက်အောင် လှေတပ်ဦးဆို၍ ရေကြောင်းကာရံ၏။

ဟလိုင်းမင်းသမက်စောဖြမှာ၊ရောဝတီမြစ်မြောက်ဘက် နွားချေးကျွန်းတွင် အရပ်အနေပြု၍ ဘောလယ်စားတတပ်၊ ပန်းတနော်စား တတပ်၊ ပန်းလှိုင်စားတတပ်၊ တော်သမိစား တတပ်၊ တလိုင်းမင်းသမက် စောဖြနှင့်သော် တပ်ပေါင်းငါးတပ်၊ နွားချေးကျွန်းကသည် သံလွင်ဖြူငါးတပ်ကြီးတလျှောက် ဝိရကြောင်းက လှေတပ်နှင့်ရုံ၏။

စစ်သူကြီး ဒေါ်ငွယ်ယစက်မှာ အရှေ့ဘက်ယောဝတွင် အရပ်အနေပြု၍ ဇရွှံစားတတပ်၊ ကနောင်မှားတတပ်၊ ရေကင်းစား တတပ်၊စစ်သူကြီး ဒေါ်ငွယ်ယစက်တပ်နှင့်သော် တပ်ပေါင်းလေးတပ်၊ သပြေပင်၊ ရွှေကြက်ယက်၊ အိုးထိန်းမော်ရောက်အောင် လှေတပ်ဦးဆို၍ မြစ်ငယ်အရှေ့ဘက် မြစ်ညာက ရေကြောင်းလှေတပ်နှင့်ရုံ၏။

စစ်သူကြီး ဒလပန်းမှုကား မော်ဝန်းစားတတပ်၊သန်လျင်စားတတပ်၊ ဘောင်းနင်းစားတတပ်၊ ညောင်စာရေးစားတတပ်၊ ကြံခင်းစားတတပ်၊ ကွင်းကောက်စားတတပ်၊ စစ်သူကြီးဒလပန်းနှင့်သော် တပ်ပေါင်းခုနစ်တပ် ရောဝတီမြစ်ညာသို့ဆန်၍ စေဥ္စကူးမြို့က ရပ်နေပြီးလျှင် ကျောက်မြောင်းဆိုဟ်အောင် မြစ်အရှေ့ဘက် အနောက်ဘက် ကျေးရွာများကို မီးသင်းတိုက်ရှို့ရမည်ဟု ခန့်၍ချီစေ၏။

## သားတော် သတိုးမင်းစော တလိုင်းတပ်များကို စစ်ရေးစမ်းတော်မူခြင်း

ယင်းသောအခါ ဘဝရှင်အလောင်းမင်းတရားကြီးဘုရားသည်း ကောသရာဇာခြင်္သေ့တို့ဟောက်မြူးသောအသံကို မကြောက်မရွံ့သောဇာနည်ဆေးပါးကဲ့သို့ ပုရိသာဇာနေယျ ဖြစ်တော်မူသည်နှင့်အညီ တလိုင်းတို့က မခေါက်မလား ကျောက်မြောင်းတိုင်အောင် မြေရေညွတ်မျှ ကြည်းတပ် ရေတပ် အထပ်ထပ်ချီလာကြောင်းကိုကြားတော်မူသော်လည်း စိန်တောင်ပျက်ကဲ့သို့ မညွတ်မယိုင် ကြံ့ကြံ့ခိုင်သော ရွှေနှလုံးတော်ဖြင့် လုပ်ရေးကြံရေး ရှိသော မိုက်မူးတင်မူးတို့နှင့် နှိုင်းရှည့် တိုင်ပင်တော် မူပြီးလျှင် ညီတော် သတိုးသိမ်သူကို အလုံးအရင်းနှင့် ကျောက်မြောင်းမြို့က ခံရပ်ရမည် ခန့်တော်မူ၍ ချီရသည်။ သားတော် သတိုးဓမ္မ ရာဇာကိုလည်း မင်းလှမင်းခေါင်ယင်၊ မင်းလှရွှေတောင်တို့ကို စစ်ကဲခန့်တော်မူ၍ စစ်ညွှန်သူပဲ့ တသောင်းနှင့် စစ်ကိုင်းမြို့က ရပ်ခံရမည်ခန့်၍ ချီရသည်။

ယင်းသောအခါ အဝမြို့မှာ သားတော် သတိုးမင်းစောလည်း မင်းလှကျော်သူ၊ မင်းလှမင်းခေါင်စသော ဗိုလ်မှူးတပ်မှူး သူရဲသူခက်ရဲမက်တော်အပေါင်းတို့ကို မြို့ထိပ်သို့တင်၍ ကြံ့ကြံ့ ခံနေတော်မူသည်။ တလိုင်းတို့ မြို့ရင်းသို့ အကြိမ်ကြိမ် ချဉ်းကပ်လာသော်လည်း မဆုတ်မနစ် ရှပ်ရှပ်ချုံချုံ ဆီးခံထိုးခုတ် ပစ်ခတ်သောကြောင့် အသေအပျောက် အရှအနများသည်နှင့် မြို့ကိုမချဉ်းမကပ်၊ ဝန်းရံ၍သာနေကြလေ၏။

သားတော် သတိုးမင်းစောလည်း တလိုင်းတို့က ကြည်းရေအင်အားများလှသောကြောင့် လုပ်ရေးကြံရေးကို ဆင်ခြင်တော် မူသာအောင် တလိုင်းတယောက်ကို အရှင်ရအောင်ဖမ်းချေဟု ကျွန်တော်ရင်း မြင်းရည်တက်စာရင်းပါ ရဲထင်ပျံချီခံ သာစည်ငအောင်ငယ်ကို အမိန့်တော်ရှိလျှင် သာစည်ငအောင်ငယ်လည်း ဇမ္ဗူဒိပ်မြေအပြင်တွင် ဆင်စီးချင်း မြင်းစီးချင်းဖြစ်လျှင် ကျွန်တော်ကြောက်သည်မရှိ ယခုပင်ထွက်၍ တလိုင်းတို့ကို အရှင်ဖမ်းပါမည်ဟု မကြောက်မရွံ့အာမခံပြီးလျှင် မြင်းတစီးနှင့် ညဥ့်မှောင်ပိုးဝါးကို အရှေ့တံခါးက ထွက်ပြီးလျှင် ညောင်စဉ်က စွဲရပ်သည့် ဗညားကျော်တပ်နှင့်လေးထောင့်ဝဲကစွဲရပ်သည့် ဗညားအောဉ်တပ်အကြား မနော့ရမ္မာဥယျာဉ်တွင် တလိုင်းကြီးတယောက်ကို အရှင်ဖမ်းမိ၍ ကြိုးနှင့် ချည်ပြီးမှ မြင်းနီကြီးတစီးကိုဖမ်းယူခဲ့၍ တလိုင်းကြီးကို မြင်းထက်တင်ပြီးလျှင် တပ်နှစ်တပ်အကြား မြင်းကို အပြင်းလွှတ်၍ မြို့တွင်းသို့ဝင်ခဲ့၏။ ထိုအခါ တလိုင်းတပ်လည်း သောသောယန်ရစ်လေ၏။ သားတော်သတိုးမင်းစောလည်း သာစည်ငအောင်ငယ်ကို အားရတော်မူ၍ ဆုပေးတော်မူ၏။

ယင်းသို့မှ ရခဲ့သည့်တလိုင်းကိုစစ်လျှင် တလိုင်းလည်း ရေးခြားလိမ္မာသူဖြစ်၍ ယခု ကျွန်တော်တို့ဟံသာဝတီက ချီလာသည်ကား ကြည်းရေ တပ်ပေါင်း သုံးဆွဲနှစ်တပ်၊ စစ်သည်သူရဲ နှစ်သိန်းသုံးသောင်းငါးထောင် ၂ါချေသည်။ ရှင်ဘုရင့်ညီတော် သခင်ဗညားဒလနှင့် တပ်ပေါင်း တဆွဲတတပ်မှာ မြို့အနောက်မြစ်နားက တပ်မစွဲရပ်ပြီးလျှင် မြို့အရှေ့မြစ်ငယ်နား ငွေစင်ချောင်းဝရောက် ကြည်းတပ်ရံသည်၊ ရေကြောင်းမှာလည်း ရှင်ဘုရင်ညီ မဟာဥပရာဇာတပ်ပေါင်းငါးတပ်နှင့်ခရမ်းပေါက်က ဆင်ရ ဆိပ်ရောက်ရံသည်၊ရှင်ဘုရင့်သမက်တော် သခင်စောဗြလည်း တပ်ပေါင်း ငါးတပ်နှင့် နွားချေးကျွန်း သံလွင်ဖြူ ငါးထပ်ကြီးရောက် ချီသည်။ ။

စစ်သူကြီးဒေါဇွယ်ယစက်နှင့်တပ်ပေါင်းလေးတပ်မှာ ယောဝကရွှေကြက်ယက်ရောက် ရံသည်။ စစ်သူကြီးဒလပန်းနှင့် တပ်ပေါင်းခုနစ်တပ်မှာ ရောဝတီမြစ်ညာ ကျောက်မြောင်းရောက် ချီရသည်။ ။ရံလေသမျှတပ်တွင် လေးထောင့်ဝဲညှောင်စဉ်က စစ်ခေါင်းထားသည်။ ကျွန်တော်တို့ဗိုလ်မင်း ဗညားအေဉ်၊ ဗညားကျေဉ်တို့တပ်မှာ ဆင်ကောင်း,မြင်းကောင်း, သူရဲကောင်းစတေဖြစ်၍ စစ်ခေါင်းမာလှချေသည်။ ဗိုလ်မင်း ဗညားအေဉ်၊ ဗညားကျေဉ်တို့တပ်ကို ရှေ့အောင် ဖျက်ဆီးနိုင်လျှင် တပါးတပ် ရှုံ့နှင့်လိမ့်မည်ဟု စစ်ချက်ရသည်ကို သားတော် သတိုးမင်းစော ကြားတော်မူလျှင် ယခု အထပ်ထပ် တလိုင်းဘို့က ကြည်းတပ်, ရေတပ် ဝန်းရံသည်မှာ ဗိုလ်ခြေအင်အား များလှသည်ဖြစ်၍ သူတို့အင်အားနှင့် ငါတို့အင်အားကိုထောက်ချေသော် နွားမွေးနှင့် နွားဦးချိုကို လူတို့ပမာပြုသကဲ့သို့ အနည်းအများ အင်အားမတန် ဖြစ်ချေသည်ဟု အမိန့်တော်ရှိလျှင် မင်းလှကျော်သူ လျှောက်သည်ကား····တလိုင်းတို့က ဗိုလ်ခြေအင်အား များလေသော်လည်း "မြို့စီးတရာ မြို့လာတထောင်"ဆိုသကဲ့သို့ မြို့နှင့်ခံသည်ကို တလိုင်းတို့ လှုပ်ရှားနိုင်မည်မဟုတ်၊ ခမည်းတော်ဘုရား ကြားတော်မူလျှင်လည်း အရံမဖြုတ်ပဲ နေတော်မူမည်မဟုတ်၊ ယင်းသို့ ခမည်းတော်ဘုရား ချီတော်မူသည့်ကာလ စစ်နှစ်ဘက်ညှပ်လုပ်ကြံရလျှင် တလိုင်းတို့ ခံနိုင်မည်လောဟု လျှောက်သည်ကို မှူးဆိုးချုံဗိုလ် မင်းလှမင်းခေါင်ကြားလျှင် ယခု ဗိုလ်မင်းလျှောက်သောအရေးလည်း သင့်လျော်သော အရေးပင် ဖြစ်ပေသည်။သို့ရာတွင် ကျွန်တော်တို့ကအရေးကိုမြင်သကဲ့သို့ပင် သူတို့လည်း အရေးကိုမြင်သောကြောင့် ရတနာသိင်္ချ မြို့တော်က မကူသာအောင် ရေကြောင်းကလည်း ဒလပန်းနှင့်တပ်ပေါင်း ခုနစ်တပ် ကျောက်မြောင်းရောက် ကြိုနှင့်လေပြီ။ ကြည်းကြောင်းကလည်း တလိုင်းမင်းသမက် စောဗြနှင့်တပ်ပေါင်း ငါးတပ် စစ်ကိုင်းက စစ်ဦးဆို့၍ကြိုနှင့်လေပြီ၊ ရတနာသိင်္ချမြို့တော်ကပင် ချီလာသော်လည်း သူတို့က ကြို၍ခံနိုင်အောင် ခံချိမ့်မည်။ ယင်းသို့လျှင် တလိုင်းတို့က စစ်ခေါင်းနှစ်ဝ၊နှစ်ဘက်လှလုပ်ကြံလေသောကြောင့် ကိုယ်စီအရေးနှင့်ချည်းဖြစ်၍ ခမည်းတော်ဘုရားက အရံအဖြုတ်လာမည်ကို အားလင့်ရမည်မဟုတ်၊ကျွန်တော်တို့ကိုလည်း အဝကခံနိုင်အောင် ခံရမည်ဟူ၍သာ ခန့်တော်မူချေသည်။ငါအရံအဖြုတ် လာမည်ဟူ၍ အမှာတော်မရှိချေ၊ သို့ရာတွင် တလိုင်းတို့က ကျောက်ဖျာမိုးရှိဘိလင့်ကစား ကျွန်တော်တို့ ကြံ့ကြံ့ခံနေသည်ကို တလိုင်း

တို့က အဝမြို့ကို ဇှက်မူ၍ ပျံလာနိုင်မည်လော၊ ယခုလည်း ကဆုန်နယုန် ကာလရောက်ပြီ၊ ရွှေသို့ လေပြင်းမုန်တိုင်းလာလျှင် ရေတပ်ကလည်း အခို အမှီရှား၍ ဆိပ်ကမ်းမသာရှိမည်၊ ကြည်းတပ်ကလည်း ပတ်လည် ရေ တပြင်းနှင့် တံစိုးရှုံ့ညွန်များ၍ ဆင်ခင်း မြင်းခင်း မသာရှိမည်။ ယင်းသို့ သော် တလိုင်းတို့ နေနိုင်မည်မဟုတ်ဟု လျှောက်သောအရေးကို သား တော်သတိုးမင်းစော ကြားတော်မူလျှင် ဗိုလ်မင်းတို့ ဆိုကြသောအရေး လည်း စစ်ရေးချည်းပင် ဖြစ်ပေသည်။ သို့ရာတွင် တလိုင်းတို့ကရံလေသမျှ တပ်တွင် ဗညားအေဥ့်,ဗညားကျော်တို့ကို လေးထောင့်ဝဲ ညှောင်စဉ်က စစ်ခေါင်းထားလေသည်။ သည်နှစ်တပ်ပျက်လျှင် တပါးတပ် ရှုံ့လိမ့်မည် ဆိုသည့်အတိုင်း ယခုပင်ထွက်၍ တလိုင်းတို့ စစ်ခေါင်းကိုဖြတ်မည်။ စစ် ခေါင်းပြတ်လျှင် မြို့အနောက်နန်းတော်သင်္ဂ စွဲရပ်သည့် စစ်ခါးကိုချိုး မည်၊ သည်ကဲ့သို့ လုပ်ကြံသည်ကို တလိုင်းတို့က စစ်ခြေကြွလျှင်လည်း လိုက်၍တိုက်မည်။ တလိုင်းတို့ စစ်ခြေမကြွလျှင်လည်း မြို့နှင့်အလုံခံ၍ နေ မြဲနေမည်ဟု အမိန့်တော်ရှိလျှင် မင်းလှကျော်သူ၊ မင်းလှမင်းခေါင်၊ တောင်တွင်းဗိုလ် မင်းလှငယ်စသော ဗိုလ်မှူးတို့ညီ၍ ယင်းသည့်နေ့ ညဉ့် သုံးချက်တီးကျော် အချိန်တွင် မြို့ရှေ့ သာစည်တံခါးက ထွက်တော်မူ၍ လေးထောင့်ဝဲ ဗညားအေဥ့်တပ်ကို တိုက်တော်မူသည်။ တမုဟုတ်ခြင်း တပ်လုံးဖြုဖြု ပျက်လေ၏။ ဗညားအေဥ့်တပ်ပျက်လျှင် ဗညားကျော်တပ် ကို တိုက်ပြန်သည်၊ ပျက်ပြန်လေ၏။ ဗညားအေဥ့်,ဗညားကျော်တို့ အကွပ် အညှပ် ကောင်းလှသောကြောင့် ရုံးမြဲရုံးမိပြန်သည်နှင့် ဆင်ကောင်း, မြင်းခကောင်း သူရဲကောင်း လက်နက်ကိရိယာ ထူထပ်လှ၍ မတိုးမဖွဲနိုင် ဆုတ်တော်မူရချေ၏။ နောက်တကြိမ် အနောက်မျက်နှာ စံရာ တံခါးက ထွက်၍ နန်းတော်သစ်တွင် ရံသည့်တပ်ကို တိုက်တော်မူပြန်သည်၊ လူ နှစ်သောင်းကျော်,သုံးသောင်း ပြောင်းသေနတ် ထူထပ်လှသောကြောင့် မပြိုမပျက်နိုင်၍ ဆုတ်တော်မူရချေသည်။ ။ယင်းသို့ နှစ်ကြိမ်, သုံးကြိမ် ချက်တဖြုတ်ထွက်၍ စစ်ရေးစမ်းတော်မူသော်လည်း တလိုင်းတို့က ဗိုလ် ပါအင်အား များပြားထူထပ်လှသောကြောင့် မှော်တော်ဘွဲ့ ကျွဲတိုးသကဲ့ သို့ ထပ်တုံတလဲလဲ မကွဲမပြိုနိုင်၍ မြို့နှင့်သာ အလုံခံတော်မူရချေ၏။ ယင်း သောအခါ သာစည်ငအောင်ငယ်လည်း မြို့အနောက်ကုန်းရိုးသို့တယော် ချင်းထွက်၍ တလိုင်းတို့မြင်းနှစ်စီးကို ဖမ်းယူခဲ့ရာ ပြောင်းသင့်၍ မြို့တွင်း ရောက်လျှင် ဆုံးချေ၏။

## တလိုင်းရေတပ်ကို တိုက်ခိုက်အောင်မြင်ခြင်း

ဘဝရှင် အလောင်းမင်းတရားကြီး ဘုရားလည်း ဆင်တရာ၊ မြင်းတထောင်၊စစ်သည်သူရဲတသောင်းနှင့် မင်းကေရာဇ်တို့တင့်တယ်စံပယ်တော်မူခြင်းဖြင့် စည်တော်ရွှမ်းလျက် အရှေ့မျက်နှာ ဆင်ဖြူတံခါးကထွက်တော်မူ၍ ကျောက်မြောင်းမြို့ရောက်ချီတော်မူပြီးလျှင် ခန့်ရန်စည်းကြပ်တော်မူသည်ကား···သူရဲ သူခက် ရဲမက်တော်အပေါင်းတွင် မောက်မာသန်စွမ်းကြမ်းထမ်းရဲရင့်သော သူရဲကောင်း တထောင့်ငါးရာ ရွေးကောက်တော်မူပြီးလျှင် တဆဲ့ကိုးလံရှိသော မှိုင်းသဲသဲ ရဲလှေတော်ကြီးနှင့်တကွ လှေပေါင်း သုံးဆဲ့ ခြောက်စင်းတွင် ရဲစက်ကျော်ခေါင်တစင်း၊ ရဲကျော်သူရတစင်း၊ နရာသိခ်ကျော်တစင်း၊ ရန်အောင်သေနတစင်း၊ ရန်ခွင်းကျော်သူတစင်း၊ ရဲစက်ပျံချီတစင်း၊ သိရိပျံချီတစင်း၊ လက်ယာပျံချီတစင်း၊ ဘယကျော်ထင်တစင်း၊ နန္ဒကျော်ထင် တစင်း၊ ဇေယကျော်သူ တစင်း၊ ငွေတောင်လှကျော် တစင်း၊ တုရင်ဗလ တစင်း၊ လက်ယာကြံသိုင်း တစင်း၊ နန္ဒယော်ဓ တစင်း၊ နန္ဒသိဟတစင်း၊ စစ်ကောင်းသိရိတစင်း၊ အင်းယဉ်တုရင်တစင်း၊ ဗန္ဓုသေနကျော် တစင်း၊တုလွတ်ကျော် တစင်း၊ အိန္ဒဗညားတစင်း၊ နရာပျံချီကျော်တစင်း၊ လက်ယာဘီလူး တစင်း၊ နန္ဒကျော်ထင်တစင်း၊ ဥဒိန်ရန်နိုင်တစင်း၊ ရန်နိုင်သိရိ တစင်း၊ ရဲခေါင်စံကျော်တစင်း၊ ဗားရားကြီး တစင်း၊ မင်းကြီးကျော်စွာ တစင်း၊ သည်နှစ်ဆဲ့ကိုးစင်းမှာ လှေတစင်းလျှင် သူရဲသုံးကျိပ်စီ တင်တော်မူသည်။

ဗလကျော်ခေါင် တစင်း၊ သိရဲကျော်ထင် တစင်း၊လက်ဝဲဇေယကျော် တစင်း၊ လက်ယာကျော်ထင် တစင်း၊ လက်ဝဲရွှေတောင်တစင်း၊ နေမျိုးနန္ဒမိတ်တစင်း၊ မင်းကျော်စည်သူတစင်း၊ သည်ခုနစ်စင်းမှာ လှေတစင်းလျှင် သူရဲလေးကျိပ်စီ တင်တော်မူသည်။

မှိုင်းသဲသဲလှေတော်ကြီးမှာ တင်ကျည်းငါးရာ၊ သေနတ်တရာနှင့်၊သေနတ်ဝန် မင်းလှမင်းခေါင်ကျော်ကို မိုလ်မှူး၊ နောက်ဝင်းတော်မှူးကို စစ်ကဲ၊ သူရဲ သုံးရာ့ငါးဆယ် တင်တော်မူ၍၊ လက်ဝဲကြောင်း လက်ယာကြောင်း ခွဲဝေတော်မူပြီးလျှင် လှေဦးစီကာ အခါတော်ကို ငံ့လင့်၍နေကြရသည်။

ကြည်းတပ်မှာလည်း မြင်းသုံးရာ၊သေနတ်သုံးရာ, ရွှေလေးသုံးရာ၊တင်ကျည်းစွဲလေးရာ၊ သုံးစု ခြေသည်သူရဲတထောင်ကို အညာက တင်ပြီးလျှင်

ကျောက်မြောင်း အရှေ့ဘက်သို့ကူး၍ ကိုင်းတောက ချောင်းဝပ်နေစေသည်၊ အနောက်ကြည်းကြောင်းကလည်း မြင်းသုံးရာ၊ စစ်သည်သူရဲတထောင်ကို အနောက်ဘက်ကနေ၍လှေတပ်ကိုမရမည်၊အသင့်နေစေသည်၊

ယင်းသောအခါ တလိုင်းတို့က စစ်သူကြီး ဒလပန်းလှေရှစ်ရာကျော်ရောဝတီမြစ်ညာကိုဆန်တက်၍ ငစဥ့်ကိုင်တွင်လှေနှစ်ရာကျော်နှင့် တတပ်ထားပြီးလျှင် သစ်ဆိမ့်၊ မခေါက်မလား၊ ငစဥ့်ကူး၊ ခူလယ်တွင် မြစ်နားမြို့ရွာများကို မီးထင်းတိုက်ရှို့သည်၊ ဒလပန်းလည်း လှေနှစ်ရာကျော်နှင့် ငစဥ့်ကူးမြို့အထက် သိမ်းတိုက်ကျွန်းတွင်နေပြီးလျှင် မြန်မာတို့တွင် လှေကြီး လှေကောင်းမရှိ လှေတက်အကျင်အလျင်လည်း ငါတို့ကိုမတန်၊ဗိုလ်ခြေအင်အားလည်း ငါတို့ကိုမတူ၊ မြန်မာမင်း ရေကြောင်း ချီလာလျှင် ငါတို့လက်က လွတ်နိုင်မည်လောဟု ကြုံးဝါးပြီးလျှင် ဘောင်းနင်းစားတတပ်၊ ကြံခင်းစားတတပ်၊ မော်ဝန်းစားတတပ်၊ သည့်သုံးတပ်ကို တိုက်လှေကြီးနှစ်ရာနှင့် သီလရွာ ခူလယ်အထက်သို့ ယွန်း၍ ကျောက်မြောင်းအရှေ့ဘက်က နေစေ၏။ ။သန်လျင်ကင်းစားတတပ်၊ ကွင်းကောက်စားတတပ်၊ ညောင်စာရေးစားတတပ်၊ သည်သုံးတပ်ကို တိုက်လှေကြီးနှစ်ရာနှင့် မလားနွယ်ငြိမ်သို့ ယွန်း၍ အနောက်ဘက်ကနေစေ၏။ ။ဒလပန်းမှုကား အညာက လှေတက်စုန်လာသည်ကိုမြင်မှ တိုက်မည်ဟု၊ တိုက်လှေကြီး နှစ်ရာကျော်ကို အမြောက် စိန်ပြောင်း တင်ပြီးလျှင် မြစ်လယ်ကြောက ဖော၍ခံနှင့်၏။

ဘဝရှင် အလောင်းမင်းတရားကြီး ဘုရားလည်း ကျောက်မြောင်းမြို့အောက် ညောင်ပင်ရိပ်တွင် ရွှေခြေနင်းစီး၍ စီရင် စည်းကြပ်တော်မူပြီးလျှင် သက္ကရာဇ် (၁၁၁၆)တထောင့်တရာ့တဆဲ့ခြောက်ခု၊နယုန်လဆန်းသုံးရက်နေ့ အခါတော်ရောက်လျှင် ရွှေမြူတာရေပြည့် ပန်းစိုက်ကို ကိုင်တော်မူ၍ ငါတည်း သာသနာတော်ကို ပြုထိုက်မူကား ငါကအောင်စေသော၊ သူတည်း သာသနာတော်ကိုပြုထိုက်မူကား သူကအောင်စေသောဟု မိဋ္ဌာန်တော်မူ၍ ရေချမ်းသွန်းတော်မူလျှင် ရေ မြေသို့ရောက်သည်နှင့် တပြိုင်နက် တောင်လေ မြောက်ကတုံ၏၊ မိုးအုံ့၏၊လျှပ်ပြက်၏၊ကျေးငှက်ပြို၏၊ ယင်းသို့ အံ့ဘွယ်သရဲသော တိတ်ကြီး နိမိတ်ကြီး ထင်တော်မူလျှင် ငါအောင်တော်မူမည်ဟု အမိန့်တော်ရှိ၍၊ အခါတော်ကို စောင့်နေကုန်သော ဗိုလ်မှူးတပ်မှူးတို့ကို လက်သုံးတော် ဓားပြတော်မူလျှင် သေနတ်ဝန် မင်းလှမင်းခေါင်ကျော် ဦးသုံးကြိမ်ချ၍ မှိုင်းသဲသဲလှေတော်ကြီးကို

အောင်တံခွန်ဖြန့်လျက် ပုံမောင်းတပြိုင်နက် ခတ်တီးစေပြီးလျှင် အောင်သံပေး၍ မြစ်လုံးငြိမ့်မျှ သုံးဆဲ့ခြောက်စင်း လှေချင်းယှဉ်ကာ ရေတပ်တော်ချီသည်ကို ကြည်းတပ်သားတို့မြင်လျှင် ကမ်းမှီလှမ်းမှီ ချီသွားကြသည်နှင့် အရှေ့ဘက် သီလရွာခုလယ်အထက်တွင် တလိုင်းတို့လှေတပ်ကိုတွေ့လျှင် တလိုင်းတို့ လှေတပ်ရှိရာ ဦးရွယ်၍ မှိုင်းသဲသဲ ရဲလှေတော်ကြီးနှင့်တကွ သုံးဆဲ့ခြောက်စင်းသားတို့ ဦးစွတ်ဝင်၍ ရဲရဲစုတ်စုတ် ထိုးခုတ်ရိုက်နှက်ကြသည်၊ ယင်းသောအခါ ရဲခေါင်စံကျော်မှူကား သူရဲသုံးဆယ်ပါ လှေနှင့် မှိုင်းသဲသဲ ရဲလှေတော်ကြီးကခွာပြီးမှ မြစ်လယ်ကြောကမျှော၍ လာသည်ကို တလိုင်းတို့မြင်လျှင် ရဲခေါင်စံကျော် ငါတို့သို့ ဝင်မည်လာသည်ဟု ပြောဆိုကြစဉ် လှေဦးလှည့်၍ တလိုင်းတို့လှေတပ်ကို တိုက်သည်။ ဗားရားကြီးလည်း မှိုင်းသဲသဲရဲလှေတော် လက်ဝဲကယွန်း၍ တလိုင်းတို့လှေတပ်ကို တိုက်သည်။သုံးဆဲ့လေးစင်း ရဲမက်တော်တို့လည်းအကြောက်အရွံ့မရှိ၊အသီးအသီး သူ့နောက်မယုတ်ထိုးခုတ်ပစ်ခတ်၍ တိုက်ကြသည်၊ တလိုင်းတို့လှေကို ချိတ်ငင်၍ လှေသို့ ခုန်တက်ပြီးလျှင်ဦးပဲ့ချော်က်၍ ထိုးခုတ်သည်၊တလိုင်းတို့ကလည်းလှေကိုမတက်ရအောင်ဆီးခံထိုးခုတ်ပစ်ခတ်သည်။ ယင်းသို့ အထွေးထွေး အရေးမထင်နိုင်ရှိသည့်အတွင်း အရှေ့ဘက်က ကြည်းတပ်မှီလာ၍ တလိုင်းတို့လှေတပ်ကို ပစ်ခတ်သည်။ တလိုင်းတို့လည်း အထိအပါး အရှအနများလှသည်နှင့် မခံနိုင်၍ လှေကို မြစ်လယ်သို့ဖော၍ ဆုတ်သူဆုတ်သည်၊ ကြည်းသို့တက်၍ ပြေးသူပြေးသည်၊ကြည်းသို့ တက်ပြေးသမျှကိုလည်း ကြည်းတပ်က မြင်းသုံးရာကျော်လိုက်၍ ထိုးခုတ်ဖမ်းဆီးသည်။ သုံ့လူအများရလိုက်၏။ သေလေသည်လည်းများ၏။

လှေတော်သုံးဆဲ့ခြောက်စင်းသားတို့လည်း တလိုင်းတို့လှေတပ် ဆုတ်လေရာ ဘိကာလိုက်သိပ်၍ ထိုးခုတ်ပစ်ခတ်သည်၊ တလိုင်းတို့က လူနှစ်ထောင်ကျော်လောက် သေလေလျှင် လက်မထူနိုင်၍ အဆီးအတားမရှိ ပျက်လေ၏။ ယင်းသောအခါ ဒလပန်းလည်း လှေနှစ်ရာလောက်နှင့်ကူ၍ တိုက်မည်ကြံလာသည်တွင် တပ်ဦးသားတို့ ပျက်ချက်နာလှသောကြောင့် ပါသည့်ရဲမက်တို့ စစ်မျက်နှာညှိုးသည်ကို ဒလပန်းမြင်လျှင် စစ်ရိပ်စစ်ခြည်နားသည်လိမ္မာလှသည်ဖြစ်၍ ကွပ်သော်လည်း မကွပ်နိုင်လေရာဟု သုန်သုန်လည်၍ ဆုတ်ပြေးလေ၏။ ဒလပန်းဆုတ်လေသည်ကိုမြင်လျှင် အနေခံဘက်ကကြို၍ ခံနှင့်လေသော သန်လျင်စား, ကွင်းကောက်စား, ဥဩင်စာရေးစားတို့လည်း အပြင်းခွာ၍ ဆုတ်ကြလေ၏။ တလိုင်းတို့အထောက်

ထောက် ခံနှင့်သမျှ လှေပေါင်း ရှစ်ရာကျော်တွင် လှေလျှင်လှေမြန်သာ လွှတ်လေ၏။ ဆန်,ဆား,ငါး,ငါးပိ, ရိက္ခာတင်, ခဲယမ်းတင်,အရက်တင် ဝန်လှေ တိုက်လှေနှင့်တကွ လှေပေါင်းခြောက်ရာ အမြောက်, သေနတ်, သုံ့လူအများ ရတော်မူလိုက်၏။ သေလေသည်လည်း များ၏။

ယင်းသို့မှ သေနတ်ဝန် မင်းလှမင်းခေါင်ကျော် စသော လှေတော် သုံးဆဲ့ခြောက်စင်းဗိုလ်တို့လည်း ထိခိုက်ရှုနသောရဲမက်တော်တို့ကို အစား ဖြည့်သွင်းပြီးလျှင် တလိုင်းတို့ကရသည့် လှေတွင် ရဲမက်တော်တို့ကိုတင်၍ တလိုင်းတို့ လှေတပ်ဆုတ်လေရာ အပြင်းလိုက်ထပ်ပြန်သည်တွင် ရွှေကြက် ယက်ကစွဲရပ်နေနှင့်သည့် ဒေါဇ္ဇယ်ယစက်နှင့်ဒလပန်းတို့မြင်လယ်သို့ဖော ၍ တိုက်လှေကြီးငါးရာကျော်နှင့် ကြိုနှင့်သည်ကို အုန်းတစည်တွင် တွေ့၍ ဗိုလ်မှူးတပ်မှူး သူရဲသူခက် ရဲမက်တော်အပေါင်းတို့ တလိုင်းတို့တပ်ကို လှေဦးရှယ်ဘာ အပြင်းခတ်၍ မဆုတ်မဆိုင်းလာသည်ကို တလိုင်းတို့မြင် လျှင် အန္တရပါရင်းရှိသည်နှင့် လှေကို မလှော်မခတ် အမ်း၍နေသော ကြောင့် ဘီလာခံသကဲ့သို့နေသော တလိုင်းတို့လှေကို ချုံချုံဝင်၍ လှေဦး နှင့်တိုက်သည်၊ တလိုင်းတို့လှေအများ နစ်လေမှောက်လေ၏၊ရဲမက်တော် တို့သည်း တလိုင်းတို့လှေကို ချိတ်ငင်ဆွဲတက်၍ ထိုးခုတ် ရိုက်နှက်သည်၊ တလိုင်းတို့က ဆီးခံထိုးခုတ်သော်လည်း သူ့လက်နက်ကို လက်နက်မမှတ် ရှုပ်ရှုပ်ချုံချုံ ခွန်စားထိုးခုတ်သည်တွင် တလိုင်းရဲမက်တို့ အန္တရပါချေသော ကြောင့် ဒလပန်း၊ ဒေါဇ္ဇယ်ယစက်တို့ မကွပ်မကဲနိုင်၊ လှေဦး လှည့်ကာ လှည့်ကာ စုန်ပြေးလေ၍ ရွှေကြက်ယက်တပ်တွင်မျှ မရပ်မတည်ဝံ့၊မြစ်စဉ် တလျှောက် အထောက်ထောက် ရှိနေသမျှ လှေတပ်အလုံး အပြင်းဆုတ် ခွာ၍ ဥပရာဇာတပ်သို့ချည်း ပေါင်းလေ၏။ ယင်းတွင် လှေတရာကျော်၊ အမြောက် သေနတ် လက်နက်ကိရိယာ အများရတော်မူလိုက်၏။ ယင်း သောအခါ တလိုင်းတို့သေလေသည်ကား ဧရာဝတီမြစ်လုံးပြည့်မျှ သွေး တိခြင်းခြင်း၊ ကောင်ချင်းစပ်ကာ မျောလေသည်ကို အဝစစ်ကိုင်းတွင်နေ သော တလိုင်းတို့မြင်လျှင် အသားစားအံ့သကဲ့သို့ ကြောက်ရွံ့လေ၏။ ဘဝရှင်အလောင်းမင်းတရားကြီးဘုရားလည်း ဗိုလ်မှူးတပ်မှူး သူရဲသူခက် ရဲမက်တော်အပေါင်းတို့ နိုင်ချင်ကြက်ကဲ့သို့ သူ့ထက်အလွန် လိုက်ချေ၍ ကွာဝေးမည် စိုးတော်မူသောကြောင့် လှေလျှင်နှင့် ဥဒိန်သာဂသူလိုက်၍ ချုပ်ထားရ၏။

လယ်တီမဏ္ဍိုင်–၁၃

## သားတော်နှစ်ပါးတိုက်၍ တလိုင်းလှေတပ်နှင့် ကြည်းတပ်ကို အောင်တော်မူခြင်း

ထိုအခါ မြောက်ဘက် စစ်ကိုင်းကြောင်း သားတော် သတိုးမင်းရာဇာ တို့ ချီလေရာမှာလည်း ရောက်လျှင် ရောက်ချင်း တလိုင်းမင်းသမက် စော ဖြနှင့် နွားချေးကျွန်း၊ သံလွင်ဖြူ၊ ငါးထပ်ကြီးတွင် စွဲရပ်ရှိနေသည့် လှေ တပ် ငါးတပ်ကို တိုက်သည်၊ တလိုင်းတို့လည်း အညာက လှေတပ်ပျက် ချက်နာလှလေသည်နှင့်နှလုံးဝမ်းပန်းငယ်၍ များများသက်မထူဝံ့၊ လှေကို မြစ်သယ်သို့ ဖော၍ ခံဟန်ပြုပြီးလျှင် စောဖြတပ်၊ဘောလယ်စားတပ်၊ပန်း တနော်စားတပ်၊ ပန်းလှိုင်းစားတပ်၊ တောသမိစားတပ်၊ သည်ငါးတပ် လုံးခွာ၍ ဥပရာဇာသို့ချည်း ပေါင်းကြလေ၏။

သက္ကရာဇ် (၁၁၁၆) တပေါင်းလဆုတ် ရ တဆွဲခြောက်ခု၊နယုန်လဆန်း သုံးရက်နေ့ တလိုင်းတို့ လှေတပ်ကိုအောင်တော်မူလျှင် လဆန်းလေးရက် နေ့ ဘဝရှင် အလောင်းမင်းတရားကြီးဘုရား စစ်အင်္ဂါလေးပါးခြံရံလျက် ရောဝတီမြစ် အနောက်ဘက်က ကြည်းကြောင်းချီတော်မူ၍ သုံးစခန်းနှင့် စစ်ကိုင်းမြို့သို့ ရောက်တော်မူ၏။ ။ယင်းသောအခါ အဝမြို့တွင်းက ခံ သော သားတော် သတိုးမင်းစောလည်း တလိုင်းတို့ လှေတပ်ပျက်လေ သည်ကိုသိလျှင် ရဲဘော်ကျွန်တော်ရင်း တောင်တွင်းမိုလ်မင်းလှငယ် တ တပ်၊ မူဆိုးချုံမိုလ် မင်းလှမင်းခေါင်တတပ် သည်နှစ်တပ်ကို ဝင်မနား တံခါးကထွက်စေသည်၊ သားတော် သတိုးမင်းစော တပ်မူကား ကျော် ဘုံတံခါးက ထွက်၍ လေးထောင့်ဝဲတွင် ဗညားအေဉ်တပ်ကို တိုက်သည်၊ မူဆိုးချုံမိုလ် မင်းလှ မင်းခေါင်လည်း ညောင်စဉ့်တွင် ဗညားကျော်တပ် ကို တိုက်သည်၊ တောင်တွင်းမိုလ် မင်းလှငယ်လည်း ညောင်စဉ့်အနောက် ငွေစင်ချောင်း တဘက်တွင် ဗညားရက္ခိုက်တပ်ကို တိုက်သည်၊ တလိုင်း တပ်မှူးတို့သည်း ကြို၍ခံသည်ကို တလိုင်းရဲမက်တို့ မျက်နှာသုန်လေသော ကြောင့် အပန်း တကြီးပင် ကွပ်ကဲပါသော်လည်း မကွပ်မကဲနိုင်၍အဆီး အတားမရှိပျက်လေ၏၊ စစ်သူကြီး ယောကျ်ားကောင်း သုံးတပ်လုံးပျက်- လျှင် ရံနေသမျှတပ်လည်း မရပ် မနေဝံ့ အလိုလိုပျက်၍ ဥပရာဇာသို့ချည်း ပေါင်းကြလေ၏၊

## တလိုင်းတို့ရှုံး၍ ဟံသာဝတီသို့ ပြန်ဆုတ်ခြင်း

ယင်းသောအခါ ဥပရာဇာစသောတလိုင်းဗိုလ်မှူး တပ်မှူးတို့တိုင်ပင်ကြ သည်ကား-ယခုအရေးကို ထောက်သော် မြန်မာမင်းက စစ်ရေးလှလျက် လက်ရောပါမလိုက် အောင့်၍နေသည်မှာ အကြောင်းရှိသည် ဖြစ်မည်၊ ယခုလည်း ရှင်ဘုရင့်ကိုယ် မှူးဆိုးပိုကချီလာ၍ ဗိုလ်ခြေအလုံးအရင်းနှင့် စစ်ကိုင်းသို့ ဆိုက်ရောက်လေပြီ၊ သေနတ်ဝန်လည်း ငါတို့က ရသည့်လှေ ကောင်း လှေကြီး ခြောက်ရာကျော် ခုနစ်ရာကို ဗိုလ်ပါလက်နက် အပြည့် တင်၍ရေကြောင်းကအသင့်ရှိလေသည်၊ရှင်ဘုရင့်သားတော်အကြီးလည်း အလုံးအရင်းနှင့် မြောက်ဘက် စစ်ကိုင်းမြို့က ကြည်းကြောင်းခံ၍ အသင့် ရှိလေသည်၊ ရှင်ဘုရင့်သားတော်အငယ်လည်း အလုံးအရင်းနှင့် တောင် ဘက်အဝမြို့က ကြည်းကြောင်းခံ၍ရှိလေသည်၊ သည်ကဲ့သို့လေးကြောင်း လေးသွယ် ဗိုလ်ပါအလုံးအရင်း စုံညီသည် မဆိုထားဘိ၊ကျောက်မြောင်း က သေနတ်ဝန်နှင့် လှေငယ်သုံးဆယ်ကျော်လောက်ကို ငါတို့က စစ်သူ ကြီး ဒလပန်းနှင့် လှေကြီး တိုက်လှေရှစ်ရာ၊ စစ်သည်သူရဲ လေးသောင်း ကျော် ငါးသောင်းခံသည်ကိုမျှ မခံနိုင်ရှိချေသည်၊ ယခုမြန်မာရှင်ဘုရင့် ကိုယ်သည်း ရောက်လေပြီ ဖြစ်၍ မြစ်ဆုံက အလုံးအရင်းနှင့် ဆို့ပြီးလျှင် ငါတို့ကို ဆောင်းလှောင်ကြက်ကဲ့သို့ ကြည်း ရေ ပိတ်မည် ကြံသည့်အဟန် ရှိချေသည်၊ သည်တွင် အရှည်နေ၍ သင့်မည်မထင်၊ ငါတို့စစ်ထွက်စစ် လာလည်း နှောင်းချေသောကြောင့် ယခုမိုးလည်းစွေ ရေလည်းကြီး တံ စီးရွံ့ညွန်လည်းထူထပ်၍ မုန်တိုင်းလေပြင်းလည်းလာချေတော့မည်၊ သည် တကြိမ်ကို ရှိနှင့်စေဦး၊ ရွှေသို့ မိုးစဲသင်းပွင့် သီတင်းကျွတ်လျှင် ကျွတ်ချင်း ရာမည့်တိုင်း တလိုင်းသုံးရပ် မြေလတ်မြန်မာ မြို့ရွာ လက်နက်ကိုင် အလုံး အရင်းနှင့် ကြည်းတပ် ရေတပ် နှစ်ဘက်ညှပ်ချီတက်မည်၊ နတ်တော်ပြာသို လရောက်၍ဆိုင်းဆိုင်းဖြည်းဖြည်းစည်းစည်းကြပ်ကြပ် ရပ်ရပ်နေနေလုပ်ကြံ ရလျှင် ငါတို့လက်တွင် ခံနိုင်မည်လောဟု ဥပရာဇာဆိုသော အရေးကို ဗညားဒလ၊ စောဖြ၊ ဒလပန်း၊ ဒေါဝ္ဇယ်ယစက်၊ ဗညားအေဉ်၊ ဗညား ကျော်ဉ်စသော ဗိုလ်ကြီးတပ်ကြီးဘစုတို့အကြိုက်ညီ၍ သက္ကရာဇ် (၁၁၁၆) တထောင့်တရာ့ တဆဲ့ခြောက်ခု နယုန်လဆန်းခြောက်ရက်နေ့၊ ဘဝရှင် အလောင်းမင်းတရားကြီးဘုရား တပ်မတော် စစ်ကိုင်းမြို့သို့ဆိုက်တော်မူ၍ အမြောက်သံ ကြားလျှင် ကြားချင်း ဒလပန်း, ဒေါဝ္ဇယ်ယစက် တို့ကို

နောက်အုပ်ခန့်၍ ဥပရာဇာ စသော တလိုင်းဗိုလ်မှူး တပ်မှူး ကြည်းတပ် ရေတပ်အကုန် အပြင်းဆုတ်ခွာကြလေ၏။

ယင်းသို့ တလိုင်းတို့ဆုတ်ခွာကြလေသည်ကို အလျင်ရလိုက်သည့်တိုက် လှေကြီးခုနစ်ရာလောက်နှင့် သေနတ်ဝန်စသော ဗိုလ်မှူးတပ်မှူး သူရဲသူခက် ရဲမက်တော်အပေါင်းတို့ သေနတ်၊ မီးဖောက်၊ အမြောက်၊ စိန်ပြောင်း ထောင်းထောင်း ပစ်လွှတ်ကာ ကြော်ငြာဟစ်ကြွေးလျက် လိုက်ထပ်သည်ကို တလိုင်းတို့မြင်လျှင် သေမင်းနောက်ထပ် ကပ်၍ပါချေပြီဟု မျက်နှာပြန်လှည့် မကြည့်ဝံ့ပဲ အပြင်းဆုတ်ခွာလေသောကြောင့် လှေလျင်လှေမြန်တို့သာ လွတ်လေသည်။ ဆန်၊ ဆား၊ ငါး၊ ငါးပိ၊ အရက်တင်၊ ဝန်တင်လှေ သုံးရာ၊ တိုက်လှေသုံးရာ၊ အမြောက်သုံးရာကျော်၊ သေနတ် ငါးထောင်ကျော်၊ သုံ့လူ ငါးထောင်ကျော်၊ ခဲယမ်းမီးကျောက် ကန့်တင်လှေနှင့် တကွ ရတော်မူလိုက်သည်ကား များ၏။ ယင်းသို့မှ လိုက်သူတို့ကို ခေါ်တော်မူရ၏။ ဥပရာဇာစသော တလိုင်းတို့လည်း နေ့ညဥ့် မရပ်မဆိုင်း အပြင်းခွာလေ၏။ ဆင်ဖြူကျွန်း ရေကြည့်ဝတွင် အလျင်ထားခဲ့သည့် ရွှေစည်းခုံဘုရားမှာတင်ရန် တလိုင်းထီးကို ပစ်ထားခဲ့ပြီးလျှင် ရဟန်းသံဃာတော်များ ဘိုသာ တင်ယူ၍ ပြည်မြို့တွင် စစ်သူကြီးဒလပန်းတို့ကို အစောင့် အနေ ခန့်ထားခဲ့ပြီးမှ ဟံသာဝတီရောက် စုန်လေ၏။

**အလောင်းမင်းတရားကြီး ပင်းမဲထီးရောက် ချီတော်မူ၍ သစ္စာပေးပြီး ရတနာသိင်္ခမြို့သို့ ပြန်၍ နန်းတော် ဆက်လက် တည်လုပ်ခြင်း**

ဘဝရှင် အလောင်းမင်းတရားကြီး ဘုရားလည်း တာဝတိံသာသို့ ရောက်လှာကုန်သော အသူရာစစ်သည်အား သိကြား အောင်မြင်သော အခါကဲ့သို့ မကြားဘူးမြဲ အံ့ဘွယ်သရဲသော အောင်ခြင်းဖြင့် တလိုင်း စစ်သည်ကို အောင်တော်မူလိုက်သည့်ပွဲတွင် သားတော် ညီတော် ဗိုလ်မှူး တပ်မှူး သူရဲသူခက် ရဲမက်တော်အပေါင်း ပွဲလမ်းရသသူတို့ကို အထိုက် အလျောက် ဆုပေးတော်မူပြီးမှ အဝသို့ကူး၍ အဝမြို့နန်းတော်ရာမြောက် နန်းမြို့တော်တွင် သက်ကယ်နန်းနှင့် စံတော်မူသည်။

ထိုအခါ အချို့သော မှူးတော်မတ်တော်တို့က ယခုအရေးကိုထောက်သော် တလိုင်းတို့ စစ်ရှုံးချက် နာလှလေသည်ဖြစ်၍ တလိုင်းတရုသေ လည်း မြန်မာတယောက်ကို မဝံ့အောင်ရှိလေပြီ၊ လက်ရောပါ ပြည်

တောင်ငူကို လုပ်ကြံတော်မူ၍ ဟံသာဝတီတိုင်အောင် ချီတော်မူရလျှင် အလွယ်တကူ အလိုတော်ပြည့်မည်ဟု လျှောက်ကြသည်။ ။အချို့သော မှူးတော်မတ်တော်တို့ကလည်း ဟံသာဝတီဆိုရာမှာ တလိုင်းတို့ အန္တိမ်ပါ လှလေပြီဖြစ်၍ ချီတော်မူသည်ကို တလိုင်းတို့လက်ထူနိုင်မည် မဟုတ်ပြီ၊ အစဉ်နိုင်ငံတော်ဖြစ်သော ရှမ်းပြည်၊ ယွန်းပြည်၊ ဂုံပြည်တလွှား စော်ဘွား မြို့စားတို့ကို ချီတက် သိမ်းယူတော်မူသင့်သေးသည်။ ယင်းသို့ ရှမ်းပြည် တလွှား စော်ဘွား မြို့စားအပေါင်း ရွှေလက်တော်သို့ရောက်လျှင် ဟံသာ ဝတီမျှ မကျိုးမနွံ ခံဝံ့မည်လော၊ လက်ဝါးပြကာ အလွယ်သာ အရေး တော်ပြီးမည်ဟု လျှောက်ကြသည်၊

ယင်းသို့ မှူးတော်မတ်တော်တို့ ရွှေတော်တွင် လုပ်ရေးကြံရေး စိုင်း ပြင်းလျှောက်ထားကြသည်ကို ဘဝရှင် အလောင်းမင်းတရားကြီး ဘုရား ကြားတော်မူလျှင် ကိုယ်တို့ စိုင်းပြင်း ခင်းကျင်းကြသော အရေးလည်း စစ်ရေးချည်းပင်ဖြစ်သည်။ သို့ရာတွင် ယခုမှာ မိုးရေကာလ နီးပြီဖြစ်၍ စစ်ကြီးချီရမည့်အခါ မဟုတ်လေသေး၊ ပင်းမဲထိုးစသော တောင်ဘက် တခွင် မြို့ကျေးရွာများကိုသိမ်းယူ၍ ဆင်,မြင်း,ဗိုလ်ပါ အားအင်ဖြည့်တင်း ပြီးမှ ကြံကိုက်ရာရာကြံမည်၊တကြောင်းလည်း ဟံသာဝတီ,ပြည်,တောင်ငူ မြို့များတွင်ရှိနေသည့် မြန်မာလူမျိုးတို့သည် တလိုင်းတို့ ခားသွားနီးရာပါ ရလေသည့်သာဖြစ်သည်။ ယခု တလိုင်းတို့က အကြိမ်ကြိမ် စစ်ကြီးပျက် လေသည်ကိုလည်း ဟံသာဝတီ,ပြည်,တောင်ငူ မြေလတ်တခွင်ရှိနေသမျှ မြန်မာတို့ မကြားမသိ ရှိမည်မဟုတ်၊ယင်းသို့ကြားသိလျှင်လည်း တောမီး သောင်ရာ ကြောင်လက်ပန်းဖောက်ခတ်သောဟူ၏သို့ ငါတို့မြန်မာ တိမ်း ၍နေဘိမည်မဟုတ်၊ ဟံသာဝတီတွင်ရှိသည့် မြန်မာ လှုပ်ရှားလိမ့်မည်။ ဟံသာဝတီလှုပ်ရှားလျှင်လည်း ပြည်,တောင်ငူမြန်မာတို့လည်း လှုပ်ရှား လိမ့်မည်။ ယင်းသောအခါ "မရွယ်ပဲလျက် စော်ကဲထွက်သည်" ဟူ၏သို့ အလွယ်သာ အရေးတော်ပြီးမည်ဟု အမိန့်တော်ရှိပြီးလျှင် ခန့်ရန်စည်း ကြုပ်တော်မူသည်ကား....သေနတ်ဝန် မင်းလှမင်းခေါင်ကျော်နှင့် လှေ တရာ့ခုနစ်ဆယ်၊ ပုခန်းငယ်ကတက်၍ တပ်မတော်သို့ ပေါင်းရမည်။ ရွှေဝင်းမှူး မင်းထင်နော်ရထာနှင့် လှေတရာ့ရှစ်ဆယ်၊ ညောင်ဦးကတက် ၍ တပ်မတော်သို့ ပေါင်းရမည် ခန့်တော်မူ၍ ချီစေသည်။ ဘဝရှင် အလောင်းမင်းတရားကြီးဘုရားလည်း သားတော်နှစ်ပါးကို ရွှေတပ်တင် တော်မူ၍ တပ်ပေါင်း တဆယ်တွင် လက်နက်ကိုင် လူနှစ်သောင်းနှင့်

သက္ကရာဇ် (၁၁၁၆) တပေါင်္တရော်ဆုတ်ကြောင်ခု နယုန်လဆန်းတဆဲ့ နှစ်ရက်နေ့ ရတနာပူရက စကြာတောင် မင်းရွာကြောင်း ချီတော်မူသည်။ ပုပ္ပါးသို့ ရောက်တော်မူလျှင် သေနတ်ဝန် မင်းလှမင်းခေါင်ကျော်တပ်၊ ရွှေဝင်းတော်မှူး မင်းထင်နော်ရထာ တပ်များလည်း တပ်မတော်သို့ ပေါင်းမိ၍ပင်းမဲထီးမြို့သို့ ချီတော်မူသည်၊ မရောက်မီနှစ်စခန်းတွင် ပင်းမဲထီး မြို့ကို အမိန့်တော်စာနှင့် လက်ဝဲသီဟကျော်ထင်သို့ စေတော် မူသည်၊ စေဟန်ကား....

"ဘုန်းတော် အလွန်ကြီးမြတ်ထော်မူလှသော လက်နက်စကြာသခင် ဘဝရှင် အလောင်းမင်းတရားကြီးဘုရား အမိန့်တော်ရှိသည်၊လက်ဝဲသီဟ ကျော်ထင်သည် သစ္စာတော်ခံ၍ အမှုတော်ကိုတည်း ထမ်းမည်လော၊ အလုပ်အကြီတော်ကိုတည်း ခံမည်လော၊ အရေးအရာကို သိသာအောင် လျှောက်" အမိန့်တော်နှင့် ဗလရာဇာကိုစေတော်မူသည်၊ အမိန့်တော်စာ ကို လက်ဝဲသီဟကျော်ထင်ကြားလျှင် ဦးသုံးကြိမ်ချပြီးလျှင် ရတနာပူရအဝ ပြည်ကြီး ပျက်စီး တိမ်းယိမ်းလျှင် အသက်မသေဝံ့၍သာ ခေးသွားနီးရာ တလိုင်းတို့နှင့် အသင့်ပေါင်းယှက်ပါရသည် ယခုဘဝရှင် အလောင်းမင်း တရားကြီးဘုရား ရွှေဘုန်းတော်တောက်၍ ရန်သူတော် အပေါင်းတို့ကို အောင်မြင်တော်မူကြောင်းနှင့် ကြားသိရပါကတည်းကပင် အမှုတော်ကို ထမ်းပါမည် ရည်ကြီပါသော်လည်း အခါမသင့်၍ မပွင့်သောပန်းကဲ့သို့ ကြီတိုင်းမမြောက်၍သာ သစ္စာတော်ကို မသောက်ရရှိပါသည်၊ ဘဝရှင် ဘုရား အလုပ်အကြီတော်ကိုလည်း မခံဝံ့ပါ၊ သစ္စာတော်ကို သောက်၍ အမှုတော်ကို အသက်နှင့် ထမ်းပါတော့မည် ရည်ကြီသည့်အတိုင်းလည်း ချီရောက်တော်မူလျှင် စံတော်မူရန် သာယာ ကြီးကျယ်စွာ တဲနန်းတော် အသင့်ဆောက်ထားပါသည်-ဟု ရှိခိုးလက်ဆောင်တော်အများနှင့်ဆီးကြို လျှောက်ထားရ၏။

ဘဝရှင် အလောင်းမင်းတရားကြီး ဘုရားလည်း ပင်းမဲထီးရောက်ချီ တော်မူ၍ လက်ဝဲသီဟကျော်ထင်နှင့် မြို့ရွာသူကြီးခေါင်းအကြီးအမှုထမ်း တို့ကို အစေ့အနှံ့ သစ္စာတော် ခံစေ၍ အဝမင်း ဆင်၊ နီလာတောင်နှင့် တကွ သိမ်းယူကောင်းသော ဆင်မြင်း လက်နက် ကိရိယာများကိုလည်း သိမ်းယူတော်မူသည်၊ အဝပျက်တွင် ရောက်လေသော စလင်္ကာသူရွာ မင်း ကြီးကျော်စွာ မယားသမီးတို့ကိုလည်း သိမ်းယူတော်မူသည်။ ။ယင်းသို့

ပင်းမဲထီးသို့ချီတော်မူသည့်ကာလ ရေမရှိသော တောလမ်းခရီးတွင် ဆင်မြင်း လူသူ ရေမသောက်ရရှိသည်ကို ငါတည်း သဗ္ဗညုတညာဏ် ၀ါ အပေါင်းကို ကယ်တော်မူထိုက်သော ဘုန်းပါရမီ ရှိသည်မှန်မူကား ရေတပင်ထွက်စေသော–ဟု မိဋ္ဌာန်တော်မူသည်နှင့် တပြိုင်နက် ရေမရှိသော ချောင်းသည် ရေအတိဖြစ်၍ အယဉ်တွေတွေ စီးလေသည်ကို ဆင်မြင်းဗိုလ်ပါ လူသူ အပေါင်း သောက်ချိုးကြရကုန်သည်။

ယင်းသို့ အံ့ဘွယ်သရဲ လွန်ကဲထူးမြတ်သော ဘုန်းပါရမီတော်ရှိတော်မူသော ဘဝရှင် အလောင်းမင်းတရားကြီးဘုရားသည် ပင်းမဲထီးကိုအလိုတော်ပြည့်လျှင် သုံးရက် စံတော်မူ၍ ပင်းမဲထီး မြို့သူကြီး သား သမီးနှင့် တကွ လူသုံးထောင်ကျော်, မြင်းတခထောင်ကျော်, သေနတ်ငါးထောင်ကျော်များကို သိမ်းယူ၍ ပုဂံသရောက်စေသော တောင်ဘက်တခွင် မြို့ ကျေးရွာသူကြီးခေါင်းအကြီးတို့ကို သစ္စာတော်ပေးပြီးမှ နေပြည်တော်သို့ ပြန်တော်မူခဲ့၏။

သက္ကရာဇ် (၁၁၁၆) တဆောင့်တရာ့တဆဲ့ခြောက်ခု ဝါဆိုလဆန်း ရှစ်ရက်နေ့ နေပြည်တော် ရတနာသိင်္ဃမြို့သို့ ရောက်တော်မူလျှင် သားတော်အကြီး သတိုးဓမ္မရာဇာကို သီရိသုဓမ္မရာဇာ အမည်နှင့် ဒိပဲယင်းမြို့၊ တောင်တွင်းမြို့၊ ငစဉ့်ကူးမြို့ကို အသုံးကံကျွေးခံ ပေးတော်မူသည်၊ သားဘော်အလတ် သတိုးမင်းစောကို သီရိဓမ္မရာဇာအမည်နှင့် မြေဒူးမြို့,စလင်းမြို့ကို အသုံးကံကျွေးခံပေးတော်မူသည်၊ သားတော်တပါးကို သတိုးမင်းလှကျော်အမည်နှင့် အမြင့်မြို့တလုပ်မြို့ကိုအသုံးကံကျွေးခံပေးတော်မူသည်၊ သားတော်တပါးကို သတိုးမင်းလှရွှေတောင် အမည်နှင့် ဗဒုံမြို့ အထက်ဆယ်ရွာတိုက် အောက်ဆယ်ရွာတိုက်ကို အသုံးကံကျွေးခံ ပေးတော်မူသည်။ ။ညီတော် သတိုးသိင်္ခသူကို ပိတ်တောကိုးပင်ရွာကို အသုံးကံကျွေးခံပေးတော်မူသည်။ ။မင်းလှကျော်ထင်၊ နေမျိုးရွှေတောင်၊ မဟာသီဟသူရ၊မင်းကျော်ရွှေတောင်တို့ကိုလည်း ဝန်ကြီးခန့်တော်မူ၍တိုင်းရေးပြည်မှုကို စီရင်ရသည်။ ။ရတနာသိင်္ဃမြို့တော် သတ္တဌာန ပဌမတည်တော်မူသည့်ကာလရွှေနန်းတော်မပြီးလေသည်ကို၊ သက္ကရာဇ်(၁၁၁၆) တဆောင့် တရာ့ တဆဲ့ ခြောက်ခု၊ ဝါဆိုလဆန်း ခုနစ်ရက် ဗုဒ္ဓဟူးနေ့ သို့အဝင်၊ ညဉ့်သုံးချက်တီးကျော်၊ သုံးနာရီနှစ်ပါဒ်၊ ကိုးဗိဇနာ၊ ပြိသလက်၊ ကန်စန်းတွင်မှန်နန်းတော်မှစ၍ ငါးဆွဲလေးဆောင်သော ရွှေနန်း

တော်ကြီးကို တည်လုပ်တော်မူသည်၊ ရွှေနန်းတော်ကား တကောင်းနန်း ပုံတည်း၊ [တကောင်းနန်းပုံကိုကား ပဌမ မဟာရာဇဝင်တော်ကြီး၌ ဆိုခဲ့ လေပြီ]။

---

**အဝ ရွှေနန်းရှင်မင်းတရားနှင့် အမှုထမ်း တထောင်ကျော်တို့ကို တလိုင်းမင်းက သတ်လိုက်ခြင်း**

**မြေလတ်မြို့ရွာသူကြီးတို့က တလိုင်းအကြီးအကဲတို့ကိုသတ်ခြင်း**

ယင်းသော အခါ ဟံသာဝတီပါ အဝ ရွှေနန်းရှင် မင်းတရားလည်း ဥပရာဇာအိမ်မှာ အလုပ်အကျွေးစုံရာနှင့် နေရသည်၊ စစ်ကိုင်းရာဇာလည်း ဟံသာဝတီသို့ရောက်မှ အကျဉ်းထားရာ လွန်လေသည်၊ စာဆို ပဒေသ ရာဇာလည်း ဟံသာဝတီသို့ရောက်မှ သန်လျင်မြို့တွင် နာ၍ လွန်လေ သည်။ ။ထိုအခါ ဟံသာဝတီတွင် နိမိတ်ပေါ်သည့် အလိုကား–"ငါးကြီး တခုသေ၍ ဦးခေါင်းပုပ်ပြီးမှ အမြီးလှုပ်ပြန်၏" ထိုအကြောင်းကို ဟံသာ ဝတီရှင်ဘုရင်က အဝမင်းကို ခေါ်၍ မေးရလေ၏၊ အဝမင်းလည်း အကြားအမြင်နှင့် ပြည့်စုံတော်မူသည်ဖြစ်၍ ယခုပေါ်သော နိမိတ်အလို သော် မြန်မာလူမျိုးတို့၏ ဦးခေါင်းနှင့်တူသော ငါးသည် ပျက်စီးခြင်းသို့ ရောက်လေသော်လည်း အမြီးနှင့်တူသောလူမျိုးတို့ လှုပ်ရှားထူထောင်ချိမ့် မည်ဟု မဆုတ်မဆိုင်း ဟုတ်တိုင်းဆိုပေသော် အဝမင်းကို မယုံ မကြည်၍ အစောင့် အနေနှင့် ထား၏။

ယင်းသောအခါ အဝရွှေနန်းရှင်တွင် အတူပါလေသော မြို့ကြီးမင်း သမီးသည် အလိုတူသော မှူးတော်မတ်တော်တို့နှင့်တိုင်ပင်၍ ဟံသာဝတီ ရှင်ဘုရင် ကျောင်းဘုရားသို့ ထွက်လျှင် လုပ်ကြံ၍ အင်းဝ ရွှေနန်းရှင်ကို နန်းတင်မည် အကြံအစည်နှင့်တိုင်ပင်လျှင် မြန်မာတလိုင်း အစုစုလူသုံး ထောင်ကျော် လေးထောင်ခန့်ရသည်တွင် ထိုလူစုကတလိုင်းတယောက် စာရင်းပုရပိုက်ကိုယူ၍ ဥပရာဇာသို့ပေးလေသောကြောင့် အဝမင်းနှင့် ညီ တော် မင်းရဲကျော်စွာ၊ နှမငယ် မြေဒူးမိဖုရား၊ သားတော်စလင်းမင်း၊ မြို့ကြီးမင်းသမီး၊ မင်းပြိုင်ခံသော နောင်တော်ကြီး၊ အတွင်းဝန်နော်ရထာ ကျော်ထင်တို့နှင့်၊ မှူးမတ် အမှုထမ်း တထောင်ကျော်ကို စာရင်းပါသည် ဆို၍ တလိုင်းတို့သတ်လေ၏၊ အဝမင်းကိုလည်း စည်တီးအရပ်အောက် ထနောင်းပင်အရပ်တွင် ထုံးစံနှင့်အညီရေမှာဖျောက်လေ၏၊ ထိုနေ့ဟံသာ

ဝတီတွင် အခါမဟုတ်ပဲလေမုန်တိုင်းပြင်းစွာလာ၍ အမိကရသစ်ပင်ကြီးများ ကျိုးပဲ့လေသည်၊ ဟံသာဝတီမြို့နှင့် ပတ်လည်မြို့ရွာ တလိုင်းတို့လည်း ထိတ်လန့်ကုန်သည်၊ ထိုအခါ မြန်မာဟူသမျှကိုမယုံမကြည်၍ တလိုင်းဆံဖြတ်ပြီးလျှင် ချိပ်တွင်ဥပရာဇာတံဆိပ်ခတ်၍နားမှာဝတ်ကြရသည်၊ တံဆိပ်ပါမှ တလိုင်းတို့ယုံကြည်ကြ၏၊အာဝအမှုထမ်းသန့်စွမ်းမြန်မာသူတို့ကိုလည်း လူတခေါင်စု နှစ်ထောင်စု သုံးထောင်စု မုတ္တမသို့ ဆားချက်လိုက်ရမည်ခေါ်ပြီးလျှင် စဲ့လျောင်၍ ထားလေ၏။

ယင်းသောအခါ အာဝ အမှုထမ်းဟောင်း ကျော်ထင် သက်တော်ရှည် ခံသော အမတ်တယောက်သည် သားမယားကို ဟံသာဝတီတွင်ထားခဲ့၍ မြစ်ပြင်တခွင် တလိုင်းမြန်မာတို့ကို အသိမ်းအခေါ်စေခန့်သည့်အဟန်၊ ကင်းတွင်ပြောဆိုပြီးလျှင် လှေလျှင်နှင့် မြစ်ပြင်သို့ ထွက်ပြေးခဲ့၍ ကြံခင်းအရပ်မှာ နေပြီးလျှင်၊ သက္ကရာဇ်(၁၁၁၅) တထောင့်တရာ့တဆဲ့ငါးခုသီတင်းကျွတ်လတွင် ငါတို့အာဝ ရွှေနန်းရှင်နှင့် သားတော်၊ မြေးတော်၊ ဆွေတော်၊ မျိုးတော်၊ မှူးတော်မတ်တော်တို့ကို တလိုင်းတို့ ဖျောက်ဖျက်သတ်ညှစ်လေပြီ၊ မြန်မာဆိုသမျှကိုလည်း ဆားချက်ခန့်ထားဟန်ပြု၍ တထောင်စု၊ နှစ်ထောင်စု၊ သုံးထောင်စု၊ ယခု သတ်ဆဲပင် ဖြစ်ချေသည်။ ကိုယ်တို့ငါတို့ ကြံကောင်းရာရာကြံရမှ အသက်မသေ ချမ်းသာရချိမ့်မည် ဟု အာဝအမှုထမ်းဟောင်းသတိုးကျော်သူ၊ နောက်ဝန်းကျင်သွေးသောက်ကြီး ရမ္မသိရိတို့နှင့် လွန်ဆေး၊ ကြံခင်း၊ တလည်းတန်း၊ တလည်းစီး၊ ပြင်ကြီး၊ ရွှေတောင်၊ ပန်းတောင်း၊တရုပ်မြော်၊ညောင်စာရေးမှစ၍ မြေလတ်တခွင် မြို့ရွာသူကြီး ခေါင်းအကြီးတို့ကို ပြောဆိုပြီးလျှင် တစိတ် တဝမ်းတည်း ညီညွှတ်ကြ၍ မြစ်စင်တခွင် မြန်မာအားကြီးသည့် မြို့ရွာများတွင် တလိုင်းတို့ အကြီးအအုပ်ကို အသီးအသီး လုပ်ကြံဖျောက်ဖျက်ကြပြီးလျှင် မြန်မာအမှုထမ်း တသောင်းကျော်လောက် သကိုးကျော်သူ၊ ရမ္မသိရိ၊ ကျော်ထင်သက်တော်ရှည်တို့နှင့် ရုံးစုမိကြ၏။

ယင်းသောအခါ ပြည်မြို့မှာလည်း စစ်သူကြီးဒလပန်းကို လဲ၍ ဗိုလ်မှူးသခိန် သံလိုက်နှင့် တဆဲ့ငါးတပ် စောင့်နေသည်၊ ပြည်မြို့အောက်တလည်းစီးတွင်လည်း စစ်သူကြီး ဒေါ်ဗွယ်ယစက်နှင့် တဆဲ့နှစ်တပ်စောင့်နေသည်၊ ယင်းသောအခါ သဘိုးကျော်သူ၊ရမ္မသိရိ၊ကျော်ထင်သက်တော်ရှည်တို့က ပြည်မြို့ဘွင် ရှိသည့် အာကာရွှေတောင်၊ စလေမြို့ဝန်၊ ပုခန်းမြို့သူကြီးတို့သို့စေသည်ကား–ယခုအခါ ဟံသာဝတီမှာ အင်းဝမင်းနှင့် တဆွေတမျိုး

လုံးကိုလည်း သတ်သည်၊ မြန်မာ ဆိုသမျှကိုလည်း တယောက်မကျန် စိစစ်၍ သတ်သည် ဆိုသည်၊ ကိုယ်တို့ ငါတို့ အသက်ကို စောင့်ချိန် ရောက်ပြီ၊ ငါတို့မြစ်အနောက်ဘက်မှာ လူတသောင်းကျော် နှစ်သောင်း လောက် စုရုံးမိပြီ၊ တလည်းစီးတွင်နေသည့် စစ်သူကြီး ဒေါင်ဇယ်ယစက် တို့ တဆဲ့နှစ်တပ်ကိုပျက်အောင် တိုက်မည်၊ ကိုယ်တို့လည်း ပြည်အထက် ပြည်အောက် မြန်မာတို့နှင့် တိုင်ပင်ရုံးစု၍ ပြည်မြို့တွင်ရှိသည့် သမိန် သံလိုက်တို့ တဆဲ့ငါးတပ်ကို ပျက်အောင်တိုက်ကြရမည်၊တလိုင်းတို့အခြေ အမြစ်ပျက်လျှင် မြစ်ညာသို့ အညှောက်အထားစေ၍ အလောင်းမင်း တရားကြီးချီလာမှ ကိုယ်တို့ငါတို့ မြန်မာဆိုသမျှ ချမ်းသာရနိုင်မည်ဟု အမှတ်မဲ့ လူကို စာနှင့်စေလိုက်၏။

အာကာရွှေတောင်၊ စလေမြို့ဝန်၊ ပုခန်းငယ်မြို့သူကြီးတို့လည်း စာကို မြင်လျှင် ရွှေတောင်နမရုံမှစ၍ ပြည်မြို့ပတ်လည် မြို့တွင်း မြို့ပြင်ရှိသည့် မြန်မာအပေါင်းတို့ကို တိုင်ပင်စည်းကြပ် စုရုံး၍ တစိတ်တဝမ်းတည်း ရှိ လေလျှင် ပြည်ဆံတော်ရှင်ဘုရားမှာ စည်းကြပ်ပြီးမှ ရွှေဘိုသား-ရွှေဘို သားဟူ၍ ကြိုဝါးကြော်ငြာလျက် ပြည်မြို့တွင်ရပ်နေသည့် ဗိုလ်မှူးသမိန် သံလိုက်တို့ တလိုင်းတဆဲ့ငါးတပ် အမှတ်မဲ့နေရာ အမေ့အလျော့ကိုဝင်၍ တိုက်သည်၊တလိုင်းဘို့ကမြန်မာတို့သည်မူဆိုးပိုကတပ်နှင့်ပေါင်း၍အတွင်း မီးဘချေပြီဟု မရပ်မခံဝံ့၊ ထွက်ပြေးကြလေ၏။ ယင်းသို့ တလိုင်းတို့တပ် ပျက်၍ ဆုတ်ခွာထွက်ပြေးလေလျှင် အာကာရွှေတောင်၊ စလေမြို့ဝန်၊ ပုခန်းငယ်မြို့သူကြီးဘို့ ပြည်မြို့ကို မြို့စီးပြစီးတင်ပြီးလျှင် အခိုင်နေလေ၏။

သတိုးကျော်သူ၊ ရမ္မသီရိ၊ ကျော်ထင်သက်တော်ရှည်တို့လည်း ရုံးမိသ မျှ မြန်မာတသောင်းကျော်၊ နှစ်သောင်းလောက်နှင့် ရွှေတံငါချောင်း ဖျား ငှက်တုံးတရပ်ပင်အရပ်က တပ်ချ၍ တလည်းစီးတွင်နေသည့် စစ်သူ ကြီး ဒေါင်ဇယ်ယစက်တို့ ရေတပ်ကို ကြည်း,ရေဘက်၍ တိုက်သည်၊စစ်သူ ကြီး ဒေါင်ဇယ်ယစက်တို့ ရေတပ်တဆဲ့နှစ်တပ်လုံး ပျက်လေ၏။ ယင်းသို့ တလှိုင်းဘို့တပ်ပျက်လေလျှင် သတိုးကျော်သူ, ရမ္မသီရိ,ကျော်ထင် သက် တော်ရှည်တို့လည်း မြစ်အနောက်ဘက်တွင် တပ်ကြီးတည်၍ ရပ်နေကြ ၏။ ပြည်မြို့တွင်ရပ်နေသည့် အာကာရွှေတောင်၊ စလေမြို့ဝန်၊ ပုခန်းငယ် မြို့သူကြီးဘို့နှင့် မြစ်အနောက်ဘက်မှာ ရပ်နေသည့် သတိုးကျော်သူ၊ ရမ္မ သီရိ၊ ကျော်ထင် သက်တော်ရှည်တို့က ဟံသာဝတီမှာဖြစ်သမျှအကြောင်း အရာများနှင့် ပြည်မြို့တွင်ရပ်နေသည့် သမိန်သံလိုက်နှင့် တဆဲ့ငါးတပ်၊

တလည်းစီးတွင်ရပ်နေသည့် စစ်သူကြီးဒေါဇ္ဇယ်ယစက်နှင့် တဆဲ့နှစ်တပ်များကို မြစ်စဉ့်မြို့ကျေးရွာ မြန်မာကျွန်တော်မျိုးတစုနှင့် ရုံးစုတိုက်လံလျှင် တလိုင်းတို့ပျက်၍ ပြည်မြို့ကို အာကာရွှေတောင်တို့ အခိုင်နေကြောင်း၊ မြစ်အနောက်ဘက်မှာ သတိုးကျော်သူတို့နှင့် အခိုင် နေကြောင်းများကို အာကာရွှေတောင်၊ သတိုးကျော်သူ၊ ရမ္မသီရိတို့က ဆက်စာနှင့် လူသုံးရာကျော် သက္ကရာဇ် (၁၁၁၆) တဆောင့်တရာ့တဆဲ့ခြောက်ခု၊တော်သလင်းလဆန်း နှစ်ရက်နေ့ လျှောက်လာ၍ ဘဝရှင် အလောင်းမင်းတရားကြီးဘုရား ကြားတော်မူလျှင် မှူးတော်မတ်တော်တို့အလယ်တွင် အမိန့်တော်ရှိသည်ကား····ဟံသာဝတီကိုလုပ်ကြံ၍ အဝရွှေနန်းရှင်ကိုရလျှင် ဘုရားတဆူကဲ့သို့ ကိုးကွယ်မည် ငါအကြံတော်ရှိသည်။ ယခု တလိုင်းတို့နှောင့်ရှက်၍ ရွှေနန်းရှင်မရှိပြီကြားတော်မူရသည်၊ နှမြောစွတကားဟု အမိန့်တော်ရှိပြီးလျှင် တလိုင်းတို့သည် သင်းတို့ သစ္စာရှင်ကို ပြစ်မှားသည်၊ မကြာမတင် သင်းတို့ မြို့ပြထီးနန်းပျက်စီး၍ ငါ့လက်နက် နိုင်ငံတော်ဖြစ်တော့မည်၊ ယခုလည်း သာသနာတော်စောင့် နတ်တို့စီရင်၍ ငါ့ဘုန်းတော်အား မားပွားသတ်၍ မြေလတ်တခွင်ရှိသော တလိုင်းတို့ပျက်စီးလေပြီ၊ အရပ်ရပ် မြေလတ်တခွင်ရှိသည့် မြန်မာနှစ်သိန်းကျော် သုံးသိန်းတို့သည် ငါ့ကျွန်တော်မျိုးချည်း ဖြစ်လေပြီ၊ ဟံသာဝတီတိုင်အောင် ချီ၍ သိမ်းယူတော်မူမည်။ အာကာရွှေတောင်, စလေမြို့ဝန်,ပုခန်းငယ်မြို့သူကြီးတို့ ပြည်မြို့တွင် နေနိုင်အောင်နေ၊ သတိုးကျော်သူ, ရမ္မသီရိ, ကျော်ထင်သက်တော်ရှည်တို့လည်း မြစ်အနောက်ဘက်က နေနိုင်အောင် နေလေအမိန့်တော်ရှိပြီးလျှင် လာသူတို့ကို ဆုလာဘ်များစွာပေးတော်မူ၍ ပြန်စေသည်။ ။ထိုနှစ် တော်သလင်းလပြည့်ကျော် တဆဲ့တရက် ကြာသပတေးနေ့ နံနက်လေးချက်တီးကျော်အချိန်တွင် ပြာသာဒ်တော်ကို ရွှေထီးအထွတ် တင်တော်မူသည်။

### ထီးလင်းစော်ဘွားကို အောင်တော်မူ၍ ရွှေချက်သို<br>ဘုရားကို ရွှေထီးတင်ခြင်း

ယင်းသောအခါ ထီးလင်းစော်ဘွားညီ ငကျန်သည် ထီးလင်းမြို့က ထွက်၍ သစ်ခေါက်တပ်တွင် အခိုင်အလုံနေ၍ ရွှေဘဝါးတော်အောက် မရောက်မလာ မခမညွတ်နေသောကြောင့် သေနတ်ဝန် မင်းလှမင်းခေါင်ကျော်ကို မြင်းသုံးရာ၊ သေနတ်တရာ၊ စစ်သည်သူရဲငါးထောင်နှင့် သက္က

ရာဇ် (၁၁၁၆) တထောင့်တရာ့တဆဲ့ခြောက်ခု တော်သလင်း လဆန်း ရှစ်ရက်နေ့ ချီစေသည်မှာလည်း သေနတ်ဝန်ချီလာကြောင်းကို ကျောန် ကြားလေလျှင် မျိုးရိက္ခာလက်နက် လူသူဆင်မြင်းသွင်း၍ တပ်ရပ်တဆဲ့ ရှစ်တောင် တဆဲ့ကိုးတောင်နှင့် ကြို့ကြို့ခံ၍ နေနှင့်သည်ကို သေနတ်ဝန် မင်းလှမင်းခေါင်ကျော်လည်း ရောက်လျှင် ရောက်ချင်း တူးရှင်း၊ လှေ ကား၊ ခေးပုဆိန်နှင့် တပ်ရင်းသို့ ချဉ်း၍ တပ်တိုင်ကို ခုတ်ဖြတ်တူးဖြိုစေ သည်၊ တပ်ထိပ်က ဆီးခံပစ်ခတ်သည့် ပြောင်းသေနတ် ထူထပ်ချေသော ကြောင့် ယင်းပါမိုလ်မင်းလှကျော်ခေါင် ပြောင်းသင့်၍ ဆုံးချေ၏၊ ရဲမက် တော်တို့လည်း တဟုန်တည်း ဆင်ရောမြင်းပါ ဘိစီးတူးဖြို၍ တက်လျှင် တပ်ပေါက်၍ သစ်ခေါက်တပ်ကြီး ပျက်လေ၏၊ ကျောန်လည်း ရုံးမိသမျှ သားမယားဆွေမျိုးစုံရာနှင့်သာ ချင်းတောင်သို့ထွက်ပြေးလေ၏၊သက္ကရာဇ် (၁၁၁၆) တထောင့်တရာ့တဆဲ့ခြောက်ခု၊ သီတင်းကျွတ်လဆန်း ငါး ရက်နေ့ သစ်ခေါက်တပ်ကိုအောင်တော်မူလျှင် သုံ့လူငါးထောင်ကျော်, မြင်း သေနတ်အမြောက်စိန်ပြောင်းလက်နက်ကိရိယာများကို သိမ်းယူခဲ့ပြီး လျှင် ယောထီးလင်းမှစ၍အနီးအစပ်မြို့ရွာများတွင် တောတောင်ပုန်းလျှိုး ရှိနေသည့်လူဘို့ကို အသာအယာ သိမ်းသွင်းနေထိုင်စေပြီးလျှင် အကြီး အအုပ်ခန့်ထားခဲ့ပြီးမှ သေနတ်ဝန် မင်းလှမင်းခေါင်ကျော်တို့ ပြန်လာ၍ ပါသည့် သုံ့လူ မြင်း သေနတ်လက်နက်ကိရိယာများကိုဆက်လျှင် အားရ တော်မူ၍ ဗိုလ်မှူး တပ်မှူးဘို့ကို မြို့ရွာဘွဲ့အမည် အဝတ်အစား အထိုက် အလျောက် ချီးမြှင့်တော်မူ၏။

ထိုနှစ်တန်ဆောင်မုန်းလဆန်း တဆဲ့နှစ်ရက်တနင်္ဂနွေနေ့ မဟာသင်္ကြံ တော်ခေါ်သည်၊ တဆဲ့သုံးရက် တနင်္လာနေ့ ရွှေနန်းတော် တက်သိမ်း တော်မူသည်။ ။သက္ကရာဇ် (၁၁၁၆) တထောင့်တရာ့တဆဲ့ခြောက်ခု တန်ဆောင်မုန်းသဆန်း တဆဲ့ငါးရက်နေ့ ရွှေချက်သိုစေတီတော်ကို ရွှေ ထီးအထွတ် တင်လှူတော်မူသည်၊ ရွှေပေါက်ပေါက်, ငွေပေါက်ပေါက်, နဝရတ်ပေါက်ပေါက်, တံခွန်, ကုက္ကား, မုလေးပွား, ရွှေတန်ဆောင်, ငွေတန်ဆောင်များစွာ ပူဇော်တော်မူသည်၊ ရက်လည်အောင်သဘင်ကြီး စွာ ခံတော်မူ၍ များစွာသောသံဃာတော်တို့ကို ဆွမ်းစသောပရိက္ခရာရှစ် ပါး အစုံများစွာ လှူတော်မူ၏၊ များစွာသော ဖုန်းတောင်း ယာစကာ အပေါင်းတို့ကိုလည်း မစေ့မငမရှိစေရ၊ ကြေးငွေ ဆန်စပါး ဝတ်ဘွယ်

စားဘွယ်တို့ကို စွန့်ကြဲတော်မူ၍၊ စေတီတော်ကို စီရင်လုပ်ဆောင်သော အကြီးအကြပ် ပန်းရန်၊ ပန်းတော့၊ပန်းတမော့၊ ပန်းဘဲ၊ ရွှေသဆွေးသမား တို့ကိုလည်း ဘွဲ့အမည် အဆောင်အရွက် အဝတ်အစား ကျေးရွာအထိုက် အလျောက် ဆုပေးတော်မူ၍၊ စေတီတော် တည်ရပ်ကား မယ်တော် ခမည်းတော်တို့ စံနေတော်မူသည့် မင်္ဂလာအိမ်တော်ရာ၊ အလောင်းမင်း တရားကြီး ရွှေချက်တော်သိုမြှုပ်ရာဖြစ်၍ နံတော်သင့်"ရွှေချက်သိုဘုရား" ဟုသမုတ်တော်မူသတည်း။

## တလိုင်းမင်းက ပြည်မြို့ကိုဝန်းရံခြင်း

ယင်းသောအခါ ဟံသာဝတီဘုရင်လည်း ပြည်မြို့တွင် အစောင့်အနေ ထားသည့် တဆဲ့ငါးတပ်၊ တလည်းစီးတွင်ထားသည့်တဆဲ့နှစ်တပ်၊ မရပ် မနေနိုင် ပျက်ကြောင်း၊မြစ်စဉ်မြို့ကျေးရွာများတွင် မြန်မာတို့ထောင်ထား၍ တလိုင်း အကြီးအအုပ် ဆိုသမျှကို ဖျောက်ဖျက်ကြောင်းများကို ကြားသိ လေလျှင် ရှည်လတ်သော် မြန်မာတို့က မှုဆိုးပိုမင်းကိုချီပင့်ချိမ့်မည်၊ ယင်း သို့ဖြစ်သောကြောင့် မချီမပင့် မရောက်မီ ယခုက ပြည်မြို့ကို ရအောင်ယူ ၍ အရပ်အနေပြုပြီးလျှင် ပြည်အောက် ပြည်အထက်မြို့ရွာများကို ဒးနေ အသားကျအောင်သိမ်းရုံးစီးကြပ်ပြီးမှ ရောဝတီမြစ်အရှေ့ဘက် အနောက် ဘက် ကြည်းတပ် ရေတပ်နှင့်အခိုင်နေမည်၊မြစ်ညာသို့လည်း မလွန်မကျွေး မြို့ဘိုင်အောင် လှေတပ်ဆီးကြို၍ခံမည်၊ ငါတို့က ပြည်မြို့ကို မရလျှင် မြန် မာမင်း ဟံသာဝတီတိုင်အောင် ချီလာချိမ့်မည်၊ လျင်တန်သောအရေးကို နှေး၍မသင့် ယခုပင်ချီလေဟု သမိန်သံလိုက်တတပ်၊လက္ခန်းအိမ်တတပ်၊ ဗညားကျော်တတပ်၊စစ်သူကြီး ဒေါဗွယ်ယစက်တတပ်၊ စစ်သူကြီးဒလပန်း တဘပ်၊ တလိုင်းမင်းသမက်စောဗြတတပ် သည်ခြောက်တပ်တွင်ပါသည့် တိုက်လှေကြီး ကိုးရာ၊ ရိက္ခာတင် ဝန်တင်လှေ တထောင်၊အမြောက်ခုနစ် ရာ၊ သေနတ်ငါးထောင်၊စစ်သည်သူရဲငါးသောင်းကျော်နှင့် တလိုင်းမင်း သမက်စောဗြအချုပ်ပြု၍ ဟံသာဝတီကရေကြောင်းပြည်မြို့သို့ ချီလာသည်။

ဗညားရက္ခိုက်တတပ်၊ ဗညားတာနော တတပ်၊ ဗညားအောဉ်တတပ်၊ ဗညားရွှတ်တတပ်၊ သမိန်လွတ်တတပ်၊ တလိုင်းမင်းညီ ဗညားဒလတတပ် သည်ခြောက်တပ်တွင်ပါသည့် မြင်းတထောင်၊ အမြောက်ငါးရာ၊သေနတ် တသောင်း၊ စစ်သည်ခုနစ်သောင်းနှင့် တလိုင်းမင်းညီ ဗညားဒလအချုပ် ပြု၍ ဟံသာဝတီက ကြည်းကြောင်းချီလာသည်၊

တလိုင်းသမက် စောဗြ, တလိုင်းမင်းညီ ဗညားဒလတို့ ကြည်းတပ်ရေတပ်အရောက်ညီကြလျှင် ရေကြောင်းကမှာ တလိုင်းမင်းသမက်စောဗြ တိုက်လှေကြီး နှစ်ရာကျော်, လူတသောင်းကျော်နှင့် အနောက်ဘက်တလည်းစီးက ရပ်နေပြီးလျှင်၊ သမိန် သံလိုက်တပ် လှေတရာကျော်, လူငါးထောင်ကျော်နှင့် ပြည်အောက်ဆင်တဲတွင် ရပ်နေရသည်၊ လက္ကန်းအိန် လှေတရာကျော်, လူငါးထောင်ကျော်နှင့် တောင်ရှည်တွင်ရပ်နေရသည်။ စစ်သူကြီးဒေါဗ္ဗယ်ယစက် လှေတရာကျော်, လူငါးထောင်ကျော်နှင့် ပြည်မြို့ဝင်းချောင်းတွင် ရပ်နေရသည်။ စစ်လူကြီးဒလပန်း လှေနှစ်ရာကျော်, လူတသောင်းကျော်နှင့် ပြည်အထက်စကြံကျွန်းတွင် ရပ်နေရသည်။ဗညားကျောင်မှူကား တိုက်လှေကြီးတရာကျော်, စစ်သည်ငါးထောင်ကျော်နှင့် အထက် မကွေး,မြင်ကွန်းရောက်အောင် အရှေ့ဘက်,အနောက်ဘက် မြို့ကျေးရွာများကို မီးထင်းတိုက်ရှို့ ဖျက်ဆီးစေသည်။

ကြည်းကြောင်းကမူကား တလိုင်းမင်းညီ ဗညားဒလတတပ်၊ ဗညားရက္ခိုက်တတပ်၊ ဗညားတာနော တတပ်၊ သမိန်လွတ်တတပ် သည်လေးတပ်တွင် မြင်းခုနစ်ရာကျော်, စစ်သည်ငါးသောင်းကျော်နှင့် ကြက်တင်းတောင်ကသည် ဆံတော်ရှင်ဘုရားတောင်ကို ပတ်ပြီးလျှင် လောသော့ချောင်းကို လျှောက်၍ ရေဝတီရောက်အောင် တပ်ကြီးတပ်ခိုင် တည်၍ရပ်နေသည်၊ ဗညားအေဉ်တပ် မြင်းတရာကျော်,စစ်သည်ထသောင်းကျော်နှင့် ကန်သစ်ဦးကတပ်တည်၍ ရပ်နေရသည်။ ဗညားရွတ်တပ် မြင်းတရာကျော်,လူတသောင်းကျော်နှင့် မြို့အရှေ့ မရန်းပင်အရပ်တွင် တပ်တည်၍ရပ်နေသည်။

ယင်းသို့ တလိုင်းမင်းသမက် စောဗြ၊ တလိုင်းမင်းညီ ဗညားဒလတို့ ကြည်းကြောင်း ရေကြောင်း အထပ်ထပ်ဝန်းရံပြီးလျှင် ပြည်မြို့ကို အကြိမ်ကြိမ်တိုက်သည်၊ မြို့တွင်းက အာကာရွှေတောင်ကွပ်၍ ကြီးကြီးကြပ်ကြပ်ခံသောကြောင့် တလိုင်းတို့ မလှုပ်ရှားနိုင်ရှိလျှင် ဆံတော်ရှင်ဘုရားတောင်ထိပ်က အမြောက်ကြီးအများတင်၍ နေ့ညဉ့်မလပ် မိုးသီးမိုးပေါက်ကဲ့သို့ပစ်ခတ်သောကြောင့် မြို့တွင်းမှာ မရပ်မနေနိုင်၊ တွင်းကျင်းတူး၍နေကြရသည်။ ဟင်းချူး,ထင်းခွေ, ရေခပ်မှုမထွက်ရ၊ မျိုးရိက္ခာ အစားအသောက်ဆုံရှား၍ မြို့တွင်းသားဘို့ အလွန်ကျဉ်းမြောင်းချေသည်။ ။ယင်းသောအခါ ရန်ပုံခွင်းအမြောက်ကို ပြည်မြို့အောက် အနောက်တောင်ယွန်းမြစ်ထဲတွင်ရ၍ မြို့ထိပ်သို့တင်ထားရ၏။တလိုင်းတို့လည်း ရန်ပုံခွင်းအမြောက်

ကိုသိရင်းဖြစ်၍ ကြောက်ရွံ့သည်နှင့် မြို့တွင်းက အာကာရွှေတောင်လည်း အစည်းအကြပ် စစ်ရပ်စစ်ခံကောင်းလှသောကြောင့် မြို့သို့မချဉ်းမကပ်ဝံ့၊ ရုံ၍သာနေလေ၏။

## ရန်ပုံခွင်း အမြောက်အကြောင်းနှင့် စော်ဘွားတို့ကို သစ္စာပေးရန် သေနတ်ဝန်ချီတက်ခြင်း

ရန်ပုံခွင်းအမြောက်အကြောင်းကား- သက္ကရာဇ် (၁၁၁၀)တထောင့် တရာ့တဆယ်ပြည့်နှစ် ဟံသာဝတီ ဆင်ကျားရှင်လက်ထက် ပြည်မြို့ကို ချီထက်ဝန်းရံလာစေသည့်ကာလ ပြည်မြို့တွင်းမှာ ဟံသာဝတီပါ အဝ ရွှေနန်းရှင်က ခန့်ထားသူ နောင်တော်ကြီး သတိုးမင်းခေါင်၊ သတိုးမင်းကျော်၊ မင်းကြီးရဲထင်၊ဗညားကျန်းတော၊အာကာဗိုလ်မှူးဆိုသူတို့ကို ချုပ်အုပ်ဆီးခံစေသည်၊ မခံနိုင်၍ ပြည်မြို့ကို တလိုင်းတို့ကရလေလျှင် သန်လျင်ရေဝန်ကို ပြည်မြို့ဝန်ခန့်၍ ပြည်မြို့သို့လာမည်ရှိသည်အတွင်း သန်လျင်မြို့သို့ အရပ်သင်းဘောတစင်း ဆိုက်လာသည်နှင့် သန်လျင်ရေဝန်က ပြည်မြို့သို့ ဆောင်ယူရန် အမြောက်ဝယ်မည်ရွေးချယ်လျှင် သံအမြောက်အရှည်လေးတောင့်တမိုက်လေးသစ်၊ ကျည်ဝင် ခုနစ်ဆဲ့ငါးကျပ်၊ အမြောက်အချိန် ခုနစ်ရာ့ငါးဆယ်ရှိသည်။ အဘိုးငွေ ခုနစ်ပိဿာငါးဆယ် ပေးရမည်၊ ကုလားစကားပြန်တို့ ဆိုသည့်အတိုင်း သန်လျင်ရေဝန်က အဘိုးငွေ ခုနစ်ပိဿာငါးဆယ်ပေး၍ ဝယ်ယူသည့်အမြောက်၊ ကျည်ဝလေးသစ်ခွဲ၊ နှုတ်ခမ်းအထက် လက်ယာဘက်က လက်မခန့်ပဲ၍ ကွာသည့်အရာနှင့် အမြောက်နားပေါက် စဉ်းငယ် တိမ်ယောင် ရှိသည်။ ထိုအမြောက်ကို ဆောင်ယူခဲ့၍ ပြည်မြို့သို့ရောက်သည်၊နောက် ဟံသာဝတီဘုရင်လက်ထက် အဝကိုတိုက်မည်ချီလာသည့်ကာလ ပြည်မြို့ဝန်နှင့် အဝသို့ပါ၍ မလွန်တွင် မြန်မာတပ်နှင့်တိုက်ကြရာ တပါးအမြောက်ထက်ထူး၍ ပြင်းပြစွာ အသံသုံးချက်ဆင့်ထွက်သည်။ ပစ်လေသမျှ တဘက်ရန်သူကို မထိမမှန် လွတ်သည်မရှိ၊ လှေဦးကဝင်လျှင် လှေပဲ့တိုင်အောင် စင်းလုံးကိုမှန်သောဟူ၍ ကျော်စောသောကြောင့် ခဲကျည်စေ့မှာ'ရန်ပုံခွင်း'ဟု စာရေး၍ပစ်သည်။ အမြောက်ကိုယ်မှာလည်း ရန်ပုံခွင်းဟု ရွှေလိပ်ကမွှည်းရေးသည်။ အမြောက်ဦးတွင် ရွှေတမိုက်ခန့်၊ ဆံထုံးတွင်လည်း ရွှေတမိုက်ခန့်ထည့်သည်။မလွန်ပျက်၍ အဝသို့ချီမည့်တွင် ဥပရာဇာက ရွှေကိုယ်လုံးထည့်ရမည် ဆင့်ဆို၍ အထက်တခြမ်းလုံးကို ရွှေဝိန်းထည့်သည်၊ နောက် အဝကပြန်လည်သည့်

ကာလ ပြည်မြို့တွင်ထားမြဲ မြို့ဝန်အိမ်ရှေ့တွင် လှည်းခင်ထိတ်နှင့် ဝတ်သန့် ဝတ်ကောင်း လွှမ်းထားရသည်။ အမွေးအကြိုင် အထုံအသင်း၊ ထမင်းမုံ့ ယို၊ သေဖိုသေမ၊ အရက်သေရည် ပသတင်ကျွေးရသည်။ နောက် ဟံသာ ဝတီက အဝသို့ချီလာပြန်သည့်ကာလ ရန်ပုံခွင်းအမြောက်ကို ဒလပန်း ဆောင်ယူဆန်သွား၍ အဝကိုအောင်၍ပြန်ခဲ့ရာ ပြည်မြို့တွင်ထားမြဲထား၍ ပြည်မြို့ကို ဒေါ်ဗွယ်ယစက် ဝန်ပြုရသည်။ နောက် အဝမြို့ကို ဘဝရှင် အလောင်းမင်းတရားကြီးဘုရား အောင်မြင်သိမ်းယူတော်မူ၍ ဟံသာဝတီ ကချီလာသည့်တွင် ရန်ပုံခွင်းအမြောက်ကို အဝသို့ ဒလပန်းဆောင်ယူပါ သွားသည့်နှင့် တပ်ပျက်၍ ဆုတ်ခွာခဲ့ရာ ရန်ပုံခွင်းအမြောက်ကို ပြည်မြို့ မှာ လှေနှင့်ထား၍ ဒလပန်းကိုစစ်ဘုရင်ခန့်ထားစောင့်နေရသည်။နောက် ဒလပန်းကိုလဲ၍ သမိန်သံလိုက်ကို ပြည်မြို့စောင့်ခန့်ထားသည့်တွင် အာ ကာရွှေတောင်၊ စလေမြို့ဝန်၊ ပုခန်းငယ် မြို့သူကြီးတို့ အတွင်းမီးထ၍ တလိုင်းတို့တပ်ပျက်လျှင် ရန်ပုံခွင်းအမြောက်ကို ပြည်မြို့ အနောက်တောင် ယွန်း ရေတွင် ပစ်ချခဲ့သည်ကို အညာ ကျွာအိုရွာ အာကာရွှေတောင် ဆွေသား မျိုးသား၊ အိမ်ခြေ နှစ်ဆယ်ကျော်သားတို့ ပြည်မြို့အောက် အနောက်ဘက် ဆင်တဲကင်းကဆန်တက်လာရာ ရွှေဝင်းဝင်းနှင့် ရန်ပုံ ခွင်းအမြောက် ရေမှပေါ်တုံငုပ်တုံ ထောင်လျက်နေသည်ကို တွေ့မြင်၍ အာကာရွှေတောင်ကိုပြောဆိုလျှင် အာကာရွှေတောင် ရေမှဆယ်ယူ၍ ပြည်မြို့တွင်းသို့ သွင်းထားလေသည်။ ။ထိုအမြောက်ကို တန်းခိုးကြီးသော အမြောက်ဟု ကျော်စောထင်ရှား၍ ယောကျ်ား,မိန်းမ မပြတ်ပူဇော်ပသ လျက် မြို့ထိပ်တွင်ထားသည်ကို တလိုင်းတို့ အလွန်ကြောက်ရွံ့ကြကုန်၏။

ယင်းသို့ ပြည်မြို့ကိုဝန်းရံနေသည့် တလိုင်းတပ်ကို အာကာရွှေတောင် အကြိမ်ကြိမ်ထွက်၍ တိုက်သော်လည်း တလိုင်းတို့က လက်နက်ကိရိယာ ဗိုလ်ခြေအင်အားများလှသောကြောင့် မတိုးမဆုတ်နိုင်ရှိချေ၏။ ။နောက် တကြိမ် တလိုင်းတို့က ထွက်၍တိုက်မည်အဟန် စစ်ရေးမြူလာသော ကြောင့် အာကာရွှေတောင်လည်း အရှေ့တံခါးကထွက်၍ စစ်အင်ကျင်း လျက် ကြိုနှင့်သည်ကို တလိုင်းတို့မထွက်မလာသောကြောင့် ပြည်မြို့တောင် ကိုလှည့်၍ ချီခဲ့ရာ အနောက်တောင်ထောင့်သို့ ရောက်လျှင် အနောက် မျက်နှာရံတပ်က အမြောက်ကြီးအများဆိုင်၍ လွှတ်သည်တွင် အာကာ ရွှေတောင်ကို အမြောက်စေ့သင့်ချေ၍ မြင်းကဦးက စဉ်လွင့်လေပြီးမှ မသေပဲ ထပြန်သည်ကို တလိုင်းတို့မြင်လျှင် တပ်လုံးဖြဖြ လိုက်လာသည်

နှင့် အာကာရွှေတောင်ကို တလိုင်းတို့ရလေလျှင် အထွေထွေကွပ်သော်လည်း မသေနိုင်သောကြောင့် တွင်းတူးမြှုပ်လေ၏။

ယင်းသို့ အာကာရွှေတောင်ဆုံးချေလျှင် တလိုင်းတို့ အားတက်အင်ကြီး ဘိစီးကြိုးဝါး၍ ပြည်မြို့သို့ချဉ်းကပ်လာသည်ကို ပြည်မြို့တွင်းကစလေမြို့ဝန်,ပုခန်းငယ်မြို့သူကြီးတို့ကွပ်ကဲ၍ မိန်းမယောကျ်ားအကုန်ထွက်စေပြီးလျှင် မြို့ထိပ်က ကျောက်အုဘ်ပွဲယက်ရည်နှင့် ပစ်ချသည်။ တက်လာသမျှ တလိုင်းတို့ကိုလည်း တယောက်မလွတ် ထိုးခုတ်ရိုက်နှက်၍ ရွှေဘိုသားဟုကြွေးဝါးခုံသည်။ တလိုင်းတို့မတက်နိုင် ဆုတ်ခွာရလေ၏။ ။ယင်းသောအခါ ပြည်မြို့တွင်းသားတို့ နှလုံးစိတ်ငယ်၍ ငါတို့ကိုးကွယ်ရာ အာကာရွှေတောင်လည်း ဆုံးချေပြီ၊ ရန်ပုံခွင်းအမြောက်သာ ကိုးကွယ်ရာတပါးဖြစ်ပါသည်ကိုလည်း ခဲယမ်းမရှိသောကြောင့် မပစ်ရပြီဟု အားအင်လျော့လျော့ ရှိလေသည်ကို ပြည်မြို့တွင်နေသော အသက်ခုနစ်ဆယ်ရှယ်သီတင်းသည် ငသာအောင်သည် ဤသို့အမိန့်ရှာန်ပြု၏။ ။"ဘုန်းတော်အသွန်ကြီးမြတ်တော်မူသော ဘဝရှင် အလောင်းမင်းတရားကြီး ဘုရားသည် သာသနဒါယကာ မဟာဓမ္မရာဇ ဖြစ်တော်မူထိုက်သည် မှန်၍ ရာမညတိုင်း တလိုင်းသုံးရပ်ကို အောင်တော်မူမည်မှန်လျှင် ဤပူဇော်သော ပန်းပေါက်ပေါက်သည် သရီရဓာတ်တော် မွေတော်မြတ်တို့၏ ကိန်းဝပ်တော်မူရာ ဆံတော်ရှင်ဘုရား ရင်ပြင်တော်တွင် အထင်အရှားရောက်သည် ဖြစ်စေသော"ဟု မိန့်ဆိုန်၍ များစွာသော ပန်းပေါက်ပေါက်တို့ကို လူခပ်သိမ်းတို့အလယ် ကောင်းကင်သို့ ကြဲမြှောက်လျှင် ပျားပိတုန်းကဲ့သို့ ပျံဝဲ၍ သုဒဿနတောင်ထိပ် ဆံတော်ရှင်ဘုရား စေတီရင်ပြင်တော်တွင် တည်လေ၏။ ထိုအကြောင်းကို ပြည်သားပြည်သူ ရှင်လူအပေါင်းတို့မြင်ရာတွင်မှ ဝမ်းမြောက်ဝမ်းသာ အညာက အလျှင်အမြန် တပ်တော်ဆိုက်ရောက်ပါမည့် အကြောင်း ဆုတောင်းဆုယူပြု၍ သတိုးကျော်သူ၊ ရမ္မသီရိ၊ စလေဝန်၊ ပုခန်းငယ်မြို့သူကြီးတို့က ပြည်မြို့ကို တလိုင်းတို့ ကြည်းတပ် ရေတပ် အထပ်ထပ် ဝန်းရံကြောင်း၊ မကွေး မလွန် တိုင်အောင်တလိုင်းတို့ကဆန်တက်ကြောင်း အာကာရွှေတောင်ဆုံးကြောင်း၊ နေပြည်တော်က အလျှင်အမြန် တပ်တော်စုန်ဆင်းလာပါမည့် အကြောင်းများနှင့် ဘဝရှင် အလောင်းမင်းတရားကြီးဘုရားသို့ ရှိခိုးသံတော်ဦးဘင် စေလွှတ်ရလေ၏။

လယ်တီမဏ္ဍိုင်–၁၅

ဘဝရှင် အလောင်းမင်းတရားကြီး ဘုရားလည်း အကြောင်းမျိုးကို ကြားသိတော်မူလျှင် အမိန့်တော် ရှိသည်ကား…ယခု ဟံသာဝတီက တလိုင်းတို့ စစ်အားကြီး ချီလာ၍ ပြည်မြို့ကို ဝန်းရံသည်မှာ သားတော် ညီတော် ဗိုလ်မှူး တပ်မှူးတို့နှင့်သာ အပေါ့အလျော့ လုပ်ကြံရမည့်အရာ မဟုတ်ချေ၊ ငါကိုယ်တော်တိုင်ချီသွားလုပ်ကြံရမှအရေးတော် ပြီးလွယ်မည့် အရာဖြစ်ချေသည်၊ အကြောင်းမူကား–ငါ့ဘုန်းတော်အား သိကြားနတ်တို့ ကူညီ၍ မရည်ပဲလျက် အလိုလို အရေးတော်ပြီးနှင့်သောကြောင့် ပြည်မြို့ကို ငါတို့ကရလျှင် တလိုင်းတို့အားလျော့လေပြီ၊ သို့ကိုလျက် အပေါ့ အလျော့ ပြုချေ၍ ပြည်မြို့ကို သူကရပြန်ချေလျှင် ရှေ့သို့ လုပ်ရေး ကြံရေး ရှည်ချိမ့်မည်၊ အရေးတော်ပြီးကုန်လျှင် ဟံသာဝတီတိုင်အောင် ချီတော်မူမည်၊ သို့ရာတွင် အရှေ့ရှမ်းပြည်တလွှားလည်းမပျပ် မဝပ်လေသေး၊ဝေးသောအရပ်သို့ ခွာ၍ ချီတော်မူရလျှင် နေပြည်တော်မှာ အရေးတော်ကို မမြင်နိုင်ချေ၊ ယင်းသို့ဖြစ်၍ ယမန်တွင် ရွှေတောင်စားငယ်လည်း ငါ့ကျေးဇူး သစ္စာတော်ကို မသောက် ကွေ့တပ်သို့ပြေးဝင်၍ ကွေ့တပ်ပျက်လျှင် ကျိုင်းတောင်းမြို့သို့ ပြေးဝင် ခိုမှီနေကြောင်းနှင့် ငါကြားတော်မူရသည်၊သေနတ်ဝန်အလုံးအရင်းနှင့် ချီသွားပြီးလျှင်ရွှေတောင်စားကိုလည်း ရအောင်ဖမ်းခဲ့ရမည်၊ မိုးနဲ၊ ညောင်ရွှေ၊ တီကျစ်၊ စကား၊ ကျိုင်းတောင်း၊ ကျိုင်းခန်း စသော စော်ဘွား မြို့စားအပေါင်းတို့ကိုလည်း သစ္စာတော် ပေးခဲ့ရမည်ဟု အမိန့်တော်ရှိ၍ သေနတ်ဝန် မင်းလှမင်းခေါင်ကျော် ချီရလေ၏။

ယင်းသို့မှ ဘဝရှင်အလောင်းမင်းတရားကြီးဘုရား ဟံသာဝတီသို့ ချီတော်မူမည်ဟု ချီတော်မမူမီ ပြည်မြို့အရေးကိုတောက်၍ စစ်လျှင်ချီနှင့်ရမည့် အမိန့်တော်ရှိလျှင် မင်းလှစည်သူလျှောက်သည်ကား….ယခုတလိုင်းတို့က လက်နက်နိုင်ငံတော်ဖြစ်သော ပြည်မြို့ကို ကြည်းဘက် ရေဘက် ချီတက်ဝန်းရံလာသည်မှာ တလိုင်းတရာကိုသော်လည်း မြန်မာတယောက် မလောက်သည်သာဖြစ်၍ တလိုင်းတို့ ဗိုလ်အလုံးအရင်း များလေသော်လည်း ကျွန်တော်ချီ၍ အနည်းငယ်သာ ဖြစ်သော ရဲမက်တော်တို့နှင့် စစ်ဦးဘီလူးပါ တလိုင်းတို့မကွေးမလွန်နိုင်အောင်ချီတက်လာသော စစ်ဦး စစ်ညွန့်ကို ရွပ်ရွပ်ချုံချုံနှိပ်နင်းချိုးဖျက်ပါမည်ဟု လျှောက်သည်ကို ဘဝရှင် အလောင်းမင်းတရားကြီးဘုရား အားရတော်မူ၍ မင်းလှစည်သူကိုအရေး ပေးတော်မူလျှင် ဗိုလ်မှူး မင်းလှစည်သူလည်း….သက္ကရာဇ် (၁၁၁၆)

တထောင့်တရာ့ တဆဲ့ခြောက်ခု၊ နတ္တော်လဆန်းတဆဲ့တရက်နေ့၊ရတနာသိင်္ချမြို့တော်က ကျောက်မြောင်းသို့ ချီပြီးလျှင် ကျောက်မြောင်းမြို့ဆိပ်တော်က အလျားတဆဲ့ကိုးလံ၊ လှေဝမ်း တဆဲ့တတောင်၊ အစောက် ငါးတောင့်နှစ်မိုက်ရှိသော မှိုင်းသဲသဲရဲလှေတော်ကြီးတွင် တက်စွဲလူတရာ့ငါးဆယ်၊ လက်နက်စွဲလူ တရာ့ငါးဆယ်၊လူပေါင်းသုံးရာ၊ အမြောက်ရှစ်ဆယ်ဝင်, ခုနစ်ဆယ်ဝင်, ခြောက်ဆယ်ဝင်ဆယ်လုံး၊ ဆေးခဲယမ်းအစုံနှင့် လှေရံသုံးဆဲ့ ခြောက်စင်းတွင် စိန်ပြောင်း တရာကျော်၊ လက်နက်ကိုင် တထောင့် ခုနစ်ရာ၊ သေနတ်ငါးရာနှင့်၊ ရဲစက်ကျော်ခေါင်တတပ်၊ ရာဇကုမ္ဘာဏ်တတပ် စည်းကြပ်ပြီးလျှင် လှေတော် သုံးဆဲ့ခုနစ်စင်း၊ သူရဲနှစ်ထောင်နှင့်၊ နတ်တော်လဆန်း တဆဲ့သုံးရက်နေ့ ကျောက်မြောင်းဆိပ်တော်က ချီရသည်၊ သတိုးကျော်သူ၊ ရမ္မသီရိတို့ကစေလွှတ်သူတို့တွင် မင်းလှစည်သူနှင့်လှေသုံးဆဲ့နှစ်စင်း စစ်လျှင်ချီနှင့်စေကြောင်း၊သတိုးကျော်သူ, ရမ္မသီရိတို့မှာလည်း မျိုးရိက္ခာဆန်စပါးများကို ကာမ,ကျောက်အိုး,ပန်းကုန်းရွာများတွင် စဲ့ကျီနှင့် ထားပြီးမှ လူဝသောင်းကျော်အနက် တဝက်လူကို အစောင့်အနေ လုံခြုံအောင် ခန့်ထားပြီးလျှင် ကျန်တဝက်လူနှင့် ပြည်မြို့သို့ ပြန်၍ခံနိုင်အောင် ခံနေရမည် အကြောင်းများကို အမိန့်တော် ချိပ်အိတ်တံဆိပ်နှင့် မှာတော်မူလိုက်၏။ ။အမိန့်တော်ရောက်လျှင် သတိုးကျော်သူ, ရမ္မသီရိတို့လည်း အမိန့်တော်အတိုင်း မျိုးရိက္ခာများစွာစုထားပြီးလျှင် လက်နက်ကိုင်တဝက်လူနှင့် ပြည်မြို့အထက် မြဝတီမြို့က တပ်နှင့်ခံ၍နေ၏။

နတ်တော်လဆန်း တဆဲ့ငါးရက်၊ သောကြာနေ့ နံနက် တချက်တီးကျော်တွင် ထီးဆောင်းမင်္ဂလာ မဟာ ဥကင်တော်ကြီး ဖွင့်တော်မူ၍ ရာဇပလ္လင် တက်တော်မူသည်၊ ပြာသိုလဆန်း တဆဲ့တရက်၊ အင်္ဂါနေ့ နံနက်တချက်တီးကျော်တွင် ရွှေမြို့တော် တံခါးဆယ်ရပ်ကို ရတနာသိင်္ချမြို့တော်ကြီး တံခါးအမည် မော်ကွန်းဘိုင်စိုက်တော်မူသည်။

အထူးထူးသော တိုင်းကြီး ပြည်ကြီး ထီးဆောင်းမင်းများသခင်၊ ရွှေတွင်း, ငွေတွင်း, ပတ္တမြားတွင်း, ပယင်းတွင်းစသော ရတနာအပေါင်းတို့၏အရှင် စတုဓ္ဓရတနာပူရ မြို့တည် နန်းတည်၊ ဆဒ္ဒန်ဆင်မင်းသခင်၊ ဆင်ဖြူများရှင်၊ အသျှင်ဘဝရှင် မင်းတရားကြီး ဘုရား လက်ထက်တော် (၁၁၉၁) တတောင့် တရာ့ကိုးဆဲ့ တခု၊ နယုန်လဆန်း တရက်နေ့က စ၍ ရဟန်းပညာရှိ၊ ပုဏ္ဏားပညာရှိ၊

မှူးမတ်ပညာရှိတို့နှင့် အထူးထူးသော ရတနာတို့ဖြင့် ဆန်းကြယ်သော မှန်နန်းတော် ဆောင်တော်ဦး နန်းမစနဲ့ ညီ၍ နိုင်းညှိ၍ အသင့်ယုတ္တိကျမ်းဂန်အာဂုံများနှင့် အညီ သုတ်သင် စီရင်တော်မူသော ဒုတိယ မဟာရာဇဝင်တော်ကြီး စတုတ္ထထုပ် ဒုတိယတွဲ ၌တွင် ရွှေ့ပြီး၏။

* * * *

**အလောင်းမင်းတရားကြီး ဟံသာဝတီသို့**
**ချီတော်မူမည် ခန့်ရန်ခြင်း**

ဘဝရှင် အလောင်းမင်းတရားကြီးဘုရားလည်း ဟံသာဝတီသို့ချီတော်မူမည်ကို ရဟန်းပညာရှိ၊ ပုဏ္ဏားပညာရှိ၊ လူပညာရှိတို့နှင့် တိုင်ပင်တော်မူလျှင် ပညာရှိတို့ လျှောက်သည်ကား....

* ရတနာပူရ၊ မြို့အင်းဝ၊ အင်းဝဟူသည်၊ တလိုင်းပြည်။ တလိုင်းပြည်ကို၊ မြင်းသည်အရိုး၊ နေမျိုးဖျက်၍-ပျက်လတ္တံ့။ ထိုမြင်းသည်ကား၊ ကုန်းခင်သား။

ဟူသော သိုက်အလိုကိုထောက်လျှင် ရတနာပူရ အင်းဝမြို့ကို တလိုင်းတို့ ဖျက်၍ ပျက်ချေသောကြောင့် တလိုင်းပြည်ပင်ဖြစ်နှင့်ရချေသည်၊ တလိုင်းပြည်ကို၊ မြင်းသည်အရိုး၊ နေမျိုးဖျက်၍၊ ပျက်လတ္တံ့-ဆိုသည့်အတိုင်း ရတနာပူရ အင်းဝပြည်ကြီးနှင့်တကွ ရာမညတိုင်း တလိုင်းသုံးရပ်ကို အလိုတော်ပြည့်မည်၊ မြင်းသည် အရိုး နေမျိုး-ဆိုသည်မှာလည်း အာဒိစ္စဝင် နေမျိုးဖြစ်တော်မူသော ပျူစောထီး၊ အလောင်းစည်သူ၊ မိုးညှင်းမင်းတရားတို့၏ အနွယ်တော်၊ ရဲဘော်မြင်းအရိုး ဆိုလိုသည်၊ ထိုမြင်းသည်ကား၊ ကုန်းခင်သား-ဆိုသည်မှာလည်း၊ ရတနာသိဿ မြို့တော်အရှေ့၊ အလောင်းစည်သူ တည်ထားခဲ့သော ကုန်းဘောင်ရိုး တောင်မြောက်ရှိသည်ကိုစွဲ၍ ကုန်းဘောင်ပြည်ကြီးဟူ၍လည်း ကျော်စော ထင်ရှားသည့်အတိုင်း နေပြည်တော် ကုန်းဘောင်ပြည်ကြီးကိုပင်ဆိုလိုသည်။ ။စနည်းနာစေသည်မှာလည်း နေ့နက်ဖြန်ပင်၊မကြာတင်၊ ချီလျှင်ရမည်-ဟု စနည်းတိုက်ရိုက်ထွက်သည်။ ။နတ်နှုတ်နာစေရာ၌လည်း မဟာဇေယ-မဟာဇေယ-ဟူသော နတ်ဆိုသံကို ကြားရသည်။ ။စာကောက် စေရာလည်း၊ အလျှင်လည်းကောင်း၊ နောက်လည်းကောင်း၊ သောင်းသောင်းကြွေညာ၊ ဗိုလ်ပါ-ဟူသောကောက်စာကိုရသည်။ ။နိမိတ်ကြည့်စေရာလည်း၊ စာသငယ်များကို သိမ်းငှက်ချီယူ၍၊သစ်ခွတွင်ပုံထားသည့်နိမိတ်ကိုရသည်။ ။

ကြက်ရိုးထိုးရာလည်း၊ နေ်ရထာမင်းစော တိုင်းခွင်လှည့်လည်၍ အပြည် ပြည်ကို အောင်သော ကြက်ရိုးကိုရသည်။ ။တံမျဉ်းချိုးရာလည်း၊ သူက ပိတ်၍ တို့ကရှင်းရသော တံမျဉ်းနှင့် ကြိုက်သည်။ ။တဘောင် နာရာ လည်း၊ "ကပ်လှာ ရွှေနန်း၊ အပိုင်မြန်း၍၊ ရှန်းရှန်း ပေါက်မည်၊ မြင် တော့သည်" ဟူသော တံဘောင်ကို ကြားရသည်။ ။ဟူးရားဂဏန်း တွက်ချက်စေရာလည်း ပျက်သည်မရှိ၊ ကောင်းသည်တိသာ၊ အလုံးစုံ ညီ ညွတ်ကြောင်းနှင့် ပညာရှိတို့ကလျှောက်သည့်စကားကို ကြားတော်မူလျှင် သာသနာတော်စောင့်သောနတ်တို့ချီပင့်ပြသည့် နိမိတ်တဘောင်၊အောင် မြင်တော့မည် မှန်ပြီဟု ဖတ်ယူတော် မူပြီးလျှင် သက္ကရာဇ် (၁၁၁၆) တန်ဆောင့်တရာ့တဆဲ့ခြောက်ခု ပြာသိုလပြည့်ကျော်င ါးရက် ကြာသပ တေးနေ့ နံနက်တချက်တီးကျော် နှစ်နာရီတပါဒ်၊ ဆယ်ဗိဇနာ၊ပြန်ခရာ ပြည့်၊ ကုံသက်၊ သိဟ်စန်း၊ကန်တွင်ရာဟု,ကြာသပတေး၊မေ့တွင်တနင်္ဂနွေ အင်္ဂါ၊ ဗုဒ္ဓဟူး၊ သောကြာ၊ စနေ၊ သောကြာတြင်း၊ ကြာသပတေးနဝင်း၊ နက္ခတ်နှစ်ဆဲ့သုံးလုံးတပါဒ်ထက် လက်စီးလျက် ကောင်းမြတ်သောမင်္ဂ လာ အခါတော်တွင် ကောင်းကင်သို့မျက်နှာရည်တော်မူလျက် ထွက်စံ တော်မူရာသည်ဟု ပညာရှိတို့ ဆက်သွင်းသည့်အခါတော်အတိုင်း ဟံသာ ဝတီသို့ ချီတော်မူမည့်နေ့ရက်အခါတော်မရောက်မီဝင်းခင်း၊နောက်တော် လိုက် မှူးတော်မတ်တော်၊ စော်ဘွားမြို့စား၊ မင်းဆွေစိုးမျိုး၊ မင်းညီမင်း သား၊ ဆင်မြင်း၊ လက်နက်ကိရိယာ၊ ဖောင်တော်၊ လှေ်တော်၊ လှေ် ကား၊ သမ္ဗန်၊ဆွဲလှေ၊ငင်လှေမှစ၍ ကြည်းတပ် ရေတပ် စည်းကြပ်စီရင်ရန် ရှိသမျှကို ကျောက်မြောင်းမြို့ဖောင်တော်ဆိပ်တွင် မှူးတော် မတ်တော် တို့ ဆင့်ဆိုစည်းကြပ် ခင်းကျင်းနှင့်ရသည်။

ကြည်းတပ်မှာ….ဆားလင်းကုန်းဗိုလ် နန္ဒစည်သူတတပ်၊ ထီးလင်း စော်ဘွားတတပ်၊ကလေးစော်ဘွားတတပ်၊ သောင်သွပ်စော်ဘွားတတပ်၊ မိုးကောင်းစော်ဘွားတတပ်၊ မိုးညှင်းစော်ဘွားတတပ်၊ ဗန်းမော် စော် ဘွားတတပ်၊ မိုးမြိတ်စော်ဘွား တတပ် သည်ရှစ်တပ်တွင် မြင်းနှစ်ထောင် စစ်သည်သူရဲ နှစ်သောင်း။

ရေတပ်မှာ….ဆင်နှင်းဗိုလ် နန္ဒကျော်ထင် တတပ်၊ မင်းကျော်တန် ဆောင်တတပ်၊ မင်းလှသီရိတတပ်၊ ယင်းတောဗိုလ် ဗလကျော်ခေါင် တတပ်၊ နေမျိုးနန္ဒမိတ် တတပ်၊ မင်းကျော်စည်သူ တတပ်၊ မင်းလှမင်း ခေါင် တတပ်၊ မင်းရဲစည်သူတတပ်၊ ယောက်ဖတော် မင်းရဲကျော်စွာ

တတပ်၊ ညီတော် သတိုးသိမ်သူတတပ်၊ သားတော် မြေဒူးမင်း သီရိဓမ္မ ရာဇာတတပ်၊ သားတော် ဒိဗ္ဗယင်းမင်း သီရိသုဓမ္မရာဇာတတပ်၊ ယင်းက မှ တပ်မတော်နှင့်သော် တဆဲ့သုံးတပ် စည်းကြပ်၍ အခါတော် ရောက် လျှင် ရတနာသိဉ်မြို့တော် တောင်မျက်နှာ ဇာန္ဒာတံခါးက သိကြားထွက် စံသကဲ့သို့ ကျောက်မြောင်းမြို့ရောက် ထွက်စံတော်မူသည်။

တပ်မတော်တွင် ရွှေဖျားစမြောင်နှစ်၊ ထိုနောက် ခြသေ့်ရှစ်စီးခံသော ရဟာနာခံပျံတွင် လှံရုံဆယ်စင်းနှင့်တကွသော အရိန္ဒမာလှံတော်၊ထိုနေဝံ မင်္ဂလာစည်တော်စုံ၊ ထိုနောက် အောင်လံ၊ အောင်စည်၊ အောင်မောင်း ရှစ်စီ၊ ထိုနောက် ရွှေဝင်းတော်မှူး မိုးနဲရွှေလှံကိုင် ကောင်ဟန်တရာနှင့် ဝင်းတပ်၊ လက်ယာဝင်းတော်မှူး မိုးနဲရွှေလှံကိုင် ကောင်ဟန် တရာနှင့် ဝင်းတပ်၊ ထိုနောက် လက်ဝဲဝင်းတော်မှူး မိုးနဲရွှေလှံကိုင် ကောင်ဟန် တရာနှင့် ဝင်းတပ်၊နောက်ဝင်းတော်မှူး မိုးနဲရွှေလှံကိုင် ကောင်ဟန်တရာ နှင့် ဝင်းတပ်၊ ထိုနောက် လက်ယာတော်က ချပ်တန်းဆာ ဝတ်ဆင်သော ကိုယ်ရံတော်သေနတ်စွဲသူရဲတထောင်၊ လက်ဝဲတော်က ချပ်တန်းဆာဝတ် ဆင်သော ကိုယ်ရံတော် သေနတ်စွဲ သူရဲတထောင်၊ ထိုနောက် ချပ်တန်း ဆာဝတ်ဆင်သော ကိုယ်ရံတော်သေနတ် အမည်ရ တရာ့ငါးဆယ်၊ ထို နောက် လက်ယာကြောင်း, လက်ဝဲကြောင်း ရွှေလေးအမှုထမ်း ရှစ်ရာ၊ ထိုနောက် သဥ္ဇာလီတော်တင် ဆင်တော်၊ ထိုနောက် ပေါင်းဝန်းတော် တင် ဆင်တော်၊ ထိုနောက် စီးတော်ဆင် ပလာရွှေကြိုးနှင့်နှစ်၊ ထိုနောက် ကျိုင်းတော်တဆဲ့ခြောက်၊ ထိုနောက် ထီးဖြူတော်ရှစ်၊ ယပ်မားတော်ရှစ်၊ ထီးဖြူတော် အကြား ယပ်မားချပ်လျက် လိုက်ရသည်။ ထိုနောက် ခား လိုက်ရှစ်၊ ထိုနောက် ပတ္တမြားစီ လက်သုံးတော်ခား၊ ထိုနောက် စွဲတော်မူ သည့် ခားတော်၊ ထိုနောက် ရတနာကိုးပါးတို့ဖြင့် ခြယ်စီ ချပ်လုပ်အပ် သော လျှပ်စစ်နွယ်ကဲ့သို့ ဖြိုးဖြိုးဖြက်အရောင်ရှိသော ရတနာရွှေကြိုးရွှေ ကတို့ဖြင့် တန်းဆာဆင်အပ်သော အတိုင်းသုံးတောင်တမိုက်ရှိသောမြင်း တော် နတ်ယာဉ်ကျော်ကို စီးတော်မူသည်။ရတနာမျိုးဖြင့် ဖြီးသော ပါ လည်ကွေး ကြိုးချပ်တန်းဆာ၊စစ်ဝတ်ဒုယင်တော်၊ ပတ္တမြားမောက်ရူတော် ဆင်တော်မူသည်၊ မြင်းတော်မှူးနှစ်၊ ပတ္တမြားကြိမ်လုံးနှင့် လက်ဝဲလက် ယာလိုက်ရသည်၊ မြင်းတော်နောက်ကလည်း ကွမ်းရေတော်,မင်းဆောင် တော်များကို လေးဆယ်, ငါးဆယ် လူပျိုတော် ကွမ်း ရေ တော် ကိုင် အဆောင်မြိတ္တို ဆိုင်ရာကိုင်၍ လိုက်ရသည်။

ရတနာသိဉ်မြို့တော်က ပို့လိုက်သော အရှင်မိဖုရားခေါင်ကြီး ဘုရားလည်း မိဖုရားလတ်, မိဖုရားငယ် ကိုယ်လုပ်တော်အပေါင်း ခြံရံလျက် ကွမ်းကိုင် ရေကိုင်ဆိုင်ရာ အခင်းအကျင်း သင်းပင်းကိုယ်ရံနှင့် ကျောက်မြောင်းစံ နန်းတော်ရောက် ပို့တော်မူလိုက်သည်။ ။မင်းရွာမိဖုရား စန္ဒာမဟောနှင့် ကိုယ်လုပ်တော် တဆယ်သာ ရတနာ ရွှေဖောင်တော်တွင် လိုက်ရသည်။

ယင်းသို့မှ သက္ကရာဇ် (၁၁၁၆) တဝေါင့်တရာ့တဆဲ့ခြောက်ခု၊ တပို့တွဲ လဆန်းတရက်နေ့ ကျောက်မြောင်း မြို့တော်က ကြည်းတပ် ရေတပ်ချီတော်မူသည်။ ။ရေတပ်တော် အစီအရင်ကား–ရွှေဖျား မင်္ဂလာတပ်တော် အောင်လံ၊ အောင်စည်၊ အောင်မောင်း၊ သေနတ်ကိုင်သုံးရာစီး လှေတဆယ်၊ ။ထိုနောက် ရွှေလေးသုံးရာစီး လှေတဆယ်။ ။ဆင်နင်းဗိုလ် မင်းကျော်ဥဒိန်တပ်၊ လှေရံ ရာဇရွှေတောင် တို့နှင့် တိုက်လှေကြီး တဆယ်၊ စိန်ပြောင်းတဆယ်။ ။ထိုနောက် ဟန်လင်းဗိုလ် မင်းကျော်တန်ဆောင်တပ်၊ လှေရံ နရာပျံချီကျော်, ပျံချီ ရဲလှတို့နှင့် တိုက်လှေကြီး တဆဲ့ငါး၊ စိန်ပြောင်း တဆဲ့ငါး။ ။ထိုနောက် မင်းလှသိရိတပ်၊ လှေရံ ဒေဝသီဟတို့နှင့် တိုက်လှေကြီးတဆယ်၊ စိန်ပြောင်းတဆယ်။ ။ထိုနောက် ယင်းတောဗိုလ်မင်းကျော်ရဲခေါင်တပ်၊ လှေရံ တုရင်စိတ္တတို့နှင့် တိုက်လှေကြီးတဆယ်၊ စိန်ပြောင်းတဆယ်။ ။ထိုနောက် နေမျိုးနန္ဒမိတ်တပ်၊ လှေရံ သိင်္ဂဇလကျော်သူတို့နှင့် တိုက်လှေကြီးတဆယ်၊ စိန်ပြောင်းတဆယ်။ ။ထိုနောက် မင်းကျော်စည်သူတပ်၊ တိုက်လှေကြီး နှစ်ဆယ်၊ စိန်ပြောင်း နှစ်ဆယ်။ ။ထိုနောက် ဗိုလ်မှူး မင်းလှမင်းခေါင်တပ်၊ တိုက်လှေကြီး နှစ်ဆယ်၊ စိန်ပြောင်း နှစ်ဆယ်။ ။ထိုနောက် မင်းရဲဇေယျသူတပ်၊ တိုက်လှေကြီး နှစ်ဆယ်၊ စိန်ပြောင်း နှစ်ဆယ်။ ။ထိုနောက် ယောက်ဖတော် မင်းရဲဟေကျော်ထွာတပ်၊ လှေတော်တဆဲ့ခုနစ်လံ၊ လှေရံ ဇန္ဒရာဇာ, ဒီပရာဇာတို့နှင့် တိုက်လှေကြီး သုံးဆယ်၊ စိန်ပြောင်း သုံးဆယ်။ ။ထိုနောက် ညီတော် သတိုးသိင်္ခသူတပ်၊ လှေတော်တဆဲ့ရှစ်လံ၊ လှေရံ မင်းရဲသိင်္ခရာဇ်၊ ရွှေတောင်ကျော်ထွာ၊ လက်ဝဲဗလ၊ မြို့သစ်စားတို့နှင့် တိုက်လှေကြီး ငါးဆယ်၊ စိန်ပြောင်း ငါးဆယ်။ ။ထိုနောက် လက်ယာတော်က သားတော်မြေဒူးမင်း သိရိမဟ္မရာဇာတပ်၊ လှေတော် အလံနှစ်ဆယ်၊အမြောက်တဆယ်၊ လှေခတ်သူတရာ၊ လှေရံ ဥဒိန်ကျော်ခေါင်၊ ဥဒိန်နန္ဒကျော်၊ လက်ဝဲတုရင်တို့နှင့် တိုက်လှေကြီးတရာ၊ ဝန်တင်လှေငါးဆယ်။ ။လက်ဝဲ

တော်က သားတော်ဒိပဲယင်းမင်း သီရိသုဓမ္မရာဇာတပ်၊ လှေတော် အလံနှစ်ဆယ်၊ အမြောက်တဆယ်၊ လှေခတ်လူတရာ၊ လှေရံ ဥဒိန်ကျော်ထင်၊ စက္ကုကျော်ထင်၊ တုရင်သိဒ္ဓိ၊လက်ယာဇေယ၊သီရိပျံချီ၊ လက်ဝဲဇုန္ဒ၊မင်းကြီးမင်းလှရန်အောင်၊ မင်းကျော်ဗလ၊ မင်းကျော်ရဲလှ၊ တုရင်သူရိန်၊ ဝေရကျော်၊ ရဲစက်ကျော်ခေါင်၊ ဒေဝသူရိန်၊ ဗလဇေယကျော်တို့နှင့် တိုက်လှေကြီးတရာ၊ ဝန်တင်လှေငါးဆယ်။ ။ယင်းကမှ အိကင်း, သာရကာ, သာရဗိမာန်, ကမကော်, လှေတော် လေးစင်းတွင် မင်္ဂလာစည်တော်စုံရွှမ်းလျက် လိုက်ရသည်။ ။ထိုနောက် ရွှေဝင်းတော်မှူးနှင့် ဝင်းတပ်။ ။လက်ယာဝင်းတော်မှူးနှင့် ဝင်းဘပ်။ ။ထိုနောက် နောက်ဝင်းတော်မှူးနှင့် ဝင်းတပ်။ ။လက်ဝဲဝင်းတော်မှူးနှင့် ဝင်းတပ်။ ။ထိုနောက် အရပ်ရပ် တိုက်လှေတော်၊ ခြေရင်းတော်မြဲ စော်ဘွားမြို့စား မှူးသားမတ်သားတို့ တိုက်လှေ၊ ဝန်တင်လှေစု။ ။ထိုနောက် မင်းရွာမိဖုရား ဝန်တော်တင် ဇမ္ဗူအံ့ချီးနှင့် ငါးရယ်စားစီး၍ ဖောင်တော်လိုက်၊ စစ်ကဲ. နာခံ, သံခံ, တပ်ရေး, မှူးတော် မတ်တော်တို့ တိုက်လှေဝန်လှေ၊ ဆေး,ခဲယမ်းမီးကျောက်၊ လက်နက်ကိရိယာ၊ သမားတော်ဝန် ဒေဝကျော်သူ၊ ဗညားဒေဝ၊ ဗိသုကာ စိတ္တလက်ာ၊ ပန်းပဲ ဇုန္ဒဗညား၊ ပန်းတဉ်း ငသာထွန်း၊ ဆေးသမား မန္တန်သမားတို့နှင့် ဝန်တော်ဖောင်, မြင်းတော်ဖောင်များကို ငါးရယ်စား ချုပ်အုပ်၍ လိုက်ရသည်။ ယင်းကမှ လက်ရွေး, လက်သစ်, ပြည်လုံးအံ့၊ ရန်နိုင်၊ လင်းဇင်း၊ ရဲတုလွတ်၊ ဇင်းမယ်၊ အင်းမ၊ ပြည်အင်းမစသော မရေမတွက်နိုင်သော ဆွဲလှေ ငင်လှေ၊ ဖောင်တော်၊ လှော်ကားသမ္ဗန်၊ သားလှေ ငှက်လှေ၊ ရွှေလှေ ရွှေလောင်း၊ ဇလာကပင်ကြီး၊ ဇလာကပင်ငယ်၊ ကတ္တူလွန်းကြြင်၊ ရဲလှေ၊ ကုရွှပ်၊ သတ္တဒါန်၊ မုတ္တတူးစသောအထောင်မကသော လှေတော်အပေါင်း ခြံရံလျက် ဖောင်တော်အလျားသန်နှစ်ဆဲ့သုံးလံ၊ လှေဝ သန် တဆဲ့သုံးတောင်၊ အစောက် သန်ခုနစ်တောင့်တမိုက် လေးသစ်၊ ရောပျဉ် သုံးဆဲ့တတောင်ရှိသော ရတနာ ရွှေဖောင်တော်ကြီးတွင် ထီးဖြူတော်လေးစင်း စိုက်လျက် စစ်ကဲ,နာခံ,တပ်ရေး, ထောင်ကဲ, ပွဲနင်း, ဦးနေရာကျော်ကိုင် ဖောင်ခတ်လူ အစုစု တရာ့ခြောက်ဆယ်၊ နရည်းဆရာရှစ်၊ ရွှေလေးမှူး ခနုစက်, ခနုဇေယကျော်, ခနုသိပ္ပကျော်တို့နှင့် ရွှေလေးတရာ၊ သီရိကျော်ထင်နှင့် သေနတ် ငါးဆယ်၊ မှူးသားခတ်သား ကွမ်းရေတော်ကိုင် မင်းဆောင်တော်ကိုင် ငါးဆယ်၊ လူပညာရှိ နန္ဒဗာဟု,ဒေဝရာဇသီဟ၊ ပုဏ္ဏားပညာရှိ စိုင်ညီနောင်၊သီချင်း

သည်ကြီး ဒေဝပျံ့ချိ, မင်္ဂလာညွန့်လူတို့ ဖောင်တော်ထက်တွင် လိုက်ရသည်၊ ဖောင်တော်လိုက် စစ်ကဲ၊ နာခံ၊သံခံ၊တပ်ရေး၊စားတော် ကွမ်းရေကိုင် လူပျိုတော်အဆောင်မြဲတို့ကို ရွှေလက်ကောက်၊ရွှေဦးထုပ်၊ရွှေဝတ်လုံသနားတော်မူ၍ ဝတ်နီနှင့်လိုက်ကြရသည်။ အရပ်ရပ်မိုလ်မှူး သူရဲသူခက် ရဲမက်တော်အပေါင်းဘို့မှာလည်း ဝေဿဝဏ,ပုဏ္ဏကနတ်စစ်သည်ကဲ့သို့ နီသော,နက်သော ချပ်ဝတ်မိန်ညို၊ မျဉ်းတိုမျဉ်းရှည်၊ ပါလည်ကွေး၊ ပါးကာနားကာ၊ရွှေဘယက်,နေဘံဘယက်၊ မောက်ရှူမောက်တို၊ စစ်ဝတ်တန်းဆာဆင်ကုန်လျက် လျှပ်အရောင်နှင့်တူသော ရွှေလှွား၊ရွှေကာ၊ရွှေလေး၊ ရွှေလှံ၊ ရွှေဓား၊ ရွှေသန်လျက်၊ လက်နက်သေနတ်စွဲ အပေါင်းသုံးသောင့်ငါးထောင်နှင့် စည်မောင်းနဲ့ခရာ ကျာကျာကျုံကျုံ တီးမှုတ်သံတို့ဖြင့် မြစ်လုံး ပွဲတင်ထပ်စေလျက် မင်္ဂလာအမြောက်သံ ပေးသည်နှင့် တပြိုင်နက် ကြည်းတပ် ရေတပ် စည်းကြပ်ချီထွက်တော်မူသည်။ ။တပ်မတော်တွင် မင်းလှရွှေတောင်၊မင်းကျော်ရွှေတောင်တို့ကို စစ်ကဲ၊နန္ဒရာဇသင်္ကြံ, ကျော်ထင်သီဟတို့ကို နာခံ၊ မင်းငယ်ရွှေတောင်,ဝေလုရာဇာတို့ကို သံခံ၊ လက်ဝဲသုန္ဒရ, ရွှေတောင်စည်သူတို့ကို တပ်ရေးခန့်တော်မူသည်။

## ရေနံချောင်း၊ မလွန်၊ ညောင်ပင်ဆိပ်၊ကာ့မတွင် တလိုင်းလှေတပ်များကို အောင်မြင်ခြင်းနှင့် တလိုင်းဆိုသမျှ စောဖြရေတပ်သို့ ပေါင်းကြခြင်း

ယင်းသောအခါ ရွှေအလျှင်ချီနှင့်ရသော မင်းလှစည်သူတို့ သုံးတပ်လည်း ရေနံချောင်းမြို့အောက်တွင် တလိုင်းတို့လှေဘပ်ဦးနှင့်တွေ့၍ တိုက်သည်။ တလိုင်းဘို့တပ်ပျက်လေ၏။ ။မလွန်တွင် တိုက်လှေကြီး ငါးရာကျော်နှင့် ဗညားကျေဉ်ဆီးကြိုခံနှင့်သည်ကိုလည်း မင်းလှစည်သူ၊ ရဲစက်ကျော်ခေါင်၊ရာဇဂုမ္ဘက်တို့နှင့် သူရဲသူခက်အပေါင်းတို့ အကြောက်အရွံ့မရှိ၊ တလိုင်းတို့လှေပုံသို့ လှေဦးရွယ်ကာ,ရွယ်ကာ အပြင်းဝင်၍ တိုက်သည်။ မလွန်တွင်ခံသည့် ဗညားကျေဉ် တိုက်လှေငါးရာကျော် ပျက်၍ဆုတ်လေ၏၊ ။ညောင်ပင်ဆိပ်ကာ့မတွင် မြစ်အရှေ့ဘက်, အနောက်ဘက်စပ်အောင် မြစ်ကြောင်းအပြည့်အထပ်ထပ် အမြောက်,စိန်ပြောင်းစီစဉ်ခင်းကျင်း၍ ခံနှင့်သည်ကိုလည်း မိုလ်မှူးတပ်မှူးသူရဲသူခက်တို့ အသက်ကိုအသက်မမှတ်၊ တလိုင်းတို့လှေသို့ ကူးသန်းခုန်တက် တိုက်လံလေလျှင် တလိုင်းတို့ လှေတပ်အလုံး အဆီးအတားမရှိ ဆုတ်ခွာ စုန်ပြေးလေသည်။

မင်းလှစည်သူ၊ ရဲစက်ကျော်ခေါင်၊ ရာဇကုမ္ဘဏ်တို့လည်း မရပ် မဆိုင်း အမြောက်,စိန်ပြောင်း မြစ်လုံးဆူမျှ ပစ်ခတ်၍ စစ်ဦးဘီလူးပါ လိုက်ထပ်သည်။ တလိုင်းတို့လှေတပ် အဆီးအတားမရှိ မြစ်လုံးအပြည့် စုန်ပြေးလာသည်နှင့် အမြောက် စိန်ပြောင်း ပစ်လွှတ်၍ လိုက်သည်ကို စကြိုကျွန်းတွင် တိုက်လှေကြီးနှစ်ရာကျော် သုံးရာလောက်နှင့်နေသည့် စစ်သူကြီးဒလပန်း မြင်လျှင် မြန်မာတို့ ရေကြောင်းစစ်ကြီးဆင်လာချေပြီ၊ ငါတို့ခံသော်သည်း မခံနိုင်ရာအမှတ်ရှိ၍ ဒလပန်းစကြိုကျွန်းက ခွာလေ၏။ ဒလပန်းဆုတ်သည်ကိုမြင်လျှင် အရှေ့ဘက်က လှေနှစ်ရာကျော် သုံးရာလောက်နှင့်နေသည့် စစ်သူကြီး ဒေါ်ဗယ်ယစက်လည်း ဆုတ်လေ၏။ ။ပြည်မြို့တွင်းသားတို့လည်း တလိုင်းတို့ ဥပါယ်ပြုကြသည်အမှတ်နှင့် ထွက်၍မကူမတိုက်၊ မြို့ထိပ်ကသာ ကြည့်လျက် နေကြကုန်၏။

မင်းလှစည်သူလည်း မှိုင်းသဲသဲရဲလှေတော်ကြီးနှင့် တစင်းချင်းအလိုက်လွန်၍ တလိုင်းတို့တပ်နှင့် အထွေးထွေးရှိသည်တွင် ရဲလှေတော်ကြီးကို တလိုင်းတို့လှေအများ အုံ၍တိုက်သည်။ မင်းလှစည်သူနှင့် ရဲမက်တော်တို့လည်း အပန်းတကြီးထိုးခုတ်သည်။ လှေများလှသောကြောင့် မနည်းကြာလျှင် ရဲမက်တော်သုံးရာလောက် ဆုံးချေ၏။ ကြွင်းကျန်သည့် မင်းလှစည်သူနှင့် လူသုံးဆယ်ကျော်လောက်လည်း လက်မချ၊ အသက်ကိုစွန့်၍ လှေသို့တက်ရောက်သမျှ တလိုင်းတို့ကို ထိုးခုတ်သည်။ ယင်းသို့စင်တွင် ရဲစက်ကျော်ခေါင်,ရာဇဂုမ္ဘဏ်တို့လှေတပ် မှီလာသည်နှင့် အပြင်းဝင်၍ တိုက်လံထိုးခုတ်သည်တွင်မှ မှိုင်းသဲသဲ ရဲလှေတော်ကြီးနှင့် မင်းလှစည်သူထွက်နိုင်၍ မင်းလှစည်သူ, ရဲစက်ကျော်ခေါင်, ရာဇဂုမ္ဘဏ်တို့လှေတပ် ပြည်မြို့ကျောင်းကြီးဆိပ်တွင် ဆိုက်နေပြီးလျှင် ဆံကိုဖြေ၍ ပြကြသည်တွင် မြစ်ညာကချီလာသည့် မြန်မာတို့ လှေတပ်ဖြစ်ကြောင်းကို ပြည်မြို့တွင်နေသည့် စလေမြို့ဝန်, ပုခန်းငယ်မြို့သူကြီးတို့နှင့် မြို့တွင်းသားတို့ အတပ်သိ၍ အစားအသောက် အသုံးအဆောင် မျိုးရိက္ခာ တပ်တော်သို့ မြို့တွင်းက ပို့ရောက်လာသည်။

ပြည်အထက်တလျှောက် မလွန်,မြင်ကွန်းတိုင်အောင် အရပ်အခံထားသည့် ဒေါ်ဗယ်ယစက်,ဒလပန်း, ဗညားကျော်တို့ လှေတပ်ဆိုသမျှလည်း ပြည်အောက်တရပ်မော်ကပင် စောဗြရေတပ်သို့ ပေါင်းကြလေ၏။ ။ ယင်းတွင်မှ ပြည်မြို့တွင်းသားတို့ မြောက်မျက်နှာ စစ်တံခါးပွင့်၍ ပြည်မြို့

တွင်ရှိသော ရဲမက်တော်တို့ ထွက်ဝင်သွားလာ အစားအစာ ရှာဖွေစား သောက်ကြရသည်။

## ပြည်မြို့သို့ရေကြောင်းချီတော်မူ၍၊ ရွှေဆံတော်ရှိ တလိုင်းတပ်ကို အောင်မြင်ခြင်း

ဘဝရှင် အလောင်းမင်းတရားကြီးဘုရားလည်း ကျောက်မြောင်းမြို့က ချီတော်မူသည့်နေ့ ရှိမ်းမကားအရပ်တွင် စခန်းချတော်မူသည်၊ ထိုစခန်း ကား ကျန်စစ်သား မူဆိုးစေ့ကို ရှာသည့်ကာလ သည်အရပ်တွင် ရှိမူ ကားဟူ၍ ကြိုးဝါးသည့်အရပ်ဖြစ်သည်၊ အရပ်ရပ်ရန်သူတော် ရှိမူကား မကြာရ ငါအောင်မြင်တော်မူမည့်,မင်္ဂလာစခန်းဦးဖြစ်သည် အမိန့်တော် ရှိ၍၊ စခန်းမည် သမုတ်တော်မမူ။ ။ယင်းကမှ တပို့တွဲလဆန်းလေးရက် နေ့ ရတနာပူရသို့ ရောက်တော်မူသည်၊ ထိုတွင် မာန်အောင်တံခါးပြင် ကျွန်းကို ဘုန်းတော်ဖြစ်ကျွန်း သမုတ်တော်မူရင်းအတိုင်း သမုတ်တော် မူသည်၊စာကား….“သက္ကရာဇ် (၁၁၁၆)တထောင့်တရာ့တဆဲ့ခြောက်ခု၊ တပို့တွဲလဆန်း လေးရက်နေ့၊ ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော သာသနဒါယကာတော် လက်နက်စကြာသခင်၊ ဆင်ဖြူ ဆင်နီများသခင်၊ အသျှင် ဘဝရှင် အလောင်းမင်းတရားကြီးဘုရား ရတနာပူရ ရွှေဝမြို့ကြီး မာန်အောင်တံခါးပြင်ကျွန်းကို ဘုန်းတော်ဖြစ်ကျွန်း သမုတ်တော်မူသည်” -ဟူ၍ ထန်းရွက်တွင် တကြောင်း စာချွန်တော်ရေး၍ ဝါးပန်းသုန်းနှင့် ဆွဲရသည်။

ရတနာပူရသို့ ရောက်တော်မူလျှင် တောင်ဘက်တခွင် စလင်္ကာသူရွာမှ စ၍ မြို့စု တိုက်စု၊ မြို့အုပ် တိုက်အုပ်၊ ဗိုလ်မှူး တပ်မှူးတို့နှင့် ကြည်းတပ် ရေတပ် စည်းကြပ် လိုက်ထမ်းကြရသည်။ ။သက္ကရာဇ် (၁၁၁၆) တ ထောင့်တရာ့တဆဲ့ခြောက်ခု၊ တပို့တွဲလဆန်း ခြောက်ရက်နေ့၊ မရေတွက် နိုင်သော စစ်သည်အပေါင်းနှင့် ရတနာပူရက ချီတော်မူ၍ ရဲပန်းတိုင်း ရွာကို ရန်အောင်ကျွန်း သမုတ်တော် မူ၍ စခန်းစံတော်မူသည်။ ။ လဆန်းခုနစ်ရက်နေ့၊ ထိုကချီတော်မူ၍ ဆပ်ပြာကုန်းရွာသို့ ရောက်တော် မူလျှင် အဝမင်းသား မင်းရဲကျော်စွာ အလျှောက်အထား မသင့်သော ကြောင့် ကွပ်မျက်တော်မူသည်။ ။ထိုနေ့ ချောင်းပေါက်ဝရွာကို မာန် အောင်ကျွန်း သမုတ်၍ စခန်း စံတော်မူသည်။

ထိုက ချီတော်မူသည့်နေ့ ရွာပဲအရပ်တွင် ကမ်းပြိုနှင့်သောကြောင့် ကမ်းထိပ်၌ရောက်သော ထန်းပင်သည် ဖောင်တော်သို့ ညွတ်၍ ထိလှာ သည်ကို ဘဝရှင်အလောင်းမင်းတရားကြီးဘုရားလည်း အကြောင်းနိမိတ် ကို ဆင်ခြင်တော်မူ၍ ခပ်မဆိတ်နေတော်မူစဉ်၊ ရန်အောင်ဗလ လျှောက် သည်ကား–

* သစ်သစ်မင်္ဂလာ၊ နစ်နစ်နာလော၊ အံ့အာသရဲ၊ ကြိုတောင်းခဲကို၊ အောင်ပွဲကြီးသျှင်၊ လောင်းသိုက်ဝင်၏၊ စက်ရှင်ရေနန်း၊ မြောက် စခန်းတွင်၊ ထန်းပဒေသာ၊ လေမလာပဲ၊ စကြာ ဖောင်ဦး၊ ညွတ် လာဖူးရှင့်၊ အထူးအတိတ်၊ ထိုနိမိတ်ကြောင့်၊ ဗျာဒိတ်သိုက်တိုင်း၊ တလိုင်းသုံးရပ်၊ ညွတ်ပျပ်တိုးဝင်၊ ဟံသာဝတီထန်းနံ၊ ကမ်းယံပဲ ကိုး၊ ဝပ်လျှိုးကြရာ၊ စကြာရောက်ကြောင်း၊ တက်ခေါင်းမှုဆောင်၊ ရန်အောင်ဗလ၊ ဘုရာ့ကျွန်တော်၊ ရေးကိုမြော်၍။ ။သံတော် ဦးတင်သည်ဘုရား။

ဟူသော ဧကပိုဒ်လင်္ကာဖြင့် ရုတ်ခြည်းထ၍ ရှိခိုးကာ လျှောက်သည်ကို အားရတော်မူ၍ ရန်အောင်ဗလကို ဆုပေးတော်မူ၏။ ။ထိုနေ့ ပုဂံမြို့ သို့ရောက်တော်မူလျှင် ပုဂံမြို့ ကျွန်းကို စံရာကျွန်းသမုတ်၍ စခန်းစံတော်မူ သည်။ ။ထိုကမှ ပုခန်းငယ်ကျွန်းကို ဇေယျာကျွန်းသမုတ်၍စခန်းစံတော် မူသည်။ ။ထိုစခန်းတွင် ကသည်းတို့ အရေးလည်း ရှိလေသေးသည်ဟု ဆင်ခြင်တော်မူ၍ ရွှေတောင်ဥဒိန်နှင့် တိုက်လှေနှစ်ဆဲ့ငါး ချင်းတွင်းသို့ ဆန်၍ ကိုင်းရာဘွင်စောင့်နေရသည်။ ။ထိုကမှ မကွေးမြို့ကျွန်းကိုရန်မျိုး နှိမ်သမုတ်၍ စခန်းစံတော်မူသည်။ ။ထိုကမှ လွန်ချည်ကျွန်းကို အောင် ဘုံကျွန်း သမုတ်၍ စခန်းစံတော်မူသည်။ ။ထိုကမှ ကာမမြို့သောင်ကို အောင်နိုင်ကျွန်းသမုတ်၍ စခန်းစံတော်မူသည်၊ ထိုနေ့ သတိုးကျော်သူ၊ ရမ္မသီရိတို့တပ် လက်နက်ကိုင်သုံးထောင်နှင့် မြဝတီမြို့ကဆီးကြို၍ တပ်မ တော်သို့ ဝင်ရောက်လာသည်။

ထိုကချီတော်မူ၍ နေပြည်တော်က ဆယ်စခန်းနှင့်ပြည်မြို့နဝင်းချောင်း သို့ နေ့နှစ်ချက်တီးကျော်နှစ်မောင်းခန့်အချိန်တွင် ရတနာရွှေဖောင်တော် ဆိုက်သည်၊ နဝင်းချောင်းမြောက်ဘက်၊မန်းကျည်းပင်တွင် ရတနာမောင်း တော် ဆင်တော်မူသည်၊ထိုမန်းကျည်းပင်ကို မောင်းတော်ဆင် မန်းကျည်း ပင်ဟု ယခုတိုင်အောင်တွင်၏။

နဝင်းချောင်းအောက်မြေပြင် ဆိပ်ကမ်း သာယာသော ဖောင်တော်ဆိုက်ရပ်ကိုလည်း ရန်မျိုးနိုင်တပ်တော် သမုတ်၍ စံနန်းတော်ခုနစ်ဆောင်နှင့်စံတော်မူသည်။

စံနန်းတော်တောင် ရွှေဖောင်တော် ဆိုက်ရာအရပ်တွင် ဘိနပ်တဆွဲငါးတောင်, အရပ်တဆွဲခုနစ်တောင်ရှိသော စေတီတော်တည်၍၊ သတ္တဌာန,အဌ္ဌာဝီသ,ရွှေ ငွေရုပ်တုတော် ဓာတ်တော် မွေတော်အများ ဌာပနာတော်မူပြီးလျှင် ဖောင်တော်ဦးဘုရား သမုတ်တော်မူသည်။

မြဝတီက ဆီးကြိုသော သတိုးကျော်သူ, ရမ္မသီရိတို့တပ်ကိုလည်း မြဝတီက အနောက်ဘက် ကြည်းကြောင်းချီစေ၍ ပြည်မြို့ကျောင်းကြီးဆိပ်အနောက်ဘက်သောင်တွင် တပ်ချ၍၊ ဆင်နင်းမိုလ် နန္ဒကျော်ထင်နှင့်တိုက်လှေဘော် နှစ်ဆဲ့သုံးစင်းကို ကြည်းရေဘက်၍နေစေသည်။

ထိုအခါ စောဖြ၊ ဗညားဒလ၊ ဒလာန်း၊ဒေါဇယ်ယစက်၊ဗညားကျော်စသော တလိုင်းမိုလ်မှူးတပ်မှူးတို့ ဤသို့တိုင်ပင်၏၊ ယခုမြန်မာရှင်ဘုရင့်ကိုယ် ချီလာချေပြီ၊ ငါတို့အရံကိုဖြုတ်၍ သင့်ရာအရပ်က တပ်တည်ပြီးလျှော် စစ်အင်ကျင်း၍တိုက်ရသော်တည်း သင့်မည်လော၊ ယင်းသို့မဟုတ်ယခုရံမြိုတိုင်းတပ်နှင့်သာရံ၍နေရသော်တည်း သင့်မည်လောဟု အရေးအရာကို စိုင်းပြင်းခင်းကျင်းကြသည်တွင် ဟံသာဝတီဘုရင့်သမက် စောဖြက ယခု မြန်မာရှင်ဘုရင်ချီလာသည်ကို တို့ကအရံဖြုတ်ချေလျှင် တပ်ခြေကြွကို သူ့ကလိုက်ထပ်လှာချိမ့်မည်၊ စစ်တို့သဘောသည် အရံလွယ်၏ အဖြုတ်ခက်သည်ဖြစ်၍ရံမြိတပ်ကို ခိုင်ခန့်လုံခြုံအောင် ပြင်ဆင်၍ ကြည်းဘက် ရေဘက်ကြံ့ကြံ့နေပြီးလျှင် မြန်မာရှင်ဘုရင့်တပ်သို့ အညာကရိက္ခာ မပို့မရောက်နိုင်အောင် ဆီး၍တိုက်မည်။

ပုံဆိုဦးအံ့…ငါတို့ဟံသာဝတီ ရွှေနန်းသခင် ဘုရင်ရာဇာမိရာဇ်လက်ထက် ပြည်ကိုရံတော်မူသည့်ကာလ၊ အဝကရှင်ဘုရင်မင်းခေါင်ချီလာ၍ စစ်ဦးဘီလူးပါသနိန်ဇိပ်ဖြဲ, သမိန်ပေါကျော်, သမိန်ဗြသပိုက်တို့ သုံးတပ်ကို သူကရလေလျှင် ပြည်သို့ဝင်၍ ရှင်ဘုရင်မင်းခေါင်နေလေသည်၊ ယင်းသောအခါ အညာက ရိက္ခာမပေါက်မရောက်ရအောင် ရာဇာမိရာဇ်က ဆီး၍ဘိုက်စေသောကြောင့် မြန်မာစစ်သည်တို့ အစားအစာ ဝတ်မွတ်၍ မနေနိုင်လျှင် ရှင်ဘုရင်မင်းခေါင်က သာယာချေင်သော စကားဖြင့် အကြိမ်ကြိမ် အရေးတောင်းလာရလေသည်၊ ယင်းသောအခါ ရှင်ဘုရင်မင်းခေါင်ကို ရမည်ဆဲဆဲလျက် မိန်းမတို့စကားကို ညွှာ၍ ရာဇာမိရာဇ်က

အရေးပေးသောကြောင့်သာ ရှင်ဘုရင်မင်းခေါင် ပြန်ရလေသည်၊ ယခုလည်း မြေထဲသရက်တိုင်အောင် ငါတို့ကစစ်အားကြီးချီတက်၍အညာက ရိက္ခာပို့မပေါက်မရောက်နိုင်အောင် ဆီးကြိုတိုက်ဖျက်မည်၊ငါတို့လက်တွင် ခံနိုင်မည်လောဟု စောပြဆိုသောစကားကို ဗညားဒလက ငါတို့အရေးကို မြင်သကဲ့သို့ပင် သူတို့လည်းအရေးကိုမြင်ဘိမည်၊မြန်မာရှင်ဘုရင်သည် လုပ်ရည်ကြံရည်ကောင်းလှချေသည်၊ ရှင်ဘုရင်မင်းခေါင်ကဲ့သို့မမှတ်သာ ချေဖြစ်၍၊ အညာက ရိက္ခာမပေါက်မရောက်နိုင်အောင် ဆီးကြိုမည် ဆိုသည့်စကားမှာ အပြောကားလွယ်၏ အပြုခက်ချိမ့်မည်ဟု ဗညားဒလ ဆိုသောစကားကို လက္ခွန်းအိန် ကြားသျှင် သခင်တို့ မိန့်ကြသောအရေးသည် ဟုတ်မှန်သော အရေးချည်းဖြစ်ပေသည်၊ သို့ရာတွင် ရံမြဲတပ်ကိုသာ နေနိုင်အောင် နေတော်မူ၊ မြန်မာတို့ ရိက္ခာမပေါက်မရောက်ရအောင် ကျွန်တော် ရွှေဘုံသာလက်ကြားကဆန်၍ ဆီးခံတိုက်ဖျက်မည် ဆိုသော အရေးကို ဒလပန်းစသော ဗိုလ်မှူးတပ်မှူးတို့ အကြိုက်ညီကြ၍ ရေတပ် ကြည်းတပ် စည်းကြပ်ပြီးသျှင် တပ်ကိုသုံးလုံးပြူး အခိုင်စိုက်၍ ကျုံးပတ်လည်နှင့် သမင်ချိုမြင်းတား၊ ဆင်ခလုတ် မြင်းခလုတ် ရံပြီးသျှင် ပျဉ်ကို ကျင်းမကန်းချ၍ ကျင်းထဲတွင် ဆူးငြောင့်အများစိုက်သည်၊လက္ခွန်းအိန်ကို အလုံးအရင်း ထပ်ဖြည့်၍ အညာရွှေဘုံသာ လက်ကြားက ချီစေသည်၊ ဗညားဗြဲအဂ္ဂကိုလည်း လက္ခွန်းအိန်တပ်ကို အခိုင်းအမ ပြု၍ အနောက်ဘက်က တပ်နှင့် အခိုင်နေစေသည်။

ထိုအကြောင်းများကို ဘဝရှင် အလောင်းမင်းတရားကြီး ဘုရား ကြားတော်မူသျှင် လက္ခွန်းအိန်တပ်ကို မင်းလှစည်သူ လှောင်ါးဆယ်နှင့် ဆီးခံတိုက်ရမည် ခန့်တော်မူ၍ ချီလေရာ မင်းလှစည်သူလည်းလက္ခွန်းအိန်တပ်နှင့်တွေ့သျှင်ရှုပ်ရှုပ်ချွံချွံ လှောင်ါးဆယ်ကျော်နှင့် လှေဦးဖွင့်ကာတိုက်သည်၊ လက္ခွန်းအိန် မခံနိုင်၍ ဆုတ်ရလေ၏။

ဗညားဗြဲအဂ္ဂလှုင်ါးထောင်ကျော်နှင့် အနောက်ဘက်ကစွဲရပ်နေသည့် တပ်ကိုလည်း သတိုးကျော်သူ, ရမ္မသီရိတို့ကို ရေတပ်၊ ဆင်နင်းဗိုလ် နန္ဒကျော်ထင်ကို ကြည်းတပ်ဖွဲ့၍ တိုက်စေသည်၊ သတိုးကျော်သူ,ရမ္မသီရိတို့လည်း မရပ်မတင်း တပ်ရင်းသို့ရောက်သျှင် သူ့လက်နက်ကို လက်နက် မမှတ် တပ်တိုင်ကိုနုတ်သူနုတ်သည်၊ လှေကားထောင်၍ တက်သူ တက်သည်၊ ရေကြောင်းကလည်း နန္ဒကျော်ထင် ကွပ်ကဲ၍တိုက်သည်၊ ကြည်း

ရေဘက်၍ လုပ်ကြံလျှင် တလိုင်းတို့မခံနိုင်၍ လက်နက်ကိရိယာ မျိုးရိက္ခာများကိုမျှမသိမ်းမယူနိုင် အဆီးအတားမရှိကိုယ်လွတ်ဆုတ်ခွာကြရလေ၏။

သက္ကရာဇ် (၁၁၁၆) တထောင့်တရာ့တဆဲ့ခြောက်ခု၊ တပို့တွဲလပြည့်ကျော်သုံးရက်နေ့တွင်၊တလိုင်းတို့ကအညာသို့စွဲရပ်ချီတက်လာသည့်ဗညားဒြုအဋ္ဌ,လက္ခွန်းအိန်တို့ ကြည်းတပ်,ရေတပ်ကို အောင်မြင်တော်မူ၍ ကြည်းတပ်တွင် ရလိုက်သည့်သေနတ်နှစ်ရာကျော်, အမြောက် တဆယ်ကျော်,လှေငါးရာကျော်များကို သတိုးကျော်သူ,ရမ္မသီရိတို့ သိမ်းယူဆက်လျှင် ဘဝရှင် အလောင်းမင်းတရားကြီးဘုရား အားရတော်မူ၍ သတိုးကျော်သူကိုငွေဖလားငါးဆယ်၊ရမ္မသီရိကို ငွေဖလားငါးဆယ် ဆုသနားတော်မူ၏။

တလိုင်းတို့လည်း အညာသို့ချီစေသည့်ရေတပ်,ကြည်းတပ်ပျက်ကြောင်းကို ကြားသိလေလျှင် အသားစားအုံ့သကဲ့သို့ ကြောက်ရွံ့ခြင်းပြင်းစွာဖြစ်၍ တိုင်ပင်ကြသည်ကား····ယခု မြန်မာရှင်ဘုရင်ချီလာသည်ကို အညာကရိက္ခာပို့ မပေါက် မရောက်ရအောင် ဆီးခံတိုက်ဖျက်စိမ့်မည်၊ ငါတို့ကကြည်းကြောင်း ရေကြောင်း အင်ကြီးအားကြီးချီစေသည့်တပ်လည်း ပျက်၍ဆုတ်ခဲ့ရချေပြီ၊ သူ့ကိုကား ငါတို့မရုံရပြီ၊ ငါတို့ကို သူကရုံလှာချိမ့်မည်။ သူကရုံလှာသည်ကိုသည်း သည်တွင်မျှမရပ်မခံနိုင်ပဲ ငါတို့ဆုတ်ခွာရချေလျှင် ဟံသာဝတီက ခံသော်လည်း မခံနိုင်အောင် ရှိချိမ့်မည်ဖြစ်၍ ကြည်းမှာလည်း ကြည်းလျောက်, ရေမှာလည်း ရေလျောက် ရှေးအခါကထက် ဆယ်ဆတိုး၍ ညီညီညာညာ စည်းစည်းကြပ်ကြပ် ရပ်ရပ်နေနေ စွန့်စားကြိုးပမ်း ထမ်းရွက်ကြရမည်ဟု တိုင်ပင်စည်းကြပ်ပြီးလျှင် တပ်ပါသူရဲသူခက် ရဲမက်တို့ကို နှလုံးရွှင်လန်းအောင် ရွှေ,ငွေ,အဝတ်ပုဆိုး, ဆုလာဘ်များစွာပေးပြီးလျှင် ကိုယ်စီကိုယ်တပ်နှင့် အလုံခံ၍နေ၏။

ဘဝရှင်အလောင်းမင်းတရားကြီးဘုရားလည်း တလိုင်းတို့သည် ထွက်၍လည်းမတိုက်၊ မီးကိုရေနှင့်သတ်သကဲ့သို့ ဆိတ်ဆိတ်ညံ့ညံ့နေလေသည်။ ကိုယ်တို့ တပ်ရင်းသို့ချဉ်း၍ စစ်ရေးမြူရမည်၊ သူတို့ကထွက်၍ တိုက်လှာလျှင် ဆုတ်ယောင်ပြုပြီးမှ တဟုန်ခြင်းဘိ၍ တပ်တွင်းတိုင်အောင် လိုက်ရမည်ဟု အမိန့်တော်ရှိပြီးလျှင် ဗိုလ်မှူးတပ်မှူး သူရဲသူခက် ရဲမက်တော်တို့ကို တလိုင်းတို့တပ်ရင်းသို့ ချဉ်း၍ စစ်ရေးမြူစေသော်လည်း တလိုင်းတို့ထွက်၍မလိုက်၊ တပ်ထိပ်တွင် သေနတ် မီးပေါက် အမြောက် စိန်ပြောင်းသူရဲသူခက် လက်နက်ကိရိယာ ကြာချပ်ကဲ့သို့ အထပ်ထပ်တင်၍ ကြံ့ကြံ့ခံနေသည်ကို ရဲမက်တော်တို့ အကြိမ်ကြိမ် တပ်သို့ချဉ်း၍ တိုက်သော်လည်း

တပ်ထိပ်ဘ အမြောက် သေနတ် အပစ် အခတ် ထူထပ်လှသောကြောင့် တပ်ရင်းသို့ရောက်အောင်မျှ မချဉ်းမကပ်နိုင်၍ ဟင်းခူး, ထင်းခွေ ထွက်လာသူတို့ကိုသာ သုံ့ပန်းပြုရချေ၏။

ယင်းသောအခါ ဥန္နောက်ရွာသား ငဖြိုးဦးနှင့် အာမခံ လူနှစ်ဆယ်ကျော်တို့ကို ညဉ့်ခိုးဝင်၍တိုက်ရမည် ခန့်တော်မူသည်ကို မတိုက်ပဲ ပြန်ခဲ့၍ ကွပ်တော်မူ၏။ ။ယင်းသို့မှ အဝအမှုထမ်းဟောင်း သတိုးမင်္ဂလာရာဇာ ခံသူ ဗညားဒလတပ်တွင် ပါသည်ကို တလိုင်းတို့တပ်ကို မီးရှို့၍ တပ်မတော်တို့ ဝင်ခဲ့ရမည်ဟု ဖမ်းမိသူ တလိုင်းတို့တွင် စာပေးတော်မူသည်။ သတိုးမင်္ဂလာရာဇာလည်း မပြုဝံ့ကြောင်းနှင့် သာယာချောင်စွာ စာဆွဲလှာရ၏။

ဘဝရှင် အလောင်းမင်းတရားကြီးဘုရားလည်း မင်းဆွေမင်းမျိုး မှူးတော်မတ်တော် ဗိုလ်မှူးတပ်မှူးတို့သည် ကျေးဇူးတော်ကိုသာ ခံစား၍ ငါ့အမှုတော်ကို ကြိုးကြိုး ပမ်းပမ်း မထမ်းမရွက် ကြသောကြောင့်သာ အရေးတော် မပြီးရှိရသည်၊ ငါလုပ်ကြီတော်မူသည်ကို သစ်မြို့ကို မဆိုထားဘိ၊ သံမြို့ပင်ဖြစ်သော်လည်း ခံနိုင်မည်လော၊ နက်ဖြန် ငါကိုယ်တော်တိုင် ပြထိပ်ဘနေ၍ ကြည့်တော်မူမည်။ဆင်သည်လည်း ဆင်နှင့်၊မြင်းသည်လည်း မြင်းနှင့်၊ ခြေသည်လည်း လှေကား, တူးရွင်း, ရဲတင်း, ပုဆိန်နှင့် တလိုင်းတို့တပ်ရင်းသို့ရောက်စေ၊ တပ်ရင်းသို့မရောက် နောက်ယို၍မလိုက်မတိုက်နေသူကို သည်ဓားနှင့် ကွပ်တော်မူမည်ဟု တပ်တိုင်းလှည့်၍ ခေါ်ပြရ၏။

ထိုအခါ ဗိုလ်မှူးတပ်မှူး အပေါင်းတို့လည်း ထိပ်ထက် မိုးကြိုးကျအံ့သကဲ့သို့ ကြောက်ရွံ့လှသောကြောင့် သက္ကရာဇ် (၁၁၁၆) တထောင့်တရာ့တဆဲ့ခြောက်ခု တပို့တွဲလပြည့်ကျော် ဆယ်ရက်နေ့ ဗိုလ်မှူးတပ်မှူး ဆင်သည် မြင်းသည် ခြေသည် သူရဲအပေါင်းတို့ အားကြိုးသံပလျက် လက်နက်ကိရိယာ အမြောက် သေနတ်,လှေကား, တူးရွင်း,ရဲတင်း, ပုဆိန်နှင့် မြေလုံးတုံမျှ ကြော်ငြာဟစ်ကြွေးလျက် ဗညားဒလနေသော ဆံတော်ရှင်တပ်တို အပြင်းတိုက်လေသည်။ တလိုင်းတို့လည်း မဆုတ်မနစ် ကြံ့ကြံ့ခံ၍ သေနတ်,အမြောက် မိုးပေါက်မိုးဖွဲ မစဲမလပ် ပစ်လွှတ်သည်။ တပ်ရင်းသို့ ကပ်လာသမျှလူတို့ကိုလည်း အုတ်ကျောက်ခွဲယက်ရည်တို့ဖြင့် ပစ်ချသွန်းလောင်းသည်။ ရေကြောင်းခံနှင့်သော ဒလပန်း, ဒေါ်ဇွယ်ယစက်တို့ လှေတပ်ကလည်း ကုလားပန်းသေးတို့ကို အမြောက်ကြီးအများနှင့် လှမ်း၍ပစ်လွှတ်စေသည်။တပ်ရင်းသို့မပေါက်မရောက်နိုင်၊အများပင်ဆုံးချေ၏၊

ယင်းတွင်ပင် အရှင် မိဖုရားခေါင်ကြီး၏ မောင်တော် အရင်း မင်းရဲ
ကျော်စွာ, ဘထွေးတော်သား မင်းရဲစည်သူ တို့ကိုလည်း ပြောင်းသင့်၍
ဆုံးချေ၏၊ တောင်ဝင်းမှူး, အနောက် ဝင်းမှူး, ဥဒိန်နန္ဒ, မင်းကျော်ရန်
အောင်၊ငွေတောင်ကြီးတို့ ဗိုလ်မှူးငါးဦးကိုလည်း လက်နက်ထိချေ၏၊ယင်း
သို့ ဗိုလ်မှူးတပ်မှူး သူရဲသူခက် ရဲမက်ဘော် အပေါင်းတို့ အလောင်းမင်း
တရားကြီးဘုရား ပြည်မြို့ တောင်မျက်နှာ ပြထိပ်ကနေ၍ ကြည့်တော်မူ
သည်ကို မြင်လျှင် ရှေ့လက်နက်ကို လက်နက် မမှတ်၊ အပစ် အခတ်
အထိုးအခုတ်ခံ၍ ရှုနသေဆုံးအောင် စွန့်စားလုပ်ကြံပါသော်လည်း တပ်
တွင်းက ဗညားဒလ အကွပ်အညှပ်နာလှသောကြောင့် တလိုင်းရဲမက်တို့
မဆုတ်မနစ် စွန့်၍ခံသည်ကို ဘဝရှင်အလောင်းမင်းတရားကြီးဘုရား ပြ
ထိပ်က မြင်တော်မူလျှင် တပ်ကိုနုတ်သိမ်းတော်မူ၍ ဆုတ်ခံရချေ၏။

ဘဝရှင်အလောင်းမင်းတရားကြီးဘုရား စီရင်တော်မူပြန်သည် ကား–
တလိုင်းတို့သည် ထူးတွင်းငယ်တခုကိုကိုး၍ ကေသရရာဇာခြင်္သေ့ကိုလျက်
အန်တုသော မြေခွေးငယ်ကဲ့သို့ တပ်လုံသည်ကိုသာ အားကိုး၍ ရပ်ခံလေ
သည်၊ ပြောင်းသေနတ် ထူထပ်လှသောကြောင့် ငါ့ရဲမက်တော်တို့က
လည်း တပ်ရင်းသို့ မချဉ်းမကပ်နိုင်ရှိချေသည်၊ ပြောင်းသေနတ် မပေါက်
နိုင်အောင် အဝ သုံးတောင်, လေးတောင်၊ အလျား လေးလံ, ငါးလံ၊
ခြင်းလုံးယက်ပြီးလျှင် ကောက်ရိုးအပြည့်အနှက်ထည့်၍ ရှေ့ကလူတွန်းပြီး
လျှင် ရဲမက်အများခို၍တလိုင်းတို့တပ်ကိုမြောက်မျက်နှာကချဉ်းကပ်ရမည်၊
တလိုင်းတို့တပ်ထိပ်က မဆင်းလိုသည်ကိုလည်း တိုက်ရှို့ရန်ယမ်းနှင့်ငရုတ်
ရော၍ ရှူမီးကိုးတောင်, ဆယ်တောင် အများ လုပ်ရမည်၊ တလိုင်းတို့
နောက် ရွံ့အောင်တောင်မျက်နှာကလည်း စစ်မျက်နှာပြုရမည်၊ရေကြောင်း
ကလည်း ရှိလှေသမျှအကုန်ထွက်၍ တောင်ရှည်ကသည် အောက်သို့
လျှောက်၍ နေသမျှတလိုင်းတို့လှေတပ်ကို တိုက်ရမည်၊ သင်းတို့က အား
ကိုး၍ ပစ်ခတ်သော တဆယ်ဝင်, တဆဲ့ငါးပိဿာဝင် အမြောက်ကြီးများ
ကိုသည်း ရအောင်ယူရမည်၊ သည်ကဲ့သို့ ငါလုပ်ကြံတော် မူသည်ကို
တလိုင်းတို့ခံနိုင်မည်လောဟု အမိန့်တော်ရှိလျှင် အမိန့်တော်အတိုင်း ခြင်း
ကတုတ် ရှူမီး အများ စီရင်ပြီးသျှင်၊ သက္ကရာဇ် (၁၁၁၆) တဆောင့်တ
ရား့တဆဲ့ခြောက်ခု၊ တပို့တွဲလပြည့်ကျော် တဆဲ့တရက်နေ့၊ ညဉ့်နှစ်ချက်
တီးကျော်တွင် ငါစီရင်တော်မူသည့်အတိုင်း နက်ဖြန်လုပ်ကြံတော်မူမည်
မှာ၊ အောင်မြင်တော်မူမည်ဖြစ်လျှင် ကောင်းမြတ်သော စနည်းကိုရစေ

သောဟု ပန္နက်မိဋ္ဌာန်တော်မူ၍ လက်ဝဲသုန္ဒရကို စနည်းနာစေသော်- "လက်သုပ်စားမည်၊ ပဲသီး ပူသီး ခရမ်းသီးနှင့် ငရုတ်ကြက်သွန်အစုံရှိပြီ" ဟူသော စံနည်းကိုရ၍၊ ဘဝရှင် အလောင်းမင်းတရားကြီးဘုရား ကြားတော်မူလျှင်ငါကြိုရည်တော်မူသည့်အတိုင်းတလိုင်းသူနုပ်ကိုလက်သုပ်ပြု၍ ပိုင်စားတော်မူရမည်မချွတ်ဟု ဖတ်တော်မူပြီးလျှင် ထိုနေ့ညဉ့်နှစ်ချက်တီးကျော်ကပင် ဆားသင်းကုန်း၊ မင်းရွာ၊ ယော၊ ထီးလင်း၊ တောင်တွင်း၊ ဝန်းသို စသော တပ်များကို ပြည်မြို့အရှေ့ သုံးတိုင်ခရီးက လှည့်ပြီးလျှင် တောင်ကို လှည့်၍ ချီစေသည်။

ဗိုလ်မှူး မင်းရဲကျော်လှ၊ မင်းလှရာဇာ၊ မင်းကျော်ရဲထင်၊ ဗလနန္ဒစည်သူ၊ မင်းလှပျံချီတို့လည်း ရှေ့ကမြင်းညှံ့ လူညှံ့ကိုထားပြီးလျှင် တလိုင်းတို့ထွက်၍လိုက်မှ မြင်းမာ လူမာ ဘိ၍တိုက်မည်ဟု ယော, ထီးလင်းတို့ကို ရှေ့ချီစေ၏၊ ရှေ့ချီတပ်ကို တလိုင်းတို့မြင်လျှင် ထွက်၍ တိုက်လာသည်၊ ယော, ထီးလင်းသားတို့လည်း ခံယောင်မူ၍ဆုတ်ခဲ့သည်နှင့် နောက်တပ်မကာယွန်း၍ နောက်ပိုးပတ်ပြီးလျှင် တလိုင်းတို့ကိုတိုက်သည်တွင် တလိုင်းတို့လည်း သစ်နှစ်ဘက်ကြား ဝါးကျပ်၏သို့ စစ်နှစ်ဘက်ညှပ်တိုက်သည်ကို မခံနိုင်၍ အကွဲကွဲ တပ်တွင်းသို့ ပြေးဝင်လေ၏။

ယင်းသောအခါ ရေတပ်တော်ကလည်း အကုန်ထွက်၍ တက်ရေး တက်ချင်းနှင့် စုန်ဆန်ကစား၍ စစ်းရေးပြစေသည်၊ ပြည်မြို့ထိပ်ကလည်း ရန်ပုံခွင်းအမြောက်နှင့် တလိုင်းတို့ရေတပ်ကိုပစ်သည်၊ ယင်းသို့မှ ဘဝရှင် အလောင်းမင်းတရားကြီး ဘုရား ကိုယ်တိုင်တော်ကွပ်လျှင် သားတော်, ညီတော်, ဆွေတော်မျိုးတော်, ဗိုလ်းမှူး တပ်မှူး, သူရဲသူခက် ရဲမက်တော် အပေါင်းတို့လည်းတစုံတယောက်မျှ နောက်ချန်၍မရပ်မတင်းဝံ့၊ သေနတ်အမြောက် ပစ်ဖောက်ကြော်ငြာ၍ တပြိုင်နက် ပွဲတင်ထပ်စေလျက် ခြင်းကတုတ်ကိုရှေ့က လှိမ့်ပြီးလျှင် နောက်ကရဲမက်တော်အများလိုက်၍ ဆူးငြောင့်ခလုဘ် ကတုတ်ရင်တားများကိုနုတ်ကာနုတ်ကာ၊ ဆင်လုံး မြင်းရင်းချဉ်းကပ်ပြီးလျှင် တပ်တိုင်ကို လှေကား,တူးရွင်း, ရဲတင်း, ပုဆိန်နှင့်တူးသူတူး၊ ဖြတ်သူဖြတ်၊ တက်သူတက်၊ သူ့လက်နက်ကို မြက်မျှမခန့်ရဲမက်တော် အပေါင်းတောင်ဘိ၏သို့ ကိုယ်တော်တိုင် ကွပ်ကဲလုပ်ကြံတော်မူသည်တွင် ဆွေတော် မျိုးတော် ဗိုလ်မှူးတပ်မှူးဘို့ တစုံတယောက်မျှ မရပ်မနေဝံ့၊ စီးဆင် စီးမြင်း အပြင်းလွှတ်၍ တိုက်ကြကုန်၏။ သားတော် ဒီပဲယင်း မင်းသီရိသုဓမ္မရာဇာ,သားတော် မြေဒူးမင်း သီရိဓမ္မရာဇာတို့လည်း ရှေ့ထီး

ဖြန့်လျက် ရဲမက်တော်တို့နှင့် အထွေးထွေးလိုက်၍ တိုက်တော်မူကြသည်။ တလိုင်းမင်းညီ ဗညားဒလလည်း အပန်းတကြီးကွပ်ကဲ၍ မီးပေါက်မိုးရွာစေလျက် မစဲမလပ် ပစ်ခတ်စေသော်လည်း ခြင်းကတုတ်ကို ကျည်ဆွဲမဖောက်နိုင်၊ တပ်ထိပ်က ဆီးခံသိုးခုတ် စေသော်လည်း ရှူမီးနှင့်ရှို့သောကြောင့် မရပ်မနေနိုင်၊ သို့အရေးခဲယဉ်းစွာ ကြံရာမရ တလိုင်းတို့ကစီဘရင်ရှိနေသည့်အတွင်း ရဲမက်တော်တို့ တပ်ရင်းသို့ ချဉ်းကပ်မိသည်နှင့် ရန်စဖြတ်ဆင်တော် မုန်ဖပ်ဖပ်ကို ဂဇရဲတိုင်ချွန်းဖွင့်ကာ ဟူးဟူးအပြင်း တိုက်လွှတ်လျှင် ဆင်တော်ရန်စဖြတ်လည်း မုန်ပြင်းလှသည်နှင့် မဆုတ်မဆိုင်း တလိုင်းတို့တပ်ကို ရဲရဲဝင်၍ ဓွှသောကြောင့် တပ်တတာလောက် ကျိုးပေါက်လေလျှင် ဆင်နှင့်တကွ ဂဇရဲတိုင် တစီးချင်း တပ်တွင်းသို့ဝင်မိ၍ လက်ဝဲလက်ယာ ဗိုလ်ပါအစုအရုံးကြီးရာ အပြင်းလွှတ်ကာတိုက်သည်၊ တပ်လုံးသိမ့်သိမ့်လှုပ်လေ၏။ ယင်းသို့ကြိုက်တွင် မင်းကျော်ရဲထင်လည်း မြင်းတစီးချင်း တပ်တွင်းသို့ဝင်မိ၍ တလိုင်းတို့ တပ်စီးတပ်နင်း တပ်တွင်းက ဆီးခံသည်များကို ချားပတ်၏သို့ ချာချာလည်၍ခုတ်လေသည်၊ ဗိုလ်မှူးတပ်မှူး သူရဲသူခက် ရဲမက်တော် အပေါင်းတို့လည်း တပ်ပေါက်ရာက လုံး၍ဝင်သည်ကို တလိုင်းတို့က မဝင်ရအောင် ထိုးခုတ်ပစ်ခတ်သော်လည်း အရှအနခံ၍ ချွံချွံရက်ရက် တောင်တက်ဝါးထိုး၊ရဲမက်တော်အပေါင်းတို့ ဆင်ရောမြင်းရော တပ်လုံးပြည့်မျှဝင်မိ၍ အိမ်ရာ,တဲကန္နားများကို မီးရှို့လျှင် ဗညားဒလလည်း မကွပ်မညှပ်နိုင်၊ လက်လျှော့၍ ရုံးမိသမျှနှင့် အပြင်းခွာလေ၏။ ဗညားရက္ခိုက်, ဗညားတာနောတို့ဗိုလ်နှစ်ဦးလည်း မြင်းနှင့်အပြင်းခွာကြရလေ၏၊ တလိုင်းတို့လည်း ကြံရာမရ၍ အရှေ့တောင်ထောင့်တပ်ကို ဖောက်ပြီးလျှင် ရုံး၍ထွက်လှာသည်ကို တောင်မျက်နှာတပ်က လက်ဝဲလက်ယာ ယမ်းဖွင့်ကာပေးပြီးလျှင် နှစ်ဘက်ညှပ် ပစ်လိုက်သည်။ တလိုင်းဘို့ မရေမတွက်နိုင်အောင် သူကောင်အတင်တင် မြေပြင်ပြည့်မျှ သေလေ၏။ ဂဇရဲတိုင်၊ မင်းကျော်ရဲထင်တို့လည်း စွန့်စားလှချေသောကြောင့် ဆင်ဦး,မြင်းဦးတွင်ပင်ဆုံးချေ၏။ရဲမက်တော်တို့လည်း အများပင် ထိခိုက်သေဆုံးချေ၏။

ဆံခတော်ရှင်တပ်ကြီးပျက်လျှင် ဗညားအေဥ္စတပ်ကိုတိုက်သည်၊ပျက်ပြန်သေ၏။ ဗညားအေဥ္စတပ်ပျက်လျှင် ဗညားရွှတ်တပ်ကို တိုက်သည်၊ ပျက်ပြန်လေ၏။ ဗညားရွှတ်တပ်ပျက်လျှင် သမိန်လွတ်တပ်ကို တိုက်သည်၊ ပျက်ပြန်လေ၏။သမိန်လွတ်တပ်ပျက်လျှင် ကြက်တင်းတောင်ပတ်လည်ဆံတော်

ရှင်ကသည် လေ့သော့ချောင်း, နဝင်းချောင်းကို လျှောက်၍နေသည့် ကြည်းတပ်ဆိုသမျှ အကုန်အစင်ပျက်လေ၏။ ဗညားအောဉ်, ဗညားရွတ်, သမိန်လွတ်တို့လည်း မြင်းစီး၍ အပြင်းခွာသောကြောင့် လွတ်လေ၏။ တလိုင်းတို့သေလေသည်ကား သုံးစုတစုသာ ကျန်သောဟူ၏။

ဗိုလ်မှူးတပ်မှူး ရဲမက်တော်တို့လည်း ကြည်းတပ်ပျက်လျှင် လှေတပ်နှင့် ပေါင်း၍ တောင်ရှည်တွင်နေသည့် သမိန်သံလိုက်ရေတပ်ကို ကြည်းဘက် ရေဘက်ညှပ်၍ တိုက်သည်။ သမိန်သံလိုက်တပ် ပျက်လေ၏။သမိန်သံလိုက် တပ်ပျက်လျှင် စစ်သူကြီး ဒေါ်ဗွယ်ယစက်တပ်ကို တိုက်သည်၊ ပျက်ပြန် လေ၏။ စစ်သူကြီး ဒေါ်ဗွယ်ယစက်တပ်ပျက်လျှင် စစ်သူကြီးဒလပန်းတပ် ကိုတိုက်သည်၊ ပျက်ပြန်လေ၏။ စစ်သူကြီး ဒလပန်းတပ် ပျက်လျှင် ရွှေ တောင် နမရံတိုင်အောင် လှေတပ်ချင်း ဆက်ကာဆက်ကာ နေသည့် လက္ခန်းအိန်, ဗညားကျော်, ဗိုလ်မှူးနှစ်ဦးတို့ တလိုင်းမင်းသမက်စောဗြရှိ ရာပေါင်း၍ ရေကြောင်းတပ်ဆိုသမျှ အကုန်အစင် ဆုတ်လေ၏။ ။ဗိုလ်မှူး တပ်မှူး ရဲမက်တော်တို့လည်း တလိုင်းတို့လှေတပ်ကို မရပ်မဆိုင်း ဘိစီး လိုက်ထပ် ထိုးခုတ်တိုက်လံသည်နှင့် တပ်သိမ်းလှေလျှင်တော်မှီ၍ ပြန်ခဲ့ရ ၏။ ။ဝန်လှေသေးရာကျော်,တိုက်လှေငါးရာကျော်, အမြောက်ငါးရာ ကျော်, စိန်ပြောင်းငါးရာကျော်, သေနတ်ငါးထောင်ကျော်, သုံ့လူ ငါး ထောင်ကျော်, သိုးဆောင်း ကုသား-သေနတ်နှင့်တကွ ငါးရာကျော်, မြင်းသုံးရာကျော်,စပါး ငါးထောင်ကျော်, ဆန်တသောင်းကျော်, ငါးဝိ ဆားအများ လှေနှင့်တကွ အရက်သုံးထောင့်ခုနစ်ရာကျော် ရတော်မူလိုက် ၏။ လှေနှစ်ဆယ်ကျော်သာ လွတ်သောဟူ၏။

ဘဝရှင် အလောင်းမင်းတရားကြီး ဘုရားလည်း တလိုင်းတို့ ကြည်း တပ်,ရေတပ် စစ်သည်တသိန်းနှစ်သောင်းကို ထိုသက္ကရာဇ် တဂိုတွဲလပြည့် ကျော် တဆဲ့သုံးရက်နေ့ အောင်မြင်တော်မူလျှင် ဗိုလ်မှူးတပ်မှူး သူရဲသူ ခက် ရဲမက်တော် အပေါင်းတို့တွင် ပွဲသမ်းရသသူတို့ကို စိစစ်တော်မူ၍ ရွှေ ငွေ ဖလား ပုဆိုးဝတ်လုံအထိုက်အလျောက်ဆုပေးတော်မူ၏၊ပြည်မြို့ တွင် ခံနှင့်သော စလေမြို့ဝန်၊ ပုခန်းငယ်မြို့သူကြီးတို့နှင့် သတိုးကျော်သူ၊ ရမ္မသီရိ တို့ကိုလည်း အားရတော်မူ၍ ရွှေ ငွေ ဖလား ပုဆိုးဝတ်လုံ ဆု ပေးတော်မူ၏၊ ကျော်ထင် သက်တော်ရှည်ကိုလည်း ခြေရင်းတော်တွင် ထားတော်မူ၍ မြဲစွဲရ၏။

ဘဝရှင် အလောင်းမင်းတရားကြီးဘုရားလည်း တလိုင်းတို့ကို အောင်တော်မူလျှင် မင်းတို့ စံပယ်ခြင်းဖြင့် ဗိုလ်ရှုခံတော်မူ၍ ချေချေသာသာ ပြောဟောစံနေတော်မူသည်တွင် သားတော်ဒိဗ္ဗယင်းမင်း, မြေဒူးမင်း တို့က ရန်ပုံခွင်းအမြောက်သည် ဘုရား့ရှေ့ဘုန်းတော်မြတ်ကြောင့် သိကြားနတ်တို့ ပို့ဆက်ရောက်သော လက်နက်စကြာ ယတြာရ အမြောက်မှန်ပေသည်၊ အနောင်တော်ထောင့် မြို့ထိပ်ကတင်၍ တလိုင်းတို့လှေဘပ်ကိုပစ်သည်၊မိုးကြိုး၏သို့အသံသုံးဆင့်လိုမ့်၍ထွက်ပြီးလျှင် တချက်မလွတ်မှန်သည်ကို တလိုင်းဘို့ကြောက်၍လှေတပ်ဆုတ်ခွာရသောကြောင့်ဆံတော်ရှင်တပ်ကို ကပ်သည့်ကာလ လှေတပ်ကလှမ်း၍မပစ် မကူနိုင် ရှိလေသည်ဟု ရှေ့တော်တွင် ဗိုလ်မှူး တပ်မှူးတို့နှင့် ပြောဆိုသည်ကို ဘဝရှင်အလောင်းမင်းတရားကြီးဘုရား ကြားတော်မူလျှင် ရန်ပုံခွင်းအမြောက်မှူးဆိုသူ အသက်နှစ်ဆဲ့ငါးနှစ်ရွယ် နံ့စနေသား, ဟံသာဝတီပါ မြန်မာငထွန်းဖြိုးကိုခေါ်၍ အမြောက် အကြောင်းအရာကို မေးတော်မူသည်တွင် ဆင်ကျားရှင်လက်ထက် ကျွန်တော်ပြည်မြို့ကဟံသာဝတီသို့ ပါသွားကြောင်း၊ သန်လျင်ရေဝန်ထံနေရကြောင်း၊ရန်ပုံခွင်းအမြောက်ကို အရမ်သင်းဘော‌တွင် သန်လျင်ရေဝန်ဝယ်ယူလိုက်ကြောင်း၊ တလိုင်းပြည်အလုံး ကျော်စောထင်ရှားသော အမြောက် ဖြစ်ကြောင်းများနှင့် စေ့စုံစွာ လျှောက်ပြီးလျှင် အလျှင်တကြိမ် ဆံတော်ရှင်တပ်ကို ကပ်သည်ကာလ ရန်ပုံခွင်းအမြောက် ရေထွက်၍မပစ်ရရှိသည်တွင် ကျွန်တော်ကိုသားတော်သခင်ကြီးဘုရားကခေါ်ပြတော်မူလျှင် ရန်ပုံခွင်းအမြောက်သည်ဘဝရှင်အလောင်းမင်းတရားကြီးဘုရား ဆုတော်ကိုခံလို၍ ငြင်းပါသည်၊ ရန်ကို အောင်လိုလျှင် သည်ကဲ့သို့ ငြင်းဆန်မြဲ ဖြစ်ပါသည်ဟု လျှောက်၍ သခင်ကြီးက ဘဝရှင်အလောင်းမင်းတရားကြီး ဘုရားမှာ ရှိခိုးသံတော်ဦး တင်သောကြောင့် အရက်သေစာ သေဖိုသေမမှစ၍ အစဉ်ထုံးစံရှိရာ ပသမြဲပသစေ အစစ်အကြောမရှိစေနှင့် အမိန့်တော် စာချွန်တော် ပေးအပ်၍ ပုဆိုးကောင်းကေနံ တထည်, အရက်တပုလင်း, အထုံအသင်း ထမင်းမုံ့ယို,သေဖိုသေမဖျန်းပက်တင်ကျွေးပသသည်တွင်မှ အသံသုံးချက်ဆင့်ထွက်၍ တလိုင်းလှေအများ မှန်ပါသည်ဟု အမြောက်မှူးဟောင်းငထွန်းဖြိုးရှိခိုးသံတော်ဦးတင်လျှင် ဘဝရှင် အလောင်းမင်းတရားကြီးဘုရားအားရတော်မူ၍ ငထွန်းဖြိုးကို သူရိန်ဝေရကျော် ဟူသော အမည်နှင့် အမြောက်မှူး ခန့်တော်မူသည်၊

ငွေပုံကိုလည်း လက်ခုပ်တော်နှင့်တလက်ခုပ် ယူတော်မူ၍ သနားတော်မူသည်၊ ငွေအချိန် တပိဿာခုနစ်ဆယ် ရှိသောဟူ၏။

ထိုနေ့ပင် သားတော်, ညီတော်, ဆွေတော်မျိုးတော်, မှူးတော် မတ်တော် သူရဲသူခက်အပေါင်း၊ ခြီရံလျက် ဆံတော်ရှင်ဘုရားသို့ တက်တော်မူ၍ ရွှေပန်းခိုင်, ငွေပန်းခိုင်, ရွှေတန်ဆောင် ,ငွေတန်ဆောင်၊ရွှေပေါက်ပေါက်, ပတ္တမြားပေါက်ပေါက်၊ ရွှေတံခွန်၊ ငွေတံခွန်စသော အထူးထူးသော ပူဇော်ပွဲတို့ဖြင့် ပူဇော်တော်မူသည်၊ ပြည်မြို့အတွင်းပြင် ပုထိုးဘုရားဟောင်းနွမ်းပြိုပျက်သမျှကိုလည်း လက်ခကံကျွေးပေးအပ်တော်မူ၍ အသီးအသီး အကြီးအကြပ်နှင့် လုပ်ဆောင်စေသည်၊ ပြည်ခုနစ်တိုက်မှစ၍ မြေထဲ ၊သရက်၊ ကာမ၊ မြဲဝတီ၊ တောင်စဉ်ခုနစ်ခရိုင်၊ ပန်းတောင်း၊ ကြီခင်း၊ တောင်တွင်းကြီးစသော အရှေ့ဘက် အနောက်ဘက် အကြေ အညာပတ်လည် မြို့ကျေးရွာ မြို့သူကြီး တိုက်သူကြီး ခေါင်းအကြီးတို့ ပုန်းလျှိုးနေရာက ရွှေဘဝါးတော်အောက် ဝင်ရောက်လာသမျှလူတို့ကို ပြည်မြို့တွင် သစ္စာတော်ပေးရသည် ရက်ပေါင်းနှစ်ဆယ် နေညဉ့်စပ်သောဟူ၏။

### ဟံသာဝတီသို့ စုန်တော်မူခြင်းနှင့် လွန်ဆေးမြို့ကို မြန်အောင်သမုတ်၍ တလကျော်စံနေခြင်း

ယင်းသို့မှဟံသာဝတီသို့ ချီတော်မူမည်၊ အသိန်းမကသော စစ်သည်သူရဲအပေါင်းတို့ကို ကြည်းတပ် ရေတပ် စည်းကြပ်ခန့်ရန်တော် မူ၍ တပ်စဉ်အတိုင်း၊ ၎င်းသက္ကရာဇ် တပေါင်းလပြည့်ကျော် ခြောက်ရက်နေ့၊ ရတနာ ရွှေဖောင်တော်နှင့် အောင်မောင်း အောင်စည်၊ တံရှည်တံမြာ၊ ခရာတံပိုး၊ မှရိုးဒုံမင်း၊ ခရသင်းစသော တီးမျိုး မှုတ်မျိုးတို့ဖြင့် မြစ်လုံး ပွဲတင် ထပ်စေလျက်၊ အတန္တအားဖြင့် အာကာသဂင်္ဂါ သူရနဒီ မဏ္ဍာကိနီမည်သော ကောင်းကင် နတ်မြစ်ဝယ် တန်းခိုးဘုန်းအား သိကြားနတ်တို့ ရေသဘင်စံသောအခါကဲ့သို့ ငြိမ့်ငြိမ့်လေးလေး ထွက်စံတော်မူ၍ ထိုနေ့ တရုပ်မော်မြို့အထက် ကြာအင်းတွင် စခန်းစံတော်မူသည်။ယင်းကမှ တပေါင်းလပြည့်ကျော် ခုနစ်ရက်နေ့ ချီတော်မူ၍ ဂူထွတ်မည်သော လွန်ဆေးမြို့သို့ ဆိုက်တော်မူလျှင် သစ်မြို့တာခုနစ်ရာကျော် တည်တော်မူပြီးလျှင် ထိုလွန်ဆေးမြို့ကို မြန်အောင်မြို့သမုတ်၍ စံတော်မူသည်။ မြန်အောင်မြို့တော်အတွင်း မင်းလမ်း အိမ်ဈေးလည်း တည်တော်မူသည်။ နေ့တိုင်းလည်း သဘင်ခံတော်မူသည်။

ထိုအခါ ကနောင်,ရေကင်း,ဟင်းသာတ,မနေဖြူ, ခဲပေါင်,လေးမျက်နှာ ပုသိန်,မြောင်းမြစသော ထိုထိုသို့သော မြို့သူကြီး,ရွာသူကြီး,ခေါင်းအကြီး တို့သည် ဆင်ကြီး,မြင်းကြီး သားသမီးတို့ကိုဆက်သ၍ ကျွန်တော်ခံ ဝင်ရောက်လာကုန်၏။ မြန်မာတရိုး ဘိုးခေါင်ဆယ်ထပ်ငေါကိုးရပ်စသော အနောက်တလွှား တောဖျားတောင်ခြေ ပုန်းနေ ရှောင်လွှဲကုန်သော ငကျောက်, ငချောင်, ငနေကျော်, ငတက်စသော လူအပေါင်းတို့သည် သားသမီးသက်နက် ဆက်သ၍ ကျွန်တော်ခံ ဝင်ရောက်ကုန်၏။ ဥက္ကန်, သုံးဆယ်, ဘောလယ်, လှိုင်မြို့, ရေကင်း, မင်းကြီး, သာယာဝတီစသော အရှေ့ဘက်တလွှား မြို့ကြီး ရွာကြီး သူကြီးကလန်တို့လည်း ဆင်ကြီး မြင်းကြီး သားသမီးဆက်သ၍ ကျွန်တော်ခံဝင်ရောက်ကုန်၏။

ယင်းသို့လျှင် ဧရာဝတီမြစ် အရှေ့ဘက်, အနောက်ဘက် ပတ်လည် မြို့ရွာ တောတောင် ရှိနေကုန်သော မြို့သူကြီး ရွာသူကြီး မှူးဟောင်း မတ်ဟောင်း ဝင်ရောက်လာသမျှလူတို့ကို သစ္စာတော်ပေးရသည်။ ရက်ပေါင်း သုံးဆယ်တိုင်တိုင် နေ့ညဉ့်မစဲပွဲကြီးဖြစ်သောဟူ၏။ ။ထိုအခါ မြန်အောင် မြို့တော်သည် ရာဇဌာနီမင်းနေပြည်ကြီးကဲ့သို့ ဆယ်ပါးသော အသံတို့ဖြင့် အလွန်စည်ပင်သာယာ၏။ မြန်အောင်မြို့တွင် မြန်မာငကလေးကိုမြို့သူကြီး ခန့်တော်မူ၍ အုပ်ချုပ်စီရင်ရ၏။

ဘဝရှင် အလောင်းမင်းတရားကြီးဘုရားလည်း ဖောင်တော်ဦးအရပ် တွင် စေတီတည်တော်မူရန် ဝင်းလေးမျက်နှာ နောက်တော်ပါကျွန်တော် ရင်း အတွင်းကိုယ်ရံတော်သားတို့ကိုသာ အုတ်လုပ်စေပြီးလျှင် သက္ကရာဇ် (၁၁၁၆)တထောင့်တရာ့တဆဲ့ခြောက်ခု နှောင်း တန်းခူးသပြည့်ကျော် တရက် သောကြာနေ့ နံနက်တချက်တီးကျော်၊နှစ်နာရီ၊ နှစ်ပါဒ်ခြောက် ဗီဇနာ၊ ငါးပြန်၊ ကိုးခရာ၊ ဖြိုသလက် သိဟ်တွင်ကြာသပတေးကန်တွင် စန်းနှင့်ရာဟု၊ မကာရတွင် စနေ၊ ကုံတွင် အင်္ဂါ,သောကြာ၊ မိန်တွင် တနင်္ဂနွေ,ဗုဒ္ဓဟူး၊ သောကြာ ကြွင်း၊ဗုဒ္ဓဟူး နဝင်း၊ နက္ခတ်သုံးလုံး သုံး ပါဒ်ထက် လက်စီးလျက်၊ ငါးဘဝါး၊ တဆဲ့သုံးလာ်သစ်၊ တမုယော၊ သုံးနှမ်း၊ ရှစ်ဆံခြည်အချိန်သို့ရောက်လျှင် စေတီတော်ရွှေအုတ်,ငွေအုတ် ခင်း၍ သက္ကဋ္ဌာန အဋ္ဌဝိသ, အဋ္ဌဇေယစသော ရွှေရုပ်တုတော် မွေ့တော် ခတ်တော် ဌပနာတော်မူသည်။ စေတီတော်အုတ်ကိုလည်း ချောမွေ့ပြေ ပြစ်အောင် အုတ်ချင်းပွတ်၍ စီရ၏။ သရွတ်မြေရည်မှာလည်း အမွှေးနံ့ သာရည်တို့ဖြင့် ဖျော်၍လုပ်ရ၏။ စေတီတော်အရပ် တဆဲ့ခုနစ်တောင်,

အုတ်အင်္ဂတေ, သစ်စေး,ရွှေ၊ ပြီးလျှင် "ရွှေဘုံသာ"ဟု ကျောက်ကမ္ပည်း စိုက်တော်မူ၏။

ယင်းသောအခါ ဟိုင်းကြီးကျွန်းဘွင်နေသော ကုလားတို့ကိုလည်း အမိန့်တော်စာနှင့် သီရိဘင်္ဂလွန် သက်ရှည်နော်ရထာတို့ကိုစေ၍ ခေါ် စေရ၏။ ကုလားတို့လည်း ဘုန်းတော်ရှိန်ကို မခံဝံ့၍ အထူးထူးသော ထည်မျိုးအုပ်မျိုး ရှိခိုးလက်ဆောင်တော်များနှင့် မြေတော်ဦးခိုက် ရောက်လာကုန်၏။ ။ရခိုင် သံတွဲသားတို့လည်း ဆင်ကြီး မြင်းကြီး သားသမီး ဆက်၍ ကျွန်တော်ခံ ဝင်ရောက်ကုန်၏။ ။ကေတုမတီ တောင်ငူပြည်ကြီး သားတို့လည်း တလိုင်းတို့ကထားသည့် အကြီးအအုပ်တို့ကို ဖမ်းဆီးလုပ် ကြံပြီးလျှင် တောင်ငူမြို့ကို သိမ်းယူတော်မူပါဟု မြို့ရွာသူကြီး မြင်းစီး မြင်းခေါင်း လူခုနစ်ဆယ်ကျော် လာရောက် လျှောက်ထားကုန်၏။ ။ ယင်းသို့ လာရောက်သမျှလူတို့ကို သစ္စာတော် ခံစေပြီးလျှင် အမိန့်တော် ချိပ်အိတ် တံဆိပ် ပေးအပ်၍ ပြန်စေရ၏။

ထိုအခါ ဟင်းသာတမြို့ ကျောင်းဆိပ်တွင် တလိုင်းတို့က လှေငါးရာ ကျော် ထားကြောင်းကို ဘဝရှင် အလောင်းမင်းတရားကြီးဘုရား ကြား တော်မူလျှင် ဗိုလ်မှူး မင်းလှမင်းခေါင်၊ မင်းကျော်စည်သူ၊ မင်းကျော် ရဲလှ၊ ကုလားဗိုလ် အာကာကျော်ထင်၊ ဒေဝဒူတတို့နှင့် လှေတရာ ခန့် တော်မူ၍ချီစေသော် တလိုင်းတို့လည်း အလုပ်အကြံမခံ၊ ထွက်ပြေးသော ကြောင့် ထိုတပ်တွင် မင်းကျော်ရဲလှ၊ အာကာကျော်ထင်၊ ဒေဝဒူတတို့ကို အစောင့်အနေ လှေပေါင်း ခုနစ်ဆဲ့ငါးနှင့် ခန့်ထားခဲ့ပြီးလျှင် ဗိုလ်မှူးတို့ ပြန်လာရ၏။

ဘဝရှင် အလောင်းမင်းတရားကြီး ဘုရားလည်း ငါသည် သာသနာ တော်ကို ပြုစုထိုက်သောမင်းမှန်မူ တစုံတခုသော ပုဗ္ဗနိမိတ်ကို ထင်မြင်ရ သည်ဖြစ်စေသော-အဓိဋ္ဌာန်ပြုတော်မူ၍ စက်တော်ခေါ်ရာ ညဉ့်သုံးချက် တီးကျော်တွင် သူအိုတယောက်သည် ဝတ်သန့်ဝတ်ဖြူနှင့် ရှေ့တော်တွင် ရပ်၍ "သာသနာတော်ကိုပြုစုဆိုက်သော သာသနဒါယကာ မဟာဓမ္မ ရာဇာစင်စစ်မှန်၍ သရက္ခန်ငါးဆူကိုကိုးကွယ်တော်မူရလတ္တံ့၊ မှတ်တော်မူ လော့"ဟုနန်းဦးကနေ၍ ဆိုလှာသည်ကိုပြကတွေ့ကဲ့သို့ တပ်တပ်ထင်ထင် မြင်တော်မူရသည်နှင့် မိုးသောက်၍မျက်သစ်စင်တော်မူလျှင် ရဟန်းတဦး လာ၍ ငါ့မှာသရက္ခန်လေးဆူရသည်၊ ဆင်ကျိုးရွှေကူ တဆူမူကား ဟံ သာဝတီမှာ ရှိလေသေး၏၊နောင်ကိုးကွယ်တော်မူရလတ္တံ့ဟု ကွန်းရွာရွှေ

ဘုံတစ်တဆူ၊ ရှင်တောင်မတဆူ၊သီဟတောတဆူ၊ ပုခန်းစည်သူရှင်တဆူ၊ ရုပ်တုတော်လေးဆူကို အပ်လာသည်၊ ထိုရဟန်းအမည်ကိုမေးလျှင် ငါ့ အမည်ကား ကေတုမာလာတည်းဟု ဆို၍ ကွယ်လေ၏။ ။ဘဝရှင် အလောင်းမင်းတရားကြီးဘုရားလည်း လူလိုမှနတ်လိုသည်၊ နတ်လိုမှအပြီး အစီးရောက်သည်ဟူသော သူဟောင်းတို့စကားနှင့်အညီ သာသနာတော် စောင့် သမ္မာဒေဝနတ်မြတ်တို့ ငါ့အား ကူညီမစသည်မှန်ပြီ၊ မချွတ်လျှင် ရာခညတိုင်း တလိုင်းသုံးရပ်ကို အလိုတော် အတိုင်း အပြီးရောက်မည်ဟု လက်ရုံးဆန့်တော်မူ၏။

### အလောင်းမင်းတရားကြီးဘုရား ဒဂုန်သို့ရောက်လျှင် မြို့သစ်တည်၍ ရန်ကုန်သမုတ်ခြင်း

ထိုအခါ ဗညားဒလ, စောဖြစသော တလိုင်းမိုလ်မှူး တပ်မှူးတို့လည်း ပြည်မြို့ကတပ်ပျက်လျှင် အမြောက်ကြီးများကို ရေတွင် ပစ်ချခဲ့၍ ဗညား ဒလနှင့် ကြည်းတပ်မှာ ဟံသာဝတီတိုင်အောင် ဆုတ်လေ၏၊ စောဖြနှင့် စစ်သူကြီးဒလပန်း, စစ်သူကြီး ဒေါ်ဇွယ်ယစက်, ဗညားကျော်, လက္ခန်း အိန်, သမိန်သံလိုက်တို့မှုကား မြန်မာမင်းသည် စစ်ရေးလည်းလှပေသည် နှင့် လက်ရောပေါ် ဝဲကူးတိုင်အောင် ချီလာချိမ့်မည်၊ချောင်းကျဉ်းရာသံလျှင် ကင်းဝကခံမှ ခံနိုင်မည်ဟု တိုင်ပင်၍ လှေတပ် အလုံးအရင်းနှင့် မြစ်စဉ် တလျှောက်ကို သိမ်းယူခဲ့ပြီးလျှင် သန်လျင် ချောင်းနှစ်ဘက်တွင် တပ်ကြီး နှစ်တပ်တည်၍ ချောင်းနှစ်ဘက်ခတ်အောင် ဘီလာသန်းလျက် တိုင်တို တိုင်ရှည် ရေခလုတ်အပြည့်စီရင်၍ ခံနှင့်လေ၏။

ဟံသာဝတီဘုရင်လည်း ပြည်မြို့မှာစစ်ကြီးတွေ့ကြ၍ တလိုင်းဆိုသမျှ အဘုန်ပျက်ကြောင်းကိုကြားလျှင် မြန်မာမင်းကားငါတို့မြို့ရင်းတိုင်အောင် ချီလာချိမ့်မည်၊ သံလျင်ကင်းဝတွင် ခြောက်တပ်နှင့်သာ မလုံလေသေးဟု ဈေးငယ်မိုလ်၊ ကုလားမိုလ်၊ တုတ်တလုပ်မိုလ်၊ သေနစက်တို့ကို ကိုက်လှေ ကြီးနှစ်ရာကျော်နှင့် ထပ်ဖြည့်ချီစေ၍ ပန်းလှိုင်ဝ ချောင်းနှစ်ဘက်တွင် တပ်ကြီးနှစ်တပ်တည်ပြီးလျှင် ရေခလုတ်အပြည့်စီဆင်၍ခံစေ၏၊ ညီဗညား ဒလကိုလည်း စစ်သည်တေသာင်းကျော်နှင့် သံလျင်မြို့ကို ကျုံးမြောင်းမြို့ ပြ,ပစ္စင်ရင်လျှောက်ဆင်ခလုတ် မြင်းခလုတ် ခိုင်ခန့်လုံခြုံအောင်ပြင်ဆင်၍ နေစေ၏။ ။ယင်းသို့မှ ရေတပ်ချီသည့် တလိုင်းမိုလ်မှူးတို့က လှေနှစ်ရာ ကျော်ရှေ့လွှန်၍ဇရွှံ ကင်းတွင် အစောင့်အနေထားလာ၏။

လယ်တီမဏ္ဍိုင်-၁၀

ထိုအကြောင်းကိုဘဝရှင်အလောင်းမင်းတရားကြီးဘုရား ကြားတော်မူလျှင် ကျွန်တော်ရင်းနေမျိုးရွှေတောင်ကိုဗိုလ်မှူးခန့်၍ဟင်းသာတကျောင်းဆိပ်တွင် ရှိနှင့်သည့် လှေတပ် ခုနစ်ဆဲ့ငါးစင်းနှင့်တိုက်စေလျှင် တလိုင်းတို့လှေတပ်ပျက်လေ၍ အပြင်းဆုတ်ပြေးလေ၏၊ ထိုတပ်တွင် လှေနီတစင်း ဝန်လှေငါးစင်း၊ အမြောက်တဆယ်၊ သေနတ်နှစ်ဆယ်၊သုံ့လူတရာကျော် ရလိုက်၏။ ။ထိုနေ့ရေဦးကုန်းဘက်ဗိုလ်မင်းလှရာဇာ,ရာဇသူရိန်တို့ကိုမြင်းသုံးရာ သေနတ်နှစ်ထောင်နှင့် အနောက်ဘက်ကြောင်း ဒဂုန်သို့ချီနှင့်ရ၏။ ။နှောင်းတန်းခူးလပြည့်ကျော်သုံးရက်၊ တနင်္ဂနွေနေ့၊ ရွှေတောင်ရာဇာ၊ ရွှေတောင်ကြံသိုင်းတို့ကို မြင်းတထောင်၊ သေနတ်ငါးရာ၊ လက်နက်ကိုင်ခြောက်ထောင်နှင့် သာယာဂတိမြောက်၊ တံငါမော်ဖိကြောင်း ဒဂုန်သို့ချီနှင့်ရ၏၊ ထိုတပ်တွင် သံခဲတင်ဆို၍ လူပျိုတော် နှစ်ကျိပ်ငါးယောက်ကိုသည်း ထည့်တော်မူလိုက်၏။

ယင်းသို့မှ ဘဝရှင် အလောင်းမင်းတရားကြီးဘုရား မြန်အောင်မြို့တွင် တလကျော် ဗိုလ်ဝင်ခံတော်မူပြီးလျှင် သားတော် ညီတော် ဆွေတော်မျိုးတော် ဗိုလ်မှူး တပ်မှူး လက်ဝဲလက်ယာ ကြည်းတပ်ရေတပ် စည်းကြပ်ထပ်ဖြည့်တော်မူ၍ ရတနာရွှေဖောင်တော်နှင့် သက္ကရာဇ် (၁၁၁၆) တထောင့်တရာ့တဆဲ့ခြောက်ခု၊ နှောင်းတန်းခူးလပြည့်ကျော် တဆဲ့နှစ်ရက်၊ အင်္ဂါနေ့၊ မရေတွက်နိုင်သော စစ်သည်သူရဲအပေါင်း ခြံရံလျက် ချီတော်မူသည်၊ ထိုနေ့ ကနောင်ကျွန်းကြီးကိုဇေယာကျွန်းသမုတ်တော်မူ၍ စခန်းစံတော်မူသည်။

ထိုကမှချီတော်မူ၍လှည်းဆိပ်ကျွန်းသို့ရောက်လျှင် ရဲမက်တော်တို့ ဝမ်းသာ ရွှင်းသန်းရှိသည်ကို အကြောင်းပြု၍ ဝမ်းသာကျွန်းသမုတ်တော်မူ၍ စခန်းစံတော်မူသည်။

ယင်းကမှ သက္ကရာဇ် (၁၁၁၇) တထောင့်တရာ့တဆဲ့ခုနစ်ခု၊ ကဆုန်လဆန်းနှစ်ရက်၊ အတာတက်သည်နှင့် တပြိုင်နက် မြစ်လုံးပွဲတင်ထပ်မျှခင်းလာအခြောက်သံပေး၍ ချီတော်မူသည်၊ ထိုနေ့ တက်ချပ်ရွာ ကျွန်းကိုကျော်ဘုံကျွန်းသမုတ်၍ စခန်းစံတော်မူသည်။ ။ယင်းကမှ ခနုဖြူမြို့ကျွန်းကို အောင်သာကျွန်းသမုတ်၍ စခန်းစံတော်မူသည်။

ယင်းကမှ ၎င်းသက္ကရာဇ် ကဆုန်လဆန်းလေးရက်နေ့ ချီတော်မူသည့်နေ့ သံလျှင်ကောင်းဝတွင် ခံနှင့်သည့် တလိုင်းမင်းသမက် စောဗြ၊ ဒလပန်း၊ ဒေါဇွယ်ယစက်၊ လကွန်းအိန်၊ သမိန်သံလိုက်တို့တပ်ကို ရွှေချီ လှေတပ်

တော်များတွေ့လျှင် တလိုင်းတို့က ချောင်းနှစ်ဘက်က ချထားသည့် ရေခလုတ်တိုင်ကိုနုတ်၍ ဝင်သည်ကို ချောင်းနှစ်ဘက်ညှပ်နေသော တလိုင်းတို့တပ်က အမြောက်,စိန်ပြောင်း ချောင်းလုံးပိတ်မျှ ပစ်ခတ်သောကြောင့် ရဲမက်တော်တို့ မပေါက်နိုင်ရှိသည့်အတွင်း သားတော်နှစ်ပါးတပ် မှီလာ၍ ရွှေလှေ,ရွှေတိုက်စင်ထက် ရွှေမေားစွဲကာ ရွှေထီးဖြန့်ပြီးလျှင် နတ်စစ်သည်နှင့်တူသော ရဲမက်တော်အပေါင်းတို့ဖြင့် မရပ်မဆိုင်း တလိုင်းတပ်ကို ချုံချုံဝင်၍တိုက်သည်။ ရေခလုတ်တိုင်ကိုလည်း ရဲမက်တော်တို့ လှေလူအထိအခိုက်ခံ၍ နုတ်ဖျက်သည်။ ယင်းသို့တဟုန်တည်းလုပ်ကြံတော်မူသည်ကို တလိုင်းတို့လည်း မဆုတ်မနစ် ကြံ့ကြံ့ခံ၍တိုက်သည်။ စစ်နှစ်ဘက်ညှပ်ဖြစ်၍ ရဲမက်တော်တို့ လှေလူအများ ထိခိုက်ချေ၏။ သို့သော်လည်း မဆုတ်မနစ် မင်းညီနောင်နှစ်ပါး လှေတော်နှစ်စင်းနှင့် လက်ဝဲလက်ယာ ဖြန့်၍ဝင်သည်၊ ဘဝရှင် အလောင်းမင်းတရားကြီးဘုရားလည်း အမြောက်သံကြားလျှင် အကြောင်းရှိမည် အမှတ်တော်ရှိ၍ အပြင်း စုန်တော်မူလာသည်နှင့် တပ်မတော်မှီလာသည်ကို တလိုင်းတို့မြင်လျှင် ယတြာရသော ပြောင်မာတင်၏ အစွယ်ကို ပေါက်သားငယ်တို့ အရွယ်မခံဝံ့သကဲ့သို့ တလိုင်းမင်းသမက်စောဗြနှင့် ဗိုလ်မှူးခြောက်ဦးသားတို့ မခံဝံ့၍ အပြင်းဆုတ်ခွာလေ၏။ ယင်းတွင် အလျားခုနစ်တောင်ရှိသော အမြောက်ကြီးငါးလုံး၊ အမြောက်ငယ်သုံးရာကျော်၊ ကျည့်စေ့ကြီးသုံးထောင့်ခြောက်ဆယ်၊ စိန်စေ့တသိန်း တလိုင်းမင်းသမက် စောဗြစီးသောဖောင်နှင့်တကွ ဖောင်ထက်တွင် ငွေချိန်နှစ်ရာကျော်၊ သေနတ်ကောင်းတရာ့နှစ်ဆယ် ရတော်မူလိုက်၏။

ထိုနေ့ ဆားမလောက်ကျွန်းကို အောင်ထွန်းဘပ်တော် သမုတ်တော်မူ၍ စခန်းစံတော်မူသည်။ ။တလိုင်းမင်းသမက်စောဗြနှင့်ဗိုလ်မှူးခြောက်ဦးသားတို့လည်း ပန်းလှိုင်ဝတွင် ဈေးငယ်ဗိုလ်,ကုလားဗိုလ်,တုတ်တလုပ်ဗိုလ်တို့နှင့်ပေါင်း၍ ချောင်းဝက ခံပြန်လေ၏။

ဘဝရှင် အလောင်းမင်းတရားကြီး ဘုရားလည်း အောင်ထွန်း တပ်တော်ကချီတော်မူ၍ ပန်းလှိုင်ချောင်းဝတွင် တလိုင်းတပ်ကို တပ်ဦးသားတို့တွေ့လျှင် တလိုင်းဘို့က ကြိုးကြိုးပမ်းပမ်း ကြီးကြီးကြပ်ကြပ် ခံသော်လည်း မရေတွက်နိုင်သော ရဲမက်တော်တို့ ထပ်ကာထပ်ကာ ဘိစီးလွှမ်းမိုးလုပ်ကြံသည်နှင့် သားတော်နှစ်ပါးတို့ ရွှေထီးဝင်းဝင်း မှီလာသည်ကို တလိုင်းဘို့မြင်လျှင် မရပ်မခံဝံ့၍ ဆုတ်လေ၏။

ထိုအခါ တလိုင်းမင်းညီ မဟာဥပရာဇာလည်း မြန်မာမင်းချီလာပြီဟု ကြားစကာလကပင် ဒဂုန်,ဒလတိုင်အောင် လာ၍ သန်လျင်ချောင်းဝ, ပန်းလှိုင်ချောင်းဝ, ဒလ,ဒဂုန် ရေတပ်,ကြည်းတပ် စည်းကြပ်စီရင်ရန် ရှိသည်များကို စည်းကြပ်စီရင်၍နေစဉ် ရေကြောင်းခံနှင့်သော တလိုင်းမင်းသမက် စောဖြူတို့ ခြောက်တပ်ပျက်ကြောင်းကိုကြားလျှင် ဟံသာဝတီသို့ ဆုတ်သွားလေသောကြောင့် ဒဂုန်,ဒလတွင် အစောင့်အနေ ရှိရစ်သော ဗိုလ်မှူးတပ်မှူးတို့လည်း နှလုံးစိတ်ဝမ်းငယ်၍ ငါတို့သခင် မဟာဥပရာဇာသည့် ဒဂုန်တွင်မှ ကြံ့ကြံ့ခံ၍မနေပါလေ၊ သူတို့ ချုပ်ကြီးအုပ်ကြီး ပြုကြသူ သခင်စောဖြူနှင့် စစ်သူကြီးဒလပန်း, စစ်သူကြီးဒေါဇယ်ယစက်, လကွန်းအိန်, သမိန်သံလိုက်စသော ဗိုလ်မင်းတပ်မင်းများလည်း သူတို့မယားရှိရာ ဟံသာဝတီသို့ချည်း ပြေးလေပြီ၊ ငါတို့တစုကိုသာ အသေခံထားခဲ့ချေသည်။ ယခု မြန်မာမင်းချီလာသည်လည်း နီးလှလေပြီ၊ သူရှင်ဘုရင်ကို ငါတို့ခံနိုင်ချိမ့်မည်လော။ ငါတို့တစု သည့်တွင်နေသော် ရန်သူ့လက်သို့ ဆက်ဆက် ရောက်ရချေတော့မည် တိုင်ပင်ညှိညွှတ်၍ ဗိုလ်မှူးတပ်မှူးနှင့် တကွ ဒဂုန်တမြို့လုံးထွက်ပြေးကြလေ၏။

ဘဝရှင် အလောင်းမင်းတရားကြီး ဘုရားလည်း ရတနာရွှေဖောင်တော်နှင့် ဆွဲလှေ,ရဲလှေ,လှော်ကား, သမ္ဗန်, သင်္ဘောဒါန်စသော ရွှေလှေရွှေသောင်း၊ သယ်သောင်းမကသော ဗိုလ်ခြေအလုံးအရင်း တက်ချင်းတင်ရေး ကြော်ကြွေးတီးမှုတ်သံတို့ဖြင့် သမုဒြာတံပိုး ခန်လှိုင်းထိုး၏သို့ အုတ်အုတ်ကျက်ကျက် တပြိုင်နက် မြစ်လုံးပွဲတင်ထပ်ဧလျက် ယင်းသက္ကရာဇ် ကဆုန်လဆန်း၁ခြောက်ရက်နေ့၊ ဒဂုန်သို့ ဆိုက်ရောက်တော်မူသည်။ ဒဂုန်မြို့သို့ရောက်တော်မူလျှင် ဒဂုန်မြို့ဟောင်းအနောက် တာနှစ်ရာကျော်ကွာတွင် မဂ်သာတပ်တာဝန်း၁ခြောက်ရာ့နှစ်ဆယ်တည်၍ စံတော်မူသည်။ ယင်းသောအခါ သန်လျင်တွင်ရှိနေသော ဗညားဒလလည်း ယခု မြန်မာရှင်ဘုရင့်ကိုယ်ချီလှာသည်။စစ်အင်အားကြီးလှသည်ဆိုသည်။ငါသည့်တွင်ခံသော်လည်း မခံနိုင်ရာအမှတ်ဖြင့် သန်လျင်မြို့က ခွာလေ၏။

ဘဝရှင် အလောင်းမင်းတရားကြီး ဘုရားသည်း ဒဂုန်မြို့ဟောင်းရာ တောဖြစ်၍ရှိသည်ကို သစ်မြို့ တည်ယောက်အောင် တောချုံ အိုင်အင်းကုန်းကျင်းရှိသည်များ ခုတ်ထွင်ရှင်းလင်းတူးဖို့စေ၍ သက္ကရာဇ် (၁၁၁၇) တခဘောင့်တရာ့တဆဲ့ခုနစ်ခု၊ ကဆုန်လပြည့်ကျော် ခုနစ်ရက်၊ ကြာသပတေးနေ့၊ ဘာဝန်း တထောင့်တရာ့တဆဲ့ကိုးတာရှိသော သစ်မြို့ကို ကျုံး

မြောင်း,တံခါး,ပြအိုးစသော မြို့၏အင်္ဂါပြည့်စုံစွာ ခုနစ်ရက်နှင့်ပြီးအောင် တည်လုပ်တော်မူ၍ ရန်သူတော်တို့ကို သည်တွင်ကုန်အောင် လုပ်ကြံတော်မူမည် အမိန့်တော်ရှိ၍ ရန်ကုန်မြို့သမုတ်တော်မူ၏။

ထိုအခါ မြန်အောင်တပ်တော်ကခွဲ၍ အနောက်ဘက်ကြောင်း,အရှေ့ဘက်ကြောင်း ချီစေသည့် ရာဇာမိရာဇ်ခံသော ငွေဦးကုန်းဘက်မိုလ် မင်းလှရာဇာ, စလင်္ဂသူမိုလ် မင်းလှပုံချီ, ဆားလင်းကုန်းမိုလ် ဗလနန္ဒစည်သူတို့နှင့် အရပ်ရပ်စော်ဘွား မြို့စားအပေါင်းတို့ ကြည်းတပ်တော်အရောက် ညီလျှင် ဒလမြို့,ဒနုတ်ကင်း, မော်ဝန်း, ဝင်းကလေး, ဘောင်းနင်းမလစ် အရပ်ရပ်မြို့ရွာများကို သိမ်းယူတော်မူ၍ စံနေတော်မူစဉ် သန်လျင်တွင် ကျန်ရစ်သော သင်းဘောလေးစင်းသား ကုလား ကုမ္ပဏီတို့က အထူးထူးသော ထည်မျိုးအုပ်မျိုး ရှိခိုးလက်ဆောင်တော်ဆက်သ၍ ကျွန်တော်ခံဝင်ရောက်ကုန်၏။ ။ဗညားဒလလည်း သန်လျင်မြို့ကခွာ၍ ရှောင်လွှဲနေရာ ခြောက်ရက်, ခုနစ်ရက်တိုင်အောင် သန်လျင်မြို့သို့ တပ်တော်က လူသူမလာမရောက်ကြောင်းကိုသိလျှင် လက်နက်ကိုင် လူတသောင်းကျော် ထပ်ဖြည့်၍ မိုလ်နှစ်သောင်းနှင့် အခိုင်နေလေ၏။

## လက်ယာဗိုလ် စွဲရပ်လှာသည့် တာမွေတပ်ကြီးကို တိုက်ခိုက်အောင်တော်မူခြင်း

ယင်းသောအခါ ဟံသာဝတီဘုရင်က မြန်မာမင်းသည် ကြည်းအားရေအားချီလာ၍ ဒဂုန်ကိုရလျှင် အဖြိုးအခိုင် တပ်ကြီးတည်လုပ်၍နေလှာချေပြီ၊ ရှည်လတ်သော် အခြေအမြစ်ဖြစ်ချိမ့်မည်၊ ယခုက မနေနိုင်အောင် လုပ်ကြံဖျက်ဆီးရမှ သင့်မည်၊ မိုလ်မှူးတပ်မှူးတို့နှင့် တိုင်ပင်ပြီးလျှင် ဒေါ်ဇွယ်ယစက်မှာ လှေတရာနှင့် ပုသိန်ကြောင်းလှည့်၍ သန်လျင်ကင်းက မြန်မာတပ်သို့ ရိက္ခာသွင်းလာသမျှကို ဆီးခံတိုက်ရမည် ခန့်၍ ချီရ၏။ လက်ယာမိုလ်မှာ မြင်းနှစ်ထောင်၊ သေနတ်ငါးထောင်၊ ဓစ်သည်နှစ်သောင်း တပ်ပေါင်းနှစ်ဆယ်နှင့် ဒဂုန်တပ်ကိုတိုက်ရမည်ခန့်၍ သက္ကရာဇ် (၁၁၁၇) တထောင့်တရာ့ဘဆဲ့ခုနစ်ခုနှစ် နယုန်[illegible]ရက်နေ့ ဒဂုန်သို့ ချီရ၏။ ။လက်ယာမိုလ်လည်း ငမိုးရိပ်ချေ[illegible]ဘာမွေအရပ်တွင် တပ်ကြီးတည်၍ နေလေ၏။

ထိုအခါ တလိုင်းတို့တပ်မပြီးခင် တိုက်ခိုက်သိမ်းယူပါရမည်အကြောင်းနှင့် သားတော် ညီတော် မိုလ်မှူးတပ်မှူးတို့ လျှောက်သည်တွင် ဘဝရှင်

အလောင်းမင်းတရားကြီးဘုရား အမိန့်တော်ရှိသည်ကား….."ယခုတလိုင်းတို့တပ်ကိုတိုက်လျှင် တပ်မပြိုးခင်သောကြောင့်သာ ရှုံးရလေသည်ဟု စိတ်မပြေ၍ နောက်တခါလာပြန်လိမ့်မည်။ တပ်ပြိုးမှတိုက်လျှင် နောင်မလာဝံ့ပြီ၊ တလိုင်းဘို့တပ်ပြိုးအောင်လုပ်စေဦး၊ ငါတို့က သေနတ်သုံးထောင်ဆံတော်ရှင်ဘုရားမြောက် တောထဲကသာရိပ်ရောင်ကြည့်ရှု၍ တလိုင်းတို့မထွက်မပြေးစေရအောင်စောင့်နေစေ"ဟုအမိန့်တော်ရှိ၍ လေးရက်ငါးရက်ရှိလျှင် တလိုင်းတို့တပ်ပြိုးကြောင်းကို ဗိုလ်မှူးတပ်မှူးတို့လျှောက်သည်တွင်မှ သားတော် ဒိပဲသင်းမင်းမှာ လက်ဝဲကချီလေ၊သားတော်မြေဒူးမင်းမှာ လက်ယာကချီလေ၊ တပ်မတော်မှာ အလယ်ကြောင်း ဝမ်းလှိုင်ကချီမည်။ တလိုင်းဘို့ တပ်ကမထွက်မပြေးသာအောင် သေနတ်တထောင်မှာ တောင်မျက်နှာကနေစေ၊ သေနတ်တထောင်မှာ အနောက်မျက်နှာကနေစေ၊ သေနတ်တထောင်မှာ မြောက်မျက်နှာကနေစေ၊ သည်ကဲ့သို့စီရင်စည်းကြပ်တော်မူပြီးလျှင်နယုန်လဆန်း၅ရက်နေ့၊နံနက်တချက်တီးကျော်ငါးမောင်းတွင် ဘဝရှင် အလောင်းမင်းတရားကြီးဘုရားကိုယ်တော်, မင်းလှမင်းခေါင်ကို တပ်မတော်တွင် တပ်မှူးကြီးတင်တော်မူ၍ နတ်စစ်သည်နှင့်တူသော ဗိုလ်မှူးတပ်မှူး သူရဲသူခက် ရဲမက်တော်အပေါင်း ခြီရံလျက်သင်းဘော့လေးစင်းသား ကုလားတို့ကိုလည်း ကုလားတို့ဘာသာ ဝတ်ဆင်စေ၍ တပ်မတော်တွင်လိုက်စေ၏။ သားတော်နှစ်ပါးသည်း လက်ဝဲလက်ယာစစ်မျက်နှာဖြန့်၍ အရှေ့မျက်နှာကဝင်သည်ကို တာမွေတပ်ကတလိုင်းဘို့မြင်လျှင် တပ်တွင်းကမခံပဲ တပ်ပြင်သေနတ်တထောင်ခန့်ထွက်၍ကြိုနှင့်၏။ယင်းသို့သောအခါ ရဲမက်တော်အပေါင်းတို့လည်း တလိုင်းတို့တပ်ကို ရွပ်ရွပ်ချွံချွံ အပြင်းဘိုက်လေသည်ကို တလိုင်းတို့ ကြိုး၍ခံသော်လည်း မခံနိုင်၍ပျက်လျှင် ယမ်းဖြောင့်မဆုတ်မခွာနိုင်၊ အကွဲကွဲဆုတ်ရလေသောကြောင့် ချင်းတို့ ချထားသည့် ပြောင့်တံသင်းပင် ချင်းတို့ကိုစူး၍ တပ်တွင်းသို့ပြေးဝင်သော်လည်း မဝင်နိုင်ပြီ။ ချောင်းကိုကူး၍ပြေးပြန်ပါသည်ကိုလည်းဒီရွံ့ကျွံနစ်၍မကူးနိုင်၊ တောင်မျက်နှာ,အနောက်မျက်နှာ,မြောက်မျက်နှာသို့ ငြင်း.ပြန်ပါလည်း သေနတ်လုလင်တော်တို့ ပစ်ခတ်လှသောကြောင့် မပေ....နိုင်၊ယင်းသို့လျှင် ပိုက်ဝင်ငါးကဲ့သို့ပြေးသွားရာမမြင်၍ ဆင်မြင်းအမြောက်သေနတ်လက်နက်များကိုပစ်ချခဲ့ပြီးလျှင် အရှေ့မြောက်ထောင့်သို့ ချုံပုပ်ပေါင်းတို့ကို တိုးဓွေ၍ ပြေးလေ၏၊ ထိုအခါတလိုင်းတို့ကား လက်နက်သင့်၍သေသူ၊ ညွန်နစ်၍သေသူ၊ ပြောင့်စူး၍

သေသူ၊ လူနှစ်ထောင်ကျော်သေလေ၏၊ အမြောက် ငါးဆယ်ကျော်၊ သေနတ်တထောင်ကျော်၊ မြင်းငါးရာကျော်၊ သုံ့လူတထောင်ကျော် ရတော်မူလိုက်၏။

**မင်းလှရာဇာ, စော်ဘွား, ကန္နီမြို့သူကြီးတို့ကို စစ်ရှုံး၍ ကွပ်တော်မူခြင်း**

ထိုအခါ ဟံသာဝတီဘုရင်လည်း ညီ,သား,သမက်, ဗိုလ်မှူးတပ်မှူးတို့ကိုခေါ်၍ ယခုဒဂုန်တပ်ကို လုပ်ကြံစိမ့်မည် ချီစေသော တာမွေတပ်ကြီးလည်း သူနှင့် နီးလွန်းသောကြောင့် အင်အားမတန်၍ ဆုတ်ခဲ့ရချေပြီ၊ အကြောင်းမှာမူကား သူသို ငါတို့က မသွားသင့်ပြီ၊ သူ့အလာကိုသာ ငါတို့ခံနိုင်အောင်ခံမည်၊သူကား ယာယီ၊ ငါတို့ကား နဂိုရ်ဖြစ်၍ ဟံသာဝတီနှင့် ကမ်းမှီ လှမ်းမှီ ဘောင်းနင်းမလစ်တွင် တပ်ကြီးတင်ခိုင် တည်၍ ခံရမည်၊ ယင်းသို့သော် မြန်မာမင်းသားငယ်တို့ နိုင်စရသည်နှင့် နိုင်လို မူးထူး မဦးမချတ်ဝင်လာလျှင် မထွက်မလွတ်စေရ မိအောင် ဖမ်းဆီးရမည်၊ ငါတို့လက်တွင်ခံနိုင်မည်လော ကြိုးဝါး၍ ဒေါတော်အိုင် တတပ်၊ ပုတ္တကျော်တတပ်၊ ပုတ္တတတပ်၊ ဒေါတော်ထိပ် တတပ်၊ ဒလပန်းတတပ်၊သည်ငါးတပ်တွင် ဒလပန်းကိုအချုပ်ခန့်၍ စစ်သည်သုံးသောင်းနှင့်၊ နယုန်လဆန်း တဆဲ့နှစ်ရက်နေ့ ချီစေ၍ ဘောင်းနင်းမလစ်တွင် လူငါးထောင်နှင့် လက်ဝဲက ဒသပန်းညီ ပုတ္တကျော်တပ်ကို ရှေ့သို့ယွန်း၍ တည်ရ၏၊ လူငါးထောင်နှင့် လက်ယာက ဒလပန်းညီ ပုတ္တတပ်ကို ရှေ့သို့ယွန်း၍ တည်ရ၏၊ ထိုဗိုလ်မှူးတို့ကား ဒလပန်းနှင့် ရည်တူချည်းတည်း၊ အလယ်ဝမ်းလိုင်တွင် ဒလပန်းဦးရိုးဒေါတော်အိုင်ကို လူခြောက်ထောင်နှင့် ရှေ့လက်ဝဲကထား၏၊ မုတ္တမဗိုလ်မှူး ဒေါတော်ထိပ်ကို လူခြောက်ထောင်နှင့် ရှေ့လက်ယာက ထား၏၊ ဒသပန်းမှာ လူရှစ်ထောင်နှင့် နောက်သို့ယို့၍နေ၏။

ထိုအကြောင်းကို ဘဝရှင်အလောင်းမင်းတရားကြီးဘုရား ကြားတော်မူလျှင် ကန္နီမြို့သူကြီးတတပ်၊ ယောစော်ဘွားဘတပ်၊မင်းလှရာဇာတတပ်၊ သည်သုံးတပ်တွင် မင်းလှရာဇာကို အချုပ်ခန့်၍ လူငါးထောင်နှင့် ချီစေ၏။ ။မင်းလှရာဇာလည်း ဘောင်းနင်းသို့ရောက်လျှင် ပုတ္တကျော်တပ်ကို တိုက်သည်၊ တပ်တွင်းက တလိုင်း တပ်စီးတပ်နင်းပြောင်းသေနတ်ထူထပ်လှသောကြောင့် မကပ်နိုင်၍ ဆုတ်ခဲ့သည်ကို တလိုင်းဘို့တပ်က ထွက်၍ အပြင်းလိုက်ထပ်လာသည်တွင် မစည်းမကြပ်နိုင်၊ မင်းလှရာဇာ မြင်းတစီး

နှင့်ဆုတ်ခဲ့ရသည်ကို သူကလိုက်ထပ်ပြန်သောကြောင့် ချောင်းအကူးတွင် မြင်းကဆင်း၍ ပြေးခဲ့ရချေ၏၊ မြင်းကိုလည်း သူရလေ၏၊ ရဲမက်တော်လည်း အများပင်ဆုံးချေ၏။

ယင်းတွင် စစ်ပျက်ချက်နာလှသောကြောင့် ဘဝရှင် အလောင်းမင်းတရားကြီး ကြားတော်မူလျှင် အမိန့်တော်ရှိသည်ကား မင်းလှရာဇာသည် အဝရွှေနန်းရှင်လက်ထက်၊ တိုက်ဆင်ငါးဆယ်၊ ဗိုလ်ငါးထောင်ရှင် ရာဇာမိရာ၏ အမည်နှင့် သူကောင်းပြုသူ ဖြစ်လျက် အရှင့်အမှုကိုကြိုးပမ်း၍ မထမ်း၊ ရှောင်ရှားသွေဖည်၍သာနေသည်၊ ယခုလည်း ဟင်းစားကြွက်ကို အတက်ကောင်းသည်ဟု လောင်းပွဲတွင် သွင်းမိသကဲ့သို့ ငါသူကောင်းပြုပြန်သည်ကိုကြိုးကြိုးပမ်းပမ်းမယမ်းမရွက်သောကြောင့်သာငါ့ရဲမက်တော်အများဆုံးပါးရလေသည်၊ သစ်ခေါက်တပ်ကစစ်မသာ၍ ဆုတ်ခဲ့ရသောအခါ ငါတို့မှုဆိုးပိုသား သေနတ်ဝန် မင်းလှမင်းခေါင်ကျော် အုပ်စည်းမပျက် ဆုတ်ခဲ့ရသည်ကို သင်းတို့မကြားဘူး သလော-အရေးမသာလျှင် မသာသေးသည့်အလျောက် အုပ်အုပ်ချုပ်ချုပ် စည်းစည်းကြပ်ကြပ် မပြိုမပျက် ဆုတ်ခဲ့ရမည်ကို ပရမ်းပတာ ဆုတ်ခဲ့၍ လက်နက် ရဲမက်တော်တို့ပျက်စီးရသည်မဟုတ်လောဟု မင်းလှရာဇာ, ယောစော်ဘွား, ကန္နီမြို့သူကြီးတို့ကို ကွပ်တော်မူချေ၏။ ။တလိုင်းတို့လည်း မြန်မာစစ်ကို နိုင်ရလေပြီဟု ဝမ်းပန်းမြောက်သည်နှင့် အောင်ပွဲခံ၍ နေလေ၏။

## ဟိုင်းကြီးကျွန်းနေ ကုလားတို့ကို ဖမ်းဆီးသိမ်းယူခြင်း

ထိုအခါ ဘောင်းနင်းမလစ်သို့ မှုဆိုးချုံဗိုလ် မင်းလှမင်းခေါင်တို့ကို ချီတက်လုပ်ကြံရမည် ခန့်ရန်စည်းကြပ်တော်မူစဉ် အထက်လက်ယာဗိုလ်ချုပ်အုပ်သည့် တာမွေတပ်ကြီး ပျက်သည်တွင် ရလိုက်သည့်တလိုင်းတို့ကို စစ်မေးရာ ဟိုင်းကြီးကျွန်းတွင် နေသော ကုမ္ပဏီကုလားဘို့က ဟံသာဝတီတလိုင်းတို့ကို မိတ်ဖွဲ့၍ လက်နက်ကိရိယာသေနတ်အမြောက် ခဲယမ်းမီးကျောက် ထောက်ပံ့ပေးကမ်းကြောင်းများကိုလျှောက်ထား၍ ရွှေနားတော်မြတ်ကြားသိတော်မူလျှင် ဘဝရှင် အလောင်းမင်းတရားကြီးဘုရားအမိန့်တော်ရှိသည်ကား····"ပုသိမ် သုံးဆဲ့နှစ်မြို့၊ ဟံသာဝတီသုံးဆဲ့နှစ်မြို့၊ မုတ္တမ သုံးဆဲ့နှစ်မြို့ ရှိသည်တွင်၊ ဟိုင်းကြီးကျွန်းသည် ပုသိမ် သုံးဆဲ့နှစ်မြို့အဝင်နယ်မြေကျွန်းဖြစ်သည်၊ မည်သည့် ကာလတွင်မျှ သင်းဘောသားကုလားလူမျိုးဘို့ အနေအခြေပြုရဘူးသည်မရှိ၊ ယခုမှတလိုင်းတို့ကို အား

ပြု၍ ဟိုင်းကြီးကျွန်းတွင် တိုက်အိမ်ဆောက်လုပ် နေထိုင်သောအရာသည် နေသင့်သည် မဟုတ်ဖြစ်သည်၊ ရှေးဘေးလောင်းတော် ဘိုးလောင်းတော်တို့လက်ထက်ကပင် မဟာမိတ်အဆွေခင်ပွန်း အဖြစ် ရွှေလမ်း, ငွေလမ်း ဖောက်ကားရောင်းဝယ်ရှိသည်ကိုထောက်၍ ယခုတိုင် ဟိုင်းကြီးကျွန်းတွင် ဆိုက်ရောက်နေထိုင်လာသည့်ကုလားလူမျိုးတို့ကို မည်သို့မျှငါ့အမိန့်တော်မရှိ၊ ဆင်းရဲသားဘို့ ဖောက်ကားရောင်းဝယ်၍ သတ္တဝါတို့ချမ်းသာမည်ကိုသာ နှလုံးပိုက်တော်မူ၍ သင်းတို့ငြိမ်သက်စွာ နေထိုင်ဖောက်ကားရောင်းဝယ်ရသည်ကျေးဇူးတော်ကိုမမြော်မထောက်ရန်သူတော်ဖြစ်သော ဟံသာဝတီသားတလိုင်းဘို့ကို အားပေး၍ လက်နက်ကိရိယာ အမြောက်သေနတ်ခဲယမ်းမီးကျောက်ပေးပို့ကြောင်းကိုကြားသိတော်မူရသည်၊ ကျေးဇူးတော်ကို မမြော်မထောက်သာသနာတော်၏ဆန့်ကျင်ဘက်သူ့ ကျေးဇူးမသိတတ် မိစ္ဆာဒိဋ္ဌိဖြစ်သော မျိုးခြားကုလားတို့ကို ငါ့နိုင်ငံတော် ဟိုင်းကြီးကျွန်းတွင် နေသင့်သည်မဟုတ်၊ယခုပင်ဟိုင်းကြီးကျွန်းသို့မင်းရဲကောင်းပုံချီ၍ သင်းတို့ ကုလားမျိုးဆိုသမျှကို ဖမ်းဆီးဆက်သရမည် အမိန့်တော်ရှိပြီးသျှင် ရဲရောင်မြန်မာသူ အမှုထမ်းလူတရာကျော် ရွေးကောက်ပေးအပ်တော်မူ၍ မင်းရဲကောင်းပုံနှင့် ကလံပွား မြင်းစီးသိမ်နရာတို့ လှေတော်နှစ်စင်းနှင့်ချီရသည်။

ဟိုင်းကြီးကျွန်းသို့ရောက်လျှင် အကြီးပြုသူ မင်းရဲကောင်းပုံနှင့် ကလံပွား မြင်းစီးသိမ်နရာတို့လည်း ပါသည့်ရဲမက်တော် လူတရာကျော်အနက် ရဲရောင်မြန်မာသူလူနှစ်ကျိပ်ကို ရွေးကောက်ပြီးလျှင် ငါတို့တွင်ပါသည့် ချိပ်ဖယောင်းဆင်စွယ်များကို တုတ်တင်ကျည်းနှင့်ထမ်း၍ ငါတို့နှင့်အတူလိုက်ရမည်၊ ကုမ္ပဏီတိုက်သို့ရောက်လျှင် ငါတို့အရိပ်အခြည်ကို ကြည့်၍ ထိုးခုတ်ရိုက်နှက်ကြရမည်၊ လှေတွင်ကျန်ရစ်သည့်အမှုထမ်းသူဘို့မှာလည်း ကုမ္ပဏီတိုက်က သဲသဲရတ်ရတ်အသံကိုကြားလျှင် ကြည့်သို့တက်၍ အိမ်ရာတဲအိုံများကို မီးထင်းတိုက်ရှို့ပြီးလျှင် ရှိသမျှကုလားဘို့ကိုဖမ်းဆီးထိုးခုတ်ရိုက်နှက်ကြရမည် စည်းကြပ်ခန့်ထားပြီးလျှင် နှစ်ကျိပ်လူဘို့ကိုတင်ကျည်းကိုယ်စီနှင့်ချိပ်ဖယောင်းဆင်စွယ်များကိုထမ်းသူခဲ့စေ၍ မင်းရဲကောင်းပုံနှင့် ကလံပွား မြင်းစီး သိမ်နရာတို့ ကုမ္ပဏီတိုက်သို့ သွားကြသည်၊ ရောက်လျှင် တဝက်လူကိုတိုက်အဝင်တွင် ချန်ထားခဲ့ပြီးမှတဝက်လူနှင့် တိုက်သို့တက်၍ ဆင်စွယ် ဖယောင်းများကို ရောင်းမည့်အဟန် ဈေးနှာ ပြောဆိုကြသည်၊ ကုလားတို့သည်း ရိုးရိုးသားသားဖောက်ကားရောင်းဝယ်လာသည်အထင်

နှင့် အမှတ်မဲ့ပြောဆိုရှိနေသည့်အတွင်း မင်းရဲကောင်းပုံက ချိန်းချက်ခဲ့ရင်း ရှိသည့်အတိုင်း ရဲမက်တို့ကို မျက်ရိပ်ပေးလျှင် ရဲမက်တို့လည်း ပါသည့် တင်ကျည်းကို နုတ်၍ တိုက်ထက်တွင်ရှိသမျှကုလားတို့ကို ရိုက်နှက်သည်၊ တိုက်အဝင်တွင် ချန်ထားခဲ့သည့် အမှုထမ်းတို့လည်းတိုက်အောက်တွင် ရှိသည့် သေနတ်ကိုင် ကုလားတို့ကို ဖမ်းဆီးရိုက်နှက်၍ အနီးအပါးတွင်ရှိသည့် တဲအုံများကို မီးထင်းတိုက်ရှို့ကြသည်၊ လှေတွင်ရှိသည့် အမှုထမ်းလူ ရှစ်ကျိပ်တို့လည်း ကုမ္ပဏီတိုက်က သောသောရုတ်ရုတ် အသံကြားလျှင် ကြည်းသို့တက်၍ ထိုးခုတ်ရိုက်နှက်ကြပြီးလျှင် အိမ်ရာတဲအုံများကို မီးထင်း တိုက်ရှို့ကြသည်၊ ကုလားတို့လည်း ရဲမက်တော်တို့ ဝန်းဝိုင်းမိ၍ မထွက် မပြေးသာသည်နှင့် အများပင်သေလေသည်။

ထိုအခါ ကုမ္ပဏီဆိုသူမှာမှူကား သင်းဘောထက်တွင် ရှိနိုက်ဖြစ်၍ ကြည်းက ရဲမက်တော်တို့ သောသောရုတ်ရုတ် ထိုးခုတ်ရိုက်နှက်သည်များ ကိုမြင်လျှင် မြန်မာတို့က စစ်ကြီးရောက်ချေပြီအထင်နှင့် အဆောတလျင် သင်းဘောကျောက်ကြိုးကိုဖြတ်၍ ပင်လယ်ဝသို့ ထွက်ပြေးလေသည်၊ ရေ ဆိပ်တွင်ရှိသမျှ ဇလုပ်သင်းဘောသမ္ဗန်များလည်း ကျောက်ကြိုးကိုဖြတ်၍ ပင်လယ်ဝသို့ချည်း ထွက်ပြေးကြလေသည်။

မင်းရဲကောင်းပုံနှင့် အမှုထမ်း ရဲမက်တော်တို့လည်း ဟိုင်းကြီးကျွန်း အလုံးကို ရလျှင် မင်းဆိုက်စိုးတန် ရွှေ,ငွေ, ကျောက်သံပတ္တမြား, အုပ်မျိုး ထည်မျိုး, သေနတ်အမြောက်, ခဲယမ်းမီးကျောက်များကို သမ္ဗန်ခုနစ်စင်း နှင့် အပြည့်ဘင်၍ ပြန်လည်ခဲ့ကြသည်၊ ရန်ကုန်မြို့တပ်တော်သို့ ရောက်၍ ပါသမျှ လက်ဆောင်လက်နက်များကို ဆက်သလျှင် ဘဝရှင် အလောင်း မင်းတရားကြီးဘုရားသည်း ဟိုင်းကြီးကျွန်းမှုကို နှေ့ရက်ရှည်ကြာအောင် ဖင့်နွှဲ၍အမှုတော်ကိုဆောဆောလျှင်လျှင်ကုံတွင်အောင်မထမ်းမရွက်ကြသူ များဖြစ်သည်၊ ဟိုင်းကြီးကျွန်းသို့ ခန့်ထားချီတက်သည့် အမှုထမ်း တို့ကို တုံးဘိ၍ နေလှမ်းဟု အမိန့်တော် ရှိ၍ ဟိုင်းကြီးတိုက် အမှုထမ်း တို့ကို တုံးဘိ၍ နေလှမ်းရသည်။

ထိုအခါ ဘောင်းနင်းမလစ်သို့ချီတက်ရမည် ခန့်ရန် စည်းကြပ်တော်မှု ဆဲဖြစ်သည်နှင့် ဟိုင်းကြီးပြန်အမှုထမ်းတစုတို့က ဘောင်းနင်းမလစ်သို့ချီ၍ အမှုတော်ကို ထမ်းရွက်ဆက်သပါရမည့်အကြောင်းကို အာမခံကြလျှင် ချမ်းသာပေးတော်မူ၍ ဟိုင်းကြီးတိုက် ရဲမက်တော်အကြီးပြုသူတို့ကို ရွှေ

လက်ကောက်တရန်စီ ဆုပေးတော်မူသည်။ ပါသည့်အမှုထမ်းတို့ကိုလည်း ရွှေငွေ အဝတ်အစား များစွာဆုပေးတော်မူသည်။

**ဘောင်းနင်းမလစ်တလိုင်းတပ်ကို အောင်ခြင်း**

ဘဝရှင် အလောင်းမင်းတရားကြီး ဘုရားလည်း ဘောင်းနင်းမလစ်တွင် လိပ်လည်းသည့် ဗိုလ်မှူးတပ်မှူးတို့ကို ကွပ်တော်မူပြီး၍ လေးရက် ငါးရက်ရှိလျှင် မှူဆိုးချုံဗိုလ် မင်းလှမင်းခေါင်ကို အလုံးအရင်းပေး၍ချီစေ၏။ မင်းလှမင်းခေါင်လည်း သက္ကရာဇ် (၁၁၁၇) တထောင့်တရာ့ တဆဲ့ခုနှစ်ခု နယုန်လပြည့်ကျော် နှစ်ရက်နေ့ မရပ်မဆိုင်းချီ၍ ဘောင်းနင်းတပ်သို့ရောက်လျှင် စစ်မျက်နှာဖြန့်၍တပ်သို့ချဉ်းကပ်သည်ကို တလိုင်းတို့မြင်လျှင် တပ်ကထွက်၍ မကြောက်မရွံ့ သံယံကြီးဝါးလျက် ကြိုနှင့်၏။ ယင်းခသာအခါ ဗိုလ်မှူး ဒေါတော်အိုင်လည်း ချောင်းကိုကူး၍ မြင်းရေးကစားလာသည်ကို ရဲမက်တောတဦး ချုံကထွက်၍ သေနတ်နှင့်လွှတ်သည်၊ မြင်ဦးဘွင်ပင် ကျည်သင့်၍ ကျသေ၏။ ဒလပန်းမြင်လျှင် မြင်းနှင့်တင်ယူမည်ပြေးလာသည်ကို မင်းလှမင်းခေါင် မြင်းတစီးချင်းထွက်၍-နင်လည်း ဒသပန်း-ငါလည်း မင်းလှမင်းခေါင် သည်ခါသော် တွေ့ရတော့မည်ဟု ကြိုးဝါးပြီးလျှင် လှံနှင့်လွှတ်လိုက်သည်။ ဒလပန်းလည်း မြင်းဦးလှည့်ကာ တိမ်းခင်လေသောကြောင့် စီးသည့်မြင်းနှင့်တကွ ကာကုန်းခံကိုစွဲသည်၊ ထုတ်ချင်းခတ်လေ၏။ ယင်းသို့မှ ဒလပန်းလည်း မြင်းကဆင်းပြီးလျှင် မြင်းပုံသို့ဝင်ပြေးလေ၏၊ တလိုင်းတို့လည်း ဒလပန်းဆုတ်လေသည်ကိုမြင်လျှင် တပ်တွင်းသို့ဝင်၍ ဆိတ်ဆိတ်နေလေ၏။

မင်းလှမင်းခေါင်လည်း ထိုနေ့ညဥ့် ဆင်မြင်းအားအင် ပြည့်တင်းပြီးလျှင် နံနက်စောစော ဝေလီဝေလင်းအချိန်တွင် ပုတ္တကျော်တပ်ကိုအနေ့ဝံမျက်နှာက စစ်မျက်နှာပြုပြီးမှ တောင်ကိုပတ်၍ အရှေ့မျက်နှာက တိုက်လျှင် တလိုင်းတို့လည်း အနောက်မျက်နှာက စစ်အားကြီး ကပ်လာသည် အမှတ်ရှိ၍ အနောက်မျက်နှာသို့ ရုံး၍ခံကြသောကြောင့် အရှေ့မျက်နှာက တပ်စီးဘပ်နင်း ကြိုးကြားရှိသည်နှင့် မင်းလှမင်းခေါင် ခေါင်းတည်၍ တပ်ကိုတက်သည်၊ ရဲမက်တော်အများလည်း လှေကားထောင်၍တက်လျှင် တလိုင်းတို့ဘပ်ထိပ်က မတက်ရအောင် ထိုးခုတ်ပစ်ခတ် ဆီးခံသော်လည်း မခံနိုင်၍ တပ်ထိပ်ကဆင်းပြေးသည်နှင့် ရဲမက်တော်တို့ဝင်မိ၍ ထိုးခုတ်သည်၊ တပ်လုံးပြို၍ တမုဟုတ်ချင်း ပျက်လေ၏၊ ပုတ္တကျော်လည်း

မြင်းနှင့်အပြင်းခွာ၍ ဒေါတော်အိုင်တပ်သို့ဝင်လေ၏။ ။ဗိုလ်မှူးမင်းလှ မင်းခေါင်လည်း ဒေါတော်အိုင်တပ်ကိုတိုက်သည်။ ပျက်ပြန်လေ၏။

ထိုနှစ်တပ်ပျက်လျှင် တလိုင်းရဲမက်တို့ အသားစားအံ့သကဲ့သို့ကြောက်ရွံ့ခြင်းဖြစ်၍ မရပ်မတည်နိုင်၊ တပ်က ထွက်ပြေးလေသည်ကို ဒလပန်းလည်း မကွပ်မညှပ်နိုင်ပြီဖြစ်၍ ငါးတပ်လုံး အကုန်ပျက်လေ၏။ယင်းသော အခါ တလိုင်းဘုံကား အရှေ့သို့လည်းမပြေးသာ၊ တောင်သို့လည်းမပြေးသာ၊ အနောက်သို့လည်း မပြေးသာ၊ မြန်မာတပ် ရှိနေသောကြောင့် မြောက်မျက်နှာသို့ ပြေးရလေ၍ သာယာဝတီတိုင်အောင် ခရီးကွင်းရသည်နှင့် ဆယ်လကျော်မှ ဟံသာဝတီသို့ရောက်လေ၏။

ထိုအခါ အညာက မြန်မာတို့တပ်သို့ မျိုးရိက္ခာ မပို့မသွင်းရအောင် ဆီးခံတိုက်ဖျက်ရမည် ခန့်၍ သန်လျင်ကင်းတွင် တိုက်လှေကရာနှင့် စွဲရပ်လှာသော ဒေါဇွယ်ယစက်လည်း တာမွေတပ်, ဘောင်းနင်းမလစ်တပ် ပျက်ကြောင်းများကိုကြားလျှင် တာမွေတပ်,ဘောင်းနင်းတပ် ပျက်၍ ရှိသည်ကို ငါတို့ သည်တွင် နေသော်လည်း မနေနိုင်ရာဟု ဆုတ်လေ၏။ ယင်းတွင် လက်နက်ကိရိယာ သံ့လူအများကို ရတော်မူလိုက်၏။ သေလေသည်လည်း များ၏။ ။ဘဝရှင် အလောင်းမင်းတရားကြီး ဘုရားလည်း ဒေါတော်အိုင်ကိုပစ်သည့် သေနတ်စွဲသူရဲတော်ကို အားရတော်မူ၍ တောင်ဘက် သစိုးရွာကို ဆုပေးတော်မူသည်။

### သံလျင်တပ်ကို တိုက်ရာ မြန်မာအရေးနိမ့်ပုံ

ယင်းသို့ ဘောင်းနင်းမလစ်တပ်ကို အောင်တော်မူလျှင် ထိုသက္ကရာဇ်နယုန်လပြည့်ကျော်ငါးရက်နေ့ မင်းလှစည်သူ, မင်းလှမင်းခေါင်,ခင်လတ်ဗိုလ် မင်းကျော်စည်သူတို့ကို ပဲကူးမြို့ရင်းတိုင်အောင် မြစ်စဉ်တလျှောက်မြို့ရွာများကို မီးရှို့ရမည် လှေငါးဆယ်နှင့်ခန့်တော်မူလျှင် မင်းလှစည်သူ,မင်းလှမင်းခေါင်, မင်းကျော်စည်သူတို့လည်း မရပ်မဆိုင်း ချီသွား၍ မြစ်စဉ်တလျှောက် မြို့ရွာများကို မီးထင်းတိုက်ရှို့၏။ ကမာတကောသို့ ရောက်လျှင် ဒီလည်းကျသည်နှင့် မဆန်နိုင်၍ ပြန်ခဲ့ကြ၏။

ဘဝရှင် အလောင်းမင်းတရားကြီး ဘုရားလည်း ပဲကူးသို့မီးတိုက်တက်သေသည်ကို သန်လျင်က နှောင့်ရှက်ချိမ့်မည် အမှတ်ရှိတော်မူ၍၊ မင်းကျော်ရဲလှကို လှေနှစ်ဆယ်ကျော်နှင့် ဆီးကြိုစိမ့်မည် ထပ်တော်မူလိုက်

သည်ကို ဆီး၍ကား မကြို၊ အားမတန်ပဲလျက် သန်လျင်မြို့ကို တိုက်မည်ဟု လှေဆိုက်သည်ကို တလိုင်းတို့မြင်လျှင် မြင်းသေနတ်စစ်သည်အများ ထွက်၍ လိုက်လှာသောကြောင့် အားမတန်၍ ရဲမက်တော်တို့ ကစီကရင်ရှိချေ၏၊ မင်းကျော်ရဲလှသည်း လှေထက်တွင်ပင် ပြောင်းသင့်၍ဆုံးချေ၏။

ယင်းသို့ကြိုက်တွင် မင်းလှစည်သူတို့ ဘော့ချောင်းသို့ ရောက်လှာသည်နှင့် တွေ့လေလျှင် ငါတို့ကိုသန်လျင်တိုက် ခန့်တော်မမူသော်လည်း တွေ့လျက် မကူနေချေသော် ရာဇဝတ်ကြောင်းမလွတ်ရှိမည်အမှတ်ရှိ၍ လှေက တက်ပြီးလျှင် တဟုန်တည်းတလိုင်းတို့တပ်ကို တိုက်သည်တွင် တလိုင်းတို့သုံးဖြာကွဲ၍ ကစဲကရဲခွာလေလျှင် မင်းလှစည်သူ အလယ်ကြောင်း, မင်းလှမင်းခေါင် လက်ဝဲကြောင်း, မင်းကျော်စည်သူ လက်ယာကြောင်း ဖြန့်၍လိုက်ထပ်သည်ကို တလိုင်းတို့မြင်လျှင် လူနည်းမှန်းသိ၍ မဆုတ်ပဲခံပြန်သည်ကို မင်းလှစည်သူလည်း နိုင်ချင်ကြက်ကဲ့သို့ သူ့ထက်အလွန် တလိုင်းဘို့တပ်ကိုဝင်၍ ခုတ်သည်၊ စွန့်စားလွန်ချေသောကြောင့် တလိုင်းတို့ ဝန်းဝိုင်းသည်နှင့် အဖမ်းမခံလျှင် သူကအရကြိုး၍ ယင်းတွင်ပင် မင်းလှစည်သူဆုံးချေ၏၊ ထိုအကြောင်းကို မင်းကျော်စည်သူ မြင်သော်လည်း သူ့လူအထပ်ထပ်များလှသောကြောင့် မကူနိုင်ချေ၊ မင်းကျော်စည်သူမူကား တလိုင်းတို့အားကြီးသည်ကိုမြင်လျှင် မလိုက်ပဲ ပါသည့်ရဲမက်တို့ကို ရုံး၍နေ၏၊ မင်းလှမင်းခေါင်မှာလည်း တယောက်ချင်းအလိုက်လွန်သောကြောင့် ဓားတစင်းနှင့်သာ အနိုင်ထွက်ခွာခဲ့ရသည်ကို တလိုင်းတို့မြင်လျှင် မြင်းတရာကျော်လောက် လိုက်လာ၍ မင်းလှမင်းခေါင်အပြင်းပင် ဆုတ်ခဲ့ရချေသည်၊ မင်းကျော်စည်သူတပ်ကမြင်လျှင် သေနတ်ငါးဆယ်လောက် ထွက်၍ ကြိုယူသည်တွင်မှ တလိုင်းတို့ပြန်လေ၏။

ယင်းသို့မှ မင်းလှမင်းခေါင်, မင်းကျော်စည်သူတို့ ကွဲပြားသည့်ရဲမက်တော်တို့ကိုရုံး၍နေစဉ် တလိုင်းဘို့လိုက်ထပ်လာပြန်၍ သံယံကြိုးဝါးလျက် အားဘက်အင်ကြီး ဝန်းရံသည်ကို ဗိုလ်မှူး တပ်မှူး ရဲမက်တော်တို့လည်း ပုဆစ်ပခုံးလက်ရုံးမှိုကာ ကျောက်တိုင်အတူ ကြံ့ကြံ့ခံ၍ ပစ်ခတ် သည်နှင့် တလိုင်းတို့လည်း မချဉ်းမကပ်ဝံ့ ရံ၍သာနေလေ၏၊ မိုးချုပ်၍ညဉ့်နှစ်ချက်တီးချိန်ရှိလျှင် မိုးမှောင်လည်း ကျသည်နှင့် တလိုင်းဘို့ဆုတ်သည်တွင်မှ လှေသို့ဆင်း၍ ရန်ကုန်သို့ လာခဲ့ရ၏၊ ယင်းတွင် ရဲမက်တော် တို့လည်း အများပင် ဆုံးချေ၏။

ဘဝရှင်အလောင်းမင်းတရားကြီးဘုရားလည်း မင်းလှမင်းခေါင်, မင်းကျော်စည်သူတို့ရောက်၍ မင်းလှစည်သူ ဆုံးကြောင်းကိုကြားတော်မူလျှင် အလွန်နှမြောစုံမက်တော်မူ၏၊ ဤသို့လည်းအမိန့်တော်ရှိ၏၊ "မင်းလှစည်သူအလောင်းသည် မစည်တရုစ်စစ်မြေပြင်မှာရှိလေတော့မည်၊မင်းကျော်စည်သူ, မင်းထင်နော်ရထာ, မင်းကျော်တန်ဆောင်တို့ လှေငါးဆယ်နှင့်ချီသွားပြီးလျှင် ဘော့ချောင်းကတက်၍ မင်းလှစည်သူ အလောင်းကိုယူချေ"စေခန့်တော်မူ၍ ချီရ၏။ ။ဗိုလ်သုံးဦးလည်း ဘော့ချောင်းတွင်လှေကိုဆိုက်ထားခဲ့၍ မင်းလှစည်သူအလောင်းကို ရှာမည် ကုန်းသို့တက်သည်ကို တလိုင်းတို့မြင်လျှင် သင်းဘောနှစ်စင်းနှင့် လှေငါးရာကျော်ထွက်၍ ဘော့ချောင်းဝကလှေကိုမထွက်သာအောင်ပိတ်ဆီးလေ၏၊ ဘဝရှင်အလောင်းမင်းတရားကြီးဘုရားလည်း အရေးကိုမြင်တော်မူ၍၊ ငါတို့က ဘော့ချောင်းသို့ သွားလေသည်၊ သူကပိတ်ချေသော် ကူထောက်ရမည့်ဟု ဝန်ကြီးနေမျိုးရွှေတောင်၊ ဆင်နင်းဗိုလ်နန္ဒယော်ခေါ၊ နေမျိုးနန္ဒမိတ်တို့ကို လှေတရာနှင့် ကြိုယူစေခန့်တော်မူ၍ ချီလေသော် ချောင်းလုံးပိတ်မျှ သူက ဆီး၍နှင့်သောကြောင့် ပေါက်အောင်မချီနိုင်၍ ဒေါ်ပုံမြစ်က နေရချေ၏၊ အလျှင်ချီလေသော မင်းကျော်စည်သူတို့ ဗိုလ်မှူးသုံးဦးလည်း မင်းလှစည်သူအလောင်းကိုမတွေ့မရ၍ ပြန်လာခဲ့ရာ ဘော့ချောင်းဝတွင် သူက သင်းဘောတိုက်လှေအများ ဆို့ပိတ်သည်ကိုမြင်လျှင် သည်ခါသော် ငါတို့ကို သူကလှောင်မိချေပြီ၊ ကြည်းလမ်းလည်း မခွာသာချေ၊ ငါတို့ ဗိုလ်မှူးသုံးဦးလှေ ရှေ့ခေါင်းတည်၍ တလိုင်းတို့လှေပုံကို ချင်းနင်းဖောက်ထွင်းမည်၊ကိုယ်တို့တစု တညီတညွတ်တည်းလိုက်ကြရမည်ဟု စည်းကြပ်ဘိုင်ပင်ပြီးလျှင် အနိုင်ထိုးဖောက်၍ ထွက်ခဲ့သည်နှင့် ဒေါ်ပုံမြစ်သို့ရောက်လျှင် တလိုင်းတို့က အပြင်းလိုက်ထပ်လာသောကြောင့် ဒေါ်ပုံမြစ်တွင် ရှိနေနှင့်သည့် ဝန်ကြီးနေမျိုးရွှေတောင်တို့တပ်နှင့် မပေါင်းနိုင်လျှင် မြောက်ဘက်ကမ်းတွင် လှေကို ဆိုက်ထားခဲ့၍ အလျှင်ချီ,နောက်ချီနှစ်တပ်လုံး အပြင်းခွာခဲ့ရချေ၏၊ ယင်းတွင် မှိုင်းသဲသဲ လှေတော်ကြီးကိုလည်း သူကရလေ၏။ လှေတရာ့ငါးဆယ်အနက် နှစ်ဆယ်ကျော်လေခံသာ အနိုင်ထွက်လွတ်ရချေသည်။ ။ထိုအကြောင်းကို ဘဝရှင်အလောင်းမင်းဘုရားကြီး ကြားတော်မူလျှင် ဗိုလ်မှူးတပ်မှူးတို့ ပေါ့လျော့သောကြောင့် လှေလူအများဆုံးပါးပျက်စီးရသည်ဟု တုံးဘိရာဇဝတ်ပေးတော်မူ၏။

## ဒီပဲယင်းဗိုလ်နှင့် ရဲခေါင်စံကျော်တို့ကို ကွပ်ခြင်းနှင့် ဒလတပ်ကို အောင်တော်မူခြင်း

ထိုအခါ ဟံသာဝတီက ဒလပန်းလှုသုံးထောင်လော်နှင့်စစ်လျှင်ချီသာ၍ရဲမွန်အရပ်တွင်နေသည်ကိုဘဝရှင်အလောင်းမင်းတရားကြီးကြားတော်မူလျှင် ရဲခေါင်စံကျော်ကို လက်နက်ကိုင် လူတထောင်ပေးအပ်၍ ချီစေ၏။ သူကများ၍ အားမတန်လျှင်လည်း ဆုတ်ခဲ့၊ အားတန်လျှင်လည်း တိုက် ဟူ၍လည်း မှာတော်မူလိုက်၏။ ရဲခေါင်စံကျော်လည်း တလိုင်းတို့နှင့်နီးလျှင် မြင်းဆယ်စီးနှင့်ကင်းစမ်း တလိုင်းတို့တပ်သို့စေလွှတ်သည်တွင် တလိုင်းတို့လည်း မြန်မာတို့ချီလာသည် စစ်အင်ကြီးလှသည် ကြားသည်။ ငါတို့ သည်တွင်ခံသော်လည်း မခံနိုင်ရာအမှတ်ရှိ၍ ဆုတ်လေ၏။ရဲခေါင်စံကျော်က စေလွှတ်သည့် မြင်းဆယ်စီးသားတို့လည်း တလိုင်းတို့တပ်ကထွက်မည် သောသောရုတ်ရုတ် အုဘ်အုတ်ကျက်ကျက် ကြားသည်ကို သိအောင် မစုံစမ်းပဲ အလျှင်အမြန်သွား၍ ရဲခေါင်စံကျော်တပ်သို့ ရောက်လျှင် ယခုတလိုင်းတို့ချီလာသည်၊ မရေမတွက်နိုင်၊ ကောင်းကင်မြေမှုန့်ခြောင်းခြောင်းထအောင် ဆင်မြင်းလူသူ ဗိုလ်ခြေအင်အား များလှချေသည်၊ ကျွန်ဘော်တို့မှာမူကား လူတထောင်မျှသာဖြစ်ချေသည်။သည်တွင် အရှည်နေသော် မသင့်ချေဟု ပြောဆိုသည်ကို ရဲခေါင်စံကျော်ယုံကြည်၍ ရောက်အောင်မချီပဲ ပြန်ခဲ့လေ၏။

ယင်းသောအခါ ဟံသာဝတီမှာ မြန်မာတို့သည် တလိုင်းတို့ပြန်သွားလေရာ မလိုက်ပဲ အလောင်းမင်းတရားကြီးဘုရား တပ်တော်သို့ပြေးဝင်လာသောကြောင့် အကြောင်းကိုစစ်တော်မူလျှင် တလိုင်းသုံးထောင်နှင့် ဒသပန်း ရဲမွန်အရပ်တွင်နေရာ ရန်ကုန်ကချီလာသည့် ဗိုလ်ခြေအင်အားများလှသည်ကြားသောကြောင့် ဒလပန်းဆုဘ်ခွာကြောင်းကိုအစစ်ခံလျှင် ငါတို့က ချီစေသည့် ရဲခေါင်စံကျော်တပ်ကို မတွေ့လောဟု မေးတော်မူသည်တွင် ရဲခေါင်စံကျော် ပြန်ပြီဟူ၍သာကြားခဲ့ပါသည်။ ကျွန်တော်တို့နေသည့် ရဲမွန်တပ်သို့ ရဲခေါင်စံကျော် မရောက်လာသောကြောင့် မတွေ့ခဲ့ပါ၊ ကျွန်တော်တို့မှာ တလိုင်းဘို့တပ်ကိုမဝင်လို၍ ရွှေစက်တော်အောက်ရောက်လာပါသည်ဟုလျှောက်နှင့်၏။နောက်နှစ်ရက်ရှိမှ ရဲခေါင်စံကျော်ရောက်လာ၍ အကြောင်းကို မေးတော်မူလျှင် တလိုင်းတို့ ဗိုလ်ခြေအင်အား များလှသောကြောင့် အားမတန်၍ ပြန်ခဲ့ပေသည်ဟု လျှောက်၏။

ဘဝရှင် အလောင်းမင်းတရားကြီးဘုရားလည်း ရဲခေါင်စံကျော်သည် ကိုမည်ထင်၍ ယုံတော်မူသည်ကို ယုံကား ယုံ၏၊ မကိုသည်သာမက ရန်သူ့မျက်နှာကိုမျှ တွေ့မြင်အောင်မသွား၊ မျက်မှောက်တသွယ်၊ မျက်ကွယ်တခြား၊ ကျေးဇူးသစ္စာတော်ကိုမစောင့် မဖြောင့်ကျင့်သူဖြစ်သည်၊ ယခုသာမဟုတ်၊အဝကောင်းစဉ်လည်း တောင်ငူရာဇာအမှုထမ်းဖြစ်၍ ရာကြီးထူးကြီးနှင့် သူကောင်းပြုသည်ကို ကျေးဇူးသစ္စာကိုမစောင့်၊တလိုင်းသို့ဝင်လေသည်၊ တလိုင်းတို့ကလည်း မြန်မာအမှုထမ်းဟောင်းဖြစ်၍ ဗိုလ်မှူးတပ်မှူးအရာနှင့် သူကောင်းပြုသည်ကို ကျေးဇူးသစ္စာကိုမစောင့် ငါ့ဘုန်းတော် လက်ရုံးတော် ထွန်းပြန့်လျှင် ငါ့သို့ ဝင်စားပြန်သည်။ ငါလည်း အဝအမှုထမ်းဟောင်း မြန်မာလူမျိုးဖြစ်သည်ကိုထောက်၍ ဗိုလ်မှူးတပ်မှူးအရာနှင့် သူကောင်းပြုတော်မူသည်။ သို့ကိုစင်လျက် ကျေးဇူးသစ္စာတော်ကို မစောင့်ကျင့်ဘိသည်၊ နောင်လည်း သည်ကဲ့သို့ကျင့်မည့်သူ ဖြစ်သည်။ ဒိဌယင်းဗိုလ်လည်း ရဲခေါင်စံကျော် စကားကို နာယူ၍ အမှုတော်ကို ဖြောင့်ဖြောင့်ရိုးရိုး ကုံတွင်အောင် မထမ်းသူဖြစ်သည်။လူသွမ်းနှစ်ယောက်ကို တပ်ဦးသို့ထုတ်၍ ကွပ်လေ အမိန့်တော်ရှိ၍ ကွပ်မျက်တော်မူ၏။

ယင်းသောအခါ ဒလဘက်တွင် တလိုင်းတသောင်းရှိသည်ကို ဘဝရှင် အလောင်းမင်းတရားကြီးဘုရား ကြားတော်မူလျှင် ယင်းသတ္တရာဇ်နယုန်လပြည့်ကျော် ခုနစ်ရက်နေ့ မင်းကျော်စည်သူ, မင်းထင်နော်ရထာတို့ကို လက်နက်ကိုင် လူသုံးထောင်နှင့် စေခန့်တော်မူ၍ ချီလေရာ ဒလသို့ရောက်သျှင် တလိုင်းဘို့မရုပ်မခံ ဆုတ်ခွာလေသောကြောင့် ဒလမြို့ပတ်လည် လူသူကျွဲနွား ဆန်စပါးများကိုသိမ်းယူပြီးလျှင် ရန်ကုန်မြို့သို့ သွင်းရ၏။ ရန်ကုန်မြို့ပတ်လည် ကျေးရွာများဘွင် လူသူ,ကျွဲနွား, ဆန်ရေစပါးများကိုလည်း သိမ်းယူ၍ ရန်ကုန်မြို့သို့သွင်းရ၏။ ရသည့် မျိုးရိက္ခာစပါးများကိုလည်း ဘောင်းမွှန်လုံခြုံအောင်ထားရ၏။

## ရန်ကုန်မြို့တွင် စစ်သည်သုံးသောင်း အစောင့်ထားခဲ့၍ ရတနာသိဃ်သို့ ဆန်တက်တော်မူခြင်း

ယင်းသို့မှ ဘဝရှင် အလောင်းမင်းတရားကြီး ဘုရားလည်း ယခုမိုးရေကာလရောက်ပြီ၊ အောက်အရပ်ဆိုသည့်အရာသည် မိုးတွင်းကာလရောက်လျှင် မိုးရေချောင်းမြောင်း တန်စီးရှုံညွန်ထူထပ်၍ ဆင်ခင်း မြင်းခင်းမသာ ရှိသည်၊ မျိုးရိက္ခာလည်းလုံလောက်လေပြီ၊ သည်တကြိမ် နေ

ပြည်တော်သို့ ပြန်ဦးတော့မည် အမိန့်တော်ရှိ၍ မင်းလှမင်းခေါင်၊ မင်းကျော်စည်သူ၊ မင်းလှတန်ဆောင်၊ မင်းလှဥဒိန်ကျော်၊မင်းထင်နော်ရထာ၊ မင်းလှပျံချီ၊ ဗလနန္ဒစည်သူ၊ ထီးသင်းစော်ဘွား၊ ဗိုလ်မှူးဗလယော်မာတို့နှင့် တိုက်လှေငါးရာ, မြင်းတထောင်, သေနတ် သုံးထောင်, စစ်သည်သူရဲသုံးသောင်းနှင့် ရန်ကုန်မြို့စောင့်ခန့်ထားတော်မူ၏၊ ဇေယနန္ဒကို ရန်ကုန်မြို့ဝန်၊ ဗလဝေလု, လက်ယာနန္ဒတို့ကို ကျီတော် အစီရင် ခန့်တော်မူ၏၊ ယင်းသို့ ခန့်ထားစီရင်ရန် ရှိသည်များကို အနေအထားကျအောင် စီရင်တော်မူပြီးမှ ဆံတော်ရှင်ဘုရား ရင်ပြင်တော်တွင် စရပ်သုံးဆောင် လုပ်ဆောင် ဆောက်လုပ်တော်မူပြီး၍ သားတော်, ညီတော်, ဆွေတော်,မျိုးတော် မှူးတော် မတ်တော်, စော်ဘွား မြို့စား, တပ်မှူးစစ်ကဲ သူရဲသူခက်အပေါင်းခြံရံလျက် ဒဂုန်ဆံတော်ရှင်ဘုရားသို့ တက်တော်မူ၍ ရွှေတန်ဆောင်, ငွေတန်ဆောင်စသော အထူးထူးသော လှူဒါန်းပူဇော်ဘွယ်တို့ဖြင့် ရှိခိုးပူဇော်တော်မူပြီးလျှင် ကိုယ်တော်မှစ၍ သားတော် ညီတော်မှူးတော်မတ်တော် ဗိုလ်မှူးစစ်ကဲ အပေါင်းတို့ ဘုရားရင်ပြင်တော်တွင် နဝဂ္ဂဟ်တော်ကိုးပါးကို တထောင်ပြည့်အောင် ရွတ်ကြရသည်။

ယင်းသို့မှ သက္ကရာဇ် (၁၁၁၇) တထောင့်တရာ့ တဆဲ့ခုနစ်ခု၊ ပဌမဝါဆိုလပြည့်ကျော်သုံးရက်၊ ကြာသပတေးနေ့၊ ညနှစ်ချက်တီးကျော်တွင် ရတနာရွှေဖောင်တော်ထက် စံပယ်တော်မူ၍၊ ၎င်းလပြည့်ကျော် လေးရက်နေ့ မခရတွက်နိုင်သော တိုက်လှေ ဝန်လှေ ဗိုလ်ခြေ အပေါင်းနှင့် ရန်ကုန်မြို့ကဆန်တော်မူသည်၊ ထိုနေ့ သန်လျင်ကင်းတွင် ချတော်မူသည်၊ ထိုစခန်းတွင် အထက်ရန်ကုန်မြို့မှာ စံနေတော်မူစဉ် ဟိုင်းကြီးကျွန်းသို့ မင်းရဲကောင်းပုံတို့ကို ချီတက်တိုက်ဖျက်စေသည်တွင် ပင်လယ်ဝသို့ထွက်ပြေးလေသောကုသားကုမ္ပဏီတို့က အရှင့်ဘုန်းတော်ရိပ်ကိုခိုလှုံ၍ဟိုင်းကြီးကျွန်းဘွင် ကုန်သည်ဘာဝရောင်းဝယ်နေထိုင်ပါသည်ကိုမြန်မာကျွန်တော်မျိုးအများ ချီတက်ဖမ်းဆီးသတ်ညှစ်ပြီးလျှင် တိုက်အိမ်များကို မီးထင်းတိုက်ရှို့ ဖျက်ဆီးသိမ်းယူသောကြောင့် ဆင်းရဲသား ကုလားကုန်သည်တို့ မငြိမ်ဝပ်နိုင်ရှိပါသည်၊အင်္ဂလိပ်မင်း မျက်နှာကိုထောက်၍ အရှင့်နိုင်ငံတော်ဖြစ်သော ဟိုင်းကြီးကျွန်းတွင် ဘုန်းတော်ရိပ်ခိုလှုံ၍ အငြိမ်အဝပ်ရောင်းဝယ် နေထိုင်ပါရအောင် မစကြည့်ရှုတော်မူပါမည့် အကြောင်းကို သမ္ဗန်နှစ်စင်းဘွင် အထူးထူးသော အုပ်မျိုးထည်မျိုး လက်ဆောင်တော်အများဘင်၍ လာရောက် ဆက်သသောကြောင့် ဟိုင်းကြီးကျွန်း-မော်

တင်ကရစ်သို့ တိုက်လှေသုံးဆဲ့ခုနစ်စင်း၊ တပ်မှူးတို့ကိုခန့်၍ ချိပ်တံဆိပ် ဂုံဇရတ် အိတ်နီသွတ် အမိန့်တော်စာနှင့် အစောင့်အနေ သွားရသည်၊ သန်လျင်ကင်းကိုယည်း ရန်ကင်းစံရာ သမုတ်တော်မူသည်။

ရန်ကင်းစံရာကသည် ပြည်မြို့သို့ ကိုးစခန်းနှင့် ရောက်တော်မူသည်၊ နန္ဒရာဇသင်္ကြံကို ပြည်မြို့ဝန်ခန့်တော်မူ၍ သက္ကရာဇ် (၁၁၁၇) တထောင့်တရာ့တဆဲ့ခုနစ်ခု၊ ဒုတိယ ဝါဆိုလဆန်း ၄ ါးရက်၊ တနင်္ဂနွေနေ့၊ ပြည်မြို့က ဆန်တော်မူသည်၊ ကိုးစခန်းနှင့်ပုဂံညောင်ဦးသို့ ရောက်တော်မူသည်၊ ရွှေစည်းခုံဘုရားရှင်ကို ဖူးမြင်ပူဇော်တော်မူပြီးမှဆန်တော်မူ၍ လေးစခန်းနှင့် ရကနာပူရသို့ရောက်တော်မူသည်၊ဒုတိယဝါဆိုလပြည့်ကျော် ခြောက်ရက်၊ အင်္ဂါနေ့ ရတနာပူရကစုန်တော်မူလျှင် ထိုနေ့ ကျောက်မြောင်းသို့ ရောက်တော်မူသည်၊ ကျောက်မြောင်းတွင် နှစ်ရက်စံတော်မူပြီးမှ ဒုတိယ ဝါဆိုလပြည့်ကျော်ရှစ်ရက်၊ကြာသပတေးနေ့၊ ရတနာသိဃ်နေပြည်တော်သို့ရောက်တော်မူသည်။

## ရန်ကုန်မြို့ရှိ မြန်မာတပ်ကို တလိုင်းတို့တိုက်ရာ မအောင်မြင်ဘဲ ဆုတ်ခွာရပုံ

ယိုအခါ ဟံသာဝတီဘုရင်က မြန်မာမင်းသည် ဒဂုန်မြို့မှာ အစောင့်အနေခန့်၍ ဆန်လေပြီဟုကြားလေလျှင် ဒဂုန်မြို့တွင်အစောင့်အနေ ထားခဲ့သမျှ မြန်မာတို့ကို တယောက်မကျန် ဖမ်းယူရမည်ဟု တိုက်လှေကြီး ခုနစ်ရာကျော်၊ သမ္ဗန် ၄ ါးဆယ်၊ သင်းဘောခုနစ်စင်းများနှင့် စစ်သူကြီး ဒလပန်းကို ရေကြောင်းက ရုံစေသည်၊ မြင်းတထောင်ကျော် စစ်သည်သူ့ရဲ တသောင်း ၄ ါးထောင်ကျော်နှင့် မတ္တရာ ဗိုလ်ပယ်ကျော် ကိုလည်း ကြည်းကရုံစေသည်။ ။စစ်သူကြီးဒလပန်းလည်း ရေကြောင်းကတိုက်လှေကြီး ခုနစ်ရာကျော်၊ သမ္ဗန် ၄ ါးဆယ်၊ သင်းဘော ခုနစ်စင်းနှင့် ဗိတ်အောင်ရုံ၍ ဒီရေတက်တိုင်း သင်းဘောထက်က အမြောက်စိန်ပြောင်းအညံ့မစဲ တပ်တွင်းသို့ပစ်လွှတ်သည်၊ ကြည်းကြောင်းက မတ္တရာဗိုလ်ပယ်ကျော်လည်း မြင်း တထောင်ကျော်,စစ်သည် သူရဲတသောင်း ၄ ါးထောင်ကျော်နှင့် ဂိတ်အောင်ရုံပြီးလျှင်ပစ္စင်ထက်အမြောက်စိန်ပြောင်းတင်၍ အညံ့မစဲ တပ်တွင်း သို့ချည်း ပစ်လွှတ်သည်၊ ဤသို့ ကြည်းတပ် ရေတပ် များက အမြောက်, စိန်ပြောင်းနှင့် တပ်တွင်းသို့ချည်း ပစ်လွှတ်လေသည် များလှသောကြောင့် တပ်တိုင်များ ကျိုးပျက်ချေ၍ တပ်တွင်းသားတို့ အကွယ်

အကာ အခိုအမှီနှင့်ချည်း နေရချေသည်။ ယင်းသို့သော်လည်း ဗိုလ်မှူး တပ်မှူး သူရဲသူခက် အပေါင်းတို့ အကြောက် အရွံ့မရှိ၊ ကျီးပဲ့ပျက် စီးသည့် တပ်တိုင်များကိုသာ အစားစိုက်စေပြီးလျှင် တပ်ထိပ်သို့ သူရဲသူ ခက်တို့ကိုတင်၍ အခိုင်နေကြ၏။

ယင်းသောအခါ စစ်သူကြီးဒလပန်းက မင်းလှမင်းခေါင်သို့ စေသည် ကား····ရာမညစသော တိုင်းကြီးပြည်ကြီး ထီးဆောင်းမင်း အပေါင်းကို အစိုးရတော်မူသော ဟံသာဝတီ ရွှေနန်းသခင် ပါရမီရှင် မင်းတရား ကြီးဘုရား ရွှေစက်တော်စုံကို အမြဲဦးထိပ်ရွက်ဆင် စီရင်ရသော အရေး ရှင် စစ်သူကြီးမင်းများ ကြားလိုက်သည် မြန်မာဗိုလ်မင်း တပ်မင်းတို့- ဘောင်းနင်းမလစ်တွင်တကြိမ်, သန်လျင်တွင်တကြိမ်, စစ်ပျက်ချက်နာလှ သောကြောင့် မြန်မာမင်း နှလုံးစိတ်ဝမ်းငယ်သည်နှင့် ကိုယ်တို့ တစုကို ပစ်ထားခဲ့၍ ပြန်သွားတော်မူလေပြီ၊ ကိုယ်တို့တစုမှာ စင်ကူစစ်ထောက် လည်း မရှိ၊ တပ်တွင်းတွင်မျှလည်း တည်တည်ရပ်ရပ် မနေနိုင်၊ အလွန် ကျဉ်းမြောင်းလျက် ယွက်၍သော်လည်း မတိုက်ဝံ့၊ အရေးသော်လည်း မဆို၊ တပ်လုံးအနစ်ခံ၍ နေကြသည်မှာ ထီးဖြူဆောင်းချင်း မင်းကေရာဇ် နှစ်ပါးတွင် ဗိုလ်မှူးတပ်မှူးအချုပ်အကိုင်ပြု၍ အရေးကို စီရင်ရသသူချည်း ဖြစ်ကြသည်ကိုထောက်၍ မင်းများ ထွက်ခွာလိုလျှင် လမ်းပေးမည်-ဟု စေလာ၏။

စာကို မင်းလှမင်းခေါင်စသော ဗိုလ်မှူးတပ်မှူးတို့ကြားလျှင် ပြန်လိုက် သည်ကား····ရာမညတိုင်း တလိုင်းသုံးရပ်နှင့်တကွ သုနာပရန္တစသော တိုင်းကြီးပြည်ကြီး ထီးဆောင်းမင်းအပေါင်းတို့ကို အစိုးရတော်မူသော ရတနာသိဃ်ကုန်းဘောင်ရွှေပြည်ကြီးသခင် ဆင်ဖြူ,ဆင်နီ, ဆင်ကျားများ အရှင် လက်နက်စကြာသခင် ဘဝရှင် အလောင်းမင်းတရားကြီး ဘုရား ရွှေဘဝါးတော်မြတ်အောက်တည်းဟူသော စကြာတော်စုံကို ခိုလှုံထမ်း ရွက်ရသော စစ်သူကြီးမင်းများ မှာလိုက်သည် ဗိုလ်မင်းတပ်မင်းတို့-ဘဝ ရှင် အလောင်းမင်းတရားကြီးဘုရား ရွှေဘုန်းတော်တောက်၍ မြန်မာ နှင့်တလိုင်းတို့ စစ်ရေးပြုကြရာ တကြိမ်တခါမျှ တလိုင်းတို့ တည်တံ့ရပ်နေ နိုင်ဘူးသည်မရှိ၊ သို့ကိုစင်လျက် ဘောင်းနင်းမလစ်တွင်တကြိမ်, သန်လျင် တွင်တကြိမ် တည်တံ့ရပ်နေနိုင်လေသည်ကိုထောက်လျှင် မြန်မာတို့နှလုံး စိတ်ဝမ်းငယ်လိမ့်မည်ပင် ထင်မှတ်လောက်ပေ၏။ သို့ရာတွင်မူကား မင်း များသွားလိုလျှင် လမ်းပေးမည်ဆိုသည်မှာ ဟံသာဝတီအရေး မပြီးသေး

သည်ကို ငါတို့နှင့်တန်စေဟု လွှဲအပ်တော်မူခဲ့သည့်အတိုင်း ကံမည်ထင်၍ ယုံတော်မူသည့်နှင့်အညီ ဟံသာဝတီကို အလိုတော်ပြည့်မှ ပြန်သွားမည်၊ ငါတို့အရေးရှင် ရှစ်ဦးသားရပ်ခံသည်ကို ရာမညကိုင်းတလိုင်းသုံးရပ်လုံး မာရ်နတ်စစ်သည်ကဲ့သို့ ဆယ်နှစ်ပင်ရံသော်လည်း ငါတို့ကို လှုပ်ရှားနိုင်မည်မဟုတ်၊ သို့ရာတွင် ဗိုလ်မင်း တပ်မင်းများက တပ်သို့ကပ်၍သော်လည်း မတိုက်လှာ၊ ခွာ၍သော်လည်း မသွားဝံ့၊ အဝေးကနေ၍စန္ဒေချောက်၏သို့ အမြောက်,စိန်ပြောင်းနှင့်သာ ပစ်ခတ်၍ရံလေသောကြောင့် အရေးထောင်လွှားလိမ့်မည်အမှတ်ရှိ၍သာ ငါတို့ မထွက်မတိုက်နေသည်။ သည်တခါ ငါတို့က ထွက်၍တိုက်တော့မည်၊ ခံနိုင်အောင်သာကြိုး၍ခံလေ၊ ငါတို့စစ်သူကြီးသဘောကား ဆင်ချင်း,မြင်းချင်းတွေ့ကြသည့်ကာလ သူကြို့ကြို့ခံသည်ကို နိုင်လိုက်ရမှ စိတ်ဝမ်းပြေသည်၊ ကြို့ကြို့ကားမခံ၊ ယမန်များကကဲ့သို့ ဆုတ်ခွာ လွှယ်မည်ကိုသာ စိုးသည်။ စင်စစ်သော်ကား သူကြောက်၍ ပြေးလေသည်ကိုလည်း နှိပ်စက်လိုသော သဘောမရှိ၊ ထွက်ခွာလိုလျှင် ယခုကပင် ထွက်ခွာလေတော့-ဟု မှာလိုက်၏။

စာကို ဒလပန်းကြားလျှင် မြန်မာဗိုလ်မှူးတို့ကား လက်ရေးသာဟော့ရမ်းကြွားဝါသည်မဟုတ်၊ နှုတ်ရေးလည်း ဟော့ရမ်းကြွားဝါသည်။သည်ခါသော် ဒဂုန်တပ်ကို ကြည်းတပ် ရေတပ် နှစ်ဘက်ညှပ်၍ ယန္တရားဝသို့ရောက်သောကြိဖတ်ကိုကဲ့သို့ သိသိညက်ညက် ကြေအောင် တိုက်မည်။ အရေးရှင်ဆိုသူ ဗိုလ်မှူးရှစ်ဦးသားတို့သည် မြေကိုသော်လည်းလျှိုး၍ မိုးကိုသော်လည်း ပျံနိုင်သည်ဖြစ်မှ ငါတို့လက်က လွတ်ရမည်ဟု ကြုံးဝါးပြီးလျှင် စစ်သူကြီးဒလပန်း,မတ္တရာ ဗိုလ်ပယ်ကျော်တို့ ကြည်းကြောင်း ရေကြောင်း ရန်ကုန်မြို့ထက်ကိုတက်မည် ချဉ်းလာသည်ကို မင်းလှမင်းခေါင်သေနတ်စွဲ သူရဲတထောင်,လှံမစွဲသူရဲ တရာကျော်,ဓားစွဲသူရဲနှစ်ရာကျော်,တင်ကျည်းစွဲ သူရဲလေးရာကျော်နှင့် ရေတပ်ကိုတိုက်မည်၊ မြို့တောင်တံခါးကိုထွက်၍ ကြိုနှင့်၏။ မင်းကျော် စည်သူလည်း မြင်းတထောင်ကျော်,သေနတ်စွဲသူရဲသုံးထောင့်ငါးရာ, လှံမစွဲသူရဲငါးရာ, တင်ကျည်းစွဲသူရဲငါးရာနှင့် မြို့မြောက်တံခါးကိုထွက်၍ ကြည်းတပ်ကိုတိုက်သည်၊ တလိုင်းတို့လည်း ဆီးကြို ပစ်ခတ်သည်၊ သေနတ်စွဲ သူရဲတို့လည်း အလေး အစားအကြောက်အရွံ့မရှိ၊မလွတ်ရအောင်ပစ်ခတ်သည်၊ တလိုင်းတို့အထိအပါးများလှသောကြောင့် စစ်မျက်နှာညှိုးလျှင် မြင်းတထောင်ကျော် လက်ဝဲလက်ယာကထွက်၍ ပုံသို့ချည်း လွှတ်ကာဆိုးသည်၊ တလိုင်းတို့တပ်အကွဲ

ကွဲရှိလျှင် လှံစွဲသူရဲ, ဓားစွဲသူရဲ, တင်ကျည်းစွဲ သူရဲတို့လည်း အသက်ကို စွန့်၍ တဟုန်တည်း ထိုးခုတ်ရိုက်နှက်ကြသည်၊ သေနတ်စွဲ သူရဲတော်တို့လည်း အချက်ချင်းစပ်အောင် ပစ်ခတ်၍လိုက်သည်၊ တလိုင်းတို့ မြောက်မျက်နှာရံတပ် ပျက်လေ၏၊ မြောက်မျက်နှာရံတပ် ပျက်လျှင် မင်းကျော်စည်သူတို့က အရှေ့မျက်နှာ တလိုင်းတို့တပ်ကိုလှည့်၍တိုက်သည်၊ ပျက်ပြန်လေ၏၊ အရှေ့မျက်နှာ, မြောက်မျက်နှာကရံသည့် ကြည်းတပ်အလုံးပျက်လေလျှင် ဗိုလ်ချုပ်ပြုသူ မဏိရာဗိုလ်ပယ်ကျော်နှင့် တလိုင်း ဗိုလ်မှူးတပ်မှူး တို့ အပြင်းခွာ၍ ထွက်နိုင်လေ၏။

တောင်မျက်နှာ ရေတပ်မှာလည်း လှေကတက်၍ တပ်သို့ချဉ်းလှာသမျှ တလိုင်းတို့ကို မင်းလှမင်းခေါင်ကွပ်၍ လက်နက်စွဲသူရဲတို့ တဟုန်တည်း လိုက်၍ ထိုးခုတ်ပစ်ခတ်သည်၊ စစ်သူကြီးဒလပန်းလည်း လှေကတက်၍ ကွပ်သည်ကို မင်းလှမင်းခေါင်က ဒလပန်း-တလိုင်းမင်းတွင် စစ်သူကြီး သူရဲကောင်းဆိုသည် မခွာလွယ်နှင့်၊ ခံနိုင်အောင် လှလှခံလေဆိုပြီးလျှင် မင်းလှမင်းခေါင်လက်ဝဲဘက်ကလှံသုံးစင် းသက်ယာဘက်က လှံတစင်းကို ကိုင်၍ ဒသပန်းကို အရယူမည်လိုက်သည်၊ ဒလပန်းလည်း မင်းလှမင်း ခေါင်လှံချက်ကို ဘောင်းနင်းခလစ်ကပင် သိရင်းဖြစ်သည်နှင့် မိမိသူရဲ တို့သည်း မဆည်နိုင်အောင် ပျက်လေသောကြောင့် ခံသော်လည်း မခံနိုင် ရာဟု လှေသို့ပြေးတက်၍ခွာခင်လေသောကြောင့် လွတ်လေ၏၊တလိုင်းတို့ ရေတပ်အလုံး ကြည်းကသည် လှေသို့ချည်းတက်၍ အပြင်း ခွာလေ၏၊ သင်းဘောခုနစ်စင်းလည်း ကျောက်ဆူးကြိုးကို ဖြတ်၍ အလျှင်ဆွဲငင်ခွာ သည်တွင် ကျရေနှင့်ကြုံသည်ဖြစ်၍ ခွာနိုင်လေ၏။

မင်းလှခင်းခေါင်, မင်းကျော်စည်သူ တို့လည်း တလိုင်းတို့က ကြည်း ရေ အင်အားကြီးလှသောကြောင့် ခွာ၍ အဝေးမလိုက်, ရလိုက်သည့်လှေ တရာကျော်, အမြောက်ငါးဆယ်, သေနတ် ငါးရာကျော်, သုံ့လူသုံး ထောင့်နှစ်ရာကျော်များကိုသာ သိမ်းယူ၍ ရန်ကုန်မြို့တွင် ရပ်နေမြဲရပ်နေ ကြ၏။

### တလိုင်းတပ်ကြီး ၅-တပ် ဝန်းရံသည်ကို သေနတ်ဝန် တိုက်ခိုက်၍ အောင်မြင်ခြင်း

ထိုအခါ ဘဝရှင်အလောင်းမင်းတရားကြီး ဘုရားလည်း ရတနာသိင်္ဃ သို့ရောက်ခတော်မူလျှင် ရှမ်းပြည်သို့ စေတော်မူသည့် မင်းလှမင်းခေါင်

ကျော်ကို ခေါ်တော်မူ၍။ ။မင်းလှမင်းခေါင်ကျော်လည်း ရှမ်းပြည်တလွှား စော်ဘွားမြို့စားတို့ကို သစ္စာတော်ပေးပြီးလျှင် တရုပ်ဥတည်ဘွားကအင်းဝမင်းကိုဆက်ရန် မိုင်းလုံးကတ္တီပါ ဇာဖျင်မှစ၍အထူးထူးသောထည်မျိုး အုပ်မျိုး ရွှေထည် ငွေထည်များနှင့် ကျိုင်းတောင်မြို့သို့ ရောက်လာသည်၊ အဝမြို့ပျက်ကြောင်းကို ကြားသည်နှင့် သံတို့ကျိုင်းတောင်မြို့တွင်ရပ်နေရှိနှင့်သည်ကို သံတို့နှင့် အသင့်အတင့် ပြောဆို၍ တရုပ်ဥတည်မင်းက ဆက်သည့် အထူးထူးသော လက်ဆောင်များကို ဆောင်ယူပြန်လာခဲ့၍ ခြေတော်ဦးခိုက် ဆက်သပြီးလျှင် ရှမ်းပြည်တလွှား စော်ဘွားမြို့စားတို့ သစ္စာတော်ကို ခံ၍ အရေးတော်ပြီးကြောင်းကို လျှောက်သည်တွင်အားရတော်မူသောကြောင့် သေနတ်ဝန်ကို လက်တော်နှစ်ဘက်တွင်ဝတ်တော်မူသည့် ယက်ကောက်ကို ဆုပေးတော်မူသည်၊ မဟာသေနာပတိဟူသော အမည်ကိုလည်း ပေးတော်မူ၍ တိုက်လှေကြီး တရာကျော်, စစ်သည်သူရဲ ငါးထောင်ကျော်နှင့် ဝါခေါင် လကပင် ရန်ကုန်သို့ ချီနှင့်ရသည်။ ။သေနတ်ဝန် မဟာသေနာပတိလည်း ရန်ကုန်သို့ရောက်လျှင်ရန်ကုန်မြို့တွင်းသို့ ရိက္ခာအများသွင်း၍ အရှေ့မျက်နှာ မြောက်မျက်နှာများကို ကျုံးအနံ့ဆယ်တာ, အစောက်နှစ်တာ, နက်လှစွာ တူးစေသည်၊ မြို့တွင်းတွင်လည်း ရေကန်ကြီးစောက်တဆဲ့လေးတောင် ရေထွက်အောင်တူး၍ အုတ်စီရသည်။

တလိုင်းမင်းလည်း သေနတ်ဝန်ကို ဒဂုန်မြို့မှာ အနေ ထပ်လာပြန်ကြောင်းကိုကြားလျှင်ဥပရာဇာစသော ညီ သား သမက်အမတ်ဒေါဗညားတစုတို့ကိုခေါ်၍ ဤသို့ဆို၏၊ ယခုရန်ကုန်မြို့မှာ သေနတ်ဝန်ဆိုသူထပ်လာပြန်သည် ဆိုသည်၊ စစ်တို့သဘောသည် များသည် နည်းသည် မဟူ၊ တဦးကို တဦး နှိမ်နင်းနိုင်အောင် လုပ်ရည်ကြံရည်မှာသာ အကြောင်းဖြစ်သည်၊မြန်မာမင်းတွင်သူရဲကောင်းအရေးရှင်ဟူက သေနတ်ဝန်မင်းနှင့်မင်းလှမင်းခေါင်တို့ နှစ်ယောက်သာ ရှိသည်၊ ထိုနှစ်ယောက်ကို ရလျှင်မြန်မာမင်း လက်ရုံးနှစ်ဘက်ပြတ်လေတော့မည်၊ ယင်းသို့လျှင် မြန်မာမင်းကို ငါတို့ နှိပ်နင်းနိုင်လမည်၊ ယခု သေနတ်ဝန်နှင့် မင်းလှမင်းခေါင်တို့နှစ်ယောက်ကို သည်ခါသော် ရအောင်ကြိုးစား၍ ဖမ်းရမည် ဆိုပြီးလျှင်မြင်းနှစ်ထောင့်ငါးရာ,စစ်သည် တသောင်းငါးထောင်နှင့် မတ္တရာမိုလ်ပယ်ကျော်တချုပ်၊ မြင်းနှစ်ထောင့်ငါးရာ,စစ်သည် တသောင်းငါးထောင်

နှင့် လက်ယာဗိုလ်တချုပ် သည့်နှစ်ဦးမြင်းငါးထောင်,စစ်သည်သုံးသောင်း နှင့် ကြည်းကြောင်းချီလာသည်။

စစ်သူကြီး ဒေါဇွယ်ယစက်မှာ တိုက်လှေကြီး သုံးရာ့ငါးဆယ်နှင့် တချုပ်၊ စစ်သူကြီး ဒလပန်းမှာ တိုက်လှေကြီး သုံးရာ့ငါးဆယ်နှင့်တချုပ်၊ တလိုင်းမင်းသမက် စောဖြမှာ တိုက်လှေကြီး သုံးရာ့ငါးဆယ်၊သင်းဘော ခုနစ်စင်းနှင့် တချုပ်၊ သည်သုံးဦး ရေကြောင်းစစ်သည် လေးသောင်း ငါးထောင်နှင့် ချီလာသည်။

ရန်ကုန်မြို့သို့ ကြည်းကြောင်း,ရေကြောင်း အရောက်ညီကြလျှင် မတ္တရာ ဗိုလ် ပယ်ကျော်,လက်ယာဗိုလ်တို့ မြင်းငါးထောင် စစ်သည်သုံးသောင်း နှင့် ရန်ကုန်မြို့ အရှေ့မျက်နှာ, မြောက်မျက်နှာ, အနောက်မျက်နှာကို ကြည်းကြောင်းက အပိတ်ရုံသည်၊ စစ်သူကြီး ဒေါဇွယ်ယစက်, စစ်သူကြီး ဒလပန်း, တလိုင်းမင်းသမက် စောဖြတို့ တိုက်လှေကြီး တထောင်ကျော် နှင့် မြစ်တောင်ဘက် မှိုင်းတူတလျှောက် ရေကြောင်းက အပိတ်ရုံသည်။ သင်းဘောကြီး ခုနစ်စင်းမှာ ရန်ကုန်မြို့နှင့်ဆိုတည့် မြစ်လယ်ကြောတွင် ကျောက်ချ၍ သင်းဘောချင်း လှမ်းဒိုကမ်းမှီနေသည်။

သေနတ်ဝန် မဟာသေနာပတိ, မင်းလှမင်းခေါင်တို့သည်း တလိုင်း တို့ ကြည်းကြောင်း,ရေကြောင်း အားသစ်၍ အထပ်ထပ် ရုံလှာသည်ကို အတုန်အလှုပ်မရှိ၊ မြို့ထိပ်သို့သာ အမြောက်,သေနတ် သူရဲသူခက် တင်၍ အခိုင်နေ၏။ လေးရက်, ငါးရက်လောက် ရှိလျှင် တလိုင်းမင်း သမက် စောဖြတို့က ဟစ်၍ဆိုသည်ကား–မင်းလှမင်းခေါင်, သေနတ်ဝန်တို့-မြန် မာတွင် သူရဲကောင်းဆိုသည်။အဘဲ့ကြောင့် မထွက်ဝံ့သနည်း၊ယောကျ်ား ကောင်းတပြီး၊ စမ်း၍ထွက်ခဲ့လှည့်ဟု တပ်ပြင်ကဟစ်၍ ဆိုစေ၏။ ။ မဟာသေနာပတိနှင့် မင်းလှမင်းခေါင်တို့ကလည်း နက်ဖြန် ငါတို့ထွက် ၍တိုက်မည်၊ နင်တို့ ပြေးပေါက်ရှာလေ၊ ပြေးလေသော်လည်း ပဲကူးတွင် ရွှေသာ၊ဘဇာကို သွားနိုင်မည်ဟုကြားအောင် ဟစ်၍ဆိုရ၏။

ယင်းသို့မှ မြင်းတထောင်ကျော်,စစ်သည်သူရဲခုနစ်ထောင်ကျော် စည်း ကြပ်၍ တပ်တွင်းက မင်းကျော်စည်သူကို နေစေပြီးလျှင် သေနတ်ဝန် မဟာသေနာပတိမှာ တိုက်လှေကြီးတရာကျော်တွင် သူရဲကောင်းအပြည့် တင်သည်။ မင်းလှမင်းခေါင်မှာလည်း တိုက်လှေကြီး တရာကျော်တွင် သူရဲကောင်း အပြည့် တင်သည်။ မိုးသောက်လျှင် တလိုင်းတို့ကလည်း

တလိုင်းမင်းသမက် စောဗြ တိုက်လှေကြီးသုံးရာကျော်နှင့် နောက်ကယို့၍လိုက်သည်။ စစ်သူကြီး ဒေါဇွယ်ယစက်မှာ တိုက်လှေကြီး သုံးရာကျော်နှင့် လက်ဝဲကယွန်း၍ တက်လာသည်။ စစ်သူကြီး ဒလပန်းလည်း တိုက်လှေကြီး သုံးရာကျော်နှင့် လက်ယာကယွန်း၍ တက်လာသည်ကိုမြင်လျှင် သေနတ်ဝန် မဟာသေနာပတိ လှေတရာကျော်နှင့် အဆုတ်အဆိုင်းမရှိ လက်ဝဲကယွန်း၍ တက်လာသော ဒေါဇွယ်ယစက်လှေတပ်ကိုတိုက်သည်၊ မင်းလှမင်းခေါင်လည်း လှေတရာကျော်နှင့် လက်ယာကယွန်း၍ တက်လာသော ဒလပန်းလှေတပ်ကိုဝင်၍ တိုက်သည်။ ဒလပန်း, ဒေါဇွယ်ယစက်တို့ လှေခုနစ်ရာကျော်လည်း အထိအပါး အရှုအနခံ၍ ထိုးပစ်သည်ကို သေနတ်ဝန် မဟာသေနာပတိ မင်းလှမင်းခေါင်တို့ ရဲမက်တော် လှေသုံးရာသားတို့ အကြောက်အရွံ့မရှိ၊ လှေချင်းယှဉ်ကာ ထိုးခုတ်ပစ်ခတ်သည်တွင် မခံနိုင်၍ ရေလည်းကျသည်နှင့် စစ်သူကြီးဒလပန်း, ဒေါဇွယ်ယစက်တို့ လှေခုနစ်ရာကျော် ဆုတ်လေသည်။ တလိုင်းမင်းသမက် စောဗြလည်း သင်းဘောကျောက်ဆူးကိုခုတ်ဖြတ်၍ လှေသုံးရာကျော်နှင့် ဆွဲငင်ဆုတ်ခွာလေသည်။ သေနတ်ဝန် မဟာသေနာပတိ, မင်းလှမင်းခေါင်တို့လည်းတလိုင်းတို့လှေတပ်သင်းဘောဆိုသမျှဆုတ်ခွာလေလျှင်မရပ်မဆိုင်းဘဲ၍ လိုက်ထပ်တိုက်လံကြသည်။ စစ်သူကြီး ဒလပန်း, ဒေါဇွယ်ယစက်, တလိုင်းမင်းသမက် စောဗြတို့ သန်လျင်ဘက်သို့ ကပ်မိလေသောကြောင့် လွတ်လေ၏။

သေနတ်ဝန် မဟာသေနာပတိ, မင်းလှမင်းခေါင်တို့တိုက်၍ လှေတပ် ပျက်သည်ကို ရန်ကုန်မြို့ထိပ်က မင်းကျော်စည်သူမြင်လျှင် အသင့်စည်းကြပ်၍ထားသည့် မြင်းနှစ်ထောင်ကျော်,စစ်သည်သူရဲ ခုနစ်ထောင်ကျော်နှင့် စည်မောင်းဘီးပြိုးလျှင် အနောက်မျက်နှာ တံခါးကထွက်၍ အနေခံကရံသည့် ကြည်းတပ်ကိုတိုက်သည်။ တလိုင်းတို့လည်း ရေတပ်ပျက်သည် ကပင် အားလျော့၍ ခံသော်လည်းမခံနိုင် ပျက်လေ၏။ အနောက်မျက်နှာ တပ်ပျက်လျှင် မြောက်မျက်နှာရံ တပ်ကို တိုက်သည်၊ ပျက်ပြန်လေ၏။ မြောက်မျက်နှာရံတပ်ပျက်လျှင် အရှေ့မျက်နှာရံတပ်ကို တိုက်သည်၊ ပျက်ပြန်လေ၏။ ။ကြည်းကြောင်းဗိုလ်ချုပ် မတ္တရာဗိုလ်ပယ်ကျော်၊ လက်ယာဗိုလ်တို့လည်း ကြည်းတပ်ရေတပ်ပျက်အားကြီးလှသည်ဖြစ်၍ မကွပ်မညှပ်နိုင်လျှင် မြင်းစီး၍ အပြင်းခွာသေသောကြောင့်လွတ်လေ၏၊ ရဲမက်တော်တို့နိုင်လိုက်သော်လည်း တလိုင်းတို့က ကြည်းတပ်ရေတပ် အင်အားကြီး ·

လှသောကြောင့် ဘိဘိစီးစီးမလိုက်ဝံ့ချေ၊ ရသမျှလှေတက်လက်နက် လူသူတို့ကိုသာ သိမ်းယူ၍ နေရ၏။

## ရတနာသိင်္ဃမြို့မှ ရန်ကုန်သို့ ချီတော်မူခြင်း

ဘဝရှင်အလောင်းမင်းတရားကြီးဘုရားလည်း မိုးရေစဲလျှင် ဟံသာဝတီ သို့ ချီမည်ကို ကြည်းက တောင်ငူကြောင်း စခန်းအထောက်အလှမ်း သင့်သည့် မြို့ကျေးရွာများတွင် မျိုးရိက္ခာအပြည့်အဝ စုပုံစေသည်၊ ရေကြောင်းစခန်း အထောက်အလှမ်းသင့်သည့် မြစ်စဉ်မြို့ကျေးရွာများတွင် လည်း မျိုးရိက္ခာအပြည့်အဝစုပုံစေ၏။ ။ကျောက်မြောင်းမြို့ရေနန်းဆိပ်တော်မှာလည်း ရတနာရွှေဖောင်တော်ကြီးမှစ၍ ဖောင်တော်, လှေတော်, လှော်ကား, သံလှေ, လက်သင်, ကတ္တူလွန်းကြိုင်, သားလှေ ငှက်လှေ, တိုက်လှေ, ဆင်ဖောင် မြင်းဖောင်အများ ပြင်ဆင်လုပ်ဆောင်ကြရသည်၊ နေပြည်တော်တွင် သားတော်အမြင့်မင်း သတိုးမင်းလှကျော်, သားတော်ဗဒုံမင်း သတိုးမင်းစောတို့နှစ်ပါးကို အလုံးအရင်းနှင့် အစောင့်အနေထားတော်မူသည်။

ယင်းသို့ စီရန်ခန့်ရန်တော်မူ၍ အလုံးစုံပြီးပြေလျှင် ကြည်းကြောင်း ချီရသည့်တပ်စဉ်ကား····ကလေးစော်ဘွား တတပ်၊ တိန်ညင်းစော်ဘွား တတပ်၊ သောင်သွပ်စော်ဘွားတတပ်၊ ထီးလင်းစော်ဘွား တတပ်၊ ယောစော်ဘွားတတပ်၊ ဗန်းမော်စော်ဘွားတတပ်၊ မိုးမြဲစော်ဘွားတတပ်၊ မိုးကောင်းစော်ဘွားတတပ်၊ မိုးညှင်းစော်ဘွားတတပ်၊ ညီတော်သတိုးသိခ်သူတပ်မနှင့် သော် တပ်ပေါင်းတဆဲ့ တတပ်တွင် ပါသည့် မြင်းနှစ်ထောင်ကျော်, စစ်သည်သူရဲ နှစ်သောင်းကျော်ကို ညီတော် သတိုးသိခ်သူကို အချုပ်ခန့်တော်မူ၍ တောင်ငူကြောင်း ဟံသာဝတီသို့ ကြည်းတပ်ချီရသည်။

ဘဝရှင်အလောင်းမင်းတရားကြီးဘုရားမှာ ရတနာသိင်္ဃနေပြည်တော်က၊ သက္ကရာဇ် (၁၁၁၇) တထောင်တရာ့တဆဲ့ခုနစ်ခု၊ တပို့တွဲလဆန်းလေးရက်၊ ဗုဒ္ဓဟူးနေ့ ကျောက်မြောင်းဆိပ်တော်သို့ ဆင်းတော်မူပြီးလျှင် တပ်ပေါင်း ဆယ်တပ်တွင် တိုက်လှေကြီး သုံးရာကျော်, စစ်သည် သူရဲ တသောင်းကျော်နှင့် မင်းလှသီရိကိုစစ်ကဲခန့်တော်မူ၍ သားတော်မြေဒူးမင်း သီရိဓမ္မရာဇာ ရှေ့ဦးချီရသည်။

လယ်တီမဏ္ဍိုင်–၂၁

ထိုနောက် တိုက်လှေကြီးသုံးရာကျော်, စစ်သည်သူရဲ တသောင်းကျော်နှင့် လက်ဝဲကုမ္ပဏီကို စစ်ကဲခန့်တော်မူ၍ သားတော်ဒိဗ္ဗဲယင်းမင်း သီရိသုခမ္ဗရာဇာချီရသည်။

ထိုနောက် တပ်မတော်မှာ တပ်ပေါင်းနှစ်ဆယ်, တိုက်လှေကြီးငါးရာကျော်, စစ်သည်သူရဲနှစ်သောင်းတွင် နေမျိုးရွှေတောင်, မင်းကျော်ရွှေတောင်တို့ကို စစ်ကဲခန့်တော်မူသည်၊ ဝင်းမှူးလေးဦး, အမတ်ကြီး လေးကျိပ်တို့သည်း သူရဲစီးဘိုက်လှေလက်ပြည့်နှင့် လက်နက်ပြောင်း သေနတ်စီစဉ်ခင်းကျင်း၍ ရတနာ့ရွှေဖောင်တော် လက်ဝဲလက်ယာ ရှေ့နောက်ဝန်းကျင်ခြံရံလျက် လိုက်ရသည်။

ဘဝရှင် အလောင်းမင်းတရားကြီး ဘုရားမှာ ရတနာ့ရွှေဖောင်တော်ကြီးဝယ် ထီးဖြူကနက္ကဒဏ်ဖြန့်လျက် သိကြားမင်းကဲ့သို့သော ကြက်သရေတော်ဖြင့် တင့်တယ်စွာစံပယ်တော်မူ၍ ရွှေလောင်းလက်ပြည့်ရှစ်စင်း ငင်စေပြီးလျှင် လက်ရွေးကြီးလှော်ကားတော်, လက်သစ် လှော်ကားတော်, ပြည်လုံးအံ့လှော်ကားတော်, ပြည်လုံးကျော် လှော်ကားတော်,ပြည်လုံးရလှော်ကားတော်, သူရာငါးကြိမ်း လှော်ကားတော်, ကိန္နရာ လှော်ကားတော်, ကိန္နရီ လှော်ကားတော်, ထွက်တိုင်းရ လှော်ကားတော်, စက်နရဲ လှော်ကားတော်, ရွှေတံငါလှော်ကားတော်, ဘုန်းတော်နိုင်ငံလှော်ကားတော်, အင်းမလှော်ကားတော်, စစ်လျှင်ကောင် လှော်ကားတော်,ပွဲလုံးတင်လှော်ကားတော်, တွေ့တိုင်းအောင် လှော်ကားတော်, ပွဲကိုင်းအောင်လှော်ကားတော်, မြစ်တွင်းရန်နိုင် လှော်ကားတော်, သူရဲတုလွှာလှော်ကားတော်, တွေ့တိုင်းဝင် လှော်ကားတော်,သံလွင်ဖြူ လှော်ကားတော်,ဇင်းမယ်အင်းမလှော်ကားတော်,ပြည်အင်းမလှော်ကားတော်, ငြိတရော်လှော်ကားတော်, သမြူးလှော်ကားတော်,သာရဗိမာန်, သာရကာ,ကမကော်,အိဘင်း,ရန်နိုင်,ပွဲတိုင်းကျော်, မင်းတရားစက်ကြီး,သုံးလူ,ပူဇော်,နဝရော,သက်န်းနက်, လင်းဇင်း,ပသုံ, အဇလုံ,ပြည်ကုံး,သယောင်း, ဂဂ်ါဒေဝယ,သရဘတ်, သောကဗိမာန်,ဒွါလောင်း, သူဝ,ရမ္မထံသု,မနုသီဟ, နာဂဒေဝ, မဟာပါသာဒ, လှော်ကား, လက်သင်,သမ္ဘန်,သတ္တဒါန်, ကူရှပ်,ဇလာကပင်,ဇီဝဇိုး, လွန်းကျင်, ကတ္တူ, ပဒ္ဓရှုပဖောင်, သတ္တရှုပဖောင်,ဒသရှုပဖောင်,ဒွါဒသရှုပဖောင်,အထောင်မကသောဖောင်တော်, လှော်ကားတော်, သားလှေ,ငှက်လှေ,ရွှေလှေ, ရွှေလောင်း, တပ်ပေါင်းလေးဆယ်၊ စစ်သည်သူရဲလေးသောင်းနှင့် သက္ကရာဇ်(၁၁၁၇) တထောင့်

တရာ့တဆဲ့ခုနစ်ခု၊ တပို့တွဲလဆန်းခုနစ်ရက် စနေနေ့ ကျောက်မြောင်းဆိပ်တော်က ကြည်းကြောင်း,ရေကြောင်း ဗိုလ်ခြောက်သောင်းနှင့် ချီတော်မူသည်။ ထိုနေ့ ရှိမ္ဗကားတွင် အောင်တပ်တော်သမုတ်၍ စခန်းစံတော်မူသည်။ ထိုကမှ ရတနာပူရ အဝမာန်အောင် တံခါးပြင်၊ ဘုန်းတော်ဖြစ် ကျွန်းတွင် စခန်း စံတော်မူသည်။ ထိုကမှ ဆင်တပ်ရွာတွင် အောင်တပ်သာသမုတ်၍ စခန်းစံတော်မူသည်။ ထိုကမှ ပြင်ဦးရွာတွင် လေသာကျွန်းသမုတ်၍ စခန်းစံတော်မူသည်။ ထိုကမှ ချောင်းပေါက်ရွာတွင် မာန်အောင်ကျွန်းသမုတ်၍ စခန်းစံတော်မူသည်။ ထိုကမှ ညောင်ဦးတွင် ဘွယ်ကျွန်းသမုတ်၍ စခန်းစံတော်မူသည်။ ထိုတွင် ရွှေစည်းခုံဘုရားရှင်သို့ တက်တော်မူ၍ ရွှေထီး,ရွှေတံခွန်စသော အထူးထူးသော ပူဇော်တော်ပွဲဘို့ဖြင့် ပူဇော်တော်မူပြီးလျှင် ကိုယ်တော်မြတ်မှစ၍ သားတော်ညီတော် မှူးတော် မတ်တော်တို့နှင့် လက်ယာလှည့်လျက် နဝဂုဏ်ကိုးပါးကို တထောင်ပြည့်အောင် ရွတ်ကြဲရသည်။ ထိုကမှ တပို့တွဲလဆန်းတဆဲ့သုံးရက်နေ့ ချီတော်မူ၍ ပုခန်းငယ်မြို့တွင် မော်ကွန်းတပ်တော် သမုတ်၍ စခန်းစံတော်မူသည်။ ထိုကမှ ရေနံချောင်းမြို့တွင် ဆိပ်သာသမုတ်၍ စခန်းစံတော်မူသည်။ ထိုကမှ မလွန်မြို့တွင် အောင်မြေစံမှတ် သမုတ်၍ စခန်းစံတော်မူသည်။ ထိုကမှ မြစ်ကိုင်းတွင် အောင်မြေစံဘုံသမုတ်၍ စခန်းစံတော်မူသည်။ ထိုကမှ ကာမမြို့တွင် ရန်နိုင်စံဘုံသမုတ်၍ စခန်း စံတော်မူသည်။ ထိုကမှ ပြည်မြို့ စံနန်းတော်တွင် ရန်မျိုးနိုင်တပ်တော်သမုတ်၍ စခန်းစံတော်မူသည်။ ခုနစ်ရက်စံတော်မူပြီးလျှင် ဖောင်တော်ဦး စေတီ, ရှင်ပင်နေရစ် စေတီတို့ကို ချရားသီးကသည် မြေတိုင်အောင် ရွှေထည့်တော်မူပြီးလျှင် ရွှေထီးအထွတ်တင်လှူတော်မူသည်။ ပြည်မြို့ ဆံတော်ရှင်ကိုသည်း ရွှေလုံးတော်ပြည့် ထည့်တော်မူသည်၊ ထိုစခန်းတွင် တောင်ငူကြောင်း ချီစေသည့် ညီတော် သတိုးသိခ်သူတပ်သို့လည်း လက်နက်ကိုင်တထောင် ထပ်ဖြည့်တော်မူသည်။

တပေါင်းလဆန်းသုံးရက် ဗုဒ္ဓဟူးနေ့ ပြည်မြို့ကချီတော်မူ၍ တက်သစ်ရွာကျွန်းတွင် စံရာမာန်အောင်သမုတ်၍ စခန်းစံတော်မူသည်။ ထိုကမှ မြန်အောင်မြို့တွင် စခန်းစံတော်မူ၍ မြန်အောင် ရွှေဘုံသာ စေတီတော်ကို ရွှေလုံးတော်ပြည့် ရွှေထီးအထွတ် တင်လှူတော်မူသည်။ သံဃာတော်မြတ်တို့အား ဆွမ်းစသော ပရိက္ခရာရှစ်ပါး လှူတော်မူ၍ တရားနာတော်မူသည်။ ထိုက တပေါင်းလဆန်း ငါးရက် ချီတော်မူသည့်နေ့ သေအော်

ရွာတွင် ကျွန်းလှသာသာယာသမုတ်၍ စခန်းစံတော်မူသည်။ ထိုကမှ တုံတလုပ်ဝမ်းသာကျွန်းတွင် စခန်းစံတော်မူသည်။ ထိုကမှ တကယ်ရွာတွင် ကျွန်းတော်သာသာသမုတ်၍ စခန်းစံတော်မူသည်။ထိုကမှ ရန်ကင်းစံရာသမုတ်တော်မူသည့် သန်လျင်ကင်းဝတွင် ငါးရက်စံတော်မူ၍ မော်တင်ဂရစ် ဟိုင်းကြီးကျွန်း သင်းဘောသူကြီးတို့သို့ သတင်းစာနှင့် လက်ယာထိမ်းမတ်ကို စေတော်မူသည်။ ကုမ္ပဏီကိုလည်း ဆင်တစီး မြင်းတစီး ပုယင်း သုံးဝိဿ သနားတော်မူလိုက်၏။ ။ယင်းသို့မှ ကျော်ထင်နော်ရထာကို တိုက်လှေနှစ်ဆယ်, လူငါးရာနှင့် ရန်ကင်းစံရာတွင် အစောင့်ခန့်ထားတော်မူပြီးမှ ထိုကချီတော်မူ၍ တပေါင်းလဆန်း တဆဲ့ငါးရက်နေ့တွင် ရန်ကုန်မြို့တော်သို့ ရောက်တော်မူ၏။

## ရန်ကုန်သို့ရောက်လျှင် တပ်များ စီမံစေလွှတ်၍ တလိုင်းတပ်များနှင့် တိုက်ခိုက်ခြင်း

ရန်ကုန်မြို့သို့ ရောက်တော်မူလျှင် ဗိုလ်မှူးတပ်မှူး သူရဲ သူခက်တို့တွင် ပွဲသမ်းရသသူတို့ကို အထိုက်အလျောက် ဆုပေးတော်မူ၍ မြို့စီး ပြစီးတပ်တာ ကြည်း ရေ အနေအထားကျအောင် စီစဉ်တော်မူပြီးလျှင် မင်းလှမင်းခေါင်နှင့် တိုက်လှေတရာ, ဗုဇ္ဇန်တောင်တွင် စောင့်နေရသည်။ မင်းကျော်စည်သူနှင့် တိုက်လှေတရာ သန်လျင်စွန်းတွင် စောင့်နေရသည်။ ။ ရန်ကုန်မြို့ ကုလားပျိုအစု, ရွှေဘဝါးတော်အောက်ပါ ကုလားပျိုအစုကို ရွေးချယ်စီစစ်တော်မူ၍ ရသည့်လူပေါင်းငါးဆဲ့ငါးကိုလည်း တပေါင်းလပြည့်ကျော်တရက်နေ့ သိရိမင်္ဂလာရတ်သွေးသောက် ဖွဲ့တော်မူသည်။

တပေါင်းလပြည့်ကျော် နှစ်ရက်နေ့တွင် မင်းလှမင်းခေါင်တို့က မော်ဝန်းတွင်ရသည့် လှေငါးစင်းနှင့်တင်၍ စပါးဆက်လှာသည်။ နောက်မဟာသေနာပတိကို ဒနုတ်ကင်းကလှည့်၍ ပတ်လည် မြို့ကျေးရွာများတွင် စပါးအများရအောင် သိမ်းယူရမည် ခန့်တော်မူသည်။ မဟာသေနာပတိလည်း လူငါးထောင်နှင့် စပါးအများ သိမ်းယူဆက်သွင်းပြီးမှ သေနတ်ဝန် မဟာသေနာပတိကို တိုက်လှေကြီးတရာကျော်နှင့် ဒလစွန်းမှာ ထားတော်မူသည်။

ထိုသို့ ရေတပ်သုံးတပ်ထွက်၍ နေလှာသည်ကို သန်လျင်မြိုင်တွင်းက နေသည့် တလိုင်းမင်းညီ ဗညားဒလသိလေလျှင် သင်းဘောကြီး ခုနစ်စင်းချားတွင် အမြောက်ကြီး စီစဉ်ကာတင်၍ တိုက်လှေကြီးငါးရာကျော်

နှင့် ဒလစွန်းတွင်နေသည့် သေနတ်ဝန် မဟာသေနာပတိတပ်ကိုတိုက်လှာသည်။ သေနတ်ဝန် မဟာသေနာပတိလည်း အကြောက်အရွံ့မရှိ၊ လှေတရာကျော်နှင့် ထွက်၍တိုက်သည်။ လှေတပ်ချင်းဆိုင်၍ ပစ်ခတ်မိကြလျှင် ဗုဒ္ဓနိတောင်တွင်နေသည့် မင်းလှမင်းခေါင်လည်း လှေတရာကျော်နှင့် လက်ဝဲကဖြတ်၍တိုက်သည်။ သန်လျင်စွန်းတွင်နေသည့် မင်းကျော်စည်သူလည်း လှေတရာကျော်နှင့် လက်ယာကဖြတ်၍တိုက်သည်။ ထိုသို့ စစ်သုံးကြောင်း အကြောက်အရွံ့ အဆုတ်အဆိုင်းမရှိဝင်၍ ပစ်ခတ်ထိုးခုတ်ကြလေလျှင် တလိုင်းတို့လှေတပ် မခံမရပ်နိုင်၊အကွဲကွဲရှိသည်နှင့် သင်းဘောကြီးများကိုသာ ဆွဲငင်၍ သန်လျင်မြို့ဘက်သို့ အပြင်းဆုတ်ခွာလေ၏။

ဘဝရှင် အလောင်းမင်းတရားကြီး ဘုရားသည်း မင်းငယ်ကျော်စွာ, လက်ဝဲကုမ္မာရ်, ဂါမဏိကျော်သူတို့ကို မြင်းနှစ်ရာ,သုံးရာ၊ လှေနှစ်ဆယ်, သုံးဆယ်၊ သေနတ်စွဲသူရဲ လေးရာ, ငါးရာစီ ပေးအပ်ပြီးလျှင် ကြည်းကြောင်း ရေကြောင်း အန္တံ့အစပ် စစ်လျှင်လွှတ်၍ သန်လျင် ဒလစသော ပဲခူးမြစ်တောင်ဘက်, မြောက်ဘက်အစွန်အနား မြို့ကျေးရွာများကို မီးထင်း တိုက်ရှို့ဖျက်ဆီး၍ သုံ့ပန်းလူသူ ဖမ်းယူစေသည်။ သားတော်နှစ်ပါးကလည်း လှေသုံးဆယ်တစု၊ လေးဆယ်တစု၊ အသွယ်သွယ်အဝဝ ရေကြောင်းစစ်လျင်လွှတ်၍ ဖျက်ဆီးဖမ်းယူစေ၏။ ။ပဲကူးက ရိက္ခာတင်လှေကြီးရှစ်ဆယ်တွင် ဆန်စပါးအပြည့်တင်၍ သန်လျင်မြို့တွင်းသို့ ရိက္ခာသွင်းမည်လာရာ ဘော့ချောင်းဝတွင် သားတော်နှစ်ပါးက စစ်လျင်လွှတ်သည့်လှေနှစ်ဆယ်ကျော်နှင့် တွေ့၍ တိုက်ကြသည်။ တလိုင်းတို့မခံနိုင်၍ လှေကဆင်းပြေးလေလျှင် ရိက္ခာတင်လှေကြီး ရှစ်ဆယ်၊ ဆန်စပါးအပြည့်နှင့် ရလိုက်၏။

သက္ကရာဇ် (၁၁၁၈) တထောင့်တရာ့တဆဲ့ရှစ်ခု၊တန်းခူးလဆန်းဆယ်ရက် အင်္ဂါနေ့၊သေနတ်ဝန် မဟာသေနာပတိကိုလည်း သန်လျင်မြို့တောင်မြေနှုန်းကန်တွင် တပ်တည်၍ နေစေ၏။ သန်လျင်မြို့တွင်းသို့ ညဥ့်ခိုးဝင်၍ ချောက်လှန့်ရမည်ဟု ဝေရကျော်သူ, နန္ဒယော်ဓာတို့ကို သူရဲခုနစ်ရာကျော်နှင့် သွားစေသည်။ မီးထည့်၍ စောင့်နေသည့် တလိုင်းငါးရာကင်းတို့နှင့်တွေ့၍ ဝေရကျော်သူ, နန္ဒယော်ဓာတို့ ချက်တဖြုတ် ထိုးခုတ်ထွင်းဖောက်၍ ဝင်သည်။ ကျုံးနင်းကြမ်းသို့ရောက်သည်တွင် တလိုင်းတို့ နင်းကြမ်းကို စက်လှည်းဘီးနှင့် နွေ့ကိုသာခင်းသည်၊ညဥ့်ကိုစက်နှင့်သိမ်းသည် ဖြစ်သောကြောင့် မကူးသာလျှင် ပြန်ခဲ့ရ၏။ ။လိုလပြည့်ကျော် တရက်

နေ့ ဂါမဏိကျော်နှင့် သေနတ်နှစ်ရာ ကျိုက်ခေါက်ဘုရားလမ်းဦး ကင်းဝ တွင်စောင့်၍ တိုက်စေသည်။ ကုလားသုံးရာကျော်သေလေ၏။ မြင်းငါး စီး,သေနတ်တရာ့ငါးဆယ်ကျော် ရတော်မူလိုက်၏။

### ဟံသာဝတီမြို့ ပန်းတိုင်တံခါးနှင့် ဆီတည့်တွင် စာဆွဲရခြင်း

ထိုသက္ကရာဇ် တန်းခူးလပြည့်ကျော်တဆဲ့တရက်နေ့ မင်းလှမင်းခေါင်, မင်းထင်နော်ရထာ, မင်းကျော်စည်သူ, ရွှေတောင်ပေါ်ထင်, လက်ဝဲ ကုမ္မာက်တို့နှင့် မြင်းငါးရာ၊ သေနတ်ရှစ်ရာကျော်၊ လက်နက်ကိုင် လူနှစ် ထောင်ကျော်နှင့် ဟံသာဝတီမြို့တံခါးတွင် ပန်းသုန်းစိုက်၍ စာဆွဲခဲ့ရ မည် အမိန့်တော်ရှိ၍ ချီရ၏။ရေကြောင်းကလည်း မင်းကျော်တန်ဆောင်, မင်းကျော်ရဲထွတ်တို့ လှေတရာနှင့်လိုက်ရသည်။ မင်းလှမင်းခေါင်တို့တပ် ဟံသာဝတီအနောက် မြစ်နားသို့ရောက်လျှင် ဟံသာဝတီဘုရင်က အသည် ဗိုလ်နှင့် မြင်းသုံးရာကျော်,ဇစ်သည် တသောင်းကျော် ကြိုနှင့်သည်ကိုတွေ့ ၍ မင်းလှမင်းခေါင်တို့လည်း မရပ်မဆိုင်း တလိုင်းတို့တပ်ကို တိုက်လျှင် အသည်းဗိုလ်တပ်ပျက်၍ တလိုင်းအများသေလေ၏။ သုံ့လူ လက်နက် လည်း အများရလိုက်၏။ ယင်းသို့မှ မင်းလှမင်းခေါင်,မင်းထင်နော်ရထာ တို့ ဟံသာဝတီမြို့ ပန်းတိုင်တံခါးနှင့်ဆီတည့်တွင် စာကိုဆွဲထားခဲ့၏။

စာကား....ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော သာသနဒါ ယကာတော်-အရိန္ဒမာလက်နက်စကြာသခင်, ဆင်ဖြူ ဆင်နီ ဆင်ကျား များသခင် ဖြစ်တော်မူသော ငါးလုံးသော တောင်ထွတ်တို့သည် အနဝ တတ်သို့ညွတ်လျက်ခစားသကဲ့သို့ သတ္တရဘ္ဘန်တောင်စဉ်ကြီးငယ်အပေါင်း တို့သည် မြင်းမိုတောင်ကို ခယမ်းသည်နှင့်အတူ အဝန်းယူဇနာ လေးရာ့ ငါးဆယ်ရှိသော ဂဠုန်မင်း၏ အား, သားတကာတို့ကို အစိုးရသော ကေသရရာဇာ ခြင်္သေ့မင်း၏ ရဲရင့်ခြင်း၊ ယမမင်း၏ သဘောကဲ့သို့ ရာဇဓမ္မဆယ်ပါး မင်းကျင့်တရား အပေါင်းတို့နှင့် ပြည့်စုံတော်မူသော ထီးဆောင်းမင်း တကာတို့ ခယမ်းရာဖြစ်သော အယုဇ္ဈပူရ မည်သော ရတနာသိင်္ဃ ကုန်းဘောင်ရွှေပြည်ကြီးကို အစိုးရတော်မူသော အသျှင် ဘဝရှင် အလောင်းမင်းတရားကြီး ဘုရား ရွှေနောက် လက်ဝဲလက်ယာ ဝန်းကျင်တော်၌ ခပ်သိမ်းသော ကြယ်အပေါင်းတို့ လပြည့်ဝန်းကိုခယမ်း· သကဲ့သို့ ပြည်သူသတ္တဝါအပေါင်းတို့ကို သာယာခြင်း၌ လမင်းကဲ့သို့ စဉ်း

လဲကွေ့လည်ကောက်ကျစ်သော တဘက်သားရန်သူ ပြည်ထောင်မင်းတို့၏ ထိပ်ထက် ခြေစုံရပ်လျက် ဘုန်းလက်ရုံးတော်အရှိန်ဖြင့် နှိမ်နင်းတော်မူလေ့ရှိသော၊ မကြည်သော ရန်သူဝယ် အထူး အားထုတ်တော် မမူပဲ တော၊တောင်၊ သမုဒြာ၊ ချောက်ကမ်း ကျောက်စစ်အိုးခြမ်း စသည့်တို့၌ မရည်မမှတ်ပဲလျက် အန္တံအစပ် ပူခလောင်သော သူရိယနေမင်းနှင့် အတူပြည်သူအပေါင်းတို့၏ အစီးအပွားကို ဆောင်တော်မူသော အသျှင်ဘဝရှင် အလောင်းမင်းတရားကြီးဘုရားသားတော် မဟာဥပရာဇာ၊မဟာသီရိဓမ္မရာဇာဘုရား၏ ကျွန်တော်မျိုးတို့ မှာထားခဲ့သည်၊ ရာမညအဝင် ပဲကူးနန်းတည်မင်း–ငါတို့အရှင့်သားတော်မဟာဥပရာဇာ၊မဟာသီရိဓမ္မရာဇာဘုရားက ပဲကူးမြို့အနေအရပ်ကို ကြည့်ချေ ကျွန်တော်မျိုး တသောင်းခန့်၍ စေတော်မူသောကြောင့် လုပ်ရည်ကြံရည် အနေအရပ်ကိုငါတို့ကြည့်ရှုမည်လာကြောင်းကို မှာခဲ့သည်။

'ဟံ'ရတိယော သဗ္ဗခနံ၊ 'သာ'မုသမ္မာ ဓမ္မော နတ္ထိ။
'ဝ'နေ ဘဝတီတိ သုညံ၊ 'တိ'ကပ္ပဂတာ စောရာ မတာ။

သက္ကရာဇ် (၁၁၁၈) တထောင့် တရာ့ တဆဲ့ ရှစ်ခု၊ တန်းခူးသပြည့်ကျော် တဆဲ့တရက်နေ့ ထန်းရွက်ရေး စာချွန်တော်ကို ဟံသာဝတီမြို့ ပန်းတိုင်တံခါးနှင့် ဆီတည့် ပန်းသုန်းတိုင်တွင် ဆွဲထားခဲ့ရသည်၊ စာကိုလက်ဝဲသုန္ဒရရေးရသည်။ ။ထိုစာတွင်ပါသည့် ဂါထာအလိုကား....ဟံ-သာ-ဝ-တီ-ဟူသော အက္ခရာလေးလုံး၊ တလုံးလျှင် တပါဒစီသွင်းသော ဂါထာတည်း။ ။ထိုဂါထာကို အနက်ဆိုသော်ကား....

ယော-အကြင်တလိုင်းသူယုတ်တို့သည်၊ သဗ္ဗခနံ-ခပ်သိမ်းသောသူတို့ မပေးသော ပစ္စည်းဥစ္စာကို၊ ဟံရတိ-ဆောင်ယူ ခိုးဝှက်တတ်၏၊ သာမုသမ္မာဓမ္မော–သူတော်ကောင်းတို့၏တရားသည်၊ နတ္ထိ-မရှိ၊ ဇာတိတသ္မာ-ထိုသို့သူတော်တရား မရှိသောကြောင့်၊ သော-ထိုဟံသာဝတီပြည်သည်၊ ဝနေဝိယ–တောကဲ့သို့၊တိကပ္ပဂတာ–ကပ်သုံးပါးဘို့သည်ရောက်၍၊သုညံ-ပျက်စီးဆိတ်ညံခြင်းသည်၊ ဘဝတိ-ဘဝိဿတိ–ဖြစ်လတ္တံ့၊ သောစောရာစ-ထိုပြည်၌ မင်းဟူ၍ သမုတ်နှင့်သော သူခိုးခေါင်းအကြီး သည်လည်း၊ မတာ-သေလတ္တံ့–ဟူလိုသည်။ ။မင်းလှမင်းခေါင် တို့လည်း ထိုစာကိုဆွဲထားခဲ့ပြီးလျှင် ရသည့်သုံ့လူသက်နက်များကိုယူ၍ ပြန်ခဲ့၏။

## အင်္ဂလိပ်က လက်ဆောင်များဆက်၍ သံရောက်လာခြင်း အလောင်းမင်းတရားကြီး ရာဇသံပြန်ပေးခြင်း

ယင်းသောအခါ အင်္ဂလိပ် ကုလားမင်းက သေနတ်လှံပါ သုံးရာ, အမြောက်ကြီး ငါးပိဿာဝင်တဆယ်,ကျည်စေ့သေတ္တာငါးလုံး,ယမ်းစည် ခုနစ်လုံးများကို ကပ္ပိတံဇံတာရတ် တို့ကို စေ၍ ပုသိမ် သင်းဘောဆိပ်က သက္ကရာဇ် (၁၁၁၈) တထောင့်တရာ့တဆဲ့ရှစ်ခု၊ ကဆုန်လဆန်းခြောက် ရက်နေ့ ရန်ကုန်နန်းတော်သို့ရောက်လာ၏၊ ဘဝရှင်အလောင်းမင်းတရား ကြီးဘုရားလည်း အင်္ဂလိပ်မင်းကစေရောက်သည့်သံကုလားတို့ကို တဲကန္တား မျိုးရိက္ခာပေး၍ ကောင်းမွန်စွာ ကျွေးမွေးထားပြီးလျှင် ကဆုန်လဆန်း ဆယ်ရက်နေ့ ရာဇသံစာ ပေးအပ်၍ ပြန်စေသည်။

ရာဇသံစာကား....ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော သုနာ ပရန္တတိုင်း, တမ္ဗဒီပတိုင်း, ကမ္ဗောဇတိုင်းစသော တိုင်းကြီးအပေါင်းတို့၌ မြန်မာပြည်, ရှမ်းပြည်, ယွန်းပြည်,ကသည်းပြည်, တလိုင်းပြည်, ရာဇဌာနီ ပြည်ကြီးထီးဆောင်း မင်းအပေါင်းတို့ကို အစိုးရတော်မူသော ပတ္တမြား, ရွှေ,ငွေ,ကြေး,သံ,ပယင်း,ရတနာတွင်းများသခင်၊ဆင်ဖြူ,ဆင်နီ,ဆင်ကျား, အရိန္ဒမာစကြာရွှေလှံရ အာဒိစ္စဝံသနေမင်း၏ အဆက်အနွယ် အဆောင် ဆောင်သော ရွှေနန်း ရွှေပြာသာဒ်သခင်ဖြစ်တော်မူသော၊ ရတနာပူရ အင်းဝပြည်ကြီးနှင့်တကွ အယုဇ္ဈပူရမည်သော ရတနာသိင်္ဃကုန်းဘောင် ရွှေပြည်ကြီးကို အစိုးရတော်မူသော အလောင်းမင်းတရားကြီး ဘုရား ချစ်ကြည်စွာ ကြားရောက်အပ်သော ဇိနပ္ပတ္တံ, ဘင်္ဂလား, ဇှက်သဒေဝိ, ဒေဝိကတ်စသော မြို့အပေါင်းတို့သည် လပြည့်ဝန်းကို နက္ခတ်တာရာ အပေါင်း ခြံရံသကဲ့သို့ ခြံရံလျက် အင်္ဂလိပ်မြို့မကို အစိုးရသော အကြည် တော်အင်္ဂလိပ်မြို့မဘုရင်-ဘေးလောင်းတော် ဘိုးလောင်းတော်တို့ လက် ထက်၊ မြန်မာမင်း အင်္ဂလိပ်မင်း အဆက်ဆက် ဖောက်ကားရောင်းဝယ် ရောက်ပေါက်ကြ၍ အလိုရှိသမျှကိုဆောင်ယူရသည်၊ကိန်းခန်းအလျောက် တလိုင်းတို့နှောင့်ယှက်ရာတွင် တလတ်တလျား မရောက် မပေါက်ရှိကြ၍ တောင့်တ၍နေသည်နှင့် အကြည်တော်နိုင်ငံတော်စွန်း မော်တင်ဟိုင်းကြီး သို့ အကြည်တော် အင်္ဂလိပ်မြို့မဘုရင်က မည်စလီပရပ်တို့ကို စေ၍ ရောက် ပေါက်လာရာတွင်မှ မေးမြန်းကြားသိရလျှင် အတိုင်းထက်အလွန် မင်း ကေရာဇ်တို့ဝယ် မြို့၏အင်္ဂါခုနစ်ပါးတွင် သခါပဟူသော ပြည်ထောင်ချင်း

အင်္ဂါတပါးသည် ဖြစ်ခဲ့သောအရာကို တွေ့ရပေတော့မည် ဝမ်းမြောက်တော်မူသည်။ အကြည်တော် အင်္ဂလိပ်မြို့မဘုရင်ကစေသူမည်စလီပရပ်တို့က ပုသိန်မြို့တွင် တိုက်ကြ သင်းဘောသွင်းထားရန် နေရာနေရပ်လိုပါသည် ရှိခိုးသံတော်ဦး တင်သောကြောင့် အကြည်တော် အင်္ဂလိပ်မြို့မဘုရင်ကစေ၍ လျှောက်ရသည်ဖြစ်သည်။ အရှည် ချစ်ကြည်ရမည်ကို ထောက်၍ ကြိုက်ရာနေထိုင်စေ၊ ပုသိန်မြို့တွင် တိုင်းတာမှတ်သား၍ ပုသိန်မြို့ဝန်ဘို့က ချပေးခစသည်၊ အကြည်တော် အင်္ဂလိပ်မြို့မဘုရင်အမှူးအမတ် ပုသိန်မြို့ဝန်တို့ မျက်နှာစုံညီ တံဆိပ်စာချွန်တော် ပေးအပ်တော်မူသည်။ ပြည်ထောင်ချင်းမင်းတို့ဝယ် မြတ်သောအဆွေခင်ပွန်းကောင်းတို့ကို မှီကြရသည်ဖြစ်မှ အလိုရှိရာ နှစ်ဦးသား ပြည့်စုံကြမည်ဖြစ်သည်။ သားတော်အစဉ်၊ မြေးတော်အဆက် မြစ်တော်အညွန့်၊ အကြည်တော် အင်္ဂလိပ်မြို့မဘုရင်ကို သားမြေးမြစ် အစဉ်ရှည်စွာ ချစ်ကြည်ကြရမည် အကြောင်းကို သက္ကရာဇ် (၁၁၁၈) တထောင့်တရာ့တဆဲ့ရှစ်ခု၊ ကဆုန်လဆန်း ဆယ်ရက်၊ စနေနေ့ ရာဇသံရွှေပေစာနှင့် ချစ်ကြည်စွာ ကြားရောက်အပ်သော အင်္ဂလိပ်မြို့မကို အစိုးရသော အကြည်တော် အင်္ဂလိပ်မြို့မဘုရင်။

ဟူသော ရာဇသံစာကို ရွှေပေနာရကာအချိန်ငါးကျပ်၊ အလျားသန် တတောင့်လေးသစ်၊ အနံသန်ငါးသစ်။ စာကြောင်းရေတဆယ်၊ ရင်းဖျား ပတ္တမြားနှစ်ရစ်စီရသည်၊ စာကို လက်ဝဲသုန္ဒရရေးရသည်။ ဇိနပွတ္တံဆိပ် စားတို့ကိုလည်း စက္ကူတွင် မင်စာရေး၍ အနားပတ်လည် ကြိုးပန်းသံနှစ် သစ်သွတ်ရသည်၊ ရာဇသံရွှေပေကို ဆင်စွယ်ကြုတ်သွတ်ရသည်။ ဆင်စွယ် ကြုတ်ကို ရွှေဖျင်အိတ်သွတ်သည်၊ ရွှေဖျင်အိတ်ကို သစ်ပွတ်ချိပ်နီတိုက် ရွှေရေးကြုတ်သွတ်သည်၊ ရွှေရေးကြုတ်ကို ဂုံဇရပ်အိတ်နီသွတ်၍ ဟင်္သာ ရုပ်တံဆိပ်တော် ခတ်မှတ်သည်။

ရာဇသံမြန်မာစာကို အင်္ဂလိပ်ဘာသာစက္ကူတွင် မင်စာရေးပြီးလျှင် မြန်မာစာတစောင်၊ အင်္ဂလိပ်စာတစောင်တွင် ချိပ်တံဆိပ်ခတ်၍ မြန်မာ စာနှင့်အတူ သစ်ပွတ်ချိပ်နီတိုက်ကျည်ပျံသွတ်ပြီးမှ ဂုံဇရပ်အိတ်နီသွတ်၍ ချိပ်တံဆိပ်ခတ်ပြန်သည်၊ အင်္ဂလိပ်မင်း အင်္ဂလိပ်ဆိပ်စားတို့သို့လည်း မြင်း လေးစီး၊ မိုင်းသုံး ရွှေဖျင်လိပ် ပေးတော်မူသည်။ လာလူဇံတာရတ်နှင့် တချဏဇ်တို၊ အစ်ကသစ်တို့ကိုလည်း မြင်းတစီးစီ၊ ဆင်စွယ်ခြောက်စီ သနားတော်မူသည်။

လယ်တီမဏ္ဍိုင်-၂၂

## ဒေါပုံတပ်ကြီးကို အောင်မြင်ခြင်း

ထိုအကြောင်းများကို ဟံသာဝတီဘုရင်ကြားလေလျှင် မြန်မာမင်းနှင့် အင်္ဂလိပ်မင်းတို့လည်း မိတ်ဖြစ်လေပြီ၊ ယခု မြန်မာတို့တပ်လည်း ငါတို့ မြို့ရင်းတိုင်အောင် ရောက်ပေါက်၍ ဆင်မြင်း,သံ့ ပန်းလူသူတို့ကို ဖျက်ဆီး ဖမ်းယူသည်၊ ရေကြောင်းဆန်တက်၍လည်း မြစ်နားတလျှောက် ဖျက်ဆီး ဖမ်းယူသည်။ သန်လျင်မြို့ပတ်လည်ကိုလည်း ကြည်းကြောင်း,ရေကြောင်း တက်၍ ဖျက်ဆီးဖမ်းယူသည်။ ငါတို့က မျိုးရိက္ခာ သွင်းစေသော်လည်း သန်လျင်မြို့တွင်းသို့ မပေါက်မရောက်နိုင် ရှိရလေသည် ဖြစ်သောကြောင့် မြန်မာဘို့ မကူးမသန်း မသွားမလာသာအောင် သန်လျင်မြို့မြောက်ဘက် ဒေါပုံအရပ်တွင် မြို့နှင့်အတူ တပ်ကြီးတပ်ခိုင်ဆီးခံရပ်နေစေရမှ မြန်မာ တို့ကျဉ်းကျပ်မည်ဟု ဈေးငယ်မိုလ်နှင့် နန္ဒဗလကျော်သူတို့ကို ဝဲကူးသား လူသုံးထောင်ကျော်နှင့် မုတ္တမသား လူသုံးထောင်ကျော်,စစ်သည် ခုနစ် ထောင်ကျော်ခန့်၍ ချီလာစေပြီးလျှင် သန်လျင်မြို့တဘက်, ဒေါပုံအရပ် တွင် တပ်ကြီးတပ်ခိုင် ဆင်ခလုတ်,မြင်းခလုတ်,ကတုတ်ရင်တား ဆူးပြောင့် အပြည့် စီရင်၍ တပ်ထိပ်ဂူလည်း အမြောက်, စိန်ပြောင်း, သေနတ်မီး ပေါက် စီစဉ်ကာ စစ်သည်အပြည့်တင်ပြီးလျှင် အခိုင်နေစေ၏။

ဒေါပုံတွင် ဈေးငယ်မိုလ်နှင့် နန္ဒဗလကျော်သူတို့ အင်ကြီးအားကြီး တပ်ခိုင်တပ်လုံတည်၍ နေလာကြောင်းကို ဘဝရှင်အလောင်းမင်းတရား ကြီးဘုရား ကြားတော်မူလျှင် မင်းလှမင်းခေါင်တတပ်၊ မင်းထင်နော်ရ ထာတတပ်၊ သူရိန်တန်ဆောင်တတပ်၊ သည်သုံးတပ်တွင် မြင်းငါးရာ ကျော်, သေနတ်စွဲသူရဲ သုံးထောင်ကျော်နှင့် ကြည်းကချီရသည်။

မင်းကျော်တန်ဆောင်တတပ်၊ မင်းလှသီရိတတပ်၊ ရွှေတောင်သူရိန် တတပ် သည်သုံးတပ်တွင် တိုက်လှေကြီးသုံးရာ့ခုနစ်ဆယ်နှင့် ရေကြောင်း ချီရသည်။ ။မင်းလှမင်းခေါင်, မင်းကျော်တန်ဆောင်တို့ ကြည်းရေ ခြောက်တပ် ဒေါပုံသို့အရောက်ညီကြလျှင် တင်ကိုချဉ်း၍ အကြိမ်ကြိမ်လုပ် ကြသည်။တပ်လည်းခိုင်လုံလှသည်နှင့် တပ်ထိပ်ကအမြောက်, စိန်ပြောင်း တူဘပ်လှသောကြောင့် ရဲမက်တော်တို့ အထိအပါးများ၍ တပ်ကိုမချဉ်း မကပ်နိုင်လျှင် အဝေးကသာရံ၍နေကြရချေ၏။

တလိုင်းမင်းလည်း ဒေါပုံမှာနေသည့် ဈေးငယ်မိုလ်နှင့် နန္ဒဗလကျော် သူတို့ကို မြန်မာဘို့က ဝန်းရံလုပ်ကြကြသည်၊ ကြည်းကြောင်းရေကြောင်း

အင်အားကြီးလှသည်ဆိုသည်၊ ငါတို့ကကြီးကြီးကြပ်ကြပ်ချီ၍အရံမဖြုတ်သည့်ရှိသော် ကိုယ်တို့တစု ကျဉ်းမြောင်း၍ အရေးခဲယဉ်းချိမ့်မည် ဆိုပြီးလျှင် ဒေါပုံတပ်ကို အရံဖြုတ်ရမည်ဟု မြင်းတထောင်ကျော်, စစ်သည်တသောင်းကျော်နှင့် စစ်သူကြီး ဒလပန်းချုပ်၍ လက်ဝဲကြောင်း, မြင်းတထောင်ကျော်, စစ်သည် တသောင်းကျော်နှင့် မတ္တရာဗိုလ်ပယ်ကျော်ချုပ်၍ လက်ယာကြောင်းချီလာသည်။

ပဲကူးက စစ်သူကြီး ဒလပန်း မတ္တရာဗိုလ်ပယ်ကျော်တို့ ချီလာကြောင်းကို မင်းလှမင်းခေါင်တို့ ကြားလေလျှင် မင်းထင်နော်ရထာ, မင်းကျော်တန်ဆောင်, မင်းလှသီရိ, သူရိန်တန်ဆောင်,ရွှေတောင်သူရိန်တို့ ကြည်းတပ် ရေတပ် ဗိုလ်မှူးငါးဦးတို့က မင်းလှမင်းခေါင်ကို ဤသို့ဆို၏၊ ယခုပဲကူးက စစ်သူကြီးဒလပန်း,မတ္တရာဗိုလ်ပယ်ကျော်တို့အရံဖြုတ်မည် အလုံးအရင်းနှင့် စစ်နှစ်ကြောင်းချီလာသည် ဆိုသည်မှာ ယခုငါတို့ဒေါပုံတပ်ကိုလုပ်ကြံသည်၊ တပ်ခိုင်လှသောကြောင့် မပေါက်တည့်နိုင် ရံ၍သာနေရသည်၊ ပဲကူးကအရံဖြုတ်မည် ချီလာသည်ကြားရာမှာလည်း စစ်အားကြီးလှသည်ဆိုသည်၊ ငါတို့အရံမဖြုတ်ပဲနေချေလျှင် စစ်နှစ်ဘက်ညှပ်ရှိ၍ အတိုက်အလံခဲယဉ်း ကျဉ်းမြောင်းချိမ့်မည်၊ယခုကအရံဖြုတ်ပြီးလျှင်ကြည်းတပ် ရေတပ် ပေါင်း၍ တလိုင်းတို့ကို ဆီးကြိုတိုက်မည်၊ ထိုချီလာသည့်တပ်ကို နိုင်လိုက်မှ ရမြဲရံမည်ဟု ဆိုသည်ကို မင်းလှမင်းခေါင်က ယခုမင်းများဆိုကြသော အရေးလည်းစစ်ရေးပင်ဖြစ်တော့သည်၊သို့ရာတွင် ဆင်ဖြူများရှင်လက်ထက် ယိုးဒယားကိုရံတော်မူသောအခါ လင်းဇင်းမင်းမြစဲစစ်က ကူလာသည်ကို အရံမဖြုတ်ပဲ တဝက်ခွဲ၍ တိုက်ဘူးသော ထုံးရှိသည်၊ ငါတို့က တဝက်လူနှင့် ဆီးကြိုမည်၊ ယခုတလိုင်းတို့ တပ်တွင်းမှာလည်း မျိုးရိက္ခာ ပြတ်လပ်ရှားပါး ငတ်မွတ် လှလေပြီ၊ အရံကိုဖြုတ်၍ ဆီးကြိုတိုက်လံချေသော် ဒေါပုံတပ်တွင်းက တလိုင်းတို့လည်း ကြည့်၍ နေချိမ့်မည် မဟုတ်၊ ငါတို့နောက်ကထပ်၍ပါလှာချိမ့်မည်၊ သို့လျှင်စစ်နှစ်ဘက်ညှပ်ရှိရာသည်၊ တလိုင်းတို့တပ်တွင်းသို့လည်း မျိုးရိက္ခာ သွင်းသာယူသာရှိလေတော့မည်ဖြစ်၍ တလိုင်းတို့က အရံဖြုတ်မည် စစ်အားကြီးချီလာသည်ဆိုရာမှာ ကျွန်ုပ်ဝန်ဖြစ်စေ၊ ဒေါပုံတပ်ကိုသာ မင်းများ ရံမြဲရံ၍နေလေ၊အရံဖြုတ်မည်လာသည့် တလိုင်းတို့တပ်ကိုနိုင်လိုက်၍ ဆုတ်ရလေလျှင် ဒေါပုံတပ် နေဝံ့မည်မဟုတ်၊ တကြောင်းလည်း တပ်တွင်းသားတို့ရှားပါး ငတ်မွတ်လှလေပြီ ဖြစ်၍ မရှည်မကြာ ငါတို့သို့ အရေးတောင်း

လာရလိမ့်မည်၊ ယင်းသောအခါ အရေးပေးသင့် မပေးသင့်ကိုသာ မင်းများရွေးချယ်ရမည်ဟု မင်းလှမင်းခေါင်ဆိုသည်ကို ဗိုလ်မှူးငါးဦးသားတို့ အကြိုက်ညီကြ၍ ရုံမြဲရုံနေကြသည်၊ မင်းလှမင်းခေါင်မှုကား မြင်းသုံးရာကျော်, သေနတ်စွဲသူရဲ နှစ်ထောင်ကျော်နှင့် ရုံတပ်ကခွာ၍ ဆီးကြိုသည်၊ မအူမြို့အနောက်သို့ ရောက်လျှင် မြင်းတထောင်ကျော်နှင့် စစ်သူကြီးဒလပန်း ရှေ့ဖျားက မြင်းရေးကစားလျက် လာသည်ကို တွေ့သည်၊ မင်းလှမင်းခေါင်လည်း သေနတ်စွဲသူရဲနှစ်ထောင်ကျော်ကိုလက်ဝဲလက်ယာယွန်း၍ထားပြီးလျှင် ဒလပန်းထွက်လာအောင်မင်းလှမင်းခေါင်း လှည့်ကာပတ်ကာချဉ်း၍ မြင်းတစီးချင်းကစားသည်၊ ဒလပန်း ပုံကထွက်၍မကစားဝံ့ရှိသည်နှင့် မနည်းကြာလျှင် ဒလပန်း စွန်းစွန်း မထွက်ဝံ့သည်ကို သိသောကြောင့် လက်ဝဲလက်ယာယွန်း၍တက်စေသော သေနတ်စွဲသူရဲနှစ်ထောင်ကျော်သားတို့ ချင်းနင်းပစ်လွှတ်သည်တွင်ဒလပန်းတို့မြင်းတထောင်ကျော် ကစဲကရဲရှိလေ၏၊ မင်းလှမင်းခေါင်းလည်း မြင်းကိုအပြင်းလွှတ်၍ စစ်သူကြီးဒလပန်းရှိရာလိုက်သည်၊ မြင်းသုံးရာကျော်သားတို့လည်း တလိုင်းတို့မြင်းတပ်ကို ဖြန့်၍တိုက်သည်၊ဒလပန်းနှင့်တကွရှေ့ချီလာသည့် တလိုင်းမြင်းတထောင်ကျော် ဆုတ်လေ၏။

မတ္တရာဗိုလ်ပယ်ကျော်မြင်းတပ်ဦးမှီလာပြန်သောကြောင့် ကျူ၍တိုက်ပြန်သည်၊ နေဝင်သည်တိုင်အောင် မင်းလှမင်းခေါင်မဆုပ်မနစ် ရဲမက်တော်သေနတ်စွဲသူရဲ နှစ်ထောင်ကျော်, မြင်းသုံးရာကျော်သားတို့နှင့် အုပ်စည်းမပျက်တိုက်သည်၊ မတ္တရာဗိုလ်ပယ်ကျော်မြင်းတပ်ဦးလည်းမရပ်မခံနိုင်ပျက်ပြန်လေ၏၊ ဒလပန်း, မတ္တရာ ဗိုလ်ပယ်ကျော်နှင့်တကွ ရှေ့ချီလာသည့်မြင်းနှစ်ထောင်ကျော် အဆီး အတား မရှိ ပျက်လေလျှင် မရပ်မနေဝံ့၊ ညဉ့်ဘိုပင် အပြင်းခွာကြလေ၏၊ မင်းလှမင်းခေါင်လည်း သူကစစ်အားကြီးလှသည်နှင့် ညဉ့်အခါလည်းဖြစ်၍ ရဲမက်တော်တို့ကို သိမ်းရုံးစည်းကြပ်ပြီးလျှင် ရလိုက်သည့်မြင်းတရာကျော် သုံ့လူတထောင်ကျော် များကိုသာသိမ်းသူခဲ့၍ ဒေါပုံတပ်ကြီးကို ရုံမြဲရုံနေကြ၏။

ယင်းသောအခါ ဒေါပုံတပ်တွင် ခံနေသည့်ဈေးငယ်ဗိုလ်လည်း ဤသို့ဆို၏၊ ငါတို့တပ်ကို မြန်မာတို့ ကြည်းရေ ဝန်းရံသောကြောင့် ငါတို့ရှင်ဘုရင်က အရံဖြုတ်စိမ့်မည်ဟု မြင်းနှစ်ထောင်ကျော်,စစ်သည်နှစ်သောင်းကျော်လောက်နှင့် စစ်သူကြီးဒလပန်း, မတ္တရာဗိုလ်ပယ်ကျော်တို့ စစ်နှစ်ကြောင်းချီလာသည်ကို မြန်မာတို့သည် အရံကိုမဖြုတ်ပဲရုံတပ်ကခွဲ၍ စစ်

သည့် နှစ်ထောင်လောက်နှင့် ဆီးကြိုတိုက်သည်၊ ငါတို့ စစ်နှစ်ကြောင်းလုံး ပျက်၍ ဆုတ်ခွာရလေသည်ဟု ကြားရသည်၊ မြန်မာမင်းသူရဲတို့ကို လှေချင်းသော်၎င်း၊ ဆင်ချင်း မြင်းချင်းသော်၎င်း၊ ခြေချင်း သော်၎င်း၊ စစ်အင်ကျင်း၍တွေ့ကြရလျှင် သူတို့ဆုတ်ဘူးသည်မရှိ၊ ငါတို့ကသာ ဆုတ်ရချေသည်၊ ယခုငါတို့ခံရပ်သည့် ဒေါပုံတပ်မှုကား တပ်လည်းလုံလှသည်နှင့် ကျုံးမြောင်းလက်နက်ကတုတ်ဆူးငြောင့်လည်း ထူထပ်ခဲခက်လှသောကြောင့်သာ သူတို့ခွာ၍ ရုံနေချေသည်၊ ယခုငါတို့တွင်လည်း မျိုးရိက္ခာပြတ်ချေပြီ၊ မျိုးရိက္ခာမရှိက ဘဇာနေနိုင်မည်၊ ပဲကူးကလည်း အရံဖြုတ်နိုင်မည်မထင်၊ အရံမဖြုတ်နိုင်ကလည်း တပ်တွင်းသို့ မျိုးရိက္ခာပေါက်နိုင်မည်မဟုတ်၊ ယင်းသို့သော် ပြည့်ထဲရေးထက် ဝမ်းရေးခက်သောဟူ၏သို့၊ တပ်တွင်းဝယ် ငတ်၍သေရသည်ထက် အရေးဆို၍ထွက်မည်၊ အရေးမရစေကာ ရံတပ်ကို ဖောက်၍ထွက်မည်၊ယင်းသောအခါ ဆင်ဦးမြင်းဦးတွင်သေရသည်ကား မြတ်၏ဟုဆိုပြီးလျှင် မင်းလှမင်းခေါင်သို့ ဈေးငယ်ဗိုလ်က စေသည်ကား-ယခုကျွန်ုပ်တို့တပ်ကို မင်းများအကြိမ်ကြိမ် လုပ်ကြံသည်၊ မရနိုင်လျှင် ရံ၍သာနေကြရလေသည်၊ မင်းများ ဆယ်နှစ်ပင် ရံလေသော်လည်း ကျွန်ုပ်တို့တပ်ကို ရနိုင်မည်မဟုတ်၊ ကျွန်ုပ်တို့ ရှင်ဘုရင်ကလည်း အရံမဖြုတ်ပဲ မနေပေရာ၊ ယင်းသို့ ပဲကူးက စစ်ရောက်သည့်ကာလ မင်းများ စစ်နှစ်ဘက်ညှပ် အလုပ်အကြံ များရာသည်၊ ယခုကလမ်းပေးသော်မူကား ရေမနောက်ကြာမရှောက် ကျွန်ုပ်တို့တပ်ကထွက်၍ ပဲကူးသို့ တက်မည်ဟု စေလိုက်၏။

မင်းလှမင်းခေါင်ကလည်း ငါတို့စစ်သူကြီးသဘောဘည် သူကြောက်၍ ပြေးလိုပါသည်ဆိုသည်ကိုမြစ်မြဲမဟုတ် ကိုယ်တို့တစုပြေးထွက်လိုသော် လမ်းပေးမည်ဟု မှာလိုက်၏၊ အရှေ့မျက်နှာ ရံတပ်ကိုလည်း ဖွင့်၍ထားရ၏။

ဈေးငယ်ဗိုလ်တို့ ဗိုလ်မှူး တပ်မှူးအပေါင်းတို့နှင့် တလိုင်းစစ်သည် ငါးထောင်ကျော်သားတို့လည်း အရှေ့မျက်နှာရံတပ် ဖွင့်သည်ကို မြင်သော်လည်း မြန်မာတို့ပရိယာယ်ပြုသည်သာအမှတ်ရှိ၍ မထွက်မခွာဝံ့၊ သုံးရက်လေးရက်ရှိလျှင် မင်းလှမင်းခေါင်တို့က မြေထဲကိုဥမင်တူး၍ ဥမင်ကဝင်ပြီးလျှင် တဲကန့်လန့်များကို မီးတိုက်ရှို့၍ တလိုင်းတို့ကိုလိုက်လံထိုးခုတ်လျှင် တပ်လုံးသောသောလန့်လေ၏၊ ယင်းတွင်မှ တလိုင်းတို့ ဗိုလ်မှူး တပ်မှူးရဲမက်အခပေါင်းတို့လည်း ငိုလိုရာတွင်လက်တို့၏သို့အရှေ့မျက်နှာရံတပ်ဖွင့်

ထားရာသို့ချည်းထွက်၍ပြေးလေ၏၊ ရဲမက်တော်တို့လည်းတလိုင်းတို့ထွက်ပြေးလေရာ လိုက်လံပစ်ခတ် ထိုးခုတ်ဖမ်းဆီးကြသည်၊သုံ့လူခုနစ်ရာကျော်, ရှစ်ရာလောက်ရလိုက်သည်၊ သေလေသည်လည်း များ၏၊ တလိုင်းဗိုလ်မှူးအဲကန်ကောင်း,သိဗ္ဗိတုရင်တို့ကိုလည်း စီးသည့်မြင်းနှင့်တကွ အရှင်ရလိုက်၏၊ ဈေးငယ်ဗိုလ်မှူကား မထင်မရှားမြင်းနှင့်အပြင်းခွာလေသောကြောင့် လွတ်လေ၏။ ။သက္ကရာဇ် (၁၁၁၈) တဆောင့် တရှု တဆဲ့ ရှစ်ခု၊ ကဆုန်လပြည့်ကျော် ခြောက်ရက်နေ့ ဒေါပုံတပ်ပျက်၍ ရလိုက်သည့် တလိုင်းဗိုလ်မှူးတို့နှင့် သုံ့ပန်းလူသူ မြင်း, အမြောက်, စိန်ပြောင်းများကို ဆက်လျှင် အားရသောမှူး၍ ဗိုလ်မှူး တပ်မှူး သူရဲ သူခက်အပေါင်းတို့ကို အသိုက်အလိုက် ဆုပေးတော်မူ၏။

အထူးထူးသော တိုင်းကြီး ပြည်ကြီး ထီးဆောင်းမင်းများသခင်၊ ရွှေတွင်း, ငွေတွင်း, ပတ္တမြားတွင်း, ပယင်းတွင်းစသော ရတနာအပေါင်းတို့၏အရှင်၊ စတုတ္ထရတနာပူရ မြို့တည် နန်းတည်၊ ဆဒ္ဒန်ဆင်မင်းသခင်၊ ဆင်ဖြူများရှင်၊ အသျှင်ဘဝရှင် မင်းတရားကြီး ဘုရား လက်ထက်တော် (၁၁၉၁) တတောင့် တရှုကိုးဆဲ့ တခု၊ နယုန်လဆန်း တရက်နေ့က စ၍ ရဟန်းပညာရှိ၊ ပုဏ္ဏားပညာရှိ၊ မှူးမတ်ပညာရှိတို့နှင့်၊အထူးထူးသောရတနာတို့ဖြင့် ဆန်းကြယ်သော မှန်နန်းတော်ဆောင်တော်ဦး နန်းမစနှ် နှိုင်းညှိ၍ အသင့်ယုတ္တိ ကျမ်းဂန်အာဂုံများနှင့် အညီသုတ်သင် စီရင်တော် မူသော ဒုတိယ မဟာ ရာဇဝင်တော်ကြီး၊ စတုတ္ထထုပ်၊ တတိယတွဲ ၌တွင်ရွှေ့ပြီး၏။

* * * *

## သန်လျင်မြို့ကို အောင်တော်မူခြင်း

ဘဝရှင် အလောင်းမင်းတရားကြီးဘုရားလည်း ဒေါပုံတပ်ကြီး ပျက်လျှင် သန်လျင်မြို့ကို အလွယ်သာရတော့မည့် အမိန့်တော်ရှိ၍ မင်းလှပျံချီမှာ သေနတ်ကိုင် လူငါးရာနှင့် သန်လျင်မြို့ ဝက်သားတံခါး ဆီတည့်လမ်းကိုဆို့ပိတ်ပြီးလျှင် တပ်တန်းသိုး၍ရံနေရသည်၊ မင်းထင်နော်ရထာမှာ သေနတ်ငါးရာ့လက်နက်ကိုင် လူနှစ်ထောင်၊ မင်းလှမင်းခေါင်မှာ သေနတ်ငါးရာ့လက်နက်ကိုင် လူနှစ်ထောင်နှင့် ဟံသာဝတီက မျိုးရိက္ခာ သန်လျင်မြို့တွင်းသို့ မပေါက်မရောက်သာအောင် ဘောချောင်းဝကသည် မြို့ခရှေသို့ပေါက်အောင် တပ်တန်းထိုး၍ ရံနေကြရသည်။ သေနတ်ဝန်မဟာသေနာပတိမှာ သေနတ်စွဲသူရဲသုံးထောင်နှင့် မြို့တောင်မျက်နှာကသည် အရှေ့မျက်နှာကို ပတ်ဝိုက်မိအောင် တပ်တန်းထိုး၍ ရံနေရသည်၊

သန်လျင်မြို့အနောက်မျက်နှာ, မြောက်မျက်နှာကမူကား တလိုင်းမင်းညီ ဗညားဒလက သင်းဘောကြီးခုနစ်စင်းနှင့် သမ္ဗန်ကြီး,တိုက်လှေကြီးအများတွင် အမြောက်,စိန်ပြောင်း စီစဉ်ကာတင်၍ ရေခလုတ် တိုင်တိုတိုင်ရှည် စိုက်ပြီးလျှင် သင်းဘောသမ္ဗန် တိုက်လှေကြီးတစင်းနှင့်တစင်းကို ထောက်မှီလှမ်းမှီဖြန့်၍ စီရင်ထားသောကြောင့် မဝန်းမရံသာရှိချေ၏။

ယင်းသို့ သင်းဘောလှေတပ် အနိုင်အလုံနေလေလျှင် မြို့အနောက်, မြို့မြောက် ရေတပ်များကို တိုက်ရမည်အမိန့်တော်ရှိ၍ တုရင်သိဒ္ဓိတတပ်၊ ရဲစက်ကျော်ခေါင် တတပ်၊ စက္ကယောဓာတတပ်၊ ဇုန္နကျော်သူ တတပ်၊ ပဏ္ဍိကျော်ထင် တတပ်၊ လက်ယာသီရိကျော်တတပ်၊ သူရ ဥဒိန်ကျော် တတပ်၊ သမြင်တုံဗိုလ် တတပ်၊ သည်ကိုးတပ်ကို တိုက်လှေ တရာကျော်, စစ်သည်သူရဲလေးသောင်းကျော်နှင့် ခန့်တော်မူ၍ သန်လျင်မြို့ဘက်သို့ကူးကြရသည်။ကိုးတပ်သားတို့လည်း သန်လျင်ဘက်သို့ရောက်လျှင် ရေခလုတ်တိုင်တိုတိုင်ရှည်များကို နုတ်ချိုးကြသည်။ သင်းဘော ကျောက်ဆူးကြိုးကိုလည်း ဖြတ်သည်။ သင်းဘော နှစ်စင်းသုံးစင်းမျောလေ၏။ သင်းဘောထက်က အမြောက်စိန်ပြောင်းနှင့် သင်းဘောသူကြီးတို့ ကွပ်ကဲပစ်ခတ်သည်။ ရဲမက်တော်,တိုက်လှေကြီးအများ ကွဲချေသည်နှင့် တလိုင်းတို့ကလည်း တိုက်လှေကြီးအများနှင့် ဝန်းအုံထိုးခုတ် ပစ်ခတ်သောကြောင့် သူတို့က သင်းဘော,သမ္ဗန်, တိုက်လှေရေတပ် အင်အားကြီးလှသည်နှင့် ရဲမက်တော်တို့ မနှိပ်မနင်း မတိုးမဝှေ့နိုင်၊ ဆုတ်ခွာရချေ၏။ ကြည်းတပ်ကလည်း မြို့သို့ချဉ်း၍ အကြိမ်ကြိမ်ကပ်သည်၊ မြို့ထိပ်က အမြောက်, စိန်ပြောင်း ထူထပ်လှသောကြောင့် မချဉ်းမကပ်နိုင် ရှိချေ၏။ ထိုသို့ သန်လျင်မြို့ကို ကြည်းတပ်ရေတပ် အကြိမ်ကြိမ် လုပ်ကြံသော်လည်း တလိုင်းမင်းညီ ဗညားဒလ အညံ့မခံ၊ အပြင်းအပြ အနာအကျင်ကွပ်ကဲ၍ မြို့ဆိပ်သို့ မြို့စီးပြစီး အပြည့်တင်ပြီးလျှင် အမြောက်,စိန်ပြောင်း ဖြည့်လောင်း၍ ရေတပ် သင်းဘော,သမ္ဗန်, တိုက်လှေကြီးများတွင်လည်း စစ်သည်, အမြောက်, စိန်ပြောင်းထပ်ဖြည့်၍ အခိုင်နေ၏။

တလိုင်းမင်းကလည်း သန်လျင်မြို့မှာ မြန်မာတို့ ဝန်းရံလုပ်ကြံလေသည်။ နေ့ရက် ရှည်ကြာသောကြောင့် မျိုးရိက္ခာ ပြတ်လပ်လေလျှင် မြို့တွင်းသားတို့ အားလျော့ကြောင်းကို ကြားသိလေ၍ တိုက်လှေကြီး သုံးရာကျော်တွင် ဆန်အပြည့်တင်စေပြီးလျှင် သန်လျင်မြို့တွင်းသို့ရောက်အောင် သွင်းရမည်ဟု အလုံးအရင်းနှင့် စစ်သူကြီးဒလပန်း, ဈေးငယ်ဗိုလ်

တို့ကိုခန့်၍ ရိက္ခာသွင်းမည် ချီလာသည်ကို မင်းလှမင်းခေါင်း, မင်းထင်နော်ရထာတို့ကြား၍ တိုက်လှေကြီးတရာကျော်နှင့် ပဲကူးမြစ်က ဆီးကြိုသည်။ ဒေစပ်ရွာအောက်တွင် စစ်သူကြီးဒလပန်း, ဈေးငယ်ဗိုလ်တို့ချီလာသည်ကိုတွေ့၍မင်းလှမင်းခေါင်,မင်းထင်နော်ရထာတို့တိုက်သည်။တလိုင်းတို့လှေကိုကမ်းမှာဆိုက်ကာကြည်းသို့တက်ပြေးလေ၏။စစ်သူကြီးဒလပန်း, ဈေးငယ်ဗိုလ်တို့လည်းကွပ်ကဲစည်းကြပ်၍ ရပ်ခံသော်လည်း မစည်းမကြပ်နိုင်လေလျှင် လှေကိုပစ်၍ ကုန်းကြောင်းခွာလေ၏။ တိုက်လှေကြီးသုံးရာကျော်ကို လှေတွင်တင်သည့် ဆန်နှင့်တကွ အကုန်ရလိုက်၏။ စစ်သူကြီးဒလပန်း,ဈေးငယ်ဗိုလ်တို့စီးသည့် ရွှေလှေ,ပျံလွင့်,ပျံလွှား, စိန်ပန်းလှေနှင့်တကွ တိုက်လှေကြီးသုံးရာကျော်၊ ငါးပိဿာဝင် အမြောက်ကိုးလုံး၊ ယိုးဒယားကြိဆစ်အမြောက် သုံးပိဿာဝင်နှစ်လုံး၊ စိန်ငါးရာကျော်၊သေနတ်ခုနစ်ရာကျော် ရလိုက်၏။ ။ထိုအခါ သန်လျင်မြို့တွင်းသို့ ရိက္ခာမပေါက်မရောက်နိုင်၊ မြို့တွင်းမှာရှိသည့် မြန်မာ,တလိုင်း,ရှမ်း,ယွန်းတို့ သစ်ဥ,သစ်မြစ်ကိုမျှလည်း မြို့ကထွက်၍မရှာဝံ့၊ငတ်မွတ်လှသောကြောင့် တနေ့တနေ့လျှင် ငါးဆယ် ခြောက်ဆယ်စီ ရုံတပ်တော်များလှ ထွက်ပြေးဝင်ရောက်လာ၏။

ထိုအခါ သန်လျင်မြို့တွင်ခံသော ဗညားဒလနှင့် တလိုင်းဗိုလ်မှူးတပ်မှူးတို့လည်း ငတ်မွတ်ကျဉ်းမြောင်းလှသည်နှင့် ကြောက်ရွံ့ခြင်း ပြင်းစွာဖြစ်၍ ယခုသည် ဝါဆိုလရောက်ပါတော့မည် ဝါတွင်း ကာလကိုစစ်မက်ထိုးတော်မမူပါမည့်အကြောင်းကို သာယာချေငံစွာသောစကားဖြင့် စာရေး၍ ရုံတပ်တွင် စာဆွဲလှာသည်။

ထိုကာလ အလောင်းမင်းတရားကြီး ဘုရား သုံးညဆက်၍ အိပ်မက်မြင်တော်မူသည်ကား - ပဌမနေ့တွင် သားတော်နှစ်ပါးနှင့် မျောက်သားမျောက်ခေါင်းကို စားတော်ခေါ်-မက်သည်။ ။ဒုတိယနေ့တွင် ဟံသာဝတီက ကိုယ်ဝန်ဆောင်သော မိန်းမကို အမတ်ရွှေတောင်သူ ရယူခဲ့၍ဆက်လာ-မက်သည်။ ။တတိယနေ့တွင် ကြောင်ဘား လက်က ကြွက်မလွှတ်-ဟူ၍သူတယောက်ဆိုလာသည်ကို ကြားမြင်တော်မူ-မက်သည်။ ။ဖတ်တော်မူသည်ကား ရာမညတိုင်း တလိုင်းသုံးရပ်ကို မလွဲရတော်မူမည်ဟူ၍ ဖတ်တော်မူသည်။

ထိုအခါဗညားဒလလည်း ဗိုလ်မှူးတပ်မှူးစစ်သည်ရဲမက်သူဌေးသူကြွယ်တို့ကို ခေါ်၍ ဤသို့တိုင်ပင်၏၊ ငါတို့နေသည့်သန်လျင်မြို့သည် မြို့လည်း

ခိုင်ခန့်သည်၊မြင့်လည်းမြင့်သည်၊ကျုံးလည်းနက်လှသည်၊မြို့ထိပ်က ပြောင်းသေနတ်လည်း ထူထပ်လှသည်၊ စစ်သည်တို့လည်း ငါတို့အကွပ်အညှပ်နာလှသောကြောင့် အစားအစာ ပြတ်လပ်ငတ်မွတ်လျက်အမှုကိုကြိုးစား၍ ထမ်းကြပေသည်၊ မြောက်မျက်နှာ,အနောက်မျက်နှာ သင်းဘော ရေတပ်များလည်း မြန်မာတို့ မကူးမသန်း မတိုးမဝှေ့နိုင်အောင် အနိုင်အခန့်ခံလေသောကြောင့်သာ သူ့အလုပ်အကြံ ခဲယဉ်းလေသည်၊ သို့တည်းမှန်စေကာ မျိုးရိက္ခာမရှိလျှင် ဘဇာကိုစား၍ အခိုင်နေနိုင်မည်၊ ငါ့စိတ်တွင်သော်ကား-သန်လျင်မြို့တွင်းမှာ ရှိသမျှလက်နက် လူသူတို့ကို သင်းဘောခုနစ်စင်းနှင့် ဇလာဘပင်,ကူရှပ်,သမ္ဗန်ကြီးများတွင် တင်မည်၊ သို့မှတိုက်လှေကြီးငါးရာကျော်နှင့်တကွ မြို့ကခွာ၍ ပင်လယ်ကြောင်း မျိုးရိက္ခာရသာမှီသာသည့်အရပ်က အရေးကို မြော်ထောက်၍ အခိုင်နေမည်ဟု ဗညားဒလဆိုသော စကားကို တမြို့လုံး ညီညွတ်ကြောင်းနှင့် သန်လျင်မြို့တွင်းက ရဲတပ်တော်များသို့ ဝင်ရောက်လာသည့် သူငတ်သူမွတ်တို့ အဆင့်ဆင့် ပြောဆို၍ ထိုစကားကို ဘဝရှင် အလောင်းမင်းတရားကြီး ဘုရား ကြားသိတော်မူလျှင် ရန်ကုန်မြို့မှာ တည်လုပ်သည့် သင်းဘောတော်ကြီးလည်း ပြီးသည်နှင့် သင်းဘော တော်ကို ဦးတိုးရပ်တွင် "ရေနန်းစကြာမဟာသင်းဘောတော်ကြီး"ဘွဲ့ကမွည်းတပ်တော်မူ၍အမြောက်စိန်ပြောင်း အပစ်အခတ် ကျင်လျင်သည့် ကုလားတရာကျော်,မြန်မာသူရဲ ကောင်းတရာကျော် ရွေးကောက်တော်မူ၍ မင်းလှမင်းခေါင်နှင့် တကွ သင်းဘောတော်မှာ တင်ပြီးလျှင် အမြောက် စိန်ပြောင်းစီစဉ်လျက် သင်းဘောတော် လက်ဝဲက တိုက်လှေကြီး ခုနစ်ဆယ်ကျော်, လက်ယာက တိုက်လှေကြီး ခုနစ်ဆယ်ကျော် စည်းကြပ်ခန့်ထားတော်မူ၍ သန်လျင်မြို့ ရေကြောင်းကခံနေသည့် သင်းဘောခုနစ်စင်းနှင့် လှေတပ်ကိုပျက်အောင်တိုက်ရမည်၊ ငါကိုယ်တော်သန်လျက်စွန်းတိုင်အောင်ထွက်၍ ကြည့်တော်မူမည်ဟု အမိန့်တော်ရှိ၏၊ သက္ကရာဇ် (၁၁၁၈) တခေါင့်တရာ့တဆဲ့ရှစ်ခု၊ ဝါဆိုလပြည့်ကျော်နှစ်ရက်နေ့ ရေနန်းစကြာ မဟာသင်းဘော တော်ကြီး လှေဘပ် သန်လျင်သို့ကူးရ၏၊

ဘဝရှင် အလောင်းမင်းတရားကြီးဘုရားသည်းရတနာရွှေဖောင်တော်ကို စီးတော်မူ၍ ရွှေမြောက်ဘပ်, နောက်မြောက်တပ် စီစဉ်ခင်းကျင်းလျက် သန်လျက်စွန်းတိုင်အောင်ထွက်၍ ကြည့်တော်မူသည်၊ မင်းလှမင်းခေါင်တို့သည်း သန်လျင်ဘက်သို့ကူးမိလျှင် သင်းသောရေတပ်ကို ဝင်၍

တိုက်သည်၊ သင်္ဘော ခုနစ်စင်းထက်က အမြောက်ကြီးအများနှင့်စီး၍ လွှတ်သည်၊ တိုက်လှေတော်ကြီး အများ နှစ်ချေဆုံးချေ၏၊ မင်းလှမင်းခေါင်စီးသည့် သင်္ဘောတော်ကလည်း ကျည်စေ့ငယ်သုံးရာ တထုပ်, လေးရာဘထုပ်, အမြောက်ကြီးများတွင် ထိုး၍ သူ့သင်္ဘောကိုမလွှတ်ရအောင် ချိန်ကာရွယ်ကာပစ်လွှတ်သည်၊ တိုက်လှေတော်ကြီး နှစ်စင်းက မဘာသတ္တုရဇေယ, မဟာ အိန္ဒစက်ရှိန်, အမြောက်တော်ကြီးများကိုလည်း ကျည်ထုပ်သိုး၍ ပစ်သည်၊ တကြိမ်တကြိမ် အမြောက်ချက်တွင် မြောက်ဆယ် ခုနစ်ဆယ်ထိ၏၊ ယင်းသို့ ထိပါးသေဆုံးသော်လည်း မဆုတ်မနစ် သင်္ဘောခုနစ်စင်းနှင့် တလိုင်းတို့တိုက်လှေ သမ္ဗန်များက မရပ်မနေနိုင်အောင် ပစ်ခတ်၍ သင်္ဘောခုနစ်စင်းသို့ မချဉ်းမကပ်တည့်နိုင် ရှိသည်။

ယင်းသို့စင်တွင် မင်းလှမင်းခေါင် ရေနန်းစကြာ မဟာ သင်္ဘောတော်ကြီးကသည် တိုက်လှေသို့ကူးပြီးမှ တလိုင်းတို့သင်္ဘောကပစ်ခတ်သည်ကို အလေးအစားမရှိ၊ လှေကို အပြင်းခတ်၍ သင်္ဘောသို့ စွန်းစွန်းပင်ပြီးလျှင် မင်းလှမင်းခေါင်ကျောက်ဆူးကြိုးကိုလျှောက်၍သင်္ဘောကိုတက်သည်။ ဆီးခံနှင့်သမျှလူတို့ကို တွေ့တိုင်းမြင်တိုင်း ခုတ်ဖြတ်သည်၊ လှေစီးတပ်မှူး သူရဲသူခက်တို့လည်း မင်းလှမင်းခေါင် သင်္ဘောထက်သို့ရောက်၍ ခုတ်ဖြတ်သည်ကိုမြင်လျှင် အထိအပါးအရှအနခံ၍ လှေကို အပြင်းခတ်ပြီးလျှင်သင်္ဘောခုနစ်စင်းသို့ချဉ်း၍ဆွဲကာငင်ကာတက်သည် ရေနန်းစကြာ သင်္ဘောတော်စီး သူရဲသူခက်တို့လည်း သင်္ဘောချင်းယှဉ်၍တက်သည်၊ သင်္ဘောခုနစ်စင်းက ဆီးခံထိုးခုတ်လျက် မင်းလှမင်းခေါင်နှင့် သူရဲတော်တို့ သင်္ဘောခုနစ်စင်းထက် တက်မိကြ၍ တွေ့ရာမြင်ရာ မလွတ်ရအောင် သင်္ဘောထက်မှာ လိုက်လံထိုးခုတ်သည်တွင် သင်္ဘောသူကြီးနှင့် သင်္ဘောစီး ကုလားပန်းသေးတို့ မရပ်မနေနိုင်၊ ရေထဲသို့ချည်းခုန်ကာ ဆင်းပြေးကြလေ၍ သင်္ဘောခုနစ်စင်းကို ရလျှင် တလိုင်းဘို့တိုက်လှေနှင့်သမ္ဗန်များကိုတိုက်လှေစီးသူရဲသူခက်တို့တိုက်သည် မရပ်မခံနိုင်၊ ဝါဆိုသပြည့်ကျော်နှစ်ရက်နေ့ သင်္ဘောခုနစ်စင်းနှင့်တကွ လှေဘပ်အလုံး ပျက်လေလျှင် တလိုင်းဆိုသမျှ ကမ်းသို့ချည်းတက်ပြေးကြလေသည်။ အရှင်ရလိုက်သည်လည်း များ၏။ သင်္ဘော,သမ္ဗန်,တိုက်လှေများနှင့်တကွ အမြောက်ကြီးရှစ်ဆယ်ကျော်,အမြောက်ငယ် တရာကျော်, စိန်ပြောင်းတရာကျော်, သေနတ် တထောင်ကျော်, ရွှေတရာကျော်, ငွေသုံးရာကျော်, အုပ်မျိုးထည်မျိုးနှင့် သေတ္တာလေးရာကျော်, အစုစုအဘိုး

ရွှေငါးထောင်ထိုက်ရတော်မူလိုက်၏။ ။အမြောက်စိန်ပြောင်း သေနတ်များကိုသာ သိမ်းယူတော်မူသည်။ ရွှေငွေမှစ၍ ရသမျှ အုပ်မျိုးထည်မျိုးတို့ကို ရသသူတို့ယူကြရသည်။ ။ယင်းသောအခါ သန်လျင်မြို့တွင်းသားတို့ ငတ်မွတ်လှသောကြောင့် တနေ့တနေ့လျှင် လူငါးဆယ်တရာ၊ မပြတ်ရံတပ်တော်များသို့ ဝင်ရောက်လာ၏။

ဘဝရှင် အလောင်းမင်းတရားကြီး ဘုရားလည်း ဒေါ်ပုံတပ်နှင့် ရေကြောင်းသင်းဘောတပ် အခိုင်နေနိုင်သော်သာ သန်လျင်မြို့ကို အကူးအသန်း အလုပ်အကြံခဲခက်လေသည်။ ယခု ဒေါ်ပုံတပ်နှင့် ရေကြောင်းသင်းဘောတပ် ပျက်လေပြီးသည်။ ကြည်းတပ်ကရံတပ်ဆိုသမျှ သန်လျင်မြို့ကိုရအောင် တက်ကြစေ၊ ငါကိုယ်တော် သန်လျက်စွန်းက ကြည့်တော်မူမည်ဟု မဟာသေနာပတိကို အမိန့်တော်ရှိပြီးလျှင် တိုက်မည့်နေ့ရက်ကို ချိန်းချက်တော်မူ၍ ငမိုးရိပ်ချောင်းတဘက် သန်လျက်စွန်းက မှန်မြောင်းနှင့် ကြည့်တော်မူသည်။ မဟာသေနာပတိလည်း ရံတပ်အလုံး ဗိုလ်မှူးတပ်မှူးတို့ကို ချိန်းချက်ကွပ်ကဲ၍ တပ်ပေါင်း တညီတညွတ် တပြိုင်တည်း သန်လျင်မြို့ရင်းသို့ ချဉ်းကြသည်တွင် ဗညားဒလက ကျုံး နင်းကြမ်းဆိုသမျှကို စက်ကြိုးနှင့် ဆွဲငင်ဖြုတ်ထားလေသောကြောင့် ဗိုလ်မှူးတပ်မှူး ရဲမက်တော် အပေါင်းတို့ ကျုံးထိပ်တွင်ရွှေသာ ရောက်နိုင်သည်။ မြို့ရင်းသို့ မချဉ်းမကပ်နိုင်ချေ၊ ကျုံးသည်း ကျယ်နက်သည်။ မြို့လည်း တောင်ယံကုန်းစောင်းဖြစ်၍ ကြည်းကြောင်းအလုပ်အကြံ ခဲခက်လေသည်နှင့် မြို့ထိပ်ကလည်း စိန်ပြောင်း မြတပူ အမြောက်သေနတ် မစဲမလပ် ပစ်ခတ်သောကြောင့် ရဲမက်တော်အများပင် ထိပါးရှနသေဆုံး၍ အလျင်တဆော အလိုတော်မပြည့်ရှိသည်ကို သားတော်ညီတော် ဗိုလ်မှူးတပ်မှူးတို့ ကြိုးကြိုးပမ်းပမ်း မထမ်းမရွက်ကြသောကြောင့်သာ သန်လျင်မြို့မျှ အရေးတော်မပြီးရှိရသည်၊ နက်ဖြန် ဆင်သည်လည်းဆင်နှင့် မြင်းသည်လည်း မြင်းနှင့် ခြေသည်လည်း ကတုတ်လှေကားနှင့်မြို့ရင်းသို့ရောက်စေ၊မရောက်သူတို့ကို သည်ခားနှင့် စီရင်မည်ဟု တပ်တိုင်းလှည့်၍ ခားပြရ၏။

ယင်းသို့မှ သက္ကရာဇ် (၁၁၁၈) တခူးထောင့် တရက် တဆဲ့ ရှစ်ခု၊ ဝါဆိုလပြည့်ကျော် သုံးရက်နေ့တွင် ဗိုလ်မှူးတပ်မှူး သူရဲသူခက် ရဲမက်တော်အပေါင်းတို့ မြို့ရင်းသို့ချဉ်း၍ တိုက်လံလုပ်ကြံကြသော်လည်း မရနိုင်ချေ၊ ထိုအခါ သေနတ်ဝန် မဟာသေနာပတိလည်း ကူးသာရာက ကူးမည်ဟု ကျုံးနဖူးကိုလှည့်၍ လာသည်၊ ဝက်သားတံခါးဆီတည့်သို့ ရောက်သည်

တွင် အထောက်အလှမ်းသင့်လှသည်နှင့် တံခါးလက်ဝဲလက်ယာမြို့ထိပ်က စိန်ခြေပြောင်းတဆယ်ကျော် နှစ်ဆယ်နှင့်ဆိုင်၍ လွှတ်လိုက်သည်။ သေနတ်ဝန် မဟာသေနာပတိကို ပြောင်းသင့်ချေ၏။

မဟာသေနာပတိသည်း ထိုအကြောင်းကို မထင်မရှားစေပဲ စစ်ကဲကျော်ထင် ရွှေတောင်ကိုခေါ်၍ နေရာတွင်ထားခဲ့ပြီးလျှင် ထူထောင်တွဲမ၍ အမှတ်မဲ့လှေသို့ဆင်းပြီးလျှင် မြောက်ဘက်သို့ ကူးလာ၏။ ဘဝရှင်အလောင်းမင်းတရားကြီးဘုရားလည်း မြောက်ဘက်သန်လျက်စွန်းတွင် စံတော်မူကြိုက် လှေတစင်းသန်လျင်ဘက်ကကူးလာသည်ကိုမြင်တော်မူလျှင် သန်လျင်ဘက်ကလှေတစင်းချင်း ကူးလာသည်၊ အဘယ်ကြောင့်နည်းဟု အမိန့်တော် ရှိသောကြောင့် ဆီးကြို၍မေးလျှင် လှေသား တို့က မဟာသေနာပတိကို ပြောင်းသင့်ကြောင်းနှင့် ပြောဆို လျှောက်ထားလိုက်၍ ကြားတော်မူလျှင် လှေသို့တိုင်အောင် ဆင်းတော်မူ၍ မေးမြန်းစမ်းသပ်တော်မူသည်။ မဟာသေနာပတိလည်း ကျွန်တော် ယနေ့ ကိုယ်တော်ကိုပစ်၍ သွားရချေတော့မည်ဟု လျှောက်၏။ ဘဝရှင် အလောင်းမင်းတရားကြီးဘုရားလည်း မဟာသေနာပတိ–ကိုယ်ကို ကြိုစား၍ ထူမပေါ် အမိန့်တော်ရှိပြီးလျှင် သမားဟူးရား အမအစနှင့် ရန်ကုန်သို့ ပို့ရ၏။

မဟာသေနာပတိလည်း အနာသည်းလှသည်နှင့် ရန်ကုန်သို့ရောက်လျှင် အနိစ္စရောက်လေ၏။ သက္ကရာဇ် (၁၁၁၈) တထောင့်တရာ့ တဆဲ့ရှစ်ခု ဝါဆိုလပြည့်ကျော်သုံးရက်နေ့ သေနတ်ဝန်ဆုံးကြောင်းကို ကြားတော်မူလျှင် အလွန်နှမြောတော်မူ၏။ မဟာသေနာပတိ အလောင်းကိုလည်း အဂ္ဂမဟာသေနာပတိဘွဲ့ တပ်တော်မူပြီးလျှင် ထီးဖြူအုပ်၍သဂြိုဟ်တော်မူ၏။ ။မဟာသေနာပတိတပ်တွင် သူ့ရဲအပေါင်းတို့ကိုလည်း မင်းထင်နော်ရထာနှင့် ကျော်ထင်ရွှေတောင်တို့ကို အပ်တော်မူ၍ သန်လျက်စွန်းနန်းတော်ကသည် ရန်ကုန်မြို့သို့ ဝင်တော်မူ၏။

ယင်းသောအခါရေကြောင်းကလည်း ရေနန်းစကြာ သင်းဘောတော်, တိုက်ရ သင်းဘောတော်များဘွင် ဗိုလ်မှူးတပ်မှူး စစ်သည်သူရဲအပြည့်တင်ပြီးလျှင် ကျောက်ဆူးချ၍ လှေတက်မဝင်မထွက်နိုင်အောင် နေ့ညအမြဲစောင့်နေလုပ်ကြရသည်။ ။ကြည်းတပ်ကလည်း ဟင်းရူး ထင်းခွေမျှ မထွက်သာအောင် နေ့ညဉ့်အမြဲ စောင့်နေလုပ်ကြရသည်။ ။ယင်းသို့ရေကြောင်း ကြည်းကြောင်း လုပ်ကြီးကြီမဝန်းရံလုပ်ကြသော်လည်း အလိုတော်မပြည့်ရှိသည်ကို ဆင်ခြင်တော်မူ၍ စက်တော်ခေါ်ရာတွင် အိပ်

မက်တော်မူသည်ကား….ဝမ်းတော်ကအအူတော်သည် တဆုံ့နှစ်သစ်ခန့် ထွက်သည်ကို ဆေးသမားတုရင်ယော်ခါ ကျင်ငယ်ရည်နှင့်ဆွတ်တစ်သည်ကို အိပ်မက်ထင်တော်မူသည်။

နိုးတော်မူလျှင် ပုဂံပြည်တွင်မင်းခွေး၊ အဝပြည်တွင် ပဌမမင်းခေါင်ကြီးတို့ အအူထွက်သည် အိပ်မက်မြင်၍ မင်းအဖြစ်ကို ရဘူးလေသည်၊ ပင်းယပြည်တွင် ဆင်ဖြူ ငါးစီးရှင်လည်း လက်ငါးချောင်းကို မသန့်မစင်ထိမက်သည်၊ မကြာမတင် ဆင်ဖြူငါးစီးရလေသည်။ ဒိဋ္ဌုံများတွင်လည်း အအူထွက်၍ ရွာကိုပတ်မက်တော် ရွာသူကြီးဖြစ်မည်၊ ပြည်ကိုပတ်မက်သော် ပြည့်ရှင်ဖြစ်မည် ဆိုသည်။ ယင်းသို့ ရာဇဝင် ဒိဋ္ဌုံပုံရှိသည့်အတိုင်း ရာမညတိုင်းနှင့်တကွသမုဒ္ဒြာအဆုံးရှိသော နိုင်ငံထီးဆောင်းမင်းအပေါင်းတို့ကို အလိုတော်ပြည့်မည်ဟု မှူးမတ်တို့အလယ်တွင် အမိန့်တော်ရှိပြီးလျှင် ပုဏ္ဏားပညာရှိ,လူပညာရှိတို့ကို ခေါ်တော်မူ၍ သန်လျင်မြို့ကို မည်သည့်လရက်တွင် အလိုတော်ပြည့်မည် မေးတော်မူသည်ကို စစ်ကိုင်းမြို့နေ ကျည်းပုဏ္ဏား မဟာဒေဝဖြဟ္မာခံ ငယ်မည်-စိုင်ဖြူ၊ နန္ဒရာဇပုရောဟိတ်ခံ ငယ်မည်-စိုင်ညိုတို့ လျှောက်သည်ကား -- ကောဇာသက္ကရာဇ်တွင် သန်လျင်မြို့နံ ရင်းဖျားအကွချာနှော၍ ကိန်းသုံးထပ်ကို စားခြေသုံးရပ်နှင့် စားလျှင် အကြွင်းသုညမြင်သည်။ ကိန်းငါးထပ်လည်း သုညမြင်သည်၊ ခါတ်ရှက်ကိန်းသည်း နံအတွင်းသုဉ်းသည်၊ ကိန်းသုံးထပ်လည်း အင်္ဂါနံ, ဗုဒ္ဓဟူးနံငုပ်သည်၊ ကိန်းခန်းခါတ်ပန်း ရူဋ္ဌာမဏိအဌလက်ခေတ်ရှက် အလုံးစုံကိုတွက်သော် ကိုးရာ့ခုနစ်ဆဲ့တခု၊တောင်ငူပျက်သည်။ ကိုးရာ့နှစ်ဆဲ့ကိုးခု ဟံသာဝတီပျက်သည်။ကိုးရာ့နှစ်ဆဲ့ငါးခုသန်လျင်မြို့ပျက်သည်။ သည်ကိန်းခန်းများနှင့် တူသည်ဖြစ်သောကြောင့် သက္ကရာဇ် (၁၁၁၈) တထောင့်တရာ့တဆဲ့ရှစ်ခု၊ ဝါဆိုလပြည့်ကျော် တဆဲ့ငါးရက်နေ့ သန်လျင်မြို့ကို အသိုတော်ပြည့်မည်ဟု လျှောက်ကြသည်။

ထိုအခါ အလောင်းမင်းတရားကြီးဘုရား အမိန့်တော်ရှိသည်ကား- သန်လျင်မြို့နှင့် အဝင်အပါ ကျေးရွာနေ ငှက်ဟန်းသံဃာ,မြန်မာ, တလိုင်း, ကုလား, ကျွန်တော်မျိုးအပေါင်းကို အလောင်းတကာတို့ ကျင့်ရာသော ဝတ်တရားနှင့်အညီ ဘေးရန်မဖြစ်စေရအောင် ဆင်စီးချင်း မြင်းစီးချင်း တိုက်မည့်အကြောင်း ယင်းသို့ မထွက်မတိုက်လျှင်လည်း လွတ်ရာထွက်သွားမည့်အကြောင်းနှင့် ဝန်တို့ကမှာစေသည်ကို အရေးကိုသော်လည်း မလျှောက်၊ ထွက်၍သော်လည်း မသွား၊ ဗညားဒလကွပ်ကဲ၍ အခိုင်

နေသည်မှာ သဗ္ဗဝါတို့ ကပ်ဥပဒ်အလျောက် ကြမ္မာကြိုသည်ကို လူကို ထား၍ သိကြားသော်လည်း မမနိုင်ရာပြီ၊ တလိုင်းမင်းညီ ဗညားဒလ မြို့ခံကောင်းလှသည့်ဆိုသည်၊ အုတ်မြို့-ကျောက်မြို့ကို မဆုံလင့်ဦး၊ သံမြို့နှင့်ပင် ခံသော်လည်း ငါလုပ်ကြံတော်မူသည့်ကို ခံနိုင်မည်လော၊ ကိုယ်တို့ကြည်းတပ် ရေတပ် ဗိုလ်မှူး တပ်မှူး အပေါင်းတို့ သန်လျင်မြို့ကို ရံမြဲရံ၍သာ နေလော့၊ ဝါဆိုလပြည့်ကျော် တဆဲ့လေးရက်နေ့ ည နှစ်ချက်တီးကျော်လျှင် အသားစားတတ်သော ဘီလူး သံဘက်နှင့် အတူ ရဲခြင်းနှင့် ပြည့်စုံသော သူရဲသူခက်တို့ကို သန်လျင်မြို့တွင်းသို့ ဝင်၍ တိုက်စေမည်၊ ဆင်သည်လည်း ဆင်နှင့်,မြင်းသည်လည်း မြင်းနှင့်, ခြေသည်လည်း လက်နက်စွဲ၍ အသင့်ရှိစေဟု ရံတပ်တိုင်းစေ့အောင်အမိန့်တော်ပြန်စေပြီးလျှင် ရဲမက်တော်အပေါင်းတို့တွင် ထူးသောရဲခြင်းနှင့် ပြည့်စုံကုန်သော သူရဲတို့ကို စိစစ် ရွေးချယ်တော်မူသည်ကား- ကျွန်တော်ရင်း ဘုန်းတော်ဖြစ်စုက ငညိုခဲနှင့် လူတဆဲ့ခြောက်၊ သားတော်အကြီး သီရိသုဓမ္မ ရာဇာက ငပိုဘ်နှင့် လူတဆဲ့တစ်၊ သားတော်အလတ် သီရိဓမ္မရာဇာက ငချစ်မြနှင့် လူတဆဲ့ခြောက်၊ ညီတော် မင်းရဲသင်္ခယာက ငထွေးနှင့်လူနှစ်၊ ဝင်းတော်မှူး မင်းထင်နော်ရထာက ဝေရကျော်သူနှင့် လူဘဆဲ့လေး၊ ရွှေတောင်ကျော်သူက ငနီနှင့် လူသုံး၊ ဘတိုးကျော်သူက ငရာထွန်းနှင့် လူနှစ်၊ မင်းလှပျံချီက ငမြတ်နှင့် လူခုနစ်၊ ယော်စော်ဘွားက ငလုံးနှင့် လူရှစ်၊ ဝေဠုရာဇာက ငကုလားတစ်၊ လက်ဝဲဇေယကျော်က ငပန်းပင်တစ်၊ ရွှေတောင်လက်ယာက ငဦးနှင့် လူသုံး၊ ကောလင်းဗိုလ်မှူးက ငဦးတစ်၊ လက်နက်တိုက်ဝန်က ငရွှေရည်တစ်၊ ရွှေတောင်လက်ဝဲကျော်က ငမွေးတစ်၊ ရွှေတောင် အိန္ဒကျော်က လူခြောက်၊လူပေါင်းအာမခံ ကိုးဆဲ့သုံးကို ခေါင်းတဆဲ့ရှစ်ခန့်တော်မူ၍ ထိုလူကိုးဆဲ့သုံးကိုလည်း ပုဆိုးဆေးရေး, သက္ကလတ်အင်းကျီ,ရွှေခါးစည်း, ငွေခါးစည်း, ရွှေခေါင်းပေါင်း, ငွေခေါင်းပေါင်း ကိုယ်စီသနားတော်မူ၍ မြို့သို့မတက်မီလေးရက်ငါးရက်ကပင်တဲနန်းတော်လျောင်းတော်ဦး အဆောင်တွင် စမဲဟင်းလျာ အဘွယ်အရာနှင့် ထမင်းပွဲသနားတော်မူ၍ ညနံနက် ရှေ့တော်တွင် ထမင်းကျွေးတော်မူသည်၊ မြို့သို့တက်သည့်ကာလ မြို့ထိပ်က ချိပ်ရည်,ပွဲယက်ရည်, ရေနွေး, ကျောက်အုတ်, သွန်းချ ပစ်ခတ်လျှင် ဆီးကာမိအောင်လည်း သားရေကို အုပ်ဆောင်းကဲ့သို့ သစ်စေးသားရိုးနှင့် ဒိုင်းချွန်း လုပ်စေပြီးလျှင် မြို့တက်လူကိုးဆဲ့သုံးကို ဒိုင်းချွန်းအုပ်ဆောင်း ကိုးဆဲ့သုံး ပေးအပ်တော်မူ၍ အမိန့်

တော်ရှိသည်ကား "မင်းတို့သည်ငါ့အမှုတော်ကိုကြိုးစားအားထုတ်အသက်ကိုစွန့်၍ ညဉ့်အခါ သန်လျင်မြို့ကိုတက်ပြီးလျှင် အစောင့်အနေတို့ကိုသတ်ညှစ်ကြော်ငြာ၍ သန်လျင်မြို့တွင်းတွင် တဲအိမ်များကို မီးထင်း တိုက်ရှို့ရမည်၊သန်လျင်မြို့ကိုအလိုတော်ပြည့်လျှင် မင်းတို့ကိုအထူးသဖြင့် သူကောင်းပြုတော်မူမည်" အမိန့်တော်ရှိ၍ ဘဝရှင်အလောင်းမင်းတရားကြီးဘုရားလည်း (၁၁၁၈) တဆောင့်တရာ့တဆဲ့ရှစ်ခု၊ ဝါဆိုလပြည့်ကျော် တဆဲ့လေးရက်နေ့ရတနာရွှေဖောင်တော်နှင့် လက်ဝဲလက်ယာ ရွှေတပ်နောက်တပ် ကြည်းဘက် ရေဘက် စီစဉ်ခင်းကျင်း၍ သန်လျက်စွန်း တိုင်အောင်ထွက်စံတော်မူပြီးလျှင် သဘင်စုံခံ၍ နေတော်မူ၏။

ရွေးချယ်တော်မူသော ကျွန်တော်ရင်း သူရဲကိုးကျိပ်သုံးယောက်တို့ကိုလည်း ၎င်းဝါဆိုလပြည့်ကျော်လေးရက်စနေနေ့ ရွှေတော်ကသနားတော်မူသည့်စစ်ဝန်တန်းဆာဆင်ယင်ပြီးလျှင် ခါးလှံလက်နက်စွဲကိုင်၍ နေဝင်မိုးချုပ်အချိန်မှ သန်လျင်ဘက်သို့ ကူးစေ၏၊ သန်လျင်မြို့ကို ရံနေကုန်သော ကြည်းတပ် ရေတပ်ဗိုလ်မှူးတပ်မှူးအပေါင်းတို့လည်း ဆင်မြင်းလက်နက် ပြင်ဆင် စည်းကြပ်လျက် အသင့်နေကြ၏၊ သူရဲကောင်းကျွန်တော်ရင်း ကိုးကျိပ်သုံးယောက်တို့လည်း သန်လျင်ဘက်သို့ရောက်၍နေဝင်လျှင်မိုးလည်းဖွဲသည်၊ မိုးမှောင်လည်း ကျလှသည်ဖြစ်၍ လျှပ်ရောင် လက်မှတယောက်ကို တယောက် သိသာ မြင်သာ ရှိသည်နှင့် ညလေးချက်တီးကျော်အချိန် သန်လျင်မြို့ရင်းသို့ချဉ်း၍ မြို့ပတ်လည်တက်သာရာ အရပ်ကိုလှည့်ပတ် ကြည့်ရှုကြပြီးလျှင် မြို့အနောက် မြောက်ထောင့် ကမ်းစောင်းတောင်ယံကတက်သာသည်ကိုသိ၍ရဲမက်တော်တို့လည်း လက်နက်စွဲလျက်ဒိုင်းချွန်းဆောင်း၍ အသက်ကိုသစ်ရွက်တချပ်ခန့်မလေးစား အကြောက်အရွံ့မရှိ မြို့ကိုတက်သည်။

မြို့ထိပ်သို့မရောက်မီ မြို့စီးမြို့စောင့်တို့သိ၍ ပွဲယက်ရည်, သလွဲရည်, အုတ်ကျောက်အများ မိုးရွာ၏သို့ သွန်းချသော်လည်း မြို့တက်လူတို့မှာ ဒိုင်းချွန်း ဆောင်းလျက်ဖြစ်၍ မသိမခိုက် တက်နိုင်လျှင် မလေး မစား အကြောက်အရွံ့မရှိ မြို့စီး ပြစီး အစောင့်အနေ တလိုင်းတို့ကို တိုက်လံထိုးခုတ်လျှင် မြို့စီးဘလိုင်းတို့လည်း မြို့တွင်းမှာ တလိုင်း, မြန်မာ, ရှမ်း, ယွန်း အရောရောရှိသည်နှင့် မြို့တွင်းသားချင်း အတွင်းမီးဖြစ်ချေပြီအမှတ်ရှိ၍ မြို့ထိပ်က ဆင်းပြေးကြလေ၏၊ သူရဲကောင်း အာမခံ ကိုးကျိပ်သုံးယောက်တို့လည်း မြို့တွင်းသို့ဝင်၍ အိမ်ရာ တဲအိမ်များကို မီးထင်းဘိုက်ရှို့

သည်၊ မြို့ပြင်ရံတပ်တော် ရေကြောင်းကြည်းကြောင်းရဲမက်တော်တို့လည်း တမြို့လုံးသောသောတက်မျှရှိလေလျှင် မီးလည်းစွဲသည်နှင့် မြို့ပြင်သို့ ထွက်လာသမျှလူတို့ကို ဖမ်းဆီးသတ်ညှစ်သည်၊ တချို့မြို့တံခါးကို ဖွင့်သည်၊ မြို့ကိုလှေကားထောင်၍ တက်သူတက်သည်၊ မြို့တံခါးဖွင့်ရာက ဝင်သူဝင်သည်၊ ယင်းသို့ ရံတပ်တော်အလုံး ဆင်ပါမြင်းပါ မြို့တွင်းသို့ဝင်သည်ကို တလိုင်းမင်းညီ ဗညားဒလနှင့် တလိုင်းမိုလ်မှူးတပ်မှူး အပေါင်းတို့ စည်းကြပ်ကွပ်ကဲသော်လည်း၊ မခံမရပ်နိုင်, မကွပ်မကဲနိုင်၊ နတ်စစ်သည်နှင့် တူသော သူရဲတော်အပေါင်းတို့လည်း ထိုးခုတ် ပစ်ခတ်သည်တွင် တလိုင်းကုလား မိုလ်မှူး တပ်မှူးတပ်သားဘို့ သေလေသည် များ၏၊ တလိုင်းမင်းညီ ဗညားဒလလည်း အသက်လွတ်ကြောင်း သန်လျင်မြို့ ရှမ်းတံခါးက မြင်းစီး၍ အပြင်းထွက်ခွာလေသောကြောင့် အနိုင် လွတ်လေသည်။

ဘဝရှင် အလောင်းမင်းတရားကြီး ဘုရားလည်း သန်လျင်မြို့ကို အလိုတော်ပြည့်ကြောင်းကို သိတော်မူလျှင် သန်လျင်မြို့နေ ဆင်းရဲသား ကျွန်တော်မျိုးတို့သည် ငါ့ကျွန်တော်ခံချင်လျက် ဗညားဒလကို ကြောက်၍ မထွက်မလာဝံ့သောကြောင့် ပျက်စီးလေသည်၊ မြန်မာ,ရှမ်း အစုစုလူတို့တွင် လူအိုလူနာ သူငယ်ရဟန်းတို့မှစ၍ မြို့တွင်းဝယ် ရှိလေသည့်လူတို့ကို လက်လွန်မိသည့် လူဘို့ကိုသာလွန်စေ မသတ်မညှစ်စေနှင့်၊ ရဲမက်တော်တို့တွင် ရသည့် ဆင်, မြင်း, အမြောက်, သေနတ်, မား,လှံ, ယမ်း,ကျည်စေ့, ရာဇဝတ်နှင့် စပ်ဆိုင်သည်ကိုသာ ဆက်သွင်းစေ၊ ရွှေ, ငွေ,ကျောက်သံပတ္တမြား ထည်မျိုး အုပ်မျိုးရသမျှကို ရသူတို့လက်ရယူစေ၊ လှေလျှင်နှင့် အမိန့်တော်ပြန်ရ၏၊ ရဲမက်တော်တို့လည်း သန်လျင်မြို့တွင် သူဌေးသူကြွယ်ကုန်သည် တလိုင်း ကုလား ယောကျ်ားမိန်းမတို့ကို သုံ့ပန်းလက်ရဖမ်းယူကြသည်၊ ရွှေ ငွေ ကျောက်သံပတ္တမြား ထည်မျိုး အုပ်မျိုး အစေ့အန္တရကြကုန်သည်။

ယင်းသို့လျှင် သက္ကရာဇ် (၁၁၁၈) တထောင့်တရာ့တဆဲ့ရှစ်ခု၊ဝါဆိုလပြည့်ကျော် တဆဲ့ငါးရက်နေ့ သန်လျင်မြို့ကို အလိုတော်ပြည့်လျှင် သန်လျင်ကုလား, သင်္ဘောသားကုလား, ခရာသီ၊ သေနတ်လုပ်တတ်သသူ၊ အင်္ဂလိပ်၊ ဘယင်္ဂျီ၊ အချုပ်အလုပ် တတ်သသူ၊ ရွှေဇာ ငွေဇာ ယက်တတ်သူ၊ ဆေးရေးပန်းပု ပန်းပွတ်, လက်နက်လုပ်, ပန်းပဲ, ဗိသုကာ, သင်္ဘောသူကြီး, ကလယ်ကုလားမျိုးအစုံနှင့် သင်္ဘောပြည်က ခန့်ထားသူ ကုမ္ပဏီနှင့် ကုလားပေါင်း တထောင်ကျော် ရတော်မူသည်၊ မြင်းတရာ

ကျော်, သေနတ်မီးပေါက် တထောင့်ငါးရာကျော်, အမြောက်ကိုးရာကျော်၊ ၎င်းအနက် သားသွင်းတောင်ငူ နှုတ်ခမ်းလှတစ်၊ ၎င်းမိုးဟိန်းတစ်၊ အမြောက်ကြီးခပေါင်း ငါးဆယ်ကျော်၊ ကြေးစင်တသောင်းကျော်၊ သံတထောင်ကျော်၊ ခဲငါးထောင်ကျော်၊ သင်းဘောတန်ဆာ ကျောက်ဆူး သံကြိုး သံကွင်း သံပတ် အချိန်တသောင်းကျော်၊ သင်းဘောနာရီ၊ စက်ပြောင်းအိမ်မြောင်၊ သင်းဘောတန်ဆာအစုံနှင့်၊ ဖန်လုံး မှန်လုံး ဆီမီးအိမ်၊ သေးထောင့် ခြောက်ထောင့် ရှစ်ထောင့်မီးအိမ်၊ ရွှေအိမ် ငွေအိမ်နှင့် သုံးထောင်ပြည့် မှန်ကြီး, မှန်လတ်, မှန်ငယ် မင်းသုံး မင်းဆောင်၊ သူဌေး သူကြွယ်တို့အသုံးအဆောင် များစွာရတော်မူသည်။ ။ရွှေ ငွေ ကျောက်သံ အုပ်မျိုး ထည်မျိုးတို့ကိုမူကား ရသူမိုလ်မှူးတပ်မှူးတို့ယူကြရသည်။

ဘဝရှင် အလောင်းမင်းတရားကြီး ဘုရားသည်း ရွေးကောက်တော်မူသည့် သူရဲကျွန်တော်မျိုး လူကိုးဆဲ့သုံးတွင် ရှစ်ယောက်သော သူတို့သည် သန်လျင်မြို့တက်တွင် ဆုံးချေသည်၊ ကျန်ရှစ်ကျိပ်ငါးယောက်သောသူတို့ကို ရွှေတော်တွင် ငွေကိုပုံစေ၍ ကျုံးစေသည်၊ ထိုပြင် ပွဲလမ်းရသသူတို့ကိုသည်း အသိုက်အလျောက် ဆုပေးတော်မူသည်။ ။ယင်းသို့မှ သတိုးကျော်သူ, ကျော်ထင်သက်တော်ရှည်တို့ကို စစ်ကဲ၊ မင်းထင်နော်ရထာကို ဗိုလ်းမှူးခန့်တော်မူ၍ မြင်းငါးရာကျော်, အမြောက်နှစ်ရာကျော်, စစ်သည်သူရဲ သုံးထောင်ကျော်နှင့် သန်လျင်မြို့ထွင်ထားတော်မူခဲ့၍ ထိုနေ့ နေငြိမ်းသုံးချက်တီးကျော် ဂေါ်ခမော်လီအခါတွင် ရတနာ ရွှေဖောင်တော်နှင့် ရေနန်းစကြာ မဟာ သင်းဘောတော်ကြီး စသော လှော်ကား, သမွန်, ဆွဲခလှေ, ရဲလှေ, သားလှေ, ငှက်လှေ, ရွှေဖောင်,ရွှေလောင်း မြစ်ကြောင်း ဝိဘ်မျှ တက်ခရေးတက်ချင်း, ညင်းညင်းခြေးခြေး ကြော်ကြွေး ကျူးရင့်သောအသံ၊ နရည်းပုံခမောင်း အသောင်းမဘ တီးမှုတ်ကြသောအသံတို့ဖြင့် အုဘ်အုတ်ကျက်ကျက် တပြိုင်နက် မြစ်လုံးပွဲတင်သင်စေလျက် သန်လျက်စွန်း နန်းတော်ကသည် ရန်ကုန်မြို့နန်းခတော်သို့ ဝင်တော်မူ၏။

ရန်ကုန်မြို့သို့ ရောက်တော်မူလျှင် ရွှေဘဝါးတော်အောက်ပါ ကုလားစု၊ သန်လျင်ရန်ကုန်ရှိကုလားစု၊ ပသီ,ဘယင်ဂျီ,ကပ္ပလီ,ကလယ်တို့ကို ရွေးစစ်တော်မူ၍ ရသမျှလူငါးရာ့ငါးဆယ်ကို နောသစ်,သောတက်,ပုတ်ဒူး, ဒါဝတ်, ဝိယာမာမတ်, ပေါရုံ, အံခယော်နီ, ငသိုက်တို့ကို သွေးသောက်ကြီးခန့်၍ သက္ကရာဇ် (၁၁၁၈) တထောင့် တရာ့တဆဲ့ရှစ်ခု၊ ဝါခေါင်

လဆန်းသုံးရက် အင်္ဂါနေ့ ကိုယ်ရံသေနတ်စု ဖွဲ့တော်မူသည်။ သမန္တ ရတ်ကို ငွေတပိဿာ၊ သွေးသောက်ကြီးတို့မှာ ငါးဆယ်စီ၊ အကြပ်တို့မှာ လေးဆယ်စီ၊ ငယ်သားတို့မှာ သုံးဆယ်စီ သနားတော်မူသည်။

တလိုင်းမင်းညီဗညားဒလ သန်လျင်မြို့မှာနေစဉ် လက်ဆောင်ပဏ္ဏာနှင့် သင်းဘောပြည်သို့စေ၍ စစ်ကူတောင်းလေသောကြောင့် တိုက်သင်းဘော သုံးပင်တိုင်သုံးစင်း လက်နက်ကိရိယာ အပြည့်တင်၍လာရာ သန်လျင်မြို့ ပျက်နှင့်ကြောင်းကိုကြား၍ မုတ်ရိုင်အရပ်တွင်နေသည်ကို ကုမ္ပဏီတို့က စာပေး၍ မာလိန်တို့ကို သမ္ဗန်နှင့် ခေါ်စေသည်။ သင်းဘောသုံးစင်း နှင့် သင်းဘောသား ကုလားသုံးရာ၊ သင်းဘောသူကြီး သုံးယောက်တို့ ရန်ကုန်သို့ ရောက်လာ၍ သင်းဘောတွင် အမြောက်ကြီး ရှစ်ပိဿာဝင်၊ ခုနစ်ပိဿာဝင် သုံးဆဲ့ငါး၊ သေနတ်တထောင့်သုံးရာ၊ ယမ်းစည် သုံးဆဲ့ ငါးလုံး ဗုံးအမြောက်ကြီးနှစ်လုံး ဗုံးသွတ်ကျည်စေ့ သုံးထောင်၊ အမြောက် ကြီးကျည်စေ့သုံးထောင်၊ အမြောက်ငယ်ကျည်စေ့ သုံးထောင်၊ ထည်မျိုး အုပ်မျိုး တထောင့်ငါးရာ၊ ရုပ်ထီးသေတ္တာတရာ၊ ကြွေပန်းကန်သေတ္တာ တရာ့နှစ်ဆယ်၊ မြင်းသေနတ်သုံးရာ၊ မှန်သေတ္တာတရာ့နှစ်ဆယ်၊ အရုပ် ဆန်းကြည့် မှန်သေတ္တာ ငါးလုံး၊ ကုလားကိုင် ဓားသုံးရာ၊အမြောက်တင် ရထား အမြောက်နှင့်ငါး၊ လှံနှစ်ရာ၊ ငွေဒင်္ဂါးတသောင်း၊ ရဲတင်းပုဆိန် သုံးရာ့သုံးဆယ်၊ လှံစွပ်သေနတ်သုံးရာ၊သေနတ်ဆေးကောင်း လွယ်အိတ် နှင့် တထောင့်သုံးရာ၊ မီးကျောက်သုံးသောင်း၊ ထောပတ်စည် တထောင့် နှစ်ရာ၊ စက္ကူနှစ်သန်း ရတော်မူ၏။

## တလိုင်းဝစ်သူကြီး ဒေါင့်ယစက် အလောင်းဘုရားထံ ဝင်ရောက်ခိုလှုံခြင်း

ထိုအခါ တလိုင်းမင်းလည်း ညီဗညားဒလနှင့်တကွ သန်လျင်တမြို့လုံး ပျက်လေလျှင် ဤသို့ဆို၏။ မြစ်စဉ်မြို့ကျေးရွာများက မျိုးရိက္ခာပေါက်သာ ရောက်သာလေသောကြောင့် ဟခုမိုးကျသည်တိုင်အောင် မြန်မာမင်း ငါ တို့အရပ်တွင်နေ၍ မြို့ကြီးပြကြီးဆိုသမျှကို ဖျက်ဆီးရလေသည်။အနောက် မြစ်စဉ်တလျှောက်နှင့် ချောင်းပေါက် မြစ်ပေါက်ဆိုသမျှက ဒဂုန်သို့ မျိုး ရိက္ခာမသွင်းမရောက်နိုင်အောင် စောင့်နေဖျက်ဆီးရမည်ဆိုပြီးလျှင် ငါး ရာတစု ခြောက်ရာတစု တပ်အများ အသွယ်သွယ်အဝဝ ချောင်းပေါက် မြစ်ပေါက်တိုင်း လှေလျှင်နှင့်ပုန်းအောင်းကွယ်နေစေ၍ မျိုးရိက္ခာအသွင်း

အပို လှေများကို ဖျက်ဆီးနှောင့်ရှက်စေ၏။ ရန်ကင်းစံရာတွင်ထားတော်မူသည့် တောင်ငူရာဇာ အမှုထမ်းဟောင်း ကျော်ထင်နော်ရထာတပ်ကိုလည်း မျိုးရိက္ခာ အပိုအသွင်း အဖျက်အဆီးခန့်သူ တလိုင်းမိုလ် ဒေါတော်တုတ် လူဘထောင်ကျော်နှင့် တိုက်သည်တွင် တပ်ပျက်၍ ကျော်ထင်နော်ရထာလည်း ဆုံးချေ၏။

ထိုသို့ ရိက္ခာပေါက်သာ ရောက်သာသည့် မြစ်ပေါက် ချောင်းပေါက်တိုင်း အနှံ့အပြား ရိက္ခာသွင်းလှေတို့ကို တလိုင်းတို့ ပုန်းကွယ်တိုက်ဖျက်လေလျှင် ရန်ကုန်မြို့သို့ ရိက္ခာမပေါက်မရောက်နိုင် ရှိသောကြောင့် ရဲမက်တော်တို့ ဆွံ့ရှား ပြတ်လပ်ကြကြောင်းကို ဘငရှင် အလောင်းမင်းတရားကြီးဘုရား ကြားတော်မူလျှင် ရွှေတောင် ဥဒိန်ကျော်နှင့် တိုက်လှေကြီး ငါးဆယ်ကျော်, လက်ယာကျော်ထင်နှင့် တိုက်လှေကြီး ငါးဆယ်ကျော်, ရွှေတောင်ရာဇာနှင့် တိုက်လှေကြီး ငါးဆယ်ကျော်, မင်းထင်ရဲထွတ်နှင့် တိုက်လှေကြီးငါးဆယ်ကျော်, သည်လှေတပ် လေးတပ်ကို တိုက်လှေကြီး နှစ်ရာကျော်နှင့် ခန့်တော်မူ၍ မြစ်ပေါက်ချောင်းပေါက်တိုင်း တလိုင်းတို့ လှေကို ဖမ်းဆီးရ၏။

ရွှေတောင်ရာဇကျော်နှင့် တိုက်လှေကြီးငါးဆယ်ကျော်, မင်းကျော်သိင်္ခနှင့်တိုက်လှေကြီးငါးဆယ်ကျော်,လက်ဝဲစန္ဒနှင့်တိုက်လှေကြီးငါးဆယ်ကျော် သည်လှေတပ်သုံးတပ်ကိုလည်း ဓနုဖြူ, ဟင်းသာတ, လှည်းဆိပ်, ချေးမော်တခွင်တပြင် တလိုင်းလှေတပ်တို့ကို ဖမ်းဆီးစေ၏။

သည်ကဲ့သို့ အနောက်မြစ်စဉ်တလျှောက် ချောင်းပေါက် ချောင်းဝ အနှံ့အစပ် အဖမ်းအဆီး ခန့်ထားစီရင်သည်တွင်မှ မြစ်ပြင်မြို့ကျေးရွာ ချောင်းပေါက်မြစ်ပေါက်များက တလိုင်းတို့ အနှောင့်အရှက် အဖျက်အဆီးမရှိ၊ မျိုးရိက္ခာသွင်းသာ ရောက်သာသောကြောင့် ရဲမက်တော်တို့ ဝပြောကြကုန်၏။

ယင်းသောအခါ တလိုင်းမင်းတွင် စစ်သူကြီးပြုသသူ ဒေါဠယ်ယဇက်ကား ဤသို့ကြံ၏။ မြန်မာတို့နှင့် ငါတို့ပဲကူးသားတို့ စစ်တွေ့လေတိုင်းပင်ပဲကူးသားတို့ လက်ထူနိုင်ဘူးသည်မရှိ၊ ပျက်စီး ဆုတ်ခွာရချေသည်သာ၊ ရှေ့သို့လည်း ပဲကူးသားတို့ မြန်မာတို့ကို လက်ထူနိုင်မည်မထင်ပြီ၊ ယင်းသို့လက်မထူနိုင်မှ ငါတို့စစ်သူကြီး ပြုသသူ သူ့လက်သို့ ရောက်ရချေသည်ရှိသော် အသက်မလွတ်ပေရာ၊ ယင်းသို့ ဖြစ်သောကြောင့် "မရိုက်ခင်ကငိုနှင့်သည်၊ မရောက်ခင်ကကြိုနှင့်သည်"ဆိုသကဲ့သို့ ယခု မြန်မာမင်းသို့ဝင်၍

ပွဲသမ်းရအောင် အမှုကိုထမ်းမှ ငါတို့အမတ်ကြီးအရေးရှင်ပြုသူ အသက်ရရာသည်ဟု အကြံဖြစ်၍တသိုင်းမင်းစစ်သူကြီး ဒေါင်ဇယ်ယစက်သည် မိဘ သားမယား ဆွေမျိုးစုံရာတို့နှင့် ပဲကူးကရှောင်ရှားထွက်ခွာခဲ့၍ သက္ကရာဇ် (၁၁၁၈) တထောင့်တရာ့တဆဲ့ရှစ်ခု၊ တော်သလင်းလပြည့်ကျော် ငါးရက်နေ့ သားတော်ဒီပဲယင်းမင်း သီရိသုဓမ္မရာဇာတပ်သို့ ဝင်ရောက်လာသည်ကိုသားတော်သီရိသုဓမ္မရာဇာလည်း ဒေါင်ဇယ်ယစက်ကို စုံစမ်း မေးမြန်းတော်မူသည်၊ ဒေါင်ဇယ်ယစက်ကလည်း အကြောင်းမျိုးကို စေ့စုံစွာနားတော်လျှောက်၍ ဒေါင်ဇယ်ယစက်နှင့်တကွ မိဘ သားမယားဆွေမျိုး ပေါက်ဘော်တို့ကို ခမည်းတော်ဘုရားခြေတော်ရင်းသို့ဆက်စေ၏။

ဘဝရှင်အလောင်းမင်းတရားကြီးဘုရားက ဒေါင်ဇယ်ယစက်ဝင်ရောက်လာသည့်အကြောင်းအရာမျိုးကို မေးတော်မူသည်ကို အဆုံးမရှိသော ဘုန်းတော် တန်ခိုးတော်ကြောင့် ကျွန်တော်တို့စစ်သူကြီးပြုသသူ ပဲကူးမြို့တွင်းမှာ ရပ်တည်၍မနေနိုင်သောကြောင့် ယခုက ပွဲလမ်းရအောင် အမှုတော်ကို ထမ်းမည်ဟု မိဘသားမယား ဆွေမျိုးပေါက်ဘော်တို့နှင့် ပဲကူးက ထွက်ခဲ့၍ ခြေတော်ဦးခိုက် ရောက်လာကြောင်းကို ရှိခိုး နားတော်လျှောက်သေလျှင် ဒေါင်ဇယ်ယစက်ကား ပဲကူးမင်းတွင် သူရဲကောင်းယောက်ျားဟူ၍ ကျော်စောသည်၊ ငါက သူရဲကောင်းတို့နှင့် စစ်ပွဲတွင်မတွေ့မကြုံဘူးလောဟူ၍မေးတော်မူလျှင် တွေ့ကြုံဘူးကြောင်းကိုလျှောက်သည့်တွင် ဘယ်သို့တွေ့ကြုံသနည်းမေးတော်မူ၍ဒေါင်ဇယ်ယစက်လျှောက်သည်ကား–ဘောလယ်တွင် ကျွန်တော်တို့တပ် မခံနိုင်၍ ရွေ့ရချေ၏၊ ကျွန်တော်လည်း တပ်ရွေ့လျှင် စစ်ဘုရင်ဖြစ်၍ မြင်းတရာကျော်နှင့် အစည်းအရုံးမပျက်စေရ နောက်ကအုပ်၍ မြန်မာတို့ လိုက်လာသည်ကို ဆီး၍ဟန့်တား၏၊ ယင်းသို့စင်တွင် အသားခပ်ညိုကိုယ်ခပ်ကိုင်းနှင့် သျှောင်ကိုဖြေ၍ ဆံဖျားချနှင့် ဝတ်လုံချပ်ကာမပါ အတာနှစ်ဆယ်ကျော်ကွာမြင်းစုက ခွာ၍ ကျွန်တော်ရှိရာ စိုက်စိုက်လိုက်လာသည်ကို အထောက်တော်ရာက ကျွန်တော် လှံသုံးစင်းနှင့် ဆင့်ကာလွှတ်သည်၊ မထိမပါး မတိမ်းမရှောင် အကြောက်အရွံ့မရှိ ပကတိလိုက်မြဲ လိုက်သည်နှင့် ကျွန်တော်အောက်မေ့မိသည်မှာ လက်တွင်လှံ့ရှင်ပါလျက်လက်တုံ့မယူ လူကိုအရှင်ဖမ်းမည်ကြံသည့် လက္ခဏာရှိချေသည်၊ လူလည်း ကြီးကျန်း မောင်းမာသန်စွမ်းဟန်ရှိလှသည်၊ ဆုတ်မှသာသင့်တော့မည်ဟု မြင်းတရာကျော်နှင့် တလုံးတည်း ထွက်ပြေးသည်ကိုမလိုက်၊ မြင်းရပ်ကာသာ ကြည့်၍ နေရစ်

သည်ဟုလျှောက်လျှင် ထိုသူကို မြင်သော် သိမည်လော မေးတော်မူ၍ မြင်ရသော် သိပါမည် လျှောက်သဖြင့် အပါးတော်တွင်ရှိသည့် ဗိုလ်မှူး တပ်မှူး မှူးတော် မတ်တော် ငါးကျိပ်ကျော်ကို ပြလျှင် အလယ်တွင်နေ သော ထိုလူကြီးပင် ဖြစ်ပါသည်ဟု မင်းလှမင်းခေါင်ကို လက်ညှိုးညွှန်၍ ပြ၏၊ ဘဝရှင်အလောင်းမင်းတရားကြီးဘုရားလည်း မင်းလှမင်းခေါင်ကို ဦးဆံဖြေ၍မတ်တပ်ရပ်လျက်ပြစေသည်၊ ဒေါ်ဇွယ်ယစက်လည်း လက်ဖျား ခါ၍ သည်သူပင်မှန်ပါသည်၊ ဘောလယ်တွင် တွေ့သည့်နေ့မှ ယနေ့ ထက်တိုင် ကြောက်ပါသေး၏ဟု လျှောက်လျှင် ရယ်တော်မူ၍ တိုက်ပွဲတွင် ချက်တဖြုတ် အဝေးကမြင်လိုက်ကာမျှနှင့်သတိရပေသည်ဟု အားရတော် မူ၍ သန်လျင်ပျက်တွင်ရသည့် ဒေါ်ဇွယ်ယစက် သားမယား ကျေးကျွန် တို့ကို စိစစ်၍ ပေးအပ်တော်မူ၏၊ဗညားဒလဟူသောအမည်နှင့်သားတော် သီရိသုဓမ္မရာဇာကိုအပ်၍လည်း အမှုတော်ကို ထမ်းစေရ၏။

## တလိုင်းတပ် အများအပြား တိုက်ခိုက်အောင်မြင်၍ ဒဝယ်စားက လက်ဆောင်ဆက်သခြင်း

ယင်းသောအခါ တလိုင်းမင်းလည်း ဒေါပုံတပ်, သန်လျင်မြို့တပ်, သင်းဘောတပ်ပျက်လျှင် ညီ သား သမက် အမတ်ဒေါ်ဗညား ဗိုလ်မှူး တပ်မှူးဘို့ကို ခေါ်၍ ဤသို့ဆို၏၊ ရှေးမဆွက မြန်မာတို့ချီလာသည်ကြား စကာလကပင် အလုံးအရင်းနှင့် ကြည်းကြောင်း ရေကြောင်း ပြည်မြို့က ခံစေသည်၊ မခံနိုင် ပျက်ချေ၏၊ သန်လျင်ကင်း, ပန်းလှိုင်, ခရီးကျဉ်းများ က ခံပြန်စေသည်ကို ပျက်ပြန်ချေ၏၊သို့လျှင် ဒဂုန် ဒလတိုင်အောင် မြန်မာ မင်းတို့ အခြေအမြစ်ပြုရလေသည်၊ သန်လျင်မြို့မှာကား ငါ့ညီ ဗညားဒလ နေသောကြောင့် နေနိုင်၏၊ သန်လျင်မြို့ကြီးကြီးနေနိုင်အောင် မြောက်ဘက် ဒေါပုံအရပ်တွင် မြို့နှင့်အတူ တပ်ခိုင်တည်၍ ပဲကူးသား, မုတ္တမသားတို့ နှင့် ဈေးငယ်ဗိုလ်ကို နေစေသည်၊မနေနိုင်၍ ဒေါပုံတပ်ကြီးပျက်လေလျှင် မြန်မာတို့ လုပ်သာကြီးသာရှိလေသောကြောင့် သန်လျင်မြို့ကို တိုက်လျှင် သင်းဘောခုနစ်စင်း ရေတပ်နှင့်တကွ တမြို့လုံးကိုသူကရလေသည်၊ ယခု လည်း ငါတို့ စစ်သူကြီး ပြုသသူ ဒေါ်ဇွယ်ယစက် မိဘ သား မယား ဆွေမျိုး ပေါက်ဘော်ဘို့နှင့် မြန်မာမင်းသို့ ဝင်စားလေသည်၊ မြန်မာမင်း သူရဲတို့မူကား သိမ်းစွန်ရဲတို့နှင့်အတူ နှလုံးဝမ်းကြီးလှ၏။ ကိုယ်တို့ တစုမူ သူရဲသော်ကား ဆိတ်တုံ၏။မြွေးတွင်ပေါက်စသော ကြက်သငယ်၏နှလုံးဝမ်း

မျှသာဖြစ်ချေ၍ မြန်မာမင်း ,အလုံးအရင်းအနည်းနှင့် ငါတို့ မြို့ရင်းတိုင် အောင် ပေါက်ရောက် နှိပ်နင်းရလေသည်ဟု ဆိုပြီးလျှင် တွေမှိုင်၍နေ လေ၏။

ယင်းသောအခါ တလိုင်းမင်းသမက် စောမြလျှောက်သည်ကား… ယခုအရေးကိုထောက်သော် ရှင်ဘုရင့်အရေးသာမဟုတ်ပြီ၊ သူ့ကို နိုင် သော်သာ ကိုယ်နှင့်တကွ သားမယားတို့ အသက်လွတ်ကြမည်။ သူ့ကို မနိုင်မူကား တပြည်လုံးပျက်စီးကြမည့်အရေးဖြစ်ချေတော့သည်၊ ယင်းသို့ ဖြစ်သောကြောင့် ယခု ကျွန်တော်ထွက်၍ တပ်ပေါင်း သုံးဆယ်ကျော်နှင့် ကမာပီအရပ်တွင် တပ်ကြီးဘည်ပြီးလျှင် အခိုင်နေမည်၊ ကြည်းကြောင်း မြန်မာတို့ ပေါက်သာရောက်သာသည့် လမ်းပေါက်လမ်းဝ ဆိုသမျှကို နှစ်ထောင်တပ်, သုံးထောင်တပ်, လှမ်းမှီကမ်းမှီ ဆီးဆို့ရပ်ခံနေစေမည်၊ ရေကြောင်းကလည်း ပိုင်ကြို့ဝမှာ စပ်တင်လှေကြီးသုံးငါးစီ လေးစင်းစီ ဖောင်တွဲ၍ ကာတုတ်,ရင်တား, ပဓွင်, ရင်လျှောက် အခိုင်အလုံ စီရင်ပြီး လျှင် အမြောက်,စိန်ပြောင်းစီစဉ်လျက် သူရဲအပြည့်တင်၍ ချောင်းတဘက် နှင့်တဘက်ကို စပ်အောင် အထပ်ထပ်ထားမည်၊ တိုက်လှေကြီး သုံးရာ ကျော်ကိုလည်း သူရဲအပြည့်တင်၍ ချောင်းတဘက်တချက် ထားမည်၊ ချောင်းကမ်းထိပ် တဘက်တချက်ကလည်း တဘက်နှစ်တပ်စီထားမည်ဟု လျှောက်သည်ကို စစ်သူကြီးဒသပန်း,မတ္တရာမိုလ်ပယ်ကျော်စသောတလိုင်း မိုလ်မှူးတပ်မှူး အမတ်ဒေါဗညားအပေါင်းတို့ကလည်း ယခု သမက်တော် သခင်ခစောမြ နားတော်လျှောက်သောအရေးသည် အလွန်သင့်လှသော အရေးပင် ဖြစ်ပေသည်။ ကျွန်တော်တို့ မိုလ်မှူးတပ်မှူး ဒေါဗညားတစု လည်း ရှင်ဘုရင့်ကျေးဇူးတော်ကို အသက်နှင့်ဆပ်ပါမည်ဟု တညီတညွတ် လျှောက်ကြသည်တွင် တလိုင်းမင်းလည်း အကြိုက်ညီသောကြောင့် တပ် ပေါင်းသုံးဆယ် စီရင်ပြီးလျှင် တလိုင်းမင်းသမက် စောမြချီလာ၍ ကမာ ပီအရပ်တွင် တပ်ကြီးတပ်ခိုင်တည်ပြီးမှ အိမ်ကိုးဆောင် ဆောက်လုပ်ရပ် နေ၍ ပိုင်ကြို့ဝမှာလည်း ကြည်းကတဆဲ့နှစ်တပ် စွဲရပ်စေပြီးလျှင် ရေက လည်း တိုက်လှေကြီးများကို ဖောင်တွဲ၍ ကာတုတ်, ရင်တား လုပ်ပြီးမှ အမြောက်,သေနတ်,တင်ကျည်း,အုတ်ကျောက်အများတင်၍ ကြည်းဘက် ရေဘက် ချောင်းနှစ်ဘက်စီစဉ်၍ မတ္တရာမိုလ်ပယ်ကျော်ကို နေစေပြီးလျှင် ရေတပ် ကြည်းတပ် အထောက်ထောက် တပ်ပေါင်းသုံးဆယ်ကို လမ်း ပေါက်လမ်းဝဆိုသမျှကို အပိတ်ခံရပ်စေသည်။

ဘဝရှင် အလောင်းမင်းတရားကြီး ဘုရားလည်း တလိုင်းမင်းသမက် စောဗြ ဝိုင်ကြိုကမာဝိတွင် တပ်ခိုင်တည်၍ ရေတပ်ကြည်းတပ် အခိုင်နေ ကြောင်းကို ကြားတော်မူလျှင် ရွှေတောင်ရာဇာ တိုက်လှေကြီး ငါးဆယ် ကျော်နှင့် လက်ဝဲကြောင်း,ဒေဝဒိဗ္ဗ တိုက်လှေကြီး ငါးဆယ်ကျော်နှင့် လက်ယာကြောင်း, တုရင်သူရိန် တိုက်လှေကြီး ငါးဆယ်ကျော်, သမ္ဗန် တဆယ်ကျော်နှင့် အလယ်ကြောင်း၊ တုရင်သူရိန် လှေတပ်တွင် ဗညား ဒလခံသော ဒေါင်ဗွယ်ယစက်ကို ထည့်တော်မူ၍လိုက်ရ၏။ သည့်လှေတပ် သုံးတပ်၊ စစ်သည်သူရဲ ခြောက်ထောင်ကျော်နှင့် ရေကြောင်းချီရ၏။

မင်းရွှာ ဗိုလ်ဘယဂါမဏိတတပ်,လက်ဝဲကြီသိုင်းတတပ်, မင်းလှသိရိ တတပ်, သိဒ္ဓိသူရိန် တတပ်, ကျော်ထင်ရာဇာ တတပ်, ယောစော်ဘွား တဘပ်, ထီးလင်းစော်ဘွားတတပ်, ပင်းဗိုလ်မှူးတတပ်, သည့်တပ်ပေါင်း ရှစ်တပ်တွင် မြင်းတထောင်,သေနတ်တထောင်,စစ်သည်သူရဲ တသောင်း ငါးထောင်ကို မင်းထင်နော်ရထာကို ဗိုလ်မှူး၊ ကျော်ထင် သက်တော်ရှည် ကို စစ်ကဲခန့်တော်မူ၍ ကြည်းကြောင်းချီရ၏။

မင်းကျော်ရဲထွတ်တတပ်, လက်ယာပုံချီတတပ်, ကျော်ထင်ရွှေတောင် တတပ်, သီရိကျော်ထင်တဘပ်, ဗလသိရိတတပ်, ဗလကျော်သူတတပ် သည့်ခြောက်တပ်မှာ မြင်းခြောက်ရာကျော်,သေနတ်ငါးရာ,စစ်သည်သူရဲ နှစ်ထောင်ကျော်သည်း ကြည်းကြောင်း နောက်ထောက်ကျောခံချီရ၏။

ယင်းသို့ ရေကြောင်း,ကြည်းကြောင်းခန့်ရန် စည်းကြပ်တော်မူပြီးလျှင် သက္ကရာဇ် (၁၁၁၈) တထောင့်တရာ့တဆဲ့ရှစ်ခု သီတင်းကျွတ်လဆန်း ငါးရက်နေ့ ရန်ကုန်မြို့တော်က ချီထွက်စေ၏။ ရေကြောင်း ချီလေသည့် ရွှေတောင်ရာဇာ, ဒေဝဒိဗ္ဗ, တုရင်သူရိန်,ဗညားဒလတို့နှင့် လှေတပ်တရာ ကျော်သားတို့ ဝိုင်ကြိုဝအောက်တွင် မတ္တရာဗိုလ်ပယ်ကျော် လှေတပ်နှင့် နေသည်ကိုတွေ့လေလျှင် ချဉ်း၍တိုက်သည်။ တလိုင်းတို့ကလည်း ဆီးကြို ၍ ပစ်ခတ်ထိုးခုတ်နှင့်သည်။ ရဲမက်တော်တို့လည်း တလိုင်းတို့က ပစ်ခတ် ထိုးခုတ်သည်ကို မကြောက်မရွံ့ အသိအပါး အရှအနခံ၍ တလိုင်းတို့လှေ ကို ယှဉ်၍ ချင်းနင်းထိုးခုတ်သည်၊ မနည်းကြာလျှင် တလိုင်းတို့အသိအပါး များလှသည်နှင့် လှေကကုန်းသို့ချည်း တက်ပြေးကြလေ၏။ မတ္တရာဗိုလ် ပယ်ကျော်လည်း မစည်းမကြပ်နိုင်လေလျှင် ရုံးမိသမျှလူတို့နှင့် နောက် လှေတပ်သို့ပေါင်း၍ ခံပြန်၏။

ရဲမက်တော်တို့လည်း မတ္တရာဗိုလ်ပယ်ကျော်နှင့် တိုက်လှေကြီးသုံးရာကျော်ကို နိုင်လိုက်လျှင် အရပ်အဆိုင်းမရှိ လိုက်ထပ်သည်တွင် တလိုင်းတို့ မြစ်တဘက်နှင့် တဘက်သို့ခတ်အောင် အထပ်ထပ် စီရင်၍ထားသော နှစ်စင်းတွဲ,သုံးစင်းတွဲဖောင်တင်ပစ္စင်က အမြောက်ကြီးနှင့် ဆီးခံပစ်လွှတ်သောကြောင့် လှေတက်အများ နှစ်ချေ၏။ ရဲမက်တော်တို့လည်း ထိခိုက်ဆုံးပါးသည်ကို လေးစားမမှုဘဲ ချုံချုံဝင်သည်၊ တလိုင်းတို့ ဖောင်တပ်ကို ကပ်မိလေ၍ ဖောင်ထက်သို့ခုန်တက်ကာ တွေ့ရာမြင်ကိုင်း လိုက်လံထိုးခုတ်သည်၊ ရဲမက်တော်အလုံး ဖောင်ထက်သို့ချည်း တက်မိလျှင် တလိုင်းတို့ မရပ်မခံနိုင် ခုန်ဆင်း၍ ကြည်းသို့ချည်း တက်ပြေးကြလေ၏။ မတ္တရာဗိုလ်ပယ်ကျော်လည်း မနိုပ်မကွပ်နိုင်၊ ရုံးဒိသမျှ တိုက်လှေများနှင့် အပြင်းဆုတ်ခွာလေသည်။ အမြောက်,သေနတ်,သံ့ပန်း, လှေ, လူအများ ရလိုက်၏။

ကြည်းကြောင်း ချီလေသည့် ဗိုလ်မှူး မင်းထင်နော်ရထာတို့ ရှစ်တပ်လည်း ကမာပီသို့ရောက်၍ တပ်ချရပ်နေသည့်အခိုက် နောက်ချီလာသည့် မင်းကျော်ရဲထွတ်,ကျော်ထင်ရွှေတောင်တို့ ခြောက်တပ်က အောင်တံခွန်များကိုလည်း မြင်သည်နှင့် ရေကြောင်းက အမြောက်, စိန်ပြောင်းသံကိုလည်းကြား၍ ဆင်မြင်းကပြီးလျှင် မင်းထင်နော်ရထာ, ကျော်ထင်သက်တော်ရှည်တို့ စောဗြနေသည့် ကမာပီတပ်ကြီးသို့ချဉ်းသည်၊ တပ်ပေါ်က အမြောက်,စိန်ပြောင်းသေနတ် ထူထပ်လှသောကြောင့် မကပ်တည့်နိုင်၊ အမ်း၍ရှိနေစဉ် မင်းထင်နော်ရထာတို့ရှစ်တပ်တလိုင်းတို့တပ်သို့ချဉ်းသည်ကို နောက်ချီလာသည့် မင်းကျော်ရဲထွတ်,ကျော်ထင်ရွှေတောင်တို့ခြောက်တပ်က မြင်လေလျှင် မင်းကျော်ရဲထွတ်, ကျော်ထင် ရွှေတောင်တို့လည်း ဆင်မြင်းမချ တဟုန်တည်းစောဗြတပ်ကိုချဉ်းကြသည်၊ စစ်နှစ်ကြောင်းလုံး တပ်ရင်းသို့ကပ်မိလေ၏။ တပ်ထိပ်ကလည်း ဆီးခံပစ်ခတ်၍ ရဲမက်တော်အများ ထိပါးရှုနသေဆုံးချေ၏။ ထိုသို့ ထိပါးရှုန သေဆုံးသော်လည်း အကြောက်အရွံ့မရှိ စစ်နှစ်ကြောင်းသုံး တပ်ကိုလှေကားထောင်ကာတက်သည်။ တပ်ဘိုင်ကို တူးသူတူးသည်၊ ခုတ်ဖြတ်သူခုတ်ဖြတ်သည်၊ တပ်တိုင်လေးဘိုင်ငါးတိုင်လောက် အပေါက်ပေါက်အဝဝ လည်းရာက ရဲမက်တော်တို့ဝင်မိ၍ တပ်စီးဘို့ကို လိုက်လံထိုးခုတ်သည်၊ တပ်တံခါးကို ဖွင့်သူဖွင့်သည်တွင် တလိုင်းတို့တပ်ကိပ်က ဆင်းပြေးကြလေ၏။ ရဲမက်တော်အပေါင်းတို့လည်း တံခါးတပ်ပေါက်များက တလုံးတည်းဝင်မိလျှင် တပ်တွင်းမှာ အနှံ့အပြားဖမ်းဆီးထိုးခုတ်သည်၊ အိမ်ရာ တဲကန္နားများကို မီး

ထင်းတိုက်ရှိ သည်။ ထိုသို့ ညီညွတ်စွာ လုပ်ကြံလျှင် တလိုင်းမင်းသမက် စောဖြလည်း ငါတို့လှေတပ်လည်း ပျက်ချေပြီ၊ ယခု တပ်တွင်းသို့လည်း သူကဝင်မိချေပြီ၊မြန်မာတို့လည်း နောက်က ထပ်ကာထပ်ကာ တပ်အများ ချီလာဟန်ရှိသည်၊ ဆုတ်၍ အရပ်အနေသင့်ရာက ရပ်နေမှ ခံနိုင်မည်ဟု ဆိုပြီးလျှင် မြင်းနှစ်ထောင်ကျော်နှင့် တပ်တွင်းမှာရှိသည့် လူတို့ကိုနုတ်၍ တလုံးတည်း အပြင်းခွာလေ၏။

ရွှေတောင်ရာဇာ, မင်းထင်နော်ရထာ,မင်းကျော်ရဲထွတ်တို့ ရေတပ် ကြည်းတပ် စစ်သုံးကြောင်းသားတို့လည်း တလိုင်းတို့က ကြည်းတပ်ရေ တပ် အထောက်အထား အင်အားကြီးလှသည်နှင့် ရဲမက်တော်တို့လည်း ထိပါးရှန သေဆုံးသည်များသောကြောင့် တလိုင်းတို့ဆုတ်လေရာ အဝေး ခွာ၍မလိုက်၊ ကမာပီ ပိုင်ကြိုဝများတွင်သာ ကြည်းတပ်ရေတပ်ရပ်နေ၍၊ ရေတပ်ကရလိုက်သည့် တိုက်လှေကြီးသုံးရာကျော်,အမြောက်နှစ်ရာကျော် သေနတ်သုံးရာကျော်, သုံ့လူငါးထောင်ကျော်နှင့် ကြည်းတပ်က ရလိုက် သည့် အမြောက်နှစ်ရာကျော်, သေနတ်သုံးရာကျော်, သုံ့လူတထောင် ကျော်များကို ဗိုလ်မှူးတပ်မှူးတို့က ခြေရင်းတော်သို့ ဆက်လှာရ၏။

ဘဝရှင်အလောင်းမင်းတရားကြီးဘုရားသည်း ကမာပီ, ပိုင်ကြိုဝတွင် တလိုင်းခင်းသမက် စောဖြတို့ ကြည်းတပ် ရေတပ်ခံနေသည်ကို အောင် မြင်တော်မူ၍ ရလိုက်သည့် လက်နက်သုံ့ပန်းလူသူတို့ကိုဆက်လျှင် အားရ တော်မူ၍ ဗိုလ်မှူးတပ်မှူးဘို့ကို လက်တော်နှစ်ဘက်တွင် ဝတ်သည့် လက် ကောက်,လက်စွပ်တော်များကိုချွတ်၍ ဆုပေးတော်မူသည်၊ စစ်ကဲ, နာခံ, တပ်ရေး,အကွပ်အကြပ်, သူရဲသူခက်တို့ကိုလည်း အထူးထူးသော ထည် မျိုးအုပ်မျိုး အစွေအန္ဒံ ဆုပေးတော်မူသည်။ ။ထိုအခါ ဒဝယ်စားက သင်းခေါာတစင်း၊ သမ္ဗန်တဆယ်၊ ဆံဆားငါးပိများနှင့် တုရင်ကျော်, မြင်းခေါင်းငံချင်း, ကာမစားဘို့ကိုစေ၍ ဆက်လှာရ၏။

## ကျိုက်ဖတိုင် သိးကြိုတပ်များကို အောင်တော်မူခြင်း

ယင်းသို့မှ သက္ကရာဇ် (၁၁၁၈) တထောင့်တရာ့တဆဲ့ရှစ်ခု၊သီတင်း ကျွတ် လဆန်း ဆယ်ရက်နေ့ ရန်ကုန်မြို့ဒတော်က ဟံသာဝတီသို့ချီတော်မူ သည့် တပ်စဉ်ကား ကြည်းကြောင်းက····တပ်ပေါင်းနှစ်ဆယ်ကို မင်းလှ မင်းခေါင်ချုပ်၍ ချီရသည်၊ ။ရေကြောင်းမှာ သားတော် ခမြဒူးမင်း သီရိခမ္မရာဇာတပ်ပေါင်း တဆဲ့တတပ်နှင့်ချီရသည်။ ။ယင်းနောက် ဒီပဲ

ယင်းမင်း သီရိသုဓမ္မရာဇာတပ်ပေါင်းတဆဲ့တတပ်နှင့် ချီရသည်။ ။ယင်း နောက် တပ်မတော်တွင် ရှေ့ဘော်က ငါးတပ်၊ လက်ယာတော်က ငါး တပ်၊ နောက်တော်က ငါးတပ်၊ လက်ဝဲတော်က ငါးတပ်၊ ဘဝရှင် အသောင်းမင်းတရားကြီးဘုရားမှာ ရတနာရွှေဖောင်တော် စီးတော်မူ၍ တပ်ပေါင်းခြောက်ဆယ်ကျော်နှင့် သီတင်းကျွတ်လဆန်း တဆဲ့တရက်နေ့ ကြည်းဘက် ရေဘက် ဝဲကျူးသို့ချီတော်မူသည်၊ ဒေစပ်ရွာအောက်တွင် ချပော်မူသည်၊ ထိုကမှ ကမာပီတွင် ချတော်မူသည်၊ ကမာပီသို့ရောက် တော်မူလျှင် တလိုင်းမင်းသမက် စောဗြတည်သည့် တပ်သည် တပ်ကြီး တပ်ခိုင်ဖြစ်သောကြောင့် ယိုယွင်းသည်များကိုသာ ပြင်ဆင် လုပ်ဆောင် စေ၍ ယင်းသည်တွင်ပင် အရေးအကြောင်းများကို မြော်တင်းလျက် နေ တော်မူ၏။

ထိုဒေစပ်ရွာတွင် ရှေးအစဉ်ကပင်ဒီရေပြင်းထန်လှသည်၊ ထန်းတဖျား ခန့်တက်၍ နဂါးသာသကဲ့သို့ ရေအပြင်ကိုလွှမ်းမိုး၍ လှေကြီး, လှေငယ် ရှိသမျှနစ်မွန်းပျက်စီးလေသောအရပ်ဟူ၍ အစဉ်ပြောဆိုကြသောကြောင့် တက်မြဲ ဒီရေအယဉ်သည်းစွာလာသည်ကို ရဲမက်တော်တို့မြင်လျှင်စိုးရိမ်၍ တက်, ထိုးဝါ, ကျား ကိုင်ကုန်လျက် အသင့်နေကြသည်တွင် အနောက် ဘက်က ဆိုက်နေသည့် ရွှေဖောင်တော်အနီး တာနှစ်ရာ သုံးရာကျော်ခန့် ရောက်လျှင် ဒီလှိုင်းအရှေ့ဘက်သို့ကွင်း၍ အညာသို့ဆန်ပြေးလေသည်။ ။ ဘဝရှင်အလောင်းမင်းတရားကြီးဘုရားသည်း တလိုင်းမင်းသမက် စောဗြ နေရင်း ကမာပီတပ်ကိုထိုလဆန်းတဆဲ့ငါးရက်နေ့ သိမ်းတော်မူပြီးလျှင် ငါ၏ ဘုန်းသက်ရုံးအလုပ်အကြီကို တလိုင်းမင်းခံဝံ့မည်မဟုတ် ဆင်ကြီး, မြင်းကြီး, သားသမီးဘို့ကို အရေးအရာ သာယာချောင်စွာ ပန်တောင်း၍ ဆက်လာရမည် မချွတ်ဖြစ်သည်ဟု ကမာပီတပ်ကို ဆက်လာပန်တောင်း သမုတ်၍ စံတော်မူ၏။

### ကမာပီတပ်တွင် စံတော်မူခြင်း

တလိုင်းမင်းလည်း ကမာပီတွင်ခံနေသည့်သမက်စောဗြတို့ ကြည်းတပ် ရေတပ်ပျက်ယေလျှင် တလိုင်းမိုလ်မှူး တပ်မှူး စစ်သည် အပေါင်းတို့ကို ရွှေ ငွေ ပုဆိုးဝတ်လုံ အစေ့အန္တံ များစွာဆုလာဘ်ပေး၍ စစ်သည် နှစ် သောင်းကျော်ကို သမိန်လွတ်,ဗညားသကွန်းအိန်တို့ ချုပ်အုပ်စေပြီးလျှင် မြစ်အရှေ့ဘက်ကျိုက်ဖတိုင်တွင် တပ်ကြီးလေးတပ်တည်၍ ရပ်ခံနေရ၏၊

မြစ်အနောက်ဘက်ကလည်း စစ်သည်နှစ်သောင်းကျော်နှင့် တလိုင်းဗိုလ်မှူး မတ္တရာဗိုလ်ပယ်ကျော်, ဟံသာစကြတို့ကို ချုပ်စေ၍ တပ်ကြီး လေးတပ် တည်ရပ်ခံနေစေ၏။

မြန်မာတို့ ကြည်းကြောင်း ရေကြောင်း ချီတက်လာသည်ကို ဆီးကြို၍ တိုက်ခိုက်ရမည်ဟူ၍လည်း ရေကြောင်းက တိုက်လှေကြီး လေးရာ, စစ်သည်တသောင်းကျော်နှင့် ချီတက်ဆီးကြိုရ၏၊ ကြည်းကြောင်း ကလည်း မြင်းနှစ်ထောင်ကျော်, စစ်သည် ရှစ်ထောင်ကျော်နှင့် ချီတက်ဆီးကြိုရ၏။ ။တလိုင်းတို့ကြည်းတပ်ရေတပ် အင်အားကြီးချီလာကြောင်းကိုကြား တော်မူလျှင် ကြည်းကြောင်းက တပ်ပေါင်းငါးတပ်, သေနတ်စွဲသူရဲငါး ထောင်ကို မင်းထင်နော်ရထာကို အချုပ်ခန့်တော်မူ၍ချီရ၏၊ရေကြောင်း က ဘိုက်လှေကြီးတရာကျော်, စစ်သည်သူရဲ ငါးထောင်ကျော်ကို မင်း ကျော်တမွတ် အချုပ်ခန့်တော်မူ၍ ချီရ၏။

ရေကြောင်းချီလေသည့် မင်းကျော်တမွတ်တို့လှေတပ်လည်း ရေတက် ကို လိုက်သွားကြသည်နှင့် တလိုင်းဘို့ လှေတပ်ဦးနှင့်တွေ့၍ တိုက်သည်၊ မနည်းကြာလျှင် တလိုင်းဘို့က မြန်မာမင်းသည်း ရေကြောင်းချီလာသည် နီးလှပြီဆိုသည်၊ ဒီရေလည်း ရပ်တော့မည်၊ ရေကျမှဆုတ်ချေသော် ငါတို့ ရေဘိုဆန်၍ ခွာသော်လည်း အလျင်မခွာနိုင် ရှိချိမ့်မည်၊ ယင်းသို့လျှင် မြန်မာဘို့ နောက်လှေတပ် မှီချိမ့်မည်၊ ရေမရပ်မီဆုတ်မှ ခွာနိုင်မည်ဟု အမှတ်ရှိ၍ တလိုင်းတို့ လှေဦးလှည့်ကာ ဆုတ်လေ၏၊ ရှေ့ချီတပ်ဦးဆုတ် သည်ကိုနောက်ချီတဘိုင်းတို့လှေတပ်အများမြင်ကြလျှင်တလိုင်းတို့လှေတပ် ဆိုသမျှ တလုံးတည်း လှေဦးလှည့်၍ အပြင်းခွာကြလေ၏။

ကြည်းကြောင်းက ချီလေသည့် မင်းထင်နော်ရထာတို့ ငါးတပ်လည်း ကြည်းကြောင်း ချီလာသည့် တလိုင်းဘို့တပ်နှင့် တွေ့ကြလေလျှင် လက် ဝဲက သေနတ်စွဲ သူရဲတထောင်ကျော်၊ လက်ယာက သေနတ်စွဲ သူရဲ တထောင်ကျော်၊ ဝမ်းလှိုင်က သေနတ်စွဲ သူရဲနှစ်ထောင်ကျော်၊ စစ်သုံး ကြောင်းဖြန့်၍ တွေ့လျှင် တွေ့ခြင်း ရွပ်ရွပ်ချွံချွံ တိုက်သည်၊ တလိုင်းတို့ တပ်အလုံး အကွဲကွဲရှိလေလျှင် ရဲမက်တော်တို့ အစုကွဲရာဘိ၍လိုက်လံပစ် ခတ်သည်။ တလိုင်းတို့ ရှုံ့နှင့်ရင်းလည်းရှိသည်နှင့် အပြင်းဆုတ်ခွာလေ ၏။ မင်းဘင်နော်ရထာ,မင်းကျော်တမွတ်တို့ ကြည်းတပ် ရေတပ်လည်း တလိုင်းတို့က ကြည်းရေအားကြီးလှသောကြောင့် ဘိ၍မလိုက်၊ ယင်းတွင် ပင် တပ်ချ၍ နေကြရ၏။ ရေတပ်ကြည်းတပ်က ရလိုက်သည့် လှေနှစ်ရာ

ကျော်,လူတထောင်ကျော်,သေနတ်လက်နက်များကို ဘဝရှင်အလောင်းမင်းတရားကြီးဘုရားသို့ ဆက်ရ၏။ ။ထိုအခါ တောင်ငူကြောင်းချီစေသော သကိုးသိန်သူတပ်ကလည်း သီတင်းကျွတ်လဆန်း ၄ နှစ်ရက်နေ့ကပင် စစ်သည့်သူရဲသုံးထောင်နှင့် ဥဒိန်ပုညာကိုချီစေ၍ စစ်တောင်းမြို့ကို တိုက်စေသည်။ စစ်တောင်းမြို့ကိုရလျှင် ဒုံဇရစ်ရွာတွင် တပ်တည်၍ အနီးအစပ်ပတ်လည် ကျေးရွာများကို ဖျက်ဆီးသိမ်းယူရသည်။ ထိုကသည် သရက်တပင်ဘောနီတွင် တပ်တည်၍ အနီးအစပ်မြို့ရွာများကို တိုက်လံဖျက်ဆီးသိမ်းယူရသည်။

## ကျိုက်ပကစ်တဲနန်းတွင် စံနေတော်မူခြင်း

ယင်းသို့မှ ဘဝရှင် အလောင်းမင်းတရားကြီးဘုရားလည်း ရွှေတောင်ဇေယကျော်တတပ်, မင်းလှဥဒိန်ကျော်တတပ်, သည်နှစ်တပ်ကို စစ်သည်သူရဲတထောင်ကျော်နှင့် ကမာဝီတပ်တွင် အစောင့်အနေ ခန့်တော်မူခဲ့၍ သီတင်းကျွတ်လပြည့်ကျော်ငါးရက်နေ့ ကမာဝီတပ်က ကြည်းဘက်ရေဘက် ဟံသာဝတီသို့ချီတော်မူသည်။ ထိုနေ့ အလတ်ဆည်ရွာ အထက်ကျိုက်ပကစ်တွင် ချတော်မူ၍ တာဝန်းငါးရာရှိသော တပ်တည်၍ စံနေတော်မူသည်၊ ထိုအလတ်ဆည်တဲနန်းတော်တွင် အမှုထမ်း ရဲရောင်မြန်မာသူတို့ကို ရွေးစစ်တော်မူ၍ နတ်စက်ကျော်နှင့် လူငါးဆယ်ကို တုရင်စက်သွေးသောက် သေနတ်စုသို့သွင်း၍ ဖွဲ့တော်မူသည်။

တလိုင်းမိုလ်မှူး သမိန်လွတ်၊ သမိန်လကွန်းအိန်၊ ဟံသာစကြ၊ မတ္တရာမိုလ်ပယ်ကျော်ဘို့ စစ်သည်လေးသောင်းကျော်နှင့် ကျိုက်ဖတိုင်တွင် မြစ်အရှေ့ဘက်,အနေ႒က်ဘက် တပ်ကြီး ရှစ်တပ် စွဲရပ်ခံနေသည်ကိုလည်း အကြိမ်ကြိမ် လုပ်ကြံစေသည်။ ရဲမက်တော်တို့ အထိအပါးသာ များ၍ တပ်ကြီးရှစ်တပ်ကို မလှုပ်မရှားနိုင်ရှိလေလျှင် မြစ်အရှေ့ဘက်သို့ ကူး၍ မင်းလှသီရိကို တပ်စွဲစေသည်ကိုလည်း တပ်မတည်ရအောင် တလိုင်းတို့တပ်က အမြောက်,စိန်ပြောင်းနှင့် ပစ်သောကြောင့် မရပ်မနေနိုင် ရှိချေ၏။ နောက်မှ မြေကတုတ်နှင့်နေနိုင်အောင်နေစေပြီးလျှင် ညဉ့်ကို မြေတောင်ဖို့စေသည်။ အမြင့်ငါးတောင်ကျော် မြေတောင်ဖို့ပြီးမှ ရပ်နေနိုင်၍ တပ်တည်ရချေ၏။

အလောင်းမင်းတရားကြီးဘုရားသည်း တလိုင်းတို့သည် သေရည်သေရက်ကို နှစ်သက်တတ်သည်ဖြစ်၍ သေကိုသောက်လျှင် ချက်တဖြုတ်သေ

စေတတ်သော အရက်သေစာကို စီရင်ပြီးလျှင် ဟံသာဝတီက သားလင်ခင်ပွန်းသို့ မယားတို့က ပို့လှာရာတွင် မြန်မာတို့နှင့်တွေ့၍ လှေကိုပစ်ပြေးရသည့်အဟန် တလိုင်းစာနှင့် ဒီရေတက်ကြိုက် လှေတွင် သေအိုးကိုတင်၍ လှေကိုမျှောလိုက်၏။ တလိုင်းတို့တွေ့၍ ဝမ်းမြောက်ဝမ်းသာ သောက်ကြရာတွင် တလိုင်းအများသေလေ၏။ နောက်မှသတိရ၍ မြန်မာတို့လှည့်ဖတ်သည့်အမှု ဖြစ်ချေသည်ဟု တလိုင်းစာတစောင်, မြန်မာစာတစောင်ရေး၍ သိကြား,အသူရာတို့သုံးမြဲဖြစ်သော အာသာဝတီနွယ်ရည်ပင်ဖြစ်သော်လည်း နောက်ခါ မသောက်စားလိုပြီဟု ဒီရေတက်တွင် လှေငယ်နှင့်မျှောလိုက်ပြန်၍ စာကိုဖတ်လျှောက်လျှင် အလောင်းမင်းတရားကြီးဘုရား ရယ်တော်မူ၏။

## ကျိုက်ဖတိုင်တပ်ကြီးရှစ်တပ်ကို အောင်မြင်ခြင်း

တလိုင်းတို့တပ်ကြီး ရှစ်တပ်ကိုတိုက်မည်မှာလည်း အထုရှစ်သစ်ကိုးသစ်ရှိသောပျဉ်ကိုရင်ကာလုပ်စေ၍ လှည်းရထားအများ စီရင်တော်မူပြီးလျှင် အိန္ဒရာဇ်တတပ်,လက်ယာထိမ်းမှတ်တတပ်, ရွှေတောင်ဝှဲချီးတတပ်, ရွှေတောင်ကျော်ထင်တတပ်, ဒေဝရဲကျော်တတပ်, ဓနုသိင်္ခါတတပ်, ရွှေတောင်သိပ္ပ တတပ်, ရန်အောင်ကျော်သူ တတပ်, မင်းထင်နော်ရထာတတပ်,သည်းကိုးတပ်တွင် လှည်းရထားကို ရွေကချည်း ကာထားရသည်၊ ရထားမှာလည်း ပြောင်းသေနတ်ပေါက် ရွှေလက်ဝဲလက်ယာ ဖောက်၍ ရထားထဲက ဗိုလ်မှူးတို့နှင့် သူရဲသူခက်လိုက်ရသည်။ရထားနောက်က လူအများတွန်းရသည်။ ရထားတစီးလျှင် အမြောက်သုံး,သံကရနက်တဆယ်ရှူမီးတဆယ်စီကျ,ရဲဘင်းပုဆိန် တဆဲ့နှစ်, နားပန်းခေါင့်သေနတ်နှစ်ဆယ်, ရထားကံကျေး ငါးဆယ်စီ, လက်ဝဲလက်ယာရံသည်။ ထိုတွင် ကျွန်းဆုံမြို့သူကြီး ရန်အောင်ကျော်သူ၊ ဦးဗောင်းပေါင်း၍ ရထားဦးတွင် လိုက်သည်ကိုမြင်၍ မာတလိနန္ဒဘွဲ့နှင့် မြို့သူကြီးအရာကို သနားတော်မူသည်။ မြင်းတပ်တို့ကိုလည်း လက်ဝဲလက်ယာ အထောက်အလှမ်း သင့်အောင်ဖြန့်၍ လိုက်စေပြီးလျှင် လှည်းရထားနှင့် သီတင်းကျွတ် လပြည့်ကျော်ခုနစ်ရက်နေ့ မြစ်အနောက်ဘက်စွန်းတွင်နေသည့် တလိုင်းတို့တပ်ရင်းသို့ချဉ်းရသည်၊ တလိုင်းတို့လည်း တပ်ထိပ်က အမြောက်စိန်ပြောင်းနှင့် ဆီးကြိုပစ်လွှတ်သည်နှင့် ရဲမက်တော်တို့လည်း ရထားကိုအမှီပြု၍ဂိုကာဖိကာချဉ်းလျက် ဆူးခြောင့်ခလုပ်များကို ချိုးနုတ်ဖျက်ဆီး၍ တပ်ကိုကပ်သည်၊

တပ်ရင်းသို့ ရထားကပ်မိလေလျှင် တပ်ထိပ်က ထိုးခုတ်ပစ်ခတ်သည်ကို မဆုတ်မဆိုင်းတပ်ကိုတက်သူတက်သည်၊ ပုဆိန်တူးရွင်းနှင့် တပ်တိုင်ကို တူးသူတူးသည်၊ ယင်းသို့မှ ရဲမက်တော်တို့တပ်တွင်းသို့ဝင်မိ၍ တပ်စီး တလိုင်းတို့ကို လိုက်လံထိုးခုတ်သည်၊ တလိုင်းတို့ တပ်ထိပ်က ဆင်းပြေးကြသည်၊ ရဲမက်တော်တို့လည်း တပ်တွင်းသို့ တလုံးတည်းဝင်မိကြလေလျှင် တလိုင်းတို့ တပ်တွင်းမှာ မခံမရပ်နိုင် ဘရမ်းဘတာ အကွဲကွဲတပ်ပြင်သို့ ချည်းထွက်ပြေးကြလေ၏၊ တပ်ပြင်သို့ထွက်လာသည့် တလိုင်းတို့ကိုလည်း မြင်းတပ်သားတို့ ဖြန့်ကာထိုးခုတ်သည်၊ သေလေသည်ကား များ၏။

ဗိုလ်မှူးတပ်မှူး ရဲမက်တော်တို့လည်း တလိုင်းတို့ တပ်ကြီးတတပ် ပျက်လျှင် တတပ်ကိုချည်း၍ စစ်ဦးဘီလူးပါ တိုက်ပြန်သည်၊ ပျက်ပြန်ချေ၏၊ မတ္တရာ ဗိုလ်ပယ်ကျော် နေသည့်တပ်နှင့် ဟံသာစကြနေသည့် တပ်ကြီးနှစ်တပ်မှုကား အကွပ်အညှပ်နာလှသောကြောင့် တပ်သို့မချဉ်းမကပ်နိုင်ရှိချေ၏။ ။ယင်းသို့လျှင် ဗိုလ်မှူးတပ်မှူးရဲမက်တော်အပေါင်းတို့ လှည်းရထားနှင့်တကွ အရှေ့ဘက်သို့ကူး၍ တလိုင်းတို့ တပ်တတပ်ကိုချည်းကာ တိုက်ပြန်သည် ပျက်ပြန်ချေ၏၊ တပ်ဦးတတပ်ပျက်လျှင် တပ်ကြီးတတပ်ကိုတိုက်ပြန်သည် ပျက်ပြန်လေ၏၊ တပ်ကြီးနှစ်တပ်ပျက်လေလျှင် ဗညားလကွန်းအိန်နေသည့် တပ်ကိုတိုက်သည်၊ ဗညားလကွန်းအိန်လည်းမခံနိုင်၍ တပ်တွင်းမှာရှိသမျှစစ်သည်တို့ကို အုပ်စည်းမပျက် သိမ်းရုံး ကွပ်ကဲပြီးလျှင် သမိန်လွှတ်နေသည့် ညောင်ပင်တပ်ကြီးသို့ ချည်း ပေါင်းလေ၏၊ ရဲမက်တော်တို့လည်း လက်ရောပါလိုက်၍ ညောင်ပင်တပ်ကို တိုက်သည် တပ်တွင်းက သမိန်လွှတ်,လကွန်းအိန်တို့ ဗိုလ်မှူး နှစ်ဦးကွပ်၍တပ်ထိပ်က အမြောက် စိန်ပြောင်းနှင့် မရပ်မနားလွှတ်သောကြောင့် ရဲမက်တော်တို့ အထိအခိုက် များ၍ တပ်ရင်းသို့မချဉ်းနိုင် ဆုတ်ရချေသည်၊ ယင်းတွင်ပင် ဗိုလ်မှူးရန်ကျော်ရာဇာသည် ပြောင်းသင့်၍ဆုံးချေ၏။

မြစ် အနောက်ဘက်တွင် အခိုင်နေသည့် ဟံသာစကြတပ်, မတ္တရာ ဗိုလ်ပယ်ကျော်တပ်, မြစ်အရှေ့ဘက်က သမိန်လွှတ်, လကွန်းအိန်တို့နှစ်ဦး အခိုင်နေသည့် ညောင်ပင်တပ်၊ သည်တပ်ကြီးသုံးတပ်ကို အကြိမ်ကြိမ်ချဉ်း၍ လုပ်ကြံ စေသည်၊ တပ်တွင်းက ဟံသာစကြ, မတ္တရာဗိုလ်ပယ်ကျော်, သမိန်လွှတ်,လကွန်းအိန်တို့အကွပ်အညှပ်ပြင်းလှသောကြောင့်ရဲမက်တော်တို့သာ အသေအဆုံးများ၍ တပ်ကိုမချဉ်းမကပ်မလှုပ်မရှားတည့်နိုင်ရှိလေ

လျှင် တလိုင်းတို့တပ် နောက်ကို ပတ်ဝိုက်ဝိဘ်ဆို့မိအောင် တပ်တန်းဆိုး၍ တည်စေသည်။

မိုလ်မှူး တပ်မှူး ရဲမက်တော်တို့ကိုလည်း အထိအပါးအသေအဆုံးခံ၍ နေ့စဉ်ရက်ဆက် မရပ်မဆိုင်း တပ်ကိုချဉ်းစေတက်စေသည်၊ ယင်းသို့လုပ်ကြံတော် မူသည်တွင် မတ္တရာ မိုလ်ပယ်ကျော်နှင့် ဟံသာစကြတို့လည်း မြန်မာတို့တပ်အများ နောက်သို့ပတ်၍ တည်မိချေပြီး ရှည်လတ်သော် ငါတို့သမ်းပေါက်မျှမရနိုင်အောင် ရှိချိမ့်မည်၊ ယခုက ခွာမှသာ ခွာနိုင်မည် တိုင်ပင်ကြပြီးလျှင် ဟံသာစကြ၊ မတ္တရာ မိုလ်ပယ်ကျော်တို့ တပ်တွင်းရှိသည့်လူဘိုကို စည်းကြပ်၍ တပ်က ထွက်ခွာကြသည်တွင်မှ မြစ်အနောက်ဘက် တပ်ကြီးနှစ်တပ်ကို ရတော်မူ၏။

မြစ်အရှေ့ဘက်ညောင်ပင်တပ်မှုကားတပ်လည်းကြီးကျယ်ခိုင်ခံ့လှသည် ပြောင်းလက်နက် တစ်စီးဘပ်နင်းလည်း ထူထပ်လှသည်၊ လက္ခန်းအိန်နှင့် သမိန်လွှဘ်တို့လည်း အကွပ်အညှပ်ပြင်းပြနာကျင်လှသောကြောင့် မိုလ်မှူး တပ်မှူး ရဲမက်တော်တို့ အကြံမ်ကြိမ်ကြိုး၍ လုပ်ကြံသော်လည်း မရနိုင်ရှိချေ၏၊ ကိုက်လှေစီးငနိုးနှင့်တိုက်လှေခြောက်စင်း သင်းဘောတော်စောင့်လှေအများ ညောင်ပင်တပ်ကိုတိုက်ပြန်စေသည်လည်း မပေါက်မမြောက်နိုင် ရဲမက်တော်တို့ ဆုတ်ရချေ၏၊ ယင်းဘွင် ငနိုးစီးသည့် လှေနှင့်တကွ လှေဘွင် အမြောက်ခုနစ်ဆယ်ကိုလည်းသူဂရလေသည်။ ။ထိုအကြောင်းကို ဘဝရှင် အလောင်းမင်းတရားကြီး ဘုရား ကြားတော်မူလျှင် အမျက်တော်ရှိ၍ ငါ့လက်နက်တော်ကို ရအောင်ယူ၍ ဆက်နိုင်မှ ငနိုးအသက်လွတ်မည်၊ ငါ့လက်နက်တော်ကိုမရလျှင် ငနိုးကိုကွပ်မည် အမိန့်တော်ရှိလျှင် ငနိုး ကြောက်ရွံ့လှသောကြောင့် ထွက်ပြေးလေ၏၊ အမြောက်တော်ကိုလည်း တလိုင်းတို့ တပ်ထိပ်ကတင်၍ ပစ်ရလေ၏။

ဘဝရှင် အလောင်း မင်းတရားကြီး ဘုရားလည်း မြစ် အရှေ့ဘက်ကျိုက်ဖဘိုင်တွင် ခံနေသည့် သမိန်လွှတ်နှင့် လက္ခန်းအိန်တို့ ညောင်ပင်တပ်ကို မရနိုင်ရှိလေလျှင် ရဲမက်တော်အပေါင်းတို့တွင် ထူးသောရဲခြင်းနှင့် ပြည့်စုံကုန်သောသူရဲကောင်း အသက်စွန့်ဝံ့မည့်သူ တဘပ်တတပ်လျှင် လေးယောက် ငါးယောက် ရွေးကောက်တော်မူ၍ သက္ကရာဇ်(၁၁၁၈) တထောင့်တရာ့တဆဲ့ရှစ်ခု၊ တန်ဆောင်မုန်းလဆန်းနှစ်ရက်နေ့ ရွှေလှံရဲစုတရာဖွဲ့တော်မူသည်၊ ဝံသရဲ၊ သမန္တရဲကို့ကို သွေးသောက်ကြီးခန့်တော်မူသည်၊ မင်္ဂသာအိမ်တော်ပေါ် ငွေတော်ဝယ်က ကျွန်တော်ရင်း လူတရာ့

ခြောက်ကိုလည်း ဘွဲ့အမည်, ပုဆိုးဝတ်လုံ, ငွေသား, ရွှေ, ဖလား, ရွှေဦးရစ်, သေနတ်တလက်စီ သနားတော်မူ၍ ရွေးစုသေနတ် ဖွဲ့တော်မူသည်၊ သန်လျင်တိုက်တွင် ရွေးတော်မူသည့် လူကိုးကျိပ် သုံးယောက် အနက် တိုက်ပွဲကျရှစ်ယောက်ပြင် ကျန်လူရှစ်ကျိပ် ငါးယောက်နှင့်သော် သုံးစုသူရဲနှစ်ရာ့ကိုးကျိပ်တယောက်တွင် တိမ်ကြွားနတ်နှင့် ရဲတုလွတ်ကို အကြီးတင်တော်မူ၍ တန်ဆောင်မုန်းလဆန်း လေးရက်နေ့ ညောင်ပင် တပ်ကြီးကို ညဉ့်ခိုးဝင်ရမည်ဟု ခန့်တော်မူသည်၊ သိဒ္ဓိမင်းလှကျော်, မင်းထင်ရွှေတောင်,ဗန္ဓုရာဇာ,လက်ဝဲဥဒိန်တို့လေးတပ်ကိုလည်း အသက် အသံမရှိစေရ လိုက်၍ မရမည်ဟု အမိန့်တော်ရှိသည်။ တိမ်ကြွားနတ်, ရဲတုလွတ်တို့နှင့် သူရဲလေးရာကျော်တို့လည်း ညဉ့်ကို ချောင်းဝပ်ကာချဉ်း ပြီးလျှင် တပ်ကိုလှေကားထောင်၍ တက်သည်၊ တပ်စီးတလိုင်းတို့ သိ၍ တပ်ထိပ်ကဆီးခံထိုးခုတ်နှင့်သည်ကို သူရဲတော်တို့လည်း အထိုးအခုတ်ခံ၍ တက်သည်တွင် တိမ်ကြွားနတ်, ရဲတုလွတ်တို့လည်း သူရဲတရာလောက် အတွင်းသို့ ဝင်မိလျှင် ရွှေဘိုသား-ရွှေဘိုသားဟု ကြော်ငြာ၍ တလိုင်း တပ်စီးဘပ်နင်းတို့ကို လိုက်လံထိုးခုတ်သည်၊ တလိုင်းဗိုလ်မှူး သမိန်လွတ်, လကွန်းအိန်တို့နှစ်ဦးလည်း တပ်ပေါက်၍ တပ်တွင်း တိုင်အောင် သူရဲ တော်တို့ဝင်မိသည်ကိုမျှလက်မချ၊ အပြင်းအပြကွပ်၍ခံသည်၊ နောက်လျှင် သူရဲတရာကျော် တပ်တွင်းသို့ချည်း ဝင်မိ၍ တိမ်ကြွားနတ်, ရဲတုလွတ်တို့ တိုက်မောင်းသံ အညံ့မစဲ ခတ်တီးမှ ကြော်ငြာကာဖြန့်၍လိုက်လံထိုးခုတ် ပစ်ခတ်သည်၊ တပ်တံခါးကို ဖွင့်သူဖွင့်သည်၊ နောက်က အမအစခန့် တော်မူသည့် သိဒ္ဓိမင်းလှကျော်, မင်းထင်ရွှေတောင်, ဗန္ဓုရာဇာ, လက်ဝဲ ဥဒိန်တို့ လေးတပ်လည်း စည်မောင်းတီးလျက် ကြော်ငြာ၍ တံခါးဖွင့်ရာ က ဝင်သည်၊ မနည်းကြာလျှင် သမိန်လွတ်, လကွန်းအိန်တို့နှင့် တလိုင်း စစ်သည်တစုတို့ ယခုတပ်တွင်းသို့မြန်မာစစ်အားကြီးဝင်မိချေပြီ၊တပ်ပြင်က လည်း မြန်မာဘပ်ထပ်ကာထပ်ကာရောက်ချေသည်၊မြန်မာတို့ပြင်ကဝန်းရံ မိခဲ့သော် အတွင်းပြင် နှစ်ဘက်ညှပ် မခွာနိုင်မနေနိုင်ရှိချိမ့်မည်ဟု သမိန် လွတ်,လကွန်းအိန်တို့နှင့်တကွ တလိုင်းတို့ တပ်တံခါးကို ဖွင့်ပြီးလျှင် တိုး ကာဇွတ်ကာ ညဉ့်ကိုပင် အပြင်းထွက်ခွာကြလေ၍ ညောင်ပင်တပ်ကြီးကို ရတော်မူ၏။

ဘဝရှင် အလောင်းမင်းတရားကြီးဘုရား ရွေးကောက်တော်မူသည့် သူရဲတို့တွင် သုံးကျိပ်ငါးယောက်ကုန်သော သူရဲတို့ တပ်တက်တွင် ဆုံး

ချေသည်၊ ကျွန် နှစ်ရာ့ငါးကျိပ်ခြောက်ယောက်သောသူရဲတို့ကိုဆုလာဘ် များစွာပေးတော်မူသည်၊ ညောင်ပင်တပ်သည် ကြီးကျယ် ခိုင်ခန့်လှသည် ဖြစ်၍စစ်သည်သူရဲငါးရာကျော်နှင့် ကျော်ထင်ရာဇာကိုထားတော်မူသည်၊ လေးရာထစု, ငါးရာတစု အသွယ်သွယ်အ၀၀ စစ်လျှင်လွှတ်၍လည်း မြစ် အရှေ့ဘက် အနောက်ဘက် ပဲကူးမြို့ပတ်လည် သုံ့ပန်းဖမ်းယူစေ၏၊ ပဲကူး မြို့ ကျုံးရေကိုလည်း ဖောက်လွှတ်စေ၏၊ ကျုံးရေသည် နိုနိုခြင်းခြင်း စီး ထွက်ကုန်၏၊ ယင်းသောအခါ အမတ်ပညာရှိလက်ဝဲသုန္ဒရလျှောက်သည် ကား-ဟံသာဝတီ သုရှင်တကာရွတ်ဝိသက်ထက် မင်းတရားရွှေထီး လုပ် ကြံတော်မူ၍ ဟံသာဝတီ ပျက်မည်သောအခါ မြစ်ရေသွေးကဲ့သို့စီးသည်၊ ဇာပုံမြို့မင်းတောင်ပြိုသည်၊ ငါးကြီးပေါ်သည်၊ ထိုအကြောင်း နိမိတ် ဖြစ် ဘူးကြောင်းကို ရှိခိုးသံတော်ဦးတင်လျှင် ယခုဟံသာဝတီပျက်မည့် နိမိတ် ဖြစ်သည်ပင်ဟု အမိန့်တော်ရှိပြီးလျှင် ငါသို့သော မင်းကောရာဇ် လုပ်ကြံ တော်မူသည်ကို ခံနိုင်မည်လောဟု လက်ရုံးဆန့်တော်မူ၏။

## ရဟန်းတော်များက မေတ္တာစာ ဆက်သွင်း၍ ရာဇသံ ပြန်ပေးတော်မူခြင်း

ထိုအခါ ပဲကူးမြို့သူ မြို့သား ပုဏ္ဏား ရဟန်းတို့ ထိတ်လန့်ကြလေ၏၊ ပဲကူးတွင် သီတင်း သုံးကုန်သော မြန်မာ ပုဂ္ဂိုလ်-ရှင်သီရိသဒ္ဓမ္မ၊ မွန် ပုဂ္ဂိုလ်-ရှင်ပညာဒီပ၊ ယွန်းပုဂ္ဂိုလ်-ရှင်ခေမာစာရတို့ တလိုင်းမင်း နန်း တော်သို့ဝင်ပြီးလျှင် ဤသို့ဆို၏၊ ယခု မြန်မာမင်း ပဲကူးမြို့ရင်း တိုင်အောင် ချင်းနင်းပေါက်ရောက်လာရာမှာ ရှေးသောအခါ အဝမြို့တွင် ရှင်ဘုရင် မင်းခေါင် လက်ထက် ရာဇာဓိရာဇ် ချီလာသည်ကို ဟံသာဝတီ မြို့သို့ ပြန်အောင် စကြိုသူမြတ် မေတ္တာရပ်ခံသကဲ့သို့၎င်း၊ မင်းတရားရွှေထီး ရခိုင်သို့ချီလေသောအခါ ရခိုင်မြို့နေ ပုဂ္ဂိုလ်ငါးဦး မေတ္တာရပ်ခံသော ကြောင့် မင်းတရားရွှေထီး ဟံသာဝတီသို့ ပြန်ဘူးလေသကဲ့သို့၎င်း၊ ယခု လည်း ဆရာတော်တို့ မြန်မာမင်းခနသည့်ဘိုင်အောင် ထွက်၍ မေတ္တာ ရပ်ခံလိုပါသည်ဟုဆိုလျှင် ပဲကူးမင်းမှစ၍ မှူးမတ် ဒေါဗညားအပေါင်း တို့ တညီတညွတ်တည်း ကြိုက်ညီကြသောကြောင့် ဆရာတော်တို့ကို ခွင့် ပေးကြကုန်၏။

ယင်းသို့မှ သက္ကရာဇ်(၁၁၁၈)တဆောင့်တရာ့တဆဲ့ရှစ်ခု တန်ဆောင် မုန်းလတွင် မြန်မာပုဂ္ဂိုလ်-သီရိသဒ္ဓမ္မ, မွန်ပုဂ္ဂိုလ်-ပညာဒီပ, ယွန်းပုဂ္ဂိုလ်

ခေမာစာရတို့ မြန်မာရှင်ဝိမလာစာရ,စန္ဒသီရိ, ပဝရပညာ, ရှမ်းရှင်သီရိ လင်္ကာ,သီရိဓမ္မ, နောက်ပါသာမဏေ ငါးယောက်နှင့် ပဲကူးမြို့တွင်းက ထွက်လာ၍ မင်းလှမင်းခေါင်တပ်သို့ရောက်လာသည်။ မင်းလှမင်းခေါင်က ရောက်လာသည့် အကြောင်းကိုမေးသည့်တွင် တရားမင်းမြတ် အထံတော်သို့ ဝင်လိုပါသည်ဟူ၍ ဆို၏၊ မင်းလှမင်းခေါင်လည်း ပုဂ္ဂိုလ်သုံးဦးကို သားတော်ဒိပဲယင်းမင်း သီရိသုဓမ္မရာဇာတပ်သို့ပို့၏။ ဒိပဲယင်းမင်း သီရိသုဓမ္မရာဇာက အကြောင်းအရာစုံစမ်းမေးလျှောက်ပြန်သည်ကို ရှင့်ခမည်းတော် မဟာဓမ္မရာဇ်တရားမင်းမြတ် မျက်နှာတော်ကို ဖူးတွေ့လိုပါသည်ဟုဆိုလျှင် သားတော်ဒိပဲယင်းမင်း သီရိသုဓမ္မရာဇာက ခမည်းတော်ဘုရားမှာလျှောက်ထား၍ ဘဝရှင်အလောင်းမင်းတရားကြီးဘုရား ကြားတော်မူလျှင် လာသည့်ပုဂ္ဂိုလ်သူမြတ်တို့ကို လှေတွင် အလုပ်အကျွေးနှင့် သီတင်းသုံးနေစေ၍ ပါသည့်မေတ္တာစာကို ဆက်သွင်းရ၏။

စာကား····ပဋိသန္ဓေ စုတိစိတ်တို့၏အကြားဝယ် ဖြစ်တတ်, ကျတတ်သော ရောဂါအစရှိသော အနိဋ္ဌဖလရုပ် အပေါင်းတို့သည် ကြာဘက်ပေါ်တွင်တင်သော နှင်းရည်ကဲ့သို့ လျှောကျ ပြေပျောက်သည် ဖြစ်၍ သက်တော်ရာကျော် မြင့်ရှည်တည်သည်ပတ်လုံး ဘုန်းကြက်သရေ တက်သစ်သောနေလုလင်၊ ဆန်းသစ်သောလကဲ့သို့ သီရိသမ္ပတ္တိတို့သည် ကိုယ်တော်မြတ်၌ အမြဲတည်သည်ဖြစ်၍ သာသနာတော်အစီးအပွားကို အဇာတသတ်မင်း, ကာလာသောကမင်း, သီရိဓမ္မာသောကမင်းတို့ကဲ့သို့ ပြုစုရွက်ဆောင်တော်မူလျက် ဒါနစသော သူတော်ကောင်းတို့ တရားသည် ကိုယ်၌ အမြဲတည်တော်မူသည် ဖြစ်စေသောဟု မြန်မာဆရာတော်, မွန်ဆရာတော်, ယွန်းဆရာတော်, အရညဝါသီ, ဂါမဝါသီ ဂိုဏ်းပုဂ္ဂိုလ်သံဃာတော်အပေါင်းတို့သည် တနေ့မခြား ဩဓိသာမေတ္တာဖြင့် ရဟန်းတို့၏ဘာရားနှင့်အညီ မေတ္တာရည်မှတ် ပို့ရောက်အပ်သော အညာတိုင်းကြီးများအပေါင်းကို အစိုးရတော်မူသော သာသနဒါယကာတော် မဟာဓမ္မရာဇ်တရားမင်းမြတ်နှင့် ယခု ဟံသာဝတီရွှေပြည်ကြီးကို အစိုးရတော်မူသော သာသနဒါယကာတော် မဟာဓမ္မရာဇ်မင်းမြတ် နှစ်ပါးတို့သည် သာဝကဆု, ပစ္စေကဗုဒ္ဓါဆု, သမ္မာသမ္ဗုဒ္ဓဆု-ဟူ၍ ဆုသုံးပါးတို့တွင် ထူးမြတ်လွန်ကဲသော သမ္မာသမ္ဗုဒ္ဓဆုကို တောင်းတော်မူသည့် ကိုယ်တော်မြတ်ဖြစ်ကြပါသည်ကိုဝေနေယျသတ္တဝါတို့ ချမ်းသာကိုရွက်ဆောင်တော်မူကြပါမှ ဝေနေယျသတ္တဝါအပေါင်းတို့သည် မင်းမြတ်နှစ်ပါးကို

မို၍ ချမ်းသာပါမည်၊ ဝေနေယျချမ်းသာပါလျှင်လည်း သမ္မာသမ္ဗုဒ္ဓဆု ကို ပန်တော်မူသည်နှင့်အညီ ပြည့်တော်မူကြပါမည့်အကြောင်းရှိပါသည်၊ ကုသိုလ်တရားသာလျှင် ပကတူပကြောင်းရင်းခံ၍ ထူးမြတ်သော ရွှေတုံ ရွှေနန်းသခင် ရေမြေအစိုးရမူတော်သော မင်းမြတ်အဖြစ်ကို ရပါသည်၊ နောက်နောက်သော ဘဝတိုင်းလည်း ဤကဲ့သို့ဖြစ်ခြင်း၏ အကြောင်း ကုသိုလ်တရား၌ မမေ့လျော့ရာကျခဲ့သည့် ပမာဒတရား၏ အကျိုးစီးပွား နည်းစေတတ်သော အဖြစ်ကိုလည်း–

နာဟံဘိက္ခဝေ အညံ ဧကဓမ္မံပိ သမနုပဿာမိ ယော ဧဝံ ပမာဒေါ အနတ္ထာယ သံဝတ္တတိ။ ယထယိဒံ ဘိက္ခဝေ ပမာဒေါ အနတ္ထာယ သံဝတ္တတိ။

အစရှိသည်ဖြင့် ဟောတော်မူသော တရားတော်ကို ရွှေနှလုံးတော် သွင်းတော်မူသဖြင့်ရင်း။

အပ္ပမာဒေါ အမတံ ပဒံ၊ ပမာဒေါ မစ္စုနော ပဒံ။
အပ္ပမတ္တာ နမိယန္တိ၊ ယေပမတ္တာ ယထာ မတာ။

ဟူ၍ ဟောတော်မူသော ဒေသနာတော်မြတ်ကိုရင်း။

အကောဓေန ဇိနေကောဓံ၊ အသာဓုံသာဓုနာဇိနေ။
ဇိနေ ကဒရိယံ ဒါနေန၊ သစ္စေနာလိကဝါဒိနံ။

ဟူ၍ ဟောတော်မူသော တရားတော်ကိုရင်း…သံဝရ မင်းသားသည် မင်းဖြစ်တော်မူသောအခါ ရန်ကိုအောင်မြင်သောထုံးကိုရင်း။ ဒီဃာဝု မင်းသားသည် မင်းဖြစ်သောမူသော ကာလ၌ ချစ်မေတ္တာကို ရှည်စေ၍ ရန်စကိုတိုစေသဖြင့် ရန်ကိုအောင်မြင်သောထုံးကိုရင်း၊ မဟာသီလဝမင်း သည် မင်းဖြစ်တော်မူသောအခါ သီလတန်ခိုးဖြင့် ရန်ကို အောင်မြင် သောထုံးကိုရင်း။ ဟံသာဝတီပြည်ကြီးကို အစိုးရတော်မူသော ဘုရင် ရာဇာဓိရာဇ်သည် သမ္မာသမ္ဗုဒ္ဓဆုကို ပန်တော်မူသည်နှင့် လောဘနိုင်ငံ, ဒေါသနိုင်ငံ, မောဟနိုင်ငံသို့ မလိုက်မူ၍ အကြည်အသာ မိတ်သဟာယ အဖြစ်ဖြင့် စုန်သွားဘူးလေသည့် ထုံးစံကိုရင်း ရွှေနှလုံးတော်မြတ် ဆင် ခြင်တော်မူ၍ အကြည်အသာ ရာဇမဟာမိတ် သဟာယ အားဖြင့် မင်း မြတ်နှစ်ပါး ဖြစ်ကြပါမှ ဝေနေယျသတ္တဝါအပေါင်းသည် ကာယသုခ, စိတ္တသုခ နှစ်ပါးသောချမ်းသာကို ရကြပါမည်။ သာသနာတော်တွင်း၌ ပစ္စုပ္ပန် သံသရာ အကျိုးနှစ်ပါးကို သိမြင်သော ဘုရားတပည့် သံဃာ တော်တစုတို့၏ ဩဝါဒမေတ္တာကို ခံကြပါ၍ ညီနှင့် အစ်ကိုကဲ့သို့ ရှိကြ

ပါလျှင် နောက် လာလတ္တံ့သောဘုရားတို့၌ ကြုံကြိုက်သောကာလ ၌ သူမြတ်နှစ်ယောက်တို့သည် သူတော်ကောင်းတို့၏စကားကောင်းကို နာခံ၍ ရန်စကိုဖြတ်၍ ချစ်စကိုရှည်စေသော သူမြတ်နှစ်ယောက်ပေ။ ငါကဲ့သို့ပင် ဘုရားဖြစ်လတ္တံ့ဟူ၍ ဗျာဒိတ်တော်တည်းဟူသော မဥ္ဇူသက ပန်းကို နောင်တော် ညီတော်နှစ်ပါး ဘုရားဆုကုံ တောင်းတော်မူသည်နှင့် အညီ ပန်ဆင်ပါစေချင်သောကြောင့် မြန်မာဆရာတော်,မွန်ဆရာတော်, ယွန်းဆရာတော်, သံဃာတော် အပေါင်းတို့၏ မေတ္တာစာဖြင့် သာသနဒါယကာ မဟာဓမ္မရာဇာမင်းမြတ်နှစ်ပါးကို မေတ္တာရပ်ခံပါသည်။

မေတ္တာစာကိုဆက်၍ ကြားတော်မူလျှင် အမိန့်တော်ရှိသည်ကား…. ရာဇာဓိရာဇ်ထုံးကို မေတ္တာစာတွင် ပါသည်။ ရာဇာဓိရာဇ် ထုံးစံနှင့် ဆိုရမည်မဟုတ် အာမင်းနှင့် ရာဇာဓိရာဇ် အရေးတူ ဖြစ်သည်။ ထိုကာလ ရာဇာဓိရာဇ်သမီးကို အင်းဝမင်းကျွန်ပြည်စားတိုက်၍ဆက်သည်။ယခုငါချီတော်မူသည်မှာ ဟံသာဝတီက တရေးတရာမျှနိုင်လိုက်ရသည်မရှိ ရှုံးခြင်းကိုသာ ရသည်၊ ယခုမှ အရေးတူလုပ်၍ မေတ္တာရပ်ခံသည်မှာ ကျွန် ဖြစ်ထိုက်သောသူကို မဖြစ်ပါစေလင့် တူမျှပါဆိုရာရောက်သည်-အမိန့်တော် ရှိပြီးလျှင် လာသည့်ရဟန်းတို့ကို ရာဇသံနှင့် ပြန်စေသည်။

ရာဇသံကား….ဘုန်းတော် အလွန်ကြီးမြတ်တော် မူလှသော သုနာပရန္တ,တမ္ဗဒီပ,ကမ္ဘောဇ ရာမညစသော တိုင်းတို့၏ တည်ရာ ဇမ္ဗူဒိပ် မြေအပြင်ထက် ထီးဆောင်းမြို့စား စော်ဘွားအပေါင်းတို့ကို အစိုးရတော်မူသော အရိန္ဒမာစကြာ ရွှေလှံ့ရတနာ ဆင်ဖြူများ သခင် အာဒိစ္စဝံသ နေမင်း၏ အနွယ်အဆက် ဖြစ်တော်မူသော အယုဇ္ဈပူရမည်သော ရတနာသိင်္ဃ ကုန်းဘောင်ရွှေပြည်ကြီးကို အစိုးရတော်မူသော သာသန ဒါယကာတော် အလောင်းမင်းတရားကြီးဘုရား ငါးရာ့နှစ်ဆဲ့ရှစ်ပါးသော မေတ္တာဖြင့် လျှောက်အပ်သော ရှမ်း,ယွန်း,မြန်မာ,တလိုင်း ဒဝယ်စသော ဆရာတော် များတို့– ပန်းတို့၏ ရနံ့ကျေးဇူးသည် လေကြောအရပ်၌သာ မွှေးပျံ့သည်။ သောကာ၌ သုံးဆောင်ကျင်းပသည့် မင်းခမ်း မင်းနား မင်းမြောက်တန်ဆာ စသည်တို့ကိုလည်း မြင်သောသူတို့ မျက်စိ၌သာ ကျေးဇူးသတင်း ဖြစ်သည်။ အရပ် လေးမျက်နှာ ဆယ်မျက်နှာသို့ ကျေးဇူးသတင်းရနံ့ မပျံ့မကျော်မစော ဘုရားသခင်ဟောတော်မူသော ပိဋကတ်ကျမ်းဂန် ဓမ္မခန္ဓာစသည်တို့၌ဟောတော်မူသည့်အတိုင်း ဘုရားအလောင်း

သူတော်ကောင်းတို့ ကျင့်ကြောင်း ကျင့်ရာ ဖြစ်သော ကျင့်ဝတ်၊ မင်းကျင့်တရား ဆယ်ပါး, ခုနစ်ပါး, လေးပါး စသည်တို့၌ သာလျှင် အရပ်ဆယ်မျက်နှာ၌ရှိနေကုန်သော ဘုရားစသော သူတော်ကောင်းတို့၌ မွှေးပျံ့ရောက်ပေါက်၍ လူနတ်ပြဟ္မာ သတ္တဝါအပေါင်းတို့ ကျော်စော ထင်ရှားသည်ဖြစ်သည်။ ဘုရားအလောင်း သူတော်ကောင်းတို့သည် မေတ္တာကရုဏာကိုရှေ့, ဒေါသကိုနောက်၊ ဒေါသကိုရှေ့,မေတ္တာကိုနောက်၊ ကာလ, ဒေသ, အရပ်, အခါ, အချိန် အလာ အကြောင်းရင်းကိုသာ ပဓာန ပြုတော်မူကြသည်။ ဆရာတော်တို့ သောကီစိတ်ဖြစ်၍ တုန်လှုပ်သင့်တော့သည်။ မည်သည်ကိုမျှ ကြောင့်ကြစိုးရိမ် မရှိကုန်လင့်၊ ဆင်းရဲသား ကျွန်တော်မျိုးတို့မှာ ငါ သာသနာတော်ပြု ဘုန်းပါရမီရှင် ဖြစ်တော်မူသည်။ ထုံးဟောင်း စံဟောင်း ပညာရှိတို့မှာ ဆွေးနွေး၍ မြန်မာဦးစွန်းထွန်းရာ ဇာတုမတိ,တောင်ငူ,ရာမည,ဟံသာဝတီ,သရေခေတ္တရာ,အရိမဒ္ဒနာ,ပုဂံ, မြင်စိုင်း, အင်းဝမှ စ၍ ပြည် အဆက်ဆက် မင်း အဆက်ဆက်တွင် ထုံးဟောင်း စံဟောင်း အများရှိသည်။ အရိမဒ္ဒနာ ပုဂံပြည်၌ ကျောင်းဖြူမင်း အရိန္ဒမာလှံ လက်နက် စကြာ စသည်တို့ကို သိကြားသ၍ ပုဂံပြည်ကို သိမ်းသည့်ကာလ ပြည်သူပြည်သား သတ္တဝါအပေါင်းတို့ဝယ် မင်းမဖြစ်မီ ငါးနှစ်ကပင် မင်းလောင်း ပေါ်ရောက်တော့မည်။ ရဟန်းရှင်လူ ပြည်သူ ပြည်သား အပေါင်းတို့ဝယ် အညီအညွတ် ကျော်စောခြင်း ရှိသည်။ အချိန်ကာလရောက်၍ မင်းလောင်းသာစဉ် ပြည်သူတို့နှင့် ထိုက်လျောက်သောခရီးကို သုတ်သင်၍ ရေအိုးစင်ရှင် ပန်းပေါက်ပေါက်လက်စွဲကာ ပူဇော်ကုန်လည်။ ပြည်သူ ပြည်သားတို့ ဘေးဥပဒ်မရှိ ကာယသုခ, စိတ္တသုခနှစ်ပါးရကြကုန်သည့်ထုံးလည်း ထင်ရှားစွာရှိသည်။ ဟံသာဝတီနှင့် စပ်ဆိုင်သည်ကို ဟံသာဝတီသားတို့သာသိသည်။ ရှမ်းပြည်, ယွန်းပြည်နှင့် စပ်ဆိုင်သည်ကိုလည်း ရှမ်းပြည်,ယွန်းပြည်၌သာသိသည်။ ပြည်ထောင်ရာဇာမင်းအပေါင်းတို့ ပျပ်ဝပ်ကျိုးနွံ၍ ရှမ်းပြည်,ယွန်းပြည်, ကသည်း, ကချင်, ကုလား, ချင်းစသော လူမျိုးအပေါင်းတို့ ဘုန်းပါရမီတော်ကို သိမြင်ကြလျှင် ကျိုးနွံကြ၍ ကာယသုခ,စိတ္တသုခနှစ်ပါးကို ရကြကုန်သည်လည်း မျက်မှောက်ထုံးစံ များစွာရှိသည်။ မကျိုးမနွံချင်သည်ဟူ၍ နေရမည်မဟုတ်ကြောင်းကိုလည်း ဟံသာဝတီမင်းမှစ၍ အများအသိပင် ဖြစ်သည်၊ တကာတော်က မည်သို့ အထူးလျှောက်ထားခွင့် မရှိကြောင်းကို မေတ္တာနှင့် ကြားရောက်ပါသည်။ ။ဟူသောစာကို လက်ဝဲသုန္ဒရ စီကုံး

ရသည်။ အိတ်နီသွတ်၍ တံဆိပ်ခတ်ပြီးလျှင် ထိုရဟန်းတို့ကို လက်ဝဲသုန္ဒရ အပ်၍ ပြန်စေသည်။

## ရာဇသံပြန်ရောက်၍ စစ်သူကြီးဒလပန်းက ကြုံးဝါးလျှောက်ထားခြင်း

ပုဂ္ဂိုလ်သူမြတ်တို့ ပြန်ရောက်၍ ခွင့်မရကြောင်းကို တလိုင်းမင်းမှစ၍ အမတ်ဒေါဗညာအပေါင်းတို့ကြားလျှင် စစ်သူကြီးဒလပန်းက ဤသို့ဆို၏။ မြန်မာမင်းသာတည်း ယောကျ်ားလော၊ ငါတို့လည်း ယောကျ်ားပင်ကိုကား မင်းခေါကရာဇ်ချင်းဖြစ်၍ အရေးရမည်စေသည်ကို အရေးမပေးလိုလျှင်သာနေရမည်လျက် မချေမငံဆိုရလေသည်။မြန်မာစစ်သည်နှင့် ကျွန်ပ်နှင့်တန်စေ၊ ရှေးပညာရှိတို့ ထားခဲ့သည့် သိုက်တဘောင် များတွင်လည်း ရှမ်းနှင့်ရှင်ကို လယ်ပြင်မှာမှသိရမည်ဟု ဆိုသည်။ ရှမ်း-ဟူသည်လည်း ငါတို့အရှင် ရှမ်းမျိုးရှမ်းနွယ်ပင် ဖြစ်ချေသည်။ ရှင်ဟူသည်လည်း မြန်မာမင်းသေလေပြီးမှ ကျေးကျွန်ထူထောင်၍ ရှင်ပြုန်သည်ကို ဆိုလိုသည်။ လယ်ပြင်ဟူသည်လည်း ငါတို့ပဲကူး လယ်ပြင်ကို ဆိုလိုသည်။ ဘုန်းကြီးသောအရှင်ရွှေနန်းသခင်မှာ ရွှေနန်းတော်တွင်သာစံ၍နေတော်မူ၊ကျွန်ုပ်ကျွန်တစုတို့ မားချင်းယှက်၍ အသက်နှင့် အရှင့်ကျေးဇူးတော်ကို ဆပ်မည်ဟု ကြုံးဝါး လျှောက်ထားသည်ကို အကြိုက်ညီကြ၍ စစ်သည်ဗိုလ်ပါအပေါင်းတို့ကို ရွှေငွေ ပုဆိုးဝတ်လုံဆုလာဘ်များစွာပေးပြီးလျှင် မြို့ထိပ်သို့ အမြောက်,စိန်ပြောင်း သူရဲသူခက်ရဲမက်အပြည့်တင်၍ မြို့ပတ်လည်ကိုလည်း ဆင်ခလုတ်,မြင်းခလုဘ်, ကတုတ်,ဆူးငြောင့် တိုးပွားလုပ်ဆောင်စေ၍ မြန်မာတို့ ပေါက်သာရောက်သာသည့် စစ်လမ်းစစ်ဝများမှာလည်း တပ်အများတည်၍ ရပ်ခံနေစေ၏။

ထိုအကြောင်းများကို ဘဝရှင် အလောင်းမင်းတရားကြီးဘုရား ကြားသိတော်မူလျှင် မင်းကျော်တမွတ်တတပ်၊ ရွှေတောင်ရာဇာတတပ် သည် နှစ်တပ်ကို မြင်းတရာကျော်, သေနတ်စွဲ ငါးရာကျော်နှင့် မြို့အနောက် နဂါးဆိပ်တိုင်အောင် အစုံအစမ်း ခန့်တော်မူပြီးလျှင် ကျိုက်ပကစ်တပ်တော်က ရွှေဖောင်တော်ဆန်ခဲ့၍ တပ်တော်ဆီတည့် အနောက်ကျွန်းတွင် ချတော်မူသည်။ထိုနေ့ညအချိန်ကိုတလိုင်းတို့ အသက်အသံမထွက်စေရချီသာ၍ ညဥ့်စစ်တိုက်မည်ဟု ချောင်းဝပ်လျက် တပ်တော်နားသို့ရောက်လာ၏။ ထိုအကြောင်းကို ကင်းဝပ်လူဘို့လျှောက်၍ ကြားတော်မူလျှင်

ယခုညဉ့် တပ်ပြင်သို့ တစုံတယောက်မျှ မထွက်မတိုက်စေနှင့် တပ်တွင်းက သာ အခိုင်နေကြစေ၊ မိုးသောက်မှ ထွက်၍တိုက်မည် အမိန့်တော်ရှိပြီး လျှင် ရဲမက်တော်တို့ကို ရဲတင်းပေးတော်မူ၍ ဖောင်တော်ဦးတွင် တရပ် မီးရှူးမီးပျံတို့ကိုသာရှို့၍ လေးစားမမူနေတော်မူ၏။ ဗိုလ်မှူးတပ်မှူးရဲမက် တော်အပေါင်းတို့လည်း တပ်ပြင်သို့ထွက်၍မတိုက်ကြ၊ ရံတပ်တွင်းကသာ မီးမောင်းစသော အမြောက်စိန်ပြောင်း သေနတ်လက်နက် စီစဉ်ခင်းကျင်း ၍ ကြိုကြိုခံနေကြရ၏။ ။တလိုင်းတို့လည်း ညဉ့်သန်ယံအချိန့်,ပြောင်း သေနတ်အသံမစဲ လွှတ်၍ တပ်ရင်းသို့ ချဉ်းလာသည်ကို ရဲမက်တော် အပေါင်းတို့ မီးမောင်းညှိထွန်း၍ မီးရောင်တွင် မြင်သမျှကို ရွယ်ကာရွယ် ကာ ပစ်လွှတ်လျှင် အထိအပါး အသေအဆုံးများသည်နှင့် တလိုင်းတို့ လည်း မချဉ်းမကပ်မရောက်မပေါက်နိုင်၍ မိုးသောက်အောင်နေချေသော် ငါတို့ မခွာနိုင်ချေရာဟု မလင်းခင် ဆုတ်လေ၏။

ဇေတုဝတီမြို့ကိုတည်၍ တပ်အများတည်လုပ်ပြီး
ပဲကူးမြို့ကို ဝန်းရံခြင်း

ဘဝရှင်အလောင်းမင်းတရားကြီးဘုရားလည်း တန်ဆောင်မုန်းလဆန်း ရှစ်ရက်နေ့ ရွှေဖောင်တော်ဆိုက်သော ဆိပ်တွင် တာဝန်းငါးရာရှိသော တပ်ကို တည်တော်မူသည်။ ပြတန်ဆောင်းနှင့်တကူပြီးလျှင် တပ်ကို ရန် ကင်းစည့်ထွန်းသမုတ်တော်မူသည်။ လဆန်းဆယ်ရက်၊ တနင်္လာနေ့ ကိုး ဆောင်သောမင်္ဂလာနန်းတော်ကိုတည်တော်မူသည်။ ။ယင်းသို့မှ တလိုင်း တို့ တပ်ကြီးတည်၍ ခံသည်ကို တိုက်ရမည်ဟု မင်းလှသီရိတတပ်၊ မင်း ထင်နော်ရထာတတပ်၊ သည့်နှစ်တပ်ကို ချီစေသည်၊ တလိုင်းတို့တပ်နိုင် လှသောကြောင့် မရတည့်နိုင်ရှိသည်။ နောက်လျှင်မင်းလှသီရိ, မင်းထင် နော်ရထာတို့ မဆုတ်မနစ်ကြိုး၍ တိုက်သည်တွင်မှ တလိုင်းတို့တပ်ပျက် သည်။

မင်းလှသီရိတပ်လည်း အခွန့်ရွာတွင် စွဲရပ်ရ၏၊ မင်းထင်နော်ရထာ တပ်လည်း အခွန့်ရွာအရှေ့မှာစွဲရပ်ရ၏၊ ရေနန်းစကြာသင်းဘောတော်ကို လည်း တပ်တော်ဦးတွင် ကျောက်ဆူးချ၍ နေစေသည်၊ ထိုနောက် သင်း ဘောတော်ကို တပ်တော်ကသည် အညာသို့ နှစ်တိုင် သုံးတိုင်ခန့် ရေကို လိုက်၍ ချီစေပြီးလျှင် ကျောက်ဆူးချ၍ သင်းဘောစောင့် လှေများနှင့် နေစေသည်ကို တလိုင်းတို့က မီးဖောင်အများလုပ်၍ ဒီရေတက်ကိုမျှော

သည်၊ သင်းဘောစီး, သင်းဘောစောင့် ဗိုလ်မှူးတပ်မှူးတို့လည်း တလိုင်းတို့မျှောသော မီးဖောင်ကို လှေထက်က ဝါးနှင့် တွန်းဖယ်လျှင် မီးဖောင်ငယ်များဖြစ်၍ လွတ်ရာ မျှောလေသည်၊ နောက်တဖန် တလိုင်းတို့က ဟံသာဝတီမြစ်နှင့်အမျှ မီးဖောင်ကြီးများရှိ၍ မျှောရာတွင် ရဲမက်တော်တို့ ကိုယ်ကိုနွံညွန်လူးပြီးသျှင် ရေထဲကနေ၍ ရေစွတ်ပုဆိုးနှင့်ပုတ်ခတ်၍ မီးကိုသတ်သည်၊ မီးချိတ်မီးကပ်နှင့်ချိတ်ငင်၍ မီးကိုသတ်သည်၊ မီးဖောင်တွင်လည်း လူမပါဖြစ်၍ မီးဖောင် နစ်မွန်းပျောက်ပျက်လေ၏။ ။ရွှေဖောင်တော်ဆိုက်သော တပ်ဦးကျွန်းငယ်တွင်လည်း တပ်တာနှစ်ရာခန့်ဝက်ခေါင်းတည်၍ ရွှေတောင်ကျော်ထင်ကို သေနတ်နှစ်ရာနှင့် နေစေရ၏။ ။တောင်ငူကြောင်းချီလာသောညီတော်သတိုးသိခ်သူတို့ တပ်ပေါင်းဆယ်တပ်လည်း ပဲကူးမြို့ ကရိဟူသောအရပ်တွင် နေစေရ၏။

ထိုအခါ အဝွန့်ရွာတွင်စွဲရပ်တည်နေသည့် မင်းလှသိရိတပ်ကို တလိုင်းခုနစ်ထောင်ကျော် တနေ့လုံး တညဉ့်လုံး ကြိုး၍တိုက်သည်၊ မင်းလှသိရိတပ်တွင်းက မဆုတ်မနစ် ကြံ့ကြံ့ခံသည်နှင့် အရှုအန အသေအပျောက်များလေလျှင် တလိုင်းတို့ခွာလေ၏။ ။မင်းသင်နော်ရထာတပ်ကိုလည်း တလိုင်းတို့ စစ်သည်ခုနစ်ထောင်ကျော် ရှစ်ထောင်ခန့် ပဲကူးမြို့တွင်းက ထွက်၍ အကြိမ်ကြိမ်တိုက်သည်၊ မင်းထင်နော်ရထာ တပ်ခံကောင်းလှ၍ မတိုးမဝှေ့နိုင်လျှင် တလိုင်းတို့ ဆုတ်လေသည်ကို၊ သူရိန်ရန်နိုင်, သူရိန်ကျော်ခေါင်တို့ မြင်းနှစ်ရာနှင့် လက်ဝဲလက်ယာ ဖြန့်၍ လိုက်ထပ်လျှင် တလိုင်းဘို့ မဆည်နိုင်အောင် ပျက်လေ၏၊ သုံ့ပန်းလည်း အများရလိုက်၏၊ သေလေသည့်ဦးခေါင်း ငါးရာကျော်ရလိုက်၏။

နောက်တဖန်တလိုင်းဘို့ချဉ်း၍ လူတထောင်ကျော်နှင့် တပ်စွဲလာသည်ကို သားတော်အကြီးဘ ဥဒိန်ကျော်ထင်ကို သေနတ်စွဲ သူရဲတထောင်ကျော်နှင့် ဝင်၍ တိုက်စေသည်၊ တလိုင်းဘို့တပ် မစွဲမရပ်နိုင် ပျက်လေ၏။ ။ထိုနောက် တလိုင်းတို့က ခရီးလမ်းပေါက်လမ်းဝ သင့်သမျှအရပ်များတွင် အထောက်ထောက် တည်ရပ်စွဲနေသည်ကိုလည်း သားတော်မြေဒူးမင်း သိရိမမ္မရာဇာအုပ်ကွပ်၍ တိုက်သည်၊ တပ်ပေါင်း သုံးဆယ်သောက်ပျက်လေ၏။ ။မြစ်အရှေ့ဘက် အနောက်ဘက်ပဲကူးမြို့ပတ်လည်မြင်းငါးရာကျော်, သေနတ်စွဲ သူရဲတထောင်ကျော်နှင့် သားတော်မြေဒူးမင်းသိရိမမ္မရာဇာ လှည့်၍မပြတ်စစ်လျှင်ကစားတော်မူသည်၊ နေ့စဉ်ရက်

ဆက် ဆင်မြင်း သို့ ပန်းလှသူ အများရသည်ကို ဆက်လျှင် အားရတော်မူ၍ ဆုတော်ငွေ၀ိသာ ၁နှစ်ဆယ် ပုဆိုးငါးရာ သနားတော်မူ၏။

ဘ၀ရှင် အလောင်းမင်းတရားကြီး ဘုရားလည်း သက္ကရာဇ် (၁၁၁၈) တထောင့်တရာ့တဆဲ့ရှစ်ခု၊ နတ်တော်လဆန်းငါးရက်နေ့ ရန်ကင်းစည် ထွန်းတပ်တော်က ချီတော်မူ၍ ပန်းဆေးအရပ်တွင် ချတော်မူ၏၊ တပ်တော်ကသည် အရှေ့ကို ကျော်ထင်ရွှေတောင်တတပ်၊ လက်ယာထိမ်းမှတ်တတပ်၊ ရွှေတောင်ဗလကျော်တတပ်၊ ရွှေတောင်လက်ဝဲကျော်တတပ်၊ ကျော်ထင်ဇေယသူတတပ်၊ ရွှေတောင်ရာဇာတတပ်၊ ဆားလင်းကုန်းမိုလ်တတပ်၊ စလင်္ဂသူမိုလ်တတပ် သည့်ရှစ်တပ်ကို အစဉ်အတိုင်း တပ်တော်က အရှေ့ရူးရူး ဟံသာ၀တီမြို့ တောင်ကိုပတ်ပြီးလျှင် တာ ငါးရာစီခွာ၍ တတပ်နှင့် တတပ် အထောက်အလှမ်းသင့်အောင် စွဲရပ်စေသည်၊ ပဲကူး မြို့တွင်းကလည်း တပ်မတည်ရအောင် ထွက်၍အကြိမ်ကြိမ်တိုက်သည်၊မိုလ်မှူး တပ်မှူး ရဲမက်တော်တို့လည်း တလိုင်းတို့ကထွက်၍ တိုက်လှာသည်ကို အချို့သော ရဲမက်တော်တို့ဆီးကြို၍တိုက်သည်၊ အချို့သောရဲမက်တော်တို့ တပ်ကိုတည်လုပ်သည်၊ တလိုင်းတို့ မဖျက်မဆီးနိုင် တပ်စွဲရပ်တည်နေကြရ၏။

ပန်းဆေးတပ်မတော်ကိုလည်း အဖြိုးအခိုင်တည်လုပ်၍ တနန်းတော်နှင့် စံတော်မူပြီးလျှင် တပ်မတော်ဦးတွင် တာ၀န်းငါးရာ တပ်တည်၍ မင်းလှသီရိကို လက်နက်ကိုင်အများနှင့် ရပ်စေသည်၊ မင်းကျော်ရဲထွတ်, လက်ယာပျံချီတို့တပ်က အမှုထမ်းတို့ကို ရထားစီး ခန့်တော်မူ၍၊ ရထားခုနစ်စီးကိုလည်း မင်းလှသီရိတပ်မှာ လိုက်ထပ်စေသည်။ ။ယင်းသော အခါ တလိုင်းတို့ထွက်၍ မင်းလှသီရိတပ်ကို အကြိမ်ကြိမ်တိုက်လှာသည်၊ တပ်နှင့်ရထား ယှဉ်လျက် သံမြို့အတူ ခံရပ်သည်ကို တလိုင်းတို့ မဖျက်မဆီးနိုင်၍ ဆုတ်ခွာလေ၏။

ဘ၀ရှင် အလောင်းမင်းတရားကြီး ဘုရားလည်း နတ်တော်လဆန်းရှစ်ရက်နေ့ သေနတ်စွဲလူတထောင်ကျော်နှင့် တိမ်ကြားနတ်,မနေဇေယတို့ကိုခန့်တော်မူပြီးလျှင် ပဲကူးမြို့ မြောက်မျက်နှာ ဆံကုန်းတပ်ကို ညဉ့်အခါ ၀င်၍တိုက်စေသည်၊ညဉ့်ဖြစ်သောကြောင့် ပဲကူးမြို့ကြီးတွင်းကလည်း ထွက်၍မကူဝံ့၊ ဆံကုန်းတပ်တွင်းမှာလည်း မြန်မာတို့သာများသည်ဖြစ်၍ တပ်အသုံးပျက်လျှင် မြန်မာ,ရှမ်း,တလိုင်း ငါးသောင်းကျော် ခြောက်ထောင်လောက်ရတော်မူ၏။ ။ဆံကုန်းတပ်ကြီးပျက်လေလျှင် ပဲကူးမြို့တွင်းက

တလိုင်းအာမခံ သူရဲကောင်း ငါးထောင်ကျော်ကို ရှေ့ကထားပြီးလျှင် စစ်အားကြီးထွက်၍ နတ်တော်လပြည့်ကျော် တရက်နေ့ ရံတပ်တော် စလင်သူပိုလ်တပ်အနီး တာသုံးရာကွာတွင် တပ်ကြီး တည်လာသည်ကို စလင်သူပိုလ်က တလိုင်းတို့တပ်မတည်ရအောင် ဖျက်ဆီး တိုက်လံသော် လည်း တလိုင်းတို့အစည်းအကြပ်နှင့် စစ်အားကြီးလှသောကြောင့် မဖျက် မဆီးနိုင် တပ်ကြီးတည်ရလေ၏။

ထိုသို့တလိုင်းတို့မြို့တွင်းကထွက်၍ တပ်ကြီးတပ်ခိုင်နှင့်ရပ်နေလာသည်၊ နေရာသသော ညဉ့်တွင်းချင်း ဖျက်အောင် တိုက်ရမည်ဟု ဆင်ငါးဆယ် ကျော်, သေနတ်စွဲသူရဲ တထောင်ကျော်နှင့် တိမ်ကြားနတ်, ကျော်ထင်မိုး တို့အို ခန့်တော်မူ၍ ညဉ့်ကိုပင် လုပ်ကြံစေသည်၊ တိမ်ကြားနတ်, ကျော် ထင်မိုးတို့လည်း ဆင်ငါးဆယ်ကျော်ကို တဟုန်တည်း အပြင်းလွှတ်စေ၍ တပ်တိုင်ကို တိုးဝှေ့တိုက်ချိုးစေသည်၊ သေနတ်စွဲသူရဲတထောင်ကျော်ကို လည်းချဉ်း၍ တပ်ထိပ်သို့တက်စေသည်၊ ယင်းသို့ရှုပ်ရှုပ်ခွဲခွဲ လုပ်ကြံဖျက် ဆီးလျှင် တလိုင်းတို့မခံနိုင်၍မိုးသောက်ရောင်ဖြူလာတွင် တပ်ပေါက်လျှင် တလိုင်းတို့တပ်တွင်းက တလုံးတည်းထွက်၍ ပဲကူးမြို့တွင်းသို့ ဝင်လေ၏၊ ထိုတပ်တွင်းတွင် တိမ်ကြားနတ်ကို သေနတ်စွဲ သူရဲတထောင်ကျော်နှင့် နေစေ၏။

တလိုင်းတို့လည်း ငါတို့ တည်သည့်တပ်ကို မြန်မာတို့ နေရတွက်မရှိ ရအောင် ယူမည်ဟု အားသစ်ပြန်၍ တလိုင်းအာမခံ သူရဲကောင်း ငါး ထောင်ကျော် ခြောက်ထောင်လောက် ပဲကူးမြို့တွင်းကထွက်လာပြီးလျှင် တပ်ကိုချဉ်း၍ တိုက်သည်၊ တိမ်ကြားနတ်လည်း သေနတ်စွဲသူရဲတထောင် ကျော်နှင့် တပ်ထိပ်က မလွတ်ရအောင် ပစ်စေသည်၊ တလိုင်းတို့ အထိ အပါး အသေအဆုံးခံ၍ တပ်ကိုလှေကားထောင်ကာတက်သည်၊ တပ်ကို တက်သမျှလူတို့ကိုလည်း တယောက်မလွတ် ရဲမက်တော်တို့ ထိုးခုတ်ရိုက် ချသည်၊ ဤကဲ့သို့ တိမ်ကြားနတ် ကွပ်ကဲ၍ တပ်တွင်းက ခံသောကြောင့် တပ်တွင်းသို့ မပေါက်ရောက်နိုင် တလိုင်းအများ တထောင်ကျော် နှစ် ထောင်ခန့် ထိပါးရှုနသေဆုံးလျှင် တလိုင်းတို့တပ်ကခွာ၍ မြို့တွင်းသို့ဝင် လေ၏။ ။တပ်ကိုကပ်လာသည်တွင် သေလေသည့် တလိုင်းတို့ ခေါင်း တထောင်ကျော်ကိုဖြတ်ပြီးလျှင် ဖောင်ဖွဲ့၍ ဖောင်ထက်သို့တင်ပြီးမှ ဒီရေ အတက်တွင် ပဲကူးသို့လွှတ်လိုက်သည် ပဲကူးမြို့ အနောက်မြစ်တလျှောက် ဒီရေတိုးတိုင်း ဆုတ်တိုင်း တလိုင်းတို့ခေါင်းကိုတင်သည့် ဖောင်တက်တုံ

သက်တုံကျီးလင်းတ တသောသောနှင့်ရှိလေ၏၊ထိုအကြောင်းကို တလိုင်းရဲမက်တို့မြင်လျှင် အလွန်နှလုံးကြေကွဲ ထိတ်လန့်ကုန်၏။

ဘဝရှင် အလောင်းမင်းတရားကြီး ဘုရားလည်း သင်းဘောတော်မှာ သူရဲခုနစ်ရာကျော်နှင့်လက်ယာပျံချီကို အုပ်ကွပ်စေ၍ ရွှေဖောင်တော်လက်ဝဲကထားတော်မူ၏။ ။ဥဒိန်ကျော်ထင်တတပ်, နန္ဒပစ္စည်းတတပ်, မင်းကျော်ရဲထွတ်တတပ်, ရွှေတောင်ဗလကျော်တတပ်, မင်းလှသီရိတတပ် သည်ငါးတပ်ကို ပဲကူးမြို့ တောင်မျက်နှာ ကျုံးနပူးသို့ ချဉ်း၍ တပ်စဉ်အတိုင်း စွဲရပ်ဘည်နေစေပြီးမှ ထိုငါးတပ်က ပစ္စင်မြင့်ထက်သို့အမြောက်ကြီးများကို တင်စေပြီးလျှင် နေ့ညဉ့်မလပ် မြို့တွင်းသို့ချဉ်း လွှတ်ရ၏။ တတပ်တတပ်လျှင် ရထားတင်အမြောက် သုံးလုံးသုံးလုံးစီအပ်၍လည်း ပစ်ခတ်ရ၏၊ တဘပ်တတပ်လျှင် မုံးအမြောက် နှစ်လုံးနှစ်လုံးစီ အပ်တော်မူ၍ မုံးကျည်စွေ့ ဖရုံသီးခန့်တွင် အထဲကယမ်းကျည်စွေ့အများ သွတ်ပြီးလျှင် ခေါင်းတံမီးစာနှင့် သင်းဘောသား ကုလားတို့ကိုလုပ်စေ၍ မုံးအမြောက်များနှင့်လည်း ပစ်ခတ်ရသည်၊ ထိုမုံးအမြောက်ကျည်စာ တချက်တချက်ကျရာအရပ်၌မုံးစေ့ကွဲ၍လူငါးဆယ်စု ခြောက်ဆယ်စုထိခိုက်၏၊ ပဲကူးတမြို့လုံးလည်း မြုံးတွင်းငါးကဲ့သို့ ကျဉ်းကျပ်လေ၏။

ထိုအခါ မန္တန်မန္တရား ဆေးဝါးအင်းအိုင် ထိုးကွင်းလက်ဘွဲ့စသောဝိဇ္ဇာမယ အရာ၌ ကျွမ်းကျင်လေ့လာသော မွန်ရဟန်း ခုနစ်ဆယ်ကျော်တို့လည်း လူဝတ်လဲပြီးလျှင် တိမ်ကြားနတ် နေသည့်တပ်ကို ရအောင်တိုက်ပါမည်ဟု တလိုင်းမင်းကို လျှောက်လေလျှင် လူထွက် အာမခံလူခုနစ်ဆယ်ကျော်သားတို့ကို ဘွဲ့အမည်တပ်၍ သူရဲကောင်း တထောင်ကျော်နှင့် ပဲကူးမြို့ဘွင်းက ထွက်စေ၏။ ထိုအာမခံလူ ခုနစ်ဆယ်ကျော်နှင့် စစ်သည်ထထောင်ကျော်တို့ မြို့တွင်းကထွက်၍ တပ်ဆီသို့ ရှူးရှူးရှယ်ကာချီလာသည်ကို တိမ်ကြားနတ်မြင်လေလျှင် ငါနေသည့်တပ်ကို အလျှင်တကြိမ် သင်းတို့တလိုင်းသူရဲကောင်း အာမခံငါးထောင်ကျော် ခြောက်ထောင်ရွေးချယ်၍ စစ်အားကြီး တိုက်လာသည်ကို တလိုင်းတို့ခေါင်းတခထောင်ကျော်ဖြတ်လိုက်ရပြီ၊ ယခုတဖန် လူအနည်းနှင့်တိုက်မည် ထွက်ပြန်သည့်အဟန်ရှိသည်၊ သင်းဘို့ တလိုင်းအနည်းသာသည်ကို အလေးအစားမူ၍ တပ်တွင်းကခံတွက်မရှိဆိုပြီးလျှင် တိမ်ကြားနတ် သေနတ်စွဲသူရဲတထောင်ကျော်နှင့် ထွက်၍တိုက်သည်။ တလိုင်းဘို့ မရပ်မခံ မဆီးမတားနိုင် ပျက်လေ၏။ လက်နက်ကိရိယာ အင်းရေးယပ်များကို ပစ်ချခဲ့

၍ မြို့ဘွင်းသို့ချည်း ပြေးဝင်ကြသေ၏။ တိမ်ကြားနတ်လည်း တလိုင်းတို့ တပ်ပျက်တွင်ရလိုက်သည့် လက်နက် လူသူအများကို သိမ်းယူ၍ တပ်တွင် နေမြဲနေ၏။

ဘဝရှင် အလောင်းမင်းတရားကြီးဘုရားလည်း ဟံသာဝတီမြို့တောင်၊ တာရှစ်ရာကျော်ကွာ စည်တီးအရပ်တွင် တာဝန်း ခုနစ်ရာကျော်ရှိသော ဇေဘုဝတီမြို့ကို တည်တော်မူ၏။ ။မြို့၏ပြင်ကိုလည်း အနောက်ကို တာ နှစ်ထောင်ကျော်ရေသို့ရောက်အောင် တပ်နားရှက် တည်လုပ်ရသည်၊ အရှေ့ မျက်နှာ၊ တောင်မျက်နှာပတ်လည်ကိုလည်း တာတရာကျော် တပ်ကြီးတပ် ခိုင် ပတ်၍တည်ရ၏။

ဗိုလ်မှူး လက်ယာထိမ်းမှတ်ကိုလည်း တင်တော်ဦးတွင် တပ်တည်၍- နေစေသည်။ ယင်းသို့မှ မြို့လယ်တွင် တဆူ့ငါးဆောင်ရှိသော သက်ကယ် နန်းဘည်လုပ်၍ စံတော်မူ၏။ တပ်တော်တဲနန်းသို့ တက်စံတော်မူပြီးလျှင် အရပ်ရပ် ဗိုလ်စုတပ်စု အမှုထမ်း ရဲရောင်မြန်မာသူတို့ကို ရွေးနုတ်တော်မူ ၍ ရသည့်လူပေါင်း သေးရာ့တဆယ်ကို ရဲတုလွတ်, ထွက်တိုင်းအောင်, ထွက်တိုင်း၍, ယောကျ်ားစက်မိး, သူရပျံချီတို့ကို သွေးသောက်ကြီးခန့်၍ ရွေးသေနတ်ငါးသွေးသောက် ဖွဲ့တော်မူသည်။ ။တောင်ငူကြောင်းချီ ညီတော် သတိုးသိခ်သူကပ်ကိုလည်း တဝက်လူကို စစ်တောင်းသို့ချီစေ၍ တဝက်လူနှင့် ညီတော်သတိုးသိခ်သူချီလာ၍ ပဲကူးမြို့ မြောက်မျက်နှာက ရံစေ၏။

## စစ်သူကြီးဒလပန်း မြန်မာတပ်ကို ညစစ်တိုက်ခြင်း

ယင်းသောအခါ တလိုင်းမင်းကို ဒလပန်းက ဤသို့လျှောက်၏။ ယခု မြန်မာမင်းသည် ကျွန်တော်တို့က အထောက်ထောက် ရပ်ခံစေသည့် တပ်ပေါင်းသုံးဆယ်ကျော်ကို ဖျက်ဆီးရလေလျှင် မြို့သို့တပ်အများချဉ်း၍ တည်စေသည်။ မြန်မာမင်းကိုယ်လည်း စည်တီးအရပ်တွင် မြို့တည်၍ နေ သေသည်။ ရှည်သတ်သော် ကျွန်တော်တို့ တရွေ့ရွေ့အားလျော့၍ အနေ ကျဉ်းချိမ့်မည်။ သည့်တကြိမ်ကံ့ ကျွန်တော်အသက်ကံ့စွန့်၍ မြန်မာမင်းနေ သည့်မြို့တွင်းသို့ ဝင်နိုင်အောင်ဝဲပြီးလျှင် ရအောင်ကြိုး၍ တိုက်မည်ဟု လျှောက်သည်ကို တလိုင်းမင်း အရေးပေးသောကြောင့် တလိုင်းအာမခံ လူ သူရဲကောင်းငါးထောင်ကျော်ကို ရွှေ၊ ငွေ၊ ပုဆိုးဝတ်လုံများစွာဆုပေး ၍ အစည်းအကြပ် ဥပဒေ အနေကျအောင် မှာထားပြီးလျှင် စစ်သူကြီး

ဒလပန်းကိုယ် အုပ်ကွပ်၍ မြို့တွင်းက ညဉ့်ကိုထွက်စေ၏။ စစ်သူကြီး ဒလပန်းနှင့် သူရဲအာမခံ ငါးထောင်ကျော်သားတို့လည်း အသက်အသံ အရိပ်အခြည်မထင်ရအောင် တပ်အနီးအပါးသို့ချဉ်း၍ ချောင်းဝပ်ကာ နေကြပြီးလျှင် နံနက်မိုးသောက် တပ်တံခါးအဖွင့်ကို စစ်သူကြီးဒလပန်းနှင့်တကွ တလိုင်းအာမခံ ငါးထောင်ကျော်သားတို့ ချက်တဖြုတ်ဝင်၍တိုက်သည်၊ တပ်တွင်းက ရဲမက်တော်တို့ အမေ့အလျော့ကို ဖြုတ်ခြည်း ဝင်လေသောကြောင့် မဆီးမခံ မဟန့်တားနိုင်၊ တလိုင်းတို့တပ်တွင်းသို့ဝင်မိလေ၍ လိုက်လံသိုးခုတ်ပစ်ခတ်လျှင် ရဲမက်တော်အများဆုံး၍ တပ်လုံးသိမ့်သိမ့်လှုပ်ချေ၏။ နောက်မှ ဗိုလ်မှူးတပ်မှူး သူရဲသူခက်တို့ အသီးအသီးရုံးမိသမျှနှင့် အပန်းတကြီးတိုက်သည်။ မနည်းကြာမှ တလိုင်းတို့ ခွာလေ၏။

ဗိုလ်မှူးတပ်မှူး သူရဲသူခက် အပေါင်းတို့လည်း ဆင်လုံး,မြင်းရင်းနှင့် တပ်ကထွက်၍ ဒလပန်းကို အရယူမည်လိုက်ကြသည်၊ စစ်သူကြီးဒလပန်းလည်း အစည်းအရုံးမပျက်ဆုတ်၍ သေနတ်ငါးထောင်ကျော်ကို ချက်ချင်းစပ်အောင်လွှတ်စေပြီးလျှင် တပ်အထောက်ထောက် ခံတုံ ဆုတ်တုံ ခရပတ်လှည့်၍ လက်ဝဲလက်ယာ တုံ့ကာလှည့်ကာ အစည်းအကြပ် မပျက်ဆုတ်လေသောကြောင့် ဗိုလ်မှူးတပ်မှူး ရဲမက်တော်တို့လည်း ပျက်စီးပြိုကွဲအောင် မနှိပ်မနင်းနိုင်ချေ၍ စစ်သူကြီးဒလပန်းနှင့်တကွ တလိုင်းစစ်သည်တို့ ပဲခူးမြို့တွင်းတိုင်အောင် ဝင်နိုင်လေ၏။ ရဲမက်တော်တို့လည်း အများပင်ဆုံးချေ၏၊ တလိုင်းတို့က ထိခိုက်ရှနာ၍ မလိုက်နိုင်သူ တထောင်ကျော်လောက်ကိုသာ စွဲသည့်သေနတ်နှင့်တကွ ရတော်မူလိုက်၏။ ။ထိုနေ့ကစ၍ တလိုင်းတို့မြို့ပြင်သို့ထွက်၍ မတိုက်ဝံ့ပြီ၊ မြို့ထိပ်တပ်ထိပ် များကိုသာ မြို့စီးပြစီး အမြောက်စိန်ပြောင်းထပ်ဖြည့်၍ မြို့နှင့်သာခံနေလေ၏။

## ပဲခူးမြို့ပြင်တပ်ကြီးကို အောင်မြင်တော်မူပုံ

ထိုအခါ ဘဝရှင်အလောင်းမင်းတရားကြီးဘုရားလည်း ဤသို့ အမိန့်တော်ရှိ၏။ ။တလိုင်းမင်းသည် သစ်မြို့နှင့် ခံစေသည်ကိုလည်း ငါလုပ်ကြံတော်မူလျှင် ရ၏။ အုတ်မြို့နှင့် ခံစေသည်ကိုလည်း ငါလုပ်ကြံတော်မူလျှင်ရ၏။ တလိုင်းမင်းစီရင်၍ခံသမျှလည်း ခံနိုင်ဘူးသည်မရှိ၊ ပျက်စီးခြင်းသို့သာ ရောက်သောကြောင့် ပဲခူးမြို့ရင်းသို့တိုင်အောင် ငါချဉ်း၍ရုံတော်မူသည်ကို ထွက်၍သော်လည်း မတိုက်၊ အရေးသော်လည်းမဆို၊ မြို့လုံသည်ကိုကိုး၍ အခိုင်နေလေသည်၊ ပဲခူးမြို့မျှနှင့် သို့ဇင် ကာလကျွန်းစေရ

မည်မဟုတ်၊ မိုင်းမောပြည်ကြီး၊ ကျိုင်းတုံပြည်ကြီး၊ ဇင်းမယ်ပြည်ကြီး၊ လဝိုက်ပြည်ကြီး၊ အကျော်ပြည်ကြီး၊ လင်းဇင်းပြည်ကြီး၊ ယိုးဒယားပြည်ကြီး၊ စန္ဒပူရီပြည်ကြီးမှစ၍ အစဉ်နိုင်ငံတော်ဖြစ်သော ရှမ်းပြည်၊ ယွန်းပြည်များကို လုပ်ကြံတော်မူရမည့် အရေးလည်း များသေးသည်၊ ငါလုပ်ကြံတော်မူသည်ကို ပဲကူးမြို့မျှခံနိုင်မည်လောဟု အမိန့်တော်ရှိပြီးလျှင် ရဲမက်တော်အပေါင်းတို့တွင် ထူးကဲလွန်မြတ်သော စွမ်းပကားခွန်းအား စွန့်စားရဲဝံ့သူတို့ကို ရွေးကောက်တော်မူလျှင် သားတော်အကြီး ဒီပဲယင်းမင်း သီရိသုဓမ္မရာဇာက ဒေဝဗန္ဓုနှင့် သူရဲရှစ်ဆယ်၊သားတော်အလတ် မြေဒူးမင်း သီရိဓမ္မရာဇာက စန္ဒဗလထင်နှင့် ငါးဆယ်၊စလင်သူတပ်က စစ်ကဲငယွန်းနှင့် နှစ်ရာ၊ ဆားလင်းကုန်းတပ်က အကြပ်ငနေနှင့် နှစ်ရာ၊ ကျော်ထင်ရွှေတောင်တပ်က ဥဒိန်လက်ဝဲ၊တပ်မှူး ငထွန်းအောင်တို့နှင့် ခုနစ်ဆယ်၊ ကျော်ထင်ဇေယသူတပ်က ငါးဆယ်၊အစုစု ရွေးရသူရဲပေါင်းခြောက်ရာ့ငါးဆယ်တို့ကို ပုဆိုးကေနံ့၊ ရွှေဝတ်လုံ၊ ရွှေခါးစည်း၊ ရွှေဦးရစ် ဝတ်ဆင်စေပြီးလျှင် ပဲကူးမြို့ပြင် တပ်ကြီးတွင်းသို့ ပေါက်အောင် ဝင်စေမည်၊ ရံတပ်ဆိုသမျှ စစ်အင်ကျင်း၍ အသင့်ရှိစေဟု ရံတပ်တိုင်း စေ့နှံ့အောင် အမိန့်တော်ပြန်ရ၏။ အမိန့်တော်ကိုကြားလျှင် ဗိုလ်မှူးတပ်မှူး အပေါင်းတို့လည်း ဆင်မြင်းလက်နက်နှင့် တိုက်မည်စီရင်၍ အသင့်နေကြရ၏။

ယင်းသို့မှ ရဲခြင်းနှင့်ပြည့်စုံသော သူရဲတို့ကို ရွှေငွေဆုလာဘ်များစွာပေး၍ နတ်တော်လပြည့်ကျော် ဆဲ့နှစ်ရက် စနေနေ့ ညဉ့်တချက်တီးကျော်အချိန်တွင် အသက်အသံမပြုစေရ၊ ချောင်းဝပ်ကာ ပဲကူးမြို့ တပ်ကြီးသို့ ချဉ်းစေ၏။ သူရဲအပေါင်းတို့လည်း တပ်ရင်းသို့ရောက်ကြပြီးသော် သုံးစုခွဲ၍ တပ်ကိုလှေကားထောင်ကာ တက်ကြ၏။

တပ်စီးတလိုင်းတို့လည်း မြန်မာတို့ ညဉ့်အခါ တပ်သို့တက်လာသည်ကိုသိလျှင် တပ်ထိပ်က ထိုးခုတ်ရိုက်နှက်ချသည်၊ သူရဲတို့လည်း တလိုင်းတို့ တပ်ထိပ်က ထိုးခုတ်ရိုက်နှက်သည်ကို အလေးအစားမရှိ၊ အထိအခိုက်အရှအနခံ၍ အတွင်းသို့ရောက်အောင်ကိုသာ ရှေးရှုအားကြီးတက်သည်နှင့် တချို့တပ်ထိပ်သို့တက်မိလေလျှင် ပေါက်ရောက်သမျှသူရဲတို့ တပ်စီးတလိုင်းတို့ကိုတွေ့တိုင်း လိုက်လံထိုးခုတ်ပစ်ခတ်သည်။ သူရဲသုံးကြောင်းလုံး တပ်တွင်းသို့ချည်းဝင်မိလေလျှင် တိုက်မောင်းအညံ့မစဲခတ်၍ ကြော်ငြာဟစ်ကြွေးလျက်တိုက်သည်၊ တလိုင်းတို့ကလည်း လက်မချ၊ ဆီးခံထိုးခုတ်ပစ်ခတ်သည်၊ သူရဲတို့လည်း အသက်ကိုအသက်မမှတ်၊ အန္တိအစပ်

ထိုးခုတ်ပစ်ခတ်သည်။ အိမ်ရာ၊ စရပ်၊ တန်ဆောင်းများကိုလည်း မီးထင်း တိုက်ရှို့သည်။ ယင်းသို့ တပ်ကြီးတွင်းက အုအုသောင်းသောင်းကြော်ငြာ ဟစ်ကြွေးသံနှင့် မီးထသည်ကို ရုံတပ်တော်များက မြင်လျှင် ဆင်သည် လည်းဆင်နှင့်၊ မြင်းသည်လည်းမြင်းနှင့် ခြေသည်လည်း လက်နက်စွဲလျက် စည်မောင်းတီး၍ တပ်ရင်းသို့ချည်း ကြော်ငြာကာ ချဉ်းလာ၏။ တလိုင်း တို့လည်း ယခုတပ်ပေါက်၍ မြန်မာတို့တပ်တွင်းသို့ ဝင်မိချေသည်။ပြင်က လည်း မရေမတွက်နိုင် ထပ်ချေပြီ၊ ငါတို့ ခံသော်လည်း မခံနိုင်ရာဟု တလိုင်းဗိုလ်မှူးတပ်မှူး အာမခံတို့ တပ်ထိပ်ကချည်းဆင်း၍ ပဲကူးမြို့တွင်းသို့ ဝင်ပြေးလေလျှင် ပဲကူးမြို့ကို ပတ်ဝိုက်၍ တည်သည့် ပြင်တပ်ကြီး အလုံးကို အောင်မြင်တော်မူ၏။ အမြောက်စိန်ပြောင်း သေနတ် လက်နက်အများ ရတော်မူသည်၊ ရွှေ၊ ငွေ၊ ကျောက်သံများကိုမူကား ရသူ ဗိုလ်မှူးတပ်မှူး သူရဲသူခက်တို့ယူကြရ၏။ သုံ့ပန်းလူ မြန်မာ၊ တလိုင်း တသောင်းကျော် နှစ်သောင်းလောက်လည်း ရတော်မူလိုက်၏။

ထိုသူတို့တွင် တောင်ငူရာဇာ မယားသားသမီး၊ စစ်ကိုင်းရာဇာမယား၊ သားသမီး၊ ရာဇာမင်းခေါင် မယား၊ သားသမီး၊ နောင်တော်ကြီးတွင် သော မင်းပြိုင် မယား၊ သားသမီးတို့လည်း ပါ၍ ရွှေစက်တော်အောက် ရောက်လျှင် ရွေးကောက်ခြားနားတော်မူ၏။ ။ပဲကူးမြို့ ပြင်တပ်ကြီးကို အောင်မြင်တော်မူလျှင် သူရဲအပေါင်းနှင့်တကွ ပွဲလမ်းရသသူတို့ကိုစိစစ်၍ အထိုက်အလိုက် ဆုပေးတော်မူ၏။

ထိုအခါ စစ်သူကြီး ဒလပန်းသည်း ဤသို့ကြံ၏၊ ယခုသည်တွင်ငါတို့ နေချေသော် မိဘသားမယားတို့နှင့်တကွ မြန်မာမင်းလက်သို့ ရောက်၍ ပျက်စီးခြင်းကြီးစွာ တွေ့ရမည် မချွတ်ဖြစ်တော့သည်၊ ယခုကခွာ၍ သင့် ရာအရပ်နေရသည်ဖြစ်မှ ချမ်းသာနိုင်မည်ဟု အကြံဖြစ်၍ ပဲကူးမင်းကို ဤသို့လျှောက်၏။ ။ယခုမြန်မာတို့ အားကိုးမာန်တက်ကြွး၍ပင် တိုက် သော်လည်း ပြင်တပ်ကြီးကိုသာ ရနိုင်သည် ကျွန်တော်တို့နေရာသည် ဘုန်းတန်ခိုးကြီးသောကေရာဇ်မင်းတို့နေရာဌာနလည်းဖြစ်သည်၊ မြို့လည်း ကြီးလှခိုင်လှသည်၊ ကျုံးလည်း ကျယ်လှ နက်လှသည်၊ သည့်ကဲ့သို့ အင်္ဂါ အပေါင်းနှင့် ပြည့်စုံလျက် ဆင်၊ မြင်း၊ မျိုးရိက္ခာ အခိုင်အမြဲ အပြည့်အဝ သွင်း၍ခံသည်ကို နှစ်လများစွာပင်လုပ်ကြံသော်လည်း ကျွန်တော်တို့မြို့ကို မြန်မာမင်းရနိုင်မည်မဟုတ်၊ ဝန်းရံ၍သာနေလျှင်လည်း ရွှေလေးလငါးလ မိုးကျတော့မည် မိုးအခါ ရောက်သော် ဟံသာဝတီ မြို့ပတ်လည်သည်

မြန်မာတို့ကို မဆိုထားဦး ကျွန်တော်တို့ တိုင်းသူပြည်သား သော်လည်း လုပ်ရေးဆောင်ရေး စားရေးသောက်ရေး သွားရေးလာရေး အလွန်ခဲ ယဉ်းသည်၊ တရပ်နှင့်တရပ်ကိုမျှသော်လည်း အကူးအသန်းခက်၏၊သည် ကဲ့သို့ ခရီးလမ်းပန်း ခဲယဉ်းကျဉ်းမြောင်းသည့်အကြောင်းအရာ ပြက်ပြက် နှင့်ကိုမြန်မာတို့တပ်နေနိုင်မည်မဟုတ် မိုးကျလျှင် အရှုံဖြုတ်၍ မြန်မာမင်း ဆုတ်ခွာ ရလိမ့်မည်၊ ယခုလည်း ဆင် မြင်း သူရဲ ရွေးကောက်ပြီးလျှင် ကျွန်တော် အသက်ကိုစွန့်၍မြန်မာမင်းကို တိုက်ဦးမည်ဟုဒလပန်းလျှောက် သည်ကို အားရသောကြောင့် တလိုင်းမင်းက ခွင့်ပေးလေသော် စစ်သူ ကြီးဒလပန်းလည်း ကိုယ်နှင့်အလိုတူသည့် သူရဲငါးထောင်ကျော်, မြင်း ငါးရာကျော်, ဆင်နှစ်ဆယ်ကျော်ရွေးကောက်၍ မိဘ သားမယား ဆွေ မျိုးနီးရင်းသူတို့ကို ဆင်ထက် မြင်းထက် တင်ပြီးလျှင် ညဉ့်အခါ ပဲကူးမြို့ အရှေ့မျက်နှာ အင်းဝတံခါးကို ထွက်မည်သွား၏၊ တံခါးမှူးလည်း တံခါး ကိုမဖွင့် အကြောင်းအရာ ဆီးကြိုမေးမြန်းနှင့်သည်ကို မေးရာသလောဟု တံခါးမှူးကို အသေသတ်၍ စစ်သူကြီးဒလပန်း အလုံးအရင်းနှင့် တကွ စစ်တောင်းမြို့သို့ ထွက်သွားလေ၏။

ထိုအကြောင်းကို တလိုင်းမင်းသိလေလျှင် စစ်ဆိုင်ပြိုင်ကြသည့်အတွင်း စစ်သူကြီးပြုသူ ထောင်ထား ရိုင်းပျံ ယွက်သွားသည်ကို သူသိလေသော် ဝမ်းပန်းမြောက်ဘွယ်ရှိလေသည်ဟု ဒလပန်းထွက်သွားလေသည်ကို လိုက် ၍ မမြစ်ရ အမှတ်မဲ့သာနေ၏။ ။စစ်သူကြီးဒလပန်းလည်း နောက်လျှင် အလုံးအရင်းနှင့်တကွ စစ်တောင်းကသည် အရှေ့ဘက်သို့ကူး၍ ကော့ ကွန်းအရပ်တွင် နေလေ၏။

### တလိုင်းမင်းအညံ့ခံ၍ သမီးတော်ဆက်သပါမည်ဟု ရာဇသံစေလွှတ်ခြင်း, ရာဇသံပြန်ပေးခြင်း

ယင်းသောအခါ ပဲကူးမြို့က အထောက်ထောက်ဆီးကြိုရပ်ခံစေသည့် ခံတပ်ဆိုသမျှလည်း မခံမရပ်နိုင် အကုန်ပျက်လေသည်၊ မြို့ကြီးကိုပတ်ဝိုက် ၍ အခိုင်တည်သော ပြင်တပ်ကြီးကိုလည်းအကုန်ဖျက်ဆီးလေသည်၊ထိုသို့ လျှင် မြို့ပတ်လည်ဝန်းကျင်၌နေကုန်သော ရဟန်း,ပုဏ္ဏား,သူဌေး,သူကြွယ် ပြည်သူ ပြည်သားအပေါင်းတို့လည်း ခိုမှီရန်မရှိသောကြောင့် ဟံသာဝတီ မြို့တွင်းသို့ချည်းရုံးစုဝင်နေကြရ၏၊ ဟံသာဝတီမြို့ပတ်လည် ကြည်းကြောင်း ရေကြောင်း အထပ်ထပ်မြို့ကိုချဉ်း၍ တပ်တော်အများ ဝန်းရံလေသော

ကြောင့်လည်း မြို့တွင်းသားတို့ဟင်းခူးထင်ခွေမျှမြို့ပြင်သို့ မထွက်ဝံ့သည်နှင့် အလွန်ကျဉ်းမြောင်းကြချေ၏၊ ရံတပ်တော်များကလည်း ပစ်စင်ထက်က အမြောက်စိန်ပြောင်းတင်၍ နေ့စဉ်ရက်ဆက်မီးပေါက်မိုးရွာ၏သို့ ညဉ့်နေ့မဟူပစ်လွှတ်လေလျှင် မြို့တွင်းမှာ ရှိနေကုန်သော လူအပေါင်းတို့သည် အသားစားအံ့သကဲ့သို့ မရပ်မတည်နိုင် ထိတ်လန့်ခြင်းကြီးစွာ ဖြစ်ကုန်ကြရကား ဥပရာဇာ စသော တလိုင်း မှူးမတ်အပေါင်းတို့သည် ပဲကူးမြို့တွင်းဝယ် သီတင်းသုံးနေသော အင်းဝရှစ်ထောင့်ကျောင်း မြန်မာဆရာတော်ထံသို့ သွား၍ ဘုန်းကြီးအား ဤသို့လျှောက်ကြ၏၊ ယခု ပြည်ထဲ အရေးကို ထောက်ချေသော် မြန်မာမင်းချီလာပြီဟုကြားစကာလကပင်ဆင်ကောင်း မြင်းကောင်း ဗိုလ်ပါသူရဲကောင်း ရွေးကောက်၍ အသွယ်သွယ် အဝဝ ဆီးဆို့ရပ်ခံစေသည်ကို တပွဲတလမ်းမျှ ကျွန်ုပ်တို့က အရေးရဘူးသည်မရှိ၊ မြန်မာမင်းကသာ နိုင်သည်ချည်းဖြစ်၍ မဆီးမဆို့ မရပ်မခံနိုင် လေလျှင် မြန်မာမင်း မြို့ရင်းတိုင်အောင်ချဉ်း၍ ကြည်းကြောင်းရေကြောင်း အပိတ် ရံလေသောကြောင့် မြို့တွင်းမှာရှိနေကုန်သော လူအပေါင်းတို့ မြှုံးတွင်း ငါးကဲ့သို့ အလွန်ကျဉ်းမြောင်းသည်၊ မြန်မာမင်း ဘုန်းလက်ရုံးကိုလည်း အထင်အရှားသိရ၍ ရှိချေပြီ၊အညံ့ခံတော်မူမည့်အကြောင်းကို ရှင်ဘုရင် မှာ ဆရာတော်ရပ်ခံတော်မူပါ၊ အညံ့မခံချေသည် ရှိသော် ရှင်ဘုရင့် ကိုယ်တော်နှင့်တကွ တပြည်လုံးပျက်စီးခြင်းသို့ ရောက်ရချေတော့မည်ဟူ၍ လျှောက်ကြကုန်၏။

ဆရာတော်ရှစ်ထောင့်ကျောင်းမထေရ်လည်း ဥပရာဇာစသောမှူးမတ် ဒေါဗညားအပေါင်းတို့ ရုံးစုလျှောက်ထားသာသည်ကို ကြားလေလျှင် နန်းတော်သို့သွား၍ တလိုင်းမင်းကို ဤသို့ဆို၏။ ယခု ပြည်ထဲအရေးကို ထောက်ရှုချေသည်ရှိသော် အလွန် ခဲခက်လှချေသည်။ ညီတော်, သားတော်,မှူးမတ်ဒေါဗညားအပေါင်းတို့မှစ၍မြို့တွင်းဝယ်ရှိသောလူအပေါင်း တို့သည်း ထိတ်သန့်ကြောက်ရွံ့ခြင်း ပြင်းစွာဖြစ်ကြချေပြီ၊ အညံ့ခံတော်မူ၍ အရေးတော်ပြီးလွယ်အောင်ကို ကြံတော်မူမှသာ ကောင်းရာချေတော့ မည်၊ ဘုရားသခင်ဟောတော်မူသော တရားတော်မှာလည်း "ဇာတိပဋိ သန္ဓေနေကုန်သော သတ္တဝါအပေါင်းတို့သည် နာနာဘာဝ တရားကို မလွန်နိုင်ရာချေ၊ ဖြစ်တတ်သော သဘောတရားလည်း ဖြစ်တတ်၏။ ပျက် တတ်သောသဘောတရားလည်း ပျက်တတ်၏၊ ထိုတရား အပေါင်းတို့၏ စင်စစ်အားဖြင့် အမြဲချမ်းငြိမ်းရာနိဗ္ဗာန်သာ အမှန်မချွတ်ဖြစ်၏" ရှေးရှေး

သောသူတော်ကောင်းအလောင်းအလျာတို့သည်လည်းအရေးအကြောင်းကြုံလတ်သောခါ သတိတည်းဟူသောတရားကို အသင့်အားဖြင့် နှလုံးပိုက်သွင်း ထောက်ထား၍ကြံကောင်းကြံရာ ထေးဖာမစရမြဲ ဖြစ်တော့သည်။ ယခု တရားမင်းမြတ်မှာလည်း ပြည်သူတကာသတ္တဝါအပေါင်းတို့နှင့်တကွ ကိုယ်တော်ချမ်းသာမည့်အကြောင်းကို ထောက်ထားဆင်ခြင်၍ အမြော်အမြင်ရှိတော်မူသည့်အတိုင်း အသာအယာ အရေးတော်ပြီးလွယ်အောင်ကို စီရင်တော်မူစေချင်သည်ဟု နားတော်လျှောက်၏။

တလိုင်းမင်းလည်း ရှစ်ထောင့်ကျောင်းနေမထေရ်သူမြတ် မိန့်ဆိုသည်ကိုကြားတော်မူလေလျှင် ဥပရာဇာစသော မင်းဆွေမင်းမျိုး မင်းမှူးမင်းမတ် ဒေါဗညားအပေါင်းတို့ကို ခေါ်တော်မူပြီးလျှင် ဤသို့ဆို၏။ ယခုပြည်ထဲအရေးကို ထောက်ရှုဆင်ခြင်သော် အရေးတော်အလျင်ပြီးလွယ်မှကောင်းမည်၊ အရေးတော်သာယာစွာ ပြီးလွယ်မည့်အကြောင်းကို စီရင်တော်မူသင့်သည်ဟု ရှစ်တောင့်ကျောင်းနေ သူမြတ် နန်းတော်သို့ဝင်ရောက်ရပ်ခံယောသည်။ ယခု ငါတို့တွင်လည်း ပြင်တပ်နှင့်တကွတပ်ဆိုသမျှပျက်၍ မြို့နှင့်သာခံနေရလေသည်၊ မြန်မာတို့ မြို့ရင်းဘိုင်အောင် ချဉ်း၍ကြည့်ရေ ဝန်းရံသည်လည်း စစ်အင်ကြီးလှချေသည်၊ ရှေ့သို့ မိုးသေးလေ ဇွကာလပင် တိုင်ရောက်သော်လည်း အရံဖြုတ်မည့်အဟန်မရှိချေ၊သည် အရေးကို ကိုယ်တို့တစုစိတ်တွင်သော်ကား ဘယ်သို့အထင်ရှိကြသည်ဟု တလိုင်းမင်းမေးတော်မူသည်ကို မဟာဥပရာဇာလျှောက်သည်ကား-ယခု ရှစ်ထောင့်ကျောင်းနေသူမြတ် ရပ်ခံလျှောက်ထားသည့် အကြောင်းသည် အရေး ဟုတ်မှန်လှပေသည်။ ယခု ကျွန်တော်တို့ အရပ်ရင်တပ်ပျက်လေလျှင် မြို့နှင့်ရပ်ခံသောသည်ဟုကား ဆိုတုံ၏။ မြို့တွင်းဝယ်နေသော ဗိုလ်မှူးတပ်မှူး စစ်သည်သူရဲ ပြည်သူပြည်သားတို့ နှလုံးဝမ်းပန်း စိတ်သဘောများကိုထောက်ချေသော် ခံနိုင်မည့်အကြောင်းအရာလက္ခဏာတစုံတခုမျှမထင်မမြင်နိုင် ရှိချေပြီ၊ သည့်ကဲ့သို့ စစ်သည်သူရဲ ပြည်နေရွာသားတို့ နှလုံးစိတ်ဝမ်းကို ပြက်ပြက်သိလျက်ပင် သူက အလုပ်အကြံကို ခံချေသည်ရှိသော် ပြည်အလုံး တယောက်မလွတ် မိဘ, သားမယားတို့နှင့် တကွဆင်းရဲကြီးစွာ တွေ့ကြရမည်မချွတ်ဖြစ်တော့သည်၊ အကြောင်းမှာ-ရန်သူတည်းစင်စစ်ဖြစ်ပါစေကာမူ အမျိုးအနွယ်ဆက်လက်ကြသဖြင့် ရန်သူအဖြစ်မှကင်း၍ ဆွေမျိုးမိတ်သဟာယကြီးပင် တဖန်ဖြစ်ကြရမြဲ ထုံးစံသက်သေအသင်အရှား များစွာရှိတော့သည်။ ပြည်ထဲသာယာ၍ ပြည်သူလူတကာ

သတ္တဝါတို့ စီးပွားချမ်းသာ တိုးတက်မည့်အကြောင်းကိုသာ ရှာတော်မူရမည်၊ မြတ်သောကိုယ်တော်၏အဖြစ်သို့ ရောက်တော်မူသည်နှင့် အညီ ပြည်ထဲပြည်လာ သာယာငြိမ်သက်မည့်အကြောင်းကိုသာ ရှေးရှု၍ မြော်ထောက်တော်မူလေ့ ရှိတော်မူသည့်အတိုင်း အလွန်ချစ်ကြည် လေးမြတ်တော်မူလှသော တာင်တိုင်နန်းဝယ်စံနေသော သမီးတော်ကို ဆက်သ၍ သာယာချေင်စွာ အညွှံခံတော်မူသည်ဖြစ်မှ ကိုယ်တော်မြတ်၏ အကျိုး, ဆွေတော် မျိုးတော်တို့အကျိုး, ပြည်သူလူတကာ သတ္တဝါအပေါင်းတို့ အကျိုးကို ရွက်ဆောင်တော်မူသည် မည်ချိမ့်မည်ဟူ၍ မဟာဉပရာဇာ လျှောက်သည်ကို တလိုင်းမှူးမတ် ဒေါဗညားအပေါင်းတို့ ကြားလေလျှင် ယခု သခင်ဉပရာဇာ နားခတော်လျှောက်သည် သင့်မြတ်လှပေသည်။ တညီတညွတ်တည်း နားတော်လျှောက်ကြ၏။

တလိုင်းမင်းလည်း ဤသို့ဆို၏။ ငါတို့မင်းဆိုသမျှသည် မင်းတဦးတည်းနှင့်သာ ပြည်တည်ထောင်နိုင်မြဲမဟုတ်၊ ကိုယ်တို့မှူးကြီး မတ်ကြီးအမှုထမ်း သူရဲသူခက် အပေါင်းတို့နှင့်တိုင်ပင်ဆောင်ရွက်ရမှ မြို့ပြတိုင်းပြည် တည်ထောင်နိုင်ချေသည်၊ ယခုလည်း ဆရာတော်နှင့် ကိုယ်တို့တစု တစိတ် တဝမ်းတည်း ညီညွတ်ကြလေပြီးသည်ကိုသံဃာအားကိုဘုရားမဆန်ဟူ၏သို့ ငါလည်းကိုယ်တို့တစုနှင့် ဆန့်ကျင်ရာကောင်းတော့သည်မဟုတ်ဖြစ်တော့သည်၊ ပြည်သူလူတကာ သတ္တဝါအပေါင်းတို့နှင့်တကွ ချမ်းသာငြိမ်ဝပ်၍ အရေးတော်သာယာစွာပြီးမည့်အကြောင်းကိုသာ ဆရာတော်နှင့် ကိုယ်တို့တစု တိုင်ပင်ပြီးလျှင် အလိုရှိရာစီရင်လေတော့ဟု အလုံးစုံအကြောင်းမျိုးကို စုပုံနှင်းအပ်၏။

ယင်းသို့အလုံးစုံစုပုံနှင်းအပ်လေလျှင် ဆရာတော်နှင့်ဉပရာဇာတို့လည်း ဘဝရှင်အလောင်းမင်းတရာကြီးဘုရားသို့ ဆက်ရန်စာပြင်ကြသည်ကား– ရာမညတိုင်း ဟံသာဝတီပြည်ကို အုပ်စိုးတော်မူသော မင်းတရားကြီး ချစ်ကြည်စွာ ကြားရောက်အပ်သော တိုင်းကြီးအပေါင်းနှင့် ရတနာသိင်္ဃ ကုန်းဘောင်ပြည်ကြီးကို စိုးအုပ်တော်မူသော အကြည်တော် မင်းတရားကြီး–ရွှေစက်တော် ချီတော်မူလာကြောင်းကို ကြားသည်မှစ၍ ယခုတိုင် ရောက်တော်မူလျှင် ဆီးကြိုဘိုက်ခံမည်အကြံရှိ၍ မြို့ပြ ကျုံးမြောင်း ပြည်ကြီး၏ အင်္ဂါအလုံးစုံကိုညဉ့်နေ့ခန့်ရန်နေပါသည်၊ ရှေးပုဗ္ဗကမ္မအကြောင်းတော်အားဖြင့် ဘုန်းတန်းခိုးတော်အကြံအစည်တော်တို့သည် တနေ့တပါး တိုးပွား၍ ကြီးမြတ်တော်မူလှသောကြောင့် အကြည်တော်တို့က ကြိုးစား

ကြီစည်ပါသမျှသည် မဖြစ်နိုင်ရှိခဲ့ရသည်၊ သဗ္ဗညုတဆုကို တောင်းတော်မူသည်နှင့်အညီ သည်းခံတော်မူခြင်းပါရမီကိုဖြည့်စေချင်ပါသည်၊ ဘူရိဒတ်ဇာတ်တော်မှာ မဟာမိတ်ဖြစ်သကဲ့သို့ ရာဇမဟာမိတ်ဖြစ်၍ ရာမညတိုင်းတွင် အမှုအခင်းရှိလျှင်လည်း ဘုန်းတော်ကျေးဇူးတော်ကိုမှီခို၍သာသနာတော်အစီးအပွားကို ဆောင်ရွက်ပါမည့် အကြောင်း ပြည်သူလူတကာသတ္တဝါအပေါင်းတို့ ချမ်းသာပါမည့် အကြောင်း ရှစ်ထောင့်ကျောင်းဘုန်းတော်ကြီးနှင့် မင်းရာဇာတို့ကို လာပါစေကြောင်းကို အတိုင်းထက်အလွန် ချစ်ကြည်စွာ ကြားရောက်ပါသည်။

စာပုရပိုက်ရေး ရွှေဖျင်အိတ်သွတ်သည်၊ ရွှေဖျင်အိတ်ကိုရမတီအိတ်ဖြူသွတ်ပြီးလျှင် ဟင်္သာရုပ် ဟံဆိပ်ခတ်၍ ဆင်စွယ်ကြုတ်တွင် သွတ်သည်၊ ဆင်စွယ်ကြုတ်ကို သစ်ပွတ်ချိပ်နှိတ်ကျ ကျည်ပြွန်တွင် သွတ်သည့်စာကို သက္ကရာဇ် (၁၁၁၈) တဆောင်မုန်းလဆန်းတဆဲ့ရှစ်ရက်နေ့တော်လပြည့်ကျော် တဆဲ့လေးရက်နေ့ အဝရှစ်ထောင့်ကျောင်း ဆရာတော်နှင့် အင်းဝမင်းအမတ် စာဆို မင်းရာဇာတို့ ကောင်းစွာဆောင်ယူပြီးလျှင် ပဲကူးကထွက်၍ သားတော်ဒိဗ္ဗယင်းမင်း သီရိသုဓမ္မရာဇာတပ်တော်သို့ သွားကြလေ၏။

သားတော်ဒိဗ္ဗယင်းမင်း သီရိသုဓမ္မရာဇာလည်း ဆရာတော်ဘုန်းတော်ကြီးတို့ကိုမြင်လျှင် မည်သို့အကြောင်းအရာရှိသနည်းဟု လျှောက်မေးစေသည်ကို မထေရ်သူမြတ်လည်း ရှင့်ခမည်းတော် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်ကို ဖူးတွေ့ချင်ပါသည်ဟု ဆို၏၊ မထေရ်သူမြတ်စကားကိုကြားလျှင် ဆရာဘုန်းတော်ကြီးနှင့် မင်းရာဇာတို့ကို သားတော်ဒိဗ္ဗယင်း မင်း သီရိသုဓမ္မရာဇာက ခမည်းတော်ဘုရားသို့ ပို့လေစေ၏။ ။ ဘဝရှင်အလောင်းမင်းတရားကြီး ဘုရားလည်း တလိုင်းဆရာရဟန်းတော်ကို မြင်တော်မူလျှင် တင့်အပ်သောနေရာမှာ ချထားရပ်နေစေ၏၊ ရှင်ပင်ဘုရားသို့ ကြွရောက်လာသည့်အကြောင်း အသို့နည်းဟူ၍ အမေးတော်ရှိသည်ကို ဆရာတော် ရှစ်သောင့်ကျောင်းနေ မထေရ်သူမြတ် လျှောက်သည်ကား····လွန်လေပြီးသောဘဝများစွာက ဖြည့်ဆည်းပူးတော်မူခဲ့ဘူးသော ထူးမြတ်သော ပါရမီသမ္ဘာရတော်ကြောင့် တိုင်းကြီးပြည်ကြီး ထီးဆောင်းမင်းအပေါင်းတို့၏ အရှင်ဖြစ်တော်မူ၍ ဘုရားသခင့် သာသနာတော်တောက်ထွန်းမည့်အကြောင်း, သတ္တဝါတို့ချမ်းသာမည့်အကြောင်းများကို လွန်စွာသောအားထုတ်ခြင်းဖြင့် မစတော်မူသော မင်းကောင်းမင်းမြတ် ဖြစ်တော်မူသည်နှင့်အညီ ဟံသာဝတီပြည်ကြီးဝယ် ရှိနေကုန်

သော သတ္တဝါအပေါင်းတို့အား ကယ်ဆယ်မစတော် မူစေလို၍ မဟာဓမ္မရာဇ် တရားမင်းမြတ်အထံတော်သို့ ရောက်ပါသည်ဟု ဆိုပြီးလျှင် ရာဇသံကိုဆက်၍ဖတ်လျှောက်ရ၏။

ဘဝရှင် အလောင်းမင်းတရားကြီးဘုရားလည်း ရာဇသံကိုကြားတော်မူလျှင် ဤသို့အမိန့်တော်ရှိ၏၊ ယမန် ကျိုက်ပကစ်တပ်တွင် နေတော်မူသည့်ကာလကလည်း မြန်မာဆရာ, မွန်ဆရာ, ယွန်းဆရာ ပုဂ္ဂိုလ်သုံးဦးတို့ အရေးအရာ မေတ္တာခံရပ်လာသည်လည်း အခွင့်မရလေ၊ ယခုတဖန် အရှင်သူမြတ် မေတ္တာရပ်ခံသည်ကို အရေးမရပြန်သည်ရှိသော် ဗြဟ္မဝိဟာရ တရားကို ကျွန်ုပ်နှလုံးမပိုက် မသွင်းသည် မည်ရာချေတော့မည်၊ တိုင်းကြီးပြည်ကြီး ထီးဆောင်းမင်းအပေါင်းတို့က စိတ်နှလုံးနူးညွံ့သဖြင့် ဆင်ကြီး, မြင်းကြီး, သားသမီးဆက်သ၍ ဝင်ရောက် လာသမျှကိုလည်း ကျွန်ုပ်သည် ဘုရားဆုကို ပန်တော်မူသည်နှင့်အညီ ကိုယ်တို့ စည်းစိမ်ကို မဖျက်မဆီး ချမ်းသာပေးတော်မူသည်။ သို့ရာတွင် ဟံသာဝတီမှာ တလိုင်းဒေါဗညား မှူးကြီးမတ်ကြီးအများရှိလျက် မစေ၊ မြန်မာဆရာတော်နှင့် မြန်မာမှူးမတ်တို့ကိုသာစေသည်ကို ထောက်လျှင် သဘောစိတ်ဝမ်းကျကျ ဟုတ်မှန်သည်ယူရန်မရှိ၊သဘောမှန်လျှင် တလိုင်းဒေါဗညား မှူးကြီးမတ်ကြီးဘို့ကိုလျှော့လာစေ အမိန့်တော်ရှိပြီးလျှင် အရှင်ပုဂ္ဂိုလ်သူမြတ်အချိန်တန်ပြီဟု အမိန့်တော်ရှိ၍ အဘန်ကြားလျှင် သဇင်ပန်းနှစ်ခြင်းပေးတော်မူလိုက်၏။သဇင်ပန်းကိုလည်း တင်သင့်ရာတင်လေ၊ ဆင်သင့်ရာဆင်စေဟူ၍ မှာတော်မူလိုက်၏။ ယင်းသို့မှ ရှစ်ထောင့်ကျောင်းနေ မဒထေရ်သူမြတ်နှင့် မင်းရာဇာတို့ ပဲကူးမြို့တွင်းသို့ ဝင်ကြရ၏။ ။ဆရာတော်နှင့် မင်းရာဇာတို့လည်း အမိန့်တော်ရှိသမျှ စကားမျိုးကို စေ့စုံစွာ တလိုင်းမင်းအား ပြန်လေလျှင် တလိုင်းမင်းလည်း ပေးတော်မူလိုက်သည့် သဇင်ပန်းတော် နှစ်ခြင်းကို မှာတော်မူလိုက်သည့် အမိန့်တော်သံကိုထောက်၍ တခြင်းကို ရွှေမော်ဓောဘုရားမှာ တင်ရ၏၊ တခြင်းကို သမီးတော်တပင်တိုင် မင်းသမီးသို့ ပို့၍ဆင်ရ၏။

ယင်းသို့မှ သမီးတော်ကို အခါနေ့ရက် တွက်ချက် ရွေးချယ်ပြီးလျှင် အလောင်းမင်းတရားကြီးမှာ လျှောက်ထား၍ စီရင်ရန် ရှိသည်များကို ပြီးပြေအောင် စီစဉ်ဆက်သကြရမည်ဟု ယောက်ဖတော်စစ်သူကြီး ဗညားဦး,ဗညားအရိန္ဒမ,အတွင်းဝန် ရာဇအိန္ဒတို့ကို အမိန့်တော်ရှိ၍ သက္ကရာဇ် (၁၁၁၈) တထောင့်တရာ့တဆဲ့ရှစ်ခု နတ်တော်လပြည့်ကျော်တဆဲ့လေး

ရက်နေ့တွင် စစ်သူကြီးဗညားဦး,ဗညားအရိန္ဒမ,အတွင်းဝန် ရာဇအိန္ဒတို့နှင့် အမတ်တဆဲ့လေး၊ပုဏ္ဏားအဓိပတိ ဗြဟ္မာ,မူလဗြဟ္မာ,အဂ္ဂဗြဟ္မာတို့နှင့် နောက်ပါတဆဲ့လေး၊ စန္ဒရပ်ကျော်နှင့် နောက်ပါတဆဲ့နှစ်၊ နန်းစာရေး လွှတ်စာရေး ငကွန်းတေ,ငထော်ဦး, ငထွန်း, ကုလားပျိုတို့နှင့် အစုစု လူပေါင်း ခြောက်ဆယ်၊ ပဲကူးမြို့ဘွင်းကယွက်လာ၍ လက်ယာထိမ်းမှတ်တပ်သို့ရောက်လာ၏။ လက်ယာထိမ်းမှတ်က အကြောင်းနှင့် ရှိခိုးသံတော်ဦးတင်လျှင် ဘုန်းကြီးသော မင်းကြေရာဇ်တို့၏ တင့်တယ် စံပယ်တော်မူခြင်းဖြင့် ဗိုလ်ရှုသဘင် စီစဉ်ခင်းကျင်းတော်မူ၍ အတွေ့ခံတော်မူ၏။သံတို့လည်း ဟံသာဝတီရှင်ဘုရင့်သမီးတော် တပင်တိုင်ရွှေနန်းရှင်ကို ရွှေဘဝါးတော်အောက် ဆက်ရောက်ပါရမည့် အကြောင်းနှင့် လျှောက်လျှင် သံဘို့ကို အမိန့်တော်ရာဇသံပေး၍ ပြန်စေ၏။

စာဘား…"ဘုန်းတော်အလွန်ကြီးမြတ်ဘော်မူလှသော သာသနဒါယကာ လက်နက်စကြာရတနာ ဆင်ဖြူ ဆင်နီများသခင် အသျှင်ဘဝရှင် အလောင်းမင်းတရားကြီးဘုရား ကြားရောက်အပ်သောဟံသာဝတီမင်း-မင်းတို့ဝယ် ဆောင်ယောင်ကျင်းပသော မင်းခမ်းမင်းနားတို့သည် အသုံးအဆောင် အရောင်အဝါမျှသာ ဖြစ်သည်၊ စင်စစ်သော်ကား ရန်ကို အောင်မြင်ခြင်းသာလျှင် မင်းကြေရာဇ်တို့၏ ဘုန်းကြက်သရေ အတင့်အတယ် မင်းဘို့တန်ဆာဖြစ်သည်၊ ခပ်သိမ်းသော သတ္တဝါအပေါင်းတို့သည် လောကဓံတရားရှစ်ပါးတို့မှ မကင်းရာ၊ နိဗ္ဗာန်သာလျှင် အမြဲဖြစ်၍ ဟံသာဝတီဘုရင်လည်း ဝမ်းမနည်းရာ၊ ငါလည်း ဝမ်းမြောက်ရမည်မဟုတ်၊ အာဠဝကဘီလူး လက်ဦးစွာက ကြမ်းကြုတ်ခက်ထန် စောင်မာန်တက်သော်လည်း ဘုရားတန်းခိုးတော်ကြောင့် နောက်ဗြိတဖန် နူးညံ့ပြန်ရသည်။ ဟံသာဝတီမင်းနှင့်ငါသာ အမှုရှင်ဖြစ်လျက် မတိုက်မဆိုင်ရ၊ မှူးခတ်ကျေးကျွန် သူရဲသူခက်တို့ကိုသာစေ၍ တကိုယ်တသက်လျှာ စည်းစိမ်ကြောင့် သတ္တဝါအပေါင်း ဆုံးရှုံးကြသည်လည်း များလေပြီ၊အောင်သူတဘာတို့၏ အထွတ်ဖြစ်တော်မူသော သဗ္ဗညု မြတ်စွာဘုရားသည် ကြမ်းကြုတ်ခက်ထန်စွာသော အာဠဝကဘီလူး၏မာန်ကို သည်းခံတော်မူခြင်း၊ ယဉ်ကျေးစေခြင်းတည်းဟူသော အစီအရင်ဖြင့် အမြိုက်တရားဟောကြားတော်မူသျှင် ရန်သူဖြစ်သော အာဠဝကဘီလူးလည်း ကာယသုခ, စိတ္တသုခနှစ်ပါးကို ရလေသည်၊ ငါလည်း ဘုရားဆုကိုပန်တော်မူသည်နှင့်အညီ မြန်မာပြည်, ရှမ်းပြည်, ယွန်းပြည်, တိုင်းကြီးပြည်ကြီး

ထီးဆောင်း စော်ဘွား မြို့စားအပေါင်းတို့ လက်နက်ကိုချ၍ ဆင်ကြီး မြင်းကြီး သားသမီး ဆက်သကျိုးနွံသမျှကိုလည်း စည်းစိမ်မပျက် အသက် မသေ ချမ်းသာပေးတော်မူမြဲဖြစ်သည်။ အကြောင်းမှာမူ ဝိဒေဟရာဇ်မင်း ကို ပဉ္စာလရာဇ်မင်း စဉ်းလဲကောက်ကျစ်လို၍ သမီးပဉ္စာလစန္ဒီကို ဆက် သမည့်အဟန်၊ မတော်မမှန်ပြုသည်ကို ဘုရားအလောင်းတော် မဟော သဓာ ပညာပါရမီ အစီအရင်ဖြင့် အောင်မြင်ဘူးသော ယုံးစံသက်သေ ကိုလည်း ထီးဖြူ ဆောင်း ချင်း မင်း တကာတို့ထက် သိစွမ်း မြော်မြင် တော်မူသည်၊ ထီးနန်းဥကင် ရာဇပလ္လင်နေပြီးသော မင်းဧကရာဇ်စကား သည် တခွန်းတည်းသာ နှစ်ခွန်းမဖြစ်ရာ၊ ဟံသာဝတီဘုရင် မှန်လျှင် မှန် ရမည့်အကြောင်းကို ချစ်ကြည်စွာမေတ္တာနှင့်ကြားရောက်သည်–”ဟူသော ရာဇသံစာကို သံတို့ဆောင်ယူပြန်သွား၍ အမိန့်တော်စာကို ကြားလျှင် ဟံသာဝတီဘုရင်မှစ၍ တမြို့လုံးဝမ်းမြောက်ဝမ်းသာ ဖြစ်သဖြင့် ဟံသာ ဝတီဘုရင်ယောက်ဖတော် ဝန်းကြီးဗညားဦး, ဗညားအရိန္ဒမစသော မှူး မတ် ဒေါဗညား, ပုဏ္ဏားပညာရှိ, ကတော်မယားတို့ ဆက်ရန်စားတော် ကွမ်းနှင့် တဆွဲနှစ်ရာသီ ရွှေဖလား, စားတော်ကွမ်းသီးနှင့် တဆွဲနှစ်ရာသီ ရွှေဖသား, အမွှေးအထုံရည်, ဆီကြည်, မျက်နှာချေ, ရွှေပုဝါ, ပန်ဘို့ တော်ပွဲနှင့် ဆက်လှာရ၏။

အဝပုဏ္ဏားအမိပတိဗြဟ္မာတို့ကိုလည်း သမီးရတနာဆက်သမည့် နေ့ ရက်အခါ ရွေးချယ် တွက်ချက်ရမည်၊ ဟံသာဝတီ ဘုရင်ကစေ၍ ရွှေ ဘဝါးတော်မြတ်အောက်အမိန့်တော် ခံရောက်ပါရကြောင်းနှင့် လျှောက် လျှင် ဘဝရှင်အလောင်းမင်းတရားကြီးဘုရား အမိန့်တော်ရှိသည်ကား…. ရွှေမြို့တော် ရွှေနန်းတော်ဝယ် စံပယ်တော်မူခိုက် ဖြစ်သော်သာ အရှည် အကြာ အခါနေ့ရက် ရွေးချယ်ရမည် ဖြစ်ပါသည်၊ ယခုမှာစစ်မြေပြင် အရပ်တွင် အဆက်အသ ခံတော်မူမည်ဖြစ်၍ နေ့ ရက် ရွေးချယ်ရတော့ မည်မဟုတ်ပြီ၊ ဘုန်းပါရမီရှိသောသူတို့ ပြုသောအမှုသည် မရွေးမချယ် သော်လည်း ဘုန်းကံအလျောက် အောင်မြင်ပြီးစီးလေမြဲဖြစ်သည်၊ ပြည့်စုံ သောအခါသာလျှင် ကောင်းမြတ်သော သုနက္ခတ္တ, သုမင်္ဂလာဖြစ်တော့ သည်ဟု အမိန့်တော်ရှိလျှင် ဟံသာဝတီဝန်ကြီးဗညားဦး, ဗညားအရိန္ဒမ စသော မှူးကြီးမတ်ကြီး ပုဏ္ဏားပညာရှိတစုတို့လည်း အံ့ဘွယ်သရဲ လွန် ကဲထူးမြတ်သော အမိန့်တော်ကို ကြားနာရပေသည်ဟု အံ့ဩချီးမွမ်းပြီး လျှင် ဦးချ၍ အမိန့်တော်အတိုင်း နက်ဖြန်ပင် ဆက်သပါမည့်အကြောင်း

နှင့် ရှိခိုးသံတော်ဦးတင်ကြကုန်၏။ ။ဘဝရှင် အလောင်းမင်းတရားကြီး ဘုရားလည်း ဟံသာဝတီကလာသူ ဗညားဦး, ဗညားအရိန္ဒမစသော မှူးကြီး မတ်ကြီး ပုဏ္ဏားပညာရှိ တစုတို့ကို လွှတ်တော်မူ၍ ဟံသာဝတီသို့ ပြန်စေ၏။ ။ယင်းသို့မှ တောင်ငူကြောင်းချီ ညီတော် သတိုးသိမ်သူတပ် သို့လည်း အကြောင်းအရာနှင့် စေတော်မူ၏။

စေဟန်ကား....."ဟံသာဝတီဘုရင်က ခန္တီပါရမီကို ဖြည့်တော်မူပါ၍ သမီးရတနာ ဆက်သပ်ရမည့် အကြောင်း ဟံသာဝတီ မြို့သူမြို့သား တို့ကို တောင်ငူကြောင်းချီ တပ်တော်က တွေ့ရာမြင်တိုင်း ဖမ်းဆီး သတ် ညှစ်သည်များလှခဲ့သည်၊ အရေးတော်ပြီးပြေသည့်အလျောက် ချမ်းသာ မည့်အကြောင်းနှင့် မှူးကြီး မတ်ကြီးများကို စေ၍ ဟံသာဝတီ ဘုရင်က လျှောက်ထားလှာကြောင်းများ"နှင့် ဝေရကျော်သူကိုစေ၍ အမိန့်တော် ပြန်ရ၏။

**တလိုင်းမင်း သမီးတော်ကို အဆက်အသ ခံတော်မူ၍**
**တလိုင်းမင်းကဆက်သော ရာဇသံစာများ**

ယင်းသို့မှ သက္ကရာဇ် (၁၁၁၈) တဆောင့် တရာ့ တဆဲ့ရှစ်ခု၊ ပြာသို လဆန်းနှစ်ရက်နေ့ ဟံသာဝတီဘုရင်က သမီးရတနာ အဆက်အသခံ တော်မူမည်ကို ဇေတုဝတီမြို့တော်တွင် စီရင်ရသည်ကား-ဗိုလ်မှူးလက်ယာ ထိမ်းမှတ်၊ တပ်ဦးတွင် မြေကသည် သံဆယ်တောင်ခန့် မြင့်အောင် မြေ ပလ္လင်ဖို့မြှင့်စေပြီးလျှင် ပလ္လင်အနံသုံးတာ အလျားသုံးတာခန့် ပြေပြစ်စွာ လုပ်စေ၍ထိုမြေပလ္လင်တွင် ထီးရိုးလုံးပတ်လေးထွာ ထီးရပ်မြေပင်အချက် အထွတ်ပါ သံတဆဲ့လေးတောင် စိုက်လုပ်စေပြီးလျှင် ရွှေအတိပြီးသော စွန်ကုပ်ခရိုင်ထီးလက်နှင့်တကွ ထီးရင်သုံးဆင့်၊ ကြယ်ချူ ညှောင်ရွက်နှင့် တကွသော အဝန်း နှစ်ဆဲ့ငါးတောင်ရှိသော ရတနာထီးဖြူကြီးကို တနေ့ ချင်းပြီးအောင် ချုပ်လုပ်စိုက်ထူစေသည်၊ ထီးဖြူတော်အောက်တွင်လည်း အလျားငါးတောင် အနံလေးတောင်ရှိသော ရေသဖန်းဘားဖတိုင်တော် ကို ခင်းစေသည်၊ မြေပလ္လင်အနောက်ကလည်း ဘုံငါးဆင့်ရှိသောအထွတ် ထုပိကာနှင့်တကွ ဖျင်နီမွမ်းသောအဆောင်၊ မြေနန်းတော်ကဲ့သို့ တံခါး ရွက်နှင့်တကွသော ပြာသာဒ်နန်းဆောင်ကို ဝါးသက်ကယ်နှင့် တောင် မြောက်ကပ်၍ ဆောက်လုပ်ရသည်။ ထီးဖြူတော် လက်ဝဲလက်ယာကိုလည်း ချီတော်မူရာပါသမျှသောမင်းခမ်းမင်းနားကျင်းပလျက် မြေအပြင်တွင် သဲ

မွေ့ကြဲ၍ မင်းညီမင်းသား ဗိုလ်မှူး တပ်မှူး စော်ဘွား မြို့စားတို့ ခရမ်းသာ အောင်နေရာငါးသွယ်ခင်းရသည်၊ မင်းသမီးဝေါတင်ရန်ဝေါယှဉ်ကိုလည်း မြေနန်းတော်ရှေ့ တာနှစ်ဆယ်ကွာတွင် ဆောက်ထားရသည်၊ ထိုပြင် ရွှေကြိုးတန်ဆာဆင်ယင်သော ဆင်တရာ,သတ္တလတ်ကြိုးနီဆင်ယင်သော ဆင်ဆင်တရာ, ထိုပြင်ပါသည်ကွေး အောင်းမွေးရစ်ပြီး မှောက်တို မှောက်ရှူ, ပါးကားနားဘာ, ချပ်မိန်ညိုတန်ဆာ အစုံနှင့် အဲမောင်းလှံရှည်စွဲလျက် ရွှေဝတ်လုံ ဝတ်လျက် မြင်းသည်သူရဲစီးသော လက်ဝဲတော်က မြင်း ငါးရာ၊ ထိုအတူ စစ်ဝတ်တန်ဆာစုံနှင့် မှိုင်းလုံးကတ္တီပါဝတ်လျက် မြင်းသည်သူရဲစီးသော လက်ယာတော်က မြင်းငါးရာ၊ လှံပါ သေနတ်နှင့် သားရေ ဆေးအိတ်လွယ်လျက် ရွှေဖျင် ခါးရန်း ဗောင်းဘီ ဦးထုပ် ဝတ်ဆင်သော သင်းဘောသား ကုလားသေနတ်ကိုင် လက်ဝဲတော်က နှစ်ထောင့်ငါးရာ၊ ထိုအတူ သေနတ် စွဲကိုင်လျက် ကတ္တီပါခါးရန်း ဗောင်းဘီ ဦးထုပ်ဝတ်ဆင်သော သင်းဘောသား ကုလားသေနတ်ကိုင် လက်ယာတော်က နှစ်ထောင့်ငါးရာ၊ လက်ဝဲတော်က မြန်မာ အမြောက်သမား ကံကျွေးဆေး ကျည်စွေအစုံနှင့်တကွသော အမြောက် မြတံပူ စိန်ပြောင်း တရာ့ငါးဆယ်၊ထိုအတူ လက်ယာတော်က အမြောက် မြတံပူ စိန်ပြောင်း တရာ့ငါးဆယ်၊ တနေ့လျှင် အကြိမ်တရာ ပစ်လွှတ်သော်လည်း ပူခြင်း မရှိသော သင်းဘော အမြောက်ကို လှည်းရထားတွင် တင်လျက် ယမ်းအိတ် ယမ်းတောင့် ကျည်စွေ နားတံအစုံနှင့် ထိုးတံအကောက် ထိုးတံ အခြောင့် ဆောင်ရွက်ကုန်သော သင်းဘောသား အင်္ဂလိပ်ကုလား နှစ်ရာ ဆောင်ရွက်သော အမြောက်တင်ရထားနှင့် အမြောက် လက်ဝဲတော်က ငါးဆယ်၊ ထိုအတူ အထူးထူးသော အဝတ်တန်ဆာ ဆင်ယင်သော သင်းဘောသား ပြင်သစ်လူမျိုး အမြောက်သမား ကုလားနှစ်ရာ ဆောင်ရွက်သော အမြောင်တင်ရထားနှင့် အမြောက် လက်ယာတော်က ငါးဆယ်၊ ထိုမှတပါး အထူးထူးသော အဝတ်တို့ကို ဝတ်လျက် အထူးထူးသော လက်နက် စွဲကုန်သော မြန်မာစစ်သည်သူရဲ လက်ဝဲတော်က တထောင်၊ ထိုအတူ မြန်မာစစ်သည်သူရဲ လက်ယာတော်က တထောင်၊ ထိုမှတပါး နိုင်ငံတော်အတွင်း နေ၍ အမှုတော်ကို ထမ်းသော ကုလား, တရုပ်, တရက်, ယွန်း, ယိုးဒယား, လင်းဇင်း, ချင်း, ကရင်, ကချင်, ရှမ်း, ကသည်း, ဂုံ, လူး, ဒဝယ် စသော လူမျိုးတို့ သည်သည်း မိမိတို့ဘာသာ

အဝတ်တန်ဆာ ဝတ်ဆင်လျက် အထူးထူးသော ဒိုင်း, လွှား, လှံ, လေး လက်နက်စွဲကိုင်လျက် လက်ဝဲလက်ယာ ခင်းကျင်း၍ နေရသည်။

နေရာမှာလည်း သားတော်ဒီပဲယင်းမင်းကို လက်ဝဲတော်က အိမ်ရှေ့မင်းတို့နေရာတွင် ဖတိုင်နီနှင့် နေရာချ၍ အဆောင်အရွက်နှင့် နေတော်မူရသည်။ လက်ယာတော်ကလည်း သားတော်အလတ် မြေဒူးမင်းကို ဖတိုင်နီနှင့် နေရာချ၍ အဆောင်အရွက်နှင့် နေတော်မူရသည်။ နေရာငါးသွယ်မှာလည်း ဗိုလ်မှူးမင်းသားမှစ၍ ရွှေစက်တော်အောက်ပါသော စော်ဘွား မြို့စားဘို့နှင့် ဗိုလ်မှူးတပ်မှူး စစ်ကဲ နာခံတော်တို့ကို နာခံတော်သံတော်ဆင့် မင်းငယ်ရွှေတောင်တို့ နေရာချရသည်။ ထွက်စည်တော်, ဝင်စည်တော်မှစ၍ စည်တော်စုံကိုလည်း ဆင့်ဆိုလျှင် ရှမ်းတီးရန် စာချွန်အပ်၍ လက်ဝဲလက်ယာ အသင့် နေကြရသည်။ ထွက်တော်မူလျှင် လှူတော်မူရန် သဇင်ထီးမှစ၍ ထီးဖြူ,ထီးနီ,တံခွန်,ကုက္ကား,မုလေးပွား, ရွှေတန်ဆောင်,ငွေတန်ဆောင်, ရွှေပန်းခိုင်, ငွေပန်းခိုင်, ရွှေဖယောင်းတိုင်, ငွေဖယောင်းတိုင်, ရွှေမြူတာ, ငွေမြူတာများကို အမှူးအကြီး အကြွပ်အမကိုင်လူနှင့် ခန့်ထား၍ အသင့် နေကြရသည်။ အလောင်းမင်းတရားကြီးဘုရားသည်း ထွက်တော်မမူမီ ရွှေနန်းထီးဖြူတော်အနောက်တွင် ဆောက်သော ဇေတဝန်ဆောင်တော်က စံနေတော်မူသည်။ အတွင်းပြင် စီရင်ခင်း စီရင်ဘွယ်ရှိသမျှကို လက်ဝဲသုန္ဒရ, ဝေလုရာဇာတို့ စီရင်ရသည်။

စီရင်ခင်း စီရင်ဘွယ် အလုံးစုံ ပြီးပြေကြောင်းနှင့် ရှိခိုးသံတော်ဦးတင်လျှင် အလောင်းမင်းတရားကြီးဘုရားလည်း ကောင်းမြတ်သော အခါတော်တွင် အထူးထူးသော အရသာရှိသော စားတော်ကို မုနော လင်ပန်း၌ စားတော်ခေါ်ပြီးလျှင် ပန်းဆိုးပေါင်းထုပ် ဆင်တော်မူ၍ အဘိုးအနဂ္ဃရှိသော မြနားဒွေးကို ဝတ်ဆင်တော်မူလျက် ရွှေရေးစက်နားဝတ်လဲတော်ကို ဝတ်၍ ပတ္တမြားလက်ကောက်, ပတ္တမြားလက်စွပ်တို့ကို လက်တော်နှစ်ဘက်တွင် ဝတ်ဆင်တော် မူသည်။ ရတနာအတိပြီးသော ရွှေချူညောင်ရွက်နှင့် တကွသော စစ်ဝတ်ရတနာ ဒုယင်တော်ကို ဝတ်ဆင်တော်မူပြီးလျှင် ရွှေကြိုး နှစ်ဆဲ့လေးသွယ် ရှိသော ရတနာ စလွယ်တော်ကို ဆင်တော်မူလျက် ပတ္တမြားအတိစီသော လက်သုံးတော်မားသားမြီးယပ် စွဲတော်မူ၍ ဇေတဝန်ဆောင်တော်ကသည် သံဆယ်တောင်ရှိသော မြေနန်းပလ္လင်သို့ ကြမ်းဆင့်ကို လက်ယာခြေတော် အလျှင်ချီလျက် ထွက်တော်မူသည်။ဇေတဝန်တံခါးသို့ရောက်လျှင် တံခါးကို အမျိုးအမည်

ကောင်း၍ မိဘစုံသော လုလင်လေးယောက်တို့သည် လက်ဝဲတော်ကနှစ်, လက်ယာတော်ကနှစ် တမုတ်ကြိုးစွဲ၍ ဖွင့်ရသည်။ ထွက်တော်မူ၍ မြေနန်းပလ္လင် ရေသဖန်းဖတိုင်တော်သို့တက်တော်မူမိလျှင် ထွက်စည်တော်စုံ ရွမ်းရသည်။ ထွက်စည်တော်သံစဲလျှင် သံတော်ခံ အလှူတော်စာကို လျှောက်ရသည်။ အလှူတော်ကိုကောင်းမွန်သန့်ပြန့်အောင်ယူ၍တင်လှူစေ-လက်ဝဲသုန္ဒရကဆိုလျှင် အလှူတော်ကို စည်တော်စုံနှင့် ဆောင်ယူသွား၍ ဟံသာဝတီ ရွှေမော်ဓော,ကျိုက်ပေါ,ကျိုက်ပွန်, ကျိုက်သလွန်, ကျိုက်တလည်း, ကာသဗိမာန်, သုဝဏ္ဏဟံသာ, ဘုရားရှင် ခုနစ်ဆူများသို့ ပူဇော် တင်လှူရသည်။

ထွက်တော်မူမည့် အစီအရင် အခင်းအကျင်း ပြီးပြေပြည့်စုံ၍ ထွက်တော်မူလျှင် သက္ကရာဇ် (၁၁၁၈) တထောင့်တရာ့တဆဲ့ရှစ်ခု၊ ပြာသိုလဆန်းဘရက်နေ့က အမတ်ကျော်ထင် သမ်ယာ, ရွှေတောင်ကျော်ထင်တို့ကိုစေတော်မူ၍ ဟံသာဝတီမြို့တွင်းသို့ သမီးရတနာကြပ်မဆောင်ယူရမည် ခန့်တော်မူ၍ သွားနှင့်ရသူတို့နှင့် လဆန်းနှစ်ရက်နေ့ နှစ်ချက်တီးကျော် ငါးနာရီတွင် ဟံသာဝတီမင်းသမီး မဂ်လာတပ်တော်ဦးသို့ရောက်သည်၊ အစီအစဉ်ကား-ရွှေဖျားရွှေသိုင်းနှစ်၊ ထိုနောက် တလိုင်းမင်းညီမင်းသား ဒေါဗညား မှူးမတ်စု၊ ထိုနောက်တလိုင်းအတီးအက၊ထိုနောက်တလိုင်းမောင်းထုပ်ပေါင်းလုလင်နှစ်စဉ်၊ထိုနောက်ဟံသာဝတီ မင်းမိဖုရားမင်းကိုယ်လုပ်ဘို့ ရွှေသဉ်ကိုးဆူနှင့်၊ ထိုနောက်ကျိုင်းရွှေချက်လေး၊ ထိုနောက်ဟံသာဝတီမင်းသမီးစီးသော ဝေါပြာသာဒ် ထိုနောက်မင်းသမီးအဆောင်အရွက်၊ ထိုနောက် တလိုင်းမှူးကြီး မတ်ကြီး၊ ထိုနောက်တလိုင်းမှူးမတ် ဒေါဗညား၊ ထိုနောက် ကတော်မယားတို့ ရသည့် အဆောင်အရွက်နှင့်၊ ထိုနောက် တလိုင်းအတီးအကအငြိမ့်တီးမှုတ်၍ပါသည်။

မဂ်လာတပ်တော်ဦးသို့ မင်းသမီး ရောက်ကြောင်းနှင့် ရှိခိုးသံတော်ဦးတင်လျှင် တွင်းသင်းဝန် ကျော်စွာနော်ရထာ, နန္ဒစည်သူ, သီဟယော်ဓာ, ဝေလုရာဇာတို့နှင့် မှူးတော် မတ်တော်တို့ လက်ဝဲက မြင်းတရာ့ငါးဆယ်၊ လက်ယာက မြင်းတရာ့ငါးဆယ်နှင့်ကြိုရသည်။

မင်းသမီးနှင့်ပါသည့် မှူးမတ် ဒေါဗညားတို့ကို မြေနန်းတော်ရှေ့ တာတရာကွာတွင်တကြိမ်၊ တာ ငါးဆယ်ကွာတွင်တကြိမ်၊ တာ နှစ်ဆယ်ကွာတွင်တကြိမ်၊ သုံးကြိမ်ဦးချစေအမိန့်တော်ရှိ၍၊ ထိုသို့ရောက်လျှင် သံတော်ခံ မင်းငယ်ရွှေတောင် ဆီးကြို၍ တုပ်ပျပ်ဦးချစေသည်၊ မြေနန်းတော်ရှေ့

တာနှစ်ဆယ်ကွာသို့ ရောက်လျှင် ဟံသာဝတီမင်းသမီး ရွှေစက်တော်အောက်ဝင်၍ ပူဇော်ကန်တော့စေ အမိန့်တော်ရှိ၍ မင်းသမီးသည် ရတနာသုံးပါးကို ပူဇော်ပြီးလျှင် ဟံသာဝတီမင်းအစ်ကိုယ် အသက်ခြောက်ဆယ်ကျော်လင်မယား မင်းသမီးကိုလက်ဝဲလက်ယာမစ၍ ဝေါပြာသာဒ်ကဆင်း၍ ဝင်ရသည်၊ မင်းသမီးစီးသည့်ဝေါပြာသာဒ်ကိုလည်း မြေနန်းရွှေဆောက်ထားရှိသည့် ဝေါယှဉ်တွင် တင်ထားရသည်၊ မင်းသမီးစည်နှင့် အဆောင်အရွက်များကို သင့်ရာကနေစေသည်၊ကန်တော့ပွဲကိုင်မိန်းမနှစ်, ရွှေဖျားဝင်ရသည်၊ နောက်မင်းသမီး အဆောင်အရွက် ဝင်ရသည်၊ ထိုနောက် မင်းသမီးဆွေတော် မျိုးတော် ကတော်မယားတို့ဝင်ရသည်၊ ဟံသာဝတီမိဖုရားနှင့် မင်းကိုယ်လုပ်ကိုးယောက်လည်းမင်းသမီးနောက်ကခစား၍နေရသည်၊ဟံသာဝတီတပင်တိုင်နန်းရှင် မင်းသမီးလည်း ရတနာမြပန်းခိုင်နှင့် အလောင်းမင်းတရားကြီး ဘုရားကို ကန်တော့သည်။ ။ အလောင်းမင်းတရားကြီး ဘုရားလည်း ကန်တော့ရသောကောင်းမှုအားကြောင့် ဘုန်ကြီးသက်ရှည် စည်းစိမ်တည်၍ ငါနှင့်အတူသာသနာတော်မြတ်စီးပွားကို ဆောင်ရွက်နိုင်စေသော အမိန့်တော်ရှိသည်။

အတန်ကြာလျှင် ဝင်စည်တော်တီး၍ မြေပလ္လင်တော်က သက်တော်မူပြီးလျှင် ဟံသာဝတီမင်းသမီးစီးသော ဝေါပြာသာဒ်သို့ တက်တော်မူသည်၊ ဟံသာဝတီတပင်တိုင်ရှင် မင်းသမီးလည်း ဝေါပြာသာဒ်တော်တွင်ပင် အတူစီးတော်မူသည်၊ ဝေါမှူးဝေါထမ်းတို့မှာ ဟံသာဝတီကပါသည့်ဝေါထမ်းတို့မထမ်းရ၊ ရွှေစက်တော် အောက်က ပါသည့် ဝေါမှူးဝေါထမ်းကျွန်တော်ရင်းတို့ ဆေးရေးပုဆိုးဝတ်၍ မြန်မာဖောင်းနှင့်ထမ်းရသည်၊ ထိုကာလ မြစ်အနောက်ဘက် တပ်တော်တွင် အဆောင်ဆောင်သော တဲနန်းတော်ရှိသည်ဖြစ်၍ ဝေါတော်သို့တက်တော်မူမိလျှင် အထူးထူးသော မြန်မာတလိုင်းပဉ္စင်တူရိယာတီးမှုတ်လျက် အသူရာမင်းသမီးကိုဆောင်ယူ၍ သုဒဿနမြို့သို့ဝင်သော သိကြားနတ်မင်း၏ အသရေကဲ့သို့တင့်တယ် လွန်ကဲသော ရာဇ ကြက်သရေတော်တို့ဖြင့် တင့်တယ်စွာအနောက်တပ် တဲနန်းတော်သို့ ဝင်တော်မူသည်၊ မြစ်နားသို့ရောက်တော်မူလျှင် ရတနာရွှေဖောင်တော်ဦးတွင် ဆောက်ထား ရှိနှင့်သော ဝေါတော်ယှဉ်ကသည် ရွှေဖောင်တော်သို့ တက်တော်မူ၍ ရွှေဖောင်တော်ကသည် တဲနန်းတော်သို့ တက်တော်မူသည်၊ ဟံသာဝတီကပို့လိုက်သောမိဖုရား မင်းကိုယ်လုပ်တော် ကိုးယောက်လည်း ရွှေဖောင်တော်ကသည်

တဲနန်းတော်သို့ တချက်တည်းလိုက်ရသည်၊ နောက်တော်လိုက် မြန်မာ တလိုင်းမှူးတော်မတ်တော်တို့ သားမယားတို့လည်း အသီးအသီး လှေနှင့် ကူး၍ အနောက်ဘက်တဲနန်းတော်သို့လိုက်၍ ခစားကြရသည်။ ။ဟံသာ ဝတီကပါသော မင်းကိုယ်လုပ်မှူးမတ်ကတော်မယားတို့ကိုလည်း တချို့ကို ထိုနေ့ပင် ဟံသာဝတီသို့ပြန်စေသည်၊ ထိုတဲနန်းတော်တွင် မြန်မာအတီး အကာ မွန်အတီးအကအစုံနှင့် ပွဲသဘင်စုံ ရက်လည်အောင်ခံတော်မူသည်။

ထိုနောက်တနေ့တွင် ဟံသာဝတီမင်းက အမတ်ဒေဝသိဒ္ဓိ, စက္ကသူ တို့ကိုစေ၍ ဆက်ရန်ပဏ္ဏာ လျှောက်စာနှင့် ရွှေစက်တော်အောက်ရောက် လာသည်၊ လက်ဆောင်တော် မြလက်စွပ်ဂုံချင်းခန့် တစ်၊ ရွှေဒုယင်တစ်၊ ပုဆိုးစကၠနားရွှေရေးတစ်၊ ရတနာမကိုဋ်တော်တစ်၊ သားတော် ဒိပဲယင်း မင်းကိုဆက်ရန် ပုဆိုးရွှေရေးနှစ်၊ ရွှေဖုဏ္ဍ်ဆီအုပ်တစ်၊ သားတော်မြေဒူး မင်းကိုဆက်ရန် ရွှေရေးပုဆိုးနှစ်၊ ရွှေဖုဏ္ဍ်ဆီအုပ်တစ် ဆက်သည်။

ထိုတွင်ပါသောလျှောက်စာကား….“ဟံသာဝတီရွှေနန်းရှင် ချစ်ကြည် လေးမြတ်စွာ ကြားရောက်ပါသည်၊ အထက်က ပေးမှာတော်မူသည့်စာ တွင် ဘူရိဒတ်ဇာတ်တော်ကို နှလုံးသွင်းသင့်သည် ရာဇသံတော်ပါသည့် အတိုင်းသဘောမှန်လျှင်လည်း သင့်တော့သည်၊ တရားစောင့်သော မင်း တို့၏ အာလုပ်အာသံသည်ကား၊ ဝရဇိန်မိုးကြိုးစက်ကဲ့သို့ တချက်ပြင် နှစ် ချက်ထပ်၍ ဆိုမြဲမဟုတ်ကြောင်းနှင့် ပါသည့်အတိုင်းကိုယုံမှတ်၍၊ ဘခင် ၏ နှလုံး သည်းပွတ်ဖြစ်သောသမီးရတနာကိုဆက်အပ်ပါပြီးသည်၊ ဟံသာ ဝတီက ညီ သား ဒေါဗညား ဗိုလ်မှူးတပ်မှူးတို့ ရွှေစက်တော်အောက် မရောက်မသာ အယူတော်မရှိပါမည့်အကြောင်းကို ချစ်ကြည် လေးမြတ် စွာ ကြားရောက်ပါသည်၊ ဘုန်းတန်းခိုးအာနုဘော် အတိုင်းထက်အလွန် ကိုယ်ထက်သာလွန်သော မင်းကောရာဇ် ပေါ်ထွန်း၍ ရင်ဝယ်ဖြစ်သော သမီးရတနာကို ဆက်သပါရမည့်အကြောင်းကို နေ့ညမပြတ် ကြံတောင့် တ၍နေပါသည်၊ ယခုဘုန်းပါရမီရှင်ကို သိမြင်ရ၍ ပေးနှင်းဆက်သရ သည်မှာ ဝမ်းမြောက်ဝမ်းသာပီတိသောမနသာနှင့်ပြည့်စုံပါသည်၊အသက် ခန္ဓာမပြောင်းမချင်း အသက်ခန္ဓာကို သားတော် သမီးတော် နှစ်ပါးကို စုနှင်း ဆက်သချင်သော စိတ်ရှိသည် မှန်ပါသည်” ဟူ၍ ပြာသိုလဆန်း လေးရက်နေ့ ဆက်စာတွင်ပါသည်။

ပြာသိုလဆန်းခြောက်ရက်နေ့ ဥပရာဇာနှင့် ဒေါဗညား အမှူးအမတ် တို့ရောက်သည်၊ ဆက်ရန် အဝမင်းကောရာဇ် ဆင်တော် လေးကျွန်းရန်

အောင်တစ်၊ ရင်းဆင်တော် မဂ်လာထွတ်ခေါင်တစ်၊ စစ်ကိုင်းမင်း ဆင် ရတနာထွတ်တင် တစ်၊ ဟံသာဝတီ မင်းသမီးကို ဆင်မယဉ်ညင်ရတနာ တစ် ရွှေကြိုး ရွှေကပါသည်ကို ဆက်သည်။ ။ရတနာပူရက ပါသည့် ဘုရားရှင့် စွယ်တော်ဓာတ်တော်ကို ရွှေကြုတ်နှင့်ထည့်၍ မြသပိတ်တော် များကို မြောက်စည်ပုံသာနှင့် တီး၍ဆက်သည်။

ပြာသိုလဆန်းခုနစ်ရက်နေ့၊ ဥပရာဇာနှင့်ဒေါဗညား မှူးမတ်တို့ရောက် ရာတွင်၊ ပုဆိုးဆေးရေး ရွှေငါးအုပ်၊ ခါးစည်းတော်လုပ်ရန် ရွှေဇုဇ္ဇန် ဆီအုပ်တစ်၊ ခါသာကောင်းအုပ်ငါး၊ ရွှေဖလားတဆယ်ခုတ်တစ်၊ သင်း ဘောပါ ရွှေယည်တစ် ဆက်သည်။

ပြာသိုလဆန်းရှစ်ရက်နေ့ ဥပရာဇာ, ဗညားဒလ, စောဗြ, ဈေးငယ် ဗိုလ်တို့နှင့် တလိုင်းဒေါဗညား မှူးကြီး မတ်ကြီးတို့ရောက်သည်၊ဥပရာဇာ ကို ရွှေတော်တွင် ညောင်စောင်းကတင်နှင့် နေစေသည်၊ ဗညားဒလ, စောဗြတို့မှာ ဥပရာဇာနေသည့် လက်ပြင်က နှီးခေါက်ပေါ်တွင် သင်ဖြူး ခင်း၍နေရသည်၊ ဗညားဒလက လက်ဆောင်တော်မြလက်စွပ်ကြီး တစ်၊ ပတ္တမြားအပြည့်စီသော ရွှေဓားတစ်၊ စောဗြကပုဆိုးရွှေရေးနှစ်၊ဘဲလတ် နှစ်၊ ပုဆိုး စက်နားနှစ်ဆယ်၊ ခါသာအုပ်နှစ်ဆယ်၊ သားတော်ဒိဗဲယင်း မင်း,မြေဒူးမင်းတို့ကိုလည်း ပုဆိုးရွှေရေးနှစ်၊ ခါသာအုပ်နှစ်စီဆက်သည်၊ ညီတော် သတိုးသိခ်သူကိုလည်း ပုဆိုးရွှေရေးနှစ်၊ ခါသာအုပ်နှစ် ဆက် သည်။ ။ထိုနေ့ဥပရာဇာ ဈေးငယ်ဗိုလ်တို့က ရွှေစက်တော်အောက်တွင် မြဲနေရပါမည့်အကြောင်းကို လျှောက်၍ သီဟယော်ဓာ, ဇေယနန္ဒသူတို့ နှင့် အတူနေ၍ မပြတ်ခစားရသည်။ ။ဗညားဒလ,စောဗြတို့မှုကား နက် ဖြန် ရွှေစက်တော်မြတ်အောက် ရောက်ပါမည်လျှောက်၍ ပြန်လေသည်။

အထူးထူးသော ဟိုင်းကြီး ပြည်ကြီး ထီးဆောင်းမင်းများသခင်၊ ရွှေတွင်း, ငွေ တွင်း, ပတ္တမြားတွင်း, ပယင်းတွင်းစသော ရတနာအပေါင်းတို့၏အရှင်၊ စတုဗ္ဗ ရတနာပူရ မြို့တည် နန်းတည်၊ ဆဒ္ဒန်ဆင်မင်းသခင်၊ ဆင်ဖြူများရှင်၊ အသျှင် ဘဝရှင် မင်းတရားကြီး ဘုရား လက်ထက်တော် (၁၁၉၁) တတောင့် တရာ့ ကိုးဆဲ့ တခု၊ နယုန်လဆန်း တရက်နေ့က စ၍ ရဟန်းပညာရှိ၊ ပုဏ္ဏားပညာရှိ၊ မှူးမတ်ပညာရှိတို့နှင့်၊အထူးထူးသောရတနာတို့ဖြင့် ဆန်းကြယ်သော မှန်နန်းတော် ဆောင်တော်ဦး နန်းမစနဲ့ ဦးနှိုင်းညှိ၍ အသင့်ယုတ္တိ ကျမ်းဂန်အာဂုံများနှင့် အညီ သုတ်သင် စီရင်တော် မူသော ဒုတိယ မဟာ ရာဇဝင်တော်ကြီး၊ စတုတ္ထထုပ်၊ စတုတ္ထတွဲ ဤတွင်ရွှေ့ပြီး၏။

* * * *

# ဟံသာဝတီတွင်

### ဗညားဒလ, စောဗြတို့ တလိုင်းမင်းကို နန်းကချ၍ အလောင်းမင်းတရား၏တပ်ကို တိုက်ခြင်း

သက္ကရာဇ် တထောင့်တရာ့တဆဲ့ရှစ်ခု၊ ပြာသိုလဆန်း ကိုးရက်နေ့၊ ဟံသာဝတီမြို့တွင် စစ်သူကြီးပြုသော ဒလပန်းသည် သားမယားမိဘ ဆွေမျိုးတို့ကိုယူ၍ ထွက်ပြေးရာက လူအများစုရုံးပြီးလျှင် ဟံသာဝတီမြို့ရှေ့တခွင် မြင်းဆင်လက်နက်နှင့် လာရောက်တိုက်ခိုက်ကြောင်းကို ဟံသာဝတီမင်းက အမတ်ဗြတ္တပကျော်ထင်ကိုစေ၍ လျှောက်လှာသည်။ ။ထိုနေ့ ဥပရာဇာက ရွှေထဘီနှစ်ဆဲ့ငါးဘည်ဆက်သည်။ ။ထိုနေ့ ရတနာပူရ အဝမင်းကြေရာဇ်မိဖုရား အလယ်နန်းတော်တွင်မြင်သော သမီးတော်မင်္ဂလာနှင့် ညီမ မင်းပုလိ၊ မောင်တော် ထောင်သင်းမင်း၊ ၎င်းအဝမင်း ကြေရာဇ်ကိုယ်လုပ် မြတ်ထားမဟေသီတွင်မြင်သော မင်းရွှေကြာ၊ ၎င်းအဝမင်းကိုယ်လုပ် မြတ်စိုးမဟေသီတွင်မြင်သော သမီးတော် မင်းရတနာ၊၎င်း အဝမင်းကြေရာဇ် သမီးတော် မင်းခဲပေါင်, မင်းမြတ်ဇွာတို့နှင့် အဝမင်းကြေရာဇ် မိဖုရား မဟာနန္ဒာမိပတိဒေဝီခံသော တောင်နန်းတော်မိဖုရားကြီးနှင့် အဝမင်းကြေရာဇ် လက်ထက်တော် မဏိပူရ ကသည်းစော်ဘွားဟုံကဆက်သော မင်းသမီးကို အဝသို့ရောက်လျှင် မဟာဒေဝီခံရသည်နှင့် အဝတိမ်းယိမ်းသည့်နောက် ဟံသာဝတီသို့ပါရာတွင် ဟံသာဝတီမင်းက သီရိဇေယမင်္ဂလာဒေဝီအမည်နှင့် မိဖုရားမြှောက်သူတို့ကို ဟံသာဝတီမင်းက အလောင်းမင်းတရားကြီးဘုရား ရွှေဘဝါးတော်အောက် ပို့ရောက်လှာသည်။

ထိုနောက် ဟံသာဝတီတွင် ဗညားဒလ, စောဗြတို့နှင့် အဝမတ္တရာက ပြေးဝင်လာသူ ပယ်ကျော်,သမိန်လွတ်တို့တစုသည် အလောင်းမင်းတရား ရွှေစက်တော်အောက် ဝင်သော်လည်း အသက်စည်းစိမ် ချမ်းသာမည် မဟုတ်ဟု မကောင်းသောအကြံအစည်ကို ကြံစည်ရုံးစုတိုင်ပင်ပြန်၍ ထို သက္ကရာဇ် ပြာသိုလဆန်းတဆဲ့နှစ်ရက်နေ့တွင် ဟံသာဝတီမင်းကို နန်းကချထားပြီးလျှင် မြို့တံခါး နှစ်ဆယ်ကိုပိတ်၍ မြို့စီးပြစီးတင်ပြန်သည်၊ ထို အကြောင်းများကို အလောင်းမင်းတရားကြီးဘုရား ကြားသိတော်မူလျှင် ဟံသာဝတီမင်း ညီ သား ဒေါဗညားမှူးမတ်တို့သည် ဆင်မြင်းလက်နက်

ရွှေငွေဆက်ရမည်၊ ငါအမိန့်တော် မရှိသည်ကို မိမိတို့ကို သတ်ညှစ်၍ ယူလတ္တံ့ထင်မှတ်၍ အထွေထွေ ကြံစည် ဖောက်ပြန် ပြုကျင့်ကြသည်ဖြစ်သည်၊ တပ်တော်တွင် သူရဲသူခက် ဆင်မြင်းလက်နက်တို့ကို မပေါ့မလျော့ ထိန်းသိမ်း၍ အလိုတော်ရှိလျှင် ရအောင် နှိုးဆော်စီရင်ရမည်။ ဟံသာဝတီမြစ်ဆိပ်တွင်ရှိသမျှရွှေဖောင်,ရွှေလှော်ကား, လက်သင်,သမ္ဗန်,ရဲလှေ, တိုက်လှေ, ဝန်လှေများကို တစင်းမကျန် သိမ်းယူရမည် အမိန့်တော်ရှိ၍ ဗိုလ်မှူးတပ်မှူးတို့ကို အမိန့်တော် ပြန်ရသည်။ သားတော်နှစ်ပါးတပ်နှင့် ဗိုလ်မှူးတပ်မှူးတို့က ရွှေဖောင်,ရွှေလှော်ကား,လက်သင်,ရဲလှေ, သမ္ဗန်ရှိသမျှကို ကုန်စင်အောင်သိမ်းယူရသည်။ ။ပြာသိုလပြည့်ကျော် တရက်နေ့ မတ္တရာက ဟံသာဝတီသို့ဝင်နေသူ ငတိုင်ညီအစ်ကိုယ်နှစ်ယောက် ရွှေဘဝါးတော်အောက် ကျွန်တော်ခံဝင်လာသည်။

ပြာသိုလပြည့်ကျော် လေးရက်နေ့ ဟံသာဝတီမြို့ ကျုံးနားနဂါးဆိပ်တွင် ဗိုလ်မှူးကျော်ထင်ကိုနေစေသော သစ်တပ်ကို အုတ်မြို့တည်စေအမိန့်တော်ရှိ၍ အုတ်မြို့စီရင်တည်လုပ်ရသည်။ ထိုမြို့နှင့်စပ်၍ ဗိုလ်မှူးလက်ယာပျံ့ချီတပ် တည်နေရသည်၊ အမြောက်ကြီး တဆယ်ကျော်၊ ဝန်တင်သော တိုက်လှေကြီး တဆဲ့တစင်းကိုလည်း ထိုတပ်တွင် နေစေရသည်။ ဟံသာဝတီကျုံးရေကိုလည်း ဖောက်လွှတ်ရသည်။ ။ကျုံးတွင် မြှုပ်ထားရှိသည့် ရွှေတုံးလှေကိုလည်း ကျုံးရေလွှတ်ရာတွင် ပေါ်၍ရတော်မူသည်။

ရွှေတုံးလှေတော်အကြောင်းကား… ဆင်ကျားရှင်လက်ထက်သာယာဝတီမြို့ကို မြို့ဝန်ခန့်သူ သီဟစက်က သာယာဝတီမြို့ကျေးတွင် လေးနှစ်ခုတ်လုပ်၍ ကိုးနှစ်စီးနင်းသည့်နောက် ပဲ့ကူးမြို့တွင်မင်းပြုသူ ဗညားဒလညီဥပရာဇာက သာယာဝတီမြို့ဝန်ခန့်သူ သီဟစက်လက်တွင် သိမ်းယူပြီးလျှင် သက္ကရာဇ် (၁၁၁၂) တထောင့်တရာ့တဆဲ့နှစ်ခုတွင် မှော်ဗီဆရာ, ရာဇပုရောဟိတ်, ဗညားဗြဟ္မတ်တို့ကို အင်းအိုင်ပယောဂစီရင်စေ၍ ဦးပဲ့မြှုပ်နှံစေပြီးလျှင် ရွှေအပြည့်တင်၍ ရွှေတုံးလှေသမုတ်သည်။

ဘဝရှင် အလောင်းမင်းတရားကြီးဘုရားလည်း ဟံသာဝတီမင်းကစေလိုက်သော အမတ်မဏိရတ္တနဗြဟ္မာတို့ကို အမိန့်တော်ပေးအပ်၍ ဟံသာဝတီသို့ ပြန်စေသည်။ အမိန့်တော်တွင် ပါသည်ကား…. "ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော အသျှင် ဘဝရှင် အလောင်းမင်းတရားကြီးဘုရား အမိန့်တော်ရှိသည် ဟံသာဝတီ ရှင်မိဖုရားဘ-ကံသာအဆက်ဆက် အလှူရေစက် ပြုဘူးသောပတ္တနာကြောင့် သေစိမ့်ကြံစည်၊ ရန်သူ

သည့်လည်း ချစ်ကြည်ခင်ပွန်းဖြစ်ဟု ပညာရှိတို့ဆိုသော စကားအတိုင်း ဝိသဘာဂဖြစ်ကြသည်ကို ပန်သော ဆုတောင်းပတ္ထနာ မေတ္တာနီးစပ်၍ သဘာဂချစ်ကြည်စွာဖြစ်၍ သတ္တဝါအပေါင်းတို့ တရားမတည်၊ ရိုင်းပျံ့ သမျှကိုလည်း တရားတော်နှင့်အညီ ဆုံးမကွပ်နှိပ်၍ သံသရာစီးပွားကို ဆောင်မည်၊ ပစ္စုပ္ပန်တွင်လည်း ရာဇဝတ်ရေး လုပ်ရေး ကြီးရေး ထုံးစံ ပဝေဏီအဆက်ဆက် ကမ္ဘာကြေသော်လည်း ဥဒါန်းစကားမကျေ၊ သတ္တဝါ ကျွန်တော်မျိုးအပေါင်းတို့ကို ချစ်ကြည်စွာ အသက်စည်းစိမ်ကိုမပျက် စေရ၊ ငါးရာ့နှစ်ဆဲ့ရှစ်ပါးသော မေတ္တာနှင့် သိမ်းပိုက်ပြုစု စီရင်ပိုင်းခြား ရမည် ရည်ကြီတော်မူသည်။ ဟံသာဝတီရှင်မိဖုရားဘ ညီ,သား, မှူးမတ် တို့လည်း တိုင်းကားပြည်ရေး အလုပ်အကြံ၌ ဝိသေသထူးသော အကြံ အစည် အရိပ်အခြည် အဟည်အပ အထိုက်အလိုက် ပြုဟန်ထင်၍ အကု သိုလ်ပြုရာ၌ပင် ငါဘုန်းတော်ကြောင့် ကုသိုလ်ဖြစ်ရမည်ကို ဝမ်းမြောက် တော်မူသည်၊ ငါလည်း ဘုရားဆုကိုပန်တော်မူသည်နှင့် ပန်သောဆုပတ္ထ နာကြောင့် ဟံသာဝတီသားတို့ အထပ်ထပ်သော အရေးကိုမြင်၍ အချေ အငံ ရောက်လာစေသည်၊ သာသနာတော်စီးပွားကိုထောက်၍ ဒုစရိုက် ကင်းသွဘ်သဖြင့် သုဂတိသို့လားရအံ့သောအကြောင်း၊ ပစ္စုပ္ပန်သံသရာ၊ ဘဝနှစ်ပါး ချမ်းမြွေသာယာမည့်အကြောင်းကို ငါ့နှလုံးတော်ကရှိသည့် အဘိုင်း ဟံသာဝတီသားတို့ ဖြောင့်မတ် တော်မှန်မည် ထင်မှတ်တော်မူ သည်၊ မဖြောင့်မမှန်သည်ကို ကြားမြင်ရလျှင်လည်း ပညာရှိတို့ အခြင်း လက္ခဏာကွယ်၍ ရာဇဝင်စကားအရပ်ရပ်၊ မဟာသမ္မတမင်းလက်ထက်မှ သည် အဆက်ဆက် မြို့ပြည် ထီးနန်း တိုင်းခရိုင်အများ တည်ထောင်ကြသ ရွှေတွင် သည်အရေး သည်အရာများကဲ့သို့ နှိုင်းနှုန်းစရာ ရှာသော်လည်း တွေ့မြင် ကြားရခဲသော အရာကို နားမျက်စိရှိ၍ ကြားမြင်ပြန်ရသည်ကို ထောက်သော် ဝိဥ္ဥူဘစ်သည်များကဲ့သို့ ကြမ္မာချင်း တူဟန်ရှိသည်ကို အသူးထူး များစွာ အကျိုးအကြောင်းနှင့် ကြားရောက်သော်လည်း…. "မမွံ့ အခမွှော၊ အမမွံ့ မမွှော" ဆိုသည်နှင့်အညီ အဟုတ်ကို မဟုတ်၊ မဟုတ်ကို အဟုတ် ထင်လေပြီးသည်ဖြစ်၍ စကားစု စကားရပ် ဆိုသင့် ပြောသင့်သော်လည်း မဆိုမပြောပြီ၊ စိတ်နှလုံးမချမကုံလျှင် လုပ်ရေး ကြီးရေးကို အစွမ်းရှိသမျှ လုံ့လပြု၍ ကြီလေတော့-"ဟု ပေးလိုက်သည်။ ဘဝရှင် အလောင်းမင်းတရားကြီး ဘုရားလည်း သက္ကရာဇ် (၁၁၁၈) တထောင့်တရာ့တဆဲ့ရှစ်ခု၊ ပြာသိုလပြည့်ကျော်ခုနစ်ရက် အင်္ဂါနေ့နံနက်

စည်တီးအရပ်တွင် ချောင်းကိုရှေ့ထား၍ တာဝန်းငါးရာကျော် ရှိသော အုတ်မြို့ တည်တော်မူပြန်သည်၊ မြို့လေးထောင့်တွင်စေတီလေးဆူ၊ မြို့ထိပ် လေးမျက်နှာတွင်လည်း စေတီလေးဆူ၊ မြို့လယ်တွင်လည်း စေတီတဆူ၊ ဤသို့ ဘုရားကိုးဆူကိုလည်း တည်တော်မူသည်၊ မြို့လယ်တွင်လည်း သက်ကယ် နန်းတော်ကို ဆောက်လုပ်၍ စံတော်မူသည်။

ထိုအခါဟံသာဝတီမင်းက လျှောက်စာပဏ္ဏာများနှင့် စေရောက်ဆက်သသည်။ ။လျှောက်စာကား…"ဟံသာဝတီရွှေနန်းရှင် ချစ်ကြည်လေး မြတ်သော စေတနာနှင့် ဘုန်းတန်းခိုးအာဏာတို့သည် တိုးပွားပါစေဟု– ဆုတောင်းဆုယူ မေတ္တာမပြတ်ပို့ဝေရာသော ခမည်းတော်၏ နှလုံးသည်း ပွတ် လည့်ဝတ်မျက်ရွဲနှင့်တူသောသားတော်အလောင်းမင်းတရား–ခမည်း တော်သည် မင်းတို့ ကျင့်ရာသော တရားကို မပြတ် စောင့်ဆောင်လျက် သဗ္ဗညုဆုကို ယူပါသည့်အတိုင်း သတ္တဝါအပေါင်း ချမ်းသာခြင်းကို ရပါ စေ စိတ်ချရည်မှတ်၍ ချစ်လှစွာသော သမီးရတနာမြတ်ကို သားတော် ထံမှာဆောင်နှင်းရှိသည့်အတိုင်း ရေဝယ်သားသော် အခြားမထင်သကဲ့သို့ ဖြစ်ပါစေ၊ စကားတခွန်း ထွက်လေပြီးသည်ကို ဖောက်ပြန် ဦးမည်ကဲ့သို့ စိတ်မကုံလျှင်လုပ်ရေးကြံရေးအစွမ်းရှိသည့်အတိုင်း ကြံလေတော့၊အတွေး နှစ်ပါးရှိ၍ မှာတော်မူရာမှာ သမီးတော်ကိုယ်စား ဝတ်ဆင်တော် မူရန် များရောက်လျှင် ခမည်းတော်ကိုယ်ကဲ့သို့ နှလုံးထားပါ၊ သားတော်ကို လည်း ရင်၌ဖြစ်သော သားရင်းဟူ၍ပင် စိတ်ချပါသည်၊ ခမည်းတော် အကြောင်းအရာကို သားတော်နှင့် တွေ့မြင်ကြသောအခါမှ လျှောက်ပါ တော့မည်၊ ခမည်းတော်သည်အသက်အရွယ်ကြီး၍အဆိုအမြည်ချွတ်ယွင်း သော်လည်း သားဘော် ပြသဆိုမြည်ပါရမည်ကို ဆိုသင့် ပြသင့်သည့် စကားရှိသော်လည်း မပြမဆိုမပြောပြီ၊မှာတော်မူရာမှာ သားတော်လည်း ဘုရားဆုကိုတောင်းတော်မူသည်ကို သတ္တဝါအပေါင်းတို့ ချမ်းသာရမည် မဟုတ်ပြီ၊ လူတို့မိတ်ခင်ပွန်း ဖြစ်ခြင်းကို အလိုမရှိ၍ အကြားတွင်မသင့် မဘင့်အောင် ကုန်းတိုက်ချောပစ်ပြုတတ်သော ဇာတ်တော်မှာလာသော မြေခွေးကဲ့သို့ လူအများကိုလည်း နှလုံးထားတော်မူ၍ သတ္တဝါအပေါင်း တို့ ချမ်းသာမည့်အကြောင်း, သာသနာတော်မြတ် အတိုင်းထက်အလွန် စည်ပင်မည့်အကြောင်းကိုသာ ထောက်တော်မူပါ"ဟူ၍ စည်တီးအုတ်မြို့ တည်တော်မူရာသို့ရောက်သည်။

လက်ဆောင်တော်ကား–ပတ္တမြားဦးဗောင်းတစ်၊တလိုင်းဗောင်းထုပ်၊ ရွှေနရတင်း၊သင်းကျစ်ပါတစ်၊ ပတ္တမြားစီသန်လျက် ရွှေဇဝါရေးတစ်၊ မြလက်စွပ်အချိန်ငါးကျပ်၊မျက်အိမ်ပတ်လည်ပတ္တမြားရံတစ်၊နဝရတ် လက်စွပ်ကြီးတစ်၊ စိန်,မြ,နီလာ,ကျောက်နီ,ကြောင်, ငါးလုံးတင်၊ ဟသ်ာရုပ်လက်စွပ်ကြီးတစ်၊ ငှင်းမြကြီးနရတီထွတ်တစ်၊ ပုလဲမှူးပြည့် မျက်အိမ်မြရံတစ်၊ ရွှေခါးစည်းတစ်၊ ရွှေဆေးတံတစ်၊ ရွှေဆေးအိုးတစ်၊ ရွှေဆေးတံဖျား ခြင်းစွပ်တစ်၊ ရွှေတကောင်း ပတ္တမြားစီတစ်ကို သေတ္တာကြီး အိတ်နီသွတ်၍၊ မဏိရတ္တနမြဖွာ, ဒေါပုတ္တတို့ ရွှေစက်တော်အောက် အဆက်အသ ရောက်သည်။

ဘဝရှင်အလောင်းမင်းတရားကြီးဘုရားလည်း ငရနဲတပ်၊ ရွှေတောင်လက်ဝဲကျော်တပ်၊ ကျော်ထင်ဇေယတပ်၊ရွှေတောင်ရာဇာတပ်၊ ထီးလင်းတပ် တပ်ပေါင်းငါးတပ်ကို ဆင်မြင်း လက်နက်နှင့်တကွ တပ်မတော်သို့ သွင်းတော်မူသည်၊ ဆားလင်းကုန်းတပ်၊ မင်းရွာတပ်နှစ်တပ်မှာ နေမြဲနေစေသည်။ ။တလိုင်းတို့ကလည်း ဟံသာဝတီမြို့အနောက်မျက်နှာ ကျုံးရေကို ဖောက်လွှတ်ရာ ကျုံးရေကို ပိတ်မည်၊ ဟံသာဝတီသို့ဝင်သော မတ္တရာသားတို့ လူအများထွက်၍ ပိတ်ဆို့တိုက်လံလာသည်ကိုလည်း၊ ရဲမက်တော်တို့တိုက်လံ၍ တလိုင်းအများထိပါးပျက်စီးလေသည်။ ။ထိုနောက်ဟံသာဝတီမြို့ထိပ်က အမြောက်သေနတ်ပစ်ခတ်ပြန်သည်၊ ထိုသို့ပစ်ခတ်ပြန်လျှင် ရွှေဘဝါးတော်အောက်တွင် မြဲနေသော ဟံသာဝတီမင်းညီ ဥပရာဇာနှင့် အမတ်ဈေးငယ်မိုလ်နန္ဒဗလကျော်သူတို့ကိုစေတော်မူ၍ ပြာသိုလပြည့်ကျော် တဆဲ့လေးရက်နေ့ ဟံသာဝတီကျုံးနားရောက်သွား၍ စကားပြောစေသည်၊ ထိုကာလ ဟံသာဝတီမင်းစကားကို မနာမယူသော ဗညားဒလ,စောဗြတို့လည်းထွက်၍ ဥပရာဇာကိုစကားပြောလာသည်။

ထိုအခါ ဥပရာဇာဆိုသည်ကား····ငါသည် အလောင်းမင်းတရားကြီးဘုရား ရွှေစက်တော်အောက်မြဲနေရသည်၊အံ့ဘွယ်ရှစ်ပါးနှင့်ပြည့်စုံသော မဟာသမုဒြာအဝှမ်းကဲ့သို့ ချမ်းမြေ့သာယာလှသည်။ ဗညားဒလ,စောဗြတို့သည် ကတိသစ္စာမမှန်၊ ရွှေစက်တော်အောက် ရောက်သည့်ကာလနက်ဖြန် ရွှေစက်တော်အောက် ရောက်ပါမည် လျှောက်၍ သွားသည့်အတိုင်း မသာ၊ ယခု ငါ့ကို အမျက်တော်ရှိအောင် မြို့ထိပ်ကအမြောက်သေနတ်ပစ်လွှတ်သည်၊ သို့သော်လည်း အလောင်းမင်းတရား အထူးအယူတော်မရှိပေ၊ ပြောဆိုသည်ကို ကျွန်ုပ်တို့သည် ပုန်ကန် သောင်းကျန်းလို

၍ ကျင့်သည်မဟုတ်ပါ၊ မတ္တရာသားတို့သည် ကျွန်ုပ်တို့ မကွပ်မညှပ်နိုင်၊ အာဏာကိုလွန်၍ ပစ်ခတ်သည်ဖြစ်ပါသည်။ မင်းကြီးတို့ မြို့တွင်းသို့လာ၍ စီရင်ပါတော့၊ ကျွန်ုပ်တို့သည် သားမယားနှင့်တကွဝင်၍ ရွှေစက်တော်အောက် မြဲနေပါမည်၊ ယခုလည်း အလောင်းမင်းတရားကြီးကို ဆက်ရန် မြီးဆံဖြူဆင်တော်ကို ဦးစီးနောက်ပဲ့နှင့်တကွ ဆက်ပါမည်ဆို၍ တလိုင်းအမတ် သမိန်စောဖြကိုစေ၍ ဆက်လှာစေသည်။

ဥပရာဇာလည်း ထိုနေ့ သားမယားတို့ကို မြို့တွင်းကခေါ်ခဲ့၍ ရွှေဘဝါးတော်အောက်ရောက်သည်။

ထိုနောက် တရက်လည်း အဝမင်းဆင်၊အတိုင်း ခြောက်တောင်ကျော်ရှိသော မြတ်ထွတ်ခေါင်ဆင်တော်ကို ရွှေကြိုးရွှေကနှင့် ဆက်လှာသည်။

သက္ကရာဇ် (၁၁၁၈) တဆောင့်တရာ့တဆဲ့ရှစ်ခု တပို့တွဲလဆန်း တရက်နေ့ စည်တီးမြို့တော်တွင် နန်းတော်အဆောင်နှစ်ဆယ် တည်လုပ်သည်၊ ထိုလဆန်းခြောက်ရက်နေ့ စည်တီးမြို့တော်ကသည် လင်ယာထိမ်းမှတ်တပ်ဦး, ထိုကသည် ကျော်ထင်ရွှေတောင်တပ် အနောက်မြစ်နား, ထိုကသည် မြောက်မြစ်နားကိုလျှောက်၍ စည်တီးမြို့တော်အနောက် တောင်ထောင့်ဆိုက်၊ ကာဝန်းပေါင်း တထောင့်ခုနစ်ရာကျော် တပ်ကြီးကို တည်တော်မူ၍ ဈေးသည်,ကုန်သည် အိမ်ခြေသုံးထောင်ကျော်သွင်း၍ ရောင်းဝယ်စေသည်။ ရန်ကင်းစည်ထွန်း တပ်တော်မှာ မင်းကျော်ဥဒိန်ကို အစောင့်အနေခန့်တော်မူသည်။

သက္ကရာဇ် (၁၁၁၈) တထောင့်တရာ့တဆဲ့ရှစ်ခု တပို့လွဲလပြည့်ကျော် ခုနစ်ရက်နေ့ စည်တီးမြို့တော်တွင် အဆောင်နှစ်ဆယ်ရှိသောနန်းတော်ကို သိမ်းတော်မူသည်။ ထိုနေ့ တလိုင်းတို့တောမှာဝှက်ထားသော အမြောက်ကြီးငါးလုံးကို ရတော်မူသည်။ ။ထိုနေ့ မြို့တော်ကို ဇေတုဝတ်မြို့ သမုတ်တော်မူသည်။ ။ထိုနေ့ ရွှေနန်းတော်မြောက် မှတ်တော် အရှေ့တွင် ကြခ်းသုံးဆင့်ရှိသော တိုက်ကြီးကို တည်တော်မူသည်။ ထိုနှစ် တပေါင်းလပြည့်ကျော်ခြောက်ရက် အင်္ဂါနေ့ အချိန်တထောင်ရှိသောဖုံးအမြောက်ကြီးကို သွန်းတော်မူသည်။ကျုံးတော်ကိုလည်း ထိုနေ့တူးရသည်။ ။ထိုနေ့ ဟံသာဝတီက တလိုင်းငါးထောင်ကျော် ရံတပ်တော်မြို့တော်ကို ထွက်၍ တိုက်လှာသည်ကို တပ်မတော်သားတို့ထွက်၍ တိုက်သည်။ တလိုင်းတို့ အဆီးအတားမရှိ ပျက်လေသည်။ထိုသို့ အကြိမ်ကြိမ်တိုက်လံသည်။ တိုက်

လံသမျှလည်း ပျက်စီး၊ သေကြေသည်သာ ဖြစ်၍ မေတ္တာတော်ဖြင့် မိန်းမသုံးယောက်ကို အမိန့်တော်စာ ပေးပို့စေသည်။

စာကား…"အမိန့်တော်ရှိသည် ဟံသာဝတီမင်း–သဗ္ဗညုဘုရားသခင် ဗျာဒိတ်တော်၊ ကောင်းကင်ပျံသောရသေ့တို့ အတိတ်၊ အနာဂတ် ဟော ထားသော သိုက်ဓာတ်နှင့်အညီ ဘောဇာသက္ကရာဇ် (၁၁၁၅)တထောင့် တရာ့တဆဲ့ငါးခုတွင် မင်းအဖြစ်ကိုယူတော်မူသည်။ ပြည်သူတို့ကို ရင်၌ ဖြစ်သော သားကဲ့သို့ ရှမ်း, တလိုင်း, ကသည်း, တရုပ်, ယိုးဒယား, ကုလား, ရခိုင်, အနိုင်နိုင်ငံကို စိုးအုပ်ရသော ဘုရားအလောင်း ဖြစ် လတ္တံ့. ကမ္ဘည်း, မော်ကွန်း, အစောင်စောင်နှင့် အညီ ဖြစ်သည်ကို မထောက်၊ ဟံသာဝတီမင်းသည် ငါနှင့် ဘဝအဆက်ဆက်ကဆုတောင်း ပါ၍ ငါ့ခွေစက်တော်အောက်ရောက်လျှင် ဟံသာဝတီမင်းမှစ၍ ညီသား မှူးမတ် ဒေါဗညားကျွန်တော်မျိုးအပေါင်းတို့ကို မျှသောမေတ္တာနှင့် မီး မသေ–ရေမကြည်, ဓားမကျိုး-လှံမရှ ရန်သူဖြစ်သောမင်းမှစ၍ သတ္တဝါ အပေါင်းတို့ စည်းစိမ် အသက် မပျက်၊ ဇီဝိတ အလှူကို ပေးတော်မူ သည်။ ဝမ်းမြောက်တော်မူသည့်အတိုင်းလည်း ဝဲကူးမင်းညီ ဗညားဒလ, စောဖြု,ဒေါတော်မှစ၍ မှူးမတ်ဒေါဗညား ကျွန်တော်မျိုး အပေါင်းတို့ ရောက်သည့်သူကိုလည်း မကြည်သော စိတ်နှလုံးမရှိ၊ ချစ်ကြည်တော်မူ မူသည်ကို သတ္တဝါတို့ကံကြောင့် ဝဲကူးမင်းသည် အမှားကိုအမှန်၊အမှန် ကို အမှားထင်၍ နှလုံးဗိတ်ခမ်းမတည်၊ စဉ်းလဲသောအမှုအရာတွေးထင် ယူချွတ်သည်၊ တချက်လည်း သတ္တဝါတို့ကံကြောင့် ပိုက်ကွန်မြုံးယင်း အတွင်း၌ လှောင်ထားသော ငါးတို့သည် ဘေးကိုမမြင်၊ ရွှင်လန်းခြင်း ဖြစ်ကြသကဲ့သို့ စည်းစိမ်၌တပ်၍ မှားခလသည်ကို သဗ္ဗညု ဘုရားသခင် သည် သဗ္ဗညုတဉာဏ်သို့ ရောက်တော် မူ၍ ရပြီးသော တရားတော်ကို မည်သသူအား ဟောရမည်နည်းဟု ရှုတော်မူသော်-အာဠာရရသေ့အား ဟောအပ်၏၊ အာဠာရကို ကြည့်သော်–အာဠာရခန္ဓာပြိမ်း၍ အာကိဉ္စ ညာ သတန အရှုပ်၌ ဖြစ်ကြောင်း၊ ဥဒကကို ကြည့်ပြန်သော် သန်ခေါင် အခါက ခန္ဓာ ကွယ်၍ နေဝသညာနာသညာယတန၌ ဖြစ်ကြောင်းကို မြင်တော် မူပြန်လျှင် ရွှေလက်တော် နှစ်ဘက်ကို လက်ဝါးချင်း ကပ် တော်မူ၍ အာဠာရ, ဥဒကတို့ ရှုံးယေ့စွတကား-အမိန့်တော် ရှိသည်နှင့် အတူ ကြည်ဖြူချမ်းမြေ့သာယာသော မေတ္တာ ကရုဏာနှင့် ချမ်းသာခြင်း သို့ရောက်ပါစေ ကြီသည်ကို၊ ကံမစပ်၍ သုပ္ပဗုဒ္ဓ, ဒေဝဒတ္တ သားအဘ

တို့သည် အမှန်ကိုအမှားထင်သကဲ့သို့ မှားလေသည်ကို သတ္တဝါတို့အား သနားကြင်နာကြောင်းကို အမိန့်တော် ရှိသည်"-ဟု ပေးတော်မူသည်။

ထိုနှစ်တန်းခူးလဆန်းလေးရက်နေ့ ဟံသာဝတီမြို့ပတ်လည်ကို ဆူးတပ်ရံသည်၊ မြင်းတားရက်မလျှိုစိုက်သည်၊ ထိုသို့အလုံးစုံပိတ်ဆို့မိလျှင် ဟံသာဝတီမြို့တွင်းသားတို့ အလွန်ရှားပါး ငတ်မွတ်သည်၊ ဆူးတပ်တော်တွင် စောင့်နေရသည့် အနောက်တောင်မြစ်နားကဇေယသူရနှင့် ရေကြောင်းလက်နက်ကိုင် နှစ်ရာ၊ ၎င်းမြောက် သူရိန်ကျော်ခေါင်နှင့် လက်နက်ကိုင် တထောင်၊ ထိုမြောက် ဒေဝရဲသူကျော်နှင့် လက်နက်ကိုင် တထောင်၊ ၎င်းမြောက် ကသည် အရှေ့ကို ကူး၍ မြစ်နားကသည် ဆင်ကျုံးတိုင်တိမ်ကြားနတ်နှင့် သေနတ်တထောင်၊ ထိုကသည် အရှေ့မြောက်ထောင့်တိုင် တောင်ငူကြောင်း ဥဒိန်ပုညာနှင့် လက်နက်ကိုင်သုံးထောင်၊ ထိုကသည်တောင်ကို မင်းရွာတပ်၊ ထိုကသည် တောင်ကို ဆားလင်းကုန်းတပ်၊ ထိုကတောင်ကို မင်းလှသီရိတပ်၊ ထိုကတောင်ကို ရွှေတောင်ဥဒိန်ကျော်တပ်၊ ထိုကတောင်ကို ရွှေတောင်သခ်ဝေတပ်၊ထိုကသည်တောင်ကိုလည်း၍ ဥဒိန်ကျော်ထင်တပ် ယင်းသို့လျှင် ပဲကူးမြို့အလုံးကို မြုံးတွင်းငါးကဲ့သို့ ဟင်းခူးထင်းခွေမျှ မထွက်စေရ စောင့်နေရသည်။

ဟံသာဝတီတွင် စစ်ကြီးရံ၍ရှိသည်ကို အထက်က ဟံသာဝတီမှာ သမိန်ထောအမည်နှင့် ဆင်ကျားရှင်ခံ၍ မင်းပြုသူ ဇင်းမယ်သို့ ထွက်ပြေးရာကကြား၍ စာနှင့် သက္ကရာဇ် (၁၁၁၈) တထောင့် တရာ့ တဆဲ့ ရှစ်ခု၊ တန်းခူးသဆန်း တဆဲ့သုံးရက်နေ့ သံတော်ဦးတင် ရောက်သည်ကား....

"ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော အရိမဒ္ဒနာ ပုဂံရွှေပြည်ကို အစိုးရတော် မူသော ဘဝရှင် သားတော် ကြီးတော မင်းတရားဘုရား- အကြောင်းကို ကြားရောက်ပါသည် နောင်တော် သာသနဒါယကာတော်မင်းမြတ်-ယခု ကျွန်ုပ် ရှေးဆုတောင်း နည်းချေသောကြောင့် မိဘတို့စိုးအုပ်သည့် တိုင်းနိုင်ငံကိုမျှ မစိုးအုပ်ရပါ၊ ဟံသာဝတီကိုစိုးအုပ်ရပါသည်သည်း အမျူးအမတ်ဖြစ်လျက်နှင့် ဗညားဒလသည် ပုန်ကန်သောင်းကျန်း၍ တိမ်းယိမ်း ယိုယွင်း လျော့ပါးခြင်းနှင့် ရှိရချေသည်၊ ဗညားဒလသည် မတော်မဖြောင့် သစ္စာကိုမစောင့်သူဖြစ်သည်ဟူ၍ အယူရှိသည်နှင့် ဇင်းမယ်မြို့သို့ ခိုမှီဘိုးဝင်တဲနေရပေသည်၊ ငါ၏ နောင်တော် သာသနဒါယကာမင်းမြတ်သည် ဘုန်းသက်ရှိအာဏာစက်လက္ခဏာနှင့် ပြည့်စုံ၍ ရတနာပူရ ရွှေဝမြို့ကြီး၏ တိုင်းနိုင်ငံ သာသနာတော်ကို စည်ပင် ပြန့်ပွား

အောင် ကြိုးစားအားထုတ်ပြုစုတော်မူရာမှာ ညီတော်ကြီတောမင်းသည် အလွန်ဝမ်းမြောက် ဝမ်းသာ ရှိပါသည်၊ ပြည်သူ လူရဟန်းတို့ကလည်း ကျေးဇူးကြီးစွာတင်ပေတော့သည်၊ ရှေးအထက် အဆက်ဆက် အရိမဒ္ဒနာ ပုဂံပြည်ကြီးကိုအစိုးရတော်မူသော ဘေးလောင်းတော်ဘိုးလောင်းတော်, နော်ရထာမင်းစော, သားတော်ကျန်စစ်သားတို့၏ ထုံးတမ်းနယမ်း မူဆိုး တောင်သူကြီးစေဠတို့နှင့် တိုင်ပင်လည်ဆယ်၍ ရေမန်ကိုနှင်သည့်ထုံးများ ကို ရွှေနှလုံးတော် သွင်းတော်မူပါမှ ရေနှင့် မြေကဲ့သို့ရှိပါမည်၊ ရွှေနှစ် ပြားကို တပြားတည်းဖြစ်ပါမည်၊ ညီတော်မှာမူကား ဆင်းရဲခြင်းနှင့်ရှိ၍ ရဲမက်သက်နက်ကိုင် နည်းကျဉ်းပါလှသည်၊ ရှေးဝိပါက မကောင်းမှုကံ ကြောင့် ကစဥ္စကလျား ရှိပါသည်၊ ပစ္စုပ္ပန်စီးပွား, သံသရာစီးပွားကို အလို ရှိတော်မူသော နောင်တော် သာသနဒါယကာ တရားမင်းမြတ် ကြိုးစားအားထုတ်၍ တိုင်းနိုင်ငံတော် မကျယ်ကျယ်အောင် ပြည်သူလူ အပေါင်းတို့မှ စ၍ ငြိမ်ဝပ် သာယာခြင်း ရှိအောင် ကြံဆောင်ပါမည့် အကြောင်း၊ ရဟန်းသံဃာ အရိယာ သူမြတ်တို့လည်း ရဟန်းကျင့်ဝတ် မတိမ်း မယိမ်းရအောင် ပြုစုတော်မူပါမည့် အကြောင်း၊ မြတ်စွာဘုရား သာသနာတော် အဓွန့်ရှည်စွာတည်၍ စည်ပင်ပြန့်ပွားပါမည့်အကြောင်း ကို ရွှေနှလုံးတော်သွင်း၍ ဘေးလောင်းတော် ဘိုးလောင်းတော်တို့ ထုံး ဟောင်းကို ယူဆပါမည့်အကြောင်းကို ညီတော်ကကြားရောက်ပါသည်"။

သက္ကရာဇ် (၁၁၁၈)တထောင့်တရာ့တဆဲ့ရှစ်ခု၊ တန်းခူးလဆန်းတဆဲ့ သုံးရက်နေ့ ဇင်းမယ်သို့ပြေးသည့် မင်းဆင်ကျားရှင်က၊ ဒေါ်သိဒ္ဓိရာဇာ, ဗညားသာရီတို့နှင့် လူပေါင်းကိုးယောက်ရောက်သည်၊လာလူတို့ကို မင်း လှမင်းခေါင်အိမ်မှာ နေစေသည်။

သက္ကရာဇ် (၁၁၁၈) တထောင့်တရာ့တဆဲ့ရှစ်ခု တန်းခူးလဆန်း တဆဲ့လေးရက်နေ့ စစ်တောင်းတွင် ဆင်ဖြူတော်အတုံင်း သုံးတောင့်လေး သစ်ရသည်ကို ရွှေဘဝါးတော်အောက် ဆက်သည်။ စည်တော်စုံနှင့်ကြို ယူသည်၊ဇေတုဝတီမြို့တော် လက်ယာတံခါးတော်ကသွင်းသည်၊ အရှေ့ တောင်ထောင့်စွယ်တော်စင်အနီး တန်ဆောင်းတင်းကုပ်နှင့် ထားသည်၊ ဆင်တော်မှာ ဗလဒေဝ,ဂါမဏိတို့ ကြပ်မရသည်။ ဆင်တော် များမကြာ မှားလျှင် စွယ်တော်စင်တောင်တွင် အနောက်သို့ခေါင်းရည်၍ ဝင်းတော် လေးမျက်နှာသားတို့ မြေမှာသင်္ဂြိုဟ်ရသည်။

သက္ကရာဇ် (၁၁၁၈) တဆောင့်တရှာ့ တဆဲ့ ရှစ်ခု တန်ခူးလဆန်း တဆဲ့ငါးရက်နေ့တွင် ဇရစ်ရွာဇာတိရင်း ရတနာပူရ အင်းဝမင်းတရား လက်ထက် ပဌမကျော်ဆရာတော်, သက်တော် ငါးဆဲ့ခုနစ်၊ ဝါတော် သုံးဆဲ့ခြောက်၊ နံတော် အင်္ဂါသားကို "ဇမ္ဗူဒီပအနန္တဓဇမဟာဓမ္မရာဇ ဂုရု" တံဆိပ်တော်ကို လှူတော်မူသည်။ တံဆိပ်ကို စက္ကူနီရစ်၍ ပူတွင် သွတ်ပြီးလျှင် အလှူတော်ပူဇော်ပွဲများနှင့် စည်တော်စုံရွမ်း၍ မှူးတော်မတ် တော်တို့ ကြပ်မလျက် လှူရသည်။ ။ဇရစ်ဆရာတော်သည် သက္ကရာဇ် (၁၁၁၈) တဆောင့်တရှာ့တဆဲ့ရှစ်ခုတွင် တန်ဆောင်မုန်းလက ဆံတော် ရှင်ကျိုက်ခေါက်ဘုရား စေတီပုသိုး ပူဇော်ရှိခိုး ရောက်လာသည့်။ ရန် ကင်းစည်ထွန်းတပ်တော်သို့ ကြွရောက်တော်မူရာတွင် ဇေတုဝတီမြို့တော် သို့ ပင့်တော်မူ၍ ကျောင်းဆောက်တော်မူသည်။ စာမေးပဌမ ပဥ္စမ်းခံ ကာလရောက်ပြီဖြစ်သည်။သာသနာတော်၏အမြစ် ပရိယတ်ကိုဖြည့်ခြင်း၌ အားထုတ်စေခြင်းငှာ ပါဠိအဋ္ဌကထာ သရုပ်အဓိပ္ပါယ် မေးချိန်ကာလ ရောက်လျှင် အဓိပတိဆရာနှင့် အားထုတ်တော်မူပါဟု အပ်တော်မူသည်။

ထိုနှစ် ငင်းတပ်တော်တွင် တန်းခူးလပြည့်ကျော်နှစ်ရက်နေ့ ကြေးချိန် ခုနစ်ရာရှိသော ဗုံးအမြောက်ကြီးကို သွန်းရသည်။ ကျည်ဝ နှစ်မိုက်၊ အလျားခုနစ်တောင်၊ ကျည်ဓေ့လုံးပတ်နှစ်ထွာ၊ အချိန်ငါးဆယ်၊ ထိုဗုံး အမြောက်နှင့် မီးဖြူ့မီးဝါသွတ်၍ ညနေ့ညနေတိုင်း ဟံသာဝတီမြို့တွင်း သို့ ဆယ်လုံးဆယ်လုံး မပြတ် ပစ်ခတ်ရသည်။ ။တန်ခူးလပြည့်ကျော် သုံးရက်နေ့ ဒဝယ်မြို့သို့ ဝန်တို့က ခဲယမ်း အတောင်းအယူ စေတော်မူ သည်။ ။သက္ကရာဇ် (၁၁၁၈) တထောင့်တရာ့တဆဲ့ရှစ်ခု၊ တန်းခူး လပြည့်ကျော်ခြောက်ရက် စနေနေ့ သင်္ကြန်ကျသည်၊ ခုနစ်ရက်, ရှစ်ရက် ကြတ်သည်၊ ငင်းလပြည့်ကျော်ကိုးရက် အင်္ဂါနေ့ အတာတက်သည့်။

သက္ကရာဇ် (၁၁၁၉) ဟဆောင့်တရှာ့တဆဲ့ကိုးခု ကဆုန်လဆန်းတဆဲ့ နှစ်ရက်နေ့ တလိုင်းသမိန်လွတ် မြင်းသလေးသည် မြင်းငါးရာ, သေနတ် သုံးထောင်ကျော်ခန့်နှင့် တိမ်ကြားနတ်တပ်ကို ထွက်၍တိုက်သည်။ တိမ် ကြားနတ်တပ်က စစ်သည်သူရဲတို့ အကြောက်အရွံ့မရှိတိုက်လျှင် တလိုင်း အများ သေကြေပျက်စီးသည်၊ ကျန်သူတို့လည်း မြို့တွင်းသို့ ပြေးဝင်လေ သည်။ ။ထိုနေ့တွင် အထက်မတ္တရာမှ ဟံသာဝတီသို့ဝင်၍ ထမ်းရွက်သူ မြင်းသလေးခံသော သမိန်လွတ်နှင့် ရဲမက်တော်သေနတ်အမှုထမ်း ငချစ် ပု တွေ့ကြရာတွင် သမိန်လွတ်က ငချစ်ပုကို လှံနှင့်ထိုးသည်၊ ငချစ်ပု သေ

ဟန်ပြု၍ စပါးထဲတွင်နေရာ သမိန်လွတ်က ခေါင်းကို ဖြတ်ယူမည်လာသည်၊ နီးလျှင် ငချစ်ပုထ၍သေနတ်နှင့်ပစ်လျှင် မှန်၍ သမိန်လွတ်ခေါင်းကိုဖြတ်မိလျှင် သမိန်လွတ်မြင်းကိုစီး၍ သမိန်လွတ်ခေါင်းကို ဆက်သည်၊ ငချစ်ပုကို အားရတော်မူ၍ သိခ်ပျံချီအမည်နှင့် ငွေတပိဿာ,ပုဆိုးဆေးရေး, ဝတ်လုံခေါင်းပေါင်း သနားတော်မူသည်။

ထိုနောက် ဟံသာဝတီမြို့တွင်းကအမြောက်ကြီးအများနှင့် ဇေတုဝတီမြို့တွင်းသို့ နေ့ညဉ့်မပြတ် များစွာ ပစ်ခတ်သည်၊ ပစ်ခတ်သည့် ကျည်စေ့ချိန် ငါးပိဿာ၊ မြောက်ပိဿာ၊ ခုနစ်ပိဿာ၊ ရှစ်ပိဿာ၊ ကိုးပိဿာများစွာကျရောက်သည်၊ လူကိုထား၍ ကျွဲနွားပေါင်း အိမ်ရာကိုမျှ မထိ၊ လွတ်ရာသို့သာ ကျလေသည်။ ။ဘဝရှင်အလောင်းမင်းတရားကြီးဘုရားလည်း မြို့ထိပ်သို့ ကိုယ်တော်တိုင် လှည့်လည် ကြည့်ရှုတော်မူ၍ ရန်ပုံခွင်းအမြောက်ကို မြို့ထိပ်သို့တင်ပြီးလျှင် လက်ညှိုးတော်ညွှန်ရာ ဟံသာဝတီမြို့ထိပ်ကပစ်သော အမြောက်ကျည်ဝကိုချိန်ရွယ်၍ပစ်လွှတ်စေသည်၊တလိုင်းတို့အမြောက်ကျည်ဝကို ရန်ပုံခွင်းအမြောက်စေ့ဝင်၍ကွဲလေ၏။ နောက်တကြိမ် ပစ်ပြန်စေသည်၊ တလိုင်းတို့ အမြောက်ကြီးကျည်ဝကို ရန်ပုံခွင်းအမြောက်စေ့ ဆို့ပိတ်၍ နေ၏။

## ဟံသာဝတီမြို့ကို တိုက်ခိုက်သိမ်းယူခြင်း

ထိုအခါ အမိန့်တော်ရှိသည်ကား....ပဲကူးမြို့မှကို သို့စင်ရှည်ကြာစေရမည်မဟုတ်၊ သတ္တဝါအပေါင်းငတ်မွတ်၍ သေကြေခြင်းသို့ ရောက်မည်ဖြစ်သည်၊မရောက်စေနှင့်၊ အလျှင်မြို့ကိုတက်၍ သိမ်းယူရမည်-အမိန့်တော်ရှိသည်။ ။အမိန့်တော်အတိုင်း မြို့တက် ရွေးရသည့်လူကား....ကလေးတံခါးကတက်လူ ဒိပရဲထွတ်ကျော်နှင့် နောက်ပါ လေးဆဲ့သုံး၊ သူရိန်စိလွတ်နှင့် နောက်ပါ တဆဲ့တစ်၊ ဇေယသူရ တပ်ပါ ငကောင်းနှင့် လူပေါင်းတဆယ်၊ လက်ယာရဲခေါင်တပ်ပါ အကြပ်ငသာနှင့်လူပေါင်းနှစ်ဆဲ့ငါး၊လက်ယာပျံချီတပ်ပါစတ္တကျော်နှင့်လူပေါင်းတဆဲ့တစ်၊သားတော်သီရိဓမ္မရာဇာတပ်ပါမြွေဝန်းလှေခတ်ပဲ့နင်းငမြတ်နှင့် လူပေါင်းခြောက်ဆဲ့ငါး၊ ဒေဝဒူတတပ်ပါ အကြပ်ငထွန်းပေါ်နှင့် လူပေါင်းကိုး၊ လူပေါင်းတရာ့ကိုးကျိပ်သုံးယောက် ရွေးကောက်တော်မူပြီးလျှင် သက္ကရာဇ် (၁၁၁၉) တထောင့်တရာ့ တဆဲ့ကိုးခု၊ ကဆုန်လပြည့်ကျော် လေးရက်၊ သောကြာနေ့ ညနေလေးချက်တီးကျော် လမပေါ်မီ ပဲကူးမြို့တွင်းသို့

ဝင်၍ မီးထင်းတိုက်ရှို့ရမည်၊ တံခါးကိုလည်းဖွင့်ရမည်ဟု ခန့်တော်မူသည်၊ အရပ်ရပ် ဗိုလ်မှူး တပ်မှူး သူရဲ သူခက် တို့ကိုလည်း မြို့တံခါးဖွင့်လျှင် တယောက်မကျန် ပဲကူးမြို့တွင်းသို့ ဝင်မိစေရမည်-ခန့်ထားတော် မူသည့်အတိုင်း ညလေးချက်တီးကျော်လမပေါ်မီ အရေးတော်မပြီးရှိလျှင် ကြီးစွာသော အကွပ်တော်ကိုခံရမည်ဟု တပ်တိုင်းအမိန့်တော်ပြန်ရ၏၊ အမိန့်တော်ကို ကြားနာရလျှင် ဗိုလ်မှူး တပ်မှူးတို့လည်း ကိုယ်စီကိုယ်စီ တပ်နှင့်အသီးအသီးရံ၍ အသင့်နေကြရ၏။

ယင်းသို့မှ လက်ဝဲနတ်, လက်ယာနတ်, လက်ဝဲရဲ, လက်ယာရဲ၊ လက်ဝဲရွေး, လက်ယာရွေး၊ လက်ဝဲကြီး, လက်ယာကြီးတို့နှင့်တကွ အစုစုရွေးရသူရဲ တထောင့်လေးရာ့ငါးဆယ်တို့ကို ရွှေဝတ်လုံ, ရွှေဦးရစ်, ရွှေခါးစည်း ဆင်ယင်စေလျက် မြို့ကို လှေကားထောင်၍ တက်စေသည်။ ။ သူရဲအပေါင်းတို့လည်း မြို့ထိပ်သို့ရောက်လျှင် မြို့စီး တလိုင်းတို့ကို တဟုန်တည်းကြွေ်ငြာ၍ တိုက်လံထိုးခုတ်ပစ်ခတ်သည်၊ တလိုင်းတို့လည်း အရှုံပါရင်းဖြစ်၍ လက်မထူဝံ့၊ မြို့တွင်းသို့ချည်းဆင်းပြေးကြလေ၏၊ ယင်းသို့မှ မြို့တွင်းသို့ဝင်မိသမျှ ရဲမက်တော်တို့ စရပ်, တန်ဆောင်း, ကျောင်းကန်, ပြ, တံခါး, အိမ်ရာများကိုမီးထင်းတိုက်ရှို့သည်၊ မြို့တံခါးကို ဖွင့်သည်၊ ရံတပ်တော်အပေါင်းလည်း မြို့တွင်းက မီးစွဲသည်ကို မြင်လျှင် စည်မောင်းတီးလျက် အုတ်အုဘ်ကျက်ကျက်ကြွေ်ငြာ၍ ဆင်ပါမြင်းပါ ဝင်ပြီးလျှင် မြို့အလုံးကို ထိုးခုတ်ပစ်ခတ်သိမ်းယူသည်။

ယင်းသောအခါ တလိုင်းမင်းသမက် စောဗြ, စစ်သူကြီးဗညားကျော်တို့မှုကား ရုံးမိသမျှ ဆင်,မြင်း,လူသုံးထောင်ကျော် လေးထောင်လောက်နှင့် မြို့အနောက်တောင်ထောင့်တွင် ရပ်တင်းပြီးမှ တလုံးတည်း နင်း၍ မြို့တံခါးက ထွက်လေ၏၊ ယင်းသောအခါ ဟံသာဝတီမြို့အလုံး မိန်းမယောက်ျား တံခါးနှစ်ဆယ်ကိုဖွင့်၍ထွက်ရာ အချင်းချင်းနင်းမိ၍ သေသူ၊ မြို့ထိပ်ကခုန်ဆင်း၍သေသူ၊ လက်နက်သင့်၍သေသူ၊ မီးဝန်း၍ သေသူ၊ လမ်းသေးလမ်းမ အနှံ့အပြား တံခါးဝတွင် သူကောင် အထပ်ထပ်တရပ်တသူခန့်ရှိ၏။ ။သို့အခါ ဟံသာဝတီဘုရင်လည်း ရပ်တည်၍ မနေဝံ့သောကြောင့် မြင်းစီး၍ မြို့မြောက်တံခါးက ထွက်မည် နန်းကဆင်းလေသည်၊ ရဲမက်တော်အနှံ့အပြား ထူထပ်လှသောကြောင့် လမ်းမှမပေါက်နိုင်လျှင် ပြန်၍ နေမြဲနေရပြန်၏။ ။ဗိုလ်မှူးတပ်မှူးတို့လည်း နန်းမြို့တံခါးကိုပိတ်၍ ဟံသာဝတီနန်းတွင် မင်းနှင့်တကွ လက်နက်တော် ဘဏ္ဍာ

တော်များကို မယိုးမယွင်းစေရ၊ရဲမက်တော်အပေါင်း လေးကြောင်း လေးသွယ် ဝင်းလေးမျက်နှာ အပိတ်ရံ၍ စောင့်နေကြရကုန်သည်။

တလိုင်းအမတ် သမိန်ပရမ်း၊ ဟံသာဝတီမင်း ယောက်ဖ ဗညားရံတဲ၊ ဗညားအရိန္ဒမ၊ အခတ်ကုလားဗိုလ်သေနစက်၊ တလိုင်းဗိုလ် ဗညားရန္တမိတ်၊ ဝင်းမှူးခလေး၊ ဝေါမှူးနှစ်၊ ဗညားပြဟ္မဒတ်၊ ဗညားကျော်၊ ဗညားပုတ္တဘိုနှင့် မှူးမတ်ဒေါဗညား လူပေါင်း သုံးဆဲ့ခုနစ်ယောက် အသက်မသေဝံ့၍ရွှေဘဝါးတော်အောက်ပြေးဝင်လာသည်ကိုဘဝရှင်အလောင်းမင်းတရားကြီးဘုရားသည် ထိုသူတစုတို့အသက်စည်းစိမ်ကို ချမ်းသာပေးတော်မူသည်ဟု အမိန့်တော်ရှိပြီးလျှင် မြို့တွင်းမှာ လက်လွန်မိသူတို့ကိုသာ လွန်စေ နောက်ကိုတစုံတယောက်မျှ မသတ်မညှစ်စေနှင့်ဟု အမိန့်တော် ပြန်၍ အန္တံအပြား မောင်းကြေးနင်းနှင့် တားမြစ်ရ၏၊ မီးစွဲငြိသမျှအိမ်ရာကျောင်းကန်များကိုလည်း ရဲမက်တော်တို့ မီးငြိမ်းရ၏။

ယင်းသို့ တမြို့လုံးကို အောင်မြင်တော်မူလျှင် သိမ်းယူကောင်းသမျှကို သိမ်းယူစေသည်၊ အမြောက်ကြီးကိုးဆဲ့ကိုး၊ အမြောက်ငယ်တထောင့်သုံးရာ၊ သေနတ် နှစ်ထောင့်ခုနစ်ရာ၊ ယမ်းစည် ခုနစ်ရာ၊ ကန့်ချိန် တသိန်းသုံးသောင်း၊ တလိုင်းအတီးအက, သဘင်သည်, လက်သမား, ပန်းပု,ပန်းပွတ်, ပန်းရန်, ပန်းတော့, ပန်းတမော့,ပန်းတဉ်း, ပန်းထိမ်အတတ်ပညာသည်၊ ဆင်ဆေးသမား, မြင်းဆေးသမား,ဆင်စီးတတ်သသူ, မြင်းစီးတတ်သသူ, ဝိဋကတ်တော်ရေး, ရွှေရေး, မင်ရေး, ကညစ်ရေး တတ်သသူ၊ ကမ္ဗဝါစာပေါင်းအစုံ ထုပ်ပေါင်းတထောင်၊ သံ တသိန်းကျော်၊ ဆင် နှစ်ရာကျော်၊ မြင်းငါးရာကျော် ရတော်မူသည်။ ။ရတနာပူရ အဝမြို့ပ၊ မင်းခမ်းမင်းနားကိုလည်း အစုံရတော်မူသည်။

ရဲမက်တော်တို့လည်း ရွှေ ငွေ ကျောက်သံပတ္တမြား အထည်အလိပ် အများရကြကုန်သည်။ ။ပတ္တမြား စိန် မြ အချည် အကွင်း မင်းသုံး စိုးဆောင်များမှာ တဝိဿာတန်လျှင် ဆက်ရသည်။ ။ဟံသာဝတီမြို့ကို ကဆုန်လပြည့်ကျော် ဆယ်ရက်နေ့ သိမ်းယူတော်မူမည်၊ အရပ်ရပ် ဗိုလ်မှူးတို့က မြို့တွင်းတွင် မသန့်မရှင်း ရှိသည်များကို သုတ်သင် ရှင်းလင်းစေ၊ ဟံသာဝတီမင်းကို ဗိုလ်မှူး ရွှေတောင်ကျော်ထင်, ဗလဒေဝတို့ ကြပ်မစေ အမိန့်တော်အတိုင်း လေးရက်နေ့ကသည် ဆယ်ရက်နေ့တိုင် သုတ်သင် ရှင်းလင်းရသည်။ ။ဟံသာဝတီ ပျက်လိုသော် ဟံသာဝတီ ချောင်းရေ

လည်း သွေးသို့နီသည်။ ဇေတုဝတီ နန်းတည်သည်မှ စ၍ ဟံသာဝတီမြို့တွင်လည်း လင်းတအများ ကျသည်။ အခါမပြတ် သေနတ်ဖောက်ရသည်။ ။ကဆုန်လပြည့်ကျော် ကိုးရက်နေ့ ဇေတုဝတီ မြို့တော် မော်ယွန်းတွင် တည်တော်မူသည့် စေတီတော်ကို ဌပနာ သွင်းသည်။ စေတီဘိနပ် နှစ်ဆဲ့တတောင့်နှစ်မိုက်။

သက္ကရာဇ် (၁၁၁၉) တထောင့် တရာ့ တဆဲ့ကိုးခု၊ ကဆုန်လပြည့်ကျော် ဆယ်ရက်နေ့ ဟံသာဝတီမြို့ကို သိမ်းယူတော်မူမည် ခန့်ရန်ချီရသည့် တပ်စဉ်ကား....ရွှေဖျား သတိုးသိခ်သူတပ် ဆင်ခြောက်ဆယ်,မြင်းငါးရာ, သေနတ်ကိုင်ငါးထောင်၊ ၎င်းနောက် သခင် သီရိမွေရာဇာတပ် ဆင် တရာ့ငါးဆယ်,မြင်းငါးရာ, လက်နက်ကိုင် တသောင်းငါးထောင်၊ ရွှေသုံးတပ်,နောက်သုံးတပ်၊ ထိုနောက် သခင်သီရိသုမ္မေရာဇာတပ် ဆင် တရာ့ငါးဆယ်,မြင်းငါးရာ, လက်နက်ကိုင် တသောင်းငါးထောင်၊ ရွှေသုံးတပ်, နောက်သုံးတပ်၊ ၎င်းနောက် မင်းရွာတပ် ဆင်ငါးဆယ်, မြင်းသုံးရာ, လက်နက်ကိုင် သုံးထောင်၊ ၎င်းနောက် ဆားလင်းကုန်းတပ် ဆင်ငါးဆယ်, မြင်းသုံးရာ,လက်နက်ကိုင် ငါးထောင်၊ ထိုနောက် ကျော်ထင်ဇေယသူတပ် ဆင်သုံးဆယ်, မြင်းသုံးရာ, လက်နက်ကိုင်ငါးထောင်၊ ထိုနောက် ရွှေတောင်လက်ဝဲကျော်တပ် ဆင်သုံးဆယ်, မြင်းသုံးရာ, လက်နက်ကိုင်သုံးထောင်၊ ၎င်းနောက် ပုသိန်ဝန်တပ် ဆင်သုံးဆယ်, မြင်းသုံးရာ, လက်နက်ကိုင်သုံးထောင်၊ ၎င်းနောက် ရွှေတောင်ရာဇာတပ် ဆင်သုံးဆယ်, မြင်းသုံးရာ, လက်နက်ကိုင် သုံးထောင်၊ ထိုနောက် ရွှေသိုင်းလက်ဝဲလက်ယာ၊ ထိုနောက် အောင်စည်တော် အောင်မောင်းတော်ရှစ်၊ ထိုနောက် အောင်လံတော်ရှစ်၊ ထိုနောက် ထီးတော်ရှစ်တွင် ယပ်မား ရှစ်ချပ်၍၊ ၎င်းနောက် လက်သုံးတော်ဓား၊ ၎င်းနောက် လေးကျွန်းရန်အောင်ဆင်တော်ကို ရွှေကြိုး ရွှေကနှင့် မှန်စီပေါင်းဝန်းတော်တင်၍ စီးတော်မူသည်။ ဆင်တော် လက်ဝဲလက်ယာ, ရွှေလက်ဝဲလက်ယာ ရွှေလှံကိုင်ရဲစုလေးရာ၊ ထိုနောက် လက်ဝဲလက်ယာ ကုလားစု သေနတ်ငါးရာ၊ ထိုနောက် လက်ဝဲလက်ယာ ရဲသေနတ်လေးရာ၊ ၎င်းနောက် လက်ဝဲ လက်ယာ သေနတ်လုလင်တော်ရင်း ငါးရာ၊ ၎င်းနောက် ထန်းတပင်တပ်နှင့် ဆင်ငါးဆယ်, မြင်းတရာ,လက်နက်ကိုင်ငါးရာ၊ ၎င်းနောက် အကြားတွင် ရွှေနန်းတော် ကျွန်တော်ရင်း သေနတ်တရာ၊ ရွှေလေးတထောင်၊

ဝှင်းနောက် ထီးလင်းတပ် ဆင်ငါးဆယ်, မြင်းတရာ,လက်နက်ကိုင် ငါးရာ၊ ထိုနောက် မှူးတော် မတ်တော် တို့နှင့် အစုစု မြင်းငါးရာ၊ သေနတ် တထောင်၊ လက်နက်ကိုင် သုံးသိန်း တသောင်းနှင့် ဇေတုဝတီမြို့တော် အောင်ထင် တံခါးတော်က ထွက်တော်မူသည်။ အရှင်မိဖုရား ငါးပါး တို့လည်း ရွှေယဉ်နှင့်ချည်း ရွှေနောက်စဉ်၍လိုက်ကြရသည်။ ဝှင်းနောက် နန္ဒစည်သူတပ် ဆင်သုံးဆယ်, မြင်းသုံးရာ, လက်နက်ကိုင်ငါးရာ လိုက်ရ သည်။ မြင်းရထားတော် ခြောက်နှင့် စစ် သင်းဘောသား ကုလားဖြူ အမြောက်သမား လူ ငါးရာကျော်ကိုလည်း ရွှေတော်က အမြောက်ကို လက်ဝဲလက်ယာ စီစဉ်ခင်းကျင်း၍ လိုက်ရသည်။ ဟံသာဝတီမြို့ တောင် မျက်နှာ ငါးတံခါးတွင် မိုးညှင်းတံခါးက ဝင်တော်မူသည်၊ ကျုံးနားသို့ ရောက်လျှင် ကောင်းကင်က ငှက်အပေါင်းတို့သည်ဝဲ၍ လက်ဝဲလက်ယာ လိုက်သည်၊ မိုးသေးလည်း ရွာသည်၊ လေပြည်လည်း လာသည်။

တံခါးတွင် ပြန်သည့်အမိန့်တော်ကား....“ဘုန်းတော်အလွန်ကြီးမြတ် တော်မူလှသော သာသနဒါယကာတော် လက်နက်စကြာ ရတနာ ဆင် ဖြူ အရိန္ဒမာစကြာ ရွှေလှံသခင်-သုနာပရန္တတိုင်း, တမ္ဗဒီပတိုင်း, ရာမည တိုင်း အစရှိသော တိုင်းကြီးပြည်ကြီး ထီးဆောင်းမင်းတကာတို့ သခင် အသျှင် ဘဝရှင် အလောင်းမင်းတရားကြီး ဘုရား အမိန့်တော် ရှိသည်။ သာသနာတော်စောင့် နတ် သမာဓိ နတ်မြတ် တကာ အပေါင်းတို့နှင့် ဟံသာဝတီမြို့တော်ကို စောင့်နေသော နတ်တကာများ အပေါင်းတို့- ရာမညတိုင်း ဟံသာဝတီ မြို့တွင် တရားမတည်၊ သာသနာတော်မြတ် အညစ်အကြေး သူပုန်သူကန် ရန်ဆူးရန်ငြောင့် မိစ္ဆာဒိဋ္ဌိတို့ကို သုတ် သင် ရှင်းလင်းတော်မူ၍ ဟံသာဝတီမြို့တော်ကို သိမ်းယူတော် မူသည်။ ရာမညတိုင်း ဟံသာဝတီမှစ၍ ခပ်သိမ်းသော တိုင်းနိုင်ငံသတ္တဝါအပေါင်း တို့ကိုလည်း သားတော်အစဉ်,မြေးတော်အဆက်,မြစ်တော်အညွန့် အဖွန့် ရှည်စွာ ခိုင်ဖြိုးစည်ပင် သာယာ ငြိမ်ဝပ်ချမ်းသာ၍ သာသနာတော်မြတ် စည်ပင်ပွင့်လင်းအောင် ဆယ်ပါးသော ရာဇဓမ္မတရား၊ လေးပါးသော သင်္ဂဟ၊ အပရိဟာနီယ ခုနစ်ပါးနှင့်အညီ အုပ်ချုပ်သိမ်းပိုက်စံပယ်တော် မူသည်။ သာသနာတော်မြတ်ကို စောင့်သော သိကြားမင်းမှစ၍ ဟံသာ ဝတီမြို့တော်ကိုစောင့်သော သမာဓိ နတ်မြတ်တကာ အပေါင်းတို့-သာ သနာတော်မြတ်စီးပွား, ကိုယ်တော်မြတ်စီးပွား, သားတော်အစဉ်, မြေး

တော်အဆက်,မြစ်တော်အညွန့်စီးပွားကိုထောက်၍မစရမည်။ ကိုယ်တော်မြတ်မှစ၍ သားတော်ညီတော် ဗိုလ်မှူးတပ်မှူးသူရဲသူခက် အပေါင်းတို့ကိုလည်း ခလုတ်မထိ ဆူးမငြိ ဘေးမဲ့ ရန်ကင်း၍ ချမ်းသာ ငြိမ်းဧးမည့်အကြောင်းကို မစရမည်”-အမိန့်တော်ကို သံတော်ခံမင်းငယ်ရွှေတောင်ပြန်စေသည်။

ငှင်းတံခါးကသည် အစဉ်အတိုင်းသွား၍ အရှေ့တံခါးက ဝင်တော်မူသည်။ ဟံသာဝတီမင်းကိုကား ကဆုန်လပြည့်ကျော် ကိုးရက်နေ့ကပင်စောပြတိုက်သို့ ပြောင်းနေစေရသည်၊ ကိုယ်တော် ဝင်တော်မူ၍ အရှေ့တံခါးသို့ ရောက်လျှင် အရပ်ရပ် သေနတ်ပေါင်း တသောင်းကျော်ကိုတပြိုင်နက် ပစ်ဖောက်ရသည်။ မြို့တော်တံခါးက ဝင်၍ နန်းတော်တံခါးသို့ရောက်လျှင် အမိန့်တော်ကို တကြိမ်ပြန်ရသည်၊ နန်းတော်စောင့်သည့်နတ်ဆိုသည် သာထူးသည်။ နန်းတော်သို့ဝင်မိလျှင် နန်းတော်တွင်ရှိသောထီးဖြူများကို လှည်းရသည်။ ပဟိုရ်စည်ကိုလည်း ဖောက်ရသည်။ အရပ်ရပ် ဗိုလ်မှူး ထီးဆောင်းစော်ဘွား မြို့စား အပေါင်းတို့လည်း အုပ်မျိုး, ထည်မျိုး, ရွှေဖလား, ငွေဖလားဆက်ရသည်၊ ရတနာဘဏ္ဍာ အထူးထူးအပြားပြားမှာ ဘဏ္ဍာတော် ဖြစ်သင့်သည့်အရာကို ဖြစ်စေ-အမိန့်တော်မြတ်ရှိသည်။

နယုန်လဆန်းတရက်နေ့ ဟံသာဝတီမင်းသမက် စောပြကို တောင်ငူကြောင်းက ဖမ်းဆီး၍ဆက်ရောက်သည်။ စစ်သူကြီး ဗညားကျော့ဥမှူကား ဇင်းမယ်သို့ ဝင်ခင်လေသောကြောင့် မမိလေ။ နယုန်လဆန်းငါးရက်နေ့ဗညားဒလမယားကို စစ်တောင်းကရ၍ ဆက်ရောက်သည်။ ကျောက်သံပတ္တမြား များစွာပါသည်။ဗညားဒလမှူကား ဒလပန်းသို့ ပေါင်းလေလျှင်ဒလပန်းဖမ်း၍ သတ်လေ၏။ မတ္တရာဗိုလ်ပယ်ကျော်မှာ မြို့ကအထွက်တွင်ပြောင်းသင့်သည့်အနာနှင့် ကရင်တောမှာ ဆုံးလေ၏၊ ထိုနေ့ဟံသာဝတီမင်း ကိုယ်လုပ် သီရိရူပကညာဒေဝီကို စစ်တောင်းတပ်တော်ကရ၍ ဆက်သည်၊ဟံသာဝတီမင်းမိဖုရား ကသည်းမင်းသမီးမဟာဒေဝီကိုလည်း သိမ်းထားတော်မူသည်။ ပုဏ္ဏားလမအည်ကိုလည်း တောင်ငူတပ်တော်က ရ၍ဆက်ရောက်သည်။ နန်းတော်ထက် စံတော်မူမှ ဟံသာဝတီ မင်းသည်ခြသေ့်ခံ လက်စွပ်ပတ္တမြား ဆီးသီးခန့်, မြကြီးလက်စွပ် နှစ်မတ်ခန့်,မြကြီးခုနစ်လုံးတင် ရွှေနီဖလံစလွယ်ကြိုး နှစ်ဆဲ့လေးသွယ်ကိုဆက်သည်။

## ဇင်းမယ်သမိန်ထောမင်းသို့ အမိန့်တော်စာပေးခြင်း မှူးမတ်တော်တို့ကို ဘွဲ့အမည်အရည်ပေးခြင်း

သက္ကရာဇ် (၁၁၁၉) တထောင့်တရာ့တဆဲ့ကိုးခုနှစ် နယုန်လဆန်း ခြောက်ရက်နေ့တွင် ဇင်းမယ်က သံတော်ဦးတင်ရောက်သည့်သမိန်ထော မင်းသို့ စာပေးရသည်။

စာကား…"ဘုန်းတော်အလွန် ကြီးမြတ်သောမူလှသော ဇေယျဝဓနနု တိုင်း, သုနာပရန္တတိုင်း, တမ္ဗဒီပတိုင်း, ရာမညတိုင်း အစရှိသော တိုင်းကြီးပြည်ကြီး ထီးဆောင်းမင်းတကာအပေါင်းတို့သခင်၊ ပုသိမ်သင်း ဘောဆိပ်, ဒလ–ဒဂုန်သင်းဘောဆိပ်, မုတ္တမသင်းဘောဆိပ်, ဒဝယ် သင်းဘောဆိပ်စသော သင်းဘောဆိပ်အပေါင်း၏ သခင်၊ စဉ်းလဲကွေ့ လည် ကောက်ကျစ်သော သာသနာတော်အညစ်အကြေးဖြစ်သောသူပုန် သူကန်တို့ကို ဦးလည်တောင်းလောင်း ဖြတ်တောက်ချိုးဖွဲ့နှိပ်ကွပ်စီရင်နိုင် သော မရေမတွက်နိုင်သော ခြေသည်သူရဲ, မြင်းစီးသူရဲ, ဆင်စီးသူရဲ, ကတ္တုလွန်းကြင်, လှော်ကား, တိုက်လှေ,ကုန္လှပ်,သမ္ဗန်, ရဲလှေ, သားရဲရုပ် စသော လှေစီးသူရဲအပေါင်းတို့သခင်၊သာသနဒါယကာတော်ဖြစ်တော် မူသော အရိန္ဒမာစကြာရွှေလှံသခင် ဆင်ဖြူ-ဆင်နီ-ဆင်ကျားများ သခင် အသျှင် ဘဝရှင် အလောင်းမင်းတရားကြီးဘုရား–ရွှေစကော်တော်စုံကို ဦး ထိပ်ထက်ရွက်၍ စီရင်သော အဂ္ဂမဟာသေနာပတိ ဝန်ရှင်တော်မင်းများ ကြားလိုက်သည့်, သမိန်ထောနှင့် ဇင်းမယ်စား- သာသနာတော်သည် ခေါက်ရှာငှက်ကဲ့သို့ နိမ့်တုံမြင့်တုံ ဖြစ်မြဲ၊ အင်းဝမြို့သည့် ကိန်းခန်းကာလ အလျောက် တိမ်းယိမ်းပျက်စီး၍ သတ္တဝါ အပေါင်းတို့ ဆင်းရဲပူပန်ကြ သည်ကို ငါတို့သခင် ဆင်ဖြူများရှင် အလောင်းမင်းတရားကြီး ဘုရား သည် မင်းရိုးပေါက်၍ မြို့,ပြ,ထီးနန်း တည်လုပ်ဆောက်စိုက်စံပယ်သိမ်း မြန်းတော်မူရာတွင် သတ္တဝါအပေါင်းတို့သည် ချမ်းသာရကုန်သည်၊ ရာ မညတိုင်းသားတို့သည် အရှင်ဖြစ်သော အင်းဝမင်းကို သတ်ညှစ်ဖျက်ဆီး သည်နှင့်မနေ အကြိမ်ကြိမ် ရန်မူလာသောကြောင့် ကိုယ်တော်မြတ်နှင့် သားတော် ညီတော် ဗိုလ်မှူးတပ်မှူး သူရဲသူခက်အပေါင်း ရေကြောင်း ကြည်းကြောင်း ဆင်လုံးမြင်းရင်းအများနှင့် ချီသွားတိုက်လံ လုပ်ကြံလျှင် ကျောက်မြောင်း, အင်းဝ, ပြည်, သန်လျင်မှစ၍ သင်းဘော သမ္ဗန်တပ် ပေါင်းငါးဆယ်ကျော်ကို အောင်မြင်တော်မူသည်နှင့် တလိုင်းတို့မခံမရပ်

နှိုင်၊ သက္ကရာဇ် (၁၁၁၈) တထောင့် တရာ့ တဆဲ့ ရှစ်ခု နတ်တော်လပြည့်ကျော် တဆဲ့နှစ်ရက်နေ့ ဟံသာဝတီ ပြင်တပ်ကြီးကို အလိုတော်ပြည့်သည်၊ သက္ကရာဇ် (၁၁၁၉) တထောင့်တရာ့တဆဲ့ကိုးခု ကဆုန်လပြည့်ကျော် လေးရက်နေ့ ဟံသာဝတီပြည်ကြီးကိုအလိုတော်ပြည့်၍ ဆင့်မြင်း့ လက်နက်ကိရိယာ သုံ့ပန်းလူသူအများရတော်မူသည်၊ ၎င်းလပြည့်ကျော် ဆယ်ရက်နေ့ ဟံသာဝတီထီးနန်းကို တက်သိမ်းစံပယ်တော်မူသည်၊အရပ်ရပ်ထီးဆောင်းစော်ဘွားမြို့စားတို့အဆက်အသပူဇော်သက္ကာရကိုခံတော်မူသည်၊ ဟံသာဝတီမင်းမှစ၍ မှူးမတ်ဒေါဗညား သတ္တဝါအပေါင်းတို့ကိုလည်း ရန်တုံ့မမူရ၊ ဇီဝိတဒါနပါရမီကို ဖြည့်တော်မူသည်၊ သမိန်ထောနှင့် ဇင်းမယ်စားတို့သည် စည်းစိမ်မပျက် အသက်မသေ နေရာမနိမ့်ချမ်းသာလိုလျှင် ရွှေစက်တော်အောက်လာ၍ ကျေးဇူးသစ္စာတော်ကိုခံမှ ကာယသုခ, စိတ္တသုခ နှစ်ပါးကို ရကြမည်၊ မြို့ပြ လက်နက်ကိရိယာဗိုလ်ပါအင်အားကို ယုံမှတ်၍ ရွှေစက်တော်အောက် မရောက် မလာ နေလျှင် မြေကြီးအထုနှင့် တူသော ဆင်လုံး မြင်းရင်းအများနှင့် ချီသွားလုပ်ကြံတော်မူ၍ ဟံသာဝတီမင်းကဲ့သို့ သတ္တဝါအပေါင်းနှင့်တကွ ပျက်စီးဆုံးရှုံးခြင်းသို့ ရောက်မည်ဖြစ်၍ အကြောင်းကိုကြားလိုက်သည်”–ဇင်းမယ်ကလာလူ ဒေါသိဒ္ဓိရာဇာ,အဂ္ဂဗညား,အိန္ဒသာရီတို့နှင့် လူပေါင်း တဆဲ့တစ်ဘွင်ပေး၍သွားစေသည်။ ။သမိန်ထောဆိုသူသည် ဟံသာဝတီတွင်မင်းမှုဘူးသည်၊ သရက်တပင်သား–ဆင်ကျားရှင်ခံ။ ။ထိုနေ့ မုတ္တမမြို့စားတို့သို့လည်း ၎င်းနည်းတူ စာနှင့် ကောဓကွန်းသူကြီး, မုတ္တမသား ငတလွတ်တို့နှင့် လူတဆဲ့ကိုးကို စာအပ်၍ သွားစေသည်။

ထိုနေ့ ရတနာခရသင်း လက်ယာရစ်နှစ်ကို သခင် သိရိသုံမ္မရာဇာ ဆက်သည်။ ။ထိုနေ့ ဟံသာဝတီမြို့စောင့် နတ်အပေါင်းတို့အား အမိန့်တော်ပြန်သည်။

အမိန့်တော်စာကား····“ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော သာသနဒါယကာတော် ဘဝရှင် အလောင်းမင်းတရားကြီးဘုရား အမိန့်တော်ရှိသည်၊ ဟံသာဝတီ မြို့စောင့်နတ်၊ နန်းတော်ကိုစောင့်သောနတ်၊ ဥကင်ရာဇပလ္လင်ကိုစောင့်သောနတ်၊ထီးချက်တော်ကိုစောင့်သောနတ်မင်းတို့-ဘုရားသခင့်သာသနာတော် ဇမ္ဗူဒိပ်ကျွန်း၌ ငါးထောင်သော ဘုရားဟော ဓမ္မခန္ဓာအပေါင်း ပိဋကတ်ပညတ်ဟောတော်မူသည့်အတိုင်း ပြုစုကျင့်ဆောင်ဆုံးမကျွပ်နှိပ်ပြီးလျှင် သာသနာတော်မြတ်စီးပွားကိုဆောင်၍

သမ္ဗာသမ္ဗုဒ္ဓ သဗ္ဗညုဘုရားဆုကို ပန်ယူတော်မူသည်ကို သိလျက် ရာမညတိုင်း မင်းဟောင်းမှူးမတ်သူဌေးသူကြွယ်တို့တွင်ရှိသော ရွှေ,ငွေ,ကျောက်သံ, ပတ္တမြား ဥစ္စာများကို ငါအလိုတော်ရှိ၍ စစ်မထိုး၊ သာသနာတော်ကိုချီးပင့်လို၍ မိစ္ဆာစရိုက်စသော သူအပေါင်းတို့အား နှိပ်နင်းရသည်၊ သာသနာတော်မြတ် စီးပွားကို ချီးပင့်ပြုစုသော ကောင်းမှုအတို့ကိုလည်း အမျှဝေတော်မူသည်၊ ထိုက်တန်သသူအား သာလျှင် သုံးဆောင်ထိုက်သည်ကိုမသိ၊ မှားသောအယူနှင့် ရေဝယ် မြေဝယ်ဖွက်ထားသမျှ ရွှေငွေကျောက်သံပတ္တမြား ရတနာအထူးထူးမင်းဧကရာဇ်သုံးဆောင်ထိုက်သည့် ရတနာဘဏ္ဍာကို ဖုံးကွယ်လျှို့ဖွက်သောသူတို့အား နတ်တန်းခိုးဖြင့်ဆော်နှိုးပြစေရမည်၊ သမ္ဗာသမ္ဗောဓိဆုကို ပန်ယူတော်မူသော အလောင်းမင်းတရား စီးပွားတော်ကို စောင်မရမည့်အကြောင်းကို အမိန့်တော်ရှိသည်" သက္ကရာဇ် (၁၁၁၉) တထောင့်တရာ့ တဆဲ့ကိုးခု၊ နယုန်လဆန်း တဆဲ့လေးရက်နေ့ လွှတ်တော်ဥကင် မြေနန်းရွှေတွင် လက်ဝဲသုန္ဒရပြန်ရသည်။

ထိုနေ့ အင်္ဂလိပ်သင်းဘော သုံးပင်တိုင် များစွာသော ထည်မျိုး အုပ်မျိုးနှင့် ရန်ကုန်မြို့တော်သို့ ရောက်သည်။ ။နယုန်လပြည့်ကျော် နှစ်ရက်နေ့ အမိန့်တော်ရှိသည်။ ။အဝမင်းသည် ကံကြမ္မာအလျှောက် ဟံသာဝတီသို့ပါသည်၊ ယခုငါ့ဘုန်းတော်ကြောင့် ဟံသာဝတီမြို့ကို အလိုတော်ပြည့်လျှင် အဝမင်းသမီးဘို့ကို ငါရ၍ ရွှေစက်တော်အောက် ရှိသည်၊ အရစ်ရစ် မှူးတော်မတ်တော်တို့အရှင်ဟောင်းလည်း ဖြစ်သည်၊ နန်းကျမင်းဟူ၍ မခေါ်ဝေါ်စေနှင့်၊ ဟံသာဝတီရောက်မင်း ခေါ်ဆိုကြရမည်၊ နန်းကျမင်းခေါ်သူကို အာကိုဟက် အမိန့်တော်ရှိသည်။

ဟံသာဝတီမြို့အတွင်းပြင်ရှိသည့် ရတနာဘဏ္ဍာ ထူးမြတ်သမျှကို ကျွန်တော်မျိုးတို့ကရကြသည်ချည်းဖြစ်၍ထိုက်တန်သမျှသောရွှေ,ငွေ,ကျောက်သံပတ္တမြား မင်းခမ်းမင်းနားတို့သည် ရွှေတော်သို့ ရောက်ကုန်သည်ချည်းတည်း။ ။နယုန်လပြည့်ကျော်တဆဲ့သုံးရက်နေ့ မုတ္တမမြို့က ဗညားသီရိ, ဂုဏ္ဏတေဇ, ဒေါ်အိန္ဒဗလပြဟ္မာ အမှူး အမတ် ဒေါ်ဗညားဘို့က စာနှင့်လူစေ၍ အမှုတော်ကို ထမ်းရွက်ပါရမည့်အကြောင်း သစ္စာတော်မြတ်ကို ဦးထိပ်ထက် ရွက်ပါရမည့်အကြောင်းနှင့် ဝန့်ရှင်တော်တို့သို့ ဆက်သည်။

ဝါဆိုလဆန်း တရက်နေ့ ယောငအောင်မှိုင်းကို ယောစော်ဘွား, ငအောင်ခိုင်ကို နရအိန္ဒသူ အမည်နှင့် ရှမ်းအစိုးရင်၊ လောင်တောင်သူကြီးကို ဗလသီလဒိုလ်, ငကျန်ကို ထီးလင်းစားအရာ သနားတော်မူသည်၊

ကွမ်းခွက်, ကျပ်,ဓား,အဆောင်အရွက် သနားတော်မူသည်။ ။လဆန်း နှစ်ရက်နေ့ စေတီတော်တင်ရန် ထီးကို ပုသိန်ဝန်စ၍ ကြပ်မလုပ်ရသည်၊ လဆန်းရှစ်ရက်နေ့တွင် စေတီတော်ကို ရွှေထည့်ရသည်။

လဆန်းကိုးရက်နေ့ အထက်ရှမ်းပြည် ယွန်းပြည်စော်ဘွားတို့က ရှိခိုး လက်ဆောင်တော် အဆက်အသရောက်သည်၊ အနန်းစားသား နန်းဟုံ ဆင်သုံးစီး၊မိုင်းကျော့စားတစ်၊ကျိုင်းခေါင်စားတစ်၊ကျိုင်းတုံစော်ဘွားက ဘယားခေါင်ပိုင်နှင့် မြင်းရွှေကြိုး ရွှေကစုံနှစ်၊ ဘယောစားတစ်၊ လဝန်း စားတစ်၊ မြမ္မိစားတစ်၊ ဒါးလိုင်းစားတစ်၊ ကျိုင်းသေဉ်စော်ဘွားကလာ လူကြီးငယ်တရာ့နှစ်ဆယ်၊ အုပ်မျိုးထည်မျိုး၊သိုးကတိုးအောင်းများစွာနှင့် ဆက်ရောက်သည်၊ ရွှေနန်းတော်တွင် အဖူးအမြင် ခံတော်မူသည်။ ။ ထိုနေ့ ဟံသာဝတီပြင်မြို့ အတွင်းမြို့ကို သူပုန်သူကန်တို့မှီရာဖြစ်မည် အယူ တော် ရှိ၍ ဖျက်ရသည်။ ။ထိုနေ့ ထီးဖြူတော်ရာ စေတီတော် များကို ရွှေထီးတင်တော်မူသည်။

ဝါဆိုလဆန်း ဆယ်ရက်နေ့ ဇိနပ္ပတ္တံသင်းဘောသူကြီး သင်းဘောသုံး ပင်တိုင်တွင် များစွာသောထည်မျိုးအုပ်မျိုးနှင့် ရန်ကုန်မြို့တော်သင်းဘော ဆိပ်သို့ ရောက်သည်။ ။လဆန်းတဆဲ့သုံးရက်နေ့ စေတီ ပုထိုး ရွှေငွေကို သိမ်းယူပြင်ဆင်သန့်ရှင်းရာ၌ အကြီးအကြပ်ခန့်သည့်ရွှေတောင်ဗလကျော် ငယ်သားသုံး၊ မင်းတုန်းစာရေးကြီး ငမြတ်စံ၊ ကမန်ကျော်တို့ ထိမ်ချန် ဖျက်ဆီးသည်-ကြားတော်မူ၍ ရင်စာထိုးရသည်၊ လက်ယာ တဘက်ကို ဖြတ်ရသည်၊ ရာဇဝတ်ပေးတော်မူသည်။

ထိုလဆန်းတဆဲ့လေးရက်နေ့တွင်ဆားလင်းကုန်းဗိုလ်မှူးဗလနန္ဒစည်သူ ကိုပုခန်းကြီးမြို့ကိုသနားတော်မူသည်၊အဆောင် ထီးနီ,ကွမ်းခွက်,ဓားနက်, လက်ဘက်အိုး, တကောင်းပိတ်သနားတော်မူသည်၊ ဗဒုံမြို့စာရေး သမန္တ ရွှေတောင်ကို ရွှေကျပ်, လက်ဘက်အိုး, ဓား, သနားတော်မူသည်၊ထိုနေ့ မင်ရွှေဥကို ထွတ်ချာဒေဝီအမည် သနားတော်မူသည်၊ ဘွဲ့ကို သံတော်ခံ ဇေယနော်ရထာ သုံးကြိမ် ဖတ်လျှောက်ရသည်။

ထိုနေ့ မှူးတော် မတ်တော်တို့ကို အမည်သနားတော်မူသည်၊ လက်ဝဲ သုန္ဒရကို လက်ဝဲနော်ရထာ၊ ဝေလုရာဇာကို လက်ယာနော်ရထာ၊ ပန်း တဉ်းငမြတ်ကို ကမန်ကျော်ထင်၊ ငထွေးကို တုရင်ကျော်၊ ပုဏ္ဏားငခွေး ကို မြဟ္မဏကျော်ထင်၊ သမိန်ရာဇာကို သမိန်ပရမ်း၊ လှေစာရေး ငမြတ် သာကို ဒိဗ္ဗဝေသော်၊ ငဦးကာကို ဗလသိင်္ခသည်း၊ရာပြတ်ကျီရကွတ်ကို သီရိ

ဘင်ကလွှန်၊ သူငယ်တော်မြတ်ဘော်ကို ရွှေတောင်လှ၊ လောက်ကို ရွှေတောင်လက်ယာ၊ ထွေးကိုရွှေတောင်လက်ဝဲ၊ မြတ်စံကိုရွှေတောင်သာ၊ မြတ်ရာကို ရွှေတောင်စက်၊ မြတ်ထွန်းကို ရွှေတောင်ပျံချီ၊ မြတ်သာအောင်ကို ရွှေတောင်ယှဉ့်ရဲ၊ ကြာဘူးကို ရွှေတောင်ညွှန့်၊ ဝကြီးကို ပုဏ္ဏရက္ခိုက် အမည်သနားတော်မူသည်။

ထိုနေ့ လူပျိုတော်ရွှေတောင်ရာဇာကို မင်းထင်ရွှေတောင်၊ တုရင်အိန္ဒကိုရွှေတောင်လှကျော်၊ သိမ်နန္ဒမိတ်ကို ရွှေတောင်နန္ဒမိတ်၊ ရွှေတောင်ကို ရွှေတောင်အိန္ဒ၊ ထွန်းဝင်းစံကိုရွှေတောင်သူရဲ၊ ဆတ္တမေဃကိုသူရိယမေဃ၊ ရဲစက်ထင်ကို ရွှေတောင်ပေါစ၊ တုရင်စည်သူကို ရွှေတောင်သီဟထင်၊ ရွှေတောင်သူရိန်ကို မင်းလှရွှေတောင်၊ ရန်အောင်စက္ကကို ရွှေတောင်ပေါ်ထင်၊ ဂဇသူရကို ရွှေတောင်စံထား၊ သိပ္ပယော်ဓာကို ရွှေတောင်စံကဲ၊ ရဲထွတ်သီဟကို ရွှေတောင်ဝေရကျော်၊ မြင်းသည်လျှပ်မိုးကို ရွှေတောင်စံကင်း၊ ငွေတောင်ဇေယကျော်ကို ရွှေတောင်ရန္တသူ၊ ရွှေကို ရွှေတောင် လက်ဝဲထင်၊ ပုကျော်ကို ရွှေတောင်လက်ယာထင် စံမှတ်ကို ရွှေတောင်သီဟသူ၊ ရွှေတောင် ဘယကျော်ကို ရွှေတောင်ရာဇာ၊ သာကြီးကို ရွှေတောင်ဗန္ဓုကျော်၊ ရွှေတောင်သိမ်ဝေကို ရွှေတောင်သိဒ္ဓိကျော်၊ ဘဲကြီးကို ရွှေတောင်လှံ့ကျော်၊ တုရင် ဇေယကျော်ကို ရွှေတောင်စန္ဒကျော် အမည်သနားတော်မူသည်။

ထိုနေ့ သားတော်အကြီး ဒိပဲယင်းမင်း သိရိသုဓမ္မရာဇာ အမှုထမ်းတို့ကို ဘွဲ့သနားတော်မူသည်။ အောင်မြတ်ကျော်ကို အိန္ဒကျော်သူ၊ ဒိပရဲထွတ်ကျော်ကို အိန္ဒကျော်သူ၊ သူရိန်စံလွတ်ကို သူရိန်ကျော်ထင်၊ ရွှေတောင်ကျော်ကို ရွှေတောင်ကျော်သူ၊ ရာဇဇေယကို သိဒ္ဓိမင်းလှကျော်၊ ဒေဝဒိဗ္ဗကို သီဟနန္ဒကျော်၊ စံအောင်ကို စက္ကသာရ၊ မြတ်ထွန်းအောင်ကို စက္ကနန္ဒကျော်၊ ပွင့်ကို စက္ကရန္တကျော်၊ ကြွယ်ဝကို စက္ကရန္တ၊ မြတ်ကို စက္ကဂဇ၊ အောင်ကို စက္ကမဇကျော်၊ ကြွက်ကို စက္ကဝေသူ၊ လှကို စက္ကယော်ဓာ၊ ချမ်းသာကို စက္ကဗန္ဓု၊ ကျော်ရကို စက္ကစန္ဒ၊ ဘော်ရကို စက္ကပုည၊ ပုကို စက္ကနန္ဒ၊ ခဲကို စက္ကဒေဝ၊ စိတ်ကောင်းကို စက္ကဝဏ္ဏ၊ ဖျော်ကို စက္ကသိပ္ပ၊ သာဝကို စက္ကသူရ၊ မြတ်ထွန်းကို စက္ကဝေ၊ ကျော်ရကို စက္ကဝေကျော်၊ ပန်းကို စက္ကအိန္ဒ၊ အိပ်ကို စက္ကအိန္ဒသူ၊ ဆုအိုးကို စက္ကအိန္ဒကျော်၊ ဖုန်းကိုစက္ကသိဒ္ဓိ၊ ရွှေငုံကို စက္ကသိဒ္ဓိကျော်၊ မကျော်လှကို စက္ကကျော်ထင်၊ ပသီကို စက္ကရာဇာ၊ နီကို စက္ကအိမ်၊

ငထွန်းအိမ်ကို စက္ကုနရ၊ ငစံပုံကို စက္ကုနရာ၊ ငအောင်ထွေးကို စက္ကုနရသူ၊ ငလွှမ်းခိုင်ကို နရာစက္ကုကျော်၊ ငစုကို စက္ကုနရာထင်၊ ငစံအောင်ကြီးကို စက္ကုဗလထင်၊ ငကျော်စံကို စက္ကုသီရိ၊ ငလွှမ်းပြေကို စက္ကုရိန္ဒ၊ ပေါင်း သုံးဆဲ့ရှစ် အမည်သနားတော်မူသည်။

ထိုနေ့ သားတော်အလတ် မြေဒူးမင်း သီရိဓမ္မရာဇာ အမှုထမ်းတို့ကို အမည်သနားတော်မူသည်။ ငပုံကို လက်ဝဲဝေသော်၊ ငကြောင်ဖြူကို လက်ယာဝေသော်၊ ငမြတ်ကို သိဒ္ဓိဝေရ၊ ငဘီလူးကို ဂဇဝေရ၊ ငပါစိကို စန္ဒာရဟတ်၊ ငကြွယ်ဖြိုးကို ဒိဗ္ဗဝေရ၊ ငညိုထွေးကို ဒိဗ္ဗဝေရကျော်၊ ငကြာအိုကို သူရဝေရကျော်၊ ငရွှေရည်ကို ရာဇဒေဝ၊ ငကြာကို ရာဇဒေဝကျော်၊ ငပန်းကို ရာဇသူ၊ ငကျော်လှကို ဒီပသူရ၊ ငဝေကို ဥဒိန်သူရ၊ ငသာထင်ကို စက္ကုကျော်သူ၊ ငကွန်ကို စက္ကုသူရ၊ ငအောင်ကို စက္ကုသူ၊ ငနက်ကို စက္ကုသူရိန်၊ ငအိပ်ကို စက္ကုဝေရ၊ ငအုန်းကို စက္ကုရာဇာ၊ ငပြည့်ကို စက္ကုရာဇကျော်၊ ငဖြိုးလှကို စက္ကုသူရိန်ကျော်၊ ပေါင်း နှစ်ဆဲ့တစ် အမည်သနားတော်မူသည်။

ထိုနေ့ ဆားလင်းကုန်းတပ်ပါ အမှုထမ်းတို့ကို အမည်သနားတော်မူသည်။ ငမှိုင်းကို ဇေတုသိင်္ဂါ၊ ငနေကို ဗလသိင်္ဂါ၊ ငထွန်းကို အိန္ဒဗညား၊ ငညိုထင်ကို စန္ဒသိင်္ဂါ၊ ငဦးကာကို သိဒ္ဓိရဲထွတ်၊ ငမြတ်ထွတ်ကို ဒီပသိင်္ဂါ၊ ငကောင်းကို နရသိင်္ဂါ၊ ငဘော်ကို အိန္ဒဝေသော်၊ ငနွန်းကို သူရဝေသော်၊ ပေါင်းကိုး အမည်သနားတော်မူသည်။

ထိုနေ့ မင်းရွာတပ်ပါ အမှုထမ်းတို့ကို အမည် သနားတော်မူသည်။ ငရှမ်းကျော်ကို တုရင်စန္ဒ၊ ငထွန်းကို တုရင်သူရကျော်၊ ငမြတ်ရာကို တုရင်အိန္ဒကျော်၊ ငသွင်ကို တုရင်သိပ္ပ၊ ငစိန်ကို အိန္ဒပုညာ၊ ငဖြူကို တုရင်ဝဏ္ဏ၊ ငပန်းညိုကို အိန္ဒရဲသူ၊ ငစံသူကို တုရင်ဝဏ္ဏကျော်၊ ငအိုကို သီရိဝေသော်၊ ပေါင်း ကိုးအမည် သနားတော်မူသည်။

ထိုနေ့ပုသိန်ဝန်တပ်ပါ အမှုထမ်းတို့ကို အမည် သနားတော်မူသည်။ ပင်းမြို့သူကြီး ငကြွယ်ဝကို သီဟပိုလ်၊ စစ်ကဲငချမ်းပုံကို ဒေဝသူရ၊ တပ်ရေး ငနေကို ရန္တသူ၊ တပ်မှူးငဖျော်ကို ဒီပသူ၊ ငသာထွန်းကို နရသူ၊ ငပန်းညိုကို ဒေဝသူရ၊ ငကြင်သူကို စန္ဒကျော်၊ ငသာရကို ဒီပကျော်၊ ငထွန်းအောင်ကို သိခ်ကျော်၊ ပေါင်း ကိုး အမည်သနားတော်မူသည်။

ထိုနေ့ ကျော်ထင်ရွှေတောင်တစ်ပါ အမှုထမ်းတို့ကို အမည်သနားတော်မူသည်။ ရဲကျော်သူရကို ဗလမင်းထင်၊ ငအင်ကို တုရင်စန္ဒကျော်၊ ပုဏ္ဏားငကျော်ကို တုရင်ဇေယကျော်၊ ကန္ဒီတစ်ပါ ငဝါကို သမန္တဇေယ၊ ငပြိမ်းကို သမန္တကျော်၊ ငအောင်ကျော်စံကို စက္ကဝေရသူ၊ ငအောင်ကို တုရင်သိခ်၊ ငအံ့ကို စက္ကသိဒ္ဓိ၊ ငနိုးကို စက္ကသိဒ္ဓိကျော်၊ ငထွန်းကို စက္ကဝေရကျော်၊ ငမြတ်ကို စက္ကဥဒိန်သူ၊ငထွန်းမှတ်ကို စက္ကဥဒိန်၊ငသာထွန်းကို ကမန်သူရ၊ ပေါင်းတဆဲ့သုံး အမည် သနားတော်မူသည်။

ထိုနေ့ သားတော် သတိုးမင်းလှကျော်တစ်ပါ အမှုထမ်းတို့ကို အမည်သနားတော်မူသည်။ ဒေဝဒူတကို ဗလမင်းကျော်၊ ငသာထွေးကို ဒီပကျော်၊ ငဦးကို သိပ္ပဝေသော်၊ ငမှိုင်းကို စန္ဒဝေရ၊ ငထွန်းအင်ကို ဝဏ္ဏကျော်၊ ငနေမျိုးကို နရာကျော်၊ငထွန်းပင်ကို ဗလဝေရ၊ ငမြတ်သူကိုသိပ္ပဝေရ၊ တုရင်ဗန္ဓုကို သီဟအိန္ဒကျော်၊ ပေါင်း ကိုး အမည် သနားတော်မူသည်။

ထိုနေ့ ရန်ကုန်မြို့တော်စောင့် ခန့်ထားသူတို့ကို အမည်သနားတော်မူသည်။ ဇေယသူရကို သီဟရာဇကျော်၊ ငစံကို စက္ကသိဒ္ဓိ၊ ငထွန်းလှကို စက္ကသိဒ္ဓိကျော်၊ ငမြတ်ကျော်ကိုသိခ်ဝေ၊ ငထွန်းဝကိုသိခ်ကျော်၊ငကျော်မျိုးကို ပုညဝေသော်၊ ပေန်းပုံကိုသိပ္ပကျော်၊ ငကြိုင်ကို ဝဏ္ဏသိခ်ါ၊ပေါင်း ရှစ်-အမည်သနားတော်မူသည်။

ထိုနေ့ ငမြတ်ထွန်းကို ဗလသေန၊ ငရွှေငုံကို နရာဝေသော်၊ပေါင်း နှစ် အမည် သနားတော်မူသည်။

ၒင်းဝါဆိုလပြည့်ကျော်တရက် သောကြာနေ့ ဟံသာဝတီ နန်းတော်တွင် အမည်သနားတော်မူသည်၊ မင်းလှငယ်ရွှေတောင်ကို နေမျိုး သီရိဇေယနော်ရထာ၊ ကျော်ထင်သခ်ယာကို စောမွန်ကြီး၊ နန္ဒရာဇသကြီကို သက်ရှည်နော်ရထာ၊ သီဟယော်ဓာကို နန္ဒယော်ဓာ၊ မင်းကျော်ဥဒိန်ကို မင်းကြီးကျော်ထင်၊ လက်ယာထိမ်းမှတ်ကိုမင်းကြီးနော်ရထာ၊ ရွှေတောင်ထွတ်ကဲကို မင်းလှရာဇာ၊ ရွှေတောင်စည်သူကို ရွှေတောင် နော်ရထာ၊ မင်းငယ်ရွှေတောင်ကို ဇေယနော်ရထာ၊ လက်ဝဲ ဇေယကျော်ကို ဒေဝနော်ရထာကျော်ထင်၊ ဇေယသူကို ကျော်ထင်နော်ရထာ၊ အင်းဝရွှေတောင် နော်ရထာဟောင်းကို တုရင်နော်ရထာ၊မင်းရယ်စားကိုလက်ယာသူရိယ၊ ငအောင်ကြီးကို သိခ်သူ၊ ငတုတ်ကို ဇေယသမန္တကျော်၊ အစေခံကို သိခ်တခန်၊ သီချင်းသည် ငအောင်စည်ကိုမဂ်သာညွန့်လူ၊ စားတော်ကဲ

ရန္တသိဒ္ဓိကို ရန္တသိဒ္ဓိထင်၊ လွှမ်းပြေကို တေဇသိဒ္ဓိကျော်၊ သီရိဘောဂကို သီရိဝဏ္ဏကျော်၊ ပန်းပဲသမားတေိန်ကိုသီရိဘောဂရတ်၊ ရန်အောင်ဗလကို ရန်အောင် ဗလကျော်၊ ကောင်ဟန်မူး ထွန်းလှကို သေည်စဲကျော်၊ လက်ယာဝင်းစချီကို လက်ယာရန္တသူ၊ လက်ဝဲဝင်းစချီကို လက်ဝဲရန္တသူ၊ ရွှေဝင်းစချီကိုဥဒိန်ရန္တသူ၊ တုရင်ဇေယသူကို ဥဒိန်သာဂသူ၊ သီဝရာဇ်ကို သာဂရဒေဝ၊ ငရွှေဘော်ကိုဝေလုစန္ဒကျော်၊ ငညိုမြကိုတေဇပေါ်အမည် သနားတော်မူသည်။

ထိုနေ့ပုခန်းကြီးစား ဗလနန္ဒစည်သူကို စည်သူနော်ရထာ၊ မင်းရွှာမိုလ်မှူးကို ဥဒိန်စည်သူ၊ သူရိန်ရန်နိုင်ကို ဥဒိန်ရန္တမိတ်၊ ငမိုးကို ငွေတောင်၊ သောဝကို ရွှေတောင်၊ ပုဏ္ဏရက္ခိုက်ကို ဂုဏ္ဏရက္ခိုက်၊ မင်းလှမင်းခေါင်ကို မင်းခေါင်နော်ရထာ၊ မြေတ်သူကို ကမန်ရာဇကျော်၊ တေဇပျံချီကို ကမန်စတ္တသူ၊ ရဲစက်ရန်အောင်ကို ရဲစက်ရန်နင်း၊ တုရင်သီဟကို သီဟနန္ဒ၊ ငကွယ်ကို ကမန်ဝေရကျော်၊ ထွန်းပွင့်ကို ကမန်ကျော်သူ၊ မြေတ်စံကို ကမန်ရဲကျော်၊ လှကျော်ကို ကမန်ရာဇကျော်၊ ပေညာကို ကမန်ရဲသူ၊ ပုခန်းငယ်သူကြီး စိုင်ကို ဇေယမိုလ်၊ မြေတ်သာကို ကမန်နရာ၊ ပညာကျော်ထင်ဟောင်းကို သမိန်ဖြတ်စ၊ ဘီလူးကို ကမန်ကျော်ထင်၊ လူပျိုတော် ရွှေတောင်အာကာကို မင်းကျော်အာကာ၊ မြင်းသည်ရှုးကို ရွှေတောင်ဒေဝကျော်၊ လက်ဝဲကျော်ကို ရွှေတောင်အာကာကျော်၊ ရွှေတောင်ဇေယကျော်ကို ရွှေတောင်စတ္တသူ၊ ငဖြိုးလှကို ရွှေတောင်စတ္တကျော်၊ အိန္ဒကျော်ထင်ကို ရွှေတောင်တမွတ်၊ ရွှေတောင်ဇေယကျော်ကို ရွှေတောင်စည်သူ၊ စေည်ကို ကမန်သူရကျော်၊ ငအောင်ဘော်ကို ကမန်ကျော်၊ ကုလားငထွန်းကို ကမန်စတ္တရတ်၊ သောထွန်းအောင်ကို ကမန်သူ၊ နန္ဒမိုလ်ကို ဥဒိန်သိဌည်း၊ လက်ယာပျံချီကို မင်းထင်ပျံချီ၊ တုရင်စည်တပြစ်ကို အိန္ဒပစ္စည်း၊ ကလေးကို ရန္တပစ္စည်း၊ ငစံရာကို ဗလပစ္စည်း၊ ငပစ်ကိုနန္ဒပစ္စည်း၊ တုရင်ဘီလူးကို သိဒ္ဓိပစ္စည်း၊ဇေယရန်အောင်ကို သီဟ ရန်အောင်၊ တုရင်သေနကျော်ကို ရာဇပစ္စည်း၊ သောထွန်းအောင်ကို ဗန္ဓုပစ္စည်း၊ ဗညားသေဉ်လုံကို သာဂသူရ၊ တော့တ်စံကို မနုစက်လွတ်၊ ငခဲကို မနုစက်ရဲကျော်၊ ကုလားပေါက်သျှူးကို ဒီပစတ္တရတ်၊ ဇေယျနန္ဒကို နန္ဒသီဟကျော်ထင်၊ ငမွေးညိုကို နန္ဒပစ္စည်း၊ ကြောင်ဥကို သိပ္ပပစ္စည်း၊ မြေတ်စကို ဂဇပစ္စည်း၊ ဘိုးတူကို လက်ဝဲပစ္စည်း၊ ကြောခိုင်ကို လက်ယာပစ္စည်း၊ တုရင်သူကို နန္ဒပစ္စည်း၊ ရဲစက်တုရင်ကို ဒေဝပစ္စည်း၊

ဇလနရာကို သူရပစ္စည်း၊ ဂဇသူကို ဝံသပစ္စည်း၊ ဒေဝသရာကို သူရဗလကျော်၊ ငွေတောင်သိခ်ဝေကို ရွှေတောင်သိဒ္ဓိကျော်၊ ငထွေးကို ကမန်သာဂသူ၊ ငပြူးကို ကမန်သီဟ၊ ငအောင်ကျော်ကို ကမန်ကျော်ထင်၊ ငရကို ကမန်ရာဇာ အမည်သနားတော်မူသည်။

ထိုနေ့ ရွှေနန်းတော်ကျွန်တော်ရင်းတို့ကို အမည်သနားတော်မူသည်။ စန္ဒရဲလွှံ့ကျော်ကို ရဲစကြာ၊ ငကြွယ်ဝကို ရဲသူရ၊ ငမြတ်ထင်ကို ရဲတေဇ၊ ငနှောင်းကို ရဲတုလွတ်၊ ငချမ်းသာကို ရဲစံလွတ်၊ ငရွှေအင်းကို ရဲစက်၊ ငဖျော်ကို ရဲစကြာ၊ ငလှမ်းကို ရဲစက္ကမန်၊ ငထွန်းကို ရဲတံခွန်၊ ငရိုးကို ရဲတမွတ်၊ ငအောင်ချည်ကို ရဲလက်ဝဲ၊ ငထွန်းမြကို ရဲရက္ခိုက်၊ ငထင်ကို ရဲဝေရ၊ ငချောကို ရဲလက်ယာ၊ ငထွေးကို ရဲသူရန်၊ ငမြလွန်ကို ရဲဝဏ္ဏ၊ ငစံရဲကို ရဲစက်နိုင်၊ သမားတော် ချစ်မှတ်ကို သတ္တစိန္တ၊ ငရန်မျိုးကို ရဲကျူး၊ ငကြီးကို ရဲကဝေ၊ ငပန်းတုံကို ရဲကျော်စ၊ ငပိုက်ကို ရဲကျော်ရန်အောင်၊ ငဝက်ကို ရဲညွှန့်နင်း၊ ငစံငုံကို ရဲကျော်လှ၊ ငပေါ်ကို ရဲမနိ၊ ငပန်းငုံကို ရဲစိန္တ၊ ငကျော်နိုင်ကို ရဲတိက၊ ငပုတ်စည်ကို ရဲသိပ္ပ၊ ငကျော်လှက ရဲဂုဏ္ဏ၊ ငရကို ရဲသူရိန်၊ ငရွှေစံကို ရဲစက်၊ ငထွန်းပုံကို ရဲဗန္ဓု၊ ငဖြိုးထင်ကို ရဲစက်မနု၊ ငချင်းကို ရဲစက်ဝဏ္ဏ၊ ငညိုကို ရဲစက်သမန်၊ ငကြာငုံကို ရဲစက်သမန်ကျော်၊ ကုလားသာထွန်းဖြူကို ဗန္ဓုရတ်၊ ငရွှေကျော်ကို ရဲအိန္ဒ၊ ငစံသွင်ကို ရဲဥဒိန်၊ ငမြတ်စံကို ရဲရာမ၊ ငအိကို ရဲစက္က၊ ငအောင်ကို ရဲဘီလူး၊ ပေါင်း လေးဆဲ့နှစ် အမည်သနားတော်မူသည်။

ထိုနေ့ ရွှေလေးသားတို့ကို အမည် သနားတော်မူသည်။ မနုစက်ကို ဒီပသိဒ္ဓိကျော်၊ ငသာဦးကို မနုစက်၊ ငမှုန်ကို မနုရန်ခွဲ၊ ငရွှေထွန်းကို မနုရန်နှင်၊ ငသာထွေးကို မနုရန်နိုင်၊ ငညိုထင်ကို မနုရန်လွတ်၊ ငပုကို မနုရမ္မကျော်၊ ငအောင်ထွေးကို မနုတေဇကျော်၊ ငပန်းလှကို မနုလက်ယာကျော်၊ ငထွန်းလှကို မနုလက်ဝဲကျော်၊ ငအေးကို မနုလက်ဝဲမြ၊ ငခအောင်ကို မနုလက်ဝဲ၊ ငစည်ကို မနုလက်ယာ၊ ငကြာငုံကို မနုတေဇ၊ ငရှမ်းညိုကို မနုတေဇကျော်၊ ငတုတ်ကို မနုစက္ကသူ၊ ငရကို မနုစက္ကရာမ၊ ငထွန်းဝကို မနုနရာ၊ ငသာထင်ကို မနုနရာကျော်၊ ငစံထင်ကို မနုဇေဌ၊ ငစည်ပင်ကို မနုဇေဌကျော်၊ ငသာထွန်းအောင်ကို မနုအိန္ဒ၊ ငညိုထွန်းကို မနုစန္ဒ၊ ငညိုအိုကို မနုဝေရကျော်၊ ငစည်ကို မနုရန္တကျော်၊ ငသာဖြူကို မနုဝေရ၊ ငအောင်ပင်ကို မနုသိဒ္ဓိ၊ ငထွန်းအင်ကို မနုသိဒ္ဓိကျော်၊ ငညွန့်ကို မနုဂဇ၊ ငအောင်သာကို မနုဂဇကျော်၊ ငထွန်းကျော်ကိုမနုသူရထင်၊ ငစံ

ဝင်းကို ခနဲ့သူရကျော်၊ ဖြူးဘော်ကို ခနဲ့သူရိန်၊ သာထင်ကို ခနဲ့သူရိန်ကျော်၊ ပေါက်ကို ခနဲ့တေဇကျော်၊ ကြာကို ခနဲ့ရာမ၊ မြတ်ကို ခနဲ့ရာမကျော်၊ သာအိုးကို ခနဲ့ရာမသူ၊ ပေါင်းသုံးဆဲ့ကိုး အမည်သနားတော်မူသည်။

ထိုနေ့ စစ်ကောင်းသီရိကို စစ်ကောင်းသီရိကျော်၊ ဇလပျံချိကို သိမ်ပျံချိ၊ ဗညားရန်ကျော်ကို လက္ခန်းအိန်၊ ပေါကို ဝေရပစ္စည်း၊ ပြည့်ကို မင်္ဂပစ္စည်း၊ ကြိုင်ကို ဂန္ဓပစ္စည်း၊ ထွန်းလှကို ပုညပစ္စည်း၊ မြတ်ထွန်းကို ဒိပပစ္စည်း၊ ပန်းအိုကို ဒုဋ္ဌပစ္စည်း၊ ပုံကို သိမ်ပစ္စည်း၊ ရေကို မဇ္ဈပစ္စည်း၊ သီရိကျော်ထင်ကို ဥဒိန်နန္ဒသူ၊ အောင်ကျော်စံကို ဒိပစက္ကသူ၊ အောင်ထင်ကို ဒိပစကြာ၊ ထွန်းဝကို ဒိပစက်နှိပ်၊ ကောင်းပြည့်စုံကို ဒိပစက်နင်း၊ နွဲ့ကို ဒိပစက်ရန်နင်း၊ ထင်ကို ဒိပစက်ရန်ကျော်၊ ပြည့်ကို ဒိပစက်ရန်ခွင်း၊ လွှမ်းကို ဒိပစက်သူရ၊ လှကို ဒိပစက်ထွတ်၊ စံငုံကို ဒိပစက်ထွတ်ကျော်၊ ကျော်ကို ဒိပစက်ထွတ်ရဲ၊ ဖုန်းကို ဒိပစက်ထွတ်ရ၊ သေနစက္ကကို ဒိပပျံချိ၊ ပေါ်စိုကို သေနစက်၊ စံသာကို ဗလစက်၊ မတ္တရာပယ်ကျော်ညီ စံသာကို သေနတ်နှင့်ပစ်၍ ခေါင်းယူသူ ချစ်ပုကို သိမ်ပျံချိ၊ သာစည်ကို နရစက်၊ ရာဇကျော်ထင်ကို ပြကမန်၊ ရွှေတုံးကို အိန္ဒစက်၊ မြကို သူရစက်၊ မြတ်စံကို ပုညစက်၊ နတ်စက်လောင်မီးကိုတေဇပျံချိ၊ အိပ်ကို ရာဇထီးစက်၊ နှင်းကို သီဟစက်၊ ရာဇဇေဌကို သိပ္ပပျံချိ၊ ပလုပ်ကို သိဒ္ဓိစက်၊ ဖျော်ကို သိပ္ပစက်၊ ညိုသူကို ရာဇစက်၊ သီဟရတ်ကို သီရိဂုဏ္ဏရတ်၊ နေကို ရန်ခွဲစက်၊ ရဲတုလွတ်ကို အိန္ဒပျံချိ၊ နန်းပုံကို ရန်နင်းစက်၊ ပြည့်ကို ရန်နိုင်စက်၊ စံလှဖြူးကို ရန်နတ်စက်၊ မြတ်သာကို ရန်လွှင့်စက်၊ သွတ်တိုင်ကို ဒိပပျံချိ၊ ထွေးဘော်ကို နဝစက်၊ ထွက်တိုင်းအောင်ကို နရာပျံချိ၊ ချမ်းအိုးကို စတုစက်၊ ပြည့်ကို ဧကစက်၊ တိမ်ကြားနတ်ကို တိမ်ကြားမင်းကြီး၊ ပွဲတိုင်းထင်ကို ပျံချီစက်၊ ကြာကို သိမ်စက်၊ တောင်ကို ဒေဝစက်၊ ယောကျ်ားစက်မီးကို သိဒ္ဓိပျံချိ၊ မြတ်စံကို ယက္ခစက်၊ ပုကို သိကြားစက်၊ သာပေါ်ကို ပြဟ္မစက်၊ မြတ်ထွန်းအောင်ကို မနုစက်၊ တုတ်ကို မနုစက္ကသူ၊ ကျော်သူကို မနုစက္ကကျော်၊ ထွန်းညိုကို မနုစက္ကဝေ၊ ယောကျ်ားထင်ကို သူရပျံချိ၊ လွှမ်းသူကို မနုစကြာ၊ ကျော်လှကို မနုစက်မွန်၊ ရွှေထွန်းကို မနုစက်ရ၊ ထွေးမြကို မနုစက္ကသူ၊ ကျော်သူကို မနုစက္က၊ ထွေးကျော်ကို မနုစက်သွား အမည်သနားတော်မူသည်။

## ဟံသာဝတီက ရန်ကုန်မြို့သို့ စုန်တော်မူခြင်း

ဘဝရှင်အလောင်းမင်းတရားကြီး ဘုရားလည်း ဟံသာဝတီသုံးဆဲ့နှစ်မြို့၊ ပုသိန် သုံးဆဲ့နှစ်မြို့၊ မုတ္တမ သုံးဆဲ့နှစ်မြို့၊ ရာမညတိုင်း တလိုင်းသုံးရပ်လုံးကို သိမ်းယူတော်မူ၍ အရှေ့ဘက် တလွှား မြို့စားတို့နှင့် ရှမ်းပြည်, ယွန်းပြည်,ဂုံပြည်,ဇော်ဘွားမြို့စားအပေါင်းတို့က ရှိခိုးလက်ဆောင်တော်အဆက်အသ ခံတော်မူပြီးလျှင် သစ္စာတော်ပေး၍ ဟံသာဝတီနန်းတွင်နှစ်လခန့်စံနေတော်မူပြီးမှ ရှေးဦးက မိဘသားမယားနှင့်တကွ ကျွန်တော်ခံဝင်ရောက်လာသူ ဒေါဇွယ်ယစက်ကို ဗညားဒလဟူသော အမည်နှင့် မုတ္တမမြို့ခစာင့်ခန့်တော်မူသည်၊ပဲကူးမြို့ကိုလည်း သူပုန်သူကန်တို့ အခိုအမှီမပြုရအောင် ဖျက်ဆီးတော်မူခဲ့ပြီးလျှင် အဝမင်း သားတော် မြေးတော် ဆွေတော် မျိုးတော် မှူးဟောင်းမတ်ဟောင်း ကတော်မယား,သား,သမီး၊ ဟံသာဝတီမင်းကိုယ်တော်နှင့်တကွ မိဖုရား, သားတော်,သမီးတော်, ဆွေတော်, မျိုးတော်, အမတ်ဒေါဗညား သူဌေးသူကြွယ်၊ အရိယာသံဃာတော်, ပိဋကတ်စာထုပ်တထောင်ကျော်, အဝမင်းခမ်းတော်၊ဟံသာဝတီမင်းခမ်းတော်, မြန်မာအတီးအက၊ မွန်အတီးအက၊ ကျည်းအတီးအက၊ ပိဋကတ်ရွှေရေး, မင်ရေး, ကညစ်ရေးတတ်သသူ၊ ဗိသုကာတတ်သသူ၊ လက်သမားတတ်သသူ၊ ပန်းပုတတ်သသူ၊ ပန်းပွတ်တတ်သသူ၊ပန်းပဲတတ်သသူ၊ ပန်းထိမ်တတ်သသူ၊ ပန်းတဉ်းတတ်သသူ၊ပန်းရန်တတ်သသူ၊ပန်းတော့တတ်သသူ၊ ပန်းတမော့ တတ်သသူ၊ ပန်းချီ တတ်သသူ၊ အချုပ်တတ်သသူ၊ အတီးတတ်သသူ၊ ရွှေထည်,ငွေထည် လုပ်တတ် ယက်တတ်သသူ၊ ဆေဗ္ဗာတတ်သသူ၊ကျောက်သွေးဂုန္တန်တတ်သသူ၊အင်းမန္တယားဆေးဝါး လက်ဘွဲ့ ယတြာယာယီတတ်သသူ၊ အပေါင်းအကျစ်အကြော်အလှော်တတ်သသူ၊ ဆင်ဆေးသမား၊မြင်းဆေးသမား ကုလားပန်းသေး၊ ဆေးရေး ဆေးချုပ်တတ်သသူ၊ ရွှေဇာ, ငွေဇာ ခြယ်လှယ်ထိုးလုပ်တတ်သသူ၊အတတ်သည် ပညာသည်ဆိုသမျှကို ရွေးချယ် စိစစ်တော်မူပြီးလျှင် မရေတွက်နိုင်သော ဗိုလ်ပါဆင်မြင်း လက်နက်ကိရိယာဘဏ္ဍာတော်များကိုသိမ်းယူ၍၊ သက္ကရာဇ်(၁၁၁၉) တထောင့်တရာ့တဆဲ့ကိုးခု၊ ဝါဆိုလပြည့်ခကျော်နှစ်ရက်နေ့ ဟံသာဝတီနန်းတော်မှသည် အရှေ့တံခါးကထွက်တော်မူ၍ လက်ယာရစ်နန်းတော်တောင်ကို လှည့်ပြီးလျှင် မိုးနဲ့တံခါးကထွက်တော်မူသည်၊ ထိုနေ့ လေးချက်တီးကျော်တမောင်းကို ဟံသာဝတီ

က စုန်တော်မူသည်။ ။ထိုနေ့ည ကျွဲမအောက်သောင်ကြီးတွင်စံတော်မူသည်။ ။ရွှေဖောင်တော်တွင် အမည်သနားတော်မူသည်၊ ဇေတုနရာကို ဇေတုကျော်သူ၊ ငသာကို ဇေတုကျော်၊ ပေါင်းနှစ် အမည်သနားတော်မူသည်။ ။လပြည့်ကျော်သုံးရက်နေ့ စုန်တော်မူခဲ့၍ ဒလစွန်းတွင် စံတော်မူသည်၊ထိုတွင် ရန်ကုန်မြို့က မင်းရဲသင်္ခယာ, မင်းကျော်စည်သူ, လက်ယာဝေလု,တုရင်ပစ္စည်းတို့ ကြိုဆိုလာရောက်သည်။

## ရန်ကုန်ကဆန်တော်မူ၍ အခမ်းအနား ကြီးကျယ်စွာဖြင့် ရတနာသိင်္ဃမြို့တော်သို့ ဝင်ခြင်း

ရန်ကုန်မြို့တွင် မင်းကျော်စည်သူကို မြို့ဝန်၊ သီဟနန္ဒကျော်ကို ရေဝန်၊ သီဟရာဇကျော်, ရွှေတောင်ဒေဝတို့ကိုစစ်ကဲ၊ ဥဒိန်နန္ဒ,လက်ယာကုမ္ဘာ တို့ကိုနာခံ၊ဇေတုကျော်သူ,အိန္ဒကျော်သူတို့ကို စာရေးကြီး၊ကမ္ဘသိဃ္ဃည်းကို ဒေးဝန်းတိုက်စိုး၊ သင်္ခဝေသော်ကို ဒေးဝန်းတိုက်စာရေး၊ ရာဇမဒ္ဒရတ်, သီရိဘင်္ဂလွှန်တို့ကိုရာပြုတ်ခန့်ထားတော်မူ၍ လက်နက်ကိုင်လူသုံးထောင်, သေနတ်ငါးရာ, အမြောက်ကြီး ခုနစ်ဆယ်ကျော် ထားတော်မူသည်၊ ရန်ကုန်မြို့ဝန် မင်းကျော်စည်သူကို နေမျိုးနော်ရထာအမည်နှင့် ကွမ်းခွက်ရှစ်ထောင့်၊ တကောင်းပိတ်၊ ငွေထွေးအင်၊ ဓားနက်သံပတ် ခုနစ်တန့်၊ ကျောက်စိရင်းဖျားသက္ကဒါန်ဦး၊ ကျိုင်းဆင်စွယ်ချက်ပြည့် သနားတော်မူသည်၊ ဓားလုပ်ရန်, ကွမ်းခွက်လုပ်ရန်လည်း ရွှေရှစ်ဆယ် သနားတော်မူသည်၊ စစ်ကဲနှစ်ကို ဓားစိမ်းသံပတ် ငါးတန့်၊ ရွှေကျပ် လက်ဘက်အိုး သနားတော်မူသည်၊ လုပ်ရန် ရွှေလေးဆဲ့ခုနစ်ကျပ်စီ သနားတော်မူသည်၊ နာခံနှစ်ကိုလည်း ရွှေဓားဆောက်ပြည့် အိမ်ပြည့် သနားတော် မူသည်၊ လုပ်ရန် ရွှေလည်း တဆဲ့နှစ်ကျပ်နှစ်မတ်စီ သနားတော်မူသည်။

၎င်းဝါဆိုလပြည့်ကျော် ငါးရက်နေ့ ရန်ကုန်မြို့တွင် အမည် သနားတော်မူသည်၊ ဥဒိန်လက်ဝဲကို ဥဒိန်နန္ဒ၊ ငရှမ်းအိုကို စက်ထွတ်ဗလ၊ ငပန်းစံကို စက်ဘွတ်ဝေရ၊ လက်ယာဝေလုကို လက်ဝဲရွှေတောင်၊ ဗလစည်သူကို လက်ယာဂုဏ္ဍ၊ ရွှေတောင်ဒေဝကိုနန္ဒရွှေတောင်၊ နန္ဒဗာဟုကို ဗာဟုဂုဏ္ဍ၊ ငကျော်ထင်ကိုကမ္ဘသိဃ္ဃည်း၊ ငစံကို သင်္ခဝေသော်၊ ပေါင်းတဆယ် အမည် သနားတော်မူသည်။

၎င်းလပြည့်ကျော်ခုနစ်ရက်နေ့ ၎င်းနန်းတော်တွင် အမည်သနားတော်မူသည်၊ ငရာကိုစည်သူပျံထင်၊ ငအောင်ကို ဇလပျံထင်၊ ငကျိုင်းကို သီဟ

ပျံထင်၊ ငမွေးပုကို ဇောတပျံထင်၊ငစံဘော်ကို သိခ်ပျံထင်၊ ပေါင်း ငါး အမည်သနားတော်မူသည်။

ထိုဝါဆိုလပြည့်ကျော်ရှစ်ရက်နေ့ ဆံတော်ရှင်ဘုရားရှင်သို့ ရွှေယာဉ် စီးတော်မူ၍ ထွက်တော်မူသည်၊ မိဖုရားများမှာလည်း ရွှေယာဉ်နှင့်ချည်း နောက်တော်ကလိုက်ရသည်၊ ရောက်တော်မူလျှင် ကောင်းမှုတော် စရပ် တော်ကြီးအလုပ်အဆောင်ပြည့်မြှင်းခေါင်းနှင့်လက်သမားတရာ၊လွှသမား စိတ္တသိရိနှင့် လူသုံးရာကျော် ခန့်ထားတော်မူခဲ့သည်၊ ဆံတော်ရှင်ဘုရား စေတီတော်ကိုလည်း ရွှေမွမ်းတော်မူသည်၊ အထူးထူးသော ရွှေပန်း, ငွေပန်း, ရွှေပေါက်ပေါက်, ငွေပေါက်ပေါက်, ပတ္တမြားပေါက်ပေါက် ပူဇော်တော်မူသည်။

၎င်းနေ့ ထိုနန်းတော်တွင် အမည်သနားတော်မူသည်၊ ကုလားဒါဝတ် ကို စန္ဒာဟရတ်၊ငသာတက်ကို ဇနာဟရတ်၊၎င်းငပေါက်သျှူးကို ဒီပစတ္တံ ရတ်၊ ၎င်းအံထော်နီကို ဒေဟရာဇာ၊ ပေါင်းလေး အမည် သနားတော် မူသည်။

၎င်းကိုးရက်နေ့ အမည်သနားတော်မူသည်။ မင်းရွာတပ်ပါ ငထွန်း သာကို နရာပျံထင်၊ ငအောင်တောကို ဗန္ဓုပျံထင်၊ ငကျကို စန္ဒရော်မော် နီ၊ ကသည်းရွှေတံထိကို သီရိမန္ဒလီ၊ ၎င်းမင်းရွာတပ်ပါ ငချင်းကို သူရ ပျံထင်၊ မုံရွာသူကြီးသား ငငုံကို ရွှေတောင်ငယ်၊ ငပုံကို ကျော်သူပျံထင်၊ မြောက်သိမ်တော် သခင်တပ်တော်ပါ အမှုထမ်းလက်ဝဲတေဇကို ရဲခေါင် ပျံထင်၊ ရန်ထိပ်စက်ကို ဝဏ္ဏပျံထင်၊ ရဲထင်သီရိကို သိပ္ပပျံထင်၊ ရန်ထိပ် ကျော်ကို မဏိပျံထင်၊ ဇေယသူကို ဂဇပျံထင်၊ လက်ဝဲယော်မာကို ယက္ခ ပျံထင်၊ နတ်မောက်ဘကြီး ငထွေးကို လက်ယာဝဓန၊ ပြည်မြို့တိုက်မှူး ဟောင်း ငကောင်းကို ရာဇသေဌ၊ ရာဇစန္ဒရာကို ကျော်ခေါင်ပျံထင်၊ တုရင်ပျံချီကို တုရင်ပျံထင်၊ ငမြတ်ကို စန္ဒပျံထင်၊ ဗလကျော်သူကို ဗလ နန်သူ၊ ပေါင်း တဆဲ့ကိုး အမည်သနားတော်မူသည်။

၎င်းဝါဆိုလပြည့်ကျော် ဆယ်ရက်နေ့ မင်းရဲသင်္ခယာကို မင်းရဲသီရိ နော်ရထာ အမည် သနားတော်မူသည်။ မင်းရဲသီရိ နော်ရထာကား- ဘထွေးတော် မင်းကြီးညိုသူသား မောင်ရွှေမည်းတည်း။

ထိုနေ့ မင်းလှဉဒိန်ကျော်ကို ဗလကျော်စွာထင်၊ လက်ယာကြံသိုင်း ကို လက်ယာကျော်စွာ၊ ရွှေတောင်အိန္ဒသူကို ရွှေတောင်နန္ဒကျော်သူ၊ ဝေရကျော်ထင်ကို ကျော်စွာပျံထင်၊ ရန်အောင်ဇေယကို ပုညပျံထင်၊

တုရင်နန္ဒကို ဇာတိပျံထင်၊ ဥဒိန်ဗလကို သိဒ္ဓိပျံထင်၊ တုရင်စိတ္တကို စက္က
ပျံထင်၊ သိန္ဓုရာဇာကို ရာဇပျံထင်၊ ဂဇရန်နိုင်ကို နန္ဒပျံထင်၊ ဒေဝစန္ဒကို
ရွှေတောင်ပျံထင်၊ ဂဇစက္ကကို သူရိန်ပျံထင်၊ သူရယော်မာကို ဒေဝပျံထင်၊
ငမွေးကို စိတ္တပျံထင်၊ စန္ဒဝေကို သေနပျံထင်၊ ရာဇသိင်္ဂကို သီရိပျံထင်၊
ရဲထွတ်တင်ကို နတ်စက်ပျံထင်၊ အိန္ဒရဲထင်ကို လက်ဝဲပျံထင်၊ ငရွှေကန်ကို
လက်ယာပျံထင်၊ သောဘော်ကို ဝေလုပျံထင်၊ ငရွှေပြည့်ကို မဇပျံထင်၊
ငမြတ်စံကို ရန်အောင်ပျံထင်၊ ငစံထွန်းကို ရန်နိုင်ပျံထင်၊ ရန်နိုင်ကျော်
ကို တန်ဆောင်ပျံထင်၊ ငဝင်းကို ယော်မာပျံထင်၊ သင်းဘောသား
ကုလားဖြူလာစည်ကို စက္ကရာမကျော်၊ ဗဒုံမြို့သူကြီးသား ငမြတ်ကျော်
ကို သမန္တဝေသော်၊ ငရွှဲကို ငွေတောင်နရာကျော်၊ ငချင်းကို ငွေတောင်
နရာ၊ ပေါင်း သုံးဆယ် အမည်သနားတော်မူသည်။

ဗင်းဝါဆိုလပြည့်ကျော် တဆဲ့တရက်နေ့ အမည်သနားတော်မူသည်၊
ဂဇကျော်သူကို ရွှေတောင် တေဇကျော်သူ၊ ငပြည့်ဖြိုးကို မနုပျံထင်၊
ဗညားဒေဝကို ဗလကျော်သူ၊ ငတောကို စိတ္တသီရိ၊ သောဦးကို ရွှေ
တောင်အိန္ဒသူ၊ သင်းဘောသား စီလောင်ကျော်ထင်ကျော်ကို သီရိကေ
ရတ်ကျော်၊ လက်ဝဲကြီးသိုင်းကို ဗန္ဓုသေနကျော်ထင်၊ ငမြတ်ကို သိဒ္ဓိ
လက်ာ၊ တုရင်သာစည်ကို တုရင်သာစည်ကျော်၊ သေက်ရှည်ကို သဲပျံ
ထင်၊ ငပေါ်ထွန်းကို သာရပျံထင်၊ ရဲကျော်ဗလကို အာကာပျံထင်၊ ရွှေ
တောင်ကျော်စွာကို ရွှေတောင်ကျော်စွာကျော်၊ သီရိရွှေတောင်ကို ရွှေ
တောင်သီရိကျော်ထင်၊ ဗဟုဂုတ္တကို ဘယသေန၊ လက်ယာဂုတ္တကို လက်
ယာရွှေတောင်၊ နဝဲသိဒ္ဓိကို ရွှေတောင်နဝဲ၊ ငရွှေရည်ကို သာရပျံထင်၊
သောဖြိုးကို သိဒ္ဓိကျော်သူ၊ သေင်းကို ကိတ္တိပျံထင်၊ ငထင်ကို နဝပျံထင်၊
ငသာကို ဒီပပျံထင်၊ ငမွေးကို သိပ္ပပျံထင်၊ မြတ်လှကို တိဿပျံထင်၊ငရွှေ
အောင်ကို သတ္တပျံထင်၊ ငပုကို သကျပျံထင်၊ ငဝကို ဝေသော်ပျံထင်၊
သူရိန်ဗလကို တေဇပျံထင်၊ ငမြတ်ကို မဏိစိန္တ၊ လက်ယာ ကုမ္ဘဏ်ကို
လက်ယာ ဒေဝကျော်ထင်၊ မောင်းထောင်သူကြီး သမန္တဗလကို သမန္တ
ဗလကျော်သူ၊ ငချစ်ထွေးကို သမ္မပျံထင်၊ ငတုတ်လှကို ရာမပျံထင်၊မဟာ
မလ္လာကျော်ကို ဒီပဂုဏကျော်သူ၊ ငထင်ကျော်ကို ရမ္မပျံထင်၊ ငဖြိုးလှကို
ရန္တပျံထင်၊ အမြောက်စာရေး ဇေယသမန်ကို လက်ဝဲဂုဏ ရွှေတောင်၊
ငအောင်ကို ဂုဏ္ဏပျံထင်၊ စိတ္တလက်ာပျံချီကို သိဒ္ဓိဗလကျော်ထင်၊ ပေါင်း
သုံးဆဲ့ကိုးအမည် သနားတော်မူသည်။

ဝါဆိုလပြည့်ကျော် တဆဲ့နှစ်ရက် အင်္ဂါနေ့ ရန်ကုန်မြို့က ရတနာရွှေဖောင်တော်ကြီးနှင့် ဆန်တော်မူသည်။ ။ရန်ကုန်ကသည် တက်သစ်ရွာ တစခန်း၊ ပန်းလှိုင်တွင် တစခန်း စသည်ဖြင့် ဆန်တော်မူလျှင် သင်းဘောတော်, လက်နက်တော်, ဘဏ္ဍာတော်, တိုက်လှေတော်၊ ဝန်လှေတော်ကို ဝန်တင်၍ ဆန်တော်မူသည်။ မနုဖြူသို့ဝါခေါင်လဆန်းခြောက်ရက်နေ့ ရောက်သည်။ ။ခုနစ်ရက်နေ့ ဟိုင်းကြီးကျွန်း သင်းဘောတော် ဆိပ်က ကုမ္ပဏီနှင့် ကပ္ပိတံတို့က လက်ဆောင်တော် အမြောက်ကြီး ကြေးရထား အမြောက်တင်နှစ်၊ လက်စွဲတော်ရ သေနတ်ကြီးငယ်ခုနစ်၊ သတ္တုလတ်အုပ် ထုပ်ရေငါး၊ သေနတ်ဆေး စည်နှင့် ငါးဆယ်ကို မင်းခေါင်နော်ရထာ၊ စည်သူနော်ရထာ၊ နန္ဒသီဟကျော်ထင်၊ မင်းကျော်အာကာတို့ကြပ်မ၍ ဆက်သည်။ ၎င်းတို့နှင့် မြောက်အိမ်တော် သခင်ဘုရား တိုက်လှေတော်စီး သိဒ္ဓိကျော်ထင်၊ဒေဝရဲသူကျော်တို့ကို တိုက်လှေပေါင်းရှစ်စင်းနှင့်၊ သင်းဘောတော် အဆောင်အကြပ် အဆွဲအငင် အစီရင်ခန့်တော်မူ၍ ဆန်တော်မူသည်၊ဝါခေါင်လဆန်းတဆဲ့သုံးရက်နေ့မြန်အောင်မြို့တော်သို့ ရောက်တော်မူသည်။

လဆန်း တဆဲ့လေးရက်ခနေ့ မြန်အောင်မြို့တွင် ရွှေဘုံသာကောင်းမှုတော်ကို သာဓုအနုမောဒနာ ခေါ်တော်မူသည်၊ သံဃာတော်များစွာပင့်၍ ပရိက္ခရာရှစ်ပါး အသုံးအဆောင်များစွာ လှူတော်မူသည်၊ ထိုမြန်အောင်နန်းတော်တွင် စံတော်မူစဉ်၊ ဟင်းသာတနန်းတော်ရာစေတီတော် ဘိနပ်တော် သံနှစ်ဆယ်, ရပ်တော် သံလေးဆယ်၊ဌပနာသွင်းရန် ရွှေငွေမာတ်တော် မွေတော်များစွာ၊ရေကင်းနန်းတော်ရာ စေတီတော်ဘိနပ် သံနှစ်ဆယ်၊ ရပ်တော် သံလေးဆယ်၊ ဌပနာသွင်းရန် ရွှေငွေ မာတ်တော် မွေ့ခတော်များစွာ၊ မြန်အောင်နန်းတော်ရာစေတီတော် ဘိနပ်သံနှစ်ဆယ်၊ ရပ်တော် သံလေးဆယ်၊ ဌပနာသွင်းရန် ရွှေ ငွေ မာက်တော် မွေတော်များစွာ ထိုအရပ်သူကြီးတို့ကို ပေးအပ်တော်မူခဲ့သည်၊ ၎င်းနေ့မြန်အောင်မြို့က ချီတော်မူ၍ ဝါခေါင်လပြည့်ကျော် နှစ်ရက်နေ့ ပြည်မြို့သို့ ရောက်တော်မူသည်၊ ပြည်မြို့မြောက် စံနန်းတော်တွင် စံတော်မူသည်၊ လပြည့်ကျော်သုံးရက် ထိုနန်းတော်တွင် စံတော်မူကြိုက်၊ ပြည်မြို့ အစီရင်စာရေးစချီပဟောင်းတို့ကို အရိုးအရာ ရွေးစစ်တော်မူ၍၊ လက်ယာမွေ့ကို စာရေးကြီး၊ ရွာပိန်သူကြီး ငစံညီကို တိုက်စိုး၊ ဇေယကျော်ထင်ကို စာရေးကြီး၊

တပင်သကာစားကို အရာတော်စစ်၊ ရာဇကျော်ထင်ကျော်ကို လမိုင်း စာရေး ခန့်တော်မူသည်။

ဝင်းဝါခေါင်လပြည့်ကျော် ငါးရက်နေ့ နံနက်တချက်တီးကျော်တွင် ပြည်မြို့က ချီတော်မူသည်၊ တော်သလင်းလဆန်း ရှစ်ရက် တနင်္ဂနွေနေ့ တချက်တီးကိုရတနာပူရမြို့တော်သို့ ရောက်တော်မူသည်၊ ထိုနေ့ညအင်းဝ မြို့ နန်းတော်တွင် စံတော်မူသောအခါ ဟံသာဝတီရောက်မင်းသမီးတော် မင်းမြတ်စွာသည် လှေမှာအနိစ္စရောက်၍ လေသာတံခါးဆိပ်ဖောင်လှေ ကသည် သန်လျင်းနှင့်ဆောင်၍ လေသာတံခါးက သွင်းတော်မူပြီးလျှင် အင်းဝနန်းတော်တွင် လွှတ်တော်အရှေ့မြောက် အထက်နန်းမတော် မိဖု ရားကို သင်္ဂြိုဟ်သည့်အရာ၌ မိဖုရားကြီးတို့ကို သင်္ဂြိုဟ်သည့်နည်း ထီးဖြူ သုံးစင်းအုပ်၍ သင်္ဂြိုဟ်သည်၊အင်းဝတွင် ငါးရက်စံတော်မူ၍ တောင်ဘက် ကိုးခရိုင် ဆည်တော် မြောင်းတော် ကန်တော်များကို အပြုအစု အစီ အရင်ခန့်ရန်တော်မူခဲ့၍၊ သက္ကရာဇ် (၁၁၁၉) တထောင့်တရာ့တဆဲ့ကိုး ခု၊ တော်သလင်းလဆန်း တဆဲ့သုံးရက် သောကြာနေ့ နံနက်လေးချက် တီးကျော် သုံးမောင်းတွင် ရတနာပူရအင်းဝမြို့တော်ကဆန်တော်မူသည်။

တော်သလင်းလဆန်းတဆဲ့ငါးရက်၊တနင်္ဂနွေနေ့,နေ့နှစ်ချက်တီးကျော် အချိန်တွင် မင်္ဂလာကျောက်မြောင်းမြို့တော်သို့ ရောက်တော်မူသည်။ ။ ကျောက်မြောင်းမြို့တော်တွင် ဆယ်ရက် စံတော်မူ၍ တိုက်လှေ ဝန်လှေ ကျွန်တော်မျိုးအပေါင်း အရောက်စုံညီအောင် ဆင်လုံး မြင်းရင်း ကြည်း ရေအရောက် ငံ့လင့်၍ စံပယ်တော်မူသည်၊ ရွှေမြို့တော်ကလည်း အရှင် မိဖုရားခေါင်ကြီး, သမီးတော်, ကိုယ်လုပ်တော်တို့ ကြိုလာရသည်။

လပြည့်ကျော်ဆယ်ရက် ဗုဒ္ဓဟူးနေ့ ရတနာသိင်္ဃမြို့တော်သို့ ချီတော် မူသည်၊ အစီအစဉ်ကား….ရွှေဖျား ဘုရားသခင့်စွယ်တော်မြတ်တင် ဆင် တစ်၊ ထိုနောက် ဘုရားသခင့် သဝိတ်တော်တင် ဆင်တစ်၊ ထိုနောက် အလောင်းစည်သူ ရွှေဂူဘုရား ဆပ်းတုတော်တင် ဆင်တစ်၊ ထိုနောက် မြတ်ပေါင်းမဥ္ဇူတင် ဆင်တစ်၊ ထိုနောက် ရွှေငွေရတနာတင်သည့် ဆင် နှစ်ရာ၊ ထိုနောက်စမြောင်နှစ်၊ ထိုနောက်စည်တော်စုံ၊ အောင်စည်တော်, အောင်ယံတော်· ထိုနောက် ရွှေဝင်းစချီနှင့် ရွှေလှံကိုင် ကောင်ဟန် တရာ၊ ထိုနောက် လက်ယာဝင်းမှူးနှင့် ရွှေလှံကောင်ဟန်တရာ၊ ထိုနောက် လက်ဝဲဝင်းမှူးနှင့် ရွှေ လှံကောင်ဟန်တရာ၊ ထိုနောက် နောက်ဝင်းစချီနှင့် ရွှေလှံကောင်ဟန်တရာ၊ ထိုနောက် ရွှေးသေနတ် သွေးသောက်ကြီးတို့နှင့်

သေနတ်သုံးရာ၊ ထိုနောက် လက်ဝဲတော်က လက်ဝဲကြောင်း သေနတ်လုလင်သုံးရာ၊ လက်ယာတော်က လက်ယာကြောင်း သေနတ်လုလင်သုံးရာ၊ထိုနောက်လက်ဝဲလက်ယာရွှေလေးတော်ခုနစ်ရာ၊ထိုနောက်သဥ္စာလီတော်တင် ဆင်တော်တစီး၊ ထိုနောက်ပေါင်းဝန်းတော်တင်ဆင်တစီး၊ ထိုနောက် စီးတော်ဆင်ပလာရွှေကြိုးနှင့်နှစ်၊ ထိုနောက်လက်ဝဲလက်ယာကျိုင်းတော်တဆွဲခြောက်၊ ထိုနောက် ထီးဖြူတော်ရှစ်၊ ထိုနောက်အကြားအကြားတွင်ချပ်၍လိုက်ရသည် ယပ်မားတော်ရှစ်,မားလိုက်ရှစ်၊ထိုနောက်အရိန္ဒမာရွှေလှံတော်၊ ထိုနောက် လက်သုံးတော် ပတ္တမြားစီမားတစ်၊ ထိုနောက် လက်စွဲတော်မား၊ ထိုနောက် ကိုယ်တော်မြတ်ရတနာကိုးပါးဖြင့်ပြီးသော ဆန်းကြယ်စွာသော ကြိုးကတန်ဆာဖြင့် ဆင်ယင်သော ပတ္တမြားစီကတော်တင်သောမြင်းတော် နတ်ယာဉ်ကျော်ကို စီးတော်မူသည်။ ၎င်းမြင်းတော် နောက် ယာဉ်တော်တွင် မင်းခမ်းမင်းနား အဆောင်တော်ကိုင်၊ လေးဆယ်တော် ငါးဆယ်တော် လူပျိုတော် ကွမ်းရေတော်ကိုင်၊ ထိုနောက် အရှင်မိဖုရားခေါင်ကြီး စီးခတော်မူသည့်သုံးထပ်ရွှေယာဉ်တော်၊ ထိုနောက် အရှင်မိဖုရားခေါင်ကြီး အဆောင်တော်နှင့် ကိုယ်လုပ်တော်စု၊ ထိုနောက် သမီးတော် သခင်သီရိပဒုမာစီးတော်မူသည့် ယွန်းဆင့်ရွှေယာဉ်တော်၊ ထိုနောက် သမီးတော် သခင် သီရိပဘာစီးတော်မူသည့် ယွန်းဆင့်ရွှေယာဉ်တော်၊ ထိုနောက် သမီးတော် သခင်သီရိမလ္လာစီးတော်မူသည့် ယွန်းဆင့်ရွှေယာဉ်တော်၊ ထိုနောက် အရှင်မိဖုရားခေါင်ကြီးဘုရား အစ်မတော်သမီး သီရိဝဏ္ဏစီးတော်မူသည့် လည်ပေါ်ဆောင်ရွှေယာဉ်တော်၊ ထိုနောက် ထွတ်ချာဒေဝီ အရှင်မိဖုရား စီးတော်မူသည့်ရွှေယာဉ်တော်၊ ထိုနောက် ဟံသာဝတီ တပင်တိုင်အရှင်မိဖုရားစီးတော်မူသည့်ရွှေယာဉ်တော်၊ ထိုနောက် အဝမင့်းသမီး သခင်မင်းရွှေကြာ စီးတော်မူသည့် ရွှေယာဉ်တော်၊ ထိုနောက် ညီမတော် သခင်မင်းမင်္ဂလာစီးတော်မူသည့် ရွှေယာဉ်တော်၊ ထိုနောက် မဏိပူရမင့်းသမီး မဟာဒေဝီစီးတော်မူသည့် ရွှေယာဉ်တော်၊ထိုနောက် ညီမတော် ရာဇာဒေဝီစီးတော်မူသည့် ရွှေယာဉ်တော်၊ ထိုနောက် စန္ဒာမဟေရှင်မိဖုရားစီးတော်မူသည့် ရွှေခြယ်ယာဉ်၊ထိုနောက် နန္ဒာမဟေရှင်မိဖုရားစီးတော်မူသည့် ရွှေခြယ်ယာဉ်၊ ထိုနောက် ဝဏ္ဏာမဟေရှင်မိဖုရား စီးတော်မူသည့် ရွှေခြယ်ယာဉ်၊ ထိုနောက် မလ္လာ၊ ထိုနောက် သီပေါစောဘွားသမီး၊ ထိုနောက် မိုးမြိတ်စော်ဘွားသမီး၊ ထိုနောက် ဗန်းမော်စော်ဘွားသမီး၊ ထိုနောက် သောင်

သွပ်ပေါ်မိုင်းသမီး၊ထိုနောက် မင်းကိုယ်လုပ်တော်အမည်ရကြီး၊ထိုနောက် မင်းကိုယ်လုပ်တော်အမည် ရလတ်၊ ထိုနောက် မင်းကိုယ်လုပ်တော်အမည် ရငယ်၊ ထိုနောက် အပျိုတော်မြင်းသည်သမီး ပွဲတော်ကောက်၊ အကြီးတော် မင်းထိမ်းမင်းယအချီတော်၊ထိုနောက် မှူးတော်မတ်တော် ကတော် မယားစုတို့ အသီးအသီး သနားတော်မူသည့် အဆောင်အရွက်နှင့် လိုက်ကြရသည်၊ ထိုနောက် သခင်သီရိသုဓမ္မရာဇာတပ် မြင်းငါးရာ, သေနတ်တထောင်, လက်နက်ကိုင်နှစ်ထောင်၊ ထိုနောက် သခင် သီရိဓမ္မရာဇာတပ် မြင်းငါးရာ,သေနတ်တထောင်,လက်နက်ကိုင်နှစ်ထောင်၊ထိုနောက် သခင် သတိုးမင်းလှကျော် မြင်းငါးရာ, သေနတ်ငါးရာ, လက်နက်ကိုင် တထောင်၊ ထိုနောက် သခင် သတိုးမင်းလှရွှေတောင် မြင်းငါးရာ, သေနတ်သုံးရာ, လက်နက်ကိုင် တထောင်၊ထိုနောက် မှူးတော်မတ်တော် ဗိုလ်မှူးတပ်မှူးစု တထောင်,သေနတ်နှစ်ထောင်,လက်နက်ကိုင် ငါးထောင် လက်ဝဲလက်ယာ၊ ထိုနောက် ညီတော် သတိုးသိမ်သူတပ်၊ မြင်းသုံးရာ, သေနတ်ငါးရာ,လက်နက်ကိုင် တထောင့်ငါးရာ၊ စစ်အင်္ဂါလေးပါး ခြံရံလျက် သိကြားနတ်မင်း၏ အသရေကဲ့သို့ တင့်တယ်စွာ ချီတော်မူသည်၊ ထိုနေ့ အုန်းဘောက်တဲနန်းတော်တွင် ပွဲတော်တည်တော်မူသည်။ ထိုကသည် မင်းရွာသို့ရောက်တော်မူလျှင် ရွှေမြို့တော်က မှူးတော် မတ်တော် ပုဏ္ဏား သူဌေး သူကြွယ်တို့ အထူးထူးသော ဆက်သရန်နှင့် ဆီးကြိုဆက်သသည်။ ၎င်းမင်းရွာတွင် ရွှေမြို့တော်ကကြိုသည့် ရတနာဝေါတော်ကြီးကို စီးတော်မူသည်။ ရှေ့တော်ကဝေါတော်ဦးစီး၊ လက်ဝဲတော်က ထွတ်ချာဒေဝီ အရှင်မိဖုရား၊ လက်ယာတော်က ဟံသာဝတီ တပင်တိုင်အရှင်မိဖုရား၊ ၎င်းနောက် လက်ဝဲတော်က သမိန်ထောအမည်ခံ၍ မင်းမူသောဆင်ကျားရှင် သမီး နှင်းကေသရာ၊ ၎င်း လက်ယာတော်က ဗန်းမော်စော်ဘွားသမီး၊ ရွှေယပ်တော်ခပ်၍ လိုက်ရသည်။ ဝေါတော်မှာ ရွှေမြို့တော်သား ကျွန်တော်ရင်းတို့ ထမ်းရသည်။ ဝေါတော်ရှေ့တွင် ဝေါတော်ပေါင်ကိုကိုင်၍ လက်ဝဲတော်က လက်ဝဲနော်ရထာ၊လက်ယာတော်က မင်းကြီးနော်ရထာတို့ လိုက်ရသည်။ နေလည်းမပူ၊ လေပြင်းလည်းမလာ၊ ချမ်းဧးသာယာစွာ ရွှေမြို့တော် ရွှေနန်းတော်သို့ ရောက်တော်မူသည်။ ။ထိုသို့ ရွှေနန်းတော်သို့ ဝင်ရောက်စံပယ်တော်မူသောအခါ တင့်တယ်သည်ကား-တာဝတိံသာ ဝေဇယန္တာရွှေနန်းပြာသာဒ်သခင် သိကြားနတ်မင်းသည် ကြီးစွာသော အသူရာရန်စစ်သည်ကိုအောင်မြင်တော်

မူ၍ တာဝတိံသာနန်းမြို့သို့ များလှစွာသော နတ်သမီး,နတ်သား, နတ်စစ်သည်အပေါင်း ခြံရံလျက် တင့်တယ်စံပယ်စွာ ဝင်တော်မူသကဲ့သို့ အလွန်လျှင် တင့်တယ်စွာသတည်း။

## မြို့တော်ကို အသစ်ခဲ့ချထွင်တည်၍ ပြုပြင် လုပ်ဆောင်ရန်များ ပြုပြင် လုပ်ဆောင်တော်မူခြင်း

ရွှေမြို့တော် ရွှေနန်းတော်သို့ ရောက်တော်မူလျှင် မြို့တော်အတွင်းပြင် စေတီပုထိုး ရှိရှိသမျှ ရုပ်တုတော် မွေတော် ဓာတ်တော်မြတ်တို့ဝယ် များစွာသော ပူဇော်သက္ကာရဖြင့် ပူဇော်တော်မူသည်။ ပွဲကြီးသဘင် ခံတော်မူသည်။ အမှုတော်ထမ်း ကျွန်တော်မျိုးတို့အား အထိုက်အလျောက် အရာအထူး အဆောင်အရွက် သနားတော်မူသည်။ မြို့ကျေးရွာ အထိန်းအအုပ် အချုပ်အကိုင် စိစစ်ရွေးချယ်၍ ပန္နပွန်စီးပွား သံသရာစီးပွားနှစ်ပါး မြော်မြင်သူ,အမှုကိုမည့်သူတို့ကို သနားတော်မူ၍ ဖြစ်ပွားစည်ပင် အောင် ပြုစုရသည်။

ရဟန်းသံဃာ အရိယာသူမြတ်တို့အားလည်း ဘုရားသခင့် သာသနာတော် စည်ပင်ပြန့်ပွား ထွန်းလင်းမည့် အကြောင်း ပရိယတ် ပဋိပတ်ကို အားထုတ်၍ ဖြည့်စွမ်း သင်ကြားပို့သမည့်အကြောင်းကို မင်းတရားကြီး အမိန့်တော်စာ ဓမ္မကံကြောင်းနှင့်အညီ စီကုံးသည့် အမိန့်တော်ပြန်တမ်းကြီးဖြင့် ကျောင်းတိုက်နေဆရာတော်တို့ကို မူးတော်မတ်တော်တို့လျှောက်ရသည်။

ထိုအခါ ရွှေပြည်တော်၌ လူသူများလှသောကြောင့် မင်းမူးမင်းမတ်သူရဲသူခက် ရဲမက်ဗိုလ်ပါ သူဌေးသူကြွယ် ထင်ရှားသူတို့ပင်သော်လည်း မြို့တွင်းဝယ် မဆံ့နိုင်အောင် ရှိလေလျှင် အစောက် တဆွဲ ငါးတောင်အနံ တာ နှစ်ဆယ်ရှိသောကျုံး၊ တာဝန်း လေးထောင့် လေးရာရှိသောမြို့၊ မုတ်ဘီ,ဒဝယ်,ယွန်းငါးဆက်ရှိသော တံခါးလေးဆယ်၊ ဘုံခုနစ်ဆင့်ရှိသော ပြတန်ဆောင်းနှင့်တကွ သက္ကရာဇ် (၁၁၁၉) တထောင့်တရာ့တဆဲ့ကိုးခု တန်ဆောင်မုန်းလဆန်း တဆဲ့သုံးရက် တနင်္လာနေ့ ညနေ သုံးချက်တီးကျော် သုံးနာရီ,နှစ်ပါဒ်,တဗီဇနာ,တပြန်,လေးခရာ,တဆဲ့သုံး ဆဝါးရသောအခါ မိန်တွင် လက်နှင့် တနင်္လာ၊ ကြကင့်တွင် အင်္ဂါ, ရာဟု၊ တူတွင် တနင်္ဂနွေ,ဗုဒ္ဓဟူး၊ ဗြိစ္ဆာတွင် ကြာသပတေး, သောကြာ၊ မကာရတွင် စနေကြိုက်လျက် မြို့တော်ကြီး အသစ်ဖွင့်၍ တည်ပြန်ရသည်။

ဘဝရှင် အလောင်းမင်းတရားကြီးဘုရားလည်း ရွှေမြို့တော် အရှေ့မြောက် သာယာလှစွာသော ကုန်းမြေ၌ စည်းခုံပုထိုး တည်တော်မူမည်ဟု ကြံရည်တော်မူရင်းရှိ၍ ဆရာတော် သံဃာတော်, ရဟန်း ပညာရှိ, ပုဏ္ဏားပညာရှိ, မှူးတော် မတ်တော် ပညာရှိတို့နှင့် တိုင်ပင်နှိုင်းရှည့်တော်မူပြီးလျှင် အဇာတသတ်မင်း လက်ထက် ဘုရားရှင့် ဓာတ်တော်များကို စုရုံး ပင့်ဆောင်၍ တပေါင်းတည်း စေတီ တည်ထား ကိုးကွယ်သကဲ့သို့ မြန်မာပြည်အလုံး ရာမညတိုင်း တလိုင်းသုံးရပ်, ရှမ်းပြည်, ဂုံပြည်တို့၌ မင်းစဉ်မင်းဆက် ကိုးကွယ်သော ဓာတ်တော်၊ ရဟန်းကြီး, သံဃာကြီးတို့ ဆရာစဉ်ဆရာဆက်ကိုးကွယ်သော ဓာတ်တော်တို့တွင် စေတီပုထိုးတည်၍ ဌာပနာသွင်းပြီးသော စေတီပုထိုး ထင်ရှားရှိသော ဓာတ်တော်များကိုသာ ချန်ထား၍ ပြိုပျက်ဖလေပြီးသော စေတီပုထိုးရာတို့၌ ကိန်းဝပ် ရှိသည့် ဓာတ်တော်, စေတီပုထိုး၌ ဌာပနာမသွင်း အနီး အပါး သင့်ရာ ကိန်းဝပ်စေ၍ သင်ပုပ်ရေချမ်းနှင့် နိစ္စဓူဝကိုးကွယ်သော ဓာတ်တော် မွေတော်စစ်များကို စုရုံးပင့်ဆောင်တော်မူသည်။ ဓာတ်တော်စုရုံးမိလျှင် ဌာပနာ၍တည်တော်မူသော မြို့တော်ကြီး အရှေ့မြောက်ထောင့် အတွင်း ကြံရည်တော်မူရင်း ကုန်းမြေပြင်တွင် သက္ကရာဇ် (၁၁၁၉) တထောင့်တရာ့တဆဲ့ကိုးခုနှစ်တော်လဆန်း ကိုးရက် တနင်္ဂနွေနေ့ကစ၍ စည်းခုံတော် တည်ရပ်မြေကိုညှိရသည်။ စေတီတော်တည်ရပ် ဇုန္နသာလာ ကုန်းအမြင့် တဆဲ့ခုနစ်တောင်ရှိသည်ကို ကုန်းခြေတွင်ရစ်၍ နက်စွာအုတ်မြစ်ချလျက် အုတ်စီခင်းသည်။ အမြင့် ငါးတောင်ရောက်မှ ကျောက်ချပ် စီသည်၊ ကျောက်မှာ အလျားနှစ်တောင့်တမိုက် လေးသစ်, အနံ တတောင့်တမိုက်လေးသစ် ရှိသည့် ကျောက်ကိုသာ စီခင်းရသည်။ ထိုအောက် လျော့သည့်ကျောက်ကို မစီမခင်းရ၊ အမြင့်ဆယ်တောင်ရှိလျှင် ကုန်းထိပ်မြေကို ညီအောင်ညှိ၍ ကုန်းတွင် ဘိနပ်တော်ရာ စတုရန်းသံတောင် တရာ့ရှစ်ဆယ် မြေကိုစံနစ်တော်မူသည်။

၎င်း နတ်တော်လဆန်း တဆဲ့သုံးရက်နေ့ မဟာပိန္နဲ ပူဇော်ရန် ရထားသွင်း၍ ပူဇော်သည်၊ ငွေသုံးပိဿာ, ဖျင်တဆယ်၊ မတ်စေ့နှစ်ရာ့ ငါးဆယ်မှာ ကြဲရသည်၊ ငွေနှင့်ဖျင်မှာ ဆုချသည်။ ။နတ်တော်လပြည့်ကျော်ကိုးရက်နေ့ မိုးမြိတ်စော်ဘွားသားငဦးကို မိုးမြိတ်မြို့သို့ အအုပ်ခန့်၍ သွားစေသည်။ ။ရတနာသိင်္ဃ ကုန်းဘောင် ရွှေပြည်တော်ကြီးတွင်ရဲရောင် မြန်မာသူတို့ကို ရွေးစစ်တော်မူ၍ ရသည့်လူပေါင်း တရာ့ရှစ်ကို

လည်း ၎င်းနေ့ သေနတ်အစု ဖွဲ့တော်မူသည်၊ ဆုတော်ငွေလည်း တကိုယ်လျှင် သုံးဆယ်စီ သနားတော်မူသည်။

သားတော်အကြီး အိမ်ရှေ့မင်းနှင့် သက္ကရာဇ် (၁၁၁၅) တထောင့်တရာ့တဆဲ့ငါးခုနှစ်ကစ၍ သူကောင်းဖြစ် အမှုတော်ကိုထမ်းရင်း တရာ့ခုနစ်ဆဲ့သုံး ကံကျေးခံ ဒီပဲယင်းမြို့နှင့် အဝင်အပါ ကျေးရွာတပြင်၊ ပန်းတိမ်းမပဲမြို့ ရွာသူကြီးတို့မှာ ရဲရောင် မြန်မာသူတို့ကို ရွေးချယ် ခန့်ထားပေးအပ်ရမည် တောင်းယူ၍ ရသည့် လူပေါင်း ငါးရာ့နှစ်ဆဲ့ရှစ်၊ နှစ်စုလူခုနစ်ရာ့တစ်ကိုလည်း စက္ကသိဒ္ဓိကျော်၊ ငမြတ်စံကြီး၊ ငရာ၊ ရဲခေါင်ပျံချီကျော်၊ ငရွှေအောင်၊ ငတုတ်၊ ငခဲ၊ စက္ကသီရိ၊ စက္ကဝဏ္ဏ၊စန္ဒပျံထင်၊ စက်ထွတ်ဗလ၊ ပျံချီနန္ဒရတ်တို့ကို သွေးသောက်ကြီးခန့်၍ ၎င်းနေ့ အိမ်ရှေ့နောက်တော်ပါ သေနတ်စုဖွဲ့တော်မူသည်။

သားတော်မြေဒူးမင်းသားနှင့် သက္ကရာဇ် (၁၁၁၅) တထောင့်တရာ့တဆဲ့ငါးခုနှစ်ကစ၍ အမှုတော်ကိုထမ်းရွက်သူ စက်ထွတ်ရဲသူ၊ စက်ထွတ်ကျော်, စက်ထွတ်ကွင်း, စက်ထွတ်လှတို့ သူကောင်းဖြစ်အမှုထမ်းတရာ့နှစ်ဆဲ့ကိုး၊ သားတော်ကံကျေးခံ စလင်းမြို့၊ မြေဒူးမြို့၊ ခင်ဦးမြောက်ပြင်တောင်ပြင် ကျေးရွာသူကြီးတို့မှာ ရဲရောင်မြန်သူတို့ကို ရွေးချယ်ပေးအပ်ရမည် ခန့်ထား၍ ရသည့်လူပေါင်း သုံးရာ့ခုနစ်ဆဲ့တစ်၊ နှစ်စုလူပေါင်း ငါးရာကိုလည်း စက်ထွတ်သူ၊ စက်ထွတ်နင်း၊ စန္ဒဗလ၊ လက်ဝဲသရေ၊ စက်ထွတ်နိုင်၊ စက်ယွတ်နေ၊ စက္ကနရာသူတို့ကို သွေးသောက်ကြီး ခန့်၍ သေနတ်စုဖွဲ့တော်မူသည်။ ။ညီခဲ့, ငပိုက်တို့ လူသုံးဆယ်ကိုလည်း ဘုန်းတော်ဖြစ်အစုဖွဲ့တော်မူသည်။ ။၎င်းလပြည့်ကျော် တဆဲ့နှစ်ရက်နေ့၊ ညတချက်တီးကျော် ငါးမောင်းတွင် ရွှေနန်းတော်ပြာသာဒ် ထီးချက်တော်က မီးပန်းကဲ့သို့ ရှစ်မျက်နှာအရောင်ထွက်သည်။

## စည်းခုံတော်ကို အုတ်မြစ်ချ၍ ကွေ့လဝတို့ကို သိမ်းယူရန် စစ်သည်များ လွှတ်ခြင်း

ကောင်းမှုတော် တည်လုပ်မည် မှာလည်း မြေကို အနက်ငါးတောင်ကျအောင်စံနစ်၍ ညီညွတ်လျှင် သက္ကရာဇ် (၁၁၁၉) တထောင့်တရာ့တဆဲ့ကိုးခု ပြာသိုလဆန်း နှစ်ရက် တနင်္ဂနွေနေ့ နှစ်ချက်တီးကျော် မိန်လက်၊ ဓနုတွင် တနင်္ဂနွေ, တနင်္လာ၊ ကြကင့်တွင်, အင်္ဂါ,ရာဟု၊ ဗြိစ္ဆာတွင် ဗုဒ္ဓဟူး, ကြာသပတေး၊ မကာရတွင် သောကြာ, စနေ၊အင်္ဂါတြင်း၊ ကြာ

သပတေးနဝင်း၊ နက္ခတ် နှစ်ဆဲ့ခြောက်လုံး တပါဒ်ထက်လက်စီးလျက် ကောင်းမြတ်သော မင်္ဂလာအခါတော်၌ စည်းခုံတော်၊ ရွှေအုတ်၊ ငွေအုတ် စ၍ စီခင်းတော်မူသည်၊ ကောင်းမှုတော်တွင် လုပ်ဆောင်ရန် ရှိသမျှကို စီရင်မှတ်သားရမည်ဟုလည်း လက်ဝဲရန္တမိတ်၊ ဒေဝ ဗလကျော်သူတို့ကို ဝန်၊ စန္ဒကျော်သူကိုစာရေးခန့်တော်မူ၍ အတွင်းကိုအုတ် ပြင်ကိုကျောက် ဖွေစပ်ကောင်းမွန်စွာ ပွတ်ချောဆတ်လုပ်၍ စီခင်းရသည်။

ထိုနှစ် ပြာသိုလဆန်း သုံးရက်နေ့ ပုဂံငှက်ပစ်တောင်ကြီး ကျောင်းကို အဘယဌာန ငှက်ပစ်တောင်ကြီးဟု သမုတ်တော်မူသည်။ ။ပြာသိုလ ဆန်းတဆဲ့သုံးရက်နေ့ ငွေစင်ချောင်းရေ ငါးရာကို ဟံသာဝတီ ရွှေမော်ဓောစေတီတော်အတု သွန်းတော်မူသည်။ ။၎င်းနေ့ ရွှေဂူကြီး ဘုရားကို ထီးချရားသီးမှစ၍ ရွှေမွမ်းတော်မူသည်။ ။၎င်းနေ့ မြို့တော်အရှေ့ မျက်နှာတံခါးကို ကျောက်စ၍စီသည်။ ။၎င်းနေ့ မင်းခမ်းတော်ရတနာ ပန်းတောင်း ရွှေငါးပိဿာ၊ ရတနာကွမ်းလောင်းကြီး ရွှေသုံးပိဿာ၊ ရတနာ ကွမ်းလောင်းငယ် ရွှေနှစ်ပိဿာ၊ ရတနာ စလင့်ကြာတော် ရွှေ တပိဿာ့ငါးဆယ် ၊ရွှေစလွယ်တော်၊ ရွှေသားယပ်တော်၊ဓားတော်များ ကို လက်ဝဲနော်ရထာစီရင်၍ ပန်းထိမ်ဝန် သာဂဒေဝတို့လုပ်ရသည်။

၎င်းပြာသိုလဆန်း တဆဲ့လေးရက်နေ့ ဒဝယ်စားနှင့် သား–ကလိန် အောင်စား၊ ရှမ်းပြည် ညောင်ရွှေစော်ဘွားတို့ရောက်သည်၊ ရွှေမြို့တော် အရှေ့မြောက်ထောင့် စေတီတော်တည်ရပ် သဘင်နန်းတော်သို့ မြင်း ရထားနှင့် ထွက်တော်မူသည်၊ ဒဝယ်စားနှင့်စော်ဘွားတို့ အဆက်အသ ကို ခံတော်မူသည်။

၎င်းလပြည့်ကျော် ကိုးရက်နေ့ နာဂပတ္တံဆိပ်စားက ဆက်ရန်အုပ်မျိုး ထည်မျိုးနှင့် သင်းဘောသူကြီး ပေတရုပလောင် သင်းဘောကြီး သုံးပင် တိုင်နှင့်ရောက်သည်၊ ကျွန်တော်ခံကုလားမာမဒ္ဒရာဇာလည်းမြနားချောင်း မြလက်ကောက်, သန္တာခက် လက်ဆောင်တော် ဆက်ရောက်သည်။

၎င်းပြာသိုသပြည့်ကျော် တဆဲ့လေးရက်နေ့ ရွှေနန်းပြာသာဒ်ထုပိကာ အောက်က အရောင်ဖြာဖြာ တောက်သည်။ ။သက္ကရာဇ် (၁၁၁၉) တထောင့်တရာ့တဆဲ့ကိုးခု တပို့တွဲလဆန်း တရက်နေ့ မဏိပူရသို့ စေသူ ဇော်ဂီပြည်တာပွန် ရွှေဘဝါးတော်အောက်ပြန်ရောက်သည်၊ စက္ကူရေး ချိပ်နှိပ်ကွက် ကြို့ရုပ်တံဆိပ်ခတ်လျက် ပါသည်။

မဏိပူရ ကသည်းမင်းတို့ အကြောင်းကား····ဟံသာဝတီရောက် မင်းတရားကြီးလက်ထက် သက္ကရာဇ် (၁၁၁၁) တထောင့်တရာ့တဆဲ့တခု၊ နတ်တော်လတွင် ညီအလတ် ဝဂ်ရမ္မသမီးကို စော်ဘွားဟုံလာ၍ ဆက်သည်၊ ဟံသာဝတီရောက်မင်းလည်း မဟာဒေဝီ အမည်နှင့် မိဖုရားအရာထားတော်မူသည်၊ မောင် ခူရာလတ်ပကိုလည်း မင်းရဲစည်သူ အမည်နှင့် သူကောင်း ပြုတော်မူသည်၊ ကသည်းစော်ဘွားဟုံ ပြန်လျှင် ရှူးဝအနောက်တွင် စော်ဘွားဟုံသား ဆနာဟံသည် အဘစော်ဘွားဟုံကိုသတ်၍ မင်းပြုသည်နှင့် မကြင်မတင် ညီခူရာလတ်ပသည် အဘသတ်မင်းကိုကားဟု ဆနာဟံကို နန်းကချ၍ ခူရာလတ်ပ မင်းပြုသည်၊ ခူရာလတ်ပကိုဆနာဟံညီ ဇင်းကွဲတာပံနန်းကချ၍မင်းပြုသည်၊ဇင်းကွဲတာပံကို မင်းရဲစည်သူခံ ခူရာလတ်ပသား–ဂေါ်ရသျှံနှင့် အမတ်မန္တာလီတို့ နန်းကချ၍ ဂေါ်ရသျှံမင်းပြုသည်၊ ဇင်းကွဲတာပံလည်း နန်းကကျလျှင် အမျုးအမတ် ပါသမျှနှင့် မိဖုရား ကိုယ်လုပ်တို့ကိုယူ၍ လူသုံးရာကျော်နှင့် ရွှေဘဝါးတော်အောက် ရောက်လှာသည်။ မဟာဒေဝီညီမ ဆရည်ဝတီ ပါသည်ကိုလည်း ဆက်သည်။ မျှားမကြာ ဇင်းကွဲတာပံနာ၍ လွန်သည်။ ကောင်းမွန်အောင်သင်္ဂြိုဟ်တော်မူသည်။ ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှခသောမင်းတရားကြီးလည်း ထွက်တော်မူသည်–ကံမမှီလေ၊ငါနန်းတင်၍မပေးရဟူ၍လည်း အမိန့်တော်ရှိသည်။ ။မဟာဒေဝီညီမ–ဆရည်ဝတီကိုသည်း ရာဇဒေဝီအမည်နှင့် သူကောင်းပြုတော်မူသည်။ ။ဧင်းတပို့တွဲလဆန်း ရှစ်ရက်နေ့၊ နာဂပတ္တံဆိပ်စား သင်းဘောစီး ပေတရူပလောင်ကို သင်းဘောပြည်သို့ ပြန်စေသည်။

တပို့တွဲလတွင် ရှမ်းပြည်မြို့ရွာများကို ကွေ့လဝတို့ဖျက်ဆီးသည်ကြားတော်မူ၍ ကွေ့လဝတို့ကို အဖမ်းအယူ ဗိုလ်မှူးရွှေတောင်သီရိကျော်ထင်နှင့် မြင်းတရာ, သေနတ်ငါးရာ, လှံကိုင်ငါးထောင်, သိပေါကြောင်း ချီသွားရသည်။ ။တပို့တွဲလဆန်းတဆဲ့ငါးရက်နေ့ မိုးဖုံးယာဂုပူဇော် လှူဒါန်းတော်မူသည်။ ။တပို့တွဲလပြည့်ကျော်တရက်နေ့ ဒေဝကျော်သူကို ဗိုလ်မှူးခန့်တော်မူ၍ ကွေ့သဝတို့ကို အသိမ်းအယူ မိုးမြိတ်ကြောင်း ချီခန့်တော်မူသည်၊ တပ်စဉ်ကား–သားတော် အကြီး သီရိသုဓမ္မရာဇာကဗိုလ်ပျူးဒေဝရဲသူကျော်၊ ရန်အောင်ကျော်ထင်၊သိဒ္ဓိကျော်ထင်၊ရွှေတောင်နန္ဒကျော်၊ ရဲစက်ကျော်ခေါင်၊ သိဒ္ဓိမင်းလှကျော်၊ တေဇသူရကျော်၊ ရွှေတောင်ကျော်သူ၊ ရဲခေါင်ကျော်သူ၊ ရဲလှပုံချီတို့နှင့် မြင်းစီးသူရဲတဆဲ့

နှစ်၊ စက္ကုသိဒ္ဓိကျော်နှင့် သေနတ်တရာ, လှံကိုင်သူရဲ ခြောက်ဆယ်။ ။ သားတော်သီရိဓမ္မရာဇာက ဗိုလ်မှူးသူရိန်ကျော်ခေါင်၊လက်ယာရဲခေါင်၊ လက်ယာဗညား၊ သူရိန်စက္ကု၊ သူရိန်စက္ကုကျော်၊ လက်ဝဲဥဒိန်၊ သူရိန်လွှဲကျော်၊ သိဒ္ဓိဂဇထင်၊ ဥဒိန်ဝေရကျော်နှင့် မြင်းစီးသူရဲတဆွဲလေး,သေနတ်တရာ, လှံကိုင်သူရဲနှစ်ဆွဲငါး။ ။သားတော်သတိုးမင်းလှကျော်က ဗိုလ်မှူးဗလရဲထွတ်၊ နန္ဒဝေရတို့နှင့် မြင်းငါး, သေနတ်နှစ်ဆွဲငါး, ဘုန်းတော်ဖြစ်က ခေါင်းရဲစက်လှနှင့် သေနတ်နှစ်ဆွဲငါး, လှံကိုင်သုံးဆွဲကိုး၊ အစုစုမြင်းသုံးဆယ်, သေနတ်နှစ်ရာ့ခြောက်ဆယ်, စစ်သည်သူရဲငါးထောင်နှင့်မိုးမြိတ်ကြောင်း သီဟတောကကူး၍ ချီရသည်။

ဒုင်းလပြည့်ကျော်ခြောက်ရက်နေ့ အုတ်ဖိုကြောင်းချီ အိန္ဒပျံချီတပ်ကို ဗိုလ်မှူးမင်းကျော်အာကာ၊ ရွှေတောင်ပေါ်ထင်၊ ရွှေတောင်နရာကျော်၊ မင်းလှရွှေတောင်တို့ကို သံခဲတင် ခန့်တော်မူသည်။ ရွှေးအာမခံ သေနတ်စုနှစ်ဆယ်၊ နရာပျံချီနှင့် သေနတ်နှစ်ဆယ်၊ သူရပျံချီနှင့် သေနတ်နှစ်ဆယ်၊ ဒီပပျံချီနှင့် သေနတ်နှစ်ဆယ်၊ သိဒ္ဓိပျံချီနှင့် သေနတ်နှစ်ဆယ်၊ ပြည်ကြီးချမ်းသာနှင့် သေနတ်နှစ်ဆယ်၊ရွှေလှံတော်စွဲ ရဲစုအကြီး၊ဝံသရဲ၊ လွှဲကျော်ရဲ၊ သမန္တရဲ၊ ပျံချီရဲ၊ သိဒ္ဓိရဲ၊ စက်နရဲ၊ ဒီပရဲ၊ စက်လွှတ်ရဲ၊ မနုရဲ၊ ဗလရဲ၊ သိဒ္ဓိရဲ၊ ပျံချီရဲ၊ ဂန္ဓရဲတို့နှင့် အာမခံတဆွဲငါး၊ သေနတ်လုလင်တော် လက်ဝဲကြောင်း နတ်စက်မှန်ကင်း, တုရင်တိဿတို့နှင့် သေနတ် တဆွဲခြောက်၊ မန္တပျံချီနှင့် သေနတ်တဆွဲသုံး၊ သွေးသောက်ကြီး ထင်ကျော်နှင့် သေနတ်တဆွဲတစ်၊ ဗလသေနနှင့် သေနတ်ငါး၊သေနရန်နှိပ်နှင့် သေနတ်ငါး၊ လက်ယာကြောင်းရွှေး အာမခံတေဇပျံချီနှင့် သေနတ် တဆွဲသုံး၊ သေနရန်အောင်နှင့် သေနတ်တဆွဲနှစ်၊ အရေးလွှန်နှင့်သေနတ်တဆွဲနှစ်၊ နတ်စက်ကျော်နှင့် သေနတ်ရှစ်၊ သိခ်ပျံချီနှင့် သေနတ်လေး၊ သိပ္ပပျံချီနှင့် သေနတ်ခြောက်။ ဒုင်းက ရဲအာမခံဂဇရဲ၊ ဇေဠရဲ၊သမန်ရဲ၊ဒင်ဂသူရဲ၊ အာမရဲ၊ ဇောတရဲ၊ သီဟသူရဲ၊ ဓမ္မသူရဲ၊ ဂုဏ္ဏရဲ၊ ရန်လွှတ်ရဲ၊ ကိတ္တိရဲ၊ ပေါင်း တဆွဲသုံး၊ သုံးစုအာမခံရွှေး တရာ့ငါး၊ လက်ဝဲကြောင်း သေနတ်ငါးဆယ်၊ လက်ယာကြောင်း သေနတ် ငါးဆွဲငါး၊ရဲစုနှစ်စုသုံးဆယ်၊အာမခံရဲရွှေး နှစ်ရာ့သုံးဆယ်။

သေနတ်လုလင်တော်ရင်း ရွှေးသေနတ်စုက ရန်နိုင်စက်နှင့် သေနတ်တဆွဲနှစ်၊ ထွက်တိုင်းကျော်နှင့် သေနတ်ရှစ်ဆယ်၊ သေနရုန်နင်းနှင့် သေနတ်ခြောက်ဆွဲငါး၊ နတ်စက်ရဲနှင့် သေနတ်ခုနစ်ဆွဲတစ်၊ ပြည်လုံးတန်

ဆောင်နှင့် သေနတ်ခုနစ်ဆဲ့ကိုး၊လက်ယာကြောင်းသေနတ် နှစ်ရာ့ကိုးဆဲ့ခုနစ်, မြင်းငါး။

ဎင်းသေနတ်လုလင်တော်ရင်း လက်ဝဲကြောင်းက အကြပ်နတ်စက်မှန်ကင်းနှင့် သေနတ်ခုနစ်ဆဲ့သုံး၊ ရန်ကင်းစက်နှင့်သေနတ်နှစ်ဆဲ့လေး၊ ဇေယစက်နှင့် သေနတ် လေးဆဲ့ရှစ်၊ ဒီပစက်ရန်ခွဲနှင့် သေနတ်နှစ်ဆဲ့သုံး၊မနုစက်ရောင်နှင့် သေနတ် သုံးဆဲ့ငါး၊ သေနင်္ဂရတ်နှင့် သေနတ် လေးဆဲ့သုံး လက်ဝဲကြောင်း သေနတ်ပေါင်း နှစ်ရာ့တဆယ်,မြင်းငါး။

ဎင်းသေနတ်လုလင်တော်ရင်း လက်ယာအကြပ် စက်ထွတ်ဝေရနှင့် သေနတ် တဆဲ့ရှစ်၊ နတ်စက်ဒေဝနှင့် သေနတ်သုံးဆယ်၊ ဇောတစက်နှင့် သေနတ်ငါးဆဲ့ခုနစ်၊ သိဒ္ဓိစက်နှင့် သေနတ်ငါးဆယ်၊ သီရိဂုဏ္ဍရတ်နှင့် သေနတ်နှစ်ဆဲ့တစ်၊နတ်စက်ပနှင့် သေနတ်လေးဆဲ့သုံး၊လက်ယာကြောင်း သေနတ်ပေါင်း နှစ်ရာ့ကိုးဆဲ့ရှစ်,မြင်းငါး။

ရဲစုက ဝံသရဲ,နန္ဒရဲတို့နှင့် ရဲတရာ၊မင်းကျော်အာကာနှင့်သေနတ်လေးဆဲ့ကိုး,မြင်းတစ်၊ ရွှေတောင်နရာကျော်နှင့် သေနတ်လေးဆဲ့လေး, မြင်းတစ်၊ မင်းလှရွှေတောင်နှင့် သေနတ်လေးဆဲ့ခုနစ်, မြင်းတစ်၊ ရွှေတောင်ပေါ်ထင်နှင့် သေနတ်လေးဆဲ့ခုနစ်, မြင်းတစ်၊ ကျော်ထင်ရာဇာနှင့် သေနတ်ခုနစ်,မြင်းတစ်၊ အစုစုသေနတ်ပေါင်း တထောင့်ကိုးဆဲ့နှစ်၊ မြင်းနှစ်ရာ့တဆဲ့တစ်၊ လှံကိုင်သူရဲ လေးရာ့ခုနစ်ဆဲ့တစ်၊ စစ်သည် သူရဲပေါင်း တထောင့်ငါးရာ့ ခြောက်ဆဲ့သုံး ခန့်တော်မူပြီးလျှင် သေနတ် သေွးသောက်ကြီး အကြပ်တို့မှာ ငွေတဆယ်၊ ကတ္တီပါ သက္ကလတ်ဝတ်လုံ၊ မောက်လူကြယ်တပ်တစ်စီ၊ငယ်သားတို့မှာငွေတဆယ်၊ အင်းကျီနက်တစ်၊ မောက်လူတစ်စီ သနားတော်မူသည်။

တပို့တွဲလပြည့်ကျော်ခြောက်ရက်နေ့ ဆင်ဖြူတံခါးက ထွက်၍ချီရသည်၊ ကျောက်မြောင်းမြို့ကသည် ငစဉ့်ကူးမြို့သို့ အုတ်ဖိုကြောင်း ချီရသည်၊ တပို့တွဲလပြည့်ကျော်တဆဲ့နှစ်ရက်နေ့ သုံးဆယ်မြို့တွင် တပ်ချ၍ ဎင်းသုံးရက်နေ့ ချီရသည်၊လမ်းခရီးအကျဉ်းတွင် ကွေ့လဝတို့ဆီးဆိုခံနေသည်ကိုတွေ့၍တိုက်သည်၊ကွေ့လဝတရာကျော် သေနတ်ချက်နှင့် သေလေလျှင် မခံဝံ့၍ ကွေ့တို့ပြေးကြလေရာ လိုက်ထပ်၍ အစွဲအမပြုနေသည့် တောင်သုံးဆင့်တွင် တပ်မကိုတိုက်သည်၊ တဟုန်တည်းပျက်လေ၏၊ သေလေသည်လည်းများ၏၊ လွတ်သည်ကားနည်း၏၊ ထိုတွင် အမြောက်တဆယ်, သေနတ်သုံးရာ့လေးဆဲ့ငါး, မြင်းလေးရာ, မောင်း လေးဆဲ့ခုနစ်လုံးကို ရလိုက်၏။

မိုးမြိတ်ကြောင်းနှိ ဒေဝရဲသူကျော်တို့ တပ်လည်း မိုးပြေးတွင် ဇွေ့လဝတထောင်ကျော် ရပ်ခံနေသည်ကိုတွေ့၍ တိုက်လျှင် ဇွေ့တရာကျော် သေ၍ မခံမရပ်ပျက်ပြေးလေသည်၊ လိုက်ထပ်၍ တိုက်လျှင် ကျောက်ဖြူ တောင်တွင် ဇွေ့လဝ ပလောင်ပလေး စုရုံး၍ ရပ်နေသည်ကို အရပ် အဆိုင်းမရှိ ချုံချုံရက်ရက် တိုက်လံလျှင် အဆီးအတားမရှိ ပျက်လေ၏၊ သေလေသည်လည်း များ၏။

ဇွေ့အကြီးဂုဏ္ဏအိန်လည်းဇွေ့တို့တပ်ပျက်လျှင်တရုပ်ပြည်သို့ပြေးသွား လေသည်၊ မိုင်းလျဉ်းရှမ်းစော်ဘွား မြို့တွင် မှီခိုနေသည်နှင့် ဘော်တွင်းသို့ ဂုဏ္ဏအိန်သွားခိုက် သမီးကိုစော်ဘွားယူနှင့်သောကြောင့် ဂုဏ္ဏအိန်ရောက် လာလျှင် အချင်းဖြစ်ကြ၍ စော်ဘွားကို ဂုဏ္ဏအိန်သတ်လေသည်၊ ယင်းသို့ သတ်ပြီးလျှင် မြို့ကိုမီးရှို့၍ ဘော်တွင်းသို့ ဂုဏ္ဏအိန် ထွက်ပြေး ပြန်သည်၊ စော်ဘွား လူဘို့ အထောက်ထောက် လိုက်လံဖမ်းဆီးရာ လမ်းခရီးတွင် မိ၍ မိုင်းဆည်စုံးတူထံပို့လျှင် ဂုဏ္ဏအိန်ကိုမိုင်းဆည်စုံးတူကအဆုံးစီရင်ဇလေ သည်၊ ဂုဏ္ဏအိန်နှင့်ပါလာသူ မယားငယ်တစ်နှင့် ဆရာဘုန်းကြီးကိုလည်း အဝေးသို့ပို့သည်၊ (၁၁၂၇) တထောင့်ကရာ့နှစ်ဆဲ့ခုနစ်ခုနှစ်တွင်မှဝင်လာ သည်၊ ဂုဏ္ဏအိန်လူစု ဘယားနွဲနှင့် ဇွေ့မိန်းမယော့ကျား လူပေါင်းနှစ် ရာကျော်တို့ကို မိုင်းဆည်ကျေး ဆူရုံမြို့မှာ စားမိုးစားမြေပေး၍ ချထား နေစေသည်၊အမတ်နာသဲ,ကျိုင်းရဲစော်ဘွား,ဘယက်စော်ဘွား, ကျိုင်းတုံ စော်ဘွားသားနှင့် လူငါးဆယ်ကျော်တို့ကိုလည်း ကျဉ့်သီမြို့သို့ ပို့ထား သည်၊ သိန္နီစော်ဘွားနှင့်လူပေါင်းတရာကျော်၊ ဗန်းမော်စော်ဘွားနှင့်လူ တဆဲ့ငါး၊မိုးမြိတ်အမတ်လဝါမိုလ်နှင့်ပါသည့်အိမ်ခြေနှစ်ဆယ်ကျော်တို့ကို တာလီမြို့တွင်ထားသည်၊နောက်-ဆီသွင်မြို့ကျေး ဆပ်ဇေ့ဆဲရှင်သို့ပို့သည်၊ ၎င်းတို့ပြင် ကျန်သည့် ဇွေ့,ရှမ်း, ယွန်းလူစုတို့ကို ဥတည်မြို့အရှေ့မြောက် သုံးလခရီးကွာ၊ ကုလားပန်းသေးတို့နေရာ ဦးလုမှုဆီသို့ပို့ထား၍ နေကြ ရသည်။

### စည်းခံတော်မှာ ဥပနာသွင်းခြင်း, ရွှေထီးတင်လှူခြင်းနှင့် သေနတ်အစု အမှုထမ်းဖွဲ့ခြင်း

ကောင်းမှုတော် စေတီတော်ကို ဥပနာသွင်းတော်မူသည်မှာ ခတ် တော် မွေတော် ကိန်းဝပ်ရန် သက္ကရာဇ် (၁၁၁၉) တထောင့်တရာ့ တဆဲ့ကိုးခု ပြာသိုလဆန်းတဆဲ့သုံးရက်နေ့ကစ၍ ငွေစင်ချောင်းရေငါးရာ

ကို ဟံသာဝတီရွှေမော်ဓောစေတီပုံ သွန်းလုပ်စေသည်၊ ငွေစေတီ ပဌမ ပစ္စယာတရာ့သုံးဆဲ့သုံးပိဿာ့ခုနစ်ဆဲ့ငါးကျပ်၊ဒုတိယပစ္စယာ ကိုးဆဲ့ခုနစ် ပိဿာ့တဆဲ့ငါးကျပ်၊တတိယ,စတုတ္ထပစ္စယာခုနစ်ဆဲ့နှစ်ပိဿာ့သုံးဆယ်၊ ကြေးဝန်းနှင့် သပိတ်မှောက်မှာ နှစ်ဆဲ့ခုနစ်ပိဿာ၊ ဖောင်းလုံးရေတဆဲ့ ငါးမှာ နှစ်ပိဿာ့ငါးဆယ်၊ ထီးနှင့် ထီးခံစလောင်း၊ ငှက်မြတ်နားပါ နှစ်ပိဿာ့ငါးဆယ်၊ စေတီရံလေးဆူမှာ ရှစ်ပိဿာ့ခုနစ်ဆယ်၊ မုတ်လေး မျက်နှာမှာ တဆဲ့ကိုးပိဿာလေးဆယ်၊ ငွေတော်ပေါင်း ပိဿာလေးရာ နှင့် အကျပ်ကိုးဆယ်ကို တင့်တယ်ပြေပြစ် ကောင်းမွန်လှအောင်သွန်းလုပ် ရသည်။

အနွယ်တော်ဖြစ်သော အရိမဒ္ဒနာပုဂံရာမပြည်ကြီးအရှင် လှေစကြာ သခင် အလောင်းစည်သူမင်းကြီးသည် သရက္ခန်ငါးဆူ၊ မြတ်ပေါင်းမဥ္ဇူ နှင့်တကွသော ဆင်းတုတော်ခြောက်ဆူ ထုလုပ် ကိုးကွယ်ဘူးလေသော အကြောင်းကို နှိုင်းရှည့်တော်မူ၍ ဇမ္ဗူရစ်ရွှေစင် အချိန်တဆဲ့လေးပိဿာ အကျပ်နှစ်ဆယ်တဆူ၊ တဆဲ့တပိဿာတဆူ၊ ဆယ်ပိဿာနှင့် အကျပ် တဆယ်တဆူ၊ ရှစ်ပိဿာနှင့် ခုနစ်ကျပ် တဆူ၊ ခြောက်ပိဿာ့ သုံးဆဲ့ ငါးကျပ်တဆူ၊ နှစ်ပိဿာ့ရှစ်ဆဲ့ငါးကျပ် တဆူ၊ ရွှေချိန်ပေါင်း ငါးဆဲ့ နှစ်ပိဿာ့ ငါးဆဲ့ခုနစ်ကျပ်၊ရုပ်တုတော်ခြောက်ဆူကိုလည်း လျောက်ပတ် တင့်တယ်စွာ စတိ သွန်းလုပ်ရသည်။

ပဌမဆင်းတုပလ္လင်တော် ငွေသားချိန် တဆဲ့ခုနစ်ပိဿာ့ ငါးဆဲ့ငါး ကျပ်၊ ဒုတိယဆင်းတု ပလ္လင်တော် ငွေသားချိန် နှစ်ဆဲ့နှစ်ပိဿာ့ အကျပ် ငါးဆယ်၊ တတိယဆင်းတု ပလ္လင်တော် ငွေသားချိန် တဆဲ့နှစ်ပိဿာ့ အကျပ်ငါးဆယ်၊စတုတ္ထဆင်းတုပလ္လင်တော် ငွေသားချိန် တဆဲ့တပိဿာ၊ ပဉ္စမဆင်းတု ပလ္လင်တော် ငွေသားချိန် ခုနစ်ပိဿာ့ ခြောက်ဆဲ့ခုနစ်ကျပ်၊ ဆဋ္ဌမဆင်းတု ပလ္လင်တော် ငွေသားချိန် သုံးပိဿာ့သုံးဆယ်၊ ပလ္လင်တော် ခြောက်ရပ် ငွေသားချိန် ခုနစ်ဆဲ့လေးပိဿာ့ ငါးဆဲ့ငါးကျပ်ကို ရွှုံးပန်း ရွှုံးနွယ် ဘောင်းကြယ်စိန်တောင်တို့ဖြင့် ဆန်းကြယ်စွာသွန်းလုပ်၍ အစဉ် သင့်အတိုင်း ရွှေဆင်းဘုတော်ကို ငွေပလ္လင်ထက် သပ္ပါယ်ကိန်းဝပ်တော် မူသည်။ ။သာရမဏ္ဍကမ္ဘာ၌ ပွင့်တော်မူသော တဈာက်ရာ ဘုရားရှင်မှ စ၍ ဂေါတမဘုရားရှင်တိုင် သေးသချေ်နှင့် ကမ္ဘာတသိန်းအတွင်း ပွင့် တော်မူသမျှ နှစ်ကျိပ်ရှစ်ဆူဘုရားရှင်တို့ ရုပ်တုတော်ကိုလည်း ပွင့်တော် မူရာ ဗောဓိပလ္လင်နှင့်တကွ ရွှေကို သွန်းတော်မူသည်။

လယ်တီမဏ္ဍိုင်–၃၅

ထိုမှတပါး ဂေါတမမြတ်စွာဘုရား-ဘုရားအဖြစ်သို့ ရောက်တော်မူ၍ သတ္တဋ္ဌာနနေတော်မူဟန်၊ ဌာနခုနစ်ပါး အစုံအလင်၊ ပဌမသတ္တာဟ၌ ဟုံဟုံကဇာတိပုဏ္ဏား ပြဿနာမေး ဆည်းကပ်ဟန်၊ သတ္တသတ္တာဟစေ့ သည့်နောက် သိကြားကြဇသီးလှူဟန်၊ တပုဿဘလ္လိကညီနောင်တို့ ပျား ဆုပ်မုံ့ဆွမ်းလှူဟန်၊ စတုလောကပါလ နတ်သားလေးယောက်တို့ သပိတ် လှူဟန်၊ သတ္တဋ္ဌာနနေတော်မူ၍ လေးဆဲ့ကိုးရက် စေ့သည့်နောက် အဇ ပါလညောင်ပင်ရင်း၌ နေတော်မူဟန်၊ သဟမ္ပတိဗြဟ္မာ တရားဟော တော်မူပါမည့်အကြောင်းကို တောင်းပန်ဟန်များမှာ ငွေပေါင်း ဝိဿ နှစ်ဆယ်နှင့် အကျပ် နှစ်ဆဲ့ကိုးကျပ်နှစ်မတ်ကို သွန်းလုပ်ရသည်။

ပဥ္စဝဂ္ဂီ ငါးယောက်တို့အား ဣသိပတန မိဂဒါဝုန်တော၌ ဓမ္မစက္က ပဝတ္တနသုတ္တန်ကို ဟောတော်မူဟန်၊ ပဌမဝါဆိုတော၌ ဝါဆိုတော်မူ သည်ကစ၍ လေးဆဲ့ငါးဝါ၊ ဝါဆိုစဉ်ကိုလည်း ကျမ်းဂန် လာသည့် အတိုင်း အစေ့အစုံ ရွှေကိုသွန်းလုပ်ရသည်။ ။ဘုရားရှင် သရီရဓာတ် တော်သွင်းရန် ရွှေသပြာတရာခုတ်သော နဝရတ်ကိုးပါး စီခြယ်သော ကြုတ်-အဖုံးအသွတ်နှင့် လုပ်ရသည်။ရဟန္တာအရှင်မြတ်တို့ ဓာတ်တော် သွင်းရန်ကိုလည်း ရွှေကြုတ် အဖုံးအထွတ်နှင့်ချည်း လုပ်ရသည်။

ဘဝရှင် အလောင်းမင်းတရားကြီးဘုရားလည်း အတိုင်းထက် အလွန် သဒ္ဓါစေတနာ ထက်သန်တော်မူလှသည်ဖြစ်၍ အနွယ်တော် ဖြစ်သော ရတနာပူရ အဝရွှေပြည်တော်ကြီးသခင် မိုးညှင်းမင်းတရားကြီးမြေးတော် ရတနာမြစည်းခုံဒါယကာ ဘုရင်မဟာသီဟသူရလက်ထက် မင်း,မိဖုရား နှစ်ပါးဆံတော်ကို တံမြက်ကျစ်၍ သိဟိုဠ် မဟာစေတီဘုရားကို ပူဇော် ဘူးလေသည်ကိုထောက်တော်မူသဖြင့် ဘဝရှင် အလောင်းမင်းတရားကြီး ဘုရား, အရှင်မိဖုရားခေါင်ကြီးဘုရား နှစ်ပါးဆံတော်ကို နဝရတ်ကိုးပါး ဖြင့်ပြီးသော ရွှေရိုး,ရွှေတံ,ရွှေအုံ,ရွှေချက်နှင့်တကွ လုပ်ဆောင်ပြီးလျှင် ခွေရစ်၍ ရွှေအုပ်အတွင်း ထည့်သွင်းထားရသည်။

ဤသို့ စီရင်လုပ်ဆောင်ပြီးလျှင် ရွှေလွှတ်တော်ရှေ့တွင် သာယာလှ စွာသော တန်ဆောင်းသုံးထပ်အဆောင်ဆောင်မှာအစောင့်အနေအကြီး အကြပ် ခန့်ထား၍ ဓာတ်တော်, မွေတော် စေတီဆင်းတုတော်များကို တန်ဆောင်းတွင် ထားတော်မူသည်။

ထိုမှတပါး မိုးကြိုးဆင်းတု၊ ပယင်းဆင်းတု၊ ဣန္ဒနီလာဆင်းတု၊သန္တာ ဆင်းတု၊ ဖလ်ဆင်းတု၊ နှံ့သာဆင်းတု၊ ကြေးဆင်းတု၊ သလွဲဆင်းတုများ

ကိုလည်း တန်ဆောင်းတွင် ထားတော်မူသည်။ ။ဘဝရှင် အလောင်းမင်းတရားကြီး–ဘုရားရှင်ကို ရှိခိုးပူဇော်တော် မူသည့် မင်းရုပ်တုတော်၊ အရှင်မိဖုရားခေါင်ကြီး-ဘုရားရှင်ကိုပူဇော်တော်မူသည့် မင်းရုပ်တုတော်မှစ၍ သားတော်,သမီးတော် ဆွေတော်မျိုးတော်တို့အရုပ်များမှာလည်း ငွေကိုသွန်း၍ တန်ဆောင်းတွင် ထားတော်မူသည်။ ။နဝရတ်ကိုးပါး စီခြယ်သော ရွှေတံခွန်၊ ရွှေသားတံခွန်၊ ငွေသားတံခွန်၊ ရွှေသားကလပ်၊ ငွေသားကလပ်၊ ကြုတ်ခွက် အစုံအလင်ကိုလည်း လုပ်ဆောင်၍ တန်ဆောင်းတွင် ထားရသည်။

ဓဲကူး ဟံသာဝတီကပင့်ဆောင်တော်မူခဲ့သောရွှေသားဆင်းတု၊မောဝိပင်ပါ ရွှေချိန် တဗိဿာ ရှစ်ဆဲ့နှစ်ကျပ်၊ ရွှေသားဆင်းတုငယ် ဆူရေနှစ်ရာ့တဆဲ့ငါး၊ ရွှေချိန်ခြောက်ဗိဿာ့သုံးဆယ်၊ ငွေဆင်းတုကြီး ငွေချိန်နှစ်ဆဲ့သုံးဗိဿာ့ ကိုးဆယ်၊ တံကဲပါ ငွေဆင်းတုကြီး ငွေချိန် လေးဆဲ့တဗိဿာ့ခြောက်ဆဲ့ငါးကျပ်သားများကိုလည်း တန်ဆောင်းတွင် ထားတော်မူသည်။ ။၎င်းဓဲကူး ဟံသာဝတီက ပင့်ဆောင်တော် မူခဲ့သော ပိဋကတ်တော်အစုံကိုလည်း တန်ဆောင်းတွင် ကျင်းပထားတော်မူသည်။ တန်ဆောင်းတော်အနီး၌ မဏ္ဍပ်ကန္နား ကြီးကျယ်စွာ ဆောက်လုပ်ပြီးလျှင် သက္ကရာဇ် (၁၁၂၀) တထောင်တရာ့နှစ်ဆယ်၊ ကဆုန်လဆန်းငါးရက် အင်္ဂါနေ့ကစ၍ နေ့စဉ် သဘင်ခံတော်မူသည်။ ပြည်သူအပေါင်းတို့လည်း ဓာတ်မွေ့သရီစေတီတော် ဆင်းတုတော်များကို ဆွမ်းရေချမ်း ပန်းပေါက်ပေါက် အမွှေးအထုံ တံခွန်ကုက္ကား မုလေးပွားစသည်တို့ဖြင့် သဒ္ဓါကြည်လင် ဖူးမြင် ပူဇော်ကြကုန်၏။

သက္ကရာဇ် (၁၁၂၀) တထောင့် တရာ့ နှစ်ဆယ်၊ ကဆုန်လပြည့်သောကြာနေ့ ကောင်းမှုတော် စေတီတော်ကို ဌပနာ သွင်းတော်မူမည်၊ ဓာတ်တော်,မွေ့တော်,စေတီတော်, ဆင်းတုရုပ်တုတော်များကို ကောင်းမှုတော်သို့ လဆန်း ဆယ်ရက်နေ့က ပင့်ဆောင်အသင့်ရှိစေ–အမိန့်တော်ရှိ၍ ကောင်းမှုတော်အရှေ့ သင့်ရာအရပ်တွင် ဓာတ်တော်, မွေ့တော်, စေတီဆင်းတု ကိန်းဝပ်ရန် သုံးထပ်တန်ဆောင်း ငါးဆောင်၊ စံတော်မူရန် သဘင်းနန်းတော်မှစ၍ လုပ်ဆောင်ရန် ရှိသမျှကို လုပ်ဆောင်ပြီးပြေလျှင် မျက်နှာကြက်ခြင်း၊ ကြာယပ်ဆွဲခြင်း၊ သိမ်မွေ့သောထည်မျိုး,အုပ်မျိုး ပုဆိုးကောင်းတို့ကို တိုင်တိုင်းရစ်ခြင်း စသော အခမ်းအနားကို စီရင်၍ ဓာတ်တော်,မွေ့တော်,စေတီတော်, ဆင်းတုတော်များကို ပင့်ဆောင်ရန်

စီရင်ရသည်ကား….အကွပ်အကာန္တ ပုံတောင်းနှင့် တကွ စက်လှည်းဘီး နှစ်ရန်တပ်လျက်၊ ရထားပေါင်, ရထားလက်, ပေါင်းချုပ်, ဝင်ရိုးတို့ဖြင့် ခိုင်ခန့်ကောင်းမွန်စွာ အလျားရှစ်တောင်, အနံခုနစ်တောင် လုပ်ဆောင်သည့်ရထားတွင် ဆန်းကြယ်စွာသော ရွှေပြာသာဒ်တင်၍ ရွှေလွှတ်တော်ရှေ့တွင် ထားပြီးမှ ရထားမှာ ငွေစေတီကိုတင်သည်။ ရွှေထမ်းစင်တွင် ရတနာထီးဖြူ ဆောင်းလျက် မြတ်စွာဘုရားရုပ်တု ရွှေသားဆင်းတုတော်ကြီး ခုနစ်ဆူ,ငွေသားဆင်းတုတော်ကြီးနှစ်ဆူ,ပေါင်းကိုးဆူကိုတဆူစီတင်သည်။ ရွှေထမ်းစင်နှစ်မှာ ဓာတ်တော်ထည့် ရတနာအတိပြီးသော ရွှေကြုတ်၊ ဆံတော်ထည့် ရွှေအုပ်များကိုတင်သည်။ ရွှေထမ်းစင်တဆယ်မှာ အဆောင် အယောင်ခင်း၍ ဆင်းတုငယ်များနှင့် နဝရတ်ကိုးပါး စီခြယ်သော ရွှေတံခွန်, ငွေတံခွန်၊ ပိဋကတ်တော်ရေး ဓမ္မစေတီ, ရွှေပေ, ငွေပေ, ရွှေသားကလပ်, ငွေသားကလပ် များကို တင်သည်။ မင်းရုပ်တော်တင် ရွှေထမ်းစင်မှာ ဘဝရှင်အလောင်းမင်းတရားကြီးဘုရား မင်းရုပ်တုတော်, နန်းမတော် အရှင်မိဖုရားခေါင်ကြီးမင်းရုပ်တုတော်များကိုသာ ထီးဖြူဆောင်းရသည်၊ သည့်ပြင်အရုပ်များမှာ ထီးဖြူမဆောင်းရ။

သက္ကရာဇ် (၁၁၂၀) တဆောင့်တရာ့နှစ်ဆယ်၊ ကဆုန်လဆန်းကိုးရက် စနေနေ့က အသင့်အတင့် စီရင်၍ ဆယ်ရက် တနင်္ဂနွေနေ့ နံနက် ရေစက်တော်သွန်း သွင်းပြီသည့် အစီအစဉ် ကား….ရွှေဖျား စမြောင်းလက်ဝဲလက်ယာ သိုင်းနှင့် နှစ်၊ ထိုနောက် စည်တော်၊ ထိုနောက် မြူတာ ပန်းစိုက်ငါးရာ၊ တံခွန်လုံး ငါးရာ၊ တံခွန်ပြား ငါးရာ၊ ထီးနီ ငါးရာ၊ ကုက္ကားငါးရာများကို လက်ဝဲလက်ယာစဉ်ရသည်။ ။ထိုနောက် ရွှေသား ငွေသား ရုပ်တော်ကြီးတင် ထမ်းစင်ကိုး၊ ဓာတ်တော်ထည့် ရတနာရွှေကြုတ်တင် ရွှေထမ်းစင်နှစ်၊ ဆင်းတုတော်ငယ်တင် ရွှေထမ်းစင် တဆယ်၊ ငွေစေတီတင်ရထားတစ်၊ မင်းရုပ်တုတော်တင် ရွှေထမ်းစင်တဆယ်များကို ရှေ့နောက်စဉ်ရသည်။ ။အစီအစဉ်အတိုင်း တပြိုင်နက် ချီကြွပင့်ဆောင်၍ ဖြည်းဖြည်းညင်းညင်းသွားရသည်။ ငွေစေတီတင် ရထားမှာ ဆိုင်းကြိုး, မကြိုးတို့ဖြင့် မလှုပ်မရှားစေရ၊ ဘွဲ့နှောင်ပြီးလျှင် ရွှေမျက်နှာက တမုတ်ကြိုးနီ သေးသွယ်တပ်သော ကြိုးကိုဆွဲ၍ လက်ဝဲ လက်ယာ နောက်မျက်နှာများက ရထားဆောင်လူတို့ခြံရံမစလျက် မွေ့မွေ့သာသာ သွားရသည်။ အတီးအကသဘင်စုံနှင့် ဆွေတော်, မျိုးတော်, မှူးတော်, မတ်တော်အပေါင်း ခြံရံလျက် တံခါးနီတော်ကသည် လက်ယာမာရဘင်

တံခါးက သွင်းရသည်။ ဘဝရှင် အလောင်းမင်းတရားကြီးဘုရား နန်းမ တော် အရှင်မိဖုရားခေါင်ကြီးနှင့်တကွ ထွက်တော်မူ၍ ရေစက်သွန်းချ တော်မူပြီးလျှင် လက်ဝဲမာရဘင်တံခါးက ထွက်ရသည်။

လမ်းမှာ ရွှေနန်းတော်ကသည် အစဉ်အတိုင်း ရွှေတော်ပြေးလမ်းကို ထွက်၍ မုံအာတံခါးလမ်းမကိုရောက်မှ မြောက်သို့သွားရသည်။ အိန္ဒာ တံခါးလမ်းဆုံသို့ရောက်လျှင် အရှေ့ကိုလျှောက်၍ အိန္ဒာတံခါးကို ထွက် သည်၊ ယင်းကမှမြောက်သို့လျှောက်၍ မြို့တော်ကြီးပြင် ကျုံးတော်တွင်း သို့သွားသည်၊ လမ်းကို ရေအပြင်ကဲ့သို့ ညီညွတ် ကောင်းမွန်လှအောင် အခြေအမြစ် ညှိပြင်ဆင်စေပြီးလျှင် သဲမွှေကြဲခြင်း၊ လက်ဝဲလက်ယာ ရာ ဇမတ်ကာခြင်း၊ ငှက်ပျောပင်ရှင်, ကြံပင်ရှင်စိုက်ခြင်း၊ စင်နှင့်ရေအိုး ရေ ပြည့်တည်ခြင်း၊ မြူတာပန်းစိုက်, တံခွန်, ကုက္ကား, ယမြား, ပစ္စုဆွဲခြင်း စသော အစီအရင်ဖြင့် တာဝတိံသာ နတ်လမ်းမကဲ့သို့ ဖြစ်စေပြီးသော် နေမျိုးသီရိဇေယနော်ရထာ၊ မင်းလှ ကျော်ထင်၊ သက်ရှည်နော်ရထာ၊ နန္ဒသင်္ကြယ၊နန္ဒယော်ခတို့အမတ်ကြီးငါးယောက်ကြပ်မစီရင်၍ အတွင်း တော်သို့ သွင်းပြသည့် အစီအစဉ်အတိုင်း ကောင်းမှုတော် စေတီအနီး ခတ်တော်ထား တန်ဆောင်းရောက် ပင့်ဆောင်ရသည်။

ယင်းသောအခါ ပြည်သူပြည်သား ရဟန်းပုဏ္ဏား ယောကျ်ားမိန်းမ အပေါင်းတို့ တံခွန်ကုက္ကား မုလေးပွား ပန်းနံ့သာလက်စွဲလျက် လက်ဝဲ လက်ယာ ဖူးမြော် ပူဇော်ကြကုန်သည်၊ ပရိသတ် များလှသောကြောင့် ဂေါတမမြတ်စွာဘုရား ဘုရားအဖြစ်သို့ရောက်တော်မူ၍ ပဉ္စမဝါ မိဂ ဒါဝုန်၌ ဝါဆိုတော်မူပြီးသော် ဥရုဝေလအစရှိသော ရသေ့တထောင် တို့အား တရားအမြိုက် တိုက်ကျွေးတော် မူသည်မှ လဋ္ဌိဝန ထန်းတော ဥယျာဉ်သို့ ရောက်တော်မူ၍ ထိုထန်းတော ဥယျာဉ်က ရာဇဂြိုဟ်ပြည်သို့ ဝင်သောမူသောအခါ လူပရိသတ်,နတ်ပရိသတ် မရေနိုင်သော အစည်း အဝေးဖြစ်၍ သိကြားနတ်မင်းသည် 'ဒန္တော ဒန္တေဟိ'စသော ဂါထာ ကိုရွတ်လျက် ရွှေတော်က သွားသောအခါကဲ့သို့ ဖြစ်လေသတည်း။

ခတ်တော် မွေတော် စေတီဆင်းတုတော်များ ထားရပ်တန်ဆောင်း သို့ရောက်လျှင် ကျုံးဝန်နန္ဒသီဟကျော်တင် စောင့်နေစီရင်၍တန်ဆောင်း တွင် အနေအထားကျအောင် ပင့်ဆောင်မှတ်သား သွင်းထားရသည်။

ဝန်းသိုစော်ဘွား, ယောစော်ဘွား, ညောင်ပင်မိုလ်, ငှက်ပျောမိုလ်, ဗဒုံသူကြီးတို့နှင့်အမတ်တုရင်ပစ္စည်းကြပ်မ၍လဆန်းဆယ်ရက်နေ့ကသည်

လပြည့်တိုင်အောင် ပွဲသဘင်ကြီးစွာခံရသည်။ ပွဲနေ့ မှူးတော် မတ်တော် ဆင်သည် မြင်းသည် ခေါင်းအကြီးတို့ကိုလည်း စမဲ စဆား, မို့ ,ယို အချို့ အဆိမ့်ဖြင့် မြိန်ရှက်စွာ ကျွေးမွေးရသည်။

၄ပနာသွင်းသည့်နေ့ လှူဒါန်းတော်မူရန် ပရိက္ခရာ ရှစ်ပါးစသော ရဟန်းအသုံးအဆောင်အစေ့အစုံ သီးပွင့်သော ပဒေသာပင်ရေ တရာ့ နှစ်ဆယ်ကို သွင်းပြရသည်မှာ နေမျိုးသီရိဇေယနော်ရထာ, မင်းလှကျော် ထင်, မင်းခေါင်နော်ရထာ, နန္ဒသင်္ချာ, နန္ဒယော်ဓာ, နန္ဒစည်သူတို့ စီရင်ရသည်၊ ပဒေသာပင်များကို ဟန်လင်းမိုလ် ကြွပ်မစီစဉ်ရသည်၊ မှူး တော် မတ်တော်အပေါင်း ခြံရံလျက် အတီးအက သဘင်စုံနှင့် ကဆုန် လဆန်းတဆဲ့သုံးရက်နေ့နံနက် လွှတ်တော်မြောက် ခင်းကျင်းရာကသည် တံခါးနီတော်သို့ဝင်၍ သက်ယာမာရဘင်တံခါးကသွင်းပြရသည်၊ဘဝရှင် အလောင်းမင်းတရားကြီး ဘုရားလည်း နန်းမတော် အရှင်မိဖုရားခေါင် ကြီးနှင့်တကွ တောင်စမုတ်သို့ ထွက်တော်မူ၍ ကြည့်ရှုတော်မူပြီးလျှင် နန်း တော်ကိုလှည့်၍ လက်ဝဲမာရဘင်တံခါးက ထွက်ရသည်၊ ဓာတ်တော်ဝို လမ်းအတိုင်းသွား၍ ကောင်းမှုတော်အနီး အလှူတော်ထားတန်ဆောင်း သို့ရောက်လျှင် နန္ဒသီဟကျော်ထင် မှတ်သားသိမ်းထားရသည်။ မှူးတော်, မတ်တော်, စော်ဘွား, မြို့စား, သူကြီးကလန်တို့က လှူတော်မူရန်ဆက်သ သည့် အလှူဝတ်များကိုလည်း အလှူတော်ယား တန်ဆောင်းမှာ နန္ဒ သီဟကျော်ထင် မှတ်သားသိမ်းထားရသည်။

၄ပနာ သွင်းတော်မူသည့်နေ့ ရှို့လွှတ်ရန် စက်ကျည် မီးကျည်များကို လည်း အသီးအသီးလက်မှတ်ပေး၍ ပွဲသဘင်နှင့် စုရုံးစောင့်နေကြရသည်၊ ကောင်းမှုတော်ဘုရားပတ်လည် သဘင် ရွှေနန်းတော် ပတ်လည်များမှာ စစ်အင်္ဂါလေးပါး တပ်တာနှင့် တဆဲ့လေးရက်နေ့ညက ခင်းကျင်းစောင့် နေစေ–အမိန့်တော်ရှိ၍ ဆင်တပ်, ရထားတပ်, မြင်းတပ်, ရွှေလှံစွဲသူရဲ တပ်, ရွှေလေးစွဲသူရဲတပ်, သေနတ်စွဲသူရဲတပ်, အမြောက်စွဲ သူရဲတပ် အသီးအသီးအကြီးအမှူးနှင့် တပ်ဖွဲ့ပြီးလျှင် မိန်ညိုကြိုးချပ်, သက်နက်ကိရိ ယာအစုံနှင့် ကောင်းမှုတော်ဝန်းကျင် သဘင်နန်းတော် ဝန်းကျင်များမှာ မြေပြင်ပြည့်မျှ ခြံရံစောင့်နေကြရသည်၊အလုံးစုံ အခင်းအကျင်းကိုဘဝရှင် အလောင်းမင်းတရားကြီးဘုရားကိုယ်တော်တိုင် လဆန်း တဆဲ့လေးရက် ကြာသပတေးနေ့ ညနေသုံးချက်တီးကျော် ခြောက်မောင်း အချိန်တွင်

နန်းမတော်အရှင်မိဖုရားခေါင်ကြီးနှင့် တကွ ထွက်တော်မူ၍ ကြည့်ရှုမစ စိမ်တော်မူပြီးမှ ၎င်းနေ့ည ဝင်တော်မူသည်။

သက္ကရာဇ်(၁၁၂၀)တထောင့်တရာ့နှစ်ဆယ်၊ကဆုန်လပြည့်နေ့၌ပနာ သွင်း ထွက်တော်မူသောအစီအစဉ်ကား–သားတော်မဟာဥပရာဇာအိမ် ရှေ့မင်းတို့အဆောင်အယောင် အခမ်းအနား ကျင်းပ၍ ဆင်သည်, မြင်း သည်,သေနတ်မီးပေါက်, ရှေ့လေး, ရှေ့လှံ,ဝင်း ကိုယ်ရံ အလုံးအရင်းနှင့် တပ်ဖွဲ့၍စကြာမင်း၏ပရိနာယကသားကြီးရတနာကဲ့သို့ ရှေ့ဖျားချီတော်မူ ရသည်၊ အိမ်ရှေ့မင်းနောက် အမြင့်မြို့တလုပ်မြို့ကံကျွေးခံရသော သား တော် သတိုးမင်းလှကျော် အဆောင်အယောင် ကျင်းပ၍ ဆင်သည်, မြင်းသည်, ခြေသည်, သေနတ်မီးပေါက်, ရှေ့လေး,ရှေ့လှံ, ဝင်း ကိုယ်ရံ အလုံးအရင်းနှင့် တပ်ဖွဲ့၍သွားရသည်။သည့်နောက် သားတော် သတိုး မင်းလှ အဆောင်အယောင် ကျင်းပ၍ ဆင်သည်, မြင်းသည်,ခြေသည်, သေနတ်မီးပေါက်,ရှေ့လေး, ရှေ့လှံ,ဝင်း ကိုယ်ရံ အလုံးအရင်းနှင့် တပ်ဖွဲ့ ၍ သွားရသည်။

ယင်းသည့်နောက် ဘဝရှင်အလောင်းမင်းတရားကြီးဘုရားထွက်တော် မူသော အစီအစဉ်မှာ–ရှေ့ဖျား မြို့ဝန်လက်ဝဲစည်သူ ထောင်မှူးအာဏာ ကြီးကြပ်နှင့် မသင့်သမျှကို ကြည့်ရှု စီရင် သွားရသည်၊ သည့်နောက် စမြောင်သိုင်း လောက်လေးနှင့်၊ သည့်နောက် တလိုင်းအတီးအက, မြန် မာအတီးအက၊ သည့်နောက် ရှေ့ဝင်း ကိုယ်ရံတော် အဝှန်း ဗိုင်း ခေါင်း ဝင်းစချီတို့ ကြပ်မ၍ ဗိုင်းကာမှောက်တို, ဟန်စည်ဟန်မောင်းနှင့် တပ်ဖွဲ့ ၍သွားရသည်။သည့်နောက် လက်ယာ ဝင်း ကိုယ်ရံတော် အဝှန်း ဗိုင်း ခေါင်းဝင်းစချီတို့ ကြပ်မ၍ ဗိုင်းကာမှောက်တို,ဟန်စည် ဟန်မောင်းနှင့် တပ်ဖွဲ့၍ သွားရသည်။ သည့်နောက် လက်ယာကြောင်း သေနတ်, သည့် နောက် လက်ဝဲကြောင်း သေနတ်, သည့်နောက် ရွှေးသေနတ်, သေနတ် သုံးရပ်ကို စစ်ဝတ်စစ်စားနှင့် အကြပ် သွေးသောက်ကြီးတို့ ခေါ်ချည် ကာ စီမံလိုက်ရသည်။ သေနတ် သုံးရပ်ကို တပ်ဖွဲ့၍ တိမ်ကြား မင်းကြီး အုပ်ချုပ်ရသည်၊ သည့်နောက် ရဲကတင် ဆင်တော်, သဥ္စာလီတင်ဆင် တော်,ပေါင်းဝန်းတင် ဆင်တော်, နန်းပေါင်းတင် ဆင်တော်, ရှေ့ကြို ရှေ့ကဆင်သော စီးတော်ဆင်၊ သည့်နောက် တံရှည်, တံမြှာ,သပြေသာ စသော စည်တော်စုံကို ရှေ့တော်ပြေးမှူးတို့ ကြီးကြပ်တီးရွှမ်းလိုက်ရသည်။ သည့်နောက် ကုသားပျို သေနတ်စု ဘာသာ အပေါင်းအထုပ် အဝတ်

အစားနှင့် ရွှေဇဝါရေး သေနတ်စွဲကိုင်လျက် လက်ဝဲ လက်ယာ စီစဉ်လိုက်ရသည်။ သည့်နောက် ဘုန်းတော်ဖြစ် အမှုထမ်းတို့ စစ်ဝတ်ပေါင်းထုပ်နီနှင့် ရွှေဓားထမ်း၍ ဝဲယာစဉ်ကာ လိုက်ရသည်။ သည့်နောက် ရွှေလှံစွဲ ရဲမည်ရ, ရွှေလှံအောင်တပ် စစ်ဝတ်နှင့်ဝဲယာစဉ်ကာ လိုက်ရသည်။ သည့်နောက် ဝင်းတော်လေးမျက်နှာ ကောင်ဟန်သုံးစု ရွှေလှံနှင့် ဝဲယာစဉ်ကာလိုက်ရသည်။သည့်နောက် စော်ဘွား မြို့စားတို့ ဘာသာအပေါင်းအထုပ်နှင့် ဝဲယာစဉ်ကာလိုက်ရသည်။ သည့်နောက် ပုဏ္ဏားတို့ ယပ်စွဲလျက် ဝဲယာစဉ်ကာလိုက်ရသည်။ သည့်နောက် မှူးတော် မတ်တော်တို့ ဝတ်ကောင်း နားဒောင်းနှင့် ယပ်စွဲ၍ လိုက်ရသည်။ သည့်နောက် ထီးဖြူတော်, ယပ်မားတော်,ကျိုင်းတော်စသော မင်းခမ်းတော်အစေ့အစုံကျင်းပလျက် ဥဒိန်သာဂသူ ကြွပ်မလိုက်ရသည်။သည့်နောက် သူရဲကြီး အောင်တံခွန်ဖြန့်၍ ဝင်းတော် လေးမျက်နှာတပ် ဆုံးသည့်နောက် ရွှေပန်း ရွှေဓား ကုလားပျို သုံးစုလိုက်ရသည်။ သည့်နောက် ဝင်းမှူး လေးဦး မျဉ်းမှောက်တို့နှင့် ဓားယပ်စွဲ၍ ဝင်းစဉ်အတိုင်း လိုက်ရသည်။ ယင်းကမှရတနာဝေါတော်ရှေ့တွင် ရွှေလက်တော်သုံး ရွှေလှံတော်, လက်သုံးရွှေဓားတော်, ပတ္တမြားစီဓားတော်, အရိန္ဒမာ လှံတော်များကို အတွင်းတော်မြဲလူပျိုတော်တို့ ထမ်းဆောင်လိုက်ရသည်။ ယင်းကမှ ရတနာ့ထီးဖြူ လေးချက်ဖြန့်၍ ရတနာဝေါတော်ထက် စကြာဝတေး မန္တာတ်မင်း၏ အသရေဖြင့် တင့်တယ်စံပယ်စွာ ထွက်တော်မူသည်။ ဝေါတော်ကို တုရင်နော်ရထာ, မင်းမြဘ်နောင်တို့ကြွပ်မလိုက်ရသည်။ ရတနာဝေါတော် လက်ဝဲလက်ယာတွင် မင်းကြီးနော်ရထာ, မင်းခေါင်နော်ရထာ,ရွှေတောင်နော်ရထာ,ဒေဝနော်ရထာ,လက်ဝဲရွှေတောင်,လက်ယာရွှေတောင်တို့ လိုက်ရသည်။ ဝေါတော်နောက် တတာကွာတွင် သုံးတော်မူမြဲ စားတော်ကွမ်းရေ,ဆေးတံတော်, ရတနာ ခြေနင်းတော်များကို အတွင်းတော်မြဲ လူပျိုတော်ဘို့ ဝတ်ကောင်း နားဒောင်းနှင့် ဆောင်ယူ လိုက်ရသည်။ သည့်နောက် ငါးတာကွာတွင် အရှင်မိဖုရားခေါင်ကြီး စည်တော်စုံကို ရွှေတော်ပြေး စည်တော်တီး မိန်းမတို့ လျောက်ပတ်တင့်တယ်စွာ စီစဉ် တီးမှုတ်၍ သွားရသည်။ သည့်နောက် အရှင်မိဖုရားခေါင်ကြီး အဆောင်အယောင် မင်းခမ်း မင်းနားကို ဝေါတော်ရှေ့က ကျင်းပ သွားရသည်။ သည့်နောက် လက်ယာလေးစဉ်, လက်ဝဲလေးစဉ် ဝင်းတော်ခြံရံ၍ ရတနာ ထီးဖြူလေးချက်ဖြန့်လျက် ဝေါတော်ထက် အရှင်မိဖုရားခေါင်ကြီး စီး

တော်မူသည်။ သားတော်သခင် ဘိုးရှင်ကိုလည်း ဝေါတော်တွင် အတူပါရသည်။သည့်နောက် သမီးတော် ကန္ဒီသခင့်ယာဉ်တော်၊ သည့်နောက် သမီးတော် မင်းခင်းသခင့်ယာဉ်တော်၊ သည့်နောက် သမီးတော်ဆယ်ရွာသခင့်ယာဉ်တော်၊ သည့်နောက် ရတနာဒေဝီ မိဖုရား, ထွတ်ချာဒေဝီမိဖုရား, ပဲကူး မိဖုရားတို့ ယာဉ်တော်၊ သည့်နောက် စန္ဒာမဟော, နန္ဒာမဟော, စိတ္တာမဟော, ဝဏ္ဏာမဟော ကိုယ်လုပ်တော်ကြီး လေးပါးယာဉ်တော်၊ သည့်နောက် ထီးရံ နန်းရံ စော်ဘွား မြို့စားတို့ သမီး ကိုယ်လုပ်တော် လတ်၊ သည့်နောက် ကိုယ်ထုပ်တော် ငယ်စု၊ သည့်နောက် ကွမ်းရေတော်ကိုင် အပျိုတော်စု လိုက်ရသည်၊ သည့်နောက် ဆယ်တာခန့်အကွာတွင် ရဲစကြာသွေးသောက်သေနတ်၊ သာဂသူရ သွေးသောက်သေနတ်၊ စစ်ဝတ်နှင့် တပ်ဖွဲ့၍ လိုက်ရသည်။ သည့်နောက် လက်ဝဲဝင်းကိုယ်ရံတော် အဝှန်း ဒိုင်းခေါင်းဝင်းစချီတို့ ကြီးကြပ်၍ ဒိုင်း,ကာ,မှောက်တို့, ဟန်စည်ဟန်မောင်းနှင့် တပ်ဖွဲ့၍ လိုက်ရသည်။ သည့်နောက် နောက်ဝင်း ကိုယ်ရံတော် အဝှန်း ဒိုင်းခေါင်းဝင်းစချီတို့ ကြီးကြပ်၍ ဒိုင်း, ကာ, မှောက်တို့, ဟန်စည်ဟန်မောင်းနှင့် တပ်ဖွဲ့၍ လိုက်ရသည်။ သည့်နောက် ဗိုလ်စုတပ်ပေါ် သေနတ်သားတို့ တပ်ဖွဲ့၍ စစ်ဝတ်နှင့် လိုက်ရသည်။ သည့်နောက် ဗိုလ်စုတပ်ပါ မြင်းသည်တို့ စစ်ဝတ်တန်ဆာစုံ မြင်းနှင့် တပ်ဖွဲ့၍ လိုက်ရသည်။ သည့်နောက် မြေဒူး,စလင်း ကံကျွေးခံရသော သားတော် သခင်သီရိဓမ္မရာဇာ အဆောင်အယောင်ကျင်းပ၍ ဆင်သည်, မြင်းသည်, ခြေသည်, သေနတ်မီးပေါက်,ရွှေလေး, ရွှေလှံ, ဝင်းကိုယ်ရံအလုံးအရင်းနှင့် တပ်ဖွဲ့၍ လိုက်ရသည်။ သည့်နောက် ဗဒုံ မြဝတီ ကံကျွေးခံရသော သားတော် သတိုးမင်းလှရွှေတောင် အဆောင်အယောင်ကျင်းပ၍ ဆင်သည်,မြင်းသည်, သေနတ်မီးပေါက်, ရွှေလေး,ရွှေလှံ, ဝင်းကိုယ်ရံအလုံးအရင်းနှင့် တပ်ဖွဲ့၍လိုက်ရသည်။ သည့်နောက် ညီတော် တောင်ငူသခင်သတိုးသိခ်သူ အဆောင်အယောင်ကျင်းပ၍ ဆင်သည်, မြင်းသည်, ခြေသည်,သေနတ်မီးပေါက်, ရွှေလေး, ရွှေလှံ, ဝင်းကိုယ်ရံ အလုံးအရင်းနှင့် တပ်ဖွဲ့၍ လိုက်ရသည်။ သည့်နောက် ထောင်မှူးနှစ် အာဏာသားတို့နှင့် မသင့်သမှုကို ဆင့်ဆိုသိမ်းဆည်းလိုက်ရသည်။

ဤသို့ အစရှိသော မရေတွက်နိုင်သော အလုံးအရင်းနှင့် ခတ်တော်ပို့လမ်းအတိုင်း ထွက်တော်မူ၍ ကောင်းမှုတော် အနီးသို့ ရောက်တော်မူလျှင် အရှေ့စောင်းတန်းက တက်တော်မူ၍ အလှူအစီအရင်တို့က ပင့်

ထားသည့် သံဃာ တရာ့နှစ်ဆယ်ကို မြိန်မြတ်သော ဆွမ်းဘောဇဉ်၊ ရဟန်း အသုံးအဆောင် သီးပွင့်သောပဒေသာပင် တပင်စီနှင့်တကွ စော်ဘွား မြို့စား မှူးတော် မတ်တော်တို့က လှူတော်မူရန်ဆက်သသည့် အလှူဝတ္ထုများကို လွေ့လွေ့ရမ်းရမ်း လှူဒါန်းတော်မူပြီးလျှင် ကိုယ်တော်တိုင် ရေစက်သွန်းချတော်မူသည်။ အလှူတော်စဲမှ ကျုံးထိပ်သဘင် နန်းတော်မှာ စံတော်မူ၍ စက်ကျည်မီးများကို မဟာနန္ဒာကန်တော် အရှေ့တောင်တွင် ရှို့လွှတ်ရသည်။

ဥပနာသွင်းတော်မူသော အစီအရင်မှာ····မြတ်စွာဘုရားရုပ်တုတော်၊ ရဟန္တာအရှင်တို့ ရုပ်တုတော်၊ ဓာတ်တော်၊ မွေတော်၊ စေတီတော်များကို ပဉ္စမပစ္စယာပေါ်တွင် စင်ရှင်နှင့်ထား၍ ဆရာတော်တို့က အနေကဇာ တင်ရသည်၊ သည့်ပြင် အရုပ်များမှာ ထားမြတန်ဆောင်းတွင် ရှိစေ၍ ဥပနာသွင်းမည့်အခါနီးမှ တန်ဆောင်းကသည် ကောင်းမှုတော်ရောက် လက်ဝဲ လက်ယာ လူစဉ်၍ လက်ဆင့် ချီမ ဆောင်ယူရသည်၊ ကျုံးထိပ်သဘင်နန်းတော်တွင် စံတော်မူကြိုက် ဥပနာသွင်းမင်္ဂလာ အခါတော်နီးကြောင်းကို ပုရောဟိတ်မဟာဒေဝဗြဟ္မာလျှောက်လျှင် မြအတိပြီးသော ရတနာမကိုဋ်တော်၊ တလုံးတည်းသော မြရှင်နားဒွောင်းတော်၊ မဟာမဏိဒုယင်တော်များကို ဆင်တော်မူ၍ ရတနာသန်လျက်တော် ရတနာသားမြီးယပ်တော်များကို ကိုင်စွဲတော်မူလျက် အရှေ့စောင်းတန်းကတက်တော်မူသည်။ အရှင်မိဖုရားခေါင်ကြီးမှာ နဝရတ်ကိုးပါး စီခြယ်သော ရွှေအတိပြီးသော မဟာလ္လတာတန်းဆာကို ဆင်တော်မူ၍ တက်တော်မူသည်။ သမီးတော် သခင်သုံးပါးနှင့်တကွ မင်းမိဖုရား ကိုယ်လုပ်တော်တို့ အစဉ်အဟိုင်း လိုက်ကြရသည်။ ဘုရားသို့ ရောက်တော်မူလျှင် ဘဝရှင် အလောင်းမင်းတရားကြီးဘုရား ပစ္စယာဆင့်တွင်စံနေတော်မူသည်။အရှင်မိဖုရားခေါင်ကြီးမှာ ရင်ပြင်တော်က နေတော်မူသည်။

ကောင်းမှုတော် ဥပနာသွင်းမင်္ဂလာအခါတော်ပြည့်စုံပြီဟုပုရောဟိတ်တို့လျှောက်လျှင် သက္ကရာဇ် (၁၁၂၀) တထောင့်တရာ့နှစ်ဆယ်၊ ကဆုန်လပြည့် သောကြာနေ့ နေ့သုံးချက်တီးကျော် တနာရီ၊တပါဒ်၊ တဗီဇနာ၊ တပြန်၊ ခရာပြည့်၊ကန်တွင် လက်နှင့်တနလ်ာ၊ မိဿတွင် တနင်္ဂနွေ၊ဗုဒ္ဓဟူး၊ ကြကင့်တွင် အင်္ဂါ၊ရာဟု၊ ဓနုတွင် ကြာသပတေး၊ မိန်တွင် သောကြာ၊ ကုံတွင် စနေကြိုက်သောအခါ တောင်စူးစူးသို့ မျက်နှာရည်တော်မူလျက်

ရတနာသုံးပါးတို့အား ပူဇော်ပြီးလျှင် ကိုယ်တိုင်တော်မစ၍ ဥပနာသွင်းတော်မူသည်။

ဥပနာတိုက်တွင်းတွင် ငွေစေတီကို ရှေးဦးစွာသွင်းထားပြီးမှ ထိုစေတီ ပဌမပစ္စယာတိုက်တွင် ပမာဏအားဖြင့် သုံးပါးပြားသော ဘုရားသခင့် ဓာတ်တော် နှစ်နာဠိက, ရွှေကြုတ်ကြီးနှင့်တစ်၊ ရဟန္တာ အရှင်မြတ်တို့ ဓာတ်တော် ထည့်သော ရွှေကြုတ် လုံးရေ တဆဲ့ခြောက်၊ ဓာတ်တော် နှစ်တုမ္ဘ၊ ရွှေသားဆင်းတုတော်ကြီး၊ ၎င်းပြင် အဋ္ဌာဝီသရွှေသားဆင်းတု၊ သတ္တဋ္ဌာန ငွေသားဆင်းတု၊ ပုဏ္ဏားပြဿနာမေးဟန်၊ သိကြားကြဖုသီး လှူဟန်၊ တပုဿဘလ္လိကညီနောင် ပျားဆုပ်မုံ့ဆွမ်းလှူဟန်၊နတ်သားလေး ယောက် သပိတ်လှူဟန်၊ ထိုသပိတ်ဖြင့် ပျားဆုပ်မုံ့ဆွမ်းကို ခံတော်မူဟန်၊ အဇပါလ၌နေတော်မူသောအခါ သဟမ္ပတိဗြဟ္မာ တောင်းပန်ဟန်၊ ငွေ သားဆင်းတုများနှင့်၊ မိုးကြိုးဆင်းတု၊ သန္တာဆင်းတု၊ ပယင်းဆင်းတု၊ ဇာန္ဒုနီလာ ဆင်းတု၊မဗ္ဗစေတီ၊ရွှေပေငွေပေ၊ ဆံတော်မြတ်ထည့် ရွှေသား အုပ်များကို အစီအစဉ်သင့်အောင် သာသနာပြု မဟာအတုလ ယသမဗ္ဗ ရာဇဂုရု ဆရာတော်နှင့် ဆရာတော် ရှစ်ပါး စီရင်၍ သွင်းထားရသည်။

ထိုပဌမပစ္စယာတိုက်တွင် နဝရတ်ကိုးပါးစီခြယ်သော ရွှေတံခွန်၊ ရွှေ သားတံခွန်၊ ငွေသားတံခွန် စီစဉ်ဆောက်ထားသည်၊ ဘုရားရှင့်လက်ယာ ရှေ့စဉ်တွင် ဘဝရှင်အလောင်းမင်းတရားကြီး-ဘုရားရှင်ကို ပူဇော်တော် မူဟန် ရတနာပန်းခိုင်နှင့် လက်အုပ်ချီလျက်၊ အရှင် မိဖုရားခေါင်ကြီး- ဘုရားရှင်ကို ပူဇော်တော်မူဟန် ရတနာပန်းခိုင်နှင့် လက်အုပ်ချီလျက် ရွှေသားကလပ်ကြုတ်တွင် ပတ္တမြားပေါက်ပေါက် ထည့်၍ တခုစီထား သည်၊ နောက်တော်က အစဉ်တွင် သားတော် မဟာဥပရာဇာ အိမ်ရှေ့ မင်းအရုပ်၊ သားတော်မြေဒူးမင်းအရုပ်၊ သားတော်အမြင့်မင်းအရုပ်၊သား တော် ဗဒုံမင်း အရုပ်၊ သားတော် သတိုးမင်းလှအရုပ်၊ သားတော်သခင် ဘိုးရှင်အရုပ်၊ သမီးတော် ကန္ဒီသခင်အရုပ်၊ သမီးတော် မင်းခင်းသခင် အရုပ်၊ သမီးတော် ဆယ်ရွာသခင်အရုပ်၊ သားတော်ကျောက်မြောင်းမင်း သားအရုပ်၊ စိတ္တာမဟေတွင် မြင်သည့် သားတော်အရုပ်၊ မယ်သလေး အရုပ်၊ ရတနာဒေဝီ မိဖုရားအရုပ်၊ ထွတ်ချာဒေဝီ မိဖုရားအရုပ်၊ ဝဲကူး မိဖုရားအရုပ်၊ ကိုယ်လုပ်တော်ကြီးလေးယောက်အရုပ်များကို လက်ယာသို့ ပတ်၍ စဉ်ထားရသည်၊ ငွေသားကလပ်ကြုတ်တွင် ရွှေပေါက်ပေါက်ကို ထည့်ထားရသည်၊ သည့်နောက်အစဉ်တွင် အထူး သနားတော်မူသော

မှူးတော်မတ်တော်တို့ အရုပ်များကို ငွေပန်းခိုင်ကိုင်၍ လက်အုပ်ချီလျက် စဉ်ထားရသည်၊ စီးတော်ဆင်ရုပ်၊ စီးတော်မြင်းရုပ်၊ ရတနာ ရွှေဖောင်တော်ရုပ်များကိုလည်း ငွေကိုသွန်း၍ ဘုရားရှင်ကို ပူဇော်လှူဒါန်းထားတော်မူသည်။

ဘုရားရှင့် လက်ဝဲရွှေစဉ်တွင် ခမည်းတော်-ဘုရားရှင်ကို ပူဇော်တော်မူဟန် ရတနာပန်းခိုင်နှင့်လက်အုပ်ချီလျက်၊ မယ်တော်မဟာဒေဝီ-ဘုရားရှင်ကို ပူဇော်တော်မူဟန် ရတနာပန်းခိုင်နှင့် လက်အုပ်ချီလျက် ရွှေသားကလပ်ကြုတ်တွင်ပတ္တမြားပေါက်ပေါက်ထည့်၍ တခုစီထားသည်၊ ခမည်းတော် မယ်တော်တို့နောက်တွင် နောင်တော်ညီတော်တို့အရုပ်၊ နှမတော်သုံးပါးအရုပ်၊ဆွေတော်ရင်း မျိုးတော်ရင်းတို့ အရုပ်များကို လက်ဝဲရစ်စီစဉ်၍ ရွှေပန်းခိုင်နှင့် လက်အုပ်ချီလျက် ထားရသည်၊ ငွေသားကလပ်ကြုတ်တွင် ရွှေပေါက်ပေါက်ထည့်၍ ထားရသည်။

ငွေစေတီ ဒုတိယပစ္စယာတိုက်တွင် ပဉ္စဝဂ္ဂီရဟန်းတို့အား တရားဟောတော်မူဟန်ကစ၍ လေးဆဲ့ငါးဝါ-ဝါဆိုစဉ်အခမ်းအနားအစုံ ရွှေသားဆင်းတု၊ ဖလ်ဆင်းတု၊ ထိုမှတပါး ဝဲကူး ဟံသာဝတီက ပင့်ဆောင်တော်မူခဲ့သော ရွှေသားဆင်းတု နှစ်ရာ့ တဆဲ့ငါးများကို သွင်းထားရသည်။

ငွေစေတီ တတိယ,စတုတ္ထပစ္စယာတိုက်မှာ ဓာတ်တော်ထည့်ရွှေကြုတ်တဆယ်၊ ငွေကြုတ်လေး၊ ပယင်းဆင်းတုငါး၊ မင်း မိဖုရား မင်းသား မင်းညီတို့က လုပ်၍ဆက်သည့် ရွှေသား ဗောဓိပင်ပါ ရုပ်တုတော်၊ ငွေသား ဗောဓိပင်ပါ ရုပ်တုတော်များကို သွင်းထားရသည်။

ဤသို့ သွင်းထားပြီးပြေလျှင် ငွေစေတီအဖုံးအထွတ် အနေကျအောင်ဆက်၍ သော့ဗနောက်နှင့်တကွ ရွှေမယ်နစ္စဲလျက် မြဲမြံစွာ ထားတော်မူသည်။ ။ငွေစေတီတိုက်ပြည့်သောကြောင့် ထိုစေတီ ဝန်းကျင်၌ ငွေသားဆင်းတုတော်ကြီးများနှင့် မင်း မိဖုရား မင်းသား မင်းညီ မှူးတော် မတ်တော် သူဌေး သူကြွယ်ပြည်သူပြည်သားတို့ကလုပ်၍ဆက်သည့် အထူးထူးသော အခမ်းအနား၊ ရွှေသားဆင်းတု၊ ငွေသား ဆင်းတု၊ ပဉ္စလောဟာဆင်းတု၊ ကြေးဆင်းတု၊ သလွဲဖြူဆင်းတုစသော များလှစွာသော ဆင်းတုတော် များကို ဌာပနာတော်မူသည်။

ဌာပနာ သွင်းတော်မူ၍ အနေအထားကျလျှင် ငွေစေတီတော်က ခါသာငါးအုပ်ကို ယမြားသွယ်၍ ဘဝရှင် အလောင်းမင်းတရားကြီးဘုရား

ကိုယ်တော်နှင့်တကွ အရှင်မိဖုရားခေါင်ကြီး, သားတော်, သမီးတော်, ညီတော်,နှမတော်, မင်းမိဖုရား, မင်းကိုယ်လုပ်တော်,ဆွေတော်,မျိုးတော် မှူးတော်မတ်တော်တို့ တညီတညွတ်တည်း ယမြားကိုဆွဲမလျက် ရွှေကရား နှင့် ကိုယ်တော်တိုင် ရေစက်သွန်းချ အမှျ ပေးဝေတော်မူသည်။ စည် တော်လည်း ရွှမ်းရသည်။ နတ်လူ အနုမောဒနာပြုသောအသံ အုတ်အုတ် ကျက်ကျက် တပြိုင်နက်ဖြစ်လေသည်။ ဘဝရှင် အလောင်းမင်းတရားကြီး ဘုရားလည်း အတ္တဟိတဟုဆိုအပ်သောကိုယ်တော်မြတ်အကျိုး,ပရဟိတ ဟု ဆိုအပ်သော သတ္တဝါအပေါင်းတို့အကျိုး ပွားများစေခြင်းငှာ သမ္မာ ဆန္ဒဗလဝစေတနာတော် အတိုင်းထက်အလွန် ပြဋ္ဌာန်းတော် မူသဖြင့် ဒီပင်္ကရာကျော်သူ သုံးကြိမ်သုံးဖန် ပတ္တိဒါနကုသိုလ်တော် ကြွေးကြော်ပေး ဝေရသည်။ ။ဤသို့လျှင် သီဟိုဠ်ကျွန်း၌ အဘယဒုဋ္ဌဂါမဏိမင်းကြီးသည် မဟာစေတီတော်ကို ဌပနာသကဲ့သို့ ကောင်းမှုတော်၌ ပဌမဌပနာတော် မူ၍ အဖုံးအအုပ် ကြေးချောင်းကြေးလျက်၊ ကြေးပျဉ်ကြေးပြား၊ ကျောက် ပျဉ်ကျောက်ပြား တို့ကို ဖုံးအုပ်ပြီးသော် သလွဲရည်တို့ဖြင့် စေ့စပ်ပြီးမှ ထွက်တော်မူသောအစီအစဉ်အခင်းအကျင်းအတိုင်း စီစဉ်ခင်းကျင်းလျက် ရွှေနန်းတော်သို့ ဝင်တော်မူသည်။

စေတီတော်၌ ဒုတိယဌပနာ သွင်းတော်မူမည်မှာ–ဌပနာတိုက် လေး တိုက် တို့ကို ကျောက်အလျားနှစ်တောင့်နှစ်မိုက်, အနံနှစ်တောင့်တမိုက်စီ တတိုက်လျှင် ကျောက်ပေါင်း ခြောက်ချပ်, လေးတိုက်သော် ကျောက် ပေါင်းနှစ်ဆဲ့လေးချပ်တို့ကို ညီညွတ် စေ့စပ်လှအောင် ကျောက်ညိုဆတ် သွေးသောက်ကြီး ငယ်သားတို့ ဆတ်လုပ်ရသည်။ နှစ်ဆဲ့လေးချပ်သော ကျောက်တို့တွင် အဖုံးလေးချပ်မှာ အလျား သုံးတောင်, အနံနှစ်တောင့် နှစ်မိုက်ပြည့်အောင် သားနား ချန်ထားရသည်။ တိုက်လယ်တွင် တိုက် ဝိတ်ကျောက်ကိုခံရန် ကျောက်တိုင်လုံးပတ်သုံးထွာ၊ ကြာတောင်ကြာပျံနှင့် လုပ်ဆောင်ပြီးလျှင် ဌပနာတိုက်အတွင်း စိုက်ဆောက်၍ ရွှေပိန်းထည့်ရ သည်၊ အောက်ခံနံရံ ကျောက်ကို ဆတ်လုပ်ချောမွေ့ ကောင်းမွန်လျှင် ဌပနာတိုက်အတွင်း ကာခင်း၍ အင်္ဂတေနှတို့ဖြင့် ကြဲပြီးမှ အင်္ဂတေပေါ် တွင် မာရ်နတ်ကိုအောင်တော်မူဟန်၊ အာဠဝကဘီလူးကို အောင်တော် မူဟန်၊ နာဠာဂိရိဆင်ကို အောင်တော်မူဟန်၊ အင်္ဂုလိမာလကို အောင် တော်မူဟန်၊ စိဉ္စမာဏဝိကာကို အောင်တော်မူဟန်၊ သစ္စကပရိဗိုဇ်ကို အောင်တော်မူဟန်၊ နန္ဒောပနန္ဒနဂါးကို အောင်တော်မူဟန်၊ ဗကဗြဟ္မာ

ကို အောင်တော်မူဟန်၊ အောင်ခြင်းရှစ်ပါးကို အစေ့အစုံ နံရံတွင် ရွှေဇဝါရေးရသည်။

သာရမဏ္ဍကမ္ဘာထက် တကျောက်ရာမြတ်စွာဘုရား စရည်းဗောဓိ၌ ပွင့်တော်မူဟန်၊ မေဓင်္ကရာမြတ်စွာဘုရား ပေါက်ပင်ဗောဓိ၌ ပွင့်တော်မူဟန်၊ သရဏင်္ကရာမြတ်စွာဘုရား စန္ဒကူးဗောဓိ၌ပွင့်တော်မူဟန်၊ဒီပင်္ကရာမြတ်စွာဘုရား ညောင်ကြပ်ဗောဓိ၌ ပွင့်တော်မူဟန်၊ သာရကမ္ဘာထက် ကောဏ္ဍညမြတ်စွာဘုရား သာရကလျာဏီဗောဓိ၌ပွင့်တော်မူဟန်၊ သာရမဏ္ဍကမ္ဘာထက် မင်္ဂလမြတ်စွာဘုရား, သုမနမြတ်စွာဘုရား,ရေဝတမြတ်စွာဘုရား, သောဘိတ မြတ်စွာဘုရား ကံ့ကော်ဗောဓိ၌ ပွင့်တော်မူဟန်၊ ဝရကမ္ဘာထက် အနောမဒဿီမြတ်စွာဘုရား ထောက်ကြံ့ဗောဓိ၌ ပွင့်တော်မူဟန်၊ ပဒုမ မြတ်စွာဘုရား ကြောင်လျှာဗောဓိ၌ ပွင့်တော်မူဟန်၊ နာရဒမြတ်စွာဘုရား ကြောင်လျှာနီဗောဓိ၌ ပွင့်တော်မူဟန်၊ ဤသို့လျှင် သေလ, ဘာသ, ဇေယ,ရစ်-ဟူသော လေးအသချေ်ထက်၌ ပွင့်တော်မူကုန်ပြီးသော တကျိပ်နှစ်ဆူ ကုန်သော ရှင်စောဘုရားတို့၏ ဗောဓိပလ္လင်နှင့်တကွ ရုပ်တုတော်တို့ကိုရင်း၊ ကမ္ဘာ တသိန်း အတွင်း သာရကမ္ဘာတက် ပဒုမုတ္တရ မြတ်စွာ ဘုရား ထင်းရှူး ဗောဓိ၌ ပွင့်တော် မူဟန်၊ မဏ္ဍကမ္ဘာထက် သုမေဓ မြတ်စွာဘုရား တမာဗောဓိ၌ ပွင့်တော်မူဟန်၊ သုဇာတာ မြတ်စွာဘုရား ကြခတ်ဗောဓိ၌ ပွင့်တော်မူဟန်၊ ဝရကမ္ဘာထက် ပိယဒဿီ မြတ်စွာဘုရား ခံတက်ဗောဓိ၌ ပွင့်တော် မူဟန်၊ အတ္ထဒဿီ မြတ်စွာဘုရား စံကားဗောဓိ၌ ပွင့်တော် မူဟန်၊ ဓမ္မဒဿီ မြတ်စွာဘုရား မျက်နှာပန်းဗောဓိ၌ ပွင့်တော်မူဟန်၊ သာရကမ္ဘာထက် သိဒ္ဓတ္ထမြတ်စွာဘုရား မဟာလှေကားဗော၌ ပွင့်တော်မူဟန်၊ မဏ္ဍကမ္ဘာထက် တိဿမြတ်စွာဘုရား ပိတောက် ဗောဓိ၌ ပွင့်တော်မူဟန်၊ ဖုဿမြတ်စွာ ဘုရား ရှစ်ရှား ဗောဓိ၌ ပွင့်တော်မူဟန်၊ သာရ ကမ္ဘာထက် ဝိပဿီ မြတ်စွာဘုရား သခွတ် ဗောဓိ၌ ပွင့်တော်မူဟန်၊ မဏ္ဍကမ္ဘာထက် သိခီမြတ်စွာဘုရား သရက်ဖြူဗောဓိ၌ ပွင့်တော် မူဟန်၊ ဝေဿဘူ မြတ်စွာဘုရား အင်ကြင်း ဗောဓိ၌ ပွင့်တော် မူဟန်၊ ဘဒ္ဒကမ္ဘာထက် ကကုသန် မြတ်စွာဘုရား ကုက္ကို ဗောဓိ၌ ပွင့်တော် မူဟန်၊ ကောဏာဂုံမြတ်စွာဘုရား ရေသဖန်းဗောဓိ၌ပွင့်တော်မူဟန်၊ကဿပ မြတ်စွာ ဘုရား ပညောင်ဗောဓိ၌ ပွင့်တော်မူဟန်၊ ဂေါတမ မြတ်စွာဘုရား ညောင်ဗုဒ္ဓဟေဗောဓိ၌ ပွင့်တော်မူဟန်၊ ဤသို့လျှင် တကျိပ်ခြောက်ဆူ

ကုန်သော ရှင်စောဘုရားတို့၏ ဗောဓိပလ္လင်နှင့် တကွ ရုပ်တုတော်တို့ကို ငှင်း နံရံတွင် ရွှေဇဝါရေးရသည်၊ အခင်းအဖုံးတို့၌ကား ပွင့်ချပ်တရာ ရှိသော ပဒုမာကြာပွင့်သဏ္ဍာန် ရွှေဇဝါရေးရသည်။

ဥပနာတိုက်တော်၌ လုပ်ဆောင်ရန် ပြီးပြေလျှင် ဥပနာသွင်းရန်ဓာတ်တော်, မွေတော်, ဆင်းတုတော်များကို စေတီတော်ရောက် ပင့်ဆောင်ရမည်မှာ ပဌမဥပနာသွင်းတော်မူသည့် လမ်းကို တန်းဆာဆင်စေ၍သက္ကရာဇ်(၁၁၂၀) တထောင့်တရာ့နှစ်ဆယ်၊ဒုတိယဝါဆိုလဆန်းသုံးရက်နေ့ နံနက် တချက်တီးအချိန်တွင် ရွှေနန်းတော်တွင်းက လက်ဝဲနော်ရထာ, လက်ယာနော်ရထာ, ဝန်ထောက် လက်ဝဲသိခ်တို့ ကြပ်မစီစဉ် စီရင်ခင်းကျင်းပြီးလျှင် ဓာတ်တော်,မွေတော်, ရုပ်တုတော်, ဆင်းတုတော်များကို ဝေါဗလာလေးတွင်တင်၍ ထီးဖြူလေးချက်စီ ဆောင်းမိုးလျက် ရွှေဖျားစမြောင်၊ သည့်နောက်စည်တော်ရုံ၊ သည့်နောက် တံခွန်ကုက္ကားမုလေးပွား၊ သည့်နောက်ပူဇော်တော်ပွဲ၊သည့်နောက် ထုံရည်သွတ်ပန်းစိုက်ဖလ်တကောင်းကိုင်၊ ယင်းကမှဓာတ်တော်တင်ဝေါဗလာလေးကို ခြံရံရသည်မှာ မှူးသား, မတ်သား, သူကောင်းသားမြေး, အတွင်းတော်မြဲတို့ ဝတ်ကောင်း နားခဲ့ာင်းနှင့် ယပ်စွဲလျက် လက်ဝဲလက်ယာ၊ ဖွဲ့စုတော်မူသစ် သေနတ်စု, အကြပ် သွေးသောက်ကြီး၊ ဖွဲ့စုဟောင်း သေနတ်စု, အကြပ် သွေးသောက်ကြီးတို့ ဝတ်ကောင်း နားခဲ့ာင်းယပ်စွဲ၍ လက်ဝဲလက်ယာ၊ သေနတ်လုသင်တော်တို့ ဝတ်သစ်ဝတ်ကောင်းနှင့်လက်ဝဲလက်ယာလိုက်ရသည်၊ ဝေါဗလာလေးမှာ ဝေါကြပ် လက်ဝဲလက်ယာ အတွင်းတော်မြဲလေးယောက်စီ၊ အထမ်းအဆောင်လူနှစ်ဆယ်စီ၊ နှစ်ထောက်လဲလူလေးဆယ်စီနှင့် ငြိမ်သက်စွာ ထမ်းဆောင်သွားရသည်၊ သည့်နောက်သက်နှင်းလျာပိတ်ရမတီအုပ်စသော အလှူတော်ပွဲ ဒေါင်းပေါင်ကြီးနှင့်သုံးဆဲ့ငါး၊ ပိန္နဲ, တောက်ရပ်, သင်မုန်း,အပ်, ကပ်ကျေး, ချည်လုံးထည့်သော အလှူတော်ပွဲသုံးဆဲ့ငါး၊ ပျားရည်, ထောပတ်, သကာ, သကြားစသောအလှူတော်ပွဲသုံးဆဲ့ငါး၊ အုန်း, ကြံ, ငှက်ပျော,ဆေး,ကွမ်း,လက်ဘက်စသော အလှူတော်ပွဲ သုံးဆဲ့ငါး၊ သည့်နောက် ပရိတ်အိုး၊ သည်နောက် အခါတော်စာကို ပုဏ္ဏားနှင့် အစီအစဉ်သင့်အောင်လိုက်ရသည်၊ သည့်နောက် အတီးအက သဘင်စုံ၊ သည့်နောက်မင်းသားမင်းညီ ဆွေတော်မျိုးတော်မှူးတော်မတ်တော်တို့ရွှေကြိုးရွှေကတင်သောမြင်းနှင့် လိုက်ရသည်၊ အစီအစဉ်အတိုင်း သွား၍ စေတီတော်သို့ရောက်လျှင် ဝေါဗလာတော်ကို

တန်ဆောင်းတွင်ချ၍ ခါတ်တော်မွေတော် ဆင်းတုတော်များကို ရှိသေစွာ ပင့်ဆောင်မှ ဒုတိယပစ္ဆယာပေါ်တွင် စင်ရှင်နှင့်တံခွန်ကုက္ကားမှလေးပွား စီစဉ်စိုက်ဆောက်လျက်ထားရသည်။

ယင်းသည့်နေ့ စစ်အင်္ဂါလေးပါး အလုံးအရင်း များနှင့် ရှေ့တပ်နောက်တပ်စီစဉ်၍ သားတော် ညီတော် ဆွေတော် မျိုးတော် မှူးတော်မတ်တော်အပေါင်း ခြံရံလျက် စေတီတော်သို့ထွက်တော်မူသည်၊ရောက်တော်မူလျှင် အရှေ့စောင်းတန်းက တက်တော်မူ၍ ငြိမ်သက်လျှင် ဆရာတော်တို့ ခါတ်တော်, မွေတော်, ဆင်းတုတော်များကို အနေကဇာတင်ရသည်၊သံဃာတော် သုံးဆဲ့ငါးပါးကိုလည်း သင်္ကန်းလျာစသောလှူဘွယ်ဝတ္ထုတို့ကိုလှူဒါန်းတော်မူသည်၊ဥပနာသွင်းမင်္ဂလာ အခါတော်ပြည့်စုံပြီဟု ပုရောဟိတ်တို့လျှောက်လျှင် သက္ကရာဇ် (၁၁၂၀) တထောင့်တရာ့နှစ်ဆယ် ဒုတိယဝါဆိုလဆန်း တဆဲ့သုံးရက် အင်္ဂါနေ့ ညနေသုံးချက်တီးကျော်၊ နာရီပြည့်၊သုံးပါဒ်၊ နှစ်ဗီဇနာ၊ ခုနစ်ခရာပြည့်၊ပြိဿာတွင်လက်နှင့်ကြာသပတေး၊ မေနစန်း၊ကြကင့်တွင် တနင်္ဂနွေ,ရာဟု၊ကန်တွင်အင်္ဂါ၊ မေခုန်တွင်ဗုဒ္ဓဟူး၊ပြိဿတွင်သောကြာ၊ ကုံတွင်စနေကြိုက်သောအခါ တောင်ရှူးရှူးသို့မျက်နှာရည်တော်မူလျက် ကိုယ်တော်တိုင်မစထော်မူ၍ ရှေးဦးစွာ အရှေ့တိုက်ကိုသွင်းတော်မူသည်၊တိုက်မှာငွေသားဆင်းတုသတ္တဌာနအစုံ၊ ပယင်းဆင်းတုဆူရေလေး၊ ရွှေသားဆင်းတု ဆူရေကြီးငယ်တဆယ်၊ နဝရတ်ကိုးပါး စီခြယ်သောရွှေကြုတ်တွင်ပဲနောက်ပမာဏရှိသော ရွှေသားကဲ့သို့အဆင်းရှိသော ခါတ်တော်ဆူရေနှစ်ဆယ်၊ ဆန်ကျိုးပမာဏပုလဲကဲ့သို့အဆင်းရှိသောခါတ်တော်ဆူရေလေးဆယ်၊မုန်ညင်းစေ့ပမာဏမုလေးငုံအဆင်းရှိသောခါတ်တော်ဆူရေနှစ်ရာ၊ငွေကြုတ်နှစ်လုံးတွင်ထည့်သောရဟန္တာခါတ်တော်နှစ်နာဠိက၊ ဖလ်ကြုတ်နှစ်လုံးတွင်ထည့်သောရဟန္တာခါတ်တော်နှစ်နာဠိက၊ ကြေးဆင်းတုဆူရေတရာ၊ ကျောက်ဆင်းတုဆူရေတဆယ်များကို သွင်းတော်မူသည်၊ ရွှေခွဲ, ငွေခဲ, ကျောက်သံပတ္တမြားရတနာဆယ်ပါး ကြဲထား ပူဇော်တော်မူသည်၊ ရွှေသားကလပ်နှင့် ရွှေပေါက်ပေါက်၊ ငွေသားကလပ်နှင့် ငွေပေါက်ပေါက်၊ ရွှေသား တံခွန်, ငွေသားတံခွန်, ရွှေပန်းခိုင်, ငွေပန်းခိုင်များကိုလည်း စီစဉ်စိုက်ထားပူဇော်တော်မူသည်။

ထိုကမှလက်ယာသို့လှည့်၍ တောင်တိုက်ကို ဥပနာသွင်းတော်မူသည်၊ တိုက်မှာပဥ္စဝဂ္ဂီရဟန်းတို့အားဓမ္မစက္ကပ္ပဝတ္တနသုတ္တန်ကိုဟောတော်မူဟန်၊

ငွေသားသစ်ပင်၊ ငွေသားသမင်ရုပ်၊ ပဥ္စဝဂ္ဂီရဟန်းငါးယောက်တို့ အရုပ်၊ မြတ်စွာဘုရား ရုပ်တုတော်၊အောင်ခြင်းရှစ်ပါးငွေသားရုပ်တုအစုံ၊ပယင်းဆင်းတု ဆူရေနှစ်၊ ရွှေသားဆင်းတု ဆူရေကြီးငယ်တဆယ်၊ ကြေးဆင်းတုဆူရေတရာ၊ ကျောက်ဆင်းတု ဆူရေတဆယ်၊ နဝရတ်ကိုးပါး စီခြယ်သော ရွှေကြုတ်တွင်ထည့်သော အဆင်းအားဖြင့် သုံးပါး, ပမာဏအားဖြင့် သုံးပါးပြားသော ဘုရားရှင်ဓာတ်တော် ဆူရေနှစ်ရာ၊ ငွေကြုတ်နှစ်လုံးနှင့် ရဟန္တာအရှင်မြတ်တို့ ဓာတ်တော်နှစ်နာဠိကများကို ဌပနာသွင်းတော်မူသည်၊ ရွှေသားကလပ်နှင့် ရွှေပေါက်ပေါက်၊ ငွေသားကလပ်နှင့် ငွေပေါက်ပေါက်၊ ရွှေသားတံခွန်,ငွေသားတံခွန်, ရွှေပန်းခိုင်, ငွေပန်းခိုင် စိုက်ဆောက် မြီရုံလျက် ပူဇော်တော်မူသည်။

ထိုကအနောက်တိုက်ကို ဌပနာတော်မူသည်၊ တိုက်မှာ ငွေသားဆင်းတုတော် အဋ္ဌဝီသနှစ်ကျိပ်ရှစ်ဆူ၊ ဧင်းပြင် ငွေသားဆင်းတုလတ် ဆူရေနှစ်ဆယ်၊ ပယင်းဆင်းတုဆူရေနှစ်၊ကြေးဆင်းတုဆူရေငါးဆယ်၊ နဝရတ်ကိုးပါးစီခြယ်သောရွှေသားကြုတ်ထည့်ဘုရားရှင့်ဓာတ်တော်ဆူရေနှစ်ရာ၊ ငွေကြုဘ်နှစ်လုံးနှင့် ရဟန္တာအရှင်မြတ်တို့ ဓာတ်တော် နှစ်နာဠိကများကို ဌပနာ သွင်းတော်မူသည်၊ ရွှေသားကလပ်နှင့်ရွှေပေါက်ပေါက်၊ငွေသားကသပ်နှင့် ငွေပေါက်ပေါက်၊ ရွှေသားတံခွန်, ငွေသားတံခွန်,ရွှေပန်းခိုင်, ငွေပန်းခိုင် မြီရုံစိုက်ဆောက် ပူဇော်တော်မူသည်။

ထိုကမှ မြောက်တိုက်ကို ဌပနာသွင်းတော်မူသည်၊ တိုက်မှာ ငွေသားဆင်းတုသတ္တဋ္ဌာနအစုံ၊ ကြေးဆင်းတု ဆူရေတရာ၊ ကျောက်ဆင်းတု ဆူရေတရာ၊ ပယင်းဆင်းတု ဆူရေနှစ်ဆယ်၊ ပဋ္ဌလောဟာ ဆင်းတု ဆူရေတဆယ်၊ နဝရတ်ကိုးပါးစီခြယ်သော ရွှေသားကြုတ်တွင်ထည့်သော မြတ်စွာဘုရားဓာတ်တော်ဆူရေနှစ်ရာ၊ငွေကြုတ်နှလုံးနှင့်ရဟန္တာအရှင်မြတ်တို့ ဓာတ်တော်နှစ်နာဠိကများကို ဌပနာသွင်းတော်မူသည်၊ ရွှေသားကလဂ်နှင့် ရွှေပေါက်ပေါက်၊ ငွေသားကသပ်နှင့် ငွေပေါက်ပေါက်၊ ရွှေသားတံခွန်,ငွေသားတံခွန်, ရွှေပန်းခိုင်,ငွေပန်းခိုင်စိုက်ဆောက် ပူဇော်တော်မူသည်။ ။လေးတိုက်ပြီးခပြလျှင် မှူးတော် မတ်တော်တို့က ထည့်သော ရွှေငွေ ကျောက်သံပတ္တမြား ပုတီးလက်စွပ်တို့ကိုကြဲ၍ မြတ်စွာဘုရားကို ပူဇော်ပြီးမှ ဌပနာလေးတိုက်တွင် ရွှေကြာယပ်, ငွေကြာယပ် တို့ကို ရွှေမယ်န, ငွေမယ်နတို့ဖြင့် မြဲမြဲစွာစွဲစေ၍ မျက်နှာကြက်ရသည်၊ အလုံးစုံ

ပြီးပြေလျှင် အဖုံးကျောက်ဖြင့် ပိတ်ဖုံးပြီးမှ ယင်းသည့်နေ့ ရွှေနန်းတော်သို့ ဝင်တော်မူသည်။

ရတနာသိင်္ဃကုန်းဘောင်ရွှေပြည်တော်ကြီးတွင် သက္ကရာဇ်(၁၁၁၄) တထောင့်တရာ့တဆဲ့လေးခု ကဆုန်လ ဖွဲ့စုရင်း ဆုတော်ရလူ တုရင်စက်နှင့် သုံးသွေးသောက် တရာ့လေးဆယ်၊ (၁၁၁၈) တထောင့်တရာ့တဆဲ့ရှစ်ခု၊ နတ်တော်လ ဟံသာဝတီတောင် အလတ်ဆည်တဲနန်းတော်တွင် ဖွဲ့စုသည့် နတ်စက်ကျော်နှင့် လူငါးဆယ်၊ အရပ်ရပ်မြို့ရွာသူကြီးတို့တွင် ရဲရောင်မြန်မာသူတို့ကို ရွေးချယ်ပေးအပ်ရမည် ခန့်ထားတောင်းယူသည့် လူတထောင့်ခြောက်ရာ့ငါးဆဲ့ရှစ်၊ သုံးစုလူပေါင်း တထောင့်ရှစ်ရာ့လေးဆဲ့ရှစ်ကို သက္ကရာဇ် (၁၁၂၀) တထောင့်တရာ့နှစ်ဆယ်၊ ဒုတိယ ဝါဆို လပြည့်ကျော် လေးရက်နေ့၊ ဉဒိန်နန္ဒသူကို သွေးသောက်ကြီးခန့်၍ လက်ဝဲကြောင်းသေနတ်သုံးဆဲ့သုံးသွေးသောက်ထပ်၍ ဖွဲ့တော်မူပြီးလျှင် လက်ဝဲနံတွင် နံချွန်တော်အမှတ်ပေး၍ ထမ်းရွက်စေသည်။

ရတနာသိင်္ဃ ကုန်းဘောင်ရွှေပြည်တော်ကြီးတွင်(၁၁၁၄)တထောင့်တရာ့ တဆဲ့လေးခု နယုန်လ ဖွဲ့စုရင်း ဆုတော်ရလူ တရာ့ ကိုးဆယ်နှင့် အရပ်ရပ် မြို့ရွာသူကြီးတို့တွင် ရဲရောင်မြန်မာသူတို့ကို ရွေးချယ်ပေးအပ်ရမည် ခန့်ထားတောင်းယူ၍ ရသည့်လူ တထောင့် တရာ့ တဆဲ့နှစ်၊ နှစ်စု လူပေါင်း တထောင့် သုံးရာ့ နှစ်ကို၊ သက္ကရာဇ် (၁၁၂၀) တထောင့်တရာ့နှစ်ဆယ်၊ ဝါခေါင်လပြည့်ကျော် တဆဲ့သုံးရက်နေ့ ဒိဗ္ဗပျံချီကို သွေးသောက်ကြီးခန့်၍ လက်ယာကြောင်း သေနတ်ဆဲ့သုံး သွေးသောက်ကြီး ထပ်၍ ဖွဲ့တော်မူပြီးလျှင် လက်ယာနံတွင် နံချွန်တော်အမှတ်ပေး၍ ထမ်းရွက်ရသည်။

ရတနာသိင်္ဃကုန်းဘောင်ရွှေပြည်တော်ကြီးတွင် သက္ကရာဇ် (၁၁၁၈) တထောင့်တရာ့ဆဲ့ရှစ်ခု နတ်တော်လ ဟံသာဝတီမြို့တောင် ဇေတုဝတီတဲနန်းတော်တွင် အရပ်ရပ်ဗိုလ်စုတပ်စုကရဲရောင်မြန်မာစွမ်းသန်သူတို့ကို ရွေးနုတ်တော်မူ၍ ရသည့်လူ ရဲတုလွတ်,ထွက်တိုင်းအောင်,ထွက်တိုင်းရ, ယောကျ်ားစက်မီး,ဒိဗ္ဗပျံချီတို့နှင့်ဖွဲ့စုရင်းရွေးငါးသွေးသောက်၊လူလေးရာ့တဆယ်နှင့် အရပ်ရပ် မြို့သူကြီးတို့တွင် ရဲရောင်မြန်မာ သန်စွမ်းသူတို့ကို ရွေးချယ်ပေးအပ်ရမည်ခန့်ထားတောင်းယူ၍ ရသည့်လူပေါင်း တထောင့်ငါးရာ့ခုနစ်ဆယ်၊ နှစ်စုလူပေါင်း တထောင့်ကိုးရာ့ရှစ်ဆယ်ကို သက္ကရာဇ် (၁၁၂၀) တထောင့် တရာ့ နှစ်ဆယ် ဝါခေါင် လပြည့်ကျော် တဆဲ့သုံး

ရက်နေ့လက်ဝဲပျံချီတို့ကိုသွေးသောက်ကြီးခန့်၍ရွှေလက်ဝဲ,ရွှေလက်ယာ သေနတ်သုံးဆဲ့နှစ် သွေးသောက် ထပ်ဖွဲ့တော်မူသည်။ ရွှေလက်ဝဲသေနတ် အစုသားတို့ကို လက်ဝဲနံတွင် နံချွန်တော်အမှတ်ပေး၍ ထမ်းရွက်ရသည်၊ ရွှေလက်ယာအစုသားတို့ကိုလည်း လက်ယာနံတွင် နံချွန်တော် အမှတ်ပေး၍ ထမ်းရွက်ရသည်။

စည်းခံတော်ကိုလည်း အပြီးသို့ရောက်အောင် စီရင်တည်လုပ်တော်မူ၍ အုတ်အင်္ဂတေပြီးလျှင် သက္ကရာဇ် (၁၁၂၀) တထောင့်တရာ့နှစ်ဆယ် သီတင်းကျွတ်လပြည့်ကျော်သုံးရက် သောကြာနေ့ နေ့နှစ်ချက်တီးကျော် ငါးနာရီ နှစ်ပါဒ်၊ တဆဲ့လေးဗီဇနာ၊ လေးပြန်၊ ခြောက်ခရာ၊ သောကြာ တြင်း၊ ကြာသပတေး နဝင်း၊ နက္ခတ် နှစ်ဆဲ့သုံးလုံးတပါဒ်ထက်လက်စီးလျက် ထိုနာရီ၏ဘဝါးသော်ကား ခုနစ်ဘဝါး ဆယ်လက်သစ်၊ မုယောပြည့်၊ ငါးနှမ်း၊ ဆံခြည်ပြည့်အချိန်၊ ကုံလက်၊ ပြိဿစန်း၊ ကြကင့်တွင် ရာဟု၊ ကန်တွင် ဗုဒ္ဓဟူး၊ တူတွင် တနင်္ဂနွေ,သောကြာ၊ ဗြိစ္ဆာတွင် အင်္ဂါ၊ ဓနုတွင် ကြာသပတေး၊ မကာရတွင် စနေကြိုက်လျက် ကောင်းမြတ်သော မင်္ဂလာအခါတော်၌ များစွာသောအလှူဒါန ပွဲသဘင်နှင့်တကွ ရဟန်း ပရိသတ် လူပရိသတ် များလှစွာသော အစည်းအဝေးဖြင့် စည်းခံတော်ကို ရွှေထီးအထွတ် တင်လှူတော်မူသည်။ ထီးချရားသီးကသည် မြေတိုင် အောင်လည်း ရွှေပိန်းထည့်တော်မူသည်။

စည်းခံတော်၏အနောက်တောင်ယွန်း သားယာလှစွာသောမြေအပြင်၌လည်း တံတိုင်းမီးတားကျောင်းဦးပြာသာဒ်နှင့်တကွ လေးထပ်ဇေတဝန်ကျောင်းဆောက်တော်မူ၍ "ဉာဏသာဂရ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု" ဆရာတော်အား တင်လှူတော်မူသည်။ ။စည်းခံတော် ကျောင်းတော်များကို သာဓုအနုမောဒနာ ပြုတော်မူ၍ အရည့ဝါသီပုဂ္ဂိုလ်, ဂါမဝါသီပုဂ္ဂိုလ်, သမ္မုတိအရိယာ သံဃာတို့အား ပရိက္ခရာ ရှစ်ပါးနှင့်တကွ ရဟန်းတို့ အသုံးအဆောင်ကို များစွာလှူတော်မူသည်၊ သက်ကြီးရွယ်ရင့် ပြည်သူပြည်သား ပုဏ္ဏား,ဇော်ဂီ,တပသီတို့နှင့်တကွ မစားရတတ်,မဝတ်ရတတ်, အထီးကျန်သူတို့ကိုလည်း စိစစ်တော်မူ၍ အသဒိသ မဟာဒါန အလှူကြီးကို ပေးလှူစွန့်ကြဲတော်မူသည်၊ ကြီးစွာသော ပွဲသဘင်ကိုလည်း ရက်လည်အောင် ခံတော်မူသည်။

ပွဲဘော်ပြီးလျှင် ရွှေနန်းတော်သို့ဝင်တော်မူ၍ စကြဝတေး မန္ဓာတ်မင်း၏ အသရေဖြင့် တင့်တယ်စွာ စံပယ်တော်မူလျက် ညီလာသဘင်

တော်တွင် ဘဝရှင် အလောင်းမင်းတရားကြီးဘုရား မဏိပူရ ကသည်း အရေးကို ဤသို့ အမိန့်တော်ရှိသည်။ မဟာဒေဝီအဘ စော်ဘွားဟုံကို သား-ဆနာဟံသတ်၍ မင်းပြုလေသည်။ ဆနာဟံကို ညီခူရာလတ်ပသတ် လေသည်။ ခူရာလတ်ပကို ဆနာဟံညီ-ဇင်းကွဲတာပံ သတ်လေသည်။ ဇင်းကွဲတာပံကို အမတ်မန္တလီတို့ နန်းကချ၍ ခူရာလတ်ပသား-ဂေါရ သျှံကို နန်းတင်ပြန်၍ ဇင်းကွဲတာပံ ရုံးမိသမျှ အခြွေအရံ မှူးမတ်စုံရာတို့ နှင့် ခြေရင်းတော်သို့ ဝင်လာသောကြောင့် မိဘတို့အရိုက်အရာကို ငါ မစ၍ နန်းတင်မည်ကြံတော်မူသည်ကို ဇင်းကွဲတာပံ ငါ့ဘုန်းတော်ကို မခိုလှုံထိုက်၍ သေလွန်သော်လည်း စောဘွားဟုံသမီး မဟာဒေဝီ, ရာဇ ဒေဝီတို့ ရွှေဘဝါးတော်အောက်တွင် ရှိလေသည်။ မဏိပူရ ကသည်း တို့ပြည်ကို သိမ်းယူတော်မူ၍ အဆက်အလက် မှန်သသူကို ငါနန်းတင် တော်မူမည်ဟု အမိန့်တော်ရှိပြီးလျှင် ကသည်းပြည်သို့ ချီမည်ကို ကြည်း တပ် ရေတပ် ဆင်လုံးမြင်းရင်း ဖောင်းပန်းလှေတက် စီရင်တော်မူသည်။

အထူးထူးသော တိုင်းကြီး ပြည်ကြီး ထီးဆောင်းမင်းများသခင်၊ ရွှေတွင်း, ငွေ တွင်း, ပတ္တမြားတွင်း, ပယင်းတွင်းစသော ရတနာအပေါင်းတို့၏အရှင်၊ စတုတ္ထ ရတနာပူရ မြို့တည် နန်းတည်၊ ဆဒ္ဒန်ဆင်မင်းသခင်၊ ဆင်ဖြူများသခင် အသျှင် ဘဝရှင် မင်းတရားကြီး ဘုရား လက်ထက်တော် (၁၁၉၁) တထောင့် တရာ့ ကိုးဆဲ့ တခု၊ နယုန်လဆန်း တရက်နေ့က စ၍ ရဟန်းပညာရှိ, ပုဏ္ဏားပညာရှိ, မှူးမတ်ပညာရှိတို့နှင့်၊အထူးထူးသော ရတနာတို့ဖြင့်ဆန်းကြယ်သော မှန်နန်းတော် ဆောင်တော်ဦး နန်းမစန့်၌ နှိုင်းညှိ၍ အသင့် ယုတ္တိကျမ်းဂန် အာဂုံများနှင့်အညီ သုတ်သင် စီရင်တော်မူသော ဒုတိယမဟာရာဇဝင်တော်ကြီး၊ စတုတ္ထထုပ်၊ ပဥ္စမတွဲ ဤတွင် ရွှေ့ပြီး၏။

* * *

## ကသည်းပြည်ကို တိုက်ခိုက် သိမ်းယူတော်မူခြင်း

ဘဝရှင်အလောင်းမင်းတရားကြီးဘုရားလည်းကသည်းပြည်သို့ချီတော် မူမည်ကို ကြည်းတပ်, ရေတပ်, ဆင်လုံးမြင်းရင်း, ဖောင်ပန်း, လှေတက် အလုံးစုံပြီးပြေလျှင် သားတော် မြေဒူးမင်းသီရိဓမ္မရာဇာကို ရွှေတပ် ခန့် တော်မူ၍ သက္ကရာဇ် (၁၁၂၀) တထောင့်တရာ့ နှစ်ဆယ်၊ တန်ဆောင် မုန်းလဆန်းတဆဲ့နှစ်ရက်နေ့ နေပြည်တော်က ချီတော်မူသည်၊ မိဖုရား ခေါင်ကြီး ဘုရားနှင့် သားတော် အမြင့်မင်းတို့လည်း ပုဂံရွှေစည်းခုံသို့

ပူဇော်တော်မူမည် လိုက်တော်မူသည်၊ ကျောက်မြောင်းဆိပ်သို့ ရောက်တော်မူလျှင် ရတနာရွှေဖောင်တော် စီးတော်မူ၍ ရေကြောင်း ကသည်းပြည်သို့ ချီတော်မူသည်၊ ထိုနေ့ စေဥ့်ကိုင်တွင်ချတော်မူသည်၊ထိုကမှ အဝမြို့ အရှေ့မြောက် ကျွန်းဦးတွင် ချတော်မူသည်၊ ထိုကမှ ရဲပန်းတိုင်းရွာတွင် ချတော်မူသည်၊ ထိုကမှ မြစ်ဆုံတွင်ချတော်မူသည်၊ မြစ်ဆုံစခန်းက မိဖုရားခေါင်ကြီးဘုရား သားတော် သမီးတော်တို့နှင့် ပုဂံသို့ စုန်တော်မူ၍ ရွှေစည်းခုံဘုရားကိုပူဇော်တော်မူပြီးလျှင် နေပြည်တော်သို့ပြန်တော်မူ၏။

ဘဝရှင် အလောင်းမင်းတရားကြီးဘုရားလည်း မြစ်ဆုံစခန်းမှ သလ္လာဝတီမြစ်သို့ ဆန်တော်မူ၍ အနိမ့်ရွာတွင် ချတော်မူသည်၊ ထိုကမှ သစ်ဆိမ့်ရွာတွင် ချတော်မူသည်၊ ထိုကမှ မုံရွာတွင် ချတော်မူသည်၊ ထိုကမှ ဝန်လိုရွာတွင်ချတော်မူသည်၊ ဝန်လိုရွာကိုလည်း ဝန်ပိုရွာတွင်စေ-သမုတ်တော်မူသည်၊ ထိုဝန်ပိုရွာ စခန်းတွင် ကြည်းတပ် ချီလေသော ဆင်လုံးမြင်းရင်းဗိုလ်မှူးတပ်မှူးသူရဲသူခက်တို့နှင့်ပေါင်းမိကြလျှင်ကြည်းရေဘက်၍ချီတော်မူသည်၊ထိုနေ့ ကန္နီမြို့တွင် ချတော်မူသည်၊ ထိုကမှ ဘုန်မဇင်းတွင်ချတော်မူသည်၊ ထိုကမှသင်တောရွာတွင်ချတော်မူသည်၊ထိုကမှပင်းတင်းရွာတွင် ချတော်မူသည်၊ ထိုကမှ မင်းခင်းမြို့တွင် ချတော်မူသည်၊ ထိုကမှ မအူရွာတွင်ချတော်မူသည်၊ ထိုကမှ မထွက်ရွာတွင်ချတော်မူသည်၊ထိုကမှ မြေသာရွာတွင်ချတော်မူသည်၊ထိုကမှသိုတန့်ချောင်းဝတွင်ချတော်မူသည် ထိုကမှ မော်လူးတွင်ချတော်မူသည်၊ တပ်တော်ချရပ်သည့်မော်လူးဆိပ်ကို နတ်ကျွန်းမြေအောင်ဟု သမုတ်တော်မူ၍ တပ်ကြီး တည်တော် မူသည်၊ နန်းတော်ဦးတွင်လည်း စေတီတည်တော်မူသည်၊ ရေတပ်ကိုလည်း ကြည်းတပ်ဖွဲ့တော်မူ၍ ဆင်မြင်းသူရဲသူခက်အပေါင်းတို့ကိုမြစ်အနောက်ဘက်သို့ ချည်း ကူးစေပြီးလျှင် နတ်ကျွန်းအောင်မြေ တပ်တော်တွင် မင်းရဲသိရိနော်ရထာကို သေနတ်စွဲသူရဲ တထောင်ကျော်နှင့် အစောင့်အနေ ထားတော်မူသည်၊ မင်းခေါင်နော်ရထာကိုလည်း အလုံးအရင်းနှင့် သောင်သွပ်ကြောင်း ကသည်းမြို့သို့ ချီစေသည်၊ ဘဝရှင် အလောင်းမင်းတရားကြီးဘုရားမှာလည်း နတ်ကျွန်းအောင်မြေ တပ်တော်က မြစ်အနောက်ဘက်သို့ကူး၍ ကျိန်းနောကြောင်း ကသည်းမြို့သို့ချီတော်မူသည်။

ဘဝရှင်အလောင်းမင်းတရားကြီးဘုရား ချီလာကြောင်းကို ကသည်းတို့ကသိ၍ မြင်းတထောင်ကျော်,စစ်သည် သုံးထောင်ကျော်လောက်နှင့် ကျိန်းနောတောင်ထိပ် ကျောက်ထရံကြား လမ်းကျဉ်းတွင် ခံနှင့်သည်ကို

ရွှေတပ်ဦး ချီစေသော အိန္ဒပျံချီ၊ ဒိဗ္ဗပျံချီတို့ သေနတ်စွဲသူရဲ နှစ်ထောင့် ငါးရာသားတို့နှင့် တွေ့လေလျှင် ရဲမက်တော်တို့ မဆုတ်မနစ် ပြောင်း သေနတ် ပစ်ခတ်ကြော်ငြာ၍ တိုက်သည်၊ ကသည်းတို့က ခရီးကျဉ်းတွင် မြင်းလည်းမဖြန့်သာသည်နှင့် အထိအပါး များလှ၍ အပြင်းဆုတ်လေ၏။ ကသည်းတို့တပ်ဆုတ်လေလျှင် ဒိဗ္ဗပျံချီ၊ အိန္ဒပျံချီတို့လည်း ကျိန်းနေ့ာတွင် တပ်တည်၍နေကြ၏၊ တပ်မတော်လည်း နတ်ကျွန်းအောင်မြေက ချီတော် မူလျှင် ကျောက်ဆရံအနောက်တောင်ထိပ်တွင် ချတော်မူသည်၊ ထိုကမှ ကျိန်းနေ့ာလယ်ပြင်တွင်ချတော်မူသည်၊ ထိုကချီတော်မူသည့်နေ့ ရွှေဖျား ချီစေသည့် ရွှေတောင်လက်ဝဲပေါ်၊ရွှေတောင်လက်ယာပေါ်တို့ သံချပ် ဝတ်မြင်းစီးတရာကျော်၊သေနတ်စွဲသူရဲ ခြောက်ရာကျော်ကို ကသည်းတို့က ကြိုလာသည့် မြင်းတထောင်ကျော်၊ စစ်သည်နှစ်ထောင်ကျော်လောက်နှင့် တွေ့၍တိုက်သည် ကသည်းတို့က ဆုတ်လေ၏။

ဘဝရှင် အလောင်းမင်းတရားကြီး ဘုရားလည်း အောက်တောင်ရွာ လယ်ပြင်တွင် ချတော်မူသည်၊ ထိုကမှ ပန်သာရွာလယ်ပြင်တွင် ချတော် မူသည်၊ ထိုကမှတမူးလယ်ပြင်တွင်ချတော်မူသည်၊ ထိုတမူးလယ်ပြင်စခန်း တွင် လက်ယာကြောင်း သေနတ်အစုက ပျံချီသိခ်နှင့်လူငါးဆယ်၊သေန ရန်အောင်နှင့် လူငါးဆယ်၊ နှစ်စုလူပေါင်းတရာကို ရွေးနုတ်တော်မူ၍ နတ်စုလက်ယာ သေနတ်အစုဖွဲ့တော်မူသည်။ ။နတ်စုလက်ဝဲ သေနတ် အစုကိုမူကား နောက်-ယိုးဒယားမြို့သို့ချီတော်မူ၍ ယိုးဒယားမြို့အနောက် သဖန်းပုံးမြို့တွင်မှ ဖွဲ့တော်မူသည်။ ။မင်းကျော်အာကာ၊ဗလနော်ရထာ၊ ရွှေတောင်လက်ဝဲကျော်တို့ သုံးတပ်ကိုလည်း ကက်စိန်ကြောင်း ချီစေ သည်။ ။မင်းကြီးနော်ရထာ၊ မင်းလှနော်ရထာတို့နှစ်တပ်ကို ကွန်တောင် ကြောင်းချီစေသည်။ မင်းကြီးနော်ရထာ၊မင်းလှနော်ရထာတို့လည်း ကွန် တောင်အလွန် ပင်သာရွာ မြောက်သို့ ရောက်လျှင် ကသည်း စော်ဘွား သား အလံစိန်ပ မြင်းသုံးရာကျော်၊ စစ်သည် သုံးထောင်ကျော်နှင့် ခံနေ သည်ကို ညနေ သုံးချက်တီးကျော်အချိန်တွင်တွေ့၍ မင်းကြီးနော်ရထာ၊ မင်းလှနော်ရထာတို့တိုက်သည်၊ ကသည်းတို့က မြင်းငါးဆယ်ကျော်၊ လူ ငါးရာကျော်လောက်သေလေသည်။ မခံမရပ်နိုင်၍ အလံစိန်ပတပ် နေ မဝင်မီ ဆုတ်လေ၏။

ကက်စိန်ကြောင်းချီလေသော မင်းကျော်အာကာတို့ တပ်လည်း ကက် စိန်သို့ရောက်လျှင် ကသည်း မန္ဒာလိ မြင်းတထောင်ကျော်၊ စစ်သည်

ငါးထောင်ကျော်နှင့်ခံသည်ကိုတွေ့၍ မင်းကျော်အာကာတို့ တိုက်သည်၊ မန္တာလီတပ်ပျက်၍ မြင်းနှစ်ရာကျော်၊လူငါးရာကျော်လောက် သတ်လိုက်ရ၏။

မသာင်သွပ်ကြောင်းချီလေသော မင်းခေါင်နော်ရထာတို့ တပ်လည်း ကွန်တောင်ကြောင်းချီ မင်းကြီးနော်ရထာ၊ မင်းလှနော်ရထာတို့တပ်နှင့် ကွန်တောင်အလွန်တွင် ပေါင်းမိကြလေ၏။ ။ကက်စိန်ကြောင်း ချီလေသော မင်းကျော်အာကာ၊ ဗလနော်ရထာ၊ ရွှေတောင်လက်ဝဲကျော်တို့ သုံးတပ်လည်း ကုသားရွာမြောက် လယ်ပြင်သို့ရောက်ကြလျှင် တပ်စွဲရပ်နေကြ၏။

တပ်မတော်လည်း တမူးက ချီတော်မူလျှင် ချင်းရွာတွင် ချတော်မူသည်။ ထိုကမှ ကက်စိန်တွင် ချတော်မူသည်၊တမူးတပ်တော်က ကက်စိန်စခန်းရောက် လက်ဝဲလက်ယာ သစ်ပင်ကြီးများကိုထွင်း၍ ကမ္ဗည်းစာရင်းနှင့် ဘုရားရုပ်တုတော် လေးဆဲ့ကိုးဆူ သွင်းထားတော်မူသည်။ ကက်စိန်အရပ်တွင် ဆိုင်းငံ့တော်မူ၍ ကသည်းစော်ဘွားသို့စေတော်မူသည်ကား- "အမိန့်တော်ရှိသည် ကသည်းစော်ဘွား - လက်ဝါးပြကာ ရန်အောင်မြင်ခြင်းကို ဆုပန်တော်မူသည့် အတိုင်း၊ အပြည်ပြည်ထောင်သို့ ချီတော်မူလျှင် အလွယ်တကူ အလိုတော် ပြည့်၍ ဆင်ကြီး မြင်းကြီး သားသမီး လက်ဆောင်လက်နက်ဆက်၍ သစ္စာတော်ကိုခံကြသည်၊အထက်ကသည်းစော်ဘွားပြုဘူးသူ ဆနာဟံညီ ဇင်းကွဲတာပံ နန်းကကျ၍ ငါ့အထံသို့ ရောက်လာသဖြင့် သူကောင်းပြုမည် ကြံသည့်အတွင်း ကံမရှိ၊ သေလွန်သည်ကို တပြည်နှင့်တပြည် ရောက်လာသည့် သူကောင်း အမျိုးအနွယ်ဖြစ်၍ ရွှေတလားနှင့် ထီးဖြူအုပ်၍ ငါကိုယ်တိုင် သင်္ဂြိုဟ်တော်မူသည်။ ငါတို့ မင်းဧကရာဇ်တို့သဘောသည် ရန်သူစစ်စစ်ဖြစ်လင့်ကစား ရန်ငြိုးမထား၊ ရန်တုံ့မမူ၊ ရန်သူမမှတ်၊ ကျင့်မြဲမပ္ပတာဖြစ်သည်။ စော်ဘွားအညံ့မခံ၊ သတ္တဝါတို့ စည်းစိမ်အသက်ကို မရှု၊ စစ်ပြိုင်မည်လော"ဟု စေတော်မူသည်။

ယင်းသောအခါ ကသည်းစော်ဘွား ဂေါရသျှံလည်း ခရီးကျဉ်းက အထောက်ထောက် ခံရပ်ဆီးကြို တိုက်စေသည့် တပ်ဆိုသမျှ မခံမရပ်နိုင်အောင်ပျက်၍ မြန်မာမင်းချီလာသည် နီးလှပြီ၊ ငါတို့မဏိပူရ မျဉ်းတဲမြို့ကို မည်သည့်သက္ကရာဇ် ကာလအရှည် တကြိမ်တခါမျှ ရန်သူတို့ချင်းနင်းပေါက်ရောက် ဖျက်ဆီးရဘူးသည်မရှိ၊ယခု ငါတို့လက်ထက်တွင်မှ ပေါက်

ရောက်ဖျက်ဆီးရချေသည်ရှိသော် နောက်နောက် ငါတို့အရေး ခက်ချိမ့်မည်၊ ယင်းသို့ဖြစ်သောကြောင့် ငါတို့ အရပ်အစဉ်းအဝါးကို မြန်မာတို့သိနိုင်မည်မဟုတ်၊ ငါ့ညီ ဇူပရာဇာ နဂါးပွက်ကြီးရာ ခရီးကျဉ်းကရပ်ခံပြီးလျှင် မြန်မာမင်း ချီလာသည့်တပ်မကို ပျက်အောင်အသက်စွန့်၍တိုက်စေမည်ဟုကြံပြီးလျှင် တမြို့လုံးတွင်ရှိသည့် ဆင်ကောင်း, မြင်းကောင်း, သူရဲကောင်းတို့ကို အကုန်ထုတ်၍ ကသည်းစော်ဘွားညီ ဇူပရာဇာ မြင်းသုံးထောင်ကျော်, စစ်သည် လေးသောင်းကျော်လောက်နှင့် ဆီးကြိုတိုက်မည်ချီလာသည်။ ကုလားရွာမြောက် လယ်ပြင်သို့ရောက်လျှင် မင်းကျော်အာကာတို့တပ်ကိုအပြင်းတိုက်သည်၊ မင်းကျော်အာကာ,ဗလနော်ရထာ, ရွှေတောင်လက်ဝဲကျော်တို့ အားကြိုး၍ ခံပါသော်လည်း ကသည်းတို့ကအလုံးအရင်း အားကြီးလှသောကြောင့် တပ်တွင်းတွင်မျှမရပ်မနေနိုင်၊ ရဲမက်တော်တို့ ကတိမ်းကပါးကစီကရင်ရှိချေ၏။ ။ထိုသို့ သုံးတပ်လုံးနစ်၍မထူမလှန်နိုင်အောင် ရှိမည့်ဆဲဆဲတွင် ဘဝရှင်အလောင်းမင်းတရားကြီးဘုရား ကက်စိန်ကချီလာခဲ့၍ ကုလားရွာအနီးသို့ ရောက်လျှင် ပြောင်းသေနတ်သံအများ ကြားသည်နှင့် အပြင်းချီတော်မူ၏။ ဇူပရာဇာလည်းမြန်မာတို့ စစ်အားကြီးရောက်လာလေပြီ၊ သည်တွင် ရောက်လာသမျှကိုပျက်အောင်တိုက်မည်ဟု ကြုံးဝါး၍ စစ်မျက်နှာဖြန့်ပြီးလျှင် ဆင်လုံးမြင်းရင်းအများနှင့် ကြံ့ကြံ့ခံနှင့်၏။

ဘဝရှင်အလောင်းမင်းတရားကြီးဘုရားလည်း ကုလားရွာ လယ်ပြင်သို့ရောက်၍ ကသည်းတို့ အင်ကြီးအားကြီးနှင့်ခံသည်ကို မြင်တော်မူလျှင်ဆင်တော် ရတနာထွတ်ခေါင်ကိုစီးတော်မူ၍ ဆင်ခြေဖုံးသူရဲတို့နှင့် ဆင်တော်ကို အပြင်းလွှတ်တော်မူသည်၊ သားတော် မြေဒူးမင်းလည်း ဆင်နှင့်အပြင်းလွှတ်တော်မူသည်၊ ယင်းသို့ ဘဝရှင် အလောင်းမင်းတရားကြီးဘုရား, သားတော် မြေဒူးမင်းနှင့် ဆင်ကိုလွှတ်၍ တိုက်တော်မူသည်ကိုမိုလ်မှူး တပ်မှူး သူရဲသူခက်အပေါင်းတို့ မြင်လေလျှင် တယောက်သောသူမျှ နောက်မနေဝံ့ကြ၊ လက်ဝဲလက်ယာဖြန့်၍ ဆင်တော်ရှေ့ ရောက်အောင်ကိုသာ တဟုန်တည်းဝင်၍ အပြင်းတိုက်ကြသည်၊ ဇူပရာဇာလည်းအသက်ကိုစွန့်၍ အပန်းတကြီး ကွပ်ကဲရပ်ခံသည်၊ ယင်းသို့ ဇူပရာဇာခံပါသော်လည်း ဘုန်းကြီးသောမင်းကောရာဇ်ကိုယ်တိုင်တော်တိုက်တော်မူသည်ဖြစ်၍ မရပ်မခံနိုင်၊ဇူပရာဇာနှင့်တကွ ကသည်းအပေါင်းတို့ အဆီးအတားမရှိ ပျက်လေ၏၊ ဇူပရာဇာမူကား မြင်းစီးချင်းနှင့် ပုံကထွက်၍

အပြင်း ခွာလေသောကြောင့် လွတ်လေသည်၊ လက်နက် သုံ့လူအများ ရတော်မူလိုက်သည်၊ သေလေသည်လည်း များလှ၏။

ဇူပရာဇာတပ်ပျက်လေလျှင် ကသည်းစော်ဘွား ဤသို့ဆို၏။ ငါတို့ တမြို့လုံး အားကိုး၍ ဆင်ကောင်း, မြင်းကောင်း, စစ်သည်သူရဲကောင်း အများနှင့် ငါ့ညီဇူပရာဇာကို ကုလားရွာကခံစေသည်၊မခံမရပ်နိုင်သော ကြောင့် ဇူပရာဇာတပ်ပျက်လေသည်၊ ကုလားရွာတွင် ဇူပရာဇာတပ်ပျက် ၍ ရှိလေပြီးသည်ကို ငါတို့မြို့နှင့်ခံသော်လည်း ခံနိုင်ရာသော အကြောင်း မရှိ၊ ငါတို့မြို့ ကြက်ငယ်ဖြစ်၍ မြန်မာမင်း သိန်းစွန်ဖြစ်သော်သာ ငါတို့ မြို့ကို သုတ်ယူနိုင်မည်၊ ယခု အခိုက်အတံ့ကို တောအုံတောင်ကမ်း ကျယ် ဝန်းရာ ရှာ၍နေမည်၊ မြန်မာမင်း ဆုတ်ခွာပြန်သည့်ကာလ ငါတို့မြို့ကို နေမြဲနေပြန်မည်ဟုဆိုပြီးလျှင် သားမယား ဆွေမျိုး မှူးမတ် အခြွေအရံတို့ နှင့် တမြို့လုံးကိုသိမ်းယူ၍ တောတောင်ကြီးရာ ဝင်ပြေးလေ၏။

ဘဝရှင် အလောင်းမင်းတရားကြီး ဘုရားလည်း ကုလားရွာတွင် ကသည်းတို့ကို အောင်တော်မူလျှင် ယင်းတွင်ပင် တပ်ချတော်မူ၍ ရွှေ တောင်လက်ယာပေါ်တတပ်,ရွှေတောင်လက်ဝဲပေါ်တတပ်, မင်းကျော် အာကာတတပ်, ဗလနော်ရထာ တတပ်, မင်းခေါင်နော်ရထာ တတပ်, သည်ငါးတပ်ကို ကသည်းမြို့သို့အရောက် ချီစေသည်၊ မင်းခေါင်နော်ရထာတို့ ကသည်းမြို့ရင်းသို့ ရောက်လေသော် ကသည်းစော်ဘွားနှင့်တကွ တမြို့လုံး ရှောင်လွှဲထွက်ပြေးကြပြီးဖြစ်၍ မြို့တွင် လူတစုံတယောက်မျှ မရှိ နှင့်လေလျှင် မင်းခေါင် နော်ရထာတို့ ငါးတပ်လည်း ကသည်းမြို့တွင် တပ်ချ၍နေကြရ၏။

ထိုအကြောင်းကို မင်းခေါင်နော်ရထာတို့က လျှောက်၍ ဘဝရှင် အလောင်းမင်းတရားကြီး ဘုရား ကြားတော်မူလျှင် သေနတ်စွဲ သူရဲ နှစ်ထောင်ကျော်နှင့် ရွှေတောင်ကျော်ထင်ကို လက်ယာကြောင်း, မင်းလှ နော်ရထာကို သေနတ်စွဲ သူရဲနှစ်ထောင်ကျော်နှင့် လက်ဝဲကြောင်း ခန့် တော်မူ၍ ကသည်းစော်ဘွားပြေးလေရာကို လိုက်ကြရသည်၊ ရွှေတောင် ကျော်ထင်, မင်းလှနော်ရထာတို့ စစ်နှစ်ကြောင်းသားတို့လည်း တော တောင်ကြီးရာ တောတိုင်း,တောင်တိုင်း မလွတ်ရအောင် ပတ်ပတ်နှောက် နှောက် ရှာဖွေ လိုက်လံကြသည်။ တောအုံတောင်ကမ်း အိုင်ကြီး ထုံးကြီး ထူထပ်များပြားကျယ်ဝန်းလှသောကြောင့် မနှံမပြား မတွေ့မရတည့်ရှိကြ သည်နှင့် နေ့ရက်ကြာလျှင် ခေါ်တော်မူ၍ မင်းလှနော်ရထာ,ရွှေတောင်

ကျော်ထင်တို့ တောတောင်များတွင် ပုန်းလျှိုးနေသူတို့ကိုသာ ဖမ်းဆီးသိမ်းယူခဲ့ပြီးလျှင် ပြန်ကြရ၏။ ။ယင်းသောအခါ ကုလားရွာစား ကာလာရာဇာလည်း လူနှစ်ထောင်ကျော်နှင့် ဆင်ပေါက်တစီး၊ အုပ်မျိုးထည်မျိုး လက်ဆောင်ဆက်၍ ခြေရင်းတော်သို့ ကျွန်တော်ခံ ဝင်ရောက်လာ၏။ ။ကက်စိန်ရွာစား ခူရာလတ်ပလည်း လူနှစ်ရာကျော်နှင့် ခြေရင်းတော်သို့ ကျွန်တော်ခံဝင်ရောက်လာ၏။

ဘဝရှင် အလောင်းမင်းတရားကြီးဘုရားလည်း မဏိပူရ ကသည်းမြို့ကိုသိမ်းယူတော်မူမည်ဟူ၍ ပြာသိုလဆန်း တဆဲ့လေးရက် သောကြာနေ့ ကုလားရွာတပ်တော်က ချီတော်မူသည်။ ကသည်းမြို့သို့ ရောက်တော်မူလျှင် မြို့နန်းကိုသိမ်းယူတော်မူ၍ မြို့တွင်း၌ရှိသည့် အမြောက်, သေနတ်လက်နက်နှင့်စပ်သမျှကို သိမ်းယူတော်မူသည်။ အမြောက်ကြီးနှစ်လုံးကိုမူကား ကျည်ဝတတောင်, အလျားငါးတောင်တိုင်အောင် ကြီးလှသောကြောင့် မဆောင်မယူနိုင်၍ရေမှာချခဲ့ပြီးလျှင် တပ်စဉ်အတိုင်း ကသည်းမြို့က ပြန်တော်မူခဲ့၍ ကုလားရွာတပ်တော်တွင် ချတော်မူ၏။ ကသည်းအအုပ်ပြုသူနှင့် ကသည်း လေးထောင်ကျော်တို့လည်း ခြေရင်းတော်သို့ ကျွန်တော်ခံ ဝင်စားလာ၏။

ကသည်းစော်ဘွားတွင် ဆရာပြုသူ ဗာရာဏသီပုဏ္ဏားကြီးနှစ်ယောက်တို့နှင့် အမတ်ကြီးမန္တလီ, စန္ဒရော်မော်နီတို့ရှောင်လွှဲနေရာ ရဲမက်တော်တို့ ဖမ်းဆီးရမိ၍ ခြေရင်းတော်သို့ ဆက်လာ၏။ ။ကုလားရွာ အကြီး ကာလာရာဇာနှင့်ကုလားလေးထောင်ကျော်တို့ကို တမူးသို့သွားနှင့်စေခန့်တော်မူသည်ကိုမသွားမူ၍လက်ထူမည်ပြုသောကြောင့် တယောက်မကျန်အကုန်သတ်ရသည်။ ။ကသည်းအမတ်ကြီး ခုနစ်ယောက်တို့၏ သမီးခုနစ်ယောက်တို့လည်း အခြွေအရံစုံရာတို့နှင့် ပင်လယ်တိမ်အရပ်သို့ ထွက်ပြေး ပုန်းလျှိုးနေသည်ကို နဂါးပတ်ရွာစား ကသည်းဟိုရိတိုက ဖမ်းဆီးသိမ်းယူပြီးလျှင် အမတ်သမီးခုနစ်ယောက်တို့ကို လက်ဆောင်တော် ဆက်၍နဂါးပတ်ရွာစားဟိုရိတိုခြေရင်းတော်မှာကျွန်တော်ခံဝင်ရောက်လာ၏။

ကသည်းစော်ဘွား ဘထွေးနှင့် ကသည်းအမတ်တို့ တောအုံတောင်ကမ်းပုန်းလျှိုးနေရာက စော်ဘွားညီသားသမီးနှမတို့ကို ဆက်သပါမည်–စန္ဒရော်ကိုစေ၍ ရွှေစက်တော်အောက် ရောက်လာလျှင် အမိန့်တော်ရှိသည်ကား–သိကြားမင်းက မိန္ဒာဒိဋ္ဌိတို့ကို နှိပ်နှင်းစိမ့်မည် အရိန္ဒမာလှံ

စကြာအစ်နှင်း၍ ကိုးကျိုင်း ကိုးစော်ဘွားတို့ကို သမ္မာဒိဋ္ဌိချည်း ဖြစ်စေသည်၊ ယခုငါချီလာသည်လည်း စော်ဘွားထီးနန်းကိုအလိုရှိ၍ချီလာသည်မဟုတ်၊ ကိုးစော်ဘွားတို့ကဲ့သို့ သမ္မာဒိဋ္ဌိချည်း ဖြစ်စိမ့်မည်ဟူ၍သာ ငါချီတော်မူလာသည်၊ ကသည်းစော်ဘွားအတွေ့မခံ ရှောင်လွှဲနေလေသည်မှာ ဘေးလောင်းတော်အလောင်းစည်သူမင်းကြီးကို ရှိမခိုးလို၍ မာန်အောင်မင်း ရေသို့ဆင်း၍သေလေသည်ကို ခေါ်တော်မူလျှင်ရှိခိုးလျက်ပေါ်လာရသည်ဟူသောထုံးစံကိုမကြားဘူးလော၊ ယခုငါ့ကိုရှိမခိုးလို၍စော်ဘွား ရေသို့ဆင်း၍သေလေသော်လည်းငါခေါ်တော်မူလျှင် ရေကပေါ်၍လာရမည်ဖြစ်သည်၊ အမှူးအမတ်ပြုသူတို့ ငါ့အမိန့်တော်နှင့် ကိုယ်တို့သခင်စော်ဘွားကို ပြောလေဟု မှာတော်မူလိုက်သည်။

အမှူးအမတ်တို့ စော်ဘွားရှိရာသွား၍ ပြောသော်လည်း သူ့ကို ရန်ထောင်လေပြီးသည်ကို အဘယ်မှာ အရှင်ထားဘိမည်၊ အသာအယာနှင့် ခေါ်၍သတ်မည်ကြံသည်၊ ကုလားရွာအကြီး ကာလာရာဇာနှင့် လူလေးထောင်ကျော်ကိုလည်း ငါ့တွင် အမှုထမ်းကောင်း ဖြစ်သည်ဟု သတ်လေသည်၊ ငါ့ကိုလည်း သတ်ရအောင် ခေါ်ခြင်းဖြစ်သည်၊ ထီးဆောင်းနန်းနေ ပြုလေပြီးသောသူသည် ဘယ်သူ့အား ရှိခိုးတုံအံ့၊ ငါတို့အရပ်ကား တောအုံတောင်ကမ်း အလွန်ကျယ်ဝန်းသည်၊ မြန်မာမင်း ရှာဘွေသော်လည်း တတောင်ကသည်တတောင်သို့ ရှောင်လွှဲနေမည်ဟု မလိုက်မလာ နေလေ၏။

၊ ကသည်းစော်ဘွားညီ ဆနာဟံသမီး ဆယ်နှစ်ရွယ် သူတို့နှင့် မန္တာလိသမီးသမက်တို့ ရှောင်ရှားနေသည်ကိုလည်း ရဲမက်တော်တို့ဖမ်းဆီးရမိ၍ ခြေရင်းတော်သို့ဆက်၏။ ။ကသည်းစော်ဘွားနှမ အသက်တဆဲ့သုံးနှစ်ရွယ်၊ ကသည်းစော်ဘွားပြေးလေရာမပါ ကွဲ၍ရှိရစ်သည်ကိုလည်း စန္ဒရော်ခမော်နီစုံစမ်းရှာဘွေ၍ရသောကြောင့် ခြေတော်ဦးခိုက်ဆက်သလျှင် အပြင်အလျာနှင့် ပြည့်စုံသည်ဖြစ်၍ ကသည်းစော်ဘွား နှမကို အပါးတော်တွင် စေပါတော်မူသည်။

မိဖုရားမဟာဒေဝီမောင်စန္ဒရသာ, ပေါတရသာတို့နှစ်ဦးလည်း မြင်းရွှေကြိုးရွှေက အစုံမျှားစွာဆက်၍ ကသည်းတထောင်ကျော်နှင့် ခြေရင်းတော်သို့ ကျွန်တော်ခံဝင်ရောက်လာ၏၊ ကသည်းမြို့တောင်မွေရင်ဟူသော အရပ်တွင် ကသည်းအလုံးအရင်းများရှိသည်ကိုသိမ်းယူရမည်၊ မင်းကျော်အာကာတတပ်, မင်းလှသီရိတတပ်, သည်နှစ်တပ်ကို သေနတ်စွဲ သူရဲ

သုံးထောင်ကျော်နှင့် ခန့်တော်မူ၏၊ ချင်းတို့နေသည့် တောင်ကြီးနှစ်လုံးကြားတွင် ကသည်းတို့အစုအရုံးကြီးလှသည်ဟူ၍ကြားသောကြောင့်လည်း စန္ဒရော်မော်နီနှင့် မန္ဒာလီသမက်တို့ကို လမ်းခရီးအပြအညွှန် ထည့်တော်မူပြီးလျှင် သေနတ်စွဲသူရဲသုံးထောင်ကျော်ကို ခန့်တော်မူ၍ ဖမ်းဆီးသိမ်းယူစေ၏။ ။ယင်းသို့ ကသည်းမြို့ ပတ်လည် တောအုံ တောင်ကမ်းများတွင် သို၀ှက် ပုန်းလျှိုးနေသည့် လက်နက်ဆင်မြင်း သုံ့ပန်း လူသူတို့ကို အကုန်အစင် သိမ်းယူတော်မူ၍ ကသည်းမြို့တွင်စန္ဒရော်မော်နီကိုအချုပ်အအုပ် ခန့်တော်မူ၏။

မဏိပူရအမည်ရှိသော ကသည်းမြို့တွင်အစဉ်အဆက်အရိုးအရာမှန်သသူတို့ စော်ဘွားအရာဘွားကြီးစေရမည်၊အမိန့်တော်ကိုလည်းကျောက်ထက်ရေးယူစေပြီးလျှင် မဏိပူရမြို့လယ်တွင်ကျောက်တိုင်စိုက်တော်မူခဲ့၍ ပြာသိုလပြည့်ကျော် ကိုးရက်နေ့ ကုလားရွာ တပ်တော်ကသည် နေပြည်တော်သို့ပြန်တော်မူသည်၊တမူးတပ်တော်သို့ရောက်တော်မူလျှင် ကသည်းတို့ ရန်မြစ်မတုံးလေသေးဟု အမှတ်ရှိတော်မူ၍ တမူးတပ်တွင် သေနတ်စွဲသူရဲ ငါးရာကျော်နှင့် စက်ရောင်ဘီလူးကို အစောင့်အနေ ထားတော်မူသည်၊ သောင်သွပ်မြို့မှာလည်း သေနတ်စွဲသူရဲ ငါးရာကျော်နှင့် ရွှေတောင် ဥဒိန်ကို မြို့စောင့်ခန့်ထားတော်မူခဲ့၍ တမူးတပ်တော်က သားတော်မြေဒူးမင်းသီရိမဇ္ဈရာဇာကို နေပြည်တော်သို့အလျင်ပြန်နှင့်စေသည်။

အလောင်းမင်းတရားကြီး ဘုရားလည်း မော်လူးမြစ်ဆိပ် နတ်ကျွန်းအောင်မြေသို့ ရောက်တော်မူလျှင် တဲတော်ဦးကုန်းထိပ်တွင် စေတီတဆူတည်တော်မူခဲ့ပြီးမှ ရတနာရွှေဖောင်တော် စီးတော်မူ၍ သလ္လာဝတီမြစ်ကို ကြည်းဘက်ရေဘက် စုန်တော်မူသည်၊ကိုင်းရွာသို့ ရောက်တော်မူလျှင် အထက် ကသည်းမြို့သို့ ချီတော်မူမည်တွင် ကလေးစော်ဘွား, တိန်းညင်းစော်ဘွားတို့ကို နောက်တော်လိုက် ခေါ်တော်မူသည်ကို နောက်တော်မလိုက်သောကြောင့် စော်ဘွားနှစ်ဦးတို့ကို ကွပ်တော်မူ၏။ ။ထိုက စုန်တော်မူခဲ့၍ ဝန်ပိုရွာသို့ရောက်တော်မူလျှင် ရတနာ ရွှေဖောင်တော်နှင့် တကွ ဖောင်ပန်း လှေတက် ဆိုသမျှကို မြစ်ဆုံသို့ လှည့်ခဲ့စေ၍ ဘဝရှင်အလောင်းမင်းတရားကြီးဘုရားမှုကား ဝန်ပိုရွာမြစ်ဆိပ်ကကြည်းကြောင်းတက်တော်မူသည်၊ တပို့တွဲလဆန်းဆယ်ရက် ဗုဒ္ဓဟူးနေ့ နေပြည်တော်သို့ ရောက်တော်မူ၏။

## ညီတော်သတိုးသိခ်သူအား တောင်ငူပြည်ကြီးကို နှင်းအပ်တော်မူခြင်း

ကသည်းမြို့က ပြန်တော်မူခဲ့၍ နေပြည်တော်သို့ ရောက်တော်မူလျှင် မိုလ်မှူးတပ်မှူး သူရဲသူခက်အပေါင်းတို့ကို စားကျေးမြို့ရွာ နေရာအမည် အရည် အဆောင်အရွက် အထိုက်အလိုက် ပေးတော်မူသည်၊ ကသည်း မြင်းနှစ်ထောင်ကျော်ကိုလည်း ရွှေငွေ အဝတ်ပုဆိုး မျိုးရိက္ခာလုံလောက် ပြည့်ဝအောင် ပေးတော်မူပြီးလျှင် အစုအကွက်လုပ်မြေ နယ်မြေ ချပေး တော်မူ၏။ ။နန္ဒာကန်တော်ကြီးမှစ၍ အရပ်ရပ် ဆည်တော် မြောင်း တော် ဆိုသမျှကိုလည်း ဘေးလောင်းတော် နော်ရထာမင်းကြီး, စည်သူ မင်းကြီးတို့ကဲ့သို့ ကိုယ်တော်တိုင် စီရင်ဆည်ဖို့တော်မူသည်။

ထိုအခါ မူးကိုဆည်၍ မဟာနန္ဒာကန်တော်ရောက် တူးဖောက်မည့် အကြံတော်ရှိ၍ သက္ကရာဇ် (၁၁၂၀) တထောင့်တရာ့နှစ်ဆယ်ပြည့် တပို တွဲသပြည့်ကျော် သုံးရက်နေ့ မြေဒူးမြို့သို့ ချီတော်မူပြီးလျှင် မြို့အနောက် တာ သုံးရာကွာ အရပ်တွင် မူးရေကို ဆည်တားမည့်မှာ သစ်ကိုစီစဉ် ၍ တိုင်စိုက်ပြီးမှ ကျောက်ချ၍ ကျောက်တခန်း, မြေတခန်း, ဆည်ဖို့ ရမည်ဟု စီရင်တော်မူသည်၊ မြေကိုသည်း မဟာနန္ဒာကန်တော်ကသည် မြေဒူးမြို့အနောက် မူးဆည်ရာအရပ်သို့ ရောက်အောင်တူးစေသည်၊ ရွှေမြို့ တော်သို့အပြန်ကိုသမ္ဗန်စီး၍ပြန်တော်မူမည်ဟူ၍လည်းမြေဒူးမြို့မူးနားတွင် ကန္ဒီမြို့သူကြီးကိုခန့်၍ သမ္ဗန်တည်လုပ်ရသည် ကန်တော်ကသည်မူးရောက် မြောင်းတူး၍ပြီးပြေလျှင် ရေသွင်း၍ ရွှေပြည်တော်သို့သမ္ဗန်နှင့် စုန်တော် မူသည်။

ရွှေမြို့တော်သို့ ရောက်တော်မူလျှင် အရပ်ရပ် ရှမ်းပြည်, ယွန်းပြည်, မြို့ ရွာသူကြီးတို့ ထမ်းရိုးရွက်ရိုးအခြေအမြစ် ပယ်မှုနပ်မှုမရှင်းမလင်းရှိသည် များကို သုတ်သင်ရှင်းလင်းတော်မူသည်၊ ညီတော် သတိုးသိခ်သူကိုလည်း တောင်ငူပြည်ကြီးကို နှင်းအပ်တော်မူ၍ မောင်နှံစုံ တောင်ငူမြို့မှာ နေကြ ရသည်။

နိုင်ငံတော်ဖြစ်သော ဗန်းမော် ကတ်ကျူမြို့ ကျေးဇွန် ရွာလက်များကို ကချင် အရိုင်းအစိုင်းတို့ တောကိုးတောင်ကိုး မှီခို နှောင့်ရှက် ဖျက်ဆီး ကြောင်းကိုကြားတော်မူ၍ သေနတ်စွဲ သူရဲ တထောင်ကျော်နှင့် မင်းလှ နော်ရထာကို ရေကြောင်းချီတက် သိမ်းရုံးဖမ်းဆီးစေသည်၊ ခန္တီးပယင်း

တွင်း တခွင်တပြင်သို့လည်း သေနတ်စွဲ သူရဲတထောင်ကျော်, မြင်းသုံးရာကျော်နှင့် ရွှေတောင်ကျော်ထင်, မင်းထင်ရွှေတောင်, သူရိန်ကျော်ခေါင်တို့ကိုခန့်တော်မူ၍ သိမ်းယူရသည်။

## ဒဂုန်ဆံတော်ရှင်ဘုရားတွင် ရွှေစရပ်ကြီး ပြီးစီးသောကြောင့် ရေစက်ချရန် ရန်ကုန်သို့ စုန်တော်မူခြင်း

ယင်းသို့မှ ဒဂုန်ဆံတော်ရှင်ဘုရားတွင် ဆောက်လှူတော်မူသည့် စရပ်တော်ကြီးကို ရေစက်တော်သွန်း ထွက်စံတော်မူမည်၊ နိုင်ငံတော်အလုံးတွင် ထီးဆောင်းနန်းနေ စော်ဘွား မြို့စားအပေါင်းတို့ကို ဆင်ကောင်းမြင်းကောင်း သူရဲသူခက်အလုံးအရင်းနှင့်တကွ ရောက်ကြစေဟူ၍ အစေ့အန္တံခန့်ထားတော်မူသည်၊ကျောက်မြောင်းမြို့ဆိပ်တော်မှာလည်း ရတနာရွှေဖောင်တော်မှစ၍ ဖောင်တော်, လှေတော်, လှော်ကား, ကြေးလှေ, လက်သင်, ကထ္တုလွန်းကြင်, ဇလားကပင်, ကုလ္လပ်, သမ္ဗန်, သားလှေ,ငှက်လှေ, ဆွဲလှေငင်လှေ, ဆင်ဖောင်, မြင်းဖောင်, ရိက္ခာတင်လှေအများပြင်ဆင် လုပ်ဆောင်ကြရသည်၊ နေပြည်တော်တွင် သားတော်အိမ်ရှေ့မင်း သီရိသုဓမ္မရာဇာကို အလုံးအရင်းနှင့်တကွ အစောင့်အနေ ခန့်တော်မူသည်။

ယင်းသို့ စီရင်ခန့်ရန်တော်မူသမျှ အလုံးစုံပြီးပြေ၍ စော်ဘွားမြို့စားတို့အရောက်ညီကြလျှင် ကြည်းကြောင်း ချီရသည့်တပ်စဉ်ကား... ထီးလင်းစော်ဘွားတတပ်၊ ယောစော်ဘွားတတပ်၊ တိန်းညင်း စော်ဘွားတတပ်၊ သောင်သွပ်စော်ဘွားတတပ်၊ကလေးစော်ဘွားတတပ်၊မိုးညှင်းစော်ဘွားတတပ်၊ မိုးကောင်းစော်ဘွားတတပ်၊ ဗန်းမော်စော်ဘွားတတပ်၊ မိုးမြိတ်စော်ဘွားတတပ်၊ သီပေါစော်ဘွားတတပ်၊ညောင်ရွှေစော်ဘွားတတပ်၊ မိုးနဲစော်ဘွားတတပ်၊ မိုးဗြဲစော်ဘွားတတပ်၊ သည်တဆဲ့သုံးတပ်တွင်ပါသည့် မြင်းသုံးထောင်ကျော်, စစ်သည်သူရဲ နှစ်သောင်း ငါးထောင်နှင့် တောင်ငူကေတုမတီကြောင်း ကြည်းတပ်ချီရသည်။

ရေကြောင်းချီရသည့် တပ်ပေါင်းဆယ်တပ်မှာ-တိုက်လှေကြီး သုံးရာ, စစ်သည်သူရဲ တသောင်းနှင့်မင်းလှသီရိကို စစ်ကဲခန့်တော်မူ၍ သားတော်မြေဒူးမင်း သီရိမဟာရာဇာ ရွှေတပ်ချီရသည်။ ။နောက်တင်တော်တွင် ရွှေတော်က ခြောက်တပ်၊ လက်ယာတော်က ခြောက်တပ်၊ လက်ဝဲတော်က ခြောက်တပ်၊ နောက်တော်က ခြောက်တပ်၊ တပ်ပေါင်း နှစ်ဆဲ့

လေးတပ်,တိုက်လှေကြီး ခြောက်ရာကျော်,စစ်သည်သူရဲ နှစ်သောင်းလေး ထောင်ကျော်ကို မင်းခေါင်နော်ရထာကို တပ်မှူးခန့်တော်မူသည်။

ဘဝရှင် အလောင်းမင်းတရားကြီး ဘုရားမှာ ကျောက်မြောင်း ဆိပ်တော်သို့ ဆင်းတော်မူပြီးလျှင် ရတနာ ရွှေဖောင်တော်ကြီးဝယ် ထီးဖြူ ကနက္ကဒဏ်ဖြန့်၍ အရှင်မိဖုရားခေါင်ကြီးနှင့်တကွမင်းမိဖုရားအပေါင်းခြံရံ လျက် သိကြားမင်း၏ကြက်သရေကဲ့သို့ စံပယ်တော်မူ၍ ရွှေလောင်းလက် ပြည့်ရှစ်စင်း ငင်စေသည်။ ရွှေဖောင်တော်လက်ဝဲလက်ယာ ရွှေနောက် ဝန်းကျင်လိုက်ရသည့် လှော်ကား, ရဲလှေ, သမ္ဗန်တော်များတွင်ပါသည့် ရဲမက်တော်တို့လည်း ပါးကာ,နားကာ,ပါလည်ကွေး,ချပ်မိန်ညို, မောက် ရှုမောက်တို, ရွှေထိပ်ရွှေကုံး ဝတ်စေပြီးလျှင် ပြောင်ပြောင် လက်သော ပြောင်းသေနတ်စွဲ၍ လိုက်ကြရသည်။ တကျွန်းသား ကုလားပန်းသေးတို့ လည်း ခလေ့သာဘာ ဝမ်းဘဲနွတ်သီး ဦးထုပ်, သိုးမိုးကြိုးသွား ဦးရစ်, ဘောင်းဘီစသော အထူးထူးသော တန်းဆာတို့ကို ဝတ်စားဆင်ယင်စေ ပြီးလျှင် အမြောက်စိန်ပြောင်း သေနတ်လက်နက်စွဲ၍ လိုက်ကြရသည်။ ဝင်းမှူးလေးဦး အမတ်လေးကျိပ်တို့လည်း သနားတော်မြတ် ခံရသည့် လှော်ကား,လှေမှတ်, လှော်လှူသက်ပြည့်နှင့် ရွှေဖောင်တော်လက်ဝဲလက် ယာ ရွှေနောက်ဝန်းကျင် လိုက်ရသည်။

နောက်တော်ကချီရသည့် တပ်ပေါင်းငါးတပ်, တိုက်လှေကြီးတရာ ကျော်, စစ်သည်သူရဲ ငါးထောင့်ငါးရာနှင့် သားတော် ဗဒုံမင်း သတိုး မင်းစောလိုက်ရသည်။ ယင်းနောက် တပ်ပေါင်း ငါးတပ်, တိုက်လှေ ကြီးတရာကျော်, စစ်သည်သူရဲ ငါးထောင့်ငါးရာနှင့် သားတော် အမြင့် မင်း သတိုးမင်းလှကျော် လိုက်ရသည်။

ယင်းသို့ တပ်ပေါင်းလေးဆဲ့လေးတပ်တွင်ပါသည့်လှော်ကား, သံလှေ ကတ္တူလွှန်းကျင်,ဇလာကပင်,ကူရွှပ်,သမ္ဗန်,သားလှေ,ငှက်လှေ,တိုက်လှေ တထောင်ကျော်၊ ရိက္ခာတင် ကုန်လှေငါးရာကျော်၊ စစ်သည်သူရဲ လေး သောင်းငါးထောင်နှင့် ရွှေလှံ,ရွှေဓား,ရွှေလှေ, ရွှေတက်, ရွှေထီး, ရွှေ တံခွန်, အောင်စည် အောင်မောင်း, စည်ကြီး ခွက်ခွင်း, ဒုံမင်းတူရိယာ စသော တီးမျိုး မှုတ်မျိုးတို့ဖြင့် မြစ်လုံးငြိမ့်ငြိမ့် မွမ်းစေလျက် သက္ကရာဇ် (၁၁၂၀) တထောင့် တရာ့ နှစ်ဆဲ့တခု ဝါဆိုလပြည့်ကျော် ဆယ်ရက် ကြာသပတေးနေ့ ကျောက်မြောင်းမြို့ဆိပ်တော်က ရေကြောင်း ချီတော် မူသည်။

ထိုက ချီတော်မူသည့်နေ့ ရှိမ္ဗကားတဘက်တွင် ချတော်မူသည်၊ ထိုကမှ အဝမြို့အထက် ယော၀တွင် ချတော်မူသည်၊ထိုကမှ ရဲပန်းတိုင်းရွာတွင် ချတော်မူသည်၊ထိုကမှပြဦးရွာတွင်ချတော်မူသည်၊ထိုကမှ ချောင်းပေါက်ရွာတွင်ချတော်မူသည်၊ ထိုကမှပုဂံမြို့တွင် ချတော်မူသည်။ ပုဂံမြို့သို့ရောက်တော်မူလျှင် အရှင်မိဖုရားခေါင်ကြီးမှစ၍ မင်းမိဖုရား, သားတော်, သမီးတော်အပေါင်းတို့နှင့် ရွှေစည်းခုံဘုရားကို ပူဇော်တော်မူသည်၊ ထိုကမှ ပုခန်းငယ်မြို့တွင် ချတော်မူသည်။ ထိုကမှ ရေနံချောင်းမြို့တွင် ချတော်မူသည်၊ ထိုကမှ မြင်ကွန်းမြို့တွင် ချတော်မူသည်၊ ထိုကမှ မြစ်ကိုင်းရွာတွင် ချတော်မူသည်၊ ထိုကမှ ကာမမြို့တွင် ချတော်မူသည်၊ ထိုကမှ ပြည်မြို့သို့ ရောက်တော်မူသည်။ နေပြည်တော်ကသည် ပြည်မြို့သို့ တဆဲ့သုံးစခန်း ချီတော်မူသည်။

ပြည်မြို့သို့ရောက်တော်မူလျှင် နေပြည်တော်မှာ တံခါး, လွှစင်, ဆင်ချည်တိုင် မြင်းတင်းကုပ်စသော တဆဲ့သုံးဌာနကို မိုးကြိုး တဆဲ့သုံးချက်တပြိုင်နက် ကျသည်၊ ဘ၀ရှင် အလောင်း မင်းတရားကြီး ဘုရားလည်း ပြည်မြို့တွင် သင်းဘောသုံးစင်း တည်လုပ်တော်မူ၍ သင်းဘောသုံးစင်း ရေသို့ကျလျှင် တော်သလင်း လပြည့်ကျော် တဆဲ့ငါးရက် သောကြာနေ့ ပြည်မြို့ကချီတော်မူသည်။ ထိုကချီတော်မူသည့်နေ့ တက်သစ်ရွာတွင် ချတော်မူသည်၊ ထိုကမှ မြန်အောင် မြို့တွင် ချတော်မူသည်၊ ထိုကမှ ကနောင်မြို့တွင် ချတော်မူသည်၊ ထိုကမှ ဟင်းသာတမြို့ တဘက်တွင် ချတော်မူသည်၊ ထိုကမှ တက်ချပ်ရွာတွင် ချတော်မူသည်၊ ထိုကမှခနေဖြူမြို့တွင် ချတော်မူသည်၊ ထိုကမှ ရန်ကင်းစံရာတွင် ချတော်မူသည်၊ ထိုကမှ ပန်းလှိုင်ဝတွင် ချတော်မူသည်၊ထိုကမှ ရန်ကုန်မြို့သို့ ရောက်တော်မူသည်၊ ပြည်မြို့ကသည် ရန်ကုန်မြို့ရောက် ကိုးစခန်း ချီတော်မူသည်။

ဆံတော်ဘုရားရှင်ကို ထီးချရားသီးက မြေတိုင်အောင် ရွှေထည့်တော်မူသည်၊ ဆောက်လုပ်တော် မူသည့် စောင်းတန်းနှင့် စရပ်တော်ကြီး သုံးဆောင်ကိုလည်း ရွှေအပြည့် ထည့်တော်မူ၍ မုတ်မှန်ကင်း စိုက်လှူတော်မူပြီးလျှင် အရိယာ သံဃာတော်တို့အား အထူးထူးသော ရဟန်းတို့၏ အသုံးအဆောင် ပရိက္ခရာရှစ်ပါးနှင့် တကွ ဆွမ်း လှူဒါန်းတော်မူ၍ အရှင် မိဖုရားခေါင်ကြီး စသော မင်းမိဖုရား သားတော် သမီးတော် အပေါင်းတို့နှင့် ရေစက်သွန်းချတော်မူသည်၊ သန်လျင်မြို့ ကျိုက်ခေါက်ဘုရား, ပဲကူးမြို့ရွှေမော်ဓောဘုရားစသော အဆူဆူသော ဘုရားရှင်များ

ကိုလည်း အရှင်မိဖုရားခေါင်ကြီး သားတော် သမီးတော်တို့နှင့် ရှိခိုး ပူဇော် ဖူးမြော်တော်မူပြီးလျှင် နေပြည်တော်သို့ ပြန်တော်မူမည် ကြံရည်တော်မူသည်အတွင်း ယိုးဒယားမင်း ကျေးကျွန်တို့ ဒဝယ်မြို့ ကျေးစွန်ရွာလက်ကို ထိပါးလာကြောင်း,ရန်ကုန်မြို့ ဆိပ်တော်သို့လာသည့်သင်းဘောသုံးစင်းကို ချုပ်ကိုင်တားဆီးကြောင်း,ဒဝယ်မြို့သို့ စေတော်မူသည့် သမ္ဘန်ကို သိမ်းယူကြောင်းများကို ကြားတော်မူလျှင် ယိုးဒယားသို့ ယခု ငါ ကိုယ်တော်တိုင် ချီတက် သိမ်းယူတော်မူမည် အမိန့်တော် ရှိသည်တွင် ပညာရှိတို့က ယခု ယိုးဒယားသို့ ချီတော်မူမည် အမိန့်တော်ရှိသည်မှာ ထမင်းသခင် ကျေးဇူးရှင် ဖြစ်ပေသည်၊ သိမြင်သမျှ မလျှောက်မထားမနေသင့်ချေ၊ သားတော်ဗဒုံမင်းစာဆိုတော် စိန္တကျော်သူ ဆက်သွင်းသည့် မိုးကြိုးကျစာ တဆဲ့သုံးပိုဒ်တွင်လည်း– "လွှပျဉ်သားနှင့်၊ ဆောက်ထားနန်းတော်၊ စံမပျော်ပြီ"ဟူသော နိမိတ်တဘောင်လည်း ပါချေသည် ဟူ၍ ညီညွတ် တိုင်ပင်ကြပြီးလျှင် ယခုနှစ် ဇာတာတော်လည်း မသန့်၊ ချီသွားမည့်အရပ်လည်း မသင့်ချေ၊ ညောင်ရမ်းမင်းတရား နံသောကြာ သား၊ သက်တော်လေးဆဲ့ခြောက်နှစ်၊ သိန္နီသို့ ချီတော်မူသည့် ကိန်းနှင့် တူချေသည်၊ ချီတော်မူချေသော် ကိုယ်တော်မြတ်၌ အနာတွေ့ချိမ့်မည်ဟု လျှောက်ထားသော်လည်း ယူတော်မမူ၊ နန်းမတော် အရှင်မိဖုရားခေါင်ကြီးစသော မင်းမိဖုရား သားတော် သမီးတော်တို့ကို သားတော်အမြင့်မင်း သတိုးမင်းလှကျော်, ဗဒုံမင်း သတိုးမင်းစောတို့ကို အုပ်ချုပ်စေ၍ ရန်ကုန်မြို့က ရတနာ ရွှေဖောင်တော်နှင့် နေပြည်တော်သို့ ပြန်စေပြီးလျှင် ဘဝရှင်အလောင်းမင်းတရားကြီးဘုရား ယိုးဒယားမြို့သို့ ချီတော်မူမည်– ဗိုလ်မှူးတပ်မှူး သူရဲသူခက် ရဲမက်တော်အပေါင်း ခန့်ရန်စည်းကြပ်တော်မူပြီးလျှင် ကုလားပန်းသေးတို့နှင့် ရဲမက်တော်တို့ကို သင်းဘောငါးစင်းတွင်တင်၍ ရန်ကုန်မြို့က ပင်လယ်ကြောင်း ဒဝယ်မြို့သို့ ချီနှင့်ရ၏။

ဘဝရှင်အလောင်းမင်းတရားကြီး ဘုရားလည်း တပ်ပေါင်းလေးဆယ်နှင့် သားတော်မြေဒူးမင်းသီရိဓမ္မရာဇာကို ရှေ့တပ်ထား၍ ပြာသိုလဆန်းသုံးရက် သောကြာနေ့ ရန်ကုန်မြို့က ရေကြောင်း ချီတော်မူသည်၊ ထိုက ချီတော်မူသည့်နေ့ မအူရွာတွင် ချတော်မူသည်၊ ထိုကမှ ဟံသာဝတီသို့ ရောက်တော်မူ၍ ရေတပ် ဆိုသမျှကို ကြည်းတပ်ချည်း ဖွဲ့တော်မူ၍ ဟံသာဝတီမြို့က ကြည်းကြောင်းချီတော်မူသည်၊ ထိုက ချီတော်မူသည့်နေ့

ကော့ဝင်းရွာတွင် ချတော်မူသည်၊ ထိုကမှ စစ်တောင်းမြို့တွင် ချတော်မူသည်၊ ထိုကမှကျိုက်ပိရွာတွင်ချတော်မူသည်၊ ထိုကမှ မိုးတဲအင်းရွာတွင် ချတော်မူသည်၊ ထိုကမှ ကမ္ဗာသရဲရွာတွင် ချတော်မူသည်၊ ထိုကမှ ဇင်းကျိုက်ရွာတွင် ချတော်မူသည်၊ ထိုကမှ မုတ္တမမြို့သို့ ရောက်တော်မူသည်၊ ရန်ကုန်မြို့ကသည် မုတ္တမမြို့ရောက် ကိုးစခန်းချီတော်မူသည်။

မုတ္တမမြို့သို့ ရောက်တော်မူလျှင် မြို့စောင့်ခန့်သည့် ဝဲကူးမင်းအမှုထမ်း ဗညားဒလခံ-ဒေါဇွယ်ယစက်သည် ဒလပန်းနှင့် တိုင်ပင်၍ ပုန်ကန်မည် ကြံကြောင်းကို သိတော်မူ၍ ဗညားဒလကို ကွပ်တော်မူပြီးမှ တလိုင်းအမှုထမ်း ဒေါတလွတ်ဆိုသူကို မုတ္တမမြို့စောင့်ခန့်တော်မူပြီးလျှင် ဖောင်ပန်းလှေတက်စီရင်၍ ဆင်မြင်းလူသူ အပေါင်းတို့ကို မော်လမြိုင်ဘက်သို့ ကူးကြရသည်၊ မုက္ကတူးသမ္ဗန်အများစီရင်၍လည်း ရေကြောင်းဒဝယ်မြို့သို့ ချီစေတော်မူသည်။

ဘဝရှင် အလောင်းမင်းတရားကြီးဘုရားမှာ ဆင်,မြင်း, သူရဲ သူခက် အပေါင်းတို့ မော်လမြိုင်ဘက်သို့ အရောက်ညီလျှင် မုတ္တမမြို့က ချီတော်မူသည်၊ ထိုကချီတော်မူသည့်နေ့ မော်လမြိုင်မြို့တွင် ချတော်မူသည်၊ ထိုကမှ ဘားပေါင်ရွာတွင် ချတော်မူသည်၊ ထိုကမှ ဝတ်တဲရွာတွင် ချတော်မူသည်၊ ထိုကမှ ထွန်လာရွာတွင် ချကော်မူသည်၊ ထိုကမှ ကပ္ပါတလဲတွင် ချတော်မူသည်၊ ထိုကမှ လပေါ်ရွာတွင် ချတော်မူသည်၊ ထိုကမှ အရံနှစ်စုဘ်တွင်ချတော်မူသည်၊ ထိုကမှ ယေးမြို့တွင် ချတော်မူသည်၊ ထိုကမှ ထွက်ကတော့ရွာတွင် ချတော်မူသည်၊ ထိုကမှ လောအိုင်ရွာတွင် ချတော်မူသည်၊ ထိုကမှ ကလိမ်အောင်မြို့တွင်ချတော်မူသည်၊ ထိုကမှ အိုးသည်ရွာတွင်ချတော်မူသည်၊ ထိုကမှ ဒဝယ်မြို့သို့ရောက်တော်မူသည်၊ မုတ္တမမြို့က ဒဝယ်မြို့ရောက် တဆဲ့သုံးစခန်းချီတော်မူသည်။

ဒဝယ်မြို့သို့ရောက်တော်မူလျှင် ဒဝယ်မြို့တွင်ခုနစ်ရက် ;ဗိုလ်ပါဆင်မြင်း ဖြည့်တင်းရပ်ဆိုင်းတော်မူ၍ ရန်ကုန်မြို့က ပင်လယ်ကြောင်း ချီစေသော သင်းဘောတပ်, မုတ္တမမြို့ကချီစေသော မုက္ကတူးသမ္ဗန်တပ် အရောက်ညီကြလျှင် မင်းခေါင် နော်ရထာမှာ မြင်းသုံးရာ, သေနတ်စွဲ သူရဲ သုံးထောင်၊ မင်းသူခနော်ရထာမှာ မြင်းသုံးရာ, သေနတ်စွဲသူရဲ သုံးထောင်၊ ယင်းနောက် သားတော်ခမြဒူးမင်း သီရိဓမ္မရာဇာမှာမြင်းငါးရာ,သေနတ်စွဲသူရဲငါးထောင်ကို ရှေ့တပ်ဦး ချီစေပြီးလျှင် ဘဝရှင် အလောင်းမင်းမင်းတရားကြီးဘုရား ဒဝယ်မြို့က ချီတော်မူသည်၊ ထိုက ချီတော်မူသည့်နေ့

ကျောက်မြောင်းတွင်ချတော်မူသည်၊ ထိုကမှ တောင်မြောက်တွင် ချတော်မူသည်၊ ထိုကမှ တိန်းညင်းချောင်းတွင် ချတော်မူသည်၊ ထိုကမှ ပလောင်ရွာတွင် ချတော်မူသည်၊ ထိုကမှ ပလောရွာတွင်ချတော်မူသည်၊ ထိုကမှ ပလောချောင်းဖျားတွင် ချတော်မူသည်၊ ထိုကမှဘဝတ်ရွာတွင် ချတော်မူသည်၊ ထိုကမှ သက်ကောရွာတွင် ချတော်မူသည်၊ ထိုကမှ တမုတ်ရွာတွင် ချတော်မူသည်၊ ထိုကချီတော်မူသည့်နေ့ ဖြတ်မြို့ကို သိမ်းယူတော်မူသည်၊ အောင်မြင်တော်မူလျှင် ယင်းတွင်ပင် တပ်ချတော်မူသည်၊ ထိုကမှ ကင်းရွာတွင် ချတော်မူသည်၊ ထိုက ချီတော်မူသည့်နေ့ ယိုးဒယားမြို့သင်းဘောဆိပ်ဖြစ်သော တနင်္သာရီမြို့ကိုသိမ်းယူတော်မူသည်၊ တနင်္သာရီတမြို့လုံးကို ရတော်မူ၏။

ယင်းသို့ ဘဝရှင်အလောင်းမင်းတရားကြီးဘုရား တနင်္သာရီကြောင်းလှည့်၍ချီတော်မူလာကြောင်းကို ယိုးဒယားမင်းကထားသည့် အလံကင်းသားတို့ကလျှောက်၍ ယိုးဒယားမင်းကြားသိလေသော်မြင်းသုံးရာကျော်, စစ်သည်သူရဲ ခုနစ်ထောင်ကျော်နှင့် တပ်ပေါင်းငါးတပ်ကို အမတ်ကြီးဖြတေဇောတချုပ်၊ ဆင်နှစ်ရာကျော်,မြင်းတထောင်ကျော်, စစ်သည်သူရဲနှစ်သောင်းကျော်နှင့် တပ်ပေါင်း တဆဲ့ငါးတပ်ကို စစ်သူကြီးအောက်ဖြရာဇဝံသံတချုပ် ဆီးကြိုတိုက်ရမည်–ယိုးဒယားမင်းက ခန့်၍ချီလာ၏။ ။ ဘဝရှင် အလောင်းမင်းတရားကြီးဘုရားလည်း တနင်္သာရီမြို့က ချီတော်မူရလျှင် ခဲပေါင်တွင် ချတော်မူသည်၊ ထိုကမှတုံနဲရွာတွင် ချတော်မူသည်၊ ထိုကမှ ကံနီရွာတွင် ချတော်မူသည်၊ ထိုကမှ ကွီးဘောင်တွင် ချတော်မူသည်၊ ထိုက ချီတော်မူသည့်နေ့ ကွီးမြို့သို့မရောက်မီ တောင်ကြီး နှစ်လုံးအကြားခရီးအကျဉ်းတွင် ယိုးဒယားမိုလ်မှူး ဖြတေဇောတဂ်ကြီးငါးတပ်, လူခုနစ်ထောင်ကျော်, မြင်းသုံးရာကျော်နှင့် ခံနှင့်သည်ကို တပ်ဦးချီသော မင်းခေါင်နော်ရထာ, မင်းလှနော်ရထာတို့နှင့် တွေ့၍ တိုက်သည်၊ ယိုးဒယားမိုလ်မှူး ဖြတေဇောတို့ငါးတပ်လုံး ဆုတ်လေ၏၊ ယိုးဒယားတို့တပ်ဆုတ်လေလျှင် စခန်းထောက်မချ အပြင်း ချီ၍ ကွီးမြို့ကို သိမ်းတော်မူသည်၊ ။တမြို့လုံးကို ရတော်မူ၍ ကွီးမြို့တွင် ချတော်မူသည်၊ ထိုကမှ ကောကမိရွာတွင် ချတော်မူသည်၊ ထိုကမှ ဗျမ်ရွာတွင် ချတော်မူသည်၊ ထိုကမှ ဘောင်သကာယိရွာတွင် ချတော်မသည်၊ ထိုကမှ သင်မန်းရွာတွင် ချတော်မူသည်၊ ထိုကမှ နောင်ကျောက်ရွာတွင် ချတော်မူသည်၊ ထိုက ချီတော်မူသည့်နေ့ အတည်းအကွပ် အရပ်အဆိုင်းမရှိ ဖြတ်ဘီးမြို့ကို သိမ်း

ယူတော်မူသည်၊ တမြို့လုံးကိုရတော်မူ၏။ ။ဖြတ်ဘီးမြို့ကိုရတော်မူလျှင် ထိုတွင် သုံးရက်ရပ်ဆိုင်းတော်မူ၍ ဆင်မြင်း ဖြည့်တင်းတော်မူသည်၊ဖြတ်ဘီးမြို့က ချီတော်မူလျှင် ပန်မော်ရွာတွင် ချတော်မူသည်၊ ထိုကချီတော်မူသည့်နေ့ တဟုန်တည်း ရပ်ဘီးမြို့ကို သိမ်းယူတော်မူသည်၊ တမြို့လုံးကို ရတော်မူ၏။

ထိုရပ်ဘီးမြို့တွင် လေးရက်နေတော်မူ၍ ဆင်မြင်း ဖြည့်တင်းတော်မူသည်၊ ရပ်ဘီးမြို့က ချီတော်မူပြန်လျှင် ဘန်လွင်ရွာတွင် ချတော်မူသည်၊ ထိုကချီတော်မူသည့်နေ့ ဘန်လွင်အလွန် ပင်လယ်နားတွင် ယိုးဒယားစစ်သူကြီးအောက်ဖြရာဇဝံသံ့တပ်ပေါင်းတဆဲ့ငါးတပ်,စစ်သည်နှစ်သောင်းကျော်, ဆင်နှစ်ရာကျော်, မြင်းတထောင်ကျော် အလုံးအရင်း အများနှင့် ဆီးကြိုခံနှင့်သည်ကို ရွှေဖျားချီသည့် မင်းခေါင်နော်ရထာ, မင်းလှနော်ရထာတို့နှင့်တွေ့၍ တိုက်သည်၊ ယိုးဒယားတို့တပ် အားကြီးလှသောကြောင့် ရဲမက်တော်တို့မတိုးမဖွတည့်နိုင် အထိအပါး အရှုံးအနာ များလှသည်နှင့် မနည်းကြာ တိုက်ကြရလေလျှင် သားတော် မြေဒူးမင်း သီရိမဟာရာဇာ မှိတော် မူလာသည်နှင့် ကိုယ်တော်တိုင်ကွပ်၍ ရှုပ်ရှုပ်ချုံချုံ တိုက်တော်မူသည်၊ ယိုးဒယားစစ်သူကြီး အောက်ဖြရာဇဝံသံတို့ ယိုးဒယားတပ်ပေါင်း တဆယ်ကျော် မခံမရပ်နိုင်ပျက်၍ သေနတ် တထောင်ကျော်, ဆင်တရာကျော်,အမြောက်တရာ့ရှစ်ဆယ်ကျော်, သုံ့ပန်းလူသူနှစ်ထောင်လောက်ရတော်မူလိုက်သည်၊ စစ်သူကြီး အောက်ဖြရာဇဝံသံမှုကား ဆင်ကသည် မြင်းစီး၍ ပြေးသောကြောင့် လွတ်လေ၏။

ထိုနေ့ ဘန်ကျင်းရွာတွင် ချတော် မူသည်၊ ထိုကမှ ဘန်တွန်ရွာတွင် ချတော်မူသည်၊ ထိုကမှ ဘန်ကျောက်ရွာတွင် ချတော်မူသည်၊ ထိုက ချီတော်မူသည့်နေ့ အရပ်အဆိုင်းမရှိ သဖန်းပုံမြို့ကို သိမ်းယူတော်မူသည်၊ သဖန်းပုံမြို့ကို ရတော်မူလျှင် ထိုတွင် ငါးရက် ဆင်မြင်း ဖြည့်တင်းတော်မူသည်၊ ရွှေးသက်ပဲ, ရွှေးလက်ယာသေနတ်အစုတွင် ရဲရောင်မြန်မာသူတို့ကို ရွေးကောက်တော် မူ၍ ရသည့် လူပေါင်း ရှစ်ဆဲ့သုံး ကိုလည်း နတ်စုအမည်ပေးတော်မူပြီးလျှင် မဏိစက်နှင့်ရည်တူလူပေါင်း ရှစ်ဆဲ့သုံးကို မဏိစက်ကို သွေးသောက်ကြီးခန့်တော်မူ၍ နတ်စုလက်ဝဲ သေနတ်အစု ဖွဲ့တော်မူသည်။

ယိုးဒယားမင်းလည်း ဘဝရှင်အလောင်းမင်းတရားကြီး ဘုရား ဖြတ်ကြောင်း ချီတော်မူလာသည် ကြားစကာလကပင် ဆင်ကောင်း, မြင်း

ကောင်း,သူရဲကောင်းရွေးကောက်၍ ဗိုလ်မှူးတပ်မှူး စစ်သူကြီး ပြုသူတို့ကို အလုံးအရင်း ပေးအပ်ဆီးဆို့ရပ်ခံစေသည့် တပ်ဆိုသမျှလည်း ပျက်သည်၊ ဖြတ်ဘီးမြို့, ရပ်ဘီးမြို့များလည်း ပျက်၍ သဖန်းပုံမြို့တိုင်အောင် သိမ်းယူကြောင်းကိုကြားလေသော် မြို့ပြကျုံးမြောင်း,မီးတားမီးကာ,ဆင်ခလုတ်, မြင်းခလုတ်, ကတုတ်ဆူးပြောင့်,မြို့စီးပြစီး, အမြောက်စိန်ပြောင်း အထပ်ထပ် တိုးပွားစီရင်သည်၊ မြို့ပြင်၌ရှိသော ဆင်မြင်း မျိုးရိက္ခာ လက်နက်လူသူ တို့ကိုလည်း အကုန်အစင် မြို့တွင်းသို့ချည်း သွင်းသည်၊ မြို့ပြင်သို့ထွက်၍ ဆီးကြို တိုက်ရမည်ဟုလည်း ဆင်ကောင်း, မြင်းကောင်း, သူရဲကောင်း ရွေးကောက်ပြီးလျှင် ဗြဲတေဇောတတပ်၊ ဗြဲစိန္တာမဏိ တတပ်၊ ဗြဲဇုန္နသူရတတပ်၊ ဗြဲဂါမဏိတတပ်၊ အောက်ဗြဲရာဇဝံသ တတပ်၊ စစ်သူကြီးအောင်ဗြဲကလဟုန်း တတပ်၊ သည့်ခြောက်တပ်တွင် ပါသည့် ဆင်သုံးရာကျော်,မြင်းသုံးထောင်ကျော်, စစ်သည်သုံးသောင်းကျော်ကို စစ်သူကြီး အောက်ဗြဲကလဟုန်းကို ဗိုလ်ချုပ်ခန့်၍ တာလံချောင်းကူး တဘက်က ဆီးကြိုရပ်ခံစေ၏။

ဘဝရှင် အလောင်းမင်းတရားကြီးဘုရားလည်း သဖန်းပုံမြို့ကချီတော်မူသည်။ ထိုနေ့ တာလံချောင်း တဘက်သို့ မကူးနိုင်အောင် ယိုးဒယား စစ်သူကြီး အောက်ဗြဲကလဟုန်းတို့ခြောက်တပ် ချောင်းတဘက်က ဆင်လုံးမြင်းရင်းနှင့်ဗိတ်အောင်ခံသည်ကို ရှေ့တပ်ဦးချီစေသော မင်းခေါင်နော်ရထာ,မင်းလှနော်ရထာတို့နှင့် တွေ့ကြလျှင် ယိုးဒယား သားတို့ကဆင်ပါ မြင်းပါ စစ်အားကြီးလှ၍ ရဲမက်တော် တို့လည်း မထိ မပါးဝံ့၊ ချောင်းတဘက်ကသာ တပ်စွဲရပ်၍နေရချေသည်။ ယင်းသို့စင်တွင် သားတော် မြေဒူးမင်း သီရိမဟာဓမ္မရာဇာတပ် ဆိုက်လာ၍ ယခုပင် ယိုးဒယားတို့ခံနှင့်သည်ကို တိုက်မည်ဟု အမိန့်တော်ရှိသည်ကို မင်းခေါင်နော်ရထာက ဤသို့ နားတော်လျှောက်၏၊ ယခုသည်အရပ်သည် ယိုးဒယားမြို့နှင့်လည်း နီးလှပြီ ယခု ခံနှင့်သည့်တပ်လည်း ရှေးအခါကာလတွေ့သည့်တပ်နှင့် တူဟန်မရှိ၊ယိုးဒယားမင်းတွင်ရှိသမျှဆင်ကောင်း,မြင်းကောင်း,သူရဲကောင်းစသော သူတို့ကို ရွေးကောက်၍ ယိုးဒယားမင်းက လွှတ်သည့်အဟန်ရှိသည်။ လူသူ ဆင်မြင်းလည်း စစ်အင်ကြီးလှသည်။ သည်တပ်ကို တခါတည်းပျက်အောင်တိုက်မှ ကောင်းမည်။ သည်တပ်ပျက်လျှင် ယိုးဒယား တမြို့လုံး ရှုံးနှင့်လိမ့်မည်၊ ယင်းသို့ ဖြစ်သောကြောင့် ယခု ခမည်းတော်ဘုရား ချီလာသည်လည်း ဝေးသေးသည်၊ တပ်တော်နီးမှ တိုက်ရလျှင်

သင့်မည်ဟု လျှောက်သည်။ ယင်းသို့ စိုင်းပြင်း ခင်းကျင်းသည့် အတွင်း တပ်မတော်ကလည်း သူ့သူကိုတွေ့လျှင် မတိုက်နှင့်ဦး၊ ငါရောက်တော်မူမှ စစ်အင်ကိုကြည့်၍တိုက်တော်မူမည်ဟု မြင်းသည်တို့ကို စေလွှတ်တော်မူသည်၊ မြင်းသည်တို့ရောက်၍ အတန်ကြာလျှင် ဘဝရှင် အလောင်းမင်းတရားကြီးဘုရား တပ်တော်ချီလာသည့် ဆင်တံခွန်ဖျားကို မြင်သည်၊ စည်သံမောင်းသံလည်း ကြားသည်နှင့် ဆင့်မြင်း ကစေပြီးလျှင် မင်းခေါင်နော်ရထာကို လက်ဝဲကြောင်း၊ မင်းလှနော်ရထာကို လက်ယာကြောင်း၊ မင်းလှသီရိကို အလယ်ကြောင်း ထားတော်မူ၍ သားတော် မြေဒူးမင်းကိုယ်တော်တိုင် ကွပ်ပြီးလျှင် စစ်သုံးကြောင်းလုံး မရပ်မဆိုင်း ချောင်းကိုကူး၍ ရှုပ်ရှုပ်ချွံချွံတဟုန်တည်း ယိုးဒယားတို့တပ်ကို အပြင်းတိုက်တော်မူသည်။ ယိုးဒယားဗိုလ်မှူး ငါးဦးနှင့် စစ်သူကြီး အောက်ပြကလဟုန်းတို့လည်း ကြီးကြီးကြပ်ကြပ်ကွပ်၍ ချောင်းကို ဆင်းကူးလာသမျှကို ပြောင်းလက်နက်နှင့်ဆီး၍လွှတ်သည် ရဲမက်တော်အများ သေချေ၏၊ ယင်းသို့တိုက်ကြသည့်အတွင်း တပ်မတော်က ထပ်မှီလာသည်နှင့် ရဲမက်တော်အပေါင်းတို့ မရပ်မဆိုင်း ချောင်းတဘက်သို့ချည်း ကူး၍ တိုက်ကြသည်၊ မြေဒူးမင်း သီရိမဟ္ဓရာဇာလည်း ရဲမက်တော်တို့ ထိပါး သေဆုံးသည်ကို ဝဲ့စောင်းမကြည့်၊ ကိုယ်တော်တိုင်ကွပ်၍ တိုက်တော်မူသည်၊ မင်းခေါင်နော်ရထာ,မင်းလှနော်ရထာ,မင်းလှသီရိတို့ စစ်သုံးကြောင်းလည်း ယိုးဒယားတပ်သို့ဝင်မိ၍ ရှုပ်ရှုပ်သိသိ လိုက်လံပစ်ခတ်ထိုးခုတ်သည်၊ မနည်းကြာလျှင် ယိုးဒယားတပ်မှူး ငါးဦးတို့နှင့် စစ်သူကြီး အောက်ပြကလဟုန်းတို့မချုပ်မအုပ် မခုမခံနိုင်လေလျှင် ယိုးဒယားခြောက်တပ်လုံးကို ဆင်မြင်းနှင့်တကွ ရတော်မူလိုက်သည်၊ ဗိုလ်မှူးအောက်ပြရာဇဝံသ, ပြစိန္တာမဏိ, ပြတေဇော, ပြအိန္ဒသူရ, ပြဂါမဏိတို့ငါးဦးကိုလည်း မိမိတို့စီးသည့်ဆင် အဝန်ကြီး,ပကျစ်ကြီး,သပြေသာ,ရတနာကွံဆော်, ပဝရဇရာ အမည်တစ်သော ဆင်ငါးစီးနှင့်တကွ ရလိုက်သည်၊ စစ်သူကြီးအောက်ပြကလဟုန်းမူကား ဆင်ကသည် မြင်းစီး၍ အပြင်းခွာလေသောကြောင့် လွတ်လေ၏။

ယိုးဒယားတို့ ခံနှင့်သည့်တပ်ကို ရတော်မူလျှင် တာလံရွာတွင် ဆင်မြင်း ဖြည့်တင်း၍ သုံးရက်နေတော်မူသည်၊ ယိုးဒယားတို့လည်း တာလံတပ်ပျက်သည့်နောက် မြို့ပြင်သို့မထွက်လာပြီ၊ မြို့တွင်းကသာ အခိုင်နေလေ၏၊ တာယံတပ်တော်ကချီတော်မူသည့် တန်းခူးလပြည့်ကျော် တဆဲ့တရက် သောကြာနေ့ ယိုးဒယား ဒွါရာဝတီမြို့သို့ ရောက်တော်မူ၏။

ဒဝယ်မြို့ကသည် ယိုးဒယား မြို့ရောက် သုံးဆဲ့ခြောက်စခန်း ချီတော်မူသည်၊ နေပြည်တော်ကသည် စခန်းပေါင်း ရှစ်ဆယ်နှင့် ယိုးဒယားမြို့သို့ ရောက်တော်မူလျှင် မြို့မြောက် ဘားနောင် ဘန်တွန်းဟူသော အရပ်တွင် တပ်ကြီးတည်၍ ရပ်နေတော်မူသည်။ ၊တပ်တော်များကိုလည်း ထောက်မှီ လှမ်းမှီ တည်စေ၍ တပ်စဉ်အတိုင်း ယိုးဒယားမြို့ကိုရံကြ၏။

ယင်းသောအခါ ဗိုလ်မှူး တပ်မှူးတို့က ယိုးဒယားမင်း အမတ်တို့သို့ စာနှင့် စေလွှတ်သည်ကား…. "ငါတို့အသျှင် ဘဝရှင် အလောင်းမင်းတရားကြီးဘုရားသည် ယိုးဒယားပြည်မှာ သာသနာတော် မပွင့်မလင်းသည်ကို ပွင့်လင်းစေလို၍ ဘုရားလောင်းတို့တမ်း တိုင်းခွင် လှည့်တော်မူသည်ကို ယိုးဒယားမင်းသည် ခရီးဦးသော်လည်းမကြိုမဆို၊ ဆင်ကြီးမြင်းကြီး သားသမီးသော်လည်းမဆက်၊ ထွက်၍သော်လည်း မတိုက်၊ ငါတို့အလောင်းမင်းတရားသည် ဘုရားဆုကို ပန်တော်မူသည်နှင့်အညီ သဖန်းပုံတွင်ရခဲ့သည့် အမတ်ကြီးကိုလည်း လွှတ်တော်မူလိုက်သည်" စေလွှတ်ကြ၏။

ထိုစကားကို ယိုးဒယား အမတ်တို့ကြားလျှင် ငါတို့ကမ္ဘာတွင် ဘုရားငါးဆူသာပွင့်သည်။ ကကုသန်,ကောဏဂုံ,ကဿပ, ဂေါတမ-ဟူသော ဘုရားလေးဆူသည် နိဗ္ဗာန်ဝင်ကြလေပြီ၊ မိတည်းဘုရားသာ ကြွင်းတော့သည်။ မိတည်းအလောင်းလည်း ထခု တုဿိတာနတ်ပြည်မှာ ရှိသေးသည်၊ ကိုယ်တို့အလောင်းကား အဘယ်ဘုရားလောင်းပေတုံး၊ ဘုရားပွင့်ရိုးလည်း အလွန်အားဖြင့် တကမ္ဘာတွင် ငါးဆူသာ ပွင့်မြဲ၊ ခြောက်ဆူပွင့်ထုံးမရှိဟု မှာလိုက်၏။

ယိုးဒယားမင်းလည်း စစ်သူကြီး အဖြရာဇာ, အဖြမွန်ကရိ စသောသားသမက် ဗိုလ်မှူးတပ်မှူးအပေါင်းတို့ကို ခေါ်ပြီးလျှင် ယခု မြန်မာမင်း ငါတို့မြို့ရင်းတိုင်အောင် ချီလာ၍ တပ်တည်တပ်ရံနေသည်၊ မြန်မာမင်း ပြန်လည်အောင်ကို မည်သို့စီရင်ရသော်သင့်မည်ဟု တိုင်ပင်သည်၊ ယင်းသောအခါ ယိုးဒယားစစ်သူကြီး အဖြရာဇာ ယိုးဒယားမင်းကို ဤသို့နားတော်လျှောက်၏။ ယခု မြန်မာမင်းချီလာ၍ မြို့ရင်းတိုင်အောင်ချဉ်း၍ နေလေသည့်အရေးမှာ တန်းခူး, ကဆုန်သို့ ရောက်ပြီ၊ မကြာမတင် မိုးပြင်းလေစွေကျတော့မည်၊ ထိုအခါ ကျွန်တော်တို့မြို့ပတ်လည် ရေပြည့်လျှမ်း၍ ဆင်မြင်းများကိုမဆိုထားဦး၊ ရဲမက် လူသူသို့ပင်သော်လည်း ချက်ပြုတ်စားသောက် ရပ်နေရန် အလွန်ခဲယဉ်းမည်၊ ယင်းသို့ နေရာ မထင်မမြင်

နိုင်အောင် ရှိလျှင် မြန်မာမင်း အရံကို ဖြတ်၍ ပြန်ရလိမ့်မည်၊ ယင်းသို့ မြန်မာမင်း ပြန်သည့်ကာလ ကျွန်တော်တို့မြို့ကထွက်၍ တိုက်လိုလျှင်လည်း လက်ဝါးခတ်ကာ လိုက်၍တိုက်မည်၊ မလိုက်မတိုက်လိုလျှင်လည်း ကျွန်တော်တို့ မြို့တွင်ပင်နေမည်၊ ယခု ကျွန်တော်တို့ ဆင်မြင်း လူသူ ပင်ပန်းလေအောင် ထွက်၍တိုက်မည်ကို ကြိုးကြိုးပမ်းပမ်း မစီရင်သင့်၊ ကျွန်တော်တို့မြို့ကိုသာ ကြည်းဘက်ရေဘက် အခိုင်နေမည်၊ ကျွန်တော်တို့ အရံမြို့စား ပြစားတို့ကိုလည်း အသီးအသီး မြို့ကိုသာ အခိုင်နေစိမ့်မည်၊ မြန်မာမင်းသို့လည်း အခိုက်အတွံ့ကို သာယာချောင်စွာထွက်၍စေပါ ပြောဆိုမည်ဟုလျှောက်သည့်စကားကို မင်းညီမင်းသား မှူးမတ်အပေါင်းတို့ကြားလျှင် ကျွန်တော်တို့စစ်သူကြီး အဗြရာဇာနားတော်လျှောက်သည့် အရေးသည်သင့်လှပေသည်ဟု တညီတညွတ်ယိုးဒယားမင်းကိုလျှောက်ကြသည်တွင် ယိုးဒယားမင်းလည်း အကြိုက်ညီသည်ဖြစ်၍ မြို့ထိပ်ပြထိပ်သို့ အမြောက်လက်နက် သူရဲသူခက် ရွေးချယ် ထပ်လောင်းသည်၊ ရေတပ်သင်းဘောသမ္ဗန်များသို့လည်း လူသူလက်နက်ထပ်ဖြည့်သည်၊ အရံမြို့ကြီးပြကြီးများသို့လည်း မြို့ပြကျုံးမြောင်း ခလုတ်ဆူးငြောင့်ကိုသာတိုးပွားလုပ်ဆောင်ပြင်ဆင်၍ မြို့ကိုသာနေနိုင်အောင်နေလေ မှာထား၍ မြို့စားပြစားတို့လည်း ကိုယ်စီကိုယ်မြို့နှင့် အခိုင်ချည်းနေလေ၏။

ဘဝရှင် အလောင်းမင်းတရားကြီးဘုရားသို့လည်း ဆင်ကြီး, မြင်းကြီး, လက်ဆောင်တော်ဆက်သ၍ စည်းစိမ်မပျက်နေလိုပါသည်ဟု ယိုးဒယားမင်းက အမတ်ကြီး ဗြသိဒ္ဓိ, ဗြသုဘာဝတီ, ဗြသူရကမ္ဘတို့ အမတ်သုံးဦးကိုလွှတ်လိုက်၍ တပ်တော်သို့ ရောက်လာသည်ကို တပ်ဦးကင်းသားတို့က ယိုးဒယားမြို့တွင်းကထွက်လာသည့်အမတ်သုံးဦးတို့ကို မင်းခေါင်နော်ရထာတပ်သို့ပို့သည်၊ မင်းခေါင်နော်ရထာက အမတ်သုံးဦးတို့ကို စုံစမ်းမေးမြန်းပြီးလျှင် မြေဒူးမင်းသီရိဓမ္မရာဇာတပ်သို့ပို့ရသည်၊ မြေဒူးမင်းသီရိဓမ္မရာဇာက ယိုးဒယားအမတ်တို့ ထွက်လာသည့်အကြောင်းမျိုးကို စုံစေ့စွာ မေးတော်မူသည်တွင် ယိုးဒယားအမတ်သုံးဦးတို့က နေထွက်ဘုရင်မင်းတရားကြီးဘုရားကို မင်းတို့ထိုက်တန်သည့် ဆင်ကြီး မြင်းကြီး လက်ဆောင် လက်နက် များစွာဆက်သပြီးလျှင် မြို့ပြ ထီးနန်း စည်းစိမ်မပျက်ဘုန်းတော်ကိုအမှီအခိုပြု၍ဒွါရာဝတီပြည်ကြီးဝယ် မင်းတို့အဆက်အလက်မပျက် စိုးအုပ်မြဲ စိုးအုပ်နေပါရမည့် အကြောင်းကို လျှောက်ထားရမည်ဟု ကျွန်တော်တို့ အရှင်မင်းတရားကြီးဘုရားက ခန့်ထားစေလွှတ်၍ ထွက်

လှာရကြောင်းနှင့် လျှောက်သည်တွင် ယိုးဒယားအမတ်ကြီး ဖြသိဒ္ဓိ, ဖြ သုဘာဝတီ, ဖြသူရကမ္ဗတို့ သုံးဦးကို မြေဒူးမင်း သီရိဓမ္မရာဇာက နေရာ အတော်အသင့် ချထားနေထိုင်စေ၍ ယိုးဒယားအမတ်သုံးဦးတို့ ထွက်ဆို ချက်ကို ဘဝရှင် အလောင်းမင်းတရားကြီးဘုရားမှာ လျှောက်ထားရ၏။

ဘဝရှင် အလောင်းမင်းတရားကြီးဘုရားလည်း ယိုးဒယားမင်းက စေ လွှတ်လာရောက်သည့် အမတ်သုံးဦးတို့စကားကိုကြားတော်မူလျှင် အမိန့် တော်ရှိသည်ကား-ဒွါရာဝတီအမည်ရှိသော ယိုးဒယားမြို့ကို ယခု ငါချီ တော်မူလာသည် အကြောင်းလည်း ယိုးဒယားမင်း စည်းစိမ်ထီးနန်းကို ဖျက်ဆီးလို၍ ချီလာသည်မဟုတ်၊ ယိုးဒယားတို့နေသည့် တိုင်းပြည်သည် သာသနာတော်တည်ရာဖြစ်လျက် ဘုရားရှင့်သာသနာတော် ပွင့်ပွင့် လင်း လင်းမရှိလေသည်ကိုအတိုင်းထက်အလွန်တိုးပွား၍ ပွင့်လင်းထွန်းတောက် အောင် ချီးမြှင့်ပြုစုတော် မူလိုသောကြောင့် ငါချီတော်မူလာခြင်းဖြစ် သည်၊ ငါ့အမိန့်တော်မြွတ်အတိုင်းကို ယိုးဒယားမင်းကထွက်လာစေသည့် အမတ်သုံးဦးတို့သို့ပြန်၍ ယိုးဒယားအမတ်တို့ကို မြို့တွင်းသို့ပြန်သွားစေဟု အမိန့်တော်ရှိလျှင် သေနာပတိ စစ်သူကြီးမင်းများက အမိန့်တော်အတိုင်း ယိုးဒယားအမတ်ကြီး သုံးဦးတို့ကို ပြန်ဆိုပြီးလျှင် အမတ်ကြီးသုံးဦးတို့ကို စားဘွယ် သောက်ဘွယ် ပေးကမ်းကျွေးမွေး၍ မြို့တွင်းသို့ဝင်စေ၏။

### ယိုးဒယားကိုချီစဉ် မကျန်းမာ၍ ပြန်တော်မူခဲ့ရာ မုတ္တမတွင် နတ်ပြည်စံတော်မူခြင်း

ဘဝရှင် အလောင်းမင်းတရားကြီးဘုရားလည်း ယိုးဒယားမင်းက စေ လွှတ်ဘွက် လာစေသည့် အမတ်ကြီး သုံးဦးတို့ကို ပြန်စေသည့်နောက် ဆယ်ရက်ကျော်ခန့်ရှိလျှင် ကိုယ်တော် မဤမသာရှိတော်မူသည်နှင့် သား တော်မြေဒူးမင်း သီရိဓမ္မရာဇာစသော စစ်သူကြီး ဗိုလ်မှူးတပ်မှူးအပေါင်း တို့ကို ခေါ်တော်မူ၍ ဤသို့အမိန့်တော်ရှိ၏။ "ယခု ယိုးဒယားမင်းသည် ထွက်၍သော်လည်းမတိုက် အမှူးအမတ်တို့ကို တကြိမ်တခေါက်ထွက်လာ စေပြီးလျှင် အရေးသော်လည်းပြီးအောင်ဆက်လက်၍ မပြောမဆိုနေလေ သည်၊ ယခုသည်းမိုးရေကျစတော့မည်၊ လုပ်ရေး ကြံရေးများကို မည်သို့ စီရင်မှ သင့်မည်"ဟု အမိန့်တော်ရှိ၏။

ယင်းသောအခါ သားတော်မြေဒူးမင်း သီရိဓမ္မရာဇာ လျှောက်သည် ကား-ယမန်ကာလ ယိုးဒယားမင်းက မင်းကေရာဇ်တို့နှင့်ထိုက်တန်သည့်

လက်ဆောင်တော်ဆင်ကြီး မြင်းကြီး ဆက်သပြီးလျှင် စည်းစိမ်မပျက် နေ ပါရမည့်အကြောင်းနှင့် ယိုးဒယားအမတ် သုံးဦးတို့ကို ခြေရင်းတော်သို့ အလျှောက်အထား စေလွှတ်လာရောက်သည့်အရာများသည် ကျွန်တော့် စိတ်တွင်သော်ကား ဖြောင့်ဖြောင့်ရိုးရိုးသဘောဟုတ်မည်မထင်၊ ရွှေတလ နှစ်လရှိလျှင် မိုးရေလည်း ကျတော့မည်၊ ထိုအခါ ယိုးဒယားမြို့ပတ်လည် ကုန်းကျင်းမထင်နိုင်အောင် ရေရစ်လည် ဝန်းရံလျက်ရှိသောကြောင့် မြင်း ကျွဲနွားတို့ကိုသော်လည်းစင်နှင့်ထားကြရသည် ဆိုသည်၊မိုးရေကျ၍ အရပ် အနေ အဆုတ်အခွာ ခဲခက်သည့်ကာလ ကြုံကြိုက်ရာကြံမည်ကို ကြန့်ကြာ အောင်ကိုသာ ယိုးဒယားမင်းက ထွက်၍စကားဆိုလာသည် ထင်သည်၊ ယခု မိုးလအခါလည်း ရောက်တော့မည်၊ ကိုယ်တော်လည်း မအီမသာ ရှိတော်မူချေသည်၊ သည်တကြိမ်တခါကို နေပြည်တော်သို့ ပြန်တော်မူပြီး လျှင် ရွှေမိုးစဲလင်းပွင့်ကိုချီ၍ လုပ်ကြံရသည်ရှိသော် ယိုးဒယားမြို့မျှ မဆို နှင့်ဦး ဇမ္ဗူဒိပ် အပြင်ဝယ် ထီးဆောင်း မင်းအပေါင်းတို့ ရုံး၍ ခံသော် လည်း လက်တော်က လွတ်နိုင်မည်မဟုတ်ဟု လျှောက်သည်။

သားတော် မြေဒူးမင်း လျှောက်သည့်စကားကို မင်းခေါင်နော်ရထာ ကြားလျှင် ဤသို့ နားတော်လျှောက်ပြန်၏၊ ယခု သားတော်သခင် နား တော်လျှောက်သည့်အရေးသည် သင့်မြတ်လှပေသည်၊ ယိုးဒယား ဆို သည့် လူမျိုးသည် ယတြာယာယီ ပရိယာယ် ဝေဝုစ် အကြံအစည်အရာ၌ အလွန် လေ့လာစဉ်းလဲသည့်လူမျိုးဖြစ်ချေသည်၊ ကိုယ်တို့ထွက်၍လျှောက် လာသည့် အရေးအတိုင်း သဘောမှန်လျှင် ဆက်လက်၍ အလျှောက် အထား လာရောက်ရမည်၊ ယခု ကိုယ်တို့ပြန်သွားသည် ဆယ်ရက်ကျော် လောက်တိုင်အောင်မျှ မထွက်မရောက်နေလေသည်၊ ယိုးဒယားမြို့ကြီးမှ စ၍ အရံမြို့ပြဆိုသမျှလည်း စစ်ရိပ်စစ်စ မထွက်မပြူ အသီးအသီး ဆင် မြင်း မျိုးရိက္ခာသွင်း၍ မြို့ကိုသာ အခိုင်နေလေသည်၊ ထိုသို့အကြောင်း များကိုထောက်သော် ယိုးဒယားမင်းက အလျှောက်အထား ထွက်သည် ဆိုသည့်စကားသည် သဘောမဟုတ်ယူရန် ရှိလှပေသည်၊ စစ်တို့သဘော သည် တဘက်တချက်ဆိုင်ပြိုင်၍ ပြပြသသတွေ့သည်ကို တိုက်ကြရသော် သာ ရှုံးရေးနိုင်ရေး၌ သိလွယ်သည်၊ ယိုးဒယားဆိုသည့်မြို့လည်း အခြား တိုင်းပြည်မြို့ရွာများကဲ့သို့မဟုတ်၊မြို့လည်းနိုင်ခန့်ကြီးကျယ်လှသည်၊ချောင်း ပေါက် မြောင်းပေါက်လည်း အသွယ်သွယ်အဝဝ မြို့ကို ရစ်လည် ဝန်းရံ ၍နေသည်၊ ချောင်းပေါက်မြောင်းပေါက်တိုင်းလည်း ပယ်လယ်နှင့်တစပ်

တည်းဖြစ်၍ မြို့ပတ်လည် ချောင်းတိုင်း မြောင်းတိုင်း မြစ်တိုင်းမှာပင် သင်းဘော, သမ္ဗန်, အမြောက်စိန်ပြောင်းတင်၍ ကုလားပန်းသေးတို့နှင့် အနှံ့အစပ်ဆီးခံရပ်နေသည်၊ သူတို့မှာလည်း မင်းဆက်များစွာ နှစ်သတ္တရာဇ် ကာလအရှည် တည်ထောင်သည့်မင်းနှင့်တကွ မြို့ပြထီးနန်း အကုန်အစင်ဖျက်ဆီးသိမ်းယူဘူးသည်မရှိဖြစ်၍လည်းဆင်ကောင်း,မြင်းကောင်း, သူရဲသူခက်ကောင်း, အမြောက် စိန်ပြောင်း, သေနတ် လက်နက်လည်း များပြားထူထပ်လှချေသည်၊ ယင်းသို့သော်လည်း ရွှေဘုန်းတော် အားနှင့် လုပ်ကြံတော်မူသည်ကို ယိုးဒယားမြို့မျှ ခံနိုင်မည်မဟုတ်၊ သို့ရာတွင် ကိုယ်တော် မကျန်းသည်မှာသာ အရေးဖြစ်ချေသည်၊ ချီတော်မူသည့် ကာလလည်း ပညာရှိတို့က မချီသင့်ကြောင်းနှင့် လျှောက်လေသည်။ ကျွန်တော်တို့က စစ်တက်လည်း နှောင်းသည်၊ ခရီးလည်း တနသ်ာရီကြောင်း ပင်လယ်ကိုလှည့်၍ ချီတက်ခဲ့သောကြောင့် စစ်တက်ခရီးလမ်းပေါက်လမ်းဝများတွင်ရှိသည့် မြို့ရွာကို ဖျက်ဆီး သိမ်းယူရလေသည်နှင့် စစ်ချိန်လွန်မှ ယိုးဒယားမြို့ရင်းသို့ ချဉ်းရချေသည်၊ ယိုးဒယားတို့ လုပ်ရည်ကြံရည်ကိုလည်း ကျွန်တော်တို့သိရပြီ၊ ကျွန်တော်တို့ လုပ်ရည်ကြံရည်ကိုလည်း ယိုးဒယားတို့ သိလေပြီ၊ ယခု မိုးလည်းကျခတော့မည်၊ စစ်အိုမင်းပြီဖြစ်၍လည်း ဖွတ်, ခြင်, ယင်ရဲ ထူထပ်လှသောကြောင့် ရဲမက်တော်တို့ အနာအဖျားလည်း တွေ့ကြသည်၊ သည့်တကြိမ် တခါကို ယိုးဒယားမြို့ကို ရှိနှင့်စေဦး၍ ရွှေသို့ မိုးရေစဲလျှင်စဲခြင်း ရွာဟိုင်းရွာကစစ်တကြောင်း, ထားရိုက်က စစ်တကြောင်း,ဒဝယ်သစ်ကနက်က စစ်တကြောင်း ယင်းသို့ စစ်သုံးကြောင်း တညီတညွတ်ချီတက်ပြီးလျှင် အရံမြို့ကြီးပြကြီး ဆိုသမျှကို နတ်တော် ပြာသိုလအတွင်းက အကုန်အစင်ရအောင်လုပ်ကြံမည်၊ ယင်းသို့ မြို့ရံပြရံများကို သိမ်းယူပြီးလျှင် ယိုးဒယားမြို့သည် အတောင်ကျွတ်သောငှက်ကဲ့သို့ရှိသည့်ကာလမှ လုပ်ကြံသိမ်းယူရသည်ရှိသော် ယိုးဒယားမြို့သည် လက်တော်က လွတ်နိုင်မည့်အကြောင်း မရှိ-ဟူ၍ နားတော်လျှောက်၏။

ဘဝရှင် အလောင်းမင်းတရားကြီးဘုရားလည်း ကိုယ်တော်ကျန်းကျန်းရှိတော်မမူသည်နှင့် သားတော်မြေဒူးမင်း သီရိမဟာဓမ္မရာဇာ, စစ်သူကြီး မင်းခေါင်နော်ရထာတို့ လျှောက်သည့်အရေးကို ကြိုက်တော်မူသောကြောင့် ရသည့် ယိုးဒယားအမတ်တို့ကို သတ်သည်ဟူ၍ ယိုးဒယားမြို့ကို အလိုတော်ပြည့်မည် မဟုတ်၊ ကိုယ်တို့ သားမယားတို့နှင့် တွေ့ကြပါလေစေ၊

လွှတ်ခဲ့ရမည် အမိန့်တော်ရှိ၍ တိုက်ပွဲတွင် ဆင်နှင့်တကွ ရတော်မူလိုက်သည့် ရွှေထီးဆောင်း ယိုးဒယားမိုလ်မှူး ဗြရာဇဝံသ, ဗြစိန္တာမဏိ, ဗြတေဇော, ဗြဂါမဏိ, ဗြအိန္ဒသူရတို့ ငါးဦးကို အဝတ်အစားပေးကမ်း၍ လွှတ်လိုက်ရ၏။ ။ယင်းသို့မှ ဒေဝဟာစာရီမြင်းတပ်၊ ရာဇဟာစာရီ မြင်းတပ်၊ နန္ဒဟာစာရီ မြင်းတပ်၊ သိဒ္ဓိဟာစာရီ မြင်းတပ်၊ သီဟဟာစာရီမြင်းတပ် သည်မြင်းတပ် ငါးတပ် မြင်းငါးရာ၊ ခံတောမိုလ်တုရင်သိပ္ပတတပ်၊ တုရင်သစ်တတပ်၊ ယောမိုလ်ငမြှောက်တတပ်၊ နတ်စက်မှန်ကင်းတတပ်၊ ဒိပစက်ရန်ခွဲတတပ်၊ ကျောက်တံခါး မိုလ်ငသာမှန် တတပ်၊ ဒေသနရာဇာတတပ်၊ ဝဿပျံချီတတပ်၊ နတ်စက်ပတတပ်၊ဒိပစက်ရန်နင်းတတပ်၊ သိပ္ပစက်တတပ်၊ ဗိဝပျံချီတတပ်၊ သည်တဆဲ့နှစ်တပ် သေနတ်စွဲရဲသူခြောက်ထောင်၊ကသည်းမြင်းငါးတပ်နှင့် တပ်ပေါင်းတဆဲ့ခုနစ်တပ်တွင် မြင်းငါးရာ, သေနတ်စွဲသူရဲခြောက်ထောင်နှင့် မင်းခေါင်နော်ရထာကို နောက်ခံတပ်ထားခဲ့၍ ယိုးဒယားမြို့ကခွာတော်မူသည်။

တစခန်းရောက်လျှင် မင်းလှနော်ရထာကို မြင်းနှစ်ရာ,သေနတ်စွဲ သူရဲသုံးထောင်နှင့် မင်းခေါင်နော်ရထာကို ထောက်လှမ်းရမည်ဟု ထားခဲ့ပြီးလျှင် သားတော် မြေဒူးမင်း သီရိမ္ဟေရာဇာ နောက်တော်ကအုပ်၍ တပ်စဉ်အတိုင်း သက္ကရာဇ် (၁၁၂၂) တထောင့်တရာ့နှစ်ဆဲ့နှစ်ခု၊ ကဆုန်လဆန်းသုံးရက် ကြာသပတေးနေ့ ယိုးဒယားမြို့က နေပြည်တော်သို့ ပြန်တော်မူခဲ့၏။

ယင်းသောအခါ ယိုးဒယားမင်းသည် ဘဝရှင် အလောင်းမင်းတရားကြီးဘုရား ဆုတ်ခွာတော်မူကြောင်းကို သိလေလျှင် ယခုမြန်မာမင်းသည် ငါတို့မြို့ရင်းသို့တိုင်အောင်ပေါက်ရောက်၍ စစ်ဦးစစ်စကောင်းလှပေသည် ဖြစ်လျက်ဆုတ်ခွာလေသည်မှာ အကြောင်းမဲ့ဘဲ ဆုတ်ခွာမည်မဟုတ် တစုံတခုအကြောင်းရှိမည် ငါတို့က သိရအောင်စုံစမ်းသင့်သည်ဟု ထွက်၍ စုံစမ်းသည်၊စုံစမ်းသူတို့လည်း အထူးအခြားအရိပ်အရောင်မထင်၊ မြန်မာမင်းနှင့် မြန်မာတပ်အများဆုတ်ခွာကြောင်း၊ မြန်မာတပ်တတပ်သာ ကျန်ရှိကြောင်းကို စုံစမ်းစေသူတို့ သိမြင်ခဲ့၍ ယိုးဒယားမင်းတွင် လျှောက်သည့်ကို မြန်မာမင်းဆုတ်ခွာ၍ ရှိလေပြီးသည်ကို ငါမြို့ရင်းတွင် တပ်ငယ်တခုနှင့် မြန်မာတို့ မခလေးမစားနေပြန်သည်၊ နေတွက်ရှိသလော၊ မထိမဲ့မြင်နေသည့် မြန်မာတို့ကို တယောက်မကျန် ဖမ်းယူပြီးလျှင် မြန်မာမင်းဆုတ်ခွာလေရာ တပ်ခြေကြွကိုလိုက်၍တိုက်ရမည်ဟု ယိုးဒယား မိုလ်မှူး

တပ်မှူးတို့ကို လူလေးသောင်းကျော်, ဆင်လေးရာကျော်,မြင်းလေးထောင်ကျော်နှင့် မြို့တွင်းက ထွက်စေသည်။

မင်းခေါင်နော်ရထာလည်း ယိုးဒယားမြို့ကအလုံးအရင်းများနှင့် ထွက်လာသည်ကို မြင်လျှင် တပ်နှင့် ကြို့ကြို့ခံနေသည်၊ ယိုးဒယား တို့လည်း မင်းခေါင်နော်ရထာတို့ မထွက်မခွာ တပ်နှင့်နေသည်ကိုတွေ့လျှင် အထပ်ထပ်ဝန်းရံကြ၏။ ။ယင်းသောအခါ တပ်မှူးစစ်ကဲအပေါင်းတို့က ဗိုလ်မှူး မင်းခေါင်နော်ရထာကို ဤသို့ဆိုကြ၏၊ ယခုကျွန်တော်တို့ တပ်ကို သူကရံသည် အင်အားကြီးလှသည်၊ သူတို့တိုင်းလယ် ပြည်လယ်မှာဖြစ်၍ နောက်ကိုလည်း ထပ်ကာထပ်ကာရောက်ချေဦးမည်၊ ကျွန်တော်တို့ကား နွားဦးချိုကဲ့သို့သာဖြစ်ချေသည်၊ ယိုးဒယားတို့ကား နွားမွေးကဲ့သို့အလွန်များလှချေသည်၊ နေ့ရက်ဆက်၍အရံကိုခံချေသော်မထွက်မခွာနိုင်အောင်ရှိချိမ့်မည်၊ ယခုက မြောက်မျက်နှာရံတပ်စုကို နင်း၍ ထွက်ရမှ ထွက်ခွာနိုင်ချိမ့်မည် ဆိုကြသည်ကို မင်းခေါင်နော်ရထာ ဆိုသည်ကား-ကိုယ်တော်လည်း ခန့်သာတော်မမူ၊ ဆုတ်ခွာတော် မူသည်လည်း နှစ်စခန်း သုံးစခန်းမျှသာရောက်ဦးမည်၊ ငါတို့ ယခုသည်က ခွာလွယ်လျှင် သူတို့မလိုက်ဘဲနေဘိမည်မဟုတ် စစ်အားကြီးလိုက်ထပ်၍ တစခန်းကွာတွင်အပန်းတကြီး တိုက်ကြရသည့်ကာလ ပြောင်းသေနတ်သံကို ကြားတော်မူလျှင် ငါတို့ကို ကြောင့်ကြဲ့ကွက်တော်မူ၍ ခရီးချုပ်တော်မူချိမ့်မည်၊ ယင်းသို့ဖြစ်သောကြောင့် ယိုးဒယားဘိုင်းအလုံးပင် ထွက်၍ရံသော်လည်း ငါတို့ခန့်ညားသာမည်မဟုတ် ရံသမျှတပ်ကို ယခုပင် ငါထွက်၍တိုက်မည် ဆိုပြီးလျှင် ခံတောဗိုလ် တုရင်သိပ္ပ, နတ်စက်မှန်ကင်း, ဒိဗ္ဗစက်ရန်ခွဲ, ဒေဝဟာစာရီတို့လေးတပ်မှာ မြင်းတရာ, သေနတ်စွဲသူရဲ တထောင့်ငါးရာနှင့် တောင်မျက်နှာရံတပ်စုကို ထွက်၍တိုက်ရမည်၊ တုရင်သစ်, ဒိဗ္ဗစက်ရန်နင်း, သိပ္ပစက်, ရာဇဟာစာရီတို့လေးတပ်မှာ မြင်းတရာ, သေနတ်စွဲသူရဲ တထောင့်ငါးရာနှင့် မြောက်မျက်နှာရံတပ်စုကို ထွက်၍တိုက်ရမည်၊ ယောဗိုလ်ငမျှောက်, ကျောက်တံခါးဗိုလ်သောမုန်, ဝဿပျံချီ, နန္ဒဟာစာရီတို့လေးတပ်မှာ မြင်းတရာ, သေနတ်စွဲသူရဲ တထောင့် ငါးရာနှင့် အနောက်မျက်နှာရံတပ်စုကို ထွက်၍ တိုက်ရမည်၊ ငါမှူကား ဇီဝပျံချီ, သေနရာဇာ, နတ်စက်ပ, သိဒ္ဓိဟာစာရီ, သီဟဟာစာရီတို့ မြင်းနှစ်ရာ, သေနတ်စွဲသူရဲ တထောင့်ငါးရာနှင့် အရှေ့မျက်နှာက စစ်အားကြီးရံလာသည့် ရွှေထီးဆောင်းလေးဦးကို ရအောင် ထွက်၍တိုက်မည်ဟု လူသူ

သူရဲခွဲဝေစည်းကြပ် ပေးအပ်ပြီးလျှင် မင်းခေါင်နော်ရထာ မြင်းသို့တက်၍ ဇီဝပျံချီ, သေနရာဇာ, နတ်စက်ပ, သိဒ္ဓိဟာစာရီ, သီဟဟာစာရီ တို့ မြင်းနှစ်ရာ, သေနတ်စွဲသူရဲ တထောင့်ငါးရာနှင့် တပ်အရှေ့မျက်နှာကို ထွက်ပြီးလျှင် ဆင်လုံး မြင်းရင်း တပ်အင်တပ်အားကြီးရာ မြင်းနှင့်လွှတ်၍ မင်းခေါင်နော်ရထာထိုးသည်၊ သိဒ္ဓိဟာစာရီ, သီဟဟာစာရီတို့ မြင်းနှစ်ရာသည်း လူပုံသို့ချည်းလွှတ်၍ထိုးသည်၊ သေနတ်စွဲသူရဲတို့လည်း လက်ဝဲလက်ယာဖြန့်၍ မလွတ်ရအောင် လိုက်လံပစ်ခတ်သည်။

မင်းခေါင်မနော်ရထာထွက်၍ တိုက်သည်ကိုမြင်လျှင် ခံတောမိုလ် တုရင်သိပ္ပ, နတ်စက်မှန်ကင်း, ဒိဗ္ဗစက်ရန်ခွဲ, ဒေဝဟာစာရီတို့လည်း မြင်းတရာ,သေနတ်စွဲသူရဲတထောင့်ငါးရာနှင့်တောင်မျက်နှာရံတပ်ကို ထွက်၍ တိုက်သည်။ ။တုရင်သစ်,ဒိဗ္ဗစက်ရန်နင်း,သိပ္ပစက်,ရာဇဟာစာရီတို့လည်း မြင်းတရာ,သေနတ်စွဲသူရဲ တထောင့်ငါးရာနှင့် မြောက် မျက်နှာ ရံတပ်ကို ထွက်၍တိုက်သည်။ ။ယောမိုလ်ငမြောက်,ကျောက်တံခါးမိုလ်ငသာမှန် ဝသပျံချီ, နန္ဒဟာစာရီတို့လည်း မြင်းတရာ, သေနတ်စွဲသူရဲ တထောင့်ငါးရာနှင့် အနောက်မျက်နှာရံတပ်ကို ထွက်၍တိုက်သည်၊ ယိုးဒယားတို့ မခံမရပ်နိုင် အဆီးအတားမရှိပျက်၍ ဆုတ်ခွာထွက်ပြေးသည်၊ သေလေသည်လည်း များ၏။

မင်းခေါင်နော်ရထာလည်း ယိုးဒယားတို့ ဆုတ်ခွာ ထွက်ပြေးလေရာ မြို့ရင်းတိုင်အောင် မြင်းနှင့်လိုက်၍ထိုးသည်၊ ရွှေထီးဆောင်းတယောက် ခေါင်းကိုရလိုက်၏၊ ယိုးဒယားတို့တပ်ဆိုသမျှ ပျက်လေလျှင် မင်းခေါင်နော်ရထာတပ်သို့ ဝင်မြဲဝင်၍နေပြန်၏။ ။မင်းခေါင်နော်ရထာ ယိုးဒယားတပ်ကို ထွက်၍တိုက်သည့် သေနတ်စိန်ပြောင်းသံကို မင်းလှနော်ရထာတပ်က ကြားလေလျှင် မင်းခေါင်နော်ရထာတို့ တပ်ကို ယိုးဒယားတမြို့လုံးထွက်၍တိုက်ချေပြီဟု အလျှင် ပြန်၍ချီလာသည်တွင် မင်းခေါင်နော်ရထာက မင်းလှ နော်ရထာကို ဆိုသည်ကား… သွေးသောက်မှာ ဘဝရှင် အလောင်းမင်းတရားကြီး ဘုရားကိုသာ မှီအောင် လိုက်လေ၊ နောက်ကအရေးအကြောင်းမှာ ငါ့တာ ဖြစ်စေဟု မင်းခေါင်နော်ရထာ ဆိုသည်တွင် သူ့တိုင်းသယ်ပြည်လယ်မှာ ဖြစ်သည်၊ သွေးသောက် မကြာလွန်းစေနှင့် ငါလည်း သွေးသောက်ကို ငံ့ဆိုင်း၍သွားမည် ဆိုပြီးလျှင် မင်းလှနော်ရထာ ဆုတ်လေ၏၊ နောက်ကို ယိုးဒယားတို့မြို့တွင်းကမထွက်

မလာသည်နှင့် လေးငါးရက် ရှိလျှင် မင်းခေါင်နော်ရထာ သေနတ်, အမြောက် စိန်ပြောင်းအသံမစဲ ဖောက်လွှတ်၍ ဘန်တွန်းတပ်ကဆုတ်ခွာခဲ့၏။

ဘဝရှင် အလောင်းမင်းတရားလည်း ကဆုန်လဆန်းသုံးရက် ကြာသပတေးနေ့ ယိုးဒယားမြို့က ဆုတ်ခွာခဲ့၍ နှစ်ဆဲ့လေးစခန်းနှင့် မုတ္တမမြို့ကျေး ကင်းရွာသို့ ရောက်တော်မူသည်။ ထိုစခန်းတွင် သက္ကရာဇ်(၁၁၂၂) တထောင့်တရာ့နှစ်ဆဲ့နှစ်ခု ကဆုန်လပြည့်ကျော် တဆဲ့နှစ်ရက် တနင်္ဂနွေနေ့ မိုးသောက်ယံအချိန်တွင် နတ်ပြည်စံတော်မူ၏။

နတ်ပြည်စံတော်မူကြောင်းကိုလည်း သားတော် မြေဒူးမင်း သီရိဓမ္မရာဇာနှင့် အပါးတော်တွင် မပြတ်ခစားသည့် မှူးကြီးမတ်ကြီး ကျွန်တော်ရင်းတို့သာ သိကြရ၏။ ယင်းသို့မှ အလောင်းတော်ကို ကောင်းမွန်လုံခြုံစွာ ထုပ်ပိုး၍ ပကတိအမှတ်စီးတော်မြဲဝေါတော်နှင့်ဆောင်ယူ၍ တပ်စဉ်အတိုင်း ပြန်လာခဲ့ပြီးလျှင် တမောကလိုကသည် မုတ္တမမြို့မြောက် ဗင်လိုင်မြစ်ကိုကူး၍ စစ်တောင်းမြစ်ကိုကူးပြီးလျှင် ရေကြောင်း၊ ဆောင်ယူမည်ဟု ဝိုင်ကျုံကသည် ပဲကူးသို့လာခဲ့သည်။

ပဲကူးမြို့သို့ရောက်လျှင် အလောင်းမင်းတရားကြီးဘုရား ယိုးဒယားမြို့က တပ်ဆုတ်တော်မူခဲ့သည်တွင် နောက်တပ်ထားသည့် မင်းလှနော်ရထာမှာ ယိုးဒယားကျေးအလွန် မုတ္တမကျေးသို့ ရောက်လျှင် တပ်တော်ကို အမှီလိုက်၍ ပေါင်းလှာသည်၊ မင်းခေါင်နော်ရထာမှုကား တပ်တော်သို့ မှီအောင်မလိုက်၊ ခြေလက်လေးလံ၍ နောက်ကျန်သည့် ဆင်မြင်းလူသူ ဗိုတ်ပါတို့ကို သိမ်းရုံး စည်းကြပ်ပြီးလျှင် ဖြည်းဖြည်း နောက်ချန်၍လာသည်။ ခရီးလမ်းတလျှောက် မြို့ရွာများမှာလည်း ရိက္ခာစနပ်အပြင်းအပြတောင်းယူပြီးလျှင် စစ်တောင်းမြစ်နားမှာ စည်းကြပ်ရုံးစု ရပ်မနေသည်။

ထိုအကြောင်းကို မြေဒူးမင်း သီရိဓမ္မရာဇာ ကြားတော်မူလေသော်-ယခု ပဲကူးမြို့သို့ရောက်လျှင် ကြည်းတပ်ကို ရေတပ်ဖွဲ့၍ တပ်စဉ်အတိုင်း ရေကြောင်းဆန်တော်မူမည်ဖြစ်သည်၊ ပဲကူးမြို့မှာ မှီအောင်လိုက်လာခဲ့ရမည်ဟု စေလွှတ်ခေါ်စေသည်ကို မင်းခေါင်နော်ရထာလည်း ဘဝရှင် အလောင်းမင်းတရားကြီးဘုရား အရိပ်အခြည်ကို ဆင့်ပြောကြားသိသည်နှင့် မင်းခေါင်နော်ရထာ မလိုက်မလာနေသောကြောင့် ရွှေတောင်လက်ဝဲကျော်ကို မြင်းတရာနှင့်ထပ်၍ ခေါ်ပြန်စေသည်ကိုလည်း ငါမလိုက်ပြီ၊

တောင်ငူကြောင်းသွားမည် ဆို၍သာ နေလေသောကြောင့် မြေဒူးမင်းလည်း ခမည်းတော်ဘုရား အလောင်းတော်ကို ပဲခူးမြို့ကသည် ရန်ကုန်မြို့ရောက် ရေကြောင်း ဆောင်ယူတော်မူသည်၊ ရန်ကုန်မြို့သို့ ရောက်၍ အလောင်းတော်ကို ဖောင်တော်သို့ တင်ရာတွင်မှ ဘဝရှင် အလောင်းမင်းတရားကြီးဘုရား နတ်ပြည်စံတော်မူကြောင်းကို အများသိကြရ၏။

သားတော်မြေဒူးမင်းလည်း ခမည်းတော်ဘုရားနတ်ရွာပြောင်းစံတော်မူကြောင်းကို မယ်တော်ဘုရား နောင်တော် အိမ်ရှေ့မင်းတို့သို့ မင်းလှရာဇာနှင့် ရွှေတောင်နော်ရထာတို့ကို အလျှောက်အထား အလျင်အမြန်စေတော်မူသည်၊ စေခန့်သူတို့လည်း ရတနာသိင်္ဃမြို့သို့ ရောက်၍ ခမည်းတော် အလောင်းမင်းတရားကြီး ဘုရား နတ်ပြည်စံတော်မူကြောင်းကို သက္ကရာဇ် (၁၁၂၂) တဆောင့်တရာ့နှစ်ဆဲ့နှစ်ခု၊ နယုန်လပြည့်ကျော်ရှစ်ရက်နေ့ည အိမ်ရှေ့မင်း ကြားသိတော်မူလျှင် တိုင်းရေးပြည်မှု အလုံးစုံမျိုးကို မြော်တင်း ထောက်ထားတော်မူ၍ သက္ကရာဇ် (၁၁၂၂) တဆောင့်တရာ့နှစ်ဆဲ့နှစ်ခု၊ နယုန်လပြည့်ကျော်ကိုးရက်နေ့ နံနက် ရတနာသိင်္ဃရွှေနန်းတော်ကို တက်သိမ်းစိုးစံတော်မူ၏။

ယင်းသော အခါ မင်းခေါင်နော်ရထာကလည်း ခမည်းတော်ဘုရား နတ်ရွာစံတော်မူလျှင် ညီတော်မြေဒူးမင်းသည် ဗိုလ်မှူးတပ်မှူးတို့နှင့်မုတ္တမ မြသိန်းတန်ဘုရားမှာ သွေးသစ္စာ စည်းကြပ်ကြသည်၊ နောက်တပ်များကိုလည်း မျိုးရိက္ခာမပေးမပို့စေရ စစ်တောင်းမြို့သူကြီး, ခေါင်းအကြီးတို့ကို ဆင့်ဆိုသည်၊ ဓားတော်ယိမ်းနွဲ့ပါးကိုလည်း အတင်းသိမ်းယူသည်၊ ထွတ်ချာဒေဝီနှင့်လည်း အပြောအဆိုရှိသည် အကြောင်းများနှင့် အလျှောက်အထားရောက်သည်။ ။မြေဒူးမင်းလည်း ခမည်းတော်ဘုရားအလောင်းတော်ကို ရွှေဖောင်တော်တွင်တင်၍ အုပ်စည်းမပျက် စခန်းစဉ်အတိုင်းဆောင်ယူဆန်တက်ခဲ့၍ ရွာသစ်ကြီးအရပ်သို့ရောက်လျှင် မင်းခေါင်နော်ရထာက လျှောက်ထားသည့်စကားကို ဝိုးဝါးတွေးယူတော်မူ၍ ညီတော်မြေဒူးမင်းကို ဖောင်တော်မှာ မလိုက်စေနှင့် မင်းရဲသီဟရာဇ်ကို စေ၍ အမိန့်တော်ပြန်သောကြောင့် မြေဒူးမင်း ဖောင်တော်တွင် မလိုက်ရ ရွာသစ်ကြီးက ကုန်းကြောင်း ရွှေဘဝါးတော်အောက် လာရသည်။ ။ဝန်ကြီးနေမျိုးရွှေတောင်ကိုလည်း ယုံကြည်တော်မမူ၍ ရွာသစ်ကြီးအရပ်တွင် ကွပ်မျက်တော်မူသည်။

မြေဒူးမင်းလည်း နောင်တော်ဘုရား ခြေရင်းတော်သို့ ရောက်လျှင် ခမည်းတော်ဘုရား ယိုးဒယားမြို့ကပြန်လည်တော်မူမည့်ကာလ မင်းခေါင်နော်ရထာနှင့် မင်းလှနော်ရထာတို့ နှစ်တပ်ကို နောက်ထား၍ ဆုတ်ခွာတော်မူခဲ့သည်၊ မင်းလှနော်ရထာမှာ ယိုးဒယားကျေးကလွန်လျှင် တပ်တော်သို့ အရောက်ပေါင်းလှာသည်၊ မင်းခေါင်နော်ရထာမှုကား တပ်တော်ကို မှီအောင်မလိုက်၊ ခြေလက်လေးလံသည့် ဆင်မြင်းလူသူတို့ကို သိမ်းရုံးပြီးလျှင် နောက်ချန်၍လာသည်၊ ပဲကူးမြို့သို့တပ်တော်ဆိုက်ရောက်လျှင် မင်းခေါင်နော်ရထာ စစ်တောင်းသို့ ရောက်ပြီ ကြားသောကြောင့် တပ်တော်ကိုမှီအောင်လိုက်ခဲ့ရမည် ခေါ်စေသည်ကို မလိုက်မလာဗိုလ်လူစည်းရုံး၍သာ စစ်တောင်းတွင်နေသောကြောင့် ရွှေတောင်လက်ဝဲကျော်မြင်းတရာကျော်နှင့်ခန့်ထားခေါ်စေသည်ကိုလည်း ငါမလိုက်ပြီ့,တောင်ငူကြောင်းသွားမည်ဆို၍မလာနေသည်၊မင်းခေါင်နော်ရထာသည် ကျေးဇူးရှင်ဘုရား နတ်ရွာစံတော်မူသည်ကိုကြားသိလေကတည်းကပင် စိတ်နှလုံးမပျပ်မဝပ်အဟန်ရှိချေသည်ဟု ညီတော်ကလျှောက်ထားသည်ကို နောင်တော်မင်းတရား ယုံယုံကြည်ကြည်ရှိတော်မမူသေး ဝိုးဝါးထင်တော်မူ၏၊ ဗိုလ်မှူးတပ်မှူးတို့လည်း ခမည်းတော်ဘုရားအလောင်းတော်ကို အုပ်စည်းမပျက် ရေကြောင်းဆောင်ယူခဲ့၍ ကျောက်မြောင်းဆိပ်တော်သို့ရောက်၏။

ထိုဝရှင် မင်းတရားကြီးဘုရားလည်း ခမည်းတော်ဘုရား အလောင်းတော်ကို ကျောက်မြောင်းမြို့ ဆိပ်တော်က မင်းညီ မင်းသား ဆွေတော်မျိုးတော် မှူးတော် မတ်တော်တို့ ခြံရံ ဆောင်ယူစေ၍ ရတနာသိင်္ဃမြို့တော် မြောက်မျက်နှာ လှိုင်သာတံခါးက သွင်းပြီးလျှင် ခမည်းတော်ဘုရားအလောင်းတော်ကို စကြဝတေးမင်း,မန္ဓာတ်မင်းတို့ကို သင်္ဂြိုဟ်သကဲ့သို့ အခမ်းအနား ကြီးကျယ်စွာ စီရင်လုပ်ဆောင်စေ၍ မင်းညီမင်းသား ဆွေတော် မျိုးတော် မှူးတော်မတ်တော် အပေါင်း ခြံရံလျက် ရွှေဝေါနှင့် ထွက်တော်မူ၍ ရွှေလွှတ်တော် အရှေ့မြောက် နန်းမြို့တော် တွင်းဝယ် သင်္ဂြိုဟ်ခတော်မူ၏။

ထိုဝရှင် အလောင်းမင်းတရားကြီး ဘုရားကား-သက္ကရာဇ် (၁၀၇၆) တထောင့် ခုနစ်ဆဲ့ခြောက်ခု တော်သလင်းလပြည့် သောကြာနေ့ ညဉ့်တချက်တီးကျော်၊ ဓနသိဒ္ဓနက္ခတ် မွန်းတည့်၊ ပြိဿလက်၊ ကုံစန်း၊ သိဟ်တွင် တနင်္ဂနွေ, စနေ၊ ကန်တွင် ဗုဒ္ဓဟူး,သောကြာ၊ မိဿတွင် ကြာသပ

တေး၊ ကြကန့်တွင် အင်္ဂါ၊ ဗြိစ္ဆာတွင် ရာဟု၊ နက္ခတ်စဉ့် နှစ်ဆဲ့နှစ်လုံး နှစ်ပါဒ၊ တဆဲ့လေး ဗိဇနာတွင် ဖွားမြင်တော် မူသည်။ ။သက္ကရာဇ် (၁၁၂၂) တထောင့်တရာ့နှစ်ဆဲ့နှစ်ခု၊ကဆုန်လပြည့်ကျော် တဆဲ့နှစ်ရက် တနင်္ဂနွေနေ့ မိုးသောက်ယံအချိန်တွင် နတ်ရွာစံတော်မူသည်၊ အိမ်နိမ့် သုံးဆဲ့ခုနစ်နှစ် ခုနစ်လ, စည်းစိမ်ရှစ်နှစ်နှင့်တလ, သက်တော် လေးဆဲ့ ငါးနှစ်နှင့် ရှစ်လတွင် နတ်ရွာ စံတော်မူ၏၊ နံတော် သောကြာသား တည်း။

နတ်ရွာစံလိုသော်-နေပြည်တော်တွင် မိုးကြိုးတဆဲ့သုံးချက် တပြိုင်နက် ကျ၏၊ ညောင်လည်းပွင့်၏၊တိမ်တံခွန်လည်းပြ၏၊ အင်္ဂါဂြိုဟ်အမိုးထွက်၏၊ ကြတ္တိကာ လတွင်ချင်း၏၊ ရွှေနန်းတက်တော်မူသောအခါ အဠဇေယ မင်္ဂလာဂါထာကို ရွတ်၍ တက်တော်မူသည်ကို ပညာရှိတို့ ကြားသည် ကာလ ရွှေနန်းထက်တွင် စည်းစိမ်တော် ရှစ်နှစ်မျှသာ စံတော်မူရချိမ့် မည့် နိမိတ် ဖြစ်ချေသည်ဟု ဆိုစကုန်၏၊ ယိုးဒယားသို့ ချီတော်မူမည့် ကာလ မျက်ရည်ကို သုတ်၍ နောက်ဆုတ် ပြန်သည်-ဟု သူငယ်တို့ တဘောင်သီကြ၏။

ဘဝရှင် အလောင်းမင်းတရားကြီး ဘုရားကား····ဆွေတော်မျိုးတော် သားတော် မြေးတော် တည်းဟူသော အဘိဇစ္စဗလစသော အားငါး ပါးနှင့် ပြည့်စုံတော်မူ၏၊ဘုန်းတော်အာဏာတော်ကြီး၏၊ ရည်ရွယ်တော် မူတိုင်း ရန်သူအပေါင်းကို အောင်မြင်တော် မူသည် များ၏၊ ကြံတော် မူသမျှလည်း မဆုတ်မနစ် အပြီးသို့ ရောက်၏၊ လူအပေါင်းတို့တွင် နှုတ် ရေး၌ငြင်း,လက်ရေး၌ငြင်း,လူရည်လူသွားကို သိတော်မူတတ်၏၊ မှူးတော် မတ်တော် သူရဲသူခက်တို့ကို အထိုက်အလိုက် ဝေဘန်နှိုင်းချိန် ချီးမြှောက် မစပြုစုပေးကမ်းလေ့ရှိတော်မူ၏၊ ရဲရင့်တည်ကြည်၏၊ အမြော်အမြင်ရှိ၏၊ ရတနာသုံးပါး၌ ယုံကြည်တော်မူ၏။

ပြုတော်မူသော ကောင်းမှုတော် ကား···· ရွှေချက်သို စေတီတော် (တစ်)၊ မြတောင်မြို့ ဖောင်တော်ဦးစေတီတော်နှင့်တကွ ဘုရားဦး စရပ် (နှစ်)၊ တကောင်းမြို့ အရပ်၌ ဇိနအောင်ချာ ရွှေဘုံသာ စေတီတော် (သုံး)၊ ပြည်မြို့၌ ဖောင်တော်ဦး စေတီတော် (လေး)၊ မြန်အောင်မြို့၌ ဖောင်တော်ဦး စေတီတော်(ငါး)၊ နတ်ကျွန်း အောင်မြေ နန်းတော်

ဦး၌စေတီတော်(ခြောက်)၊ ဒဂုန်ဆံတော်ရှင်၌စောင်းတန်းတော် (ခုနစ်) စရပ်တော်ကြီး (ရှစ်)၊ ရတနာသိင်္ဃမြို့ အရှေ့မြောက်ထောင့်ဝယ် စေတီတော် (ကိုး)၊ထိုတွင် ဇေတဝန်ကျောင်းတော်(တဆယ်)၊ ရွှေပေါ်ကျွန်းအရပ်၌ ရွှေစရပ်တော်ကြီး(တဆဲ့တစ်)၊ဟံသာဝတီမြို့, ပြည်မြို့, အင်းဝမြို့, စစ်ကိုင်းမြို့ များနှင့် အကြေအညာ မြစ်စဉ် တလျှောက် ဘုရား ပုထိုးဟောင်းနွမ်း ပြိုပျက်သည်များကို ကံကျွေးလက်ခ ငွေတော် ပေးအပ်၍ ပြုပြင်လုပ်တော်မူသည်ကားများ၏၊ နှစ်စဉ်လည်း ပဌမသာမဏေ ရဟန်း ပြုတော်မူ၏။

သားတော် သမီးတော်ကား····မဟာမင်္ဂလာရတနာဓိပတိသီရိရာဇာ စန္ဒာဒေဝီ-အရှင်မိဖုရားခေါင်ကြီးတွင် မြင်တော်မူသည့် သားတော် သီရိသုဓမ္မရာဇာ အိမ်ရှေ့စံတော်မူပြီးလျှင် ခမည်းတော် အရိုက်အရာ မင်းအဖြစ်သို့ ရောက်တော်မူသည်-တပါး၊ ညီတော်သီရိဓမ္မရာဇာ မြေဒူးမြို့, စလင်းမြို့ကို စားပြီးလျှင် ခမည်းတော် နောင်တော်တို့ အရိုက်အရာ မင်းအဖြစ်သို့ ရောက်တော်မူ၍ ဆင်ဖြူ ရှင် ခံတော်မူသည်-တပါး၊ ညီတော်ငယ်ကလွန်-တပါး၊ နှမတော် သီရိမဟာမင်္ဂလာဒေဝီ ကန္နီမြို့ကို စားသည်-တပါး၊ မောင်တော် သုဓမ္မရာဇာ အမြင့်မြို့, တလုပ်မြို့ကို စားသည်-တပါး၊ နှမတော် သီရိမဟာရတနာဒေဝီ မင်းခင်းမြို့ကိုစားသည်-တပါး၊ မောင်တော် သတိုးမင်းလှ ရွှေတောင်ကသည် သတိုးမင်းစော အမည်နှင့် ဗဒုံမြို့, မြဝတီမြို့ကို စားပြီးလျှင် ခမည်းတော် နောင်တော်နှစ်ပါးတို့ အရိုက်အရာ မင်းဖြစ်တော်မူသော အမရပူရ မြို့တည်နန်းတည် ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများရှင် မင်းတရားကြီး-တပါး၊ နှမတော် သီရိမလ္လာရတနာဒေဝီ အုန်းခေတာအောင်သာရွာနှင့်စကုမြို့ကိုစားသည်-တပါး၊ မောင်တော် သတိုးမင်းလှခင်းရဲကျော်စွာ ပုခန်းကြီးမြို့, ကလေးမြို့ကိုစားသည်-တပါး၊ညီတော် သတိုးမင်းလှမင်းရဲကျော်ထင် ပင်းတလဲမြို့, မြင်စိုင်းမြို့ကိုစားသည်-တပါး၊ ပေါင်းဆယ်ပါးတည်း။

ကိုယ်လုပ်တော်တို့တွင် မြင်သည့် သားတော် သမီးတော်ကား···· ရှင်မင်းသူတွင် မြင်သည့် သမီးတော် ပဒုမ္မဒေဝီ-တပါး၊ ကျောက်မြောင်းကတော်တွင် မြင်သည့် သားတော် မင်းရဲဖျား-တပါး၊ စိတ္တာမဟေတွင် မြင်သည့်သားတော် မင်းရဲညွန့်-တပါး၊မင်းလှစည်သူသမီး ရှင်မင်းပြေကို

နန်းတင်တော်မူရာတွင်မြင်သည့် သားတော် မောင်လှ–တပါး၊ ရှင်ရွှေခဲ ကြီးကို နန်းတင်တော်မူရာတွင် မြင်သည့် သမီးတော် မင်းရွှေမြ-တပါး၊ ရှင်ရွှေခဲငယ်ကို နန်းတင်တော်မူရာတွင် မြင်သည့် သမီးတော် မင်းညိုမြ– တပါး၊ ပေါင်း ခြောက်ပါးတည်း။ ။အရှင်မိဖုရားခေါင်ကြီးတွင် မြင် တော်မူသည့် သားတော်သမီးတော်ဆယ်ပါး။ ။ကိုယ်လုပ်တော်တို့တွင် မြင်သည့် သားတော်သမီးတော် ခြောက်ပါး၊ ပေါင်း တဆဲ့ခြောက်ပါး တည်း။ ။

* * *

# စစ်ကိုင်းမြို့တည်-မင်းတရားကြီး

## မင်းခေါင်နော်ရထာကို အောင်မြင်ခြင်း

ဘဝရှင် အလောင်းမင်းတရားကြီးဘုရား နတ်ပြည်စံတော်မူလျှင် သားတော်ဒိပဲယင်းမင်း သီရိသုဓမ္မရာဇာသည် သက္ကရာဇ် (၁၁၂၂)တထောင့်တရာ့နှစ်ဆဲ့နှစ်ခု နယုန်ယာပြည့်ကျော် ကိုးရက် အင်္ဂါနေ့ ခမည်းတော်ဘုရား အရိုက်အရာတော်ဖြစ်သော ရွှေထီးရွှေနန်းကို သိမ်းမြန်းစိုးအုပ်တော်မူ၏။ ။ထိုအခါ မင်းခေါင်နော်ရထာသည် ခမည်းတော်ဘုရားပြည့်ထောင်ဘက် ကျေးကြီးကျွန်ကြီးဖြစ်သည်၊ မသင့်၍ တိမ်းယိမ်းလေသော်လည်း အသက်မသေစကောင်းဖြစ်သည်-အမိန့်တော်ရှိ၍ တောင်ငူမြို့သို့ မင်းခေါင်နော်ရထာ ရောက်လျှင် ဖမ်းဆီးပို့ဆက် လှာရမည်ဟု ဘထွေးတော် တောင်ငူမင်းသတိုးသိခ်သူသို့ အမိန့်တော်စာနှင့်စေရ၏။

မင်းခေါင်နော်ရထာလည်း စစ်တောင်းကသည် တောင်ငူကြောင်းချီခဲ့၍ တောင်ငူသို့ရောက်လျှင် တောင်ငူမြို့အနီးတွင် တပ်ချ၍နေ၏။ ထိုအကြောင်းကို ဘထွေးတော် တောင်ငူမင်း ကြားတော်မူလျှင် ဗလမင်းထင်, ဗလပျံချီ, ဥဒိန်ပညာ, ဓမ္မတာ, ဗညားဦး, စံလှကြီးတို့ကို ဤသို့ဆို၏။ မင်းခေါင်နော်ရထာကို အသာအယာ ပါအောင် ငါခေါ်မည်၊ ကိုယ်ဘို့တစု မိအောင်ဖမ်းရမည်ဆိုလျှင် ဗလမင်းတင်တို့ ဗိုလ်ခြောက်ဦးသားဘို့လည်း မင်းခေါင်နော်ရထာကိုသာ ပါအောင် ခေါ်တော်မူပါ၊ ဖမ်းရမည်မှာ ကျွန်တော်တို့ ဝန်ဖြစ်စေဟု ဝန်ခံကြ၏။ တောင်ငူမင်းလည်း တရားနာမည့်အဟန် ပြင်ဆင် ခင်းကျင်းစေပြီးလျှင် မင်းခေါင်နော်ရထာကို တရားနာဘိတ်စေ၏။ မင်းခေါင်နော်ရထာလည်း ဆင်ကြိုးကြာကန်ကိုစီး၍ အခြွေအရံ စုံရာနှင့်သာ လာ၏၊ ဝင်းတံခါးသို့ရောက်လျှင် ဆင်မှသက်၍ တောင်ငူမင်းကို အရိုအသေတုပ်ပျပ်လျက် ချေချေသာသာ ပြောဟောကြပြီးမှ တရားနာကြရာ မင်းခေါင်နော်ရထာလည်း ဓားချပ်လျက်ပင် တရားနာ၏၊ တောင်ငူမင်းက မင်းခေါင်နော်ရထာကို ဓားချပါဦးတော့လောဟုဆိုလျှင် မင်းခေါင်နော်ရထာလည်း အမှုထမ်းဖြစ်ချေသည်၊ နေပြည်တော်သို့မရောက်သမျှ ဓားကိုမချသင့်ချေဟု ဆို၍ တရားနာမြဲနာ၏။ တရားဟောပုဂ္ဂိုလ်ကိုလည်း တရားတော်ကို ရှည်ရှည်ဟောပါဟု ဘိတ်မန်ရင်းရှိသောကြောင့် တရားတော်ကို ရှည်လံစွာဟော

၏။ ယင်းသောအခါ ဗလမင်းထင်တို့ ဗိုလ်ခြောက်ဦးသားတို့လည်း မင်းခေါင်နော်ရထာကို ဖမ်းမည်ဟု မဆွကပင်တိုင်ပင်၍ တင်းတိမ်တွင်းက ပုန်းကွယ်ရှိနှင့်နေသည်၊ မင်းခေါင်နော်ရထာကိုမြင်လျှင် ရွံ့ပြန်ချေသောကြောင့် သူအလျင် ထွက်ကောင်းသည့်ငါအလျင် ထွယ်ကောင်းသည်၊ အချင်းချင်း ငြင်းခုံတိုက်တွန်းကြ၍ မထွက်လာ ကြာလှသည်ဟု တောင်ငူမင်း စောင်းလှည့်၍ကြည့်သည်၊ မင်းခေါင်နော်ရထာ မြင်လျှင် အရိပ်အခြည် တွေးထင်မိသည်နှင့် အရှင်ဘုရား-ခရီးမတ်တတ် ဖြစ်ပါသည်၊ တရားပြီးအောင်နာ၍ မနေသာသေးဖြစ်ပါသည်၊ သွားပါရဦးမည်ဆို၍ ရုတ်ခြည်းထပြီးလျှင် ခါးထောင်းကျိုက်၍ တောင်ငူမင်းအိမ်တော် ဆင်ယှဉ်တွင်ရပ်လျက် ကြိုးကြာကန်ကိုခေါ်လျှင် ဦးစီးလည်း ဆင်ကိုအပြင်းလွှတ်၍ ယှဉ်လာရ၏။ ယင်းသို့မှ မင်းခေါင်နော်ရထာ ဆင်သို့ခုန်တက်ပြီးလျှင် ဝင်းတံခါးသို့ ရှုးရှူးမထွက်ဦးပဲ တောင်ဝေါတိုက်သို့ သွားပြီးမှ လှည့်ခဲ့၍ ဆင်ကိုချွန်းဖွင့်ကာ အပြင်းလွှတ်ပြီးလျှင် စိုက်ထားရှိနှင့်သည့် စက်တိုင်ကို လှံနှင့်လွှတ်လိုက်သည်၊ စက်တိုင်ကို လှံစွဲ၍ ထုတ်ချင်းခတ်လေ၏။ ယင်းသို့မှ ဆင်ကို ပြကတေ့စီး၍ ထွက်ခဲ့သည်၊ တစုံတယောက်မျှ မလိုက်မဖမ်းဝံ့၊ ကြည့်၍သာနေလိုက်ရချေသည်။ ။မင်းခေါင်နော်ရထာလည်း တပ်သို့ရောက်လျှင် ဆင်မြင်းအားအင်ဖြည့်တင်း၍ တရက်နှစ်ရက်ရှိမှ စခန်းစဉ်အတိုင်း ထွက်လာခဲ့ပြီးလျှင် တောင်ဘက် လယ်တွင်း ကန်သစ်ရွာအရပ်မှာ ချရပ်နေ၏။

ထိုအကြောင်းကို ဘဝရှင်မင်းတရားကြီးဘုရား ကြားတော်မူလေလျှင် ပြည်သောင်မင်းကေရာဇ်တို့သည် သူရဲ ယောကျ်ားကောင်းတို့ကို စုံမက်အပ်သောကြောင့်၎င်း, တကြောင်းလည်း မင်းကေရာဇ်ဖြစ်လျက် သိမ်းပိုက်မစခြင်းကင်း၍ ကျေးကျွန်တို့ ရိုင်းပျံ့ဝေးရလေသည်ဟု ဥဒါန်းအစဉ်ဖြစ်မည်ကိုစိုးတော်မူသောကြောင့်၎င်း,ပင်းယဆင်ဖြူငါးစီးရှင်ထုံးကိုနှလုံးပိုက်တော်မူ၍ မင်းခေါင်နော်ရထာ ရှိနေရာ ကန်သစ်အရပ်သို့ အသာအယာခေါ်ရမည်ဟု မင်းလှနော်ရထာကိုစေတော်မူသည်၊မင်းလှနော်ရထာလည်း မင်းခေါင်နော်ရထာရှိရာရောက်လျှင် ဘဝရှင်မင်းတရားကြီးဘုရားအမှုက်တော်မရှိ၊ မင်းခေါင်နော်ရထာသည် ခမည်းတော်ဘုရား အမှုတော်ကို ထမ်းရွက်သည့် ကျေးကြီးကျွန်ကြီးဖြစ်သည်၊ ငါနှင့် ကွာဝေးရမည်မဟုတ်ဟုစေတော်မူ၍ခေါ်လာကြောင်းကိုမင်းလှနော်ရထာဆိုသည်တွင် မင်းခေါင်နော်ရထာလည်း ဤသို့ဆို၏။ငါသည် ကျေးဇူးရှင်အသျှင်

အလောင်းမင်းတရားကြီး ဘုရား မင်းအဖြစ်ကို ယူတော်မူမည်-တိုင်ပင်ရည်ကြံတော်မူသည့်ကာလကပင် အသက်ကို သစ်ရွက်တချပ် ပန်းတပွင့်အနိုင်း မလေးမစား ငါတို့သခင် မင်းအဖြစ်သို့မရောက်သမျှ လက်မချဟု စိတ်နှလုံးပြဋ္ဌာန်း၍ အမှုတော်နှင့်စပ်သည်ကို သူ့ရန်သူတထောင်စု, နှစ်ထောင်စုကိုသော်လည်း တယောက်ချင်းထွက်၍ အရေးရအောင်ကိုသာ အမှုတော်ကိုထမ်းရွက်သည်၊ ငါတို့ကျေးဇူးသခင် ဘဝရှင်အလောင်းမင်းတရားကြီးဘုရားမရှိလျှင် ယုံယုံကြည်ကြည်ရှိတော်မမူကြ၊ စိတ်တော်နှလုံးတော်နှောင့်နှေးရှိကြ၍ ခရီးလမ်းတလျှောက်ငါတို့တပ်သားအစားအစာမျိုးရိက္ခာမထောက်မလှမ်းမှီအောင် မြေဒူးမင်းသားဖျက်ဆီးမြစ်တားသည်ဖြစ်၍ ရရာရမိ အသက်မသေဝံ့ မြို့ရွာများမှာ ရှာဖွေယူစားကြရသည်ကိုလည်း ငါမသင့်မတင့်ကျင့်ကြံလေသည်ဟု ညီတော် မြေဒူးမင်းသားကကိုယ့်အပြစ် ငုပ်တိမ်လေအောင် နောင်တော်ကိုလျှောက်မည်မချွတ်၊ သို့လျှောက်လျှင်လည်း သူတို့မှာ ညီတော်နောင်တော် ဖြစ်ကြ၍ ညီတော့်စကားကို နောင်တော်ယူချိမ့်မည် မချွတ်၊ သို့လျှင် ကယ်ဆယ်မစမည့်သူ ငါတို့ကျေးဇူးရှင် အလောင်းမင်းတရားကြီးဘုရားသည်း ယခုမရှိပြီ၊ သွေးသောက်စကားကို ယုံကြည်၍ လိုက်လေသော် ငါ့ကိုယ်နှင့် တကွသားမယား ဆွေမျိုး ပေါက်ဖော်တစုတို့ ဆင်းရဲကြီးစွာ တွေ့ကြရချိမ့်မည်မချွတ်၊ ယင်းသို့ ဖြစ်သောကြောင့် ယောကျ်ားတို့မည်သည် ကိုယ့်အသက်ကို လုရေး၌ မထိတ်မလန့်သာပြီ၊ ဘုန်းကံအလိုက် တသက်တွင် တခါကို ဖြစ်လိုရာ ဖြစ်ပေစေတော့ ငါမလိုက်ပြီ သွေးသောက်သာ ပြန်လေတော့ဟု မင်းခေါင်နော်ရထာဆိုလျှင် မင်းလှနော်ရထာလည်း မြေရင်းတော်သို့ ပြန်ခဲ့၏။

မင်းခေါင်နော်ရထာ မလိုက်ဝံ့ကြောင်းကို တင်လျှောက်လျှင် ဘဝရှင်မင်းတရားကြီးဘုရားသည် ခမည်းတော်ဘုရား ရှိးရင်းဘက် ကျွန်တော်မျိုး သူရဲယောကျ်ားကောင်း သေခြင်းမလှ ဆုံးပါးရလေမည်ကို နှမြောတော် မူလှသောကြောင့် မင်းခေါင်နော်ရထာနှင့် အကျွမ်း ဝင်သည့် စစ်ကိုင်းဇေတဝန် မထေရ်သူမြတ်နှင့် ကျော်ထင်နော်ရထာတို့ကို စေ၍ ခေါ်ပြန် စေသည်ကိုလည်း မင်းခေါင်နော်ရထာသည် လိုက်ချေသော် အသက်မလွတ်ပြီဟု အခိုင်ယူ၍ မလိုက်မလာ နေလျှင် ဇေတဝန်ပုဂ္ဂိုလ်သူမြတ်နှင့် ကျော်ထင်နော်ရထာတို့ ပြန်ခဲ့၍ အကြောင်းမျိုးကို လျှောက်လျှင် ဘဝရှင်မင်းတရားကြီးဘုရားလည်း မင်းခေါင်နော်ရထာ အဝမြို့ကို

အမှိုပြုရာချေသည်ဟု အဝမြို့မှာ သေနတ်စွဲသူရဲ တထောင် ဖြည့်လောင်းတော်မူသည်၊ အဝမြို့ဝန်ရာဇဗလလည်း အဝမြို့တွင်းဝယ် ရှိနေရင်းလူတို့နှင့် သေနတ်စွဲသူရဲတထောင်တို့ကို မြို့စီးပြစီးတင်ပြီးလျှင် မြို့တံခါးကိုးရပ်ကို ပိတ်၍စောင့်နေ၏။

ယင်းသောအခါ မင်းခေါင်နော်ရထာလည်း ပါသည့် ဗိုလ်မှူးတို့ကို ရုံးစုစည်းဝေး၍ ဤသို့ဆို၏၊ ယခု ငါတို့သည် သူ့ကိုခြားနား၍ ရှိလေပြီးသည်၊ စင်ရော် ဥကျင်းသကဲ့သို့ သည်တွင် မရပ်မနေသင့် အရှေ့ဘက် မတ္တရာကြောင်း သွား၍ ကြာဥယဉ် ခက်သင်က ကူး၍ ရတနာသိင်္ဃမြို့ ရင်းတိုင်အောင် ချဉ်းရသော် သင့်မည်လော၊ အဝမြို့သို့ဝင် ရသော် သင့်မည်လောဟု ဆိုသည်ကို ခံတော့ဗိုလ် တုရင်သိပ္ပ, တုရင်သစ်, သူရပျံထင်, နက်စက်မှန်ကင်းတို့က ယခုကျွန်တော်တို့ သူ့ကိုခြားနား၍ ရှိလေပြီ၊ ကျွန်တော်တို့ ဖောက်ထွင်းနိုင်သော်သာ အသက်ရမည်၊ ကျွန်တော်တို့မပေါက်မမြောက်ချေလျှင် ကိုယ်နှင့်တကွ သားမယားဆွေမျိုးပေါက်ဖော်တစုတို့ကို မီးပုံ၍ တိုက်လမည်၊ ယင်းသို့ဖြစ်သောကြောင့် ရှည်ရှည်ကြာကြာ စိတ်နှလုံးမပင်မပန်းလို ခရီးဖြောင့် စစ်ကိုင်းသို့ကူး၍ လမ်းတလျောက် မြို့ရွာဆိုသမျှကို သိမ်းရုံးပြီးလျှင် အလျင်ချီ၍ မြို့ကိုတိုက်မည်၊ အရေးရလျှင်လည်း အရေးယူမည်၊ အရေးမရလျှင်လည်း ကျွန်တော်တို့ တစုသူ့လက်နက်နှင့် သေမည်ဟု ဆိုကြသည်။

ယင်းသောအခါ မင်းခေါင်နော်ရထာဆိုသည်ကား–ကိုယ်တို့ ဆောဆော လျင်လျင် အမှုတွေ့လိုသည် ဆိုသည့် အရေးလည်း အရေးပင်ဖြစ်သည်၊သို့ရာတွင် အခဲအကတ်အခွင့်ကြုံသော်သာသည်ကဲ့သို့ ဖြစ်သင့်သည်၊ ယခုအရေးမှာ ရတနာပူရ အဝမြို့ကြီးသည် ဘုန်းကြီးသောမင်းတို့ နေရာဌာနဖြစ်သည်၊ အဝမြို့ကိုနေနိုင်လျှင် ပုဂံ, ပြည်, တောင်ငူ, သာယာဝတီ, ဟံသာဝတီ,မုတ္တမစသော ရောဝတီမြစ်တောင်ဘက် မြို့ကြီးပြကြီး ဆိုသမျှ ငါတို့လက်နက်နိုင်ငံ ဖြစ်လေပြီးသည်၊ အဝမြို့ကိုဝင်၍ နေနိုင်အောင်နေမည်ဟုဆိုသည်တွင် ခံတော့ဗိုလ်တုရင်သိပ္ပ,တုရင်သစ်, သူရပျံထင်, နတ်စက်မှန်ကင်း, ကျောတံခါးဗိုလ် စသော ဗိုလ်မှူး တပ်မှူး အပေါင်းတို့က ကျွန်တော်တို့ တသက်ကို ဖြစ်လိုရာ ဖြစ်ပါစေ ကိုယ်တော်နှင့် မှီခိုပေါင်းယှက်၍ ရှိလေပြီးသည်၊ အလိုတော်ရှိသမျှ အမှုကို အသက်စွန့်၍ ထမ်းရွက်မည်ဟု တညီတညွတ် ဆိုကြလေလျှင် မင်းခေါင် နော်ရထာလည်း ပါသည့်အလုံးအရင်းနှင့် တောင်ဘက်လယ်ကွင်းကသည် အဝမြို့

တိုင်အောင်ချီလှာ၍ သက္ကရာဇ် (၁၁၂၂) တထောင့်တရာ့ နှစ်ဆဲ့နှစ်ခု ဝါဆိုလဆန်း တဆဲ့ငါးရက် သောကြာနေ့ မြို့ကိုဝင်မည် ချဉ်းသည်တွင် အင်းဝမြို့မှာ မြို့တံခါး ကိုးရပ်ကိုပိတ်၍ မြို့စီးပြစီးတို့ ရှိနှင့်လေလျှင် မြို့တောင်မျက်နှာ ကျော်ဘုံတံခါးကို မင်းခေါင်နော်ရထာ ဆင်နှင့်ယှဉ်၍ တက်ပြီးလျှင် တံခါးမှူးကိုသတ်၍ မြို့တံခါးကို ဖွင့်သည်၊ မင်းခေါင်နော်ရထာ မြို့တွင်းသို့ဝင်မိလေပြီဟု သိကြလျှင် မြို့စီးပြစီး ဆိုသမျှလူတို့ မြို့ထိပ်က ဆင်းပြေးကြသည်၊ မြို့ဝန်ရာဇဓမ္မလည်း မြစ်မြောက်ဘက်ကို လက်ပစ်ကူး၍ပြေးသည်၊ ခြေရင်းတော်သို့ရောက်လှာ၏၊ အဝမြို့တွင်းမှာရှိလေသမျှ လူတို့သည်း မင်းခေါင်နော်ရထာ မြို့တွင်းသို့ ဝင်မိလျှင် ကိုယ်လွတ်ထွက်ပြေးသူတို့သာ အင်းဝမြို့က ထွက်နိုင် လေ၏။ ။မင်းခေါင် နော်ရထာလည်း အလုံးအရင်းနှင့်တကွ အဝမြို့တွင်းသို့ ဝင်မိလေလျှင် ပါခဲ့ရင်းလူ, အဝမြို့တွင်းမှာရှိနေသည့်လူဘို့ကို တပ်မှူးတပ်အုပ်စည်းကြပ်၍ မြို့စီးပြစီး တင်ပြီးလျှင် အဝမြို့ မြောက်မျက်နှာ ပြတိုင်း-တံခါးတိုင်းကို ပတ်ဆိုင်းနဲ့ ခရာပုံထောင်တင်၍ ကြော်ငြာတီးမှုတ်စေလျက်အဝမြို့ကိုအခိုင်နေလေ၏။

ဘဝရှင် မင်းတရားကြီးဘုရားလည်း ရာဇဓမ္မခြေရင်းတော်သို့ ရောက်၍ အဝမြို့မှာမင်းခေါင်နော်ရထာဝင်မိကြောင်းကို ကြားတော်မူလေလျှင် မင်းခေါင်နော်ရထာကို မကြောက်မရွံ့ရအောင် ပြောဆို၍ခေါ်ရဦးမည်ဟု မင်းလှနော်ရထာကို စေတော်မူပြန်သောကြောင့် မင်းလှနော်ရထာ အဝမြို့သို့ သွားပြန်ရသည်၊ မြို့မြောက်မျက်နှာ တကောင်း ဈေးတံခါးသို့ ရောက်လျှင် မြို့တံခါးပိတ်လျက်ရှိသောကြောင့် မင်းခေါင်နော်ရထာကို စေတော်မူ၍ လာရကြောင်းနှင့် မင်းလှနော်ရထာ ဆိုသည်တွင် တံခါးကိုမဖွင့်မပေးဝံ့ဟု တံခါးစောင့်တို့က ဆိုသည်၊ မင်းလှနော်ရထာက မဖွင့်မပေးဝံ့လျှင် ဘဝရှင်မင်းတရားကြီးကစေတော်မူ၍ငါလာရသည်ဟုကိုယ်တို့မင်းမှာ ပြောဆိုရမည်ဆို၍ တံခါးမှူး တံခါးစောင့်တို့ မင်းခေါင်နော်ရထာမှာ အကြောင်းပြန်ပြောလေလျှင် သွေးသောက်ကို ဝင်လာစေ-ဆင့်ဆို၍ မင်းလှနော်ရထာ အဝမြို့တွင်းသို့ ဝင်သည်၊ မင်းခေါင်နော်ရထာ ထံသို့ရောက်လျှင် မင်းခေါင်နော်ရထာသည် ရာဇဝတ်တော်ကို ခန့်ညား လှသောကြောင့် ခြေရင်းတော်သို့ မရောက်ရှိသည်၊ မရွံ့ မကြောက်ရအောင် ပြောဆိုခေါ်ရဦးမည့်-အမိန့်တော်ရှိ၍ လာပြန်ရသည်၊ သွေးသောက်ဘွဲ့ တစုံတခုအန္တရာယ် ဖြစ်ရလျှင် သွေးသောက်ကိုယ်စား သားမယားနှင့်တကွ ငါအသေခံမည်ဟု မင်းလှနော်ရထာ ယုံရာယုံကြောင်း

ပြောဆိုသော်လည်း မင်းခေါင်နော်ရထာက ငါမလိုက်ဝံ့ပြီ ဖြစ်လိုရာ ဖြစ်စေ အဝမြို့ကိုငါတလားပြုတော့မည် သွေးသောက်သာပြန်လေတော့ မင်းခေါင်နော်ရထာဆိုလျှင် မင်းလှနော်ရထာလည်း ခြေရင်းတော်သို့ ပြန်ခဲ့ရ၏။

ဘဝရှင် မင်းတရားကြီး ဘုရားလည်း မင်းခေါင်နော်ရထာကို နှမြော တော်မူ၍ သုံးကြိမ်သုံးခေါက် ခေါ်စေသည်၊ မရောက်မလာ နေလေလျှင် မင်းလှနော်ရထာ, မင်းရဲသီဟရာဇ်, ထန်းတပင်မိုလ်, နေမျိုးနော်ရထာ, တေဇသူရကျော်, ဗလရဲထွတ်, ဒိဗ္ဗစက်နှိပ်, ဗန္ဓုရာဇာ, သိဒ္ဓိရန်အောင်, သိန်နန္ဒမိတ်တို့ဆယ်တပ်၊ မြင်းငါးရာ,စစ်သည်သူရဲငါးတောင်ကို မင်းလှ နော်ရထာတချုပ်။

စိတ္တရာဇာ, ကြံသိုင်းရဲ, တုရင်ဗလ,တုရင်ဒူတ, ရွှေတောင်နရာကျော်, ရွှေတောင်လက်ဝဲ, နန္ဒဒေဝ, လက်ဝဲဝံသ, အိန္ဒစက်. ယောကျ်ားမှန်ကင်း တို့ဆယ်တပ်၊ မြင်းငါးရာ,စစ်သည်သူရဲငါးထောင်ကို စိတ္တရာဇာတချုပ်။

မင်းကြီးဇေယသူ, ဥဒိန်ရန်အောင်, ရွှေတောင်လက်ဝဲပေါ်, သီဟ အိန္ဒကျော်, ရွှေတောင်ပေါ်ထင်, သေနရန်အောင်, ကျော်ထင်နော် ရထာ, သူရိန်ကျော်ထင်, ကျော်ခေါင်ပျံထင်, ရွှေတောင်သိဒ္ဓိကျော်တို့ ဆယ်တပ်မြင်းငါးရာစစ်သည်သူရဲငါးထောင်ကိုမင်းကြီးဇေယသူတချုပ်။ သည့်တပ်ပေါင်းသုံးဆယ် မြင်းတထောင့်ငါးရာ စစ်သည်သူရဲတသောင်း ငါးထောင်ကို ကုန်းကြောင်း အဝမြို့သို့ ချီနှင့်စေသည်။

ရေကြောင်းကမှာ မင်းလှရာဇာ,မင်းရဲရန်နောင်,ရွှေတောင်ကျော်သူ, လက်ယာကျော်စွာ, မင်းငယ်ဗလ, သိဒ္ဓိမင်းလှကျော်, ကျော်ထင် ရွှေ တောင်,နဝဇက်, လက်ယာကျော်စွာ, ကုလားမိုလ်, ဈေးငယ်မိုလ်,သေန စက်,လက္ခန်းအိမ်, ကတုတ်ဝန်,ရွှေတောင်သိန်ကျော်တို့တဆဲ့ငါးတပ်,စစ် သည်သူရဲငါးထောင်ကို မင်းလှရာဇာ ချုပ်စေပြီးလျှင် တိုက်လှေကြီးများ တွင် အမြောက်ကြီးများကိုတင်၍ အဝသို့ရေကြောင်းချီနှင့်စေသည်။

ဘဝရှင် မင်းတရားကြီး ဘုရားမှာ သူရိန်ကျော်ခေါင် မြင်းတပ်၊ သူရိစတ္တကျော် မြင်းတပ်၊ တုရင်ကုမ္ဘဏ် မြင်းတပ်၊ တုရင်ဇေယကျော် မြင်းတပ်၊ သူရိန်ကျော်ထင် မြင်းတပ်၊ အာကာရဲထင် မြင်းတပ်၊ ရဲဘော် ပုညမြင်းတပ်၊ မင်းရဲအောင်ထင် ဆင်တပ်၊ ကျော်ထင်မိုး ဆင်တပ်၊ ယင်း သို့မှ ရွှေတောင်သီရိကျော်ထင် တတပ်၊ မင်းလှသီရိတတပ်၊ မင်းငယ် ကျော်ထင် တတပ်၊ လမိုင်းဝန် တတပ်၊ ယင်းတောမိုလ် တတပ်၊ သူရိန်

ရန်နိုင် တတပ်၊ မင်းထင်ရွှေတောင် တတပ်၊ ရာဇသင်္ကြံတတပ်၊ ဂါမဏိကျော်ခေါင် တတပ်၊ မင်းလှရွှေတောင်တတပ်၊ တုရင်ဗလကျော်တတပ်၊ တံလည်းစီးဗိုလ်ဟတပ်၊ ရွှေတောင်မင်းထွတ် တတပ်၊ ရွှေတောင်ရဲထွတ်တတပ်၊ ရွှေတောင်ပျံချီ တတပ်၊ အာကာဗိုလ်မှူး တတပ်၊ မြင်းမွေးဗိုလ်တတပ်၊ အောင်သာဗိုလ် တတပ်၊ သမန်သာဗိုလ် တတပ်၊ နန္ဒရာဇာတတပ်၊ အရေးလွန်တတပ်၊ မဏိစက် တတပ်၊ သိန်ပျံချီ တတပ်၊ သမန္တရဲတတပ်၊ ဗန္ဓုကာဘယ တတပ်၊ ဥဒိန်ဇေယ တတပ်၊ နေမျိုးဂုဏ္ဍရတ်တတပ်၊ ရွှေတောင်ဥဒိန် တတပ်၊ တိက္ခဗန္ဓု တတပ်၊ သည်တပ်တော်လေးဆယ်တွင်ပါသည့် တိုက်ဆင်နှစ်ရာ, မြင်းနှစ်ထောင်, စစ်သည်သူရဲနှစ်သောင်းနှင့်သက္ကရာဇ် (၁၁၂၂) တထောင့်တရာ့နှစ်ဆဲ့နှစ်ခု ဝါခေါင်လဆန်းဆယ်ရက်နေ့ ရတနာသိင်္ဃ နေပြည်တော်က အဝမြို့သို့ ချီတော်မူသည်။

စစ်ကိုင်းသို့ရောက်လျှင် မင်းလှနော်ရထာ, မင်းရဲသီဟရာဇ်, ထန်းတပင်ဗိုလ်, နေမျိုးနော်ရထာ, တေဇသူရကျော်, ဗလရဲထွတ်, ဒီပစက်နှိပ်,ဗန္ဓုရာဇာ, သိဒ္ဓိရန်အောင်, သိန်နန္ဒမိတ်တို့ ဆယ်တပ်ကို မင်းလှနော်ရထာချုပ်၍ အဝမြို့ အနောက်မြောက် မီးသွေးတိုက် ဆင်ရဆိပ်ကသည် တောင်ကို ရွှေစည်းခုံထိ မြို့အနောက်မျက်နှာက ရံစေသည်။

မင်းကြီးဇေယသူ, ဥဒိန်ရန်အောင်, ရွှေတောင် လက်ဝဲပေါ်, သီဟအိန္ဒကျော်, ရွှေတောင်ပေါ်ထင်, သေနရန်အောင်, သူရိန်ကျော်ထင်, ကျော်ခေါင်ပုံထင်, ရွှေတောင်သိဒ္ဓိ, ကျော်ထင်နော်ရထာတို့ ဆယ်တပ်ကိုလည်း မင်းကြီးဇေယသူချုပ်၍ ရွှေစည်းခုံကသည် ရွှေမုဋ္ဌောဆိုက်မြို့တောင်မျက်နှာကရံစေသည်။

စိတ္တရာဇာ,ကြံသိုင်းရဲ, တုရင်ဗလ, တုရင်ဒူတ, ရွှေတောင်နရာကျော်, ရွှေတောင်လက်ဝဲ, နန္ဒဒေဝ, လက်ဝဲဝံသ,အိန္ဒစက်, ယောကျ်ားမှန်ကင်းတို့ ဆယ်တပ်ကိုလည်း စိတ္တရာဇာချုပ်၍ ရွှေမုဋ္ဌောကသည် မြောက်, ထီးလှိုင်ဂူ, ဘုရားလှ, ရွှေစေတီ မြစ်မဆိုက် မြို့အရှေ့မျက်နှာက ရံစေသည်။

ဘဝရှင် မင်းတရားကြီးဘုရားမှာ စစ်ကိုင်းမြစ်ဆိပ် သရက်ပင်သောင်စွန်းတွင်နန်းတော်နှင့်ရပ်နေတော်မူပြီးမှ သက္ကရာဇ်(၁၁၂၂) တထောင့်တရာ့နှစ်ဆဲ့နှစ်ခု ဝါခေါင်လ စစ်ကိုင်းမြို့ကို မြို့ရာဟောင်းက အနောက်တောင်ယွန်းသို့ပြောင်း၍ မြို့တစ်တည်ပြီးလျှင် အရှေ့မျက်နှာ အောင်

ထင်တံခါး၊ တောင်မျက်နှာ ခေမာတံခါး၊ အနောက်မျက်နှာ တံခါး၊ မြောက်မျက်နှာ ဝေသာတံခါး သမုတ်၍ မုတ်ပေါင်းကူးနှင့်ချည်း အသီးအသီး တံခါးလေးမျက်နှာ၊ သူရဲခိုသူရဲပြေးနှင့်တကွ မြို့တော်ပြီးပြေးလျှင် မဟာဇေယပူရမြို့ သမုတ်တော်မူသည်၊ အမြောက်ကြီးများကိုလည်း ပစ်စင်ထက်တွင်တင်၍ နေ့စဉ်ရက်ဆက် အဝမြို့တွင်းသို့ လွှတ်စေသည်။

စက်ထွတ်ပျံချီ၊ ရန္တပျံချီ၊ ဗန္ဓုပျံချီ၊ မန္တပျံချီ၊ နန္ဒပျံချီ၊ ကျော်ထင်ရွှေတောင်၊ ဒေဝသူရ၊ ရွှေတောင်သူရ၊ ရွှေတောင်အိန္ဒ၊ ရွှေတောင်ရဲဖျား၊ ရွှေတောင်နန္ဒ၊ သိဒ္ဓိရန်အောင်၊ ငွေတောင်ရဲ၊ ရွှေတောင်သိဒ္ဓိ၊ ရွှေတောင်သိဒ္ဓိကျော်၊ ရွှေတောင်စက်၊ ဗလသီဟ၊ ဒေဝရဲသူကျော်၊ နန္ဒသီဟကျော်ထင်၊ သိပ္ပပျံချီ၊ ရဲထွတ်စက်ရောင်၊ ရက္ခပျံချီ၊ ရွှေတောင်ညွှန့်၊ သိဒ္ဓိသိခ်ကျော်၊ သူရဗလကျော်၊ တေဇစက်၊ရဲလွတ်ကျော်ထင်၊ စက္ကဗလကျော်သူ၊ ဥဒိန်သူရိန်၊ ယောကျ်ားတသိန်း၊ ပုညပျံချီ၊ ကျော်ထင်ရာဇာ၊ ဥဒိန်သိခ်၊ ရာဇသူရိယ၊ ရွှေတောင်နရာကျော်၊ ရဲခေါင်သီဟ၊ အိန္ဒသီဟ၊ ရဲခေါင်ပျံချီကျော်၊ တုရင်ရွှေတောင်သူ၊ မနုဗလကျော်၊ သိဒ္ဓိကျော်ထင်တို့ တပ်မှူးလေးကျိပ်ကိုလည်း ဗိုလ်ပါဆင်မြင်း ပေးအပ်တော်မူ၍ တပ်ပေါင်းလေးဆယ် စည်းကြပ်တော်မူပြီးလျှင် အင်းဝမြို့ ကြည်းကြောင်းရံတပ်တော်များသို့ ဖြည့်လောင်းတော်မူသည်။

ရေကြောင်းကလည်း မင်းလှရာဇာနှင့် လှေတပ်အများ စီရင်တော်မူ၍ အင်းဝမြို့မြောက်မျက်နှာ မြစ်ကြောင်းက မြို့သို့ချဉ်းစေသည်၊ ကြည်းကြောင်းရံတပ်တော်များကလည်း မြို့သို့ချဉ်း၍ အကြိမ်ကြိမ်တက်စေသည်၊ မြို့တွင်းက မင်းခေါင်နော်ရထာ ခံနေသောကြောင့် မပေါက်နိုင်ရှိလေလျှင် မင်းလှနော်ရထာ အနောက်မျက်နှာက အမြောက်ကြီးနှင့် မြို့ကိုဖို့သည်၊ စိတ္တရာဇာလည်း အရှေ့မျက်နှာက အမြောက်ကြီးနှင့် မြို့ကို ဖို့သည်၊ လူတက်သာအောင် မြို့နှစ်တာ သုံးတာခန့်ပြိုသည်တွင် အရှေ့မျက်နှာ,အနောက်မျက်နှာ ရံတပ်တော်များက ဗိုလ်စုတပ်စု လူလေးထောင်ကျော် ငါးထောင်လောက် မြို့တွင်းသို့ ဝင်မိသည်ကို မင်းခေါင်နော်ရထာသည် ကိုယ်ရံလက်ကောင်းလူတို့ကို လက်ငဲလက်ယာ ထားပြီးလျှင် ပစ်လွှတ်စေသည်၊ မင်းခေါင်နော်ရထာကိုယ် မြင်းနှင့် လှုပ်ပုံသို့ လွှတ်၍ ထိုးသည်၊ မြို့တွင်းသို့ပေါက်သမျှ ဗိုလ်မှူးတပ်မှူး သူရဲသူခက်တို့ မတိုးမခွာနိုင် မြို့ပြင်သို့ချည်း ဆုတ်ခွာရချေသည်၊ စိတ္တရာဇာကိုလည်း ပြောင်းသင့်ချေ၏။

မြို့မြောက်မျက်နှာက စီရင်တော်မူ၍ မြို့သို့ချဉ်းစေသည့် လှေတပ်စုကိုလည်း မင်းခေါင်နော်ရထာ မြို့ထိပ်ကနေ၍ ကိုယ်ရံလက်ကောင်းစုနှင့် မလွတ်ရအောင် ပစ်လွှတ်စေသည်၊ အထိအပါး အသေအပျောက် များလှလေလျှင် မြို့သို့မချဉ်းမကပ်နိုင်၊ လှေတပ်ဆိုသမျှ မြောက်ဘက်သို့ဆုတ်၍ နေကြရ၏။ ။ယင်းသို့ ဘဝရှင်မင်းတရားကြီး ကိုယ်တော်တိုင် စီရင်ကွပ်ကဲ၍အဝမြို့ကိုအပိတ်ရံပြီးလျှင် ကြည်းကြောင်းရေကြောင်း မြို့ကိုတက်စေသည်၊ မြို့ပေါက်၍ အကြိမ်ကြိမ် မြို့တွင်းသို့ သူရဲဗိုလ်စုတပ်စု အင်ကြီးအားကြီး ဝင်မိသော်လည်း ဆင်ချင်း, မြင်းချင်း,ခြေချင်း မင်းခေါင်နော်ရထာကို အတွေ့မခံနိုင်သောကြောင့် မြို့ပြင်သို့သာ ဆုတ်ခွာရလေလျှင် ဗိုတ်မှူးတပ်မှူး သူရဲသူခက်တို့ အဝမြို့ကိုရံ၍သာ နေကြလေ၏။

ယင်းသောအခါ မင်းခေါင်နော်ရထာလည်း ညအခါ အမှတ်မဲ့ ကိုယ်ရပ်ဖျောက် ကိုယ်ရံလူ သုံးရာကျော်လောက်နှင့် မြို့မြောက်မျက်နှာ တခကောင်းဈေးတံခါးမြစ်ဆိပ်ကလှေငယ်စီး၍ တပ်မတော်က ကင်းလှည့်စေသည့် အဟန်စုန်ခဲ့သည်၊ မြို့အနောက်မျက်နှာ ဆင်ရဆိပ်မှာ လှေကိုဆိုက်ထားခဲ့ပြီးလျှင် အနောက်မျက်နှာ မင်းလှနော်ရထာ ရံတပ်ကစ၍ ချက်တဖြုတ် ဝင်ပြီးလျှင် သေနတ်ဖောက်လွှတ် ထိုးခုတ် မီးထင်း တိုက်ရှို့သည်၊ ရံတပ်သားတို့လည်း မြို့တွင်းကထွက်၍ လူအများ ညဥ့်စစ်နင်းချေပြီဟု သောသောအုတ်အုတ်ကစီကရင်ရံတပ်တော်များရွှေ့ချေဆုတ်ချေ၍ ပရမ်းပတာရှိချေ၏၊ ယင်းသို့ ရံတပ်ဆိုသမျှ ကစီကရင် ရှိကြလေလျှင် မင်းခေါင်နော်ရထာလည်း မြို့တောင်တံတားဦးမှာကွမ်းခူးယူ၍ အဝမြို့တောင်မျက်နှာ ကျော်ဘုံတံခါးက မြို့တွင်းသို့ဝင်လေ၏။

ထိုအခါ အင်းဝမြို့တွင်းသားတို့လည်း မြို့ပတ်လည် အထပ်ထပ်ရံသောကြောင့် အစားအစာမြို့ကထွက်၍ မရှာမဘွေကြရ၊ မြို့၌ရှိသည့် ကျီကြဆိုသမျှမှ စပါးများကိုသာ ဝေငှစားသောက်ကြရသည်၊ ငါးလခြောက်လ ခန့်ရှိ၍ မြို့တွင်းမှာ ဆန်စပါးကုန်သောကြောင့် မြို့တွင်းသားတို့ အလွန်ငတ်မွတ်ပင်ပန်းကြလေ၏၊ ယင်းသောအခါမင်းခေါင်နော်ရထာဆိုသည်ကား-ယခု တမြို့လုံးရိက္ခာခဲခက်သည် မှန်ချေပြီ,စားရန် အစာမရှိသည်ကိုသည့်တွင် နေနိုင်မည်မဟုတ် လယ်တွင်းကိုးခရိုင်ကြောင်း ဇင်းမယ်ငါးဆွဲခုနစ်ခရိုင်သို့ သွားမည်ဟုဆိုပြီးလျှင် လိုက်နိုင်ပါနိုင်သမျှ ဆင်မြင်းအလုံးအရင်းနှင့် သက္ကရာဇ် (၁၁၂၂) တထောင့်တရာ့ နှစ်ဆဲ့နှစ်ခု၊ နတ်တော်လပြည့်ကျော် တဆဲ့လေးရက် စနေနေ့ည သန်းခေါင်အချိန်ကို အဝမြို့

တောင်မျက်နှာ ကျော်ဘုံတံခါးက ထွက်၍သွားလေ၏၊ မင်းခေါင်နော်ရထာနှင့်ပါသည့် ကသည်းမြင်းစီးတို့မှာကား တံတားဦးသို့ ရောက်လျှင် တလုံးတည်းပြန်၍ ရုံတပ်များသို့ ဝင်လေသည်။

ရုံတပ်တော်ဗိုလ်မှူးတပ်မှူးတို့လည်း မင်းခေါင်နော်ရထာထွက်သွားရာ ဖမ်းမည်ဟု ထွက်၍လိုက်ကြသည်၊မင်းခေါင်နော်ရထာလည်း တံတားဦး ပင်းယကသည် ပန်းလောင်မြစ်ကို ဝံပတွေ့က ကူးသည်၊ ပန်းလောင်မြစ် တဘက်သို့ မင်းခေါင်နော်ရထာကူးမိလျှင် မြင်းသုံးရာကျော်လောက်တွင် မဏ္ဍရာဗိုလ်သီရိရွှေတောင်ရှေ့ဖျားစွန်းစွန်းထွက်၍လိုက်လာသည်ကို မင်းခေါင်နော်ရထာမြင်လျှင် ဟယ်-သီရိရွှေတောင် နင်ဘဇာမှု၍ လိုက်လာသည်ဟု မင်းခေါင်နော်ရထာဆိုသည်၊ မဏ္ဍရာဗိုလ် သီရိရွှေတောင်ကလည်း မင့်ကိုဖမ်းရမည်အမိန့်တော်နှင့်ငါလိုက်လာသည်ဟုဆိုလျှင် ဟယ် သီရိရွှေတောင်နင်ထမင်းကိုငြီးပြီလားဆိုပြီးလျှင်မြင်းဦးလှည့်၍မင်းခေါင်နော်ရထာလှံမနှင့်လွှတ်သည် မဏ္ဍရာဗိုလ် လက်ယာနံဘေးကိုပွတ်၍ မြင်းနောက်ညောင်းတွင် လှံစိုက်လျက်ရှိလေလျှင် မဏ္ဍရာဗိုလ်သီရိရွှေတောင်ဆုတ်ခွာရချေ၏၊ ယင်းသို့မှ မင်းခေါင်နော်ရထာကို ဗိုလ်စုတပ်စု မှီအောင် မလိုက်ဝံ့ကြ အဝေးကသာခွာ၍လိုက်ကြ၏။

မင်းခေါင်နော်ရထာလည်း ပါသမျှ ဆင်မြင်းလူသူတို့ ပန်းလောင်တဘက်သို့ကူးမိ၍ တောင်ဘက်သယ်တွင်းလမ်းကို သွားသည်၊ ကန်သစ်ရွာသို့ရောက်လျှင် ကျောင်းသို့တက်၍တရားနာနေစဉ် အဖမ်းလိုက်သည့်ဗိုလ်စု တပ်စုမှီလာ၍ဖမ်းမည်ဟု ကျောင်းကိုအထပ်ထပ်ဝန်းရံနေကြသည်တွင် တရားဟောရဟန်း ထိဘ်လန့်၍ တုန်တခိုက် ရှိပြန်သည်ကို ရှင်ပင်ဘုရားမည်သည်ကိုမျှစိုးတော်မမူနှင့် တရားတော်ကိုသာ ဖြောင့်ဖြောင့်ဟောဟု မင်းခေါင်နော်ရထာဆိုသည်၊ တရားဟောပြီးလျှင် မင်းခေါင်နော်ရထာ ကျောင်းကဆင်း၍ မြင်းသို့ တက်ပြီးလျှင် လှံမကိုချိန်၍ နင်တို့ဗိုလ်စု တပ်စု ဘယ်မှု၍ လိုက်လာသည်၊ ငါ့လှံချက် မရွေးဘူးဟု ကြိုးဝါး၍ မြင်းနှင့်ထွက်လျှင် ဖမ်းမည်ဟု အထပ်ထပ်ရံနေသည့် ဗိုလ်မှူးတပ်မှူးတစု မျက်နှာမဆိုင်ဝံ့၊ အကွဲကွဲပရမ်းပတာ ဆုတ်ခွာကြလေလျှင် မင်းခေါင်နော်ရထာသည်း ကိုယ်လွှတ် ရက်ရက်ခွာ၍မသွား၊ မယားကို ဝဲ့ကွက်လျက် အပါဆောင်၍ ရုံးမိသမျှသင်းပင်းဘို့ကို ရှေ့ထားပြီးလျှင် မြင်းနှင့်ထွက်ခဲ့သည်၊ ကျောက်ဆည်တောင် လေးခရိုင် ဒိုင်းလေးရွာအရှေ့ဘက် ဝတ်လဲတောင်အနီးသို့ ရောက်သည်တွင် လမ်းရိုးကားကျဉ်းသည်၊ သစ်

ခုတ်ဝါးခုတ်လမ်းကားကျယ်သည်၊ ယင်းသို့ လမ်းဆုံကိုတွေ့လျှင် လမ်းရိုးကိုမလိုက်၊ သစ်ခွတ်ဝါးခွတ်လမ်း ကျယ်သည်ကို စွဲလမ်းလိုက်သွားသောကြောင့် တရွှေ့တရွှေ့ တောင်ကြားလမ်းကျဉ်းသို့ ရောက်သည်၊ နှစ်တိုင်သုံးတိုင်ခန့်ရောက်လျှင် လမ်းစပျောက်၍ တောင်ဆီးလျက် မထွက်မသွားသာရှိသည်၊ ခြွေရံသင်းပင်း လူတို့ကိုလည်း ရဲမက်တော် ဗိုလ်စုတပ်စုတို့လိုက်လံပစ်ခတ်သည်တွင် အထိအပါး အရှအန အသေအပျောက်များ၍ မရုံးမစုနိုင်၊ ကရဲကသီ ရှိသည်နှင့် မင်းခေါင် နော်ရထာကိုလည်းပြောင်းသင့်ချေ၍ မလှုပ်မရှားနိုင်ရှိလေလျှင် မင်းခေါင်နော်ရထာ စိတ်လျှော့၍ တယောက်ချင်း တောင်ယံကမ်းစောင်းတွင် တွေ့မှိုင်လျက် ထိုင်၍နေရာ မြေဒူးသား ငချစ်ကောင်း နောက်တောချုံက ဝင်ပြေးပုန်းကွယ်ပြီးလျှင် ဤသို့ကြံ၏၊ ယခု မင်းခေါင်နော်ရထာ ဦးခေါင်းကို ငါဝင်၍ဖြတ်ချေသော် တချက်ချင်းသေသော်ကားကောင်း၏၊ မသေပဲ ထွေးလုံးရချေလျှင် ငါ့ကိုယ်ကို အနုတ်အခွာခက်ချိမ့်မည်ဟု ကိုယ်ရေးကို တွေးတော ကြောက်ရွံ့ပြန်သောကြောင့် ချုံကချောင်းဝပ်၍နေ၏။ မင်းခေါင်နော်ရထာလည်း ဆီးချိုင့်တွင် သေနတ်သင့်သည့်အချက်အရာနာလှသောကြောင့် ညည်းညူလျက် အနာအရာကိုကြည့်ရှုနေစဉ် မြေဒူးသား ငချစ်ကောင်းလည်း မင်းခေါင်နော်ရထာ အမူအရာကိုမြင်လျှင် မင်းခေါင်နော်ရထာသည် ထမင်းမွတ်၍ အင်အားနည်းလျော့ဟန်ရှိသည်၊ သေနတ်ချက်အနာလည်း သည်းဟန်ရှိသည်၊ ယနေ့ ငါပွဲယူမည်ဟု ရုတ်ခြည်းထ၍ နောက်က မင်းခေါင်နော်ရထာကို ချောင်းသိုကျအောင် တွန်းသည်၊ မင်းခေါင်နော်ရထာလည်း လက်ယာလက်ကို နောက်ပြန်ခတ်၍ ဖမ်းခင်လေသည်နှင့် နှစ်ယောက်လုံးထွေး၍ ကျလေ၏။ ငချစ်ကောင်းလည်း အသက်မလွတ်ချေပြီ အမှတ်ရှိ၍ ကြောက်သန့်တကြား ကယ်ပါ ကယ်ပါ ဟစ်အော်သည်တွင် သေနတ်လုလင်တော်တို့ ဖြုဖြုဝန်းရံပြီးလျှင် အထက်ကနှိပ်၍ မင်းခေါင်နော်ရထာကို သေနတ်နှင့်ပစ်သည်၊ ငချစ်ကောင်းလည်း မင်းခေါင်နော်ရထာဦးခေါင်းကိုဖြတ်သည် ယင်းတွင်မှ မင်းခေါင်နော်ရထာကို ရချေ၏။ ။ဗိုလ်မှူးတပ်မှူး သူရဲသူခက်တို့လည်း မင်းခေါင်နော်ရထာ အသင်းအပင်း လူတစုတို့ကို လိုက်လံ ဖမ်းဆီးပြီးလျှင် မင်းခေါင်နော်ရထာခေါင်းကို ယူ၍ပြန်ခဲ့ကြသည်။

ဘဝရှင် မင်းတရားကြီးဘုရားလည်း မင်းခေါင်နော်ရထာကို ရလျှင် မသေလေစေနှင့်ဟု ဗိုလ်မှူးတပ်မှူးတို့ကို မဆွကာလကပင် ငါအမိန့်တော်

ရှိသည်ကို သေဆုံးရာသလောဟု နှုတ်ပြစ် တင်တော်မူသည်၊ မင်းခေါင်နော်ရထာ ခေါင်းကို ဆက်သူ ငချစ်ကောင်းကိုလည်း လမ္ဘူးရန္တသူဘွဲ့ အမည်ကို တပ်တော်မူသည်၊မင်းခေါင်နော်ရထာနှင့် ရိုးရင်းဘက် တုရင်သိပ္ပ,တုရင်သစ်တို့မှာ အင်းဝပျက်လျှင် ထွက်ရှောင်၍ မမိမရ ဖမ်းဆီးရမိသည့် ခေါင်းတည်အကြီးပြုသူတို့ကိုမူကား ရွေးစစ်တော်မူ၍ အပြစ်အလျောက် စီရင်တော်မူသည်။

## ဘဝရှင် မင်းတရားကြီး သကြုန်ခေါ်တော်မူခြင်းနှင့် ဥကာသ် ဖွင့်တော်မူခြင်းစသည်များ

ဘဝရှင် မင်းတရားကြီးဘုရားလည်း အရေးတော်ကုံလျှင် သက္ကရာဇ် (၁၁၂၂) တထောင့်တရာ့နှစ်ဆဲ့နှစ်ခု ပြာသိုလပြည့်ကျော် ၁ဃ်ရက် ဗုဒ္ဓဟူးနေ့ ရတနာသိဃ် ရွှေပြည်တော်သို့ ပြန်တော်မူ၏။ သက္ကရာဇ် (၁၁၂၂) တထောင့်တရာ့နှစ်ဆဲ့နှစ်ခု တပေါင်းလဆန်း ခြောက်ရက်၊ တနင်္လာနေ့ ရွှေနန်းတော်၏ အနောက်မြောက်ယွန်း နံတော်၏ ဂဟပတိအရပ်ဖြစ်သော ထနောင်းဝန်းအရပ်တွင် မဟာသကြုန် ခေါ်တော်မူပြီးလျှင် ထီးဆောင်းမင်္ဂလာ မဟာဥကာသ်ဖွင့်တော်မူ၍ "သီရိပဝရမဟာဓမ္မရာဇာ"ဟူသော တံဆိပ်နာမံတော်ကို ခံတော်မူ၏။ ။ရှင်မိဖုရားခေါင်ကြီးကိုလည်း "မဟာမင်္ဂလာ ရတနာဒေဝီ"ဟူသော တံဆိပ်နာမံတော်ကို ခံစေသည်။ ။မိဖုရား တပါးကိုလည်း မင်္ဂလာဒေဝီ၊ တပါးကိုလည်း သီရိရတနာဒေဝီ၊ တပါးကိုလည်း သီတာဒေဝီ၊ တပါးကိုလည်း သီရိရာဇဒေဝီ၊ တပါးကိုလည်းရာဇဒေဝီ၊ တပါးကိုလည်း မလ္လာဒေဝီ၊ တပါးကိုလည်း မင်္ဂလာဒေဝီ ဘွဲ့ပေးတော်မူသည်။

ညီတော်မြေဒူးမင်း သီရိဓမ္မရာဇာ၊ ညီတော် အမြင့်မင်း သုဓမ္မရာဇာ၊ ညီတော် ဗဒုံမင်း သတိုးမင်းစော၊ ညီတော် ပုခန်းမင်း သတိုးမင်းလှမင်းရဲကျော်စွာ၊ ညီတော် ပင်းတလဲမင်း သတိုး မင်းလှမင်းကျော်ထင်တို့ကို ဝေါဇလာရွှေပိန်း၊ အတွင်းဟင်းသပဒါးသုတ်၊ ကျိုင်းလေးချက်၊အချက်ရွှေပိန်း၊ ခေါးမိုးကြိုးစင်၊ မည်းသရီအိတ်သွတ်၊ လိုက်ခေါးလေး၊ အိမ်ဘဲနီမွှမ်း၊ သံပတ်ငါးတန့်၊ ကွမ်းခွက် ဆယ်မြှောင့်မှန်တပ်၊ အနားပတ္တမြားသုံးရစ်စီ၊ ကွမ်းလိပ်သုံးမြွာ၊ အနား ပတ္တမြားသုံးရစ်စီ၊ လက်ဘက်အိုးတကောင်းပိတ် အထွတ် ပတ္တမြားသုံးရစ်စီ၊ ရွှေထွေးအင်၊ ဖောင်းကတ္တီပါနီ-ရွှေရောင်ပြား အစိမ်း,အနီ,အဝါ,အဖြူခြယ်၊ ပန်းနားဘောင်း၊ မြင်း

ကကိုင်းညောင်ရွက်ကိုးချပ်၊ ရွှေဗုဇွန်ခွံမှုန်းနင်းနှင်းသိပ်၊ အိမ်မြောင်ရင်ပတ်ကွင်း-ရွှေဇဝါ၊ ကတောင်ရွှေပိန်း၊ ဦးခက်ထိပ်ဆောင်း မြီးပျမ်း ရင်ပတ်ကြိုးကတ္တီပါ ရွှေကြယ်တပ်၊ စီးနှီးကတ္တီပါ၊ကတ္တီပါတင်ရန်း ဇက်ရွှန်းသုံးဆင့် ရွှေယက်ပြားကွပ်၊ ဆင်သက္ကလတ်ကြိုး ရွှေကြယ်တပ်၊ ရဲက ရွှေတစု,အနီတစု၊ ဆင်ခြေဖုံး မိုးနဲ့ရွှေလှံငါးဆယ်၊ အဆောင်နီ ခမောက်နေရောင်အုပ်၊ မှောက်တို အိတ်နီသွတ်၊ အဲမောင်း အိတ်နီသွတ်၊ လှံမအိတ်နီသွတ်၊ သေနတ် အိတ်နီသွတ်၊ လင်းလေး အိတ်နီသွတ်၊ မီးပေါင်းကုပ် အိတ်နီသွတ်၊ စည်နီခုနစ်၊ ပုံသာတစ်၊ စည်ပုတ်တစ်၊ လင်းခွင်းတစ်၊ ငွေခရာတစ်၊ ငွေနှဲကြီးနှစ်၊ ငွေနှဲငယ်သုံး ပေးတော်မူသည်။ ။ဆွတော်မျိုးတော် မှူးတော်မတ်တော်စသော အမှုထမ်းကျွန်တော်မျိုးတို့ကိုလည်း အထိုက်အလျောက် ဘွဲ့အမည်အရည်,ထီး,စည်, စလွယ်,ယာဉ်, သံလျင်း, မြား, ကျိုင်း, ကွမ်းလောင်း, ကွမ်းခွက်,ကျုပ်, လက်ဘက်အိုး, အဆောင်အရွက် စားကျေးမြို့ရွာ အရာအထူး ပေးတော်မူသည်။

## ဘထွေးတော်အား တိုက်ခိုက်ဖမ်းဆီးခြင်း

သက္ကရာဇ်(၁၁၂၃) တဆောင့်တရှဲနှစ်ဆဲ့သုံးခုကဆုန်လပြည့်ကျော်ဆယ်ရက် တနင်္လာနေ့တွင် တောင်ငူမြို့ကို စားသော ဘထွေးတော်သတိုးသိင်္ခသူသည် မိမိအမှုထမ်း ဗလမင်းထင်, ဗလပျံချီ, ဥဒိန်ပုညာ, ဓမ္မတာ, ဗညားဦး,စံလှကြီးတို့နှင့် တစိတ်တဝမ်းတည်း တိုင်ပင်၍ ခြားနားကြပြီးလျှင် တောင်ငူမြို့ပတ်လည် အနီးအဝေး တောကျေးရွာများက လူသူမျိုးရိက္ခာများကို မြို့တွင်းသို့ချည်းသွင်း၍ မြို့ပြကျုံးမြောင်းများကိုပြင်ဆင်လုပ်ဆောင်ကြောင်း, မြေထဲဘွတ်လည်ကသည် အောက်မြို့ကျေးရွာများကို သိမ်းယူရမည်ဟုလည်း စံလှကြီး တောင်ငူမြို့က ဘွတ်လည်မြေထဲသို့ဆင်းပြီးလျှင် အောက်မြို့ကျေးရွာများကို သိမ်းယူရကြောင်းနှင့် တောင်ငူမြို့က ထွက်ပြေးခဲ့သည့် သံတော်ခံဟောင်း သီရိကျော်သူ,တန်တားဦးဝန်ဟောင်းတို့ ခြေရင်းတော်သို့ ရောက်၍ တောင်ငူမြို့မှာ ဘထွေးတော်ခြားနားကြောင်းကို ဘဝရှင်မင်းတရားကြီးကြားတော်မူလေလျှင် တောင်ငူမြို့သို့ ချီမည်ကို စီရင်တော်မူသည်ကား····

သူရိန်ကျော်ခေါင် မြင်းတပ်၊ သူရိန်စက္ကကျော် မြင်းတပ်၊ ရန်နိုင်စက်မြင်းတပ်၊ လက်ယာပျံချီ မြင်းတပ်၊ သူရိန်တေဇ မြင်းတပ်၊ သူရိန်ရန်နိုင်မြင်းတပ်၊ လက်ယာရဲတိုင်မြင်းတပ်၊ အာကာရဲတိုင်မြင်းတပ်၊ရဲဘော်ပုည

မြင်းတပ်၊ ရဲထင်အာကာ မြင်းတပ်၊ မင်းရဲအောင်ထင် ဆင်တပ်၊ ကျော်ထင်နန္ဒသူဆင်တပ်၊ မင်းလှနော်ရထာတတပ်၊ မင်းကြီးမဟာဝိသုတတပ်၊ မင်းကြီး ဂါမဏိစန္ဒ တတပ်၊ ခင်လတ်မိုလ် မင်းကျော်စည်သူ တတပ်၊ ပြင်ဦးမိုလ်တတပ်၊ မင်းထင်မင်းလှ တတပ်၊ မက္ခရာမိုလ်တတပ်၊ မင်းလှမင်းကျော် တတပ်၊ မင်းကြီးမင်းခေါင် တတပ်၊ တိမ်ကြား မင်းခေါင် တတပ်၊ ဥဒိန်ရာဇာတတပ်၊ သည်တပ်ပေါင်းနှစ်ဆဲ့သုံးတပ်တွင် ပါသည့်တိုက်ဆင်သုံးရာ, မြင်းတထောင်, စစ်သည်သူရဲ တသောင်းကို မင်းလှနော်ရထာချုပ်၍ အဝကကူးပြီးလျှင် ကြည်းကြောင်းတောင်ငူမြို့သို့ ချီနှင့်ရသည်။ ။မင်းရဲအောင်ထင်,ကျော်ထင်နန္ဒသူတို့ဆင်တပ်မှာမူကား ပြင်စည့်ညောင်အုပ်သို့ ရောက်လျှင် ပင်းမြို့ကြောင်းခွဲ၍ ပတ္တနဂိုရ်မြစ်ဆိပ်သို့ ဆင်းနှင့်ရသည်။

မင်းငယ်ကျော် တတပ်၊ မင်းရဲသီဟရာဇာ တတပ်၊ မင်းရဲရန်နောင်တတပ်၊ မင်းလှရွှေတောင်ကျော် တတပ်၊ ဆားလင်းကုန်းမိုလ် နန္ဒရာဇသင်္ကြံ တတပ်၊ မန်းကျည်းတုံမိုလ် တတပ်၊ မင်းလှကျော်ထင် တတပ်၊ မင်းကြီးဇေယသူ တတပ်၊ သီရိဇေယဂါမဏိ တတပ်၊ ပျံချီကျော်စွာ တတပ်၊ နေမျိုးနော်ရထာတတပ်၊ ကျော်ထင်တရဖျား တတပ်၊ အောင်သာမိုလ်တတပ်၊ သမန်သာမိုလ်တတပ်၊ မဏိစက်တတပ်၊ လယ်ကိုင်းမိုလ်တတပ်၊ စိတ္တရာဇာ တတပ်၊ မင်းငယ်ဗလ တတပ်၊ သမန္တရဲ တတပ်၊ သစ်ဆိမ့်မိုလ် တတပ်၊ အာကာမိုလ်မှူးတတပ်၊ ဆင်နင်းမိုလ်တတပ်၊ ဥဒိန်ဇေယ တတပ်၊ လှိုင်မိုလ် တတပ်၊ လက်ဝဲပျံချီ တတပ်၊ လက်ယာပျံချီ တတပ်၊ သီရိသင်္ကြံ တတပ်၊ သီရိရန္တကျော်ထင် တတပ်၊ သည်နှစ်ဆဲ့လေးတပ်မှာ စစ်သည်သူရဲ တသောင်း လေးထောင်၊ တပ်မတော်တွင် ရှေ့ဝင်းတပ်စစ်သည်သူရဲနှစ်ထောင့်ငါးရာ၊ လက်ယာဝင်းတပ် စစ်သည်သူရဲ နှစ်ထောင့်ငါးရာ၊ လက်ဝဲဝင်းတပ် စစ်သည်သူရဲနှစ်ထောင့်ငါးရာ၊ နောက်ဝင်းတပ် စစ်သည်သူရဲ နှစ်ထောင့်ငါးရာ၊ ညီတော်မြေဒူးမင်းတပ် စစ်သည်သူရဲသုံးထောင့်ငါးရာ၊ ညီတော်အမြင့်မင်းတပ် စစ်သည်သူရဲ နှစ်ထောင့်ငါးရာ၊ ညီတော် ဗဒုံမင်းတပ် စစ်သည်သူရဲ နှစ်ထောင့်ငါးရာ၊ တပ်မတော်နှင့်တကွ တပ်ပေါင်းသုံးဆဲ့ခြောက်တပ်တွင် ပါသည့်စစ်သည်သူရဲ သုံးသောင်းနှစ်ထောင့်ငါးရာကိုရေကြောင်းလှေတပ်ခန့်ရန်စီရင်တော်မူပြီးလျှင် ဘဝရှင်မင်းတရားကြီးဘုရား ရတနာသိင်္ဃ နေပြည်တော်က သက္ကရာဇ်(၁၁၂၃) တထောင့်တရာ့နှစ်ဆဲ့သုံးခု၊ တော်သလင်း

လပြည့်ကျော်ကိုးရက် အင်္ဂါနေ့ ကျောက်မြောင်း ဆိပ်တော်သို့ ရောက်တော်မူ၍ရတနာရွှေဖောင်တော်ဝယ်သိကြားမင်း၏ အသရေကဲ့သို့စံပယ်တော်မူလျက် ရွှေဖောင်တော် ရွှေနောက်ဝဲယာ ကတ္တုလွန်းကြင်, လက်သင်,လှော်ကား,သားရပ်ရဲလှေ, သတ္တဒါန်, သမ္ဗန်, ရွှေလှေရွှေလောင်းတွင် ရွှေလုံ, ရွှေမား, ရွှေကာ, ပြောင်း သေနတ် စွဲလျက် ချပ်မိန်ညိုဝတ်ဆင်သော သူရဲသူခက်တို့ စည်ကြီး, ခွက်ခွင်း, ခရာသင်း, နရည်းဆရာ, ခရာတံပိုး, မြစ်လုံးပွဲတင်ထပ်အောင် ကြော်ငြာ တီးမှုတ်ကြွေးဟစ်၍ အောင်တံခွန်ဖြန့်ပြီးလျှင် ညီတော်မြေဒူးမင်း, ညီတော် အမြင့်မင်း, ညီတော်ဗဒုံမင်းတို့ သုံးတပ်ကို နောက်တော်ကအုပ်စေ၍ တော်သလင်းလပြည့်ကျော် တဆဲ့နှစ်ရက် သောကြာနေ့ တောင်ငူမြို့သို့ ရေကြောင်းချီတော်မူသည်၊ ပုဂံမြို့ ရွှေစည်းခုံဘုရားကိုလည်း ဖူးမြော် ပူဇော်တော်မူသည်၊ ပတ္တနကိုရ်မြို့သို့ရောက်တော်မူလျှင် တဆဲ့ကိုးရက် ရပ်ဆိုင်းတော်မူ၍ ရေတပ်ကြည်းတပ် အရောက်ညီလျှင် ပတ္တနကိုရ်မြို့ဆိပ်က တောင်တွင်းကြီးကြောင်း တောင်ငူမြို့သို့ ချီတော်မူသည်။

အလျှင် ကြည်းကြောင်းချီနှင့်ရလေသော မင်းလှနော်ရထာတို့ ဆယ်တပ်မှာလည်း ကျည်းတောင်အရပ်သို့ ရောက်လျှင် တောင်ငူမြို့က တပ်ပေါင်းဆယ်တပ် ဓမ္မတာချုပ်၍ ဆီးကြိုသည်ကို တပ်ဦး မင်းလှမင်းကျော်နှင့်တွေ့၍ တိုက်ကြသည်၊ မင်းလှမင်းကျော်တပ် ရွှေချေ၏၊ မင်းလှမင်းကျော်တပ် ရွှေသည်ကို မင်းလှနော်ရထာတို့ မြင်လျှင် နှစ်စုခွဲ၍ တိုက်သည်၊ တောင်ငူဘပ်သားတို့ အထိအပါး အသေအပျောက်များလှ၍ တောင်ငူမြို့တိုင်အောင် ဆုတ်လေသည်၊ တောင်ငူက တလိုင်းတပ်မှူးနှစ်ယောက်ခေါင်းကိုလည်း ရလိုက်၏။

ယင်းနောက် အားသစ်၍ဥဒိန်ပုညာ,ဓမ္မတာတို့တဆဲ့ငါးတပ်တောင်ငူမြို့က ထွက်၍ ဆီးကြိုပြန်သည်ကို မြို့မြောက် နံချွန် အရပ်တွင် မင်းလှနော်ရထာတို့နှင့် တွေ့ပြန်၍ တိုက်ကြသည်၊ မနည်းကြာလျှင် တိမ်ကြားမင်းခေါင်, မဏ္ဍရာဗိုလ်တို့တပ် လက်ဝဲလက်ယာ စစ်ခါးကိုဖြတ်၍ တိုက်သည်၊ ဘောင်ငူတပ် ကစီကရင်ရှိလျှင် မင်းလှနော်ရထာတို့တပ်ကလည်းဘိ၍တိုက်သည်၊ ဥဒိန်ပုညာ, ဓမ္မတာတို့ အားလုံးပျက်၍ တောင်ငူမြို့သို့ ချည်းဝင်ပြေးလေ၏။ ။မင်းလှနော်ရထာတို့လည်း တောင်ငူမြို့သို့ရောက်လျှင် မြို့အနောက်မြောက်ထောင့်ကသည် မြို့အရှေ့မြောက်ထောင့်၊ပေါင်းလောင်မြစ်သို့ဆိုက်အောင် တပ်စဉ်အတိုင်း ချရပ်စွဲနေကြသည်။

ယင်းသောအခါ တောင်ငူမြို့တွင်းက ဒေါ်တော်နှင့် မင်းကျော်အာကာတို့နှစ်တပ်ထွက်၍ တောင်စွန်မင်းကြီး ဂါမဏိစန္ဒတပ်ကို တိုက်လှာသည်၊ မင်းကြီးဂါမဏိစန္ဒလည်း တပ်တွင်းကခံ၍တိုက်သည်၊ မနည်းကြာလျှင် ပြင်ဦးဗိုလ်,တံလည်းစီးဗိုလ်တို့ နှစ်တပ် တပ်ကထွက်၍ ကူညီတိုက်သည်၊ ဒေါ်တော်ပြောင်းသင့်၍မြင်းဦးကကျချေ၏၊ ဒေါ်တော် မြင်းဦးကကျသည်ကို မြင်လျှင် လေးမြေတောင်ချောင်းရွာ မြင်းတပ် အမှုထမ်းတုရင်စကြာမြင်းကဆင်းပြေး၍ ဒေါ်တော်ခေါင်းကိုဖြတ်သည်၊ တောင်ငူသားတို့လည်းဒေါ်တော်ခေါင်းကိုဖြတ်ယူသည်ကိုမြင်လျှင် တပ်လုံးပျက်၍ တောင်ငူမြို့တွင်းသို့ချည်း ဝင်ပြေးလေ၏၊ ထိုနေ့မှစ၍ မင်းလှနော်ရထာတို့ တဆဲ့တတပ်ကို တောင်ငူမြို့ကထွက်၍ မတိုက်ဝံ့ ရှိလေ၏။

ဘဝရှင် မင်းတရားကြီး ဘုရားလည်း ပတ္တနဂိုရ်မြို့က ချီတော်မူခဲ့၍ တောင်တွင်းမြို့သို့ ရောက်တော်မူလျှင် ရက်နှစ်ဆယ် ရပ်ဆိုင်းတော်မူ၍ ဆင်မြင်းလူသူ ဖြည့်တင်းတော်မူပြီးမှ ချီတော်မူသည်၊ မြို့လှသို့ရောက်တော်မူလျှင် အနောက်ပြည် အင်္ဂလိပ်မင်းက သင်းဘော မြင်းနှစ်စီး ကုလားအုပ်နှစ်စီး,သေနတ်လက်နက်, သက္ကလတ် ကတ္တီပါစသော ထည်မျိုးအုပ်မျိုး, ရွှေလျှက်ငွေလျှက်, နရည်းဆရာ, နာရီ, အထူးထူးသော လက်ဆောင်တော်များနှင့် ကပ္ပိတံအာလဝတ်ကို စေလွှတ်၍ ခြေတော် ဦးခိုက်ရောက်သည်ကိုလည်း ထိုတွင် အဆက်အသခံတော်မူသည်။

စံလှကြီး တောင်ငူက ဘွတ်လည်သို့ဆင်း၍ အောက်တလျှောက်မြို့ရွာများကို သိမ်းမည်စုန်သွားရာ ပြည်မြို့ဝန် မင်းလှရာဇာက လှေတပ်ခန့်၍ ဖမ်းဆီးသည်တွင် တိုးဝသို့ဝင်ပြေး၍ စစ်တောင်းသို့ ကူးပြီးလျှင် ရှမ်းပြည်သို့ တက်သွားကြောင်းကို ကြားတော်မူသောကြောင့် ဘယဂါမဏိတတပ်, သက်ရှည်ကျော်ထင် တတပ်,မင်းလှကျော်တတပ် သည်သုံးတပ်စစ်သည်သူရဲ တထောင့်ငါးရာနှင့် စံလှကြီးကို ဖမ်းရမည်ဟု ခန့်တော်မူ၍ မြို့လှစခန်းက ရှမ်းပြည်သို့ချီရသည်။

ဘဝရှင် မင်းတရားကြီးဘုရားလည်း မြို့လှစခန်းတွင် နှစ်ဆဲ့တရက် ဆင်မြင်းလူသူ ဖြည့်တင်းတော်မူပြီးလျှင် ပေါင်းလောင်မြစ်ကို ကူး၍ အရှေ့ဘက်ကြောင်း ချီတော်မူသည်၊ တောင်ငူမြို့နှင့်ဆီတည့် မြို့အရှေ့ ပေါင်းလောင်မြစ်အရှေ့ဘက်သို့ ရောက်တော်မူလျှင် တောင်ငူမြို့တွင်းက ဗလမင်းထင် ဗိုလ်လုံးတပ်လုံး အင်ကြီးအားကြီး ထွက်၍ ခံနှင့်သည်ကို မြင်တော်မူလျှင် စခန်းထောက်မချ မရပ်မဆိုင်း လေးကျွန်းရန်အောင်

ဆင်တော်နှင့် မြစ်ကို ကူးတော်မူသည်၊ ဘဝရှင် မင်းတရားကြီးဘုရား ဆင်တော်နှင့် ကူးတော်မူသည်ကို ညီတော် သားတော် ဗိုလ်မှူး တပ်မှူး အပေါင်းတို့မြင်လေလျှင် ရေလည်း ထောက်မှီသည်ဖြစ်၍ တဦးထက် တဦး ဆင်တော်ရှေ့သို့ ရောက်အောင်ကိုသာ ဆင်လုံးမြင်းရင်းနှင့် တကွ မြစ်သို့ ကူးကြသည်၊ ဘဝရှင် မင်းတရားကြီးဘုရားလည်း မြစ်တဘက်သို့ ရောက်တော်မူလျှင် မြစ်ကမ်းထိပ်က ပြောင်း သေနတ် ပစ်လွှတ်သည် ကို လေးစားတော်မမူ၊ ဆင်တော်ကို အပြင်းတိုက်၍ အစုအခဲကြီးရာလွှတ် တော်မူသည်၊ သူရဲတော်တို့လည်း ကမ်းထိပ်သို့ချည်း တက်၍ ပစ်ခတ်ထိုး ခုတ်လေလျှင် ဗလမင်းတင်နှင့်တကွ တောင်ငူသားတို့ မရပ်မခံဝံ့၊ ဆုတ် ခွာဝင်ပြေးကြသည်၊ ဗလမင်းထင်နှင့် လူငါးရာ ခြောက်ရာမျှလောက်သာ အနိုင် မြို့တွင်းသို့ ဝင်မိလေသည်၊ လက်နက်နှင့် တကွ သုံ့လူတထောင် ကျော်လောက် ရတော်မူ၏။ ။တောင်ငူမြို့မှာ အထက်ပြည်ရွာ စနေ့ငှ် စနင်းရှိသည့်ကာလကပင် အစားအစာရလွယ်၍ တောင်ငူမြို့ကို အများ မှီခိုဝင်ရောက်သောကြောင့် တောင်ငူမြို့တွင်းမှာ လူသူအင်အားများလှ၍ မြို့ထိပ်ပြထိပ်သို့ လက်နက်သူရဲ အပြည့်တင်ပြီးလျှင် ကြံ့ကြံ့ခံ၍ နေလေ၏။

ဘဝရှင် မင်းတရားကြီးဘုရားလည်း တောင်ငူမြို့အရှေ့ ပေါင်းလောင် မြစ်တဘက်တွင် ချတော်မူ၏။ ။ညီတော်မြေဒူးမင်း, အမြင့်မင်း, ဗဒုံမင်း တို့ သုံးတပ်မူကား မြို့အရှေ့မြောက် ဘားနောင်သရက်ကောတွင် တပ်ချ ရပ်နေကြသည်။ ။မင်းလှနော်ရထာ,မင်းကြီးဂါမဏိစန္ဒ, မင်းကြီးမဟာ ဝိသတို့နှင့် တပ်ပေါင်းဆယ်တပ်ကို မြို့မြောက်မျက်နှာက ရံစေသည်၊ နန္ဒ ရာဇသင်္ကြံ, မင်းထင်မင်းလှ,တိမ်းကြားမင်းခေါင်, သီရိဇေယဂါမဏိ,ပုံချီ ကျော်စွာတို့နှင့် တပ်ပေါင်းဆယ်တပ်ကို အရှေ့မျက်နှာက ရံစေသည်၊ မင်းကြီးဇေယသူ, နေမျိုးနော်ရထာ, လက်ဝဲပုံချီ, လက်ယာပုံချီတို့နှင့် တပ်ပေါင်းဆယ်တပ်ကို မြို့တောင်မျက်နှာက ရံစေသည် ညီတော် မြေဒူး မင်း, ညီတော်အမြင့်မင်း, ညီတော်ဗဒုံမင်းတို့တပ်စုကိုလည်း တောင်မျက် နှာက ရံစေသည်၊ ခင်လတ်ဗိုလ် မင်းကျော်စည်သူ, စိတ္တရာဇာ,မင်းကြီး မင်းခေါင်တို့နှင့် တပ်ပေါင်း ဆယ်တပ်ကို မြို့အနောက်မျက်နှာက ရံစေ သည်။

ယင်းသို့ တောင်ငူမြို့ကို တပ်ပေါင်းလေးဆယ်ကျော် အပိတ်ဝန်းရံစေ ပြီးလျှင် တောင်ငူမင်းက အလျှော့အထားကို ငံ့၍နေတော်မူ၏၊ ထို အခါ ညီတော်မြေဒူးမင်း, အမြင့်မင်း, ဗဒုံမင်းတို့က ဘဝရှင် မင်းတရား

ကြီးဘုရေးကို လျှောက်သည်ကား…ယခု တောင်ငူမြို့ကို လုပ်ကြံတော်မူမည် ချီတက်ဝန်းရံတော်မူသည်မှာ တောင်ငူမြို့မျှကို မဆိုလင့်ဦး, ကိုယ်တော်မြတ် လုပ်ကြံတော်မူသည်ကို ဇမ္ဗူဒိပ်ကျွန်းအလုံးပင် ခံရပ်နိုင်မည်မဟုတ်၊ သို့သော်လည်း တောင်ငူစားသည် အခြားသူနှင့်မတူ၊ ခမည်းတော်ဘုရားညီတော်အရင်း ဘထွေးတော်စင် ဖြစ်လေသည်၊ တောင်ငူစားပင် အရေးကိုမမြင်၊ ကျေးကျွန်တို့ စကားကို လိုက်နာ၍ ထောင်ထား ခြားနားမိသော်လည်း ဘုရားနှလုံးကို သုံးတော်မူသော အရှင်ဖြစ်ပါ၍ မျှဉ်းပျောင်းသိမ်းပိုက်တော် မူသင့်သည်၊ သို့သိမ်းပိုက်မစတော်မူသည်ကို မလိုက်မနာ ငြင်းဆန်မှသာ လုပ်ကြံတော် မူသင့်ပါသည်ဟု လျှောက်လေ၏၊ ဘဝရှင်မင်းတရားကြီးဘုရားလည်း ညီတော်တို့လျှောက်သောစကားကို ကြားတော်မူလျှင် ညီတော်တို့ လျှောက်သော စကားလည်း သင့်သည်ပင် ဖြစ်ပေသည်၊ သို့ဖြစ်၍ ငါလည်း တောင်ငူမြို့ကို အဆောတလျင် မလုပ်မကြံ၊ တောင်ငူမြို့စားသတိရ၍ အရေးကိုလျှောက်ထားလာလျှင်လည်း လျှောက်ထားလာစေဟု ငံ့လင့်တော်မူ၍ မြို့ကိုသာ ဝန်းရံကာ နေတော်မူသည်၊ ယခု ငါရောက်တော်မူ၍ တလကျော် နှစ်လ ရှိအောင်မျှ မြို့တွင်းက ထွက်၍သော်လည်း မတိုက်၊ အလျှောက်အထားသော်လည်း မရောက်၊မြို့ကိုကိုး၍ နေလေသည်၊မောင်တို့လျှောက်သည့်အတိုင်း မျှဉ်းပျောင်း သိမ်းပိုက်တော် မူသော်လည်း အရှည်ကို မြော်ထောက်၍ ပျပ်ဝပ်ကျိုးနွံမည့်အဟန်မရှိချေ၊ အမောင်တို့ သိမ်းပိုက်ပြောဆိုလိုသော် ပြောဆိုဦးတော့-အမိန့်တော်ရှိလျှင် ညီတော်မြေဒူးမင်း အမြင့်မင်း, ဗဒုံမင်းတို့ မြို့တွင်းသို့ဝင်ကြသည်၊ ညီတော်တို့နှင့် လိုက်၍ ပြောရမည် အမိန့်တော်ရှိ၍လည်း ဦးရီးတော် သတိုးဥဇနာ နှင့် စိတ္တရာဇာတို့လိုက်ရသည်၊ တောင်ငူမြို့တွင်းသို့ရောက်၍ မြေဒူးမင်း, အမြင့်မင်း, ဗဒုံမင်းတို့က ဘထွေးတော်ကို ပြောဆို ကြသည်ကား…ဘထွေးတော်သည် ခမည်းတော်ဘုရား နတ်ရွာ စံတော်မူလျှင် ခမည်းတော်ဘုရား ကျေးဇူးသစ္စာတော်ကို မြော်ထောက်၍ နောင်တော်ဘုရား အမှုကိုသာ ထမ်းရွက်ရမည်ဖြစ်လျက် မလိမ္မာသော ကျေးကျွန်တို့စကားကို လိုက်နာ၍ မကြံရာသောအမှုကို ကြံလေသည်၊ကြံသော်လည်း ဖြစ်မြောက်နိုင်မည် မဟုတ် ဆင်းရဲသားကျွန်တော်မျိုးတို့ ပျက်စီးခြင်းသို့သာ ရောက်ရသည်၊ ခမည်းတော်ဘုရား ကျေးဇူးတော်ကို မြော်ထောက်၍ အကြည်အသာ လျှောက်ထားမှ သင့်မည်၊ နောင်တော်ဘုရားလည်း အထူးအမျက်တော်

မရှိဟု ပြောဆိုသည်ကို ဘထွေးတော် တောင်ငူမင်းက မချေမငံပြောဆိုလေလျှင် မြေဒူးမင်း, အမြင့်မင်း, ဗဒုံမင်းတို့နှင့် စိတ္တရာဇာ, သတိုးဥဇနာတို့လည်း တပ်တော်သို့ ပြန်လည်ခဲ့၏။

ဘဝရှင် မင်းတရားကြီးဘုရားလည်း ညီတော်တို့ရောက်၍ အကြောင်းမျိုးကို ကြားတော်မူလျှင် ယခုပင် တောင်ငူမြို့ကိုလုပ်ကြံရမည်အမိန့်တော်ရှိ၍ ညီတော်သုံးပါးနှင့် တပ်မှူးစစ်ကဲ အပေါင်းတို့လည်း အပြင်းအပြကွပ်ညှပ်ဆော်ဘန်၍ မြို့လေးမျက်နှာ ရံတပ်တော်များက တညီတညာတည်း တူးရွင်းလှေကားနှင့် မြို့ရင်းသို့ချဉ်း၍ အကြိမ်ကြိမ် တက်ကြသည်၊ မြို့လည်း ကြီးမား ခိုင်ကျ့သည်၊ မြို့စီး ပြစီးလည်း ထူထပ်လှသောကြောင့် အထိအပါး အရှအနသာများ၍ မြို့ကိုမပေါက်နိုင်ရှိသည်၊ ဘဝရှင် မင်းတရားကြီးဘုရားလည်း မြို့ထိပ်က မြို့စီးပြစီးတို့သေနတ်လက်နက်ပစ်လွှတ်သည်ကို လေးစားတော်မမူ၊ ရံခါဆင်စီးတော်မူသည်၊ ရံခါမြင်းစီးတော်မူ၍ ကိုယ်ရံတော် လက်ဝဲနတ်, လက်ယာနတ်, လက်ဝဲရဲ, လက်ယာရဲ, လက်ဝဲကြီး, လက်ယာကြီး, လက်ဝဲရွေး, လက်ယာရွေးတို့နှင့် နံနက်ခင်းညနေခင်း မြို့ကိုပတ်မိအောင် မပြတ်လှည့်တော်မူသည်ကို မှူးတော် မတ်တော် ဗိုလ်မှူးတပ်မှူးတို့က တောင်ငူမြို့တွင်းမှာ မှူးဆိုးလက်ကောင်းများလှသည်၊ မြို့ထိပ်ကပစ်လွှတ်သည့် ပြောင်းသေနတ်လည်း ထူတပ်လှသည်မသင့်ပါဟု နားတော်လျှောက်ကြသည်ကို ငါသို့သော မင်းကေရှင်ကိုမည်သူလက်ကောင်းဝံ့မည်ဟု အမိန့်တော်ရှိပြီးလျှင် မြို့ကိုမပြတ် လှည့်မြဲလှည့်တော်မူသည်၊ ယင်းသောအခါ မြို့သူရဲခိုထိပ်က ဗလမင်းထင် ထီးဆောင်းလျက် နေနှင့်သည်ကို ရန်မရှောင်က ဟယ်-ဗလမင်းထင်-နင်တို့တစု အတောင်ပေါက်၍ငှက်ဖြစ်မှ လွတ်နိုင်မည်ဟု ဟစ်၍ဆိုသည်၊ ဗလမင်းထင်ကလည်း ငါတို့အရှင် ကေတုမတီ တောင်ငူပြည်ကြီးကို အစိုးရတော်မူသော ဘဝရှင် ကိုးသိန်းသခင် ဘုရင်မင်းခေါင် ကျွန်တော်မျိုးစစ်သူကြီးကို မည်သူရနိုင်မည်နည်းဟု ဟစ်၍ဆိုသည်တွင် ကိုယ်ရံတော်လက်ဝဲကြီး အစုသား စက်ကြူနိုင် သေနတ်နှင့်လှမ်း၍လွှတ်သည်၊ ဗလမင်းထင်ပြောင်းသင့်၍ သူရဲခိုထိပ်က မြို့တွင်းသို့ကျလေ၏။

ထိုအခါ မုတ္တမမြို့အရှေ့ဘက် ကော့ကွန်းမှာ နေသော ဒလပန်းနှင့် ဗညားကျော်ဥတို့လည်း တောင်ငူက ကူမည်ဟု လူနှစ်ထောင်ကျော် စည်းကြပ်ပြီးလျှင် စစ်တောင်းမြို့သို့ လာကြောင်းကို ဘဝရှင် မင်းတရားကြီး

ဘုရားကြားတော်မူသောကြောင့် ကုလားမိုတ် သီရိစန္ဒကျော်သူ, သီရိရာမကျော်သူ, ဥဒိန်ကျော်ခေါင်တို့ကို ရေကြောင်း, မင်းရဲ ရန်နောင်ကို ကြည်းကြောင်း ခန့်တော်မူ၍ ဆီးကြိုစေသည်၊ ဒလပန်းနှင့် ဗညားကျော်တို့ မကူမထောက်နိုင် တပ်ပျက်၍ ဆုတ်ခွာရလေ၏။

ယင်းသောအခါ ဘဝရှင် မင်းတရားကြီးဘုရား အမိန့်တော်ရှိသည်ကား····မှူးတော်မတ်တော် ဗိုလ်မှူးတပ်မှူး အပေါင်းတို့ ငါ့အမှုတော်ကို ဖြောင့်ဖြောင့် ရိုးရိုး ကြိုးကြိုး ပမ်းပမ်း မထမ်းမရွက် ကြသောကြောင့် တောင်ငူမြို့မှုကို ယခုတိုင် အရေးတော်မပြီး ကြန့်ကြာ၍ရှိရသည်၊ ငါလုပ်ကြံတော်မူသည်ကို တောင်ငူအုတ်မြို့ကို မဆိုနှင့်ဦး ကျောက်မြို့ သံမြို့နှင့်ပင် ခံသော်လည်း ခံနိုင်မည်လော၊ နောင်-သည့်ကဲ့သို့ အရေးတော်မပြီးလျှင် ဗိုလ်မှူးတပ်မှူးတို့ကို အပြစ်အလျောက် စီရင်မည်-အမိန့်တော်ရှိပြီးလျှင် နက်ဖြန် ဗိုလ်မှူး တပ်မှူးတို့ တောင်ငူမြို့တွင်းသို့ ပေါက်အောင် ဝင်၍ လုပ်ကြံရမည်၊ ရံတပ်ဆိုသမျှ ဆင်စီးသူရဲလည်း ဆင်နှင့် မြင်းစီးသူရဲလည်း မြင်းနှင့် ခြေသည်သူရဲလည်း လက်နက် တူးရွင်း လှေကားနှင့် နက်ဖြန်လင်းလျှင်လင်းခြင်း မြို့ရင်းသို့ ရောက်ကြစေ၊မင်္ဂလာအမြောက်သံပေးလျှင် မြို့လေးမျက်နှာ ရံတပ်ဆိုသမျှ ဆင်ပါ မြင်းပါ မြို့တွင်းသို့ ရောက်ပေါက်အောင် ဝင်ကြစေ-တပ်တိုင်း စေ့အောင် အမိန့်တော်ပြန်သည့်တွင် ဗိုလ်မှူးတပ်မှူးသူရဲသူခက် အပေါင်းတို့လည်း အလွန်ကြောက်ရွံ့သည်ဖြစ်၍ မြို့တွင်းသို့ ပေါက်အောင် ဝင်မည်ကို လက်နက် ဆင်မြင်း တူးရွင်းလှေကား ဖြဖြစီရင်ပြီးလျှင် ဗိုလ်မှူးတပ်မှူးတို့ ခေးသွားဖွေးဖွေး ကွပ်၍ မြို့လေးမျက်နှာရံတပ်ဆိုသမျှ လင်းလျှင်လင်းခြင်း မြို့ရင်းသို့ တပြိုင်တည်း ချဉ်းကြသည်၊ နေထွက်၍ မင်္ဂလာအမြောက်သံ ပေးလျှင် ဗိုလ်မှူးတပ်မှူး သူရဲသူခက် အပေါင်းတို့ကြော်ငြာလျက် မြို့ကိုလှေကားထောင်၍ တက်ကြသည်၊ မြို့တွင်းကလည်း မြို့စီးပြစီးတို့ မတက်ရအောင် ဆီးခံ ထိုးခုတ်ပစ်ခတ်လျှင် သူရဲသူခက်အများ သေဆုံးချေ၏။ ဗိုလ်မှူးတပ်မှူး သူရဲသူခက် တို့လည်း မြို့ထိပ်က ထိုးခုတ်ပစ်ချ၍ ထိပါးရှန သေဆုံးသော်လည်း မြို့ထိပ်သို့ရောက်အောင်ကိုသာ အသက်စွန့်၍ တက်ကြသည်၊ မြို့တွင်းသို့ပေါက်ရောက်သမျှ သူရဲသူခက်တို့ မြို့စီးတို့ကို ထိုးခုတ်ပစ်ခတ်၍ မြို့တံခါးကိုဖွင့်ကြသည်၊ မြို့လေးမျက်နှာ တံခါးပွင့်၍ ဗိုလ်စုတပ်စု ဆင်လုံး မြင်းရင်းနှင့်တကွ ဝင်မိ၍ တွေ့တိုင်း မြင်တိုင်း လိုက်လံထိုးခုတ် ပစ်ခတ်ကြသည်တွင် မြို့စီးပြစီးတို့လည်း မြို့ထိပ်ကချည်း ဆင်းပြေးကြသည်။

ဘဝရှင်မင်းတရားကြီးဘုရားလည်းကိုယ်ရံတော်လက်ဝဲနတ်,လက်ယာနတ်, လက်ဝဲရဲ, လက်ယာရဲ, လက်ဝဲရွေး, လက်ယာရွေး, လက်ဝဲကြီး, လက်ယာကြီးတို့နှင့် ဆင်တော် လေးကျွန်းရန်အောင်ကို အပြင်းလွှတ်ပြီးလျှင် လိုက်ထပ်၍ မြို့အရှေ့မျက်နှာ ငွေစင်တံခါးက ဝင်တော်မူသည်၊ မည်သူ တစုံတယောက်မျှ လက်မထူဝံ့၍ တောင်ငူတမြို့လုံးကို သက္ကရာဇ် (၁၁၂၃) တထောင့်တရာ့ နှစ်ဆဲ့သုံးခု တပို့တွဲလဆန်း ဆယ်ရက်နေ့ အလိုတော်ပြည့်၏။

ဘဝရှင်မင်းတရားကြီးဘုရားလည်း တောင်ငူမြို့ကိုအလိုတော်ပြည့်လျှင် စိတ္တရာဇာကိုစေ၍ တောင်ငူစားကို ခေါ်စေသည်၊ တောင်ငူစားလည်း သားမယားဆွေမျိုးတို့နှင့် အိမ်ကြမ်းပြင်မှာ စုရုံးနေကြရာ တွေ့မိ၍ခေါ်ခဲ့သည်၊ ခြေရင်းတော်သို့ရောက်လျှင် အမိန့်တော်ရှိသည်ကား....ခမည်းတော်ဘုရား နတ်ရွာစံတော်မူလျှင် တောင်ငူစားသည် ငါ့အမှုတော်ကိုသာ ကြိုးစား အားထုတ်၍ ထမ်းရွက်ရမည် ဖြစ်လျက် မကြံရာသည်ကို ကြံစည်၍ ဆင်းရဲသား ကျွန်တော်မျိုးတို့ ပင်ပန်းရလေသည်၊ကြီးစွာသော ရာဇဝတ်ပေးတော်မူသင့်ပြီ၊ ငါသည်လည်း ဘုရားဆုကို တောင်းတော်မူသည်ဟု အမိန့်တော်ရှိပြီးလျှင် ညီတော် သားတော် ဗိုလ်မှူး တပ်မှူးတို့ အလယ်တွင် တောင်ငူစားကို အဝတ်ဖြူ-ကျပ်-ပုတီးအပ်၍ သီတင်းသုံးတို့ အဖြစ်ဖြင့်သာ အရှက်ခွဲတော်မူသည်၊ တောင်ငူစားသည် ခမည်းတော်ဘုရား ညီရင်းချာဖြစ်၍ အမျက်တော် အထူးမရှိ၊ ဥဒိန်ပုညာ, မန္တတာ, ဗညားဦး, ဗလပုံချိစသော တောင်ငူစား အပေါင်းအသင်း အမှုထမ်းတို့ကိုလည်း အသက် စည်းစိမ်နှင့်တကွ လွှတ်တော်မူ၍ အမှုတော်ကို ထမ်းမြဲ ထမ်းခစေပြီးလျှင် တောင်ငူမြို့မှာ မင်းကြီး မဟာဝိသကို မြို့စောင့်ခန့်တော်မူခဲ့၍ သက္ကရာဇ် (၁၁၂၃) တထောင့်တရာ့နှစ်ဆဲ့သုံးခု တပို့တွဲလပြည့်ကျော်နှစ်ရက် ဗုဒ္ဓဟူးနေ့ တောင်ငူမြို့က ပြန်တော်မူသည်။

ဆွာစခန်းသို့ ရောက်တော်မူလျှင် စံလှကြီးကို အဖမ်းအဆီးခန့်တော်မူသည့် ဘယဂါမဏိ, သက်ရှည်ကျော်ထင်, မင်းလှမင်းကျော် တို့လည်း ဟဲရာနံပန်အရပ်မှာ စံလှကြီးကို သိမ်းရုံး ဖမ်းဆီးယူခဲ့၍ ခြေရင်းတော်သို့ ရောက်လျှင် အထူးအမျက်တော်မရှိ၊ စံလှကြီး အသက်စည်းစိမ်ကိုလွှတ်တော်မူ၍ အမှုတော်ကို ထမ်းမြဲထမ်းစေ၏။ ။ဘဝရှင် မင်းတရားကြီးဘုရားလည်း တပို့တွဲလပြည့်ကျော် သုံးရက် သောကြာနေ့ ဆွာစခန်းက

နေပြည်တော်သို့ ပြန်တော်မူသည်။ ။တပေါင်း လဆန်း ဆယ်ရက် ဗုဒ္ဓဟူးနေ့ နေပြည်တော်သို့ ရောက်တော်မူ၏။

## ဇင်းမယ်ကို သိမ်းယူရန်နှင့် ဒလပန်းကို ဖမ်းဆီးခြင်း စသည်နှင့် နတ်ပြည် စံတော်မူခြင်း

နေပြည်တော်သို့ ရောက်တော်မူလျှင် ဇင်းမယ် ငါးဆဲ့ခုနစ် ခရိုင်ကို သိမ်းရုံးရမည်ဟု ဘယဂါမဏိ တတပ်, မင်းလှသိရိ တတပ်, နေမျိုး လက်ဝဲကျော်ခေါင် တတပ်, သည်လေးတပ်ကို မြင်းခုနစ်ရာ ငါးဆယ်, စစ်သည်သူရဲ ခုနစ်ထောင် ငါးရာနှင့် ဇင်းမယ်မြို့သို့ ချီစေသည်။ ။ မုတ္တမမြစ် အရှေ့ဘက် ကော့ကွန်းအရပ်တွင် ဒလပန်း အလုံးအရင်းနှင့် ရှိနေသည်ကိုလည်း သိမ်းယူရမည်ဟု လမိုင်းဝန် တတပ်, စည်ပုတ္တရာ ဗိုလ်တတပ်, ငရနဲဗိုလ် တတပ်, ခေါ်သန္တီဗိုလ် တတပ်, ထန်းတပင်ဗိုလ် တတပ်, သည်ငါးတပ်တွင် လမိုင်းဝန်ကို အချုပ်ခန့်တော်မူ၍ စစ်သည် သူရဲ သုံးထောင့်ငါးရာနှင့် ရေကြောင်းချီရ၏။

ဒလပန်းကို အသိမ်းအရုံးခန့်တော်မူသည့် လမိုင်းဝန်,စည်ပုတ္တရာဗိုလ်, ငရနဲဗိုလ်,ခေါ်သန္တီဗိုလ်, ထန်းတပင် ဗိုလ်တို့သည် ဒလပန်း ရှိနေရာ ကော့ကွန်းအရပ်သို့ သွား၍ ဝန်းဝိုင်းကြရာ ဒလပန်းလက်မထူဝံ့လေလျှင် ဒလပန်းကို သားမယား ဆွေမျိုးသင်းပင်းနှင့်တကွ သိမ်းယူခဲ့၍ ခြေရင်း တော်သို့ ရောက်လာလျှင် ဒလပန်းကို အထူးအမျက်တော်မရှိ၊ ကိုယ်နှင့် တကွ သားမယား အသက်စည်းစိမ်ကို လွှတ်တော်မူ၍ အမှုတော်ကို ထမ်းစေသည်။

ထိုနှစ် ရတနာသိင်္ဃနေပြည်တော်၏ အရှေ့မြောက်ယွန်းတွင် ကျောင်း ဦးပြာသာဒ်နှင့်တကွ သုံးထပ် ဇေတဝန်ရွှေကျောင်း ဆောက်တော်မူ၍ မဟာဘုံသာ သမုတ်တော်မူပြီးလျှင် တောင်တွင်းဆရာ "ဉာဏာဘိဓမ္မာ လင်္ကာရမဟာဓမ္မ ရာဇာဓိ ရာဇဂုရု" ဆရာတော်အား တင်လှူတော်မူ၍ အရညဝါသီပုဂ္ဂိုလ်, ဂါမဝါသီပုဂ္ဂိုလ်, အရိယာ သင်္ဃာတော်တို့အား ပရိက္ခရာရှစ်ပါးနှင့်တကွ များစွာသော ရဟန်းတို့ အသုံးအဆောင်ကို လှူတော်မူသည်၊ ပွဲသဘင်ကြီးစွာလည်း ခံတော်မူသည်။

နေပြည်တော်၏ အရှေ့မြောက်ယွန်း မဟာနန္ဒာ ကန်တွင်းမှာလည်း စေတီတော်နှင့် သုဓမ္မာစရပ်ကို တည်လုပ်တော်မူသည်။ ။သက္ကရာဇ် (၁၁၂၄) တထောင့် တရာ့ နှစ်ဆဲ့ လေးခု တပို့တွဲ လဆန်း ကိုးရက်

စနေနေ့ နမ္မဒါမြစ်နား မန်းတောင်ထိပ်၌ရှိသောပါဒနက်သန်စက်တော်ရာကို အဖူးအမြော် မယ်တော်, နှမတော်, မင်းမိဖုရား, ညီတော်, သားတော်, ဆွေတော်မျိုးတော်,မှူးတော်မတ်တော်အပေါင်းခြံရံလျက် အလုံးအရင်းနှင့် ရတနာသိင်္ခနေပြည်တော်က ကျောက်မြောင်း ဆိပ်တော်သို့ ဆင်းတော်မူပြီးလျှင် ရတနာ ရွှေဖောင်တော်နှင့် စုန်တော်မူ၍ မင်းဖူးဆိပ်က တက်တော်မူပြီးလျှင် ဖူးမြော်တော်မူသည်၊ စောင်းတန်းလည်း တည်လုပ်လှူဒါန်းတော်မူခဲ့၍ နေပြည်တော်သို့ ပြန်တော်မူခဲ့၏။

ထိုနှစ် တန်းခူးလပြည့်ကျော်တရက် အင်္ဂါနေ့ စစ်ကိုင်းမြို့ နန်းတော်တည်လုပ်ပြီးပြေလျှင် စစ်ကိုင်းမြို့တော်ကို မဟာဇေယပူရမော်ကွန်းစိုက်ထူတော်မူ၍ ရွှေထီးရွှေနန်းကို သိမ်းမြန်းစိုးစံတော်မူပြီးလျှင် ရတနာသိင်္ခနေပြည်တော်နှင့် မဟာဇေယပူရ နေပြည်တော် နှစ်မြို့ နှစ်နန်းဝယ် ကူးသန်းစံတော်မူ၏။

သက္ကရာဇ် (၁၁၂၅) တထောင့်တရာ့နှစ်ဆဲ့ငါးခု နယုန်လ ရတနာသိင်္ခနေပြည်တော် ပတ်လည် အလိုမှဲ့ သောသော ရတ်ရတ် အုတ်အုတ်ကျက်ကျက် အသံဖြင့် ပြင်းစွာကြားရသည်၊ အနောက်တောင် အရပ်ကလည်း အမြောက်သံပွဲတင်ထပ်စေလျက် အချက်များစွာကြားသည်၊ ဘဝရှင် မင်းတရားကြီးဘုရားလည်း ရန်သူရောက်သည် အမှတ်ဖြင့်ကိုယ်တော်တိုင် မြို့အနောက်တောင်သို့ တည်တောဟင်းသာ တိုင်အောင် မြင်းတရာကျော်နှင့် ထွက်တော်မူ၍ အရပ်ရှစ်မျက်နှာကို လှည့်ပတ် စုံစမ်း မြော်တင်းတော်မူသည်၊ အကြောင်းအရာ မထင်မမြင်မှ ရွှေနန်းတော်သို့ ဝင်တော်မူသည်။

ထိုနှစ် မဟာနန္ဒာကန်တွင်းတွင်တည်လုပ်တော်မူသည့်ရွှေစေတီတော်နှင့် သုခမ္မာစရပ် လုပ်ဆောင်ပြီးပြေလျှင် စေတီတော်ကို ရွှေထီးအထွတ်တင်လှူတော်မူ၍ ထီးချရားသီးကသည် မြေတိုင်အောင် ရွှေထည့်တော်မူသည်၊ သုဓမ္မာစရပ်တော်ကြီးကိုလည်း အတွင်းအပြင် ရွှေပိန်းထည့်တော်မူပြီးလျှင် အရည့ဝါသီပုဂ္ဂိုလ်,ဂါမဝါသီပုဂ္ဂိုလ်,အရိယာသင်္ဃာတော်တို့အား ပရိက္ခရာရှစ်ပါးနှင့်တကွ များစွာသောရဟန်းတို့ အသုံးအဆောင်ကို လှူတော် မူသည်၊ ပြည်သူ ပြည်သား သို့နှင့် သက်ကြီး ရွယ်ရင့်သူ, အထီးကျန်သသူ, မစားရတတ်, မဝတ်ရတတ်သသူ လူတို့အားလည်း အဝတ်အစား များစွာပေးတော်မူသည်၊ ပွဲသဘင်ကြီးစွာခံတော်မူသည်။ ဤသို့ ပစ္စုပ္ပန်စီးပွား, သံသရာစီးပွားကို များစွာ ဆောင်ရွက် ဆည်းပူး

တော်မူပြီးလျှင် သီရိ ပဝရ မဟာဓမ္မ ရာဇာ–တံဆိပ်နာမံတော်ရှိသော ဝဘရှင် မင်းတရားကြီးဘုရားသည် သက္ကရာဇ် (၁၁၂၅)တထောင့်တရာ့ နှစ်ဆဲ့ငါးခု နတ်တော် လပြည့်ကျော် ကိုးရက် အင်္ဂါနေ့ လူ့ပြည် ငြီး၍ နတ်ပြည်စံတော်မူသည်။ ။ဘဝရှင် မင်းတရားကြီးဘုရား နတ်ပြည်စံတော် မူလျှင် အတွင်းဝန်တို့က နောင်တော်ဘုရား နတ်ရွာစံတော်မူကြောင်းကို ညီတော် မြေဒူးမင်း သီရိဓမ္မရာဇာကို လျှောက်ထားလျှင် လပြည့်ကျော် ဆယ်ရက် ဗုဒ္ဓဟူးနေ့ နံနက်နေဝန်းပေါ်တွင် နောင်တော်ဘုရား အရိုက် အရာ ရွှေထီး ရွှေနန်းကို သိမ်းမြန်း စိုးအုပ်တော် မူသည်။ ။နောင် တော်ဘုရား အလောင်းတော် ကိုလည်း လပြည့်ကျော် တဆဲ့ တရက် ကြာသပတေးနေ့ စကြဝတေး မန္ဒာတ်မင်းတို့ကို သဂြိုဟ်သကဲ့သို့ သား တော် ညီတော် ဆွေတော်မျိုးတော် မှူးတော်မတ်တော်အပေါင်း ခြီရံ လျက် ရွှေဝေါနှင့် ထွက်တော်မူ၍ လွှတ်တော်အရှေ့မြောက် နန်းမြို့တွင် ဝယ် သဂြိုဟ်တော်မူသည်။

သီရိပဝရ မဟာဓမ္မရာဇာ တံဆိပ်နာမံတော် ရှိသော ဘဝရှင် မင်း တရားကြီးဘုရားကား သက္ကရာဇ် (၁၀၉၆) တထောင့်ကိုးဆဲ့ခြောက်ခု၊ ဝါခေါင်လဆန်းတဆဲ့တရက်၊ အင်္ဂါနေ့သို့အဝင် ညဥ့်နှစ်ချက်တီးကျော် သတ္တဘိသျှနက္ခတ်မွန်းတည့်၊ ပြိဿလက်၊ ဓနုစန်း၊ မေဝန်တွင် သောကြာ၊ ကြကင့်တွင် တနင်္ဂနွေ၊ သိဟ်တွင် ဗုဒ္ဓဟူး၊ မိဿတွင်ရာဟု၊ ဗြိစ္ဆာတွင် ကြာ သပတေး၊ မကာရတွင်အင်္ဂါ၊နက္ခတ်ဇဉ် တဆဲ့ရှစ်လုံး ပါဒ်သုံး၊ တဆဲ့တဗိ ဇနာတွင် ဖွားမြင်တော်မူသည်။ ။သက္ကရာဇ် (၁၁၂၅) တထောင့် တရာ့ နှစ်ဆဲ့ ငါးခု၊ နတ်တော် လပြည့်ကျော် ကိုးရက် တနင်္လာနေ့၊ နတ်ရွာ ပြောင်းစံတော်မူသည်။ ။အိမ်နိမ့် နှစ်ဆဲ့ငါးနှစ်နှင့် ဆယ်လ၊ စည်းစိမ် သုံးနှစ်နှင့် ခြောက်လ၊ သက်တော်နှစ်ဆဲ့ကိုးနှစ် လေးလသော် နတ်ရွာ ပြောင်းစံတော်မူ၏၊ နံတော် အင်္ဂါသားတည်း။

သီရိပဝရမဟာဓမ္မရာဇာ အမည်တော်ရှိသော မင်းတရားကြီးဘုရား ကား–ရတနာသုံးပါးတို့အား ယုံကြည်မြတ်နိုးတော်မူ၏၊ရဲရင့်တည်ကြည် တော်မူ၏၊ မှူးခတော် မတ်တော် သူရဲသူခက် ရဲမက်ဗိုလ်ပါတို့အားလည်း စုံမက်ချစ်ကြည်တော်မူ၏၊ အမှုထမ်း အရာထမ်း လူရည် လူသွားတို့ကို လည်း သိတော် မူတတ်၏၊ အရည်အချောက်လည်း အထိုက်အလိုက် သူကောင်းပြုတော်မူ၏၊ ပြည်သူပြည်သား တို့အားလည်း သိမ်းပိုက် မစ တော်မူ၏၊ အမှုထမ်း ကျွန်တော်မျိုးတို့တွင် မှောက်မှား ပုန်ကန်ရိုင်းပျှံ

လေသော်လည်း အပေါင်းအဘော်မသင့်၍ တကြိမ်တခါ ပုထုဇဥ်တမ်း မှားယွင်းလေသည်ဟု အမျက်တော်ကို သိမ်းရုပ်တော်မူ၍ အမှုတော်ကို ထမ်းမြဲ ထမ်းစေ၏။ လျှာဒါန်းပေးကမ်းခြင်း၌ လွှေ့ရမ်းတော်မူ၏။

ပြုတော်မူသော ကောင်းမှုတော်ကား… ရတနာသိင်္ဃ နေပြည်တော် အရှေ့မြောက်ယွန်းတွင် မဟာဘုံသာအမည်ရှိသော ကျောင်းဦးရွှေပြာသာဒ်နှင့်တကွ ဇေတဝန်ကျောင်းတော်(တစ်)၊နေပြည်တော် အရှေ့မြောက် ယွန်း မဟာနန္ဒာ ကန်တော်တွင်းဝယ် စေတီတော် (နှစ်)၊ သုဓမ္မာရွှေ စရပ်တော် (သုံး)၊ မန်းစက်တော်ရာတွင် ရွှေစောင်းတန်း(လေး)၊ ဤသို့ သော ကောင်းမှုကုသိုလ်တော်တို့ကို ဆည်းပူးတော်မူ၍ နတ်ပြည်စံတော် မူသည်၊ နတ်ပြည်စံလိုသော် အလိုမှ နေပြည်တော်တွင် အမြောက်သံ ပွဲတင်ထပ်လျှာ် အချက်များစွာပစ်၍ တမြို့လုံး သောသောရုတ်ရုတ်ထိတ် လန့်ကြ၏၊ တိမ်တံခွန်ပြု၏၊ ဒိန္နက်သည်း-သကြိန်-တပြိုင်နက်သင့်၏။

သားတော် သမီးတော်ကား….အရှင်မိဖုရားခေါင်ကြီး မဟာမင်္ဂလာ ရတနာဒေဝီတွင်မြင်သည့် သားတော် မောင်မောင်တပါး၊ မြောက်နန်း မိဖုရား မင်္ဂလာဒေဝီတွင်မြင်သည့် သားတော် မောင်နု- ငယ်ကလွန်သည် တပါး၊ မိဖုရား သီရိရတနာဒေဝီတွင် မြင်သည့် သမီးတော် မယ်ဘွား တပါး၊ ညီမတော် ငယ်ကလွန်သည်တပါး၊ မိဖုရားသီတာဒေဝီတွင် မြင် သည့် သားတော် မောင်ချစ်အိုဘပါး၊မတ္တရာဝန်သမီး မလ္လာဒေဝီတွင်မြင် သည့် သားတော် မောင်ချုင်း-ငယ်ကလွန်သည် တပါး၊ ကျောက်ဆည် ဝန်သမီး ရာဇဒေဝီတွင်မြင်သည့် သားတော် ငယ်ကလွန်သည် တပါး၊ သားတော်ငါးပါး, သမီးတော်နှစ်ပါး, သားတော်-သမီးတော်ပေါင်း ခုနစ်ပါးတည်း။

အထူးထူးသော တိုင်းကြီး ပြည်ကြီး ထီးဆောင်းမင်းများ့သခင်၊ ရွှေတွင်း, ငွေ တွင်း, ပတ္တမြားတွင်း, ပယင်းတွင်းစသော ရတနာအပေါင်းတို့၏အရှင်၊ စတုတ္ထ ရတနာပူရ မြို့တည် နန်းတည်၊ ဆဒ္ဒန်ဆင်မင်းသခင်၊ ဆင်ဖြူများရှင် အသျှင် ဘဝရှင် မင်းတရားကြီး ဘုရား လက်ထက်တော် (၁၁၉၁) တဆောင့် တရာ့ ကိုးဆဲ့ တခု၊ နယုန်လဆန်း တရက်နေ့က စ၍ ရဟန်းပညာရှိ, ပုဏ္ဏားပညာရှိ, မှူးမတ်ပညာရှိတို့နှင့်၊အထူးထူးသော ရတနာတို့ဖြင့်ဆန်းကြယ်သော မှန်နန်းတော် ဆောင်တော်ဦး နန်းမစနုဒ်၌ နိုင်းညှိ၍ အသင့် ယုတ္တိကျမ်းဂန် အာဂုံများနှင့်အညီ သုတ်သင် စီရင်တော်မူသော ဒုတိယမဟာရာဇဝင်တော်ကြီး၊ စတုတ္ထထုပ်၊ ဆဋ္ဌတွဲ ဤတွင် ရွှေ့ပြီး၏။

# ညီတော်-ဆင်ဖြူရှင်မင်းတရားကြီး

## ဖြစ်တော်စဉ်

သက္ကရာဇ် တထောင့်တရာ့ နှစ်ဆဲ့ငါးခု နတ်တော် လပြည့်ကျော် ဆယ်ရက် ဗုဒ္ဓဟူးနေ့ ညီတော် သီရိဓမ္မရာဇာ မင်းတရားကြီးဘုရား လည်း နေ့ာင်တော်ဘုရား အရိုက်အရာ ရွှေထီးရွှေနန်းကို သိမ်းအုပ်စိုးစံ တော်မူ၏။ ယင်းသောအခါ ပုဏ္ဏား မဟာသီရိအဂ္ဂဓမ္မ ရာဇဂုရု ပညာရှိ လျှောက်သည်ကား-ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော အသျှင် ဘဝရှင်မင်းတရားကြီးဘုရား-သက္ကရာဇ်(၁၁၂၅) တထောင့်တရာ့နှစ်ဆဲ့ ငါးခု နတ်တော်လပြည့်ကျော်ဆယ်ရက်၊ နံတော် တနင်္ဂနွေ၏ စတုရန်း ဖြစ်သော ဗုဒ္ဓဟူးနေ့ နံနက်တချက်တီးကျော် နှစ်နာရီတွင် ရွှေနန်းတက် တော်မူ၍ ပရိတ်နာဆက်ဆောင်တော်တွင် စံနေတော်မူကြိုက် နံတော်၏ စတုရန်း ဗုဒ္ဓဟူးသား-ယသ အတုလ မဟာဓမ္မ ရာဇာဓိရာဇဂုရု ဆရာ တော် ကြွတော်မူလာသည်ကို အရှင်မင်းတရားကြီးဘုရား စံနေတော်မူ သည့်နေရာတော်က တောင်ဗုဒ္ဓဟူးအရပ်သို့ ရွှေပြောင်း စံနေတော်မူပြီး လျှင် ဘုရားတပည့်သား သင်္ဃာတော် ယသအတုလ မဟာဓမ္မ ရာဇာဓိ ရာဇဂုရုကို စံနေတော်မူသည့် မြတ်သောနေရာတော်ထက်သို့ ချီးမြှင့်တင် ထားတော်မူသည်၊ ယင်းသို့ ကြုံကြိုက် ခဲလှသော နိမိတ်ထင်ပြနှင့်ရသည့် အကြောင်းအရာမျိုးကို ထောက်ထား၍ နှိုင်းချိန်လျှင် ဘုရားတပည့်သား အရိယာသင်္ဃာတော်ကို မြတ်သောနေရာသို့ ချီးမြှင့်တင်ထားတော်မူသည့် အလိုမှာ ဘုရားသာသနာတော်တို့ အတိုင်းထက်အလွန် တိုး၍ ထွန်း တောက်ပအောင် ချီးမြှင့်ပြုစုမည့် အကြောင်းနိမိတ်ဖြစ်ပါသည်၊ စံတော် မူသည့်နေရာတော်က တောင် ဗုဒ္ဓဟူးအရပ်သို့ ပြောင်းစံတော် မူသည့် အလိုမှာလည်း နေပြည်တော်ဟောင်းကသည် ဗုဒ္ဓဟူး အရပ် ဖြစ်သော တောင်အရပ်၌ ဗုဒ္ဓဟူးနံဖြစ်သောဌာနသို့ ပြောင်းလဲတော်မူ၍ မြို့ပြထီး နန်းတည်လုပ် စိုက်ဆောက် စိုးစံတော်မူပြီးလျှင် ဘုန်းတော်တန်ခိုးတော် တို့သည် တက်သစ်သောနေမင်းကဲ့သို့ ထွန်းတောက်လျက် တိုင်းကြီးပြည် ကြီး ထီးဆောင်းမင်း အပေါင်းတို့၏ အရှင်သခင် ဖြစ်တော်မူမည့် နိမိတ် ဖြစ်ပါသည်ဟု ပုဏ္ဏား မဟာသီရိအဂ္ဂဓမ္မရာဇဂုရုလျှောက်သည်ကို အားရ တော်မူ၍ ဆုလာဘ်များစွာ ပေးတော်မူသည်။

## ဇင်းမယ်ကြောင်း ချီတက်စေခြင်း

ထိုနှစ်တော်သလင်းလပြည့်ကျော်နှစ်ရက် သောကြာနေ့ နောင်တော်ဘုရားလက်ထက်တော် ဇင်းမယ်မြို့ကိုအသိမ်းအရုံးခန့်သူ အဘယဂါမဏိမင်းလှသီရိတို့လည်း ဇင်းမယ်ငါးဆဲ့ခုနစ်ခရိုင်အလုံးကိုအလိုတော်ပြည့်၍ မင်းရဲသီရိကို ဇင်းမယ်မှာ အစောင့်အနေ စည်းကြပ် ခန့်ထားခဲ့ပြီးလျှင် အင်းဝမြို့ ပျက်သည့်ကာလ ထွက်ရှောင်၍ ဇင်းမယ်မြို့သို့ ရောက်သည့် အင်းဝမင်းသား ရွှေတောင်စား မယား မင်းထိပ်ပန်း၊ သမီးမင်းစိစိ, မင်းစာစာတို့နှင့် ပဲကူးမြို့က ထွက်ရှောင်သည့် ဆင်ကျားရှင်ဆိုသူတို့ကို သင်းပင်း ကျေးကျွန်များနှင့်တကွ ဇင်းမယ်ပျက်တွင် ရသည့် လက်နက် ဆင်ကြီးမြင်းကြီး ဘဏ္ဍာတော်အရာတော် မင်းထိုက်မင်းတန်လက်ဆောင်တော်များကို သိမ်းရုံးဆောင်ယူ၍ ထိုနှစ် တပို့တွဲလဆန်း တဆဲ့သုံးရက် အင်္ဂါနေ့ ခြေရင်းတော်သို့ ရောက်လာလျှင် အဘယဂါမဏိကို ဇင်းမယ်မြို့ဝန် ခန့်တော်မူသည်၊မင်းလှသီရိကိုလည်း မဟာနော်ရထာဘွဲ့ကို ပေးတော်မူသည်၊ မြင်းဝန်လည်း ခန့်တော်မူ၏။

ဇင်းမယ်မြို့မှာလည်း မင်းလှသီရိ,အဘယဂါမဏိတို့ ပြန်သည့်နောက် နွဲ့မနိုးစေံခံ့တို့သည် မိုင်းယွန်းကြီးသမက် ဘားပေါင်း,လကွန်း,လွယ်လွန်, မိုင်းသတ်, မိုင်းပု မြို့စားတို့နှင့် ညီညွတ် တိုင်ပင်၍ ထောင်ထား ရိုင်းပျံ့ကြောင်းကို ဇင်းမယ်မြို့မှာအစောင့်အနေထားခဲ့သူမင်းရဲသီရိက အလျှော်အထားရောက်၍ ဘဝရှင် မင်းတရားကြီးဘုရား ကြားတော်မူလျှင် ဇင်းမယ်ငါးဆဲ့ခုနစ်ခရိုင်တွင် မငြိမ်မဝပ်သည့်မြို့စားပြစားတို့ကို အနေအထားကျအောင် သိမ်းရုံးစီရင်၍ မိုင်းလုံခပင်စသော လင်းဇင်းပြည် အလုံးကို သိမ်းရုံးပြီးလျှင် ဇင်းမယ်ငါးဆဲ့ခုနစ်ခရိုင်အား, လင်းဇင်းအားနှင့် ယိုးဒယားမြို့ကိုသိမ်းသူရမည်-အမိန့်တော်ရှိ၍နေမျိုးသီဟပတေ့တတပ်၊ သတိုးမင်းထင်တတပ်၊ ကျော်ခေါင်ကျော်သူ တတပ်၊ သီရိရာဇသင်္ကြံ တတပ်၊ သီရိနန္ဒသင်္ကြံတတပ်၊ ဆပ်ပြာကုန်းဗိုလ်တတပ်၊သစ်ဆိမ့်ဗိုလ်တတပ်၊ပြင်ဦးဗိုလ်တတပ်၊ဥဒိန်နန္ဒကျော်တတပ်၊စက္ကသိဒ္ဓိကျော်တတပ်၊တုရင်ဗလကျော်တတပ်၊တုရင်သာရကျော်တတပ်၊တုရင်ရွှေတောင်တတပ်၊ရွှေတောင်နန္ဒကျော်တတပ်၊ ရွှေတောင်သိင်္ခကျော်တတပ်၊ ရွှေတောင်အိန္ဒသူ တတပ်၊ ရွှေတောင်ဥဒိန်တတပ်၊ ဗညားဒလာတတပ်၊ ဒီပရဲထွတ်ကျော် မြင်းတပ်၊ ရဲခေါင်ကျော်စွာမြင်းတပ်၊နရာရွှေတောင်မြင်းတပ်၊နရာပေါစ မြင်းတပ်၊

ခေတ္တနရာ မြင်းတပ်၊ ရဲထင်အာကာ မြင်းတပ်၊ နန္ဒရာဇာ မြင်းတပ်၊ ဒဂ်သမန်း မြင်းတပ်၊ လက်ဝဲစကြာ မြင်းတပ်၊ ရုံးခါးစား မြင်းတပ်, သည်တပ်ပေါင်းနှစ်ဆဲ့ရှစ်တပ်တွင် ပါသည့် တိုက်ဆင်တရာ, မြင်းတထောင်, စစ်သည်သူရဲနှစ်သောင်းနှင့် ကျော်ထင်သီဟသူ, တုရင်ရာမကျော်တို့ကို စစ်ကဲ, နေမျိုးသီဟပတေ့ကို အချုပ်ခန့်တော်မူ၍ သက္ကရာဇ် (၁၁၂၅) တထောင့် တရာ့ နှစ်ဆဲ့ငါးခု တပေါင်းလဆန်း ခြောက်ရက် အင်္ဂါနေ့ ဇင်းမယ်ကြောင်းချီစေ၏၊

**အဝမြို့ကို ပြင်ဆင် တည်လုပ်စေခြင်းမှစ၍**
**သွေးသောက် ဖွဲ့တော်မူခြင်း**

ထိုအခါ အမိန့်တော်ရှိသည်ကား… ရတနာပူရအင်းဝရာဇဌာနီ မင်းနေပြည်တော်ကြီးသည် ဘုန်းတန်းခိုးကြီးသောမင်းတို့နေရာဌာနဖြစ်သည်၊ မြောက်မျက်နှာက ဧရာဝတီမြစ်,အရှေ့မျက်နှာကလည်း ပန်းလောင်, စမုံ, စမာ,မက္ခရာ,ဒုတ္ထာဝတီဟူသော မြစ်ငါးစင်းတို့ပေါင်းဆုံဝန်းရစ်စီးဆင်းသည်၊ မြစ်အပေါင်းတို့၏ အဆုံ မြေခံ သန့်လျက်စွန်းတွင် ဖြစ်၍လည်း ငါမင်းသားလက်ထက်ကသူရဲဗိုလ်ပါအနည်းနှင့်အင်းဝမြို့မှာရပ်နေသည်ကို တလိုင်းတို့ ဗိုလ်ပါသူရဲ ခြံပိုးရွက်ကဲ့သို့မရေမတွက်နိုင် ကြည်းကြောင်းရေကြောင်း အပိတ်ဝန်းရံလုပ်ကြံသော်လည်း လှုပ်ရှားနိုင်သည် မဟုတ်၊ တဘက်ရန်သူတို့အလုပ်အကြံ အလွန်ခဲခက်သည်၊ အောင်မြေအောင်ရပ်မြတ်သောဌာန ထာဝရမင်းနေပြည်ကြီးဖြစ်သည်၊ ရတနာပူရအင်းဝပြည်ကြီးကို ရွှေထီးရွှေနန်းတည်၍ ငါစိုးအုပ်စံတော်မူမည် ဟု အမိန့်တော်ရှိပြီးလျှင် မင်းလှနော်ရထာကိုကံကြွေးလက်ခပေးအပ်တော်မူ၍ သက္ကရာဇ် (၁၁၂၅) တထောင့်တရာ့နှစ်ဆဲ့ငါးခု နှောင်းတန်ခူးလဆန်း နှစ်ရက်စနေနေ့အဝင် ညဉ့်နှစ်ချက်တီးကျော် မကာရတွင် လက်နှင့်သောကြာ၊ မိန်တွင် စန်းနှင့် တနင်္ဂနွေ,အင်္ဂါ, ဗုဒ္ဓဟူး,စနေ, ရာဟု၊ မိဿတွင် ကြာသပတေး၊ သွာတိနက္ခတ် မွန်းဘည့်၊ ဗုဒ္ဓဟူးမြေခံ၊ နက္ခတ်နှစ်ဆဲ့ခြောက်လုံးစဉ်နက္ခတ် အမြိတ္တဇုတ် ကောင်းမြတ်သော မင်္ဂလာ အခါတော်တွင် ရတနာပူရ အင်းဝမြို့တော်ကိုစ၍တည်လုပ်စေသည်။

သက္ကရာဇ် (၁၁၂၆) တထောင့်တရာ့နှစ်ဆဲ့ခြောက်ခု နယုန်လပြည့်ကျော်နှစ်ရက် ဗုဒ္ဓဟူးနေ့ နံတော်၏ ဂဟပတိ အရပ်ဖြစ်သော ရွှေနန်းတော်၏ အနောက်တောင်ထောင့်တွင် သကြာန်နန်းတော်ရာကို အင်းတိမ်

သမုတ်တော်မူပြီးလျှင် မဟာသကြြန်တော်ကြီးခေါ်တော်မူ၍ ရာဇာဘိသေကခံတော်မူပြီးလျှင် ထီးဆောင်းမင်္ဂလာဥကင်ဖွင့်တော်မူသည်၊သီရိသုဓမ္မမဟာရာဇာ့ဓိပတိ-တံဆိပ်နာမံတော်ကိုလည်း ခံတော်မူသည်၊ ရှင်မိဖုရားခေါင်ကြီးကိုလည်း သီရိအတုလ မဟာဒေဝီ-ဟူသော တံဆိပ်နာမံတော်ကို ခံစေသည်။ ။ဟံသာဝတီရောက်မင်း ခမည်းတော် သား-သရက်မင်းသမီး ထွတ်ချာဒေဝီဘွဲ့ခံ သခင်မင်းရွှေဥကို မဟာမင်္ဂလာစန္ဒာဒေဝီ၊ စည်သာမင်းကြီး မင်းလှစည်သူ သမီး ပဘာဝတီဘွဲ့ခံ သခင်မယ်ပြေကို နန္ဒာဒေဝီ။ ။တပါးကို သီရိမဟေသီ,တပါးကိုဓမ္မာမဟေသီ,တပါးကို စန္ဒာမဟေသီ, တပါးကို ဝဏ္ဏာဝတီ, တပါးကို သီရိဝတီ, တပါးကို ကေသာဝတီ, တပါးကို ဝဏ္ဏာသီရိ, တပါးကို စန္ဒာသီရိ,တပါးကို မင်္ဂလာသီရိ ဘွဲ့ပေးတော်မူသည်။

ညီတော် အမြင့်မင်းကို သုသီရိဓမ္မရာဇာ၊ ညီတော်ဗဒုံမင်းကို သုဓမ္မရာဇာ၊ ညီတော် ပုခန်းမင်းကို သတိုးဓမ္မရာဇာ၊ ညီတော်ပင်းတလဲမင်းကို သတိုးမင်းစော ဘွဲ့အမည်သနားတော်မူ၍ ညီတော်လေးပါးကို ဝေါဇလာ ရွှေပိန်း အတွင်းဟာသ်ပဒါးသုတ်၊ ကျိုင်းလေးချက် အချက်ရွှေပိန်း၊ ခေါးမိုးကြိုးစင် မည်းသရီအိတ်သွတ်၊ လိုက်ခေါးလေး၊ အိတ်ဘဲနီမွမ်း၊ သံပတ်ငါးတန့်၊ ကွမ်းခွက်တဆဲ့နှစ်မြှောင့်မှန်တပ် အနားပတ္တမြားသုံးရစ်စီ၊ ကွမ်းလိပ်သုံးမြွာ အနား ပတ္တမြားသုံးရစ်စီ၊ လက်ဘက်အိုး၊ တကောင်းပိတ်၊ အထွတ် ပတ္တမြား သုံးရစ်စီ၊ ရွှေထွေးအင်၊ ဗောင်း ကတ္တီပါနီ ရွှေရောင်ပြား အစိမ်း အဝါ အဖြူခြယ်၊ ပန်း နားဒေါင်း၊ မြင်းကကိုင်း ညောင်ရွက် ကိုးချပ် ရွှေဗုဇ္ဇနံခွံမွမ်း နင်းနှင်းသိပ်၊ ဆက်ပါးကာ ရွှေဇဝါပိန်း၊ ကတောင်ရွှေပိန်း၊ ဦးခက် ထိပ်ဆောင်း မြီးပျမ်း လည်ပတ်ကြိုး ကတ္တီပါရွှေကြယ်တပ်၊ စီးနှီးကတ္တီပါတင်ရန်း၊ ဆက်ရွှန်းသုံးဆင့် ရွှေယက်ပြားကွပ်၊ ဆင် သက္ကလတ်ကြိုး ရွှေကြယ်တပ်၊ ရဲက ရွှေတစု, အနီတစု၊ ဆင်ခြေဖုံးမိုးနဲ ရွှေလှံငါးဆယ်၊ အဆောင်နီခမောက်နေရောင်အုပ်၊ မှောက်တိုအိတ်နီသွတ်၊ အဲမောင်းအိတ်နီသွတ်၊ လှံမအိတ်နီသွတ်၊ သေနတ် အိတ်နီသွတ်၊လင်းလေးအိတ်နီသွတ်၊ မီးပေါင်းကုပ်အိတ်နီသွတ်၊ စည်နီခုနစ်၊ပုံသာတစ်၊လင်းခွင်းတစ်၊ ငွေခရာတစ်၊ ငွေ့ကြီးနှစ်၊ငွေနဲငယ်သုံး ပေးတော်မူသည်။

ဆွေတော်မျိုးတော်မှူးတော်မတ်တော်စသောအမှုထမ်းကျွန်တော်မျိုးတို့ကိုလည်း အထိုက်အလိုက် ဘွဲ့အမည်အရည် ထီး စည် စလွယ်၊ ယာဉ်

သန့်လျင်း၊ ခေါ်း, ကျိုင်း, ကွမ်းခွက်, ကျပ်, လက်ဘက်အိုး, အဆောင် အရွက် စားကျေးမြို့ရွာ အရာအထူး ပေးတော်မူသည်။ ။အတွင်းတော် မှာလည်း နေမျိုးသီရိဇေယကျော်ထင်, နေမျိုးနန္ဒမိတ် ကျော်ထင် တို့ကို အတွင်းဝန် ခန့်တော်မူသည်။ ။ကျော်ထင်နန္ဒမိတ်,ကျော်ထင်ဇေယသူ, ကျော်ထင်ရန္တသူတို့ကိုလည်း သံတော်ဆင့်ခန့်တော်မူ၍ အတွင်းတော်မှု နှင့် စပ်သည်ကို ဆင့်ဆိုအုပ်ချုပ် စီရင်ကြရသည်။

လွှတ်တော်မှာလည်း ပြည်မြို့ဝန် မင်းလှရာဇာကို မဟာသီဟသူတွဲ၊ လက်ဝဲဝင်းမှူး မင်းလှနော်ရထာကို မဟာစည်သူတွဲ၊အဂ္ဂဒေဝိန်ကို မဟာ ဇေယဥတ္တမသင်္ကြံ ဘွဲ့အမည်နှင့် အဂ္ဂမဟာသေနာပတိဝန်ကြီးသုံးဦး ခန့် တော်မူသည်၊ နေမျိုးသီရိဇေယနော်ရထာ, နေမျိုးသမ်ယာ, နေမျိုးသီရိ နော်ရထာ, ဇေယကျော်ထင်တို့ လေးယောက်ကိုလည်း ဝန်ထောက် ခန့်တော်မူသည်၊ လက်ယာနန်သူ, ဇေယနန်သူ, သိမ်ရာဇာသူ, လက်ဝဲ သူတို့ လေးယောက်ကိုလည်း စာရေးကြီး ခန့်တော်မူသည်၊ သီရိနော်ရ ထာကို နာခံမြေ့ကြီးမှူး, ဇေယနော်ရထာကို နာခံစမြောင်မှူး ခန့်တော် မူသည်၊ သတိုးကျော်သူ့,ဥဒိန်ဇေယတို့ကိုလည်း လွှတ်တော်တွင် တရား စစ်ခန့်တော်မူသည်၊ ထိုပြင် အမိန့်တော်ရေးနှစ်ယောက် အသုံးစာရေး နှစ်ယောက်, မြန်မာသံခံနှစ်ယောက်,အဝေးရောက်စာရေး နှစ်ယောက်, အမှာရေးနှစ်ယောက်, လက်ဆောင်ယူစာရေး နှစ်ယောက်, တလိုင်းသံခံ နှစ်ယောက်, ယွန်းသံခံနှစ်ယောက်, မုတ္တမလက်ဆောင်ယူ စာရေး နှစ် ယောက်မှစ၍ လွှတ်တော်ရုံးတော်တွင် ရှေးအစဉ်ခန့်မြဲ အစောင့်အနေ စာရေးစာချီ ခန့်တော်မူပြီးလျှင် ရှေးအစဉ်နေရာအတိုင်း လွှတ်တော်သို့ တက်၍ ဆင့်ဆိုစီရင်ကြရသည်။

ရှေ့ရုံးတော်မှာလည်း ခမည်းတော်ဘုရား, နောင်တော်ဘုရားတို့ ခန့် တော်မူသည့်အတိုင်း မြို့ဝန်နေမျိုးဇေယဂါမဏိကို ထပ်၍ မြို့ဝန်ခန့်တော် မူပြီးလျှင် ရွှေမြို့တော် အရှေ့မျက်နှာမှာ အတွင်းထောင်မှူး, ပြင်ထောင် မှူး၊ အတွင်းစချီ,ပြင်စချီ၊ တောင်မျက်နှာမှာအတွင်းထောင်မှူး,ပြင်ထောင် မှူး၊ အတွင်းစချီ,ပြင်စချီ၊ အနောက်မျက်နှာမှာ အတွင်းထောင်မှူး, ပြင် ထောင်မှူး၊ အတွင်းစချီ,ပြင်စချီ၊ မြောက်မျက်နှာမှာ အတွင်းထောင်မှူး, ပြင်ထောင်မှူး၊ အတွင်းစချီ, ပြင်စချီ၊ မြို့စာရေးနှစ်ယောက်,အတွင်း အာ ဏာစိုးတယောက်, ပြင်အာဏာစိုး တယောက် ခန့်တော်မူပြီးလျှင် ရှေး

အစဉ်ထုံးစံအတိုင်း ရုံးတော်သို့တက်၍ ရွှေမြို့တော် အတွင်း-ပြင် ရှစ်ရပ် ရှစ်မျက်နှာ ရာဇဝတ်ရေး ခိုးသေးမီးပွားကို ဆင့်ဆိုစီရင် ထိန်းသိမ်းကြရ၏။

ဝင်းတော် လေးမျက်နှာမှာလည်း သီရိဇေယသင်္ချာကို ရှေ့ဝင်းမှူး၊ မဟာနန္ဒသင်္ကြံကို လက်ယာဝင်းမှူး၊ နေမျိုး စည်သူကို လက်ဝဲဝင်းမှူး၊ မဟာကျော်စွာကို နောက်ဝင်းမှူးခန့်တော်မူသည်။

ဝင်းစချီလည်း တဝင်းလျှင် နှစ်ယောက်စီ ခန့်တော်မူသည်။ ။မြို့စု, တိုက်စု,ခားစွဲကိုယ်ရံ, ဝန်စု,ငန်းစု,သင်းမှူး, ဒိုင်းမှူး, အစုအရေး စချီစမာ များကိုလည်း ရှေးမင်းတို့လက်ထက် အစဉ်ခန့်ထားမြဲအတိုင်း အစေ့အငု စည်းကြပ် ခန့်အပ်တော်မူသည်။

ဝင်းတော်လေးမျက်နှာ ခားစွဲကိုယ်ရံစသော အစုအမှုထမ်းဆိုသမျှ ကိုလည်း စားမြေလုပ်မြေ ပေးချ သနားတော်မူသည်။

ဟံသာဝတီ, ပြည်, တောင်ငူ, ပုသိမ်, မြောင်းမြ, မုတ္တမ, မြိတ်, ဒဝယ် စသော မြို့ပြ တိုင်းခရိုင် ဆိုသမျှကိုလည်း အချုပ်အအုပ် ဝန်စစ်ကဲ ခန့်တော်မူသည်။

ဇင်းမယ် ငါးဆွဲ ခုနစ်ခရိုင် ကျိုင်းရုံး, ကျိုင်းတုံ, မိုးနဲ, ညောင်ရွှေ စသော သံလွင်အရှေ့ဘက် အနောက်ဘက်စော်ဘွား မြို့စား တပ်ပေါင်း စားတို့ မြို့ပြ တိုင်းခရိုင်ဆိုသမျှကိုလည်း တမြို့လျှင်စစ်ကဲနှစ်ဦးစီ ခန့်တော်မူသည်။

ကလေး, မိုးညှင်း, မိုးကောင်း, ဗန်းမော်, သီပေါ, မိုးမြိတ် စသော ဧရာဝတီမြစ်, သလွာဝတီမြစ် အရှေ့ဘက် အနောက်ဘက် စော်ဘွား, မြို့စား,တပ်ပေါင်းစားတို့ မြို့ပြတိုင်းခရိုင် ဆိုသမျှကိုလည်း တမြို့လျှင် စစ်ကဲ နှစ်ဦးစီ ခန့်တော်မူသည်။

ထိုသို့ နေပြည်တော်စသော တိုင်းနိုင်ငံတော်အလုံးကို အနေအထား ကျအောင် ခန့်ထားစီရင်တော်မူပြီးလျှင် ဤသို့ အမိန့်တော်ရှိ၏။ ။တိုင်းကြီးပြည်ကြီးတို့၏ အရှင်သခင်ဖြစ်သော ငါတို့ ကေရာဇ်မင်းမြတ်တို့ဝယ် လက်ရုံးရည်ဖြင့် အမှုတော်ကို ထမ်းကုံနိုင်သည်, နှလုံးရည်ဖြင့်လည်း အရာထမ်း နေရာမှာနေ၍ ထမ်းကုံနိုင်သည်, နှစ်အင်စုံသော ကျွန်တော်မျိုးလည်းရှိသည်၊ နှလုံးရည်ဖြင့်သာ အမှုတော်ကို ထမ်းကုံနိုင်၍ လက်ရုံးရည်ဖြင့် အမှုထမ်းနေရာမှာ မထမ်းကုံနိုင် ဟအင်သာစုံသော ကျွန်တော်မျိုးလည်း ရှိသည်၊ လက်ရုံးရည်ဖြင့်သာ အမှုတော်ကို ထမ်းကုံနိုင်၍ နှလုံး

ရည်ဖြင့် အရာထမ်းနေရာမှာ မထမ်းကုံနိုင်၊ တအင်သာစုံသော ကျွန်တော်မျိုးလည်း ရှိသည်၊ ဤသုံးယောက်သော သူတို့ကို မင်းဧကရာဇ်တို့ကိုယ်တိုင် သိအောင်စုံစမ်း၍ အရည်အချောက် အချုပ်အခုပ် ခန့်ထားစေသုံးသည်ဖြစ်မှ တိုင်းရေး, ပြည်ရေး, သာသနာတော်ရေး သာယာစည်ပင် ပွင့်လင်းရာသည်၊ ရှေးဘေးလောင်းတော် ဘိုးလောင်းတော် မင်းဧကရာဇ်တို့လည်း အင်စုံသည့်လုပ်တူကြီဘက်အမှုထမ်းတို့ကို သားစဉ်မြေးဆက် မငုပ်မတိမ်ရလေအောင် အစုအငန်းမြှင့်၍ အရာအထူးအထိုက်အလိုက် ခန့်ထားစေသုံးသည် ဖြစ်သည်၊ ခမည်းတော်ဘုရား လက်ထက်တော်, နောင်တော်ဘုရား လက်ထက်တော်ကသည် ငါ့လက်ထက်တော်တိုင် တိုင်းရေးပြည်ရေး သာသနာတော်ရေးကို ညီ၍ ပွဲလမ်းရ လက်ရုံးရည်ဖြင့် အမှုတော်ကို ထမ်းရွက်သသူ၊ နှလုံးရည်ဖြင့် တိုင်းပြည် သာယာငြိမ်ဝပ်အောင် စီရင်ထမ်းရွက်သသူ၊ နန်းတော်အမှုထမ်း, အိမ်တော်ပေါ်အမှုထမ်း, ညီတော်အမြင့်မင်းသား, ဗဒုံမင်းသား, ပုခန်းမင်းသား, ပင်းတလဲမင်းသားတို့အမှုထမ်းလူတို့သည် ရိုးရင်းတော်ရိုးရင်းဘက် ရဲဘော်ကြီဘက်ဖြစ်သောသူတို့မှာ သားစဉ် မြေးဆက် မန္တမ်းမနယ် မငုပ်မတိမ်စေသင့်သည့် အမှုထမ်းကျွန်တော်မျိုးများဖြစ်ကြသည်၊အရည်အချောက်သီးသန့်ရွေးကောက်၍ လေးဆယ် ငါးဆယ် အတွင်းသွေးသောက်, ပြင်သွေးသောက်ဖွဲ့စုသီးသန့်မှုအမှုတော်ကိုထမ်းသူတို့သားအစဉ်မြေးအဆက်အခွန့်ရှည်စွာ မငုပ်မတိမ်ရှိရာသည်-အမိန့်တော်ရှိပြီးလျှင်။ ။သက္ကရာဇ် (၁၁၂၆) တထောင့်တရာ့နှစ်ဆဲ့ခြောက်ခု တော်သလင်း လပြည့်ကျော်ခြောက်ရက် စနေနေ့ နှစ်နာရီ၊ နှစ်ပါဒ်၊ ဆယ်ဗိဇနာ၊ ပြန်ခရာပြည့်တွင် မှူးတော် မတ်တော် သူရဲသူခက် ကျွန်တော်မျိုးအပေါင်းတို့ကို ရွေးကောက်သီးသန့်တော်မူ၍ လေးဆယ် ငါးဆယ် အတွင်းသွေးသောက်, ပြင်သွေးသောက် ဖွဲ့စုတော်မူ၏။

မင်းကြီးသတိုးသက်တော်ရှည်၊ ပြည်မြို့ဝန် သတိုးရာဇာ၊ ဝန်ကြီးမဟာသီဟသူ၊ မဟာစည်သူ၊ မဟာဇေယျဥတ္တမသင်္ကြံ၊ကျောက်ဆည်ဝန် မဟာသီရိဇေယသူ၊ လက်ယာဝင်းတော်မှူး မဟာနန္ဒသင်္ကြံ၊ နောက်ဝင်းတော်မှူး မဟာကျော္စွာ၊ ရန်ကုန်မြို့ဝန်သီရိဥဇနာ၊ မဟာနန္ဒကျော်ထင်၊ သီရိဇေယတိဿ၊ စစ်ကိုင်းမြို့ဝန် မဟာသီရိဘယကျော်သူ၊ ကျီဝန် မဟာမဲ့၊ ရွှေတိုက်ဝန် မဟာကျော်ထင်၊ မြင်းဝန် မဟာနော်ရထာ၊ ရှေ့ဝင်းတော်မှူး သီရိဇေယသင်္ခယာတို့ အရည်တူ တော်ဦး စော်ဘွားကြီးနောက် နေရာ

နေသူလူပေါင်းတဆွဲခြောက်ကို ပြည်မြို့ဝန် သတိုးရာဇာကို သွေးသောက်ကြီးခန့်၍ လေးဆယ်တော် သတိုးရာဇာ သွေးသောက်ဖွဲ့တော်မူသည်။

သီရိနန္ဒကျော်ထင်၊ သီရိသီဟသူ၊ သီဟပတေ့၊ နော်ရထာ ကျော်စွာ၊ စတု ဂါမဏိ၊ ကျော်ခေါင်ကျော်သူ၊ သီရိ ဇေယကျော်သူ၊ သီရိ ဇေယ ကျော်စွာ၊ မင်းတုန်းမြို့ဝန် သီရိနန္ဒမိတ်ကျော်ထင်၊ မဟာဉတ္တမကျော်သူ၊ မဟာသီလဝ၊ သူရဲဝန် ဇေယဂါမဏိ၊ လိုင်မြို့ဝန် သီရိနန္ဒမိတ်ကျော်သူ၊ ငွေခွန်ဝန် နေမျိုးဂါမဏိ၊ လက်ဝဲဝင်းမှူး နေမျိုးစည်သူ၊ဘယဇေယကျော်ထင်၊ သီရိနန္ဒစည်သူ၊ နန္ဒဉသာရော၊ ပုသိန်မြို့ဝန် သီရိစည်သူကျော်ထင်၊ မဟာသင်္ကြံ၊ ကောင်ဟန်ဝန် ရာဇဉသာရော၊ ရွှေးကြောင်းမိုလ် လက်ဝဲကျော်ခေါင်၊ ကျော်ထင်သီဟ၊ နန္ဒသူရကျော်ထင်တို့ အရည်တူ တော်နေလူပေါင်း နှစ်ဆွဲလေးကို သီရိသီဟသူကို သွေးသောက်ကြီး ခန့်၍ လေးဆယ်တော် သီရိသီဟသူ သွေးသောက်ဖွဲ့တော်မူသည်။

ဝန်ထောက် နေမျိုး သီရိဇေယ နော်ရထာ၊ နေမျိုးသင်္ခယာ၊ နေမျိုး သီရိနော်ရထာ၊ မြို့ဝန် နေမျိုးဇေယဂါမဏိ၊ ဉတ္တမသီရိ ဇေယသူရ၊ သစ်တောဝန် ဉတ္တမကျော်စွာ၊ နေမျိုး သီရိ ဇေယ ကျော်သူ၊ နေမျိုးဇေယကျော်ထင်၊ နေမျိုးသီရိဇေယကျော်ထင်၊ ဇေယဗလတိဿ၊ တရားသူကြီး စတုကာဘယ၊ သီရိရန္တကျော်ထင်၊ နေမျိုးကျော်သူ၊ စတုဂါမဏိ ဇေယ၊ နေမျိုးနန္ဒမိတ် ကျော်ထင်၊ တရားစစ် ဘယကျော်သူ၊ နေမျိုးနော်ရထာ၊ နေမျိုးကျော်ထင်၊ ကျော်ထင်သင်္ခယာ၊ နေမျိုး သီရိကျော်ထင်၊ နေမျိုး နန္ဒမိတ်၊ ကသည်းဝန် နေမျိုး ပျံချီ၊ အမြောက်ဝန် နေမျိုး သီဟသူ၊ သီရိဗလကျော်ထင်တို့ အရည်တူ ဒူးနေရာနေ လူပေါင်း နှစ်ဆွဲလေးကို နေမျိုးသင်္ခယာကိုသွေးသောက်ကြီးခန့်၍ လေးဆယ်တော်နေမျိုးသင်္ခယာ သွေးသောက်ဖွဲ့တော်မူသည်။

ဝန်ထောက် ဇေယကျော်ထင်၊ ဝေါကြီးမှူးဇေယရန္တမိတ်၊ သီရိတုရင်ရွှေတောင်၊ ရွှေတောင်သာရ နော်ရထာ၊ ရွှေတောင်သီရိ နော်ရထာ၊ ရွှေတောင်နန္ဒနော်ရထာ၊ ရွှေတောင်ဇေယနော်ရထာ၊ ရွှေတောင် သီဟနော်ရထာ၊ ရွှေတောင် မင်းလှနော်ရထာ၊ ရွှေတောင်ရာဇ နော်ရထာ၊ ရွှေတောင်ဒေဝနော်ရထာ၊ ရွှေတောင်လက်ယာနော်ရထာ၊ ရွှေတောင်သိင်္ခကျော်ထင်၊ရွှေတောင်ဘယကျော်ထင်၊ရွှေတောင်လက်ဝဲနော်ရထာ၊ ရွှေတောင်လှ၊ ရွှေတောင် ဗလနော်ရထာ၊ ရွှေတောင် သင်္ခကျော်သူ၊ ရွှေတောင် ဂုဏကျော်ထင်၊ ရွှေတောင် နန္ဒစည်သူ၊ ရွှေတောင် ဘယ၊

ရွှေတောင်ဗာဟု၊ ရွှေတောင် ရဲလှကျော်ထင်၊ ရွှေတောင်သူရိန်၊ ရွှေတောင် လက်ယာကျော်၊ ရွှေတောင် ကာက၊ တုရင် ရွှေတောင်၊ ရွှေတောင်ငယ်၊ ရွှေတောင်ကြီးသိုင်း၊ ရွှေတောင်ဗလသူ၊ ရွှေတောင်လက်ဝဲကျော်၊ နရာရွှေတောင်၊ ရွှေတောင်ဥဒိန်၊ ရွှေတောင်သီရိ၊ နန္ဒရွှေတောင်၊ ရွှေတောင်လက်ဝဲစည်သူ၊ ရွှေတောင်လက်ယာစည်သူ၊ ရွှေတောင်စန္ဒကျော်ထင်၊ သီရိရွှေတောင်၊ ရွှေတောင်ရန္တကျော်သူ၊ ရွှေတောင်တေဇ၊ သီရိဒေဝရွှေတောင်၊ ရွှေတောင်ရဲလှကျော်သူ၊ မဟာသေနာပတိသား တောရေး၊ တောနေ့ာတို့ အရည်တူလူ လေးဆယ်ငါးကို ဝေါကြီးမှူး ဇေယရန္တမိတ်ကို သွေးသောက်ကြီးခန့်၍ လေးဆယ်တော်ဇေယရန္တမိတ် သွေးသောက်ဖွဲ့တော်မူသည်။

ရာဇဒေဝကျော်ထင်၊ အဘယသင်္ကြံ၊ ဇေယဥဒိန်ကျော်သူ၊ သီဟဒေဝကျော်ထင်၊ ရေကင်းဝန်ဗာဟုဗလကျော်ထင်၊ တရားစစ် နန္ဒမိတ်ကျော်ထင်၊ နန္ဒမိတ်စည်သူ၊ လက်ဝဲကြောင်းမိုလ် သိဒ္ဓိကျော်၊ အနောက်ဝန် သီရိကျော်ထင်၊ တုရင်ကျော်ထင်၊ သိဒ္ဓိကျော်ခေါင်၊ လက်ယာကြောင်းမိုလ် သိဒ္ဓိကျော်သူ၊ သာရကျော်သူ၊ ဝင်းကျင်ဝန် နရာဇေယကျော်ထင်၊ နာခံပြေ့ာကြီးမှူး သီရိနော်ရထာ၊ စမြောင်မှူးဇေယနော်ရထာ၊ အမှူဝန် လက်ဝဲထိမ်းမှတ်၊ တရားသူကြီး လက်ယာထိမ်းမှတ်၊ သူရဲတိုင်၊ လက်ယာရဲတိုင်၊ ဆင်ဝန် ဥတ္တမကျော်ထင်၊ ရာဇဥတ္တမတို့အရည်တူ စနည်းနေရာ လူပေါင်းနှစ်ဆဲ့သုံးကို အဘယသင်္ကြံကို သွေးသောက်ကြီး ခန့်၍ ငါးဆယ်တော် အဘယသင်္ကြံ သွေးသောက်ဖွဲ့တော်မူသည်။

ရွှေးကြောင်းမိုလ်မှူး ပုံချီရဲကျော်ထင်၊ လက်ဝဲရဲတိုင်၊ ယမ်းဝန် ဘယစက္ကသူ၊ အနောက်ဝန် ဇေယသင်္ကြံ၊ ရှင်မိဖုရားဝန် လက်ယာရန္တမိတ်၊ ရဲလှော်ဝန် နန္ဒဥဒိန်ကျော်ထင်၊ ရှင်မိဖုရားဝန် ဘယရန္တမိတ်၊ မြေနန်းဝန် ဘယနန္ဒသူ၊ တုရင်ဗလကျော်၊ နန်းကံကျေးဝန် သီဟဗလကျော်သူ၊ သံတော်ဆင့် ကျော်ထင်နန္ဒမိတ်၊ ကျော်ထင် ဇေယသူ၊ ကျော်ထင်ရန္တသူ၊ ပင်းယဝန် ရာဇယော်ဓာ၊ သမန္တကျော်ထင်၊ စာရေးကြီး လက်ယာနန်သူ၊ ညီတော်အမြင့်မင်း သုသီရိမင်္ဂလရာဇာအကြီး၊ ဘယရန္တသူ၊ နရာသင်္ကြံ၊ အတွင်းတိုက်တော်စိုး ဘယသူရ၊ ရွှေတောင်ပုံချီကျော်တို့ အရည်တူ အတွင်းဘဝေါ်နေရာနေ လူပေါင်း နှစ်ဆဲ့တစ်ကို လက်ဝဲရဲတိုင်ကို သွေးသောက်ကြီးခန့်၍ ငါးဆယ်တော်လက်ဝဲရဲတိုင် သွေးသောက် ဖွဲ့တော်မူသည်။

ဂါမဏိတိဿ၊ အဂ္ဂရာဇာ၊ သံတိုက်မှူး လက်ယာကိတ္တိ၊ မီးသွေးတိုက်မှူး လက်ဝဲကိတ္တိ၊ စီးတော်မြင်းဝန် လက်ဝဲပတော့ကျော်သူ လက်ယာပတော့ကျော်သူ၊ ရွှေတိုက်ကြပ်၊ လက်ယာမဟ္မ၊လက်ဝဲဇေယသူရ၊ ဂါမဏိကျော်စွာ၊ နာရီမှူးဥတ္တမသီရိကျော်၊ နန်းကံကျေးဝန် ရာဇတမန်ကျော်ထင်၊ နရသူရိန်ကျော်၊ရွှေတောင်တက်၊လက်ယာကြောင်းစာရေးတုရင်ရန္တကျော်၊ ပုသိန်စာရေးကြီး တောင်ရာဇာ၊ ဗလသိဒ္ဓိ၊ တုရင်ပေါ်၊ ရွှေတိုက်စိုးကောကောဘယ၊ ရာဇအဂ္ဂ၊ လက်ယာနန်သူ၊ စာရေးကြီး ဇေယနန်သူ၊ လက်ဝဲသူ၊ အမိန့်တော်ရေး သီရိဇေယကျော်၊ လက်ဝဲတေဇတို့ အရည်တူ ပြင်ဘဝေါနေရာနေ လူပေါင်း နှစ်ဆဲ့လေးကို ဂါမဏိတိဿကို သွေးသောက်ကြီးခန့်၍ ငါးဆယ်တော် ဂါမဏိတိဿ သွေးသောက်ဖွဲ့တော်မူသည်။

ရတနာထမ်းစင်မှူး ဇေယနန္ဒမိတ်၊ ရွှေတောင်သိဒ္ဓိနော်ရထာ၊ ရွှေတောင် ဇေယကျော်ထင်၊ ရွှေတောင်ဗန္ဓုကျော်ထင်၊ ရွှေတောင်ဝေရကျော်ထင်၊ ရွှေတောင်စန္ဒကျော်ထင်၊ ရွှေတောင်တာနော၊ ရွှေတောင်သံနော်ရထာ၊ ရွှေတောင်ရဲသူထင်၊ ရွှေတောင်နရာကျော်ထင်၊ ရွှေတောင်စည်သူနော်ရထာ၊ ရွှေတောင်မနော်ရထာ၊ ရွှေတောင်သီရိကျော်ထင်၊ တုရင်သီဟသူ၊ ရွှေတောင်မင်းကျော်၊ သီဟကျော်ထင်၊ ရွှေတောင်သာ၊ ငရွှေရော ငရွှေစတို့ အရည်တူလူပေါင်း နှစ်ဆဲ့နှစ်ကို ရတနာထမ်းစင်မှူး ဇေယနန္ဒမိတ်ကို သွေးသောက်ကြီးခန့်၍ ငါးဆယ်တော် ဇေယနန္ဒမိတ် သွေးသောက်ဖွဲ့တော်မူသည်။

နန်းမစနုဆောင်တော်မြဲ ဇေယဥဒိန်၊ ဂဇဥဒိန်၊ စန္ဒလက်ယာ၊ ပရိတ်နာဆက်ဆောင်တော်မြဲ ဗလရဲသူ၊ ကမန်ကျော်သူ ငချမ်းငြိမ်း၊ ဇေတဝန်ဆောင်တော်မြဲ ရွှေတောင်လက်ယာထင်၊ ဒိဗ္ဗရာဇာ၊ သီဟကျော်သူ၊ ဗညားရန္တမိတ်၊ ဝေလုတုရင်၊ သီဟတုရင်၊ သီဟနရာ၊ အဿဝတ်၊ ရွှေတောင်သူရထင်၊တေဇရန်ခွင်း ရာဇဗာဟု၊သိင်္ဂြိုဟ်နန့်ရှင်၊ တုရင်ပေါ်ထင်၊ သီရိဇေယစည်သူ၊ဒိဗ္ဗကျော်ထင်၊တုရင်နရာတို့အရည်တူ နန်းမစနုဆောင်တော်မြဲသုံး၊ ပရိတ်နာဆက် ဆောင်တော်မြဲ သုံး၊ ဇေတဝန်ဆောင်တော်မြဲ တဆဲ့ခြောက်၊လူပေါင်း နှစ်ဆဲ့နှစ်ကို ဇေယဥဒိန်ကို သွေးသောက်ကြီးခန့်၍ အတွင်းသွေးသောက်လတ် ဇေယဥဒိန် သွေးသောက် ဖွဲ့တော်မူသည်။

မြဲတိုက်ဆောင်တော်မြဲ ဉသာရောကြီး၊ ဒေဝသာရ၊ ရာဇရဲထင်၊ သာရနရာ၊ ရွှေတောင်သိဒ္ဓိသူ၊ ရွှေတောင်သိဒ္ဓိထင်၊ ရွှေတောင်ပျံ၊ ရွှေတောင်ပေါစ၊ ရွှေတောင်ညွန့်၊ ရွှေတောင်ရဲလှ၊ ရွှေတောင်စန္ဒကျော်၊ ရွှေတောင်အိန္ဒ၊ ရာဇပျံချီ၊ ရွှေတောင်ရန္တသူ၊ ရွှေတောင်ဗန္ဓု၊ ရွှေတောင်တင့်လှ၊ ရွှေတောင်ရဲ၊ ရွှေတောင်လှကျော်၊ ရွှေတောင်သစ်၊ နန္ဒဇေယ၊ ရွှေတောင်ပုဏ္ဏ၊ စိန္တာရဟတ်၊ သိရိနန္ဒသူ၊ သိခ်နန္ဒကျော်သူတို့ အရည်တူလူပေါင်းနှစ်ဆဲ့လေးကို ရာဇရဲထင်ကိုသွေးသောက်ကြီးခန့်၍ အတွင်းသွေးသောက်လတ် ရာဇရဲထင် သွေးသောက်ဖွဲ့တော်မူသည်။

ရွှေဝင်းသူရဲကြီးမှူး နန္ဒကျော်စွာ၊ အရေးမဆိုဒိုင်းမှူး နန္ဒသာရကျော်ထင်၊ လျှပ်တပြက်ဒိုင်းမှူး စန္ဒဂုဏ္ဏကျော်ထင်၊ မင်းတရားလောင်မီးဒိုင်းမှူး တုရင်ဗလ၊ ဗန္ဓုကျော်၊လက်ယာဝင်းကျော်ဘက်ရန်စင်ဒိုင်းမှူး သိဒ္ဓိကျော်စွာ၊ အင်းယည်ကောင် ဒိုင်းမှူး ဘယဇေယသူ၊ ရန်အောင်ဒိုင်းမှူး သိရိဗလကျော်သူ၊ ပြည်လုံးတမွတ်ဒိုင်းမှူး လက်ဝဲမဏိ၊ ဘွားဘက်ရန်အောင်ဒိုင်းမှူး လက်ဝဲဇေယ၊ သပေါက်ထင်ဒိုင်းမှူးတေဇကျော်သူ၊ ရန်နိုင်ဒိုင်းမှူးသူရဗလကျော်သူ၊ ဟန်လင်းရွှေခေါ်မှူးဝံသကျော်စွာ၊လက်ဝဲဝင်းပြည်လုံးအုံ့သင်းမှူး ဥဒိန်ရန္တကျော်သူ၊ပွဲလုံးထင်မှူး ဒေဝရာဇကျော်ထင်၊ ပြည်လုံးနိုင် သင်းမှူး ဒိဗ္ဗကျော်စွာ၊ ကောင်းကင်စက်မီးဒိုင်းမှူး ဒိဗ္ဗကျော်စွာ၊ ပြည်လုံးကျော်ဒိုင်းမှူး လက်ယာသီဟသူရဲကောင်းဒိုင်းမှူး နရာဇေယကျော်သူ၊ အမိန့်တော်ရသင်းမှူး နရာဗလကျော်သူ၊ နတ်စက်ကျော်ခေါင် ဒိုင်းမှူး ယော်ဓာကျော်စွာ၊ နောက်ဝင်းမာရဘင်သင်းမှူး လက်ဝဲယော်ဓာ၊ ကိုးသန်းသင်းမှူး သိရိကျော်စွာ၊မြစ်တွင်းရန်နိုင်မှူးနရာကျော်ထင်၊ နတ်စစ်ရန်နိုင်မှူး ဗလသာရကျော်သူ၊ ကောင်းမွန်ကျော်ဒိုင်းမှူး နရာကျော်စွာတို့ အရည်တူလူပေါင်း နှစ်ဆဲ့ငါးကို ကျော်ဘက်ရန်စင်ဒိုင်းမှူး သိဒ္ဓိကျော်စွာကို သွေးသောက်ကြီးခန့်၍ အတွင်းသွေးသောက်လတ် သိဒ္ဓိကျော်စွာ သွေးသောက်ဖွဲ့တော်မူသည်။

ပရိတ်နာဆက်ဆောင်တော်မြဲ တုရင်သိပ္ပ၊ တုရင်သူဝကျော်၊ ရဲဘော်ဘယ၊ ရဲဘော်ဂုဏ္ဏကျော်ထင်၊ ရန်အောင်တုရင်၊ နဝတုရင်၊ ရဲလှတုရင်၊ ရန်နိုင်တုရင်၊ ရဲလှရန်ကျော်၊ ရဲမွတ်တုရင်၊ရဲမှန်တုရင်၊ ဇေတဝန်ဆောင်တော် လက်ယာတော်မြဲ ရဲလှကျော်၊ ရဲစက်ဝဏ္ဏ၊ ငသက်ရှည်၊ ငအောင်ပုံ၊ ငဖြူ၊ ငပေါထင်၊ ငရွှေဦး၊ ငရန်မျိုးအောင်၊ ငစံပျော်၊ ငမြတ်ရွှေ၊ ငကံထူး၊ ငစိမ့်၊ ငမြတ်သာကျော်၊ ငရာ၊ တုရင်သိရိ၊ သူရဒေဝ၊ ဒဝယ်

ဆောင်တော်မြဲ ရွှေတောင်သိပ္ပ၊ ငဘွဲ၊ ဝေရရန်နိုင်၊ ကော်တရာဇာတို့ အရည်တူလူပေါင်း သုံးဆဲ့နှစ်ကို တုရင်သိပ္ပကို သွေးသောက်ကြီး ခန့်၍ အတွင်းသွေးသောက်လတ် တုရင်သိပ္ပသွေးသောက်ဖွဲ့တော်မူသည်။

မြောက်ဒဝယ် ဆောင်တော်မြဲ ရွှေတောင်စကြာ၊ မြတိုက်တော်မြဲ ကျော်စွာပျံထင်၊ သူရိန်မဇေ၊ မြောက်ဒဝယ် ဆောင်တော်မြဲ ရွှေတောင်တက္ကရတ်၊ ရွှေတောင်ထင်၊ ရွှေတောင်ကျော်စွာ၊ ရွှေတောင်ဂုဏ၊ ရွှေတောင်ပေါ်သင်၊ ရွှေတောင်သာရ၊ ရွှေတောင်ကဝိ၊ ရွှေတောင်ရက္ခ၊ ရွှေတောင်ထွတ်၊ရွှေတောင်ရန်နိုင်.ရွှေတောင်လှ၊တုရင်လက်ယာ၊ ဗာဟုစက်ရောင်၊ ငမြတ်သာအောင်၊ရွှေတောင်ထွေး၊ တုရင်ရဲကျော်၊ငအောင်ညို၊ ငစံ၊ ငအိ၊ ငကြွက်၊ ငမိုး၊ ငရင်၊ငသာထွန်းညို၊ ငဇေယ၊ရွှေတောင်ငရေ၊ငဖြူ၊ငလွှမ်း၊ငဖြိုးမှတ်၊ ငထွန်းမြတ်၊ ငမြတ်စံငယ်၊ ငမှတ်၊ပေန်းသွင်၊ ရန်နိုင်ကျော်ထင်တို့ အရည်တူလူပေါင်း သုံးဆဲ့ခုနစ်ကို ရွှေတောင်စကြာကို သွေးသောက်ကြီးခန့်၍ အတွင်းသွေးသောက်လတ် ရွှေတောင်စကြာ သွေးသောက်ဖွဲ့တော်မူသည်။

မြောက်ဒဝယ်ဆောင်တော်မြဲ ရွှေတောင်နန္ဒ၊ ရွှေတောင်ရဲယွံ့၊ ရွှေတောင်သိခ်၊ရွှေတောင်သိပ္ပ၊ရွှေတောင်ရန်အောင်၊ရွှေတောင်ကျော်၊ရွှေတောင်မဏိ၊ ရွှေတောင်အိန္ဒ၊ ရွှေတောင်ပေါ်သစ်၊ ဒေဝသူ၊ နန္ဒမိတ်၊ ရဲဘော်ဘယသူ၊ စက်ထွတ်မင်းရဲ၊ ရွှေတောင်ရန္တ၊ ငလှထင်၊ ငချစ်လွှမ်း၊ သောညို၊ ငကသည်း၊ သာရထင်၊ ငနိုး၊ ငမြတ်စံ၊ ချစ်ပု၊ ငဝိုက်၊ ငလွှမ်းထွေး၊ ငပုံ၊ ငလှော်၊ ငမြတ်ညို၊ ငညို၊ ငတိုး၊ ငထွေး၊ ငထွန်း၊ ငအောင်သူ၊ ငနေထွန်း၊ ငကြာ၊ ငအောင်ကောင်း၊ ငပုံတို့ အရည်တူလူပေါင်းသုံးဆဲ့ခုနစ်ကိုရွှေတောင်ရဲယွံ့ကိုသွေးသောက်ကြီးခန့်၍ အတွင်းသွေးသောက်လတ် ရွှေတောင်ရဲယွံ့ သွေးသောက် ဖွဲ့တော်မူသည်။

ရွှေးကြောင်းသွေးသောက်ကြီး သာရပျံချီကျော်သူ၊ ပျံချီကျော်သူ၊ပျံချီအိန္ဒကျော်သူ သူရိန်လှကျော်ခေါင်၊ နရာပျံချီသူ၊ စတုပျံချီသူ၊ ဗလပျံချီသူ၊ တန်ဆောင်ပျံချီသူ၊ ရဲခေါင်ပျံထင်၊ တုရင်ပျံချီသူ၊ နဝပျံချီသူ၊ စတုပျံချီသူ၊ ပျံချီအိန္ဒသူ၊ စက်လွတ်ပျံချီသူ၊ ဇက်အောင်ပျံချီသူ၊ ပျံချီရန်လွင့်သူ၊ ပျံချီဒေဝသူ၊ ပျံချီလက်ယာ၊ ပျံချီရဲကျော်သူ၊ ပျံချီရဲထွတ်ကျော်၊ ပျံချီနန္ဒကျော်သူ၊ ပျံချီရဲကျော်၊ ပျံချီသာရထင်၊ ပျံချီဗလကျော်သူ၊ ပျံချီနန္ဒသူ၊ ပျံချီနန္ဒကျော်သူ၊ ပျံချီစတုကျော်သူ၊ ပျံချီစန္ဒကျော်၊ ပျံချီနရာသူ၊ပျံချီရဲသူ၊ ပျံချီရန္တသူရ၊ ပျံချီသာရကျော်၊ ပျံချီမဏိ၊ ပျံချီရဲလှတို့အရည်တူလူပေါင်း

သုံးဆဲ့သုံးကို သာရပျံ့ချီကျော်သူကို သွေးသောက်ကြီးခန့်၍ အတွင်းသွေးသောက်လတ် သာရပျံ့ချီကျော်သူ သွေးသောက် ဖွဲ့တော်မူသည်။

လက်ဝဲကြောင်း သွေးသောက်ကြီးအာကာပျံထင်၊ နရာပျံထင်၊ တေဇပျံထင်၊ ဂန္ဓပျံထင်၊ နတ်စက်လောင်မီး၊ ပျံ့ချီကျော်သူ၊ သီရိပျံထင်၊ ဗလပျံထင်၊ စက်ထွတ်နရာ၊ ဥဒိန်ပျံထင်၊ ရာဇပျံထင်၊ ပျံ့ချီရန္တကျော်၊ မန္ဒပျံ့ချီ၊ လျှပ်တောက်စက်ခြည်၊ မှန်ဥစက်ခြည်၊ ပျံ့ချီရာဇကျော်၊ ပျံ့ချီဗန္ဓုကျော်၊ အိန္ဒပျံထင်၊ စန္ဒပျံထင်၊ နန္ဒပျံထင်၊ သိပ္ပပျံထင်၊ ပုညပျံထင်၊ စက်ထွတ်ပျံ့ချီ၊ ဝေရပျံထင်၊ ရဲသူပျံထင်၊ နတ်စက်သူ၊ ရဲထွတ်ပျံထင်၊ ပျံထင်ဝေသော်၊ ကေလား၊ သဗ္ဗပျံထင်၊ သာလှပျံထင်၊ စက်လွတ်ပျံထင်၊ ရန်အောင်စက်၊ ဥဒိန်ပျံထင်၊ ဒိပပျံထင်၊ ဇေယပျံထင်၊ သီဟပျံထင်၊ သူရိန်ပျံထင်၊ သူရပျံထင်တို့ အရည်တူလူပေါင်း လေးဆဲ့နှစ်ကို အာကာပျံထင်ကို သွေးသောက်ကြီးခန့်၍ အတွင်းသွေးသောက်လတ် အာကာပျံထင် သွေးသောက်ဖွဲ့တော်မူသည်။

လက်ယာကြောင်း သွေးသောက်ကြီးပျံ့ချီရဲလှကျော်၊ ပျံ့ချီစက်ရဲကျော်၊ ပျံ့ချီသိဒ္ဓိကျော်၊ ပျံ့ချီအာကာကျော်၊ ပျံ့ချီရန္တကျော်၊ ပျံ့ချီ တုရင်ကျော် ပျံ့ချီတမွတ်ကျော်၊ ပျံ့ချီဗလထင်၊ ပျံ့ချီဇေယထင်၊ ပျံ့ချီရဲလွှံ့ကျော်၊ ပျံ့ချီသူရထင်၊ ပျံ့ချီရာဇကျော်၊ ပျံ့ချီဒေဝကျော်၊ ပျံ့ချီဇလကျော်၊ ပျံ့ချီစက်ကျော်၊ ပျံ့ချီစက်သွား၊ လျှပ်ထင်စက်ကျော်၊ စက်ထွတ်စံထား၊ ငကွယ်၊ ပျံ့ချီဇေရသူ၊ ရဲခေါင်ပျံကျော်၊ ဝဏ္ဏပျံ့ချီ၊ သီရိပျံ့ချီ၊ပျံ့ချီစက်ထွတ်ကျော်၊ ပျံ့ချီစက်မီးကျော်၊ နတ်စက်ရောင်ထင်၊ပျံ့ချီစက်မှန်၊စက်ထွတ်လှ၊စက်ထွတ်ပုည၊ စက်မှန်သူ၊ စက်မီးလျှပ်ထင်တို့ အရည်တူလူပေါင်း သုံးဆဲ့နှစ်ကို ပျံ့ချီရဲလှကျော်ကို သွေးသောက်ကြီးခန့်၍ အတွင်း သွေးသောက်လတ် ပျံ့ချီရဲလှကျော် သွေးသောက်ဖွဲ့တော်မူသည်။

နောက်တော်ပါ သွေးသောက်ကြီး စက်ထွတ်ကျော်သူ၊ မဏိဝဏ္ဏ၊ မဏိနန္ဒ၊ ရဲစက်တံခွန်၊ ရဲကျော်ဗလသူ၊ မဏိဝေသော်၊ ပျံ့ချီရဲခေါင်ကျော်၊ ပျံ့ချီ ရဲနိုင်ကျော်၊ ပျံ့ချီရဲလွတ်ကျော်၊ စက်လွတ်ရဲသူ၊ ပျံ့ချီရဲထွတ်ကျော်၊ ပျံ့ချီရဲကျော်သူ၊ ပျံ့ချီရဲလှကျော်၊ ရဲကျော်ထင်လှ၊ပျံ့ချီရဲတိုင်ကျော်၊ ရဲတိုင်ကျော်ထင်တို့ အရည်တူလူပေါင်း တဆဲ့ခြောက်ကို စက်ထွတ်ကျော်သူကို သွေးသောက်ကြီး ခန့်၍ အတွင်းသွေးသောက်လတ် စက်ထွတ်ကျော်သူ သွေးသောက်ဖွဲ့တော်မူသည်။

ရွှေဝင်းဆင်ခေါင်းဒိုင်းမှူး လက်ယာကျော်သူထင်၊ တက်ခေါင်းဒိုင်းမှူး နရာဒေဝကျော်ထင်၊ နောင်ဩဒိုင်းမှူး ကျော်ထင်ဒေဝ၊ ရန်လုံးမွှေဒိုင်းမှူး သိင်္ခဂဇကျော်၊ ဆင်ကဲဒိုင်းမှူး နန္ဒပျံ့ထင်၊ ပွဲတိုင်းအောင် ဒိုင်းမှူး သိဒ္ဓိတုရင်၊ ပွဲလုံးအောင် ဒိုင်းမှူး ဥဒိန်သိရိကျော်ထင်၊ မင်းတရားကျွန်သီးဒိုင်းမှူး ဂဇယော်ဓာ၊ ရန်ပုံနှစ်ဒိုင်းမှူး လက်ဝဲ ဂါမဏိ၊ ရန်ဘက်လိုဒိုင်းမှူး သိင်္ခတုရင်၊ အင်တရော်ဒိုင်းမှူး သင်္ခကျော်ထင်၊ ကင်စယ်ဒိုင်းမှူး ပျံ့ချီရဲထင်ကျော်၊ သစ်ထပ်ရန်နောင်ဒိုင်းမှူး သူရသိင်္ခ၊ ရှမ်းသူငယ်ဒိုင်းမှူး ကောင်းထွတ်ဒီပ၊ တောင်မြင့်ဒိုင်းမှူး အိန္ဒပက္ကကျော်၊ မြေဒူးဒိုင်းမှူး စန္ဒဗလကျော်သူ၊ မောက်စိုင်ဒိုင်းမှူး နန္ဒဝဏ္ဏသူ၊ ရွှေတောင်ဒိုင်းမှူး တေဇစန္ဒကျော်၊ ဇောင်းကလေးဒိုင်းမှူး သိင်္ခကျော်သူ၊ လင်းဇင်းဒိုင်းမှူး ဥဒိန်ကျော်ခေါင်၊ တောင်ဦးဒိုင်းမှူး တုရင်ကျော်သူထင်၊ လက်ယာဝင်းတော်မာရဘင်မိုးတူဒိုင်းမှူး ရဲကျော်သိဒ္ဓိ၊ သံတောင်လှဒိုင်းမှူး ဒေဝသူကျော်၊ ဇင်းမယ်ဒိုင်းမှူး စက္ကဝေသူ၊ နတ်ရှင်ဒိုင်းမှူး ရဲကျော်ဇေယ၊ ငါးရာဒိုင်းမှူး စက္ကသိပ္ပသူ၊ သင်ပေါင်ဒိုင်းမှူး စက္ကရဲသူ၊ ကန်တူးပေါက်လှေမှူး ရဲကျော်ဂုဏ္ဏ၊ အင်တိုင်းသာလှေမှူး ဒေဝသိဒ္ဓိကျော်၊ တောင်ငူရွှေဒိုင်းမှူးရဲကျော်ဇလထင်၊ အရေးမစစ်ဒိုင်းမှူး ရဲကျော်ရန်နိုင်သူ၊ ဟဲမူဒိုင်းမှူး ရဲကျော်ဝေသူ၊ လက်ဝဲဝင်းတော်စရည်ဒိုင်းမှူး လက်ယာစန္ဒ၊ ရန်ပုံချင်းဒိုင်းမှူး ဂုဏ္ဏကျော်စွာ၊ ရှမ်းပိုက်ထောင်မှူး စက္ကသိဒ္ဓိ၊ ဝန်သောင်ဒိုင်းမှူးတုရင်လက်ယာပေါ်၊ ကျော်မစစ်ဒိုင်းမှူး ဇေယပျံ့ချီ၊ ဖြူးဒိုင်းမှူး ဗလရန်နိုင်၊ အ[illegible]လဝဒိုင်းမှူး ရဲသူထင်၊ ဝန်သိုဒိုင်းမှူး လက်ယာယော်ဓာ၊ မြောင်းဆုံ ဒိုင်းမှူး သီဟဘီလူး၊ မုန်နေ့ာဒိုင်းမှူး သူရိန်ရဲကျော်၊ ရဲဘက်ရန်အောင် ဒိုင်းမှူး ဥဒိန်ဇေယ၊ ကောင်တာရှည် ဒိုင်းမှူး ရာဇနန္ဒ၊ ညောင်ရွှေဒိုင်းမှူး သိဒ္ဓိသူရကျော်၊ နတ်ရန်ခွင်းဒိုင်းမှူး လက်ဝဲဥဒိန်၊ ကလေးဒိုင်းမှူး ဥဒိန်ရန္တကျော်ထင်၊ စောလှဒိုင်းမှူးလက်ယာဥဒိန်၊ ဝန့်ကာဒိုင်းမှူး ရာဇနန္ဒမိတ်၊ နောက်ဝင်းတော် အရေးမစစ်ဒိုင်းမှူး ဝဏ္ဏနံ့သူ၊ သင်ကတုန်းဒိုင်းမှူး စက္ကဗသ၊ ကြေးနီဒိုင်းမှူး ယက္ခယော်ဓာ၊ ပါခဲလဲဒိုင်းမှူး တမန်သိရိကျော်၊ လွှဲသိပ်ဒိုင်းမှူး ရာဇဝရ၊ ကျောက်အိုး ဒိုင်းမှူး သက္ကဂုဏ္ဏဏ်၊ ပွဲတိုင်းကျော် ဒိုင်းမှူး ဇေယဘီလူး၊ တောင်သမန်ဒိုင်းမှူး တုရင်ရာမ၊ ကိုယ်ရံကြီးဒိုင်းမှူး စက္ကသူရိန်၊ သူရဲနတ်ဒိုင်းမှူး သီဟပျံ့ချီ၊ ကောင်ဒိုင်းမှူး ဇေယသူရိန်၊ မင်းခင်းဒိုင်းမှူးငညို၊ တပေါင်ဒိုင်းမှူးငစံပေါ်၊ သိန်မိုလ် တိဒိုင်းမှူး ငရဲ၊ ကတစံဒိုင်းမှူးသီဟရာဇကျော်၊ ရဲပေါင်ဒိုင်းမှူး ငညွန့်တို့ အရည်တူ

လူပေါင်းခြောက်ဆဲ့ငါးကို ရွှေဝင်းတော် ဆင်ကောင်းဒိုင်းမှူး လက်ယာကျော်သူထင်ကို သွေးသောက်ကြီးခန့်၍ ပြင်သွေးသောက် လက်ယာကျော်သူထင် သွေးသောက် ဖွဲ့တော်မူသည်။

ရဲထင်ရန္တမိတ် ဗလစည်သူ၊ ပျံချီဇေယကျော်ထင်၊ သူရဗလသကြီ၊ သိဒ္ဓိစန္ဒ၊ ဥဒိန်သာရကျော်သူ၊ ကျော်ထင်သိဒ္ဓိကျော်၊ ဘယသီဟကျော်သူ၊ လက်ယာကျော်စွာထင်၊ သီဟတုရင်၊ လက်ဝဲမွေ့သီဟ၊ မဏိကျော်ခေါင်၊ သိရိဇေယသကြီ၊ နရာသူရိန်၊ ကျော်ထင်သူရ၊ ကျော်ထင်ဒေဝ၊ သိရိကျော်ထင်၊ လက်ယာကျော်စွာထင်၊ တုရင်တိဿကျော်၊တုရင်သမန္တသူ၊ ရန်အောင်စက္ကကျော်၊ နရာစန္ဒဥဒိန်ယော်ဓ၊ တုရင်လက်ဝဲ၊ တေဇစက္က၊ နရာ ဒေဝကျော်သူ၊ ဗလရဲကျော်၊ တုရင်သုနန္ဒ၊ ရဲခေါင် သီဟကျော့်သူ၊ ရဲကျော်ရာဇာ၊ သိရိကျော်ထင်၊ မွေ့စက္က၊ ရဲခေါင်ဒေဝ၊ သီဟယော်ဓ၊ အိန္ဒရာသူ၊ မွေ့ကျော်သူ၊ မွေ့ဒေဝ၊ စက္ကဝေရ၊ လက်ယာဂါမဏိ၊ရဲခေါင် စက္ကဝေ၊ သေနနရာကျော်၊ ဒိပဇောတ၊တေဇသူရကျော်၊ သုဝဏ္ဏပုညာ ကိတ္တိဝေသော်၊တုရင်လက်ယာကျော်၊ သူရိန်ယော်ဓ၊ ရန်အောင်ရဲလှ၊ လက်ဝဲသိရိကျော်၊ပျံချီနရာကျော်၊ ပျံချီဗလကျော်၊ ပျံချီရဲခေါင်၊အိန္ဒပျံချီ၊ ပျံချီတုရင်ကျော်၊ တုရင်သိရိကျော်၊ သူရရဲကျော်၊ စက္ကနရာ၊ ပျံချီဝေရ ကျော်၊ တုရင်ဇေယကျော်၊ အိန္ဒဗလသူ၊ တေဇဒေဝကျော်၊ ဇေတုကျော် စွာ၊ စက္ကသူရိန်၊ ရဲထင်သိရိ၊ တုရင်ဥဒိန်သူ၊ သူရိန်ဇေယ၊ ရာဇဝေရ ကျော်၊ ဂဇနရာ၊ ကမန်သူရ၊ သူရိန်ဘယ၊ သူရိန်သီဟ၊ သူရိန်ဗလ၊ ရာဇ ဒေဝကျော်၊ ရဲဖျားအင်းယည်၊ နန္ဒရာဇာ၊ ရဲထွတ်စန္ဒ၊ လက်ဝဲရန္တကျော်၊ စက္ကသိဒ္ဓိ၊ တုရင်ဝေရကျော်၊ တုရင်နန္ဒသူ၊ လက်ယာရန္တသူ၊ မဏိပျံထင်၊ သရေသမန်၊ ဘယကျော်သူ၊ ရဲခေါင်ဝဏ္ဏ၊တေဇယကမန်၊ စန္ဒရန္တကျော်၊ နရာသူရ၊ လက်ယာသူရကျော်၊ဗလပျံထင်၊ ရဲဘော်ဘယ၊ တေဇနရာ၊မွေ့ စန္ဒ၊ သီဟကျော်သူ၊ ရာဇဒေဝ၊ စက္ကသမန်၊ စက်ထွတ်ကျော်ခေါင်၊ ဥဒိန် သာဂသူ၊ စက္ကနန္ဒကျော်၊ ဒိဗ္ဗနရာ၊ ဒေဝကျော်သူ၊ ရာဇနန္ဒ၊ သိ်ခ်စန္ဒသူ၊ ဗလစံထင်၊ ဘယကျော်သူ၊ သိ်ခ်နရာ၊ ဂုဏ္ဏပျံထင်တို့ အရည်တူလူပေါင်း တရာ့ခြောက်ဆယ်ကို ဗလစည်သူကို သွေးသောက်ကြီးခန့်၍ ပြင်သွေး သောက်လာဘ် ဗလစည်သူ သွေးသောက် ဖွဲ့တော်မူသည်။

နောင်တော်ဘုရား နောက်တော်ပါ ဘယဂါမဏိ ကျော်ထင်၊ စန္ဒ ဂါမဏိကျော်သူ၊ ကျော်ထင်ဒေဝသူ၊ ဒေဝဗလကျော်သူ၊ လက်ဝဲသူရိယ၊ ဘသသမန်၊ကျော်ထင်နရာ၊ဥဒိန်သာရကျော်သူ၊လက်ဝဲပေါ်ထင်၊စန္ဒဝေရ

ကျော်ထင်၊ လက်ယာဝေလု၊ လက်ဝဲဇေယထင်၊ ဘယရာမကျော်၊ ပျံထင်သမန်၊ နရာသူရိန်၊ စက္ကသူ၊ သိရိကာယန၊ သမန်တေဇကျော်သူ၊ လက်ယာသူရိယ၊ သိဒ္ဓိဂဇထင်၊ စိတ္တသမန်၊ ရာဇဂါမဏိ၊ သမန်ဇေယကျော်၊ ရန်အောင်သူရကျော်၊ အင်းယည်ကာယသူ၊ ဇေတုနရာသူ၊ သူရိန်ရန်နိုင်၊ အင်းယည်စံကျော်၊ တပိန်သိခ်၊ ဂုဏ္ဏသမန်၊ ပျံဝေသမန်၊ သိရိအိန္ဒကျော်ထင်၊ တုရင်အိန္ဒသူ၊ တုရင် သူရကျော်၊ လက်ယာပေါ်ထင်၊ အင်းယည်ဒင်္ဂသူ၊ သာရတုရင်၊ ဒိန်မှတ်နရာ၊ နရာကျော်စွာ၊ တုရင်စည်သူ၊ သူရိန်တုရင်၊ ပျံချီသမန်၊ မာဃရာဇ၊တေဇဝေလုတို့ အရည်တူလူပေါင်းလေးဆွဲလေးကို စန္ဒဂါမဏိကျော်သူကိုသွေးသောက်ကြီးခန့်၍ ပြင်သွေးသောက် လက်ဝဲစန္ဒဂါမဏိကျော်သူ သွေးသောက်ဖွဲ့တော်မူသည်။

ညီတော်အမြင့်မင်းသား သုသိရိမဇ္ဈရာဇာ အမှုထမ်း ဘယရန္တမိတ်၊ သခေရသာရ၊သူရနရာကျော်ထင်၊ဝံသပစ္စည်း၊ ဇေတသမန်ကျော်ထင်၊နရာစက္ကကျော်၊ နရာသူရ၊ ကျော်ထင်နရာ၊ ပျံထင်ကျော်၊ ဇေယကျော်သူ၊ ဒေဝနန္ဒပစ္စည်း၊ သိဒ္ဓိနရာကျော်၊ နရာဒေဝကျော်ထင်၊ လက်ဝဲကျော်စွာ၊ နရာသမန်ကျော်၊ ပုညနရာကျော်၊ နရာသီရိ၊ နရာသူရကျော်၊ မဇ္ဈရဲသူ၊ ဒိပကျော်၊ နရာစန္ဒကျော်ထင်၊ ဇေယသမန်ကျော်၊ သိပ္ပနရာကျော်၊တုရင်လက်ယာ၊တုရင်နန္ဒ၊ ဂုဏ္ဏဒေဝကျော်၊ စန္ဒဝေရကျော်သူ၊ ဒိပသာရပစ္စည်း နရာနန္ဒကျော်၊ စက္ကသူရထင်၊ စန္ဒသူရန်၊ ဘယသူရကျော်သူ၊ ငကွယ်၊ ငအိ၊ ငကျန်၊ ငလှ၊ ငထွား၊ ငရွှင်၊ စန္ဒသူရိယ၊ ရာဇကျော်သူတို့အရည်တူလူပေါင်းသုံးဆွဲကိုးကို ဘယရန္တမိတ်ကို သွေးသောက်ကြီး ခန့်၍ ပြင်သွေးသောက်လတ် ဘယရန္တမိတ် သွေးသောက် ဖွဲ့တော်မူသည်။

ညီတော်သုသိရိမဇ္ဈရာဇာတွင် ခမည်းတော်လက်ထက် မြင်းနှင့်ထမ်းရွက်ရသူ လက်ဝဲရဲခေါင်၊ လက်ယာ ရဲခေါင်၊ ဒေဝနရာ ကျော်တင်၊ မဇ္ဈဝေသော်၊ ဘယတေဇ၊ လက်ယာရဲခေါင်ကျော်၊ တုရင်လက်ဝဲထင်၊ တုရင်လှ၊ တုရင်ပုညကျော်၊ တေဇသာရကျော်၊ ရဲလှသမန်၊ တေဇဂုဏ္ဏကျော်၊ တုရင်ရက္ခ၊ တုရင် ရက္ခကျော်၊ ဘယစန္ဒ ရာမကျော်သူ၊ ဘယရာမကျော်သူ၊ ရဲသူသမန်၊ တေဇရန်နင်းကျော်၊ ဥဒိန်ရဲနိုင်၊ တုရင်စိတ္တကျော် ဘယစိတ္တ၊ ဂဇရန်အောင်ကျော်၊ ရာဇတေဇကျော်၊ အိန္ဒရဲသူကျော်၊ တုရင်လှကျော်၊ တုရင်လက်ဝဲနေ၊ လက်ယာဒေဝကျော်၊ ဘယသီဟ၊ တုရင်ပုညထင်၊ ဘယတေဇ၊ လက်ယာသီဟ၊ ဗလရာဇာ၊ ဗလဝေရ၊ နရာသီဟ၊ တုရင်ရွှေတောင်ကျော်၊ နရာသီရိကျော်၊ သိခ်ဝဏ္ဏ

ကျော်၊ ဘယဝဏ္ဏ၊ တုရင်လက်ယာရ၊ အာကာရွှေတောင်ကျော်၊ တုရင်ရွှေတောင်၊ တုရင်စိတ္တ၊ တုရင်ဇလတို့ အရည်တူလူပေါင်း လေးဆွဲငါးကို လက်ဝဲရဲခေါင်ကို သွေးသောက်ကြီး ခန့်၍ ပြင်သွေးသောက်လတ် လက်ဝဲရဲခေါင် သွေးသောက်ဖွဲ့တော်မူသည်။

ညီတော် ဗဒုံမင်းသား သုဓမ္မရာဇာအမှုထမ်း သိဒ္ဓိဗလ ကျော်ထင်၊ ဒိပဝေရကျော်၊နရာသိဒ္ဓိကျော်ထင်၊ ဇောတကျော်၊ သီရိဝေသူကျော်၊သီရိဝေသူ၊ သီဟရဲတိုင်၊ သိဒ္ဓိသရေ၊ တုရင်ပုညာ၊ တုရင်ကဝေသူ၊ တုရင်ကရသူ၊ တုရင်စက်မီး၊ တုရင်စက်မှန်၊ တုရင်စကြာသူ၊ တုရင်ဝေ၊ တုရင်သီရိ၊ သမန်ရဲထွတ်၊ သမန်တုရင်၊ သမန်ရဲကျော်၊ သမန်ဒင်၊ သမန်ရဲလှ၊ သမန်ရဲသူ၊ သမန်စန္ဒ၊ သမန်ဂုဏ၊ ဇောတလ၊ ဇောတပေါ်၊ နရာပျံ၊ နရာရဲလှ၊ နန္ဒရာဇာသူ၊ တေဇနရာ၊ မဇ္ဈသူရ၊ သမန်တေဇ၊ဇောတသိန်၊ ဇောတလက်ယာ၊ ဇောတထင်၊ တုရင်ကဝိသူ၊ တုရင်ထင်သူ၊ ငဘို၊ ငခုံ ငစံထွန်း၊ တုရင်မှန်၊ ဇောတဝေ၊ ငညိုစိမ့်၊ ဇောတသူ၊ ငနုတို့အရည်တူလူပေါင်းငါးဆယ်ကို သိဒ္ဓိဗလကျော်ထင်ကို သွေးသောက်ကြီးခန့်၍ ပြင်သွေးသောက်လတ် သိဒ္ဓိဗလကျော်ထင် သွေးသောက် ဖွဲ့တော်မူသည်။

ဗဒုံမင်းသား သုဓမ္မရာဇာတွင် ခမည်းတော်ဘုရားလက်ထက် မြင်းနှင့် ထမ်းရွက်ရသည့် အဂ္ဂသေနကျော်၊ ဇီဝန်ရာကျော်၊ သမန်စန္ဒကျော်ထင် လက်ယာသူရိန်၊ သမန်ဂုဏ္ဏ၊ သမန်ဝေရကျော်၊ သမန်ရဲထင်၊ လက်ဝဲကျော်သူရ၊ မဏိသူရ၊ မဏိစန္ဒ၊ သမန်ဗလ၊ သမန်ဘယ၊ သမန်ရန္တ၊ သမန်ရာဇ၊ အင်းယည်ဇလ၊ ရန်အောင်ဂုဏ္ဏ၊ တုရင်သိဿကျော်၊ ရန်အောင် အင်းယည်၊ သူရရန်အောင်၊ အင်းယည်ကျော်၊ ရန်အောင်ပုညာ၊ ရန်အောင်တုရင်သူ၊ နရာရန္တ၊ ရန်အောင်တုရင်၊ ရန်အောင်အင်းယည်၊ သမန်နန္ဒ၊ သမန်ဇေယ၊ တုရင်လှသူ၊ နရာသေန၊ သူရိန်လှကျော်၊ လက်ဝဲသူရိန်၊ သီဟသူရိန်၊ ဇေယသူရိန်၊ ရန်အောင်သီဟ၊ သီဟပျံချီ၊ သမန်ဒေဝကျော်၊ တုရင်ကဝိ၊ တုရင်ဗလသူ၊ သမန်ရန်နိုင်၊ ဗန္ဓုသာရ၊ ဘယသူရိန်၊ နရာစက္က၊ နရာစိန္တကျော်သူ၊ သေနရာဇကျော်ထင်၊ သေနနန္ဒကျော်သူ၊ သမန်ဗလသူ၊ သမန်ပုညထင်၊ တုရင်နရာ၊ သိဒ္ဓိကျော်သူ၊ သမန်သူရ၊ သမန်စိတ္တ၊ တုရင်ဝန္တ၊ တုရင်ကဝေထင်၊ တုရင်ဝဏ္ဏသူတို့ အရည်တူလူပေါင်း ငါးဆွဲခြောက်ကို အဂ္ဂသေနကျော်ကို သွေးသောက်ကြီးခန့်၍ ပြင်သွေးသောက်လတ် အဂ္ဂသေနကျော် သွေးသောက်ဖွဲ့တော်မူသည်။

ညီတော်ပုခန်းမင်းသား သတိုးမဗ္ဗရာဇာ အမှုထမ်း အင်းယည်ပုံချီ ကျော်ထင်၊ အင်းယည်သီဟကျော်၊ အင်းယည်သိခ်၊ အင်းယည်သရေ၊ အင်းယည်ရက္ခိုက်၊ အင်းယည်ပုံသူ၊ အင်းယည်ဗန္ဓု၊ မနုကဝေ၊ မနုဒိဗ္ဗ၊ မနုစိန္တ၊ ရဲခေါင်ပုံချီ၊ စန္ဒသီဟဗိုလ်၊ တုရင်သာဂသူ၊ သမန်ရဲကျော်၊ အင်းယည်သိရိ၊ မနုသူရ၊ အင်းယည်ကျော်ထင်သူတို့ အရည်တူလူပေါင်း တဆဲ့ခုနစ်ကို အင်းယည်ပုံချီကျော်ထင်ကို သွေးသောက်ကြီးခန့်၍ ပြင် သွေးသောက်လတ် အင်းယည်ပုံချီကျော်ထင် သွေးသောက် ဖွဲ့တော်မူ သည်။

ညီတော် ပုခန်းမင်းသား သတိုးမဗ္ဗရာဇာတွင် ခမည်းတော် ဘုရား လက်ထက် မြင်းနှင့် ထမ်းရွက်ရသည့် လက်ယာဂါမဏိကျော်၊ အင်းယည် ဘီလူး၊ အင်းယည်ပုံချီ၊ မနုသီဟသူ၊ အင်းယည်ပုံထင်၊ အင်းယည်ကျော် သူ၊ အင်းယည်မနု၊မနုသိရိ၊ မနုသာရ၊ မြေတ်သာ၊ ကြော၊ ရော၊မြတ်စံ၊ ထွန်းသာတို့ အရည်တူလူပေါင်းတဆဲ့ငါးကိုလက်ယာဂါမဏိကျော်ကို သွေးသောက်ကြီးခန့်၍ ပြင်သွေးသောက်လတ် လက်ယာဂါမဏိကျော် သွေးသောက်ဖွဲ့တော်မူသည်။

ညီတော်ပင်းတလဲမင်းသား သတိုးမင်းစော အမှုထမ်း နန္ဒဇေယထင်၊ ဇေယသူရ၊ သရေဝေသူ၊ သရေဝေရ၊ လှ၊လုံး၊ မွေး၊ ထွား၊ မြတ်လှ၊မှုံ၊ အိပ်၊ ထွန်း၊ ပြေ၊မြတ်၊ စံမှတ်ငယ်၊ ပြည့်၊ မွေး ငယ်၊ စံသာ၊ မြတ်ငယ်၊ ဦး၊ ရောမျိုး၊ ငြိမ်း၊ ငြိမ်းငယ်၊ နန်း ရာ၊ စံမှတ်ကြီး၊ ချမ်းငြိမ်း၊မြတ်ဦး၊ သာစံ၊ မြတ်ညွန့်၊ ကြောရိုး၊ ခွေးကြီး၊ မြတ်ဆွန်း၊ ကျိုင်း၊ကျော်မြတ်၊ရွှေအိုး၊ ရွှေဦးငယ်၊ ခွေးငယ်၊ မြတ်ဦးငယ်၊ ဖျော်၊ ကုလား၊ မြတ်ထွန်း၊ ပုလဲ၊ ကောင်း၊ ရော၊ ပြေငယ်၊ သာ၊ ဖြေပု၊ ပန်းဖူ၊ ချမ်းပုံ နက်၊ ဝက်၊ လူကလေး၊ စံပေါ်၊ ကျော်ပုံ၊ ထင်၊ ထွား၊ သာထွန်း၊ မြတ်ထွန်း၊ အိပ်တို့အရည်တူ လူပေါင်း ခြောက်ဆယ်ကို နန္ဒဇေယ ထင်ကိုသွေးသောက်ကြီးခန့်၍ နန္ဒဇေယထင်သွေးသောက်ဖွဲ့တော်မူသည်။

ညီတော်ပင်းတလဲမင်းသား သတိုးမင်းစောတွင် ခမည်းတော်ဘုရား လက်ထက်တော် မြင်းနှင့် ထမ်းရွက်သူ တုရင်သာရကျော်သူ၊ တုရင်ထင် ကျော်၊ အင်းယည်ရာဇသူ၊ တုရင်စက္ကသူ၊ လက်ယာတုရင်၊ သာရတုရင်၊ မဏိတုရင်၊ ကျော်ထင်ဇေယသူ၊ ထွန်း မြတ်ဖူ၊ လင်း၊ တုရင်စန္ဒ၊ ချစ်ပုံ၊ ဖြိုးအောင်၊ မြတ်သာ၊ ထွေး၊ အင်းယည်ပုံထင်၊ ဇေယ

ထင်၊ မဏိအင်းယည်၊ ရန်ထွင်အင်းယည်၊ ဇေယကျော်၊ဇေယသိရိ၊တုရင်စက္က၊ လက်ယာဘီလူး၊ ရန်အောင်အင်းယည်၊ ဒေအိပ်၊ ငမြတ်အောင်၊ ငစံပ၊ ငမွေး၊ ငပျော်၊ ငချမ်းပုံ၊ ငမြတ်သူ၊ ငရွှေပြည်၊ ငဖြိုးအင်၊ ငချမ်းဖြိုး၊ ငကောင်း၊ ငမြတ်၊ ငမြတ်သာ၊ ငကြော့တို့ အရည်တူလူပေါင်း သုံးဆဲ့ကိုးကို တုရင်သာရကျော်သူကို သွေးသောက်ကြီးခန့်၍ ပြင်သွေးသောက်လတ် တုရင်သာရကျော်သူ သွေးသောက်ဖွဲ့တော်မူသည်။

### ယိုးဒယားသို့ ဒဝယ်စစ်သည်အများ ချီတက်စေခြင်းနှင့် ကသည်းပြည်ကိုသိမ်းယူ၍ နိဗ္ဗာန်ဆိပ်ဦးစေတီ တည်တော်မူခြင်း

ထိုအခါ အမိန့်တော်ရှိသည်ကား…ယိုးဒယား တိုင်းပြည်သည် မည်သည့်ကာလတွင်မျှ ထီးနန်းနှင့်တကွ နာနာကျည်းကျည်း ပျက်စီးဘူးသည်မရှိချေ၊ ဇင်းမယ်ကြောင်းချီစေသည့် နေမျိုးသီဟပတေ့တို့နှင့်သာ အရေးပြီးလွယ်မည်မဟုတ် ဒဝယ်ကြောင်းကလည်း ဟံသာဝတီ, မုတ္တမ, မြိတ်, ဒဝယ်အားနှင့် စစ်တကြောင်းချီတက်လုပ်ကြံစေသည်ဖြစ်မှ အရေးတော်ပြီးလွယ်မည်–အမိန့်တော်ရှိပြီးလျှင် မဟာနော်ရထာတတပ်၊ မင်းကြီးဂါမဏိစန္ဒတတပ်၊ မင်းကြီးဇေယသူတတပ်၊စတုဂါမဏိတတပ်၊ မင်းငယ်ဗလတတပ်၊ နော်ရထာကျော်စွာတတပ်၊ နန္ဒာယကျော်ထင်တတပ်၊ သီရိဇေယကျော်စွာတတပ်၊ သီရိရန္တမိတ်ကျော်ထင်တတပ်၊ ရန်ငူသီရိကျော်ထင်တတပ်၊လက်ယာသိင်္ခကျော်သူတတပ်၊ ရွှေတောင်ဇေယကျော်စွာတတပ်၊ ကျော်ထင်ဇေယကျော်တတပ်၊ ရွှေတောင် ဇေယသူတတပ်၊ ရွှေတောင်ပေါ်ထင် တတပ်၊ ခေမရာဇာတတပ်၊ သူရိန်တန်ဆောင် တတပ်၊ သမိန်ကျော်ခေါင်တတပ်၊ ကုလားမိုလ်တတပ်၊ လက်ဝဲခေါင်ထွတ် မြင်းတပ်၊ ဥဒိန်ဘီလူးမြင်းတပ်၊ သူရိန်ရန်နိုင်မြင်းတပ်၊ အာကာကျော်ထင်မြင်းတပ်၊ သိင်္ခကျော်စွာမြင်းတပ်၊ ဒီပပစ္စည်းမြင်းတပ်၊ရဲဘေယမြင်းတပ်၊ ရွှေတောင်ကျော်စွာ မြင်းတပ်၊ သီရိကျော်ထင် မြင်းတပ်၊ သူရိန်ကျော်ခေါင် မြင်းတပ်၊ သည်တပ်ပေါင်း သုံးဆယ်တွင် ပါသည့် တိုက်ဆင်တရာ, မြင်း တထောင်, စစ်သည်သူရဲ နှစ်သောင်းနှင့် နေမျိုးဂုဏ္ဏရတ်၊ တုရင်ရန်အောင်ကျော်တို့ကို စစ်ကဲ, မဟာနော်ရထာကို အချုပ်ခန့်တော်မူ၍ သက္ကရာဇ် (၁၁၂၆) တထောင့်တရာ့ နှစ်ဆဲ့ခြောက်ခု နတ်တော်လဆန်းရှစ်ရက်နေ့ ဒဝယ်ကြောင်း ယိုးဒယားသို့ ချီစေ၏။

မဏိပူရကသည်းစော်ဘွားလည်း ခမည်းတော်ဘုရားပြန်တော်မူသည့်နောက် မြို့ပြ ထီးနန်း အဖြိုးအခိုင် တည်ထောင်နေပြန်၍ တိုင်းနိုင်ငံတော်အစွန်းအနားမြို့ရွာများကိုဖျက်ဆီးနှောင့်ရှက်ပြန်ကြောင်းနှင့် ဘဝရှင်မင်းတရားကြီးဘုရားကြားတော်မူလေလျှင် ကသည်းသို့ချီတော်မူမည်ကို စီရင်ခန့်ရန်တော်မူသည့်တပ်စဉ်ကား–တုရင်သိပ္ပမြင်းတပ်၊တုရင်သစ်မြင်းတပ်၊ သူရိန်ရာဇာမြင်းတပ်၊ ရန်နိုင်စက်မြင်းတပ်၊လက်ယာပုံချီမြင်းတပ်၊ကျော်ထင်ဒေဝမြင်းတပ်၊ရဲထင်အာကာမြင်းတပ်၊ဂဇရန်အောင်မြင်းတပ်၊ သူရိန်တေဇမြင်းတပ်၊သူရိန်စက္ကမြင်းတပ်၊မင်းရဲအောင်ထင်ဆင်တပ်၊ကျော်ထင်မိုးဆင်တပ်၊ မင်းရဲမင်းလှဉဇနာတတပ်၊ လက်ဝဲဝင်းမှူးတတပ်၊ဆားလင်းကုန်းဗိုလ်တတပ်၊ မင်းရဲအောင်ဝေတတပ်၊ ကျော်ထင်ရန်အောင်တတပ်၊ ဇေယဝနုနာတတပ်၊ ကွေ့ဗိုလ်တတပ်၊ လေးတောစားတတပ်၊ ကသည်းဝန်နေမျိုးပုံချီတတပ်၊ ငွေခွန်ဝန် နေမျိုးဂါမဏိတတပ်၊သူရဲဝန်ဇေယဂါမဏိတတပ်၊ ဇယ်ရစက်တတပ်၊ မင်းငယ်ကျော် တတပ်၊ အမြောက်ဝန်နေမျိုးသိရိတတပ်၊ ထီးလင်းစော်ဘွားတတပ်၊ ယောစော်ဘွား တတပ်၊ ဝန်းသိုစော်ဘွားတတပ်၊ မိုးကောင်းစော်ဘွားတတပ်၊ မိုးညှင်းစော်ဘွား တတပ်၊ တလုံးစားတတပ်၊ သည့်တပ်ပေါင်း သုံးဆဲ့နှစ်တပ်၊ တိုက်ဆင်သုံးရာ, မြင်းတထောင်, စစ်သည်သူရဲ တသောင်း ငါးထောင်ကို ကြည်းကြောင်း နတ်ကျွန်းအောင်မြေသို့ ချီနှင့်စေ၏။

ဘဝရှင်မင်းတရားကြီးဘုရားမှာ မင်းရဲရန်နောင် တတပ်၊ မြေထဲစားတတပ်၊ မြစ်ချေစား တတပ်၊ ကျောက်ကာဗိုလ် တတပ်၊ စာရေးဗိုလ်တတပ်၊ ရေတွင်းခေါင်းဗိုလ် တတပ်၊ ရွာသစ်ကြီးဗိုလ် တတပ်၊ အောင်သာဗိုလ် တတပ်၊ သမန်သာဗိုလ် တတပ်၊ မြင်းမွေးဗိုလ် တတပ်၊ ရွှေတောင်ဝေရကျော်ထင်တတပ်၊ မဏိစက် တတပ်၊ ငွေတောင်ကြီး တတပ်၊ အရေးလွှန်တတပ်၊ အာကာကျော်စွာတတပ်၊ တုရင်သာရကျော်တတပ်၊ အိန္ဒပုံချီတတပ်၊ အဂ္ဂကျော်စွာ တတပ်၊ စလေစားတတပ်၊ မဏိကျော်ခေါင်တတပ်၊ သည့်တပ်ပေါင်း နှစ်ဆယ်တွင် စစ်သည်သူရဲ တသောင်းသုံးထောင်,တပ်မတော်တွင် ရှေ့ဝင်းတပ် စစ်သည်သူရဲသုံးထောင်,လက်ယာဝင်းတပ် စစ်သည်သူရဲ သုံးထောင်, လက်ဝဲဝင်းတပ် စစ်သည်သူရဲသုံးထောင်, နောက်ဝင်းတပ် စစ်သည်သူရဲ သုံးထောင်, တပ်မတော်နှင့်တကွ တပ်ပေါင်း နှစ်ဆဲ့လေးတပ်တွင်ပါသည့် သူရဲ နှစ်သောင်း ငါးထောင်ကို လှေတပ်ခန့်၍စီရင်တော်မူပြီးလျှင် မယ်တော်ဘုရား,နှမတော်

ဘုရား, ညီတော် အမြင့်မင်း, ဗဒုံမင်းတို့နှင့်တကွ ဘဝရှင် မင်းတရားကြီး ဘုရား ရတနာသိင်္ဃနေပြည်တော်က ကျောက်မြောင်းဆိပ်တော်သို့ ဆင်းတော်မူ၍ ရတနာရွှေဖောင်တော်ဝယ် သိကြားမင်းအသရေကဲ့သို့ စံပယ်တော်မူလျက် ရွှေဖောင်တော်ရှေ့နောက်ဝဲယာ ကတ္တူလွန်းကြင်, လက်သင်,လှော်ကား, သားရဲရုပ်လှေ, သက္ကဒါန်, သမ္ဗန်, ရွှေလှေရွှေလောင်းများတွင် နတ်ယောကျ်ားကဲ့သို့သော ဗိုလ်မှူးတပ်မှူး လက်နက်စွဲသူရဲတော်တို့ အောင်တံခွန်ဖြန့်ပြီးလျှင် စည်ကြီး, ဒုံမင်း, ခရုသင်း ခွက်ခွင်း, နရည်းဆရာ, ခရာတံပိုး ကြော်ငြာကြွေးဟစ်၍ မြစ်လုံးငြိမ့်ငြိမ့်မွှမ်းလျက် ရတနာရွှေဖောင်တော်ကြီးနောက် မယ်တော်ဘုရား, နှမတော်ဘုရားတို့စီးတော်မူသည့် ရွှေဖောင်၊ ယင်းကမှ ညီတော်အမြင့်မင်း, ဗဒုံမင်းတို့ကို အလုံးအရင်းနှင့်တကွ နောက်အုပ် ထားတော်မူ၍ သက္ကရာဇ် (၁၁၂၆) တထောင့်တရာ့နှစ်ဆဲ့ခြောက်ခု ပြာသိုလပြည့်ကျော်ဆယ်ရက် သောကြာနေ့ ကသည်းမြို့သို့ ချီတော်မူသည်။

အင်းဝစစ်ကိုင်းမှစ၍ ရောဝတီမြစ်စဉ်တလျှောက် ဘုရားပုထိုးများကို မယ်တော်, နှမတော်, ညီတော်များနှင့် ပူဇော်တော်မူသည်၊ မြစ်ဆုံသို့ရောက်မှ သလ္လာဝတီချင်းတွင်းမြစ်ကိုဆန်တက်တော်မူသည်၊ သလ္လာဝတီမြစ်စဉ်တလျှောက် ဘုရားပုထိုးများကိုလည်း ပူဇော်တော်မူသည်၊ရွှေစာရေးဝန်ဘိုသို့ရောက်လျှင် မယ်တော်ဘုရား, နှမတော်ဘုရား, ညီတော်အမြင့်မင်း ဗဒုံမင်းတို့တို နေပြည်တော်သို့ ပြန်လည်စေ၍ ဆန်တော်မူသည်၊ နတ်ကျွန်းအောင်မြေသို့ ရောက်လျှင် နတ်ကျွန်း အောင်မြေကို သာထွန်းနန်းမြေ သမုတ်တော်မူသည်၊ ရေတပ်ဆိုသမျှကိုလည်း ကြည်းတပ်ဖွဲ့တော်မူ၍ ရွှေဦးချီစေသည့် ကြည်းတပ်များနှင့် တကွ ချင်းတွင်းမြစ်ကိုကူး၍ ကာ်ဘစိန်ကြောင်း ချီတော်မူသည်။

ကသည်းစော်ဘွားလည်း ချီတော်မူသည် ကြားသိ၍ တောင်ကမ်းခရီးခဲယဉ်း ကျဉ်းမြောင်းသည့် လမ်းပေါက် လမ်းဝဆိုသမျှက အသွယ်သွယ် ၁၀၀ အင်ကြီးအားကြီး အလုံးအရင်းနှင့်ချည်း ဆီးဆို့ ရပ်ခံနှင့်သည်ကို ဗိုလ်မှူး တပ်မှူး သူရဲတော်တို့ ရှပ်ရှပ်သိသိ တိုက်လံ ချင်းဖောက်လေလျှင် ကသည်းစော်ဘွားက ခံနှင့်သည့်တပ်ဆိုသမျှ ပျက်၍ ကသည်းစော်ဘွား သားမယားနှင့်တကွ တမြို့လုံး တောအုံတောင်ကမ်းကြီးရာ ခိုဝင်ထွက်ပြေးကြသည်ကို ဗိုလ်မှူးတပ်မှူးသူရဲကောင်းတို့ ပြေးလေရာတိုင်း လိုက်လံဖမ်းဆီးသည်။

ဘဝရှင် မင်းတရားကြီးဘုရားလည်း ကသည်းမြို့ကို အောင်မြင်တော်မူလျှင် ကသည်းစော်ဘွားထွက်ပြေးလေရာလိုက်သည့် တပ်တော်များကို ခေါ်သိမ်းတော်မူပြီးလျှင် ကသည်းတမြို့လုံး ယောကျ်ားမိန်းမတို့ကို သိမ်းရုံးတော်မူ၍ ထိုနှစ် တန်းခူးလပြည့်ကျော်သုံးရက် ဗုဒ္ဓဟူးနေ့ ကသည်းမြို့က နေပြည်တော်သို့ ပြန်တော်မူသည်၊ ရတနာသိင်္ခ နေပြည်တော်သို့ ရောက်တော်မူလျှင် မြို့တော်၏ အနောက်တောင်ယွန်းအရပ်တွင် စေတီတည်တော်မူပြီးလျှင် နိဗ္ဗာန်ဆိပ်ဦးဟု သမိုက်တော်မူ၍ ဝတ္ထုကံမိုးမြေ လှူတော်မူ၏။

## အဝမြို့တော်ကို အသစ်ချဲ့ဖွင့်၍ တည်တော်မူခြင်း

သက္ကရာဇ် (၁၁၂၇) တဆောင့်တရာ့နှစ်ဆဲ့ခုနစ်ခု၊ ဝါခေါင်လဆန်း ခုနစ်ရက် အင်္ဂါနေ့ ညလေးချက်တီးကျော် မကာရလဂ်၊ ကြကင့်တွင် အင်္ဂါ, ဗုဒ္ဓဟူး,ကြာသပတေး,တနင်္ဂနွေ၊ သိဟ်တွင် သောကြာ၊ ကန်တွင် တနင်္လာ၊ ပြိဿတွင် စနေ၊ ကုံတွင် ရာဟု၊ ကောင်းမြတ်သော မင်္ဂလာ အခါတော်၌ ရတနာပူရ အင်းဝရွှေနန်းကို တည်တော်မူသည်၊ မြို့တော် ရွှေနန်းတော်စသော အလုံးစုံ လုပ်ဆောင်စီရင်ပြီးပြေလျှင် ရတနာသိင်္ခ နေပြည်တော်က ထိုနှစ် နတ်တော်လဆန်း တဆဲ့ငါးရက် ကြာသပတေး နေ့ ကျောက်မြောင်း ဆိပ်တော်သို့ ဆင်းတော်မူ၍ ရွှေဖောင်, ရွှေလှေ များစွာသော ဗိုလ်ပါဆင်မြင်း အလုံးအရင်းနှင့် ကြည်းဘက် ရေဘက် ပြောင်းချီတော်မူ၍ သက္ကရာဇ် (၁၁၂၇) တဆောင့်တရာ့ နှစ်ဆဲ့ခုနစ်ခု၊ နှောင်းတန်းခူးလဆန်း တဆဲ့တရက် ကြာသပတေးနေ့ နံနက်လေးချက် တီးကျော် နေဝန်းပေါ်၊ မိန်တွင် လက်နှင့် တနင်္ဂနွေ,ဗုဒ္ဓဟူး, သောကြာ၊ ပြိဿတွင် စနေ၊ ကြကင့်တွင် စန်းနှင့်ကြာသပတေး၊ ဓနုတွင် အင်္ဂါ၊ ကုံတွင်ရာဟု ကောင်းမြတ်သောမင်္ဂလာအခါတော်တွင် ရတနာပူရ အင်းဝ ရွှေနန်းတော်ကို သိမ်းတော်မူ၏။

ထိုအခါ ရတနာပူရအင်းဝနေပြည်တော်၌ မင်းမှူးမင်းမတ်သူရဲသူခက် ရဲမက်ဗိုလ်ပါ,သူဌေးသူကြွယ်,ပုဏ္ဏား,ဇော်ဂီ, တပသီစသော တရာ့တပါး သော လူမျိုးအပေါင်းတို့နှင့် အရိယာ သင်္ဃာတော်အပေါင်းတို့သည် မြေပြင်မလပ် အထပ်ထပ်ရှိလေလျှင် ဘဝရှင်မင်းတရားကြီးဘုရား အမိန့် တော်ရှိသည်ကား…ယခု စံနေတော်မူသည့် ရတနာပူရ အင်းဝရွှေမြို့ တော်သည် သတိုးမင်းဖျားတည်ထောင်စဉ်ကာလက ဤနေရာသည် ပတ်

လည် အင်းကိုးအင်းနှင့်ရှိသော ချိုင့်ဝှမ်းလှသည့် အရပ် ဖြစ်လေသည် တကြောင်း၊ ပဌမတည်ထောင်ဦးဖြစ်၍ တိုင်းမူပြည်မှု လုပ်ရေးကိုင်ရေး များလှသည်ဖြစ်၍လည်း တကြောင်း၊ ထီးလှိုင်ဂူကုန်းကို အခြေပြု၍ မြေ ကုန်းမြင့်ရာတွင်ရွှေသာ မြို့တည် ရလေသည့် ဖြစ်သောကြောင့် ရဟန်း ရှင်လူ ပြည်သူအပေါင်းတို့ မမှီမနိုလောက်ရှိရလေသည်၊ မဟာရာဇဌာနီ မင်းနေပြည်ကြီး ဆိုသည့်အရာသည် ရဟန်း၊ ရှင်လူ၊ ပြည်သူ သတ္တဝါ အပေါင်းတို့ မှီခိုရအောင် မြို့ကြီးပြကြီး အဖြိုးအခိုင် တည်ထောင်ရသည် ဖြစ်မှ ပြည်ကိုမှီ၍ သီတင်းသုံးနေကုန်သော အရိယာသဿာတော်မြတ်တို့ သည် စိတ်နှလုံး နှောင့်နှေးခြင်းကင်း၍ ပရိယတ္တိ၊ ပဋိပတ္တိ သင်ကြားကျင့် ဆောင် ပွားများနိုင်ရာသည်၊ ပြည်သူလူတကာ သတ္တဝါ အပေါင်းတို့ လည်း စိတ်ကျ နှလုံးကျ လုပ်စားဆောင်စား စီးပွားတိုးတက်၍ ဒါန သီလပွားများရာသည်၊ ယင်းသို့ဖြစ်မှလည်း ပြည်ထဲရေး လေးမျက်နှာ ပွင့်လင်းသာယာ၍ ဘုရားသာသနာတော် ထွန်းတောက်ရာသည်၊ သာ သနာတော် ထွန်းတောက်လျက် ပြည်ထဲလေးမျက်နှာ ပွင့်လင်းသာယာ သည်ဖြစ်မှလည်း သာသနဒါယကာ ငါအရှင် ကောရာဇ်မင်းမြတ်သည် သဗ္ဗညုဘုရားဆုကို ပြည့်ရာသည်၊ မဏ္ဍိမတိုက် ဝေသာလီ ပြည်ကြီးဝယ် ရှင်လူသတ္တဝါအပေါင်းတို့ အမှီအခိုရအောင် မင်းနေပြည်ကြီးကို ဖွင့်၍ တည်ပြန်လေသကဲ့သို့ မြို့တော်ကြီး အသစ်ဖွင့်၍ ငါတည်တော်မူမည်ဟု အမိန့်တော်ရှိပြီးလျှင် ပဌမရွှေမြို့တော် ကျော်ဘုံတံခါး အနောက်က ဆက်၍ တောင်ကျုံးနင်းကြမ်းကိုကူးပြီးလျှင် ဟံသာကျ ဘုရား၊ ခါးပန်းနီ ကျောင်းတိုက်၊ မိဂဒါဝုန်တိုက်၊ ငါးဆူကျောင်းတိုက်၊ရတနာမဥ္ဇူဘုရား၊ ရှင်ပင်ကေတုဘုရား၊ မင်းတရားမြင်းကွက်ရပ်၊ ညောင်စဉ် ရွှေကျောင်း တိုက်၊ ဝေဠုဝန်တိုက်၊ စံခကျောင်းတိုက်၊ မဟာမြတ်မုနိဘုရား၊ ဝေသာလီ တိုက်၊ ဟသ်ာဂိရိဘုရား၊ မကုလပဗ္ဗတတိုက်၊ဌာန်တလျည်ကျောင်းတိုက်၊ တာဝတိံသာတိုက်၊ ဆုတောင်းပြည့်ဘုရားများကို အတွင်းထားပြီးလျှင် ရွှေမြို့တော် အရှေ့မျက်နှာကို မော်ယွန်းငါးချက်ချိုး၍ ဇင်းမယ်တံခါး၊ မုတ္တမတံခါး၊ မိုးကောင်းတံခါး၊ စိတ္တကုင်တံခါးဟု မော်ကွန်းစိုက်တော်မူ ပြီးလျှင် မြို့တော်ကြီး အရှေ့မျက်နှာမှာ တံခါးလေးတံခါး ထားတော် မူသည်။

ဌာန်တလျည်ကျောင်းတိုက်၊ဆုတောင်းပြည့်ဘုရားကသည် အနောက် ကိုလှည့်၍ မိုးထိကျောင်းတိုက်ကို ပြင်ထားပြီးလျှင် တောင်ပလူကုန်း၊

ဖျူသီဘုရား၊ လောကထိပ်ဦးဘုရား၊ ညောင်ရွှေကျောင်းတိုက်၊သံသုမာရဂိရိ ကျောင်းတိုက်၊ မင်္ဂလာကျောင်းတိုက်၊ ဃောသိတာရုံကျောင်းတိုက်၊ ညောင်စောက် ကျောင်းတိုက်၊ ပလလည်းတိုက်၊ ညောင်ရွှေ ကျောင်းတိုက်၊ အိမ်ရွှေကျောင်းတိုက်၊ ဂဇင်္ဂလနာလပုဏ္ဏားတိုက်များကို အတွင်း ထားပြီးလျှင် ရွှေမြို့တော် တောင်မျက်နှာကို မော်ယွန်းကိုးချက် ချိုး၍ ကိုင်းမားတံခါး၊ ဟံသာဝတီတံခါး,မျဉ်းကဲတံခါး,အုန်းဘောင်တံခါးဟု မော်ကွန်းစိုက်ပြီးလျှင် မြို့တော်ကြီးတောင်မျက်နှာမှာ တံခါးလေးတံခါး ထားတော်မူသည်။

ဂဇင်္ဂလနာလပုဏ္ဏားတိုက်ကသည် မြောက်ကိုလှည့်၍ ခေါင်ထိပ်မိုး ခေါင်ထိပ်ပန်းဘုရား၊ ဝေရဠုကျောင်းတိုက်၊ တောင်လေးလုံးဘုရား၊ မြင်းမိုရ်ဘုရား၊ အောင်နန်းကျော်ဘုံကျောင်းတိုက်၊စာလိယပဗ္ဗတတိုက်၊ မင်းကျောင်းတိုက်၊ ဇေတဝန်တိုက်၊ လောကသရဘူဘုရားကို အတွင်း, ဆင်ကျုံးကို ပြင်ထားပြီးလျှင် ဧရာဝတီမြစ်ဆိုက် ရွှေမြို့တော်အနောက်မျက်နှာကို မော်ယွန်းတဆဲ့တချက်ချိုး၍ ဂန္ဓာလရာဇ်တံခါး, ကျိုင်းရဲတံခါး, စန္ဒပူရီတံခါး, ကျိုင်းရုံးတံခါးဟု မော်ကွန်းစိုက်ပြီးလျှင် မြို့တော် အနောက်မျက်နှာမှာ တံခါး လေးတံခါး ထားတော်မူသည်။

လောကသရဘူဘုရား အနောက်မြောက် ဧရာဝတီမြစ်ကသည် အရှေ့ကိုလှည့်၍ မြသိန်းတန်ဘုရား၊ ဘားတမေ့ ကျောင်းတိုက်၊ နိဗ္ဗြာမာရုံတိုက်၊ နန်းကျောင်းတိုက်၊ အာဠဝီတိုက်၊ မြောက်နန်း ကျောင်းတိုက်၊ ရွှေကြာပင် ကျောင်းတိုက်၊ ရန်အောင်မြင်ဘုရား၊ ရန်အောင်မြင် သိမ်များကို အတွင်း ထားပြီးလျှင် ပဌမရွှေမြို့တော် အနောက် မြောက်ထောင့်သို့ အဆိုက် ရွှေမြို့တော် မြောက်မျက်နှာကို မော်ယွန်းငါးချက်ချိုး၍ တနင်္သာရီတံခါး, ယိုးဒယားတံခါးဟု မော်ကွန်း စိုက်ပြီးလျှင် မြို့တော်၏ မြောက်မျက်နှာ တံခါး နှစ်တံခါး ထားတော်မူသည်။ ။ ထိုသို့ ရွှေမြို့တော်ကြီး လေးမျက်နှာ တံခါး တဆဲ့လေးတံခါး၊ ပဌမရွှေမြို့တော်က တံခါးကိုးတံခါးနှင့်သော် တံခါးပေါင်း နှစ်ဆဲ့သုံးတံခါး ထားတော်မူသည်။

ရွှေမြို့တော်ကြီး ပတ်လည်ဝန်ကျင်ကိုလည်း အစောင့် တဆဲ့နှစ်တောင် အချဉ်းတဆဲ့ငါးတာရှိသော နက်ဖွမ်းကြီးကျယ်သော ကျုံးစီရင်တော်မူပြီးလျှင် သက္ကရာဇ် (၁၁၂၈) တထောင့် တရာ့ နှစ်ဆဲ့ရှစ်ခု၊ ပြာသိုလဆန်းဆယ်ရက် သောကြာနေ့၊ ညလေးချက်တီးကျော် တနာရီ၊ နှစ်

ပါဒ်၊ သိဟ်လက်၊ ကန့်တွင် ကြာသပတေး၊ ပြဿတွင် စန်းနှင့်စနေ၊ တူ
တွင် သောကြာ၊ မြိန္တာတွင် တနင်္ဂနွေ, ဗုဒ္ဓဟူး၊ ကုံတွင် အင်္ဂါ, ရာဟု၊
တိထိတလုံး၊ တဆဲ့သုံးဃဋီ၊ နက္ခတ်သုံးလုံးနှစ်ပါဒ်၊လေးဆဲ့သုံးဃဋီ၊ကြတ္တိ
ကာနက္ခတ်မွန်းတည့် ကောင်းမြတ်သော မင်္ဂလာ အခါတော်တွင် ပဌမ
ရွှေမြို့တော်ဟောင်းဘ်ဆက်၍ အဝန်းတာပေါင်း နှစ်ထောင့်ခုနစ်ရာ့ငါး
ဆယ်ရှိသော ရွှေမြို့တော်ကြီးကို တည်တော်မူသည်၊
ဒုတ္တာဝတီ မြစ်ငယ်ကိုလည်း ဘလဲ့ဘအရပ်က တူးဖောက်၍ မြို့တော်
တောင်ကို လက်ယာရစ်လှည့်ပြီးလျှင် အနောက်ကို လုံးတော်ပေါက်နှင့်
ပေါင်း၍ မြောက်ဧရာဝတီမြစ်ကိုစီးဆင်းစေသည်၊ ယင်းသည့်မြစ်ကိုလည်း
မြစ်သာဟု သမိုက်တော်မူ၏။

ယင်းသောအခါ ရတနာပူရ အင်းဝ မဟာရာဇဌာနီ မင်းနေပြည်
တော်ကြီးသည် ဝပြောစည်ပင်လှသည်ဖြစ်၍ ပြည်တွင်း ပြည်ပ၌ နေကုန်
သော သူဌေး,သူကြွယ်, ပုဏ္ဏား, ဇော်ဂီ, တပသီ, တရာ့တပါးသော လူ
မျိုးအပေါင်းတို့သည် မြေပြင်ဝယ်မလစ် အထပ်ထပ် အပြည့်အနှက် မရေ
တွက်နိုင် များပြားလှလေလျှင် ဆင်သံ,မြင်းသံ, ရထားသံ, စည်ကြီး ပတ်
သာသံ, ခရုသင်းခရာတံပိုးသံ, စားလှာလှည့်ကုန်ဆိုသော အသံ, သောက်
လှာလှည့်ကုန်ဆိုသော အသံတို့သည် သဲသဲရုတ်ရုတ် အုတ်အုတ် ကျက်
ကျက် နေ့ညဉ့်မဆိတ်မညံဖြစ်လေသည်။ ။ထိုနှစ် ကဆုန်လဆန်း ငါး
ရက် ကြာသပတေးနေ့ စစ်ကိုင်းမြို့ အရှေ့မြောက်ယွန်း တောင်ဘီလာ
မင်းဝံတောင်ရိုး အနောက်တွင် ကြက်သွန်ခင်း ဆရာတော် သီတင်းသုံး
နေတော်မူရန် တောရ သုံးထပ်ဇေတဝန်ရွှေကျောင်းဆောက်လုပ်တော်
မူသည်။

## ဇင်းမယ်, လင်းဇင်း, ယိုးဒယားကို အောင်တော်မူခြင်း

ဇင်းမယ်ကြောင်းချီလေသော နေမျိုးသီဟပတေ့တို့ တပ်စုလည်း မိုးနဲ
မြို့သို့ရောက်လျှင် မြေလတ်စော်ဘွားမြို့စားတို့ကို လူသုံးထောင် စည်းကြပ်
စေ၍ မိုးနဲစော်ဘွားတတပ်၊ ညောင်ရွှေစော်ဘွားတတပ်၊ ရပ်စောက်မြို့
စားတတပ်၊ မိုင်းနိုင်းမြို့စား တတပ်၊ လဲချားမြို့စားတတပ်၊ မိုင်းစိတ်မြို့စား
တတပ်၊ မိုင်းပွန်မြို့စား တတပ်၊ သည်ခုနစ်တပ်ကို ရွှေထား၍ နေမျိုး
သီဟပတေ့တို့တပ်စု မိုးနဲကချီ၍ ကျိုင်းတောင်းမြို့သို့ရောက်လျှင် ဇင်းမယ်
မြို့စောင့်ထားသူ မင်းရဲသိရိက တပ်တော်များ အလျှင် ချီတက်လာမည့်

အကြောင်းနှင့်မြင်းလျှင်စေလွှတ်သူတို့ရောက်လာ၏။ ဇင်းမယ်ငါးဆွဲ့ခုနစ်ခရိုင်စသော သံလွင်အရှေ့ဘက် မြို့ပြအကြောင်းအရာများကိုအကုန်အစင်သိရလျှင် သံလွင်အနောက်ဘက် စော်ဘွားမြို့စားခုနစ်တပ်၊ ကျော်ခေါင်ကျော်သူ တတပ်၊ သီရိရာဇသင်္ကြံ တတပ်၊ စစ်ကဲကြီး တုရင်ရာမကျော် တတပ် သည့်တပ်ပေါင်းဆယ်တပ်ကို မိုင်းပုမိုင်းသတ်ကြောင်းချီစေသည်။

နေမျိုးသီဟပတေ့တို့နှစ်ဆွဲ့ငါးတပ်လည်း မိုင်းသွင်ကျိုင်းရဲကြောင်းစစ်နှစ်ကြောင်းဖြန့်၍ ချီတက်ပြီးလျှင် မကျိုးမနွံထောင်ထားသမျှ မြို့ပြများကိုတိုက်လှန်သိမ်းယူ၍ လွယ်လွန်တောင်တွင် ငသူတစ်,ငခုံစံတို့ သားမယားတစုနှင့် အပေါင်းအသင်း လူသုံးထောင်ကျော်ကို သိမ်းယူပြီးလျှင် ဘယောမြို့သို့ ချီသွားသည်၊ ထိုအခါ ဘယောမြို့ကို နှစ်ဆွဲ့လေးတပ် ဝန်းရံနေသည့် ငသူတစ်နှင့် ဇင်းမယ်သားတို့လည်း တပ်တော်များချီတက်လာသည်ကြားလျှင် မဆိုင်မပြိုင်ဝံ့သောကြောင့် အရံကို ဖြုတ်၍ နွဲ့မနိုးရှိရာလပုံးမြို့သို့ပေါင်းလေ၏။ ။နေမျိုးသီဟပတေ့တို့လည်း စခန်းမထောက်မချလိုက်ထပ်၍ နွဲ့မနိုးရှိရာလပုံးမြို့သို့ချီသည်ကိုနွဲ့မနိုးလည်း လပုံးမြို့တွင်းကမခံဝံ့သောကြောင့် သားမယားကိုမျှ မထုတ်မယူနိုင် သင်းပင်းခြွေရံစုံရာနှင့်သာ လပုံးမြို့ကထွက်ပြေးလေ၏။

နေမျိုးသီဟပတေ့တို့လည်း လပုံးမြို့ကိုရလျှင်ဆင်နှစ်ရာကျော်,သေနတ်အမြောက် လက်နက် ကိရိယာအများ ရလိုက်သည်ကို သိမ်းယူပြီးလျှင် အနန်းမြို့တွင် မိုးခို၍ ဆင်မြင်းရဲမက်တို့ကို ဖြည့်တင်းလျက် လင်းဇင်းမြို့,ယိုးဒယားမြို့သို့ ချီတက်မည်တိုင်ပင်စည်းကြပ်နေကြ၏၊ ထိုအခါ ဇင်းမယ်ငါးဆွဲ့ခုနစ်ခရိုင်မြို့ပြများတွင် မကျိုးမနွံထောင်ထားရိုင်းပျံ့သမျှကို သုတ်သင်ရှင်းလင်း၍ အနှောင့်အရှက်မရှိ ရေအပြင်ကဲ့သို့ ညီညွတ်လေ၏။

မိုးစဲလျှင် မိုင်းလုံ,ခပင်း,လင်းဇင်း,မိုင်းလာမြို့များကို ချီတက်သိမ်းရုံးရမည် အမိန့်တော်ရောက်လာ၍ သက္ကရာဇ် (၁၁၂၆) တဆောင့် တရာ့နှစ်ဆွဲ့မြောက်ခု တန်ဆောင်မုန်းလဆန်း၅ရက်နေ့ အနန်းမြို့ကို နေမျိုးသီဟပတေ့နှင့် နှစ်ဆွဲ့ငါးတပ်၊ ရေကြောင်းတဆွဲ့ကိုးစခန်းနှင့် မိုင်းလိပ်မြို့က မိုင်းလုံမြို့သို့ချီသည်၊ ကြည်းကြောင်း ဆယ်တပ်ကို စစ်ကဲကြီး တုရင်ရာမကျော်ချုပ်၍ တဆွဲ့ငါးစခန်းနှင့် မိုင်းလုံမြို့သို့ချီ၍ ကြည်း-ရေ ဆိုက်ရောက်သည်၊ လင်းဇင်းမင်းလည်း မြို့ကို အမြောက် မြဲတပူ လက်နက်ကိရိယာအပြည့်အစုံ စီရင်၍ မြို့စီးပြစီးတင်ပြီးလျှင် လင်းဇင်းမင်းကိုယ်နှင့်အမတ်ကြီးတစု,တိုက်ဆင်တထောင်, မြင်းနှစ်ထောင်, စစ်သည်သူရဲငါး

သောင်းနှင့် မိုင်းလုံမြို့အနောက် မဲခေါင်မြစ် တဘက်တွင် ကြည်အား ရေအား စစ်မျက်နှာဖြန့်၍ကြွံကြွံခံနေသည်ကို ဗိုလ်ချုပ် နေမျိုးသီဟပတေ့ တို့တပ်စု ဗိုလ်မှူးတပ်မှူး သူရဲသူခက် အပေါင်းတို့ အကြောက်အရွံ့ မရှိ လှေဦးရွယ်ကာ, မြင်းဦးရွယ်ကာ, ဆင်ဦးရွယ်ကာ, လင်းဇင်းသားတို့ ဆင်ပုံ မြင်းပုံ လှေပုံသို့ဝင်၍ ရှပ်ရှပ်ခွဲခွဲ မဆုတ်မနစ် သူ့ထက်ငါ ပွဲရ အောင် အပြင်းလွှတ်၍ တိုက်သည်၊ လင်းဇင်းသားတို့ အထိအပါးအသေ အပျောက် များလှသောကြောင့် မရပ်မခံနိုင်၍မြို့တွင်းသို့ ဆုတ်ခွာလေ၏။

တပ်တော်များလည်း မဲခေါင်မြစ်နားတွင် ချရပ်ပြီးလျှင် တိုက်ပွဲတွင် သေလေသည့် လင်းဇင်းသားတို့ ခေါင်းတသောင်းကျော် မြစ်နားတွင် စုပုံထားသည်ကို မြို့တွင်းသားတို့မြင်လျှင် အလွန် ကြောက်ရွံ့ခြင်းပြင်းစွာ ဖြစ်ကုန်၏။ ။ယင်းသောအခါ မိုင်းလုံမြို့သည် မြစ်နှစ်ဘက် အကြားတွင် တည်သည့်မြို့ ဖြစ်၍ မချဉ်းမတက်သာ ရှိသောကြောင့် မြစ်ကိုကူး၍ ပြ ပစ်စင်မြင့်ဆောက်ပြီးလျှင် ပြောင်းအမြောက်တင်၍နေ့ညမလပ်မြို့တွင်းသို့ ပစ်လွှတ်သည်၊ မြို့တွင်းသားတို့ အလွန် ကျဉ်းမြောင်း၍ရှိချေ၏။ နောက် ငါးရက်ခန့်ရှိလျှင် ဗိုလ်ချုပ်နေမျိုးသီဟပတေ့ဆိုသည်ကား လင်းဇင်းမင်း သည် မြို့ကိုသာကိုး၍ အခိုင်နေသည်ကို ငါတို့က တပ်တော်အများဝန်းရံ နေရမည်လည်း ဇင်းမယ်လင်းဇင်းအရေးသာမဟုတ်ချေ· ယိုးဒယားမြို့သို့ ချီသွားလုပ်ကြံရမည့်အရေးလည်း ရှိသေးသည်၊သို့ဖြစ်၍ နေ့ရက်ရှည်ကြာ သော် သင့်မည်မဟုတ်၊ စစ်ဦးဘီလူးပါ အလျင်အမြန် လုပ်ကြံကြမှ သင့် မည်ဟုဆိုသည်ကို ဗိုလ်မှူးတပ်မှူးအပေါင်းတို့အကြိုက်ညီကြ၍ တပ်ပေါင်း သုံးဆဲ့ငါးတပ်တွင်ပါသည့် ရဲမက်တော်တို့ကို လှည်းရထားအများ လုပ် စေပြီးလျှင် မြို့ရင်းသို့ရောက်အောင် လှည်းရထားနှင့် ကပ်၍ မြို့ကိုတူးသူ တူးသည်၊ လှေကားထောင်၍ တက်သူတက်သည်၊ လင်းဇင်းသားတို့က လည်း မြို့ထိပ်ကနေ၍ တက်လှာသမျှ ရဲမက်တော်တို့ကို ပစ်ခတ်ထိုးခုတ် သော်လည်း အလေးမမူ ဘိဘိစီးစီးမြို့ထိပ်ကိုသာ အရောက်ကြိုး၍ တက် ပြီးလျှင် မြို့စီးပြစီးတို့ကို ထိုးခုတ်ရိုက်ချ၍ မြို့တခြမ်း ပျက်သော်လည်း မြို့ တဝက်ကိုကန့်၍ တည်သည့် တပ်တွင်းက ကြွံကြွံ ခံနေပြန်သောကြောင့် တောင်ထိပ်သို့ ပြောင်းအမြောက်များတင်၍ နေ့ညမလပ်မစဲ ပစ်လွှတ် သည်တွင် လင်းဇင်းမင်းနှင့် ရဟန်းရှင်လူ ပြည်သူ အပေါင်းတို့လည်း ဆသားစားလတ္တံ့ကဲ့သို့ အလွန်ကြောက်ရွံ့သောကြောင့် လက်နက် ဆင် မြင်း သားသမီးတို့ကိုဆက်၍ ကျွန်တော်ခံပါတော့မည်-ရဟန်းရှစ်ပါးနှင့်

အမတ်ဒေါဘယားကို နေမျိုးသီဟပတေ့ရှိရာ တပ်တော်သို့ ပဏ္ဏာလက်ဆောင်များနှင့် ထွက်လာ၍ အညွှံခံလျှင် ဆင်တသန်းရှင်ဖြစ်သော လင်းဇင်းမင်းနှင့်တကွ လင်းဇင်းနိုင်ငံအလုံး အရေးတော် ကုံလေ၏။

ဗိုလ်ချုပ်နေမျိုးသီဟပတေ့လည်း လင်းဇင်းမင်းနှင့် တကွ မိုင်းလုံမြို့၊ မိုင်းဟန်မြို့၊ မိုင်းစံမြို့၊ မိုင်းပံမြို့၊ မိုင်းမျဉ်းမြို့၊ မိုင်းသွင်မြို့၊ မိုင်းလားမြို့၊ မိုင်းညောင်းမြို့၊ မိုင်းသေဉ်မြို့မှစ၍ လင်းဇင်းမြို့စားပြစား အမတ်ဒေါဘယား အပေါင်းတို့ကိုသစ္စာတော်ပေးပြီးလျှင် လင်းဇင်းမင်းသမီးသုံးပါး၊ အမတ်ကြီးသမီး အလုပ်အကျွေး ကျွန်မိန်းမ ကျွန်ယောကျ်ား တထောင်ကျော်၊ ငွေပိဿာနှစ်ရာကျော်၊ ရွှေပိဿာ ငါးဆယ်ကျော်၊ အမြောက်ငါးရာ၊ သေနတ်တသောင်၊ တိုက်ဆင်တရာ၊ လှံငါးရာ၊ ဓားငါးရာ၊ လွှားငါးရာ၊ ကာငါးရာ၊ မြင်းချပ်တန်ဆာ ငါးရာများနှင့် လက်ယာ ဥဒိန်ကျော်ကို ခြေရင်းတော်သို့ အဆက်အသစေလွှတ်သည်။

နေမျိုးသီဟပတေ့တို့တပ်တော်များလည်း တန်းခူးလဆန်းငါးရက်နေ့ မိုင်းလုံမြို့ကထွက်ခဲ့၍ကဆုန်လဆန်းဆယ်ရက်နေ့ လကွန်းမြို့သို့ရောက်လျှင် မိုးခို၍ နေကြ၏၊ ထိုအခါ ရေကြီး၍ တပ်တော်များတွင်ပါသည့် ဆင်မြင်းရဲမက်တို့ နေရာမရရှိသောကြောင့် ဇရစောင့်နတ်ကို ခေါ်ပြီးလျှင် ဓားပြ၍ အမိန့်တော်ပြန်မှ ရေလျော့ကျ၏၊ ဗိုလ်ချုပ် နေမျိုးသီဟပတေ့နှင့် ဗိုလ်မှူးတပ်မှူး အပေါင်းတို့လည်း ယိုးဒယားမြို့သို့ ချီတက်မည့်ကို လင်းဇင်း၊ ဇင်းမယ်စသော သံလွင်အရှေ့ဘက် စော်ဘွား မြို့စားတို့ကို စည်းကြပ်ရပ်နေ၏။

ဒဝယ်ကြောင်းချီလေသော မဟာနော်ရထာတို့ တပ်စုလည်း ဒဝယ်မြို့သို့ရောက်လျှင် ဟံသာဝတီ၊ မုတ္တမ၊ မြိတ်၊ ဒဝယ်၊ တနင်္သာရီ စသော မြို့များကို ဆင်မြင်းရဲမက်စည်းကြပ်၍ မဟာနော်ရထာသို့တပ်စု ဒဝယ်မြို့မှာ မိုးခို၍နေ၏။ ။မိုးစဲ လင်းပွင့်လျှင် ဟံသာဝတီမြို့က စစ်သည်သူရဲ သုံးထောင်ကိုခြောက်တပ်ဖွဲ့ပြီးလျှင် စစ်ကဲအိန္ဒရာဇာအုပ်ချုပ်၍ ဗိုလ်ချုပ် မဟာနော်ရထာရှိရာ ဒဝယ်မြို့သို့ ပေါင်းလာသည်။ ။မုတ္တမ မြို့က စစ်သည်သူရဲ သုံးထောင်ကို ခြောက်တပ် ဖွဲ့ပြီးလျှင် ဗညားစိန် အုပ်ချုပ်၍ ဒဝယ်မြို့သို့ ပေါင်းလာသည်။ ။မြိတ်၊ တနင်္သာရီမြို့က စစ်သည်သူရဲ နှစ်ထောင်ကို လေးတပ်ဖွဲ့ပြီးလျှင် ဗလကျော်ထင်ချုပ်အုပ်၍ ဒဝယ်မြို့သို့ ပေါင်းလာသည်။

ဒဝယ်မြို့က စစ်သည်သူရဲ နှစ်ထောင်ကို လေးတပ် ဖွဲ့ပြီးလျှင် မှတ္တမစားကို ချုပ်အုပ်စေသည်၊ အရပ်ရပ်တပ်ပေါင်း ဆုံမိကြလျှင် တိုက်ဆင်နှစ်ရာ,မြင်းနှစ်ထောင်,စစ်သည်သူရဲသုံးသောင်းနှင့် သက္ကရာဇ် (၁၁၂၇) တထောင့်တရာ့နှစ်ဆဲ့ခုနစ်ခု တန်ဆောင်မုန်းလဆန်းဆယ်ရက်နေ့ ဒဝယ်မြို့က ယိုးဒယားမြို့သို့ ချီသည်၊ ခရီးလမ်းတလျှောက် ဗြတ်ဘီးမြို့, ရပ်ဘီးမြို့, သဖန်းပုံးမြို့, ကံပုရီမြို့, ဆယားမြို့, ဆွန်းဖြုန်းမြို့ စသော ယိုးဒယားအနောက်တပြင် မြို့စား ပြည်စား အပေါင်းတို့လည်း တပ်တော်ချီတက်လာသည် ကြားသောကြောင့် မြို့ပြကျုံးမြောင်းကို အသစ်ပြင်ဆင်၍ မြို့စီးပြစီးတင်ပြီးလျှင် ဆူးခြောင့်ခလုတ်,ကတုတ်, ရင်တားစိုက်၍ မြို့ထိပ်များတွင် ပြောင်း အမြောက် စီစဉ် ခင်းကျင်းလျက် သံမြို့နှင့်အတူ ကြံ့ကြံ့ ခံနိုင်ကြလေ၏။

မဟာနော်ရထာတို့တပ်စုလည်း စခန်းစဉ်အတိုင်းချီ၍ ဗြတ်ဘီးမြို့ရောက်လျှင် ဗြတ်ဘီးမြို့စားလည်း တပ်တော်ချီလာသည် ဆင်မြင်းအလုံးအရင်းများလှသောကြောင့် ဆီးကြို၍ မတိုက်ဘဲ၊ မြို့နှင့် ကြံ့ကြံ့ခံနေသည်ကို ဆင်သည်,မြင်းသည်,ခြေသည်အပေါင်းတို့ ဓား,တူးရှင်း,လှေကားနှင့် မြို့ရင်းသို့ချဉ်း၍ မြို့ခြေကို တူးသူတူးသည်၊ မြို့ကို လှေကားထောင်၍ တက်သူတက်သည်၊ သည်ကဲ့သို့ ရဲမက်တော် အပေါင်းတို့ အကြောက်အရွံ့မရှိ၊ သူ့ထက်ငါ အားကြိုး၍လုပ်ကြလျှင် တဒင်္ဂတခဏခြင်း, လက်ဝါးပြကာ အောင်မြင်၍ မြို့စားနှင့်တကွ တမြို့လုံးကို သိမ်းပန်းဖမ်းယူကြသည်၊ မိန်းမ ယောကျ်ား ဥစ္စာရွှေငွေ များကို ရသသူတို့ ယူကြရသည်၊ လက်နက်ကိရိယာကိုမူကား ဗိုလ်ချုပ်တပ်သို့ ပို့ကြရ၏။

ထိုအခါ ခေါင်းအကြီးပြုသူတို့ကို မဖောက်မပြန်ဝံ့အောင်သစ္စာတော်ပေး၍ အခစာင့်အနေ ခန့်ထားခဲ့ပြီးလျှင် တပ်စဉ်အတိုင်း ဗြတ်ဘီးမြို့က ချီ၍ ရပ်ဘီးမြို့သို့တပ်တော်ဆိုက်ရောက်လျှင် ရပ်ဘီးမြို့စားလည်း ဗြတ်ဘီးမြို့ပျက်၍ မြို့စားနှင့်တကွ တမြို့လုံးသိမ်းဖြစ်လေပြီ ကြားသောကြောင့် မရပ်မခံဝံ့၍ ကျွန်တော်ခံပါတော့မည်၊ ရပ်ဘီးစားကိုယ်နှင့် ခေါင်းအကြီး ပြုသူတို့ တပ်တော်သို့ ဝင်ရောက်လာကြသည်၊ ဗိုလ်ချုပ် မဟာနော်ရထာလည်း ရပ်ဘီးစားနှင့်တကွ ခေါင်းအကြီးပြုသူတို့ကို သစ္စာတော်ပေးပြီးလျှင် အမှုတော်ကို ထမ်းရွက်စေ၏။

တပ်တော်များလည်း ရပ်ဘီးမြို့က စခန်းစဉ် အတိုင်း သဖန်းပုံးမြို့သို့ ချီသွားကြသည်၊ သဖန်းပုံးမြို့စားလည်း ရပ်ဘီး တမြို့လုံး သစ္စာတော်ကို

ခံသောက်၍ အမှုတော်ကိုထမ်းလေပြီကြားလျှင် မြို့နှင့် မခံဝံ့သောကြောင့် မြို့စားကိုယ်နှင့်တကွ ခေါင်းအကြီးပြုသူတို့ လက်ဆောင်ပဏ္ဏာ အများနှင့် လမ်းခရီးကကြို၍ ကွန်တော်ခံဝင်ရောက်လာသည်။

ဗိုလ်ချုပ် မဟာနော်ရထာလည်း သဖန်းပုံးမြို့ရောက် ချီ၍ မြို့စားနှင့် တကွ ခေါင်းအကြီးပြုသူတို့ကို သစ္စာတော်ပေးပြီးလျှင် ကံပူရီမြို့သို့ တပ်စဉ်အတိုင်းချီ၍ ရောက်လျှင် ကံပူရီစားလည်း သွင်းထားရင်း မျိုးရိက္ခာ အလုံအလောက်ရှိသည်နှင့် မြို့လည်း ခိုင်ခန့်သည်၊ ဆင်မြင်း လက်နက် ကိရိယာလည်း အပြည့်အစုံ သွင်းထားလျက် ရှိသောကြောင့် မြို့ကိုကိုး၍ မကျိုးမနွံ ကြံ့ကြံ့ခံနေလေ၏၊ ရဲမက်တော် ဆင်သည်,မြင်းသည်,ခြေသည် အပေါင်းတို့လည်း မြို့ရင်းသို့ ချဉ်း၍ မြို့ကို တက်သည်၊ မြို့ထိပ်ကလည်း ပြောင်းအမြောက် လက်နက်ကိရိယာများနှင့် ပစ်ခတ် ခုခံကြသော်လည်း ရဲမက်တော် ဗိုလ်လုံးတပ်လုံး များလှသောကြောင့် မခံနိုင်၍ မြို့စီးပြစီးတို့ ဆင်းပြေးသည်တွင် ရဲမက်တော်အပေါင်း မြို့တွင်းသို့ဝင်မိသည်နှင့် အိမ် ရာများကို မီးထင်းတိုက်ရှို့၍ သုံ့ပန်း ဖမ်းယူကြသည်၊ မိန်းမ ယောကျ်ား ရွှေငွေဥစ္စာများကို ရသသူတို့ယူကြရသည်၊ လက်နက် ကိရိယာကိုမူကား ဗိုလ်ချုပ်တပ်သို့ ပို့ကြရ၏။

ထိုအခါ မြို့စားနှင့်တကွ တမြို့လုံးကို အောင်မြင်လျှင် ခေါင်းအကြီးပြု သူတို့ကို မဖောက်မပြန်ဝံ့အောင် သစ္စာတော်ပေး၍ အစောင့်အနေ ခန့် ထားခဲ့ပြီးလျှင် ဆယားမြို့သို့ တပ်စဉ်အတိုင်း ချီရောက်သည်တွင် မြို့စား ပြု သူနှင့် ခေါင်းအကြီးတို့ မခံဝံ့သောကြောင့် အသက်လွတ်ကြောင်း တပ် တော်သို့ ဝင်ရောက်လာလျှင် မြို့စားနှင့် အကြီးပြုသူတို့ကို သစ္စာတော် ပေး၍ အမှုတော်ကို ထမ်းရွက်စေ၏။

ဗိုလ်ချုပ်မဟာနော်ရထာတို့တပ်စုလည်း ဆယားမြို့က တပ်စဉ်အတိုင်း ချီခဲ့၍ ဆွန်းဖြုန်းမြို့သို့ ရောက်လျှင် ဆွန်းဖြုန်း မြို့စားလည်း အညံ့မခံ၊ မြို့ကို ပြင်ဆင်ပြီးလျှင် မြို့စီးပြစီး တင်၍ ကြံ့ကြံ့ခံနှင့်သည်ကို ရဲမက်တော် အပေါင်းတို့ အကြောက်အရွံ့မရှိ မြို့ရင်းသို့ ချဉ်းပြီးလျှင် မြို့ကိုဟက်၍ အရယူသည်၊ တဒင်္ဂ တခဏခြင်းပျက်၍ ရဲမက်တော်အပေါင်းတို့ သုံ့ပန်း ဖမ်းယူကြသည်၊ မိန်းမယောကျ်ား ရွှေငွေဥစ္စာများကို ရသသူ ယူရသည်၊ လက်နက်ကိရိယာကိုမူကား ဗိုလ်ချုပ်ရှိရာသို့ပို့ကြရ၏။

ထိုအခါ မြို့စားနှင့်တကွ တမြို့လုံးကိုရလျှင် ခေါင်းအကြီး ပြုသူတို့ကို သစ္စာတော် ပေး၍ အစောင့် အနေ ခန့်ထားခဲ့ပြီးလျှင် ဆားလင်းမြို့သို့

တပ်စဉ်အတိုင်း ချီသွားသည်၊ ဆားလင်းမြို့စားလည်း အနောက်တပြင် မြို့စား ပြစားတို့ အကြောင်းအရာများကို ကြားသိသည်ဖြစ်၍ ခေါင်း အကြီးပြုသူတို့နှင့်တကွ ဆီးကြို၍ မြို့စားကိုယ် ကျွန်တော်ခံ ဝင်ရောက် လာသည်၊ ထိုသူတို့ကို သစ္စာတော်ပေး၍ အမှုတော်ကို ထမ်းရွက်စေ သည်။

ယင်းသောအခါ ဗိုလ်ချုပ် မဟာ နော်ရထာလည်း လမ်းခရီး တ လျှောက် ကျွန်တော်ခံ ဝင်ရောက်သည့် မြို့ပြများမှာ ရဲမက်တော်တို့ အနှောင့်အရှက် မရှိစေရ တပ်တိုင်းအနှံ့ နှိုးဆော်၍ မြစ်တား ရသည်၊ ယိုးဒယားမြို့ အနောက်တပြင် သိမ်းရုံးမိသမျှ မြို့ပြများတွင် ဆင်ကောင်း မြင်းကောင်း ရွေးချယ်၍ ဖြတ်ဘီးမြို့တတပ်၊ ရပ်ဘီးမြို့တတပ်၊ သဖန်းပုံးမြို့ တတပ်၊ ကံပူရီမြို့တတပ်၊ ဆယားမြို့တတပ်၊ ဆွန်းဖြုန်းမြို့တတပ်၊ ဆား လင်းမြို့တတပ်၊ တပ်ပေါင်းခုနစ်တပ် စည်းကြပ်ပြီးလျှင် မင်းကြီးဂါမဏိ စန္ဒကို အချုပ်ခန့်၍ ရှေ့ချီစေသည်၊ မဟာနော်ရထာတို့ တပ်ပေါင်း ငါးဆယ်နှင့်သော် တပ်ပေါင်း ငါးဆဲ့ခုနစ်တပ် စခန်းစဉ် အတိုင်း ယိုးဒယားမြို့သို့ ချီသွားကြရသည်။

ယင်းသောအခါ ယိုးဒယားမင်းလည်း ဒဝယ်ကြောင်းက တပ်တော် အများ ချီတက်လာသည် ကြားသောကြောင့် တိုက်ဆင်ငါးရာ, လှည်း ရထားတင် အမြောက်ငါးရာ, စစ်သည်သူရဲ ခြောက်သောင်း စည်းကြပ် ပြီးလျှင် အမတ်ကြီးဘယားပလကို အချုပ်ခန့်၍ ယိုးဒယားမြို့ အနောက် သီကုတ်မြို့က ဆင်မြင်း ရဲမက်အပေါင်းနှင့် စစ်အင်ကျင်း၍ ကြိုကြို့ခံနှင့် လေသည်ကို မဟာနော်ရထာတို့ ငါးဆဲ့ခုနစ်တပ်က ရှေ့ချီစေသည့် မြင်း တပ်သားတို့တွေ့၍ ဗိုလ်ချုပ်မဟာနော်ရထာကို မြင်းလျှင် ပြန်၍လျှောက် စေသည်၊ မဟာနော်ရထာလည်း ငါးဆဲ့ခုနစ်တပ်လုံး ဗိုလ်မှူးစစ်ကဲတို့ ကို အစေ့အနှံ့နှိုးဆော်စေသည်၊ ရဲမက်တော် ဆင်သည်, မြင်းသည်, ခြေ သည် သူရဲအပေါင်းတို့လည်း သူ့သူ နီးပြိုင်ကြားလျှင် အားကြိုးမာန်တက် ယိုးဒယားတပ်စုရှိရာကိုသာ နှလုံးမူလျက် ချီသွား၍ သီကုတ်မြို့တွင် ဆင် ငါးရာကျော်, လှည်းရထားတင် အမြောက် ငါးရာကျော်, လူခြောက် သောင်းကျော်, စစ်မျက်နှာဖြန့်၍ အမတ်ကြီးဘယားပလ ခံရပ်နေသည် ကိုတွေ့လျှင် ဆင်သည် မြင်းသည် ခြေသည်အပေါင်းတို့ အကြောက်အရွံ့ အဆုတ်အဆိုင်းမရှိ၊ဆင်သည်လည်းဆင်နှင့် မြင်းသည်လည်း မြင်းနှင့် ခြေ သည်လည်း ပြောင်း အမြောက် ခါးလှံ, သေနတ်, တုတ်, တင်ကျည်းစွဲ

ကိုင်၍ ယိုးဒယားစစ်သည် ဆင်ပုံမြင်းပုံများကို သူ့ထက်ငါ ပွဲရအောင် တဟုန်တည်းဝင်၍ တိုက်သည်၊ ယိုးဒကားတို့မရပ်မခံနိုင်၍ ဆင်ပါ မြင်းပါ အပြင်းဆုတ်ခွာကြလေ၏။

မဟာနော်ရထာတို့ တပ်ပေါင်းငါးဆဲ့ခုနစ်တပ်၊ ဗိုလ်မှူး တပ်မှူးတို့လည်း ယိုဒယားတို့ဆုတ်ပြေးရာမလိုက် သီကုတ်မြို့ကို လေးမျက်နှာဝန်းရံပြီးလျှင် ရဲမက်တော်အလုံး မြို့ကိုတူးသူတူးသည်၊ လှေကားထောင်၍ တက်သူတက်သည်၊ မြို့ထိပ်က ပြောင်း အမြောက်များနှင့် ပစ်လွှတ်ဆီးခံသော်လည်း ရဲမက်တော် အပေါင်းတို့ အကြောက်အရွံ့မရှိ ဘိဘိစီးစီး ရှုပ်ရှုပ်ချုံချုံလုပ်ကြံကြသောကြောင့် တခဏခြင်း မြို့စားနှင့်တကွ ဆင်မြင်း ရဲမက်လက်နက်ကိရိယာအစုံနှင့်တမြို့လုံးကိုရလျှင်ခေါင်းအကြီးပြုသူတို့ကို မဖောက်မပြန်ဝံ့အောင် သစ္စာတော်ပေး၍ အစောင့်အနေခန့်ထားခဲ့ပြီးမှ အလျှင်တိုက်ပွဲတွင်ရလိုက်သည့် ဆင်တရာကျော်, အမြောက်နှစ်ရာကျော်, လူ နှစ်ထောင်ကျော်များကို သိမ်းယူ၍ တပ်စဉ်အတိုင်း ချီသွားပြီးလျှင် ယိုးဒယားမြို့အနောက် ငါးခန်းကွာ ကန္ဒီရွာတွင် တပ်စွဲရပ်နေသည်၊ ခြေရင်းဘော်သို့လည်း ယိုဒယားမြို့အနောက်တပြင်မြို့ပြများကို မြို့စားနှင့် တကွ ဆင့်မြင်း့လက်နက်ကိရိယာများပါ သိမ်းယူချီတက်၍ ယိုးဒယားမြို့ အနောက် ကန္ဒီရွာတွင် တပ်စွဲရပ်နေကြောင်းနှင့် အလျောက် အထား စေလွှတ် လိုက်ပြီးလျှင် ဇင်းမယ်ကြောင်း ချီလာသည့် တပ်တော်များ အရောက်အလာမစုံမညီသောကြောင့် ဆင်မြင်းဖြည့်တင်း၍ နေလေ၏။

ဇင်းမယ်ကြောင်းချီလေသောနေမျိုးသီဟပတေ့တို့မှာလည်းယိုးဒယားသို့ ချီတက်ရမည်–အမိန့်ရောက်လာသောကြောင့် သက္ကရာဇ် (၁၁၂၇) တခုထောင့်တရာ့နှစ်ဆဲ့ခုနစ်ခု တော်သလင်းလဆန်း၅ရက်နေ့ စစ်ကဲကြီး တုရင်ရာမကျော်နှင့် ငါးတပ်၊ စက္ကသိဒ္ဓိကျော်နှင့် ငါးတပ်၊ တုရင်သာရကျော်နှင့် ငါးတပ်၊ ဗညားလောနှင့် ငါးတပ်၊ သည်တပ်ပေါင်း နှစ်ဆယ်တွင် စစ်ကဲကြီး တုရင်ရာမကျော်ကို အချုပ်ခန့်၍ ရဲလှေ သုံးရာ, ရဲမက် တသောင်းနှင့် မဲပိန်မြစ်က ရေကြောင်း ချီစေသည်။

သီရိရာဇသင်္ကြံတတပ်၊ မိုင်းလုံမြို့စားတတပ်၊ မိုင်းမျဉ်းစားတတပ်၊ မိုင်းလားစားတတပ်၊မိုင်းဟန်စားတတပ်၊မိုင်းစံစားတတပ်၊ မိုင်းပံစားတတပ်၊ မိုင်းသွင်းစားတတပ်၊ မိုင်းညောင်းစား တတပ်၊ မိုင်းသေဉ်စား တတပ်၊ သည်လင်းဇင်းကိုးတပ်နှင့် သီရိရာဇသင်္ကြံတပ်ပါ တပ်ပေါင်း ဆယ်တပ်

တစ်စဉ်အတိုင်း ချီသွားသည်၊ ဆားလင်းမြို့စားလည်း အနောက်တပြင် မြို့စား ပြည်စားတို့ အကြောင်းအရာများကို ကြားသိသည်ဖြစ်၍ ခေါင်း အကြီးပြုသူတို့နှင့်တကွ ဆီးကြို၍ မြို့စားကိုယ် ကျွန်တော်ခံ ဝင်ရောက် လာသည်၊ ထိုသူတို့ကို သစ္စာတော်ပေး၍ အမှုတော်ကို ထမ်းရွက်စေ သည်။

ယင်းသောအခါ ဗိုလ်ချုပ် မဟာ နော်ရထာလည်း လမ်းခရီး တ လျှောက် ကျွန်တော်ခံ ဝင်ရောက်သည့် မြို့ပြများမှာ ရဲမက်တော်တို့ အနှောင့်အရှက် မရှိစေရ တပ်တိုင်းအနှံ့ နှိုးဆော်၍ မြစ်တား ရသည်၊ ယိုးဒယားမြို့ အနောက်တပြင် သိမ်းရုံးမိသမျှ မြို့ပြများတွင် ဆင်ကောင်း မြင်းကောင်း ရွေးချယ်၍ ဖြတ်ဘီးမြို့တတပ်၊ ရပ်ဘီးမြို့တတပ်၊ သဖန်းပုံးမြို့ တတပ်၊ ကံပူရီမြို့တတပ်၊ ဆယားမြို့တတပ်၊ ဆွန်းဖြုန်းမြို့တတပ်၊ ဆား လင်းမြို့တတပ်၊ တပ်ပေါင်းခုနစ်တပ် စည်းကြပ်ပြီးလျှင် မင်းကြီးဂါမဏိ စန္ဒကို အချုပ်ခန့်၍ ရှေ့ချီစေသည်၊ မဟာနော်ရထာတို့ တပ်ပေါင်း ငါးဆယ်နှင့်သော် တပ်ပေါင်း ငါးဆဲ့ခုနစ်တပ် စခန်းစဉ် အတိုင်း ယိုးဒယားမြို့သို့ ချီသွားကြရသည်။

ယင်းသောအခါ ယိုးဒယားမင်းလည်း ဒဝယ်ကြောင်းက တပ်တော် အများ ချီတက်လာသည် ကြားသောကြောင့် တိုက်ဆင်ငါးရာ, လှည်း ရထားတင် အမြောက်ငါးရာ, စစ်သည်သူရဲ ခြောက်သောင်း စည်းကြပ် ပြီးလျှင် အမတ်ကြီးဘယားပလကို အချုပ်ခန့်၍ ယိုးဒယားမြို့ အနောက် သီကုတ်မြို့က ဆင်မြင်း ရဲမက်အပေါင်းနှင့် စစ်အင်ကျင်း၍ ကြံ့ကြံ့ခံနှင့် လေသည်ကို မဟာနော်ရထာတို့ ငါးဆဲ့ခုနစ်တပ်က ရှေ့ချီစေသည့် မြင်း တပ်သားတို့တွေ့၍ ဗိုလ်ချုပ်မဟာနော်ရထာကို မြင်းလျှင် ပြန်၍လျှောက် စေသည်၊ မဟာနော်ရထာလည်း ငါးဆဲ့ခုနစ်တပ်လုံး ဗိုလ်မှူးစစ်ကဲတို့ ကို အစေ့အနှံ့နှိုးဆော်စေသည်၊ ရဲမက်တော် ဆင်သည်, မြင်းသည်, ခြေ သည် သူရဲအပေါင်းတို့လည်း သူ့သူ နီးပြီကြားလျှင် အားကြိုးမာန်တက် ယိုးဒယားတပ်စုရှိရာကိုသာ နှလုံးမူလျက် ချီသွား၍ သီကုတ်မြို့တွင် ဆင် ငါးရာကျော်, လှည်းရထားတင် အမြောက် ငါးရာကျော်, လူခြောက် သောင်းကျော်, စစ်မျက်နှာဖြန့်၍ အမတ်ကြီးဘယားပလ ခံရပ်နေသည် ကိုတွေ့လျှင် ဆင်သည် မြင်းသည် ခြေသည်အပေါင်းတို့ အကြောက်အရွံ့ အဆုတ်အဆိုင်းမရှိ၊ ဆင်သည်လည်းဆင်နှင့် မြင်းသည်လည်းမြင်းနှင့် ခြေ သည်လည်း ပြောင်း အမြောက် ဓားလှံ, လေးနတ်, တုတ်, တင်ကျည်းစွဲ

ကိုင်၍ ယိုးဒယားစစ်သည် ဆင်ပုံမြင်းပုံများကို သူ့ထက်ငါ ပွဲရအောင် တဟုန်တည်းဝင်၍ တိုက်သည်၊ ယိုးဒကားတို့မရပ်မခံနိုင်၍ ဆင်ပါ မြင်းပါ အပြင်းဆုတ်ခွာကြလေ၏။

မဟာနော်ရထာတို့ တပ်ပေါင်းငါးဆဲ့ခုနစ်တပ်၊ ဗိုလ်မှူး တပ်မှူးတို့လည်း ယိုဒယားတို့ဆုတ်ပြေးရာမလိုက် သီကုတ်မြို့ကို လေးမျက်နှာဝန်းရံပြီးလျှင် ရဲမက်တော်အလုံး မြို့ကိုတူးသူတူးသည်၊ လှေကားထောင်၍ တက်သူတက်သည်၊ မြို့ထိပ်က ပြောင်း အမြောက်များနှင့် ပစ်လွှတ်ဆီးခံသော်လည်း ရဲမက်တော် အပေါင်းတို့ အကြောက်အရွံ့မရှိ ဘိဘိစီးစီး ရှုပ်ရှုပ်ချုံချုံလုပ်ကြိုးကြသောကြောင့် တခဏခြင်း မြို့စားနှင့်တကွ ဆင်မြင်း ရဲမက်လက်နက်ကိရိယာအစုံနှင့်တမြို့လုံးကိုရလျှင်ခေါင်းအကြီးပြုသူတို့ကို မဖောက်မပြန်ဝံ့အောင် သစ္စာတော်ပေး၍ အစောင့်အနေခန့်ထားခဲ့ပြီးမှ အလျှင်တိုက်ပွဲတွင်ရလိုက်သည့် ဆင်တရာကျော်, အမြောက်နှစ်ရာကျော်, လူ နှစ်ထောင်ကျော်များကို သိမ်းယူ၍ တပ်စဉ်အတိုင်း ချီသွားပြီးလျှင် ယိုးဒယားမြို့အနောက် ငါးစခန်းကွာ ကန္ဒီရွာတွင် တပ်စွဲရပ်နေသည်၊ ခြေရင်းဘော်သို့လည်း ယိုဒယားမြို့အနောက်တပြင်မြို့ပြများကို မြို့စားနှင့်တကွ ဆင်,မြင်း,လက်နက်ကိရိယာများပါ သိမ်းသူချီတက်၍ ယိုးဒယားမြို့ အနောက် ကန္ဒီရွာတွင် တပ်စွဲရပ်နေကြောင်းနှင့် အလျှောက် အထား စေလွှတ် လိုက်ပြီးလျှင် ဇင်းမယ်ကြောင်း ချီလာသည့် တပ်တော်များ အရောက်အလာမစုံမညီသောကြောင့် ဆင်မြင်းဖြည့်တင်း၍ နေလေ၏။

ဇင်းမယ်ကြောင်းချီလေသောနေမျိုးသီဟပတေ့တို့မှာလည်းယိုးဒယားသို့ ချီတက်ရမည်–အမိန့်ရောက်လာသောကြောင့် သက္ကရာဇ် (၁၁၂၇) တခုထောင့်တရာ့နှစ်ဆဲ့ခုနစ်ခု တော်သလင်းလဆန်း၅ရက်နေ့ စစ်ကဲကြီး တုရင်ရာမကျော်နှင့် ငါးတပ်၊ စတ္တသိဒ္ဓိကျော်နှင့် ငါးတပ်၊ တုရင်သာရကျော်နှင့် ငါးတပ်၊ ဗညားလောနှင့် ငါးတပ်၊ သည်တပ်ပေါင်း နှစ်ဆယ်တွင် စစ်ကဲကြီး တုရင်ရာမကျော်ကို အချုပ်ခန့်၍ ရဲလှေ့ သုံးရာ, ရဲမက်တသောင်းနှင့် မဲဝိန်မြစ်က ရေကြောင်း ချီစေသည်။

သီရိရာဇသင်္ကြံတဘပ်၊ မိုင်းလုံမြို့စားတတပ်၊ မိုင်းမျဉ်းစားတတပ်၊ မိုင်းလားစားတတပ်၊မိုင်းဟန်စားတတပ်၊မိုင်းစံစားတတပ်၊ မိုင်းပံစားတတပ်၊ မိုင်းသွင်းစားတတပ်၊ မိုင်းညောင်းစား တတပ်၊ မိုင်းသေဉ်စား တတပ်၊ သည်လင်းဇင်းကိုးတပ်နှင့် သီရိရာဇသင်္ကြံတပ်ပါ တပ်ပေါင်း ဆယ်တပ်

တွင်ပါသည့် တိုက်ဆင်တရာ, မြင်းသုံးရာ, စစ်သည်သူရဲ ရှစ်ထောင်နှင့် သိရိရာဇသင်္ကြံကို အချုပ်ခန့်၍ ရွေ့ချီစေသည်။

သတိုးမင်းထင်တတပ်၊ ဘယားဆာပန်းတတပ်၊ မြဲစားတတပ်၊ အနန်းစားတတပ်၊ လက္ခုန်းစားတတပ်၊ ဘယောစားတတပ်၊ ကျိုင်းသေဉ်စားတတပ်၊ ကျိုင်းခေါင်စား တတပ်၊ ကျိုင်းလတ်စား တတပ်၊ ကျိုင်းရဲစားတတပ်၊ မိုင်းလိပ်စားတတပ်၊မိုင်းသတ်စားတတပ်၊ မိုင်းလောစားတတပ်၊ မိုင်းပုစားတတပ်၊ မိုင်းနွဲစားတတပ်၊ သည်ယွန်းတဆဲ့လေးတပ်နှင့် သတိုးမင်းထင်တပ်ပါ တပ်ပေါင်းတဆဲ့ငါးတပ်တွင် ပါသည့် တိုက်ဆင်နှစ်ရာ, မြင်းခုနစ်ရာ, စစ်သည်သူရဲ တသောင်းနှစ်ထောင်နှင့် သတိုးမင်းထင်ကို အချုပ်ခန့်ပြီးလျှင် လင်းဇင်းတပ်နောက်ဆက်၍ ချီရသည်။

မိုလ်ချုပ်နေမျိုးသီဟပတေ့မှာတပ်ပေါင်းတဆဲ့သုံးတပ်နှင့်နောက်အုပ်၍ ရဲလှေသုံးရာ,တိုက်ဆင်လေးရာ,မြင်းနှစ်ရာ, စစ်သည်သူရဲလေးသောင်းသုံးထောင်နှင့် တပ်ပေါင်းငါးဆဲ့ရှစ်တပ် ကြည်းအားရေအား လက္ခုန်းမြို့က စခန်းစဉ်အတိုင်း ယိုးဒယားသို့ချီသည်။

လမ်းခရီးတလျှောက် ဘန်တက်မြို့၊ ရှာဟိုင်းမြို့၊ ကမန်ပိုက်မြို့၊ သုဝန်ခလောက်မြို့၊ သောက္ကတဲမြို့၊ ပိဿလောက်မြို့၊ ရသမာမြို့၊ ပိတ်စဲမြို့၊ ဌာနီမြို့၊ ဘီစိပ်မြို့၊ လလင်းမြို့၊ ခွန်သံဝန်မြို့၊ အင်တောင်မြို့များလည်း တပ်တော်ချီတက်လာသည်ကြားသောကြောင့်မြို့ပြကျုံးမြောင်းပြင်ဆင်၍ ဆူးငြောင့် ခလုတ်,ကတုတ်ရင်တား, မြို့စီးပြစီးတင်ပြီးလျှင် ပြောင်းအမြောက် စီစဉ်ခင်းကျင်းလျက် သံမြို့နှင့်အတူ ကြံ့ကြံ့ခံနှင့်လေ၏။

နေမျိုးသီဟပတေ့တို့တပ်စုလည်း စခန်းစဉ်အတိုင်းချီ၍ ဘန်တက်မြို့သို့ ကြည်းရေဆိုက်ရောက်လျှင် ဘန်တက်မြို့စားလည်း တပ်တော်ချီတက်လာသည့် ဆင်လုံးမြင်းရင်း များလှသောကြောင့် ဆီးကြို၍ မတိုက်ဝံ့၊ မြို့နှင့် အခိုင်နေသည်ကို ဆင်သည်မြင်းသည် ခြေသည်အပေါင်းတို့ ဓားတူးရှင်းလှေကားနှင့် မြို့ရင်းသို့ချဉ်း၍ မြို့ခြေ တပ်ခြေကို တူးသူတူးသည်၊ မြို့ကို လှေကားထောင်၍ တက်သူတက်သည်၊ သည်ကဲ့သို့ ရဲမက်အပေါင်းတို့ အကြောက်အရွံ့မရှိ သူ့ထက်ငါအားကြိုး၍လုပ်ကြလျှင် တဒင်္ဂခြင်း လျှပ်ပြက်သကဲ့သို့ အောင်မြင်၍ ရဲမက်တော်အပေါင်းသို့ ပန်းဖမ်းယူကြသည်၊ မိန်းမယောကျ်ား ဥစ္စာရွှေငွေများကို ရသူတို့ ယူကြရသည်၊ လက်နက်ကိရိယာကိုမူကား မိုလ်ချုပ်တပ်သို့ ပို့ကြရ၏။

ဗိုလ်ချုပ်နေမျိုးသီဟပတေ့လည်း ခေါင်းအကြီးပြုသူတို့ကို မဖောက်မပြန်ဝံ့အောင် သစ္စာတော်ပေး၍ အစောင့်အနေခန့်ထားခဲ့ပြီးလျှင် စခန်းစဉ်အတိုင်းချီသွားကြသည်၊ ရှာဟိုင်းမြို့သို့တပ်တော်ရောက်လျှင် ရှာဟိုင်းမြို့စားလည်း ဘန်တက်မြို့ပျက်၍ သုံ့ဖြစ်လေပြီကြားလျှင် မြို့နှင့်မျှမခံဝံ့သောကြောင့် ကျွန်တော်ခံပါတော့မည်၊ ရှာဟိုင်းစားကိုယ်နှင့် ခေါင်းအကြီးပြုသူတို့ တပ်တော်သို့ ဝင်ရောက်လှာကြသည်၊ ဗိုလ်ချုပ်နေမျိုးသီဟပတေ့လည်း ရှာဟိုင်းစားနှင့် ခေါင်းအကြီးပြုသူတို့ကို သစ္စာတော်ပေးပြီးလျှင် အမှုတော်ကို ထမ်းရွက်စေ၏။

တပ်တော် များသည်း စခန်းစဉ် အတိုင်း ကမန်ပိုက်မြို့သို့ ချီသည်၊ ကမန်ပိုက်မြို့စားလည်း ရှာဟိုင်းတမြို့လုံး သစ္စာတော်ကို ခံသောက်လေပြီကြားလျှင် မြို့စားကိုယ်နှင့်တကွ ခေါင်းအကြီးပြုသူတို့ လက်ဆောင်ပဏ္ဏာအများနှင့် လမ်းခရီးကကြို၍ ကျွန်တော်ခံ ဝင်ရောက်လှာသည်၊ ဗိုလ်ချုပ်နေမျိုးသီဟပတေ့လည်း ကမန်ပိုက်မြို့ရောက် ချီသွား၍ မြို့စားနှင့်တကွ ခေါင်းအကြီးပြုသူတို့တို့ သစ္စာပေးပြီးလျှင် အမှုတော်ကို ထမ်းရွက်စေ၏။

တပ်တော်များလည်း သုဝန်ခလောက်မြို့သို့ ချီသွားကြသည်၊ သုဝန်ခလောက်မြို့စားလည်း တပ်တော်ချီတက်လာသည်ကြားစကပင် ဆင်မြင်းရဲမက်, လက်နက်ကိရိယာ, မျိုးရိက္ခာ အပြည့်အဝ သွင်းထားလျက်ရှိနှင့်လေသောကြောင့် အညွှံ့မခံရှိသည်ကို ရဲမက်တော် ဆင်သည် မြင်းသည် ခြေသည်အပေါင်းတို့ မြို့ရင်းသို့ချဉ်း၍ မြို့ကို တက်စေသည်၊ မြို့ထိပ်ကလည်း ပြောင်း,အမြောက်,လက်နက်ကိရိယာ အများနှင့် ပစ်ခတ်ခုခံကြသော်လည်း ရဲမက်တော် ဗိုလ်လုံးတပ်လုံး များပြားလှသောကြောင့် မခံနိုင်၍ မြို့စီးပြစီးတို့ ဆင်းပြေးလျှင် ရဲမက်တော်အပေါင်း မြို့တွင်းသို့ဝင်၍ သုံ့ပန်းဖမ်းယူကြသည်၊ မိန်းမယောကျ်ား ဥစ္စာရွှေငွေများကို ရသူတို့ယူကြရသည်၊ လက်နက်ကိရိယာကိုမူကား ဗိုလ်ချုပ်တပ်သို့ ပို့ကြရ၏။

ယင်းသို့မြို့စားနှင့်တကွ တမြို့လုံးကို အောင်မြင်လျှင် ခေါင်းအကြီးပြုသူတို့ကို မဖောက်မပြန်ဝံ့အောင် သစ္စာတော်ပေး၍ အစောင့်အနေ ခန့်ထားခဲ့ပြီးလျှင် သောက္ကတဲမြို့သို့ တပ်စဉ်အတိုင်း ချီသွားသည်၊ မြို့စားပြုသူနှင့် ခေါင်းအကြီးတို့ မခုခံမဝံ့သောကြောင့် အသက်လွတ်ကြောင်း တပ်တော်သို့ ဝင်ရောက်လာလျှင် မြို့စားနှင့်တကွ ခေါင်းအကြီး ပြုသူတို့ကို သစ္စာတော်ပေး၍ အမှုတော်ကို ထမ်းရွက်စေ၏၊

တပ်တော်များလည်း ရသမာမြို့သို့ ချီသွားကြသည်၊ ရသမာမြို့စား လည်း သောက္ကတဲတမြို့လုံး ကျွန်တော်ခံဝင်လေပြီ ကြားသောကြောင့် ခရီးလမ်းကကြို၍ ကျွန်တော်ခံဝင်ရောက်သည်၊ ဗိုလ်ချုပ် နေမျိုးသီဟ ပတေ့တို့တပ်စုလည်း ရသမာမြို့ရောက်ချီသွား၍ မြို့စားနှင့်တကွ ခေါင်း အကြီးပြုသူတို့ကို သစ္စာတော်ပေးပြီးလျှင် အမှုတော်ကို ထမ်းရွက်စေ၏။

ယင်းကမှ ပိဿလောက်မြို့သို့ တပ်တော်များချီသွားကြသည်၊ ပိဿ လောက်မြို့စားလည်း မြို့ကြီးကျယ် နိုင်ခန့်သည်နှင့် အညွှံ့မခံ အမြောက် မြတပူစီစဉ်ခင်းကျင်းပြီးလျှင် အရေးအရာမလျှောက်မထား အခိုင်နေလေ သောကြောင့် ရဲမက်တော်အပေါင်းတို့ တညီတညွတ်တည်း မြို့ရင်းသို့ ချဉ်း၍ မြို့ကို တူးသူကူးသည်၊ လှေကားထောင်၍ တက်သူ တက်သည်၊ သည်ကဲ့သို့ အားကြိုး၍ လုပ်ကြီလျှင် မျက်စိတမှိတ်ခန့်မျှသာ အရေးတော် ပြီး၍ ရဲမက်တော်အပေါင်းတို့ သုံ့ပန်းဖမ်းယူကြသည်၊ မိန်းမယောကျ်ား ဥစ္စာရွှေငွေများကို ရသူတို့ ယူကြရသည်၊ လက်နက်ကိရိယာကိုမူကား ဗိုလ်ချုပ်တပ်သို့ပို့ကြရသည်။ ။ခေါင်းအကြီးပြုသူတို့ကို မဖောက်မပြန် ဝံ့အောင် သစ္စာတော်ပေး၍ အစောင့်အနေခန့်ထားသည်၊ လမ်းခရီး တလျှောက် ကျွန်တော်ခံဝင်ရောက်သည့် မြို့ပြများမှာလည်း ရဲမတ်တော် တို့ အနှောင့်အရှက်မရှိစေရ တပ်တိုင်းစေ့နှံ့အောင် ဆင့်ဆို၍ မြစ်တား ရသည်။ ။ဗိုလ်ချုပ် နေမျိုးသီဟပတေ့လည်း ပိဿလောက်မြို့တွင် ဆယ် ရက်ခန့် ဆင်မြင်းရဲမက်တော်အပေါင်းတို့ကို ဖြည့်တင်း၍နေ၏။

ယင်းသောအခါ သီရိနန္ဒသင်္ကြံနှင့် ဆယ်တပ်၊ ကျော်ခေါင်ကျော်သူ နှင့် ဆယ်တပ်၊ စစ်နှစ်ကြောင်းခွဲ၍ လလင်းမြို့, ပိတ်စဲမြို့,ဌာနီမြို့, ဘီစိပ်မြို့, ခွန်သံဝန်မြို့, အင်တောင်မြို့များသို့ ချီစေသည်၊ မြို့စား အပေါင်းတို့လည်း မြန်မာတပ်ချီလာ၍ အရှေ့တပြင် မြောက်တပြင် မြို့ပြများကို သိမ်းယူပြီး လျှင် ပိဿလောက်မြို့တွင် တပ်တော်အများ ချရပ်နေသည်၊ ယခုလည်း စစ်နှစ်ကြောင်းဖြန့်၍ချီလာသည် ကြားကြသောကြောင့် မနမခံဝံ့၍ ဆင် ကြီး မြင်းကြီး လက်နက်ကိရိယာများကိုဆက်၍ ကျွန်တော်ခံ ဝင်ရောက် ကြလေ၏။ ထိုအခါသီရိနန္ဒသင်္ကြံ,ကျော်ခေါင်ကျော်သူတို့ ဗိုလ်ချုပ်နှစ်ဦး လည်းလလင်းမြို့,ပိတ်စဲမြို့,ဌာနီမြို့,ဘီစိပ်မြို့, ခွန်သံဝန်မြို့,အင်တောင်မြို့များ ကိုမြို့စားနှင့်တကွ ခေါင်းအကြီးပြုသူတို့ကို သစ္စာတော်ပေးပြီးလျှင် မြို့စား တို့ ညီသားသမက်များကိုခေါ်ယူခဲ့၍ ဗိုလ်ချုပ် နေမျိုးသီဟပတေ့တို့တပ် စုရှိရာ ပိဿလောက်မြို့သို့ ပေါင်းလေ၏။ ဗိုလ်ချုပ် နေမျိုးသီဟပတေ့တို့

တပ်စုလည်း လမ်းခရီးတလျှောက် မြို့ပြများတွင် တိုက်လံ သိမ်းယူရလိုက်သည့် တပိသာဝင်ကစ၍ တဆဲ့ငါးပိသာဝင်အမြောက်ကြီးငယ် တရာ့ငါးဆယ်ကိုလည်း အကြီးအကြပ် အလုံအခြုံ ခန့်ထား၍ ဇင်းမယ်မြို့သို့ ပို့ထားစေသည်၊ ယိုးဒယားမြို့ အရှေ့တပြင် မြောက်တပြင် သိမ်းယူမိသမျှ မြို့ပြများတွင် ဆင်ကောင်း မြင်းကောင်း လက်နက်ကောင်းများကို ရွေးချယ်၍ ဘန်တက်မြို့တတပ်၊ရွာဟိုင်းမြို့တတပ်၊ ကမန်ပိုက်မြို့တတပ်၊ သုဝန်ခလောက်မြို့တတပ်၊ သောက္ကတဲမြို့တတပ်၊ ရသမာမြို့တတပ်၊ ပိတ်သလော်မြို့တတပ်၊ ပိတ်စဲမြို့တတပ်၊ လလင်းမြို့တတပ်၊ ဌာနီမြို့တတပ်၊ ဘီစိပ်မြို့တတပ်၊ ခွန်သံဝန်မြို့တတပ်၊ အင်တောင်မြို့တတပ် တပ်ပေါင်း တဆဲ့သုံးတပ် စည်းကြပ်ပြီးလျှင် ဥဒိန်နန္ဒကျော်ထင်ကိုအချုပ်ခန့်၍ ရှေ့ချီစေသည်၊ နေမျိုးသီဟပတေ့တို့နှင့် ကြည်းအားရေအား တပ်ပေါင်းခုနစ်ဆဲ့တတပ် စခန်းစဉ်အတိုင်း ယိုးဒယားမြို့သို့ ချီသွားကြရသည်။

ထိုအခါ ယိုးဒယားမင်းက ဇင်းမယ်ကြောင်း ချီတက်လာသည့် တပ်တော်များ မရောက်မပေါက်နိုင်အောင် ဆီးကြို တိုက်ရမည်ဟု အမတ်ကြီးဘယားကူးရတစ်ကို လှည်းရထားတင်,ဆင်တင်အမြောက်နှစ်ထောင်ကျော်, ဆင်သုံးရာကျော်, လူသုံးသောင်းကျော်များနှင့် ကြည်းကြောင်း၊ အမတ်ကြီးဖြခရံကို ရဲလှေသုံးရာကျော်, ကတ္တူသုံးရာကျော်, သမ္ဗန်သုံးရာကျော်များတွင် အမြောက် နှစ်ထောင်ကျော်တင်၍ လူသုံးသောင်းကျော်နှင့် ရေကြောင်း ပန်ပသုတ်ရွာ အရှေ့မြောက်, တာ တထောင်ကျော်ကွာ ဇင်းမယ်ကလာသည့် မဲပိန်မြစ်နားထွင် ကြည်းအား ရေအား စစ်အင်ကျဉ်း၍ ဆီးဆို့ရပ်ခံစေသည်၊ ဗိုလ်ချုပ်နေမျိုးသီဟပတေ့တို့ တပ်စုလည်း ကြည်းရေ အညီအညွတ် ရောက်၍ စစ်မျက်နှာ ပြိုင်မိလျှင် သူရဲသူခက် အပေါင်းတို့လည်းနောက်သို့ငဲ့ကွက်ခြင်းမရှိဆင်ပါမြင်းပါအပြင်းလွှတ်၍ တိုက်သည်၊ ယိုးဒယားတို့စစ်နှစ်ကြောင်း မရပ်မခံနိုင် ပျက်၍ ဆင်နှစ်ရာကျော်, အမြောက်ငါးရာကျော်,ရဲလှေအစင်း သုံးရာကျော်, လူတထောင်ကျော်များနှင့် ရေကြောင်း အချုပ်ပြုသူ အမတ်ဖြခရံကိုလည်း စီးသည့်ရဲလှေနှင့်တကွ အရှင်ရလိုက်သည်၊ သေလေသည်လည်းများ၏။

ဗိုလ်ချုပ်နေမျိုးသီဟပတေ့နှင့် ဗိုလ်မှူး တပ်မှူး အပေါင်းတို့လည်း ယိုးဒယားက ကြည်းရေရပ်ခံစေသည့် စစ်နှစ်ကြောင်း အကုန်အစင်ပျက်လျှင် မရပ်မဆိုင်းချီတက်၍ ယိုးဒယားမြို့ အရှေ့မြောက် တာ လေးရာကျော်ကွာ ပန်ပသုတ်ရွာသို့ သက္ကရာဇ် (၁၁၂၇) တထောင့်တရာ့နှစ်ဆဲ့ခုနစ်ခု

တပို့တွဲ လဆန်း ၄ ရက်နေ့ ဆိုက်လျှင် ဇင်းမယ်က လာသည့် မဲပိန်မြစ်ကို အလယ်ထား၍ ကမ်းနှစ်ဘက် လက်ဝဲ လက်ယာ တပ်ကြီး ကိုးတပ်တည်ပြီးလျှင် မျိုးရိက္ခာ အပြည့်အဝ သွင်းထား၍ ဆင်မြင်းရဲမက်တို့ကို ဖြည့်တင်းလျက် တပ်နှင့် အခိုင်နေလေ၏၊ တိုက်လံသိမ်းယူ ရလိုက်သည့် ဆင်နှစ်ရာကျော်, အမြောက်တထောင်ကျော်များကိုလည်း ခြေရင်းတော်သို့ပို့ဆက်စေသည်။ ။ယင်းသောအခါ ကံနီရွာတွင် စွဲရပ်သည့် ဒဝယ်ကြောင်းချီ ဗိုလ်ချုပ်မဟာနော်ရထာတို့ကပ်စုဗိုလ်မှူးတပ်မှူးတို့လည်း ဇင်းမယ်ကြောင်းချီ ဗိုလ်ချုပ် နေမျိုးသီဟပတေ့တို့ တပ်ပေါင်း ယိုးဒယားမြို့အရှေ့မြောက် ပန်ပသုတ်ရွာသို့ ချီတက်လာရောက်ကြောင်းကို ကြားသိလျှင် ကံနီရွာကတပ်စဉ်အတိုင်းချီတက်ခဲ့၍ ယိုးဒယားမြို့အနောက်မြောက်ယွန်း တာ ၄ ရာခန့်ကွာ ဟံသာဝတီဆင်ဖြူများရှင် တည်ခဲ့သည့် ဘုရားအနောက်တွင် စွဲရပ်နေလေ၏။

ယိုးဒယားမင်းလည်း ဇင်းမယ်ကြောင်း, ဒဝယ်ကြောင်း တပ်အများချီတက်ရောက်လာလျှင် အနီးအစပ် မြို့ကျေးရွာ လူသူများနှင့် မျိုးရိက္ခာအပြည့်အဝ သွင်းထားပြီးမှ မြို့,ပြ,ကျုံးမြောင်းကို ပြင်ဆင်၍ မြို့စီ ပြစီးတင်ပြီးလျှင် အမြောက်ကြီး မြတပူ အထပ်ထပ် စီစဉ် ခင်းကျင်းလျက်လောက်လွှဲ, တုံး,မောင်း, သံဆူးသံချွံ, မီးမောင်းမှစ၍ မြို့ခြေကျုံးနဖူးများတွင် ဆူးငြောင့်ခလုတ်, ကတုတ်ရင်တား အပြည့် စိုက်ထားပြီးလျှင်သံမြို့နှင့်အတူ ကြံ့ကြံ့ခံနေလေ၏။ ။ထိုအခါ ယိုးဒယားမင်းကို အမတ်ကြီး ဘယားကူရတစ်လျှောက်သည်ကား-ကျွန်တော်တို့တိုင်းပြည်ကို အဝရှင်ဘုရင်က ဇင်းမယ်ကြောင်း, ဒဝယ်ကြောင်း, တပ်ပေါင်းအများနှင့်စစ်သူကြီးနှစ်ဦးအုပ်ချုပ်၍ ချီတက်လာပြီးလျှင် ကျွန်တော်တို့ နိုင်ငံအနော်တပြင်,မြောက်တပြင်,အရှေ့တပြင် မြို့ပြများကို ဆင် မြင်း လက်နက် ကိရိယာများနှင့်တကွ သိမ်းယူ၍ ကျွန်တော်တို့မြို့ရင်းတိုင်အောင် ချီတက်ပြီးလျှင် တပ်အများစွဲရပ်နေသည်မှာ ရှည်ကြာသော် သူတို့အခြေအမြစ်ဖြစ်၍ လုပ်ရေးကြံရေး အလွန်ခက်ချိမ့်မည်၊အခြေမဖြစ်မီ နေ့ညအလျင်အမြန်လုပ်ကြံရသည်ဖြစ်မှ အရေးတော် ကောင်းမည်-လျှောက်သည်ကို ယိုးဒယားမင်း ဆိုသည်ကား-မြန်မာမင်းကတပ်အများစီရင်၍ စစ်နှစ်ကြောင်းချီလာပြီးလျှင် မြို့အနောက်မျက်နှာ,မြောက်မျက်နှာများတွင်စွဲရပ်နေသည်မှာ ငါတို့ကထွက်၍မတိုက်သော်လည်း မိုးကျလျှင် ရေပြည့်လျှမ်း၍ မဟာသမုဒ္ဒရာကဲ့သို့ဖြစ်သည့်ကာလမြန်မာဗိုလ်မှူးတို့နေရာမရှိလျှင် အလျင်ဆုတ်

ခွာရလိမ့်မည်၊ သို့ဖြစ်၍ ငါတို့မြို့သည် အယုဇ္ဈပုရဘေးမဲ့ရာတာဝတိံသာ နတ်ပြည်ကဲ့သို့ ဖြစ်သည်၊ သူတို့က လာသည်ဟူ၍ ကြောင့်ကြတွက်မရှိ၊ ငါ့မြို့ရင်းတိုင်အောင် ချီတက် ရောက်လာသမျှ ဗိုလ်မှူး တပ်မှူး ရဲမက် ဆင်မြင်းအပေါင်းကို အရှင်ဖမ်းယူရမည်ဆိုပြီးလျှင် မြို့အရှေ့မျက်နှာက စွဲရပ်သည့် နေမျိုးသီဟပတေ့တို့ တပ်စုကို တိုက်ရမည်ဟု အမတ်ကြီး ဘယားကူရတစ်ကို အချုပ်ခန့်၍ တိုက်ဆင်ငါးရာ, လှည်း ရထားတင် အမြောက် တထောင်, လူငါးသောင်းနှင့် အောင်တံခွန် ဖြန့်ပြီးလျှင် ပုံမောင်းတီးလျက် အကြောက် အရွံ့မရှိ မြို့တွင်းက ထွက်လာသည်ကို တပ်တော်များက မြင်၍ ဇင်းမယ်ကြောင်းချီ ဗိုလ်ချုပ် နေမျိုး သီဟပတေ့မှာ လျှောက်ထားသိလျှင် ကျော်ခေါင်ကျော်သူ,စစ်ကဲကြီး တုရင်ရာမကျော်,ရွှေတောင်စည်သူ, သီရိရာဇသင်္ကြံ, ဗညားလောတို့ ငါးတပ်ကို တိုက်ဆင်တရာ, မြင်းတထောင်, စစ်သည်သူရဲ တသောင်းနှင့် တပ်တံခါးကိုဖွင့်ပြီးလျှင် အဆုတ်အဆိုင်း အတည်းအတွမရှိ ဆင်ပါမြင်းပါ အပြင်းလွှတ်၍ တိုက်စေသည်၊ ယိုးဒယားတို့ မရပ်မခံနိုင် ပျက်လျှင် မြို့တွင်းသို့ အလျင်ဆုတ်ခွာလေ၏။ ဆင်တရာကျော်, အမြောက် ငါးရာကျော်, လူတထောင်ကျော် အရှင်ရလိုက်သည်၊ သေလေသည်လည်း များ၏။

နောက် ငါးရက်ခန့်ရှိလျှင် ယိုးဒယားမင်းလည်း ရဲမက်တော်တို့ကို ဆုလာဘ်များစွာပေး၍ မြို့အနောက်မျက်နှာတွင်စွဲရပ်သည့်ဒဝယ်ကြောင်းချီတပ်စုကို တိုက်ရမည်ဟု အမတ်ကြီးဖြသံကို အချုပ်ခန့်၍ တိုက်ဆင်လေးရာ, လှည်းရထားတင် အမြောက်တထောင်, ရွေးလူငါးသောင်းနှင့် တကြောင်း၊ အမတ်ကြီး ဘယားတက်ကို အချုပ်ခန့်၍ တိုက်ဆင်လေးရာ, လှည်းရထားတင် အမြောက်တထောင်, ရွေးလူ ငါးသောင်းနှင့် တကြောင်း တိုက်ဆင်များမှာ ရေကမိုး,မုန်အိုး,နားဘွင်း, ရင်ဝများတွင် သံချပ်သံပြားကပ်သည်၊ ဦးစီး နောက်ပဲ့ ကုန်းလယ် ရဲကတွင် လက်ဝဲလက်ယာ နောက် အမြောက်သုံး, အမြောက်ထိုးလူ ပစ်လူ စီစဉ်၍ စစ်နှစ်ကြောင်း ခွဲပြီးလျှင် အားကြိုး မာန်တက် အကြောက်အရွံ့မရှိ နဲ့ခရာ ပုံမောင်းတီးမှုတ်လျက် တနေ့တည်းထွက်လာသည်ကို တပ်တော်က မြင်၍ ဗိုလ်ချုပ်မဟာနော်ရထာသို့ လျှောက်ထားသိလျှင် စစ်ကဲကြီးနေမျိုးဂုဏ္ဏရတ်နှင့် လေးတပ်၊ စတုဂါမဏိနှင့်လေးတပ်၊ သီရိ ဇေယကျော်စွာနှင့် လေးတပ်၊ လက်ယာသိဒ္ဓိကျော်နှင့် လေးတပ်၊ သီရိရန္တမိတ်ကျော်ထင်နှင့်

လေးတပ်၊ သည်တပ်ပေါင်းနှစ်ဆယ်ကို တိုက်ဆင်တရာ, မြင်းငါးရာ, စစ်သည်သူရဲ နှစ်သောင်း တကြောင်း၊ မင်းကြီးဇေယသူနှင့် လေးတပ်၊ နန္ဒဘယကျော်ထင်နှင့် လေးတပ်၊ သူရိန်တန်ဆောင်နှင့် လေးတပ်၊ ရန်ငူးသီရိကျော်ထင်နှင့် လေးတပ်၊ သမိန်ကျော်ခေါင်နှင့် လေးတပ်၊ သည်တပ်ပေါင်းနှစ်ဆယ်ကို တိုက်ဆင်တရာ,မြင်းငါးရာ,စစ်သည်သူရဲ နှစ်သောင်းနှင့်တကြောင်း၊ စစ်နှစ်ကြောင်း ခွဲပြီးလျှင် ဟံသာဝတီ ဆင်ဖြူများရှင်တည်သည့်ဘုရားကိုအလယ်ထား၍ လက်ဝဲလက်ယာစစ်မျက်နှာဖြန့်လျက်ခံနေသည်ကို ယိုးဒယားမြို့တွင်းက ထွက်လာသည့် စစ်နှစ်ကြောင်းလုံးပေါင်း၍ မင်းကြီးဇေယသူတို့ တပ်ပေါင်းနှစ်ဆယ်ကို လှည်းရထားတင်အမြောက်တထောင်ကျော်နှင့် မိုးရွာသကဲ့သို့ ပစ်လွှတ်ပြီးလျှင် အမတ်ကြီးပြသံ တိုက်ဆင်လေးရာကျော်နှင့် မီးခိုမစဲခင် တဟုန်တည်းဝင်၍ နင်းသည်၊ ယင်းသောအခါ လမ်းက သစ္စာခံ၍ အမှုတော်ကို ထမ်းရွက်သူသဖန်းပုံးမြို့စားလည်းလက်ဝဲလက်ယာဆင်ကူနှစ်ဆယ်,ဆင်ခြေဖုံးသေနတ်ငါးရာနှင့် ရှေ့ကစွန်းစွန်းထွက်၍ ခံသည်ကို အမတ်ကြီးပြသံမြင်လျှင် နင့်ကိုပင်ရှာသည်ဆို၍ ဆင်နှင့်အပြင်းလွှတ်လာသည်၊ သဖန်းပုံးမြို့စားလည်းဆင်နှင့် ဆီးခံတိုက်သည်၊ ဆင်စွယ်ချင်းရှက်မိလျှင် ယိုးဒယားတို့က ပစ်လွှတ်သည့် ပြောင်းသင့်၍ သဖန်းပုံးမြို့စား ဆင်ဦးတွင် ဆုံးချေ၏။ သဖန်းပုံးမြို့စားကျလျှင် အမယ်ကြီးပြသံလည်း နောက်ကမြင်းငါးရာတပ်ကို ဆင်နှင့်ဖြန့်၍ နင်းသည်၊ မြင်းငါးရာလုံး မခံနိုင်ရွှေလေလျှင် မင်းကြီးဇေယသူတို့ တပ်ပေါင်းနှစ်ဆယ်ကို ယိုးဒယားမိုလ်လုံး တပ်လုံးဘိ၍ ဆင်ရှစ်ရာကျော်, လှည်းရထားတင် အမြောက် ငါးရာကျော်နှင့် နင်းတိုက်ထိုးခွေ့ပစ်ခတ်လေသောကြောင့် မခံနိုင်၍ရဲမက်တော်နှစ်သောင်းလုံး ကစီကရင်ရှိချေ၏၊ ထိုအခါ ဗိုလ်ချုပ် မဟာနော်ရထာလည်း ပြောင်းအမြောက်သံများသှသောကြောင့် တိုက်ဆင်တရာကို ရှေ့ကထား၍ လက်ဝဲလက်ယာဆင်ကူငါးရာ, ဆင်ခြေဖုံးသေနတ်သုံးထောင်နှင့် တပ်ကထွက်၍လာသည်ကို ဗိုလ်မှူးစစ်ကဲတို့မြင်လျှင် ဖြဖြဆော်၍ နေမျိုးဂုဏ္ဍရတ်တို့ တပ်ပေါင်းနှစ်ဆယ်, တိုက်ဆင်နှစ်ရာ,မြင်းငါးရာ, စစ်သည်သူရဲနှစ်သောင်းနှင့် ဆင်ဖြူရှင်တည်သည့် ဘုရားအရှေ့သို့လှည့်၍ ချီပြီးမှ ယိုးဒယားတပ်ကို နောက်ကပတ်၍ ဆင်ပါမြင်းပါ ရဲမက်တော်နှစ်သောင်းလုံး အသားစားမည်ကဲ့သို့ အပြင်းဝင်၍ ဘိဘိစီးစီး ပစ်ခတ် ထိုးခုတ်သည်တွင် ယိုးဒယားလူဘသိန်းကျော် ဆင်ပါမြင်းပါ မဆုတ်နိုင် မတက်နိုင် တန့်၍ရှိလေ၏။

ယင်းသောအခါ မင်းကြီးဇေယသူတို့တပ်ပေါင်း နှစ်ဆယ်လည်း အပြင်းအပြကွပ်ညှပ်စည်းကြပ်ပြန်၍ တိုက်ဆင်နှစ်ရာ, မြင်းငါးရာ, စစ်သည်သူရဲနှစ်သောင်းလုံး ရှေ့ကကြိုကြိုခံ၍ လှည်းရထားတင် အမြောက် ငါးရာကျော်နှင့် ယိုးဒယားဆင်ပုံသို့ မရပ်မဆိုင်းပစ်သည်တွင် ယိုးဒယား တိုက်ဆင်နှစ်ရာလုံး မခံနိုင်၍ နောက်သို့လှည့်ပြီးလျှင် ယိုးဒယားစစ်သည်တို့ကို ဇွပ်နင်းကော်၍ ပြေးလေသောကြောင့် ယိုးဒယားစစ်သည်တို့ ဝါးအစည်းပြေသကဲ့သို့ မစည်းမကြပ်နိုင်ပျက်၍ ရုံးမိသမျှ ဆင်မြင်းလူသူတို့နှင့် အမတ်နှစ်ဦး မြို့တွင်းသို့ အလျှင်ဆုတ်ခွာကြရလေ၏။ ။ဆင်နှစ်ရာကျော်, အမြောက်နှစ်ရာကျော်, လူနှစ်ထောင်ကျော် အရှင်ရလိုက်သည်၊ သေလေသည်လည်း များ၏။ စစ်ကဲကြီး နေမျိုးဂုဏ္ဏရတ်နှင့် မိုလ်မှူးတပ်မှူးတို့လည်း ရသည့်လူသူ လက်နက်ကိရိယာများကို သိမ်းယူ၍ တပ်သို့ပြန်လည်ခဲ့ကြသည်။

ဗိုလ်ချုပ်မဟာနော်ရထာလည်း ဗိုလ်မှူးတပ်မှူးအပေါင်းတို့ကို ရုံးစု၍ဆိုသည်ကား သဖန်းပုံးမြို့စားသည် ယိုးဒယားလူမျိုး ဖြစ်သော်လည်း သစ္စာတော် ဝမ်းတွင်ရှိသည့်အတိုင်း မဆုတ်မနစ် ဆင်ဦးတွင် အသေခံဝံ့သည်၊ မင်းကြီးဇေယသူ, နန္ဒဘယကျော်ထင်, သူရိန်တန်ဆောင်,ရန်ငူးသီရိကျော်ထင်, သမန်ကျော်ခေါင်တို့ ဗိုလ်မှူးငါးယောက်မှုကား အမှုတော်ကို ပေါ့ပေါ့လျော့လျော့ ထမ်းရွက်ကြသောကြောင့် စစ်မျက်နှာကွက်ကြားရသည်၊ မင်းကြီးဇေယသူနှင့် ဗိုလ်မှူးငါးယောက်ကို ယခုပင်ကွပ်လေဆိုသည်ကို စစ်ကဲကြီး တရင်ရန်အောင်ကျော်က မင်းကြီးဇေယသူနှင့် ကျွန်တော်မိုလ်မှူး ငါးယောက်သည် အသက်မသေဝံ့၍ ဆုတ်ခွာရခြင်းမဟုတ်ပါ၊ တယောက်နှင့်တကျိပ်၊ တကျိပ်နှင့်တရာဖြစ်၍ အင်အားမတန်လှသောကြောင့် အောင်မြေအောင်ရပ်ကို ချင့်၍ စစ်ရေးသွေးငင်ခဲ့သည့်အမှုသာဖြစ်ပါသည်ဆိုသည်ကို လက်ပဲစစ်ကဲနေမျိုးဂုဏ္ဏရတ်ကြားလျှင် စစ်ကဲကြီးဆိုသည့်အရေးသည် စစ်ရေးမှန်လှပေသည်၊ဗိုတ်မှူးငါးဦး စစ်ရေးငင်ခဲ့သောကြောင့် အောင်ခြင်းပွဲလှပေသည်ဆိုသည်ကို ဗိုလ်ချုပ်မဟာနော်ရထာက မည်ကဲ့သို့ပွဲလှသည်ကို ဆိုဦး ဆိုပြန်သောကြောင့် ကျွန်တော် ဗိုလ်မှူးငါးယောက်တို့သည် ချောင်းကိုရှေ့ထားလျက် ခံနေရသည်ဖြစ်သောကြောင့် သူ့တပ်လိုကူး၍ တိုက်ရမည်လည်း အင်အားမမှုသည်နှင့် နောက်သို့သွေးငင်ခဲ့လျှင် ယိုးဒယားတို့ ဆင်လုံးလူလုံးဘိ၍ ချောင်းကိုကူးပြီးလျှင် တိုက်လှာသည်ကို ကျွန်တော်ဗိုလ်မှူးငါးယောက်တို့

သည် ကျေးဇူးသစ္စာတော် ဝမ်းတွင်းရှိသည့်အတိုင်း မငဲ့မကွက် မဆုတ်မနစ် ကြိုးကြိုးခံ၍တိုက်သောကြောင့် ယိုးဒယားတို့ မခံနိုင်၍ ဆုတ်ခွာလျှင် ချောင်းကို ရုတ်ဟရက်မကူးတည့်နိုင်၊ ဆင်လုံးလူလုံးတောင့်၍ရှိသည်တွင် ကျွန်တော်တို့က ရှေ့နောက်ညှပ်၍ ပြောင်းအမြောက် တထောင်ကျော် ပစ်ခတ်ပြီးလျှင် ဆင်ပါမြင်းပါဘိ၍ နင်းနယ်ထိုးခုတ် တိုက်လံကြသောကြောင့် ယိုးဒယား ဆင်မြင်းလူသူမရေမတွက်နိုင်အောင် သေကြေပျက်စီးခြင်းသို့ ရောက်ရလေသည်–လျှောက်သည်ကို ဗိုလ်ချုပ် မဟာနော်ရထာ မည်သို့မဆို ဆိတ်ဆိတ်နေသောကြောင့် ဗိုလ်မှူးစတုဂါမဏိက စစ်သူကြီးနှစ်ဦး လျှောက်သည့်စကားသည် အလွန်သင့်လှပေသည်၊ စစ်တို့သဘောသည် ကြက်ဥထဲတွင်ရှိသည့် ကြက်သငယ်ကို အသိခက်သကဲ့သို့ သိကြားနှင့် အသူရာတုံသော်လည်း ဆုတ်တုံတက်တုံ ရှုံးနိုင်ရှိချေသေးသည်၊ ယခုလည်း အရေးတော် ကုံသေးသည်မဟုတ်၊ သူ့မြို့ရင်းတွင် ဖြစ်ချေသည်၊ သည်တကြိမ် ဗိုလ်မှူးငါးယောက် အသက်ကိုလွှတ်၍ နောက်ပွဲလမ်းများတွင် ထင်ထင်ရှားရှား ဆက်သပါမည့်အကြောင်းနှင့် လျှောက်လျှင် ဗိုလ်ချုပ် မဟာနော်ရထာက စစ်ရေးမက်ရေးဆိုသည်မှာ အင်နည်းအင်များ အပြစ်ကြီးငယ် အကြိမ်နည်းများမဆိုရ၊ ကွပ်ညှပ်စီရင်ရမြဲဖြစ်သည်၊ ယခုအရေးမှာ ဗိုလ်မှူးသုံးဦးက ချမ်းသာစေလိုလျှင် ချမ်းသာစေတော့ ဆို၍ မင်းကြီးဇေယသူနှင့် ဗိုလ်မှူးငါးဦးချမ်းသာ၍ အုပ်ချုပ်မြဲအတိုင်း အုပ်ချုပ်စီရင်ကြရသည်။

ယင်းသောအခါ ယိုးဒယားမြို့သည် မြစ်ရေဝန်းရံလျက်ဖြစ်ချေသောကြောင့် မြို့သို့ မကူးမသန်း မချဉ်းမကပ်တည့်နိုင်ရှိလျှင် ဒဝယ်ကြောင်းချီ မဟာနော်ရထာတပ်က စစ်ကဲကြီး နေမျိုး ဂုဏ္ဏရတ်နှင့် ခုနစ်တပ်, မင်းကြီးဇေယသူနှင့် ခုနစ်တပ်, မင်းကြီးဂါမဏိစန္ဒနှင့် ခုနစ်တပ်, သည်နှစ်ဆဲ့တတပ်ကို ယိုးဒယားမြို့ အနောက်မျက်နှာက စွဲရပ်ရံနေစေသည်၊ ခေမရာဇာနှင့် ခုနစ်တပ်၊ ရန်ငူးသိရိကျော်ထင်နှင့် ခုနစ်တပ်, မင်းငယ်ဗလနှင့် ခုနစ်တပ်, သည်တပ်ပေါင်း နှစ်ဆဲ့တတပ်ကို မြို့တောင်မျက်နှာက စွဲရပ်ရံနေစေသည်။

ဇင်းမယ်ကြောင်းချီ နေမျိုးသီဟပတေ့တ်တပ်စုကလည်း ဆပ်ပြာကုန်းဗိုလ်နှင့် ငါးတပ်,တုရင်သာရကျော်နှင့်ငါးတပ်,သစ်ဆိမ့်ဗိုလ်နှင့်ငါးတပ်, သာပန်စာနှင့် ခြောက်တပ်,သည်နှစ်ဆဲ့တတပ်ကို မြို့အရှေ့မျက်နှာက စွဲရပ်ရံနေစေသည်၊ စစ်ကဲကြီး တုရင်ရာမကျော်နှင့် ခုနစ်တပ်,ကျော်ခေါင်

ကျော်သူနှင့် ခုနစ်တပ်, သတိုးမင်းထင်နှင့် ခုနစ်တပ်, သည်တပ်ပေါင်း နှစ်ဆဲ့တတပ်ကို မြို့မြောက်မျက်နှာက စွဲရပ်ရံနေစေသည်၊ ယိုးဒယားမြို့ လေးမျက်နှာတပ်ပေါင်းရှစ်ဆဲ့ရှစ်တပ်၊ နွားကိုခြီလှောင်သကဲ့သို့ကြည်းရေ ဝန်းရံပြီးလျှင် မြို့ကိုချဉ်း၍အကြိမ်ကြိမ်လုပ်ကြံစေသည်ကိုလည်း ယိုးဒယား မြို့သည် ကျုံးလည်းနက်သည်၊ ကျယ်လည်းကျယ်သည်၊ မြို့လည်းမြင့်သည်၊ ခိုင်လည်းခိုင်ခန့်သည်၊ မြစ်ကိုကူး၍လည်း လုပ်ကြံရသည်၊ မြို့ထိပ်ကလည်း ပြောင်းအမြောက်ထူထပ်လှသောကြောင့် မြို့ရင်းသို့တိုင်အောင်မျှ မချဉ်း မကပ်နိုင်ရှိချေ၏။

ယင်းသောအခါ ဗိုလ်မှူးတပ်မှူးတစုတို့က ဗိုလ်ချုပ် မဟာနော်ရထာ ကိုလျှောက်ကြသည်ကား····ယခု ယိုးဒယားမြို့ကို အကြိမ်ကြိမ် လုပ်ကြံကြ သည် မြို့ရင်းသို့မျှ မချဉ်းမကပ် မရောက်မပေါက်နိုင်ရှိသောကြောင့် မြို့ကို သာရံ၍ နေကြရချေသည်၊ မိုးလည်းကျတော့မည် ယခုမိုးကျလျှင် ယိုးဒ ယားမြို့ပတ်လည် မြစ်ချောင်းများသည် ပင်လယ်နှင့် တစပ်တည်းဖြစ်ချေ သောကြောင့် ကုန်းကျင်း မသိနိုင်အောင် ရေတပြင်တည်း ဖြစ်ချေလျှင် ဆင်မြင်းကိုမျှ ထားစရာမရှိအောင် အလွန်ခဲယဉ်းချိမ့်မည်၊ မိုးလအတွင်း အရံကိုဖြုတ်၍ မြေကုန်းမြင့်ရာဆုတ်နေပြီးလျှင် မိုးစဲလင်းပွင့်သည့်ကာလ မှ ယိုးဒယားမြို့ကိုရံမြဲရံ၍ လုပ်ကြံရသော် ယိုးဒယားမြို့သည် ကျွန်တော် တို့လက်ကလွတ်နိုင်မည်လောဟုဆိုကြသည်တွင်ဗိုလ်ချုပ်မဟာနော်ရထာ ဆိုသည်ကား-ငါတို့ ကာလအရှည် ယိုးဒယားမြို့ကို ရံနေသောကြောင့် မြို့တွင်းသားတို့ ကျဉ်းမြောင်းလျက်ရှိလေပြီးသည်ကိုသခုငါတို့အရံကိုဖြုတ် ၍ ဆုတ်ခွာရပ်နေသည်ရှိသော် မြို့တွင်းသားတို့ ဝိုက်ကွန်မှလွတ်သောငါး ကဲ့သို့ရှိ၍ အရံမြို့ရွာများနှင့် တချက်တည်းရှိချေလျှင် မျိုးရိက္ခာ လက်နက် လူသူအပြည့်အဝဖြည့်သွင်း၍ သူတို့ ကွန့်ကွန့်လွန့်လွန့် ကြံကြိုက်ရာရာကြံရ ချေသည်ရှိသော် ငါတို့ဆင်မြင်းလူသူ အပင်အပန်းခံ၍ ကာလအရှည် မြို့တွင်ရံနေသည့် အရာသည် အကျိုးမဲ့ မဖြစ်ချေပြီလော၊ ယင်းသို့ဖြစ်၍ ငါတို့က နောက်ကိုရသာယူသာသမျှ မျိုးရိက္ခာကိုလည်း ယူ၍သွင်းထား မည်၊ဖမ်းဆီးသိမ်းယူသမျှ ကျွဲနွားများနှင့်လည်း မျိုးရိက္ခာအများရအောင် အနှံ့အစပ် လယ်ယာလုပ်ဆောင်စိမ့်မည်၊ဆင်မြင်းဆိုသမျှမှုကား မြက်ရေ ကောင်းရာ ကုန်းရှိသည့် အရပ်သို့ပို့ထားမည်၊ ငါတို့ရံတပ်စုလည်း ယိုး ဒယားမြို့ပတ်လည်ရေတိမ်ရာမှာမြို့တပ်တည်လုပ်ပြီးလျှင်တတပ်နှင့်တတပ် တမြို့နှင့် တမြို့ ကမ်းလှမ်း ဆက်လက်မိအောင် တပ်တန်း နားရှက်ထိုး၍

ယိုးဒယားမြို့ကိုမရသမျှ ဆယ်နှစ်တိုင်အောင်ပင်ဖြစ်သော်လည်း ရုံမြဲရုံနေမည်၊ အခြားကစစ်ကူစစ်ထပ်ရောက်သော်လည်း အရုံကိုမဖြုတ်၊ ဆင်မြင်းလူသူခွဲ၍ ဆီးကြိုတိုက်လံမည်၊သည်ကဲ့သို့လုပ်ကြံလျှင် မင်းနှင့်တကွ ယိုးဒယား တမြို့လုံး ငါတို့လက်ကလွတ်နိုင်မည်လောဟု ဆိုသည်တွင် ဗိုလ်ချုပ်မဟာနော်ရထာ ဆိုသည့်အခရေးကို ဗိုလ်ချုပ်နေမျိုးသီဟပတေ့ စသောဗိုလ်မှူးတပ်မှူး အပေါင်းတို့ အကြိုက်ညီကြလေ၏။

ယင်းသောအခါ ရေကြီးစပြု၍ ချောင်းပေါက် မြစ်ပေါက်များသို့ရေဝင်ရောက်လျှင် ဆင်မြင်းဆိုသမျှကိုတပ်မှူးတပ်အုပ်ခန့်၍ မြက်ရေကောင်းရာ ရေလွှဘ်ရာကုန်းများသို့ စည်းကြပ်ဆုတ်ထားရ၏၊ ထိုနောက်ငါးရက်ခန့်ရှိလျှင် ရေအလွန်ကြီး၍ ယိုးဒယားမြို့ပတ်လည် မဟာသမုဒ္ဒရာကဲ့သို့ဖြစ်လေ၏၊ ထိုအခါ တပ်တော်များတွင် အုတ်စီ၍ မြေဖို့ပြီးလျှင် ရဲလှေတော်အများ လုပ်ဆောင်ကြရသည်၊ ထိုရဲလှေအပေါင်းတွင် ရွှေထည့်ကောင်းသည့်လှေများကိုလည်း ရွှေထည့်သည်၊ အနီသုတ်ကောင်းသည့်လှေများကိုလည်း အနီသုတ်သည်။

ယင်းသောအခါ ယိုးဒယားမင်းကို အမတ်ကြီးဗြသံ လျှောက်သည်ကား····အဝမြို့နှင့်ဒွါရာဝတီမြို့သည် ခရီးငါးသိန်းကျော်ခြောက်သိန်းခန့်ကွာသည်ကိုဆင်မြင်းရဲမက် လက်နက်ကိရိယာ မျိုးရိက္ခာအစုံနှင့် ဗိုလ်မှူးနှစ်ဦးချီတက်လာ၍ ကျွန်တော်တို့နိုင်ငံအလုံးကို ထောင်းထောင်း ကြေအောင် ဖျက်ဆီးသောကြောင့် ကြည်းအားရေအား အမတ်ဗိုလ်မှူးတို့ကိုခန့်ထား၍ ဆီးဆို့ ရပ်ခံစေသည်ကို မြို့တွင် ပေါက်စ ဖြစ်သော ကြက်သငယ်သည် သိမ်းစွန်ဖြစ်သောသားရဲငှက်တို့၏အရိပ်ကိုမကြည့်ဝံ့ဘိသကဲ့သို့ ဆိုင်ပြိုင်မိလေသမျှအရေးသည် မည်သည့်ကာလတွင်မျှ စစ်မျက်နှာလှဘူးသည်မရှိချေ၊ ဘုန်းကြီးသည့် အရှင်မှာမူကား မင်းတို့ ကျင့်ရာသည့်တရားအပေါင်းကို နေ့ညနှလုံးသွင်းတော်မူလျက် ကျွန်တော်တို့ မှူးမတ်မှ၍ အမှုထမ်း အရာထမ်းအပေါင်းတို့၌ ပရိစ္စာဂ, အဇ္ဇဝ,အဝိဟိံသာ တရားသုံးပါးနှင့်အညီ သိမ်းပိုက် ပြုစုတော်မူသည် ကိုလည်း သမ္မာနတ်အပေါင်းတို့ သိလေပြီ၊ သို့စင် ကျေးဇူးတော်ကို မပြတ်ခံစားကြလျက် စားရသော်ကား ဝမ်းသာ, စေပါသော်ကား စည်းဖမ်းမည်ကဲ့သို့ ဆိုသော ရှေးသူဟောင်းတို့ စကားနှင့် ညီလှသောကြောင့် ကျေးဇူးတော်ကို အောက်မေ့လိုက်တိုင်း အချိန်တထောင်ရှိသောဝန်ကို ဦးခေါင်းထက်ရွက်၍ နေရဘိ သကဲ့သို့ ဝန်လေးလှသောကြောင့် ဘဝ အဆက်ဆက်

ဆပ်သော်လည်းမပိုင်မနိုင်ရာ၊ သို့ဖြစ်၍ ကျွန်တော်ကြိုက်သည့်ရဲလှေသမ္ဗန်များတွင် ရွေးရ ရဲမက် လက်နက်ကိရိယာ အပြည့်တင်ပြီးလျှင် မဆုတ်မနစ် မြို့အနောက်တွင် စွဲရပ်သည့်တပ်စုကိုတိုက်မည်၊သည်တပ်စုပျက်လျှင် မြို့မြောက်ကိုလှည့်၍ ဇင်းမယ်ကြောင်း ချီလာသောတပ်စုကို တိုက်မည်၊ သည်တပ်စုမပျက်သမျှ မြို့တွင်းသို့မဝင်ပြီ၊ သူ့လက်တွင် သေပေစေတော့ဟု လျှောက်သည်ကို ယိုးဒယားမင်းသည် အလွန်အားရသောကြောင့် အမတ်ကြီးပြသံကို အကြေ့တမော် အတင့်အတယ် ဝတ်စားတန်ဆာဆင်ယင်စေပြီးလျှင် ရဲမက်ငါးရာစီးသောရဲလှေကြီးတွင်တင်၍ ရွေးရလူရှစ်သောင်းငါးထောင်ကို ရဲလှေနှစ်ထောင့်သမ္ဗန်ငါးရာများတွင် စီးစေပြီးလျှင် စိန်ပြောင်းအမြောက် စီစဉ်ခင်းကျင်းလျက် အောင်တံခွန်ဖြန့်၍ မြို့အနောက် မဟာနော်ရထာတို့တပ်စုကိုတိုက်မည် ထွက်လာသည်ကို ရံတပ်တော်များကမြင်၍ဗိုလ်ချုပ်မဟာနော်ရထာကိုလျှောက်ထားသိလျှင် စစ်ကဲကြီး တုရင်ရန်အောင်ကျော်နှင့်တိုက်လှေတရာ,သူရိန်တန်ဆောနှင့် တိုက်လှေတရာ, နန္ဒဘယကျော်ထင်နှင့် တိုက်လှေတရာ, လက်ဝဲကောင်းထွတ်နှင့် တိုက်လှေတရာ, သူရိန်ရန်နိုင်နှင့်တိုက်လှေတရာ, သမိန်ကျော်ခေါင်နှင့် တိုက်လှေတရာ, တပ်ပေါင်းခုနစ်တပ်, တိုက်လှေခုနစ်ရာများတွင် စစ်သည်သူရဲ သုံးသောင်းငါးထောင်တင်၍ ပြောင်းအမြောက်စီစဉ်ခင်းကျင်းပြီးလျှင် အောင်တံခွန်ဖြန့်လျက် တိုက်စည်တိုက်မောင်းစသောနှဲခရာ ပုံသာလင်းခွင်းတီးမှုတ်လျက် လှေဦးရွယ်ကာ ယိုဒယားလှေသမ္ဗန်များသို့ မဆုတ်မနစ်ဝင်၍တိုက်သည်၊ ယိုးဒယားမြို့ထိပ်ကလည်းအမြောက်မြတပူအများနှင့် ပစ်လွှတ်သည်ကိုလည်း ရဲမက်တော်တို့ အကြောက်အရွံ့မရှိ လှေချင်းနီးလျှင်ချွန်းနှင့်ဆွဲငင်၍သူ့လှေပေါ်သို့တက်ပြီးလျှင် လက်ဝဲလက်ယာ ထိုးခုတ်ရိုက်ချသည်၊ တိုက်လှေသမ္ဗန်များပြားလှသောကြောင့် အထွေးထွေး အရောရောတိုက်ကြသည်တွင် ယိုးဒယား အမတ်ကြီးပြသံလည်း အားကြိုးမာန်တက် လှေဦးရှောက်တုံ, ပဲ့ရှောက်တုံ ကွပ်ကဲဆော်ဘန်သည်ကို ရဲလှေတော်အစင်းနှစ်ဆယ်ခန့်ဝန်းရံတိုက်သည်တွင် လှေစီးရဲမက်တို့ကို ပြောင်းသေနတ်ထိခိုက်၍ အကုန်သေသော်လည်း လက်မချသည်ကိုမြင်လျှင် အမြောက်မှူးငစံထွန်း လှေယှဉ်၍ဖမ်းမည် လှေဦးလှည့်၍ဝင်လာသည်ကို အမတ်ကြီးပြသံက နင့်ကိုသာ ဖမ်းမည်ဟု လာသည်၊ ငါ့အညွှံ့ခံတွက်မရှိဆိုပြီးလျှင် လက်နက်နှင့်တကွ ငစံထွန်းစီးသည့် လှေဦး

သို့ ခုန်တက်သည်ကို အမြောက်မှူးငစံထွန်း အမြောက်ထိုးတံနှင့် ရိုက်၍ အရှင်ရလိုက်သည်။

ယိုးဒယားဗိုလ်မှူးတပ်မှူးတို့လည်း အမတ်ကြီး ဗြဲသံကို စီးသည့်ရဲလှေ ထက်ဘွင် မမြင်လျှင် ငါတို့စစ်သူကြီးကျလေပြီဟုကိုယ်စီ အသက်လွတ်ရာ မြို့တွင်းသို့ ဝင်ပြေးကြလေ၏၊ ဗိုလ်မှူးခုနစ်ဦးသားတို့လည်း လှေနှင့်လိုက် ၍ သုံ့ပန်းဖမ်းယူကြသည်၊ယိုးဒယားတို့ရဲလှေတထောင်ကျော်,သမ္ဗန်ငါး ရာနှင့်တကွ သုံ့လူငါးခေါင်းကျော် အရှင်ရလိုက်သည်၊ သေလေသည် လည်းများ၏။ ။ထိုသူတို့ကိုလည်း ကောင်းမွန်စွာ စားသောက်နေစေ၍ တပ်တော်များ ဆိုက်ရောက်လာသည့်ကာလ အသက်လွတ်ရာ တောအုံ တောင်ကမ်း ခိုနေသူတို့ကို အသီးအသီးလွှတ်၍ရှာဘွေစေသည်၊ မြို့တိုင်း ရွာတိုင်း တောအုံရှောင်နေသူ မိန်းမယောကျ်ားအများ ချမ်းသာစွာ ဝင် ရောက်နေထိုင်ကြသည်၊ ထိုသူအပေါင်းတို့တွင် ခေါင်းအကြီး ပြုသူတို့ကို သစ္စာတော်ပေး၍ အမှုတော်ကို ထမ်းရွက်စေ၏။

ထိုနောက်ဆယ်ရက်ခန့်ရှိလျှင် အမတ်ကြီးဘယားကျူရတစ်သည့်ရဲလှေ တထောင်,ကတ္တူငါးရာများတွင် ရဲမက်ငါးသောင်းတင်ပြီးလျှင် ပြောင်း အမြောက်စီစဉ်ခင်းကျင်းလျက် ဇင်းမယ်ကြောင်း ချီလာသော မြို့အရှေ့ တွင် စွဲရပ်သည့် တပ်စုကို တိုက်မည်ဟု အောင်တံခွန်ဖြန့်လျက် ပုံမောင်း တီး၍ ထွက်လာသည်ကို ရဲတပ်တော်များကမြင်၍ ဗိုလ်ချုပ် နေမျိုးသီဟ ပတေ့ကို လျှောက်ထားသိလျှင် စစ်ကဲကြီး ကျော်ထင်သီဟသူ, ဥဒိန်နန္ဒ ကျော်, ဒင်္ဂသမန်, လက်ဝဲစကြဲ, ဘုရင်ဗလကျော်တို့ ငါးတပ်ကို လူငါး ထောင်နှင့် ဇင်းမယ်ကလာသည့် မဲပိန်မြစ်နား ဥယဉ်ရွာကနေစေသည်၊ သတိုးမင်းထင်,ရဲထင်အာကာ, နန္ဒရာဇာ,ဒီပရဲထွတ်, ရွှေတောင်အိန္ဒသူ တို့ငါးတပ် လူငါးထောင်နှင့် ဥယဉ်ရွာတဘက် မဲပိန်မြစ်နားတွင်နေစေ သည်၊လက်ဝဲလက်ယာစစ်နှစ်ကြောင်းမြှုပ်ထားပြီးလျှင်ကျော်ခေါင်ကျော် သူ,တုရင်ရာမကျော်, ရွှေတောင်စည်သူ, ဗညားရံတဲ, ဆာပ်ပြာကုန်းဗိုလ်, သစ်ဆိမ့်ဗိုလ်,ပြင်ဦးဗိုလ်, ရုံးခါးစားဘို့ ရှစ်တပ်ကို တိုက်ဆင်နှစ်ရာ, စင် ဘည်သူရဲ ဟခသောင်းနှင့် ပြောင်းအမြောက် ဖျော်ဖျော်ပစ်လွှတ်၍ ဆီးခံ တိုက်စေသည်။

ထိုအခါ ယိုးဒယား ဗိုလ်မှူးတပ်မှူး အပေါင်းတို့လည်း လှေပါလူပါ အရဖမ်းမည်ဟု ရဲလှေတထောင်, သမ္ဗန်ငါးရာများနှင့် တလုံးတည်းဘိ၍

လိုက်လှာသည်ကို တိုက်လှေတော်စီး တပ်မှူးရှစ်ဦးတို့လည်း ဆင်ကျုံးရပ်ကသည် ဥယဉ်ရွာသို့စစ်ရေးငင်ပြီးလျှင် မဲပိန်မြစ်နှစ်ဘက်မြှုပ်ထားသည့် တပ်စုနှင့် ဆီတည့်ရောက်လျှင် တိုက်လှေတော်နှစ်ရာလုံး ကြွေကြွေခံ၍ ပစ်ခတ်သည်။ လက်ဝဲလက်ယာ မြှုပ်ထားသည့် တပ်တော် များကလည်း အမြောက်ကြီးမြတပူအများနှင့် မီးပေါက် မိုးရွာသကဲ့သို့ ပစ်ခတ်လျှင် ယိုးဒယားတို့လည်း စစ်သုံးမျက်နှာဝန်းရံတိုက်လေသောကြောင့် မခံမရပ်နိုင်၍အပြင်းဆုတ်ခွာကြလေ၏။ လှေစီးတပ်မှူးနှင့်တကွ တိုက်လှေတရာကျော်, လူငါးထောင်ကျော် အရှင်ရလိုက်သည်၊ သေလေသည်လည်းများ၏။ ။ယိုးဒယားမင်းလည်း ထွက်၍တိုက်ယံစေသမျှ စစ်သည် မည်သည့်ကာလတွင်မျှ အောင်မြင်သည်ဟူ၍ မရှိချေသောကြောင့် မှူးမတ်ပြည်သူတို့နှင့်တကွ အလွန်ကြောင့်ကြခြင်းကြီးစွာဖြစ်၍ မြို့တံခါးကို အုတ်အပြည့်စီ၍ ပိတ်ပြီးလျှင် မြို့ကိုသာ လုံခြုံခိုင်ခန့်အောင် စီရင်၍ အခိုင်နေလေ၏။

ထိုနောက် ရေကျပြန်လျှင် ယိုးဒယားမင်းလည်း မင်းညီမင်းသားမှူးမတ်ဘို့နှင့် တိုင်ပင်ကြပြီးလျှင် အားသစ်ပြန်၍ တိုက်ဆင်သုံးရာ,လှည်းရထားတင် အမြောက် ငါးရာ,စစ်သည်သူရဲ သုံးသောင်းနှင့် အမတ်ကြီးဘယားဘိုက်ကို အချုပ်ခန့်ပြီးလျှင် မြို့အနောက်တွင် စွဲရပ်သည့် မဟာနော်ရထာတို့တပ်စုကိုထွက်၍ တိုက်ရမည်ဟုတကြောင်း၊တိုက်ဆင်သုံးရာလှည်းရထားတင် အမြောက်ငါးရာ, စစ်သည်သူရဲသုံးသောင်းနှင့် အမတ်ကြီး ဘယားဗြနရစ်ကို အချုပ်ခန့်ပြီးလျှင် မြို့အရှေ့မြောက်တွင် စွဲရပ်သည့် နေမျိုးသီဟပတေ့တို့ တပ်စုကို တိုက်ရမည်ဟု တကြောင်း၊ စစ်နှစ်ကြောင်း တခန့်တည်း အညီအညွတ်ထွက်လာသည်ကို ရံတပ်တော်များကမြင်၍ ဗိုလ်ချုပ်မဟာနော်ရထာ, နေမျိုးသီဟပတေ့တို့ကို လျှောက်ထားသိလျှင် မဟာနော်ရထာတပ်စုက စစ်ကဲကြီး နေမျိုးဂုဏ္ဏရတ်, ၎င်းတုရင်ရန်အောင်ကျော်,သီရိဇေယကျော်စွာ,နော်ရထာကျော်စွာ,စတုဂါမဏိ, သီရိရန္တမိတ်ကျော်ထင်တို့ကို တိုဘ်ဆင်တရာ့နှစ်ဆယ်, မြင်းတထောင့်နှစ်ရာ, စစ်သည်သူရဲ တသောင်းနှစ်ထောင်နှင့် ဆီးကြို တိုက်စေသည်ရဲမက်တော်အပေါင်းတို့လည်း ယိုးဒယားသားတို့ကိုမြင်လျှင် သိန်းစွန်ရဲငှက်တို့သည် အစာဖြစ်သောကြက်သငယ်ကိုမြင်၍အားကြိုးမာန်တက် ဝိစိရွှပ်ရွှပ်ဖမ်းယူဘိသကဲ့သို့ သူ့ဆင်ပုံမြင်းပုံသို့ အပြင်းဝင်၍ ပစ်ခတ်ထိုးခုတ်သည်၊ ယိုးဒသားဘို့မခံနိုင်၍ ဆင်ပါမြင်းပါ ဆုတ်ခွာရလေ၏။ဆင်

တရာကျော်,မြင်းနှစ်ရာကျော်, လူတထောင်ကျော် အရှင် ရလိုက်သည်၊ သေလေသည်လည်း များ၏။

နေမျိုးသီဟပတေ့ဘ်ိုတပ်စုကလည်း စစ်ကဲကြီးကျော်ထင်သီဟသူ,ဗုဒ်ဓးတုရင်ရာမကျော်, တပ်မှူးကျော်ခေါင်ကျော်သူ, သီရိရာဇသင်္ကြံ, သီရိနန္ဒကျော်ထင်, ဗညားလေ့ာတို့ကို တိုက်ဆင် တရာ့နှစ်ဆယ်,မြင်းတထောင့်နှစ်ရာ,စစ်သည်သူရဲ တသောင်းနှစ်ထောင့်နှင့် ဆီးကြို၍ တိုက်စေသည်၊ ရဲမက်တော်အပေါင်းတို့လည်း ယိုးဒယားသားတို့ကိုမြင်လျှင် ငှက်ငယ်တကောင်မျှ ပမာမမှတ်၊ သူ့ဆင်ပုံမြင်းပုံသို့ဝင်၍ ပစ်ခတ်ထိုးခုတ်သည်၊ ယိုးဒယားတို့ မရပ်မခံနိုင်၍ ဆင်ပါမြင်းပါ ဆုတ်ခွာရလေ၏၊ ဆင်တရာကျော်, မြင်းနှစ်ရာကျော်, လူတထောင်ကျော် အရှင်ရလိုက်သည်၊ သေလေသည်လည်း များ၏။

ယိုးဒယားမင်းလည်း အကြိမ်ကြိမ် မြို့တွင်းကထွက်၍ တိုက်စေသမျှ ဆင်မြင်းရဲမက်အပေါင်းတို့ သေကြေနစ်မွန်းဆုံးပါးရှိသည်ကိုမျှ လက်မချသင်းဘောသမ္ဗန် စလုတ်အများစီရင်၍ အမြောက်မြတပူ လက်နက်ကိရိယာ အစုံနှင့် ရဲမက်အပြည့်တင်၍ ရေကရပ်ခံစေသည်၊ ကုန်းကလည်း ယိုးဒယားမြို့ပတ်လည် ကျုံးပြင်က တာငါးရာ အကျယ်ရှိသော အုတ်မြို့ပေါင်းငါးဆယ်၊ နေ့ညအလျှင်တည်လုပ်ပြီးလျှင် မျိုးရိက္ခာ အပြည့်သွင်း၍ ဆင်မြင်းရဲမက် လက်နက်ကိရိယာအစုံအလင်နှင့် မြို့ထိပ်များတွင် မြို့စီးပြစီးအပြည့်တင်ပြီးလျှင် ပြောင်းအမြောက် စီစဉ်ခင်းကျင်းလျက် လောက်လွှဲ,တုံး,မော့င်းစသော ဆင်ခလုတ်,မြင်းခလုတ်, ကတုတ် ဆူးငြောင့်, မကန်းတွင်းကျင်း, မြင်းတားများနှင့်ရေကလည်း တံစုန်းသစ်ငုတ် ခလုတ်အပြည့် စိုက်ထားပြီးလျှင် ထွက်၍ မတိုက်ပဲ သံမြို့နှင့်အကူ ကြံ့ကြံ့ခံ နေလေ၏။

ထိုအခါ ယိုးဒယားမြို့ကို မင်းနှင့်တကွ နေ့ရက်မရှည်မကြာ တိုက်လံသိမ်းယူရမည်ဟု အမိန့်တော် ရောက်သောကြောင့် ဗိုလ်ချုပ် နှစ်ဦးနှင့် ဗိုလ်မှူးတပ်မှူး အပေါင်းတို့ ညီညွတ်တိုင်ပင်ကြသည်တွင် ဒဝယ်ကြောင်းချီ ဗိုလ်ချုပ်မဟာနော်ရထာဆိုသည်ကား ယိုးဒယားမြို့ကို လုပ်ကြံရမည် ဘဝရှင်မင်းတရားကြီးဘုရား အမိန့်တော်ကို ဦးထိပ်ရွက်၍ ငါတို့ဗိုလ်မှူးတပ်မှူး သူရဲသူခက်အပေါင်းတို့ ချီလာ၍ ခရီးလမ်းတလျှောက် မြို့ပြများတွင် ခုခံလေသမျှတပ်စုကို တိုက်ဖျက်၍ ယိုးဒယားမြို့ရောက် ချီတက်ဝန်းရံနေသည်ကို ယိုးဒယားမင်းအမတ် ဗိုလ်မှူးတပ်မှူး သူရဲသူခက်တို့ မြို့တွင်း

ကထွက်၍ အကြိမ်ကြိမ်တိုက်လာသည်ကို ငါတို့က ဗိုလ်မှူးတပ်မှူး သူရဲသူခက်အပေါင်းတို့ ဖမ်းဆီးသတ်ညှစ်၍ ဆင်မြင်းလူသူ မရေ မတွက်နိုင်အောင် သေကြေနစ်မွန်းသည်ကိုလည်း အညံ့မခံ၊ ရေကြီး၍ မဟာမုဒြာကဲ့သို့ဖြစ်သောအခါရဲလှေသမ္ဗန်များကိုစီရင်၍အကြိမ်ကြိမ်မြို့တွင်းကထွက်၍ တိုက်လာသည်ကို စစ်သူကြီးပြုသူနှင့် တကွ ရဲလှေသမ္ဗန်များကို သိမ်းယူဖမ်းဆီး၍ လှေလူအနည်းငယ်မျှသာ မြို့တွင်းသို့ဝင်နိုင်လေသည်၊ ရေကျပြန်လျှင်လည်း အင်ကြီးအားကြီး မြို့တွင်းက အကြိမ်ကြိမ် ထွက်လာသည်ကို ကြွက်ငယ်သည် တောကြောင်ရှေ့ သန်းမှားလေသကဲ့သို့မရေတွက်နိုင်သောဆင်မြင်း ဗိုလ်ခြေအပေါင်းတို့ သေကြေပျက်စီးခြင်းသို့သာ ရောက်ရလေသည်ကိုလည်း လက်မချ၊ ယခုမြို့ငယ်အရံငါးဆယ် တည်၍ အနိုင်း နေသည်မှာ အလောင်းတော် မဟောသဓာသုခမိန် အမတ်သည် ပဉ္စာလစန္ဒီစသော မင်းသမီးမင်းသား အပေါင်းကို ဥမင်မှဆောင်ယူလေသကဲ့သို့ ငါတို့ကလည်း မြို့ကိုမြို့ချင်းယှဉ်တဲ့ တည်လုပ်ပြီးလျှင် ဥမင်တူးဖောက်၍ ယိုးဒယားမင်းမှစ၍ မင်းမိဖုရား, မင်းသား မင်းသမီး, မှူးမတ်ပြည်သူတို့ကို အရယူမည်ဟု ဆိုသည်ကို ဇင်းမယ်ကြောင်းချီ ဗိုလ်ချုပ်နေမျိုးသီဟပတေ့စသော ဗိုလ်မှူးတပ်မှူးအပေါင်းအကြိုက်ညီကြ၍ အရံမြို့တည်မည်ကိုစည်းကြပ်စီရင်ကြသည်ကား ဇင်းမယ်ကြောင်းချီနေမျိုးသီဟပတေ့မှာ ယိုးဒယားမြို့ အရှေ့မြောက် တာလေးရေကွာတွင် အဝန်းတာ သုံးရာ့နှစ်ဆယ်, မြို့ရပ်ခုနစ်တောင်၊ ရွှေတောင်စည်သူမှာ ယိုးဒယားမြို့ အနောက်မြောက် အဝန်းတာ နှစ်ရာ, မြို့ရပ်ခုနစ်တောင်၊ ပုညကျော်ထင်မှာ ၎င်းမြို့အရှေ့ အဝန်းတာ တရာ့ငါးဆယ်, မြို့ရပ်ခုနစ်တောင်၊ ချောင်းဦးဗိုလ်မှာ ၎င်းမြို့အရှေ့ မြို့တွင်းသို့စီးဝင်သည့်မြစ်အရှေ့ဘက်တွင် အဝန်းတာ တရာ့ငါးဆယ်, မြို့ရပ်ခုနစ်တောင်၊ ကျော်ခေါင်ကျော်သူမှာ ၎င်းမြို့အရှေ့ ဆင်ကျုံးတွင် ထပ်၍ အဝန်းတာ သုံးရာ, မြို့ရပ်ရှစ်တောင်၊ နေမျိုးသီဟပတေ့မှာ မြောက်မျက်နှာကို ငါးမြို့တည်သည်။

ဂီရိနရမှာ ဆင်ကျုံးခံမြို့ အရှေ့တောင်ယွန်းတွင် အဝန်းတာ တရာ့ငါးဆယ်,မြို့ရပ်ခုနစ်တောင်၊ တုရင်ရာမကျော်မှာ ၎င်းမြို့တောင် အဝန်းတာတရာ့ ခုနစ်ဆယ်, မြို့ရပ်ခုနစ်တောင်၊ တုရင်ရန်ကျော်မှာ ၎င်းမြို့တောင်အဝန်းတာတရာ့ခုနစ်ဆယ်, မြို့ရပ်ခုနစ်တောင်၊ သီရိသာရကျော်စွာမှာ ၎င်းမြို့တောင် အဝန်းတာတရာ့ခုနစ်ဆယ်, မြို့ရပ်ခုနန်တောင်၊

သီရိရာဇသင်္ကြံမှာ ၎င်းမြို့တောင် အဝန်းတာ သုံးရာ, မြို့ရပ်ခုနစ်တောင်၊ အရှေ့မျက်နှာကို ငါးမြို့တည်သည်။

ရွှေတောင်ကျော်စွာမှာ ယိုးဒယားမြို့ အရှေ့တောင်တွင် အဝန်းတာ တရာ့ငါးဆယ်, မြို့ရပ်ခုနစ်တောင်၊ တေဇဗလကျော်မှာ ၎င်းမြို့အနောက် အဝန်းတာ တရာ့ခုနစ်ဆယ်, မြို့ရပ်ခုနစ်တောင်၊ သိဒ္ဓိကျော်သူမှာ၎င်းမြို့ အနောက် အဝန်းတာ နှစ်ရာ, မြို့ရပ်ခုနစ်တောင်၊ မင်းကြီးဇေယသူမှာ ၎င်းမြို့အနောက်ဘန်ကောက်မြစ် အရှေ့ဘက်ကမ်းတွင် အဝန်းတာ နှစ်ရာ, မြို့ရပ်ခုနစ်တောင်၊ ၎င်းမြို့အနောက် ယိုးဒယားမြို့တွင်းသို့ စီးဝင်သည့် ဘန်ကောက်မြစ်ကို ရဲလှေသမ္ဗန်သင်းဘောမထွက်မဝင်နိုင်အောင် မြစ်အရှေ့ဘက် အနောက်ဘက် ခတ်မိအောင် သံကြိုးတန်းသည်၊ နန္ဒဥဒိန်ကျော်ထင်မှာ ဘန်ကောက်မြစ် အနောက်ဘက်ကမ်းတွင် မင်းကြီးဇေယသူတည်သည့်မြို့နှင့် မြစ်တဘက်တချက် လှမ်းမှီကမ်းမှီ အဝန်းတာ တရာ့ ငါးဆယ်, မြို့ရပ်ခုနစ်တောင် တည်လုပ် ရသည်၊ ဗလနန္ဒကျော်ထင်မှာ ၎င်းမြို့အနောက် အဝန်းတာတရာ့ငါးဆယ်, မြို့ရပ် ခုနစ်တောင်၊ လက်ဝဲကျော်စွာမှာ ၎င်းမြို့အနောက် အဝန်းတာတရာ့ခုနစ်ဆယ်, မြို့ရပ် ခုနစ်တောင်၊ ရန်ငူးသီရိကျော်ထင်မှာ ၎င်းမြို့အနောက် အဝန်းတာတရာ့ ခုနစ်ဆယ်, မြို့ရပ်ခုနစ်တောင်၊နန္ဒမိတ်စည်သူမှာ ယိုးဒယားမြို့အနောက် တောင်ထောင့်တွင် အဝန်းတာသုံးရာ,မြို့ရပ်ခုနစ်တောင်၊ တောင်မျက်နှာ အရှေ့တောင်ထောင့် ရွှေတောင်ကျော်စွာတည်သည့်မြို့က ဘန်ကောက် မြစ်အရှေ့ဘက် ကမ်းနဖူးတွင် မင်းကြီးဇေယသူ တည်သည့်မြို့ပါလေးမြို့၊ ဘန်ကောက်မြစ်အနောက်ဘက် ကမ်းနဖူးတွင် နန္ဒဥဒိန်ကျော်ထင်တည်သည့်မြို့က ယိုးဒယားမြို့ အနောက်တောင်ထောင့် နန္ဒမိတ်စည်သူ တည်သည့်မြို့ပါ ငါးမြို့။

ရွှေတောင်လက်ဝဲနော်ရထာမှာ နန္ဒမိတ်စည်သူတည်သည့်မြို့ မြောက် အဝန်းတာတရာ့ခုနစ်ဆယ်, မြို့ရပ်ခုနစ်တောင်၊ လက်ယာဗလမှာ ၎င်းမြို့ မြောက် အဝန်း တာတရာ့ခုနစ်ဆယ်, မြို့ရပ်ခုနစ်တောင်၊ သီရိရန္တမိတ် ကျော်ထင်မှာ ၎င်းမြို့မြောက် အဝန်းတာ တရာ့ရှစ်ဆယ် မြို့ရပ်ခုနစ် တောင်၊ သိဒ္ဓိကျော်ထင်မှာ ၎င်းမြို့မြောက် အဝန်းတာတရာ့ခုနစ်ဆယ်, မြို့ရပ်ခုနစ်တောင်၊ သီဟာမဏ္ဍရတ်မှာ ၎င်းမြို့မြောက် အဝန်းတာနှစ်ရာ, မြို့ရပ်ခုနစ်တောင်၊ ဗလပုံချီမှာ ၎င်းမြို့မြောက်၊ အဝန်းတာနှစ်ရာ, မြို့ရပ် ခုနစ်တောင်၊ ဇင်းမယ်ကြောင်းချီ ဗိုလ်ချုပ် နေမျိုးသီဟပတေ့မှ တပါး

ဆိုခဲ့သမျှမြို့များမှာ ယိုးဒယားမြို့ ကျုံးတဘက်က ချဉ်း၍ တည်ရသည်၊ စတုဂါမဏိမှာ ယိုးဒယားမြို့ အနောက်မြောက်ခပ်ယွန်း တာငါးရာကွာ ဟံသာဝတီ ဆင်ဖြူများရှင်တည်သည့်ဘုရားကိုပတ်၍ အဝန်းတာသုံးရာ, မြို့ရပ် ခုနစ်တောင်၊ ၎င်းမြို့အနောက် တာတထောင်ကွာအရပ်တွင် အဝန်း တာငါးရာ, မြို့ရပ် ကိုးထောင်တည်လုပ်၍ ဒဝယ်ကြောင်းချီ ဗိုလ်ချုပ် မဟာနော်ရထာ စွဲရပ်သည်၊ ယိုးဒယားမြို့ ယေးမျက်နှာ အုတ်မြို့ပေါင်း နှစ်ဆဲ့ခုနစ်မြို့ကို တံခါးပြတန်ဆောင်းနှင့်တကွ နတ်ဖန်သကဲ့သို့ ပြီးလျှင် မြို့တိုင်းပြပစ်စင်အများတည်လုပ်၍ အမြောက်ကြီး မြတပူ တင်ပြီးလျှင် ယိုးဒယားမြို့တွင်းသို့ နေ့ညမလပ် မီးပေါက် မိုးရွာသကဲ့သို့ ပစ်ခတ်စေ သည်၊ မြို့တွင်းသားတို့လည်း မြို့စီးပြစီးများကို အစားအသောက် အဝို အသမုစ၍ အကူးအသန်း အသွားအလာများတွင် ထိခိုက်သေဆုံးသည် များပြားလှသောကြောင့် အလွန်ကျဉ်းမြောင်း၍ရှိချေ၏။

ယင်းသောအခါ သုဝန်ခလောက်,ပိဿလောက်,သောက္ကတဲ,ဘန်နာ စသော ပြင်ကျေးရွာသားတို့စုရုံးတိုင်ပင်ပြီးလျှင်ဆင်နှစ်ရာ,မြင်းနှစ်ထောင် ရဲမက်နှစ်သောင်းနှင့် ချီလာ၍ ယိုးဒယားမြို့မြောက် ငါးတိုင်ကွာ ကွန် တောရွာသို့ရောက်ကြောင်းကို ဗိုလ်ချုပ်နှစ်ဦး ကြားသိလျှင် ဇင်းမယ် ကြောင်းချီ တပ်စုက သီရိရာဇသင်္ကြံကို တိုက်ဆင်တရာ, မြင်းနှစ်ရာ, စစ် သည်ရဲမက် သုံးထောင် ပေးအပ်၍ အရှေ့ကြောင်း၊ ဒဝယ်ကြောင်းချီ တပ်စုက သီရိနန္ဒကျော်ထင်ကို တိုက်ဆင်တရာ, မြင်းနှစ်ရာ, စစ်သည် ရဲမက် သုံးထောင်ပေးအပ်၍ အနောက်ကြောင်း၊ စစ်နှစ်ကြောင်းချီ၍ ကွန်တောရွာတွင် ရပ်နေသည့်ယိုးဒယားတပ်စုကို တိုက်ရမည်ခန့်၍ တပ် မှူးနှစ်ဦး အလျှင်အမြန် ချီသွားစေသည်၊ တပ်မှူးနှစ်ဦးလည်း ကွန်တော ရွာအနီးသို့ရောက်လျှင် ရှမ်းယိုးဒယားအများ ကျွန်တော်ခံဝင်ရောက်ကြ သည့်လူတို့တွင် ရွေးချယ်၍ လူတထောင်ကျော်ရသည်ကို တပ်ဖွဲ့ပြီးလျှင် ဒေဝစက္ကသူကို တပ်မှူးခန့်၍ ရှေ့ဦးချီစေသည်။ သီရိရာဇသင်္ကြံ, သီရိနန္ဒ ကျော်ထင်တို့ နှစ်တပ်လည်း နောက်က လက်ဝဲလက်ယာ စစ်မကန်းဆင် ၍ သုံးတပ်လုံး လှမ်းမိုကမ်းမိချီ၍ သူ့တပ်အနီးသို့ရောက်လျှင် ဒေဝစက္က သူ ရှမ်းယိုးဒယား လူတထောင်ကျော်နှင့်ရှေ့ချီလာသည်ကို ယိုးဒယားတို့ မြင်လျှင် အခြားမြို့ရွာများက စစ်ကူ စစ်ထပ်ရောက်လာကြသည် ထင်၍ အမှတ်မဲ့နေသည်ကို ဒေဝစက္ကသူ, သီရိရာဇသင်္ကြံ, သီရိနန္ဒကျော်ထင်တို့ သုံးတပ်လုံး ဆင်ပါမြင်းပါ လူခုနစ်ထောင်ကျော်နှင့်မဆုတ်မဆိုင်းအပြင်း

ဝင်၍တိုက်သည်၊ ယိုးဒယားတို့ မရပ်မခံနိုင်၍ အသက်လွတ်ရာ တောကြို တောင်ကြားသို့ဝင်ပြေးကြလေ၏။ ဆင်တရာကျော်၊မြင်းနှစ်ရာကျော်၊ လူ တထောင်ကျော် အရှင်ရလိုက်သည်၊ သေလေသည့်လည်းများ၏၊ တပ်မှူး သုံးဦးလည်း ရသည့် ဆင်မြင်းလူသူတို့ကိုဆောင်ယူပြန်ခဲ့၍ ရုံတပ်မြို့တော် သို့ ရောက်လာသည်။

ယင်းသောအခါ ယိုးဒယားမင်းလည်း မင်းညီမင်းသားစသောအမှူး အမတ်တို့ကို ဤသို့ဆို၏။ ငါတို့နိုင်ငံသို့ မြန်မာတပ် ရောက်လာသည် တနှစ်ကျော် နှစ်နှစ်ခန့်ရှိသည်၊ ပြင်မြို့ပြကျေးရွာများကို သူတို့က ဆင်မြင်း လက်နက် လူသူအများနှင့်တကွ သိမ်းယူမိ၍ လယ်ယာအများလုပ်ဆောင် စေပြီးလျှင် မြို့ကို ကြည်းရေအပိတ် ဝန်းရံလျက် အရေးကိုသာ စောင့်နေ သောကြောင့် ငါတို့က မြို့ငါးဆယ်တည်၍ အခိုင်နေသည်ကိုလည်း သူ တို့က အုတ်မြို့တည်လုပ်၍ ရံနေပြန်သည်၊ ဆင်လုံးမြင်းရင်းနှင့် ကြည်း ရေကထွက်၍ တိုက်လံဖျက်ဆီးရမည့်အရေးလည်း မြို့အထပ်ထပ် ဖြစ်၍ အလွန်ခဲခက်သည်၊ သို့ဖြစ်၍ မြို့တောင် ဘန်ကောက်မြစ်တွင် သွင်းထား သည့် ရဲလှေ့၊သမ္ဗန်၊ သင်းဘောများမှာ လက်နက်ကိရိယာ အများတင် ၍ မြို့တောင်မျက်နှာတွင် ရံသည့်မြို့စုကို ထွက်၍တိုက်စိမ့်မည်၊တောင်မျက် နှာကစွဲရပ်သည့် မြို့စုပျက်လျှင် သင်းဘော၊သမ္ဗန်၊ ရဲလှေ့စီး တပ်မှူးသူရဲတို့ ကို ကြည်းတပ်ဖွဲ့ပြီးလျှင် မြို့အနောက်မျက်နှာကိုတကြောင်း၊ မြို့အရှေ့မျက် နှာကိုတကြောင်း စစ်နှစ်ကြောင်းပြန့်၍ တိုက်လံဖျက်ဆီးရလျှင် မြန်မာတို့ ခံနိုင်မည်လော၊ ပျက်လေတော့မည်ဆိုသည်ကို မင်းညီမင်းသား စသော မှူးမတ် ဗိုလ်မှူး တပ်မှူးအပေါင်း အကြိုက်ညီကြ၍ သင်းဘောတဆယ်၊ သမ္ဗန်ငါးရာ၊ရဲလှေ့တထောင်များတွင် ကုလားပန်းသေး၊ တရုပ်၊ ဘင်္ဂါ၊ ဘရူး၊ရှမ်း၊ ယိုးဒယား လူပေါင်း ခြောက်သောင်းကျော်ကို အမတ်ကြီး ဘယားဗလဒေဝ၊ ဘယားကူရတစ်၊ ဘယားဘရဘတ်၊ ဘယားရမယား တို့ လေးလောက် ချုပ်အုပ်ပြီးလျှင် ပြောင်းအမြောက် စီစဉ်ခင်းကျင်း လျက် အောင်တံခွန်ဖြန့်၍ မြို့တောင်မျက်နှာက ရံမြို့ကိုတိုက်မည်ဟု ဘန် ကောက်မြစ်က ထွက်လာသည်၊ ထိုအခါ ဘန်ကောက်မြစ် လက်ဝဲ လက်ယာတည်သည့် မင်းကြီးဇေယသူ၊နန္ဒဥဒိန်ကျော်သူတို့ နှစ်မြို့စပ်ကြား တွင် သံကြိုးအတန်တန် ဆီးတားသည်သို့ရောက်လျှင် သင်းဘော၊သမ္ဗန်၊ ရဲလှေ့အများ မထွက်နိုင်၍ မြစ်လုံးပြည့်လျက်ရှိလျှင် မင်းကြီး ဇေယသူ၊ နန္ဒဥဒိန်ကျော်ထင်တို့ တည်သည့်နှစ်မြို့လည်း မြစ်နားတွင်ဖြစ်၍ မြို့ထိပ်က

အမြောက်ကြီးမြတပူနှင့်ပစ်ခတ်သည်၊မြစ်အရှေ့ဘက်မြို့စုကသိဒ္ဓိကျော်သူ, တေဇဗလကျော်,ရွှေတောင်ကျော်စွာတို့သုံးတပ်၊ မြစ်အနောက်ဘက်မြို့စု က ဗလနန္ဒကျော်ထင်, လက်ဝဲကျော်စွာ, ရန်ငူးသိရီကျော်ထင်, နန္ဒမိတ် စည်သူတို့လေးတပ်၊ တပ်ပေါင်းခုနစ်တပ် ထွက်လာပြီးလျှင် ဘန်ကောက် မြစ် လက်ဝဲလက်ယာ ကမ်းထိပ်က နေ၍ လှည်းရထားတင် အမြောက် တထောင်ကျော်နှင့် မြစ်လုံး ပွဲတင်ထပ်မျှ ပစ်ခတ်သည်၊ ယိုးဒယားတို့ သင်းဘော,သမ္ဗန်,ရဲလှေများသည် ရေဆန်ဖြစ်၍ ရတ်တရက်မခွာတည့် နိုင်၊ တစင်းကိုတစင်း တိုက်ခိုက်၍ ဘီလာကန့်လန့် အယှက်ယှက် အတင် တင် ကွဲပျက် ကျိုးပေါက်၍ လှေပါလူပါ နစ်လေ သည်လည်း များ၏၊ အမတ်လေးဦးမှူကား ရဲလှေ အစင်းနှစ်ဆယ်ခန့်နှင့်သာ အပြင်း ဆုတ်ခွာ လေသောကြောင့် လွတ်လေသည်၊ သင်းဘောဆယ်စင်း, သမ္ဗန်သုံးရာ ကျော်, ရဲလှေငါးရာကျော်, လူတထောင်ကျော် အရှင် ရလိုက်သည်၊ သေလေသည်လည်း များ၏။

ယင်းသေားအခါ ဒဝယ်ကြောင်း၌ ဗိုလ်ချုပ်မဟာနော်ရထာ, ဇင်း မယ်ကြောင်း၌ ဗိုလ်ချုပ်နေမျိုးသီဟပတေ့တို့ ဗိုလ်မှူးတပ်မှူး အပေါင်းတို့ လည်း ယိုးဒယားမြို့ကျေးရွာများမှာ လုပ်ဆောင်စေသည့် မျိုးရိက္ခာစပါး များကိုသယ်ယူ၍ ရံတပ်များသို့အပြည့်အဝသွင်းထားပြီးလျှင် ယိုးဒယား မြို့ကို ကြည်းရေ အပိတ်ဝန်းရံ၍ နေ့ညမပြတ် နဲ့ခရာ ပုံသာ စသော ပွဲ လမ်းသဘင်ခံလျက် ရဲမက်တော်တို့ကို ဖြည့်တင်းရွှင်လန်းစေ၏၊ဗိုလ်ချုပ် နှစ်ဦးတို့တိုင်ပင်၍ ရံတပ်တော်များက ဆင်မြင်းဗိုလ်ပါသူရဲတို့ကို အသက် အသံမပြုစေရ၊ နောက်ကို ခရီးအထောက်အလှမ်း တော်သင့်ရာ ရောက် အောင် ညဉ့်အခါ ထွက်သွားစေပြီးလျှင် နေ့အခါမှ ရတ်ရတ်သဲသဲ စည်မောင်း ခတ်တီး၍ စစ်ထပ် လာပြန်သည့် အဟန် ရံတပ်မြို့များကို ပေါင်းစေသည်၊ ယိုးဒယား မြို့ပတ်လည်ကိုလည်း တပ်တိုးပွားတည်လုပ် စေပြီးလျှင် ယင်းသည့် တပ်များတွင် တဲအိမ်အပြည့် ဆောက်လုပ်စေ၍ အစောင့်အနေ လူအတော်အသင့်နှင့် ညဉ့်တိုင်လျှင် မီးထည့်ကြသည်၊ ယင်းသို့ မပြတ်မလပ် ဗိုလ်ချုပ်မဟာနော်ရထာ, နေမျိုး သီဟပတေ့တို့ စီရင်သည်ကို ယိုးဒယားမြို့တွင်းက မြင်လျှင် မြန်မာစစ်သည်အများ ထပ် ကာ ထပ်ကာရောက်၍ မြို့တပ်အများတိုးပွားရံနေပြန်သည်ဟု ယိုးဒယား မြို့တွင်းသားတို့ အလွန်ကြောက်ရွံ့ကုန်၏။

လယ်တီမဏ္ဍိုင်-၅၁

ယင်းသောအခါ ယိုးဒယားမင်းသည် မင်းညီမင်းသားစသော မှူးမတ် ဗိုလ်မှူးတပ်မှူးတို့ကို ခေါ်၍ ဤသို့ဆို၏၊ ယခု မြန်မာ ဗိုလ်မှူးတပ်မှူးတို့ သည် အုတ်မြို့အများတည်၍ တမြို့နှင့်တမြို့ ဆက်လက်မိအောင် တပ်တန်း ထိုးပြီးလျှင် ခြေခြေမြစ်မြစ် တည်လုပ် စွဲရပ်နေသည်၊ ပြင်မြို့ကျေးရွာများ မှာရှိသည့် မျိုးရိက္ခာ များကို အကုန်အစင် သိမ်းယူ၍ အရံ မြို့များမှာ အပြည့်အဝ သွင်းထားသည့် အလိုသော် ဆယ်နှစ်ပင် ကြာသော်လည်း အရံကိုဖြုတ်မည့်အဟန် မရှိချေ၊ မြန်မာတို့တပ်စု ဆုတ်ခွာလေအောင်ကို မည်သို့ကြံရသော် သင့်မည်ဟု ဆိုသည့်တွင် အမတ်ကြီးဘယားကူရတစ် လျှောက်သည်ကား မြန်မာတို့ ဒဝယ်ကြောင်း, ဇင်းမယ်ကြောင်း စစ် နှစ်ကြောင်း ချီတက်လာ၍ ကျွန်တော်တို့ မြို့ကြီး ပြကြီး ဆိုသမျှ မရပ် မခံနိုင် ပျက်ပြားရှိသောကြောင့် မြို့ရင်းတိုင်အောင် ချဉ်းပြီးလျှင် အဖြိုး အခိုင် အုတ်မြို့အများတည်၍ ဝန်းရံနေသည်လည်း ဗိုလ်မှူးတပ်မှူးမျှသာ ဖြစ်ချေသေးသည်၊နောက် မြန်မာမင်းကိုယ်ချီလာချေသော် ကျွန်တော်တို့ ရပ်ခံနိုင်မည်မဟုတ်၊ ယခု ပင်သော်လည်း အစားအစာ ခဲခက်၍ မြို့တွင်း သားတို့လည်း အားလျော့လှချေပြီ၊ မြန်မာတို့လည်း ရံမြို့များတွင် မျိုး ရိက္ခာအပြည့်အဝသွင်းထားလျက်ရှိသည်၊ နောက်ကိုလည်း ရသာယူသာ သမျှ မြို့ရွာများတွင် မျိုးရိက္ခာသယ်ယူလုပ်ဆောင်၍ ဆင်မြင်းစစ်သည်တို့ ကို ဖြည့်တင်းပြီးလျှင် ကျွန်တော်တို့မြို့ကို မရသမျှ အဝသို့ပြန်မည့်အဟန် မရှိချေ၊ ယင်းသို့ဖြစ်သောကြောင့် မြန်မာမင်းကို ဒွါရာဝတီပြည်ကြီးက နှစ်စဉ် အခွန်ဘဏ္ဍာ ဆင်ကြီး မြင်းကြီး ဆက်သပါတော့မည်ဟု စာရေး ၍ လူစေလွှတ်မည်၊ ယင်းသောအခါ မြန်မာဗိုလ်မှူးတို့ ရံတပ်ကိုရုပ် သိမ်း၍ရှိလျှင် ကျွန်တော်တို့ ကြံကြိုက်ရာ ကြံမည်ဟု လျှောက်သည်ကို ယိုးဒယားမင်းစသော မင်းညီမင်းသား မှူးမတ် ဗိုလ်မှူးတပ်မှူး အပေါင်း တို့ အကြိုက်ညီကြ၍ မြန်မာဗိုလ်မှူးတို့သို့ပေးရန်စာကိုစီကုံးကြသည်ကား–

"အယုဒ္ဓတိုင်း ဒွါရာဝတီပြည်ကြီးကို အစိုးရတော်မူသော ဆင်ဖြူ ဆင်နီ ဆင်ကျားများသခင်ဘုရင်မင်းတရားဝယ် မှခင်းရေးရာအဖြာဖြာကို လိမ္မာ ခွဲခြမ်းနိုင်သော အမတ်ကြီးဗညားတို့ ပြမုန္တရီတို့ မှာလိုက်သည်၊ ရတနာ ပူရ အဝရွှေပြည်တော်ကြီးနှင့်တကွ ထီးဆောင်းမင်းအပေါင်းတို့ကိုအစိုး ရတော်မူသော ပတ္တမြားတွင်း, ရွှေတွင်း, ငွေတွင်း, ပယင်းတွင်းစသော ဆင်ဖြူ ဆင်နီ ဆင်ကျားများသခင် အသျှင် ဘဝရှင် မင်းတရားကြီးဘုရား အမိန့်တော်ကို ဦးထိပ်ရွက်ဆင်၍ ချီလှာရသော ပညာ, ဝိရိယ, သူရ

သတ္တိစသော အားနှင့်ပြည့်စုံသောအဝဇိုလ်မင်းများတို့....ယိုးဒယားပြည်ကြီးနှင့် အဝပြည်ကြီးသည် ဘေးလောင်းတော် ဘိုးလောင်းတော်တို့ လက်ထက်ကစ၍ စစ်မက်မရှိ ရွှေတပြားတည်းကဲ့သို့ ငြိမ်သက် ချမ်းသာစွာ ဆင်ကြီး မြင်းကြီးစသော ပဏ္ဏာလက်ဆောင်တော် ဆက်သ၍ သံတမန်မပြတ် စေပါရောက်ပေါက်ရှိသည်ကို တလိုင်းလူမျိုးတို့သစ္စာတော်ကိုဖောက်၍ ပုန်ကန် ခြားနား သောကြောင့် ရွှေဘဝါးတော်အောက် မဆက်မရောက် ရှိပါသည်၊ ရှေးထုံးစံ ရှိသည့်အတိုင်း ဆင်ကြီးမြင်းကြီးစသော လက်ဆောင်တော်များကို ဆက်သမြဲအတိုင်း ဆက်သပါမည်" ဟု စီကုံးရေးသားပြီးလျှင် ယိုးဒယားလေးယောက်ကို အဝတ်ဖြူဝတ်စေ၍ အရံမြို့တော်သို့ ထွက်လှာရ၏၊ ဗိုလ်မှူးတပ်မှူးတို့လည်း ထွက်လာသည့် ယိုးဒယားလေးယောက်ကို ဒဝယ်ကြောင်း ဗိုလ်ချုပ်မဟာနော်ရထာတပ်သို့ပို့၍ စာကို မြန်မာဘာသာပြန်စေသည်။

ဗိုလ်ချုပ်နှစ်ဦးနှင့် ဗိုလ်မှူး တပ်မှူးအပေါင်းတို့ ကြားသိ ရလျှင် ယိုးဒယားမြို့တွင်းသို့ စာတုံ့ ပေးလိုက်သည်ကား....“ရတနာပူရ အဝရွှေပြည်တော်ကြီးကို ထီးဆောင်း မင်းအပေါင်းနှင့် တကွ အစိုးရတော်မူသော ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော ဆင်ဖြူသခင် အသျှင် ဘဝရှင်မင်းတရားကြီးဘုရား ကျွန်တော်ဖြစ်သော ဗိုလ်ချုပ်ဗိုလ်မှူးတို့ မှာလိုက်သည် ယိုးဒယားမင်းအမတ်တစုတို့... ယခုနှစ်ပြည်ထောင်စစ်ဖြစ်ကြသည့် အရေးကိုပုံဆိုသော် အလွန်မှန်လှစွာသော အချိန်တွင် တဘက်က တချင့် ရွှေးခန့်အလေးကို တဘက်က တပိဿာလေးတင်ဘိသကဲ့သို့ ပမာမတန် ရှိသောကြောင့် ရှေးဆက်မြဲဖြစ်သော သားသမီး၊ ဆင်ကြီး မြင်းကြီးများကို ဆက်သမည်မှန်လျှင် လက်ဆောင်ပဏ္ဏာမဆက်သမီ ယိုးဒယားမြို့တွင်း ရှိသည့် အမြောက်ညီနောင်နှလုံးကို တပ်တော်သို့ ပို့လာစေ၊ သို့မဟုတ် ရဲမက်ချင်း ပြိုင်လိုသေးသည် ဖြစ်လျှင်လည်း ယိုးဒယားက လူတထောင် ထွက်လာစေ,ငါတို့က လူတရာနှင့် ဖမ်းစိမ့်မည်၊ စစ်ပြိုင်လိုလျှင်လည်း လူတသောင်းထွက်လှာစေ ငါတို့က လူတထောင်နှင့် သေကြေပျက်စီးအောင် တိုက်စိမ့်မည်" ဟု မှာစာပေး၍ လာရင်းယိုးဒယား လေးယောက်ကို မြို့တွင်းသို့လွှတ်လိုက်၏။

ငါးရက်ခန့်ရှိလျှင် ဗိုလ်ချုပ် မဟာနော်ရထာ မကျန်းမမာရှိသည်နှင့် သေလွန်လျှင် ဒဝယ်ကြောင်း, ဇင်းမယ်ကြောင်း ဗိုလ်ပါအလုံးအရင်း ဆိုသမျှကို နေမျိုး သီဟပတေ့ ချုပ်အုပ်စီရင်ရလေ၏၊မြေရင်းတော်သို့လည်း

မဟာနေ်ရထာသေလွန်ကြောင်း ဒဝယ်ကြောင်းချီ, ဇင်းမယ်ကြောင်းချီ တပ်ပေါင်းကိုလည်း နေမျိုးသီဟပတေ့အုပ်ချုပ်စီရင်ကြောင်း ယိုးဒယား မြို့ပတ်လည် ရွာကြီးပြကြီး ဆိုသမျှကို သိမ်းရုံးမိလျှင် ယိုးဒယားမြို့ကိုကြည်း ရေအပိတ်ဝန်းရံ၍ မြို့တွင်း သားတို့ ကျဉ်းမြောင်းကြောင်း ယိုးဒယား မင်းနှင့်တကွ တမြို့လုံးကို သိမ်းယူ၍ ရွှေလက်တော်ရောက် ဆက်သမည့် အကြောင်းများနှင့် ဇေယနရာကို အလျှောက်အထား စေလွှတ်သည်။

(၁၁၂၈) တဆောင့်တရာ့နှစ်ဆဲ့ရှစ်ခု ပြာသိုလဆန်း ဆယ်ရက်နေ့ ခြေရင်းတော်သို့ရောက်လာ၍ ဘဝရှင် မင်းတရားကြီးဘုရားစေ့စုံစွာကြား တော်မူလျှင် အမိန့်တော် ရှိသည်ကား…တရုပ်ဥဒည်ပြည်ကို ငါကိုယ် တော်ချီ၍ သိမ်းယူတော်မူမည် ဖြစ်သည်၊ ယိုးဒယားမြို့ကို အလျင် အလို တော်ပြည့်အောင် လုပ်ကြံသိမ်းယူပြီးလျှင် မြို့ပြကျုံးမြောင်းကိုဖျက်ဆီး၍ မင်းနှင့်တကွ ယိုးဒယားပြည်အလုံးကို သိမ်းရုံးပြန်လာစေ၊ မဟာနေ်ရ ထာ သေလွန်သည်ကိုလည်း မှူးကြီးမတ်ကြီးတို့သေလွန်လျှင် သင်္ဂြိုဟ်သည့် နည်း ကောင်းမွန်အောင် သင်္ဂြိုဟ်စေ-အမိန့်တော်ရှိ၍ လာလူတို့ကို ပြန် စေ၏။

ဒဝယ်ကြောင်းချီ မဟာနေ်ရထာ ချုပ်အုပ်ရင်းတပ်စုကိုလည်း မုတ္တမ မြို့ဝန် မင်းရဲမင်းလှဥဇနာကို အချုပ်ခန့်တော်မူ၍ ခြေရင်းတော်ကနေမျိုး နန္ဒမိတ်ဟတပ်, လက္ခုံးရန္တသူတတပ်, သီရိရန္တမိတ်ကျော်ထင်ကို ဗိုလ်ချုပ် မင်းရဲမင်းလှဥဇနာတပ်မှာ စစ်ကဲခန့်တော်မူ၍ ယိုးဒယားမြို့တွင် ပွဲလမ်း ရသူတို့ကို ပေးရန် တကျွန်းဆေးရေး ပုဆိုးသည်ရေသုံးရာ, ဘဲ့ပြားရေ ငါးရာများနှင့် လူသုံးထောင်ပေးအပ်၍ ခြေရင်းတော်က (၁၁၂၈) တဆောင့်တရာ့ နှစ်ဆဲ့ရှစ်ခု တပို့တွဲသဆန်း ငါးရက်နေ့ ယိုးဒယားမြို့သို့ အလျှင်အမြန်ချီစေသည်။

ဇင်းမယ်ကြောင်းချီ ဗိုလ်ချုပ်နေမျိုးသီဟပတေ့တို့လည်း ခြေရင်းတော် သို့ အလျှောက်အထားခစသူ ဇေယနရာတို့ ပြန်ရောက်လာလျှင် မဟာ နေ်ရထာကို အမိန့်တော်အတိုင်း ကောင်းမွန်အောင် သင်္ဂြိုဟ်ရသည်၊ ထိုအခါ ယိုးဒယားမြို့ဘွင်းသို့လိုက်ငါးကြောင်းတူးမည်ကို မြေစာအထုတ် အယူခက်သောကြောင့် မြို့မြောက်မျက်နှာက ကျုံးနဖူးတိုင်အောင်ချဉ်း၍ ဇင်းမယ်ကလာသည့်မြစ်ကို အမှီပြုပြီးလျှင် အဝန်းတာရှစ်ရာ, မြို့ရပ်ဆယ် တောင် သုံးမြို့ပြိုင်လျက် တည်စေပြီးလျှင် သတိုးမင်းထင်, ဆပ်ပြာကုန်း ဗိုလ်, သစ်ဆိမ့်ဗိုလ်တို့ကို ရဲမက်နှစ်ထောင်စီ ပေးအပ်၍ ရဲမက်ပေါင်း

မြောက်ထောင်နှင့် မြို့သစ်သုံးမြို့က အဖြိုးအခိုင်နေစေပြီးလျှင် မြို့တွင်းသို့ ဥမင်ငါးကြောင်း တူးရသည်၊ နှစ်ကြောင်း ဥမင်မှာ မြို့မြေကိုတွေ့လျှင် အရှေ့အနောက်လျှောက်၍ တာတရာကျော်,သုံးထွာခွဲ လေးထွာရှိသည့် သစ်ကို စီကာစီကာ ထုပ်ခံ၍ ထောက်ပြီးလျှင် ထားသည်၊ သုံးကြောင်း ဥမင်မှာ မြို့ရိုးမြေတောင်လွတ်အောင်တူးပြီးလျှင် အထက်သို့ တွင်းမော့ လျက် မြေသားတထောင်ကျော်ခန့်ချန်ထားသည်၊ ယင်းသောအခါ ယိုးဒယားမြို့တွင်းက ဟင်းခူးထင်းခွေမျှ မထွက်ရအောင် တပ်တော်အများ တနှစ်ကျော် နှစ်နှစ်ခန့်ဝန်းရံနေလေသောကြောင့် မြို့တွင်း၌ရှိရင်းလူ ပြင် ကျေးရွာများက ဝင်ရောက်သိမ်းသွင်းသူလူများချေ၍ အစားအစာအလွန် ငတ်မွတ်ခေါင်းပါးလှလေလျှင် မြို့တွင်းနေလူတို့ မရပ်မတည်နိုင် ရံတပ် တော်များသို့ နေ့စဉ်ရက်ဆက် ထွက်ပြေးဝင်ရောက်ကြလေ၏။

ထိုအခါ ယိုးဒယားမင်းယောက်ဖ ဗြမှန္တရီ ယိုးဒယားမင်းကိုလျှောက် သည်ကား-ယခုမြန်မာအဝရှင်ဘုရင်က ဒဝယ်ကြောင်း,ဇင်းမယ်ကြောင်း စစ်တက်၍ ကျွန်တော်တို့မြို့ကို ရံသည် နှစ်နှစ်ကျော် သုံးနှစ်ခန့်ရှိသည်၊ ကျွန်တော်တို့မြို့တွင်းမှာလည်း နှစ်နှစ်ကျော် သုံးနှစ်ခန့် ကြည်းရေအပိတ် သူတို့ ဝန်းရံသည်ကို ခံနေရသောကြောင့် မြို့တွင်းမှာရှိနေသမျှ ရဲမက် ဗိုလ်ပါစသော ရဟန်းရှင်လူ ပြည်သူအပေါင်း အစားအစာ ဆွံ့ရှား၍ အလွန် ငတ်မွတ် ကျဉ်းမြောင်းလှချေသည်၊ ရှင်ဘုရင့်အရေးသာ မဟုတ် ကျွန်တော်တို့နှင့်တကွ ရဟန်းရှင်လူ ပြည်သူသတ္တဝါအပေါင်းတို့ အရေး ကြုံကြိုက်၍ရှိသည်၊ ယင်းသို့ ဖြစ်သောကြောင့် မြို့တွင်းမှာ ရှိသည့် ဆင် ကောင်း မြင်းကောင်း လက်နက်ကောင်း လူကောင်းဆိုသမျှကို အကုန် အစင် ရွေးကောက်ပြီးလျှင် မြန်မာတို့က မြို့ရင်းတိုင်အောင်ချဉ်း၍ တည် လာသည့် ရံမြို့များကို အသက်ကိုဖွန့်၍ အရကိုက်ယူပြီးလျှင် ရံတပ်များကို အကုန်အစင် မီးတိုက်မည်၊သည်ကဲ့သို့တိုက်၍မျှအောင်မြင်ခြင်းသို့မရောက် ခဲ့လျှင် ကျွန်တော်တို့နှင့်တကွ ပြည်သူ သတ္တဝါ အပေါင်းတို့ ကံကြမ္မာ အလျောက်ဖြစ်ပစေတော့ဟု လျှောက်သည်ကို ယိုးဒယားမင်းနှင့် တကွ မင်းညီမင်းသား မှူးမတ် ဗိုလ်မှူး တပ်မှူးတစု အကြိုက် ညီကြ၍ ရွေးရ တိုက်ဆင်ငါးရာကျော်, ရွေးရလူ ငါးသောင်းကျော်များနှင့် မြို့မြောက် မျက်နှာရံတပ်မြို့များကို တိုက်မည်ဟု နဲခရာပုံမောင်းတီးမှုတ်လျက် မြို့လုံး ပဲ့တင်ထပ်မျှ ကြော်ငြာ၍ ထွက်လာပြီးလျှင် သတိုးမင်းထင်, ဆပ်ပြာကုန်း ဗိုလ်, သစ်ဆိမ့်ဗိုလ်တို့ ရပ်ခံသည့်မြို့ကို မြောင်းအမြောက်တထောင်ကျော်

နှင့် မီးပေါက်မိုးရွာသကဲ့သို့ မရပ်မဆိုင်းပစ်ခတ်ပြီးလျှင် ဆင်ပါမြင်းပါ အပြင်းကပ်၍ ပျားအုံသကဲ့သို့ မြို့ခြေကိုတူးသူတူးသည်၊ လှေကားထောင်၍ တက်သူတက်သည်၊ သည်ကဲ့သို့ ဖြမုန္ဒရီ အပြင်းအပြ ကွပ်ညှပ်စီရင် လုပ်ကြံသည်ကို ရဲမက်တော်တို့မြို့ထိပ်ကနေ၍ တက်လာသမျှလူအပေါင်းကို ထိုးခုတ်ရိုက်ချသောကြောင့် ရှမ်း,ယိုးဒယားအများ သေကြေပျက်စီးသည်ကိုလည်း လက်မချ ဖြမုန္ဒရီအကွပ်အညှပ် ပြင်းပြ လှသောကြောင့် သေသည့်သူကောင်ကို ခုံနင်းခုန်ပြီးလျှင် မြို့ကိုတက်သည်၊ သူရဲတော်တို့လည်း မြို့ထိပ်က ဓား, လှံ,လက်နက် သေနတ်မီးပေါက် အများနှင့် ပစ်ခတ်ထိုးခုတ် သည်ကိုလည်း အလေးမမူ မြို့ထိပ်ကိုသာရောက်အောင် ကြိုး၍တက်ကြသောကြောင့် ယိုးဒယားသား လူတထောင်ကျော် ရံမြို့တွင်းသို့ ရောက်လာလျှင် ရဲမက်တော်တို့ လှံချင်း ဓားချင်းယှက်၍ ထိုးခုတ် တိုက်ခိုက်ကြသည်။

ယင်းသောအခါ သတိုးမင်းထင်တို့ ဗိုလ်မှူးသုံးဦးတည်ရပ်စွဲနေသည့်မြို့သစ်သုံးမြို့ကို ရှမ်း,ယိုးဒယား လူငါးသောင်းကျော်ဝန်းအုံ၍ မြေမိုးပွဲ့တင်ထပ်မျှကောင်းကင်အလုံးမီးခိုးယှက်လျက် ပြောင်းအမြောက်အသံမစဲ ပစ်ခတ်၍ ဘိဘိစီးစီးဖြမုန္ဒရီအပြင်းအပြဝန်းရံလုပ်ကြံသည်ကို မြစ်အရှေ့ဘက်အနောက်ဘက် ရံမြို့တော်များက ဗိုလ်မှူးတပ်မှူးတို့မြင်လျှင် ရွှေတောင်စည်သူ,ပုညကျော်ထင်,ကျော်ခေါင်ကျော်သူ,ချောင်းဦးဗိုလ်တို့လေးတပ်၊ တိုက်ဆင်နှစ်ရာကျော်, မြင်းတထောင်ကျော်, စစ်သည်သူရဲ တသောင်းနှင့် အလျှင်အမြန် ချီလာပြီးလျှင် ပြင်ကပတ်၍ ဖြမုန္ဒရီတို့တပ်စု ဆင်ပုံမြင်းပုံသို့ချဉ်း၍ ရဲမက် လေးတပ်သားလုံး အဆုတ်အဆိုင်းမရှိ ဆင်ပါမြင်းပါဝင်၍တိုက်လျှင် ရှမ်း,ယိုးဒယားတို့ စစ်နှစ်ဘက်ညှပ်ဖြစ်ချေသောကြောင့် မရပ်မခံနိုင်၍ ရှုံးမိသမျှ ဆင်မြင်းရဲမက်တို့နှင့် ယိုးဒယားမြို့တွင်းသို့ အလျှင်ဆုတ်ခွာရလေ၏။ ရံမြို့တော်တွင်းသို့ ဝင်မိသည့် ယိုးဒယားလူတထောင်ကျော်မှာလည်း မြို့တွင်းက သူရဲသူခက်တို့ ထိုးခုတ်သတ်ညှစ်ကြသောကြောင့် ရှစ်ရာကျော်ခန့် သေလေသည်၊ လူနှစ်ရာကျော် အရှင်မိလိုက်သည်၊ ပြင်ကတိုက်သည့် လေးတပ်ကလည်း ဆင်တရာကျော်, မြင်းနှစ်ရာကျော်, လူတထောင်ကျော် အရှင် ရလိုက်သည်၊ သေလေသည်လည်းများ၏၊ ဖြမုန္ဒရီမှုကား ဆင်နှင့်မြို့တွင်းသို့ ဝင်ပြေးသည်၊ ဆင်ခြေပေါ့လှသောကြောင့် အနိုင်လွတ်လေသည်။

ယိုးဒယားမင်းလည်း ဗြမ္မနဂိုရ်တပ်ပျက်၍ မြို့တွင်းသို့ ဝင်ရောက်လာ ကြောင်းကိုကြားလျှင် အမတ် ဗိုလ်မှူးတပ်မှူးတို့ကိုခေါ်၍ ယိုးဒယားမင်း ဆိုသည်ကား ကိုယ်တို့တစု ငါ့အမှုကို ထမ်းကုန်ကြသည်မှာ ရေအပြင်၌ အရပ်ရေးသားဘိသကဲ့သို့ မည်သည့်ကာလတွင်မျှ အရေးထင်ထင် မြင် မြင် မရှိချေ၊ သို့ဖြစ်၍ ဒွါရာဝတီ အမည်ရှိသော ယိုးဒယားမြို့တွင် ရှေး အစဉ် မြို့စောင့်ထားသော အမြောက်ကြီးကို ထုံစံရှိသည့်အတိုင်း နတ် ရကာပသ၍မြို့မြောက်မျက်နှာက မြို့ထိပ်သို့တင်ပြီးလျှင် ပြောင်းစာကျည်စုံ သွတ်၍ မြန်မာတပ်ရှိရာ ပစ်ခတ်စေ မြို့တွင်း၌ရှိသည့် မိန်းမယောကျ်ား အကြီးအငယ်ရှိသမျှလူတို့လည်း နတ်ရကာပွဲစုံများနှင့်မြို့စောင့်ပြည်စောင့် လက်နက်စောင့်နတ်တို့ကို ပူဇော်ကြစေ-ဆို၍ မြို့စောင့် အမြောက်ကြီးကို ထားရင်း တန်ဆောင်းက ကောင်းမွန်စွာဆောင်ယူခဲ့၍ မြို့မြောက်မျက်နှာ မြို့ထိပ်သို့ စက်ယန္တရားနှင့်တင်ပြီးလျှင် နေမျိုးသီဟပတေ့တပ်နှင့် ဆိုတည့် ချိန်၍ သံစေ့ဒလက်,ပိတ်ချင်းတောင့်,သံကြိုး,ကျည်ပွားအများ ထိုးပြီးလျှင် မီးစာခေါင်းတံ စနက်သွယ်ရှို့သည်၊ မီးစာစနက်နားယမ်းကိုသာ မီးကူး၍ ကျည်သွတ်ယမ်းကိုမီးမကူးမလောင် အကြိမ်ကြိမ်ရှိသောကြောင့် ပြောင်း စာသွတ်သည့် ကျည်စေ့များကိုထုတ်၍ကြည့်လျှင် ကျည်သွယ်ယမ်းအရည် ဖြစ်၍ ပြောင်းဦးသို့ စီးယိုလာသည်ကို အမတ်ဗိုလ်မှူး သူရဲအပေါင်းတို့ မြင်လျှင် အဝိညာဏကဖြစ်သော မြို့စောင့်အမြောက်ကြီးသည် အဝရှေ့ နန်းရှင့် ကျွန်ခံလေပြီ၊ သဝိညာဏကဖြစ်သော ငါတို့မှာမူကား ဆိုဘွယ် မရှိဆို၍ အသား စားလတ္တံ့ကဲ့သို့ အလွန် ကြောက်ရွံ့ကြသောကြောင့် အမတ် ဗိုလ်မှူးတပ်မှူးတို့ စုရုံးတိုင်ပင်ပြီးလျှင် ယိုးဒယားမင်းကို လျှောက် ကြသည်ကား….မြန်မာဗိုလ်မှူးတပ်မှူး အပေါင်းတို့သည် အုတ်မြို့အများ တည်လုပ်၍ မျိုးရိက္ခာအများသွင်းထားပြီးလျှင် နှစ်နှစ်ကျော် သုံးနှစ်ခန့် ဝန်းရံသည်ကို ခံနေရသောကြောင့် ကျွန်တော်တို့မြို့တွင်း၌ ရှိသည့်ရဲမက် လူအပေါင်းတို့ အစားအစာ ဆွံ့ရှားပြတ်လပ်၍ အလွန်ငတ်မွတ်ကြသည် နှင့် အသက်လွတ်ရာ မြန်မာတပ်များသို့တိတ်တဆိတ်ဝင်သွားလေ၍ ကျွန် တော်တို့မြို့တွင်းမှာအကြောင်းအရာများကို သူတို့အကုန်အစင်သိရသော ကြောင့် မြေတောင်ကိုသာ အားပြု၍ ဖို့ပြီးလျှင် အမြောက်ကြီး မြတပူ အများတင်၍ မြို့တွင်းသို့ နေ့ညဉ့်မလပ် ပစ်ခတ်စေသည်၊ သူတို့က စစ်ကူ စစ်တပ်လည်း နေ့စဉ်ရက်ဆက် အများရောက်လာကြသည် ဖြစ်၍ သူတို့ အလွန်အားရှိချေသည်၊ မြို့စောင့်အမြောက်ကြီးကို မြောက်မျက်နှာမြို့ထိပ်

သို့တင်၍ပစ်ရှိ့သည့်မှာလည်း မီးမကူးမစွဲနိုင် အကြိမ်ကြိမ်ရှိသည်၊ ယခု
လည်း ကျွန်တော်တို့မြို့တွင်းသားရဲမက်တော်တို့မှာ ဆန်တစလယ်ကို လူ
တဆယ်နှစ်ဆယ် ဝေငှစားသောက်ကြသည် နေ့ရက်ရှည်ကြာလှသည်ဖြစ်
၍ ရှေ့ ဆယ်ရက်ကိုးရက်ဘိုင်လျှင် လက်နက်ကိုမျှ စွဲကိုင်နိုင်မည့် အဟန်
မရှိချေ၊ သူတို့က မြို့ကို မလုပ်မကြံမီ လက်နက်ကိုချ၍ အညံ့ခံသည်ဖြစ်မှ
ပြည်သူသတ္တဝါအပေါင်း ချမ်းသာရာရနိုင်မည် လျှောက်သည်ကို ယိုးဒ
ယားမင်း ဆိုသည်ကား-မြန်မာ ဗိုလ်ချုပ်နှစ်ဦး ချီရောက်လာ၍ အုတ်မြို့
ငယ်အများတည်လုပ်၍နေသည်ကိုမဆိုနှင့်ဦး၊ သံမြို့တည်၍ သံတိုင်သံပြား
အပြည့်ဝန်းရံ စိုက်ထားသော်လည်း ဒွါရဝတီ အမည်ရှိသော ပြည်ကြီး
သည် ကေသရရာဇာခြင်္သေ့မင်း စောင့်သော ရွှေဂူကဲ့သို့ ဖြစ်သည်၊ သူ
တပါးတို့ ရန်ပြုနိုင်မည်မဟုတ်၊ ယခုလည်း မြို့ငယ်အရံ ငါးဆယ်နှင့်တကွ
မြို့အထပ်ထပ် စီရင်စိုက်ထားလျက် ရှိသည်ကို မြန်မာဗိုလ်မှူးတို့သည် ပြည်
သူသတ္တဝါ အပေါင်းကို ကောင်းကင်က စွန်မှု၍ သုတ်နိုင်မည်လောဟု
ဆိုပြီးလျှင် အညံ့မခံ မြို့စီးပြစီးတို့ကိုသာ နေ့ညမလပ် အစေ့အန္ဒဲ နှိုးဆော်
စေ၍ ကြို့ကြို့ခံနေလေ၏။

ယင်းသောအခါ ဗိုလ်ချုပ်နေမျိုးသီဟပတေ့စသော ဗိုလ်မှူး တပ်မှူး
အပေါင်းတို့လည်း ယိုးဒယား မြို့တွင်းသားတို့ ထွက်ပြေး ရောက်လာ
သောကြောင့် ယိုးဒယားမြို့တွင်းမှာ အကြောင်းအရာများကို အကုန်အစင်
သိရလျှင် ဗိုလ်မှူးတပ်မှူးအပေါင်းတို့ကို ရုံးစု၍ ဗိုလ်ချုပ်နေမျိုးသီဟပတေ့
ဆိုသည်ကား-ယိုးဒယားမင်းသည် ခရီးလမ်းတလျှောက်မှစ၍ မြို့ကိုဝန်းရံ
မိသည့်တိုင်အောင် မှူးမတ်ဗိုလ်မှူးတပ်မှူးအပေါင်းတို့ကို ဆင် မြင်း ရဲမက်
လက်နက်ကိရိယာ အစုံအလင် အများပေးအပ်၍ ခုခံ တိုက်လံလေသမျှ
စစ်သည် မည်သည့်ကာလတွင်မှ တစွန်းတစအရေးရဘူးသည်မရှိသည်ကို
အညံ့မခံ၊ မြို့ကြီးကျုံးပြင်က မြို့ငယ်ငါးဆယ် တည်လုပ်ပြီးလျှင် ဆင်မြင်း
ရဲမက် လက်နက်ကိရိယာ မျိုးရိက္ခာအပြည့်အဝသွင်းထားလျက် မြို့စီးပြစီး
ပြောင်းအမြောက် ဆူးငြောင့်ခလုတ် ကတုတ်ရင်တားစီရင်၍ ခံနေသော
ကြောင့် ငါတို့ကလည်း သူတို့ကတည်သည့် မြို့ရံငါးဆယ်နှင့် ယှဉ်၍ မြို့
ပေါင်းသုံးဆယ် အဖြိုးအနိုင် တည်ထား လုပ်ဆောင်ပြီးလျှင် ပြ၊ ပစ်စင်
အများဆောက်လုပ်၍ အမြောက်ကြီးမြတပူနှင့် နေ့ညမလပ် မြို့တွင်းသို့
မီးပေါက်မိုးရွာသကဲ့သို့ ပစ်ခတ်စေသည်၊ မြို့တွင်းသားတို့ နေရာမရ၊ အိမ်
ရာအမိုးများကို ဖျက်ဆီးပြီးလျှင် တွင်းကျင်းတူး၍ အကာအရံ အလုံနှင့်

အသက်လွတ်ကြောင်း နေကြရသောကြောင့် လက်နက်ကိုချ၍ အညံ့ခံမည့်အဟန်နှင့် စာရေးသား၍ ယိုးဒယားလေးယောက်ကို တပ်တော်သို့ လွှတ်လိုက်ပြီးမှ အကောက်ကြံပြန်၍ ဗြမုန္တရီကို ဆင်ကောင်းမြင်းကောင်း ရဲမက်ကောင်းပေးအပ်ပြီးလျှင် အရံမြို့တော်များကိုမြို့တွင်းကထွက်၍တိုက်လာစေသည်ကိုလည်း ငါတို့ကတိုက်လံသတ်ညှစ် ဖမ်းဆီးလိုက်၍ ဗြမုန္တရီဆင်နှင့် အသက်လွတ်ရာ မြို့တွင်းသို့ ပြေးဝင်ရလေသည်၊ နောက်ကိုလည်း မင်းညီမင်းသား အမတ်ဗိုလ်မှူးတို့ ထွက်ဝံ့မည် လက္ခဏာမရှိ၊ မြို့နှင့်သာ ခံနေမည့်အဟန်ရှိသည်၊ ယခုလည်းမြို့တွင်းသားတို့ အစားအစာ အလွန်ငတ်မွတ်လှသောကြောင့် ငါတို့ရုံတပ်တော်များသို့ နေ့စဉ်ရက်ဆက် ဝင်ရောက်လာ၍ မြို့တွင်းမှာ အကြောင်းအရာများကို အကုန်အစင် သိရသည်၊ ရဲမက်တော်အပေါင်းတို့ မြို့ကိုတက်စေရမည်လည်း သူတို့မြို့သည် ကျုံးလည်းကျယ်သည်၊ နက်လည်းနက်သည်၊ မြို့လည်း ခိုင်ခန့်ကြီးကျယ်လှသည်၊ မြို့စီးပြစီး အမြောက်ကြီး မြတပူ အဆင့်ဆင့် အထပ်ထပ်များပြားလှသည်၊ ကျုံးပြင်ဘက်နဖူးကလည်း မြို့ရံငါးဆယ်မှာ ဆင်မြင်း လက်နက် ကိရိယာ အစုံအလင်နှင့် ခံနေသည်ဖြစ်၍ မြို့အထပ်ထပ်, ကျုံးအထပ်ထပ်, ဆူးငြောင့်ခလုတ် ကတုတ်ရင်တား အထပ်ထပ်ရှိ၍ ရဲမက်တော်တို့ မြို့ကို တက်စေသည် ရှိသော် အထိအခိုက် အသေအပျောက်များဖြိမ့်မည်၊ သို့ဖြစ်၍ ငါတို့ကတူးသည့် ဥမင် နှစ်ကြောင်းတွင် ထင်းလောင်စာအများ သွင်းထားပြီးလျှင် မီးတိုက်၍ မြို့ပြိုအက် လည်းသည့်ကာလမှ ငါတို့က ဆင်လုံးမြင်းရင်းနှင့် ရဲမက်တော်တို့ မြို့တွင်းသို့ဝင်၍ အိမ်ရာများကို မီးထင်းတိုက်ရှို့ပြီးလျှင် ယိုးဒယားမင်းနှင့်တကွ တမြို့လုံးကို လက်ရသိမ်းယူမည့်ဆိုသည်ကို ဗိုလ်မှူးစတုဂါမဏိ, မင်းကြီးဇေယသူ, သတိုးမင်းထင်, ကျော်ခေါင်ကျော်သူ, သီရိရာဇသင်္ကြံစသောဗိုလ်မှူးတပ်မှူးအပေါင်းတို့အကြိုက်ညီကြလျှင် အခါနေ့ရက်ရွေး၍ ဒဝယ်ကြောင်းချီတပ်ပေါင်း ငါးဆွဲခုနစ်တပ်၊ ဇင်းမယ်ကြောင်းချီ တပ်ပေါင်း ခုနစ်ဆွဲတတပ် ဗိုလ်မှူးတပ်မှူးတို့ကို အစေ့အန္ဒဲ နှိုးဆော်၍ ဆင်သည်လည်းဆင်နှင့် မြင်းသည်လည်းမြင်းနှင့် ခြေသည်လည်း မား,တူးရှင်းလှေကားနှင့်မြို့လေးမျက်နှာအခါကိုစောင့်လျက် အသင့်နေစေပြီးလျှင် မြို့ခြေကိုတူးသည့်ဥမင်နှစ်ကြောင်းကိုထင်းလောင်စာအများသွင်း၍ မီးရှို့သည်၊ မြို့ခြေကိုထောက်သည့်တိုင်များကိုလောင်၍ မီးခိုးမီးလျှံပြင်းလှသောကြောင့်မြေအစိတ်စိတ်အမြွှာမြွှာကွဲအက်၍တာတရာကျော်ခန့် မြို့ရိုးပြိုသည်းသည်ကိုမြင်လျှင် မြို့လေး

မျက်နှာကဝန်းရံစောင့်နေသည့် တပ်ပေါင်းတရာ့နှစ်ဆဲ့ရှစ်တပ်လုံး တညီ တညွတ်တည်းကြော်ငြာ၍ပြောင်းအမြောက်တထောင်ကျော်နှင့်မီးပေါက် မိုးရွာသကဲ့သို့ ပစ်ခတ်သော အခိုးအလျှံအသံ့,မြို့မြေဥမင်က တိုက်ရှို့သော အခိုးအလျှံ အသံတို့သည် ကောင်းကင်အလုံး၌ တိမ်ထွတ် တိမ်လွှာကဲ့သို့ မီးခိုးမီးလျှံ အုပ်လျက် မြေမိုးလျှင် ပွဲတင်ထပ်မျှရှိသောခါ ရဲမက်တော် အပေါင်းတို့ ဆင်သည်လည်းဆင်နှင့်, မြင်းသည်လည်းမြင်းနှင့်, ခြေသည် လည်း ဓား, တူးရွင်း လှေကားနှင့် အကြောက်အရွံ့ အဆုတ်အဆိုင်းမရှိ မြို့ပြိုရာကဝင်သူဝင်သည်၊ လှေကားထောင်၍ မြို့ကို တက်သူတက်သည်၊ မြို့တွင်းသို့ သုံးကြောင်း တူးသည့် ဥမင်က ဝင်သူဝင်သည်၊ ယင်းသို့ ဗိုလ်မှူး တပ်မှူး သူရဲသူခက်ဆိုသမျှ အညီအညွတ် အကုန်ထွက်၍ အပန်း တကြီး ကြိုးကြိုးကုတ်ကုတ် လုပ်ကြသည်ကို ယိုးဒယားအမတ်ကြီး ဗညား ကို့,ဗညားကူရတစ်တို့နှစ်ဦး မြို့ထိပ်သို့တက်ပြီးလျှင် ဓားလက်နက်စွဲကိုင်၍ မြို့စီး ပြစီး ရဲမက်တို့ကို အပြင်းအပြကွပ်ညှပ်စီရင်သော်လည်း ယိုးဒယား မြို့စီးပြစီးတို့သည် ငတ်မွတ်နွမ်းနယ် လှသောကြောင့် ကြိုးကြိုးကြပ်ကြပ် မဆီးမဆို့ မရပ်မခံနိုင်၍ သက္ကရာဇ် (၁၁၂၉) တထောင့် တရာ့ နှစ်ဆဲ့ ကိုးခု၊ ဦးတန်းခူးလဆန်းတဆဲ့တရက် ကြာသပတေးနေ့ မြို့လေးမျက်နှာရံ တပ်တော်များက ဗိုလ်မှူး တပ်မှူးရဲမက်တော်အပေါင်းတို့ မြို့တွင်းသို့ချည်း ဝင်မိလျှင် မြို့တွင်းမှာရှိသည့်အိမ်ရာကျောင်းကန်စရပ်တန်ဆောင်းများကို အနှံ့အစပ် မီးထင်းတိုက်ရှို့၍ သုံ့ပန်း ဖမ်းယူကြသည်၊ မိန်းမယောကျ်ား ဥစ္စာပစ္စည်း, ရွှေငွေ ကျောက်သံပတ္တမြား ရဲမက်တော်တို့ အများရကြ ကုန်၏၊ယိုးဒယားမင်းမှကား မြို့တွင်းပတ်လည်မီးထလျှင် ကိုယ်ရုပ်ဖျောက် ၍ မိဖုရားသားသမီး စုံရာနှင့် နန်းမြို့အနောက်တံခါးက ထွက်သွားသည်၊ ရဲမက်တော် ဗိုလ်မှူးတပ်မှူးတို့ ဆင်ပုံမြင်းပုံမြို့တွင်းသို့ဝင်မိ၍ အထွေးထွေး အယှက်ယှက်ဖမ်းဆီးပစ်ခတ်ကြသည့်တွင် လက်နက်ထိ၍ ကောဒသရာဇာ အမည်ရှိသော ယိုးဒယားမင်း ကျောက်ဘွားကောဒယ်သည် မြို့တွင်းတွင် ပင် ဆုံးချေ၏။

ထိုအခါ ယိုးဒယားမင်းညီဖြစ်အုံစောစံကိုယိုးဒယားမင်းကအပြစ်ပေး၍ လည်မှာသံကွင်းနှင့် အတွင်းဆင်တင်းကုပ်မှာထားသည်ကို တပ်တော်က ရှေးဦးစွာဝင်မိသူတို့တွေ့မိလျှင် အကြီးအကြပ်နှင့်သိမ်းထားသည်၊ နံနက် နေထွက်သည်တိုင်အောင်မှ ယိုးဒယားမင်းကိုရှာဖွေစစ်ကြော၍မရသော ကြောင့် ယိုးဒယားမင်းညီဖြစ်အုံစောစံကိုလည်မှာသံကွင်းကိုချွတ်၍ အကြီး

အကြပ် အလုံအခြံနှင့် ယိုးဒယားမင်းကို မြို့တွင်း မြို့ပြင် ရှာစေသည့်တွင် နန်းမြို့ အနောက်တံခါးတွင် လက်နက်ထိ၍ သေလေသည်ကိုတွေ့၍ ယိုးဒယားမြို့တွင်းမှာ ကောင်းမွန်စွာ သင်္ဂြိုဟ်ရသည်။

သက္ကရာဇ် (၁၁၂၅) တထောင့်တရာ့နှစ်ဆဲ့ငါးခု တပေါင်းလဆန်း ငါးရက် အင်္ဂါနေ့ ရတနာပူရ အဝရွှေပြည်တော်ကြီးကို ထီးဆောင်းမင်းအပေါင်းနှင့်တကွ အစိုးရတော်မူသော ဆင်ဖြူသခင် ဘဝရှင် မင်းတရားကြီးဘုရား ခြေရင်းတော်ကတပ်ပေါင်းနှစ်ဆဲ့ရှစ်တပ်တွင် စစ်သည်သူရဲ နှစ်သောင်းနှင့် အမတ် နေမျိုးသီဟပတေ့ကို စစ်သူကြီး ခန့်တော်မူ၍ ဇင်းမယ်ကြောင်း, ခြေရင်းတော်က တပ်ပေါင်း သုံးဆယ်တွင် စစ်သည် နှစ်သောင်းနှင့် အမတ်မဟာနော်ရထာကို စစ်သူကြီးခန့်တော်မူ၍ ဒဝယ်ကြောင်း, စစ်နှစ်ကြောင်း ကြည်းအားရေအား ယိုးဒယားမြို့သို့ချီ၍ လုပ်ကြံစေသည့်တွင် ဘုန်းတော်ရှိန်ကို မခံနိုင်၍ သက္ကရာဇ် (၁၁၂၉) တထောင့်တရာ့နှစ်ဆဲ့ကိုးခု တန်ခူးလဆန်းတဆဲ့တရက် ကြာသပတေးနေ့ ညလေးချက်တီးကျော်အချိန်တွင် ယောနကအယုဇ္ဈတိုင်း တိလောကဒွါရာဝတီ အမည်ရှိသောယိုးဒယားပြည်ကြီးကို ကောဒသရာဇာကျော်ဘွားကောဒသ်အမည်ရှိသော ယိုးဒယားမင်းနှင့်တကွ ထီးနန်း မြို့ပြတိုင်းခရိုင် နိုင်ငံအလုံးကို သိမ်းရုံးအောင်မြင်တော်မူသည်။

အထူးထူးသော တိုင်းကြီး ပြည်ကြီး ထီးဆောင်းမင်းများသခင်၊ ရွှေတွင်း, ငွေတွင်း, ပတ္တမြားတွင်း, ပယင်းတွင်းစသော ရတနာအပေါင်းတို့၏အရှင်၊ စတုတ္ထရတနာပူရ မြို့တည် နန်းတည်၊ ဆဒ္ဒန်ဆင်မင်းသခင်၊ ဆင်ဖြူများရှင် အသျှင်ဘဝရှင် မင်းတရားကြီး ဘုရား လက်ထက်တော် (၁၁၉၁) တထောင့် တရာ့ကိုးဆဲ့ တခု၊ နယုန်လဆန်း တရက်နေ့က စ၍ ရဟန်းပညာရှိ, ပုဏ္ဏားပညာရှိ, မှူးမတ်ပညာရှိတို့နှင့်၊အထူးထူးသော ရတနာတို့ဖြင့်ဆန်းကြယ်သော မှန်နန်းတော်ဆောင်တော်ဦး နန်းမစန္ဒ နှိုင်းညှိ၍ အသင့် ယုတ္တိကျမ်းဂန် အာဂုံများနှင့်အညီ သုတ်သင် စီရင်တော်မူသော ဒုတိယမဟာရာဇဝင်တော်ကြီး၊စတုတ္ထထုပ်၊သတ္တမတွဲ၌တွင် ရွှေ.ပြီး၏။

# ယိုးဒယားမင်း

## မိဖုရားနှင့်တကွ သားတော်, သမီးတော် စသည်ကို ပြခြင်း

ယင်းသောအခါ ယိုးဒယားမင်း, မိဖုရား, သားတော်, သမီးတော် ညီတော်, မင်းဆွေမင်းမျိုးစသော မှူးကြီးမတ်ကြီး မိုလ်မှူးတပ်မှူး ရဲမက် ဆင်မြင်းနှင့်တကွ အမြောက်ကြီး မြတပူ ပြောင်းသေနတ် ဓားလှံ လက်နက် ကိရိယာများနှင့် မင်းထိုက်စိုးတန် ရွှေသားငွေသား, ရွှေထည် ငွေထည်, ရွှေချျက် ငွေချျက်, ကျောက်သံ ပတ္တမြား စသော စိန်စီ မြစီ ပတ္တမြားစီ, နဝရတ်ကိုးပါး ခြယ်လှယ်သော မင်းခမ်း မင်းနား အစုံ၊ မင်းသုံး မင်းဆောင် ဘလားသန္ဓေး,လင်ပန်း ဘဏ္ဍာတော်များကို ရွေး ချယ်စိစစ်ကြသည်ကား···· ယိုးဒယားမင်းမိဖုရား မင်းမောက်-တစ်၊ မန် မင်း-တစ်၊ မွန်သီ-တစ်၊ မွန်သီလာ-တစ်၊ ပေါင်းလေးပါးနှင့် မြအုံမြစံ အမည်ခံသော မိဖုရားမင်းကိုယ်လုပ်တော်ရှစ်ရာကျော်၊ ယိုးဒယားမင်း ညီတော် မင်းပြုဘူးသူ-တစ်၊ သုအု ပဒုမ္မရာဇာ-တစ်၊ ကျဝါအံ့ဆွတ်-တစ်၊ မြအုံ စောတရိုက်-တစ်၊ မြအုံစောသံ-တစ်၊ မြအုံ စောနေရမွန်-တစ်၊ မြအုံစောကွန်-တစ်၊ မြအုံစောစရစ်-တစ်၊ မြအုံစောဘူနရ-တစ်၊ မြအုံ စောသင်-တစ်၊ မြအုံစောကွန်မိတ်-တစ်၊ မြအုံစောသူချမ်း-တစ်၊ ပေါင်း တဆဲ့နှစ်ပါး။

ယိုးဒယားမင်း နှမတော် စောဘွားပရမတ်-တစ်၊ စောဘွားသူရပုံ- တစ်၊ စောဘွားအိန္ဒသူဒါဝတီ-တစ်၊စောဘွားမုံကွဲ-တစ်၊ စောကေသွန်- တစ်၊ စောအုံကြအုံ့-တစ်၊ စောဘွားကြအွတ်-တစ်၊ ဟုံစောလံပူ-တစ်၊ ဟုံစောပဖွတ်-တစ်၊ ဟုံစောကြိုကွန်-တစ်၊ ဟုံစောသံအံ-တစ်၊ဟုံစောသုံ ကြည်-တစ်၊ ဟုံစောအိမ်-တစ်၊ ပေါင်းတဆဲ့လေးပါး။

ယိုးဒယားမင်းသားတော် မြအုံစောပဟိုက်-တစ်၊ မြအုံစောသူတေဉ်- တစ်၊ မြအုံစောသေဉ်-တစ်၊ ပေါင်းသုံးပါး။

ယိုးဒယားမင်း သမီးတော် ဟုံစောပတိ-တစ်၊ စောဘွားနွဲ့-တစ်၊ သဘန်းပွင့်မင်းသမီး-တစ်၊ စောလွတ်ကြာ-တစ်၊ ပေါင်းလေးပါး။

ယိုးဒယားမင်းမြေးတော်ယောကျ်ား မွန်ချည်ပိး-တစ်၊ မွန်စာ-တစ်၊ မွန်သူဝတီ-တစ်၊ မွန်သူကြည်-တစ်၊ မွန်သူငယ်-တစ်၊ မွန်သူလတ်-တစ်၊ မွန်သူကရွန်-တစ်၊ မွန်သွန်ဘူ-တစ်၊ မွန်သူချွန်-တစ်၊ မွန်သွန်သင်း-တစ်၊

မွန်မရွှန်-တစ်၊ မွန်သူဘန်-တစ်၊ မွန်ဥတ္တမံ-တစ်၊ မွန်ပိုက်ထွန်း-တစ်၊ ပေါင်းတဆဲ့လေးပါး။

ယိုးဒယားမင်း မြေးမိန်းမ မွန်မလ္လာ-တစ်၊ မွန်ဆရာ-တစ်၊ မွန်ဇဝက်-တစ်၊ မွန်အုံ့ပိုင်-တစ်၊ မွန်အခွန်-တစ်၊ မွန်အဘံ-တစ်၊ မွန်သံ-တစ်၊ မွန်မလိုက်-တစ်၊ မွန်သူရဝတ်-တစ်၊ မွန်ဆတာ-တစ်၊ မွန်မွင်-တစ်၊ မွန်သစ်-တစ်၊ စောသည်-တစ်၊ စောတန်-တစ်၊ ပေါင်းတဆဲ့လေးပါး။

ယိုးဒယားမင်း အစ်ကိုယ့်သား ဗြအုံစောတန်-တစ်၊ ဗြအုံစောမင်း-တစ်၊ ပေါင်းနှစ်ပါး။

ယိုးဒယားမင်း အစ်ကိုယ့်သမီး စောဒါရာ-တစ်၊ စောရှိ-တစ်၊ ပေါင်းနှစ်ပါး။

မိဖုရားကြီး လေးပါး၊ ဗြအုံ ဗြစံ ခံသော မင်းမိဖုရား ကိုယ်လုပ်ရှစ်ရာ့ခြောက်ဆဲ့ကိုးပါး၊ ယိုးဒယားမင်း ညီတော် တဆဲ့နှစ်ပါး၊ နှမတော်တဆဲ့လေးပါး၊ သားတော် သုံးပါး၊ သမီးတော်လေးပါး၊ မြေးတော်ယောကျ်ား တဆဲ့လေးပါး၊ မြေးတော် မိန်းမ တဆဲ့လေးပါး၊ ယိုးဒယားမင်း အစ်ကိုယ့်သား နှစ်ပါး၊ ၎င်းအစ်ကိုယ့်သမီး နှစ်ပါး၊ ပေါင်းခြောက်ဆဲ့ကိုးပါး၊ မင်းဆွေမင်းမျိုး မိန်းမယောကျ်ား နှစ်ထောင်ကျော်။ ဝန်ကြီးဘယားပလခံ-တစ်၊ ဘယားဘူရ-တစ်၊ အတွင်းဝန်ဘယားမွန်သီ-တစ်၊ ဘယားမွန်သပိုတိုက်-တစ်၊ ရွှေတိုက်ဝန် ဘယားဘရဘတ်-တစ်၊ ကျီဝန်ဘယားဘလဒေပ-တစ်၊ မြို့ဝန် ဘယားရမယာ-တစ်၊ သေနတ်ဝန်လုံဟူရတိုက်ဘို့နှင့် မင်းမိဖုရား၊ မင်းညီမင်းသား၊ မင်းသမီး မင်းမြေး၊ မင်းဆွေစိုးမျိုး၊ မှူးမတ်၊ သူဌေးသူကြွယ်ပညာသည် အတီးအက တတ်သသူဗိသုကာ၊ လက်သမား၊ ပန်းပု၊ ပန်းပွတ်၊ ပန်းပဲ၊ ပန်းထိမ်၊ ပန်းတဉ်း၊ ပန်းရန်၊ ပန်းတော့၊ ပန်းတမော့၊ ပန်းချီဇဝါ၊ အလှီးအချွတ်၊ ကျောက်သွေးဂုန္နန်၊ ဆေဗ္ဗာ၊ အင်းမန္တရား ဆေးဝါးလက်ဖွဲ့၊ ယတြာယာယီ၊ ဆင်တတ်သသူ၊ ဆင်ဆေးသမား၊ မြင်းတတ်သသူ၊ မြင်းဆေးသမား၊ ရွှေထည် ငွေထည် လုပ်တတ်သသူ၊ အပေါင်းအကျစ် အကြော်အလှော်တတ်သသူ ပညာသည် ဆိုသမျှ လူတို့နှင့် ပိဋကတ်စာပေ, ဗေဒင်ဆေးကျမ်း စသော စိန်စီ, မြစီ, ပတ္တမြားစီ, နဝရတ် ကိုးပါး ခြယ်သော မင်းခမ်း မင်းနားအစုံ၊ မင်းသုံး မင်းဆောင် ဘလားသခွေး လင်ပန်း၊ မင်းထိုက်စိုးတန်ကျောက်သံပတ္တမြား, ရွှေသား, ငွေသား, ရွှေထည်, ငွေထည်, ရွှေလျှက်, ငွေလျှက်, ကျည်းပြည်, စိမ့်ပြည်, ဥမ်းပြည်ဖြစ်အုပ်မျိုးထည်မျိုး ဘဏ္ဍာတော်

များနှင့် စီးတော်ရွှေးဝင်း ဆင်ခုနစ်ရာ၊ ကူရွှပ်သမ္မန် ရဲလှေနှစ်ထောင်၊ သင်းဘောတရာ၊ ရွှေဇဝါငွေဇဝါရေး သေနတ်တထောင်၊ ဇဝါလွတ်မီး ပါစာခွံ့သေနတ်တသောင်းကျော်၊ကြေးစင်သွန်းညီနောင်အမြောက်ကြီး နှစ်နှင့် မြို့ဖြိုအမြောက်၊ ရန်လှန်အမြောက်၊ နရားရုပ်အမြောက်၊ မကန်း ရုပ်အမြောက်၊ ရထားတင်အမြောက်၊ လှေဦးတင် အမြောက်၊ ဆင်တင် အမြောက်၊ သားသွင်းအမြောက်၊ စိန်မှစ၍ ကြေးသွန်းသံလုပ် အမြောက် ပေါင်း သုံးထောင့် ငါးရာ့ငါးဆယ်၊ အမြောက်စေ့တပိဿာကစ၍တဆဲ့ ငါး, နှစ်ဆယ်, သုံးဆယ်တိုင်အောင် တရုပ်, ယွန်း, လင်းဇင်း, ကုလား ပြည်များနှင့် ယိုးဒယားသွန်းကျည်စေ့ကြီးငယ် ငါးသောင်းကျော်၊ပြောင်း စာ ငါးဆယ်ခြောက်ဆယ်သွန်းသော သံပုံးစေ့၊ သံပြောင်းစာ တရာနှစ် ရာစု၍ သံအိတ်နှင့် နန်းခက်သော ဝိတ်ချင်းတောင့်, ကျည်ပွား,သံကြိုး တပ်သော လောက်လွှတံ, သံဒလက်, မီးစာခေါင်းတံစသော လက်နက် ကိရိယာများမှာ ကောင်းမွန် ထူးဆန်းသမျှကို ရွေးချယ် သိမ်းယူသည်၊ လက်နက်တိုက်တွင် မသိမ်းမယူ ချန်ထားခဲ့သည့်ကား မရေမတွက်နိုင် ရှိသောဟူ၏။

ချန်ထားခဲ့လည့် လက်နက်ကိရိယာနှင့်တကွ အမြောက်ကြီး အလျား အတောင်နှစ်ဆယ် ကျည့်ဝနှစ်တောင်ရှိသည့် အမြောက်ကြီး တစ်နှင့်၊ သုံးဆယ်ဝင်ကစ၍ လေးဆယ်ဝင် တိုင်အောင် အမြောက်ကြီး များကို ပင်လယ်သို့ချရသည်၊အချို့အမြောက်ကြီးများကိုလည်းယမ်းသွတ်၍ခွဲရ၏။

ယောနကအယုဇ္ဈတိုင်းဖြစ်သော ယိုးဒယားပြည်ကြီးကို မင်းနှင့်တကွ အောင်တော်မူပြီးဖြစ်၍ ဒဝယ်ကြောင်းချီ နောက်ဖြည့်တင်ပါတပ်ပေါင်း ငါးဆဲ့ရှစ်တပ်၊ ဇင်းမယ်ကြောင်းချီ နောက်ဖြည့် တပ်ပါ တပ်ပေါင်း ခုနစ်ဆဲ့တတပ်၊ နှစ်စုတပ်ပေါင်း တရာ့နှစ်ဆဲ့ကိုးတပ်ကို အစေ့အန္တံနှိုး ဆော်၍ မြန်မာအတီးအက, တလိုင်း အတီးအက, ဒဝယ် အတီးအက, တနင်္သာရီ အတီးအက, ရှမ်းအတီးအက, ယွန်းအတီးအက, လင်းဇင်း အတီးအက, ယိုးဒယားအတီးအကများနှင့် တပ်တိုင်းစေ့ အောင်ပွဲခံကြရ သည်။

ယင်းသောအခါ ဗိုလ်ချုပ်နေမျိုးသီဟပတေ့ဆိုသည်ကား....ယခုရတ နာပူရ အဝနေပြည်တော်ကြီးမှာ တရပ်မင်းက မရေမတွက် နိုင်သော ရဲမက်အပေါင်းနှင့် ညီသားသမက်တို့ကိုအုပ်ချုပ်စေ၍ စစ်ပြိုင်လာသော ကြောင့် ခြေရင်းတော်တွင်ရှိသည့် မှူးမတ် ဗိုလ်မှူးတပ်မှူး အပေါင်းတို့

ချီ၍တိုက်သည်တွင်တရုပ်စစ်သူကြီးနှင့်တကွမရေမတွက်နိုင်သောစစ်သည်တို့သေကြေပျက်စီး၍ ပွဲလမ်းရကြောင်းကို ငါတို့ကြားသိကြရသည်၊ ယခုလည်း ယောနကအယုဒ္ဓယတိုင်းဖြစ်သောယိုးဒယားပြည်ကြီးကိုမင်းနှင့်တကွ ရွှေလက်တော်သို့ ရောက်၍ရှိသည်၊ အထက်အမိန့်တော်ရင်းအတိုင်း ယိုးဒယားမြို့ပြကျုံးမြောင်းကို အလျှင်အမြန်ဖျက်ဆီး၍ ပြန်လည်ကြမှ ငါတို့တစု တရုပ်တို့အရေးကိုမှီ၍ ပွဲလမ်းယူကြရဦးမည်တိုင်ပင် ပြောဆိုပြီးလျှင် သုံ့လက်ရလူတို့ကို အသီးအသီး ထိန်းသိမ်းဆောင်ယူ ကြရသည်ကား- တပ်မှူး တယောက်မှာ အိမ်ထောင်စုတရာ၊ စစ်ကဲတယောက်မှာ အိမ်ထောင်စုခုနစ်ဆဲ့ငါး၊နာခံတယောက်မှာအိမ်ထောင်စုငါးဆယ်၊တပ်ရေးတယောက်မှာအိမ်ထောင်စုငါး၊ရဲမက်တော်တယောက်မှာ အိမ်ထောင်စုနှစ်ပေးဝေသည်၊ခြေရင်းတော်ကချီခဲ့ရင်းဇင်းမယ်ကြောင်းဒဝယ်ကြောင်းငါးဆဲ့ရှစ်တပ်တွင်ပါသည့်တပ်မှူးအရာရှိပေါင်း လေးရာ့ခြောက်၊သိမ်းမှုယိုးဒယားအိမ်ထောင်စုတသိန်းခြောက်ထောင့်တရာဝေ၄ပေးအပ်ပြီးလျှင် ယိုးဒယားမြို့ကိုလည်း မြို့ ပြ ကျုံး မြောင်းများကို ဖျက်ဆီး၍ သက္ကရာဇ် (၁၁၂၉) တထောင့်တရာ့နှစ်ဆဲ့ကိုးခု၊ နယုန်လဆန်းကိုးရက်နေ့ ဗိုလ်ချုပ် နေမျိုးသီဟပတေ့စသော ဗိုလ်မှူးတပ်မှူး အပေါင်းတို့နှင့် တပ်စဉ်အတိုင်း ယိုးဒယားမြို့ကချီထွက်ခဲ့၍ ထားရိုက်ကြောင်းပြန်လည်ခဲ့ကြ၏။

ယင်းသောအခါ ခြေရင်းတော်က ချီလေသော စစ်ကဲသိရိရန္တမိတ်ကျော်ထင်,နေမျိုးနန္ဒမိတ်, လမှူးရန္တသူတို့ သုံးတပ်လည်း မုတ္တမမြို့သို့ရောက်လျှင် မုတ္တမမြို့က လူနှစ်ထောင် အဝကပါရင်း လူသုံးထောင်နှင့်သော် လူပေါင်းငါးထောင်ကို မုတ္တမမြို့ဝန် မင်းရဲမင်းလှဥဇနာအုပ်ချုပ်၍ ထားရိုက်ကြောင်း မရပ်မဆိုင်း ယိုးဒယားမြို့သို့ ချီကြသည်၊ မြစ်ဆုံသို့ရောက်လျှင် နေမျိုးသီဟပတေ့တို့တပ်ပေါင်း ယိုးဒယားမြို့ကို အလိုတော်ပြည့်၍ ပြန်ခဲ့သည်နှင့် တွေ့သည်တွင် ယိုးဒယားမြို့က သိမ်းယူ ခဲ့သည့် မင်းသား မင်းသမီး, ဆင်မြင်း,အမြောက်စိန်ပြောင်း,သေနတ်၊အထူးထူးသောဘဏ္ဍာတော်များကို မင်းရဲမင်းလှဥဇနာ,နေမျိုးသီဟပတေ့တို့စည်းကြပ်ဆောင်ယူ၍ ထားရိုက်ကြောင်းပြန်ခဲ့ကြသည်၊ ကြေးစင်သွန်း အမြောက်ကြီးညီနောင်၊အလျားတဆဲ့နှစ်တောင်, အရင်းလုံးပတ်ရှစ်တောင်,အဖျားလုံးပတ် ခြောက်တောင့်တမိုက်, ဆံထုံးကသည် ခါးထိ ခြောက်တောင့်တမိုက်, ကျည်ဝတထောင့်တမိုက်, အမြောက်ကြီးတစ်၊ ကြေးစင် အချိန်ပိဿာတသိန်း,ကမ္ဗည်းရေးလျက်အလျားတဆဲ့တတောင်,အရင်းလုံးပတ်

ခုနစ်တောင်, အဖျားလုံးပတ် ငါးတောင်, ဆံထုံးကသည်ခါးထိမြောက် တောင်,ကျည်ဝ တတောင့်လေးသစ် ရှိသည့် ညီနောင်အမြောက်ကြီးနှစ် နှင့် အမြောက်ကြီး ငါးရာကျော်ကို ဖောင်နှင့်တင်၍ စစ်ကဲသီရိနန္ဒမိတ် ကျော်ထင် ရေကြောင်းဆောင်ယူခဲ့ရသည်၊ ကြည်းကြောင်းက ပြန်သည့် ဗိုလ်ချုပ်နေမျိုးသီဟပတေ့နှင့် ဗိုလ်မှူးတပ်မှူးတို့မှာလည်း ယိုးဒယားမြို့က သိမ်းယူခဲ့သည့် လက်နက်ကိရိယာဘဏ္ဍာတော်များနှင့် ထိုနှစ် ဝါခေါင် လ ရတနာပူရ အဝနေပြည်တော်သို့ ရောက်လာကြသည်။

ဇင်းမယ်ငါးဆဲ့ခုနစ်ခရိုင်စသော သံလွင် အရှေ့ဘက် အနောက်ဘက် မြို့စားပြစားတို့နှင့် ဗြိတ်, ဒဝယ်,တနင်္သာရီ ဗိုလ်မှူးတပ်မှူးတို့ကို အထိုက် အလိုက် ဆုပေးတော်မူ၍ ကိုယ်တို့ အုပ်ချုပ်ဘွားစားသည့် မြို့ပြသို့ ပြန် လည်စေ၏၊ ဗိုလ်ချုပ်နေမျိုးသီဟပတေ့တို့မရောက်မီ ညီနောင်အမြောက် ကြီးကို အကြိုအယူ ခန့်တော်မူသည်၊ ရွှေတိုက်ဝန် မဟာကျော်ထင်,ဆင် ကျည်တိုက်ဝန် နေမျိုးသီရိကျော်ထင်,နေမျိုးနော်ရထာတို့ကို ရဲလှေတရာ လှူနှစ်ထောင်နှင့် စုန်သွားရသည်၊ အထက်ဆောင်ယူခဲ့ရင်း သီရိနန္ဒမိတ် ကျော်ထင်တို့နှင့် ထားရိုက်တွင် တွေ့၍ ညီနောင်အမြောက်ကြီး နှစ်နှင့် အမြောက်ငါးရာကျော်ကို အမတ်လေးဦး ရေကြောင်း ကြပ်မဆောင်ယူ ခဲ့ရသည်၊ သက္ကရာဇ် (၁၁၃၀) တထောင့် တရာ့ သုံးဆယ် တန်းခူးလ ရတနာပူရ အဝနေပြည်တော်သို့ ရောက်လာကြ၏။

**ယိုးဒယားပြည် အင္ဂုပ္ပတ္တိနှင့် ဇေယာဘိသေက**
**ခံတော်မူ၍ မဟာဥကသ်ဖွင့်ခြင်း**

ဒွါရာဝတီအမည်ရှိသော ယိုးဒယားပြည်ကြီး၏ အကြောင်းကား.... သက္ကရာဇ်(၇၁၀)ခုနစ်ရာ့တဆယ်တွင် ဗြာရာဇာပတိအမည်ရှိသော မင်း သည် တည်ထောင်စပြုသည်၊ မရှိလျှင် သားတော် ဗြာရာမသွန် မင်းပြု သည်၊ မရှိလျှင် သားတော် ပရမရာဇာမင်းပြုသည်၊ မရှိလျှင် သားတော် မဟာဓမ္မရာဇာ မင်းပြုသည်၊မရှိလျှင် သားတော် ဗြစက္ကပတ် မင်းပြုသည်၊ မရှိလျှင် သားတော် ပေါရာပုံသံ မင်းပြုသည်၊ မရှိလျှင် သားတော် ပရမ ရာဇာမိရာဇာ မင်းပြုသည်၊ မရှိလျှင် သားတော် ပရမတိလောက မင်းပြု သည်၊ မရှိလျှင် သားတော် ဗြာရာဇာပတိမင်းပြုသည်၊ မရှိလျှင် သားတော် ဗြသာမိရာဇာ မင်းပြုသည်၊ မရှိလျှင် သားတော် ဗြသီရိဇုရပ မင်းပြုသည်၊ မရှိလျှင် ထိုမင်းမယ်တော် မိဖုရား မင်းပြုတော်မူသည်၊ မရှိလျှင် သား

တော် ပြည်သာဓိရာဇာ မင်းပြုသည်၊ ထိုမင်းနန်းတက်၍ သက္ကရာဇ် (၉၁၀) ကိုးရာ့တဆယ်တွင် ဟံသာဝတီကမင်းတရားရွှေထီးလုပ်ကြီး၍ရသည့်နေ့ံတနှစ်ရှိလျှင် မင်းတရားရွှေထီး အနိစ္စ ရောက်တော်မူ၍ ယိုးဒယားခြားနားသည်၊သက္ကရာဇ် (၉၂၅) ကိုးရာ့နှစ်ဆဲ့ငါးခုတွင် ဟံသာဝတီ ဆင်ဖြူများရှင်လုပ်ကြီး၍ ယိုးဒယားမြို့ကိုရပြန်လျှင် ပြည်သာဓိရာဇာသား ဖြမဟိန္ဒကို ယိုးဒယားမြို့မှာ မင်းပြုစေသည်၊ ပြည်သာဓိရာဇာနှင့် သားငယ် ဖြရာမသွန်, အမတ်ကြီး အောက်ဖြစက္ကိတို့ကို ယူတော်မူခဲ့၍ ယိုးဒယားမင်းပြည်သာဓိရာဇာကို ဟံသာဝတီမြို့မှာ စကြောနှစ်ထပ်အိမ်ဖြူနှင့် နေစေသည်၊ နောက် ရဟန်းပြုပါမည်လျှောက်၍ ရဟန်းပြုပြီးလျှင် ယိုးဒယားမြို့မှာ ဘုရားပုထိုးအဖူးအမြော်သွားပါရမည်ကိုလျှောက်ထား၍ သွားလေသည်၊ ယိုးဒယားမြို့သို့ရောက်လျှင် လူဝတ်လဲ၍ သားဖြမဟိန္ဒနှင့် တိုင်ပင်သောင်းကျန်းပြန်လေသည်ကို သက္ကရာဇ် (၉၃၀) ကိုးရာ့သုံးဆယ်တွင် ဟံသာဝတီ ဆင်ဖြူများရှင်ချီ၍ လုပ်ကြီးသည်၊ သက္ကရာဇ် (၉၃၁) ကိုးရာ့သုံးဆဲ့တခု ဝါခေါင်လပြည့်ကျော် သုံးရက်နေ့ ယိုးဒယားမြို့ကိုရ၍ ယိုးဒယားမင်းသမက် စော်ဘွားသောင်ကျည်ကို ယိုးဒယားမြို့ကို မင်းပြုစေသည်။

ဆင်ဖြူများရှင့်သားတော် ငါးဆုဒါယကာ လက်ထက် စော်ဘွားသောင်ကျည် ဖြနရာဇ်ဟူသောအမည်ကိုခံ၍ သက္ကရာဇ် (၉၄၃) ကိုးရာ့လေးဆဲ့သုံးခုတွင် ခြားနားပြန်သည်၊ မရှိလျှင် ဖြသီရိမင်းပြုသည်၊ မရှိလျှင် သားဖြနရာယန မင်းပြုသည်၊ မရှိလျှင်သားဘိတ္တရာဇာမင်းပြုသည်၊ မရှိလျှင် သားဖြဘုရသတ်မင်းပြုသည်၊ မရှိလျှင် သားပရမဇေဋ္ဌ မင်းပြုသည်၊ မရှိလျှင် သားဖြသီရိဓမ္မရာဇာ မင်းပြုသည်၊ ဖြသီရိဓမ္မရာဇာမှာ သားကြီး ကျောက်ဘွားကောဒသ်၊ သားငယ် ကျောက်ဘွားထောက်တိုထိုနှစ်ယောက်တွင်အစ်ကိုယ် ကျောက်ဘွားကောဒသ်သည် ထီးနန်းတိုင်းပြည်ကို ထိန်းအုပ်နိုင်မည်မဟုတ်၊ငါမရှိလျှင်ကျောက်ဘွားထောက်တိုကိုမင်းပြုရစ်စေ–အဘ ဖြသီရိမ္မရာဇာ မှာခဲ့သည့်အတိုင်း ဖြသီရိဓမ္မရာဇာမရှိလျှင် ကျောက်ဘွားထောက်တိုကို မင်းမြှောက်ကြသည်၊ နန်းတက်၍ လေးရက်–ငါးရက်ရှိလျှင် ရှင်ဘုရင်ကျောက်ဘွားထောက်တိုသည် သာသနာပိုင် ဆရာရဟန်းကျောင်းသို့သွား၍ ရဟန်းပြုပါရစေ လျှောက်ဆိုလေလျှင် ဆရာတော်က ရဟန်းမပြုစေသင့်၊ခမည်းတော်မှာတော်မူသည့်အတိုင်း တိုင်းပြည်ကိုသာ တရားဆယ်ပါးကိုစောင့်ထိန်းတော်မူ၍ အုပ်ချုပ်တော်မူရမည်ဟုဆို၍ နန်းတော်သို့ပြန်နေသည်၊ နောက်သုံးလခန့်ရှိ

လျှင် အစ်ကိုယ် ကျောက်ဘွားကောဒသ်ကို နန်းတော်သို့ ခေါ်တော်မူ၍ နန်းကိုလွှဲအပ်ပြီးလျှင် ယိုးဒယားမင်းကျောက်ဘွားထောက်တို့ ရဟန်းပြုလေသည်၊ (၁၁၂၉) တထောင့်တရာ့နှစ်ဆဲ့ကိုးခု ယိုးဒယားမြို့ပျက်သည့်ကာလ ရဟန်းအဖြစ်နှင့် အဝမြို့သို့ ရောက်သည်၊ အမရပူရမြို့တော်သို့ရောက်၍ သက္ကရာဇ်(၁၁၅၈) တထောင့်တရာ့ငါးဆဲ့ရှစ်ခုတွင်မှ ရဟန်းအဖြစ် သက်န်းနှင့်သေလွန်သည်၊ အစ်ကိုယ်ယိုးဒယားမင်း ကျောက်ဘွားကောဒသ်မူကား နှစ်ဆဲ့ကိုးခု ယိုးဒယားမြို့ပျက်တွင် လက်နက်ထိ၍ မြို့တွင်းမှာ ဆုံးလေသည်။

ဘဝရှင် မင်းတရားကြီးဘုရားလည်း ယောနကအယုဇ္ဈတိုင်း ဖြစ်သောယိုဒယားပြည်ကြီးကို အလိုတော်ပြည့်လျှင် ယိုးဒယားမင်း မိဖုရား,သမီး,နှမ,မြေးတို့ကို မညှိုးမနွမ်းစေရ နန်းမြို့တော်အတွင်းမှာအိမ်နှင့်ချည်းထားတော်မူ၍ မူးတော်မတ်တော်တို့ကို တပါးစီအပ်၍ပြုစုစေသည်။ ။ယိုးဒယားမင်း,သား,ညီ,မြေးယောက်ျားတို့ကိုမူကား ပြင်အိမ်မှာ ထားတော်မူ၍ မျိုးရိက္ခာအဝတ်အစား အသုံးအဆောင် လုံးလောက်အောင် ပေးတော်မူသည်၊ယိုးဒယားမူးမတ် ဆင်းရဲသားဆိုသမျှကိုလည်း အစုအကွက်ချ၍ နေစေ၏။

သက္ကရာဇ် (၁၁၂၉) တထောင့်တရာ့နှစ်ဆဲ့ကိုးခု ပြာသိုလဆန်းတဆဲ့ငါးရက် စနေနေ့ နန်းတော်၏ ဂဟပတိအရပ်ဖြစ်သော ရွှေနန်းတော်၏အနောက်တောင် မြို့ကြီးအုန်းဘောင်တံခါးတော်ပြင်ဝယ် မဟာသကြန်ခေါ်တော်မူပြီးလျှင် ဇေယာဘိသေကခံတော်မူ၍ မဟာဥကသ်ဖွင့်တော်မူသည် "သီရိသုဓမ္မမဟာရာဇာဓိဇနိန္ဒာဓိပတိ"-ဟူသော တံဆိပ်နာမံကို ခံတော်မူသည်။ ။ရှင်မိဖုရားခေါင်ကြီးကိုလည်း "သီရိအတုလ မဟာပဒုမာဒေဝီ"-ဟူသော တံဆိပ်နာမံကိုခံစေသည်၊မြောက်နန်းမိဖုရားကိုလည်း "သီရိမဟာမင်္ဂလာ စန္ဒာဒေဝီ"-ဟူသော ဘွဲ့အမည်ကို အသနားတော်ခံစေသည်၊ အလယ်နန်း မိဖုရားကို "သီရိစန္ဒာရတနာဒေဝီ"-ဟူသော ဘွဲ့အမည်ကို အသနားတော်ခံစေသည်။

## ကျိုင်းတုံမြို့တွင် တရုပ်နှင့် ပဋ္ဌမအကြိမ် တိုက်ခိုက်ရာ တရုပ်တို့ ဆုတ်ခွာသွားရခြင်း

သက္ကရာဇ် (၁၁၂၇) တထောင့်တရာ့နှစ်ဆဲ့ခုနစ်ခု၊ တိုင်းနိုင်ငံတော်ဖြစ်သော ဂုံပြည် ကျိုင်းတုံမြို့သို့ တရုပ်စစ် စရောက်လာ၏။ ။ရောက်

ကြောင်းကား-တရပ်လောလီဆိုသူသည် ဘဲ,မော်ရော်,သိုး,ပိုးစည်း,ကုန် အထည်အလိပ်များ, နွားဝန်တင် သုံးရာကျော်လေးရာခန့်နှင့် ဗန်းမော် ကောင်းတုံသို့ရောက်လာသည်၊နံဘာရွာမြောက်တွင်တာပင်မြစ်ကိုကူးခပ် မိအောင် ဟန်တားကြီး လုပ်လိုကြောင်းနှင့် ဗန်းမော်ကောင်းတုံဝန်စစ်ကဲ တို့ထံ အစီရင်ခံသည့်တွင် ဝန်စစ်ကဲတို့က ရွှေဘဝါးတော်အောက် ရွှေ စက်တော်စုံကို အမြဲဦးထိပ်ရွက်၍ တိုင်းရေးပြည်မှုကို စီရင်ရသော သေ နာပတိ ဝန့်ရှင်တော်မင်းများမှာ လျှောက်ထား အစီရင်ခံပြီးမှ မှာထား ဆင့်ဆိုရာဖြစ်စေရမည်ဆိုသည်ကို တရပ်လောလီက နှစ်ပြည့်တပြည်ကုန် သည့်တဲ့ကား ရောက်ပေါက်ရောင်းဝယ်မြဲအရပ်ဒေသဖြစ်၍ကောင်းမှုပြုလို ပါသောကြောင့် အကြောင်းနှင့်လျှော်စွာပြောဆိုပါသည်ကို အခွင့်မပေး ရွှေဘဝါးတော်အောက် လျှောက်ထားအစီအရင်ခံရဦးမည်ဆိုလေသည်၊ အခွင့်မပေးလျှင်နေပါတော့ဟု မကျစ်မလျစ်သောစကားဖြင့် တရပ်ဘာ သာဆိုသည်ကိုနားလည်သူတို့ကဝန်စစ်ကဲတို့ထံပြန်ပြောကြားသိလေလျှင် ဝန်စစ်ကဲတို့က ထိုသူမှာဝတ်စားဆောင်ရွက်သည်လည်း ဆင်းရဲသားကုန် သည်ကဲ့သို့မဟုတ် တရပ်မှူးမတ်တို့ဆောင်ရွက်သည့်အထွတ်တပ်ခမောက် မှူးမတ်ဝတ်စားများနှင့် ထည်ထည်ဝါဝါ ဖြစ်သည်၊ ပြောဆံဆိုသံလည်း တောင့်တောင့်တင်းတင်း ဖြစ်သည်၊ သည်သူကို ရွှေဘဝါးတော်အောက် လျှောက်ထားပို့ဆက်မှ ရာဇဝတ်တော်ရေးကင်းလွတ်ပြေကုံမည်ဟု အရာ ရှိတစု တိုင်ပင်ကြပြီးလျှင် ရွှေဘဝါးတော်အောက် အကြောင်းအရာနှင့် တကွ လျှောက်ထားပို့ဆက်၍ ရွှေဘဝါးတော်အောက်ရောက်လျှင် ချုပ် ထားမြဲချုပ်ထား၍ ဝန့်ရှင်တော်တို့က ရွှေနားတော်ကြား တင်လျှောက် သည်တွင် အခြင်းအရာအလုံးစုံကိုဆေးမေးသော် အထူးအခြား မင်းရေး စိုးခွင့်ဆိုသင့်အောင် စကားမပေါ်မထွက်သောကြောင့် အမှုအခင်းမရှိစေ ရကောင်းတုံဗန်းမော်သို့ပြန်သွား၍ရောင်းဝယ်မြဲရောင်းဝယ်စေ၊တန်တား ဆောက်လိုဟန် ကြံဘန်ဝါကြွား၍ စကားဖြစ်ဆန်း ပြောဆိုသည့် လက္ခ ဏာရှိသည်၊ ကောင်းမှုကုသိုလ် ပြုလိုသည် ကေန် မှန်လျှင် မူကား.... တန်တားဆောက်လိုလျှင် မည်သည့်အရပ်မှာမဆို သင့်တင့်ရာတည်ထား ကောင်းမှု ပြုစေရမည်-ဆိုင်ရာ မှာထား ပြန်သွားစေသည်၊ ကောင်းတုံ ဗန်းမော်သို့ရောက်သည့်ကာလတန်တားကားမဆောက်၊ထားရင်းအတိုင်း ကုန် အထည် အလိပ် အစေ့အငုမရှိ၊ ပျောက်ပျက်ခဲ့သည်၊ စစ်ကြော၍ ပေးပါ-ဝန်စစ်ကဲတို့ထံ အစီရင်ခံပြန်သည်၊ ဝန်စစ်ကဲတို့က ရွှေဘဝါး

တော်အောက် တက်သွားရသော်လည်း လူကုန်ခေါ်သွားသည် မဟုတ် နောက်လိုက်နောက်ပါ ငါးယောက် ခြောက်ယောက်သာ ခေါ်သွားသည်၊ လာရင်းတရုပ်တို့ ပါသမျှကုန်ကို စောင့်ထိန်းနေရစ်သည်ဖြစ်သည်၊ မြို့နေရွာသားတို့ကို မစစ်မကြောသင့်၊ပျောက်ဆုံးသည်မှန်လျှင် ထိန်းသိမ်းသည့် တရုပ်တို့ကိုသာ မေးစစ်ပါလေတော့ ဆိုသည်ကို တရုပ်လောလီ မသက်မသာ ကောင်းပါပြီဆို၍ ပြန်သွားလေသည်၊မိုးမျဉ်းသို့ရောက်လျှင် ဗန်းမော် ကောင်းတုံမှာ ကုန်အရောင်းအဝယ် သွားရောက်ပါသည်ကို အဖြောင့်အမတ် မရောင်းမဝယ်ရ၊ ဝန်စစ်ကဲတို့ အမှုရှာကြံ ပြုလုပ်၍ ကုန်အထည်အလိပ်အများ ဆုံးပါးရခဲ့သည်၊ မိုင်းဆည်စုံးတူထံ အစီရင်ခံလိုကြောင်းနှင့် မိုးမျဉ်းဝန်မှာ ပြောဆိုတိုင်တန်း၍ မိုင်းဆည်သို့သွားလေသည်၊ မိုင်းဆည်သို့ရောက်၍ အကြောင်းမျိုးကို ပြန်ပြောလျှင် မိုင်းဆည်စုံးတူကလည်း နှစ်ပြည့်တပြည် ရောက်ပေါက်ရောင်းဝယ်မြဲဖြစ်၍ သွားလာရောက်ပေါက် ရောင်းဝယ်သည်ကို မတော်မသင့် ပြုကျင့်လေသည် ဆိုသည်မှာဟုတ်တန်-မဟုတ်တန် နောက်မှနောက်ရေးကိုနားပါးထောင်ရဦးတော့မည်ဆိုပြီးလျှင် ထိုသူ့စကားကို နှစ်လနေ့ရက် အသေအချာနှင့် မှတ်သားထားရ၏။

ထို့နောက် တရုပ်ကုန်သည်ကြီး လောတာရည်လည်း ကုန်တင်မြင်း တထောင်ကျော်ကို အမှူးပြု၍ ကျိုင်းတုံမြို့မြောက် ကွပ်သွား ဈေးကြီးတွင် ချရပ်ရောင်းဝယ်နေရာ တရုပ်တို့ ကုန်စယ်များကို မြန်မာတို့ အကြွေးအငမ်းဝယ်ယူပြီးလျှင် တရုပ်တို့ကတောင်းသည်ကို မပေးနေသောကြောင့် တရုပ်တို့နှင့် ခိုက်ရန်ဖြစ်၍ ထိုးခုတ်ကြရာတွင် တရုပ်တို့က လူသေသည်၊ ထိုအခါ ကျိုင်းတုံမြို့စော်ဘွား စောစံလည်း ခြေရင်းတော်မှာ ရှိနေခိုက်ဖြစ်၍ စစ်ကဲကြီး ရွှေတောင်တက်, ဘယားသံပိုင်း, ဘယားဝင်းတို့ထံ မြန်မာတို့ကသတ်၍ ငါတို့လူ သေဆုံးသည်၊ ထုံးစံရှိရာ စီရင်ပါ၊ တရုပ်ကုန်သည်ကြီး လောတာရည်က ဆိုသောကြောင့် ကျိုင်းတုံမြို့စစ်ကဲ ရွှေတောင်တက်, ဘယားသံပိုင်း,ဘယားဝင်းတို့က လူကို အသေသတ်သည်မှာ မြန်မာတို့ထုံးစံအတိုင်း လက်လွန်မိသူတို့က အသက်ဘိုးပေးစေ စီရင်သည်ကို အသက်ဘိုးငွေကိုမယူလို၊ ငါတို့လူသေသည့်အစား ပေးရမည်၊ တရုပ်ကုန်သည်ကြီး လောတာရည်ကဆိုသည်တွင် ကျိုင်းတုံမြို့စစ်ကဲတို့က လူစားပေးသည့်ထုံးစံမရှိ၊ အသက်ဘိုးပေးစေ၊ အသက်ဘိုး မယူလိုလျှင်လည်း လက်သည်ရင်းသူ သေစားသေစေ-စီရင်မြဲ ထုံးစံ ရှိကြောင်းနှင့်

ပြောဆိုသည်ကို ငါတို့အလိုမရှိဟုဆို၍ တရုပ် လောတာရည်နှင့်တကွ ကုန်သည်ကြီးတစုတို့ ပြန်သွားလေသည်၊တရုပ်ပြည်သို့ရောက်လျှင် ကျိုင်းတုံမြို့သို့သွား၍ ဖောက်ကားရောင်းဝယ်ပါသည်ကို တရုပ် ကုန်သည်ကို မြန်မာတို့ အသေသတ်ခဲ့သည်ဟု ကုန်သည်ကြီးလောတာရည်က အနော်မျက်နှာ တရုပ်စစ်သူကြီး မိုင်းဆည်စုံးတူထံ ပြောဆိုလေလျှင် ဗန်းမော်စော်ဘွား, သိန္နီစော်ဘွားတို့နှင့် ကျိုင်းတုံစော်ဘွား စောစံတူ-စောကင်းတို့လည်း မဆွကာလကပင် တရုပ်စစ်သူကြီးစုံးတူကို ရွှေငွေလက်ဆောင်ပဏ္ဏာအများပေး၍ မြန်မာပြည်သို့ စစ်ချီတက်မည့်အကြောင်းကို အထွေထွေစကား ပြုလုပ်ချီးပင့်ပြောဆိုရင်းရှိသည်နှင့် အနောက်မျက်နှာ စစ်သူကြီးစုံးတူက မြန်မာတို့ပြည်သို့ စစ်ချီတက်ရအောင်ကို တရုပ်ဥဒည်ဘွားသို့ အကြောင်းလျှောက်ထားလေလျှင် ဥဒည်ဘွားက ကျိုင်းတုံမြို့ အလုံးကို အကုန်တိုက်ဖျက်သိမ်းယူခဲ့ရမည်ဟု မိုင်းဆည်စုံးတူသို့ မှာထားလေ၍ အနောက်မျက်နှာ စစ်သူကြီး မိုင်းဆည်စုံးတူက ငါတို့ လူစားကိုသော်လည်းပေးမပေးလျှင်တိုက်မည်ဟု တာလောမြစ်ဆိပ်မှာ စာဆွဲထားလာစေသည်ကို ကျိုင်းတုံမြို့စစ်ကဲတို့ကြားသိလေလျှင် ထိုအကြောင်းကို စစ်ကဲရွှေတောင်တက်, ဘယားသံပိုင်း, ဘယားဝင်းတို့က သိရိနံ့သူကို ခြေရင်းတော်သို့ အလျှောက်အထား စေလွှတ်သည်၊ တရုပ်တို့ကလည်း လူငါးသောင်း, မြင်းတသောင်းကို ရည်တာလောရဲ အချုပ်ပြု၍ ချီလှာပြီးလျှင် ကျိုင်းတုံမြို့ကို ဝန်းရံလေ၏။ ။ယင်းသောအခါ ကျိုင်းရုံးစော်ဘွားလည်း တိမ်ကြားမင်းခေါင်က ကျိုင်းရုံးမြို့မှာ ထားခဲ့သူ လက်ဝဲကျော်ခေါင်, လက်ယာကျော်ခေါင်တို့နှင့် ခိုက်ရန် ဖြစ်ပွားကြသည်တွင် သတ်ဖြတ်မိသောကြောင့် တရုပ်တို့နှင့် တချက်တည်းဖြစ်လေ၏။

ကျိုင်းတုံမြို့မှာလည်း တရုပ်တို့ အထပ်ထပ် ဝန်းရံသည်ကို မြို့ရံတပ်ပေါင်းစားတို့နှင့် သူရဲအပြည့်သွင်း၍ စစ်ကဲရွှေတောင်တက်, ဘယားသံပိုင်း,ဘယားဝင်းတို့ အနိုင်နေပြီးလျှင် ခြေရင်းတော်သို့လည်း တရုပ်တို့ ကျိုင်းတုံမြို့သို့ စစ်ကြီးရောက်ကြောင်း၊ ကျိုင်းရုံးကြီးလည်း တရုပ်တို့ဘက်က ကူညီကြောင်းများကို လျှောက်ထား၍ ဘငရှင် မင်းတရားကြီးဘုရားကြားတော်မူလျှင် ဗလမင်းထင်တတပ်၊ အမြောက်ဝန်တတပ်၊ ကသည်းဝန်တတပ်၊ မြစ်ခြေစားတတပ်၊ ဗညားဦးတတပ်၊ ဗလပျံချီတတပ်၊ သမိန်စတ္တဝေါ တတပ်၊ ဗညားဒလ တတပ်၊ ပုတ္တစံလွန် တတပ်၊ ကတုတ်ဝန် တယပ်၊ လက်ဝဲဝင်းမှူး တပ်နှင့်သော် တပ်ပေါင်း တဆဲ့တတပ်တွင် ပါ

သည့် တိုက်ဆင်နှစ်ရာ, မြင်းနှစ်ထောင်, စစ်သည်သူရဲ နှစ်သောင်းတွင် ဥဒိန်ပုညာနှင့်စံလှကြီးတို့ကိုစစ်ကဲ,လက်ဝဲဝင်းမှူး နေမျိုးစည်သူကို အချုပ်ခန့်တော်မူ၍ သက္ကရာဇ် (၁၁၂၇) တထောင့်တရာ့နှစ်ဆဲ့ခုနစ်ခု ပြာသိုလပြည့်ကျော်နှစ်ရက်နေ့ ကျိုင်းတုံမြို့သို့ ချီစေသည်။

လက်ဝဲဝင်းမှူးတို့တဆဲ့တတပ်လည်း ကျိုင်းတုံမြို့သို့ ရောက်လျှင် သူရဲကောင်း ငါးယောက်ကို ညဥ့်အခါကိုယ်ရပ်ဖျောက်၍ ကျိုင်းတုံမြို့တွင်းသို့ တိတ်တဆိပ် ဝင်စေပြီးလျှင် တရုပ်တို့ရုံတပ်များကို တိုက်မည်၊ မြို့တွင်းကလည်း ထွက်၍တိုက်ရမည်ဟု နေ့ရက် အချိန်းအချက် စေလွှတ်သည်၊ ချိန်းချက်သည့်နေ့ရက်ရောက်လျှင် လက်ဝဲဝင်းမှူး နှင့်ငါးတပ်, တိုက်ဆင်တရာ, မြင်းတထောင်, စစ်သည်သူရဲတသောင်း လက်ယာကြောင်း၊ ဗလမင်းထင်နှင့် ငါးတပ်, တိုက်ဆင် တရာ, မြင်းတထောင်, စစ်သည်သူရဲတသောင်း လက်ဝဲကြောင်း၊ စစ်နှစ်ကြောင်းခွဲ၍ တရုပ်တို့ရုံတပ်ကိုတိုက်သည်၊ တရုပ်တို့ကသည်း မြင်းအားဘိ၍ တိုက်သည်ကို ဗိုလ်မှူး ဆဲ့တဦးသားတို့ မြင်း အားကြီးရာ ဆင်နှင့် လွှတ်၍ နင်းသည်၊ သူရဲတော်တို့လည်း ရှုပ်ရှုပ်ချုံချုံ အစုကြီးရာဝင်၍ ထိုးခုတ်ပစ်ခတ်သည်၊ မြင်းတော်သည်တို့လည်း တရုပ်တို့တပ်ခြေကြွသမျှကို လွှတ်၍ထိုးသည်၊ ကျိုင်းတုံမြို့တွင်းကလည်း ထွက်၍ တိုက်သည်၊ တရုပ်တို့က မြင်းကို ကိုးသော်လည်း ဆင်တပ်ဘိ၍တိုက်လျှင် မြင်းတပ်အလုံးမရပ်မခံနိုင် ပျက်လေလျှင် တရုပ်တပ်ဆိုသမျှဆုတ်၍ တာလောမြစ်နားတွင် မြေကတုတ်နှင့် ခံပြန်သည်ကိုလည်းဗိုလ်မှူးတဆဲ့တဦးသားတို့စစ်မျက်နှာဖြန့်၍ မြေကတုတ်ကိုနင်းသည်၊ တရုပ်တို့လည်း မခံမရပ်နိုင် ဆုတ်ပြန်လေ၍ တရုပ် ဗိုလ်မှူး တပ်မှူးတို့ မဲခေါင်မြစ်နားကခံပြန်သည်ကိုလည်း ဗိုလ်မှူးဆဲ့တဦးသားနှင့် သူရဲတော်တို့ ဆင်ပါမြင်းပါ သိသိရှုပ်ရှုပ် ဘိစီး တိုက်ပြန်လေလျှင် တရုပ် ဗိုလ်မှူး ရည်တာလောရဲကျလေသည်။ ။ယင်းတွင်မှ တရုပ်တို့တပ်ဆိုသမျှ ဘရမ်းဘတာ အကွဲကွဲဆုတ်ပြေးကြလေသည်၊ တရုပ်တသောင်းကျော် သေလေသည်၊ လက်နက်ဆင်မြင်း သုံ့ပန်းလူသူ ရလိုက်သည်လည်း များ၏။ ။တပ်တော်များလည်း တရုပ်တို့ ဆုတ်ပြေးကြလေလျှင် စစ်ကို သိမ်း၍ ကျိုင်းတုံမြို့မှာ ရပ်နေကြ၏။

ယင်းသောအခါ ကျိုင်းရုံးသော်ဗိဘွား, လူးတဆဲ့နှစ်ပနား, မြို့စားဒေါ်ဘယားတို့ကလည်း ကျွန်တော်တို့ အရှင်ကို မထောင်မထားဝံ့ပါ၊ တရုပ်တပ်အများ ကျိုင်းရုံးမြို့သို့ရောက်၍ ဘိစီးသိမ်းရုံးလျှင် အင်းအားမမျှ

မပြင်းမဆန်ဝံ့၍ မျိုးရိက္ခာပေးရသည် ဖြစ်ပါသည်၊ ဆက်သမြဲ လက်ဆောင်တော်ကိုဆက်၍ အမှုတော်ကို ထမ်းရွက်ပါမည် အကြောင်းနှင့် ဗိုလ်ချုပ်လက်ဝဲဝင်းမှူးရှိရာ ကျိုင်းတုံမြို့သို့ လာရောက်လျှောက်ထားလျှင် ကိုယ်တို့ဆိုသည့်စကားအတိုင်း အမှုတော်ကို ဖြောင့်ဖြောင့် ရိုးရိုး ထမ်းရွက်မည်မှန်လျှင် ဘဝရှင် မင်းတရားကြီးဘုရားမှာ လျှောက်ထားရမည်ဟု ဗိုလ်ချုပ်ဝင်းမှူးကဆို၏။ ။ခြေရင်းတော်သို့လည်း ကျိုင်းတုံမြို့ကိုရသည့် တရုပ်တပ်ဆိုသမျှ အလုံးပျက်၍ ဆုတ်ခွာထွက်ပြေးကြောင်း၊ တရုပ်ဗိုလ်မှူး ရည်တာလောရဲကို သတ်လိုက်ရကြောင်း များနှင့် အလျှောက်အထားစေလွှတ်သူ ရဲလှနရာ, တပေါင်းလဆန်း တရက်နေ့ ရွှေစက်တော်အောက် ရောက်လာသည်။

ဘဝရှင် မင်းတရားကြီးဘုရားလည်း လက်ဝဲဝင်းမှူးတို့က အလျှောက်အထားရောက်၍ကြားတော်မူလျှင် ကျိုင်းတုံမြို့ကိုအနေအထားကျအောင် စီရင်ခဲ့ပြီးလျှင် လက်ဝဲဝင်းမှူးတို့ တပ်စု ပြန်လာစေ….အမိန့်တော်ရှိ၍ ကျိုင်းတုံမြို့ကပြန်ခဲ့၍ သက္ကရာဇ် (၁၁၂၈) တထောင့်တရာ့ နှစ်ဆဲ့ရှစ်ခု ကဆုန်လဆန်းတရက်နေ့ လက်ဝဲဝင်းမှူးလည်း ခြေရင်းတော်တို့ ရောက်လျှင် ကျိုင်းရုံးသေဉ်ဝီဘွား, လူးတဆဲ့နှစ်ပနား, မြို့စား ဒေါဘယားတို့ ထွက်ဆိုချက် အကြောင်းအရာမျိုးကို လျှောက်ထားလျှင် ကျိုင်းရုံးသေဉ်ဝီဘွားငယ်သည် လူရေးလူမှုနှင့် စကားဆိုသည့်အရာသာ ဖြစ်သည်ဟု အမိန့်တော်ရှိ၏။ ။ယင်းသောအခါ ဘဝရှင် မင်းတရားကြီးဘုရားလည်း တရုပ်တို့ အရေးအကြောင်းကို မြော်တင်းတော် မူ၍ ဗလမင်းထင်ကို ကောင်းတုံမြို့မှာ လက်နက်လူသူ မျိုးရိက္ခာသွင်း၍ အခိုင်နေစေ၏။

## ဇင်းမယ် ၅၇-ခရိုင်သို့ စစ်သည်စေလွှတ်ခြင်း

သက္ကရာဇ် (၁၁၂၈) တထောင့်တရာ့ နှစ်ဆဲ့ရှစ်ခု သီတင်းကျွတ်လ လူးတဆဲ့နှစ်ပနားစသောဇင်းမယ်ငါးဆဲ့ခုနစ်ခရိုင်မငြိမ်မဝပ်သည်များကို သိမ်းရုံး၍ အနေအထားကျအောင်စည်းကြပ်ခဲ့ရမည်ဟု အမိန့်တော်ရှိပြီးလျှင် မဏိစက်တတပ်၊ သိန်ပုံချီတတပ်၊ သာမန္တရဲတတပ်၊ အဂ္ဂရဲတတပ်၊ စလေစား တတပ်၊ နေမျိုးလက်ဝဲကျော်ခေါင် တတပ်၊ နေမျိုးလက်ယာကျော်ခေါင်တတပ်၊ ရွှေတောင်ဝေရကျော်ထင် တတပ်၊ ခံတောဗိုလ်တုရင်သိပ္ပတတပ်၊ ကျော်ထင်တရဖျားတတပ်၊ နေမျိုးနန္ဒမိတ်တတပ်၊ သီရိတုရင်တတပ်၊ မြစ်ခြေစားတတပ်၊ နတ်စက်ကြီးတတပ်၊ ပုံချီသူရတတပ်၊

ပြည်လုံးငြိမ်းတတပ်၊ တုရင်သစ်တတပ်၊ တောင်ဦးဗိုလ်တုရင်ဝဏ္ဏတတပ်၊ ပျံချီရဲခေါင်ကျော်ထင်တတပ်၊ ဝန်ကြီးမဟာသီဟသူရတပ်မနှင့်သော် တပ်ပေါင်းနှစ်ဆယ်တွင်ပါသည့် တိုက်ဆင်နှစ်ရာ, မြင်းနှစ်ထောင်, စစ်သည်သူရဲ နှစ်သောင်းကို မြောက်ဘက်မြင်းဝန်နှင့် ရှေ့ဝင်းမှူး တိမ်ကြားမင်းခေါင်တို့ကိုစစ်ကဲ, ဝန်ကြီးမဟာသီဟသူရကို အချုပ်ခန့်တော်မူ၍ လူးတဆဲ့နှစ်ပနားစသော ဇင်းမယ်ငါးဆဲ့ခုနစ်ခရိုင်သို့ ချီစေ၏။

### တရုပ်စစ်သည်များ ဒုတိယအကြိမ် ဆုတ်ခွာရခြင်း

ထိုနှစ် ပြာသိုလ တရုပ်တို့ကလည်း လူနှစ်သိန်းငါးသောင်း, မြင်းနှစ်သောင့်းငါးခထောင်ကို ရင်စုတာရည့်, ဆင်တာလောရဲတို့ချုပ်၍ စန္ဒားကြောင်း ဗန်းမော်သို့ချီလာပြန်သည်။ ။ထိုအကြောင်းကို ဘဝရှင်မင်းတရားကြီးဘုရား ကြားတော်မူလေလျှင် တရုပ်တို့သည် ရှေးဘေးလောင်းတော် ဘိုးလောင်းတော်တို့ လက်ထက် ချီလာသမျှ တို့တိုင်း တို့ပြည်ကို အလွယ်တကူ ချင်းနင်း ပေါက်ရောက်ရဘူးလေသည်ကို အကြောင်းပြု၍ ချီလာသည့်အရာဖြစ်သည်၊ ယခုအခါ ငါ့တိုင်းနိုင်ငံသို့ ချင်းနင်းပေါက်ရောက်လာသမျှ တရုပ်တို့ကို အကုန်သတ်ရမည်၊ ကောင်းတုံမြို့ ဗလမင်းထင်သို့လည်း ဆင်မြင်းလူသူမျိုးရိက္ခာပြည့်ဝအောင်ခန့်ထားဖြည့်သွင်းစေ၊ လက်ဝဲဝင်းမှူးကိုသည်း ဗန်းမော်သို့ ရေကြောင်းချီစေ၊ ဝန်ကြီးမဟာစည်သူမှာ ရောဝတီမြစ်အနောက်ဘက်ကြောင်းချီပြီးလျှင် မိုးကောင်းမိုးညှင်းစသော မြောက်ဘက်တလွှား မြို့ရွာအားနှင့် စန္ဒားကြောင်းချီလာသည့် တရုပ်တို့ကို တိုက်စေ–အမိန့်တော် ရှိပြီးလျှင် မဏ္ဍရာဗိုလ်တတပ်၊ သမန်သာဗိုလ်တဘပ်၊မြင်းခမွှးဗိုလ်တတပ်၊တောင်တလုံးဗိုလ်တတပ်၊ ခင်ဦးဗိုလ်တတပ်၊ ရေတွင်းကောင်းဗိုလ်တတပ်၊ ညောင်ခြေထောက်ဗိုလ် တတပ်၊ စာရေးဗိုလ်ဘတပ် ငှက်ပျောဒိုင်းဗိုလ်တတပ်၊ ညောင်ပင်ဒိုင်းဗိုလ်တတပ်၊ စံရာကလေးတတပ်၊ သာရရဲကျော်တဘပ်၊ ရွှေတောင်ပျံချီတတပ်၊ နရာကျော်စွာတတပ်၊ ပျံချီနန္ဒကျော်ထင်တတပ်၊ လက်ယာကျော်စွာ တတပ်၊ အိန္ဒပျံချီတတပ်၊ကျော်ကသူတတပ် ရာမကျော်ထင်တတပ် အိန္ဒကျော်ထင်တတပ်၊ ယူရရဲကျော်ထင်တတပ်၊ ဝန်ကြီးမဟာစည်သူ တပ်မတော်နှင့်သော် တပ်ပေါင်းနှစ်ဆဲ့နှစ်တပ်တွင်ပါသည့် တိုက်ဆင် နှစ်ရာ, မြင်းနှစ်ထောင်,စစ်သည်သူရဲနှစ်သောင်းကို မြေထွန်းဝန်နှင့် ပင်းမြို့စားတို့ကိုစစ်ကဲ, ဝန်ကြီးမဟာစည်သူကိုအချုပ်ခန့်တော်မူ၍သက္ကရာဇ်(၁၁၂၈)တထောင့်

တရား့နှစ်ဆဲ့ရှစ်ခု၊ တပို့တွဲလဆန်းတရက်နေ့ ဧရာဝတီမြစ်အနောက်ဘက် မိုးကောင်း မိုးညှင်းကြောင်းချီရ၏။

ရေကြောင်းကလည်း လေးတောစားတတပ်၊မမ္ဗတာတတပ်၊ဗညားဦး တတပ်၊ ဗလပျံချီတတပ်၊ ကျောက်ကာဗိုလ် တတပ်၊ သူရိန်ကျော်ခေါင် တတပ်၊ ဗညားဒလတတပ်၊ ပုတ္တစံလွန်တတပ်၊ ကတုတ်ဝန်တတပ်၊လက်ဝဲ ဝင်းမှူး နေမျိုးစည်သူတပ်မနှင့်သော်တပ်ပေါင်းဆယ်တပ်တွင် အမြောက် တင်လှေသုံးရာ, စစ်သည်သူရဲ တသောင်းငါးထောင်နှင့် ယိုနှစ် တပို့တွဲ လဆန်းခုနစ်ရက်နေ့ ရေကြောင်းဗန်းမော်သို့ ချီရ၏။

တရပ်တို့လည်းချီလာ၍ မဲခေါင်မြစ်အနောက်ဘက်ရှားမွေးလုံးတောင် သို့ရောက်လျှင် မြင်းတသောင်း, လူတသိန်းကို ဆင်တာလောရဲ ချုပ်၍ စန္ဒားကြောင်း မိုးကောင်းသို့ချီလာသည်။

သဥ္စာနွယ်လိမ် တောင်တွင်လည်း မြင်းငါးထောင်, လူငါးသောင်း, ချုပ်စွဲနေသည်၊ ဗန်းမော်သို့လည်း မြင်းတသောင်း, လူတသိန်းကို ရင်စု တာရည်ချုပ်၍ ချီလာသည်၊ ဗန်းမော်သို့ ရောက်လျှင် ဗန်းမော်ဈေးတွင် မြစ်နားကပ်လျှောက်၍ တပ်ကြီးတည်လုပ်ရပ်နေသည်၊ ကောင်းတုံဝန်ဗလ မင်းထင်လည်း အင်အားမတန်သောကြောင့်ထွက်၍မဖျက်ဆီးနိုင်ချေ၊မိမိ နေသည့်ကောင်းတုံတပ်ကိုသာ ခိုင့်ခန့်အောင်ပြင်ဆင်၍ တပ်တွင်း တပ် မြေများကို စောက်ငါးတောင်, ထုတတာ မြေဖို့သည်၊ ဟပ်ထိပ်တွင် လည်း သူရဲပြေး,သူရဲခို,မိုးမောင်းစီရင်သည်၊ တပ်ဝက်ခေါင်းထောင့်ချိုး များကလည်း နှစ်ပိဿာဝင်,သုံးပိဿာဝင်အမြောက်များကို ခင်းထား၍ မီးစာကောက်ကိုင်သူတို့နှင့် အသင့် စီစဉ်ခင်းကျင်းထားသည်၊တပ်ပြင်က လည်း ဆင်ခလုတ်,မြင်းခလုတ်,ကတုတ်ဆူးပြောင့်,မကန်းတွင်းကျင်း မြင်း တားသမင်ချိုစိုက်၍ အလျားနှစ်ဆဲ့ငါးတောင်, အတောင်သုံးဆယ်၊ ထု လေးဆုပ်ခွဲ,ငါးဆုပ်ရှိသည့်သစ်ကို တိုင်တိုနှစ်လုံးချက်ရိုက်၍ စိုက်ပြီးလျှင် ဇင်းသစ်ရှည်ကို ကြိုးစက်ယန္တရားနှင့် ဆွဲငင်၍ တပ်တွင်းက ခလုတ်ဖြုတ် ရန်နှင့် ကိုင်းပစ်ထားသည်၊ တပ်ထိပ်ပစ်စင်များက သေနတ် အမြောက် သူရဲသူခက် အပြည့်တင်ထားပြီးလျှင် ပွဲရက်ရည်,သလွဲရည်များကိုလည်း အသင့်စီရင်၍ တပ်တွင်းက ကြံ့ကြံ့ခံနေ၏။

တရပ်တို့လည်း ဗန်းမော်ဈေးတပ်တွင်လူသုံးသောင်း,မြင်းသုံးထောင် နှင့် တပ်မှူးသုံးယောက်ခန့်ထားစောင့်နေစေပြီးလျှင်လူခုနစ်သောင်း,မြင်း ခုနစ်ထောင်နှင့် ဗိုလ်မှူး ရင်စုတာရည်ကိုယ် ချီလာ၍ ကောင်းတုံတပ်ကို

ဝန်းအုံပြီးလျှင် မြို့တက်လှေကား, ဓား, တူးရှင်း, ပေါက်ဆိန်,ချိတ်,ကြိုး စွဲကိုင်၍ တပ်သို့ ချဉ်းလာသည်၊ တပ်တော်တွင် အထက်က စီရင်သည့် မကန်း တွင်း ကျင်း ထူထပ်လှသောကြောင့် မချဉ်းမကပ်နိုင် ရှိသည်တွင် တပ်ထိပ် ပစ်စင်များက ရဲမက်တော်တို့ စီစဉ် ခင်းထားသည့် သေနတ် အမြောက်များနှင့်ပစ်လွှတ်သည်တွင် တရုပ်အများထိခိုက်သေဆုံးသည်ကို လည်း၊ တရုပ်တပ်မှူး ဗိုလ်မှူးပြုသူတို့ အကျွပ်အကဲ နာလှ သောကြောင့် အရုပ်အဆိုင်းမရှိ ရေစီး၏သို့ ထပ်ကာထပ်ကာ သေသည့် သူကောင်ကို ကတုတ်ပြု၍ တပ်ရင်းသို့ ချဉ်းလာသည်ကို ယန္တရားနှင့် စီရင်ထားသည့် လောက်လွှဲတုံးမောင်းစက်ကြီးများကို ဖြုတ်လွှတ်လျှင် တကြိမ်တကြိမ်တွင် တရုပ် တရာစု နှစ်ရာစုသေလေသည်၊ တရုပ်တို့လည်း မရပ်မဆိုင်း တပ် ရင်းသို့ချဉ်း၍ တပ်တိုင်ကို တူးသူတူးသည်၊ လှေကားထောင်၍ တက်သူ တက်သည်၊ တပ်တိုင်ကိုချိတ်ကြိုးနှင့် ဆွဲသူဆွဲသည်ကို သူရဲတော်တို့လည်း အကြောက်အရွံ့မရှိ တပ်တွင်ဆွဲထားသည့် တုံးမောင်း, ပွဲရက်ရည်, သလွဲ ရည်များနှင့်ပစ်ချသည်၊ တပ်ထိပ်ပစ်စင်များကလည်း ဓား,လှံ, သေနတ်, တုတ်,တင်ကျည်းစွဲကိုင်၍ ရွပ်ရွပ်သိသိ ထိုးခုတ် ပစ်ခတ် ရိုက်နှက်သော ကြောင့်တပ်တော်သို့မပေါက်မရောက်နိုင်သေကြေပျက်စီးသည့်သူကောင် အတင်တင်ရှိသည်နှင့် မြင်းတပ်တွင်ပါသည့်မြင်းခုနစ်ထောင်ကျော်လည်း ဆင်ခလုတ်,မြင်းခလုတ်,မကန်းတွင်းကျင်း များပြားသည်နှင့် တပ်ထိပ်က လည်း ပြောင်းအမြောက်ထူထပ်လှသည်ဖြစ်၍ မပေါက်ရောက်မကူညီနိုင် ရှိလေလျှင် တရုပ်တို့လည်း ဤတပ်ကား အစီအရင် မြဲမြံခိုင်ခန့်လှသည်၊ လူစီရင်သည့်တပ်မဟုတ် တပ်တွင်းက ခံသည့် သူရဲတို့လည်း လူမဟုတ် နတ်ယောကျ်ားစတေချည်းဖြစ်ပေသည်ဆို၍ ကောင်းတုံတပ်နှင့် တာ နှစ် ဆယ်ကျော်ကွာတွင် တပ်တည်လုပ်ဝန်းရံ၍ နေလေ၏။

လက်ဝဲဝင်းတော်မှူးတို့တပ်စုလည်း ရွှေဂူမြို့အထက် နတ်မျက်နှာဝသို့ ရောက်လျှင် ရပ်နေစုရုံး၍ ကောင်းတုံ တပ်တွင်းသို့ ခဲယမ်းမီးကျောက် လက်နက်ကိရိယာ ထပ်လောင်း ဖြည့်သွင်းမည့်သူကို ရွေးလျှင် ခမ္ဘတာ, ဗညားဦး, ပုတ္တစံလွန်တို့က ကျွန်တော်တို့ စီးလှေသုံးစင်းနှင့် ချက်တဖြုတ် ဝင်၍ သွင်းပါမည်ဆိုကြသည်၊ ဗိုလ်မှူးလက်ဝဲဝင်းတော်မှူးစသော ဗိုလ်မှူး တပ်မှူးဘိုသည်းခမ္ဘတာ,ဗညားဦး,ပုတ္တစံလွန်တို့ဆိုသောအရေးကိုအကြိုက် ညီကြသောကြောင့် မင်းတို့သုံးယောက် အရေးတော် မလစ်မလပ် စေရ တွင်ကျယ်အောင် ထမ်းရွက်ရမည်၊ လေးတောစား, ဗလပျံချီ,သူရိန်ကျော်

ခေါင်တို့လည်း သင့်ရာကမြော်တင်း၍ လှေကူထောက်ရမည်၊ ညဦးက အသင့်အတင့် စီရင်ခန့်ရန်ပြီးလျှင် နံနက်လေးချက်မတီးမီ နှင်းနှင့်ရေငွေ့ မှိုင်းမှိုင်းရီရီရှိသည့်အချိန်တွင် လှေကိုအပြင်းခတ်၍ကောင်းတုံတပ်တွင်းသို့ ဝင်ရလေသည်၊ တရုပ်တို့ကလည်း မြန်မာတို့ လှေတပ်အများချီတက်လာသည်ကို အတပ်အရာမသိ လှေတက်လည်းမရှိ ဗန်းမော်သို့ရောက်မှ ကူးသန်းရန် လုပ်ဆောင်သည့် သမ္ဗန်သုံးစင်းသာ ရှိသည်ဖြစ်သောကြောင့် မဆီးမဆိုမိချေ၊ ကောင်းတုံတပ်အနောက်မျက်နှာရံတပ်ကို တိုက်ဖောက်ဝင်ရောက်သည်တွင် ခုခံထိုးပစ်ကြသော်လည်း တပ်မှူးသုံးဦးသားတို့ မနှို မရှား မားက၍ဝင်ကြလေ၏၊တပ်တွင်းသို့ရောက်၍ဆုတော်အဝတ်အစား ရိက္ခာကြေးငွေများကို ရွှေလက်တော်နှင့်ကိုင်၍ သနားတော်မူလိုက်သည် ဆိုပြီးလျှင် ဗလမင်းထင်သို့ပေးသည်၊ဗသမင်းထင်လည်း ဦးသုံးကြိမ်ချပြီးမှ လှမ်းယူ၏။

ခဲယမ်းမီးကျောက် လက်နက်ကိရိယာ ထပ်လောင်းရန်ပါသမျှကိုအပ်ပြီးလျှင် စစ်ရေးစစ်ခွင့်ကို မဟ္မတာ, ဗညားဦး,ပုဏ္ဏစံလွန်, ဗလမင်းထင်တို့ တိုင်ပင်ကြသော် ဗလမင်းထင် ဆိုသည်ကား-တရုပ်တို့ ဗန်းမော်ဈေးဆိပ်မှာ တပ်ကြီး တည်၍ အခြေအမြစ် ပြုသည့် ကောင်းတုံ တပ်ကို ဗိုလ်ပါအများ ဝန်းရံ၍ အပန်းတကြီး ဖြဖြလုပ်ကြလျှင် အလွယ်တကူရလိမ့်မည်၊ ကောင်းတုံတပ်ကိုရလျှင် ဗန်းမော်ဈေးတပ်, ကောင်းတုံတပ်များတွင် မျိုးရိက္ခာအပြည့်အဝသွင်း၍ မြစ်စဉ်မြို့များကိုတိုက်မည်အကြံနှင့် ဗန်းမော်ဈေးတပ်မှာ လူသုံးသောင်း, မြင်းသုံးထောင် ထားခဲ့သည်၊ လူခုနစ်သောင်း,မြင်းခုနစ်ထောင်နှင့် ရင်စုတာရည်ကိုယ် ချုပ်အုပ်ချီတက် ဝန်းရံပြီးလျှင် နေ့ညမပြတ် အားကြိုး၍ တပ်ကိုလုပ်ကြသည်၊ ယင်းသို့ လုပ်ကြလေသော်လည်း ကြီးကြီးကြပ်ကြပ် ခုခံလျှင် သင်းတို့တစုကြိုးရာ မရောက်၊ သေပျောက်ဆုံးပါး၍ ရှိလေသည်ဟု ဆိုသည်၊ မဟ္မတာတို့တပ်မှူးသုံးယောက်ကလည်း ယခု လက်ဝဲဝင်းတော်မှူးကို ဗိုလ်ချုပ်ခန့်တော်မူ၍ တို့သုံးယောက်နှင့်သော် တပ်ပေါင်းဆယ်တပ် ချီလာသည်၊ဆယ်တပ်သားတို့ ကောင်းတုံတပ်ကို ဝန်းရံသည့် တရုပ်တို့ တပ်စုကို နောက်ပိုးတိုက်ရသော် သင့်မည်၊ယင်းသို့မဟုတ် အနောက်မျက်နှာက တလုံးတည်းဝင်၍ ပေါင်းဆုံခုခံလုပ်ကြရသော် သင့်မည်-စိတ်ယင်ကို ပြောစမ်းပါ-ဆိုသည်၊ ဗလမင်းထင်ကဆိုပြန်သည်ကား-ရံတပ်စုမှာ ဗိုလ်ပါမြင်း သေနတ်အမြောက် ပုံးမီးအိုးများသည်၊ တပ်ပါလူတို့လည်း လူမောက်လူမာကို

ရွေး၍ခေါ်ခဲ့သည် ဖြစ်သောကြောင့် နောက်ပိုးတိုက်လျှင် အထိအပါး အရှုအနမျှားလိမ့်မည်၊ တရုပ်လူမျိုးတို့သည် အသေခံ၍ စစ်တွင်းကိုခွာခဲ တတ်သည်၊ ကောင်းတုံတပ်တွင်းသို့ တလုံးတည်းဝင်၍ ပေါင်းဆုံခုံခံလုပ် ကြံရမည်လည်း သူတို့ပြင်က ကွန့်ကွန့်လွန့်လွန့်ရှိလေသည်၊ ကျွန်ုပ်စိတ်မှာ ဗန်းမော်ဈေးတွင်ရှိသည့်တပ်ကို သွေးသောက်တို့ လှေတပ်သားတစုတရုံး တည်းတိုက်၍ အရယူရမည်၊ တပ်တွင်းမှာလည်း လူနာ လူဖျားများနှင့် ဖြစ်သည်၊ ဗန်းမော်ဈေးတပ်ကို တိုက်၍ရလျှင် သင်းတို့မျက်နှာ ကွက်၍ ရံတပ် အခြေကြွလိမ့်မည်ထင်သည်ဟု ဆို၏။ ဓမ္မတာတို့ သုံးယောက်က ဆိုပြန်သည်ကား-သွေးသောက်စကားမှာ ကောင်း၏၊သို့ရာတွင် ကောင်း တုံတပ်ကို သူတို့က ဝန်းရံသည်လည်း နေ့ရက်ရှည်ပြီ၊ နောက်ကို ကြိုး၍ မင်းတပ်နှင့်မင်း နေနိုင်သော်ကား ဆိုဘွယ်မရှိ၊ မင်းတပ်နှင့်မင်း မနေ နိုင်သော် အရေးတော်ပျက်ချိမ့်မည်ဟုဆို၏။ ဗလမင်းထင်ကလည်း သွေး သောက်တို့ မကြောက်ကြပါလင့်၊ ဗန်းမော်ဈေးတပ်ကိုသာ ရအောင်ယူ ပါလေဟုဆို၏။ ယင်းသောအခါ ဓမ္မတာ,ဗညားဦးတို့က ဆိုပြန်သည်မှာ သွေးသောက်ဆိုသည့် အရေးအတိုင်း ဗိုလ်ချုပ်မင်းမှာ အစီရင်ခံ၍ ဗန်း မော်ဈေးတပ်ကို အရယူမည်၊ ရသည့်ကာလမှ ကောင်းတုံရံတပ်ကို စစ် နှစ်ဖက်ညှပ်တိုက်မည်ဟု ပြောဆိုကြသည့်အတွင်း ညအခါ တရုပ်အများ အရှေ့မျက်နှာကတပ်ကို တက်သည်၊ တပ်တွင်းသို့လည်း ဗုံး,အမြောက် မီးပေါက်အများ ပစ်လွှတ်သည်၊ သဲသဲရုတ်ရုတ်ရှိသောကြောင့် ဗလမင်း ထင်က ကျွန်ုပ် စီရင် ထမ်းရွက်သည့် အနေအထားကို သွေးသောက်တို့ ကြည့်ပါဦးဆို၍ တပ်မှူးလေးယောက် တပ်တွင်းက လှည့်လည်ကြည့်ရှုခံ ကြသည်၊ ဗလမင်းထင် အကြီးအကြပ် အနေအထား တပ်စီးတပ်နင်းမှစ ၍ သေချာစေ့စပ် ကောင်းမွန်လှသောကြောင့် တပ်ကိုတက်သမျှ တရုပ် တို့ အထပ်ထပ်အတင်တင် သေလေသည်များကို မြင်၍ သည်ခါသော် ငါတို့အရေးသာ လိုပေတော့သည်ဟု ဓမ္မတာ,ဗညားဦး, ပုဏ္ဏစံလွန်တို့ သုံးယောက်ဆိုပြန်သည်၊ အလုံးစုံကို ပြောဆိုတိုင်ပင်ပြီးမှ နံနက်လေးချက် မတီးမီ အနောက်မြောက်ထောင့် ရံတပ်ကိုဖောက်၍ ထွက်ခဲ့ကြ၏။ လှေ ထောက်သည့်တပ်မှူးသုံးဦး ထောက်ခံကြိုနှင့်သည်ကို မြစ်လယ်တွင်တွေ့၍ လှေခြောက်စင်းနှင့် ပြန်ခဲ့ကြ၏။

ရောက်လာကြ၍ အကြောင်း အလုံးစုံကို လက်ဝဲဝင်းမှူး ကြားသိလျှင် ကောင်းတုံတပ်တွင်းမှာ လေးဦးတိုင်ပင်သည့်အရေး သင့်မြတ်ပေသည်ဟု

လက်ဝဲဝင်းတော်မှူးစသော တပ်မှူးစစ်ကဲတစု ညီညွတ်ကြ၍ ဆယ်တပ်လုံး မြစ်စဉ်မြို့များက စည်းကြပ် သိမ်းခေါ်ခဲ့သည့် လှေတက်နှင့် တကွ ရောဝတီမြစ် အနောက်ကမ်းကို လက်သုံးပြု၍ ချီတက်ကြသည်၊ ဗန်းမော်သို့ရောက်လျှင် ဈေးဆိပ်တွင် တရုပ်တို့ တပ်ကြီးကို တဟုန်တည်း ရေကြောင်းက လှေတင်အမြောက် သုံးရာနှင့် တပ်ကို ပစ်လွှတ်စေသည်၊ ကြည်းသို့တက်၍လည်း ဝန်းရံလုပ်ကြံစေသည်၊ ဗိုလ်ချုပ်လက်ဝဲဝင်းတော်မှူးကိုယ်နှင့် တကွ တပ်မှူး ဆယ်ယောက်, စစ်ကဲအရာရှိ မကြွင်းမကျန် တပ်ပါအမှုထမ်းဘို့နှင့် တညီတညွတ် ကြိုးစား အားထုတ်ကြ၍ တပ်တိုင်ကျိုးရာက ဝင်သူ ဝင်သည်၊ တပ်လေးမျက်နှာက တက်သူ တက်သည်၊ တပ်တွင်းသို့ ဝင်မိ၍ လိုက်လံ ပစ်ခတ် ထိုးခုတ်လျှင် တရုပ်တို့ တပ်လုံးပျက်၍ ကစီကရင် အများသေလေ၏၊ ရင်စုတာရည်က အကူအထောက် မြင်း တထောင်ကျော် သွားစေသည့် တရုပ်တို့ ကိုလည်း လက်ဝဲဝင်းတော်မှူးတို့က သေနတ်နှစ်ထောင် ခန့်သား၍ ဆီးဆို့ စောင့်နေစေသည့် ရဲမက်တော်တို့ ဟန့်တား တိုက်လံလျှင် လင်ပန်းကျ ချောင်းကို မကူးနိုင် တန့်ရပ် ရှိသည်ကို ရင်စုတာရည်က ခေါ်သိမ်း၍ ရုံတပ်မှာ နေမြဲနေရ၏။ ။ဗန်းမော်ဈေးတပ်ကြီး ပျက်လျှင် ရင်စုတာရည်လည်း မသက်မသာ ခန့်ညားလေသည်။

လက်ဝဲဝင်းတော်မှူးတို့ ဆယ်တပ်ကလည်း ကောင်းတုံ တပ်ကွင်းသို့ ရဲခေါင်မြန်မာသူ လူကောင်း သုံးယောက်ရွေးပြီးလျှင် ဗန်းမော်ဈေးတပ်ကို နိုင်ရပြီ၊ ရုံတပ်ကိုလည်း အရုံ ဖြတ်လာမည်၊ တပ်တွင်းက ရှိသမျှ လက်နက် ကိရိယာနှင့် တလုံးတည်း စစ်နှစ်ဘက်ညှပ် တိုက်ကြရမည်ဟု ညွှန်ကြားစေလိုက်၏၊ ချိန်းချက်သည့် နေ့ရက်ရောက်လျှင် ပုဏ္ဏစံလွန်ကို ဗန်းမော်ဈေး တပ်တွင် အစောင့် အနေ ထားခဲ့၍ တပ်မှူး ကိုးဦး သေနတ်အမြောက်စီစဉ်ခင်းကျင်းလျက် ကောင်းတုံရုံတပ်ကိုတိုက်သည့် ဘပ်တွင်းကလည်း တံခါးကိုဖွင့်၍ တလုံးတည်း စစ်နှစ်ဘက်ညှပ် တိုက်သည်၊ တရုပ်တို့မှာ လူအင်မြင်းအင်များသော်လည်း နှစ်ယောက်ကျားနှင့်တူသော ရဲမက်တော်တို့ အလုပ်အကြံကို မခံမရပ်နိုင် ဗန်းမော်ဈေးတပ်ကြီးပျက်ရာတွင် နှလုံးဝမ်းငယ်ကြသည်နှင့်သုံးရက်ပတ်လုံးမနေမနားလုပ်ကြံလျှင် တရုပ်တို့ မရပ်မခံနိုင်၍ ရုံတပ်ဆိုသမျှ ပျက်လေ၏၊ တပ်မှူး သုံးဆယ်ကျော်, လူတသောင်းကျော်သေလေ၏၊ စစ်သူကြီး ရင်စုတာရည်ကိုမှုကား တရုပ်တို့ ဝန်းရံဆောင်ယူ၍ လုပ်မိသည့် သမ္ဗန်များကို စီးတိုက်ရှုံ့ပြီးလျှင် သဉ္ဇာ

နွယ်လိမ်တပ်သို့ ပေါင်းလေ၏၊ လက်ဝဲဝင်းတော်မှူးတို့ ဆယ်တပ်လည်း တရုပ်တို့ ဆုတ်ပြေးလေရာ လိုက်ထပ်၍ သဥ္စာနွယ်လိမ် တပ်ကို စစ်ဦး ဘီးလူးပေါ်တိုက်သည်၊ သဥ္စာနွယ်လိမ်တပ်ပျက်ပြန်၍ မိုးဝန်းတိုင်အောင် ဆုတ်ပြေးလေသည်ကိုလည်း လိုက်ထပ်၍တိုက်သည်၊လက်နက်အမြောက်, စိန်ပြောင်း,သေနတ်,မြင်းလောလား, သုံ့ပန်းလူသူအများရလိုက်၏။

မိုးကောင်းကြောင်းချီလေသော ဝန်ကြီးမဟာစည်သူတို့ တပ်ပေါင်း နှစ်ဆဲ့နှစ်တပ်မှာလည်း မိုးကောင်းမြို့သို့ ရောက်လျှင် မြို့ပြကိုပြင်ဆင်စေ၍ အစောင့်အနေ စည်းကြပ် ခန့်ထားခဲ့ပြီးလျှင် စန္ဒားကြောင်း ချီလာသည့် တရုပ်တို့တပ်ကို ဆီးကြိုတိုက်ရမည်ဟု ကတ်ကျိုင်းမော်ကကူး၍ ချီသည်၊ လီစောတောင်တွင် တရုပ်တပ်အများရှိနေကြောင်းကို ကြားသောကြောင့် ရာမကျော်ထင်ကို သေနတ်ငါးရာနှင့် စုံစမ်းစေသော် လီစောတောင်သို့ မရောက်မီ တရုပ်စစ်သူကြီး ဆင်တာလောရဲက ထောက်လှာသည့် ကင်း မြင်းတထောင်နှင့် တွေ့သည်တွင် သူရဲတော် ငါးရာသားတို့ တောင်ကြား ခရီးကျဉ်းသို့ ဆုတ်ခွာသွေးငင်ခဲ့သည်၊ တောင်ကြားသို့ ရောက်မှ တိုက် သည်၊ တရုပ်တို့လည်း မြင်းမဖြန့်သာသည်နှင့် တောင်ကြားတွင် ခံလေ၍ တရုပ်မြင်းစီး နှစ်ရာကျော်သေလျှင် တရုပ်မြင်းတပ်အလုံး ဆုတ်ခွာကြ လေသည်။

သူရဲတော်တို့လည်း တရုပ်တို့က ကင်းတပ်မျှကိုပင် မြင်းတထောင် ကျော်လောက် တွေ့ရသည်၊ တရုပ်တို့ စစ်အားကြီးလှချေသည်ဟု အမှတ် ရှိ၍ ရွှေသို့တက်၍ မလိုက် နံမြင်ချောင်းနားတွင် ရပ်နေပြီးလျှင် တရုပ်တို့ တပ်စုကို သိရအောင် အမှတ်မဲ့ ကင်းထိုးသွားစုံစမ်းစေသည်၊ စုံစမ်းစေ သူတို့လည်းတရုပ်တပ်နှင့် မနီးမဝေး တောင်ထိပ်သစ်ပင်ထက်သို့ တက်၍ ကြည့်သည်၊တရုပ်တို့တပ်ပေါင်းခြောက်ဆယ်,ခုနစ်ဆယ်,မြင်းတသောင်း, နှစ်သောင်း, လူတသိန်း နှစ်သိန်း ရှိမည်ကို မြင်ပြီးမှ ပြန်ခဲ့သည်၊ ထို အကြောင်းကို ရာမကျော်ထင်က လျှောက်လှာ၍ကြားလျှင် ဝန်ကြီးမဟာ စည်သူလည်း သမန်သာဗိုလ်နှင့် ခြောက်တပ်ကို လက်ဝဲကြောင်း, မင်္ဂလာ ဗိုလ်နှင့် ခြောက်တပ်ကို လက်ယာကြောင်း ထားပြီးလျှင် လီစောတောင် စွယ်ကို လှမ်းမှီအောင် အလျင်ပတ်၍ ချီစေသည် ဝန်ကြီးမဟာစည်သူနှင့် ဆယ်တပ်မူကား အလယ်ကြောင်း နေပြီးလျှင် အမြောက်သံ ပေး၍ တဖြည်းဖြည်း ချီလာသည်။

တရုတ်စစ်သူကြီး ဆင်တာလောရဲလည်း ကင်းမြင်း ပြန်ရောက်လျှင် မြန်မာတို့ မိုးကောင်းက သည်သို့တိုင်အောင် ကင်းအစုံအစမ်းလာရောက်သည့် အမှတ်နှင့် ကင်းမြင်း နှစ်ထောင်ထပ်၍ လွှတ်ပြန်သည်၊ ဝန်ကြီးမဟာစည်သူ တပ်မက ပစ်လွှတ်သည့် အမြောက်သံကိုကြားလျှင် တရုတ်မြင်းစုလည်း မြန်မာတို့ချီလာချေပြီဟု တပ်မသို့ ပြန်ပြေးလေ၏။ ။တရုတ်စစ်သူကြီး ဆင်တာလောရဲလည်း လီစောတပ်တွင် သုံးစုတစု အစောင့်အနေထားခဲ့၍ နှစ်စုရဲမက်နှင့် မြန်မာတပ်ကို ကြိုမည်ဟု ချီလာပြီးလျှင် နံမြင်ချောင်း အရှေ့ဘက်တွင် တပ်ချရပ်နေလှာသည်၊ ဝန်ကြီးမဟာစည်သူလည်း ကင်းစေရာမကျော်ထင်တို့ သေနတ်ငါးရာနှင့် ပေါင်းမိလျှင် နံမြင်ချောင်း အနောက်ဘက်ကမ်းထိပ်တွင် တပ်ခိုင် တည်လုပ်ခံနေ၏။ ။ သမန်သာဗိုလ်,မဏ္ဍရာဗိုလ်တို့ စစ်နှစ်ကြောင်းလည်း တရုတ်တို့ချလှာသည့် တပ်မနောက်သို့ လှည့်၍ လီစော တောင်သို့ ပေါင်းလေလျှင် တပ်အစောင့်အနေ တရုတ်တို့လည်း တပ်မရှေ့သို့ ချီလေပြီဖြစ်၍ ပေါ့ပေါ့လျော့လျော့ နေသည်နှင့် သမန်သာဗိုလ်, မဏ္ဍရာဗိုလ်တို့ နှစ်ကြောင်း လီစောတပ်ကို ချက်တဖြုတ် အပြင်းဝင်၍ တိုက်သည်၊ တရုတ်အများသေလေလျှင် တရုတ်ဆိုသမျှ စစ်သူကြီး ဆင်တာလောရဲရှိရာ တပ်မသို့ပေါင်းကြလေ၏။

သမန်သာဗိုလ်, မဏ္ဍရာဗိုလ်တို့ တဆဲ့နှစ်တပ်လည်း နောက်က တရုတ်တပ်ရှိ-မရှိကို ဂုံစမ်းစေသော် ရိက္ခာပို့တပ် နောက်က ရှိသည်ကိုသိ၍ ရိက္ခာပို့တပ်စုကိုတိုက်သည်၊ ရိက္ခာပို့တရုတ်ဆိုသမျှပျက်၍ ရိက္ခာတင် မြင်း, လောလားနှင့်တကွ မျိုးရိက္ခာကို အကုန်ရလျှင် သမန်သာဗိုလ်, မဏ္ဍရာဗိုလ်တို့က ဝန်ကြီးမဟာစည်သူတပ်မကို ဤသို့ စေ၏။ လီစောတောင်တွင်ရှိသမျှ တရုတ်တပ်နှင့် နောက်ကရိက္ခာပို့တရုတ်တို့တပ်စုကိုတိုက်သည်။ ပျက်၍ မြင်းလောလားများနှင့်တကွ ရိက္ခာအများရသည်၊ နံမြင်ချောင်း အရှေ့ဘက်တွင် တရုတ်တို့တပ်မကို နောက်ကပြန်၍ တိုက်ပါမည်၊ တပ်မတော်ကလည်း တပ်လုံးဘိ၍ တရုတ်တို့တပ်မကို တိုက်မည့် အကြောင်းနှင့် မြင်းလျင်စေလွှတ်၍ အစီရင်ခံစေသည်။

ဝန်ကြီး မဟာစည်သူလည်း လာလူတို့တွင် တပ်နှစ်ဘက်ညှပ်၍ တိုက်ရမည့်အကြောင်းအရာများကို အစေ့အစုံ နေ့ရက်ချိန်းချက် မှာထားလိုက်သည်နှင့် သမန်သာဗိုလ်, မဏ္ဍရာဗိုလ်တို့ တဆဲ့နှစ်တပ်လည်း လီစောတောင်ကပြန်၍ချီလာပြီးလျှင် တရုတ်တို့ နံမြင်ချောင်းတဘက် ချနေသည့်

တပ်မကို နောက်က စစ်နှစ်ကြောင်းခွဲ၍ တိုက်သည်၊ ဝန်ကြီးမဟာစည်သူတို့တပ်မကလည်း ချောင်းကိုကူး၍ တိုက်သည်၊ တရုပ်ဗိုလ်မှူး တပ်မှူးတို့ စစ်နှစ်ဘက်ညှပ်ဖြစ်ချေ၍ ဆုတ်ခွာကြပြီးလျှင် လီဇောတောင် အလွန်တွင် ခံပြန်သည့်ကိုလည်း ဝန်ကြီး မဟာစည်သူကွပ်၍ တိုက်ပြန်သည်၊ မရပ်မခံနိုင်ပျက်၍ တရုပ်တသိန်းကျော် စန္ဒားတိုင်အောင် ဆုတ်ခွာပြီးလျှင် တပ်ကြီးတပ်ခိုင် တည်လုပ် ရပ်နေပြန်လေသည်။ ။ဝန်ကြီး မဟာစည်သူတို့ နှစ်ဆဲ့နှစ်တပ်လည်း မိုင်းလောတွင်ရပ်၍ ဆင်မြင်းလူသူ ဖြည့်တင်းနေ၏။

ယင်းသောအခါ ဝန်ကြီးမဟာစည်သူ မခန့်မကျန်းကြောင်းကို ဘဝရှင် မင်းတရားကြီးဘုရား ကြားတော်မူ၍ ဝန်ကြီးမဟာစည်သူတို့ ရှေ့ချီတပ်ပေါင်း နှစ်ဆဲ့နှစ်တပ်နှင့်တကွ လက်ဝဲဝင်းမှူး သိမ်းရုံး အုပ်ချုပ်၍ တရုပ်တို့တပ်ဆိုသမျှ ပျက်အောင်တိုက်ပြီးလျှင် ဟိုသာ,လာသာ, မိုးနား, စန္ဒား, မိုင်းမော, စည်ခွင်, ကိုင်းမား, မိုးဝန်း, ရှမ်းရှစ်မြို့ကိုလည်း သိမ်းရုံး၍ အနေအထားကျအောင် စီရင်ခဲ့ရမည်၊ ဝန်ကြီး မဟာစည်သူမှာမူကား ခြေရင်းတော်သို့ ပြန်လာစေ-အမိန့်တော် ရောက်သောကြောင့် လက်ဝဲဝင်းမှူး နေမျိုးစည်သူတို့ ဆယ်တပ်လည်း ဝန်ကြီး မဟာစည်သူရှိရာ မိုင်းလောသို့ချီသည်၊ ပေါင်းဆုံမိကြလျှင် အမိန့်တော်အတိုင်း ခြေရင်းတော်သို့ ဝန်ကြီးမဟာစည်သူ ပြန်ခဲ့ရ၏။

လက်ဝဲဝင်းမှူးလည်း စန္ဒားအရပ်တွင် တရုပ်တသိန်းကျော်နှင့် စစ်သူကြီး ဆင်ဘာယောရဲ ခံနေသည်ကို ချီ၍တိုက်သည်၊ စစ်သူကြီး ဆင်တာလောရဲတို့လည်း ရှမ်းရှစ်မြို့တွင် မျိုးရိက္ခာ ရှာဖွေသည်ကို ရှမ်းရှစ်မြို့သားတို့က ငတ်ပြ မြန်မာမင်း ကျွန်ဖြစ်သည်၊ မျိုးရိက္ခာ မထောက်မပေးဝံ့ဟုဆိုကြ၍ မျိုးရိက္ခာရှာမရ၊ အစားအစာ ငတ်မွတ်လှသည်နှင့် တရုပ်စစ်သူကြီး ဆင်တာလောရဲတို့တပ်စု ဆုတ်ခွာကြလေလျှင် လက်ဝဲဝင်းမှူးတို့ တပ်ပေါင်း သုံးဆဲ့နှစ်တပ်လည်း မိုင်းဆည်တိုင်အောင် လိုက်ထပ်သည်၊ တရုပ်တို့လည်း အသေအပျောက် များလှသောကြောင့် တရုပ်ပြည်တိုင်အောင် ဆုတ်ခွာကြလေသည်၊ မြင်း,လောလား,လက်နက်, သုံ့ပန်းလူသူအများ ရလိုက်၏။

လက်ဝဲဝင်းမှူးတို့လည်း တရုပ်ဆိုသမျှ ဆုတ်ခွာ ပြေးကြလေလျှင် ဟိုသာ, လာသာ, မိုးနား, စန္ဒား, မိုင်းမော, စည်ခွင်, ကိုင်းမား, မိုးဝန်း ရှမ်းရှစ်မြို့ မကျိုးမနွံ ရိုင်းပျံထောင်ထားသည်ကို လိုက်လံ သိမ်းရုံးပြီးလျှင်

သိန်းနီမြို့အရှေ့မြောက် တောင်ကြီးတွင် တရုပ်ငါးသောင်းကျော် ရပ်နေသည်ကို လူးတဆဲ့နှစ်ပနား ကြောင်းက လှည့်၍ ချီလှာသည့် ဝန်ကြီးမဟာ သီဟသူရနှင့် လက်ဝဲဝင်းမှူးတို့ စစ်နှစ်ဘက်ညှပ် တိုက်ပြန်သည်၊ တရုပ် ငါးသောင်းကျော် မခံနိုင် ဆုတ်ပြေးလေသည်၊ အမြောက် စိန်ပြောင်း, သေနတ်,မြင်းလောလား, သုံ့ပန်းလူသူအများရသည်၊ တရုပ်တို့သုံးစုတစုခန့်သာ တရုပ်ပြည်တိုင်အောင် လွတ်ခွာနိုင်လေ၏။ ။လက်ဝဲဝင်းတော်မှူးနှင့် ဝန်ကြီး မဟာသီဟသူရတို့လည်း အရေးတော် ပြီးပြေလျှင် ရလိုက်သည့် အမြောက်စိန်ပြောင်း,သေနတ်,မြင်းလောလား, သုံ့ပန်းလူသူတို့ကို သိမ်းရုံးဆောင်ယူခဲ့၍ ခြေရင်းတော်သို့ ပြန်လာကြသည်၊ သက္ကရာဇ် (၁၁၂၉) တထောင့်တရာ့နှစ်ဆဲ့ကိုးခု ကဆုန်လပြည့်ကျော် ကိုးရက် တနင်္လာနေ့ ခြေရင်းတော်သို့ ရောက်လှာကြ၏။

### တရုပ်တို့ တတိယ အကြိမ် ဆုတ်ခွာရပြန်ခြင်း

သက္ကရာဇ် (၁၁၂၉) တထောင့်တရာ့နှစ်ဆဲ့ကိုးခု၊ နတ်တော်လ-မြင်းသုံးသောင်း, လူသုံးသိန်းကို ဥဒည်မင်းသမက် မြင်းခုံရဲ အချုပ်, မြင်းသုံးသောင်း, လူသုံးသိန်းကို ဥဒည်မင်းညီ ရှုတာလောရဲအချုပ်, မြင်းခြောက်သောင်း, လူခြောက်သိန်းကို စစ်သူကြီးနှစ်ဦးချုပ်ခန့်၍ သိန်းနီကြောင်းချီလှာသည်၊ ဗန်းမော်သို့လည်း လူတသိန်း သဠာနွယ်လိမ်ကြောင်း ချီစေသည်။ ။သိန်းနီမြို့သို့ရောက်လျှင် သိန်းနီစော်ဘွား ငအောင်ထွန်းနှင့် တကွ တရုပ်တပ်အများ သိန်းနီမြို့ကိုဝင်၍ တိုက်လေလျှင် သိန်းနီမြို့ဝန် စစ်ကောင်းသီရိလည်း ရုံးမိသမျှနှင့် သိန်းနီမြို့ကကိုယ်လွတ်ခွာခဲ့ရလေ၏၊ စစ်သူကြီးမြင်းခုံရဲမှာ မြင်းသုံးသောင်း, လူသုံးသိန်းနှင့် သိန်းနီက သီပေါကြောင်းဆင်းလာသည်၊ စစ်သူကြီး ရှုတာလောရဲ မှုကား သိန်းနီမြို့တွင် စော်ဘွားငအောင်ထွန်းနှင့် တရုပ်ဗိုလ်မှူးတပ်မှူးတို့ကိုဝင်နေစေ၍ သိန်းနီမြို့အနောက်တောင်တွင် တပ်ကြီးတပ်ခိုင် တည်ပြီးလျှင် မြင်းနှစ်သောင်း, စစ်သည်နှစ်သိန်းနှင့် ရပ်နေ၍ ရှေ့ချီစစ်သူကြီးမြင်းခုံရဲတို့တပ်သို့မျိုးရိက္ခာ အဆက်အလက်မှီအောင်ပို့စေ၏။

တရုပ်တို့က စစ်သည်သူရဲ ဗိုလ်ပါ ဆင်မြင်း မရေမတွက်နိုင်အောင် သိန်းနီသီပေါကြောင်း စစ်ကြီးဆင်းလာကြောင်းကို သီပေါ စော်ဘွားက အလျှောက်အထားရောက်၍ ကြားတော်မူလျှင် ကသည်းဝန်တတပ်၊သူရဲဝန်တတပ်၊ လေးတောစားတတပ်၊ ပုသိန်ဝန်တတပ်၊ စလေစား တတပ်၊

သမန္တရဲတတပ်၊ အဂ္ဂရဲတတပ်၊ သိဒ်ပုံချီတတပ်၊ မဏိစက်တတပ်၊ ရေတွင်းကောင်းဗိုလ်တတပ်၊ ရွှေပြင်းကြီး တတပ်၊ သမန်သာဗိုလ် တတပ်၊ မင်းရဲဇေယကျော် တတပ်၊ ရန်ငူးသီရိနော်ရထာ တတပ်၊ ညောင်ခြေထောက်ဗိုလ်တတပ်၊ မြစ်ခြေစားတတပ်၊ လမိုင်းဝန်တတပ်၊ ရွှေတောင်ပုံချီတတပ်၊ ညောင်ပင်ဒိုင်းဗိုလ်တတပ်၊ ဒီပစက်ရောင် တတပ်၊ ပြည်လုံးသရေကျော်ခေါင်တတပ်၊ စံရာကလေး တတပ်၊ အိန္ဒပုံချီ တတပ်၊ မဏိကျော်ခေါင်တတပ်၊ ကူးတို့စားတတပ်၊ ဗန္ဓုရာဇာ တတပ်၊ ဝန်ကြီးမဟာစည်သူတပ်မနှင့်သော် တပ်ပေါင်းသုံးဆယ်တွင်ပါသည့် တိုက်ဆင်သုံးရာ, မြင်းသုံးထောင်,စစ်သည်သူရဲ သုံးသောင်းတွင် မြေစွန်းဝန်နှင့် မဏ္ဍရာဗိုလ်တို့ကို စစ်ကဲ, ဝန်းကြီးမဟာစည်သူကို အချုပ်ခန့်တော်မူ၍ သိန်းနီသီပေါကြောင်းဆင်းလာသည့်တရုပ်တို့ကိုဆီးကြိုတိုက်ရမည်ဟု(၁၁၂၉) တထောင့်တရာ့နှစ်ဆဲ့ကိုးခု ပြာသိုလဆန်း ၎ါးရက်နေ့ ချီစေ၏။

တရုပ်တို့ကပို့သည့်ရိက္ခာဆိုသမျှကို ဖျက်ဆီးသိမ်းယူပြီးလျှင် တရုပ်တို့တပ်စုကို နောက်ကလှည့်၍ တိုက်ရမည်ဟု မင်းရဲရန်နောင်တတပ်၊မြေထဲစားတတပ်၊ ကျောက်တလုံးဗိုလ်တတပ်၊ အိန္ဒပုံချီတတပ်၊ နေမျိုးလက်ဝဲကျော်ခေါင်တတပ်၊ နေမျိုးလက်ယာကျော်ခေါင် တတပ်၊ အောင်သာဗိုလ်တတပ်၊ လက်ယာကျော်စွာတတပ်၊ ရွာသစ်ကြီးဗိုလ် တတပ်၊ မြင်းမွေးဗိုလ်တတပ်၊ နေမျိုးနန္ဒမိတ် တတပ်၊ ရွှေတောင်ဇေယကျော် တတပ်၊ နေမျိုးကျော်ထင်တတပ်၊ ခံတောဗိုလ်တုရင်သိပ္ပတတပ်၊တုရင်သစ်တတပ်၊ ပုံချီရဲခေါင်ကျော်ထင်တတပ်၊ အရေးလွှန်တတပ်၊ ပုံချီသူရတတပ်၊ နတ်စက်ကြီးတတပ်၊ ဝန်ကြီးမဟာသီဟသူရ တပ်မနှင့်သော် တပ်ပေါင်းနှစ်ဆယ်တွင်ပါသည့် တိုက်ဆင်နှစ်ရာ, မြင်းနှစ်ထောင်, စစ်သည်သူရဲ နှစ်သောင်းကို မြောက်ဘက်မြင်းဝန်နှင့် ရှေ့ဝင်းမှူး တိမ်ကြားမင်းခေါင်တို့ကို စစ်ကဲ,ဝန်းကြီးမဟာသီဟသူရကိုအချုပ်ခန့်တော်မူ၍ရွှေစာရံကသည် ညောင်ပင်ကြီးပေါ်ကြိုသို့တက်၍ ထိုနှစ်ပြာသိုလဆန်းခုနစ်ရက်နေ့ချီရ၏။

မိုးမြိတ်ကြောင်းချီသည့် တရုပ်တို့ နောက်တင်ကိုဖြတ်၍ တိုက်ရမည်ဟုလည်း ဓမ္မတာတတပ်၊ ဗညားဦးတတပ်၊ ဗလပုံချီတတပ်၊ တုတ်ရဲဗိုလ်တတပ်၊ ကျောက်ကာဗိုလ် တတပ်၊ ကတုတ်ဝန် တတပ်၊ စည်တုံးဗိုလ်တုရင်ကျော်စွာတတပ်၊ ပုတ္တစံလွှန်တတပ်၊ ဗညားဒလတတပ်၊ သမိန်စက္ကဝေါတတပ်၊ လက်ဝဲဝင်းမှူး တပ်မနှင့်သော် တပ်ပေါင်း တဆယ်တွင်ပါသည့် တိုက်ဆင်တရာ, မြင်းတထောင်,စစ်သည်သူရဲ တသောင်းတွင် ဥဒိန်

ပုညာနှင့် စံလှကြီးတို့ကို စစ်ကဲ,လက်ဝဲဝင်းမှူးကိုအချုပ်ခန့်တော်မူ၍ မိုး မြိတ်ကြောင်း ထိုနှစ် ပြာသိုလဆန်းတဆဲ့တရက်နေ့ ချီစေ၏။

သုံးဆယ်သီပေါကြောင်း ချီလေသော ဝန်ကြီး မဟာစည်သူတို့တပ် ပေါင်းသုံးဆယ်မှာ သီပေါအလွန် ဘန်ကျည်အရပ်သို့ ရောက်လျှင် ရွှေ တပ်ဦးချီစေသည့် သမန္တရဲ,အဂ္ဂရဲ, သိန်ပျံချီ,မဏိစက်, ရွှေပြင်းကြီး,ဒိပ စက်ရောင်,လက်ဝဲကောင်းထွတ်တို့ ခုနစ်တပ်နှင့် တရုပ်တို့တွေ့၍ တိုက်ကြ သည်၊ တရုပ်တို့ကအင်အားကြီးလှချေ၍ သူရဲတော်ခုနစ်တပ်သားတို့မတိုး မဖွဲ့နိုင်ဆုတ်ရသည်၊နောက်တရုပ်စစ်သူကြီးမြင်းခုံရဲတို့ သီပေါအနောက် ဂုတ်တောင်တွင် ချရပ်နေသည်ကို ဝန်ကြီး မဟာစည်သူက တပ်ခြေကြွ အောင် မြှူစေပြီးလျှင် အစွန်း အနား တရုပ်များကို တိုက်စေသည့်တွင် စစ်သူကြီး မြင်းခုံရဲလည်း လူအားဘိ၍ ဝန်ကြီးမဟာစည်သူတို့ တပ်စုကို တိုက်သည်၊ လက်ဝဲကောင်းထွတ်, ရွှေပြင်းကြီး,ဒိပစက်ရောင်တို့ သုံးတပ် လည်း တရုပ်တို့တပ်စွယ်ကို ချုံချုံဝင်၍ တရုပ်တို့ပုံသို့ မြင်းနှင့်လွှတ်၍ ထိုး သည်၊ တရုပ်တို့ကအင်အားကြီးလှသောကြောင့် မထွက်မခွာနိုင်၊တပ်လုံး နစ်ချေသည်၊ လက်ဝဲကောင်းထွတ်, ရွှေပြင်းကြီး, ဒိပစက်ရောင်တို့လည်း မြင်းဦးတွင် ဆုံးချေသည်၊ တပ်တော်များလည်း ကတိမ်းကပါးကစီကရင် ရှိလေသောကြောင့် ဝန်ကြီး မဟာစည်သူလည်း တပ်ပေါင်းကို စည်း ကြပ်သိမ်းရုံး၍ ဆုတ်ခွာခဲ့ပြီးလျှင် တပ်အခိုင်အလုံတည်၍ နေနိုင်အောင် ကိုသာ နေရချေ၏။ ။တရုပ်စစ်သူကြီး မြင်းခုံရဲတို့လည်း သည်ခါသော် မြန်မာပြည်အလုံးကို အကုန်သိမ်းယူရမည်ဟု ကြုံးဝါးပြီးလျှင် ဗိုလ်ပါ အလုံးအရင်းနှင့် အားတက်မာန်ကိုး လိုက်ထပ် ချီဆင်းလာသည်၊ ဘုတ် သက်ကယ်ပြင် အနီးအပါးတိုင်အောင် တပ်ဦးတပ်ဖျား ရောက်ချေ၏။

ယင်းသို့ တရုပ်တို့ကို ခံရပ်စေသမျှ တပ်တော်များ မခံမရပ်နိုင်၍ လုံ ကာပြင်ကြီးတွင် တပ်အခိုင်အလုံ တည်ရပ်နေရကြောင်း၊ တရုပ်တို့ စစ် အားကြီး လိုက်ထပ်၍ဘုတ်သက်ကယ်ပြင် အနီးအပါးတိုင်အောင်ပေါက် ရောက်ကြောင်းများကို ဝန်ကြီး မဟာစည်သူက အလျှောက်အထား စေ သူ ရန်ငူးသီရိနော်ရထာ ခြေရင်းတော်သို့ ထိုနှစ် တပေါင်းလဆန်း ငါး ရက်နေ့ရောက်လှာသည်။ ။ထိုအခါ ဘဝရှင် မင်းတရားကြီးဘုရားသည် ပရိတ်နှာဆက်ဆောင်တော်တွင်စံနေတော်မူကြိုက် တပ်တော်ကအလျှော် အထားစေသူ ရန်ငူးသီရိနော်ရထာကို အတွင်းဝန်က ရှေ့တော်သို့သွင်းခဲ့ သည်၊ မြင်တော်မူလျှက် မည်သို့ အမေးတော်မရှိ၊ အချိန်တန်လျှင် မှန်

နန်းမဆောင်သို့ ဝင်တော်မူမြဲ ဝင်တော်မူသည်၊ အတွင်းဝန်တို့လည်း ကြောက်ရွံ့လျက် တပ်တော်ကလာသည့် ရန်ငူးသီရိ နော်ရထာနှင့်တကွ မြတိုက်ဆောင်တော်တွင် ရုံးစု၍ နေကြသည်၊ နေဝင်၍ လေးချက်တီး ကျော် ငါးမောင်းခန့်ရှိမှ နေ့အခါက တပ်သားအဟန် ငါ မြင်တော်မူ လိုက်သည်၊ အဘယ်အကြောင်းနည်းဟု အမိန့်တော်ရှိသည်တွင်မှ တပ် တော်ကလာသူ ရန်ငူးသီရိနော်ရထာနှင့် အတွင်းဝန်တို့ မှန်နန်းတော်သို့ ဝင်ပြီးလျှင် အကြောင်းမျိုးကို စေ့စုံစွာ လျှောက်၍ ကြားတော်မူလေ သော် သင်းတို့ မိုလ်မှူးတပ်မှူးတစု အသွမ်းချည်း ဖြစ်သည်၊ မဆီးမတား ကြစေနှင့် တရုပ်တပ်တို့ကို နေပြည်တော်သို့ အရောက်လာခဲ့စေဟု အမိန့် တော်ရှိလျှင် မည်သူ တစုံတယောက်မျှ မတင်မလျှောက်ဝံ့၊ ဦးချ၍သာ နေကြရ၏။

မိုးသောက်လျှင် ညီတော် သားတော်စသော မှူးတော် မတ်တော် မိုလ်မှူးတပ်မှူးအပေါင်းတို့ ရှိခိုး နားတော် လျှောက်ကြသည်ကား-ယခု တရုပ်တို့ အင်ကြီးအားကြီး ဘုတ်သက်ကယ်ပြင် အနီးအပါးတိုင်အောင် ပေါက်ရောက်သည်၊ နေပြည်တော်နှင့် ထောက်စာသော် နှစ်စခန်း သုံး စခန်းမျှသာ ကွာဝေးယေသည်၊ မြို့တော်ပတ်လည်ရှိနေသည့် အိမ်ရာများ ကို သိမ်းရုံးရှင်းလင်း၍ ဆင်ခလုတ်,မြင်းခလုတ်,ကတုတ်ဆူးခြောင့်, တုံး မောင်းစီရင်ပြီးလျှင် မြို့ပြင်မှာရှိနေသော လက်နက်သူရဲ မျိုးရိက္ခာဆိုသမျှ ကို မြို့တွင်းသို့သွင်းသင့်ကြောင်း၊ ရောဝတီ, သလ္လာဝတီ, အကြေအညာ မြစ်စဉ်တလျှောက် မြောက်ဘက်တလွှား တောင်ဘက်တတန်း မြို့ကျေး ရွာများတွင် ရှိနေသော သူရဲဆိုသမျှကို သိမ်းရုံးစည်းကြပ်၍ တပ်အလုံး အရင်းအများ စီရင်သင့်ကြောင်းကို ရှိခိုး နားတော်လျှောက်ကြသည်တွင် ဘဝရှင် မင်းတရားကြီးဘုရား အမိန့်တော် ရှိသည်ကား-ပုဂံပျူစောထီး လက်ထက် တရုပ်တို့ ကောသမ္ဗီတိုင်အောင် စစ်သည်အသိန်းသုံးဆယ်နှင့် ချီရောက်သာသည်ကို ပျူစောထီးချီ၍ လုပ်ကြံလျှင် တရုပ်တို့ တပ်ပျက်၍ တရုပ်ပြည်တိုင်အောင် ခွာရလေသည်၊ ပျူစောထီးမင်းမှာ ပွဲကြီးတဆဲ့ နှစ်ပွဲတွင် တရုပ်တို့ကိုအောင်တော်မူသည်လည်း တပွဲဖြစ်သည်။

နရသီဟပတေ့လက်ထက်ရောက်သည်မှာလည်း နန္ဒပစ္စည်း,ရန္တပစ္စည်း တို့ကို ဆီးကြို တိုက်စေသည်၊ ထိုအခါ နန်းတော်က ရွှေရချိမ့်မည် ကိန်း ခန်းရှိသည်ဟု ဟူးရားဘို့က လျှောက်လေ၍ နရသီဟပတေ့မင်း နန်း တော်က ဆင်း၍ ပုသိန်မြို့ တိုင်အောင် ခွာလေလျှင် တရုပ်တို့လည်း

ပြည်အောက် တရုပ်မော်ရောက် လိုက်လာ၍ ပြန်လေသည်။ ။ပုဂံကျော်စွာကို နန်းတင်မည်ဟု မြင်စိုင်းတိုင်အောင် တရုပ်လာရောက်သည့်ကာလလည်း ဆည်မြောင်း ကူညီလုပ်ဆောင် တူးဖို့၍ ပြန်လေသည်။ ။မင်းခေါင်ကြီးနှင့် ဘုရင် မဟာသီဟသူရတို့ လက်ထက် အင်းဝတိုင်အောင် တရုပ်တို့ လာရောက်သည့်တွင်လည်း တရုပ်သူရဲ, မြန်မာသူရဲမြင်းစီးချင်း တိုက်စေသည့်တွင် တရုပ်သူရဲရှုံး၍ ပြန်လေသည်။ ။ထူပါရုံဒါယကာလက်ထက် အဝတိုင်အောင် ချီလာ၍ အမှုတော်ကို ပြေကုံအောင် တရုပ်တို့ထမ်းလေလျှင် တရုပ်တို့အလိုရှိသည့် သိုင်ဘွားကိုဆုပေးလိုက်၍ ပြန်သွားလေသည်။

ငါးဆူဒါယကာလက်ထက် တရုပ်တို့အဝမြို့တိုင်အောင် ရောက်သည့်တွင်သာ ငါးဆူဒါယကာမင်းသည် ပညာရှိ မှူးကြီးမတ်ကြီးစကားကို မနာမယူ ရွှေငွေဥစ္စာဘဏ္ဍာ သိမ်းဆည်းလေလျှင် မှူးမတ်ဗိုလ်ပါသူရဲတို့အမှုကို ဖြောင့်ဖြောင့်ရိုးရိုး ကြိုးကြိုးပမ်းပမ်း မထမ်းမရွက်သောကြောင့် တရုပ်တို့ အဝမြို့ပတ်လည် လူသူကျွန်နွားများကို ဖမ်းယူရလေသည်နှင့် ညီပြည်မင်းနန်းတက်၍ မင်းအဖြစ်သို့ရောက်လျှင် တရုပ်တို့ကို တိုက်လေ၍ တရုပ်တို့ ဆုတ်ခွာထွက်ပြေးလေသည်၊ ယခု တရုပ်တို့ ချီလာပြန်သည်မှာလည်း နှစ်ဆဲ့ခုနစ်ခု, နှစ်ဆဲ့ရှစ်ခုဆင်းရောက်သည့်ကာလ သင်းတို့ လက်နက်ကိရိယာ, ဗိုလ်ပါ,ဆင်မြင်း, သုံးစုတစုခန့်သာ ကျန်သည်ဖြစ်လျက်ယခုတဖန် ချီလာပြန်သည်မှာ ငါ့နိုင်ငံတော်သို့ ပေါက်ရောက်သည် ဆိုသမျှ တရုပ်အလုံးအရင်းသည် ကံကြမ္မာကုန်ချည်း ဖြစ်လေပြီးသည်၊ နေပြည်ဘော်ပတ်လည် အိမ်ရာကျောင်းကန်များကို မထိမပါးမဖျက်ဆီးစေနှင့် တိုင်းနေပြည်သူ ကျေးတော်မျိုး ကျွန်တော်မျိုးတို့ လုပ်ဆောင်မြဲ လုပ်ဆောင်စားသောက် နေထိုင်ကြစေ၊ တရုပ်တို့ တပ်စုကိုလည်း မည်သူတစုံတယောက်မျှမဆီးမတားစေနှင့်ခြေရင်းတော်သို့အရောက်လာကြစေ၊ သကျင်ဝ ရွှေကြက်ယက်လယ်ပြင်သို့ ရောက်သည့်ကာလမှ ဘေးလောင်းတော် ပျူမင်းထီးကဲ့သို့ ငါ့ညီတော်လေးယောက်နှင့် မြစ်ငယ်ကို ဝမ်းဘဲအင်းမြင်တော်ကကူးပြီးလျှင် တရုပ်တို့တောမှာမြက်သစ်ရွက်နှင့်အတူမရေတွက်နိုင် ချီလာသည် ဆိုသည်ကို ငါကိုယ်တော်ထိုး၍ ရောဝတီမြစ်သို့ချည်းချပြီးလျှင် ရွှေတောင်ဦးနှင့် ရွှေကြက်ယက် လှည်းကြောင်းဖုံဖုံနင်းလတ္တံ့-ဟု ရှေးသိုက်စာစကားဟောင်းရှိသည့်အတိုင်း တရုပ်တို့အကောင်ကိုနင်း၍ ရွှေကြက်ယက်ကသည် ရွှေတောင်ဦးသို့ ငါကူးတော်မူမည်ဟု

အမိန့်တော်ရှိသည်ကို ညီတော်အမြင့်မင်း, ဇဒုံမင်း,ပုခန်းမင်း, ပင်းတလဲမင်းတို့က လျှောက်သည့်ကား-ယခုတရုပ်တို့ ချီလာသည်လည်း ညီသားသမက်မျှသာဖြစ်သည်၊ နောင်တော်ရွှေနန်းသခင်မှာ ရွှေနန်းတွင်သာစံတော်မူပါ ကျွန်တော်တို့ ညီနောင်လေးဦး တရုပ်တို့ ချီလာသမျှကို တယောက်မကျန် ထွက်၍သတ်မည်ဟုလျှောက်ကြသည်ကို ကြားတော်မူလျှင် တိုင်းအလုံးမိန်းမဖြစ်ကုန်သော်လည်း ယောကျ်ား-ငါတို့ညီနောင် ငါးပါးရှိသေးသည်ကို ဇမ္ဗူဒိပ် မြေအပြင်ဝယ် မည်သူ ခံနိုင်အံ့နည်းဟု အမိန့်တော်ရှိ၏။

သိန်းနီကြောင်းချီသော ဝန်ကြီး မဟာသီဟသူရတို့မှာလည်း တရုပ်တို့ကပို့သမျှမျိုးရိက္ခာကို နောက်ကလှည့်၍ တိုက်ဖျက်သိမ်းယူသည်၊ ရိက္ခာပို့သမျှ အကုန်အစင်ပျက်လျှင် တရုပ်တို့စစ်အင်ကို ကြည့်ရှုစုံစမ်းလုပ်ကြံရမည်ဟု စစ်ကဲကြီး တိမ်ကြားမင်းခေါင်ကို သေနတ်စွဲ သူရဲသုံးထောင်, မြင်းငါးရာ,တပ်ပါသူရဲ ငါးထောင်ကျော်နှင့် ရှေ့တည်၍ချီသွားစေသည်၊ တရုပ်တို့က ဗိုလ်ထုဗိုလ်အင်အများနှင့်စစ်ကြီးချီလာသည်ကိုတပ်တည်လုပ်ရပ်ခံရမည် စီရင်ခန့်ထားသည့်အတွင်း ဝန်ကြီး မဟာသီဟသူရက လူသူအများ အင်အားကြီးလှသည်ဟုကြားသည်နှင့် တပ်ပါလက်နက်ကိုင်တို့ကို မကွဲမပြား သိမ်းဆည်း၍ ဆုတ်ခွာ ခဲ့ရမည်ဟု မြင်းသည် ငါးယောက် စေလွှတ်ခေါ်လာသည်။

တိမ်ကြားမင်းခေါင်လည်း သူ့သူနီးမှပြန်လည်ချေသော် ကြောက်နို့ခန့်ညားသည်အထင်နှင့် တရုပ်တို့ အားတက်လေတော့မည်၊ နောက်တပ်စုကသာ ချီတက်ခဲ့ပါ ခံနိုင်အောင်ခံပါမည်ဟု ဝန်ကြီးမဟာသီဟသူရသို့ အစီရင်ခံစာပေး၍ဝါးပိုးတပ်နှင့် ခံနေသည်၊ တရုပ်တို့ကလည်း ညနေသုံးချက်တီးအချိန်ရောက်လာ၍ တိမ်ကြားမင်းခေါင်တပ်ကို ပျားအုံသကဲ့သို့ အထပ်ထပ်ဝန်းရံပြီးလျှင် ဝါးရှည်တွင်ကွင်းတပ်၍ တပ်တိုင်ကို ကွင်းနှင့်ကျော့၍လှည်းသည်၊ တိမ်ကြားမင်းခေါင်လည်း သူရဲသူခက်တို့ကို ကိုယ်တိုင်ကွပ်ကဲ၍ သနဝါးချွန်နှင့် ထိုးစေသည်၊တပ်ထိပ်ကလည်း ခုခံထိုးခုတ်ရိုက်ချစေသည်၊ လည်းသာမျှတပ်တိုင်ကိုလည်း တိုင်သစ်ထူလုပ်စေသည်၊ သေနတ်စွဲသူရဲသုံးထောင်တို့ကိုလည်းတချက်မလွှတ်အညံ့မစဲပစ်စေသည်၊ တရုပ်တို့ အထိအပါး အရှုအန အသေအပျောက်များလေလျှင် တပ်တွင်းသို့ မပေါက်မရောက်နိုင် တပ်ကိုသာ ဝန်းပိုင်း၍နေကြလေသည်။

ဝန်ကြီးမဟာသီဟသူရလည်းစေရင်းမြင်းသည့်တို့ရောက်လာသည်နှင့် တပ်မှူးစစ်ကဲအပေါင်းတို့ကိုဆော်နှိုးချီတက်လာသည်၊ လမ်းခရီးသို့ရောက် လျှင် အမြောက်သေနတ်သံကြားမှ သူ့သူနှင့်တွေ့ချေပြီအမှတ်ရှိ၍ အပြင်း ချီလှာသည်၊ တရုပ်တို့ရှိရာ တိမ်ကြားမင်းခေါင်တပ် အနီးသို့ရောက်လျှင် ရှိနှင့်သည့်တရုပ်တို့ကို အသီးအသီးဆင်ပေါမြင်းပေါမရပ်မဆိုင်းတိုက်သည်၊ တရုပ်တို့ မခံနိုင်၊ အရုံကိုဖြတ်၍ ဆုတ်ခွာလေ၏၊ တရုပ်တို့ ဆုတ်လျှင် စစ်ကိုသိမ်း၍ လူသူဆင်မြင်းဖြည့်တင်းပြီးမှ လားရှိုးတွင် တရုပ်တို့တပ်ကြီး တပ်နိုင် တည်လုပ်ရပ်ခံသည်ကို တိုက်ပြန်သည်၊ တရုပ်တို့ တပ်ပျက်၍ ကြူရှောတွင် ခံပြန်သည်ကိုလည်း တိုက်ပြန်သည်၊ တရုပ်တို့ သိန်းနီတိုင် အောင် ဆုတ်ပြေးလေ၏။

ဝန်ကြီး မဟာသီဟသူရ တို့လည်း လိုက်ထပ်ချီတက်၍ သိန်းနီမြို့သို့ ရောက်လျှင် သိန်းနီမြို့ အရှေ့တောင် နံ့ပင်မြစ်နားတွင် တပ်ချရပ်စွဲနေ၍ တရုပ်တို့က မျိုးရိက္ခာပို့သမျှကို သံလွင်မြစ်အနောက်ဘက် ကွန်လုံထား ကူးဆိပ်က ဆီးကြို့တိုက်ဖျက်သိမ်းယူရမည်ဟု ရွှေဝင်းမှူး တိမ်ကြားမင်း ခေါင်, နေမျိုးလက်ဝဲမင်းခေါင်, နေမျိုး လက်ယာမင်းခေါင် သည်သုံး တပ်က ရွေးမြင်းခြောက်ရာ, သေနတ်စွဲသူရဲ ငါးထောင်ကို ရွှေဝင်းမှူး တိမ်းကြားမင်းခေါင်ကို အချုပ်ခန့်၍ ချီရသည်။

ရွှေဝင်းမှူး တိမ်ကြားမင်းခေါင်လည်း ကွန်လုံထားကူးဆိပ်က ဆီးကြို့ တိုက်သည်၊ တရုပ်တို့ ရိက္ခာပို့တပ်ပျက်လျှင် တင်ဆောင်သည့်မြင်းလော လားများနှင့်တကွ မျိုးရိက္ခာဆိုသမျှကို အကုန်ရလိုက်၍ တရုပ်တို့တပ်သို့ ရိက္ခာမပေါက်မရောက်နိုင် ရှိလေ၏။ ။ဗိုလ်ချုပ် စူတာလောရဲနှင့်တကွ တရုပ်ဗိုလ်မှူးတပ်မှူးအပေါင်းတို့လည်းနောက်ကမျိုးရိက္ခာပို့သမျှမပေါက် မရောက်နိုင်လျှင် ရှေ့တပ်သို့ မျိုးရိက္ခာထောက်လှမ်းရမည်ကိုမဆိုထားဘိ ဦး၊ စူတာလောရဲတို့တပ်စုတွင်ပင် အစားအစာ ပြတ်လပ် ငတ်မွတ်လှ သောကြောင့် မြန်မာတို့ကိုထွက်၍မတိုက်၊ တပ်ချင်းပေါင်း၍ စုလျက် ခဲလျက်သာနေကြလေသည်၊ ထိုအခါ မန်ဆင်တထောင်နှင့် တိမ်ကြား မင်းခေါင် တပ်ဦးချီလာသည်ဟု တရုပ်တို့ သတင်းစကား ကြားနှင့်လေ သောကြောင့် တရုပ်ဗိုလ်မှူးတပ်မှူးဘို့ ကောင်းကင်တိမ်ကြားသို့ မော်၍ ကြည့်ကြသောဟူ၏။

ယင်းသောအခါ မိုးမြိတ်ကြောင်းချီလာသော လက်ဝဲဝင်းမှူးတို့ ဆယ် တပ်လည်း ဝန်ကြီး မဟာသီဟသူရတို့တပ်စုနှင့် ပေါင်းမိ၍ လုပ်ရေးကြံ

ရေးများကို စိုင်းပြင်းခင်းကျင်းကြသည်တွင် လက်ဝဲဝင်းတော်မှူး စသော ဗိုလ်မှူး တပ်မှူးတစုတို့က ဝန်ကြီး မဟာ သီဟသူရကို ဤသို့ဆို၏၊ ယခု သည့်တွင် ဥဒည်မင်းညီ ရှုတာလောရဲတို့တပ်စုကို လုပ်ကြံမည်သာ အား ကြိုး၍ကျွန်တော်တို့ နေကြရချေသည်၊ ဥဒည်မင်းသမက် မြင်းခုံရဲနှင့် မြင်း သုံးသောင်း,လူသုံးသိန်း သီပေါကြောင်းခွဲ၍ ဆင်းသည်၊ ခြေရင်းတော် က ခံသမျှတပ်စုလည်း ရွှေ့ချေသည်ဟုကြားရသည်၊ ခံတပ်တော်ရွှေ့ချေ လျှင် နေပြည်တော်တိုင်အောင် တရုပ်စစ်ကြီး ရောက်လတ်မည်၊ သို့လျှင် နေပြည့်တော်မှာ လုပ်ရေးကြံရေးများလိမ့်မည်၊ ယင်းသို့ဖြစ်သောကြောင့် သိန်းနီမှာ ဥဒည်မင်းညီတို့တပ်စုကို ရှိနှင့်စေဦး၊ ကျွန်တော်တို့တပ်ပေါင်း သုံးဆယ်ကျော် အလုံးအရင်းနှင့် သီပေါကြောင်း ဥဒည်မင်းသမက်မြင်းခုံ ရဲတို့တပ်စုကို နေ့ည အလျှင်ချီ၍ နောက်ကတိုက်မည်၊ စစ်နှစ်ဘက်ညှပ် တိုက်ရလျှင် မြင်းခုံရဲတို့တပ်စုခံနိုင်မည်မဟုတ်၊ မြင်းခုံရဲတပ်စုပျက်မှ ဧရာဝ တီမြစ် အရှေ့ဘက် မြို့ကျေးရွာစော်ဘွားမြို့စားဆိုသမျှနှင့် သိန်းနီမြို့မှာနေ သည့် ဥဒည်မင်းညီ ရှုတာလောရဲတို့တပ်စုကို တရုပ်ပြည်တိုင်အောင်လိုက် ထပ်၍ တိုက်မည် ဆိုသည်တွင် ဝန်ကြီး မဟာသီဟသူရက ဆိုသည်ကား– ကိုယ်တို့ဆိုကြသော အရေးလည်း ဆိုကောင်းလေ၏၊ ဆိုရာတွင် ငါတို့ သခင် ဘဝရှင် မင်းတရားကြီးဘုရားသည် မင်းဆိုသော်လည်း မည်ကာ မင်းဖြစ်ဆန်းမဟုတ်၊ မင်းသားလက်ထက် အသက်တဆဲ့ခုနစ်နှစ်အရွယ်က လူလေးထောင် ငါးထောင်ခန့်နှင့်သာ အဝမြို့တွင်းကခံနေသည်၊ တလိုင်း မင်းညီ သားသမက်တို့နှင့် ကြည်းကြောင်းရေကြောင်း ဗိုလ်ပါစစ်သည် နှစ်သိန်းသုံးသိန်းရှိသည်ကို လူနှစ်ထောင် သုံးထောင်ခန့်နှင့်ထွက်၍ အရုံ ကိုဖြုတ်တော်မူသည်၊ တလိုင်း နှစ်သိန်းသုံးသိန်း အရုံကိုဖြုတ်၍ ဆုတ်ခွာ ရလေသည်၊ ယခု မူကား–ဘုန်းတော် လက်ရုံးတော်သည် နေမင်းကဲ့သို့ တောက်ထွန်းတော်မူလျက် တိုင်းကြီးပြည်ကြီး ထီးဆောင်းမင်းအပေါင်း တို့ အရှင်သခင်ဖြစ်လေပြီးသည်၊ တရုပ် ဥဒည်မင်းကိုယ်နှင့် တကွ တရုပ် တို့ တတိုင်းလုံး နေပြည်တော်ကို ရုံသော်လည်း ငါတို့သခင် ဘဝရှင် မင်းတရားကိုလှုပ်ရှားနိုင်မည်မဟုတ်၊တကြောင်းမှာလည်း စစ်တို့သဘော သည် နောက်တပ်မနှင့် မျိုးရိက္ခာ အမြစ်အရင်းဖြစ်သည်၊ စစ်ဦးစစ်ဖျား ဆိုသည်မှာ အခက်အလက်မျှသာ ဖြစ်သည်၊ အမြစ်အရင်း ဖြစ်သော မျိုးရိက္ခာ နောက်တပ်မကို ဖြတ်ပိုင်းတူးပစ်လျှင် အခက်အလက် ဖြစ် သော စစ်ဖျားစစ်ဦး နွမ်းနယ်သွေ့ခြောက်၍ ထင်းမီးအစာတို့ ဖြစ်ရသကဲ့

သို့သာရှိရလိမ့်မည်၊ ယင်းသို့ဖြစ်သောကြောင့် သိန်းနီမြို့တခွင်တပြင်ရှိနေသည့် ဥဒည်မင်းညီ ရုတာလောရဲနှင့်တကွ တရုပ်ဆိုသမျှလည်း အလွန်ဝတ်မွတ်ကြသည်၊ ငါတို့လုပ်ကြံရလျှင် ခံနိုင်မည်လော–ငါတို့ ဆင်မြင်းလူသူ ခြေလက်ပင်ပန်းနွမ်းနယ်လေအောင် နောက်သို့ပြန်၍ အပန်းတကြီးမလုပ်ကြံသင့်သေး၊ ယခုသည်တွင် ဥဒည်မင်းညီ ရုတာလောရဲနှင့် တကွတရုပ်ဆိုသမျှကို နိုင်လိုက်သည့်ကာလ သိန်းနီမြို့ကို အခိုင်အလုံ အစောင့်အနေခန့်ထားခဲ့၍ သီပေါကြောင်း ဆင်းသည့် ဥဒည်မင်းသမက်နှင့်တကွတရုပ်အလုံးအရင်း ဆိုသမျှ ပိုက်သို့ ဝင်မှားသော ငါးကဲ့သို့ ရှိသည်ကိုတယောက်မကျန်ပြန်၍သတ်မည်ဟု ဝန်းကြီးမဟာသီဟသူရက ဆိုသည်တွင် ဝန်ကြီးမဟာသီဟသူရဆိုသောအရေးကို ဝင်းတော်မှူးစသော ဗိုလ်မှူး တပ်မှူးအပေါင်း အကြိုက်ညီကြလေ၏။

ယင်းသောအခါ ရုတာလောရဲလည်း သိန်းနီမြို့တွင်းမှာ လက်နက် ခဲယမ်းများကို သွင်းသားပြီးလျှင် စော်ဘွားနှင့်တကွ တရုပ်ဗိုလ်မှူး တပ်မှူးတို့ကို အခိုင်နေစေသည်၊ ရုတာလောရဲမှုကား သိန်းနီမြို့နှင့် ခွာ၍ တပ်ကြီး အခိုင်အလုံတည်လုပ်စွဲရပ်နေသည်။ ။ယင်းသောအခါ လက်ဝဲဝင်းမှူး တိမ်ကြားမင်းခေါင်စသော ဗိုလ်မှူး တပ်မှူး အပေါင်းတို့ကို ခေါ်၍ဝန်ကြီးမဟာသီဟသူရက ဆိုသည်ကား ယခုဥဒည်မင်းညီစစ်သူကြီးရုတာလောရဲနေသည့်တပ်ကြီးနှင့် သိန်းနီမြို့ကို ထောက်ထား စားဝါးသော်ရုတာလောရဲနေသည့် တပ်ကြီးကား ဆင်ကောင်းမြင်းကောင်း စစ်သည်ဗိုလ်ပါ ကြံ့ခိုင်ထူထပ်များပြားသည်၊သိန်းနီမြို့မှာမူကား မြို့တွင်းဝယ်တရုပ်ရှမ်းအခရာခရာ အစည်းအကြပ်မရှိ အလုပ်အကြံလွယ်သည်၊ သိန်းနီမြို့ကိုအလျင်တိုက်ရမည်ဟု ဆိုပြီးလျှင် လက်ဝဲဝင်းတော်မှူး နေမျိုးစည်သူနှင့်တဆဲ့တတပ် တိုက်ဆင်တရာ, မြင်းတထောင်, စစ်သည်သူရဲ တသောင်းနှင့် လက်ဝဲကြောင်း၊ ရှေ့ဝင်းတော်မှူးတိမ်ကြားမင်းခေါင်နှင့်တဆဲ့တတပ်တိုက်ဆင်တရာ, မြင်းတထောင်, စစ်သည်သူရဲတသောင်းနှင့် လက်ယာကြောင်း၊ ဝန်းကြီး မဟာသီဟသူရမှာ တပ်ပေါင်း ဆယ်တပ်, တိုက်ဆင်တရာ, မြင်းတထောင်, စစ်သည်သူရဲတသောင်းနှင့် အလယ်ကြောင်းနေပြီးလျှင် စစ်သုံးကြောင်းလုံး လက်နက် တူးရွင်း လှေကားနှင့် မြို့ကိုတဟုန်တည်းချဉ်း၍ တက်သည်၊ မြို့ထိပ်က ခုခံ ထိုးခုတ်နှင့်သော်လည်း မြို့တွင်းမှာရှမ်းရော တရုပ်ရောရှိသည်နှင့် မခံမရပ်နိုင် ဗိုလ်မှူး တပ်မှူး သူရဲတော်တို့ ဆင်လုံးမြင်းရင်းနှင့်တကွ မြို့တွင်းသို့ ဝင်မိ၍ ရှမ်းတရုပ်တို့ နှစ်

ထောင် သုံးထောင်ခန့်သေလေလျှင် သိန်းနီစော်ဘွား တရုပ်ဗိုလ်မှူးတပ်မှူးတို့ ရှုံးမိသမျှနှင့် ကိုယ်လွတ်ခွာ၍ ဗိုတာလောရဲတပ်သို့ အနိုင် ဝင်ပြေးကြလေ၏၊ သိန်းနီမြို့နှင့်တကွ တရုပ်တို့လက်နက်ခဲယမ်း စစ်တန်ဆာဆိုသမျှကို အကုန်ရသည်။

ဝန်းကြီး မဟာသီဟသူရလည်း သိန်းနီမြို့ကိုရလျှင် ဥဒိန်ပုညာနှင့် မြို့ဝန်ဟောင်းစစ်ကောင်းသီရိတို့ကို သိန်းနီမြို့မှာ စည်းကြပ် စောင့်နေစေပြီးလျှင် ဝန်းကြီးမဟာသီဟသူရကဤသို့ဆို၏၊ ဥဒည်မင်းညီဗိုတာလောရဲ တပ်ခိုင်ခန့်သည်၊ လူနှစ်သိန်းကျော်,မြင်းနှစ်သိန်းကျော်, အင့်အားကြီးလှသည်၊ သိန်းနီမြို့တိုက်တွင်လည်း သူရဲတော်များရှုနသေဆုံးသည်၊ ဗိုတာလောရဲတို့ တပ်အလုံးလည်း ငတ်မွတ်၍ရှိလေပြီးသည်၊ ယင်းသို့ဖြစ်သောကြောင့် ငါတို့ဗိုလ်ပါသူရဲအရှုအနအသေအဆုံးခံ၍ဆောဆောလျှင်လျှင်မတိုက် သင့်သေး၊ တရုပ်တို့က ရေမခပ် မယူရအောင်ကိုသာ တို့တပ်ကတပ်ပိတ်ဆို့စွဲရပ်ရုံနေရမည်၊ တရုပ်တို့ရေငတ်မွတ်သည့်ကာလမှတိုက်မည်ဆိုသည်တွင် လက်ဝဲဝင်းတော်မှူး စသော ဗိုလ်မှူး တပ်မှူး အပေါင်းတို့ အကြိုက်ညီကြ၍ သိန်းနီမြို့တောင် နံ့ပင်ချောင်းတဘက် ကျောက်ကုန်းရပ်ကသည် မြို့ရှေ့နံ့ပင်မြစ်ကိုလျှောက်၍ မြို့နောက်နံ့တူမြစ်ကိုသိမ်းရုံးပတ်ဝိုက်မိအောင် တတပ်နှင့်တတပ် ကမ်းမိုလှမ်းမှီ တည်ရပ်ဆီးဆို့ရုံနေကြသည်၊ ထိုပြင် ရေခပ် လမ်းပေါက်လမ်းဝဆိုသမျှကိုလည်း တရုပ်တို့က ရေမခပ် မယူရအောင် တပ်နှင့်ချည်း ခန့်ထားပိတ်ဆို့စေ၏။

ဥဒည်မင်းညီ ဗိုတာလောရဲနှင့် တရုပ်ဆိုသမျှလည်း နောက်ကမ္ဘိသမျှ ရိက္ခာ မပေါက်မရောက်၍ အစားအစာ ငတ်မွတ်ရင်း ရှိသည်နှင့် ရေမသောက်ကြရလေလျှင်အလွန်ဂင်ပန်းကြလေသောကြောင့် တရုပ်အများ အသက်စွန့်၍ ရေရှိရာပြေးလာသည့် တရုပ်တို့ကို ဖမ်းဆီး ရမိလေသည်တွင် တရုပ်ဘပ်တွင်းမှာ ရေစာအလွန်ငတ်မွတ်ပင်ပန်းကြကြောင်းကို ဝန်ကြီးမဟာသီဟသူရ အတပ်အကြပ်သိလျှင် ဗိုလ်မှူး တပ်မှူး သူရဲတော်တို့ တပ်ခေါင်းသုံးဆယ်ကျော် စစ်သုံးကြောင်းဖြန့်၍ ဆင်ပါမြင်းပါ တရုပ်တို့ တပ်ကိုနင်းသည်၊တရုပ်တို့လည်း အစားလည်းမစားရ, ရေလည်း အလွန်ငတ်မွတ်သောကြောင့် မရပ်မခံနိုင်လျှင် ဥဒည်မင်းညီ စစ်သူကြီးဗိုတာလောရဲလည်း သည်စစ်ကို ငါစည်းကြပ်ကွပ်ကဲသော်လည်း ခံရပ်နိုင်မည့်အကြောင်းမရှိ သေရသော် ကောင်း၏ဟု လည်ကိုဓားနှင့်လှီး၍သေလေလျှင် တရုပ်ဗိုလ်မှူးစစ်ကဲတို့မကွပ်မကဲနိုင်၊ တရုပ်တပ်အလုံး အဆီးအတား

မရှိပျက်လေ၍ သူရဲတော်တို့ တရုပ်တို့ကို လိုက်ထပ်ဖမ်းဆီးထိုးခုတ်သည်၊ လက်နက်,ဆင်မြင်း, လောလား, သုံ့ပန်းလူသူအများ ရလိုက်သည်၊ သေလေသည် မရေတွက်နိုင် သတ်လိုက်ရ၏၊ အနိုင် ကိုယ်လွတ်ပြေးထွက်နိုင်သူတို့သာ လွတ်လေသည်၊ တရုပ်ဗိုလ်မှူး ဇုတာလောရဲ ယောက်ဖဗိုလ်, ခဲဝါဗိုလ်, ပန်းသေးဗိုလ်, ရည်စုံရဲ, ရည်တာရဲ,ကွင်လောရဲတို့ကို စီးသည့်မြင်းနှင့်တကွ ရလိုက်၏။

ဝန်ကြီးမဟာသီဟသူရတို့လည်း သိန်းနီမှာ ရပ်နေသည့် စစ်သည် နှစ်သိန်းကျော်, မြင်း နှစ်သောင်းကျော်နှင့် ဥဒည်မင်းညီ ဇုတာလောရဲတို့ တပ်စုကို အလိုတော်ပြည့်လျှင် သိန်းနီမြို့မှာ မြို့ဝန်ဟောင်း စစ်ကောင်းသီရိနှင့် ဥဒိန်ပုညာတို့ကို လက်နက်ဆင်မြင်း လူသူအပြည့်အဝ ပေးအပ်စောင့်နေစေ၍ မြင်းခုံရဲတို့ကို တိုက်မည်ဟု သိန်းနီက သီပေါကြောင်းချီရ၏။ ။လုံကာပြင်ကြီးတွင်ရပ်နေသည့် ဝန်ကြီးမဟာစည်သူတို့မှာလည်း ခြေရင်းတော်က ရန်ငူးသီရိ နော်ရထာ ပြန်ရောက်လာ၍ ဘဝရှင်မင်းတရားကြီးဘုရား အမျက်တော်ရှိကြောင်းကိုကြားသိလျှင် အသားစားအံ့သကဲ့သို့ ကြောက်ရွံ့ကြ၍ ငါတို့ဗိုလ်မှူးတပ်မှူး နှစ်ဆယ်ကျော် တယောက်မလွတ်သေ၍ ကုန်သော်သာ တရုပ်တို့ရှေ့သို့တိုး၍ ပေါက်ရမည်ဟု ကြိုးဝါးပြီးလျှင် လုံကာပြင်ကြီးကသည် သုံးဆယ်ကိုလှည့်၍ဆင်းခဲ့သည်၊ဥဒည်မင်းသမက် မြင်းခုံရဲတို့တပ်စုနှင့် တွေ့လေလျှင် ကသည်းဝန်နှင့် ဆယ်တပ် တိုက်ဆင်တရာ, မြင်းတထောင်,စစ်သည်သူရဲတသောင်းနှင့် လက်ဝဲကြောင်း၊ မကွေးရာဗိုလ်နှင့်ဆယ်တပ် တိုက်ဆင်တရာ, မြင်းတထောင်, စစ်သည်သူရဲ တသောင်းနှင့် လက်ယာကြောင်း၊ ဝန်ကြီးမဟာစည်သူမှာ တပ်ပေါင်းဆယ်တပ်, တိုက်ဆင်တရာ, မြင်းတထောင်, စစ်သည်သူရဲ တသောင်းနှင့် အလယ်ကြောင်းနေပြီးလျှင် စစ်သုံးကြောင်းလုံးဖြန့်၍ ကိုက်သည်၊ တရုပ်တို့ကစစ်အားကြီးလှသည်၊ တရုပ်တသောင်းနှစ်သောင်းခန့် ထိပါးသေဆုံးသော်လည်း ပျက်အောင် မဖျက်မဆီးတည့်နိုင် ရှိလေလျှင် ဝန်ကြီးမဟာစည်သူလည်း စစ်ကိုသိမ်းပြီးမှဆင်မြင်းလူသူဖြည့်တင်းပြီးလျှင် မဏိစက်နှင့် သေနတ်စွဲသူရဲ တထောင်, သမန္တရဲနှင့် သေနတ်စွဲ သူရဲ တထောင်,အင္ဂရဲနှင့် သေနတ်စွဲ သူရဲတထောင်,သိခ်ပျံချီနှင့်သေနတ်စွဲသူရဲ တထောင် ညဉ့်ကတရုပ်တို့တပ်ကို နောက်သို့ပတ်မိအောင် လက်ဝဲ လက်ယာ လှည့်သွားပြီးလျှင် နံနက်မိုးသောက်လျှင် တရုပ်တို့တပ် လက်ဝဲစွယ် လက်ယာစွယ်တို့ကို တိုက်ရမည်၊ နောက်ကတိုက်သည့်ပြောင်းသေနတ်သံ

ကြားလျှင် ငါတို့တပ်စစ်သုံးကြောင်း တရုပ်တပ်ကိုဝင်၍နင်းမည်ဟု ချိန်းချက်ချီသွားစေသည်၊မဏိစက်,သမန္တရဲ,အဂ္ဂရဲ,သိဒ်ပျံချီတို့ သေနတ်လေးဆောင်လည်း ညဉ့်ကို လက်ဝဲလက်ယာချီသွား၍ တရုပ်တို့တပ်နောက်သို့လှည့်ပြီးလျှင် အသက်အသံမရှိစေရ တောကပုန်းကွယ်နေ၍ နံနက်လင်းအားကြီးကို တရုပ်တို့တပ်လက်ဝဲစွယ်လက်ယာစွယ်ကိုမဆုတ်မဆိုင်း တက်သည်၊တရုပ်တို့လည်း သိန်းနီဟာမြန်မာတို့တပ်စုငါတို့ဆီသို့ဘိ၍ ဆင်းချေပြီအမှတ်နှင့်နောက်ကိုသာအားကြိုး၍ခံသည်၊ ဝန်ကြီးမဟာစည်သူတို့စစ်သုံးကြောင်းလည်း ညဉ့်ကပင်ဆင်မြင်းလက်နက် စည်းကြပ်၍ အသင့်နေကြသည်နှင့် ပြောင်းသေနတ်သံ ကြားလျှင် စစ်သုံးကြောင်းဖြန့်၍ အတည်းအတွမရှိ ရွပ်ရွပ်သိသိတရုပ်တို့တပ်စုကို ဆင်ပါမြင်းပါနင်း၍ ထိုးခုတ်ပစ်ခတ်သည်၊ ထိုအခါ တရုပ်တို့သွေးလူး၍ ဓား လှံ လက်နက်ကိုမျှ သူရဲတော်ဘို့သက်တွင်မမြဲနိုင်အောင် ရှိ၏၊ ဥဒည်ခင်းသမက် စစ်သူကြီးမြင်းခုံရဲလည်း နောက်ကရိက္ခာဝို့ မပေါက်မရောက် ပြတ်လပ်ငတ်မွတ်လာသည်နှင့် တရုပ်တို့ မရေမတွက်နိုင်အောင် သေလေလျှင် အထောက်ထောက်တပ်ခံထား၍ သောင်းတပ်သုံးဆယ်အလုံး ဆုတ်ခွာကြလေ၏။

ဝန်ကြီးမဟာစည်သူတို့ စစ်သုံးကြောင်းလည်း တရုပ်တို့ဆုတ်ခွာယေရာ လိုက်ထပ်၍ တိုက်သည်၊ တရုပ်တို့အကောင် တောတောင် မလပ်အထပ်ထပ် အတင်တင် ရှိလေ၏။

စစ်သူကြီးမြင်းခုံရဲလည်း ရှံးမိသမျှနှင့်သိန်းနီလမ်းကိုလွဲပြီးလျှင် တောင်ပိုင်သို့ လှည့်ပတ်၍ ဆုတ်ခွာလေသည်၊ မိုင်းရှံးမိုင်းယည်သို့ ရောက်လျှင်ဘောင်ထိပ်တွင် စုရုံးစည်းကြပ် ရပ်နေပြန်၏။

ဝန်ကြီး မဟာစည်သူတို့ တပ်စုလည်း ချီ၍ လိုက်သည်၊ လားရှိုးအနောက် နောင်ပေါ်သို့ရောက်လျှင် သိန်းနီကချီလာသည့် ဝန်ကြီး မဟာသီဟသူရတို့ တပ်စုနှင့် ပေါင်းမိကြ၍ ဝန်ကြီးမဟာသီဟသူရ, ဝန်ကြီးမဟာစည်သူတို့ မိုင်းရှံး မိုင်းယည်မှာ ရပ်နေသည့် ဥဒည်မင်းသမက် စစ်သူကြီး မြင်းခုံရဲကို ဖမ်းမည် ချီကြသည်၊ မြင်းခုံရဲလည်း တပ်တော်အများလိုက်ထပ်ချီလာသည်ကိုကြားလျှင် မရပ်မခံဝံ့၊ မိုင်းရှံး-မိုင်းယည်ကသည်တရုပ်ပြည်ဘိုင်အောင် ပြေးလေသည်။ ဝန်ကြီးမဟာသီဟသူရ, ဝန်ကြီးမဟာစည်သူတို့လည်း တရုပ်တို့တပ်ဆိုသမျှ မရပ်မတင်း ဆုတ်ခွာထွက်ပြေး၍ အရေးတော် ပြီးပြေကုံဘွင်လျှင် ရလိုက်သည့် မြင်း, လောလား, လက်နက်, သုံ့ပန်းလူသူတို့ကို သိမ်းယူ၍ (၁၁၂၉) တထောင့်တရာ့ နှစ်

ဆွဲကိုးခု တပေါင်းလပြည့်ကျော် တဆွဲလေးရက်နေ့ ခြေရင်းတော်သို့ ပြန်ခဲ့ကြ၏။

သဥ္စာနွယ်လိမ်ကြောင်း ဗန်းခမော်သို့ချီလာသည့် တရုတ်တသိန်းကျော်လည်း ဗန်းမော်မြို့ကို အထပ်ထပ်ဝန်းရံ၍ အကြိမ်ကြိမ် တိုက်ကြသည်၊ မြို့တွင်းက ဗလမင်းထင်စီရင်၍ တပ်သို့ချဉ်းကပ်လာသမျှ မလွတ်ရအောင် ထိုးခုတ်ပစ်လွှတ် ရိုက်ချသည်၊ တရုတ်ဘို့ မရေတွက်နိုင်အောင် သေဆုံး၍ မချဉ်းနိုင်မကပ်နိုင် ရှိသည်အတွင်း ဥဒည်မင်းသမက် မြင်းခုံရဲ, ဥဒည်မင်းညီ ရှုတာလေးရဲတို့ တပ်ဆိုသမျှပျက်၍ ဆုတ်ခွာထွက်ပြေးရကြောင်းကို ကြားသိလျှင် မျိုးရိက္ခာ အစားအစာ ငတ်မွတ်လှသည်နှင့် ဗန်းမော်သို့ဆင်းသာသည့် တပ်ဆိုသမျှ အရံကိုဖြုတ်၍ ဆုတ်ခွာ ထွက်ပြေးကြလေ၏။

## ပုဂံရွှေစည်းခုံ ထီးဟော်အသစ်တင်လှူ၍ ရွှေတိဂုံဘုရား ပဌမဖောင်းတိုင်ကို ပြင်ဆင်လုပ်ဆောင်ခြင်း လင်းဇင်းမင်းက သမီးကညာဆက်သပုံ

သက္ကရာဇ် (၁၁၃၀) တထောင့်တရာ့သုံးဆယ် တန်းခူးလဆန်း တဆွဲလေးရက် သောကြာနေ့ ပုဂံရွှေစည်းခုံဘုရား ထီးတော်ကျလျှောချေ၏။ ဘဝရှင် မင်းတရားကြီး ဘုရားသည်း ပုဂံရွှေစည်းခုံဘုရား ထီးတော်ကျလျှောသောကြောင့် တင်လှူတော်မူရန် ထီးဘော်အသစ် လုပ်စေပြီးလျှင် ထီးတော်ကို ရွှေဗုဒ္ဓန်ခွံမွမ်းစေသည်၊ ဘုရားရှင်ကိုလည်း ထပ်မံပြင်ဆင်တော်မူ၍ ချရားသီးကသည် မြေဘိုင်အောင် ရွှေပိန်းယည့်တော်မူသည်။ ထီးတော်နှင့်တကွ ဘုရားရှင်အလုပ်အဆောင် အလုံးစုံပြီးပြေလျှင် မယ်တော်,နှမတော်, ရှင်မိဖုရားခေါင်ကြီး, မိဖုရား, သားတော်, ညီတော်, ဆွေတော်မျိုးတော်, မှူးတော်မတ်တော်အပေါင်း ခြံရံ၍ ရွှေဖောင် ရွှေလှေ မြစ်လုံး ပြောင်ပြောင်ညီးလျက် ရေတပ် ကြည်းတပ် ကျိုက်ကျိုက်ဆူမျှ သက္ကရာဇ် (၁၁၃၀) တထောင့်တရာ့သုံးဆယ်ပြည့် ကဆုန်လဆန်း တဆွဲငါးရက် စနေနေ့ ပုဂံမြို့သို့ စုန်ခတော်မူသည်၊ ကဆုန်လပြည့်ကျော် သုံးရက်နေ့ရောက်တော်မူလျှင် ပုဂံမြို့မှစ၍ အကြေအညာမြစ်စဉ်တလျှောက်တွင် သီတင်းသုံးနေကုန်သော အရညဝါသီ ပုဂ္ဂိုလ်, ဂါမဝါသီပုဂ္ဂိုလ်, အရိယာ သင်္ဃာတော်တို့အား ပရိက္ခရာရှစ်ပါးနှင့်တကွ ရဟန်းတို့အသုံးအဆောင်ကို များစွာလှူတော်မူ၍ နယုန်လဆန်း တဆွဲငါးရက် တနင်္ဂ

နေ့ ရွှေစည်းခုံဘုရားကို ရွှေထီးအထွတ် တင်လှူတော်မူသည်၊ ပွဲသဘင်ကြီးစွာလည်း ခံတော်မူသည်၊ ကုသိုလ်တော်အလုံးစုံပြီးပြေလျှင် နယုန်လပြည့်ကျော် ခုနစ်ရက်နေ့ နေပြည်တော်သို့ ပြန်တော်မူ၏။

ထိုနှစ် နယုန်လပြည့်ကျော် တဆဲ့သုံးရက် စနေနေ့ မြေငလျင် ပြင်းစွာလှုပ်၍ ရွှေဒဂုန်ဆံတော်ရှင်ဘုရား ဆတ်သွားဖူးကသည် ပဋ္ဌမဖောင်းတိုင်ပြို၍ ထီးကျလျှောသည်ကို ရန်ကုန်မြို့ဝန်က လျှောက်ထားလာ၍ ကြားတော်မူလျှင် ရွှေဒဂုန်ဆံတော်ရှင်ဘုရား ပြိုပျက်သည်ကို ရန်ကုန်မြို့ဝန် အရာရှိတစုတို့ ကြပ်မ၍ သေချာကောင်းမွန်အောင် ပြင်ဆင်လုပ်ဆောင်စေ-အမိန့်တော်ရှိ၍ ပြင်ဆင် လုပ်ဆောင်ကြရသည်ကား-စေတီတော် ပစ္စယာပန်းတင်ပါ ပျက်စီးယိုယွင်းသည်ကိုပစ္စယာပန်းတင်ဟောင်းတွင် စဘုရန်၊ သံတောင်ကိုးရာဖွင့်ပြီးလျှင် ကောင်းမွန်အောင် ပြင်ဆင်လုပ်ဆောင်ကြရသည်၊ သပိတ်မှောက်အထက် ပဋ္ဌမဖောင်းကစ၍ ဌပနာသည်မှာ စေတီတော်ပြိုသည်တွင်ရသည့် ရွှေဆင်းတုဆူရေ ခြောက်ရာ့နှစ်ဆဲ့ငါး၊ ငွေဆင်းတုဆူရေ ခုနစ်ထောင့် ခုနစ်ရာ့ လေးဆဲ့ခြောက်၊ ကုသိုလ်တော် ရွှေဆင်းတု ငွေဆင်းတုများနှင့် ရွှေစေတီ, ငွေစေတီများတွင် သရီရဓာတ်တော် မွေတော်များကို ပတ္တမြားကြုတ်နှင့်သွင်းပြီးလျှင် ရွှေပန်းခိုင်, ငွေပန်းခိုင်, ရွှေတန်ဆောင်, ငွေတန်ဆောင်, ရွှေပေါက်ပေါက်, ငွေပေါက်ပေါက်, ရွှေထီး, ငွေထီး,ရွှေတံခွန်, ငွေတံခွန်တို့နှင့် တကွ တော်သင့်ရာများတွင် ဌပနာရသည်။

စေတီတော်မှာ သပိတ်မှောက်အထက် လည်သီးသုံးဆင့် အမြင့် သံတတောင့်တမိုက် လေးသစ်၊ ၎င်းအထက် ပြေ့ာ အမြင့် လေးတောင်, အချင်း သုံးဆဲ့ငါးတောင့်နှစ်မိုက်၊ ၎င်းအထက် လည်သီးကြိုးသုံး အမြင့် တတောင့်တမိုက် လေးသစ်၊ ၎င်းအထက် ပဋ္ဌမဖောင်း အမြင့်နှစ်တောင့် လေးသစ်, အချင်းသုံးဆဲ့နှစ်တောင့် သုံးသစ်၊ ၎င်းအထက် လည်သီးကြိုးသုံး အမြင့် တတောင့်တမိုက် လေးသစ်၊ ၎င်းအထက်ပြေ့ာ အမြင့် သုံးတောင့်နှစ်မိုက်, အချင်းသံတောင် သုံးဆယ်တမိုက်တသစ်၊ ၎င်းအထက် လည်းသီးကြိုးသုံး အမြင့် တတောင့်တမိုက် လေးသစ်၊ ၎င်းအထက် ဒုတိယဖောင်းလုံး အမြင့် နှစ်တောင်, အချင်း နှစ်ဆဲ့ခြောက်တောင့် တမိုက်၊ ၎င်းအထက် လည်သီးကြိုးသုံး အမြင့် တတောင့်တမိုက် လေးသစ်၊ ၎င်းအထက်ပြေ့ာ အမြင့်သံသုံးတောင်, အချင်း နှစ်ဆဲ့လေးတောင် နှစ်မိုက်၊ ၎င်းအထက်လည်သီးကြိုးအမြင့်သံတတောင့်တမိုက်လေးသစ်၊၎င်းအထက်

တတိယဖောင်းလုံး အမြင့်သုံးနှစ်တောင်, အချင်းနှစ်ဆဲ့လေးတောင်၊ ၎င်းအဆက်ကြိုး အမြင့်တမိုက်၊ ၎င်းအထက်အလင် အမြင့် သုံးနှစ်တောင့်နှစ်မိုက်၊၎င်းအထက်ကြိုးအမြင့်နှစ်မိုက်၊၎င်းအထက်ကြာနအမြင့်သုံးနှစ်တောင်နှစ်မိုက်လေးသစ်၊ ၎င်းအထက်ကြိုး အမြင့် သုံးတတောင်၊ ၎င်းအထက်ကြာရင်း အမြင့်သုံးငါးတောင်, အချင်းသုံးတောင် နှစ်ဆဲ့တမိုက်လေးသစ်၊ ၎င်းအထက်ကြိုးသုံး အမြင့်သုံးတတောင်တမိုက်၊ ၎င်းအထက်ရွဲလုံး အချင်းသုံးသုံးတောင်၊ ၎င်းအထက်ကြိုးသုံး အမြင့်တတောင့်နှစ်မိုက်၊၎င်းအထက်ကြာရင်း အမြင့်လေးတောင့်နှစ်မိုက်, အချင်း သုံးတဆဲ့ငါးတောင်၊ ၎င်းအထက်ကြိုး နှစ်မိုက်၊ ၎င်းအထက်ကြာန အမြင့်နှစ်တောင်၊ ၎င်းအထက်ကြိုး နှစ်မိုက်၊ ၎င်းအထက် ဆတ်သွားဖူး အမြင့်သုံး သုံးဆဲ့ခြောက်တောင်အချင်းတဆဲ့ခြောက်တောင်နှစ်မိုက်။

သပိတ်မှောက်အထက် လည်သီးကြိုးသုံးရစ်ကသည် ဆတ်သွားဖူးကုန် သုံးတောင်ရှစ်ဆဲ့ခုနစ်တောင့်နှစ်မိုက်ကိုစေတီတော်ပြီးပြက်သည်တွင်ရသည့် ကမ္ဗည်းပါကြေးအုတ်ချပ်ရေ တရာ့လေးဆဲ့ ခြောက်ချပ်၊ အချိန်ခြောက်ရာ့ငါးဆဲ့ကိုးပိဿာ့ အကျပ်ငါးဆယ်၊ ၎င်းကမ္ဗည်းမပါ ကြေးအုတ်ချပ်ရေ ခြောက်ရာ့ငါးဆဲ့ရှစ်ချပ် အချိန်ယေးရာ့ နှစ်ဆဲ့ ခုနစ်ပိဿာ့ အကျပ်တဆယ်၊ နှစ်စုကြေးအုတ်ချပ်ရေရှစ်ရာ့လေးချပ်၊ နှစ်စုချိန်တထောင့်ရှစ်ဆဲ့ခြောက်ပိဿာ့ အကျပ် ခြောက်ဆယ်များနှင့် ကုသိုလ်တော်ရွှေအုတ်ချပ်ရေ သုံးထောင့် ငါးရာ့ သုံးဆဲ့ရှစ်ချပ်, ငွေအုတ်ချပ်ရေငါးထောင်နှင့်တကွ အကုဋေမကသော အုတ်တို့ကို နရပတေ, အင်္ဂတေ,သားရွတ်တို့ဖြင့် စေ့စပ်သေချာစွာ ကြေးတသိန်း, သုံးတသိန်းတို့နှင့်ကွပ်၍ ကြေးမှို သံမှိုစွဲပြီးလျှင် စေတီရံသုံးရာ, ခြသေ့်နှစ်ဆဲ့ရှစ်စီးနှင့်တကွ အလုံးစုံကောင်းမွန်သေချာခိုင်ခန့်အောင် လုပ်ဆောင်ရသည်။

သက္ကရာဇ် (၁၁၃၁) တထောင့်တရာ့ သုံးဆဲ့တခု၊ ဝါခေါင်လပြည့်ကျော်ခြောက်ရက် ဗုဒ္ဓဟူးနေ့တွင် စန္ဒပူရီလင်းဇင်းမင်းက အဆင်းအင်္ဂါလက္ခဏာနှင့်ပြည့်စုံသောသမီးနှင့်တကွ ဆင်းအစီငါးရာ,အထူးထူးသောလက်ဆောင်တော်များကို သား,ညီ, အမှူးအမတ်တို့ ကြီးကြပ်ဆောင်ယူစေ၍ ကျွန်တော်ခံ အဆက်အသလာသည်ကို ခြေရင်းတော်က အထုံးအမြိတ် အပြင်အဆင်တတ်သသူ ကတော်မယားတို့နှင့် မင်းသမီးစီးရန်ယွန်းဆက်ဖောင်ဦးပွဲရွှေ ပိန်း,လက်ဆောင်တော်တင်ရန် ဖောင်လင်းဇင်း

မင်းမှူးအမတ်တို့ စီးရန်ဖောင် ဆွဲလှေငင်လှေများကို ဝန်းကြီးဝန်ထောက်တို့ကြပ်မ၍ ဒုတ္တာဝတီမြစ်ညာညောင်နီပင်ဆိပ်ရောက် ကြိုဆိုဆောင်ယူစေ၍ မြစ်ငယ်နားလေးထောင့်ဝဲတောင်ရှမ်းဈေးအရပ်တွင် ကန္နားကြီးကျယ်သာယာစွာ ဆောက်လုပ်ရပ်နေစေပြီးလျှင် မှူးတော်မတ်တော်ကတော်မယားတို့ သနားတော်ခံရသည့် မှတ်လှကန္နားပေါင်းယည်သန်လျှင်းတို့နှင့် ကျင်းပခြီရံစေ၍ လင်းဇင်းမင်းသမီးကိုခွေဝေါနှင့်တင်ပြီးလျှင် မြို့ကြီးအရှေ့မျက်နှာ မုတ္တမတံခါးကသည် အနီကုန်း,မှန်တန်း,ကင်ပွန်းချုံ,ကုန်းရိုး,ကုလားစာသင်,တပ္ပဲတမ်းမင်းလမ်းကိုလျှောက်၍အတွင်းမြို့အနောက်မျက်နှာစံရာတံခါးက ဝင်စေပြီးလျှင် နန်းမြို့တော် အနောက်တံခါးကသွင်း၍ ထိုနှစ် ဝါခေါင်လပြည့်ကျော် ကိုးရက်နေ့ အဆက်အသ ခံတော်မူသည်၊ ဆင်ငါးရာနှင့်တကွ အထူးထူးသော လက်ဆောင်တော်တို့ကိုလည်း နန်းမြို့တော်အရှေ့မျက်နှာတံခါးကသွင်းစေ၍ အဆက်အသကို ခံတော်မူပြီးလျှင် လင်းဇင်းမင်းသမီးကို ပဘာဝတီဘွဲ့အမည်နှင့် မိဖုရားတို့အဆောင်အရွက်ကို ပေးတော်မူသည်၊ ဆောင်ခြားထားတော်မူ၍လည်း အပါးတော်တွင် မပြတ်စေပါးတော်မူ၏။

## စတုတ္ထအကြိမ် တရုပ်မြန်မာ တွေ့ကြပြန်ခြင်း

သက္ကရာဇ် (၁၁၃၁) တထောင့်တရာ့သုံးဆဲ့တခုနှစ်၊မြင်းငါးသောင်းလူငါးသိန်းကို၊ တရုတ်စစ်သူကြီး သူကုန်ရဲ, အာကုန်ရဲ, ယွန်းကုန်ရဲတို့ ချုပ်၍ ဗန်းမော်ကြောင်း ချီလာပြန်သည်၊ ထိုအကြောင်းကို ဗန်းမော်ကောင်းတုံမြို့များကလျှောက်၍ ဘဝရှင် မင်းတရားကြီးဘုရား ကြားတော်မူလျှင် ငါးဘို့ဝန်နေမျိုးစည်သူကျော်ထင် တတပ်၊ ကျိုင်းသေဥဝန်တတပ်၊ မန်းကျည်းဘုံမိုလ်တတပ်၊ စလေစားတတပ်၊ စာရေးမိုလ်တတပ်၊ ငါးပတ်ချောင်းမိုလ် တတပ်၊ တောင်တလုံးမိုလ် တတပ်၊ သစ်ဆိမ့်မိုလ် တတပ်၊ အောင်သာမိုလ် တတပ်၊ ညောင် ခြေထောက်မိုလ် တတပ်၊ ချောင်းဦးမိုလ် တတပ်၊ အမြောက်ဝန် နေမျိုးသီဟသူတပ်မနှင့်သော် တပ်ပေါင်းတဆဲ့နှစ်တပ်တွင်ပါသည့် တိုက်ဆင်တရာ, မြင်းတထောင့်နှစ်ရာ,စစ်သည်သူရဲ တသောင်းနှစ်ထောင်တွင် သမန်သာမိုလ်ကို စစ်ကဲ, အမြောက်ဝန်နေမျိုးသီဟသူကို ဗိုလ်မှူးခန့်တော်မူ၍ ထိုနှစ်သီတင်းကျွတ်လပြည့်ကျော်ငါးရက်နေ့ ရောဝတီမြစ် အနောက်ဘက်ကြောင်း မိုးကောင်းသို့ ချီစေသည်။

ရေကြောင်း မှာလည်း လက်ဝဲဝင်းတော်မှူး နေမျိုးစည်သူ တတပ်၊ မင်းရဲရန်နောင် တတပ်၊ မင်းရဲဇေယကျော် တတပ်၊ တရပ်ဝန် နေမျိုးစည်သူသင်္ခယာ တတပ်၊ နေမျိုးလက်ယာကျော်ခေါင် တတပ်၊လိုင်မြို့စား တတပ်၊ ယွန်းစု ကောင်ဟန်ဝန်တတပ်၊ တပ်ကောင်ဟန်ဝန် ရွှေတောင်ရဲခေါင်နော်ရထာ တတပ်၊ လယ်ကိုင်းမြို့စား တတပ်၊ဗညားဒလတတပ်၊ ဗညားရဲခေါင် တတပ်၊ ရဲခေါင်နော်ရထာ တတပ်၊ စည်သူ ကျော်ထင် တတပ်၊ နော်ရထာရဲခေါင် တတပ်၊ ဝင်းကောင်ဟန်ဝန် ပျံချီသီရိကျော်ထင် တတပ်၊ မင်းကြီးဂါမဏိစန္ဒ တတပ်၊ မဏ္ဍရာမိုလ် တတပ်၊ ကသည်းဝန် တတပ်၊ ဥဒိန်ပညာတတပ်၊ ဓမ္မတာ တတပ်၊ ဗညားဦး တတပ်၊ဗလဖျံချီ တတပ်၊ ရန်ငူးသီရိနော်ရထာ တတပ်၊ သမန္တရဲ တတပ်၊ အဂ္ဂရဲ တတပ်၊ ကျော်ထင်တရဖျား တတပ်၊ ကျိုင်းသေဉ်စား ကျော်စွာသီရိနော်ရထာ တတပ်၊ လင်းဇင်းမိုလ်နော်ရထာကျော်ခေါင် တတပ်၊သူရိန်တန်ဆောင် တတပ်၊ နေမျိုးနန္ဒမိတ် တတပ်၊ ရေတွင်းကောင်းမိုလ်တတပ်၊ မြင်းမွေးမိုလ် တဘပ်၊ ရွာသစ်ကြီးမိုလ် တတပ်၊ မြစ်ခြေစား တတပ်၊ငွေတောင်ကြီးတတပ်၊ လက်ယာသာဂသူတတပ်၊ လေးတောစား တတပ်၊ ကျောက်ကာမိုလ် တတပ်၊ မြေထဲစား တတပ်၊ မင်းငယ်ဗလ တတပ်၊ လိုင်မိုလ်တတပ်၊ ခင်ဦးမိုလ်ဘတပ်၊ ကျားရွာမိုလ် တတပ်၊ ပြည်လုံးသရေကျော်ခေါင် တဘပ်၊ ကျောက်တလုံးမိုလ် တတပ်၊ အရေးလွန် တတပ်၊ ကူးတို့စား တတပ်၊ ကျော်ဂသူ တတပ်၊ ခံတောမိုလ် တတပ်၊ ဝန်ကြီး မဟာသီဟသူရတပ်မနှင့်သော် တပ်ပေါင်းငါးဆယ်တွင်ပါသည့်စစ်သည်သူရဲ ငါးသောင်းဘွင် ရွှေဝင်းမှူး တိမ်ကြားမင်းခေါင်နှင့် မြောက်ဘက်မြင်းဝန်-ဝန်ထောက် ရွှေတောင်နော်ရထာတို့ကို စစ်ကဲ, ဝန်ကြီး မဟာသီဟသူရကို အချုပ်ခန့်တော်မူ၍ သီထင်းကျွတ်လပြည့်ကျော် ရှစ်ရက်နေ့ဗန်းမော်သို့ ရေကြောင်း ချီစေသည်။ ။ဒိုးမြိတ်စော်ဘွားနှင့် ကျော်ထင်ရာဇာတို့နှစ်တပ်ကိုလည်း ဆင်တပ် မြင်းဘပ်များကိုအုပ်စေ၍ ၎င်းသီတင်းကျွတ်လပြည့်ကျော် တရက်နေ့ ရောဝတီမြစ် အရှေ့ဘက်ကြောင်း ချီရသည်။

တရုပ်စစ်သူကြီး သူကုန်ရဲ, အာကုန်ရဲ, ယွန်းကုန်ရဲတို့ ချီလာသည်မှာလည်း လီစောတောင်သို့မရောက်မီ ရောရည့်တောင်သို့ရောက်လျှင် မြင်းတသောင်း, လူဘသိန်းကို ကျင်နန်မိုလ် ဆင်တာရည်ကို အချုပ်ခန့်၍ မိုးကောင်းကြောင်း ချီစေသည်၊ သစ်,ဖျဉ် ရလွယ်ယာလွယ်သည့် တောက

ခုတ်လုပ်တိုက်ခဲ့ပြီးလျှင် သမ္ဗန်လုပ်ရန် အသင့်ရန်ထား၍ မြစ်ညာဆိပ်ကမ်း သင့်ရာသို့ ဆောင်ယူခဲ့ပြီးလျှင် သမ္ဗန်အများ လုပ်ရမည်ဟုလည်း ဗိုလ်မှူးလောတာရဲကို သစ်ခုတ်လက်သမားလူတသောင်းပေးအပ်ခန့်ထားခဲ့၍ စစ်သူကြီးသုံးဦးတို့ ဗန်းမော်သို့ချီလာသည်၊ ဗန်းမော်မြို့သို့ ရောက်လျှင် ကောင်းတုံမြို့အရှေ့ခြောက်တိုင်ကွာ ရွှေညောင်ပင်အရပ်တွင် တပ်ကြီးတပ်ခိုင် တည်လုပ် ရပ်နေပြီးလျှင် လူတသိန်း, မြင်းတသောင်းနှင့် ဗိုလ်မှူး ယွန်းကုန်ရဲကို အခစောင့်အနေခန့်ထားခဲ့၍ စစ်သူကြီး သူကုန်ရဲ, အာကုန်ရဲတို့မှာ ဗိုလ်မှူး ကွေ့စွေမြို့စား ကျည်မင်းတိတူဟာ၊ ရင်နံမြို့စား ဆင်တာရည်၊ မင်းသား မြင်းတာရည်ငယ်၊ ဟိုက်တာရည်၊ စောတုံမြို့စား ဟွတာရည်၊ ရွှိလင်းမြို့စား ဟာတာရည်၊ သူကျင်မြို့စား ရိတာရည်၊ လျှင်ရင်းမြို့စား ရိုးဟာရည်၊ လည်ရွှဲမြို့စား ရာတာရည်၊ ကွေ့စွေမြို့နေ လီတာရည်၊ ခွံရီမြို့စား ကုန်တာရည်တို့ ဗိုလ်မှူး တဆဲ့နှစ်ဦး မြင်းသုံးသောင်း, လူသုံးသိန်းများနှင့် ကောင်းတုံမြို့ကို ကြည်းက ဝန်းရံလှာ၏။ မြစ်ညာမှာလုပ်စေသည့် သမ္ဗန်များကိုလည်း ချယူခဲ့စေ၍ သူကျင်မြို့စား ရိတာရည်ကို ကြည်းတပ်က လူငါးသောင်း ပေးအပ်ပြီးလျှင် ရေကြောင်းက သမ္ဗန်ငါးရာနှင့် ဝန်းရံစေသည်။

ယင်းသို့ ဗလမင်းသင်ခနေသည့် ကောင်းတုံမြို့ကို ကြည်းကြောင်း ရေကြောင်း အဆပ်ထပ် အပိတ်ရံပြီးလျှင် တရုပ် ဗိုလ်မှူးတပ်မှူးတို့ ကွပ်၍ အကြိမ်ကြိမ်တိုက်သည်၊ ဗသမင်းထင်လည်း မြို့ထိပ်တပ်ထိပ်သို့ အမြောက်စိန်ပြောင်း, လက်နက် အပြည့်တင်ပြီးလျှင် အထွေထွေ တုံးမောင်းတင်သည်၊ စက်ယန္တရားစီရင်၍ ပစ်ခတ်ရိုက်ချသည်၊ မြို့နားတပ်နားသို့ ချဉ်းလာတက်လာသည့် တရုပ်ဆိုသမျှ မရေတွက်နိုင်အောင်သေ၍ ဗလမင်းထင်နေသည့် ကောင်းတုံမြို့ကို မလှုပ်မရှားနိုင်ရှိလျှင် တရုပ်တို့ ကြည်းကြောင်းရေကြောင်း အထပ်ထပ်ဝန်းရံ၍ နေ့ညမစဲ အမြောက်စိန်ပြောင်း ပစ်လွှတ်ရံနေကြ၏။

ရေကြောင်းချီ ဝန်ကြီး မဟာသီဟသူရလည်း ကောင်းတုံမြို့မှာ ဗလမင်းထင်ကို တရုပ်တို့ ကြည်းကြောင်းရေကြောင်း အထပ်ထပ်ဝန်းရံသောကြောင့် မြို့တွင်းသားတို့ ကျဉ်းမြောင်းလှသည်ဆိုသည်မှာ ကောင်းတုံမြို့တွင်းသို့ လက်နက်လူသူ ခဲယမ်းမျိုးရိက္ခာသွင်းရမည်ဟု မြစ်စဉ်မြို့ကျေးရွာလှေတပ်စုနှင့် စံလှကြီး, မဗ္ဗတာ, ဗညားဦး, ရွှေတောင်ငယ်တို့ကို လှေတော်လေးစင်းပေးအပ်၍ အလျင်ရှေ့ချီစေသည်၊ ဗိုလ်မှူးလေးဦးသားတို့

လည်း ကောင်းတုံမြို့သို့ရောက်လျှင် မရပ်မဆိုင်း တရုပ်တို့ရေကြောင်းက ရံသည့် သမ္ဘန် လှေတစ်စုကို တိုက်သည်၊ တရုပ်တို့ရေတပ် မရပ်မခံနိုင် ပျက်၍ သမ္ဘန်များနှင့်တကွ အမြောက်စိန်ပြောင်း ခဲယမ်းအများ ရလိုက်သည်။

ယင်းသို့ တရုပ်ရေတပ် မနေနိုင် ပျက်လေလျှင် မိုလ်မှူးလေးဦးသားတို့ လက်နက်လူသူ ခဲယမ်း မျိုးရိက္ခာ ပြည့်ဝအောင် ကောင်းတုံ မြို့တွင်းသို့ သွင်းပြီးလျှင် စံလှကြီး,ဓမ္မတာ, ဗညားဦးတို့က ဗလမင်းထင်ကို ဆိုသည်ကား၊သွေးသောက်တို့-ငါတို့မှာ သူများနှင့်မတူပလေ၊ ငါတို့တောင်ငူမြို့တွင် သုံ့ဖြစ်လေပြီးမှ မရှုတ်မချ သူကောင်းပြုတော်မူ၍ အမှုတော်ကို ထမ်းရွက် ရပေသည်၊ သွေးသောက်တို့-ငါတို့တွင် ကျေးဇူးတော်သည် ဆယ်ပြန်ဆယ်ဆက်ပင် ဆပ်သော်လည်း မကျေနိုင်ပေရာ၊ ယင်းသို့ဖြစ်၍ မြင်းမိုရ်တောင်ပင် ဘိလာသော်လည်း ငါတို့ ရှုံးစိုးသာမည်မဟုတ်၊ သွေးသောက်ကသာ မြို့ခံကောင်းလှစေ၊ ငါတို့လည်း ကောင်းတုံမြို့နှင့် ကမ်းမှိုလှမ်းမှီ တပ်တည်ရပ်စွဲနေမည်ဆိုသည်တွင် ဗလမင်းထင်က ဤသို့ဆို၏၊ ယခု တရုပ်နှစ်သိန်းကျော် ရံသည်ကို မဆိုနှင့်ဦး၊ နှစ်သိန်းဆယ်ပြန်ပင်ရံသော်လည်း ငါခံနိုင်အောင်ခံမည်ဟုဆို၏။

မိုလ်မှူးသုံးဦးဘို့လည်း တရုပ်တို့ ရေတပ်တွင်ရလိုက်သည့် သမ္ဘန်များကိုယူ၍ ကောင်းတုံမြို့တောင်၊ တရုပ်ဘို့ရံတပ်နောက် စည်းခန်းချောင်းဝမြောက်တွင် တပ်တည်ပြီးလျှင် သေနတ်စွဲသူရဲ ငါးထောင်နှင့် စံလှကြီး ရပ်နေသည်၊ ဓမ္မတာ,ဗညားဦးတို့ ရေတပ်မှာ ကောင်းတုံမြို့ တဘက်ကျွန်းက စွဲရပ်နေသည်။

တရုပ်တို့လည်း ရေကြောင်းတစ်ကို ရံမြဲရံစေပြီးလျှင် စံလှကြီးချဉ်း၍ တပ်တည်စွဲရပ်နေသည်ကိုမနေနိုင်အောင်တရုပ်လေးသောင်းငါးသောင်း ဝင်၍တိုက်သည်၊ စံလှကြီးသည်းတပ်တွင်းက အပြင်းအပြကွပ်၍ တပ်နားသို့ချဉ်းလာပေါက်လာသမျှတရုပ်တို့ကိုမလွတ်ရအောင်ပစ်လွှတ်စေသည်၊ တရုပ်တို့ အသေအပျောက် များလှလျှင် တပ်ရင်းသို့ မချဉ်းဝံ့၊ တရုပ်ငါးသောင်းကျော် မြောက်သောင်း စံလှကြီးတပ်ကို ဝန်းရံ၍ နေကြသည်။

ဝန်ကြီးမဟာသီဟသူရလည်း တကောင်းမလည်သို့ရောက်လျှင် အရှေ့ဘက်ကြောင်းချီစေသည့် မိုးမြိတ်စော်ဘွားနှင့် ကျော်ထင်ရာဇာတို့ ဆင်တပ် မြင်းတပ် အရောက်ညီကြလျှင် လက်ဝဲဝင်းမှူးနှင့် ဆယ်တပ်, တိုက်

ဆင်တရာ, မြင်းတထောင်, စစ်သည်သူရဲ တသောင်းကို လက်ဝဲဝင်းမှူးကို အုပ်စေပြီးလျှင် မိုးမြဘ်သို့ချီ၍ မိုးမြတ်မြို့ကိုအခိုင်အလုံခန့်ထားစီရင်ခဲ့ပြီးမှ စစ်ရိပ်ကိုကြည့်၍ တရုပ်တို့တပ်စုကို တိုက်ရမည်ဟု တကောင်းမလည်က ရောဝတီမြစ်အရှေ့ဘက်ကြောင်းခွဲ၍ ချီစေ၏။

ဝန်ကြီးမဟာသီဟသူရတို့ လှေတပ်လည်း ချီသွား၍ ကောင်းတုံမြို့သို့ ရောက်လျှင် မြစ်အနောက်ဘက်ကျွန်းတွင် တပ်ချရပ်စွဲနေ၍ ရှေ့ဝင်းမှူး တိမ်ကြားမင်းခေါင်နှင့် တဆဲ့ငါးတပ်, မြင်းတထောင့်ငါးရာ, စစ်သည် သူရဲ တသောင်း ငါးထောင်တွင် တိမ်ကြားမင်းခေါင်ကို အချုပ်ခန့်၍ တရုပ်တို့ကပို့သည့် မျိုးရိက္ခာများကို ဖျက်ဆီးသိမ်းယူပြီးလျှင် တရုပ်တို့ တပ်ကို နောက်ကလှည့်၍ တိုက်ရမည်ဟု မြစ်အရှေ့ဘက်သို့ ကူးစေပြီး လျှင် လင်ပန်းကျချောင်း မြောက်ဘက်၊ မိုးရှုံးအရပ်ကိုလှည့်၍ ချီစေ၏။

မိုးကောင်းသို့ ချီစေသော အမြောက်ဝန်တို့ တဆဲ့ နှစ်တပ်လည်း မိုးကောင်းသို့ ရောက်လျှင် မိုးကောင်းမြို့ကို ဆင်ခလုတ်, မြင်းခလုတ်, ကတုဘ်ဆူးငြောင့် စီရင်၍ အစောင့်အနေခန့်ထားခဲ့ပြီးလျှင် တရုပ်တို့ကို ဆီးကြို၍တိုက်မည်ဟု ချီတက်သည်၊ တရုပ်ဗိုလ် ဆင်တာရည်လည်း မြင်း တသောင်း, လူတသိန်းနှင့်ချီလာ၍ မြစ်အရှေ့ဘက် ကတ်ကျိုးပိုင်းမော် အထက် မြစ်ကျဉ်းရာ နောင်တာလောကျွန်းတွင် တပ်တည်ချရပ်ပြီးလျှင် မြစ်ကို တန်တားခင်းသည်၊ ထိုအကြောင်းကို အမြောက်ဝန်တို့က ကင်း ထိုးသွားစုံစမ်းစေသူတို့ ပြန်ရောက်ကြားသိလျှင် အမြောက်ဝန်တို့ တဆဲ့ နှစ်တပ် အလျင်အမြန်ချီဘင်္ဂ၍ မြစ်အနောက်ဘက် ကျွန်းပင်သာအရပ် တွင် တပ်ချရပ်၍ တရုပ်တို့ တန်တားမခင်းရအောင် ဖျက်ဆီးသည်၊ တရုပ်တို့သည်း တန်တားမရှိလျှင် မြစ်ကိုမကူးနိုင်၍ မြစ်အရှေ့ဘက်တွင် ရပ်နေရလေသည်၊ အမြောက်ဝန်ဘို့ တဆဲ့နှစ်တပ်လည်း မြစ်နားကို လျှောက်၍ တပ်တန်းထိုးပြီးလျှင် တရုပ်တို့ မြစ်အနောက်ဘက်သို့ မကူး ရအောင် ခံနေကြ၏။

ရှေ့ဝင်းမှူးတိမ်ကြားမင်းခေါင်တို့တဆဲ့ငါးတပ်မှာလည်း ဗန်းမော်ဈေး ဆိပ်ကသည့် လင်ပန်းကျချောင်း မြောက်ဘင်္ဂကို လှည့်၍ ချီသွားပြီးလျှင် တရုပ်တို့က ပို့သည့်မျိုးရိက္ခာများ မပေါက်မရောက်ရအောင် ဆီးကြိုတိုက် သည်၊ ရိက္ခာပို့ဘပ်ဆိုသမျှပျက်၍ ရိက္ခာတင်ဆောင်သည့် မြင်းလောလား များနှင့်တကွ သုံ့ပန်းလူသူအများရ၍ တရုပ်တို့ကရိက္ခာမပို့မရောက်နိုင်ရှိ လျှင် တရုပ်ဘို့တပ်ကို နောက်ကတိုက်မည်ဟု ပြန်၍ချီလာ၏။

မိုးမြိတ်ကြောင်း ချီလာသော လက်ဝဲ ဝင်းမှူးတို့မှာလည်း မိုးမြိတ်သို့ ရောက်လျှင် မိုးမြိတ်မြို့ကို ဆင်ခလုတ်, မြင်းခလုတ်, ကတုတ် ဆူးငြောင့် စီရင်၍ စော်ဘွားနှင့်တကွအစောင့်အနေခန့်ထားပြီးလျှင် လက်ဝဲဝင်းမှူး တို့ ဆယ်တပ် ကောင်းတုံသို့ ချီလာ၏။

တရုပ်စစ်သူကြီး သူကုန်ရဲ, အာကုန်ရဲတို့လည်း ရှေ့ဝင်းမှူး တိမ်ကြား မင်းခေါင်, လက်ဝဲဝင်းမှူးတို့ စစ်နှစ်ကြောင်း နောက်ကလှည့်၍ ချီလာ ကြောင်းကိုသိလျှင် လက်ဝဲဝင်းမှူးတို့ချီလာသည်ကိုတိုက်ရမည်ဟု ဗိုလ်မှူး လျှည်းရည်းမြို့စား ရှိတာရည်ကို မြင်းငါးထောင်, လူငါးသောင်းနှင့် ခန့် ထားဆီးကြိုစေသည်၊ ရှေ့ဝင်းမှူး တိမ်ကြားမင်းခေါင်တို့ ချီလာသည်ကို တိုက်ရမည်ဟူ၍လည်း ဗိုလ်မှူး ဟိုက်တာရည်ကို မြင်း ငါးထောင်, လူ ငါးသောင်းနှင့် ခန့်ထားဆီးကြိုစေသည်။

လက်ဝဲဝင်းမှူးတို့ ဆယ်တပ်လည်း မိုးမြိတ်မြို့ကချီ၍ စည်းခန်းချောင်း မြောက်ဘက်သို့ ကူးမိလျှင် တရုပ်ဗိုလ်မှူး လျှည်းရည်းမြို့စား မြင်းငါး ထောင်ကို ရှေ့ဖျားထား၍ ဆီးကြိုလာသည်ကို လက်ဝဲဝင်းမှူးတို့ မြင်လျှင် ဆင်တရာ, သေနတ်စွဲ သူရဲ နှစ်ထောင်နှင့် အပြင်းလွှတ်၍ တိုက်သည်၊ တရုပ်မြင်းတပ်ကို ဆင်ပါသေနတ်ပါဖြန့်၍နင်းလျှင်မခံမရပ်နိုင် ပျက်လေ သည်၊ တုံလုံဗိုလ် သီရိသိဒ္ဓိဟာစာရီ, လေးတောဗိုလ် ဗလဟာစာရီ, ခံတောဗိုလ်တို့နှင့် ကသည်းမြင်းငါးရာ, အင်အုံးစား, ဘရုံးစား, တောင် ပိုဲစား, အင်းခန်းစားဘို့နှင့် တောင်ဘက် မြင်းငါးရာ, ကသည်းမြန်မာ မြင်းတထောင်လည်း လက်ဝဲလက်ယာ တရုပ်တို့တပ် စွဲရပ်ရာဝင်၍ တိုက် သည်၊ လက်ဝဲဝင်းမှူးတို့ ဆယ်တပ်သည်း တရုပ်တို့တပ်ဝမ်းလှိုင်ကို ဝင်ပြီး လျှင် ဖြန့်၍ဘိုက်သည်၊ တရုပ်ဗိုလ်မှူးလျှည်းရည်းစားရှိတာရည်တို့ တရုပ် ဆိုသမျှလည်း တပ်ဦးမြင်းငါးထောင် ရှေ့သည်နှင့် မကွပ်ကဲနိုင် အပြင်း ဆုတ်ခွာကြသေသည်၊ လက်နက်ဆင်မြင်း သုံ့ပန်းလူသူအများ ရလိုက် သည်၊ သေလေသည့်လည်းများ၏၊တရုပ်တို့တပ်ဆိုသမျှပျက်လျှင် လက်ဝဲ ဝင်းမှူးတို့ ဆယ်တပ်လည်း စည်းခန်းချောင်း မြောက်ဘက်တွင် တပ်ချ ရပ်စွဲနေကြ၏။

ရှေ့ဝင်းမှူး တိမ်ကြား မင်းခေါင်တို့ တဆဲ့ငါးတပ်မှာလည်း တရုပ် ဗိုလ်မှူး ဟိုက်တာရည် ဆီးကြိုလာသည့် တပ်စုနှင့် ရွှေညောင်ပင်တပ်ကြီး အရှေ့ နန်းမဘွဲ့ချောင်းအလွန်တွင်တွေ့လျှင် ဆပ်ပြာကုန်းဗိုလ်, ကျားရွာ ဗိုလ်တို့နှင့် ငါးတပ် လက်ဝဲခကြောင်း၊ လိုင်ဗိုလ်နှင့် ငါးတပ် လက်ယာ

ကြောင်း၊ ရွှေဝင်းမှူး တိမ်ကြားမင်းခေါင်နှင့် ငါးတပ် အလယ်ကြောင်း နေ၍ မရပ်မဆိုင်း ရှပ်ရှပ်သိသိတိုက်သည်၊တရုပ်တို့မြင်းငါးထောင် လက်ဝဲ လက်ယာစွန်း၍ တက်လာသည်ကိုလည်း သမန္တရဲ, အဂ္ဂရဲတို့ သေနတ်စွဲသူရဲသုံးထောင်နှင့် မြင်းတပ်ကို လက်ဝဲလက်ယာဖြန့်၍ ပစ်သည်၊ မြင်းငါးရာ ခြောက်ရာခန့်ကျ၍ မြင်းတပ်ဆုတ်လျှင် တိမ်ကြား မင်းခေါင်တို့တဆဲ့ငါးတပ်ဘိ၍ မဆုတ်မဆိုင်းတိုက်သည်၊ တရုပ်ဗိုလ်မှူးဟိုက်တာရည်တို့ဆုတ်ခွာ၍ စစ်သူကြီးယွန်းကုန်ရဲနေသည့် ရွှေညောင်ပင် တပ်ကြီးသို့ ပေါင်းကြလေသည်၊ လက်နက်ဆင်မြင်းသုံ့ပန်းလူသူ အများရလိုက်သည်၊ သေလေသည်လည်းများ၏။ ။ရွှေဝင်းမှူး တိမ်ကြားမင်းခေါင်တို့လည်း တရုပ်တို့ဝင်၍နေသည့်တပ်ကြီးသည် မြို့နှင့်အတူ ကြီးကျယ်ခိုင်ခန့်လှသောကြောင့် နန်းမဘွဲ့ချောင်းအရှေ့ဘက်တွင် တပ်ချရပ်စွဲနေသည်။

ယင်းသောအခါ လက်ဝဲဝင်းမှူးနေမျိုးစည်သူက ရွှေဝင်းမှူး တိမ်ကြားမင်းခေါင်တို့ တပ်ကို ထောက်လှမ်း စုံစမ်းရမည်ဟု ကင်းထိုး စေလွှတ်သည့် ဘရုံးစားနှင့် မြင်းတရာ ရွှေဝင်းမှူး တိမ်ကြားမင်းခေါင် တပ်သို့ရောက်လာသည်တွင် ရွှေဝင်းမှူး တိမ်ကြားမင်းခေါင်က ဘရုံးစားတွင် မှာလိုက်သည်ကား....တရုပ်တို့က ပို့သမျှရိက္ခာပို့တပ်ကို ဆီးကြိုတိုက်ဖြတ်၍ ရိက္ခာဆိုသမျှကိုတင်ဆောင်သည့်မြင်းလောလားများနှင့်တကွ အကုန်ရလိုက်သည်၊ နောက်လည်းသင်းတို့ကရိက္ခာပို့ပေါက်ရောက်နိုင်တော့မည်မဟုတ်ပြီ၊ ယခုရွှေညောင်ပင် အရပ်တွင် တရုပ်တို့တပ်ကြီးတည်၍ နေသည်ကို ငါတို့ခန့်ညားတွက်မရှိ သို့ရာတွင် တပ်လည်း ကြီးကျယ်ခိုင်ခန့်လှသည်၊ တပ်တွင်းက လူတသိန်းကျော်နှင့် ပြောင်းလက်နက် ထူထပ်လှသည်၊ စစ်ကြီးနှစ်ကြောင်း ပေါင်း၍ တိုက်မှ အလျှင်အရေးတော်ပြီးလွယ်မည် ဖြစ်သောကြောင့်၊ အလျှင်ချီလာမည့် အကြောင်းကို လက်ဝဲဝင်းမှူးကိုပြောရမည်ဟု မှာထား၍ ဘရုံးစားကို ပြန်စေသည်။

ဘရုံးစားနှင့် မြင်းတရာလည်း ပြန်သွား၍ လက်ဝဲ ဝင်းမှူး တပ်သို့ရောက်လျှင် ရွှေဝင်းမှူးတိမ်ကြားမင်းခေါင် မှာထားလိုက်သမျှအကြောင်းမျိုးကို စေ့စုံစွာပြောဆိုလျှင် လက်ဝဲဝင်းတော်မှူးလည်း ဗိုလ်မှူး တပ်မှူးတို့ကိုခေါ်၍ ယခုရွှေဝင်းမှူးတိမ်ကြားမင်းခေါင်ကမှာလိုက်သည့်အရာသည် အမှန်ဖြစ်တော့သည်ဟု ဆို၍ လက်ဝဲဝင်းမှူးတို့ ဆယ်တပ် ရွှေညောင်ပင်တပ်ကြီးသို့ ချီလာသည်၊ ရွှေဝင်းမှူး တိမ်ကြားမင်းခေါင်တို့ တပ်နှင့်ပေါင်းမိလျှင် တရုပ်တို့နေသည့် ရွှေညောင်ပင် တပ်ကြီးကို တိုက်မည်

တိုင်ပင်ညီညွတ်ကြပြီးလျှင် တပ်အရှေ့မျက်နှာက ရွှေဝင်းမှူး တိမ်ကြား မင်းခေါင်နှင့် ခြောက်တပ်၊ တောင်မျက်နှာက မင်းငယ်ဗလနှင့် ခြောက်တပ်၊ အနောက်မျက်နှာက လက်ဝဲဝင်းမှူးနှင့် ခုနစ်တပ်၊ မြောက်မျက်နှာက လိုင်မိုလ်နှင့် ခြောက်တပ်၊ တပ်ပေါင်းနှစ်ဆဲ့ငါးတပ်၊ တရုပ်တို့ တပ်လေးမျက်နှာကို အပြင်းကပ်ပြီးလျှင် လှေကားထောင်၍ တပ်ကို တက်သူ တက်သည်၊ ဆင်နှင့် တပ်တံခါး တပ်တိုင်များကို ထိုးဖွင့်ဆွဲလှည်းသည်၊ တပ်တွင်းက စစ်သူကြီးယွန်းကုန်ရဲနှင့် တရုပ်ဗိုလ်မှူး တပ်မှူးတို့ ကွပ်ကဲ၍ တပ်ထိပ်က ဆီးခံပစ်ခတ်သော်လည်း ရွှေဝင်းမှူး တိမ်ကြား မင်းခေါင်, လက်ဝဲဝင်းမှူးတို့ ဗိုလ်မှူးနှစ်ဦး သူရဲတော်တို့နှင့်အတူ အပြင်း အပြကွပ်၍ တိုက်သေသောကြောင့် သူရဲတော်နှစ်ဆဲ့ငါးတပ်လုံး သင်ပါ မြင်းပါ တပ်တွင်းသို့ ဝင်မိ၍ ထိုးခုတ်သတ်ဖြတ်လျှင် တရုပ်စစ်သူကြီး ယွန်းကုန်ရဲနှင့် တရုပ်ဗိုလ်မှူးတပ်မှူးတို့ တရုပ်တပ်ဆိုသမျှ တပ်အနောက် မျက်နှာကို တလုံးတည်း ထွက်သွား၍ တရုပ်စစ်သူကြီး သူကုန်ရဲ,အာကုန် ရဲတို့သို့ချည်း ပေါင်းကြလေ၏။

လက်ဝဲဝင်းမှူးနှင့် ရွှေဝင်းမှူး တိမ်ကြားမင်းခေါင်တို့လည်း တရုပ်တို့ အခိုင်နေသည့် ရွှေညောင်ပင် တပ်ကြီးနှင့်တကွ တပ်တွင်းက အမြောက် စိန်ပြောင်း, သေနတ်, ဆေးခဲ, မြင်းလောလား, သံ့ပန်းလူသူ အများ ရလျှင် ရွှေညောင်ပင်တပ်ကြီးတွင် ဗညားဦး,တုရင်သိပ္ပ,တုရင်သစ်,ကျော် ဂသူ,သူရိန်တန်ဆောင်တို့ငါးတပ်ကို သေနတ်စွဲသူရဲငါးတောင်နှင့် အရပ် အနေခန့်ခဲ့၍ လက်ဝဲဝင်းမှူးနှင့် ဆယ်တပ်မှာလည်း ကောင်းတုံမြို့ အရှေ့ တောင်နှစ်တိုင်ကွာ စည်းခန်းချောင်း မြောက်ဘက် နောင်ပြစ် အရပ်တွင် တပ်ချ ရပ်စွဲနေသည်၊ ရွှေဝင်းမှူး တိမ်ကြားမင်းခေါင်နှင့် ဆယ်တပ်မှာ လည်း ကောင်းတုံမြို့နှင့် လေးတိုင်ကွာ မိုးရှူးရွာ တဘက် လင်ပန်းကျ ချောင်း ကမ်းထိပ်တွင် တပ်စွဲရပ်နေ၏။

ဝန်ကြီးမဟာသီဟသူရမှာလည်း မဂ္ဂရာဗိုလ်, မင်းရဲဇေယကျော်, ကသည်းဝန်, လေးတောစား, မြေထဲစား, မင်းရဲရန်နောင်, လယ်ကိုင်း စား, မင်းကြီးဂါမဏိစန္ဒတို့ ရေတပ်ရှစ်တပ်ကို တရုပ်တို့က ရေကြောင်း ရုံသည့် သမ္ဗန်တပ်စုကို အရုံဖြိုတ်ရမည်ဟု ခန့်သည်၊ ရေကြောင်း ဗိုလ်မှူး ရှစ်ဦးသားတို့လည်း တရုပ်တို့ သမ္ဗန်တပ်စုကို မဆုတ်မဆိုင်းဝင်၍ တိုက် ကြသည်၊ တရုပ်တို့ရေတပ်အလုံး ရပ်နေ ခုခံသော်လည်း မရပ်မနေမခု မခံနိုင်၍ ကစီကရင်ရှိသည်နှင့် အထိအပါးများ၍ မရပ်မခံနိုင် အကွဲကွဲ

အပြားပြား ရှိလေသည်၊ ဗိုလ်မှူး ရှစ်ဦးသားတို့လည်း ရသည့်သမွန်, အမြောက်, စိန်ပြောင်းများကိုယူ၍ ဆုတ်ခွာခဲ့၏။ ။တရုပ်တို့လည်း ရေတပ်ကို စည်းကြပ်မြဲ စည်းကြပ်၍ ရေကြောင်း ရံနေမြဲ ရံနေပြန်လျှင် ဗိုလ်မှူး ရှစ်ဦးသားတို့ အမြောက်, စိန်ပြောင်း, လေ့တက်, သူရဲလူသူ ဖြည့်လောင်း၍ တိုက်ပြန်သည်၊ တရုပ်သမွန်များက ဆီးခံ ပစ်ခတ်သော်လည်း လှေဦးရွယ်မိတိုင်း မဆုတ်မနစ်တိုက်လျှင် တရုပ်တို့မခံမရပ်နိုင် ကုန်းသို့ချည်း ဆုတ်ခွာထွက်ပြေးကြလေသည်။ တရုပ်တို့သမွန်ဆိုသမျှကို တင်ဆောင်သည့် ဆေးခဲ, ယမ်း, အမြောက် စိန်ပြောင်းများနှင့် တကွ ရ၍ ကောင်းတုံမြို့နှင့် တပ်မတော် တချက်တည်းဖြစ်လေ၏။

ဝန်ကြီး မဟာသီဟသူရလည်း တရုပ်တို့ လှေတပ်ဆိုသမျှ ပျက်လျှင် မင်းရဲဇေယကျော်နှင့် ဆယ်တပ်၊ ကောင်းတုံမြို့ အောက်က မြစ်အရှေ့ဘက်သို့ ကူးစေပြီးလျှင် ကောင်းတုံမြို့အရှေ့တောင် စည်းခန်းချောင်းကို လျှောက်၍ လက်ဝဲဝင်းမှူးရပ်နေသည့် နောင်ပြစ်ဟပ်နှင့် အထောက်အလှမ်း သင့်အောင် တပ်စွဲရပ်နေစေသည်၊ မင်းရဲရန်နောင်နှင့် ဆယ်တပ်ကိုလည်း ကောင်းတုံမြို့အထက်ကကူးစေပြီးလျှင် ကောင်းတုံမြို့မြောက် လင်ပန်းကျချောင်းကို လျှောက်၍ ရှေ့ဝင်းမှူး တိမ်ကြားမင်းခေါင်ရပ်နေသည့် မိုးရှူးတပ်နှင့် အထောက်အလှမ်း သင့်အောင် တပ်စွဲရပ်နေစေသည်။

ယင်းသောအခါဝန်ကြီး မဟာသီဟသူရလည်း နောက်ချီတပ် ထပ်ကာထပ်ကာ ရောက်သည့်အဟုန် မြစ်အနောက်ဘက်တွင်ရှိသည့် ဆင်မြင်းလူသူတို့ကို နေ့အခါ ထင်ထင်ပြပြ မြစ်အရှေ့ဘက်သို့ ကူးစေသည်၊ ညဥ့်အမှတ်မဲ့ မြစ်အနောက်ဘက်သို့ သိမ်းသည်၊ ယင်းသို့ ဆင် မြင်း လူသူတို့ကို နေ့ညဥ့်ရက်ဆက် မြစ် အရှေ့ဘက်သို့ မဆိပ်မည်ံ လှည့်ကာပတ်ကာကူးစေ၏။ ။ထိုအခါစစ်သူကြီး သူကုန်ရဲ, အာကုန်ရဲ, ယွန်းကုန်ရဲတို့လည်း တရုပ်ဗိုလ်မှူးတပ်မှူးအပေါင်းတို့ကိုစုရုံး၍ ဤသို့ဆို၏၊ ငါတို့ ရေတပ်ဆိုသမျှ မရပ်မနေနိုင်ပျက်သည်၊ မြန်မာတို့ နောက်ကလှည့်၍ ချီလာသောကြောင့် ငါတို့က ရပ်ခံဆီးကြိုတိုက်စေသည့်ကိုလည်း မခုခံနိုင် ကြည်းတပ်ရေတပ်ဆိုသမျှ သည့်သို့ချည်းပေါင်းလာကြသည်၊ တို့ကအမြစ်အခြေပြုသည့် ရွှေညောင်ပင်တပ်ကြီးကိုလည်း မြန်မာတို့ရ၍ ဝင်နေပြီးလျှင် လက်ဝဲလက်ယာ ချောင်းကြီးနှစ်ချောင်းကိုလျှောက်၍လည်း မြန်မာတို့တပ်အများစွဲရပ်သည်၊ မြစ်အနောက်ဘက်ကလည်း ဆင်မြင်း ဗိုလ်ပါ

နေ့စဉ်ရက်ဆက် မြစ်အရှေ့ဘက်သို့ထပ်ကာထပ်ကာကူးသည်၊ ယခုငါတို့မှာလည်း လူသူရဲမက်များလှသည်၊ နောက်ကလည်း မျိုးရိက္ခာ မပေါက်မရောက်နိုင်၊သည့်တွင်လည်းမျိုးရိက္ခာကိုမဆိုနှင့်ဦး,သစ်ဥသစ်မြစ်ကိုသော်မျှမရနိုင်အောင် ရှိသောကြောင့် အလွန်ငတ်မွတ်ကြလေသည်၊ မြန်မာတို့တပ်စုကို ချင်းဖောက်၍ ထွက်ခွာ သော်လည်း စစ်သည် ရဲမက်ဆိုသမျှငတ်မွတ်ကြ၍ မခွာမသွားတည့်နိုင်ရှိချိန့်မည်၊ယခုအရေးကျဉ်းမြောင်းခဲခက်လှချေပြီ၊ ယင်းသို့ဖြစ်သောကြောင့် မြန်မာတို့ တပ်သို့လည်းအရေးစကားပြေလည်အောင် စေပါပြောဆို၍ အခွင့်ရမှ ငါတို့ဆုတ်ခွာနိုင်ချိန့်မည်ဟု စစ်သူကြီး သူကုန်ရဲ, အာကုန်ရဲ, ယွန်းကုန်ရဲတို့က ဆိုသည်တွင် စစ်သူကြီးဆိုသောအရေးကို တရုတ်ဗိုလ်မှူး တပ်မှူးအပေါင်းတို့ အကြိုက်ညီကြ၍ ဝန်ကြီးမဟာသီဟသူရတပ်သို့ စေလှာသည်ကား-

စစ်သူကြီး သူကုန်ရဲ, အာကုန်ရဲ, ယွန်းကုန်ရဲတို့ ကြားလျှောက်ပါသည် စစ်သူကြီးမင်း–ကျွန်ုပ်တို့သုံးယောက်ကို သုံးကြောင်းသုံးသွယ် အဝမြို့ရောက်ချီရမည်ခန့်ထား၍ချီမည်ရှိသည်အတွင်း နှစ်ဆဲ့ကိုးခုနှစ် စစ်သူကြီးမင်းတို့က တရုတ်ရှစ်ယောက်ကိုစေလွှတ်လိုက်သည့်စာတွင် သတ္တဝါတို့ ချမ်းသာစေလိုသည်ပါသောကြောင့်တနှစ်ငံ့ဆိုင်းနေရပါသည်၊ယခုလည်း ပြေရသည်ကိုသာ ကြိုက်ပါသည်၊ မပြေမလည် ရန်စစ်ဖြစ်ကြလျှင်လည်း အနှစ်နှစ် ပြေနိုင်မည်မဟုတ်၊ကျွန်ုပ်တို့လည်း နိုင်ငံတော်ကို တိုက်ချင်၍လာသည်မဟုတ်ပါ ဥဒည်ဘွားနန်းနေ တဆဲ့ခြောက်နှစ်တွင် ရှေးအစဉ် နေထွက်ဘုရင်က လက်ဆောင်ပေးပို့လာသည်၊ ကျွန်ုပ်တို့ကလည်း လက်ဆောင်တုံ့ပေးသည်၊ ကျွန်ုပ်တို့အရှင် ဥဒည်ဘွားကလည်း သူတိုက်လျှင် တိုက်ခြင်း၊ ပြေလျှင်ပြေခြင်း ပြေခဲ့ရမည်မှာသည် ကျွန်ုပ်တို့ စစ်သူကြီးသုံးဦးကို ခန့်ထား သောကြောင့် ချီလာရသည်မှာလည်း ပြေလည်လို၍ ရဲမက် လက်နက်ကိုင် အတော်အသင့်နှင့်လာပါသည်၊ ကျွန်ုပ်တို့ တရုတ်လူမျိုးမှာ စကားကို တခွန်းပြင် နှစ်ခွန်းမပြောတတ် အမှန်အကန်ကိုသာ ပြောဆိုမြဲဖြစ်ပါသည်၊ ယခုစစ်ဖြစ်ကြသည်မှာလည်း သိန်းနီစော်ဘွား, ဗန်းမော်စော်ဘွား, မိုးကောင်းစော်ဘွား, ကျိုင်းရုံးစော်ဘွားတို့ လာရောက်ချီပင့်လျှောက်ထားသောကြောင့် ဖြစ်ကြပါသည်၊ တရုတ်ပြည်မှာ နေထွက်ဘုရင်ကျွန်တော်မျိုး စော်ဘွားတို့ရှိသည်ကိုလည်း အပ်ပါမည်၊သင်းတို့မြို့ရွာမှာ ဘွားစားမြဲ ဘွားစားခနထိုင်ပါစေ၊ စစ်သူကြီးမင်းတို့မှာရှိသည့် တရုတ် ဗိုလ်မှူး တပ်မှူး ပြည်သူတို့ကိုလည်း ကျွန်ုပ်တို့သို့ပေးအပ်ပြီးလျှင် ရှေးအစဉ်က

ကဲ့သို့ ပြည်ကြီး နှစ်ပြည် သတ္တဝါအပေါင်း ချမ်းသာ၍ ရန်စစ်မရှိ ရွှေလမ်း ငွေလမ်းပေါက်အောင် စစ်သူကြီးမင်းတို့အရှင် နေထွက်ဘုရင်မင်းတရားကြီးဘုရားမှာ လျှောက်ထားပါ၊ ကျွန်ုပ်တို့အရှင် ဥဒည်မင်းတရားကြီးမှာလည်း လျှောက်ထားပါမည်…ဟု သည့်စာနှင့် ကွေ့ချွေဗိုလ်ကို (၁၁၃၁) တထောင့်တရာ့သုံးဆဲ့တခု၊ နတ်တော်လဆန်း တရက်နေ့ စေလွှတ်၍ တပ်ဦးသို့ရောက်လာသည်။

ထိုအကြောင်းကို ဝန်ကြီးမဟာသီဟသူရ ကြားလျှင် တရုပ်ဝန်နေမျိုးသဲ်ယာ, စာရေးကြီးဗိုလ်တပ်ရေး စန္ဒဝေသော်, တရုပ်စကားပြန် သီဝရာမကျော်ထင်,သီဝတေဇတို့ကို တပ်ဗိုလ်မှူးကွေ့ချွေဗိုလ်နှင့်စကားအပြောအဆို တပ်ဦးသို့ ထွက်စေပြီးလျှင် ကွေ့ချွေဗိုလ်ကို နေရာ အသင့်အတင့်ချထား၍ နေစေသည်၊ ယင်းသောအခါ ဗိုလ်တပ်ရေး စန္ဒဝေသော်က ဆိုသည်၊ ယခုစကားပြေပြောလိုသည်ဆိုသည်မှာ တိုင်းကြီးပြည်ကြီးချင်းဖြစ်ကြသည်၊ နောက် ထုံးဥပဒေကြီးဖြစ်ရအောင် တရုပ်ပြည် မြန်မာပြည် မြေခြားတွင် ပြောဆိုမှ သင့်မည်ဆိုသည်ကို စုံးတူကွေ့ချွေဗိုလ်က ဟုတ်လှပေသည်၊ မြေခြားကိုသာ ဆိုပါတော့ ဆိုလျှင်၊ ဗိုလ်တပ်ရေး စန္ဒဝေသော်က ဟိုသာ, လာသာ, မိုးနား, စန္ဒား, ကိုင်းမား, ခန္တီး, ခန်းညင်း မြို့များတွင် စေတီဘုရား တည်ထားလျက် ရှိသည် မဟုတ်လော မေးသည်တွင် စုံးတူကွေ့ချွေဗိုလ်က တည်ထားလျက် ယခု ရှိသေး၏ ဆိုလျှင် ဗိုလ်တပ်ရေး စန္ဒဝေသော်က တရုပ်တို့သည် စေတီဘုရား မတည်မလုပ် မကိုးမကွယ်၊ ငါတို့မြန်မာသာ စေတီဘုရား တည်လုပ်ကိုးကွယ်သောကြောင့် ငါတို့အရှင် အစိုးရတော်မူသော တိုင်းနိုင်ငံအလုံးတွင် ဘုရားစေတီ တည်ထား ကိုးကွယ်ကြသည် ဖြစ်၍ ဟိုသာ, လာသာ, မိုးနား, စန္ဒား, ကိုင်းမား, ခန္တီး, ခန်းညင်းမြို့များလည်း နိုင်ငံတော်ဖြစ်သည်နှင့်အညီ စေတီဘုရား တည်ထားကိုးကွယ်ရသည့် ထုံးဥပဒေ စေတီအထင်အရှားရှိသည်၊ ၎င်းဖြစ်၍ ရှမ်းရှစ်ပြည်ထောင် အလွန်၊ တရုပ်မင်းနိုင်ငံ မိုးမျှဉ်းကျဉ်သီမြို့ မြေခြားရောက်အောင် စစ်သည်ရဲမက်တို့ကို သိမ်းရုံး၍ ဆုတ်နေရမည်ဆိုလျှင် တရုပ်စုံးတူ ကွေ့ချွေဗိုလ်က နေထွက်ဘုရင်နိုင်ငံတော်ဖြစ်သော မြို့များတွင် တရုပ်မော်မြို့ဟူ၍ မရှိပါလော မေးသောကြောင့် ပြည်မြို့အောက်အရပ်တွင် တရုပ်မော်မြို့ဟူ၍ ရှိ၏ဆိုလျှင် စုံးတူကွေ့ချွေဗိုလ်က ရှေးပုဂံမင်းတို့လက်ထက် တရုပ်စစ်ကြီး ရောက်လာ၍ ရောဝတီမြစ်အတိုင်း စုန်ဆင်းသည်၊ တရုပ်မော်မြို့သို့ရောက်

၍ တရုပ်တို့မော်ကြည့်ရာ တရုပ်မော်မြို့ဟု ခေါ်တွင်သည်…ရာဇဝင်ထုံးဟောင်း မရှိပါလော မေးသောကြောင့် ရာဇဝင်ထုံးဟောင်းရှိကြောင်းကို ပြောဆိုသည်တွင် ဤကဲ့သို့ ဟံသာဝတီ ဆင်ဖြူများရှင် လက်ထက် ရှမ်းပြည်သို့ချီရာတွင် သားတော် ညီတော် သမက်တော်တို့ တပ်ရောက်လှာ၍ ဘုရားတည်ထားခဲ့သည်၊ အမှုမှုသာဖြစ်သည်၊ တပ်ရောက်ဘူးသည်ကို အစွဲပြု၍ ပြောဆိုလျှင် မြန်မာတပ်လည်း တရုပ်မော်မြို့ တိုင်အောင် ဆုတ်ပါဦးတော့ ဆိုသောကြောင့် စကားကျယ်ပွားကြတော့မည်၊ ရှေးပဝေဏီ အစုအစဉ်ထုံးစံစကားများကို နှစ်ဦးချေတင် ပြောဆိုကြပြီးလျှင် တရုပ်စစ်သူကြီး သူကုန်ရဲ, အာကုန်ရဲ, ယွန်းကုန်ရဲတို့ကပေးသည့်စာကို ဝန်ကြီးမဟာသီဟသူရသို့ ဆက်ရ၏။

ဝန်ကြီး မဟာသီဟသူရလည်း တရုပ်စစ်သူကြီးတို့က စေရောက်သည့်စာကို ဘာသာပြန်စေ၍ ကြားသိရလျှင် ဗိုလ်မှူး တပ်မှူး မစုံမလင်သေးသည်နှင့် ရွှေလေးရက်ငါးရက်ကို လာခဲ့ဦးလော့ဟုပြန်ဆိုလိုက်၍ ကွေ့ဖွေဗိုလ်ကို ပြန်စေပြီးလျှင် သက္ကရာဇ် (၁၁၃၁) တထောင့်တရာ့ သုံးဆဲ့တခု နတ်တော်လဆန်း တရက်နေ့တွင် တရုပ်တို့က ပြည်ကြီး နှစ်ပြည်ခိုက်ရန်မရှိ၊ ပြေငြိမ်းချမ်းသာအောင် ဆောင်ရွက်လိုပါသည် ခွင့်တောင်းလာသည်၊ တရုပ်တို့က ခွင့်တောင်း လာသည့်အတိုင်း အခွင့်ပေးသင့်မည်, အခွင့်မပေး တိုက်လံသုပ်ကြီသင့်မည်၊ အရေးထင်မြင်ရာ ပြောဆိုကြရမည်၊ အခွင့်အရေးပေးသင့်သည် ထင်မြင်ညီညွတ်ကြလျှင် နှလုံးရည်နှင့် အခွင့်ကို ပြေလည်အောင် ဆောင်ရွက်ကြရမည် ဖြစ်သည်၊ လက်ရုံးရည်နှင့် နှလုံးရည် နှစ်ပါးတွင် ကိုက်ညီကြသည့်အရေးကို လိုက်၍ ဆောင်မည်၊ အသီးအသီး အရေးထင်မြင်ရာ ဆိုကြရမည်ဟု မင်းရဲသီဟသူ၊ မင်းရဲမင်းလှကျော်ထင်၊ နေမျိုးဥတ္တမသင်္ခယာ၊ နေမျိုးဥတ္တမနော်ရထာ၊ သီရိရန္တမိတ်ကျော်သူ၊ နေမျိုးဇေယသင်္ခယာ၊ နေမျိုးသီရိဇေယသင်္ကြံ၊ နေမျိုးသင်္ခယာ၊ နေမျိုးဇေယသင်္ကြံ၊ နေမျိုးသီဟကျော်ထင်၊ နေမျိုးနန်သူ၊ နေမျိုးစည်သူကျော်ထင်၊ ရန်ကူးသီရိနော်ရထာ၊ ကျော်စွာသီရိနော်ရထာ၊ သီရိစည်သူသင်္ကြံ၊ ကျော်ထင်သီဟ၊ ဥတ္တမကျော်ထင်၊ နေမျိုးနော်ရထာ၊ နေမျိုး စည်သူသင်္ခယာ၊ နေမျိုး ကျော်ခေါင်၊ နေမျိုး လက်ယာကျော်ခေါင်၊ သီရိရာဇသင်္ကြံ၊ လက်ဝဲရဲခေါင်၊ လက်ဝဲ ဇေယဂါမဏိ၊ ပုံချိုသီရိကျော်တို့ ဗိုလ်မှူးသုံးဆယ်လုံး စုရုံး၍ တရုပ်တို့က အရေးအခွင့် တောင်းသည့်စာကို ဖတ်ပြ ပြောဆို တိုင်ပင်လျှင် မင်းရဲသီဟသူ, မင်းရဲမင်းလှ

ကျော်ထင်, နေမျိုး ဥတ္တမသင်္ခယာ, နေမျိုးဇေယသင်္ကြံ-စသော ဗိုလ်မှူး သုံးဆယ်လုံး အညီအညွတ်ဆိုသည်ကား-တရုပ်လူ သုံးသိန်းကျော် နိုင်ငံတော်အတွင်း ချင်းနင်းပေါက်ရောက်လာသည်၊ သင်းတို့ရေတပ် ကြည်းတပ်များကို ဆိုင်ပြိုင်မိတိုင်းတိုက်လျှင် သင်းတို့က သေကြေပျက်စီးခြင်းသို့ သာရောက်၍ တရုပ်ဆိုသမျှ နွားကိုခြင်လှောင်သကဲ့သို့ တပ်တော်အများ ဝန်းရံမိသည်နှင့် မဆုတ်နိုင်-မတက်နိုင် ငတ်မွတ် ကျဉ်းမြောင်းလှသောကြောင့် အရေးတောင်းလာသည့် အရာသာ ဖြစ်သည်၊ ရှေ့ဆယ်ရက်ကိုးရက်ကို တရုပ်စစ်သူကြီးပြုသူနှင့်တကွ တရုပ်ဗိုလ်မှူး တပ်မှူးဆိုသမျှကို ဆွဲကာငင်ကာ ဖမ်းယူရတော့မည် အမှန်မချွတ် အရေးပြက်ပြက် သိသာ၍ရှိသည်၊ တရုပ်တို့က တောင်းလှာသည့်အရေးကို အရေးပေးတွက်မရှိ ဆိုသည်ဘွင် ဝန်ကြီး မဟာသီဟသူရက ဆိုသည်ကား-ယခု ဗိုလ်မင်း တပ်မင်းဘို့ဆိုသည့် စကားလည်း အမှန်ပင်ဖြစ်သည်၊ သို့ရာတွင် ဘေးလောင်းတော် ဘိုးလောင်းတော် အဆက်ဆက် တရုပ်တို့ တိုင်းပြည်ကို ရန်မပြု မိတ်ဟူ၍သာ အမှတ်ထားတော် မူသောကြောင့် တရုပ်တို့က ရမ်းကားမှောက်မှား၍ မင်းနေပြည်တိုင်အောင် ချင်းနင်းပေါက်ရောက်လာသော်လည်း အမျက်တော်ကိုသိမ်းရုပ်၍ အရေးတော် ငြိမ်းစေသည်။ ဗိုလ်မင်းတို့ ဆိုသည့်စကားအတိုင်း စစ်သူကြီးတို့နှင့်တကွ တရုပ်ဗိုလ်မှူး တပ်မှူးတို့ဆိုသမျှကို ဆွဲကာငင်ကာ ယူလိုက်ရသည်ဟူ၍လည်း ဥဒည်ပြည်ဝယ် ဗိုလ်ပါလူသူ ကုန်ချိမ့်မည်မဟုတ်၊ တရုပ်တို့က အရေးတောင်းလာသည်ကို အရေးကားမပေး၊ ဆွဲကာငင်ကာ အကုန် သတ်လိုက်ချေသည်ရှိသော် သားတော်အစဉ် မြေးတော်အဆက် မြစ်တော်အညွန့် အဖွန့်ရှည်စွာကာလပတ်လုံး ရန်စမတုံး ရန်မီးစည်၍ နှစ်ပြည်ထောင်သတ္တဝါ အပေါင်းဘို့ ချမ်းသာမရ ဒုက္ခကြီးစွာ အဆက်အလက် မပြတ်နိုင်အောင် တွေ့ရချိမ့်မည်၊ ယင်းသို့ဖြစ်သောကြောင့် နောက်နောင် အစဉ်အဆက် ပြည်ကြီးနှစ်ပြည်ထောင် သတ္တဝါအပေါင်းတို့ သာယာ ငြိမ်ဝပ်ကြရမည့် အကြောင်းကို ထောက်ထား၍ အရေးတော် ငြိမ်းပြေ ငြိမ်ဝပ်စေသည်ကို တရုပ်ဘို့သို့ အရေး ပေးရာသလောဟု အမျက်တော် ရှိခဲ့လျှင် ကျွန်ုပ်တယောက် တာဝန်ဖြစ်ပါစေတော့ဟု ဝန်ကြီးမဟာသီဟသူရကဆိုသည်တွင် မင်းရဲသီဟသူစသော ဗိုလ်မှူး တပ်မှူး အပေါင်းတို့ကလည်း သည်အရေးသည် ရှေ့နောက်ထောက်ထားသည့် အရေးဖြစ်ပေသည်ဟုစိတ်နေညီညွတ်ကြ၍ တရုပ်စစ်သူကြီးတို့သို့ မှာထားလိုက်သည်ကား-

ဇေယဝဓနတိုင်း, ဇောတိနဂရတိုင်း,ခေမာရဋ္ဌတိုင်း,ကမ္ဘောဇတိုင်း, ရာမညတိုင်း, ဟရိဘုဥ္စတိုင်း, အရိဋ္ဌပူရတိုင်း-အစရှိသော တိုင်းကြီးပြည်ကြီးအပေါင်း ခြံရံအပ်သော သုနာပရန္တတိုင်း, တမ္ဗဒီပတိုင်းဟူသော မဟာရဋ္ဌ တိုင်းမအချက်အချာ ရတနာပူရရွှေမြို့တော်ကြီးနှင့်တကွ တိုင်းကြီးပြည်ကြီး ထီးဆောင်းမင်းအပေါင်းတို့ကို အစိုးရတော်မူသော ငွေတွင်းသခင်၊ ရွှေတွင်းသခင်၊ ပယင်းတွင်းသခင်၊ ရွှေဒိုင်း,ရွှေကာ,ရွှေလှံ, ရွှေဓားစွဲကုန်သော ဘီလူး-ကုမ္ဘဏ်-ရက္ခိုသ်ကဲ့သို့ ရက်ရောကြမ်းကြုတ်သော မရေတွက်နိုင် များလှစွာသော ခြေသည်သူရဲကောင်းတို့၏သခင်၊ ချပ်ဓိနိ်ညို မှောက်တိုမှောက်ရှုဝတ်ဆင်လျက် ပုဏ္ဍကနတ်ယောကျ်ားကဲ့သို့ အစွမ်းအရည် ဂုဏ်အင်နှင့်ပြည့်စုံသော မရေတွက်နိုင် များလှစွာသော ဆင်စီးသူရဲ, မြင်းစီးသူရဲကောင်းတို့၏ သခင်၊ အလျှံ တပြောင်ပြောင် တောက်ထွန်းသော ရွှေနန်းပြာသာဒ်သခင်၊ ဆင်မြင်းရတနာ လက်နက်စကြာသခင်၊ စဉ်းလဲစဉ်းစား မိစ္ဆာအယူနှင့် အကြံအစည် မှားယွင်းကွေ့လည်သသူတို့ကို သမ္မာအယူ၌ တည်စေခြင်းငှာ နိဗ်နင်းကွပ်ညှပ် စီရင်တော်မူလေ့ရှိသော သူတော်ဉစ္စာခုနစ်ပါးနှင့် ပြည့်စုံတော်မူသော ဘုန်းတော် အလွန်ကြီးမြတ်တော် မူလှသော သာသန ဒါယကာတော် အသျှင် ဘဝရှင်မင်းတရားကြီးဘုရား ပဒုမာရွှေကြာနှင့်တူသော ရွှေစက်တော်စုံကို ရှိသေစွာ ဦးဖြင့်ညွတ်လျက် မြဲသော အဂ္ဂမဟာသေနာပတိ စစ်သူကြီးခင်း ချစ်ကြည်စွာ ကြားရောက်အပ်သော အရှေ့မျက်နှာ တိုင်းကြီးပြည်ကြီး ထီးဆောင်းမင်းအပေါင်းတို့ကို အစိုးရတော်မူသော ဥဒည်မင်းစစ်သူကြီး မင်းချားတို့····မြန်မာပြည်နှင့် တရုပ်ပြည်သည် စစ်ဖြစ်ရာသောအကြောင်း တဆဲ့သုံးပါးတွင် ပြည်ထောင်ဘက်ချင်းမင်းတို့ တစုံတခု နှလုံးမွန်းငြို၍ စစ်အင်္ဂါ ဗိုလ်ပါဆင်မြင်း အစုအရုံးနှင့် စစ်ဘက်ပြိုင်မည်၊ တရုပ်ပြည်ကို မြန်မာပြည်က ချင်းနင်း ပေါက်ရောက်သည့် ကာလပေါက်ရောက်သည်၊ မြန်မာပြည်သို့ တရုပ်ပြည်က ချင်းနင်းပေါက်ရောက်သည့်ကာလ ပေါက်ရောက်ကြသော်လည်း မင်းတို့ကျင့်ရာသော တရားဆယ်ပါးကို စောင့်ထိန်းစိုးအုပ်သည့် တိုင်းကြီးပြည်ကြီးရှင်ဖြစ်ကြ၍ ပြည်ကြီးဝန်ကိုရွက်ဆောင်စီရင်သည့် မှူးမတ်စစ်သူကြီးတို့လည်း ကျင့်ဆောင်ရာသည့် အင်္ဂါသကွဏာနှင့်ညီညွတ်စွာ တရားသဖြင့် စောင့်ထိန်း စီရင်၍ ရှေးအစဉ်ထုံးစံအတိုင်း နိုင်ငံအပိုင်းအခြားကို မတိုးမပွားမလွန်မယုတ်စေရ၊ မေတ္တာကရုဏာကို ရှေးရှု၍ အရေးလိုရာနှလုံးရည်နှင့် ပြောဆိုပြေနေ

ကြသည့်ကာလ ပြေနေသည်၊ ဗိုလ်ပါဆင်မြင်း ခင်းကျင်း၍ ဘုန်းလက်ရုံး အရည်အသွေးကို ပြောဆိုဖော်ပြပြေနေကြသည့်ကာလ ပြေနေကြသည် ဖြစ်၍ သတ္တရာဇ် ကာလအရှည်အကြာ ပြည်ကြီးနှစ်ပြည် ရန်မရှိ၊ နိုင်ငံတော် ကျွန်တော်မျိုး ကျိုင်းရုံး, သိန်းနီ, ဗန်းမော်,မိုးကောင်းစော်ဘွားငယ်တို့ ပြေးပုန်း ခိုးဝင်လေသည်နှင့် စစ်အင်္ဂါ ဗိုလ်ပါအများ စုရုံး၍ တကြိမ်နှစ်ကြိမ် တိုင်းနိုင်ငံတော် အစွန်အနားထိပါးလာရောက်သည်တွင် ကျွန်တော်မျိုး ဆင်းရဲသားသတ္တဝါအပေါင်းတို့ ထိပါး သေပျောက်ကြရလေသည်ဖြစ်၍ အကြားအလယ်တွင် လူဆိုးလူသွမ်းတို့ ချောပြစ်ပျက်ကွက် ဆိုးသွမ်းနှောင့်ရှက်သော်လည်း အကြောင်းအရာကို ကြားသိလျှင် ဆိုးသွမ်းပျက်ကွယ်ရာမလိုက်မနှာ၊ပြည်ကြီးတိုင်းကြီးချင်းကျေးကျွန်မြေရေ မပါမဝင်စေရာ၊ ရှေးထုံးစံနှင့်အညီ ချမ်းသာငြိမ်ဝပ်မည်ကို ရည်မှတ်၍ ရွှေဘဝါးတော်မြတ်အောက်သိမ်းထားရှိသည့်တရုပ်တို့ကိုစေပါမှာထားသည်နှင့် အကြောင်းအရာကိုပြန်လျှင် ကြားသိတန်သည် စွဲယူထင်မှတ်စောင့်ငံ့နေသည့် အတွင်းတွင် ဗိုလ်ပါအများနှင့် ကင်းအစောင့်အနေထားသည့်ကောင်းတုံတပ်ကို လာရောက် ဝန်းရံတိုက်လံသည် ကြားသိရသောကြောင့် စုရုံးမိသမျှ ဗိုလ်တသိန်းကျော်နှင့် ချီလာရသည်၊ ကျေးကျွန်ရေမြေ တိုင်းနိုင်ငံအစဉ်ထုံးစံကို မလွန်မယုတ်စေရ တရားသဖြင့်စောင့်ထိန်း၍ အရေးအခင်းရှိရာ နှလုံးရည်နှင့်ပြောဆိုလို၍ လာရောက်သည်ဖြစ်မည်, ဗိုလ်ပါဆင်မြင်း ခင်းကျင်း ဘက်ပြိုင်၍ လက်ရုံးရည်နှင့်ဆောင်လိုသောကြောင့် လာရောက်သည်ဖြစ်မည်ကို သိလိုသောကြောင့်စေရောက်သည်၊ စာရောက်လျှင် လက်ရုံးရည်နှင့် နှလုံးရည်အရေးနှစ်ပါးတွင် ဆောင်ရွက်လိုရာ အရေးကိုသိသာအောင် မှာထား လိုက်ရမည့်အကြောင်းကို ကြားရောက်သည်။ ။မှာစာကိုသင်းဘောစက္ကူတွင် မင်နှင့် ရေး၍ လိပ်ပြီးလျှင် စက္ကူနီရစ်၍ ပိုးကြိုးစည်းပြီးမှ သတ္တလတ်အိတ်နီသွတ်သည်၊ ချိပ်နီတွင် တိုးရုပ်တံဆိပ်ခတ်ပြီးလျှင် ငချစ်ကြွယ်ကို အပ်၍ တရုပ်ဗိုလ်မှူးတို့ရှိရာ စေလွှတ်သည်။

ငချစ်ကြွယ်သည်း တရုပ်တို့တပ်သို့သွား၍ တရုပ်စစ်သူကြီး သူကုန်ရဲ, ဥဒည်မင်းသား အာကုန်ရဲတို့သို့ ပေးပို့သည်တွင် တရုပ်စစ်သူကြီး သူကုန်ရဲ, ဥဒည်မင်းသား အာကုန်ရဲတို့လည်း တရုပ်ဗိုလ်မှူးတပ်မှူးတို့နှင့် တိုင်ပင်ပြီးလျှင် စာတုံ့ပေးလိုက်သည်ကား····စစ်သူကြီး သူကုန်ရဲ, သားတော်အာကုန်ရဲတို့ ရွှေစက်တော်စုံကို ဦးထိပ်ထက်ရွက်၍ ရှိခိုးသံတော်ဦးတင်

ပါသည်ဘုရား–ရွှေစက်တော်အောက်က ရောက်လာသည့်အမိန့်တော်ကို ဦးထိပ်ထက် ဆင်ရွက်ရသည်၊ ရွှေနှလုံးတော်က ချမ်းသာပေးချင်သည့် အဘိုင်း ရှစ်ယောက်လူကို စေလွှတ်တော်မူသည်မှာ သတ္တဝါအပေါင်းတို့ ချမ်းသာစေချင်၍ ရွေးထုံးစံရှိသည့် အဘိုင်း ရှစ်ယောက်လူတွင် ပါသည့် အမိန့်တော်အရကို သောက်၍ တန့်စင့်လင့်နေပါသည်၊ ရှစ်ယောက်လူ လွှတ်သည်မှာလည်း အမှူးအမတ်ကို မလွှတ်လိုက်ပါ လူငယ်လူသိမ်ကို သာ စေလွှတ်တော်မူ၍ အမှုမပြေရှိပါသည်၊ ယခုလည်းစုံရာအမှူးအမတ် နှင့် ကျွန်တော်နှင့် ပြောဆိုဟိုင်ပင်ဆောင်ရွက်မှပြေလည်ပါမည်၊ ပြေလည် အောင် ပြောဆိုပါမည်မှန်လျှင်လည်း စုံရာမှူးမတ်ချင်း မျက်နှာညီပြောဆို ရမှပြေလည်ပါမည်၊ ယခုမှာလူငယ်များနှင့်သာ ပြောဆိုခဲ့ရသည်၊ မှူးချင်း မတ်ချင်းလည်းမပြောရပါ၊ပြေလည်အောင်ပြောဆိုမည်မှန်ပါလျှင် သည် စာရောက်သည့်ကာလ စာတစောင်ထပ်၍ ပြေလျှင်ပြေမည် မပြေလျှင် မပြေမည်အကြောင်းများကိုစာတွံ့ပေးတော်မူပါ၊ စုံရာအမှူးအမတ်လည်း စေတော်မူပါ၊ ပြေသည်ဆိုသည့်အမှုကိုသာ ကြိုက်ရပါမည်၊ မပြေကြလျှင် လည်း တနှစ်မပြေလျှင် အနှစ်နှစ်ပင် ပြေမည်မဟုတ်ပါ၊ ကျွန်တော်တို့ လည်း မြန်မာတိုင်းနိုင်ငံကို လို၍ လာသည်မဟုတ်ပါ၊ ဥဒည်ဘွားနန်းနေ တဆဲ့ခြောက်နှစ်တွင် နေထွက်ဘုရင်က လက်ဆောင်ပေးပါသည်၊ ကျွန် တော်ဘို့ကလည်း လက်ဆောင်သေတ္တာကြီးငယ်နှင့် ပြန်၍ဆက်ပါသည်၊ အဆက်ကကဲ့သို့ ပြေနေရှိကြပါလျှင် ကျေးတော်မျိုး ကျွန်တော်မျိုး လုပ် စား ဆောင်စား ဖောက်ကား ရောင်းဝယ်နှင့် စိတ်ငြိမ်းချမ်းသာ ရှိကြပါ မည်၊ နေထွက်ဘုရင်ကျွန်တော်မျိုးတို့လည်း လုပ်စားဆောင်စား ဖောက် ကားရောင်းဝယ်ငြိမ်းချမ်းသာယာ ရှိကြပါမည်၊ ကျွန်တော်တို့ဥဒည်ဘွား ကလည်း သူတို့ကတိုက်လျှင်တိုက်ခြင်းတိုက်ရမည်၊ပြေလည်အောင်ပြောဆို လျှင်လည်း ပြောဆိုခြင်းပင်ပြောဆိုရမည်၊ မိုးဝန်း, မိုးသား, စန္ဒားတပြင် စော်ဘွားမြို့စားတို့ မရပ်မတည် ကစဉ့်ကလျားရှိသည်ကိုလည်း ပြုစုတင် ထားခဲ့ရမည်၊ ကျွန်တော်ဘို့သုံးယောက်ကို အချုပ်အကိုင် ခန့်ထားသော ကြောင့် လာခဲ့ရပါသည်၊ ယခုပြေနေပြောဆိုရမည့်စကားမှာလည်း ရှေး ထုံးစံနှင့်အညီ အမှန်အကန်ကိုလို၍ ဆက်သပါသည်၊ အလျှင်ကလည်း ကျွန်တော်ဘို့ သုံးယောက်ကို ကြည်းကြောင်း ရေကြောင်း သုံးကြောင်း သုံးသွယ်အဝမြို့ရောက် ချီသွားရမည်ရှိသည်တွင် လူရှစ်ယောက်နှင့် အမိန့် တော်စာရောက်သောကြောင့် အဝရောက်မချီ တန့်ဆိုင်းလင့်၍ နေပါ

သည်၊ ယခုချီလာသည့်မှာလည်း ပြေလိုသောကြောင့် စစ်သည် မိုလ်ပါ၊ ရဲမက် လက်နက်ကိုင်တို့ကို အကုန်အစင်မခေါ်ခဲ့ အင်တန်နှင့်သာလာပါသည်၊ ကျွန်တော်တို့တရပ်မှာ စကားတခွန်းပြင် နှစ်ခွန်းမပြောလို အမှန်ကိုသာ ပြောဆိုမြဲဖြစ်ပါသည်၊ အလျင် လူရှစ်ယောက်နှင့် အမိန့်တော်ရောက်သည်၊ နောက်ထပ်၍ ရောက်လာမည်ထင်ပါသည်ကို မရောက်နေသောကြောင့်လည်း ယခုပြောဆိုသမျှ စကားကို ကြပ်ကြပ် မယုံသောကြောင့် တွေးတွေးဆဆ ရှိရပါသည်၊ ရှေးထုံးစံ မင်း အဆက်ဆက်လည်း အဝနေထွက်ဘုရင်က ကျွန်တော်တို့ ဥဒည်မင်းသို့ မိတ်သဟာယဖွဲ့၍ လက်ဆောင် ပေးပါသည်၊ ကျွန်တော်တို့ ဥဒည်ဘွားကလည်း အဝနေထွက်ဘုရင် ရွှေစက်တော်အောက်သို့ မိုင်းလုံး, ဇာ,ရွှေဖျင်,ကြာချည်, မီးအိမ်လက်ဆောင်အများပေး၍ ယခုထက်တိုင် သုံးဆောင်၍မကုံ၊ ရွှေဘဝါးတော်အောက် ရှိကြောင်းကို ကြားရပါသည်၊ယခု ဆောင်ရွက်ကြရမည်မှာလည်း အထက်ကကဲ့သို့ မိတ်သဟာယဖြစ်၍ လက်ဆောင်ပေးမြဲ တုံ့မြဲပေးဆက်ကြရအောင် ရွှေဘဝါးတော်အောက် ဆောင်ရွက်ကြရမည်၊ ရွှေဘဝါးတော်အောက်က အမှူးအမတ်,ဥဒည်ဘွားက အမှူးအမတ်တို့ရောက်မှသာ ပေးဆက်ရမည်မဟုတ်၊ စပ်ကြားတွင်နေထိုင်သည့် ရှမ်းတို့ကိုသာ တုံ့စေဆက်စေ ရတော့မည်၊ ရှမ်းတို့တစုမှာ အဝနေထွက်ဘုရင်ကပေးသည့် လက်ဆောင်ကိုလည်း ဥဒည်ဘွားဆီသို့ ပို့ရမည်၊ ဥဒည်ဘွားကပေးသည့်လက်ဆောင်ကိုလည်းနေထွက်ဘုရင်ဆီသို့ ပို့ရမည်ဖြစ်ပါသည်၊သိန်းနီစော်ဘွား,ဗန်းမော်စော်ဘွားတို့မှာလည်း ယခုတရပ်ပြည်မှာရှိပါသည်၊ သင်းတို့ မြို့ရွာမှာနေထိုင်မြဲအတိုင်း ဘွားကြီးနေထိုင်ပါစေ။ ကျွန်တော်တို့ ဥဒည်ဘွားမှာလည်း သူ့တိုင်းနိုင်ငံကို လုယက်လိုချင်သည့် နှလုံးမရှိပါ၊ တရားဆယ်ပါးကို စောင့်ထိန်းသည့် အရှင်ဖြစ်ပါသည်၊ ယခု စစ်ဖြစ်ရသည့်မှာလည်း သိန်းနီစော်ဘွား, ဗန်းမော်စော်ဘွားတို့လာ၍ စပ်ကြားတွင် ကုန်းတိုက်လျှောက်ထားသောကြောင့် ပြည်ကြီးနှစ်ပြည် စစ်ဖြစ်ကြသည့်အကြောင်း ဖြစ်ပါသည်၊ ယခု သင်းတို့နှစ်ယောက်ကြောင့် ချီပြန်ရ၍ရောက်လျှင် ကျွန်တော်တို့က မခေါ်ဝေါ်သည်ကို မိုးကောင်းစော်ဘွား ဝင်ရောက် လာပြန်သောကြောင့် အဝနေထွက်ဘုရင်ကပြုစုသကဲ့သို့ မိုးကောင်းမြို့မှာပင် စော်ဘွားအရာနှင့် နေစေရတော့မည်ဆို၍ ထားရပါသည်၊ ကျွန်တော်တို့ဥဒည်ဘွားကျွန်တော်မျိုး ရွှေဘဝါးတော်အောက်ရှိသည့် လူတို့ကို ပြန်ပေးပါလျှင် တရား

ဆယ်ပါးကို စောင့်တော်မူသည့်အရှင် ဖြစ်ပါတော့မည်၊ ရှေးထုံးစံနှင့်လည်း ညီပါတော့မည်၊ သည်အချက်ကို စာပြန် သနားတော်မူပါလျှင် ကျွန်တော်တို့လည်း ရဲမက်ဗိုလ်ပါကို သိမ်း၍ ပြန်ပါတော့မည်၊ အဝနေထွက်ဘုရင်က စစ်သည်ကိုလည်းသိမ်း၍ တလုံးတဝတည်း ပြန်သွားပါစေတော့၊ ပြန်သွားသည့်ကာလလည်း မှူးကြီးမတ်ကြီး ဗိုလ်မှူးတပ်မှူးချင်း လက်ဆောင်ပဏ္ဏာတုံ့ပြန်၍ ချစ်ကြည်စွာရှိကြပါတော့မည်၊ ကျွန်တော်တို့နှင့် ချစ်ကြည်စွာရှိကြလျှင်လည်း အနှစ်နှစ် အထွန့်ရှည်စွာ စစ်ဖြစ်ကြတော့မည်မဟုတ်ပါပြီ၊ ယခု ပြောကြရမည်မှာလည်း သတိပညာရှိသည့်မှူးမတ်ချင်း ပြောကြရမှသာ ကောင်းပါမည်၊ သည်အချက်အတိုင်းပြောဆိုပါမည်မှန်လျှင်လည်း မှန်ကန်အောင်ပြောဆိုပါ၊ ပြောဆိုမည်အဟန်နှင့် ကျွန်တော်တို့ကိုမေ့လျော့အောင်မပြုပါနှင့်၊ စကားပြေနေ၍ ပြန်သွားသည့်ကာလ ကျွန်တော်တို့ကနောက်သိမ်း၍ ပြန်ပါမည်၊ ကျွန်တော်မျိုးတို့က တပ်ကို အလျှင်သိမ်း၍ ပြန်လည်ပါစေ၊ ကျွန်တော်တို့က အလျင်ပြန်လျှင် နောက်ကလိုက်၍ သိန်းနိမ့်မှာကဲ့သို့ တိုက်မည်ကို စိုးရိမ်လှသောကြောင့် ကြောက်လှပါသည်၊ ယခု ပြေလည်ကြပါလျှင်လည်း ပြည်ကြီးနှစ်ပြည် ရွှေလမ်းငွေလမ်းဖြစ်၍ မိတ်သဟာယချည်း ဖြစ်ပါတော့မည့်အကြောင်းကို ရှိခိုးသံတော်ဦးတင်ပါသည်ဘုရား။

စာကို သင်းဘောစက္ကူတွင် မင်နှင့်ရေးပြီးလျှင် ခေါက်၍ ဘရောနီအုပ်ရစ်သည်၊ (၁၁၃၁) တထောင့်တရာ့သုံးဆဲ့တခု၊ နတ်တော်လဆန်း တဆဲ့နှစ်ရက်နေ့ ကျွေ့ ဇေဗိုလ်ချုပ်စကားပြန်ငမြတ်ထွန်းအောင်တပ်တော်သို့ ပို့ခရောက်လာသည်၊ ။နတ်တော်လဆန်းတဆဲ့သုံးရက်နေ့ တပ်တော်က ကျွေ့စွေဗိုလ်ကို ခေါ်စေသည်၊ တပ်ပြင် သင့်ရာကနေစေ၍ တရုပ်ဝန် နေမျိုးစည်သူသင်္ယာကို တပ်ပြင်သို့ထွက်၍ စကားပြောစေသည်၊ ကျွေ့စွေဗိုလ်နှင့် ဆိုင်ပြိုင်မိလျှင် တရုပ်ဝန်ဆိုသည်ကား–ယခု ဗိုလ်အများနှင့် လာရောက်၍ ကောင်းတုံမြို့တွင် ရှိနေသည်နှင့် ဆိုင်ပြိုင် မိကြလျှင် မတိုက်မလံ ပြေငြိမ်းမည့် အကြောင်းကို အကြိမ်ကြိမ် ပြောဆိုသောကြောင့် ဆောင်ရွက်လိုရာ အရေးကို ဆိုရမည် မှာထားသည့်အတိုင်း လိုရာအခရေးကို ငါတို့တွင်သာ ပြောဆိုရမည်ဖြစ်လျက် ရှိခိုးသံတော်ဦးတင်စာ ဆက်ရောက်သည်မှာ ရှိခိုးသံတော်ဦး တင်ဝံ့မည်မဟုတ်၊ လာရောက်သမျှ တရုပ်တို့ကို တိုက်လံဖမ်းဆီး သတ်ညှစ်ရမည်–အမိန့်တော်မြတ်ကို ဦးဆိပ်ရွက်၍ ချီလာရသည်ဖြစ်သည်၊ လက်ရုံးရည်နှင့် တိုက်

မည်ဖြစ်လျှင် ယခု ခင်းကျင်းတိုက်လံကြရမည်၊ နှလုံးရည်နှင့် ပြေလည်အောင် ဆောင်ရွက်လိုသည်မှန်လျှင်လည်း သိသာအောင်ဆောင်ရွက်ရမှ ရွှေဘဝါးခတော်အောက် ရှိခိုးသံတော်ဦး တင်သာမည် ဆိုသည်တွင် တရုပ်ဗိုလ်မှူး ကွေ့စွေဗိုလ်ဆိုသည်ကား ယခု တပ်တော်သို့ပေးပို့သည့်စာသည် ရေးသူ ပြန်သူတို့ မကျင်မလည်သောကြောင့် ရှိသည်ဖြစ်ပါသည်၊ ကျွန်ုပ်ဘို့ကမှာ မြန်မာဗိုလ်မင်းတပ်မင်း စစ်သူကြီးမင်းများ ကိုပင် ပြေမည်အကြောင်းပေးသည့်စာ ဖြစ်ပါသည်၊ အရှင်ရှိရာ လျှောက်ထား လိုလျှင်လည်း လျှောက်ထားပါ၊ ပြေမည်မှန်ပါလျှင် ကျွန်ုပ်တို့တပ်ကို သိမ်းနုတ်ပါရစေ၊ ဗိုလ်မင်းတို့က မတိုးမတက် မညှပ်မတိပါနှင့်ဦး၊ ကျွန်ုပ်တို့က တပ်ကို သိမ်းနုတ်၍ သင့်ရာတွင်စုထားပြီးမှ ပြောဆိုပါရစေ၊ ကျွန်ုပ်တို့မှာ သူကပြေလျှင်ပြေရမည်, မပြေ၍သူကတိုက်မှတိုက်ခြင်းတိုက်ရမည်–ကျွန်ုပ်တို့သခင် ဥဒည်ဘွား အမိန့်တော်နှင့် လာရသည်ဖြစ်၍ တွေ့ကြိမ်ပြောဆိုအောင်ကိုပင် မိုးကောင်း မိုးညှင်းရောက်အောင် ချီသွားပါရသည်၊ မတွေ့သောကြောင့် ကောင်းဘုံမြို့သို့စုပါသည်၊ ယခု နေ့ရက်အများ ကြာပါပြီ အကြိမ်ကြိမ်စေပါပြောဆိုသော်လည်း စကားမရ၍ ငံ့နေရသည်၊ ယခုမှ တွေ့ကြိမ်ရသောကြောင့် အဟုတ်အမှန် ပြောဆိုပါသည်၊ ဗိုလ်မင်းတို့ကသာ အကောက်မကြံပါနှင့်၊ သတ္တဝါအပေါင်းတို့ အသက်ကိုထောက်၍ အရှင်နှစ်ပါး ပြေလည်အောင်ဆောင်ရွက်ပါဟု ကွေ့စွေဗိုလ်ကဆိုသည်တွင် တရုပ်ဝန် နေမျိုးစည်သူသခ်ယာက ယခု ပြောဆိုသည့်စကားကို ငါတို့ ဗိုလ်ချုပ် စစ်သူကြီးမင်းမှာ လျှောက်ထားဦးမည်ဆို၍ ကွေ့စွေဗိုလ်ကို ပြန်စေ၏။

နတ်တော်လဆန်းဘဆဲ့လေးရက်နေ့ ကွေ့စွေဗိုလ် တပ်တော်သို့ လာရောက်ပြန်သည်တွင် တရုပ်စစ်သူကြီးဘို့သို့မှာလိုက်သည့်စာကား–သေနာပတိ စစ်သူကြီး မဟာသီဟသူရကြားလိုက်ပါသည် တရုပ်စစ်သူကြီး အာကုန်ရဲ, သူဘုန်ရဲ, ယွန်းကုန်ရဲတို့–ငါတို့သခင် နေထွက်ဘုရင် အသျှင်ဘဝရှင်မင်းတရားကြီးဘုရားသည် မင်းတို့ကျင့်ရာသောတရားအပေါင်းတို့ကို အမြဲကျင့်ဆောင်တော်မူသည် ဖြစ်၍ ဟတိုင်းတနိုင်ငံ တထီးတနန်းဖြစ်သော ဥဒည်မင်း တိုင်းလယ် ပြည်လယ်ကို မဆိုနှင့်ဦး တိုင်းစွန် ပြည်နားကိုမျှ ထိပါးမည်ကိုအလိုတော်မရှိ၊ ဥဒည်မင်းမှာမူကား ငါတို့ ကျွန်တော်မျိုး ဗန်းမော်စော်ဘွားငယ်, သိန်းနီစော်ဘွားငယ်, ကျိုင်းတုံ စော်ဘွားငယ်,မိုးကောင်းစော်ဘွားငယ်တို့ ပြည်ကြီးနှစ်ပြည်အကြား အလယ်

တွင် ကုန်းချောသည့်စကားကို နာယူပြီးလျှင် လေးနှစ် တိုင်တိုင် အကြိမ် ကြိမ်စစ်ကြီးဆင်၍ တိုင်းနိုင်ငံတော် အတွင်း ချင်းနင်းပေါက်ရောက်လာ မှားလေသောကြောင့် တရုပ်စစ်သူကြီး ဗိုလ်မှူးတပ်မှူး ပြည်သူတို့နှင့်တကွ တရုပ်စစ်သည်အပေါင်းတို့ ဆုံးပါးပျက်စီး၍ ဆင်းရဲကြီးစွာ တွေ့ကြလေ သည်၊ သုံးနှစ် လေးနှစ်ကို မဆိုထားနှင့်ဦး နှစ်တရာပင် တိုင်းနိုင်ငံတော် အတွင်း ချင်းနင်း ပေါက်ရောက်လာချေသည်ရှိသော် သည့်ကဲ့သို့ချည်း ဆင်းရဲတွေ့ကြရလိမ့်မည် မချွတ်ဖြစ်သည်၊ စစ်သူကြီး သူကုန်ရဲ,အာကုန် ရဲ, ယွန်းကုန်ရဲတို့က သည်အတိုင်းမှန်လျှင် ငါလည်း သေနာပတိ စစ်သူ ကြီးအရေးရှင်ဖြစ်လေပြီးသည်၊ နှစ်ပြည်တောင် သဟ္ဗဝါတို့ ချမ်းသာကို ဆောင်ရွက်လိုပါသည် ဆိုသည့်စကားကို မျက်နှာလွဲသင့်သည် မဟုတ်ဟု သည်စာနှင့် တရုပ်ဗိုလ်မှူး ကွေ့စွေဗိုလ်ကို တရုပ်တပ်သို့ ပြန်စေ၏။

တရုပ်စစ်သူကြီး သူကုန်ရဲ, အာကုန်ရဲ, ယွန်းကုန်ရဲတို့လည်း ကွေ့စွေ ဗိုလ် ပြန်ရောက်၍ ဝန်ကြီးမဟာသီဟသူရ ပေးမှာသည့်စာကို ဘာသာ ပြန်ဆိုကြားသိရ၍ အရေးရလျှင် စစ်သူကြီး ဗိုလ်မှူးတပ်မှူး အပေါင်းတို့ အညီအညွတ် စည်းဝေးပြောဆိုရမည်၊ နေ့ရက်အချိန်းအချက်ကို ကွေ့စွေ ဗိုလ်ကိုစေ၍ ၎င်းနေ့ ဝန်ကြီး မဟာသီဟသူရထံ တောင်းလာစေသည်၊ ဝန်းကြီး မဟာသီဟသူရလည်း နတ်တော်လဆန်း တဆဲ့ငါးရက်နေ့ကို အညီအညွတ်စည်းဝေးပြောဆိုမည်ဟု ကွေ့စွေဗိုလ်တွင် ချိန်းချက်ပြောဆို လိုက်၍ ကွေ့စွေဗိုလ်ကိုပြန်စေပြီးလျှင် ကောင်းတုံမြို့ အရှေ့တောင်ထောင့် တွင် ကြီးကျယ်စွာစကြောတဲဆောက်၍ စကားပြောဆိုကြမည် ချိန်းချက် သည်အတိုင်း (၁၁၃၁) တထောင့်တရာ့သုံးဆဲ့တခု၊ နတ်တော်လဆန်း တဆဲ့ငါးရက်နေ့ စကားပြောတဲနေရာသို့ တက်နေကြရသည်။

အထူးထူးသော တိုင်းကြီး ပြည်ကြီး ထီးဆောင်းမင်းများသခင်၊ ရွှေတွင်း, ငွေ တွင်း, ပတ္တမြားတွင်း, ပယင်းတွင်းစသော ရတနာအပေါင်းတို့၏အရှင်၊ စတုဗ္ဗ ရထနာပူရ မြို့တည် နန်းတည်၊ ဆဒ္ဒန်ဆင်မင်းသခင်၊ ဆင်ဖြူများသခင် အသျှင် ဘဝရှင် မင်းတရားကြီး ဘုရား လက်ထက်တော် (၁၁၉၁) တတောင့် တရာ့ ကိုးဆဲ့ တခု၊ နယုန်လဆန်း တရက်နေ့က စ၍ ရဟန်းပညာရှိ, ပုဏ္ဏားပညာရှိ၊ မှူးမတ်ပညာရှိတို့နှင့်၊အထူးထူးသော ရတနာတို့ဖြင့်ဆန်းကြယ်သော မှန်နန်းတော် ဆောင်တော်ဦး နန်းမစနဲ့ နိုင်းညှိ၍ အသင့် ယုတ္တိကျမ်းဂန် အာဂုံများနှင့်အညီ သုတ်သင် စီရင်တော် မူသော ဒုတိယ မဟာ ရာဇဝင်တော်ကြီး၊ စတုတ္ထတုပ်၊ အဋ္ဌမတွဲ ၌တွင်ရွှေ့ပြီး၏။

ပြင်စည်မြင်းမှူး မင်းရဲသီဟသူ၊ ကျောက်ဆောက်မြင်းမှူး မင်းရဲမင်းလှကျော်ထင်၊ ဝန်ထောက်တော် ကိုးသင်းမြင်းဝန် နေမျိုးမဟာသူရ၊ မကွေးမြို့စား ယိုးဒယားဝန်နေမျိုးသီရိဇေယသင်္ကြံ၊ ယွန်းစုကောင်ဟန်ဝန် နေမျိုးနော်ရထာ၊ မိတ္ထိလာမြို့စား ငါးစု့ဝန် နေမျိုးစည်သူကျော်ထင်၊ တရုပ်ဝန်နေမျိုးစည်သူသင်္ခယာ၊ လှိုင်းတက်မြို့စားတပ်ကောင်ဟန်ဝန်ရွှေတောင်ရဲခေါင်နော်ရထာ၊ ကသည်းဝန် နေမျိုးသီဟသူ၊ မြေထဲမြို့စား မြေနန်းသေနတ်ဝန် ကျော်စွာရွှေတောင်နော်ရထာ၊ လေးတောမြို့စားလင်းဇင်းသေနတ်ဝန် နော်ရထာကျော်ထင်၊ လေးကြောင်း သင်းမြို့စား ကျော်စွာသီရိနော်ရထာ၊ စလင်းမြို့စား ဗိုလ်မှူးရန်ငူးသီရိနော်ရထာ၊ ဝင်းကောင်ဟန်ဝန်ပုံချိသီရိကျော်သင်တို့ဗိုလ်မှူးတကျိပ်လေးဦးမှာစကားပြောတဲကွန်းစဉ်အတွင်း ခင်းထားသည့် နေရာတွင် အသနားတော်မြတ် ခံရသည့် ချပ်တန်ဆာဝတ်ဆင်လျက်နတ်ယောကျ်ားကဲ့သို့တင့်တယ်စွာနေရာစဉ်အတိုင်းနေကြရသည့်ဗသမင်းထင်နှင့်စံလှကြီးတို့နှစ်ယောက်မှုကား ဗိုလ်မှူးတပ်မှူးတို့နှင့်အတူကြမ်းဆင့်သို့ မတက်မနေရအောက်ကြမ်းဆင့်ကနေကြရသည်။

အချိန်တန်လျှင် ကွေ့စွေဗိုလ်ချုပ် ကျည်မင်းတီတူဟာ အသက်သုံးဆဲ့ရှစ်နှစ်၊ ယည်နံမြို့စား ဆင်တာယည် အသက်လေးဆဲ့လေး၊ ဥဒည်မြို့နေမင်းသားမြင်းတာယည်ကြီး အသက်နှစ်ဆဲ့ရှစ်နှစ်၊ ကောင်ဟန်ဝန် ဟိုက်တာယည် အသက်သုံးဆဲ့ငါးနှစ်၊ စောတုံမြို့စား ဟာတာယည် အသက်လေးဆဲ့ခြောက်နှစ်၊ ရွှံလည်မြို့စား ဟိုတာယည် အသက်လေးဆဲ့ခြောက်နှစ်၊မင်းသားမြင်းတာယည်ငယ် အသက်သုံးဆဲ့ငါးနှစ်၊ သူကျောင်မြို့စား နှိုတာယည် အသက်ငါးဆဲ့ လေးနှစ်၊ လျှည်းယည် မြို့စား ရိုးတာယည် အသက် လေးဆဲ့ခုနစ်နှစ်၊ ထည်ရွှဲမြို့စား ယာတာယည် အသက်လေးဆဲ့ခုနစ်နှစ်၊ ကွေ့စွေမြို့နေ လိတာယည် အသက် လေးဆဲ့ခြောက်နှစ်၊ စွန်ယည်မြို့စား ကိုတာယည် အသက်လေးဆယ်၊ စာရေးရွှဲထည့် အသက်သေးဆဲ့တနှစ်၊ ပေါင်းတရုပ်ဗိုလ်မှူး တဆဲ့သုံးတို့ အခင်းအကျင်းအတော်အသင့်နှင့်လာကြသည်၊ စကားပြောတဲသို့ရောက်လျှင် တရုပ်မှူဗိုလ်း တို့ကိုအဆိုက်အလိုက် နေရာချထား၍ နေကြရသည်။

ယင်းသောအခါ တရုပ်ကွေ့စွေဗိုလ်မှူးက ဆိုသည်ကား–သုံးလေးနှစ်တိုင်တိုင်သတ္တဝါအပေါင်းတို့ဆင်းရဲတွေ့ကြရသည့်အရာသည် ရှေးဦးစွာစစ်ပြိုင်ကြရသည့်ကာလကပင် ယခုကဲ့သို့ ပြည်ကြီးနှစ်ပြည်အရှင်နှစ်ပါးတို့အကျိုးစီးပွားကို ရွက်ဆောင်ကြရပါသည်ရှိသော် သတ္တဝါအပေါင်းတို့

ဆင်းရဲတွေ့ကြုံရမည်မဟုတ်၊ သို့အရာတွင် သတ္တဝါအပေါင်းတို့ ကံကြမ္မာ အလိုက် ပျက်စီးရမည့်အခါသို့ရောက်၍ စစ်သူကြီးပြုသူတို့မေ့ကျန်ရသည် ဖြစ်တော့သည်၊ နောက်ကိုလည်း အစဉ်အဆက် သတ္တဝါတို့ ချမ်းသာရာ ရကြပါအောင် ပြည်ကြီးနှစ်ပြည် ရွှေလမ်း ငွေလမ်းပေါက်၍ အရှင် နှစ်ပါး ချစ်ကြည်တော်မူမည့် အကြောင်းကို နေထွက်ဘုရင် မင်းတရားကြီး ဘုရားမှာ ဗိုလ်မင်းတို့ကလျှောက်ထားပါ၊ ကျွန်ုပ်တို့အရှင် ဥဒည်မင်းတရား မှာလည်း ပြည်ကြီး နှစ်ပြည် ရွှေလမ်း ငွေလမ်း ပေါက်၍ အရှင်နှစ်ပါး ချစ်ကြည်တော်မူမည့် အကြောင်းကို လျှောက်ထားပါမည် ဆိုသည်တွင် ဝန်ထောက်တော် ကိုးသင်းမြင်းဝန် နေမျိုးမဟာသူရ ဆိုသည်ကား… ငါတို့အရှင် နေထွက်ဘုရင် ဘဝရှင်မင်းတရားကြီး ဘုရားသည် မင်းတို့ ကျင့်ရာသည့် တရားနှင့်အညီ ကျင့်ဆောင်တော် မူသည်ဖြစ်၍ သူ့တိုင်း သူ့နိုင်ငံကို ဖျက်ဆီးခြင်း၌ အလိုတော်မရှိ၊ တိုင်းတပါးက မသင့်သော အကြံဖြင့် တိုင်းနိုင်ငံတော်အတွင်းသို့ ချင်းနင်းပေါက်ရောက် လာလျှင် လည်း ပြောင်ပြောင် တောက်သော မီးအလျှံကို ဝင်မှားသော ပိုးဖလံ ကဲ့သို့ ကြီးစွာသော ပျက်စီးခြင်းသို့သာ ရောက်ရမြဲ ဖြစ်သည်၊ ကိုယ်တို့ ဆိုသော စကားအတိုင်း ပြေလိုသည်မှန်လျှင် ငါတို့အရှင့်ကျွန် သိန်းနီ စော်ဘွား, ဗန်းမော် စော်ဘွား, မိုးကောင်း စော်ဘွားတို့ကို တပ်တော် ရောက် ပေးအပ်ရမည် ဆိုသည်ကို တရုပ်ဗိုလ်မှူး ကွေ့ဖွေ ဗိုလ်က သိန်းနီ စော်ဘွား, ဗန်းမော်စော်ဘွား, မိုးကောင်းစော်ဘွားတို့သုံးယောက် ယခု တပ်တွင် မရှိပါ–ဆိုပြန်သောကြောင့် ဝန်ထောက် ကိုးသင်းမြင်းဝန် နေ မျိုးမဟာသူရက သိန်းနီစော်ဘွား, ဗန်းမော်စော်ဘွားတို့တပ်တွင် မပါ သည်မှန်၍ မအပ်နိုင်သေး သော်လည်း မိုးကောင်း စော်ဘွားကို ယခု ပေးအပ်ရမည်၊ မိုးကောင်း စော်ဘွားကိုရမှ စကားပြောသာမည်–ဆို ပြန်သည်တွင် ကွေ့ဖွေဗိုလ်မှူးက သိန်းနီစော်ဘွား, ဗန်းမော်စော်ဘွား, မိုးကောင်း စော်ဘွားတို့ သုံးယောက်ကို (၁၁၃၁) တထောင့်တရာ့ သုံးဆဲ့တခု နတ်တော်လက သည် နယုန်လအတွင်း သိန်းနီမြို့ရောက် ပို့အပ်ပါမည်၊ စော်ဘွားသုံးယောက်ပြင် ကျွန်တော်မျိုးတို့ကိုလည်း ထုံးစံ နှင့်အညီ နှင်ထုတ်လိုက်ပါမည် ယခုမိုးကောင်းစော်ဘွားတပ်တွင်ရှိလျက် ကို မရှိဟူ၍ ကျွန်တော်ဆိုပချေသော် ကျွန်တော်ခံသောက်သည့် အရှင့် သစ္စာတော် ရှုံးရောက်ပါစေသော သိန်းနီစော်ဘွား ဗန်းမော်စော်ဘွား, မိုးကောင်းစော်ဘွားတို့ကို ယခု သစ္စာထားသည့်အတိုင်း နယုန်လ သိန်းနီ

ရောက် ပို့ပါမည် မှန်ပါ၏။ မပို့နေပချေသော် ကြီးစွာသော သစ္စာတော် ရောက်၍ သားမယားထံသို့မရောက် လမ်းခရီးတွင် သေပါစေသောဟူ၍ ကျွဲ့ဓွေမြိုလ်ကျည်မင်းတီတူဟာ သစ္စာမှုသည်။

ယင်းသောအခါ မြန်မာဗိုလ်မှူးတကျိပ်လေး, တရုပ်ဗိုလ်မှူး တကျိပ် သုံး အစုံအညီတွင်ပြေချက်စာချုပ်ထားသည်ကား....သက္ကရာဇ်(၁၁၃၁) တထောင့်တရာ့သုံးဆဲ့တခု နတ်တော်လဆန်း တဆဲ့ငါးရက် ဗုဒ္ဓဟူးနေ့ ကောင်းတုံမြို့အရှေ့တောင် စကြောတဲတွင် အနောက်မျက်နှာ တိုင်းကြီး ပြည်ကြီး ထီးဆောင်းမင်း အပေါင်းတို့ကို အစိုးရတော်မူသော အဝ နေထွက်ဘုရင် ရွှေနန်းရှင်ဘုရား အမတ်စစ်သူကြီး သခင်ဘုရားက စေ ခန့်သည့် ပြင်စည်မြင်းမှူးမင်း မင်းရဲသီဟသူ၊ ကျောက်ဆောင်မြင်းမှူးမင်း မင်းရဲမင်းလှကျော်ထင်၊ ဝန်ထောက်တော် ကိုးသင်းမြင်းဝန်မင်း နေမျိုး မဟာသူရ၊ မကွေးမြို့စားယိုးဒယားဝန်မင်းနေမျိုးသီဟဇေယသင်္ကြံ၊ ယွန်းစု ကောင်ဟန်ဝန်မင်း နေမျိုးနော်ရထာ၊ မိတ္ထိလာမြို့စား ငါးစိုဝန်မင်း နေမျိုးစည်သူကျော်ထင်၊ တရုပ်ဝန်မင်းနေမျိုးစည်သူသခ်ယာ၊ လှိုင်းတက် မြို့စား တပ်ကောင်ဟန်ဝန်မင်း ရွှေတောင်ရဲခေါင်နော်ရထာ၊ ကသည်း ဝန်မင်း နေမျိုးသီဟသူ၊ မြေထဲမြို့စား မြေနန်းသေနတ်ဝန်မင်း ကျော်စွာ ရွှေတောင် နော်ရထာ၊ လေးတောမြို့စား လင်းဇင်း သေနတ်ဝန်မင်း နော်ရထာကျော်ထင်၊ လေးကြောင်းသင်းမြို့စားမင်း ကျော်စွာသိရိနော် ရထာ၊ စလင်းမြို့စား ဗိုလ်မှူးမင်းရန်ငူးသိရိနော်ရထာ၊ ဝင်းကောင်ဟန် ဝန်မင်း ပျံချီသိရိကျော်တို့နှင့်အရှေ့မျက်နှာ တိုင်းကြီးပြည်ကြီး ထီးဆောင်း မင်းအပေါင်းတို့ကို အစိုးရတော်မူသော ဥဒည်ရွှေနန်းရှင် အမတ်စစ်သူ ကြီး စေခန့်သူ၊ ကျွဲ့ဓွေမြို့စား ကျည်မင်းတီတူဟာ၊ ရည်နံမြို့စား ဆင်တာ ရည်၊ မင်းသား မြင်းတာရည်ကြီး၊ ကောင်ဟန်ဝန် ဟိုက်တာရည်၊ စောတုံ မြို့စား ယာတာရည်၊ ရွှံ့လည်မြို့စား ဟိုတာရည်၊ မင်းသား မြင်းတာရည် ငယ်၊ သူကျင်မြို့စား ရွှိတာရည်၊ လျည်းရည်မြို့စား ရိုးတာရည်၊ ထည်ရွှံ့ မြို့စား ယာတာရည်၊ ကျွဲ့ဓွေမြို့နေ လီတာရည်၊ စွန်ရိမြို့စား ကုန်တာ ရည်၊ စာရေး ရွှံ့ထည့်တို့တစု။

သက္ကရာဇ် (၁၁၃၁) တထောင့်တရာ့သုံးဆဲ့တခု နတ်တော်လဆန်း တဆဲ့ငါးရက်နေ့ ကောင်းတုံမြို့အရှေ့တောင်တွင် စကြောကွန်းခုနစ်စဉ် အတင့်အတယ်ဆောက်လုပ်၍ ပြည်ကြီးနှစ်ပြည်ထောင် မဟာမိတ်သဟာ ယကြီးဖြစ်၍ ရွှေလမ်းငွေလမ်းရှေးထုံးစံနှင့်အညီ ဖြစ်ကြရမည့်အကြောင်း

ကို ပြောဆို၍ နေထွက်ဘုရင် ရွှေနန်းရှင် ကျွန်တော်မျိုး ရဲမက်လက်နက်ကိုင်အများ, ဥဒည်ရွှေနန်းရှင် ကျွန်တော်မျိုး ရဲမက်လက်နက်ကိုင်အများ စစ်မျက်နှာပြိုင်၍ရှိမှ ပြောဆိုကြရာတွင် ရှေးထုံးစံနှင့်အညီ တယောက်ကိုတယောက် ပဏ္ဏာကာရပေး၍ ပြေလည် ပြန်သွားကြသည်၊ အဝ နေထွက်ဘုရင် ရွှေနန်းရှင် ကျွန်တော်မျိုး, ဥဒည်ရွှေနန်းရှင် တိုင်းနိုင်ငံဘော်အတွင်းတွင်ရှိသည့်လူတို့မှာရှေးထုံးစံနှင့်အညီဖြစ်စေရမည်၊ပြည်ကြီးနှစ်ပြည်ထောင် မဟာမိတ် သဟာယကြီးဖြစ်၍ ရွှေနှစ်ပြားကို တပြားတည်း, ပြည်နှစ်ပြည်ကို တပြည်တည်းကဲ့သို့ ရွှေယမ်းငွေလမ်းဖြစ်ကြသည်နှင့်အညီ ရှေးထုံးစံ ရှိသည့်အတိုင်း အရှင်နှစ်ပါး ချစ်ကြည်စွာ ရာဇသံရွှေပေမှာ ဆယ်နှစ်မတိုင်မီ ပေါက်ရောက်ဆက်ကပ် ပေးသတော်မူကြအောင်.မင်းညီမင်းသား မှူးကြီးမတ်ကြီးတစု လျှောက်ထား သံတော်ဦးတင်ကြရမည်။ ။ငင်းနေ့ စက္ကူဖြူတွင် မင်နှင့် တရုပ်စာတစောင်စာရေးရွှဲ ထည့်ရေး၍ တရုပ်တို့က ပေးအပ်သည်။

ယင်းသောအခါ တရုပ်ဝန် နေမျိုးစည်သူသင်္ခယာက တရုပ်ဗိုလ်မှူးတို့ကို ဆိုသည်ကား-ယခု ပြည်ကြီးနှစ်ပြည် ရန်မရှိ၊ မီးမသေ ရေမကြည် ရွှေလမ်းငွေလမ်း ပေါက်ရောက်ကြမည့် အကြောင်းနှင့် စကားပြေငြိမ်းရှိကြသည်၊ ကောင်းတုံမြို့တွင် ရှိသည့် သမ္ပန်များကို ပေးအပ်ခဲ့မည့် အကြောင်းနှင့်ဆိုသည်တွင် တရုပ်ဗိုလ်မှူး ကွေ့ဇွေဗိုလ်က အမှုပြေငြိမ်းရှိသည်ကို သမ္ပန်မှာအမှိုက်ဖြစ်သည်၊ ကောင်းတုံမြို့က ဝန်ဆန်တင်၍ ဗန်းမော်သို့သွားပါလိမ့်မည်၊ ဗန်းမော်သို့ရောက်လျှင် ရပါတော့မည်ဟု ဆို၏။

ယင်းသို့မှ ဗိုလ်မင်းတပ်မင်းဘို့နှင့် တရုပ်ဗိုလ်မှူးတပ်မှူးတို့ ချေငံသာယာစွာ စကားစမြည်နှုတ်ခွန်းဆက်လက်ပြောဆိုကြသည်။ ။ယင်းသောခါ တရုပ်ဗိုလ်မှူး ကွေ့ဇွေဗိုလ်က ကောင်းတုံမြို့မှာ ရပ်နေသူတို့ကို မြင်လိုပါသည်ဟု ဆိုသည်တွင် ဗိုလ်မှူးတပ်မှူးအပေါင်းတို့ နောက်ကြမ်းဆင့်မှာ သူရဲတော်တို့နှင့် အထွေးထွေးနေသည့် ဗလမင်းထင်,စံလှကြီးတို့ကို ဝန်ထောက်တော်ကိုးသင်းမြင်းဝန်နေမျိုးမဟာသူရက လက်ညှိုးညွှန်၍ပြလျှင် ကွေ့ဇွေဗိုလ်က ထိုသူတို့-လူမဟုတ် နတ်ဘီလူးနှင့်အတူတူဖြစ်သည်ကို အဘယ့်ကြောင့် နောက်မှနေစေရသည်ဟုဆိုသည်တွင် ဝန်ထောက်တော်ကိုးသင်းမြင်းဝန် နေမျိုးသီဟသူရက ငါတို့သခင်နေထွက်ဘုရင်ဘဝရှင်

မင်းတရားကြီးဘုရားမှာ ထိုသူတို့နှင့် အရည်တူလူ မရေတွက်နိုင်အောင် များပြားလှသောကြောင့် မှူးမတ်အရေအတွက်သို့ မဝင်၍ အလွတ်နေရသည်ဟုပြောလျှင် ဗိုလ်မှူးကွေ့စွေဗိုလ်က ထိုသူနှစ်ယောက်ကို သည်သို့တက်ခဲ့ပါစေဟုဆိုသောကြောင့် ဗလမင်းထင်နှင့် စံလှကြီးနှစ်ယောက်ကို စကားပြောတဲကွန်းစဥ်သို့ သွင်းရသည်၊ ရောက်လျှင် ကွေ့စွေဗိုလ်စသော တရုပ်ဗိုလ်မှူး တပ်မှူးအပေါင်းတို့ ကျောလက်သပ်၍ ငါတို့လူနှစ်သိန်းနှင့် ဝန်းရံလုပ်ကြသည်ကို မြို့ငယ်တပ်ငယ်နှင့်ခံ၍ ငါတို့ကို အောင်မြင်နိုင်လေသည်၊ ဤသူနှစ်ယောက်ကား လူမဟုတ်–နတ်ယောကျ်ားနှင့်အတူဖြစ်သည်ဆိုပြီးလျှင် ကျွန်ုပ်တို့ကရိက္ခာပို့စေသည့်တပ်များကို မိုင်းတိန်လမ်းကနေ၍တိုက်ယူသည့်ဗိုလ်ကို မြင်ချင်ပါသေးသည် ဆိုပြန်သောကြောင့် ဝန်ထောက်တော် ကိုးသင်းမြင်းဝန် နေမျိုးမဟာသူရက ဗိုလ်မှူးမင်းရဲသီဟသူကို ပြသည်တွင် ကွေ့စွေဗိုလ်က ရတနာပူရရွှေစက်တော်အောက်တွင် မည်သည့်အရာနှင့် အမှုတော်ကိုထမ်းရွက်ရသည်ဟုမေးလျှင် ဝန်ထောက်တော်ကိုးသင်းမြင်းဝန် နေမျိုး မဟာသူရက ငါတို့အရှင် မင်းတရားကြီးဘုရားမှာနှလုံးရည်ဖြင့်၎င်း,လက်ရုံးရည်ဖြင့်၎င်း,နှလုံးရည်လက်ရုံးရည်ဖြင့်၎င်း အကြောင်းသုံးပါးနှင့် ပြည့်စုံစွာ အသောင်းမကသော ဆွေတော်ကျွန်အပေါင်းတို့တွင် လက်ရုံးရည်ဖြင့်သာ အမှုတော်ကိုထမ်းရွက်နိုင်သည့် ကျေးငယ်ကျွန်ငယ်မှုဖြစ်၍ တရုပ်စစ်တွင် သေလျှင်လည်းသေပစေဟု ခန့်ထားသောကြောင့် လိုက်လာရသည်ဟု ပြန်ပြောလျှင် ကွေ့စွေ ဗိုလ်က သည်မင်းသားကိုစစ်ဝတ်တန်ဆာမဆင် ပကတိကိုယ်ကိုကြည့်ချင်ပါသည် ဆိုပြန်သောကြောင့် အသနားတော်မြတ် ခံရသည့် ချပ်ဝတ်တန်ဆာကို ချွတ်ပြီးလျှင် ခါးတောင်းကျိုက်၍ပြလျှင် ကွေ့စွေဗိုလ်နေရာကထ၍ လာပြီးလျှင် မင်းရဲသီဟသူတကိုယ်လုံးကိုလက်နှင့်စမ်းသပ်၍ ဤသူကား သံကိုသွန်းလုပ်သည်နှင့်အတူတူဖြစ်သည်ဆိုလျှင် မင်းရဲသီဟသူကစွဲသည့်ဓားကို အိမ်ကချွတ်၍ ကွေ့စွေဗိုလ်သို့ ကမ်းလိုက်သည်၊ ကွေ့စွေဗိုလ်လည်း ဓားကို လှမ်းယူ၍ကြည့်ပြီးလျှင် သည်ဓားသည်ဆင်လည်ကိုပြတ်လောက်ပေသည် ဆိုသောကြောင့် မင်းရဲသီဟသူကလက်ရုံးကို တန်း၍ သည်ဓားနှင့် ခုတ်တော့ဟု ဆို၏၊ ကွေ့စွေဗိုလ်လည်း ဤသူကား လူမဟုတ် နတ်ဘီလူးကဲ့သို့ဖြစ်သည်ဟု များစွာချီးမွမ်း၍ တနေ့လုံး စကားစမြည် ပြောဆိုနေကြသည်၊ ပြီးလျှင် ကွေ့စွေဗိုလ်နှင့် တရုပ်ဗိုလ်မှူးတပ်မှူးတို့လည်း ညချမ်း နေမဝင်မီ နှုတ်ခွန်းဆက်၍ တပ်သို့ပြန်ကြလေ၏။

(၁၁၃၁) တထောင့်တရာ့သုံးဆဲ့တခု၊နတ်တော်လပြည့်ကျော်နှစ်ရက်နေ့ တရုပ်စစ်သူကြီးတို့က ရွှေဖျင်အနီပွင့်ကြီးလိပ် တဆယ်၊ အနီပွင့်သေးလိပ်တဆယ်၊ အညိုပွင့်ကြီးလိပ်တဆယ်၊ အညိုပွင့်သေးလိပ်တဆယ်၊ ဘဲနီလိပ်တဆယ်၊ ဘဲစိမ်းလိပ်တဆယ်၊ ဘဲပြာလိပ်တဆယ် ဘဲဝါလိပ်တဆယ်၊ ဘဲနက်လိပ်တဆယ်၊ဘဲနီပြောက်လိပ်ဘဆယ်၊ ဘဲစိမ်းပြောက်လိပ်တဆယ်၊ ဘဲပြာပြောက်လိပ် တဆယ်၊ ဘဲဝါပြောက်လိပ် တဆယ်၊ ဘဲနက်ပြောက်လိပ် တဆယ်၊ဘယောနီအုပ်တဆယ်၊ ဘယောပြာအုပ်တဆယ်၊ ဘယောဝါအုပ်တဆယ်၊ ဘယောနက်အုပ်တဆယ်၊ သံသော့နီအုပ်တဆယ်၊ သံသော့စိမ်းအုပ် တဆယ်၊ သံသောပြာအုပ် တဆယ်၊ သံသော့နက်အုပ် တဆယ်၊ ငွေပြားလည်ဆွဲ သုံးရာ၊ ဦးထုပ်သုံးထောင်၊ တရုပ်ယပ် သုံးထောင်၊ သားလှီးဓားသုံးရာ၊ စက္ကူတသောင်းများနှင့်ပြန်မည့်ရက်အချက်အဆို လ်ာက်ဆောင်အပို့အဆက်အသ ကွေ့ ရွှေမိုလ်ကိုစေလွှတ်လာရောက်ပြန်သည်။ ။ဝန်ကြီး မဟာသီဟသူရလည်း ဆင်မြင်းရဲမက်စသော စစ်အင်္ဂါလေးပါး ခင်းကျင်းပြီးလျှင် ကောင်းတုံတပ်သို့ထွက်၍အတွေ့ခံ၏။

ယင်းသော အခါ တရုပ်မိုလ်မှူး ကွေ့ ရွှေမိုလ် ဆိုသည်ကား–စကားမဆိုမပြေမိ ရန်သူဖြစ်၍ တယောက်ကို တယောက် တိုက်ခိုက်ကြရသည်၊ စကားဆို၍ပြေလျှင် တယောက်ကိုတယောက် ပေါက်ဖော်ရင်းကဲ့သို့ရှိကြလေပြီးသည်ကို ယခု ကျွန်တော်တို့ဝင်ရောက်ရာတွင် ဓား လှံ သေနတ်လက်နက် စစ်အင်္ဂါခင်းကျင်းလျက် မြင်သည့်အကြောင်းသည် ကျွန်တော်တို့ကို ကြောက်ရွံ့၍ ခင်ကျင်းသည်၊ ချစ်ခင်မြင်စေချင်သောကြောင့် ခင်းကျင်းသည်ကို သိချင်ပါသည်ဟုဆိုသည်ကို ဝန်ထောက်တော် ကိုးသင်းမြင်းဝန် နေမျိုးမဟာသူရက ကြောက်ရွံ့ချစ်ခင် မြင်စေချင်သောကြောင့် ခင်းကျင်းပြသသည်မဟုတ် ရာဇဝတ်ဂုဏ်အပေါင်းတို့ကို အစိုးရတော်မူသော ဘဝရှင်မင်းတရားကြီးဘုရား ယုံမှတ်သဒ္ဒါတော်မူ၍ ပြည်ကြီးဝန်ကို ရွက်ဆောင်စီရင်ရသည့် အချုပ်အကိုင် အမတ်စစ်သူကြီးတို့သဘောသည် ရတ်ခြည်းထလျှင် အသောင်းပါသည်, အသိန်းပါသည်၊ ယခုကဲ့သို့မှ မဟုတ်သေး၊ အဂ္ဂမဟာသေနာပတိ ခန့်တော် မူသော ငါတို့အရှင်ဗိုလ်ချုပ်မင်းသည် စစ်သူကြီးမည်ကာမဟုတ်၊ အရှင်ကေရာဇ် မင်းမြတ်တွင် ရင်းချာလှသော မဟာဆွေတော်ကြီးဖြစ်၍ ရတနာပူရ ရွှေဘဝါးတော်မြတ်အောက်တွင်လည်း သည်ကဲ့သို့ ခင်းကျင်းနေထိုင်မြဲဖြစ်၍ ထွက်ဝင်သွားလာသမျှပါရသည့် ဝင်းကိုယ်ရံဖြစ်သည်ဟု ပြန်ပြောရသည်။

လယ်တီမဏ္ဍိုင်–၆၀

အတန်ကြာလျှင် ဝန်ကြီး မဟာသီဟသူရ ဆိုသည်ကား-ရတနာပူရ အဝရွှေပြည်တော်ကြီးနှင့် တရုပ်ပြည်ကြီးနှစ်ပြည်သည် ရှေးဘေးလောင်းတော် ဘိုးလောင်းတော် အဆက်ဆက် အစဉ် မိတ်သဟာယဖြစ်၍ ရွှေလမ်းငွေလမ်း ပေါက်ရောက်ဖောက်ကား ရောင်းဝယ်ရှိသည်ကို တလတ်တလျား‌တွင် အစဉ်နိုင်ငံတော် ကျွန်တော်မျိုး သိန်းနီ စော်ဘွားငယ်တို့ ပြေးဝင်လေသည်နှင့် ပြည်ကြီးနှစ်ပြည် ခိုက်ရန်ကြီးစွာ အကြိမ်ကြိမ်ဖြစ်ကြရသည်၊ ယခုနှစ်တွင်လည်း နိုင်ငံတော်အတွင်း ချင်းနင်းပေါက်ရောက်ပြန်၍ တယောက်ကိုတယောက် တိုက်ခိုက်ကြရမည် စစ်မျက်နှာပြိုင်ဆိုင်မှ ပြည်ကြီးနှစ်ပြည် ဘေးလောင်းတော် ဘိုးလောင်းတော် အဆက်ဆက် အစဉ်မိတ်သဟာယဖြစ်၍ ရွှေလမ်းငွေလမ်း ပေါက်မြဲဖြစ်ပါသည်၊ စစ်ကြားတွင် လူဆိုးလူသွမ်းတို့စကားကြောင့် ခိုက်ရန်ကြီးစွာ မဖြစ်သင့်ပါ၊ ရှေးအစဉ်ထုံးစံရှိသည့်အတိုင်း ပြည်နှစ်ပြည် ချမ်းသာကြမည့် အကြောင်းကို ပြေငြိမ်းအောင် ဆောင်ရွက်ပါ၊ကွေ့စွေ့မိုလ်မှူး အကြိမ်ကြိမ်လျှောက်ထားဆောင်ရွက်၍ ယခု ခိုက်ရန်ကြီးစွာမဖြစ်၊ ရှေးအစဉ် ထုံးစံရှိသည့်အတိုင်း ပြည်ကြီးနှစ်ပြည် ချမ်းသာကြမည့် အကြောင်းကို ပြေငြိမ်းကြတော့မည် ဖြစ်သည်၊ ရှေ့တည်စစ်ကြားတွင် ဆောင်ရွက်သူ ကွေ့စွေ့မိုလ်မှူးမျက်နှာကိုမြင်ချင်သည်နှင့် ယခု တွေ့မြင်ရသည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာရှိသည်ဆိုရာတွင် တရုပ်မိုလ်မှူး ကွေ့စွေ့မိုလ်လျှောက်သည်ကား-ကျွန်တော်တို့ ဥဒည်မင်းနှင့် အဝနေထွက်ဘုရင် အရှင့်ကျွန်တော်မျိုးသည် ပြည်ကြီးနှစ်ပြည် တချင်းတနင်းတည်း ဖောက်ကား ရောင်းဝယ်စီးပွားချမ်းသာရှိကြ၍ အရှင်နှစ်ပါးလည်း ချစ်ကြည်တော်မူကြပါသည်ကို သိန်းနီစော်ဘွား, ဗန်းမော် စော်ဘွားတို့သည် စစ်ကြားတွင် မွှေနှောက် လှုပ်ရှားရာတွင် စစ်မက် အကြိမ်ကြိမ် ဖြစ်ကြ၍ ဆင်းရဲသားကျွန်တော်မျိုးဘို့ သေကြေပျက်စီးခြင်းသို့ ရောက်ကြလေသည်မှာ အရှင်နှစ်ပါးသိသည့်အရာလည်း သိသည်၊ မသိသည့်အရာလည်း မသိပါ လူဆိုးလူပျက်တို့စကားနှင့်သာ တိုက်ခိုက်ကြရပါသည်၊ ယခု ကျွန်တော်မျိုးတို့ဆင်းလှာရသည်မှာလည်း သူကုန်ရဲ, ယွန်းကုန်ရဲ, သားတော် အာကုန်ရဲတို့ သုံးယောက်ကို မိုလ်ချုပ်ခန့်ထား၍ နှလုံးရည်နှင့် ရှေးအစဉ်ရှိသည်ကို ပြေငြိမ်းချမ်းသာအောင် ဆောင်ရွက်ခဲ့ရမည်၊ နှလုံးရည်နှင့် ဆောင်ရွက်သည်ကိုမပြေမှ လက်ရုံးရည်နှင့် ဆောင်ရွက် တိုက်ခိုက်ရမည်-ဥဒည်မင်းအမိန့်အမှာနှင့် ဆင်းလှာရသောကြောင့် နှလုံးရည်နှင့် ဆောင်ရွက်ပြေ

ငြိမ်းသည်ဆိုသည့်အမှုသည် သတ္တဝါချမ်းသာစွာ ရှေးအစဉ် ထုံးစံရှိသည့် အတိုင်း ပြည်ကြီးနှစ်ပြည် ရွှေလမ်းငွေလမ်းဖြစ်၍ အရှင်နှစ်ပါး ချစ်ကြည် တော်မူမြဲ ချစ်ကြည်တော်မူကြရပါမည်၊ သားတော်အစဉ် မြေးတော် အဆက် ဥဒါန်းမော်ကွန်းမကျေ ထင်ရှား ပြောပရာဖြစ်ပါမည်ဖြစ်၍ ဥဒည်ဘွားမှ ထားလိုက်သည့်အတိုင်း နှလုံးရည်နှင့် ပြေငြိမ်းသည့်အမှုကို ဗိုလ်ချုပ်သုံးယောက်နှင့် ကျွန်တော်တို့တစု ကြိုက်ညီလှပါသည်ဖြစ်သော ကြောင့် ဗိုလ်ချုပ်သုံးယောက်က ကျွန်တော့်ကို စပ်ကြားတွင် ပြောဆို ဆောင်ရွက်ရမည် အလုံးစုံ အခွင့် ပေးသောကြောင့် အသင်းကိုစွန့်၍ ကျွန်တော်ဆောင်ရွက်ပါသည်၊ကျွန်တော်ဆောင်ရွက်၍ ပြည်ကြီးနှစ်ပြည် ချမ်းသာစွာ ရွှေလမ်းငွေလမ်းဖြစ်၍ အရှင်နှစ်ပါး ချစ်ကြည်တော်မူကြပါ၊ မတော့မည်ကိုလည်း လူနတ်ကြားသမျှ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ် ကြပါတော့မည်၊ တကြောင်းမှာလည်း နိုင်ငံတော် အပိုင်းအခြားမိုင်းတိန် ကိုင်းမားမြို့များကိုမြန်မာဗိုလ်မင်းတို့က အကြိမ်ကြိမ်တိုက်လံဖျက်ဆီးသော ကြောင့် သိန်းနီစော်ဘွား,ဗန်းမော်စော်ဘွားတို့ စပ်ကြားတွင် မွှေနှောက် ၍ ပြည်ကြီးနှစ်ပြည်ခိုက်ရန်ကြီးစွာ ဖြစ်ကြရတော့သည်–လျှောက်သည်။

မိုင်းတိန်, ကိုင်းမား မြို့ရွာများသည် အစဉ်နိုင်ငံတော် ကျွန်တော်မျိုး ပင်ဖြစ်သည်၊ သိန်းနီစော်ဘွား, ဗန်းခမ်စော်ဘွားငယ်တို့သည် ဝင်သွား လေသည်နှင့် နိုင်ငံတော်အစွန်အနား မြို့ရွာများကို တိုက်ခိုက်လုယူ ဖျက် ဆီးသောကြောင့် သင်းတို့ လူဆိုးလူသွမ်းတို့ကို သတ်ညှစ်မည် တိုက်လံ သည် အမှုနှင့် တိုင်းနိုင်ငံတော် မိုင်းတိန်,ကိုင်းမား မြို့ရွာများမတည့်မရပ် နိုင် တိမ်းယိမ်း ပျက်စီးလေသည်ဆိုသည်။ ။ယခုချီတော်မူသည့်ဗိုလ်ချုပ် သခင်ဘုရားသည် ဆွေတော်ကြီး မျိုးတော်ကြီးရင်းချာယုံမှတ်သည်၊ အခွင့် အလုံးစုံမျိုးကိုပင်ပိုင်သည်၊ ကောင်းမွန်သိန်မွေ နူးညံ့ သာယာလှသည်၊ အကြိမ်ကြိမ် ကြားရပါသည်နှင့် အညီ မျက်နှာတော်ကို မြင်ရ ပါလျှင် သူတော် သူမြတ်ဖြစ်ပေသည်၊ ကြားသည့်အတိုင်းလည်း မှန်လှပေသည်၊ ကျွန်တော်တို့ ဝမ်းမြောက်ဝမ်းသာ ရှိလှပါသည်၊ ယခုပြည်ကြီးနှစ်ပြည် ရွှေလမ်း ငွေလမ်းဖြစ်၍ ချမ်းသာကြပါတော့မည်အမှန်ဖြစ်ပါတော့သည်၊ ကျွန်တော်တို့ ဥဒည်မင်းဆီသို့သာ နေထွက်ဘုရင် ရွှေနန်းသခင်အရှင်က အမိန့်တော်စာ မည်သည့်နေ့, မည်သည့်လကိုပေးအပ်မည် အတပ်အကြပ် ဦးထိပ် မရွက်ရပါသေး၍ နေမကောင်း ရှိပါသည်၊ ကွေ့ခွေ ဗိုလ်မှူး လျှောက်သည်တွင်….

ဝန်ကြီး မဟာသီဟသူရ ဆိုသည်ကား–ရာဇသံစာ ပေးဆိုရာမှာ ရာဇဝတ်ဂုဏ်အပေါင်းတို့ကို အစိုးရသည့်အရှင် ဖြစ်တော်မူသည်၊ မည်သည့်နေ့ မည်သည့်လကို အရှင်နှစ်ပါးချစ်ကြည်တော်မူကြရမည့်အကြောင်းနှင့် ရာဇသံစာပေးမှာမည် မသိမမြင် မပြောမဆိုသာသေး၊ ရွှေဘဝါးတော်အောက်မှာ ရွှေနားတော်ကြားသနားတော်ခံရဦးမည်ဖြစ်သည်၊အစ်ကိုယ်တို့အရှင်ကိုသာ အစ်ကိုယ်တို့ ရောက်လျှင်ရောက်ခြင်း အရှင်နှစ်ပါး ချစ်ကြည်တော် မူကြရအောင် ရာဇသံစာ ပေးနှင့်ပါရမည့် အကြောင်းကို လျှောက်ထားရမည်ဆိုပြန်သည်တွင်–

တရုပ်မိုလ်မှူး ကွေ့စွေမိုလ် ဆိုသည်ကား....ယခုအမိန့်တော် ရှိသည့်အချက်အတိုင်းပင် မှန်လှပေသည်၊ ကျွန်တော်တို့လည်း နေ့ညဉ့်အလျင်တပ်ကိုသိမ်းရုံးပြန်သွား၍ ကျွန်တော်တို့အရှင် ဥဒည်မင်းမှာ လျှောက်ထားပါတော့မည်၊ သခင်ဘုရားတို့ကလည်း တပ်တော်များကို အလျင်သိမ်းရုံးပြန်သွားတော်မူ၍ အရှင်မှာသနားတော်ခံပါတော့၊ တယောက်ကို တယောက် တိုက်ခိုက်ကြသည့် ကာလသာ ရန်သူဖြစ်ကြသည်၊ ယခုနှစ်ဦးချမ်းသာ၍ တရောတရှုက်တည်း ရှိကြပြန်လျှင် ပေါက်ဖော် အရင်းအချာကဲ့သို့ဖြစ်ကြသည်၊ အမှုမရှိကြပြီ ဖြစ်၍လည်း ကျွန်တော်တို့က လိုသမျှကို လျှောက်ထားတောင်းယူပါမည်၊ သခင်ဘုရားတို့က လိုသည်ဆိုသမျှကိုလည်း ကျွန်တော်တို့မှာ တောင်းယူတော်မူပါ-ဆို၍ တနာရီခန့်ချေင်သာယာစွာ မိုလ်မှူးတပ်မှူးတို့နှင့် စကားပြောဆိုကြပြီးလျှင် ဝန်ကြီးမဟာသီဟသူရက နတ်တော်လဆန်း တဆဲ့ငါးရက်နေ့ စကားပြေပြောရာပါသည့် တရုပ်မိုလ်မှူးတကျိပ်သုံး, ကောင်းတုံ တပ်တော်တွင် ဝန်ကြီးမဟာသီဟသူရနှင့် အတွေ့ခံ၍ စကားပြေပြောဆိုရာ ကွေ့စွေမိုလ်မှူးနှင့်ပါသည့်တရုပ်မိုလ်မှူးတကျိပ်သုံးတို့ကိုဆုလာဘ်ပေးသည်ကား....တကျွန်းဆေးရေးပုဆိုးထည်ရေ ခြောက်ဆဲ့လေးထည်၊မာတရက်တက်ထိုးပြောက်အုပ်တစ်၊ ဗိတ်အုပ်နှစ်၊ သရက်ထည် တင်းတိမ်အုပ်နှစ်၊ သက္ကလတ်နီမြီထည်သုံး၊သက္ကလတ်စိမ်း နှစ်ဆဲ့ငါးတောင်တစ်၊ သက္ကလတ်နီ နှစ်ဆဲ့ငါးတောင်တစ်၊ သိုးနက်ကိုး၊ ဆားချိန်တရာ၊ ငါးပိချိန်တရာ၊ ထန်းလျက်ချိန် တရာ၊ ဆေးချိန် ငါးဆဲ့သုံးပိဿာ၊ ကြက်သွန်နီချိန်နှစ်ဆဲ့ငါးပိဿာ၊ ကြက်သွန်ဖြူချိန် နှစ်ဆဲ့ငါးပိဿာ၊ဆီချိန်ငါးပိဿာ့တဆယ်၊ ငါးခြောက်တရာ၊ ငါးသိုင်းတရာ၊ ငရုတ်ခွက်တဆယ်များကို ပေး၍ ကွေ့စွေမိုလ်ကို

ပြန်စေ၏။ ။ကွေ့ချွေဗိုလ်ပြန်၍ တပ်သို့ရောက်လျှင် တရုပ်ဗိုလ်မှူး တို့နှင့် ပြောဆို၍ စစ်ပြိုင်သည့်ကာလ တရုပ်တို့သိုပါလေသည့် ရဲမက်တော်တို့ကို အကုန်အစင်စစ်ကြော၍ တပ်တော်သို့ပို့အပ်လှာစေသည်။

နတ်တော် လပြည့်ကျော် လေးရက်နေ့ စကားပြောတဲတွင် ဗိုလ်မှူး တပ်မှူးတို့နှင့် ကွေ့ချွေဗိုလ် နှုတ်ဆက် ခွန်းဆက် ပြောဆို လှာသည်တွင် တရုပ်ဝန် နေမျိုးစည်သူ သခ်ယာက ယခုတရုပ်ဗိုလ်မှူး တပ်မှူး သူရဲ သူခက် အပေါင်းတို့ စကားပြော၍ ဥဒည်ပြည်သို့ ပြန်သွားကြတော့မည် ဖြစ်သည်၊ အထက်ပြောဆိုရင်းအတိုင်း သမ္ဗန်များကို အကုန်အစင်ပေး အပ်ခဲ့ရမည် ဆိုသည်ကို ဗိုလ်မှူး ကွေ့ချွေဗိုလ်က အထက် ပြောသည့် ကာလ အမှုကြီးပြီးပြေလျှင် သမ္ဗန်မှာ အမိုက်ဖြစ်သည် ကောင်းတုံမြို့ ကဝန်ဆန်တင်၍ ဗန်းမော်သို့ သွားပါလိမ့်မည်၊ ဗန်းမော်သို့ ရောက်လျှင် ရပါတော့မည်ဆိုသည် မှန်ပေသည်၊ သမ္ဗန်မှာ အတွက်မရှိ၊သစ်သားသာ ဖြစ်၍ အမှတ်မထင်၊ ကျွန်တော်တို့ ဗိုလ်ချုပ်နှင့် မင်းညီမင်းသားတစုက အဝနေထွက်ဘုရင် ရွှေနန်းရှင် ကျွန်တော်မျိုး အမတ်တစုနှင့် ပြေနေ ကြောင်းကို လျှောက်ထားသည့်ကာလ သမ္ဗန်ကြီးငယ် ခြောက်ဆယ်ကို လည်း မီးဘိုက်ခဲ့ပါမည် သံတော်ဦးတင်စာတွင် ပါ၍ ရှိချေသည်၊ကျွန်ုပ် စကားသည် သမ္ဗန်မှုတွင်ပျက်သော်လည်း အမှုကြီးပြေ၍ ရှိပါလေပြီး သည်၊ ကျွန်ုပ်ကို စကားမမှန် ဆိုခွင့်မရောက်၊ ကျွန်ုပ်တို့အရှင်မှာသံတော် ဦးတင်ပြီးမှ ပျက်ပြန်ချေလျှင် ကိုယ်မှစ၍ သားမယားတိုင် ဆုံးရှုံးခြင်းသို့ ရောက်မည်ဖြစ်၍ သမ္ဗန်စကားကို ခွင့်မလွှတ်ဝံ့ပါ ဆိုသည်ကို တရုပ်ဝန် နေမျိုးစည်သူသခ်ယာက အထက်ကပေးသည်ဆိုသော်လည်း ငါတို့လက် သို့ မရောက်ချေသေးဖြစ်၍ ပေးရင်းကတိကိုဖျက်ပြီးလျှင် မီးတိုက် လိုသည် ဆိုသည်မှာ ဥဒည်မင်းဘဏ္ဍာဖြစ်၍ ကျွန်ုပ်တို့ မြေရေနိုင်ငံတော်အတွင်း ဖြစ်သည်၊ မီးတိုက်လိုလျှင် ဥဒည်မင်း ရေမြေ နိုင်ငံတော်အတွင်းရောက် အောင် ဆောင်ယူ၍ မီးတိုက်မှ သင့်မည်ဆိုသည်ကို ဗိုလ်မှူး ကွေ့ချွေဗိုလ် က မြန်မာမင်းရေမြေတွင် မီးမတိုက်နှင့် ယူလိုလျှင် ဥဒည်ဘွား ဘဏ္ဍာ ဖြစ်၍ သိမ်းယူပါစေတော့ဆိုသည်ကို မီးမတိုက်ခင်သေးလျှင် မီးမတိုက် ပါပြီ၊ ထမ်းယူပါစေတော့မည်၊ မီးဘိုက်ဆဲဖြစ်လျှင်လည်း ဗိုလ်မင်းတို့က လုယူပါတော့ သမ္ဗန်ကို မပေးမအပ်၊ စကား မလွှတ်ဝံ့သည်မှာ အထွေ ထွေ ကောက်လိမ်လို၍ မဟုတ်ပါ၊ ကျွန်ုပ်နှင့် တရုပ်ဝန်မင်း စကားပြော တဲတွင် ကြည်သာစွာပြော၍ ပြေလည်သည့်ကာလကပင် ဗိုလ်ချုပ်မင်းက

သံတော်ဦး တင်စေနှင့်သည် ဖြစ်၍သာ လျှောက်ထား ပြောဆိုရပါသည်၊ ယနေ့ သမ္ဗန်များကို မီးမတိုက်သေးလျှင် ထမ်းယူ ပါစေတော့မည်၊ စကားရှိလျက် မီးတိုက်ဖျက်လျှင် ဗိုလ်မင်းတို့က လှေအများနှင့် လုယူပါတော့၊ လုယူသောကြောင့် ကျွန်ုပ်တို့က တရပ်ကိုးရာတထောင် ပင်သေသော်လည်း ပြောရင်းစကားရှိကြပါသေပြီးသည် သင်းတို့ကြောင့် အမှုတတန်ဖြစ်ရတော့မည် မဟုတ်ပါပြီ၊ သမ္ဗန်ထိန်းလူနှင့် သမ္ဗန်အုပ်သူမင်းပင် သေသော်လည်း အထူးမရှိပါ၊ သင်းတို့ကို မီးမတိုက်နှင့် ထမ်းယူသွားရမည် စာရောက်လျက် မီးတိုက်လျှင် သင်းတို့အပြစ်နှင့် ဗိုလ်မင်းတို့ကသတ်၍ မသေသော်လည်း ကျွန်ုပ်တို့က သတ်၍ သေရမည်ဖြစ်သည်၊ စိတ်အထူးရှိသာကြတော့မည်မဟုတ်ပါ၊ စာစေရာမှာ ယနေ့ည စေပါတော့မည်၊ နက်ဖြန်နံနက်စောစောမှာ ရောက်ချိမ့်မည်၊ ယခု ကျွန်ုပ်ပြောသမျှစကားသည် အထူးအထွေ ဝမ်းထဲက ကောက်လိမ် လှည့်ဖြား၍ မပြောပါ၊ စိတ် စေတနာနှင့် ပြည်ကြီး နှစ်ပြည် ပြေလည် ကြသည်ကို ဖြောင့်ဖြောင့်ရိုးရိုးပြောပါသည်၊ သမ္ဗန်လည်း ခြောက်ဆယ်သာ လုပ်၍ ပြီးသည်မှန်ပါသည်၊ ယခု ပြောသည့် စကားအရပ်ရပ် မှန်ပါသည်၊ ယခု ပြောသည့် စကားအရပ်ရပ်မှန်ပါ၏။ မဟုတ်မမှန်ဘဲကို ပြောပချေသော် ကျွန်ုပ်ဝမ်းတွင် အရှင့်သစ္စာအထပ်ထပ် ရှိပါသည်၊ သစ္စာရောက်၍ လတ်တလော သေကြေပျက်စီး၍ သားမယားထံမရောက်၊ ဆုံးရှုံး ပျက်စီးပါစေတော့-ဟူ၍ တရပ်ဘာသာ, မြန်မာဘာသာ, ကွေ့ စွေဗိုလ် သစ္စာမှုသည်၊ယခု ဗိုလ်ပါအများနှင့် လာရောက်၍အကြိမ်ကြိမ်စစ်ပြိုင်သမျှအရေးမရ၊ ကျွန်ုပ်ဘို့က နိမ့်သည်၊ ကောင်းတုံတပ်ကို နေ့ရက် အရှည်အကြာ ဗိုလ်ပါအများနှင့် ဝန်းရံလုပ်ကြသည်ကိုလည်း အရေးမရသောကြောင့် ပြေမည့်အကြောင်းကို ကျွန်ုပ်တို့ကပင်စတင်၍ အရေးတောင်းပါသည်၊ ကျွန်ုပ်ကိုယ်လည်း ဗိုလ်ချုပ်ရှိရာ ကောင်းတုံတပ်တော်သို့ ဝင်၍ အခွင့်ပန်ပါသည်၊ ကျွန်ုပ်တို့ကရသမျှ တိုက်လှေနှင့် သမ္ဗန်တစင်းကိုလည်းပေးဆက်ပါသည်၊ သည့်ပြင် တိုးပွား၍ဆိုသည့်အရေးကို မငံ့ပြီ၊ မလိုက်သည်ဟူ၍ တိုက်ခဲ့လျှင်လည်း ပြေသေပြီးသည်ကို ကျွန်ုပ်တို့ မပြိုင်မဆိုင်ပြီ၊ခံ၍ နေပါတော့မည်ဆို၍ ဝန်ထောက်တော် ကိုးသင်းမြင်းဝန် နေမျိုးမဟာသူရစသော ဗိုလ်ပြူးတပ်မှူး အပေါင်းတို့နှင့် ချေငံသာယာစွာ ပြောဆိုကြပြီးလျှင် နှစ်ဘက်စစ်သည်တို့ကို နှစ်ဦးပင်သိမ်းနုတ်၍ ပြန်မည့်နေ့ရက်ကို ချိန်းချက်ပြီးလျှင် ကွေ့ စွေဗိုလ်ကို လွှတ်လိုက်၏။

ဗိုလ်မှူး ကျေ့ စွေဗိုလ်လည်း ပြန်သွား၍ စစ်သူကြီး သူကုန်ရဲ, အာကုန်ရဲ, ယွန်းကုန်ရဲတို့မှာ မြန်မာဗိုလ်မှူးတို့နှင့် ပြောဆိုသည့် စကားအတိုင်း ပြန်ပြောပြီးလျှင် တရုပ် ဗိုလ်မှူးတပ်မှူးနှင့် တရုပ်ရဲမက် လက်နက်ကိုင် ဆိုသမျှကို ဆင့်ဆို၍ သက္ကရာဇ် (၁၁၃၁) တထောင့်တရာ့ သုံးဆဲ့တခု နတ်တော်လပြည့်ကျော် ငါးရက်၊ တနင်္လာနေ့ ဗိုလ်ခြေ သုံးသိန်းကျော် တပ်စဉ်အတိုင်း ဆုတ်သွားသည်၊ လက်ဝဲဝင်းမှူး ရှေ့ဝင်းမှူး စသော ဗိုလ်မှူး တပ်မှူး အပေါင်း တို့လည်း ဆင်, မြင်း, သေနတ်, အမြောက်, ခင်းကျင်းလျက် တရုပ်တို့ဆုတ်သွားရာ စိန်ဟလှမ်းကွာက လိုက်ပို့ရသည်၊ တရုပ်ပြည် မြေခြားသို့ရောက်မှ ဗန်းမော်ကောင်းတုံမြို့သို့ပြန်ကြရ၏။ ။ မိုးကောင်းကြောင်းချီ တရုပ်ဗိုလ်မှူး ကျင်နံဗိုလ်ဆင်တာရည်တို့ တရုပ်စု ကိုလည်း တရုပ်စစ်သူကြီးတို့က လက်မှတ်ပေးအပ် ဆင့်ဆိုလျှင် တပ်ကို နုတ်သိမ်း၍ ပြန်လေ၏။ ။တရုပ်စစ်သည်အပေါင်းတို့လည်း ငတ်မွတ် သည်ကာလ ရှည်ကြာပြီ ဖြစ်၍ အနိုင် သွားနိုင်သူတို့သာ ခရီးရောက် အောင် ပါနိုင်လိုက်နိုင်သည်၊ ငတ်မွတ်လှ၍ မပါမလိုက်နိုင်သည့် တရုပ်တို့ သေလေသည်ကား တောတောင်အနှံ့အစပ်မရေတွက်နိုင်အောင်ရှိလေ၏။

## မဟာသီဟသူရ ကသည်းပြည်ကို ချီတက်သိမ်းယူ၍ တရုပ်ဗိုလ်မှူး စကားပြော လာရောက်ခြင်း

ယင်းသောအခါ အရေးတော် ငြိမ်းပြေကြောင်းနှင့် တရုပ်ဗိုလ်မှူးတို့က ဆက်သည့် ရွှေဖျင်လိပ်လေးဆယ်၊ ဘဲပြောက်လိပ်ငါးဆယ်၊ ဘဲလိပ်ငါး ဆယ်၊ဘယောအုပ်ငါးဆယ်၊သံသော့အုပ်ငါးဆယ်၊ငွေပြားသုံးရာ၊ဦးထုပ် သုံးထောင်၊ တရုပ်ယပ်သုံးထောင်၊ သားလှီးဓားသုံးရာ စက္ကူတသောင်း များနှင့် ရန်ငူးသီရိနော်ရထာကို အဆက်အသစေလွှတ်၍ ဘဝရှင် မင်း တရားကြီးကြားတော်မူလျှင် အမိန့်တော်ရှိသည်ကား.... မဟာသီဟသူရ စသော ဗိုလ်မှူးတပ်မှူးတို့သည် တရုပ်ဗိုလ်မှူးတပ်မှူးတို့က ပေးသည့်လက် ဆောင်ကို ခံယူပြီးလျှင် တရုပ်စစ်သူကြီး ဗိုလ်မှူးတပ်မှူးတို့နှင့် တကွ မြင်း ငါးသောင်းကျော်, လူငါးသိန်းကျော် များကို တရုပ်ပြည်တိုင်အောင် လွှတ်လိုက်သည်၊ ကင်းဘို့သိမ်းထားသည့် လက်ဆောင်ကို တိုက်တော်သို့ မသွင်းစေနှင့် သင်တို့မယားတစု ခေါင်းမှာရွက်၍ အနောက် တံခါးပြင် တွင်နေစေ အမိန့်တော်ရှိ၍ အရှင်မိဖုရားခေါင်းကြီး အမတော်အရင်း ဖြစ်သော စစ်သူကြီးကတော်နှင့် ဗိုလ်မှူးတပ်မှူးမယားများကိုအမိန့်တော်

အတိုင်း ရွှေဖျင် ငွေဖျင် ဘဲလိပ်များကို ခေါင်းမှာရွက်၍ ရွှေနန်းတော် အနောက်တံခါးပြင်တွင် သုံးရက်နေကြရသည်။

ထိုအကြောင်းကို ရန်ကုန်သိရိနော်ရထာ ပြန်လာ၍ ဝန်ကြီးမဟာသီဟသူရစသော ဗိုလ်မှူးတပ်မှူးအပေါင်းတို့ ကြားလျှင် အလွန်ကြောက်ရွံ့ခြင်း ပြင်းစွာဖြစ်ကုန်၏၊ ထိုအခါ ဝန်ကြီးမဟာသီဟသူရ ဆိုသည်ကား-နေပြည်တော်သို့ ပြန်ချေသော် ငါတို့တစု အသက်မလွတ်ပေရာ၊ သို့ဖြစ်၍ ယခုလည်း နတ်တော်ပြာသိုစစ်ချီစစ်တက်အချိန်ကာလလည်းရှိသေးသည်၊ မဏိပူရ ကသည်းစော်ဘွားလည်း မြို့ပြတည်ထောင်ပြန်သည်ဆိုသည်၊ မဏိပူရ ကသည်းမြို့ကို လှည့်၍ သိမ်းယူပြန်လည်ရသော် အကျိုးတော်များမည်ဟု ဆိုသည်တွင် ဝန်ကြီးမဟာသီဟသူရ ဆိုသည့်အရေးကို ဗိုလ်မှူးတပ်မှူး အပေါင်းတို့ အကြိုက်ညီကြ၍ (၁၁၃၁) တထောင့်တရာ့သုံးဆဲ့တခု၊ ပြာသိုလဆန်း ငါးရက်နေ့ ကောင်းတုံမြို့က မြစ်အနောက်ဘက်သို့ ကူး၍ ကသည်းမြို့သို့ချီကြလေ၏။

မဏိပူရကသည်းစော်ဘွားလည်း မြန်မာတပ်များ ချီလာကြောင်းကို ကြားသိလျှင် ဖြဖြစီရင်၍ခရီးကျဉ်းလမ်းပေါက်လမ်းဝ ဆိုသမျှက အင်ကြီးအားကြီး ဆီးခံရပ်နေစေသည်၊ ဝန်ကြီးမဟာသီဟသူရတို့ တပ်စုလည်း အရပ်အနေ အတည်းအတွမရှိ ကသည်းတို့အားကြီးရပ်ခံနေသမျှတပ်စုကို တွေ့တိုင်းမြင်တိုင်း အပြင်းတိုက်လျှင် ဆီးဆို့ရပ်ခံသည့် ကသည်းတပ်ဆိုသမျှ မခံမရပ်နိုင်ပျက်ဇလေ၏။

ကသည်းစော်ဘွားသည်း ငါတို့က မြန်မာတို့ကို ဆီးကြိုတိုက်ရမည်ဟု အပေါက်ပေါက် အဝဝ ခန့်ထားရပ်ခံစေသည့်တပ်စု မရပ်မခံနိုင် ပျက်၍ ရှိချေသည်၊ ယခု သည်တွင်ငါရပ်နေ၍ မြို့နှင့်ပင်ခံသော်လည်း မြန်မာတို့ချီလာသည်အင်အားကြီးလှသည်ဆိုသည် ရပ်ခံနိုင်မည့် အဟန်မရှိချေ၊ အခိုက်အတန့်ကို မြန်မာတို့ မပေါက်မရောက်နိုင်သည့် အရပ်သို့ ရှောင်လွှဲနေမည်၊မြန်မာတို့ပြန်လေသည့်ကာလမှ ငါတို့မြို့ကိုနေမြဲနေပြန်မည်ဟုဆို၍ ရုံးစုမိသမျှခြွေရံသင်းပင်း သားမယားဆွေမျိုးပေါက်ဖော်တို့ကို ယူပြီးလျှင် မြို့ကထွက်၍ တောအုံတောင်ကမ်းကြီးရာ ခိုမှီနေလေ၏။

ဝန်ကြီး မဟာသီဟသူရတို့လည်း ခံသမျှ ကသည်းတို့တပ်စု ပျက်လျှင် ကသည်းမြို့တိုင်အောင်ချီ၍ ကသည်းတမြို့လုံး လက်နက် ဆင် မြင်းလူသူတို့နှင့် မွေ့ရင်မင်းသမီး,တွန်ကော်မင်းသား,ဟဲဟော် စန္ဒရော်ကယ်တို့နှင့် တကွ တမြို့လုံးကို သိမ်းယူ ပြန်ခဲ့သည်။ ။ဝန်ကြီး မဟာသီဟသူရနှင့်

ဗိုလ်မှူး တပ်မှူးတို့ ၎င်း တပေါင်းလပြည့်ကျော်တဆဲ့နှစ်ရက်နေ့ နေပြည်တော်သို့ ရောက်၍ မြေတော်ဦးခိုက် နန်းတော်သို့ ဝင်မည်ဟု ရှေ့ရုံးတော်မှာ စည်ဝေးရပ်နေသည်ကို ဘဝရှင် မင်းတရားကြီးဘုရား ကြားတော်မူလျှင် အမိန့်တော်ရှိသည်ကား…သင်းတို့ ဗိုလ်မှူးတပ်မှူးတို့သည် တရပ်စစ်သူကြီးနှင့် တကွ တရပ်ဗိုလ်မှူး တပ်မှူး, မြင်း ငါးသောင်း, လူ ငါးသိန်း ငါ့လက်တော်သို့ ရောက်လေပြီးမှ သင်းတို့ အသင့် အတင့် ကျင့်၍ တရပ်တို့ကို တရပ်ပြည်တိုင်အောင် လွှတ်လိုက်သည့် အရာသည် သင့်သလော၊ သင်းတို့ တစုကို ငါ့တိုင်း ငါ့နိုင်ငံ ငါ့မြေ ငါ့ရေတွင် မနေစေနှင့်၊ ရေမြေခြားရာအရပ်သို့ ပို့လေ အမိန့်တော်ရှိသည်၊ အမိန့်တော်ကိုနာခံတော် ပြေ့ကြီးမှူးပြန်သည်၊ ဝန်ထောက်တော်တို့က အမိန့်တော်အတိုင်း ဗိုလ်မှူးတပ်မှူးအပေါင်းတို့ကို ပို့မည်အကြောင်းနှင့် ဝန်ကြီးမဟာစည်သူ, ဝန်ကြီး မဟာဇေယဥတ္တမသင်္ကြံတို့ကို အစီရင်ခံသည်တွင် ဗိုလ်မှူးတပ်မှူးတို့ကို အမိန့်တော်အတိုင်း ရေမြေခြားရာ မြစ်ငယ်အရှေ့ဘက်သို့ ပို့၍နေစေ ဆင့်ဆိုသောကြောင့် ဝန်ကြီးမဟာသီဟသူရနှင့်ဗိုလ်မှူးတပ်မှူးတို့ကို မြစ်ငယ်အရှေ့ဘက်ကြက်ယက်လယ်ပြင်သို့ ပို့ထားနေကြရ၏။

ယင်းသောအခါ မင်းတိုင်ပင်အမတ် မဟာရာဇသင်္ကြံ, သီရိဥတ္တမဇေယသင်္ကြံတို့က လျှောက်သည်ကား….ကျွန်တော် ဝန်ကြီး မဟာသီဟသူရနှင့် ဗိုလ်မှူးတပ်မှူးအပေါင်းတို့သည် ရန်သူတော်နှင့်တွေ့လျှင် ကြောက်ရွံ့ခြင်းမရှိ၊ သိမ်းစွန်ရဲဖြစ်သော၄က်သည် မြို့တွင်ပေါက်စဖြစ်သော ကြက်ငယ်ကို စိစိကြပ်ကြပ် ဖမ်းယူဘိသကဲ့သို့ ဦးလည်မသုန် ရှပ်ရှပ်ချုံချုံလုပ်ကြံလေ့ရှိကြသောကြောင့် ခန့်တော်မူသမျှ အရေးလည်း ပြီးစီးအောင်မြင်လေသည်၊ လက်ရုံးရည်မှုကား ဆိုဘွယ်ရာမရှိ၊ နှလုံးရည်မှုကား လုပ်ရေးကြံခရေး အလွန်ချားလှသောကြောင့် သည်တကြိမ် သတိလစ်ချေ၍ ရာဇဝတ်ခတော်နှင့် မကင်းရှိသည်ကို သမ္မာသမ္ဗောဓိဆုမြတ်ကို ပန်ဆင်တော်မူသည့် အရှင်ဖြစ်၍ ချမ်းသာပေးတော်မူမည့် အကြောင်းနှင့် လျှောက်သည်တွင် အမျက်တော်ရှိ၍ မဟာရာဇသင်္ကြံ, သီရိဥတ္တမဇေယသင်္ကြံတို့နှစ်ယောက်ကိုသည်း သင်းတို့ ဗိုလ်မှူးတပ်မှူးအပေါင်းတို့နှင့်အတူ ပို့လေဟု ဘဝရှင်မင်းတရားကြီးဘုရား အမိန့်တော်ရှိ၍ မဟာရာဇသင်္ကြံ, သီရိဥတ္တမဇေယသင်္ကြံတို့ကိုလည်း သင်းတို့ ဗိုလ်မှူးတပ်မှူးတို့နှင့်အတူ ပို့ထားနေစေသည်၊ နောက်တသခန့်ရှိမှ ဝန်ကြီး မဟာသီဟသူရနှင့် ဗိုလ်မှူးတပ်မှူးအပေါင်းတို့ကို အမျက်တော်ပြေတော်မူ၍ ချမ်းသာပေးတော်မူ၏။

ထိုနှစ် တရုပ်ပြည်မှာသည်း (၁၁၃၁) တထောင့်တရာ့ သုံးဆဲ့တခု နတ်တော်လ ကောင်းတုံမြို့တွင် တရုပ်စစ်သူကြီးတို့နှင့် စကားပြေပြောကြသည့်နောက် တရုပ်ဗိုလ်ချုပ် သူကုန်ရဲ, အာကုန်ရဲ တို့နှင့် ဗိုလ်မှူး ကွေ့စွေဗိုလ်တို့ ပြန်သွား၍ ဥဒည်ပြည်သို့ ရောက်လျှင် ဥဒည်မင်းမှာ ကောင်းတုံတပ်တော်တွင် ပြေသည့်အတိုင်း နေထွက်ဘုရင် ကျွန်တော်မျိုးဖြစ်သော သိန်းနီစော်ဘွား,ဗန်းမော်စော်ဘွား, မိုးကောင်းစော်ဘွားတို့ကို သိန်းနီမြို့ရောက် ပေးအပ်ရမည်၊ နှစ်ဆဲ့ခုနစ်ခု, နှစ်ဆဲ့ရှစ်ခု, နှစ်ဆဲ့ကိုးခု, သုံးဆဲ့တခု စစ်ပြိုင်ကြသည့်ကာလ အဝသို့ ပါလေသည့် တရုပ်ဗိုလ်မှူးတို့ကိုလည်း ပေးအပ်ရမည်၊ ဆယ်နှစ်အတွင်း ပြည်ကြီးနှစ်ပြည် သံတမန် စေပါရောက်ပေါက်ကြရမည်၊အကြောင်းသုံးချက်နှင့် ပြေနေ၍ နှစ်ဦးပင် ဆင်မြင်းဗိုလ်ခြေများကို သိမ်းနုတ်၍ ပြန်လည်ခဲ့ကြောင်း ကွေ့စွေဗိုလ်မှူး ကျည်မင်းတီတူဟာ နှစ်တိုင်း နှစ်ပြည် အကျိုးနှစ်ပါးကို အသက်ကိုစွန့်၍ ဆောင်ရွက်ကြောင်းများနှင့် လျှောက်လျှင် ဥဒည်ဘွားလည်း ကွေ့စွေဗိုလ်မှူး ကျည်မင်းတီတူဟာကို အလွန် အားရနှစ်သက်၍ မင်္ဂလာဗိုလ်ကြီးခါတာရည်-ဟူသောအမည်နှင့် ကြီးကျယ်စွာ သူကောင်းပြုသည်။

ကွေ့စွေဗိုလ်မှူးကျည်မင်းတီတူဟာနှင့် ရည်တူ၊ ဥဒည်ဘွား ဆွေသားမျိုးသား ဟာတာရည်, ဆည်တာရည်တို့က ကွေ့စွေဗိုလ်ကို သူကောင်းပြုသည်မှာ ကွေ့စွေဗိုလ်မှူး လျှောက်ထားပြောဆိုသည့်အတိုင်း မှန်လျှင် သူကောင်းပြုတော်မူသင့်သည်ပင် ဖြစ်သည်၊ မှန်မည်-မမှန်မည်ကို မသိသာသေး၊ နေထွက်ဘုရင် မင်းတရားကြီးကလည်း အမှာအထား စာပေရာဇသံကိုလည်းမကြားမသိရပါ၊အတပ်အကြပ်သိရအောင် ကျွန်တော်တို့နှစ်ယောက် မိုးမျှဉ်းမိုးဝန်းသို့ဆင်း၍ စုံစမ်းပါဦးမည်ဟု လျှောက်ထားလျှင် ဥဒည်မင်းက ခွင့်ပြု၍ ဟာတာရည်, ဆည်တာရည်တို့ အမတ်နှစ်ယောက် ကျေးကျွန်ကိုယ်ရံ အတော်အသင့်နှင့် မိုးမျှဉ်းမြို့သို့ ဆင်းလာကြပြီးလျှင် ဗန်းမော်မြို့ဝန်, ကောင်းတုံဗိုလ်မှူးတို့သို့ ပေးရန်စာကို စီကုံးရေးသား၍ ဗိုလ်ငယ်သူကုန်ရဲကို စာနှင့်စေလွှတ်၍ ကောင်းတုံမြို့သို့ ရောက်လာလျှင် ကောင်းတုံဗိုလ်မှူးက သူကုန်ရဲတွင်ပါသည့် တရုပ် စက္ကူစာကို မြန်မာဘာသာ ပြန်စေလျှင် မိတ်သဟာယ ချစ်ကြည့်စွာ ပေးသည့်စာ မဟုတ်သောကြောင့် သူကုန်ရဲနှင့် တရုပ်ငါးဆယ်ကျော်ကို ကောင်းတုံမြို့တွင် ချုပ်ထားသည်၊ ဟာတာရည်, ဆည်တာရည်တို့လည်း သူကုန်ရဲကို

ကောင်းတုံမြို့တွင် ချုပ်ထားကြောင်းကို အတပ်သိလျှင် ဟာတာရည်၊ ဆည်တာရည်တို့ အမတ်နှစ်ယောက်က ဥဒည်မင်းသို့စာလှူစေ၍ သုံးဆွဲ တခုနှစ် ကွေ့ဇွေဗိုလ်မှူးစကားပြေပြောဆိုသည့်အတိုင်းပြေမပြေကိုအတပ် သိရအောင် ကျွန်တော်တို့ နှစ်ယောက်က ဗန်းမော်ကောင်းတုံမြို့သို့ သူ ကုန်ရဲကို စာနှင့် စေလွှတ်လိုက်ပါသည်ကို စကား မပြေသောကြောင့် ကျွန်တော်တို့က လွှတ်လိုက်သူ သူကုန်ရဲကို ကောင်းတုံမြို့တွင်ချုပ်ထား၍ အကျဉ်းအကြပ်ခံနေရကြောင်းနှင့် လျှောက်ထားလျှင် ဥဒည်မင်းက ကွေ့ ဇွေဗိုလ်မှူးကို ခေါ်ပြီးလျှင် အရှေ့မျက်နှာ အနောက်မျက်နှာ ပြည်ကြီးနှစ် ပြည် ရန်စစ်မရှိ မဟာမိတ်ဖြစ်ကြရအောင် မင်းတို့ပြော၍ စကားပြေနေ ကြရသည်ဆိုသောကြောင့် ငါကအများသိရအောင် စေလွှတ်လိုက်သူကို ကောင်းတုံဗိုလ်မှူးက ချုပ်ထား၍ မပြန်ရရှိကြောင်းနှင့် ဟာတာရည်၊ ဆည်တာရည်တို့က လျှောက်ထားလာ၍သိရသည်၊ မင့်ကိုယ်သွား၍ ပြေ လည်အောင် ပြောဆိုရမည်–ဥဒည်မင်းက ဆိုပြန်သောကြောင့် ကွေ့ဇွေ ဗိုလ်မှူးကိုယ် ရဲမက်တထောင်ကျော်နှင့် မိုးဝန်းမြို့သို့ဆင်းလာပြီးလျှင် ဗန်း မော်မြို့ဝန် ကောင်းတုံဗိုလ်မှူးတို့သို့မှာထားလိုက်သည့်စာတွင် သူကုန်ရဲနှင့် လူငါးဆယ်ခကျော် ကောင်းတုံမြို့တွင် ချုပ်ထားရှိသည်ကို တရပ်ပြည်သို့ လွှတ်လိုက်ပါမည့်ကြောင်း၊ ဟာတာရည်၊ ဆည်တာရည်တို့က ဆင့်ဆို၍ အာစည်ကျိန်၊ မိုင်းသေဉ်မြို့ဝန်တို့က ပေးလိုက်သည့် စာကို တံဆိပ် လက် မှတ်မပျက် ပေးလိုက်ပါမည့် အကြောင်းနှင့် ချေင်သာယာစွာ စာပေး လိုက်သည်တွင် ကောင်းတုံဗိုလ်မှူးက အာစည်ကျိန်၊ မိုင်းသေဉ်မြို့ဝန်တို့က ပေးသည့် မင်ရေးစက္ကူစာ၊ ကောင်းတုံမြို့တွင် ချုပ်ထားသည့် သူကုန်ရဲ နှင့် လူငါးဆယ်ကျော်ကို ဗိုလ်မှူးကွေ့ဇွေဗိုလ်က စေလွှတ်လိုက်သူတွင်အပ် ၍ ပြန်သွားစေသည်။

စေသူတို့ရောက်လျှင် ဗိုလ်မှူးကွေ့ဇွေဗိုလ်လည်း ဥဒည်မင်းသို့ လှူစေ၍ လျှောက်စေသည့်စာတွင် ဟာတာရည်၊ ဆည်တာရည်တို့ အမတ်နှစ် ယောက်က ဆင့်ဆို၍ အာစည်ကျိန်၊ မိုင်းသေဉ်မြို့ဝန်တို့က ပေးသည့်စာ သည် မိတ်သဟာယအဖြစ်ပေးသည့်စာမဟုတ် ရန်စသွယ်သကဲ့သို့ မချေ မင် အတင်းအကြပ် စကား ပါလေသောကြောင့် ကောင်းတုံဗိုလ်မှူးက ပြည်ကြီးနှစ်ပြည် မိတ်သဟာယဖြစ်ကြသည်ကို လူဆိုး လူသွမ်းတို့မနာလို ၍ ခိုက်ရန်ကြီးစွာဖြစ်အောင် စပ်ကြားတွင် ကုန်းချောစားသည့် စကား ဖြစ်သည်–အတွေးအထင် ရှိသောကြောင့် စေသူတို့ကို ကောင်းတုံမြို့မှာ

ချုပ်ထားပါသည် ကျွန်တော်မိုးဝန်းမြို့ကရစ်နေ၍ စကားအသာအယာ စာပေးမှာလိုက်သည်တွင်မှ ချုပ်ထားသူ သူကုန်ရဲနှင့် လူငါးဆယ်ကျော်ကို အကျဉ်းကလွှတ်၍ပေးမှာရင်းစာနှင့်တကွ ကျွန်တော်ကစေလိုက်သူတို့တွင် ပေးအပ်လိုက်ပါသည့် အကြောင်းနှင့် ဥဒည်မင်းသို့ လျှောက်ထားသည်၊ ဥဒည်မင်းလည်း စေသူတို့ရောက်လျှင် ပေးရင်းစတွာစာကို ဖတ်စေသည်၊ စာတွင်ပါသည်ကား....

အာစည်ကျိန်, မိုင်းသေဥ်မြို့ဝန်တို့မှာလိုက်သည်၊ တရုပ်ဥဒည်ဘွားပြည်နှင့် အဝပြည် ခရီးဝေးသည် လူချင်းမတူ ငါတို့ကျွန်တော်မျိုး, နေထွက်ဘုရင်ကျွန်တော်မျိုး ဖောက်ကား ရောင်းဝယ်ဘက် ဖြစ်သည်၊ ကြီးသမျှအကြီးသည် အကြီးမရောက် ငါတို့နိုင်ငံတော် ရှမ်းပြည် ရှမ်းရွာကိုတိုက်ဖျက်၍ ကျေးရွာကျွန်တော်မျိုးတို့ကို အဝသို့ ခေါ်သွားလေသည်၊ စိတ်ကမမှတ် ခုနစ်ခု, ရှစ်ခု, ကိုးခု, သုံးဆဲ့တခုနှစ် တပ်လုံး မိုလ်လုံးအများချီလာသည်၊ အဝမင်းအကြောင်းအရာ မထောက်မချင့် ငါတို့ မြို့ရွာကိုလိုချင်သည်၊ စစ်ပြိုင်ဘက်သည် အရှုံးအနိုင်မသိ-ငါတို့လူများနှင့် အကြိမ်ကြိမ် တိုက်ကြသည်၊ ငါတို့ ဥဒည်ဘွားကြွားသော်လည်း စိတ်ကဆိုးသည်နှယ်မရှိ နှစ်ဘက်ကျွန်တော်မျိုး ဖောက်ကား ရောင်းဝယ် ကြသည်ကိုထောက်၍နေသည်၊ တနှစ်တိုင်မချီ ငံ့လင့်နေသည်၊မည်သည်ကိုမျှမကြွားရ အကြောင်းအရာကို ကြွားသိရမည် ငံ့လင့်နေသည်၊ မစေမရောက်လာ၍ သူကုန်ရဲကို တရက် ရှစ်တပ်သားနှင့် အရပ်ရပ် လက်နက်ကိုင်အများမိုလ်ချုပ်ခန့်၍ မိုးကောင်း ကတ်ကျိုးကြောင်း သီတင်းကျွတ်လ ချီလာစေသည်၊ ကတ်ကျိုးမြစ်ကိုကူး၍ မိုးကောင်းသို့ ရောက်လျှင် မိုးကောင်းစော်ဘွားကို ဖမ်းယူသည်၊ နောက်ဈေးသစ်ကြောင်း ထပ်၍ချီသည်၊ ဈေးသစ်သို့ ရောက်လျှင် သမ္မန်အများလုပ်၍ တိုက်ရာတွင် အဝမင်းရဲမက်လက်နက်ကိုင်တို့ တပ်ပျက်သည်၊ တိုက်လှေအများရသည်၊ သေသူလူမှာ မသိနိုင်၊ ရှင်သည့်လူမှာ ကြောက်လန့်၍ ကိုးကွယ်ရာမရ မရပ်မတည်နိုင်ရှိကြသည်၊ဈေးသစ်ကြောင်းကကို ကောင်းတုံသို့ရေကြောင်း ရဲ တိုက်လံဖျက်ဆီးသည်၊ နေ့ညဥ့်မဆိုတိုက်ကြရာတွင် မခံနိုင် တပ်လုံး မိုလ်လုံး ပျက်သည်ကိုသိ၍ အဝဘ ကောင်းတုံတပ်သို့စာနှင့်စေ၍ ဗလနော်ရထာ စာနှင့် အကြိမ် ကြိမ် အခေါက် ခေါက် ငါတို့ တပ်သို့ ဆိုလာသည့် ကာလသဘောစိတ်တူ ပဏ္ဏာလက်ဆောင် ရာဇသံစာနှင့် ငါတို့ ကျွန်တော်မျိုး အာပြည်မှာရှိသမျှ မိုလ်မှူးတပ်မှူးများကို ပြန်ပေးရမည်၊ သူကုန်ရဲချီလာ

သည့်ကာလ ဥဒည်ဘွားနှင့်မှာထား၍ ပြေတန်လျှင် ပြေရမည်၊ သူတို့ အကြောင်းအရာရှိလျှင် ပြေတန်လျှင်ပြေစေ၊ ဥဒည်ဘွားသို့ နေ့ညမဆို အလျှင်လျှောက်ထားလျှင် ဥဒည်ဘွားက သည့်အတိုင်း စကားပြေပြော ပြီးသည်ဖြစ်လျှင်လည်း ငါ့လက်နက်ကိုင် တစ်လုံးမိုလ်လုံးကိုသိမ်းရုံးပြန်ခဲ့ တော့၊ ပြည်သူလူရဟန်း ဝေနေယျအပေါင်းကိုထောက်၍ ပြည်ထောင် ချင်း သင့်တင့်စွာ အထက်ထုံးစံရှိသည့်အတိုင်း အဆွေခင်ပွန်းမိတ်သဟာ ယဖွဲ့၍ နေရမည်၊ ပြောသိုလစကားပြေပြောသည့်နောက် ယခု သုံးလကျော် ပြီ၊ စကားအတိုင်း သုံးလကျော်၍မျှ ကတိသစ္စာဆိုသည့်အတိုင်း ကတိ သစ္စာမမှန်၊ ယခုတိုင် မည်သည့်အကြောင်းအရာ မကြားရပါ၊ သူကုန်ရဲ ကို ဥဒည်ဘွားဆီသို့ ခေါ်သွားသော်လည်း အာကုန်ရဲနှင့် မိုင်းသေဉ်မြို့ ဝန် ငလောစင်ရှိသေးသည်၊ ငါတို့နှစ်ယောက် တို့နိုင်ငံတွင် တစ်တောင် တာနှင့် နားပါးထောင်၍နေသေးသည်၊ မင်းတို့က အထက်ကျော်ကာလ စကားပြေပြော၍ ပဏ္ဏာသက်ဆောင် ရာဇသံစာပေ ရောက်လာရမည်၊ စာပေမရောက်သော်လည်း ငါတို့ကြောက်သည်မဟုတ်၊ ငါတို့တိုင်းနိုင်ငံ အခြားမှာ အရှေ့ရှမ်းပြည်, ကောလီကျိုပြည်, တံ့ရှက်ပြည်, မြောက် ရှရက်မြို့, ကျောက်ဆည်မြို့, အနောက် ပန်းခသးမြို့ ဝင်လာသည့် နိုင်ငံများ သည် အမြို့တရာမကရှိသည်၊ မင်းတို့ပဏ္ဏာသက်ဆောင် ရာဇသံ မလာ မရောက်သမျှ ကုန်သည်များကိုမလွှတ်၊အထက်က ငါတို့လူများကို မှီလာ မည်ဆိုသည့် စကားရင်းရှိသည်ကို မငိုမရောက်လာ၊ လူများ ဘယ်မှာရှိ သည်၊ ရှာ၍မတွေ့သည်လား၊ စကားတခွန်းမျှမကြားရ၊ ငါတို့အရှင် နောက်နောင်တခါ ထပ်၍မေးလျှင် မင်းမတတ်တို့အကြောင်းကို ငါလည်း မကာနိုင်၊ အထက်တကြိမ်လည်း လှည့်စားလေပြီ၊ယခုလှည့်စား၍နေလျှင် အလျှင်ချီလာသည့် ငါတို့လက်နက်ကိုင် လူအများနှင့် ချီရှုံ့တိုက်မည်၊ နေထွက်ဘုရင်က လူအင်အားအများ ခံနိုင်မည်လား၊ မည်သို့ကြံကြောင်း ကို စာပို့လာမည်ဆိုသည့် တရပ်များကို စကားပြေ ပြောဆိုသည့်အတိုင်း ပို့လာမှ ပြည်သူလူရဟန်း ငြိမ်ဝပ်ချမ်းသာစွာ နေရမည်၊ နောင်အရေးကို အောက်မေ့ရမည်။

ပေးရင်းစက္ကူစာအရကိုဖတ်၍ ဥဒည်မင်း စေ့စုံစွာကြားလျှင် ပြင်းပြ စွာအမျက်ရှိ၍ ဟာတာရည့်,ဆည်တာရည်နှင့် စာပေးရင်းတရက်အမတ် နှစ်ယောက်ကို လည်မှာသံကြိုးနှင့်ယူစေသည်၊ ဟာတာရည်မှာ အနာ ပေါက်၍ လမ်းတွင် သေလေသည်၊ဆည်တာရည်နှင့် စာပေးရင်းတရက်

အမတ်နှစ်ယောက်မှာ ဥဒည်ပြည်သို့ရောက်လျှင် ကြီးစွာသော ကွပ်မျက်ခြင်းဖြင့် ကွပ်မျက်လေသည်။ ။ထိုနှစ် သီတင်းကျွတ်လ တရုပ်ကုန်သည်တို့လည်း ဗန်းမော် ကောင်းတုံ စသော နိုင်ငံတော်များကို ဆင်းလာကြသည်။

**ဇေတဝန်ကျောင်းတော်နှင့် သုဓမ္မာစရပ်ဆောက်လုပ်ခြင်း ဆင်ဖြူရှင်ခံတော်မူခြင်းနှင့် မယ်တော်နတ်ရွာစံခြင်း**

ဘဝရှင်မင်းတရားကြီးဘုရားလည်း သက္ကရာဇ် (၁၁၃၂) တထောင့်တရာ့ သုံးဆဲ့နှစ်ခု ကဆုန်လဆန်း နှစ်ရက်နေ့ စစ်ကိုင်း ကောင်းမှုတော်အရှေ့တွင် ကြက်သွန်ခင်း ဆရာတော်ကြီး သီတင်းသုံးနေရန် တောရဇေတဝန်ရွှေကျောင်း ဆောက်လုပ်တော်မူသည်၊ ရွှေနန်းတော်တောင်မာန်အောင်ရတနာ ဘုရားရှင်, ရတနာဘုံသာ ဘုရားရှင်များကိုလည်း ကောင်းမွန်အောင် ပြင်ဆင် လုပ်ဆောင်တော်မူသည်၊ မဟာရတနာပုံ ဝိဋကတ်တိုက်များနှင့်တကွ နှမတော် မဟာမင်္ဂလာဒေဝီက ဆောက်လုပ်သည့် မာန်အောင်ရတနာ ဘုရားရှင်အတွင်း သုဓမ္မာရွှေစရပ် ပြာသာဒ်သုံးဆောင် လုပ်ဆောင်ပြီးပြေသည်ကို (၁၁၃၂) တထောင့်တရာ့သုံးဆဲ့နှစ်ခု နတ်တော်လဆန်း ငါးရက်နေ့ အရည ဝါသီပုဂ္ဂိုလ်, ဂါမဝါသီပုဂ္ဂိုလ်, အရိယာသင်္ဃာတော်တို့အား ပရိက္ခရာရှစ်ပါးနှင့်တကွ ရဟန်းအသုံးအဆောင်ကို များစွာလှူတော်မူ၍ ပွဲသဘင်ကြီးစွာ ခံတော်မူသည်။

သက္ကရာဇ် (၁၁၃၂)တထောင့်တရာ့သုံးဆဲ့နှစ်ခု နယုန်လပြည့်ကျော် ဆယ်ရက် သောကြာနေ့ မကွေးမြို့က ဆင်ဖြူတော်ရောက်သည်ကို အခမ်းအနားကြီးကျယ်စွာ စီရင်တော်မူ၍ ပွဲသဘင်ကြီးစွာ ခံတော်မူပြီးလျှင် ဝါဆိုလဆန်း ခြောက်ရက် သောကြာနေ့ နံနက် တချက်တီးကျော်သိဟ်လက်၊ တူတွင်စန်းနှင့် သောကြာ၊ ကြကဋ်တွင် အင်္ဂါ,စနေ၊ ပြိဿတွင် ဗုဒ္ဓဟူး၊ မကာရတွင် ကြာသပတေးဗြိဿာတွင်ရာဟု၊ နက္ခတ်ငါးလုံးသုံးပါဒ်၊ ခုနစ်ဗိဇနာ၊ သုံးပြန်၊ ကိုးခရာ၊ ကောင်းမြတ်သော မင်္ဂလာအခါတော်၌ ရတနာဆင်ဖြူတော်ကို ဆဒ္ဒန်ပြောင်ကျော်ဘွဲ့-တပ်တော်မူ၍ သိမ်းတော်မူပြီးလျှင် ဆင်ဖြူရှင်ခံတော်မူသည်။

ထိုနှစ် ဝါခေါင်လဆန်းလေးရက် တနင်္လာနေ့ ငလျှင် ကြီးစွာလှုပ်သည်၊ ၎င်းလပြည့်ကျော် ငါးရက် ဗုဒ္ဓဟူးနေ့ ကွန်းခုနစ်ဆင့် ဇေတဝန်ဆောင်တော်တွင် စံနေတော်မူသော မဟာမင်္ဂလာရတနာ မိပတိ သီရိ

ရာဇာ စန္ဒာဒေဝီ-တံဆိပ်နာမံတော် ရှိသော မယ်တော်ဘုရား နတ်ရွာစံတော်မူသည်ကို စကြဝတေးမင်း မန္တာတ်မင်းတို့ မိဖုရားကြီးကို သဂြိုဟ်သကဲ့သို့ မင်းညီမင်းသားဆွေတော်မျိုးတော် မှူးတော်မတ်တော်အပေါင်း ခြံရံလျက် ရွှေဝေါနှင့်ထွက်တော်မူ၍ (၁၁၃၃) တထောင့်တရာ့သုံးဆဲ့သုံးခု၊ဝါခေါင်လပြည့်ကျော် ခုနစ်ရက် သောကြာနေ့ လွှတ်တော်အရှေ့မြောက် နန်းမြို့တွင်းမှာ သဂြိုဟ်တော်မူသည်။

ထိုနှစ် တပို့တွဲလ စမ္ပာပါသက်က သမီးကညာနှင့် တကွ ဆင်အစီးနှစ်ရာ, အထူးထူးသော လက်ဆောင်တော်များကို သားညီအမှူးအမတ်တို့ကို ကြပ်မ၍ ကျွန်တော်ခံ ရောက်လှာသည်ကိုလည်း မြစ်ငယ်နား ရှမ်းဈေးအရပ်တွင် တဲဘန္ဒား ကြီးကျယ်သာယာစွာ ဆောက်လုပ်၍ ရပ်နေစေပြီးလျှင် စမ္ပာပါသက်က မင်းသမီးနှင့် ဆင်နှစ်ရာ, အထူးထူးသော လက်ဆောင်တော်များကို စန္ဒပူရီ လင်းဇင်းမင်းသမီး ဆက်ရောက်သည်တွင် အဆက်အသ ခံနေမူသည့်နည်း (၁၁၃၃) တထောင့်တရာ့သုံးဆဲ့သုံးခု၊ တပို့တွဲလဆန်း ငါးရက်နေ့ မှူးတော် မတ်တော် ကတော်မယားတို့ကို ကျင်းပခြံရံဆောင်ယူစေ၍ အဆက်အသခံတော်မူသည်။

ထိုနှစ် မြို့ကြီးတွင်းဝယ် ရှေးဘုံကျော် ဥမင်ကို ပြင်လုပ်တော်မူသည်၊ ဥမင်အနောက်မြောက်ယွန်း သာယာလှစွာသော မြေပြင်တွင်လည်း အရံလေးဆဲ့ခြောက်ကျောင်းနှင့်တကွ လေးထပ်ဇေတဝန် ရွှေကျောင်းတော် လုပ်ဆောင် ပြီးပြေသည်ကို ဘုံကျော်စံလွှတ် သမိုက်တော် မူပြီးလျှင် တပေါင်းလဆန်းရှစ်ရက် အင်္ဂါနေ့ ဇရစ်ဆရာတော် "ဇမ္ဗူဒီပအနန္တဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု" အား တင်လှူတော်မူ၍ အရညဝါသီပုဂ္ဂိုလ်, ဂါမဝါသီပုဂ္ဂိုလ်, အရိယာ သင်္ဃာတော်တို့အား ပရိက္ခရာရှစ်ပါးနှင့်တကွ ရဟန်းဘို့ အသုံးအဆောင်များကို များစွာလှူတော်မူ၍ ပွဲသဘင်ကြီးစွာ ခံတော်မူ၏။

## ယိုးဒယားသို့ စစ်သည်တော်များ ချီရခြင်း

ထိုနှစ်တပေါင်းလ စန္ဒပူရီမြို့ကလည်း ယိုးဒယားတပြည်လုံး ရွှေလက်တော်သို့ ရောက်သည့်နောက် မယ်တက်မြို့ဝန် ဘယားတက်သေဉ်သည် ရဲမက် ဗိုလ်ပါစုရုံး၍ ယိုးဒယား မြို့တောင် နှစ်ရက်ခရီးကွာ ပင်လယ်နားဘန်ကောက်မြို့သို့ ပြောင်းခွာပြီးလျှင် ထီးနန်းတည်၍ မင်းပြုပြန်ကြောင်း၊ မိုင်းလုံးခပင်းမြို့များ မငြိမ် မဝပ်၊ စန္ဒပူရီအစွန်အနားကိုထိပါးနှောင့်ရှက်

ကြောင်းများနှင့် အလျှောက်အထား ခြေရင်းတော်သို့ ရောက်သော ကြောင့် သံလွင်အရှေ့ဘက်မြို့စား စော်ဘွားတို့နှင့်တကွ ဇင်းမယ်ငါးဆွဲ ခုနစ်ခရိုင်အားနှင့် စန္ဒပူရီ မိုင်းလုံးခပင်းကသည် ယိုးဒယားသို့ လှည့်၍ ချီရမည်ဟု အာကာကျော်ထင်တတပ်၊သတ္တရာမကျော်ထင်တတပ်၊ သေန ရန်အောင်တတပ်၊ ကျော်ထင်ဒေဝကျော်တတပ်၊အိန္ဒဝေရကျော်တတပ်၊ ရဲကျော်အာကာ တတပ်၊ သေနပျံချီ တတပ်၊ စတ္တပျံချီ တတပ်၊ သိဒ္ဓိပျံချီ တတပ်၊ နတ်စက်အိန္ဒကျော်တတပ်၊ ဗန္ဓုပျံချီတတပ်၊နတ်စက်ပျံချီတတပ်၊ နတ်စက်ရဲကျော် တတပ်၊ ဗန္ဓုရာဇာ တတပ်၊ ပုညတုရင်တတပ်၊ နရာ ကျော်စွာတတပ်၊ လက်ဝဲဥဒိန်တတပ်၊ တိသကျော်စွာတတပ်၊ နန္ဒကျော် စွာ တတပ်၊ သိဒ္ဓိကျော်စွာတတပ်၊ သိပ္ပကျော်စွာတတပ်၊ တုရင်ဥဒိန် ကျော်တတပ်၊ သည်တပ်ပေါင်းနှစ်ဆဲ့တတပ်တွင် မြင်းငါးရာ, ကသည်း သုံးထောင့်ငါးရာ,မြန်မာသုံးထောင့်ငါးရာကို မြင်းစုကြီးဝန် နေမျိုးသီဟ ပတေ့ကို အချုပ်ခန့်တော်မူ၍ သက္ကရာဇ် (၁၁၃၄) တထောင့် တရာ့ သုံးဆဲ့လေးခု၊ တပေါင်းလဆန်း တဆဲ့ငါးရက် တနင်္ဂနွေနေ့ စန္ဒပူရီသို့ ချီစေသည်။

မုတ္တမမြို့မှာလည်း မြို့ဝန်မင်းရဲမင်းလှဥဇနာ သေလွန်သည်တွင် ပုဂံမြို့ ဝန် မင်းကြီးဂါမဏိစန္ဒကို မုတ္တမမြို့ဝန်ခန့်တော်မူ၍ မုတ္တမမြို့, မြိတ်,ဒဝယ် အားနှင့် ထားရိုက်ကြောင်းယိုးဒယားသို့ချီတက်ပြီးလျှင် ဇင်းမယ်ကြောင်း ချီ မြင်းစုကြီးဝန် နေမျိုးသီဟပတေ့တို့နှင့် ပေါင်း၍ ယိုးဒယားကိုသိမ်းယူ ရမည်ဟုခန့်တော်မူသောကြောင့် မုတ္တမမြို့သို့မင်းကြီးဂါမဏိစန္ဒသွားရ၏။

ထိုနှစ် မဟာမြတ်မုနိဘုရားအနောက် ရှေးမဟာသဉ်နာထ သီတင်း သုံးနေသည့် လေးထပ်ကြီး ကျောင်းရာဟောင်းတွင် မယ်တော်ဘုရားက ဆောက်လုပ်သည့် ကျောင်းရံနှင့် တကွ လေးထပ် ဇေတဝန်ရွှေကျောင်း တော်, ဘုံကျော်အနောက်မြောက်ယွန်းတွင် နှမတော် သီရိမဟာရတနာ ဒေဝီက ဆောက်လုပ်သည့် ကျောင်းရံနှင့်တကွ လေးထပ်ဇေတဝန် ရွှေ ကျောင်းတော် ဆောက်လုပ်ပြီးပြေသည်တွင် မယ်တော်ဘုရားကျောင်း ကို ဘုံကျော်တုလွတ် သမိုက်တော် မူ၍ အင်ကြင်းပင်ဆရာ "ဉာဏာသာ ဂရ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု" အား-တင်လှူတော်မူသည်၊ နှမတော် ကျောင်းကိုလည်း ဘုံသာစံလွတ် သမိုက်တော်မူပြီးလျှင် ဝင်းလက်ဆရာ တော် "သုမနာစာရ မဟာဓမ္မရာဇာဓိ ရာဇဂုရု"အား တင်လှူတော်မူ၍ (၁၁၃၄) တထောင့်တရာ့သုံးဆဲ့လေးခု တပေါင်းလပြည့်ကျော်ရှစ်ရက်

တနင်္ဂနွေနေ့ အရည်ဝါသီပုဂ္ဂိုလ်, ဂါမဝါသီပုဂ္ဂိုလ်, အရိယာသင်္ဃာတော်တို့ကို ပရိက္ခရာ ရှစ်ပါးနှင့်တကွ ရဟန်းတို့ အသုံးအဆောင်ကို များစွာလှူတော်မူ၍ ပွဲသဘင်ကြီးစွာလည်း ခံတော်မူ၏။

**မင်းတရားကြီးဘုရား ခတ်ဆက်နန်းစံတော်မူခြင်း**
**မဟာဥကသ် ဖွင့်တော်မူခြင်း**

ဆင်ဖြူသခင် အသျှင်ဘဝရှင် မင်းတရားကြီးဘုရားလည်း အမြိတ္တခတ် တဆဲ့ခြောက်နှစ်ပြည့်၍ ကောလီခတ်သို့ အကူးတွင် ခတ်ဆက်နန်း စိရင်ပြောင်းလွှဲ စံနေတော်မူသင့်ကြောင်းကို ဝါးရုံကျောင်းဆရာ, နန်း ကျောင်းဆရာတို့နှင့် ပုဏ္ဏား မဟာရာဇိန္ဒာဓိဂုရု, မဟာဒေဝရာဇဂုရုတို့ လျှောက်သောကြောင့် ရွှေမြို့တော်မြောက်၊မာန်အောင်တံခါးတော်ပြင် ဧရာဝတီမြစ်နားတွင် သက္ကရာဇ် (၁၁၃၅) တထောင့်တရာ့ သုံးဆဲ့ငါးခု ပြာသိုလဆန်းသုံးရက် ကြာသပတေးနေ့ နံနက်လေးချက်တီးကျော် တနာ ရီတွင် ခတ်ဆက်နန်း အစီအရင်ကို စ၍စီရင်လုပ်ဆောင်လေသည်၊တပို တွဲလဆန်းနှစ်ရက် ကြာသပတေးနေ့ နံနက် နှစ်ချက်တီးကျော် နှစ်နာရီ တွင် အမြိတ္တခတ်ဆက် အစီရင်ဖြင့် နန်းတော်တဆောင်, ကောလီခတ် ဆက် အစီရင်ဖြင့် နန်းတော်တဆောင် ဆောက်လုပ်စေသည်၊ခတ်ဆက် နန်း အစီအရင် အလုပ်အဆောင် အလုံးစုံ ပြီးပြေလျှင် သက္ကရာဇ် (၁၁၃၆) တထောင့်တရာ့သုံးဆဲ့ခြောက်ခု ကဆုန်လဆန်း ခြောက်ရက် တနင်္ဂနွေနေ့ နံနက်လေးချက်တီးကျော်၊ နေဝန်းပေါ်၊ မေဓုန်တွင် လက် နှင့်စန်း၊ မိဿတွင် ဗုဒ္ဓဟူး, ကြာသပတေး၊ သိဟ်တွင် စနေ၊ ကန်တွင် ရာဟု၊ မိန်တွင် သောကြာ၊ နက္ခတ်ရှစ်လုံးနှစ်ပါဒ်၊ သုံးဗိဇနာတွင်၊အမြိတ္တ ခတ်ဆက်နန်းမှာ ခတ်သက်တဆဲ့ခြောက်နှစ်ကို တဆဲ့ခြောက်ရက်ပြု၍ စံနေတော်မူပြီးလျှင် ကောလီခတ်နန်းသို့ပြောင်းစံတော်မူသည်၊ကောလီ ခတ်နန်းမှာ ကောလီခတ်သက် အနှစ်သုံးဆယ်ကို ရက်သုံးဆယ်ပြု၍ စံနေတော်မူပြီးလျှင် ရွှေနန်းတော်သို့ဝင်တော်မူသည်၊ခတ်ဆက် အစီ အရင်ဖြင့် ဆောက်လုပ်သည့် နန်းနှစ်ဆောင်ကိုလည်း အကုန်သိမ်း၍ ဧရာဝတီမြစ်မှာ ချစေသည်။

နယုန်လဆန်းငါးရက် အင်္ဂါနေ့နံတော်၏ ဂဟပတိအရပ်ဖြစ်သော ရွှေနန်းတော်အနောက်တောင် မြို့ကြီးအုန်းဘောင် တံခါးတော်ပြင်ဝယ် မဟာသကြိန်တော်ကြီးခေါ်တော်မူ၍ သီရိပစ္စေသနဘိသေကကိုခံတော်

မူပြီးလျှင် မဟာဥကသ်ဖွင့်တော်မူသည်။ ။သီရိပဝရသုဓမ္မ မဟာရာဇာ ဇနိန္ဒာဓိပတိ-ဟူသော တံဆိပ်နာမံတော်ကို ခံတော်မူသည်။ ။ရှင်မိဖုရား ခေါင်ကြီးကိုလည်း သီရိအတုလ မဟာရတနာ ပဒုမာဒေဝီ-ဟူသော တံဆိပ်နာမံကို ခံစေသည်။ ။မြောက်နန်းမိဖုရားကိုလည်း သီရိသုနန္ဒာ မဟာမင်္ဂလာစန္ဒာဒေဝီ-ဘွဲ့အမည်ကို ပေးတော်မူသည်။ ။အလယ်နန်း မိဖုရားကိုလည်း သီရိမဟာစန္ဒာဒေဝီ-ဘွဲ့အမည်ကို ပေးတော်မူသည်။ ။

ထို့ပြင် မင်းမိဖုရား,သားတော်, ညီတော်,ဆွေတော်မျိုးတော်,မှူးတော် မတ်တော်၊ ဗိုလ်မှူး၊ တပ်မှူး၊ အမှုထမ်းကျွန်တော်မျိုးတို့ကိုလည်း အထိုက် အလိုက် ဘွဲ့အမည်အရည် ပေးတော်မူ၏။

ထိုနှစ် မဟာမြတ်မုနိဘုရား အနောက်ယွန်းတွင် အလယ်နန်း မိဖုရား သီရိမဟာစန္ဒာဒေဝီက ဆောက်လုပ်သည့် ကျောင်းရံနှင့်တကွ လေးထပ် ဇေတဝန်ဆောက်လုပ်ပြီးပြေသည်ကိုလည်း ကျော်အောင်စံလွှတ် သမိုက် တော်မူပြီးလျှင်ပြည်ဆရာတော် "ဓမ္မာစာရမဟာဓမ္မရာဇာဓိရာဇဂုရု" အား တင်လှူတော်မူ၍ တပေါင်းလပြည့်ကျော်ရှစ်ရက် အင်္ဂါနေ့ အရည်ဝါသိ ပုဂ္ဂိုလ်, ဂါမဝါသီပုဂ္ဂိုလ်, အရိယာသဃ်ာတော်တို့အား ပရိက္ခရာရှစ်ပါး နှင့်တကွ ရဟန်းတို့ အသုံးအဆောင်ကို များစွာလှူတော်မူသည်၊ပွဲသဘင် လည်း ကြီးစွာခံတော်မူ၏။

### ဝန်ကြီး မဟာသီဟသူရ ယိုးဒယားသို့ ထားရိုက်ကြောင်း ချီတက်ခြင်း စသည်များ

ဇင်းမယ်ကြောင်းချီစေသော မြင်းစုကြီးဝန် နေမျိုးသီဟပတေ့တို့မှာ လည်း ဇင်းမယ် ငါးဆဲ့ခုနစ်ခရိုင်၌ရှိသော သံလွင်မြစ်အရှေ့ဘက် မြို့စား စော်ဘွားတို့ကို စည်းကြပ်ပြီးလျှင် စန္ဒပူရိမြို့သို့ချီ၏။ ။ဇင်းမယ်မြို့မှာ လည်း ဘယားဆာပန်းနှင့် မြို့ဝန် သတိုးမင်းထင်တို့ မသင့်မတင့်ရှိကြ၍ ဘယားဆာပန်း, အမတ်ကြီး ဘယားသန်လန်, ဘယားသေဥ်လုံတို့နှင့် တကွ လကွန်းစား ကာဝိလတို့က လျှောက်ထားသည်တွင် ဘယားဆာ ပန်း, ဘယားသန်လန်, ဘယားသေဥ်လုံတို့မှာ အစဉ်စီရင် ထိန်းသိမ်းမြဲ ထုံးစံအတိုင်း စီရင်ထိန်းသိမ်းစေ၊ ဇင်းမယ်မြို့ဝန် သတိုးမင်းထင်မှာလည်း အရပ်ရပ် အဝေးမြို့ဝန်တို့ ရှေးအစဉ်စီရင်သည့် ထုံးစံအတိုင်းကိုသာ စီရင်ထိန်းအုပ်စေ-အမိန့်တော်ကိုခံရ၍ဘယားဆာပန်း,ဘယားသေဥ်လုံ, ဘယားသန်လန်တို့နှင့် လကွန်းစားကာဝိလတို့ ခြေရင်းတော်ကပြန်သည်။

ဇင်းမယ်မြို့သို့ ရောက်လျှင် အမိန့်တော်ကို ဇင်းမယ်မြို့ရုံးမှာ ဘယားဆာ ပန်းက ညီနဲမောင်ကို တင်စေသည်တွင် ဇင်းမယ်မြို့ဝန် သတိုးမင်းထင် က အမိန့်တော်ဖြစ်သည်၊ သားညီတို့ကိုစေ၍ မသင့်တင့်၊ ဘယားဆာပန်း ကိုယ် ရုံးတော်သို့တက်၍ တင်လှာရမည်ဟု လူစေလွှတ်ခေါ်စေသည်ကို ဘယားဆာပန်းမလိုက်မလာသောကြောင့် ဇင်းမယ်မြို့ဝန်က လက်နက် ကိုင် လူသူအများ ခန့်ထားပြီးလျှင် ဘယားဆာပန်းကို ထပ်၍ ခေါ်စေ သည်၊ ဘယားဆာပန်း မလိုက် အခိုင်နေသောကြောင့် အခေါ်စေခန့် သူတို့နှင့် တိုက်ကြရာ ဘယားဆာပန်းညီနဲမောင်သေဆုံးသည်၊ ဇင်းမယ် မြို့ဝန်လူတို့လည်း အများထိခိုက် သေဆုံးသည်နှင့် ဆုတ်ခွာ ကြလေလျှင် ဘယားဆာပန်းလည်း သားမယားတို့ကို သင့်ရာဖုံးကွယ် ဖွက်ထားခဲ့ပြီး လျှင် မိုလ်ချုပ်နေမျိုးသီဟပတေ့ရှိရာ စန္ဒပူရီသို့ထွက်ပြေးခဲ့၍ အကြောင်း မျိုးကို စေ့စုံစွာပြန်ပြောပြီးလျှင် နေမျိုးသီဟပတေ့တပ်မှာဝင်၍နေလေ၏။

မြင်းစုကြီးဝန် နေမျိုးသီဟပတေ့တို့တပ်စုလည်း မိုင်းလုံးခပင်း, စန္ဒပူရီ အရေးတော် ပြေကုံငြိမ်ဝပ်၍ ဇင်းမယ်မြို့သို့ ပြန်ခဲ့ပြီးလျှင် ယိုးဒယားသို့ ချီမည်ကို ဆင်မြင်းလူသူ ခန့်ထားစည်းကြပ်သည်၊ လက္ခန်းစားကာဝိလ, ဘယားဆာပန်းတို့ကိုလည်း ရှေးဦးရှေးဖျား ချီတက်ရမည်ခန့်သည်၊ ယင်း သောအခါ ဇင်းမယ်မြို့ဝန် သတိုးမင်းထင်က လက္ခန်းစားကာဝိလ, ဘ ယားဆာပန်းတို့သည် ကျေးဇူးသစ္စာတော်ကို စောင့်ထိန်း၍ အမှုတော်ကို ဖြောင့်ဖြောင့်ရိုးရိုးထမ်းရွက်မည့်သူများမဟုတ် ရှည်လသော် ရန်ဆူး ရန် ငြောင့် ဖြစ်မည့်သူများဖြစ်သည်၊ ပေးအပ်ခဲ့မည့်အကြောင်းနှင့် မြင်းစုကြီး ဝန် နေမျိုးသီဟပတေ့သို့စေ၍ တောင်းစေသည်ကို မြင်းစုကြီးဝန် နေမျိုး သီဟပတေ့က ဘယားဆာပန်း, လက္ခန်းစားကာဝိလတို့နှင့် ဇင်းမယ် မြို့ ဝန် သတိုးမင်းထင်တို့ မသင့်မတင့်ကြသောကြောင့် ခိုက်ရန်ဖြစ်ကြသည့် အရာသာဖြစ်သည်၊ ဘယားဆာပန်း, လက္ခန်းစားကာဝိလ တို့ကိုလည်း ချုပ်ကြီးအုပ်ကြီးခန့်ထား၍ အမှုတော်ကို ရှေးဦးရှေးဖျား ထမ်းရွက်စေရ ဦးမည်ဆိုပြီးလျှင် မပေးမအပ် ဘယားဆာပန်း,ကာဝိလတို့ကိုအလုံးအရင်း စည်းကြပ်ပေးအပ်၍ ယိုးဒယားသို့ ရှေးဦးအောင် တပ်နှင့်ထွက်စေသည်။

နေပြည်တော်ကလည်း မြို့ဝန် သတိုးမင်းထင်နှင့် ဘယားဆာပန်းတို့ ခိုက်ရန် ဖြစ်ပွားကြသည်ကို ကြားတော်မူ၍ ဘယားဆာပန်း, လက္ခန်း စားကာဝိလတို့ကို ခြေရင်းတော်သို့လာခဲ့စေ-အမိန့်တော်နှင့်ခေါ်လာသူ ဇင်းမယ်မြို့သို့ရောက်လာလျှင် ဇင်းမယ်မြို့ဝန် သတိုးမင်းထင်က ဘယား

ဆာပန်း, ကာဝိလဘို့ကိုရွှေဘဝါးတော်အောက်သို့ လာစေ–အမိန့်တော် ရောက်သည်၊ ဘယားဆာပန်း, လက္ကန်းစားကာဝိလတို့ကို ထည့်အပ်မည် အကြောင်းနှင့် ဗိုလ်ချုပ်မြင်းဝန်နေမျိုးသီဟပတေ့သို့ စေလွှတ်တောင်းစေ သည်တွင် ဗိုလ်ချုပ်ကမှာလိုက်သည်ကား....

စစ်ချီစစ်တက်တို့သဘောသည် တပ်ဦးအောင်လံကိုသော်လည်း ရှေးဦးစွာ ချရပ်မိသည့်နေရာကအရပ်အနေမသင့်သော်လည်း နောက်သို့မပြန် မဆုတ်သင့်၊ ရှေ့ကိုသာ တက်စေသင့်သည်၊ ယခုလည်း ဘယားဆာပန်း, လက္ကန်းစားကာဝိလတို့ အမှုတော်ကို ရှေးဦးရှေးဖျား မင်္ဂလာအခါတော် နှင့် ထွက်စေသည်ကို နောက်သို့မပြန်မဆုတ်သင့်ဖြစ်သည်၊ အကြောင်း မှာလည်း ဘယားဆာပန်း,လက္ကန်းစားကာဝိလတို့ရာဇဝတ်တော်ကို လွန် ကျူးသည့်အရေးမရှိ ဇင်းမယ်မြို့ဝန်နှင့် မသင့်မတင့်ကြလေသည်ကို ကြား တော်မူသောကြောင့် ရန်မီး ပွားစည်မည်ကို နှောင့်နှေးတော်မမူ၍သာ ဘဝရှင်မင်းတရားကြီးဘုရား ခေါ်တော်မူသည့်အကြောင်းသာဖြစ်တော့ သည်၊ ဇင်းမယ် ငါးဆဲ့ခုနစ်ခရိုင်မြို့စား ပြစားတို့လည်း ဘယားဆာပန်း တို့အရိပ်အခြည်ကို ကြည့်၍ အမှုတော်ကို ထမ်းရွက်ကြသည်၊ ထိုသူတို့ စိတ်ကျနှလုံးကျအမှုတော်ကို ထမ်းရွက်စေရအောင် ဇင်းမယ်မြို့ဝန်သတိုး မင်းထင်ကသိမ်းပိုက်မစပြီးလျှင် ဘဝရှင် မင်းတရားကြီးဘုရားမှာလျှောက် ထား၍ ဘယားဆာပန်း, ကာဝိလတို့ကို အမှုတော်ကို ထမ်းရွက်စေရ သည်ဖြစ်မှ ရှေ့နောက် အရေးအလုံးစုံကောင်း၍ အကျိုးတော်ရှိမည်ဟု မြင်းဝန်ဒနမျိုးသီဟပတေ့ကမှာလိုက်၏။

စေသူဘို့ ပြန်ရောက်၍ မှာလိုက်သည့်စကားကို ဇင်းမယ်မြို့ဝန်ကြား လေလျှင် ဘယားဆာပန်း, ကာဝိလတို့သည် အမှုတော်ကိုဖြောင့်ဖြောင့် ရိုးရိုး စိတ်ကျနှလုံးကျ ထမ်းရွက်မည့် သူများ မဟုတ် မြွေပွေးကို ဝိုက် မှားသကဲ့သို့ ရှိမည် မချွတ်ဖြစ်သည်ဟု ဆိုပြီးလျှင် ဇင်းမယ် မြို့ဝန်က လက်နက်ကိုင် လူသူအများခန့်၍ ဘယားဆာပန်း, လက္ကန်းစားကာဝိလ တို့ကို တပ်ဦးမှာလိုက်၍ခေါ်စေရာ ခန့်ထား ခေါ်စေသူတို့ကို ဘယား ဆာပန်း,လက္ကန်းစား ကာဝိလတို့က တိုက်ခိုက်သတ်ဖြတ်လိုက်၍ လူသူ အများ သေဆုံးသောကြောင့် အခေါ်ခန့်ထားသူတို့ ဆုတ်ခွာ ပြန်ခဲ့ရ လျှင် ဇင်းမယ်မြို့ဝန် သတိုးမင်းထင်က ဘယားဆာပန်း, ကာဝိလတို့ သားမယားရှိနေရာ ဖမ်းဆီးခေါ်သိမ်းပြီးလျှင် အကြီးအကြပ်ခန့်၍ အမိန့် တော်နှင့်လာသူအမှူးအကြီးတို့နှင့်အတူ ခြေရင်းတော်သို့ လိုက်ပို့စေသည်။

ထိုအကြောင်းကို ဘယားဆာပန်း, လက္ခန်းစား ကာဝိလတို့ကြားသိလျှင် ရှေ့သို့ကားမချီ၊ နောက်သို့လှည့်၍ တောလမ်းခရီးဖြောင့် နေ့ညဥ့်ပြန်လည်ခဲ့ပြီးလျှင် ခန့်ထားပို့စေသူ အကြီးအကြပ်တို့ လက်တွင် သားမယားတို့ကိုလုယူ၍ ဘယားဆာပန်း,လက္ခန်းစား ကာဝိလတို့ ယိုးဒယားသို့ ဝင်ပြေးလေ၏။

ဘယားဆာပန်း, လက္ခန်းစား ကာဝိလတို့လည်း ယိုးဒယားသို့ရောက်လျှင် ဇင်းမယ်ငါးဆဲ့ခုနစ်ခရိုင်မှာ မိုလ်ချုပ်ပြုသူနှင့် ဇင်းမယ်မြို့ဝန် ပြည်သူတို့ စိတ်နှလုံးမညီမညွတ် ရှိသည်၊ ငါးဆဲ့ခုနစ်ခရိုင် မြို့စားပြစားတို့လည်း ကျိုးကျိုးနွံနွံမရှိ၊ စိတ်နှလုံးကွဲပြားကြသည်၊ ယခုအခါ ဇင်းမယ်မြို့ကိုတိုက်ရလျှင် အလျှင်ရတော့မည်ဟု ဘယားဆာပန်း, ကာဝိလတို့က ယိုးဒယားမင်း ဘယားတက်သေဥ်ကို ချီပင့်ပြောဆိုလေလျှင် ယိုးဒယားမင်းကိုယ် လူလေးသောင်း, ငါးသောင်းခန့်နှင့် အလျှင်အမြန် ချီလာ၍ မရပ်မဆိုင်း မြင်းစုကြီးဝန် နေမျိုးသီဟပတေ့တို့တပ်စုကို တိုက်သည်တွင် မြင်းဝန် နေမျိုးသီဟပတေ့တို့ မရပ်မခံနိုင်၍ ပျက်လျှင် မိုင်းပေဥ်ကြီးကသည် မိုးနဲမြို့တိုင်အောင် ဆုတ်ခွာရချေ၏။ ။နေမျိုးသီဟပတေ့တို့တပ်ရပျက်လျှင် ဇင်းမယ်မြို့ကိုတိုက်ပြန်သည်၊ ဇင်းမယ်မြို့လည်း ပျက်ပြန်ချေ၍ မြို့ဝန် သတိုးမင်းထင် ကျိုင်းသေဥ်မြို့တိုင်အောင် ဆုတ်ခွာရချေ၏။

ယိုးဒယားမင်း ဘယားတက်သေဥ်လည်း ဇင်းမယ်မြို့ပျက်လျှင် ကာဝိလကို လက္ခန်းမြို့မှာထားခဲ့သည်၊ ကာဝိလတူ–ခွန်ကျော်ကိုလည်း ဖာသင်မြို့တွင် ထားခဲ့သည်၊ ဘယားဆာပန်းကိုလည်း မိုင်းလင်းမြို့တွင် ထားခဲ့သည်၊ ဇင်းမယ်မြို့တွင်လည်း မြန်မာတို့က စစ်တက်မရှိမှ ပြန်ခဲ့ရမည်ဟု ဘယားတာခန်းကို လူသုံးခထောင်နှင့်ထားခဲ့ပြီးလျှင် ယိုးဒယားမင်းဘယားတက်သေဥ်လည်း ပြန်လေ၏။

မုတ္တမမြို့ဝန် မင်းကြီး ဂါမဏိစန္ဒမှာလည်း မုတ္တမမြို့သို့ ရောက်လျှင် ဒဝယ်သို့စေသည်ကား သံလွင်မြစ်အရှေ့ဘက် စော်ဘွားမြို့စား ဇင်းမယ်ငါးဆဲ့ခုနစ်ခရိုင်အားနှင့် ယိုးဒယားတို့ကို အသိမ်းအယူ မြင်းဝန် နေမျိုးသီဟပတေ့ကို ဇင်းမယ်ကြောင်း ခန့်တော်မူသည်။ မုတ္တမ, မြိတ်, ဒဝယ်အားနှင့်လည်း ထားရိုက်ကြောင်း ချီရမည်ဟု အမိန့်တော်ရှိသည်၊ ကျွန်ုပ်မုတ္တမအားနှင့် ထားရိုက်ကြောင်း ချီတက်မည်၊ မင်းကြီး ဇေယသူမှာလည်း မြိတ်, ဒဝယ်အားနှင့် ပိဿလောက် ကြောင်း ချီတက်ရမည့်အကြောင်းကို ဒဝယ်မြို့ဝန် မင်းကြီးဇေယသူသို့ စေလွှတ်ပြီးလျှင် မုတ္တမ

မြို့ဝန် မင်းကြီးဂါမဏိစန္ဒလည်း မုတ္တမမြို့အလုံးကို စစ်သည်သူရဲ ဆင်မြင်း ဗိုလ်ပါ စည်းကြပ်၍ ဗညားစိန်ကို လူနှစ်ထောင်နှင့် ထားရိုက်ကြောင်း ရွှေချီနှင့်စေသည်။

မုတ္တမမြို့က သုံးစခန်းကွာ ဇမိအရပ်သို့ ဗညားစိန်တို့တပ် ဆိုက်ရောက်လျှင် ရွှေချီစစ်ပါလူတို့ သားမယား မုတ္တမမြို့တွင်ရှိသည်ကို မြို့ဝန်မင်းကြီး ဂါမဏိစန္ဒ စစ်ကဲတပ်မှူးတို့က တုပ်နှောင်၍ ကြေးငွေတောင်းထုတ်သည်၊ ထိုအကြောင်းကိုသားမယားတို့ကရွှေချီတပ်ပါလင်သားတို့ထံအကြောင်း ပြောဆို၍ ဗညားစိန်နှင့်တကွ တလိုင်းတပ်မှူးတို့ကြားသိလျှင် သားမယားတို့ ငြိမ်းချမ်းအောင်ဟု အမှုတော်ကို ရှေးဦးရှေးဖျား ထမ်းရွက်ပါသည်ကို သားမငြိမ်း, မယားမငြိမ်းရှိခဲ့ရလျှင် ခံရပ်နိုင်တော့မည်မဟုတ်၊ သည်ခါသော် ရွှေမှာ ငါတို့ရန်သူမရှိပြီ၊ နောက်မှာသာ ငါတို့ရန်သူရှိတော့သည်ဟု ဗညားစိန်နှင့်တကွ တလိုင်းဗိုလ်မှူးတပ်မှူးတို့ စိတ်သဘောတညီတညွတ်ဖြစ်ကြ၍ ရွှေချီ တလိုင်းနှစ်ထောင် တပ်ဦးလှည့်၍ နေ့ညဥ့်ပြန်ခဲ့ပြီးလျှင် မုတ္တမမြို့ဝန် မင်းကြီးဂါမဏိစန္ဒနှင့် မြန်မာတပ်မှူး စစ်ကဲဆိုသမျှကို လိုက်လံဖမ်းဆီးသည်၊ မြို့ဝန်နှင့် မြန်မာတပ်မှူးစစ်ကဲတို့လည်း မုတ္တမမြို့က နေ့ညဥ့် ကိုယ်လွတ်ထွက်ပြေး၍ ဟံသာဝတီ,ရန်ကုန်မြို့သို့ ဝင်နေသည်၊ ဗညားစိန်နှင့် တလိုင်းသုံးထောင်လည်း ဟံသာဝတီ,ရန်ကုန်တိုင်အောင်လိုက်၍ ရန်ကုန်မြို့ကို တိုက်သည်၊ ရန်ကုန်မြို့ ကစီကရင်ရှိချေ၏။ ထိုအကြောင်းကို မြန်အောင်ဗိုလ်,ပုံချီရဲခေါင်ကျော်, တလည်းစီးဗိုလ်တို့ ကြားလျှင် မြစ်စဉ်မြို့ရွာသားတို့နှင့် ရန်ကုန်သို့အလျင်ချီ၍တိုက်သည့်တွင်မှ ဗညားစိန်တို့ တလိုင်းသုံးထောင် နေ့ညဥ့်အလျင် မုတ္တမသို့ ဆုတ်ခွာထွက်ပြေးပြီးလျှင် ဗညားစိန်, ရာဇဒေဝတို့နှင့် ရုံးစုမိသမျှ တလိုင်းတို့ သားမယားတို့ကိုယူ၍ ယိုးဒယားသို့ ဝင်ပြေးလေ၏။

ဘဝရှင် မင်းတရားကြီးဘုရားသည်း ဇင်းမယ်မုတ္တမ အရေးအကြောင်းများကို ကြားတော်မူလျှင် မင်းရဲရန်နောင် တတပ်၊ ထီးလင်းစော်ဘွား တတပ်၊သမန်သာဗိုလ်တတပ်၊ဆပ်ပြာကုန်းဗိုလ် တတပ်၊ ရန်ငူးသီရိ နော်ရထာ တတပ်၊ သူရိန်တန်ဆောင် တတပ်၊ အောင်သာဗိုလ် တတပ်၊နေမျိုးဂုဏ္ဏရတ် တတပ်၊ လမိုင်းဝန် နေမျိုးဥတ္တမသင်္ကြံ တတပ်၊ လမ္ဘူးရန္တသူ တတပ်၊ မန်းကျည်းတုံဗိုလ် တတပ်၊ ပုဂံဗိုလ်လက်ယာသာဂသူ တတပ်၊ ခံခတာဗိုလ်တုရင်သိပ္ပဘဘပ်၊အရေးလွှန်တတပ် တလည်းစီးဗိုလ်တတပ်၊ ဗညားဦးတတပ်၊ ကျားရွာဗိုလ်တတပ်၊ ပြည်လုံးငြိမ်းတတပ်၊ ပုခန်းဗိုလ်

တတပ်၊ မြန်အောင်မိုလ်တတပ်၊ပျံချီရဲခေါင်ကျော်တတပ်၊လိုင်မိုလ်တတပ်၊ ကျောက်ကာမိုလ်တတပ်၊ နတ်စက်ကြီးတတပ်၊ ပျံချီသူရတတပ်၊ အိန္ဒပျံချီ တတပ်၊ပြည်လုံးသရေကျော်ခေါင်တတပ်၊ညောင်ခြေထောက်မိုလ်တတပ်၊ စံရာကလေး၊တတပ်၊ ရှမ်းကြီးတတပ်၊ ဟဲလုံစားတတပ်၊ နန်ခုတ်စား တတပ်၊ ဝဿယော်ခါတတပ်၊ တုတ်ရဲမိုလ်တတပ်၊ လင်းဇင်းမိုလ်တတပ်၊ တည်တောမိုလ်တတပ်၊ ဒလမိုလ်တတပ်၊ ဘောင်းလင်းမိုလ်တတပ်၊သရေ ပုညာတတပ်၊ မုတ္တမစားတတပ်၊ အင္ဂကျော်စွာတတပ်၊ အင္ဂသေနကျော် တတပ်၊ ရွှေတောင်ရဲထွတ်တတပ်၊ ပင်းတလဲမိုလ်တတပ်၊ ကုန်းရွာမိုလ် တဘပ်၊ ပုထိုးမိုလ်ဇေယဝဍ္ဍနာတတပ်၊ စစ်ကိုင်းမိုလ် ဗလရက္ခသူတတပ်၊ လက်ယာဥဒိန် တတပ်၊ ကျောက်တလုံးမိုလ် တတပ်၊ သိရိတုရင် တတပ်၊ စက်ရာဥခြည်တတပ်၊ သိရိကျော်ထင်တတပ်၊ တောင်ဖို့စားတတပ်၊ ဘရုံး စားမိုလ်တတပ်၊ လက်ဝဲရဲခေါင်တတပ်၊ တောင်တလုံးမိုလ်တတပ်၊ တန် ဆောင်ပျံချီတတပ်၊ နရာသမန်ကျော်တတပ်၊ ဘယနန္ဒမိတ်တတပ်၊ဗညား ဒလတတပ်၊ ပုတ္တစံလွန်တတပ်၊ ဝင်းမိုလ်တတပ်၊ ဝန်ကြီးမဟာသီဟသူရ တပ်မနှင့်သော် တပ်ပေါင်း ခြောက်ဆဲ့ တတပ်တွင် ပါသည့် မြင်းနှစ် ထောင့်ငါးရာ, စစ်သည်သူရဲ သုံးသောင့်း ငါးထောင်တွင် ကင်းဝန်, ယွန်းစုဝန်တို့ကို စစ်ကဲ, ဝန်ကြီးမဟာသီဟသူရကို အချုပ်ခန့်တော်မူ၍ သက္ကရာဇ် (၁၁၃၆) တထောင့်တရာ့သုံးဆဲ့ခြောက်ခု၊ ဟာန်ဆောင်မုန်း လဆန်းငါးရက်နေ့ နံနက် တချက်တီးကျော် နှစ်နာရီ တပါဒ်တွင် အခါ တော်နှင့် ယိုးဒယားမြို့သို့ချီရသည်၊ မုတ္တမမြို့သို့ရောက်လျှင် ဝန်ကြီး မဟာ သီဟသူရတို့ ခြောက်ဆဲ့ တတပ် ထားရိုက်ကြောင်း ချီသည်။ ။ထိုနှစ် အဝနေပြည်တော်မှာလည်း အစုအကွက်ချထားနေစေသည့် ကသည်းတို့ မသင့်မတင့်သောအကြံကို ကြံစည်သောကြောင့် ခေါင်းတည်ဇကြီး ပြုသူ တို့ကို ရွေးချယ်စိစစ်၍ ကွပ်တော်မူသည်။

### ဒဂုန်ဆံတော်ရှင်ဘုရားကို ထီးတင်လှူတော်မူခြင်းနှင့် ယိုးဒယားသို့ စစ်သည်အများ ထပ်၍လွှတ်ခြင်း နေပြည်တော်သို့ ပြန်တော်မူခြင်း

ဆင်ဖြူသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း ရန်ကုန် ဆံတော်ရှင် ဘုရား ယိုယွင်းပျက်စီးသည်ကို လုပ်ဆောင်ပြီးပြေလျှင် ကိုယ်တော်လေး ရွှေစင်လေးဆဲ့ခုနစ်ပိဿာ့သုံးဆဲ့ငါးကျပ်ကို မျက်ပါးခတ်စေ၍ ဆတ်သွား

ဖူးကသည် ဘိနပ်တော်ကုန်ရွှေအပြည့်မွမ်းမံတော် မူသည်၊ အသစ်တင်လှူရန်ထီးတော်ကိုလည်း သံတထပ်,ကြေးတထပ်ကို ကြေးမှိုသံမှိုစွဲ၍ သေချာခိုင်ခန့် ကောင်းမွန်အောင် လုပ်ဆောင်ရသည်၊ ထီးတော်ပဋ္ဌမဘုံအချင်းကိုးတောင့်နှစ်မိုက်၊ ဘုံခုနစ်ဆင့်နှင့် ဆတ်သွားဖူး, စိန်ပွင့်, ငှက်မြတ်နားများကို မယ်တော်ဘုရား သုံးဆောင်တော်မူသော ခြေသံခြံရတနာ ကွမ်းခွက် ကွမ်းလောင်း ကြုတ်ခွက်အစုံ၊ ဘဝရှင်မင်းတရားကြီးဘုရားမင်္ဂလာခမ်းကြီးနားကြီးများတွင် ဆင်ယင်သုံးဆောင်တော်မူသော အဘိုးအနဂ္ဃထိုက်သော ဗောင်းတော်ဖြူ, ဗောင်းတော်နီ, ဗောင်းတော်စိမ်း,ရွှေသားဗောင်းတော်၊ အဘိုးအနဂ္ဃထိုက်သော နဝရတ်ကိုးပါးစီခြယ်သော ရတနာ ဟင်္သာရုပ် ကွမ်းအုပ်တော်၊ ရေအုပ်တော်၊ လက်ဘက်အုပ်တော် ၊နှမတော် ဘုရား သုံးဆောင်တော် မူသော ရတနာကွမ်းအုပ်တော်၊ သန္တေးဖလား, ကြုတ်ခွက်အစုံ အစုစုရွှေချိန်ပိဿာ နှစ်ရာ့ခုနစ်ဆယ်ကို ဗုဒ္ဓနှံ့အတိ ခတ်လုပ်မွမ်းမံပြီးမှ ပတ္တမြားစသော နဝရတ်ကိုးပါးကျောက်လုံးရေ တသောင်းငါးထောင့် သုံးဆဲ့ရှစ်လုံးတို့ဖြင့် စီခြယ်၍ ရွှေဆည်းလည်းငွေဆည်းလည်း အချိန်ပိဿာနှစ်ရာ၊ စေတီတော်ပြီးသည့်တွင်ရသော ငွေဆည်းလည်းလုံးရေ သုံးရာ့လေးဆဲ့တစ်၊ ရွှေဆည်းလည်း လုံးရေ တဆဲ့လေး၊ ပဉ္စလောဟာဆည်းသည်းလုံးရေတစ်၊ပေါင်းသုံးရာ့ငါးဆဲ့ခြောက်တို့ဖြင့် မင်း မိဖုရား မင်းညီမင်းသား မှူးတော် မတ်တော်တို့က ကုသိုလ်တော်ဝင်သည့် ရွှေဆည်းလည်း, ငွေဆည်းလည်းမှစ၍ ထီးတော်ရောင်လျှံတိုင် နှစ်ဆဲ့ငါးတောင့်နှစ်မိုက်လေးသစ်များနှင့် ထီးတော်အလုပ်အဆောင်ပြီးပြေလျှင် ရန်ကုန်မြို့ ဆံတော်ရှင်ဘုရားသို့ ထီးတော်တင် စုန်တော်မူမည်ကို ခန့်ရန်စီရင်ကြရသည်ကား....

တင်လှူတော်မူရန် ဘုရားထီးတော်ကို ကရဝိက်ရွှေဖောင်တွင် တင်တော်မူပြီးလျှင် ရွှေလောင်းလက်ပြည့် ခြောက်စင်းငင်စေ၍ တပ်ဦးရွှေဖျားထားတော်မူသည်။ ။စီးတော်မူသည့်ပြာသာဒ်ဘုံတဆဲ့တဆင့်ရှိသောတိုးရုပ်ရတနာရွှေဖောင်တော်ကြီးကို ရွှေတက်လက်ပြည့်နှင့် ရွှေလှော်ကားရှစ်စင်းငင်ရသည်။ ။ယင်းနောက် နှမတော် သီရိမဟာရတနာဒေဝီစီးတော်မူသည့် ပြာသာဒ်ဘုံခုနစ်ဆင့်ရှိသော တိုးရုပ်ရွှေဖောင်တော်ကို ရွှေလောင်းလက်ပြည့်ခြောက်စင်း ငင်ရသည်။ ။ယင်းနောက် သီရိအတုလမဟာရတနာ ပဒုမာဒေဝီ ရှင်မိဖုရားခေါင်ကြီး စီးတော်မူသည့်ပြာသာဒ်ဘုံ ခုနစ်ဆင့်ရှိသော တိုးရုပ် ရွှေဖောင်တော်ကို ရွှေလောင်း

လက်ပြည့် ခြောက်စင်းငင်ရသည်။ ။ယင်းနောက် သမီးတော် ပဘာဝတီ စီးတော်မူသည့် ပြာသာဒ်ဘုံခုနစ်ဆင့်ရှိသော တိုးရုပ်ရွှေဖောင်တော်ကို ရွှေလောင်းလက်ပြည့် ခြောက်စင်းငင်ရသည်။ ။ယင်းနောက် မြောက်နန်းရှင်မိဖုရား သိရိသုနန္ဒာမဟာမင်္ဂလာစန္ဒာဒေဝီ စီးတော်မူသည့် မုတ်ဘီးဒဝယ် ယွန်းငါးဆင့်ရှိသော ကရပိက်ရွှေဖောင်တော်ကို ရွှေလောင်း လက်ပြည့် ခြောက်စင်းငင်ရသည်။ ။ယင်းနောက် အလယ်နန်း မိဖုရား သိရိမဟာစန္ဒာဒေဝီ စီးတော်မူသည့် မုတ်ဘီးဒဝယ် ယွန်းငါးဆင့်ရှိသော ကရပိက် ရွှေဖောင်တော်ကို ရွှေလောင်းလက်ပြည့် ခြောက်စင်းငင်ရသည်။ ။ယင်းနောက် မင်းမိဖုရား မင်းကိုယ်လုပ် မောင်းမမိဿံတို့စီးသည့် မုတ်ဘီးဒဝယ် ယွန်း,ပဉ္စရူပ, ဇော်,အောင်း, နရား,မကန်းစသော များစွာသော သားရုပ်ရွှေဖောင်တော်အပေါင်းတို့ကိုလည်း လောင်းနီလက်ပြည့် ခြောက်စင်းစီငင်ရသည်။

ထိုမှတပါး ရွှေတပ်,လက်ယာတပ်, လက်ဝဲတပ်, နောက်တပ်, လှေတပ်တော်များတွင် ကတ္တူ,လွန်းကြင်, ဂုရုပ်,သမ္ဗန်, သင်္ဘောဒါန်,မိကျောင်းရုပ်စသော များစွာသော သားရုပ်ရဲလှေအပေါင်းဝယ် ရွှေလှံ, ရွှေဓား, ရွှေလွှား,ရွှေကာ, ရွှေတံခွန်,အမြောက်ပြောင်းသေနတ် ပြောင်ပြောင်ညီးမျှစီစဉ်ခင်းကျင်းပြီးလျှင်ချပ်ဝန်တန်ဆာဝတ်ဆင်လျက်နတ်ယောက်ျားကဲ့သို့သော သူရဲတော် အပေါင်းတို့ လိုက်ကြရသည်။ ။လက်ရွေး, လက်သစ်, ပြည်လုံးအံ့,ဘုန်းတော်နိုင်ငံ,ရန်နိုင်, ကမကော်, သာရဗိမာန်, သာရကာ, အိကင်းစသော လက်သင်လှော်ကားတော်များနှင့် ရွှေလှေ ရွှေလောင်းအပေါင်းတို့လည်း ရတနာရွှေဖောင်တော် ဝဲယာရှေ့ဖျား လိုက်မြဲ စီစဉ်ခင်းကျင်း၍ လိုက်ကြရသည်။ ။ကြည်းတပ်မှာလည်း တပ်ပေါင်းတဆဲ့နှစ်တပ်ကို မင်းရဲဇေယကျော်ကို အချုပ်ခန့်တော်မူသည်။

ဘဝရှင် မင်းတရားကြီးဘုရားမှာ ဘုံတဆဲ့တဆင့် ရှိသော ရတနာရွှေဖောင်တော်ကြီးဝယ် ထီးဖြူကနက္ကဒဏ်ဖြန့်လျက် သိကြားမင်း ကြက်သရေကဲ့သို့ ညီတော် သားတော် ဆွေတော် မျိုးတော် မှူးတော်မတ်တော် အပေါင်း ခြံရံလျက် သက္ကရာဇ် (၁၁၃၆) တထောင့်တရာ့သုံးဆဲ့ခြောက်ခု ပြာသိုလဆန်းရှစ်ရက် တနင်္ဂနွေနေ့ ရတနာပူရ အဝနေပြည်တော်က စည်ကြီးခွက်ခွင်း, ခရုသင်း, ဒုံမင်းပတ်သာ,ခရာတံပိုး အောင်စည်အောင်မောင်း ရိုက်ဆော်တီးမှုတ်၍ မြစ်လုံးကျိုက်ကျိုက်ဆူမျှ ရန်ကုန်မြို့သို့ စုန်

တော်မူသည်။ ။ကြည်းတပ်အလုံး ဗိုလ်မှူးတပ်မှူး အပေါင်းတို့လည်း ဆင်လုံးမြင်းရင်းနှင့် လှမ်းမိုကမ်းမို ကြည်းကချီကြရသည်။

ပြာသိုလဆန်း တဆဲ့တရက်နေ့ ပုဂံမြို့သို့ရောက်တော်မူလျှင် ရွှေစည်းခုံဘုရားကို ပူဇော်တော်မူသည်၊ ပုဂံမြို့က ၎င်းလဆန်း တဆဲ့သုံးရက်နေ့ စုန်တော်မူ၍ ပြည်မြို့သို့ ၎င်းလပြည့်ကျော် ငါးရက်နေ့ ရောက်တော်မူလျှင် ပြည်ဆံတော်ရှင် ဘုရားကို ပူဇော်တော်မူ၍ ပြည်မြို့တွင် တလရပ်ဆိုင်းတော်မူပြီးလျှင် ပြည်မြို့ အနောက်ဘက် ဘိုးဦးတောင်ထိပ် ဘုရားကို ထပ်၍ တည်တော်မူသည်။ ဓာတ်တော်မွေတော် ရွှေရုပ်တု,ငွေရုပ်တုလည်း များစွာ ဌာပနာတော်မူပြီးလျှင် ထီးချရားသီးကသည် မြေတိုင်အောင် ရွှေထည့်တော်မူသည်။

ပြည်မြို့က တပို့တွဲလပြည့်ကျော် ခုနစ်ရက်နေ့ စုန်တော်မူ၍ ရန်ကုန်မြို့သို့ တပေါင်းလဆန်းတရက်နေ့ ရောက်တော်မူလျှင် ရန်ကုန်မြို့အနောက်မြောက်ယွန်း တာခြောက်ရာ ခန့်တွင် သာယာစွာသော မြေအပြင်၌ သဘင်နန်းနှင့် စံနေတော်မူသည်၊ ထီးတော်ကိုလည်း သဘင်နန်းတော်အရှေ့တွင် ဘုံငါးဆင့်ရှိသော တန်ဆောင်းပြာသာဒ်နှင့် ထားတော်မူ၍ ပွဲလမ်းသဘင်ကြီးစွာ ခံတော်မူသည်။

ထီးတော်တင်မည့်အစီရင်ကား····တပ်ပေါင်းရှစ်ဆယ်တွင် ဟံသာဝတီ ဆင်ဖြူရတနာစသော စီးတော်ပေါက်ဟိုင်းတည်တံ့, ဆင်ဖြူဆင်နီနှင့်တကွ ပတ်ယာဉ်လက္ခဏာနှင့် ပြည့်စုံသော ဆင်တော်ပေါက်မ တထောင့်ခြောက်ရာ၊ အတိုင်းလေးတောင့်နှစ်မိုက် လေးသစ်ရှိသော နတ်သယာဉ်ပျံအခြည်ရှိသော မြင်းတော်နှင့်တကွ စီးတော်မြင်းငါးရာ၊ နောက်တော်တွင်ပါသော မြင်းစီးသူရဲနှင့်တကွ မြင်းနှစ်သောင်းကျော်စသော များစွာသော စစ်အင်္ဂါလေးပါးစီစဉ်ခင်းကျင်း၍ သက္ကရာဇ် (၁၁၃၆) တထောင့်တရာ့သုံးဆဲ့ခြောက်ခု တပေါင်းလဆန်းဘဆဲ့ငါးရက် ဗုဒ္ဓဟူးနေ့ နံနက်လေးချက်တီးကျော်၊ နှစ်နာရီ၊ နှစ်ပါဒ် ငါးဗိဇနာ၊ လေးပြန်၊ ခရာပြည့်၊ မိန်ဘွင်လဂ်၊ သိဟ်တွင်စန်း၊ မိန်တွင်တနင်္ဂနွေ, သောကြာ, ဗုဒ္ဓဟူး၊ လက်နှင့်ပူးလျှာ်၊ မိဿတွင် ကြာသပတေး၊ ကြကင့်တွင်အင်္ဂါ၊ သိဟ်တွင်စန်းနှင့်တကွ ရာဟု၊ ကန်တွင်စနေ၊ ဇေယျာတိထိတဆဲ့သုံး၊ နက္ခတ်ဆယ်လုံးဘောင်းမြတ်သော မင်္ဂလာအခါတော်တွင် ရတနာကရားနှင့် ရေစက်သွန်း၍ ရတနာအတိပြီးသော ထီးတော်ကို စေတီတော်၏ သေန်အရင်က

နတ်တို့ ယန္တယားစက်နှင့်တူသော ယန္တယားစက်ဖြင့် ရွှေထီးအထွတ်တင်လှူတော်မူသည်။

ဟံသာဝတီပတ်လည်စသော အောက်မြစ်စဉ် မြို့ကျေးရွာများတွင် သီတင်းသုံးကုန်သော အရညဝါသီ ပုဂ္ဂိုလ်, ဂါမဝါသီ ပုဂ္ဂိုလ်, အရိယာသဏ်ာတော်တို့အား ပရိက္ခရာရှစ်ပါးနှင့်တကွ ရဟန်းတို့အသုံးအဆောင်များစွာလှူတော်မူသည်၊ ကြေးစင်အချိန် တသောင်းငါးထောင့်ငါးရာ့ငါးဆဲ့ငါးပိဿာ့အကျပ်ငါးဆယ်ရှိသော ခေါင်းလောင်းတော်ကြီး မပြီးမပြေသည်ကိုလည်း ပြီးပြေအောင်သွန်းလုပ်ရမည်ဟု ပန်းတဉ်းဝန် ပညာဒေဝကိုထားတော်မူခဲ့၍ လုပ်ဆောင်ရသည်။ ။ယိုးဒယားမြို့ကို အသိမ်းအရုံးခန့်သည့် ဝန်ကြီးမဟာသီဟသူရသို့ ပေါင်းရမည်ဟုလည်း နောက်တော်တွင် ကြည်းတပ်တဆဲ့နှစ်တပ် အလုံးအရင်းကို မင်းရဲဇေယကျော်ကို ချုပ်အုပ်စေ၍ ယိုးဒယားချီ ဝန်ကြီးမဟာသီဟသူရတပ်သို့ ပေါင်းစေသည်· ပဲကူးစားဟောင်းလည်း မသင့်သော စကားကို ပြောဆိုသောကြောင့် ပဲကူးစားနှင့် ညီဥပရာဇာ,သားငတတို့သုံးယောက်ကို ရန်ကုန်မြို့တွင် ကွပ်တော်မူသည်။ ။(၁၁၃၇) တထောင့် တရာ့ သုံးဆဲ့ ခုနစ်ခု၊ ကဆုန်လဆန်း ငါးရက်နေ့ နေပြည်တော်သို့ရေကြောင်းပြန်တော်မူသည်၊ ထိုနှစ် ဝါခေါင်လဆန်းငါးရက် ကြာသပတေးနေ့ ရတနာပူရ အဝ နေပြည်တော်သို့ ရောက်တော်မူ၏။

* * *

# ဒဂုန်ဆံတော်ရှင်စေတီတော် အဋ္ဌုပ္ပတ္တိ

သိင်္ဂုတ္တရတောင်ထိပ်၌ ဆံတော်ရှင် စေတီတော်တည်သည့်အကြောင်းကား…အစိန္တေယျ ဖြစ်တော်မူသော မြတ်စွာဘုရားသည် မဟာဗောဓိမဏ္ဍိုင်၌ ဘုရားအဖြစ်သို့ ရောက်တော်မူ၍ သတ္တသတ္တဌာနဖြစ်သော လေးဆဲ့ကိုးရက်အဆုံး ရာဇာယတနလင်းလွန်းပင်၌ ဝိမုတ္တိသုခကို ခံစားလျက်နေတော်မူ၏၊ ထိုအခါ ငါတို့မြတ်စွာဘုရားသခင်သည် ဘုရားဖြစ်တော်မမူမီ ရာမညတိုင်း၌ ပေါက္ခရဝတီ အမည်ရှိသော အသိတဥ္စန နဂိုရ်ပြည်၌ လှည်းမှူးဖြစ်သော သူကြွယ်သမီးတွင် ညီနောင်နှစ်ယောက် ဖွားမြင်၍ အစ်ကိုယ်ကား တပုဿတွင်၏၊ ညီကား ဘလ္လိကတွင်၏။ ထိုတပုဿ ဘလ္လိက ညီနောင် နှစ်ယောက်သည် ကုန်ပြုလိုသော၄ှာ သင်းဘောဖြင့်ရှင်း, လှည်းငါးရာဖြင့်ရှင်း ခရီးအစဉ်အတိုင်း လာ၍ မဟာဗောဓိသတ္တဌာနအဆုံး ရာဇာယတနလင်းလွန်းပင်ရင်း၌ မြတ်စွာဘုရားသည် ခုနစ်ရက်ပတ်လုံး ဝိမုတ္တိသုခကိုခံစားလျက်နေတော်မူသောအခါ ဘုရားသခင့်အား တပုဿ, ဘလ္လိကအမည်ရှိသော ကုန်သည်ညီနောင် နှစ်ယောက်တို့သည် မဏ္ဍမဓုပိဏ္ဍိက ဖြစ်သော ပျားမုံ့ဆွမ်းကိုလှူ၍ ဘုန်းပေးတော်မူသည်၏အဆုံး၌ ကုန်သည်ညီနောင် နှစ်ယောက်တို့သည် မြတ်စွာဘုရားအား ပူဇနီယဖြစ်သောဝတ္ထုတို့ကို တောင်းပန်သောကြောင့် လက်ယာလက်တော်ဖြင့် ဦးခေါင်းတော်ကို သုံးသပ်၍ ဆံတော်ရှစ်ချောင်းရသည်ကို ကုန်သည်ညီနောင်တို့အား အပ်တော်မူ၍ ဦးခေါင်းထက်၌ရှိသေစွာ ရွှေကြုတ်ဖြင့် ဆောင်ယူခဲ့ပြီးသော် လှည်းငါးရာဖြင့်ရှင်း, သင်းဘောစီး၍ရှင်း ခရီးအစဉ်အတိုင်း လာခဲ့သည်နှင့် အဇ္ဈိတ္တနဂရပြည်သို့ ရောက်လျှင် အဇ္ဈိတ္တမင်းလည်း ကုန်သည်ညီနောင်နှစ်ယောက်တို့အား တောင်းပန်၍ ဆံတော်ခတ်ကို ပူဇော်ပြီးလျှင် ပတ္တမြားကြုတ်ကိုဖွင့်၍ ဆံတော် နှစ်ချောင်းကို ပင့်လိုက်ပြီးလျှင် နန်းရှေ့တွင် ပြာသာဒ်ကြီးစွာ ဆောက်၍ ပြည်သူနှင့် တကွ ပူဇော်ကြလေ၏။

ကုန်သည်ညီနောင်တို့လည်း ကျန်သည့် ဆံတော်ခြောက်ချောင်းကို ပတ္တမြားကြုတ်ဖြင့် ပင့်ဆောင်၍ သင်းဘောစီးပြီးလျှင် လာခဲ့သည်နှင့် နဂါးရစ်မော်သို့ရောက်လျှင် ဇေယသေန နဂါးမင်းသိလေ၍ ဆံတော် နှစ်ချောင်းကို ဘူမိန္ဓရ အမည်ရှိသော နဂါးပြည်သို့ ဆောင်ယူလေ၏၊

ကြွင်းသောဆံတော်လေးချောင်းကိုပတ္တမြားကြုတ်တွင်ထည့်၍ ပုလဲပုံစေတီတွင် သွင်းထားပြီးမှ ဥက္ကလာပမင်းသို့ကြားလေ၏၊ မင်းလည်း စစ်အင်္ဂါလေးပါးနှင့်လာပြီးတော် ဆံတော်သွင်းထားသော ပုလဲပုံကိုလက်ယာရစ်လှည့်၍ပူဇော်မိဌာန်လျှင် ဆံတော်ရှစ်ချောင်းဖြစ်မြဲဖြစ်ပြန်၏။ ထိုဆံတော်ဓာတ်ကို မင်းကြီးနှင့်ကုန်သည်နှစ်ယောက်တို့ ပင့်ဆောင်ခဲ့၍ အသိတဥ္စနမည်သော မိမိတို့နေရာအရပ်သို့ရောက်လျှင် သိကြားမင်း, ဥက္ကလာပမင်း, တပုဿ, ဘလ္လိကညီနောင် သူမြတ်လေးဦးတို့ ညီညွတ်တိုင်ပင်၍ အသိတဥ္စနမြို့၏ အရှေ့မျက်နှာ ကိုးဆဲ့ကိုးကုန်း အရံရှိသော သိင်္ဂုတ္တရကုန်းထိပ်၌ ဘုရားရှင်သုံးဆူတို့ ဓာတ်တော် ဌပနာရာအရပ်တွင် ဥမင်အစောက်, အဝ, အလျား, လေးဆဲ့လေးတောင်စီအညီတူးသည်၊ ထွင်းတွင် ကကုသန် မြတ်စွာဘုရား ပွင့်တော်မူသည့်ကာလ မမကရိုဏ်တော်, ကောဏာဂုံမြတ်စွာဘုရား ပွင့်တော်မူသည့်ကာလ ရေသနုပ်တော်, ကဿပမြတ်စွာဘုရား ပွင့်တော်မူသည့် ကာလ တောင်ဝှေးတော် ဌပနာများကိုရ၍ ဆံတော်ရှစ်ချောင်းနှင့်တကွ ပတ္တမြားအိုး လေးဆဲ့ငါးလုံး ရေနှင့် ဆေးကြောပြီးလျှင် လူနတ်အပေါင်းတို့ ပူဇော်ကြသည်၊ သိကြားမင်းလည်း ရွှေကျောက်ဖျာကြီး ခြောက်ချပ်ကို တာဝတိံသာနတ်ပြည်မှာ ယူစေ၍ ဥမင်တိုက်တွင် တချပ်ကိုခင်းသည်။ လေးချပ်ကို လေးမျက်နှာကာပြီးလျှင် မဟာသက္ကရာဇ် (၁၀၃) တရုတ်သုံးခု တပေါင်းလဆန်း တဆဲ့ငါးရက် ဗုဒ္ဓဟူးနေ့၌လေးဆဲ့လေးတောင် အတိုင်းအရှည်ရှိသော ဥမင်တိုက်တွင် အဘိုးအနဂ္ဃထိုက်သော ရတနာမျိုးအပေါင်းကို ပုဆစ်ဒူးနစ်အောင်ထည့်၍ ၎င်းအပေါ် ရတနာအတိပြီးသော သင်းဘောထက် ရတနာအတိပြီးသော ပြာသာဒ်ငါးဆူတွင် ပတ္တမြားပြာသာဒ် တဆူစီသွင်း၍ ကကုသန်, ကောဏာဂုံ, ကဿပ မြတ်စွာဘုရားတို့ သုံးဆောင်တော်မူသည့် မမကရိုဏ်တော်, ရေသနုပ်တော်, တောင်ဝှေးတော်များကို ပြာသာဒ်သုံးဆူတွင် ပတ္တမြားပြာသာဒ်အတွင်း သွင်းသည်။ မဇ္ဈိမဒေသတိုက်သားတို့ လက်ရှစ်သစ်အလျားပမာဏရှိသော အရှင်ဂေါတမ ဆံတော်ရှစ်ချောင်းကို ရတနာအတိပြီးသော ပြာသာဒ်အတွင်း ပတ္တမြားပြာသာဒ်တွင် ပတ္တမြားကြုတ်၌ထည့်၍ သွင်းထားသည်။ လေးမျက်နှာကိုလည်း စက်ယန္တရားနှင့်ထားပြီးသော် သံကွန်ရက် ခုနစ်ထပ်အုပ်ပြီးလျှင် ရွှေစင်အတိပြီးသော ကျောက်ဖျာတချပ်ကိုပိတ်၍ ဌပနာလေ၏။ ၎င်းကျောက်ဖျာ အပေါ် လေးဆဲ့လေးတောင် အရပ်ရှိသော ရွှေစေတီတည်၏၊ ရွှေစေတီကို ငွေ

စေတီမျိုး၍တည်၏၊ ငွေစေတီကို မိုးကြိုးစေတီမျိုး၍တည်၏၊ မိုးကြိုးစေတီကို ကြေးစေတီမျိုး၍တည်၏။ ကြေးစေတီကို သံလွဲစေတီမျိုး၍ တည်၏၊ သံလွဲစေတီကို ကျောက်ဖြူစေတီမျိုး၍တည်၏၊ ကျောက်ဖြူစေတီကို အုတ်စေတီမျိုး၍တည်၏၊ ဤသို့ စေတီခုနစ်ထပ်တည်ပြီးမှ ရွှေအုတ်, ငွေအုတ်, မိုးကြိုးအုတ်, ကြေးအုတ်, သံလွဲအုတ်, ကျောက်ဖြူအုတ်, မြေအုတ်တို့ဖြင့် ကောင်းမွန်စွာ ဖန်ဆင်းလုပ်ဆောင်ပြီးလျှင် ဖြဟ္မာသိကြားစသော များစွာသော နတ်အပေါင်းတို့သည် နတ်၌ဖြစ်သော ထီး,တံခွန်, ပန်းပေါက်ပေါက်တို့ဖြင့် ပူဇော်ကုန်၏။

ထိုနောက် သရေခေတ္တရာပြည် ဒွတ္တပေါင်မင်းကြီးသည် မိဖုရားစသော မှူးမတ်အပေါင်းခြံရံလျက် အလုံးအရင်းနှင့်လာ၍ ရွှေဆံတော် စေတီမြတ်ကို ပူဇော်တော်မူသည်။

ထိုနောက် ရာမညတိုင်းသည် သာသနာတော် မှေးကွယ်လေသောကြောင့် စေတီတော်မှစ၍ သိဂ္ဂုတ္တရတောင်သည် တောအုံ ဖြစ်လေသည်နှင့် သာသနာတော်သက္ကရာဇ် (၂၃၆) နှစ်ရာ့သုံးဆဲ့ခြောက်နှစ် ရောက်သောအခါ အရှင်သောဏထေရ်, ဥတ္တရထေရ်နှစ်ပါးသည် သုဝဏ္ဏဘူမိပြည်သို့ သာသနာပြု ကြွရောက်လာ၍ သိဂ္ဂုတ္တရကုန်း၌ ဆံတော်ရှင်စေတီရှိကြောင်းကိုသိသောကြောင့် သီရိမ္မာသောကမင်းကြီးအား ကြားယေသော် မင်းကြီးလည်း မိဖုရားစသောမှူးမတ်အပေါင်းခြံရံလျက် စစ်အင်္ဂါလေးပါးနှင့်တကွ အလုံးအရင်းနှင့် လာပြီးလျှင် အရှင်သောဏထေရ်, ဥတ္တရထေရ် နှစ်ပါး ညွှန်ပြ၍ တောချုံပုတ်ပေါင်း ရှိသည်များကို သုတ်သင်ရှင်းလင်း၍ စေတီတော်ကို ရွှေထီး,ငွေထီး၊ ရွှေတံခွန်, ငွေတံခွန်၊ ရွှေပန်းခိုင်, ငွေပန်းခိုင်တို့ဖြင့် ပူဇော်တော်မူသည်၊မိဖုရားစသောမှူးတော်မတ်တော် သူရဲသူခက်အပေါင်းတို့လည်း အသီးအသီး ပူဇော်ကြသည်၊ ထိုအခါ ဆံတော်ရှင်ဓာတ်သည် ဘုရားလေးဆူအသွင်ဖြင့် ကောင်းကင်ထက် ရောင်ခြည်တော်ခြောက်သွယ်လွှတ်၍တန်ခိုးပြာဋိဟာပြတော်မူ၏။ သီရိမ္မာသောကမင်းလည်း သဒ္ဓါနှစ်သိမ့် ကိုယ်လုံးစိမ့်၍ စေတီတော်ကိုငင်း, စေတီယာဃရကိုငင်း, ကောင်းမွန်စွာပြင်ဆင် လုပ်ဆောင်၍ သာဓုအနုမောဒနာပြုပြီးလျှင် ပါဋလိပုတ်ပြည်သို့ ပြန်လေ၏။

ထိုနောက် ပုဂံပြည် ပျူစောထီးမင်း, အနုရုဒ္ဒါ မင်းစောတို့လည်း အလုံးအရင်းနှင့်လာ၍ ဆံတော်ရှင်စေတီတော်ကို ပူဇော်ကြသည်။ ။ ထိုနောက် ရာမညတိုင်း ဟံသာဝတီတွင်မင်းပြုသော မဟိမဝုတ္တိလောက

နာထရာဇာဓိရာဇာ-အမည်ရှိသော ဆင်ဖြူရှင် ဗညားဦးသည် လေးဆွဲ ေသးတောင် အတိုင်းအရှည်ရှိသောဆံတော်ရှင်စေတီတော်ကို အတောင် လေးဆယ်ဘွင့်၍တည်ပြီးလျှင် ရွှေထီးအထွတ် တင်သည်။ ။ထို့နောက် သားတော်ဗညားရာဇာဓိရာဇာမင်းသည်ဆံတော်ရှင်စေတီကိုတည်သည်- အပြီးမတိုင်လေ။ ။ထို့နောက် သားတော်သုတသောမရာဇာဓိရာဇာ- အမည်ခံသော ဗညားရံမင်းသည် ဆံတော်ရှင်စေတီကိုထပ်တည်၍ ပန်း တင်ကလပ်ခြေ ပစ္စယာသာပြီးလေသည်။ ။ထို့နောက် ဗညားဓမ္မရာဇာ သားတော် ဒါသရာဇာခံသော ဗညားကျန်းတောမင်း ထပ်တည်သည်၊ ပစ္စယာကသည် ဘုံငါးဆင့်သာ ပြီးလေသည်။ ။ထို့နောက် သိရိတြိ ဘဝနာဒိတျာပဝရဓမ္မ တိလောကနာယ မဟာဓမ္မ ရာဇာဓိ ရာဇဒေဝီ- အမည်ခံသော ရှင်စောပုသည် (၇၇၅) ရှစ်ရာ့ခုနစ်ဆဲ့ငါးခု၊ ဘုံ ဆင့်ကစ၍ ပြင်ဆင် လုပ်ဆောင်သည်။ ရွှေထီးအထွတ်တင်သည်။ ။ နောက် ရှင်စောပုသည် (၈၈၅)ရှစ်ရာရှစ်ဆဲ့ငါးခုတွင်၊ တံပိုင်းခုနစ်ထပ် နှင့်တကွ စေတီတော်ပန်းတင်ကလပ် ခြေကိုဘွင့်၍ တည်ပြန်သည်။ ။ထို မင်းနောက် ဓမ္မစေတီမင်းသား ဟတ္ထိရာဇာမင်းသည် ဆံတော်ရှင်စေတီ တော်ကို စေတီရံ လေးဆွဲရှစ်ဆူနှင့်တကွ ပြင်ဆင်လုပ်ဆောင်သည်။ ။ ထိုမင်းနောက် (၉၂၆) ကိုးရာ့နှစ်ဆဲ့ခြောက်ခုတွင် ဟံသာဝတီဆင်ဖြူများ ရှင် ထပ်တည်၍ ရွှေထီးအထွတ်တင်သည်။ ။ထိုမင်းနောက် အဝ ဝမ်းဘဲ အင်း နန်းစံမင်းသည် (၁၀၄၁) တထောင့်လေးဆဲ့တခုတွင် ဆံတော်ရှင် စေတီကို ပြင်ဆင်၍ ရွှေထီးအထွတ်တင်သည်။ ။ထိုမင်းနောက် ရတ နာ ပူရ အဝမြို့ကြီးဘည့် ဆင်ဖြူသခင်ဘဝရှင်မင်းတရားကြီး ဘုရား လက် ထက်တော် သက္ကရာဇ် (၁၁၃၀) တထောင့် တရာ့ သုံးဆယ်ပြည့်၊ မြေ ငလျှင်ပြင်းစွာလှုပ်၍စေတီတော်ချရားသီးကသည့်ငှမဖောင်းဘိုင်အောင် ပြိုပျက်သည်ကို ကောင်းမွန်သေချာအောင် လုပ်ဆောင်ပြီးလျှင် သက္ကရာဇ် (၁၁၃၆) တထောင့်တရာ့သုံးဆဲ့ခြောက်ခု၊ တပေါင်းလဆန်း တဆဲ့ငါး ရက် ဗုဒ္ဓဟူးနေ့ အရှင်မိဖုရားစသော မင်းညီမင်းသားအပေါင်းခြီရံလျက် ရတနာရွှေဖောင်တော်ကြီးနှင့်ရွှေလှေရွှေလောင်းမြစ်လုံးပြည့်မျှစုန်တော် မူ၍ဆံတော်ရှင်စေတီကို ရွှေထီးအထွတ်တင်လှူတော်မူသည်။ ။ဆင်ဖြူရှင် မင်းတရားကြီးဘုရားလည်း ဆံတော်ရှင်စေတီတော်ကို ရွှေထီး အထွတ် တင်လှူတော်မူပြီးလျှင် ပြန်တော်မူ၍ သက္ကရာဇ် (၁၁၃၇) တထောင့် တရာ့သုံးဆဲ့ခုနစ်ခု၊ ဝါခေါင်လဆန်းငါးရက်နေ့ နေပြည်တော်သို့ ရောက်

တော်မူလျှင် ရွှေနန်းတော် သို့မဝင်၊ ရွှေမြို့တော်မြောက် မာန်အောင်တံခါးပြင် ရေနန်းတော်မှာ စံနေတော်မူသည်။

### ယိုးဒယားနှင့် မြန်မာတို့တိုက်ခြင်း၊ ဆင်ဖြူရှင်မင်းတရားကြီး နတ်ရွာစံတော်မူခြင်း

ထိုနှစ်ယိုးဒယားမြို့ကိုဝန်ကြီး မဟာသီဟသူရနှင့် ပေါင်း၍ ချီရမည်ဟု ရန်ကုန်မြို့ကချီစေသည့်မင်းရဲဇေယကျော်တို့တဆဲ့နှစ်တပ်လည်း ယိုးဒယားသို့ ကျွန်းပင်ကြောင်းချီ၍ ကျောက်တံခါးစခန်းတွင် ထားရိုက်ကြောင်းရွှေချီနှင့်လေသော ဝန်ကြီးမဟာသီဟသူရတို့တပ်ပေါင်း ခြောက်ဆဲ့တတပ်နှင့် ပေါင်းဆုံမိကြသည်။ ။ထိုအခါ ယိုးဒယားကလည်းမြန်မာစစ်သည်အများ ထားရိုက်ကြောင်းချီတက်လာသည်ဟု ကရင်လဝတို့က ပြော၍ကြားသိလေလျှင် ဆာကတံအရပ်ခရီးကျဉ်းခဲယဉ်းရာမှာ လက်ဝဲလက်ယာစစ်အားကြီးမြုပ်ထား၍ မြန်မာတို့တပ်နှင့်တွေ့လျှင် သွေးငင် ဆုတ်ခွာခဲ့ရမည်ဟု ယိုးဒယားအမတ်ကြီး ဖြသီရိကို လူတထောင်ကျော် ပေးအပ်၍ ထားရိုက်အရပ်က ဆီးကြို့ရပ်ခံစေသည်။

ထိုအကြောင်းကို ဝန်ကြီးမဟာသီဟသူရကြားလျှင် ယခုငါတို့ချီတက်လာသည်ကို ယိုးဒယားတို့က ကြားသိလေသောကြောင့် ထားရိုက်အရပ်တွင် တပ်ကြီးစွဲရပ်၍ ဆီးဆို့ရပ်ခံနှင့်သည်ဆိုသည်၊ ယိုးဒယားတို့က ဆီးဆို့ရပ်ခံနှင့်သည်ဆိုသမျှတပ်ကို ဆပ်ပြာကုန်းဗိုလ်သို့ မင်းရဲဇေယကျော်တပ်က လူတထောင်၊ မင်းရဲရန်နောင်တပ်က လူတထောင်, တပ်မက လူတထောင်, သုံးစု လူသုံးထောင် ပေးအပ်၍ ချီတက် ဖျက်ဆီးစေမည်ဟု ဆိုသည်ကို မင်းရဲဇေယကျော်က ယခုထားရိုက် အရပ်တွင် ယိုးဒယားတို့က ဆီးဆို့ရပ်ခံနှင့်သည် ဆိုသည်မှာ ကျွန်တော်တို့က စစ်အားကြီး ချီလာ သည်ကို ကြားသိ သောကြောင့် ခရီး အကျဉ်းတွင် ဆီးဆို့၍ စစ်ဦးကို ချိုးမည် အကြံနှင့် ဆင် မြင်း စစ်သည် အများရုံးစု၍ ကြီးကြီးကြပ်ကြပ်စွဲရပ်ဆီးဆို့ဟန်ရှိချေသည် ယင်းသို့ခံရပ်သည်ကို ကျွန်တော်တို့က ရဲမက်အနည်းနှင့် ဆပ်ပြာကုန်းဗိုလ်ကို ချီတက်စေတော် သင့်မည်မထင်၊ သင်းတို့ ယိုးဒယားမြို့ အလုံးပင် ထွက်၍ ဆီးဆို့ရပ်ခံသော်လည်း ဘိဘိစီးစီး ဖျက်ဆီး သိမ်းရုံးနိုင်အောင်ကို ကျွန်တော်တွင် ပါသည့် ရဲမက်အလုံးနှင့်ရှေ့တပ်ဦးချီ၍ ယိုးဒယားတို့က ဆီးဆို့ရပ်ခံသည် ဆိုသမျှတပ်ကို ဖျက်ဆီး သိမ်းရုံးပါမည်ဟု ဆိုသည်တွင် ဝန်ကြီး မဟာ သီဟ သူရက

ထားရိုက် အရပ်သည် ခရီးလည်း ကျဉ်းသည်, မျိုးရိက္ခာလည်း အလွန်ရှားပါးသည် ဖြစ်သောကြောင့် စစ်အားကြီး မချီသင့်၊ လူနှစ်ထောင်ကျော် သုံးထောင်ခန့်နှင့် စုံစမ်းထောက်လှမ်းရရုံ စမ်းချီသာ ချီသင့်သေးသည်ဆိုလျှင် မင်းရဲဇေယကျော်လည်း စစ်ဦးစစ်စဖြစ်၍ အရေးလိပ်လည်းမည်ကို စိုးသောကြောင့် လျှောက်ထားသည်ကို မယူလျှင် နေရတော့မည်၊ ဆပ်ပြာကုန်းဗိုလ်ကို ကျွန်မတော် တပ်က လူတထောင်ပေးရမည်ဆင့်ဆိုသည်မှာ အမှုထမ်းဘို့ နှလုံးဝမ်းငယ်မည်ဖြစ်သောကြောင့် ခွဲ၍မပေးသင့်ပြီ၊ခန့်လိုလျှင် ကျွန်တော်နှင့်သာ ခန့်ထားတော်မူသင့်သည် ဆိုလျှင် ဝန်ကြီးမဟာသီဟသူရလည်း တပ်မက လူဘထောင့်ငါးရာ, မင်းရဲရန်နောင်တပ်က လူတထောင့်ငါးရာ နှစ်စု လူသုံးထောင် ပေးအပ်၍ ဆပ်ပြာကုန်းဗိုလ်ကို ထားရိုက်သို့ ချီတက်စေသည်၊ ရွှေစက်တော်အောက်သို့လည်း ထားရိုက်အရပ်တွင် ယိုးဒယားတို့က ဆီးဆို့ရပ်ခံသည် ကြားသောကြောင့် ထားရိုက်အရပ်သို့ချီရမည် ဆင့်ဆိုသည်ကို မင်းရဲဇေယကျော် မနာမယူ၊ ငြင်းဆန်ကြောင်းနှင့် ရှိခိုးသံတော်ဦးတင် စေလွှတ်သည်၊ မင်းရဲဇေယကျော်လည်း ဝန်ကြီးက သံတော်ဦးတင် စေလွှတ်ကြောင်းကိုသိလျှင် ရွှေဘဝါးတော် အောက်မှာလည်း မင်းတရားကြီးဘုရား ကျွန်းခံ့တော်မမူကြောင်းများကို စကားအထွေထွေ ကြားနှင့်လေသည်နှင့် သို့စင် အမှုရှာသည်ကို ဝန်ကြီးအဆင့်အဆိုကိုခံ၍ မထမ်းလိုပြီ၊ သဘ်လျှင်လည်း အရှင့်ရွှေစက်တော်အောက်တွင် သေမည်ဆိုပြီးလျှင် တပ်ကိုနုတ်သိမ်းပြန်လည်ခဲ့၍ မုတ္တမမြို့သို့ ရောက်လာသည်။

ဝန်ကြီး မဟာသီဟသူရက ရွှေချီစေသည့် ဆပ်ပြာကုန်းဗိုလ် တပ်လည်း ထားရိုက်အရပ်ကဆီးကြိုမြှုစေသည့် ယိုးဒယားတို့တပ်ကိုတွေ့လျှင် မရပ်မဆိုင်း ချုံချုံဝင်၍တိုက်သည့်တွင် ယိုးဒယားတို့က သွေးငင်ဆုတ်ခွာလေသည်ကို ဆပ်ပြာကုန်းဗိုလ်တို့လည်း ရှေးအထက်က ယိုးဒယားမြို့ကိုလုပ်ကြသည့်ကာလ တွေ့လေတိုင်း နိုင်ချင်ကြက်ကဲ့သို့ ဖြစ်လေသောကြောင့် ရှုပ်ရှုပ်ချုံချုံ မလေးမစား အပြင်းချီ၍တိုက်သည့်နှင့် ဆာကတံသို့ရောက်သည့်တွင် စီရင်မြှုပ်ထားသော ယိုးဒယားတို့စစ်နှစ်ကြောင်းက ဆပ်ပြာကုန်းဗိုလ်နှင့် သူ့ရဲသုံးထောင်ကျော်တို့ကို ရေမရှိရာ အရပ်မှာ ရှေ့နောက်ပိတ်၍ ဝန်းရံသည်၊ ဝန်ကြီး မဟာသီဟသူရလည်း ဆပ်ပြာကုန်းဗိုလ်တို့ကို ယိုးဒယားတို့ ဝန်းရံထားကြောင်းကိုကြား၍ လူလေးထောင်နှင့် မင်းရဲရန်ဇနာင်ကိုခန့်၍ နုတ်စေသည်၊ယိုးဒယားတို့က လူနှစ်သောင်း

နှင့် တပ်အလုံးတည်၍ ဝန်းရံ ထားသောကြောင့် မပေါက် မနုတ်နိုင် ရှိသည့်တွင် ဆပ်ပြာကုန်းမိုလ်တို့ သူရဲသုံးထောင်ကျော်လည်း ရေတူး ဘော်၍မရ ကျတ်တီးကုန်းခင်ရိုးတွင် အဝန်းခံရလေသောကြောင့် ရေစာ အလွန်ငတ်မွတ် ပင်ပန်းလှလေလျှင် မထူမထနိုင်အောင် ရှိချေသည်၊ ဆပ်ပြာကုန်းမိုလ်နှင့်တကွ သူရဲသုံးထောင်ကျော် နစ်ချေ၏။

အသည်ဝန်ကြီးကလည်း မင်းရဲဇေယကျော် ဆင့်ဆိုသည်ကို မနာမယူ ငြင်းဆန်ပြီးလျှင် မင်းတရားကြီးဘုရား နတ်ရွာ စံတော်မူသောကြောင့် အမြင့်မင်း မင်းအဖြစ်သို့ရောက်ပြီပြောဆို၍ မုတ္တမမြို့ရောက်တပ်ကို နုတ် သိမ်းထွက်သွားကြောင်း၊ ဆာကတံအရပ်တွင် ယိုးဒယားတို့တပ်ကို တိုက် စေသည့်တွင် ဆပ်ပြာကုန်းမိုလ်နှင့် လူသုံးထောင်ကျော် မြုပ်ကြောင်း များကို ရှိနိုးသံတော်ဦးတင် စေလွှတ်လာရောက်၍ ရွှေနားတော်မြတ် ကြားသိတော်မူလျှင် မင်းရဲဇေယကျော်နှင့် ပြန်လည်ရာပါသည့်အမှုထမ်း တို့ကိုရွှေစက်တော်အောက်ပြန်လာစေ၊ လှေလျှင်လွှတ်၍ အမိန့်တော်ပြန် ရသည်။

မုတ္တမမြို့တွင်မင်းရဲဇေယကျော်တို့တပ်ကိုတွေ့လျှင်မင်းရဲဇေယကျော်တို့ လည်း အမိန့်တော်ကိုနာခံ၍ ပြန်လည်ခဲ့ကြသည်နှင့် စစ်တောင်းမြို့သို့ရောက် လျှင် ရဲမက်တို့ကိုသတင်းနာခံ၍ ဆိုင်းဆိုင်းလင့်လင့်လိုက်ခဲ့ရမည်-ဆင့်ဆို ပြီးလျှင် မင်းရဲဇေယကျော်နှင့် ညောင်ခြေထောက်မိုလ်, ရှမ်းကြီးမိုလ်, တပယ်စား ကုလားမိုလ်တို့ နောက်ပါ လူသုံးထောင်ခန့်နှင့်သာ ရွှေစက် တော်အောက်ပြန်လည်ခဲ့ကြသည်၊ မင်းကန်ရွာသို့ရောက်လျှင် ရွှေဘဝါး တော်အောက်က လေးတောဝန်ရဲလှေတိုက်ဝန်တို့ကို မင်းရဲဇေယကျော် နှင့် တပ်ပါအရာရှိတို့ကို အကျဉ်းယူခဲ့ရမည် ခန့်ထား စေလွှတ်တော်မူ၍ မင်းရဲဇေယကျော်နှင့် အမိန့်တော်ပါ လူခုနစ်ဆယ်ကို အကျဉ်းယူခဲ့သည်၊ ရေနန်းတော်သို့ရောက်လျှင် မင်းရဲဇေယကျော်ကို ရွှေတော်သို့ခေါ်၍ နင့် ယော်ဖမင်းအဖြစ်သို့ရောက်ပြီကြား၍ ပြန်လာသည်ဆိုသည် မှန်သလော အမိန့်တော်ရှိလျှင် ဦးချ၍ အသည်ဝန်ကြီးနှိပ်စက်လှသောကြောင့် အရှင် ရှိရာပြန်လာပါသည်ဟုရှိနိုးသံတော်ဦးတင်သည့်တွင် မင်းတရားကြီးဘုရား လည်း သူကတင်လျှင် တင်းချင်သာတင်ရမည်ကို မတင်မလျှောက် တပ်ကို နုတ်သိမ်း ပြန်လာသည်၊ ငမှန့်တပ်အရာရှိ ခုနစ်ဆယ်ကျော်ကို အကျဉ်း ထား-အမိန့်တော်ရှိ၍ အကျဉ်းခံနေကြရသည်၊ နောက် အရက်နှစ်ဆယ် ကျော်ရှိမှ ရှမ်းကြီးမိုလ်, ညောင်ခြေထောက်မိုလ်, တပယ်စား ကုလား

ဗိုလ်တို့နှင့် လူတဆယ်ကိုကွပ်မျက်တော်မူသည်၊ ငမှန့်ကိုလည်း အသည်ဝန်ကြီးတပ်သို့ပို့၊ စီရင်လိုရာစီရင်စေ-အမိန့်တော်ရှိ၍ မင်းရဲဇေယကျော်နှင့် ကျန်လူတို့ကို ဇင်းမယ်ဝန်ဟောင်း နန္ဒကျော်စွာလိုက်၍ အသည်ဝန်ကြီးတပ်သို့ အကျဉ်းပို့ရသည်။

ဝန်ကြီး မဟာ သီဟသူရလည်း မင်းရဲ ဇေယကျော်တို့ ရောက်လျှင် အကျဉ်းကလွှတ်၍ သည်တကြိမ်ကို အပြစ်အလျော့ာက် စီရင်သင့်သော်လည်း မစီရင်ပြီ၊ ယခု ဆာကတံတွင်စွဲရပ်ရှိနေသည့်တပ်ကိုသာ ရအောင်တိုက်ရမည်ဆိုလျှင် မင်းရဲဇေယကျော်လည်း ဆာကတံတပ်ကို ယနေ့ညပင် ရအောင်လုပ်ကြံပါမည် အာမခံ၍ ထိုနေ့ ညဥ့်လင်းအားကြီးအချိန်တွင် မင်းရဲဇေယကျော်နှင့် အမှုထမ်း လူသုံးထောင်ကျော်တို့ တုတ်,တင်ကျည်းစွဲကိုင်၍ ဆာကတံတပ်ရင်းသို့ ယိုးဒယားတို့မသိရအောင် တိတ်တဆိတ်ချဉ်းပြီးလျှင် တပ်တွင်းသို့ရောက်မှ ရဲမက်တော်တို့ကြုံးဝါးကြော်ငြာ၍ မရပ်မဆိုင်း ကိုးခုတ်ရိုက်နှက်သည်၊ အနီးအပါးတွင်ရှိသည့် တဲအုံများကိုလည်း မီးထင်းတိုက်ရှို့သည်၊ ယိုးဒယားတို့လည်း ညဥ့်အခါဖြစ်သည်နှင့် မြန်မာစစ်သည်အများ ဝိုင်းဝန်းဝင်ရောက်ချေပြီ ထင်မှတ်သောကြောင့် ရုံးမိသမျှ ရဲမက်တို့နှင့် ဆာကတံတပ်က အပြင်းဆုတ်ခွာကြလေသည်၊ ယိုးဒယားတို့ တပ်အလုံးပျက်လျှင် မင်းရဲဇေယကျော်တို့လည်း ရလိုက်သည့် လက်နက်ကိရိယာများကို သိမ်းယူ၍ တပ်မသို့ ပြန်လည်ခဲ့ကြသည်။

မင်းရဲဇေယကျော် ရောက်၍ ဆာကတံတပ်အလုံး ပျက်ကြောင်းကို အသည်ဝန်ကြီးကြားလျှင် ဆာကတံတပ်က ယိုးဒယားတို့ ဆုတ်ခွာလေသော်လည်း ငါတို့ချီတက်ရမည့်အရေးသည် သည်လမ်းက စစ်တက်မှားသောကြောင့် ရဲမက်တော်အလုံး မျိုးရိက္ခာမထောက်မလှမ်းနိုင်၊ ပြတ်လပ်ငတ်မွတ်လှလေသည်၊ လူနာလူဖျားလည်း များလှသည်၊ သည်တခါကိုပြန်၍ မုတ္တမမြို့မှာမိုးခိုပြီးလျှင် ဆင်မြင်းသူရဲဖြည့်တင်း၍ မိုးစဲလျှင်စဲခြင်းမြို့ရွာအဆက်အလက်မပြတ်၊ မျိုးရိက္ခာရသာယူသာသည့်ရွာဟိုင်းကြောင်းက စစ်တက်ရလျှင် ယိုးဒယားမြို့ ငါတို့လက်က လွတ်နိုင်မည် မဟုတ်ဟု တိုင်ပင်ညီညွတ်ကြ၍ တပ်အလုံးကိုသိမ်းရုံးဆုတ်ခွာခဲ့ပြီးလျှင် မုတ္တမမြို့မှာ မိုးခို၍ မိုးစဲလျှင် ယိုးဒယားမြို့သို့ ချီတက်သိမ်းယူမည်ကို ဆင်မြင်းသူရဲဖြည့်တင်းစီရင် စည်းကြပ်ကြ၏။

ထိုနှစ် အဝနေပြည်တော်မှာလည်း စစ်ကိုင်း စကုမော် အရပ်တွင် တည်တော်မူသည့်စေတီတော်နှင့် လေးထပ် ဇေတဝန်ရွှေကျောင်းတော် လုပ်ဆောင်ပြီးပြေ၍ စေတီတော်ကို ရွှေပြည့်ဆိပ်ဦး, ကျောင်းတော်ကို အောင်မြေစံလွှတ် ကမ္ဘည်း စိုက်တော် မူပြီးလျှင် သက္ကရာဇ် (၁၁၃၇) တဆောင့်တရာ့သုံးဆဲ့ခုနစ်ခု တပေါင်းလဆန်း ၈ါးရက် တနင်္ဂနွေနေ့ ပွဲသဘင်ကြီးစွာ ခံတော်မူ၍ အရညဝါသီပုဂ္ဂိုလ်, ဂါမဝါသီပုဂ္ဂိုလ်,အရိယာသင်္ဃာတော်တို့အား ပရိက္ခရာ ရှစ်ပါးနှင့်တကွ ရဟန်းတို့ အသုံးအဆောင်ကို များစွာလှူတော်မူပြီးလျှင် ရှင်အရိယဓဇ ဆရာတော်အား တင်လှူတော်မူသည်။

ယင်းနောက် သုံးလခန့်ရှိလျှင် ကိုယ်တော် ကျန်းမာတော်မမူသည်နှင့် သက္ကရာဇ် (၁၁၃၈) တထောင့်တရာ့သုံးဆဲ့ရှစ်ခု နယုန်လပြည့်ကျော် ကိုးရက် တနင်္ဂနွေနေ့ ညဉ့်လေးချက်တီးကျော် ခြောက်မောင်းအချိန်တွင် မြို့ခမြောက် ရေနန်းတော်က ပေါင်းယာဉ်တော်နှင့် ရွှေနန်းတော်သို့ ဝင်တော်မူသည်။ မိုးသောက်လျှင် လူ့ပြည်ငြီး၍ နတ်ပြည့်စံတော်မူသည်။ ။ ခမည်းတော်ဘုရား နတ်ပြည် စံတော်မူကြောင်းကို အတွင်းဝန်တို့က သားတော် စဉ့်ကူးသခင် မင်းရဲလှသို့စေလွှတ် လျှောက်ထားလေလျှင် သားတော်သခင် မင်းရဲလှသည် ခမည်းတော်ဘုရား အရိုက်အရာရွှေထီး ရွှေနန်းကို နယုန်လပြည့်ကျော်ဆယ်ရက်၊တနင်္လာနေ့နံနက် နေဝန်းပေါ် အချိန်တွင် တက်သိမ်းစိုးစံတော်မူသည်။ ။ခမည်းတော်ဘုရားအလောင်းတော်ကိုလည်း စကြဝတေးမင်း, မန္ဓာတ်မင်းတို့ကိုသဂြိုဟ်သကဲ့သို့ နယုန်လပြည့်ကျော် တဆဲ့တရက် အင်္ဂါနေ့ ဆွေတော်မျိုးတော် မှူးတော်မတ်တော်အပေါင်းခြံရံပြီးလျှင် ရွှေဝေါစီးလျက် ထွက်တော်မူ၍ လွှတ်တော် အရှေ့မြောက်နန်းမြို့တွင်းမှာ သဂြိုဟ်တော်မူသည်။

သီရိပဝရ သုဓမ္မ မဟာရာဇာ ဇနိန္ဒာဓိပတိ–တဆိပ်နာမံတော်ရှိသော ဆင်ဖြူရှင်မင်းတရားကြီးဘုရားကား–သက္ကရာဇ်(၁၀၉၈)တထောင့်ကိုးဆဲ့ ရှစ်ခု ဝါခေါင်လဆန်း တဆဲ့သုံးရက် တနင်္ဂနွေနေ့ နံနက်လေးချက်တီး ကျော်အချိန် သိဟ်တွင် လက်နှင့် တနင်္ဂနွေ, သောကြာ၊ မကာရတွင် စန်းနှင့် ကြာသပတေး၊ မိန်တွင် အင်္ဂါ၊ ကြကင့်တွင် ဗုဒ္ဓဟူး ပြိဿတွင် စနေ၊ကန်တွင်ရာဟု၊ နက္ခတ်နှစ်ဆယ်နှစ်ပါဒ် တဆဲ့နှစ်ဗိဇနာတွင် ဖွားမြင်တော်မူသည်။ ။သက်တော်နှစ်ဆဲ့ခုနစ်နှစ်နှင့် လေးလသော် မင်းအဖြစ်

သို့ရောက်တော်မူသည်။ ။တဆဲ့နှစ်နှစ်နှင့် ခြောက်လ မင်းအဖြစ်ဖြင့် စံတော်မူ၍၊ သက်တော် သုံးဆဲ့ကိုးနှစ်နှင့် ဆယ်လသော် နတ်ရွာ ပြောင်းစံတော်မူသည်။

နတ်ရွာပြောင်းစံတော်မူလိုသော်….ရောဟာနီကြယ်အခိုးထွက်၏၊ ရွှေစာရံဘုရားပြို၏၊ ငလျင်ပြင်းစွာလှုပ်၍ နေပြည်တော်ဝန်းကျင်ဘုရားပုထိုးပြို၏၊ မြစ်မမြစ်ငယ်တွင်းများမှာ မိကျောင်းအများ ပေါ်၏၊ မြို့ကြီးတွင်းသို့ကျားဝင်၏၊ရွှေဖောင်တော်ပြာသာဒ်ဝယ်ပျားစွဲ၏၊ ကောင်းကင်က ပန်းသစ်သီးအများ ကျ၏၊ မြို့မြောက် ရေနန်းတော်က တကောင်းဈေးတံခါးအဝင်တွင် နတ်ဆိုး၍ရယ်နှင့်၏၊ မှန်နန်းတော်သို့ အဝင်တွင် နတ်ဆိုး၍ငိုနှင့်၏။

သီရိပဝရသုခမ္မ မဟာရာဇာ ဇနိန္ဒာဓိပတိ-တံဆိပ်နာမံတော် ရှိသောဆင်ဖြူ့ရှင်မင်းတရားကြီး ဘုရားသည်ကား….ရတနာသုံးပါး၌ ယုံကြည်မြတ်နိုးဘော်မူ၏၊ ပညာရှိတို့ကို ချစ်ကြည်တော်မူ၏၊ ပညာရှိတို့စကားကိုနာယူတော်မူ၏၊ တည်ကြည် ရဲရင့်တော်မူ၏၊ တိုင်းနေပြည်သူ ရှင်လူအပေါင်းတို့ကိုရင်၌ဖြစ်သောသားတော်နှင့်အတူချစ်ခင်မစတော်မူ၏၊ဒါနသီလအစရှိသော ကုသိုလ်တော်နှင့် စပ်ဆိုင်သည်ကိုလည်း ဆည်းပူးတော်မူ၏၊သူရဲသူခက်ရဲမက်ဗိုလ်ပါအပေါင်းတို့ကိုလည်း အတိုက်အလိုက်ချီးမြှင့်ပြုစုတော်မူ၏၊ အမှုထမ်း ကျွန်တော်မျိုး အပေါင်းတို့တွင် နူတ်ရေး၌ငင်း, လက်ရေး၌ငင်း ကောင်းစွာ ထမ်းရွက်နိုင်မည့်သူ လူရည် လူသွားကို သိတော်မူတတ်၏၊ ချုပ်ကြီး အုပ်ကြီး အရာ ခန့်တော်မူလျှင်လည်း အလွန်ရွေးချယ်စိစစ်တော်မူ၏၊ထိုက်တန်ပြီအမှတ်တော်ရှိ၍ခန့်တော်မူလျှင်လည်းထိုသူတို့အာဘာ ကြီးကျယ်အောင်ကိုသာ မစတော်မူလေ့ ရှိသည်ဖြစ်၍ရွှေနန်းတော်မှာ စံနေတော်မူလျက် ကျွန်တော်မျိုးတို့နှင့်သာ တိုင်းကြီးပြည်ကြီး ထီးဆောင်းမင်းအပေါင်းတို့ကို အောင်မြင်တော်မူသည် များ၏။

ပြုတော်မူသောကောင်းမှုတော်ကား-ရတနာသိင်္ဃမြို့အရှေ့ဘုံစံတုလွတ်ရွှေကျောင်းတော် (၁)၊ ရတနာသိင်္ဃမြို့ အနောက်တောင် နိဗ္ဗာန်ဆိပ်ဦးစေတီဘော် (၂)၊ ပုဂံရွှေစည်းခုံဘုရားထီးကျဲလျော့သောကြောင့် ဘုရားစေတီတော်ကို အသစ်ပြင်ဆင်လုပ်ဆောင်တော်မူ၍ ရွှေပိန်းထည့်တော်မူပြီးလျှင် ထီးတော်အသစ်တင်လှူတော်မူသည် (၃)၊ မာန်အောင်ရတနာ,

ရတနာဘုံသာ ဘုရားရှင်များကို တံတိုင်းမီးတားနှင့်တကွ ထပ်မံပြင်ဆင်တော်မူ၍ ရွှေပိန်း ထည့်တော်မူပြီးလျှင် ရွှေထီးအသစ် တင်လှူတော်မူသည် (၄)၊ မဟာရတနာဘုံပိဋကတ်တိုက်(၅)၊တောင်ဘီလာကြွက်သွန်ခင်း တောရ ရွှေကျောင်းတော် (၆)၊ ရတနာပူရ အဝမြို့ကြီးအတွင်း တောင်ထောင့်တွင် အရံကျောင်းတော် လေးဆဲ့ခြောက်ကျောင်းနှင့်တကွ ဘုံကျော်စံလွတ် ရွှေကျောင်းတော် (၇)၊ ရတနာပူရ အဝမြို့ မဟာမြတ်မုနိ ဘုရားရှင် အနောက်တွင် အရံ နှစ်ဆဲ့လေးကျောင်းနှင့် တကွ ဘုံသာတုလွှဘ်ရွှေကျောင်းတော် (၈)၊ မဟာမြတ်မုနိဘုရား အနောက်တောင်ယွန်းတွင် အရံကျောင်းတော်နှင့် တကွ ကျော်အောင် စံလွတ်ရွှေကျောင်းတော် (၉)၊ ပြည်မြို့အနောက်ဘက် ဘိုးဦးတောင်ထိပ် ဘုရားကိုလည်း အသစ်ပြင်ဆင်တော်မူ၍ ရွှေပိန်း ထည့်တော်မူပြီးလျှင် ရွှေထီးအသစ် တင်လှူတော်မူသည် (၁၀)၊ ဒဂုန်ဆံတော်ရှင်ဘုရား ထီးတော်ကျလျှောသောကြောင့် ဘုရားစေတီတော်ကို အသစ်ထပ်မံ ပြင်လုပ်တော်မူ၍ ရွှေပိန်းထည့်တော်မူပြီးလျှင် ရွှေထီးအသစ်လုပ်ဆောင်တင်လှူတော်မူသည် (၁၁)၊ စစ်ကိုင်း စကုမော်အရပ်တွင် အရံလေးဆယ်နှင့် တကွ အောင်မြေစံလွှတ် ရွှေကျောင်းတော် (၁၂)၊ အောင်မြေစံလွှတ် ရွှေကျောင်းတော် အရှေ့ ရွှေပြည်ဆိပ်ဦး စေတီတော် (၁၃)၊ စစ်ကိုင်းမြို့ အနောက် ငါးထပ်ကြီးဘုရား အနောက်မြောက်ယွန်း ရွှေတောင်ဘီလာဆရာတော် ကျောင်းရာဟောင်းမြောက်တွင် အရံ တဆဲ့နှစ်ကျောင်းနှင့်တကွ လေးထပ်ဇေတဝန်ကျောင်းတော် (၁၄)၊ ဤသို့တဆဲ့လေးဌာနသော ကုသိုလ်တော်တို့ကို ပြုစုတော်မူ၏။

သားတော် သမီးတော်တို့ကား····သီရိအတုလ မဟာရတနာ ပဒုမာဒေဝီရှင်မိဖုရားခေါင်ကြီးတွင် မြင်သည့်သမီးတော်မင်းရွှေဦး၊မောင်တော်မဟာဓမ္မရာဇာဓိရာဇာ လက်ထက် ကန္နီမြို့ကိုစားသည်၊ စစ်ကိုင်း ရတနာရွှေဘုံကျောင်း ဒါယိကာမတပါး၊ မောင်တော် မဟာဓမ္မရာဇာဓိရာဇာ အခည်တော်နှင့် မင်းဖြစ်တော်မူသည်တပါး၊ နှမတော်ငယ်ကလွန်တပါး၊ မောင်တော်ငယ်ကလွန်တပါး၊ ညီတော်မောင်ပုတ်, ငယ်ကလွန်တပါး၊ နှမတော်မင်းရွှေနန်း,အမရပူရမြို့တည်ဆင်ဖြူများရှင်မင်းတရားလက်ထက် သားတော်ပုဂံမင်းနှင့် စုံဘက်တော်မူသည်တပါး၊မောင်တော်ငယ်ကလွန်တပါး၊ နှမတော် ငယ်ကလွန် တပါး–ပေါင်းရှစ်ပါး။ ။မဟာမင်္ဂလာ

စန္ဒာဒေဝီ အလယ်နန်း မိဖုရားတွင် မြင်သည့် သမီးတော် မင်းကြွင်ဦး
တပါး၊ မောင်တော် မောင်ကြီး တပါး၊ ညီတော် မောင်လတ်တပါး၊
ညီတော် မောင်ငယ်တပါး၊ နှစ်မတော် ငယ်ကလွန်တပါး၊ ညီမတော်
ငယ်ကလွန်တပါး၊ မောင်တော် ငယ်ကလွန်တပါး၊ နှစ်မတော် ငယ်က
လွန်တပါး၊ မောင်တော် ငယ်ကလွန်တပါး၊ နှမတော်ငယ်ကလွန်တပါး
ပေါင်း ဆယ်ပါး။ ။စည်သာမင်းကြီးသမီး ရတနာဒေဝီတွင် မြင်သည့်
သမီးတော် မင်းပုလု, အမရပူရမြို့တည် ဆင်ဖြူများရှင်မင်းတရား လက်
ထက် သားတော် တောင်တွင်းချောင်မြို့စား မင်းရဲမြတ်စွာနှင့် စုံဘက်
တော်မူသည့် တပါး။ ။မဟာသိရိအတုလဒေဝီတွင်မြင်သည့် သားတော်
မောင်ဘုန်းခေါင်တပါး၊ နှမတော် မင်းရွှေရေး, အမရပူရမြို့တည် ဆင်
ဖြူများရှင်မင်းတရားလက်ထက် သားတော် ပန်းတိမ်းမြို့စားနှင့် စုံဘက်
တော်မူသည့် တပါး၊ ညီမတော် ငယ်ကလွန်တပါး။ ။သိရိမဟာဒေဝီ
တွင်မြင်သည့် သားတော် မောင်မွေတပါး။ ။သိရိပဒုမာဒေဝီတွင်မြင်
သည့် သမီးတော် အမိတပါး၊ မောင်တော် မောင်ကော်တင် တပါး၊
ညီတော် မောင်ကော်နီတပါး၊ နှမတော် ငယ်ကလွန်တပါး။ ။သိရိ
မလ္လာဒေဝီတွင်မြင်သည့် သမီးတော် မင်းရွှေပန်း, ငယ်ကလွန်တပါး။ ။
မင်္ဂလာမဟေသီတွင်မြင်သည့် သမီးတော် အမိကြီးတပါး၊ ညီမတော် အမိ
ကလေးတပါး။ ။ဟံသာဝတီရောက်မင်း သမီးတော် မင်းရွှေပွင့်တွင်
မြင်သည့် သမီးတော် မင်းမိ, မောင်တော် မဟာဓမ္မရာဇာဓိရာဇာလက်
ထက် အနောက်နန်း တင်သည့်, အမရပူရမြို့တည် ဆင်ဖြူများရှင်မင်း
တရားလက်ထက် သားတော် တောင်ငူမင်းနှင့် စုံဘက်တော် မူသည်
တပါး၊ မောင်တော် မောင်ပေါင်းချောင်, စလင်းမြို့ကိုစားသည်တပါး၊
နှမတော် ငယ်ကလွန်တပါး၊ မောင်တော် ငယ်ကလွန်တပါး၊ နှမတော်
ငယ်ကလွန်တပါး။ ။မင်္ဂလာဒေဝီတွင်မြင်သည့်သမီးတော်မယ်ဘွားတပါး၊
မောင်တော် မောင်နဂါးတပါး။ ။ရှင်မင်းသာတွင် မြင်သည့် သမီး
တော် မင်းသီတာတပါး။ ။ရတနာဒေဝီတွင်မြင်သည့် သမီးတော်မင်းခင်
ကြီး, အမရပူရမြို့တည် ဆင်ဖြူများရှင်မင်းတရားလက်ထက် ခမည်းတော်
သားတော် မောင်နဂါးနှင့်စုံဘက်တော်မူသည်တပါး။ ။ရှင်ရွှေဥတွင်
မြင်သည့် သမီးတော် ရှင်မင်းလုံ, အမရပူရမြို့တည် ဆင်ဖြူများရှင် မင်း
တရားလက်ထက် သားတော် ကောလင်းမင်းသားနှင့် စုံဘက်တော်မူ
သည် တပါး။ ။ရှင်မင်းအောင်တွင်မြင်သည့် သားတော် မောင်ရွှေဦး

တပါး။ ။ရှင်ရှမ်းတွင်မြင်သည့် သားတော် မောင်လည်ရွှဲတပါး။ ။ ရှင်မိဖုရားခေါင်ကြီးတွင်မြင်သည့် သားတော်လေးပါး၊ သမီးတော်လေးပါး-ပေါင်းရှစ်ပါး။ အလယ်နန်းမိဖုရားတွင် သားတော်ငါးပါး၊ သမီးတော်ငါးပါး-ပေါင်း ဆယ်ပါး။ မင်းမိဖုရား မင်းကိုယ်လုပ်တော်တို့တွင် သားတော်ကိုးပါး၊ သမီးတော် တဆဲ့လေးပါး၊ သားတော်ပေါင်း တဆဲ့ရှစ်ပါး။ သမီးတော်ပေါင်း နှစ်ဆဲ့သုံးပါး၊သားတော် သမီးတော်ပေါင်း လေးဆဲ့တပါးတည်း။

ခမည်းတော် ဆင်ဖြူရှင်မင်းတရားကြီးဘုရား နတ်ရွာပြောင်းစံတော်မူ၍ သားတော် ငစဉ္စကူးမင်း နန်းတက်တော်မူလျှင် ညီတော် စလင်းမြို့စားသည် မ သင့် သော အကြံ ကို ကြံ လေ သော ကြောင့် သက္ကရာဇ် (၁၁၃၈) တထောင့်တရာ့သုံးဆဲ့ရှစ်ခု ဝါဆိုလဆန်း နှစ်ရက်နေ့တွင် ထုံးစံနှင့်အညီ စီရင်တော်မူသည်။ ။တိုင်ပင်ရာပါသူ အတွင်းဝန် မဟာသိန်ယာစည်သူခံ ဘုန်းအောင်, သူရဲဝန် ဇေယဂါမဏိခံ ငရဲသာ, ပုဏ္ဏားဝန်, ပုဏ္ဏားကျော်တို့ကိုလည်း ခမည်းတော်ဘုရား ကျေးကြီးကျွန်ကြီးဖြစ်လျက်မစောင့်၊ မပေါင်းတန်သူကိုပေါင်း၍ မသင့်သော အကြံကိုကြံစေသည်ဟု ထုံးစံနှင့်အညီ ကွပ်တော်မူသည်။ ။ညီတော်တွင်အကြီးအကဲပြုသူတို့မှာ သံသရာကို ထောက်ရှုတော်မူ၍ အသက်ကိုလွှတ်တော်မူသည်၊ အစုရင်းမှာ ထမ်းရွက်ကြရ၏။

အထူးထူးသော တိုင်းကြီး ပြည်ကြီး ထီးဆောင်းမင်းမျှားသခင်၊ ရွှေတွင်း, ငွေတွင်း, ပတ္တမြားတွင်း, ပယင်းတွင်းစသော ရတနာအပေါင်းတို့၏အရှင်၊ စတုတ္ထရတနာပူရ မြို့တည် နန်းတည်၊ ဆဒ္ဒန်ဆင်မင်းသခင်၊ ဆင်ဖြူများသခင် အသျှင်ဆဝရှင် မင်းတရားကြီး ဘုရား လက်ထက်တော် (၁၁၉၁) တထောင့် တရာ့ကိုးဆဲ့ တခု၊ နယုန်လဆန်း တရက်နေ့က စ၍ ရဟန်းပညာရှိ, ပုဏ္ဏား ပညာရှိ၊ မှူးမတ်ပညာရှိတို့နှင့်၊အထူးထူးသော ရတနာတို့ဖြင့်ဆန်းကြယ်သော မှန်နန်းတော်ဆောင်တော်ဦး နန်းမစနဲ့ နှိုင်းညှိ၍ အသင့် ယုတ္တိကျမ်းဂန် အာဂုံများနှင့်အညီ သုတ်သင် စီရင်တော် မူသော ဒုတိယ မဟာ ရာဇဝင်တော်ကြီး၊ စတုတ္ထထုပ်၊ နဝမတွဲ ဤတွင်ရွှေ့ပြီး၏။

# ငစဥ္စကူးမင်း အကြောင်း

## ယိုးဒယားချီတပ်များကို သိမ်းတော်မူခြင်း

ခမည်းတော်ဘုရားလက်ထက် ယိုးဒယားသို့ချီစေသည့် ဝန်ကြီးမဟာသီဟသူရ,စန္ဒပူရီသို့ ချီစေသည့် မြင်းဝန် နေမျိုးသီဟပတေ့တို့ တပ်စုကိုလည်း ခေါ်သိမ်းတော်မူသည်။ ။ဝန်ကြီးမဟာသီဟသူရတို့တပ်ပေါင်းခြောက်ဆယ်သည်း သက္ကရာဇ်(၁၁၃၆)တထောင်တရာ့သုံးဆဲ့ခြောက်ခု၊ ထားရိုက်ကြောင်းက ဆုတ်ခဲ့ပြီးလျှင် မုတ္တမမှာ မိုးခို၍ သုံးဆဲ့ခုနစ်ခု၊ သီတင်းကျွတ်လ ရွာဟိုင်းကြောင်းချီတက်၍ ရွာဟိုင်း, ပိတ်တုံ, အကျော်, သောက္ကတဲ, ဌာနီ, သုဝန်ခလောက်, ပိဿလောက်မြို့များကို ရ၍၊ မြစ်ဆုံတွင် ယိုးဒယားမင်းနှင့် ဆိုင်ပြိုင်ကြရသည်၊ ယိုးဒယားမင်းက တိုင်းအားပြည်အားဘိ၍ ဝန်ကြီးမဟာသီဟသူရတို့တပ်စုကို ဝန်းဝိုင်းယူမည် ရှိသည်တွင် ညဥ့်အခါ ယိုးဒယားတို့တပ် နောက်သို့လှည့်၍ ပျံချီ ရဲခေါင်ကျော်တို့ကသည်၊ဗိုလ်မှူးတပ်မှူး သူရဲတော် တပ်ပေါင်းခြောက်ဆယ်ကိုလည်း ဝန်ကြီး မဟာသီဟသူရကိုယ်ကွပ်၍ ယိုးဒယားတို့တပ်ကို မဆုတ်မနစ်တဟုန်တည်း နင်းကြလေ၍ ယိုးဒယားမင်းဆုတ်ခွာလေလျှင် ပျံချီရဲခေါင်ကျော်, ပုဂံဗိုလ်, ကျော်ဂသူဘို့သုံးဦး ချုပ်စေ၍ စစ်သုံးကြောင်းရှေ့ချီစေပြီးလျှင် ဝန်ကြီးမဟာသီဟသူရတို့ တပ်မတော် ချီတက်မည်ရှိသည်အတွင်း ခေါ်တော်မူလေလျှင် ရှေ့ချီစစ်သုံးကြောင်းကိုလိုက်၍ သိမ်းစေသည်၊ ကျော်ဂသူကို ကွံ့တော်အင်တောင်သို့ မရောက်မီ ရှမ်းရွာကြီးဘွင်တွေ့၍ သိမ်းခဲ့ရသည်၊ ပုဂံဗိုလ်ကို အတက်ဖြစ်ဆုံတွင်တွေ့၍ သိမ်းခဲ့ရသည်၊ ပျံချီရဲခေါင်ကျော်မှာမူကား စစ်ဦးလွန်၍မသိမ်းမနုတ်ခဲ့ရှိသည်ကို ဖွေ့အောင်မလိုက်ပြန်ခဲ့ရာသလောဟု မြင်းတပ်မှူးကို ကွပ်သည်၊ အသွယ်သွယ်အဝဝ ခန့်၍ သိမ်းနုတ်စေသည်ကိုလည်း မတွေ့ခရလေလျှင် ဝန်ကြီး မဟာသီဟသူရသည် တပ်အလုံးကိုသိမ်း၍ ပြန်ခဲ့၏။

ဇင်းမယ်ကြောင်းချီ မြင်းဝန်တို့ တပ်စုလည်း ဇင်းမယ်က ဆုတ်ခဲ့၍ မိုးနဲမြို့မှာ ရပ်နေပြီးလျှင် ဝန်ကြီး မဟာသီဟသူရတို့ တပ်နှင့် ပေါင်းမည်ဟု ချီသာရာ စစ်တောင်းတွင် ခေါ်တော်မူသူတို့နှင့်တွေ့၍ ပြန်လည်ခဲ့ရသည်၊ သက္ကရာဇ်(၁၁၃၇) တခထောင့်တရာ့သုံးဆဲ့ခုနစ်ခု၊နေပြည်တော်သို့ရောက်ကြ၏။ ။ပျံချီရဲခေါင်ကျော်မှာမူကား ယိုးဒယားအများ မရေ

မတွက်နိုင် အထပ်ထပ် ဝန်းဝိုင်းဖမ်းဆီးလေလျှင် ယိုးဒယားတို့တပ်ဆိုသမျှကို တွေ့ဘိုင်းမြင်ဘိုင်းချင်းနင်းတိုက်ဖောက်၍ အကျော်လင်းဇင်းသို့လှည့်ပြီးလျှင် ဇင်းမယ်ကမှ နေပြည်တော်သို့ ရောက်လှာ၏။

## နန်းတွင်း စီစဉ်မှုများနှင့် ငါးထပ် ဇေတဝန်ကျောင်းတော် ဆောက်လုပ် လှူဒါန်းတော် မူခြင်း

ထိုနှစ် ဘထွေးတော်အမြင့်မင်း, ဗဒုံမင်း, ပုခန်းမင်း, ပင်းတလဲမင်း တို့ကိုသည်း ကွမ်းကိုင် ရေကိုင် လူနှစ်ဆဲ့ငါးယောက်စီနှင့် နေမြဲအိမ်တော်မှာနေကြရသည်။ ။မဟာသီဟသူရ, မဟာသီဟသူတို့နှင့် ဘက်၍လည်း မြင်းဝန်နေမျိုးသေနာပတိ, ဒဝယ်ဝန် မင်းကြီးဇေယသူတို့ကို အဂ္ဂမဟာ သေနာပတိ ပန်ကြီးခန့်တော်မူသည်၊ ဝန်ကြီး မဟာဇေယဥတ္တမသကြိမှာ အရွယ်ကြီးပြီဖြစ်၍ ကျောင်းဘုရား သွားလာနေစေသည်။ ။ဝန်ထောက် ကဲ်းဝန် ဇေယနော်ရထာ, လမိုင်းဝန် ကျော်ခေါင်နော်ရထာ တို့နှင့် ဘက်၍ နေမျိုးနန္ဒကျော်ထင်, ဥဒိန်ဇေယတို့ကိုလည်း ဝန်ထောက်ခန့် ဘော်မူသည်။ ။စာရေးကြီး စန္ဒဝေသော်, ဇူတ္တ သရေတို့နှင့် ဘက်၍ ငကွန်, ငပွင့်တို့ကိုလည်း စာရေးကြီး ခန့်တော်မူသည်။ ။မြို့ဝန် ဇေယဂါမဏိနှင့်ဘက်၍ မင်းလှာရွှေတောင်ကျော်ကိုလည်းမြို့ဝန်ခန့်တော်မူသည်။

ထိုနှစ် မဟာမြတ်မုနိဘုရားရှင်၊ ဂူတော်သစ်ဘုရားရှင်၊မြို့တွင်းရွှေစည်းခုံဘုရားရှင်၊ ပင်းယ ရွှေစည်းခုံဘုရားရှင် များကိုလည်း ထီးချရားသီးကသည် မြေတိုင်အောင်ရွှေပိန်းထည့်တော်မူသည်။ ။ပြာသိုလဆန်းတဆဲ့ငါးရက် တနင်္လာနေ့ လေးတောသား တတပ်၊ ပန်းပဲဝန် မဟာဗညားကျန်းတောဘတတပ်၊ ကျောက်တလုံးဗိုလ်တတပ်၊ရခိုင်ဝန်တတပ်၊ ကျော်စဉ်ဝန်တဘပ်၊ ပဲခေါင်စား တတပ်၊ သရေပုညာ တတပ်၊ အမြောက်ဝန် နေချိုးသီဘာသူ တပ်နှင့်သော် တပ်ပေါင်း ရှစ်တပ်တွင် ပါသည့် မြင်း တထောင့်ငါးရာ, စစ်သည်သူရဲ တသောင့်း ငါးထောင်ကို အမြောက်ဝန် နေမျိုးသီဟသူကို အချုပ်ခန့်၍ လကွန်း,ဖာသင်မြို့များကို အသိမ်းအရုံး ချီစေသည်။

ပြာသိုလဆန်းဘဆဲ့ငါးရက် တနင်္လာနေ့ နံတော်၏ဂဟပတိအရပ်ဖြစ်သော ရွှေနန်းတော်၏ အခနာက် ငါးရာဖျားသနပ်ခြံဝယ် မဟာသကြန်တော် ဘြီး ခေါ်တော်မူပြီးလျှင် ရဋ္ဌာဘိသေက ခံတော်မူ၍ ထီးဆောင်း မင်္ဂလာ မဟာဥကသ်ဖွင့်တော်မူသည်၊ မဟာဓမ္မ ရာဇာဓိရာဇာ-ဟူသော

တံဆိပ် နာမံတော်ကိုလည်း ခံတော်မူသည်။ ။ရှင်မိဖုရားခေါင်ကြီးကိုလည်း မဟာရတနာစန္ဒာဒေဝီ–ဟူသော တံဆိပ်နာမံကို ခံစေသည်။ ။မြောက်နန်းမိဖုရားကိုလည်း သီရိမဟာမင်္ဂလာဒေဝီ-ဘွဲ့အမည်ကို ခံစေသည်။ ။အလယ်နန်းမိဖုရားကိုလည်း သီရိမဟာနန္ဒာဒေဝီ-ဘွဲ့အမည်ကို ခံစေသည်။

ထို့ပြင် မင်းမိဖုရား မင်းကိုယ်လုပ်မောင်းမမိဿံ အပေါင်းတို့ကိုလည်း အထိုက်အလိုက် ဘွဲ့အမည် ပေးတော်မူသည်။ ။အဂ္ဂမဟာသေနာပတိ စသော မှူးတော်မတ်တော် အမှုထမ်းဟောင်းကျွန်တော်မျိုးတို့နှင့် အိမ်တော်ပါ ကျွန်တော်မျိုးတို့ကိုလည်း အရည်အလျောက် ရွေးချယ်စိစစ်၍ ဘွဲ့အမည်အရည် အဆောင်အရွက် ဝန်စုမှူးစု၊ ၈ားကျေးမြို့ရွာ အထိုက်အလိုက် ပေးတော်မူသည်။

ထိုနှစ် တန်ခူးလဆန်း တဆွဲ့ငါးရက် စနေမနေ့ စစ်ကိုင်းမြို့အနောက် ငါးထပ်ကြီးဘုရားအနောက်မြောက်ယွန်း ရှေးတောင်ဘီလာ ကျောင်းရာဟောင်းတွင် ခမည်းတော်ဘုရား လက်ထက် မယ်တော် သီရိအတုလမဟာရတနာ ပဒုမာဒေဝီ ရှင်မိဖုရားခေါင်ကြီးက ဆောက်လုပ်သည့် အရံတဆွဲ့နှစ်ကျောင်းနှင့်တကွ လေးထပ် ဇေတဝန်ကျောင်းတော် လုပ်ဆောင်ပြီးပြေသည်ကို မင်္ဂလာရွှေဘုံသမိုက်တော်မူပြီးလျှင် မင်းအိုဆရာတော် "ဂုဏာဘိအနန္တ မဟာဓမ္မရာဇာဓိ ရာဇဂုရု"အား ကိုယ်တော်တိုင် ရေစက်သွန်းတော်မူ၍ တင်လှူတော်မူသည်၊ပွဲသဘင်ကြီးဖွာလည်းခံတော်မူသည်။

သက္ကရာဇ် (၁၁၃၉) တထောင့်တရာ့သုံးဆဲ့ကိုးခု နယုန်လ ဝန်ကြီးမဟာသီဟသူရကို အမျက်တော်ရှိ၍ ဝန်ကြီးအရာက နုတ်တော်မူသည်။ သမီး မြောက်နန်းမိဖုရားကိုလည်း နန်းကချ၍ အဘသို့အပ်သည်၊အလယ်နန်းမိဖုရား သီရိမဟာနန္ဒာဒေဝီကို မြောက်နန်းတင်တော်မူသည်၊မြောက်နန်းမိဖုရားအမတော် မဟာမင်္ဂလာစန္ဒာဒေဝီကို အလယ်နန်း တင်တော်မူသည်၊ ညီမတော် သီရိစန္ဒာမဟေကိုလည်း အနောက်နန်းသမုတ်၍ တင်တော်မူသည်၊ ဝန်ကြီး မဟာသီဟသူရ လင်မယား သားသမီး တစုဘို့ကိုလည်း စစ်ကိုင်းသို့ပို့ထားသည်၊ နောက်လျှင် ဝန်ကြီးသမီး မြောက်နန်းမိဖုရားကို အမျက်တော်ရှိပြန်၍ စစ်ကိုင်းမှာခေါ်ပြီးလျှင် ရေမှာဖျောက်တော်မူသည်။

ဘထွေးတော်အမြင့်မင်းလည်း နတ်စုဗိုလ် သိန်ပျံချီ,လက်ယာဒူတတို့နှင့် မသင့်သောအကြံကို ကြံကြသောကြောင့် ဘထွေးတော် အမြင့်မင်းကို တော်သလင်းလပြည့်ကျော် ဆယ်ရက် သောကြာနေ့ ထုံးစံနှင့်အညီ စီရင်တော်မူသည်။ ။နတ်စုဗိုလ် သိန်ပျံချီ, လက်ယာဒူတတို့နှင့် တိုင်ပင်ရာပါသည့် ခေါင်းတည်အကြီးပြုသူတို့ကိုလည်း ရွေးချယ်စီစစ်၍ ကွပ်တော်မူသည်။ ။ဝန်ကြီး မဟာသီဟသူရကို ချနုတ်တော်မူလျှင် ဝန်ထော်လခိုင်းဝန် ကျော်ခေါင်နော်ရထာကို ဝန်ကြီးဘက် ခန့်တော်မူသည်။

တိုနှစ် တပေါင်းလဆန်း တဆဲ့ငါးရက် ကြာသပတေးနေ့ ဝတ်ချက်ရွာအောက် အာလိန်ငါးဆင့်နှင့် တကွ ရောဝတီမြစ်နား ကျောက်စံကတော်ကျောင်းရာဟောင်းတွင် မိဖုရားခေါင်ကြီးက ဆောက်လုပ်သည့် သုံးထပ် ဇေတဝန်ကျောင်းတော်ကို ဆန်းကြယ်လှစွာသော အပြောက်အပြွန်းဘို့ဖြင့် စီရင်လုပ်ဆောင်ပြီးပြေလျှင် ရတနာခံလွတ် သမိုက်တော်မူ၍ အရညဝါသီပုဂ္ဂိုလ်, ဂါမဝါသီပုဂ္ဂိုလ်, အရိယာသဃာတော်တို့အား ပရိက္ခရာရှစ်ပါးနှင့်တကွ ရဟန်းတို့ အသုံးအဆောင်ကို များစွာလှူတော်မူပြီးလျှင် မင်းဘူးဆရာတော် "ကလျာဏလောက စိန္တာဘိဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု"အား တင်လှူတော်မူသည်၊ ပွဲသဘင်လည်း ကြီးစွာခံတော်မူသည်။

သက္ကရာဇ် (၁၁၄၀) တထောင့်တရာ့ လေးဆယ်ပြည့် ကဆုန်လ ဘထွေးတော် ဗဒုံမင်းကို စစ်ကိုင်းမြို့မှာနေစေသည်၊ ဘထွေးတော်ပုခန်းမင်းကိုလည်း ပင်းယမြို့မှာ နေစေသည်။ ဘထွေးတော် ပင်းတလဲမင်းကိုလည်း ရွာသစ်ကြီးမှာ နေစေသည်။ ။ဝန်ကြီး ကျော်ခေါင်နော်ရထာ သေလွန်ပြန်လျှင် ဝန်ထောက်ကင်းဝန် ဇေယနော်ရထာကို ဝန်ကြီးဘက် ခန့်တော်မူသည်။ ။သူရဲဝန် သတိုးမင်းကြီးက ဆောက်၍ ဆက်သည့် ရွှေစည်းခုံဘုရား ရွှေစောင်းတန်းကိုလည်း ကိုယ်တော်တိုင် ရေစက်သွန်းလှူတော်မူသည်။ ။အင်းဝမြို့တောင် ရှေး မိုးထိကျောင်းရာ ဟောင်းတွင် ဆောက်လုပ်တော် မူသည့် ကျောင်းဦး ရွှေပြာသာဒ်, ကျောင်းရံတဆဲ့နှစ်ကျောင်း, ပိဋကတ်တိုက်နှင့်တကွ ငါးထပ်ဇေတဝန်ရွှေကျောင်းတော် လုပ်ဆောင်ပြီးပြေသည်ကို မဟာမင်္ဂလာရွှေဘုံ သမိုက်တော်မူ၍ ထန်းတပင်ဆရာ "တိပိဋကာလင်္ကာရသာမိ မဟာဓမ္မ ရာဇာဓိရာဇဂုရု" အား တင်လှူတော်မူသည်၊ အရညဝါသီပုဂ္ဂိုလ်, ဂါမဝါသီပုဂ္ဂိုလ်,အရိယာသံဃာတော်အပေါင်းတို့ကိုလည်း ပရိက္ခရာရှစ်ပါးနှင့်တကွ ရဟန်း

တို့ အသုံးအဆောင်ကို များစွာလှူတော်မူသည့်၊ ပွဲသဘင် ကြီးစွာလည်း ခံတော်မူ၏။

**သက်န်းရုံနွယ် တဂိုဏ်းတည်းဖြစ်စေခြင်း, ရေစက် သွန်းချခြင်း,**
**သခင်မင်းမိကို နန်းတင်၍ မြနန်းရှင်ခံစေခြင်း**
**သီဟတောဘုရားပူးရန် ဆန်တော်မူခြင်း**

သက္ကရာဇ် (၁၁၄၁) တထောင့်တရာ့လေးဆဲ့တခု၊ တပေါင်းလတွင် သင်္ကန်းရုံနွယ် ဆရာတော်တို့က သင်္ကန်းရုံသင့်ကြောင်း, ဒုကုဋ်တင်နွယ် ဆရာတော်တို့က ဒုကုဋ်တင်သင့်ကြောင်းများကို အသီးအသီး မေတ္တာစာ ဆက်သွင်းသောကြောင့် သင်္ကန်းရုံနွယ်က ဆုံယားဆရာတော်, ဗားကရာ ဆရာတော်, ကတိုးဆရာတော်၊ ဒုကုဋ်တင်နွယ်က ရတနာစံလွတ် ဆရာ တော်, ဖျိုးကန်ဆရာတော်, တောင်ဘီလူး ဆရာတော်တို့ တနွယ်တဂိုဏ်း လျှင် သုံးပါးစီ၊ သုဓမ္မာစရပ်မှာ စည်းဝေးပြောဆိုသည့်တွင် သင်္ကန်းရုံ နွယ်ဆရာတော်တို့က သင်္ကန်းရုံသင့်ကြောင်းကို တရားကျမ်းဂန် ထုတ် ဖော်နိုင်သည်၊ ဒုကုဋ်တင်နွယ်ဆရာတော်တို့က ဒုကုဋ်တင်ရင် ဖွဲ့စည်းသင့် ကြောင်းကို တရားကျမ်းဂန် မထုတ်မဖော်နိုင်ရှိ၍ မန်လည်ဆရာ "ဂုဏ မုနိန္ဒာဓိပတိပဝရသာမိ မဟာဓမ္မရာဇာဓိရာဇဂုရု" ဆရာတော်အား သာ သနာပြု အပ်တော်မူပြီးလျှင် ရဟန်းတို့ကို သင်္ကန်းရုံနွယ် တဂိုဏ်းတည်း ဖြစ်စေသည်။

ပဟာမင်္ဂလာရွှေဘုံကျောင်းတော်မြောက်တွင်လည်း မဟာဒါန်တိုက် ဝန် က ဆောက်၍ဆက်သည့် လေးထပ်ဇေတဝန်ရွှေကျောင်းကို ဗိမာန် ရွှေဘုံ သမိုက်တော်မူပြီးလျှင် ကိုယ်တော်တိုင် ရေစက် သွန်းတော်မူ၍ တောင်ဘီလူးဆရာတော် ရှင်ပညာရာမအား "ပညာဇောတဇမ္ဗူဒီပဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု" တံဆိပ်တော်အပ်၍ တင်လှူတော်မူသည်။ ။ ထိုနှစ်ဘကြီးတော်သား မောင်မောင်ကိုလည်း ဘောင်းကားရွာသို့ပို့ထား တော်မူသည်။

စစ်ကိုင်းမြို့အနောက် ငါးထပ်ကြီးဘုရားတောင်တွင် နှမတော် ကန္နီမြို့ စားက ဆောက်လုပ်သည့် လေးဆပ် ဇေတဝန် ရွှေကျောင်းကို ရတနာ ရွှေဘုံ သမိုက်တော်မူပြီးလျှင် ကိုယ်တော်တိုင် ရေစက် သွန်းတော်မူ၍ မင်းရွာဆရာ "ဇမ္ဗူဒီပသိရိ အနန္တဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု" ဆရာ တော်အား တင်လှူတော်မူသည်။

လောကသရဘူဘုရားရှင်ကိုလည်း အသစ်ထပ်၍ တည်တော်မူပြီးလျှင် ရွှေထီးအထွတ် တင်လှူတော်မူသည်၊ ချရားသီးကသည့် မြေတိုင်အောင် လည်း ရွှေပိန်းထည့်တော်မူ၍ မဟာလောက သင်းကျစ် သမိုက်တော်မူ သည်။ ။ရုပ်တုတော်ပြာသာဒ်ကို ထီးကသည်မြေတိုင်အောင် အတွင်းပြင် ရွှေပိန်းထည့်တော်မူသည်။

ဘုရားရှင်အရှေ့ သာယာလှသော မြေအပြင်ဝယ် ကျောင်းရံကျောင်း ဦးပြာသာဒ် နှစ်ဆောင်နှင့်တကွ လေးထပ်ဇေတဝန် ရွှေကျောင်းတော် လုပ်ဆောင်ပြီးပြေသည်ကို ဘုံကျော်ဝေယန်သမိုက်တော်မူပြီးလျှင် ဆုံထား ဆရာတော် "နရိန္ဒာဘိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" အား–တင်လှူတော် မူသည်။

ပင်းယ ရွှေစည်းခုံဘုရားတောင် ရွေးဘုံစံတုလွှတ်ကျောင်းရာဟောင်း တွင် တောင်ဘက်မြင်းဝန်က ဆောက်လုပ်၍ဆက်သည့် ကျောင်းဦး ပြာ သာဒ်နှင့်တကွ သုံးထပ်ဇေတဝန် ရွှေကျောင်းကိုလည်း ရွှေဘုံဗိမာန် သမိုက်တော်မူပြီးလျှင် ကိုယ်တော်တိုင် ရေစက်သွန်းတော်မူ၍ ဘုံစံဆရာ တော်အား တင်လှူတော်မူသည်။

အင်းဝမြို့ အနောက် ရွေး ကြက်သွန်ခင်း ကျောင်းရာဟောင်းတွင် ဝန်းကြီး နေမျိုးသေနာပတိက ဆောက်လုပ်၍ ဆက်သည့် ကျောင်းဦး ပြာသာဒ်နှင့်တကွ သုံးထပ်ဇေတဝန် ကျောင်းကိုလည်း မင်္ဂလာဘုံကျော် သမိုက်တော်မူပြီးလျှင် ကိုယ်တော်တိုင် ရေစက်သွန်းတော်မူ၍ စကုဆရာ တော် ရှင်သဒ္ဓမ္မပါလအား တင်လှူတော်မူသည်။

အဝမြို့အနောက် ဆင်တဲရွာတွင် သူရဲဝန် သတိုးမင်းကြီးက ဆောက် လုပ်၍ဆက်သည့် လေးထပ်ဇေတဝန်ကျောင်းကို ဘုံကျော်သာစံ သမိုက် တော်မူပြီးလျှင် ကိုယ်တော်တိုင် ရေစက်သွန်းတော်မူ၍ ကတိုးဆရာတော် အား တင်လှူတော်မူသည်။

သက္ကရာဇ် (၁၁၄၂) တထောင့်တရာ့လေးဆဲ့နှစ်ခု ပြာသိုလ တောင် အရပ်က လိပ်ပြာအများ ပျံလာ၍ ခုနစ်ရက်တိုင်တိုင် မြစ်မြောက်ဘက် စစ်ကိုင်းသို့ချည်း ကူးသည်။ ။ထိုနှစ် အောက်မသင်းကို အောက်ငင်ခဲ့ သည့်ဆင်ကို ထွက်တော်မူ၍ ကျုံးသို့ သွင်းသည်၊ ဝင်မောင်းသို့ မဝင် ဆင်ကျုံးမြောက် ကုလားဝဲကသည် မြို့မြောက် မြစ်နားကို လျှောက်ပြီး လျှင် မြို့အရှေ့ဘုရားလှခရွှေစေတီကိုပတ်၍ ငွေစင်ချောင်းကျုံးထိပ် ညောင် စဉ်မြောက်ဖျားကသည် မြို့ကြီးအရှေ့မျက်နှာ ဇင်းမယ်တံခါးကဝင်ပြီးလျှင်

ကုန်းရိုးကုလားစာသင် မင်္ဂလာဈေး အနောက်ဖျားက ခေါင်ထိပ်မိုးသို့ လှည့်၍ မြို့တောင်မျက်နှာ ဟံသာဝတီတံခါးအနောက်ကုန်းမြေစာက မြို့ ထိပ်သို့တက်၍ အနောက်မြို့ရိုးကို လျှောက်သွား ပြီးလျှင် မျဉ်းတဲတံခါး တောင်ဘက် မင်းနေကိုတက်၍ မြောက်ဘက် မင်းနေသို့ လှမ်းကူးသည် တွင် ဆင်ဦးစောက်ကျ၍ မြောက်ဘက်တံခါးမင်းဒေ နံရံမှာ စွယ်လုံးကျုံ လျက် တံခါးဝတွင် ဆင်ရိုင်းကန့်လန့်သေသည်။

သက္ကရာဇ် (၁၁၄၃) တဆောင့်တရာ့ လေးဆဲ့သုံးခု၊ တန်ဆောင်မုန်း လဆန်းသုံးရက် သော်ကြာနေ့ ညသန်ခေါင်ကျော် စနေနေ့သို့အဝင်တွင် ပင်းယရွှေစည်းခုံပြုသည်ကို အသစ်တည်တော်မူမည်ဟုဘုရားမြောက်တွင် နန်းတော်နှင့် စံနေတော်မူပြီးလျှင် ဘုရားကို ဖြိုဖျက်၍ ဗိုလ်လူအများ အုတ်ဟောင်းကို သယ်ယူရှင်းလင်းကြရသည်။ ။ထိုအခါ မင်းကေရာဇ် သည် မူးငယ် မတ်ငယ်တို့နှင့်သာ ပျော်ရွှင်မြူးတူးလျက် ပေါင်းဖော်မှိဝဲ သည် များလေသည်နှင့် သေရည်သေရက်ကို သုံးဆောင် သောက်စား ချေသည်၊ နေ့ရက်ရှည်လျားသော ကာလ သေနှင့် အကျွမ်းဝင်၍ သတိ လွတ်သည့်ကာလသာ များချေသည်၊ မူးတော်မတ်တော် ဓားစွဲကိုယ်ရံ ကျွန်တော်မျိုးအပေါင်းတို့လည်း မယစ်မဝသူ နည်းသည်၊ ယစ်ဝသော် စား ရူးမူးကြသောသူသာ များချေသည်။မင်းကေရာဇ်နှင့်တကွ အန်ခတ်, ကြက်တိုက်, သားလိုက်, ငါးဖမ်းနှင့်သာ နေ့ညဥ့်မသိ ရှိကြလေသည်။

ဟံသာဝတီရောက်မင်းသမီး မင်းရွှေပွင့်တွင်မြင်သည့် ခမည်းတော် ဆင်ဖြူရှင်ခင်းတရား သမီးတော်၊ မင်းခင်းမြို့စား သီရိ ပဘာဒေဝီ ဘွဲ့ခံ သခင်မင်းမိကို မောင်တော်စလင်းစားကို ကွပ်မျက်သည့်နောက် ပြင်အိမ် တွင် နေရသည်ကို နောက် သက္ကရာဇ် (၁၁၄၃) တဆောင့်တရာ့ လေးဆဲ့သုံးခု နတ်တော်လ နန်းတင်တော်မူ၍ မြနန်းရှင် ခံစေသည်။ ။ ထိုနှစ် ပင်းယရွှေစည်းခုံဘုရား မြောက်တွင် နန်းတော်နှင့် စံနေတော်မူ ခိုက်တဲနန်းတော်မှာ အင်္ဂရွှေမြောက်ထောင့်က ပျားစွဲလာသည်၊ မဟာမင်္ဂ လာရွှေဘုံ ကျောင်းတော်မှာလည်း ပျားအုံများစွာ စွဲလာသည်။

ထိုအကြိုက် စစ်ကိုင်းမြို့အနောက် အံ့စေခံ့အရပ်တွင် ငွေခွန်ပန်က ဆောက်လုပ်၍ဆက်သည့် ကျောင်းကို ရေစက်သွန်းတော်မူမည်ဟု တပို့ တွဲလပြည့်ကျော် တရက် အင်္ဂါနေ့ ပင်းယက ရွှေမြို့တော်သို့ ဝင်တော်မူ သည်၊ရွှေမြို့တော်သို့ရောက်လျှင် နန်းတော်သို့မဝင် မြို့မြောက် ဟန်အောင် တံခါးပြင် ရေနန်းတော်တွင် စံတော်မူပြီးလျှင် လပြည့်ကျော် နှစ်ရက်

ဗုဒ္ဓဟူးနေ့ စစ်ကိုင်းသို့ကူး၍ ငွေခွန်ဝန်ကဆောက်လုပ်ဆက်သည့် သုံးထပ်ဇေတဝန် ရွှေကျောင်းကို ဟံသာဝေယန် သမိုက်တော်မူ၍ ကိုယ်တော်တိုင် ရေစက်သွန်းတော် မူပြီးလျှင် မင်းကျောင်းဆရာအား လှူတော်မူသည်၊ ထိုကပြန်တော်မူလျှင်လည်း နန်းတော်သို့မဝင်၊ ရေနန်းတော်တွင် စံတော်မူသည်၊ လပြည့်ကျော်သုံးရက် ကြာသပတေးနေ့ အောက်မသင်းတို့နှင့် ဆင်သင်း ရောက်ကြောင်းကို လျှောက်လှာ၍ ရေနန်းတော်က ဆင်ကျုံးသို့ ထွက်တော်မူသည်၊ပြန်တော်မူလျှင်လည်း ရေနန်းတော်တွင်ပင် ရပ်နေတော်မူ၍ အညာသီဟတော ဘုရားရှင်ကို အဖူးအမြော်မယ်တော်,နှမတော်, မင်းမိဖုရားအပေါင်းတို့နှင့် လပြည့်ကျော်ငါးရက်စနေနေ့ ဆန်တော်မူသည်။

* * *

# ဘောင်းကားမင်းအကြောင်း

ထိုအခါ သမန်းဘောင်းကားရွာသို့ ပို့ထားသည့် ဘကြီးတော်သားမောင်မောင် သိလေလျှင် ကာလအရှည်ကပင် အဲခိုး ကြိစည် တိုင်ပင်ချောင်းမြောင်း၍ နေသည်နှင့် ဘောင်းကားရွာနေ ဂါမဏိ့ကြောကြီးတို့မှစ၍ အရပ်ရပ် တိုင်ပင် စည်းကြပ် ထားသည့် လူစုတို့ကို ရုံးစုပြီးလျှင် တပို့တွဲလပြည့်ကျော် ရှစ်ရက် အင်္ဂါနေ့ အင်းဝသို့ လာခဲ့သည်။ ညဉ့်သန်ခေါင်အချိန် အညာက မင်းကေရာဇ် လှေလျင်နှင့် ရွှေလွန်၍လာသည်ဟု မြောက်မျက်နှာ မာန်အောင်တံခါးမှူးတို့ကိုဆိုလျှင် တံခါးမှူးတို့လည်း မင်းကေရာဇ်သေနှင့်အကျွမ်းဝင်၍ သောက်စားယစ်ဝစကာလကပင် နေ့မှန်း ညဉ့်မှန်းမသိ အချိန်မဲ့ ထွက်မြဲဝင်မြဲ အလေ့ရှိသောကြောင့် မင်းကေရာဇ် အညာကပြန်၍ ဝင်တော်မူလာချေသည် အမှတ်နှင့် တံခါးကို ဖွင့်ပေးသည်၊ ရွှေးတော်ယူ, တံခါးနီ, ဝင်းလေးမျက်နှာ တံခါးမှူးတို့နှင့် အစောင့်အနေ မှူးတော် မတ်တော် အမှူးအကဲခေါင်းအဝှန်းတို့လည်း မင်းကေရာဇ်အမှတ် ဖွင့်ပေးသည်၊ မြေနန်းသို့တက်မိလျှင် ကက်မိခြင်း ညဉ့်အခါလွှတ်တော်,ရုံးတော်, ဝင်းလေးမျက်နှာများမှာ စောင့်နေသည့် မှူးတော် မတ်တော် အမှူးအကဲ ခေါင်းအဝှန်းတို့ကို မင်းကေရာဇ်က ခေါ်တော်မူသည်ဆို၍ အပြင်းခေါ်တော်မူသည်၊ မှူးတော်,မတ်တော်, အမှူးအကဲ ခေါင်းအဝှန်းတို့လည်း မင်းကေရာဇ် ညဉ့်

အခါ သောက်ယစ်စားဝ မည်သည့်အကြောင်း ခေါ်လေသည် မသိဟု အမှတ်နှင့် အဆောတလျင် နန်းတော်သို့ဝင်ကြသည်၊ မြေနန်းအရှေ့ မြေအပြင်သို့ ရောက်လျှင် အစောင့်အနေ မှူးတော် မတ်တော် အမှူးအကဲ ခေါင်းအဝှန်းဆိုသမျှကို မျက်မှောင်ချည်၍ ထားသည်၊ မဟာသီလဝ, ပြည်းကြီးရန်ခွင်းသူ, စန္ဒနရာ, ရွှေကြာအင်းတို့လည်း မဝင်မီတရက်က ပင် လူသူရုံးစုချိန်းချက်ထားသည်ဖြစ်၍ ကိုယ်စီအုပ်စုငယ်သားနှင့်လာပြီးလျှင် မြို့တံခါးဆိုသမျှမှာ ညဉ့်တွင်းချင်း အစောင့်အနေထားသည်၊ မျက်မှောင်ချည်ထားသည့်မှူးတော်,မတ်တော်,အမှူးအကဲ,ခေါင်းအဝှန်းတို့နှင့် အစောင့်အနေ လက်နက်စွဲ ဆိုသမျှကိုလည်း လည်မှာဓားတင်၍ သစ္စာတော်သောက်ရမည် ခြိမ်းခြောက်သည်၊တိုင်ပင်စည်းကြပ်ရင်းလူတို့လည်း ထပ်ကာထပ်ကာ ရုံးစုမိသည်နှင့် မိုးသောက်လျှင် သစ္စာခံသောက်ကြရသည်၊ မြို့တံခါးဆိုသမျှကိုလည်း ပိတ်၍ တမြို့လုံး အရပ်ခေါင်းအကြီးနှင့် တကွ တာပေးဝေ စည်းကြပ်၍ မြို့စီး အပြည့် ဟင်သည်၊ ဘထွေးတော် ဗဒုံမင်း, ပုခန်းမင်း, ပင်းတလဲမင်း, စည်သာမင်းတို့ကိုလည်း အင်းဝမြို့ အိမ်တော်သို့ ပြောင်းနေတော်မူမည့်အကြောင်းနှင့် စစ်ကိုင်း, ပင်းယ,ရွှာသစ်ကြီးများသို့ အသျှင်စေပါ ချီပင့်၍ အင်းဝမြို့ အိမ်တော်ဟောင်းမှာ နေတော်မူကြရသည်၊ အမှုထမ်းဟောင်း ကျွန်တော်မျိုးများကို ရုံးစုတော်မူကြရသည်၊ စစ်ကိုင်းသို့ ပို့ထားသည့် ဝန်ကြီးမဟာသီဟသူရ မြင်းမှုရွာသို့ပို့ထားသည့် စာရေးကြီး စန္ဒဝေသော် တို့ကိုလည်း ခေါ်၍ ဝန်ကြီး မင်းကြီး ဇေယသူ,တွင်းသင်းမှူးကြီးဟောင်း မင်းလှကျော်ထင်, တရားစစ်ဝန်ထောက် ဥဒိန်ဇေယတို့နှင့် အတူ ရှေ့ရုံးကနေ၍ စီရင်စေသည်၊ မြို့ခါးပန်းပတ်လည် ရှိနေသမျှ လူတို့ကိုလည်း မြို့တွင်းသို့ချည်း သွင်းသည်၊ မြို့နားပတ်လည်အိမ်ဆိုသမျှကိုလည်း ဖျက်သိမ်း၍ဆင်ခလုတ်,မြင်းခလုတ်, ဆူးငြောင့်အပြည့်ချသည်၊ မျဉ်းတားထိုးသည်၊ မြို့ကို ကုံးမောင်းဆွဲ၍ မြို့ကိနိယာစီရင်ခင်းရှိသမျှကို အဆောတလျင် ပြီးပြေအောင်ဖြဖြစီရင်သည်။

ဝန်ကြီးမဟာသီဟသူရလည်း မြို့မြောက် မာန်အောင်တံခါးပြင် မြစ်နားတွင် တပ်စည်းကြပ်၍နေပြီးလျှင် ရေတပ်အများ စီရင်၍ အညာသို့ ဆန်စေသည်၊ ခင်လတ်ဗိုလ် မဟာသီရိဇေယသူရ, မင်းတုံးဝန် ကျော်ထင် တရဖျားတို့ကိုလည်း မြို့စီး ဗိုလ်မှူးတင်တော်မူသည်၊ အရှေ့ဘက် ငါးရာဝ ကျွန်းဦးမှာလည်း ဒိဗ္ဗကျော်ထင်,ရဲခေါင်သခ်ကျော်ထင်တို့ တပ်စည်းကြပ်၍ ရပ်နေရ၏။

လယ်တီမဏ္ဍိုင်-၆၆

ထိုအခါ ဇေတဝန် ဆောင်တော်မြဲ မဲစလီစားလည်း နန်းတော်သို့ မင်းသား မောင်မောင်ဝင်၍ ခေးသွားလက်လက် သောသောရုတ်ရုတ် ရှိစ ညဥ့်ကာလကပင် ချဉ်းကပ်ပုန်းကွယ်၍ ကြည့်သည်၊ မင်းကေရာဇ် မဟုတ် အမူအရာထူးကြောင်းကိုသိ၍ နန်းမြို့ တောင်မျက်နှာကို ကျော် ထွက်ပြီးလျှင် မြို့တောင်မျက်နှာကျော်တံတံခါးက မင်းသားမောင်မောင် အသင်းအပင်းတို့ အထွေးထွေးဝင်သည့်ခိုက်ကြိုသည်နှင့် မြို့ပြင်သို့ထွက်၍ လေးထောင့်ဲတောင် ရှမ်းဈေးအရပ်နေအိမ်မှာ လူငယ်တစ်ကိုခေါ်ပြီး လျှင် လေးထောင့်ဲက အရှေ့ဘက်သို့ကူး၍ တပို့တွဲလပြည့်ကျော် ရှစ် ရက်နေ့ညဥ့် အညာသို့ ပြေးထွက်လာသည်၊ ကိုးရက်နေ့ည သန်ခေါင် ကျော် အချိန် မင်းကေရာဇ်ရှိရာ ငါးပတ်ချောင်းသို့ ရောက်လာ၍ မြို့မှာ ရန်သူဝင်ကြောင်း နန်းတွင်း တိုင်အောင် ပေါက်ရောက်၍ သောသော ရုတ်ရုတ်ရှိကြလျှင် အလျှင် ထွက်ပြေးခဲ့ရကြောင်း ညဥ့်ဖြစ်၍ မည်သူဟု အတပ်မသိရကြောင်းများကို လျှောက်ထားလေသော် မင်းကေရာဇ်က ဝန်ကြီး, အတွင်းဝန်, မှူးတော်မတ်တော်, ဗိုလ်မှူး တပ်မှူးတို့ကို စည်းဝေး တိုင်ပင်သည်တွင် အရှေ့ဘက် ဆင်ကူးမြို့သို့ ကူးတော်မူပြီးလျှင် ကြည်း အားရေအားဘိ၍ အလျှင် အင်းဝမြို့သို့ချီသင့်ကြောင်းနှင့် ဗိုလ်မှူးတပ်မှူး တို့လျှောက်ကြ၍ လပြည့်ကျော်ကိုးရက် ဗုဒ္ဓဟူးနေ့ အရှေ့ဘက်စဥ့်ကူးသို့ ကူးတော်မူသည်၊ စဥ့်ကူးသို့ရောက်၍ လှေတက်လူသူ ခေါ်သိမ်းရုံးစုသည့် အတွင်း ကျိဝန်အိမ်တွင် စောင့်နေသည့် ခုံငမြတ်လှေး ထွက်ပြေးလာ ရောက်သည်တွင်မှ ဘကြီးတော်သား မင်းသားမောင်မောင် နန်းတော်သို့ ဝင်ကြောင်းကို အတပ်သိလေလျှင် သူရဲဝန်, ငယ်တိုးဝန်, နန္ဒယော်ခေါတို့ သုံးတပ် ရေဝတီမြစ်အရှေ့ဘက် ကျော်စဉ်တတန်း မြို့ကျေးရွာဆိုသမျှကို အကုန်သိမ်းရုံး၍ မြစ်ငယ်အရှေ့ဘက် ငါးရာဝကသည့် တောင်မြစ်နားကို လျှော်၍တပ်စွဲရပ်ရမည်၊မြင်စိုင်းစားမှာ မက္ခရာကကူးပြီးလျှင်တောင်ဘက် ကိုးခရိုင် မြို့ရွာဆိုသမျှကို အကုန်သိမ်း၍ အင်းဝမြို့တောင်က တပ်စွဲရပ်ရ မည်၊ မြန်အောင်ဗိုလ်မှာ ညအခါ လှေလျှင်နှင့် အမှတ်မဲ့ စုန်သွား၍ အောက်တလျှောက် မြို့ကျေးရွာများကို သိမ်းရုံးပြီးလျှင် မြို့အနောက်က တပ်စွဲရပ်ရမည်၊ အမြောက်ဝန်,အရှေ့ဝင်းမှူး, ဝေကြီးမှူးတို့ သုံးတပ်မှာ ရတနာသိဿမြို့သို့ချီ၍ ရေဝတီပြစ်အနောက်ဘက် မြောက်ဘက်တလွှား မြို့ကျေးရွာများကို သိမ်းပြီးလျှင် စစ်ကိုင်းမြို့သို့ဝင်၍ အခိုင် နေရမည်. လက်ဝဲ ဝင်းမှူး, ရွှေတိုက်ဝန်, တောင်ဘက် တိုက်ဝန်, ဝန်းကျင်းဝန်,

လက်ယာနန္ဒကျော်သူ, ကျောက်ကာဗိုလ်, မဏိစက်တို့မှာ စဉ့်ကိုင် ရောက်ချီသွားရပ်နေနှင့်ရမည်ဟု ခန့်ထားတော်မူ၍ အသီးအသီးချီစေပြီးလျှင် မင်းကြေရာဇ်က ငါတို့ အချီအသွား အရပ်အနေ မည်သို့ သင့်မည်ဟု မေးတော် မူသည်တွင် ဘိုးတော်ဘုရားသည် ပြည်တည်ထောင်စ ကာလကပင် ကျောက်မြောင်းမြို့က ရပ်နေစီရင်သမျှသည် အရေးတော်ပြီးသည်ချည်း၊ ကျောက်မြောင်းမြို့သည် မင်္ဂလာမြို့ဖြစ်ပါသည်၊ ကျောက်မြောင်းမြို့သို့ ဆန်တော်မူ၍ ရောဝတီမြစ် အရှေ့ဘက် အနောက်ဘက်ဆိုသမျှကို အကုန်သိမ်းပြီးလျှင် မြစ်စဉ်တလျှောက် လှေတက်ဆိုသမျှကိုလည်း ရုံးစု၍ ကြည်းတပ်ရေတပ် အင်ကြီးအားကြီး စုန်တော်မူရမည်၊ အင်းဝမြို့ကိုပင် မရသေးသော်လည်း စစ်ကိုင်းမြို့တွင် ကြည်းအား ရေအား အလုံးအရင်းနှင့် အခိုင် စံနေတော်မူလျှင် အင်းဝမြို့မှာ ရှိနေသမျှ လူတို့သည် ကျွန်တော်မျိုးချည်း ဖြစ်ကြသည်၊ ကိုယ်အသက်လွတ်ကြောင်း တိုင်ပင်စည်းကြပ်၍ အရေးတော် လွယ်ကာ ပြီးမည့်အကြောင်း ဖြစ်ပါသည်ဟု မြို့လတ်ဝန်ကြီးက လျှောက်သည်တွင် ဝန်ကြီးလျှောက်သည့် အရေးကို ကြိုက်တော်မူ၍ ရာဇမင်းခေါင် စဉ့်ကူးမြို့က လူသူ,လှေတက်,သိမ်းရုံးစည်းကြပ် ရပ်နေရမည်ဟု ခန့်ထားတော်မူခဲ့၍ လပြည့်ကျော်ကိုးရက်နေ့ နေမွန်းယိမ်းကို စဉ့်ကူးမြို့က ကျောက်မြောင်းသို့ ဆန်တော်မူသည်၊ ရောက်တော်မူလျှင် ကျောက်မြောင်းမြို့အရှေ့မြစ်နားတွင် တဲနန်းတော်နှင့် နေတော်မူသည်၊ ကျောက်မြောင်းမြို့ကိုလည်း ပြင်ဆင်၍ ဆင်ခလုတ်, မြင်းခလုတ်, ကတုတ်ဆူးပြောင့်ချပြီးလျှင် မြို့စီးပြစီးတင်တော်မူသည်။ စဉ့်ကူးမြို့မှာ ထားခဲ့သည့် ရာဇမင်းခေါင်ကို ခေါ်တော်မူ၍ မြင်းဝန်ကြီးနှင့် ရာဇာမင်းခေါင်တို့ကို ရတနာသိဃ်မြို့မှာမြို့ပြပြင်ဆင်၍ အခိုင်ရပ်နေရမည် ခန့်တော်မူသည်။

ထိုအခါ မြစ်ညာက လူသူသိမ်းရုံး၍ အင်းဝမြို့ပတ်လည် တပ်စွဲရမည် ခန့်သည့် သူရဲဝန်, နန္ဒယော်ဓာ, ငယ်တိုးဝန်, မြင်စိုင်းစား, မြန်အောင်ဗိုလ်တို့ကို အင်းဝမြို့က ဖမ်းမိလေ၏။ ။စဉ့်ကိုင်တွင် ရပ်နေစေသည့် လက်ဝဲဝင်းမှူး, ရွှေတိုက်ဝန်, ဝန်းကျင်ဝန်, တောင်ဘက်တိုက်ဝန်, လက်ယာနန္ဒကျော်သူ, မဏိစက်, ကျောက်ကာဗိုလ်, အာကာကျော်ခေါင်တို့လည်း အင်းဝမြို့ကချီလာသည့် ကြည်းဘပ်ရေတပ် ဝန်းရံလေလျှင် အကြီးအသီး ကိုယ်လွတ်ခွာကြသည်။ ။ရွှေတိုက်ဝန်, ဝန်းကျင်ဝန်, တောင်ဘက်တိုက်ဝန်တို့ သုံးဦးသား တပို့တွဲလပြည့်ကျော် တဆဲ့သုံးရက် တနင်္

နွေနေ့ ကျောက်မြောင်းသို့ရောက်လာ၏။ ။ရတနာသိင်္ဃမြို့သို့ ချီနှင့်စေသည့် အမြောက်ဝန်, အရှေ့ဝင်းမှူး, ဝေါကြီးမှူး, နောက်ချိမြင်းဝန်ကြီးနှင့် ရာဇာမင်းခေါင်တို့လည်း ရတနာသိင်္ဃမြို့တွင် လူသူခန့်ထား စည်းကြပ်၍နေသည့်အခိုက် မြို့တွင်း ချည်ပါစုကစ၍ တမြို့လုံး သောသောရုတ်ရုတ် ကြော်ငြာချောက်လှန့်လေလျှင် ကိုယ်စီထွက်ပြေးခဲ့၍ အမြောက်ဝန်, အရှေ့ဝင်းမှူး, ရာဇာမင်းခေါင်, ဝေါကြီးမှူး, မြင်းဝန်ကြီးတို့ အခြေအရံမပါ၊ အကွဲကွဲ၊ လပြည့်ကျော် တဆဲ့သုံးရက် တနင်္ဂနွေနေ့ ကျောက်မြောင်းသို့ ရောက်လာကြ၏။ ။ယင်းသို့ အရပ်ရပ် ခန့်ထားသမျှ မရုံးမစု မစည်းမကြပ် မရပ်မနေနိုင်ရှိလေလျှင် ဝန်ကြီး, အတွင်းဝန်, မှူးတော်မတ်တော်, ဗိုလ်မှူးတပ်မှူးတို့နှင့် စည်းဝေး၍ မင်းကေရာဇ်က အမိန့်တော်ရှိသည်ကား–

ယခု ခန့်ထားသမျှ မရုံးမစု မစည်းမကြပ် မရပ်မနေနိုင်ရှိသည်၊ ဗန်းမော်စစ်ကဲ ငကံလည်း တရုပ်ပြည်ကို ပေါက်ရောက်ဘူးသည်၊ ဥဒည်ဘွားလည်း ငကံကို မှတ်သားမိသည်၊ ယခု သည်ကတရုပ်ပြည်သို့ ဗန်းမော်ကြောင်းသွား၍ သင့်ရာအရပ်အနေပြုပြီးမှ ငကံကိုစေပြီးလျှင် တရုပ်ဥဒည်ဘွားမှာ စစ်ကူးတောင်း၍ တရုပ် အလုံးအရင်းအများနှင့် ချီ၍ အင်းဝမြို့ကို လုပ်ကြမှသာ ကောင်းမည်ဟု အမိန့်တော်ရှိပြီးလျှင် သက္ကရာဇ် (၁၁၄၃) တထောင့်တရာ့လေးဆဲ့သုံးခု တပို့တွဲလပြည့်ကျော်တဆဲ့လေးရက် တနင်္လာနေ့ မယ်တော်, နှမတော်,မင်းမိဖုရား, ဝန်ကြီး,အတွင်းဝန်,မှူးတော်မတ်တော်,ဗိုလ်မှူးတပ်မှူးတို့နှင့် ကျောက်မြောင်းကမြစ်ညာသို့ ဆန်တော်မူသည်၊ ခရီးလမ်းတလျှောက် နောက်တော်သို့ပါသမျှ ဗိုလ်မှူးတပ်မှူး သူရဲသူခက်တို့ အသီးအသီး အသက်လွတ်ကြောင်း ရှောင်ရှားထွက်ခွာကြသည်နှင့် စံပယ်နဂိုရ်သို့ရောက်လေသော် ဖောင်တော်,သမ္ဗန်တော်များကိုမျှ ဆွဲငင်မည့်သူမရှိ၊ မဆန်မတက်နိုင် ရှိလေလျှင် ဝန်ကြီးဝန်ထောက် အတွင်းဝန်တို့က ယခု ဝင်းလေးမျက်နှာ ဓားစွဲကိုယ်ရံ, မှူးတော်မတ်တော်, ဗိုလ်မှူးတပ်မှူး, သူရဲသူခက်တို့ ကိုယ်စီ အသက်လွတ်ကြောင်း ထွက်ခွာကြ၍ရှိချေသည်၊ ထီးဖြူဆောင်းသော မင်းကေရာဇ်တို့မည်သည်ကို အခြေအရံကင်း၍ တကိုယ်တည်း သူ့တိုင်း သူ့ပြည်သို့ မပေါက်မရောက်သင့်ပါ၊ ဘုန်းတော်ကံတော်သာ အရင်းဖြစ်ပါသည်၊ သမ္ဗန်တော်နှင့် အင်းဝမြို့ရောက် စုန်တော်မူမှသာ ကောင်းပါတော့မည်ဟု နားတော်လျှောက်ကြပြီးလျှင် မင်းမိဖုရားများနှင့်တကွ မင်းကေရာဇ်ကို

သမ္မန်တော်ထက်သို့တင်၍ ရုံးမိသမျှလူတို့နှင့် ဝန်ကြီး၊ အတွင်းဝန်၊ ဝန်ထောက်တို့ သမ္မန်တော်ကို ဆွဲငင်၍ စုန်ခဲ့၏။

* * *

# အမရပူရ ပဌမမြို့တည် နန်းတည် မင်းတရားကြီး

### အဝမြို့ ရွှေထီး ရွှေနန်းကို သိမ်းယူ၍ ဘောင်၊ ကားစားနှင့် ငစဉ့်ကူးမင်း၊ မိဖုရားတို့ကို ဖျောက်ခြင်း

အင်းဝမြို့မှာလည်းမင်းသားမောင်မောင်နန်းတက်မိလျှင် နောက်တော်တွင်ပါသည့် တောကျေးရွာသားတို့သည် မှူးဟောင်း မတ်ဟောင်း အမှုထမ်းဟောင်းတို့နှင့် ဥစ္စာအင်ခွင် ရှိသူတို့ကို မည်သူ့အမှုထမ်း မည်သူ့ကျေးကျွန်ဟုဆို၍ တမြို့လုံး အိမ်တိုင်းရာတိုင်း ဥစ္စာပစ္စည်းများကို မွှေနှောက်သိမ်းယူသည်၊ ယင်းသောအခါအတွင်းဝန် နေမျိုးမင်းကျော်ထင်၊ စစ်ကဲကျမ်း တုရင်ရာမကျော်၊ သေနတ်ဗိုလ်၊ ပြည်ကြီးရန်ခွင်းသူ တို့နှင့် မှူးမတ်တို့က လျှောက်ကြ သည်ကား....ဘိုးတော် ခမည်းတော် အရိုက်အရာ ရွှေထီး ရွှေနန်းကို သိမ်းမြန်း စိုးအုပ်တော် မူသည်လည်း မရှည်မကြာ အနေအထား မကျမန၊ ယခုလည်း မင်းပြုသသူကို ရွှေလက်တော်သို့မရောက်အလုံးအရင်းသင်းပင်းနှင့်တကွ ကျောက်မြောင်းတွင်ရှိနေသည်ဖြစ်၍ မြောက်ဘက်တခွင်အညာမြို့ကျေးရွာများမှစ၍ ရှမ်းပြည် ယွန်းပြည်များတွင်လည်း ကျေးဇူးခံ ကျေးဇူးစားစော်ဘွားမြို့စားဝန်စစ်ကဲ ချုပ်အုပ်ထိန်းသိမ်းလျက် သူ့အာဏာ မကင်းလေသေးသည်လည်း တကြောင်း၊ တောမီးလောင် ကြောင်လက်ပန်းခတ် ဆို၏သို့ နှလုံးစိတ်ဝမ်း ရှိသည်လည်းတကြောင်း ဘုန်းတော်ကြီးလှသောဘုရား ကိုယ်တော်မြတ်ကို သင်းပင်းကို နုတ်ပြီးလျှင် အထီး ကျန်စေလျက် သင်းပင်းလူသူ အမှုထမ်းများကို အလွယ်တကူသာ စည်းကြပ်မိသည်မှာ ဉာတိဗလအားနှင့် ပြည့်စုံသည်ဖြစ်၍ စည်းကြပ်မိသောကြောင့် ဘောင်းကားအရပ်သို့ ပို့ထားသည်လျက် ရွှယ်ရည်တော်မူတိုင်း အလွယ်တကူ သိမ်းမြန်းတော်မူလျှင် ရွှေထီး ရွှေနန်းကို သိမ်းမြန်း အောင်မြင်တော်မူသည်၊ ဘထွေးတော်များ

လည်း မည်ကာမတ္တ သိမ်သိမ်ငယ်ငယ်မဟုတ်ချေ ဘိုးတော် အလောင်းမင်းတရားကြီးဘုရား အရိုက်အရာကို ခံစံသင့်သူချည်းဖြစ်၍ ဘုန်းလက်ရုံးနှင့် ပြည့်စုံသည့်သူများဖြစ်သည်၊ စရိယသုံးပါးတွင် ဉာတတ္ထစရိယတရားနှင့်အညီ သိမ်းပိုက်မစတော်မူလိုသော်လည်း တိုင်းရေးပြည်ရေး လုပ်ရေးကြံရေး ငြိမ်ဆိမ်ရှင်းလင်း၍ရှိသည့်ကာလမှ အရေးကို မြော်တင်းတော်မူလျက် အထိုက်အလိုက်သူကောင်းပြုသင့်သည်၊ ယခုမှာ တိုင်းရေး ပြည်ရေး သာသနာတော်ရေးများကို အနေအထားကျနအောင်လည်း မစည်းမကြပ်တော်မူရသေးဖြစ်သည်၊ ဘထွေးတော်များသို့ သနားတော်မူသည့် အလုံးအရင်းများကိုလည်း သိသိမြင်မြင် သိမ်းရုံးတော်မူချေသော် ဘထွေးတော်မှ စ၍ ဘိုးတော်မူးမတ်, ခမည်းတော်မူးမတ်တို့ နှလုံး စိတ်ဝမ်းနှောင့်နှေးရန် ရှိသည်၊ သို့ဖြစ်၍ ဘထွေးတော် တို့မှာ အမှုတော်ကို ထမ်းရမည့်သူဖြစ်သည့် အကြီးအကဲပြုသူတို့ကို ဘိုးတော်လက်ထက် ပေးဘွဲ့သည်, နောင်တော်လက်ထက် ပေးဘွဲ့သည် ကျေးကျွန်တို့ကို သိမ်းရုံးစည်းကြပ်ရာ မည်မျှရသည်ကို မေးဟန်ပြု၍ အကြီးပြုသူတို့ကို အတွင်းက ချုပ်တောင်းမည် လျှောက်သည်ကို အကြိုက်ညီ၍ ဘထွေးတော်ဗဒုံမင်းသား, ပုခန်းမင်းသား, ပင်းတလဲမင်းသား, စည့်သာမင်းသားအကြီးတော်တို့ကို အတွင်းက အသီးအသီး မေးစစ်ဟန်နှင့် ချုပ်ထားသည်။

ဘထွေးတော် ဗဒုံမင်းသား သားတော် သခင်အကြီး,သခင်အလတ်, သခင်အငယ်တို့လည်းအပါးတော်မှာမပြတ်နေရသည်နှင့် အကြောင်းမျိုးကိုသိကြားလျှင် သားတော်သခင် အကြီးက ခမည်းတော်ကို လျှောက်သည်ကား …စိတ်နှလုံးကျကျ ချီးမြှင့်သိမ်းပိုက်သည် မဟုတ်ချေ၊ ရှေ့သို့တဖြည်းဖြည်း အလုံးအရင်း အတောင်အလက်ကို နုတ်သိမ်း၍ အမှုပွားများမည်ဖြစ်သည့်အကြောင်းနှင့် လျှောက်ထားလျှင် ဗဒုံမင်းသား အမိန့်တော်ရှိသည်ကား….ခမည်းတော်ဘုရား ရာဇသံတော်ထားရင်းတွင် သားတော်အစဉ် ငါ့အရိုက်အရာကို လက်ညှိုးရှည်တိုကဲ့သို့ စိုးအုပ်၍ သာသနာတော်၏ စီးပွား, ပြည်သူလူရဟန်းတို့၏ စီးပွားကို ဆောင်ရွက်ရမည်ရှိသည့်လျက် နောင်တော်မင်းတရားကြီး နတ်ရွာစံလျှင် အမိန့်တော်မြတ်ရင်းတိုင်း ညီတော် ဆင်ဖြူရှင် တိုင်းပြည်ထီးနန်းကို သိမ်းမြန်း၍ သာသနာရေး, တိုင်းပြည်ရေးများကို သိမ်းပိုက်မစ၍ မင်းအဖြစ်နှင့် ချီးမြှင့်တော်မူသည်၊ နောင်တော်ဆင်ဖြူရှင်မရှိသော်ကား-ခမည်းတော်ဘုရား ရာဇသံရှေ့ပေနှင့် အမိန့်တော်ကိုမတည်၊ သားတော်စဉ့်ကူးမြို့စား ထီးနန်းကို

သိမ်းပိုက်၍ မင်းအဖြစ်သို့ရောက်လျှင် ခမည်းတော် နောင်တော်တို့ လက်ထက် ပြည်မှု တိုင်းမှုကိုစီရင်သော မှူးမတ်တို့ကို ပယ်ရှား၍ မလိမ္မာသော ကျေးကျွန်တို့ကို ရာကြီးထူးကြီး၌ ထား၍ စီရင်စေသည်နှင့် ငါတို့ ဆွေကြီး မျိုးကြီးများကိုလည်း မှူးမလိမ္မာ, မတ်မလိမ္မာတို့ စကားကို နာယူ၍ စားကျေးမြို့ရွာ ဥစ္စာပစ္စည်း ကျေးကျွန်ကို သိမ်းရုပ်ပြီးလျှင် အသီးအသီး ဝိုအပ်၍ အစောင့်အနေနှင့်ချည်း ထားသည်နှင့် စဥ့်ကူးစား တိမ်းယိမ်း၍ နောင်တော့်သား ထီးနန်းကို စိုးအုပ်ပြန်လျှင်လည်း ငါတို့ဆွေကြီး မျိုးကြီးများကို ခေါ်သိမ်း၍ ခမည်တော် နောင်တော်တို့နည်း သိမ်းပိုက်မစမည့်အဟန်ပြုပြီးလျှင် မှူးမတ်တို့စကားကို နာယူ၍ ရှေးထက်ပင်ယုတ်နှိမ်းအောင် ကြံမည့်လက္ခဏာ ဖြစ်ချေသည်၊ ငါသည် အကုသိုလ်တရားကို မပွားများစေလို၍ မင်းအဖြစ်ကို မလိုသော်လည်း ချမ်းသာစွာ နေရမည့်လက္ခဏာမရှိ၊ ရှေးမင်းကောင်းမင်းလောင်းတို့လည်း သတ္တဝါအပေါင်း ချမ်းသာစီးပွားများမြတ်မည့် အမှုကို မင်းအဖြစ်နှင့် မစချီးမြှင့်ကြသည်၊ ကိုယ်တော်၏ အကျိုးစီးပွား များမြက်မှ ဉာတတ္ထစရိယ, ဗုဒ္ဓတ္ထစရိယ, လောကတ္ထစရိယ သုံးပါးကို ဖြည့်ကျင့်ဆည်းပူး၍ သဗ္ဗညုတ ဆုမြတ်ကို ထောက်လှမ်းနိုင်ရာသည်၊ သို့ဖြစ်၍ယခုမှာလည်းကိုယ်တော်ရေးကောင်းမှ ဆွေတော် မျိုးတော် မှူးတော်မတ်တော် ပြည်သူ လူအပေါင်းတို့ ချမ်းသာရာဖြစ်မည်–အမိန့်တော်ရှိပြီးလျှင် သားတော် ညီတော် ကျေးကျွန်တို့နှင့် ညှိနှိုင်းတိုင်ပင်မည်၊ ညီတော်ပင်းတလဲမင်းသားကို တုရင်ရဲကျော်ကို ခေါ်စေသည်၊ စည်သာ မင်းသားကိုလည်း မင်းလှစည်သူကို ခေါ်စေသည်၊ စည်သာမင်းသားကို အိမ်တော်မှာမတွေ့သောကြောင့် အသည်ဝန်ကြီးအိမ်သို့ လိုက်၍ စုံစမ်းလျှင် အသည်ဝန်ကြီး, စည်သာမင်းသား, ဝန်ကြီးမယားတို့သုံးဦး တိုက်တွင်းတွင် တိုင်ပင်ရှိနေကြောင်းကို သိသောကြောင့် မင်းလှစည်သူ စည်သာမင်းသားအိမ်သို့ ပြန်၍ စောင့်နေခေါ်ခဲ့သည်။

သားတော် ညီတော်တို့အရောက်ညီကြလျှင် ဗဒုံမင်းသားအမိန့်တော်ရှိသည်ကား····ခမည်းတော် နောင်တော်တို့ အရိုက်အရာ ရွှေထီးရွှေနန်းကို နောင်တော် အကြီးသား သိမ်းယူလျှင် ငါတို့ဆွေကြီး မျိုးကြီးတစုလည်း မင်းအဖြစ်ကို မလို ကူညီ၍မစချီးမြှင့်မည်နှလုံးရည်ကြသည်၊ ကျေးမိုက် ကျွန်မိုက်တို့ စကားကို နာယူ၍ မောင်တို့ ငါတို့ကိုပင် အမှုရှာကြံမည့် လက္ခဏာရှိသည်၊ မည်သို့ကြံခဲ့သည်ဟု အမိန့်တော်ရှိ၏။

ယင်းသို့အမေးတော်ရှိလျှင် သားတော်အကြီးသခင် လျှောက်သည့်ကား…ယခုအရေးသည် ဆေးဆေး နှေးနှေး ကြံဆောင်တော်မူရမည့်အရေးမဟုတ်-ဆောဆောလျင်လျင် ကြံတော်မူလျှင်သာ အရေးတော်ကောင်းမည်၊ ယခု သူတို့စည်းကြပ်ညှိနှိုင်းကြသည့် အတိုင်း ကျွန်တော်တို့က အကြီးအကဲပြုသမျှ လူတို့ကို သိမ်းဆည်းမိချေလျှင် ကြံကြိုက်ရာရာမကြံသာရှိမည်၊ ကျွန်တော်တို့သုံးရက် လေးရက် စည်းကြပ်စုရုံးရာလည်း လူသုံးရာ လေးရာ ကိုယ်စီရှိကြပြီးသည်၊ လူသုံးရာလေးရာလည်း တစိတ်တဝမ်းတည်း အမှုတော်ကို ကြိုးပမ်း၍ ရှယ်ရည်တော်မူသည့်အတိုင်း ပြေကုံအောင် ထမ်းရွက်မည့်လူချည်းဖြစ်သည်၊ သူတို့က အတွင်းပြင် အကြီးအအုပ်ပြု၍ စီရင်သူတို့လည်း မင်းနှင့်တကွ အညာမှာအလုံးအရင်းနှင့် ရှိလေသည်၊ မမိမရသေး၍ အညာအရေးကိုသာ ဘိဘိစီးစီး စည်းကြပ်စုရုံးသောကြောင့် အမှုထမ်းကြီးဆိုသမျှလည်း ကွာဝေးလျက်ရှိသည်၊ သူတို့မှာ ရှေ့ရေး နောက်ရေး မြော်ခေါ် ထောက်ထားနိုင်သူ အမှုကို သိကျွမ်းလိမ္မာ၍ သက်စွန့်ကြိုးပမ်း ထမ်းရွက်မည့် လူတစု ကွာဝေးသည့်အတွင်း ချက်တဖြုတ် ရုံးမိသမျှသူရဲနှင့် လုပ်ကြံရလျှင် အလိုတော်အတိုင်းရောက်မည်၊ ကျွန်တော်တို့တစုလည်း အမှုတော်ကိုကြိုးပမ်းထမ်းရွက်မည်ဟု လျှောက်၏။

ယင်းသို့ သားတော်အကြီး သခင်လျှောက်လျှင် ညီတော် ပင်းတလဲမင်းသား လျှောက်သည့်ကား… ယခု သားတော်အကြီး လျှောက်သည့်အရေးသည် မှန်ပေသည်၊ ဆေးဆေးလေးလေး ကြံဆောင်တော် မူချေသော် ကိုယ်တော်မြတ်အကျိုး, သားတော် ညီတော် ပြည်သူလူရဟန်းတို့အကျိုး,သာသနာတော်စီးပွားယုတ်နွမ်းရာသည်ဖြစ်သည်၊တိုင်းနေပြည်သူရှင်လူပုဏ္ဏားတို့လည်း စိတ်နှလုံးမကျ အမှုထမ်း အရာထမ်းတို့လည်း သဘောမငြိမ်မဝပ်ရှိသည့်အတွင်း ယခု ကျွန်တော်တို့ ကြံဆောင်ရလျှင် အလွယ်တကူပြီးမည်လျှောက်၏။ ။ယင်းသို့ သားတော်အကြီး, ညီတော် ပင်းတလဲမြို့စား သခင်တို့လျှောက်လျှင် ညီတော်စည်သာမင်းသားမှ စ၍ ရဲဘော်ကျွန်တော်ရင်းတစုတို့လည်း သားတော်ညီတော်တို့လျှောက်သော အရေးသည် သင့်မြတ်လှပေသည်၊ ကျွန်တော်တို့ ကျေးကျွန် တစုလည်း အမှုတော်ကို ကြိုးပမ်း၍ ထမ်းမည်ဟု လျှောက်ကြ၏။

ယင်းသောအခါ ဘထွေးတော် ဗဒုံမင်းသားလည်း သားတော် ညီတော်တို့ လျှောက်သည့်အရေးကို ကြိုက်တော်မူ၍ ကိုယ်တော်တိုင် ရုံး

တော်သို့ ထွက်တော်မူပြီးလျှင် ပြည်သူပြည်သားတို့ စိတ်နှလုံးအနေမကျ မသေမဝပ် ထိတ်လန့်လျက် ရှိကြသည်၊ ပြည်သူပြည်သားတို့ စိတ်နှလုံး သေဝပ်အောင် နက်ဖြန်မြို့ကိုလှည့်၍ ပြည်သူပြည်သားတို့ကို လိပ်ပြာသွင်းမည်ဟု ဝန်ကြီးဝန်ထောက်တို့ကို အမိန့်တော်ရှိ၍ ပြန်တော် မူခဲ့သည်၊အိမ်တော်သို့ ရောက်လျှင် စားတော်ဆန်ဖွပ် ရွာတွင် သီတင်းသုံးနေသော စည်သာသူမြွတ်ကိုပင့်၍ အခါတော်တောင်းသည်၊ စည်သာသူမြွတ်လည်း စေ့စုံစွာ တွက်ချက်ထောက်မြော်ပြီးလျှင် ယနေ့သည် ဖွားတော်နေ့လည်း ကြိုက်သည်၊ ဇာတာတော်ဂြိုဟ် အရောက်အနေ အတန့်အရပ်များတွင်လည်း အစီးအနင်း သန့်ရှင်းသည်။ ယနေ့သည် အလွန် ဇုတ်ရပ်ကြိုက်သည့်နေ့ဖြစ်သည်၊ ယနေ့ နှစ်ချက်တီးအချိန်ပင် အခါတော် ကောင်းလှသည်ဟု လျှောက်၏။

ယင်းသို့ စည်သာသူမြွတ် ဆက်သော အခါကို ကြားတော်မူလျှင် သားတော် ညီတော်တို့နှင့် တိုင်ပင်စည်းကြပ်ပော်မူသည်ကား-ညီတော် ပင်းတလဲမင်းသား, စည်သာမင်းသားတို့မှာ အမှုထမ်း ကျွန်တော်ရင်းလူတစုနှင့် နန်းမြို့မြောက်ကိုလှည့်၍ ရွှေရုံးတော်သို့ရောက်စေရမည်၊ ငါကိုယ်တော်မှာ သားတော်သုံးပါး, အမှုထမ်း သုံးရာကျော်, ရဲဘော်ကျွန်ရင်းတကျိပ်နှစ်တို့နှင့် နန်းမြို့တော်ကိုလှည့်၍ အရှေ့ရွှေးတော်ယူတံခါးက ဝင်တော်မူမည်-ခန့်ရန် စည်းကြပ်တော်မူ၍ မြို့လှည့်တော်မူမည်ဟု အသံဖြစ်စေပြီးလျှင် (၁၁၄၃) တထောင့်တရာ့လေးဆဲ့သုံးခု တပို့တွဲလပြည့်ကျော် တဆဲ့လေးရက် တနင်္လာနေ့ အခါတော်နီးလျှင် ဝင်းတော်အရှေ့ကထွက်တော်မူ၍ နန်းမြို့တောင် လမ်းမတော်သို့လှည့်၍ ချီတော်မူသည်။ ရွှေရုံးတော်သို့ ရောက်လျှင် အခါတော် မရောက်သေးသည်နှင့် အခါတော်ကို ဆိုင်းလင့်တော်မူသည်၊ ညီတော် ပင်းတလဲမင်းသား, စည်သာမင်းသားဘို့လည်း ခန့်ရန်စည်းကြပ်သည့်အတိုင်း နန်းမြို့မြောက်ကိုလှည့်၍ အသီးအသီး တပ်နှင့်ချည်း ရွှေရုံးတော်သို့ ဆိုက်ရောက် လာကြသည်၊ အခါတော်ရောက်လျှင် မင်းကြီးမင်းခေါင်ကျော်ရုံးတော်ကို လှံနှင့်လွှတ်သည်တွင် မြို့ဝန် နေမျိုးဇေယဂါမဏိရုံးကဆင်း၍ ဦးချပြီးမှ အမှုတော်ကို ထမ်းရွက်ပါမည်လျှောက်၏။မြို့ဝန်-ခမည်းတော် ကျေးဇူးသစ္စာတော်ဝမ်းတွင်ရှိသည့်အတိုင်းရွှေရုံးတော်ကနေ၍ရာဇဝတ်တော်ရေးကင်းလွတ်လုံခြုံအောင် ငါ့အမှုတော်ကိုထမ်းရွက်ထိန်းသိမ်း စောင့်နေရမည်-အမိန့်တော်ရှိပြီးလျှင် ရွှေးတော်ယူတံခါးက ဝင်တော်မူသည်၊ လွှတ်တော်ရှေ့

သို့ရောက်လျှင် အတွင်းနန်းတော်မြို့တံခါးပိတ်ထားရှိသည်နှင့် ရွှေးတင်းကုပ်တွင် ဆင်တော်ပိတောက်ကန် မုန်နှင့်ချည်ထားရှိသည်ကို ဦးစီးငချမ်းသာပုံကို လက်သုံးတော်ခေါ်ပြတော်မူလျှင် ငချမ်းသာပုံ ဦးသုံးကြိမ်ချ၍ ဆင်တော်ပိတောက်ကန်ကိုတက်ပြီးလျှင် ချွန်းဖွင့်၍ တံခါးနီကို အပြင်းလွှတ်သည်၊ တံခါးတဆပ်ပွင့်လျှင် အတွင်းတံခါးမပွင့်၍ ရဲမက်တော်တို့အဲ၍နေစဉ် အတွင်းကြေးတိုက်မှာ ချုပ်ထားသည့် အကြီးတော် ဇောတသိန်လည်း အောင်စည်အောင်မောင်းနှင့် သဲသဲရုတ်ရုတ် ကြော်ငြာသံကို ကြားလျှင် သိနှင့်ရင်းဖြစ်၍ ချုပ်ထားရာကထွက်ခဲ့ပြီးလျှင် တံခါးနီကိုဖွင့်သည်၊ ရဲမက်တော်အလုံး ဝင်မိလျှင် မြေနန်းတွင် ခင်ထားသည့်သေနတ်အမှုထမ်းတို့က အမှုထူးချေပြီဟုသိ၍ အတွင်းဝန်နေမျိုးကျော်ထင် ကြီးကြပ်ပစ်ခတ်သည်၊ ရဲမက်တော်တို့လည်း အကြောက်အရွံ့မရှိ မြေနန်းအရှေ့ ဘောင်မြောက်လှည့်၍ ကပ်မည်အတွင်း အမြောက်မှူးကာပရယ်နှင့် အမြောက်အစုသားတို့ ခင်းထားရှိသည့်အမြောက်ကို ရှို့မည်မီးစာကိုင်၍ချဉ်းလျှင် အမြောက်မှူး ကာပရယ်ကို လက်သုံးတော် ခေါ်ပြတော်မူသည်၊ ကာပရယ်လည်း လက်သုံးတော် ခေါ်ပြတော်မူလျှင် အရှေ့သို့လှည့်၍ထားသည့်အမြောက်ကို အနောက်သို့လှည့်၍ ဖောက်သည်။

ယင်းသို့ အထွေးထွေးရှိစဉ် အလေးအစားမရှိ ချွံချွံဝင်တော်မူ၍ မြေနန်းတော်အရှေ့ မင်းတက်လှေကားက တက်တော်မူသည်၊ မြေနန်းတွင် ဆီးခံသူတို့သည် မြေနန်းကိုခုန်ကျော်၍ ထွက်ပြေးကြလေသည်၊ နန်းတော်လက်ဝဲသက်ယာကိုလည်း ကျွန်တော်ရင်း သူရဲတို့ကိုခွဲ၍ နန်းတော်ကို ဝန်းရံစေပြီးလျှင် နန်းတော်ထက်မှာ မင်းပြုသူမောင်မောင်ကို ဖမ်းစေသည်၊ ဘောင်းကားစားသည်း နန်းတော်ကိုဝန်းရံမိ၍ မခွာမထွက်နိုင်၊ သူရဲတော်တို့ ဖမ်းမိလေလျှင် ဗဒုံမင်းသီရိသုဓမ္မရာဇာသည် ခမည်းတော် နောင်တော်တို့ အရိုက်အရာ ထီးနန်းတိုင်းပြည်ကို သက္ကရာဇ် (၁၁၄၃) တထောင့်တရာ့ လေးဆဲ့သုံးခု တပို့တွဲ လပြည့်ကျော် တဆဲ့လေးရက် တနင်္လာနေ့ သိမ်းမြန်း စိုးအုပ်တော်မူသည်၊ ဘောင်းကားစားကိုလည်း ထုံးစံနှင့်အညီ စီရင်တော်မူ၏။

ဘောင်းကားစားကား–သက္ကရာဇ် (၁၁၂၅) တထောင့်တရာ့နှစ်ဆဲ့ ငါးခု သီတင်းကျွတ်လဆန်း ခြောက်ရက် ကြာသပတေးနေ့ ဖွားသည်၊ အသက် တဆဲ့ရှစ်နှစ်နှင့်လေးသတွင် မင်းဖြစ်၍ မင်းစည်းစိမ် ခုနစ်ရက်တွင် နန်းကျ၏၊ ။မြစ်ညာကလည်း မြို့လတ်ဝန်ကြီး,ကင်းဝန်, ကျီဝန်တို့

နှင့် သတိုးသီဟသူတို့ စဉ့်ကူးမင်းနှင့်တကွ မယ်တော် နှမတော် မိဖုရားတို့ကို သိမ်းယူ၍ ခြေရင်းတော်သို့ ဆိုက်ရောက်လာလျှင် စဉ့်ကူးမင်းနှင့်တကွ တောင်နန်း,မြောက်နန်း, အလယ်နန်း, အနောက်နန်းမိဖုရား ကျေးရင်းကျွန်ရင်းတို့ကိုလည်း တပေါင်းလဆန်းသုံးရက် ကြာသပတေးနေ့ ထုံးစံနှင့်အညီ စီရင်တော်မူသည်။

မဟာဓမ္မရာဇာဓိရာဇာ–အမည်တော်ရှိသော စဉ့်ကူးမင်းသည် သက္ကရာဇ် (၁၁၁၈) တထောင့်တရာ့တဆဲ့ရှစ်ခု၊ ကဆုန်လဆန်းတဆဲ့နှစ်ရက် တနင်္လာနေ့ နံနက်လေးချက်တီးကျော် မိဿတွင် ဗုဒ္ဓဟူး၊ ပြိဿတွင် တနင်္ဂနွေ၊ မေခုန်တွင်လက်နှင့်သောကြာ၊ ကြကင့်တွင် အင်္ဂါ၊ သိဟ်တွင် ရာဟု၊ ကန်တွင် စန်းနှင့်ကြာသပတေးအခါတွင် ဖွားမြင်တော်မူသည်။ ။ သက္ကရာဇ် (၁၁၃၈) တထောင့် တရာ့ သုံးဆဲ့ရှစ်ခု၊ နယုန်လပြည့်ကျော် ကိုးရက် တနင်္ဂနွေနေ့ သက်တော်နှစ်ဆဲ့တလတွင် မင်းအဖြစ်သို့ ရောက်တော်မူသည်၊ ။ငါးနှစ် မင်းအဖြစ်စံတော်မူ၍ သက်တော် နှစ်ဆဲ့ ငါးနှစ်နှင့် ကိုးလသော် နန်းကျတော်မူသည်။ ။နန်းကျတော် မူလိုသော် တောင်အရပ်က လိပ်ပြာ မိုးလုံးပြည့်မျှ ပြန်လာ၍ မြစ် မြောက်ဘက်သို့ ကူး၏၊ မြို့ရိုးတံခါးဝက ဆင်ရိုင်း ကျ၍ သေ၏၊ တိမ်တံခွန် ပြ၏၊ ဥပါကြီးစွာကျ၏၊ တမိုးလုံး သွေးခပေါက်ကဲ့သို့ ခြင်းခြင်းနီ၏၊ မြို့ရိုးပတ်လည် အစိတ်အစိတ်ကွဲအက်၏၊ ပင်းယရွှေစည်းခုံဘုရားပြို၏။

မဟာဓမ္မရာဇာဓိရာဇာ–အမည်တော် ရှိသော စဉ့်ကူးမင်း သည်ကား အလှူအတန်း အပေးအကမ်း ရက်ရောလွှ ရမ်းတော်မူ၏၊ အခွန်အတုတ် အကောက်အစား စစ်မက် ခိုးသူဒဏ္ဍာ မင်းခစတမန် ငြိမ်း၍ တိုင်းပြည် ဝပြောစည်ပင်သာယာ၏၊ နောက် နန်းကျခါနီးတွင်မှ သေနှင့်အကျွမ်း ဝင်လေ၍ မှားယွင်းသည် များခဲ၏။

ပြုတော်မူသော ကောင်းမှုတော်ကား····ရှေးမင်းတို့ကောင်းမှု–မဟာမြတ်မုနိ, ဂူတော်သစ်, မြို့တွင်းစည်းခုံ, ရွှေစာရံ,မွေအံတော် စေတီတော်များ ယိုယွင်းရှိသည်ကို အသစ် ပြုင်ဆင်တော်မူ၍ ချရားသီးကသည့် မြေတိုင်ရွှေပိန်းထည့်တော်မူသည်(၅)။ ။ပင်းယရွှေစည်းခုံဘုရားမှာ အုတ်အသင့် လုပ်ဆောင်လျက်ရှိသည်၊အပြီးမတိုင်လေ။ ။ဝတ်ချက်ရွာအောက် ချေးကျောက်စံကစတော် ကျောင်းရာဟောင်းတွင် ရတနာစံလွတ် သုံးကပ် ဇေတာန်ကျောင်းတော် (၆)။ ။အင်းဝမြို့ကြီးတောင် ရှေးမိုးထိကျောင်းရာဟောင်းတွင် အရံတဆဲ့နှစ်ကျောင်း, ပိဋကတ်တိုက်, တံတိုင်းမိ တား

များနှင့်တကွ မဟာမင်္ဂလာရွှေဘုံ ငါးထပ် ဇေတဝန် ကျောင်းတော် (၇)။ ။လောကသရဘူဘုရားရှင်ကို တံတိုင်းမီးတားနှင့်တကွ အသစ်ထပ်မံ တည်လုပ်ပြီးလျှင် ရွှေထီးတင်တော်မူ၏၊ ထီးချရားသီးကသည် မြေတိုင်အောင် ရွှေပိန်း ထည့်တော်မူပြီးလျှင် မဟာလောက သင်းကျစ် သမိုက်တော်မူသည် (၈)။ ။ဘုရားရှင့် အရှေ့မြေပြင်ဝယ် တံတိုင်းမီးတားနှင့်တကွ ဘုံကျော်ဝေယန် လေးထပ်ဇေတဝန်ရွှေကျောင်းတော်(၉)။ ။ဤသို့ ကိုး၌ာနသော ကုသိုလ်တော်တို့ကို ပြုတော်မူ၏။

သားတော် သမီးတော်ကား····တောင်နန်းမိဖုရား မဟာရတနာစန္ဒာဒေဝီတွင် သမီးတော် ပင်းယမြို့စားတပါး၊ မြောက်နန်းမိဖုရားသီရိမဟာနန္ဒာဒေဝီတွင် သမီးတော်တပါး၊ အလယ်နန်းမိဖုရား သီရိမဟာရတနာစန္ဒာဒေဝီတွင်သမီးတော်တပါး၊မောင်တော် ပြင်စည်မြို့စားတပါး၊ဖောင်ဝန်သမီး မြတ်စွာဒေဝီတွင်သားတော် ဇရွှံမြို့စားတပါး၊ ယိုးဒယားဝန်ကျော်ထင်ကျော်သူသမီးတောင်တွင်းမြို့စားတွင် သားတော်မောင်ကလေးတပါး၊ လှေသင်းဝန် ဒေဝရွှေတောင်သမီး မြေဒူးမြို့စား ပဒုမ-မဟေသီတွင် သားတော်မောင်ကြီးတပါး၊ နောက်ဝင်းမှူး နေမျိုးသူရသမီး ဝဏ္ဏာဝတီတွင် သားတော်မောင်ကလေးတပါး၊ မြောက်နန်းတော် ညီမတော်အမိကလေးတွင် သမီးတော်-ငယ်ကလွန်တပါး၊ ကျီစိုးသမီး စန္ဒာဝတီတွင် သမီးတော်-ငယ်ကလွန်တပါး၊ ရွှေတံခါးမင်းသမီးတွင် သမီးတော်ငယ်ကလွန်တပါး၊ သားတော်ခြောက်ပါး, သမီးတော်ငါးပါး, သားတော် သမီးတော်ပေါင်း တဆဲ့တပါးတည်း။

### စည်သာမင်းသားနှင့် ဝန်ကြီးမဟာသီဟသူရတို့ကို ကွပ်ခြင်း, အောင်မြေလောက စေတီတော်တည်ခြင်းစသည်

သက္ကရာဇ် (၁၁၄၃) တထောင့်တရာ့လေးဆဲ့သုံးခု တပိုတွဲ ယပြည့်ကျော် တဆဲ့လေးရက် တနင်္လာနေ့ ဗဒုံမင်းသီရိသုဓမ္မရာဇာ မင်းတရားကြီး ဘုရားသည် ခမည်းတော် နောင်တော်တို့ အရိုက်အရာ ရွှေထီးရွှေနန်း တိုင်းကားနိုင်ငံတော်ကို သိမ်းမြန်းစိုးအုပ်တော်မူ၍ အရေးတော်ဆိုသမျှ ရှင်းသင်းကုံတွင်လျှင် မဟာသီဟသူရ,မဟာစည်သူ,နေမျိုးသီရိနော်ရထာတို့နှင့်ဘက်၍ မြို့ဝန် နေမျိုးဇေယျကျော်ကို အဂ္ဂမဟာသေနာပတိဝန်ကြီး ခန့်တော်မူသည်။

တရားစစ် စည်သူဇေယကျော်ထင်နှင့် ဘက်၍ အကြီးတော်ဇောတသိခ်, စာရေးကြီးစန္ဒဝေသော်, ဗျတ္တသရေတို့ကိုလည်း ဝန်ထောက် ခန့်တော်မူသည်။

နန္ဒမိတ်ကျော်ထင်,ကျော်ထင်ရန္တမိတ်, ဘယဒေဝ, ငမှိုတို့ကိုလည်း စာရေးကြီး ခန့်တော်မူသည်။

တပေါင်းလဆန်းခြောက်ရက် တနင်္ဂနွေနေ့ သီဟမင်းရဲ, တုရင်တင့်မှန်, နရာပျံစ, တုရင်မဏိသူ, တုရင်ရဲကျော်, ငဦး, တုရင်မှန်သူ, ငချစ်အို, ငကူး, ငခဲ, ငအို, ငစံမြတ်တို့ ရိုးရင်းဘက် ကျွန်တော်မျိုး တကျိပ်နှစ်ယောက်ကို ငွေသပြာသုံးထောင်စီ ဆုပေးတော်မူသည်၊ထိုပြင်ကျွန်တော်မျိုးအပေါင်းတို့ကိုလည်း ငွေသပြာ သုံးရာစီဆုပေးတော်မူသည်။

တပေါင်းလဆန်း တဆဲ့နှစ်ရက် စနေနေ့ ညီတော် စည်သာမင်းနှင့် ဝန်ကြီး မဟာသီဟသူရတို့ မသင့်သောအကြံကို ကြံစည်သောကြောင့် ထုံးစံနှင့်အညီ စီရင်တော်မူသည်။ ဝန်ကြီး မဟာသီဟသူရနှင့် သား- ငဦး, ငရွှေသာ, ငမင်းပြေ,ငသိလ, ငရွှေရေးတို့နှင့် ပင်းယသေနတ်ဝန်လက်ယာနန္ဒကျော်သူ, ကျောက်ကာသေနတ်မိုလ် အာကာကျော်ခေါင်တို့ကိုသည်း တိုင်ပင်ရာပါဝင်သူများဖြစ်သည်ဟု ကွပ်မျက်တော်မူသည်။ မဟာသီဟသူရမရှိလျှင် ဝန်ကြီး မဟာစည်သူ, နေမျိုး သီဟနော်ရထာ, နေမျိုးဇေယဂါမဏိတို့နှင့်ဘက်၍ မင်းလှကျော်ထင်ကို အဂ္ဂမဟာသေနာပတိဝန်ကြီး ခန့်တော်မူသည်။ ။ခင်လတ်မိုလ် မဟာသီရိဇေယသူရနှင့် အမှုသမ်းဟောင်း ဂါမဏိသင်္ကြံ ကိုလည်း မြို့ဝန် ခန့်တော်မူသည်။ ။ စလေမြို့စား နေမျိုးသူရကို ရှေ့ဝင်းတော်မှူး၊ မဏ္ဍရာမိုလ် နေမျိုးသခ်ယာကို လက်ဝဲဝင်းတော်မှူး၊ ကျွန်တော်ရင်း မဏိစန္ဒကို လက်ယာဝင်းတော်မှူး၊ ကျွန်တော်ရင်း သိဒ္ဓိသရေကို နောက်ဝင်းတော်မှူး ခန့်တော်မူသည်။

ထိုမှတပါး ရဲဘော်ကျွန်တော်ရင်းတကျိပ်နှစ်ယောက်တို့ကို နောက်မှ အထိုက်အလိုက် ရာထူးခန့်ထားတော်မူသည့်ကား-သီဟမင်းရဲကို လမိုင်းဝန်၊ မင်းကြီးမင်းခေါင်ကျော်ကို ကျိုဝန်၊ တုရင်တင့်မှန်ကို ငါးစုဒိုင်းဝန်၊ နရာပျံစကို တောင်ဘက်မြင်းဝန်၊ တုရင်မဏိသူကို မြောက်ဘက်မြင်းဝန်၊ တုရင်မှန်သူကို တောင်ဘက်တိုက်ဝန်၊ ငစံမြတ်ကို မြေခွန်ဝန်၊ ငချစ်အိုကို မြင်းတော်ခံ၊ ငကူးကို သူရဲဝန်၊ ငခဲကို မဟာဒါန်တိုက်ဝန် ခန့်တော်မူသည်။

တန်းခူးလဆန်း ခုနစ်ရက် ဗုဒ္ဓဟူးနေ့ နန္ဒာတိထိခြောက်လုံး၊ပဋ္ဌမကိန်း မဟာဝရုစုတ်မြတ်၊ နက္ခတ်လေးလုံး၊ ကံလက်၊ ပြိဿစန်း၊ ဓာတ်ရာသီ တွင်ရပ်စဉ် ကြာသပတေး, စနေ ဂြိုဟ်ကြီးတို့နှင့် လာဘအိမ်တွင် တရိဂေါဏကိန်း ရသည့်အခါတော်၌ စစ်ကိုင်းမြို့ ထူပါရုံဘုရား အနောက်တောင်ယွန်း စံနေတော်မူသည့် အိမ်တော်ရာတွင် စေတီတည်တော်မူသည်။

တန်းခူးလဆန်း တဆဲ့လေးရက် တနင်္လာနေ့ နှစ်ချက်တီးကျော် ငါးနာရီသုံးပါဒ်၊ ဆယ်ဗီဇနာ၊ လေးပြန်၊ ခရာပြည့်တွင် စစ်ကိုင်းစေတီတော်ကို ဌာပနာတော်မူသည့်ကား····ပဋ္ဌမအလယ်တိုက်တော်တွင် နဝရတ်ကိုးပါးဖြင့်ပြီးသော ရွှေကြုတ်သုံးလုံး၌ ပမာဏအားဖြင့် သုံးပါးပြားသော ဓာတ်တော်များကို သွင်းပြီးလျှင် ရတနာအတိပြီးသော ငွေသင်းဘောထက် ရွှေပြာသာဒ်လုပ်၍ ထိုသင်းဘော၏အတွင်း၌ ဓာတ်တော်ကြုတ်ကို ထားလျက် ဌာပနာတော်မူသည်။

ဘုရားအလောင်း တောထွက်တော်မူသော အခန်း၊ ဒုက္ကရစရိယာ ခြောက်နှစ် ကျင့်တော်မူသောအခါ အာဠာရ ဥဒကရသေ့တို့နှင့် တွေ့သောအခန်း၊ ပဥ္စဝဂ္ဂီ ငါးယောက် လုပ်ကျွေးဟန်၊ ဘုရားဖြစ်တော်မူ၍ ဗောဓိပလ္လင်၌ ခုနစ်ရက်,အနိမိသ၌ ခုနစ်ရက်, ရတနာစင်္ကြံ၌ ခုနစ်ရက်, ရတနာဃရ၌ ခုနစ်ရက်,အဇပါလ၌ ခုနစ်ရက်, မုစလိန္ဒာအိုင်၌ ခုနစ်ရက်, ရာဇာယတန၌ခုနစ်ရက် ရက်ပေါင်းလေးဆဲ့ကိုးရက်နေတော်မူဟန်၊ထိုကထွက်တော်မူသောအခါ တပုဿဘလ္လိကညီနောင် ပျားဆုပ်မုံ့ လှူဟန်၊ စတုလောကပါလာ နတ်သားလေးယောက် ဇုန္ဒနီလာဖြင့် ပြီးသော သပိတ်လေးလုံး ကပ်လှူသည်ကို ပယ်တော်မူ၍ ပဲနောက်အဆင်းရှိသော ကျောက်သပိတ်လေးလုံးကို လှူရာတွင်မှ ခံတော်မူပြီးလျှင် မိဋ္ဌာန်တော်မူ၍ လက်တော်နှင့် နှိပ်တော်မူသော် အနားလေးရစ်ရှိသော သပိတ်တလုံးတည်းဖြစ်၍ သုံးတော်မူဟန်၊တပုဿ ဘလ္လိကညီနောင်တို့အား ဆံတော်ရှစ်ချောင်း အပ်တော်မူ၍ သိင်္ဂုတ္တရကုန်း၌ စေတီတည်ထား ကိုးကွယ်ဟန်၊ တောထွက်တော် မူသောအခါ ဖြတ်တော်မူသော ဆံတော်ကို သိကြားဆောင်ယူ၍ စူဠာမဏိပုထိုးတော် တည်ထားကိုးကွယ်ဟန်၊ ရွှေသားဇာတိ သွန်းလုပ်၍ နဝရတ်ကိုးပါး စီခြယ်လျက် ဌာပနာတော်မူသည်။ ။ရွှေပေ ငွေပေတို့၌ရေးသော မင်္ဂလစေတီကိုလည်း ရွှေကျည် ငွေကျည်တို့၌သွင်း၍ ဌာပနာတော်မူသည်။

ဘုရားရှင့်တပည့်သားတော် အသီတိရှစ်ကျိပ်ကိုလည်း ရွှေရုပ်တုသွန်း၍ ဌပနာတော်မူသည်၊ အထူးထူးသော မြဆင်းတု၊ ဣန္ဒနီလာ ဆင်းတု၊ မိုးပြေးဆင်းတု၊ ရွှေစေတီ၊ ငွေစေတီ၊ ဖလ်စေတီ၊ ရွှေထီး, ရွှေတံခွန်၊ ငွေထီး, ငွေတံခွန်၊ ရွှေပန်းဆိုင်း, ငွေပန်းဆိုင်း၊ ရွှေတန်ဆောင်, ငွေတန်ဆောင်ခြံရံလျက် ကြည်ညိုဘွယ် များစွာထားတော်မူသည်။

ခမည်းတော် အလောင်းမင်းတရားကြီးအရုပ်၊ မယ်တော်မိဖုရားခေါင်ကြီးအရုပ်၊ နောင်တော်စစ်ကိုင်းမြို့တည်မင်းတရားကြီးအရုပ်၊ နောင်တော် အင်းဝမြို့တည် ဆင်ဖြူ့ရှင် မင်းတရားကြီးအရုပ်၊ ဘဝရှင် မင်းတရားကြီးအရုပ်၊ နန်းမတော် မိဖုရားခေါင်ကြီးအရုပ်၊ မြောက်နန်းတော် အရှင်မိဖုရား၊ အလယ်နန်းတော် အရှင်မိဖုရား၊ သားတော် ရွှေတောင်မင်း၊ သမီးတော် ကန္ဒီမင်းသမီး သမီးတော်တောင်တွင်းကြီး မင်းသမီး၊ မြေဒူးမင်းသမီးတို့ အရုပ်များကိုလည်း ရွှေသားစတေသွန်းတော်မူ၍ ရတနာအတိပြီးသော ရွှေပန်းခိုင်ဖြင့် ဘုရားရှင်အား ပူဇော်တော်မူဟန် ထားတော်မူသည်။

ထိုမှတပါး သနားလေးမြတ်တော်မူသော မင်းသားမင်းသမီးတို့အရုပ်ကိုလည်း ရွှေကိုသွန်း၍ ရွှေပန်းခိုင်ဖြင့် မြတ်စွာဘုရားကို ပူဇော်ဟန် ထားတော်မူသည်။

အရှေ့မျက်နှာတိုက်တွင် ဓာတ်တော်ထည့်ပယင်းကြုတ်ကို ကြေးကြုတ်တွင်သွင်း၍ သတ္တဋ္ဌာနစသည်တို့၌ ဆိုခဲ့ပြီးသောအစီအစဉ်ဖြင့် အပြစ်ကင်းလွတ်သော ပယင်းကို ထုလုပ်ဌပနာတော်မူသည်။ ။မင်းသားမင်းသမီးတို့ ဆင်ယင်သော ရတနာဘယက်, ရတနာလက်ကောက်တို့ဖြင့် မြတ်စွာဘုရားအား ပူဇော်သည်များကိုလည်း ထိုတိုက်တွင်ထားတော်မူသည်။

တောင်မျက်နှာတိုက်တွင် ဓာတ်တော်သွင်း ရတနာကြုတ်ကို ရွှေသားသပိတ်တွင် ထည့်ပြီးမှ ငွေသားစေတီတွင်သွင်း၍ သတ္တဋ္ဌာနစသည်တို့ကို ငွေကို သွန်းလုပ်၍ ဌပနာတော်မူသည်၊ ငွေစေတီ,ဖလ်စေတီ, ဖလ်ဖြင့်ပြီးသော သပိတ်, ဖလ်ထီး, ဖလ်တံခွန်, ဖလ်ပဒေသာ, ဖလ်မီးတိုင်ခြံရံလျက် ထားတော်မူသည်။

အနောက်မျက်နှာတိုက်တွင် ဓာတ်တော်ထည့် ရတနာကြုတ်ကို ပတ္တမြားနီ, ပတ္တမြားညိုတို့ဖြင့် စီခြယ်သော ငွေကြုတ်တွင် သွင်း၍ သတ္တဋ္ဌာနစသည်တို့ကို ပဉ္စလောဟာကြေးကိုသွန်း၍ ဌပနာတော်မူသည်၊ထိုမှတပါး

ငွေဆင်းတု, ပယင်းဆင်းတု, ကြေးဆင်းတု, ငွေထီး,ငွေတံခွန်,ကြေးထီး, ကြေးတံခွန်များစွာ ခြံရံ၍ထားတော်မူသည်။

မြောက်မျက်နှာတိုက်တွင် ဓာတ်တော်ထည့် ရတနာကြုတ်ကို ကြေးပြာသာဒ်တွင်သွင်း၍ ငွေသားရုပ်တုတော်,ပယင်းရုပ်တုတော်, ကြေးရုပ်တုတော်, ဆင်စွယ်ရုပ်တုတော်ကို ဌပနာတော်မူသည်။

ဒုတိယ ဌပနာကား....သုမေဓာရသေ့သည် ဒီပင်္ကရာ မြတ်စွာဘုရား ခြေရင်းတော်ဝယ် ဗျာဒိတ်ခံတော်မူသော အခန်းအစေ့အစုံ၊ အင်ကြင်းဉယျာဉ်၌ပွင့်သော အင်ကြင်းခက်ကိုကိုင်လျက် မယ်တော်မဟာ မာယာဒေဝီ ဘုရားလောင်းကိုဖွားတော်မူဟန်၊ ဗြဟ္မာတို့ ရွှေကွန်ရက်ဖြင့်, နတ်မင်းတို့ သစ်နက်ရေဖြင့်, လူတို့ဘွဲဖြူပုဆိုးဖြင့် ဘုရားလောင်းကို ခံဟန်၊ ဘုရားလောင်း မြောက်သို့ ခုနစ်ဘဝါး ကြွသွားတော် မူဟန်၊ ဒေဝိလရသေ့ဆံကျစ်၌ ဘုရားလောင်း ခြေတော်တည်ဟန်၊ ဒေဝိလရသေ့ ရှိခိုးဟန်၊ မြင်းယာဉ်စီး၍ ဆန္ဒအမတ်နှင့် တောထွက်တော်မူဟန်၊ ဝသဝတ္တိမာရ်မင်းတားမြစ်ဟန်၊ ဃဋီကာရဗြဟ္မာ ကြာသင်္ကန်းနှင့်တကွ ပရိက္ခရာရှစ်ပါးကပ်လှူဟန်၊ ဒုက္ကရစရိယာ ကျင့်တော်မူသည်မှ စ၍ သုဇာတာလှူသော ဃနာဆွမ်းကို ရွှေခွက်နှင့်တကွ ခံတော်မူပြီးသော် သုပ္ပတိဋ္ဌဆိပ်၌ ရေသပ္ပါယ်တော်မူ၍ လေးဆဲ့ကိုးလုပ် ဘုဉ်းပေးတော်မူဟန်၊ထိုမြစ်၌ ရွှေခွက်မျှောတော်မူပြီး၍ ဗောဓိမဏ္ဍိုင်သို့ရှေးရှုကြွတော်မူသောအခါ နတ်တို့ ပူဇော်ဟန်၊ သုဒ္ဓိယလှူသောမြက်ရှစ်ဆုပ်ကို ကြဲဖြန့်ရာတွင် ဆန်းကြယ်စွာသောပလ္လင်ပေါက်၍ လှံလလေးပါး စုံလင်စွာနေတော်မူသော် ဗြဟ္မာမင်း ထီးဖြူစွဲလျက်,သိကြားမင်းခရုသင်းမှုတ်လျက်,ကာလနဂါးမင်းဂါထာရွတ်လျက်နတ်အများချီးမွမ်းစကားဆိုလျက်ခယမ်းဆည်းကပ်ဟန်၊ ဗောဓိပလ္လင်၌ ဘုရားအဖြစ်သို့ ရောက်တော်မူ၍ သတ္တသတ္တာဟနေတော်မူဟန်၊ပုဏ္ဏားပုန္တာမေးဟန်၊ ကြဇ္ဇသီး,နာဂလတာဒန်ပူ,မျက်သစ်ရေတို့ကို သိကြားကပ်လှူ၍ သုံးဆောင်တော်မူဟန်၊ တပုဿ, ဘလ္လိကညီနောင်လှူသော ပျားမုံ့ဆုပ်ကို စတုလောကပါလာနတ်တို့ကပ်လှူသော သပိတ်ဖြင့် ခံတော်မူဟန်၊သဟမ္ပတိဗြဟ္မာရတနာပန်းကုံးဖြင့် တရားဟောတော်မူစိမ့်သောငှာ ပူဇော်တောင်းပန်၍ ဗာရာဏသီပြည်သို့ ကြွတော်မူပြီးသော် ပဉ္စဝဂ္ဂီရဟန်းတို့အား ဣသိပတန မိဂဒါဝုန်တော၌ ဓမ္မစကြာတရားကို ဟောတော်မူဟန်၊ မိဂဒါဝုန်တောအုပ်သဏ္ဌာန်အစုံ၊ အောင်ခြင်းရှစ်ပါး သဏ္ဌာန်အစုံ၊ ဝါဆိုတော်မူသော အစဉ်၊ ကုသိနာရုံအင်ကြင်းဉယျာဉ်၌

နှံဒွါနိယူတော်မူဟန်၊ အသီတိရှစ်ကျိပ်၊ ဤသို့ဆိုခဲ့ပြီးသောအခမ်းအနား ရုပ်တုတော်များကို ရွှေကိုသွန်းလုပ်၍အရှေ့မြောက်ထောင့်တိုက်၌ ဌာပနာ တော်မူသည်၊ခွတ်တော်ကြုတ်ကိုလည်း ရွှေစေတီတွင်သွင်းတော်မူသည်၊ ရွှေပေရေး, ငွေပေရေး ဓမ္မစေတီခလေးဆူကိုလည်း ရွှေကျည်, ငွေကျည် တွင်သွင်း၍ ဌာပနာတော်မူသည်။

အရှေ့တောင်ထောင့်တိုက်တွင် ဆိုခဲ့ပြီးသောနည်းဖြင့် ဖလ်ကိုသွန်း၍ ဌာပနာတော်မူသည်၊ ဓာတ်တော်ကြုတ်ကိုမူကား ငွေတွင် သွင်းတော်မူ သည်။ ။အနောက်တောင်ထောင့်တိုက်တွင် ဆိုခဲ့ပြီးသောနည်းဖြင့် ငွေ ကိုသွန်း၍ ဌာပနာတော်မူသည်။ဓာတ်ခဘော်ကြုတ်ကိုမူကား ငွေကြုတ်တွင် သွင်းတော်မူသည်။ ။အနောက်မြောက်ထောင့်တိုက်တွင် ဆိုခဲ့ပြီးသော နည်းဖြင့် ပဥ္စလောဟာ ကြေးဖြူ သလွဲဖြူတို့ကို သွန်း၍ ဌာပနာတော်မူ သည်၊ ဓာတ်တော်ကြုတ်ကိုလည်း ပဥ္စလောဟာကြုတ်တွင် သွင်းတော်မူ သည်၊ ရွှေပေါက်ပေါက်, ငွေပေါက်ပေါက်, ပတ္တမြား ပေါက်ပေါက် အခစ့်အစုံထားတော်မူသည်။

တတိယတိုက်၌လည်း ဤသို့အစီအစဉ်ဖြင့် ဓာတ်တော်ကို နဝရတ်ကိုး ပါးပြီးသော ကြုတ်, ရွှေကြုတ်,ငွေကြုတ်, မိုးကြိုးကြုတ်တို့၌သွင်း၍ ရွှေ, ငွေ, ပယင်း, ပတ္တမြား, ပြဲယိုးယား, ကြောင်, စိန်, ဇုန္နနီလာ, မဿာရ ဂလ်, ဝင်သဝဏ်ဘို့ဖြင့်ပြီးသော ရုပ်ပွားတော်တို့ကို ဌာပနာတော်မူသည်။ သလွဲဖြူရုပ်တုတော်၊ ကြေးရုပ်တုတော်, ကျောက်ဖြူ ရုပ်တုတော်များကို လည်း ဌာပနာတော် မူသည်။ ။ဆိုခဲ့ပြီးသော ဌာပနာ တိုက်တော်တို့၌ မင်းခိဖုရား, သားတော်, သမီးတော်, ဆွေတော် မျိုးတော်, မှူးတော် မတ်တော်တို့ကလည်း ရွှေ, ငွေ, မိုးကြိုး, ပယင်း, ပဥ္စလောဟာ,ဖလ်မှန် တို့ဖြင့်ပြီးသော ရုပ်တုတော် ဆင်းတုခတော် စေတီတော် ဓာတ်တော် မွေ တော်များစွာ ဌာပနာကြကုန်၏။ ။ထိုသို့ ဌာပနာတော်မူပြီးသော် တဆွဲ သုံးရပ်သော ဌာပနာတိုက်တို့၌ ပဥ္စလောဟာ ကြေးချောင်းတို့ကို အပြည့် ခင်းပြီးမှ ရွှေအုဘ်, ငွေအုတ်,ကြေးအုတ်ဘို့ဖြင့် လွှမ်းဖုံး၍ တခဲနက်သော သလွဲဖြူရည်ကို သွန်းလုပ်ဖုံးစေ၏။

သက္ကရာဇ် (၁၁၄၄) တထောင့်တရာ့လေးဆဲ့လေးခု ကဆုန်လဆန်း လေးရက် တနင်္လာနေ့ မင်းရဲမင်းလှရွှေတောင်ကို ပြင်စည်မြင်းမှူး၊ မင်းရဲ ကျော်ကို ပင်းမြင်းမှူး၊ မင်းလှရာဇာကို လက်ရွှေးငယ်မြင်းမှူး၊ မင်းလှရွှေ တောင်ကို လံဘူးမြင်းမှူး၊ မောင်ဖြေကို ကျောက်ဆောက်မြင်းမှူး၊မောင်

သာပင်ကို ယူတော်မူမြင်းမှူး၊ မောင်ပုတ်ကို စောဘွတ်အိုးမြင်းမှူး၊ ပစ္စယရာဇာကို ခက်လုံမြင်းမှူး ခန့်တော်မူသည်။

ကဆုန်လဆန်း ကိုးရက်နေ့တွင် ရွှေဝင်းတော်မှူးတို့အရည်တူလူပေါင်းနှစ်ဆယ်ကို လေးဆယ်တော် ရွှေဝင်းမှူးသွေးသောက် ဖွဲ့တော်မူသည်။ ။ သီဟမင်းရဲတို့ အရည်တူလူပေါင်းနှစ်ဆယ်ကို လေးဆယ်တော် သီဟမင်းရဲ သွေးသောက်ဖွဲ့တော်မူသည်။ ။အဂ္ဂသေနကျော်တို့ အရည်တူလူပေါင်းနှစ်ဆဲ့ငါးကို ငါးဆယ်တော် အဂ္ဂသေန သွေးသောက်ဖွဲ့တော်မူသည်။ ။ ကျီဝန်တို့ အရည်တူလူပေါင်း နှစ်ဆဲ့ငါးကို ငါးဆယ်တော် ကျီဝန်သွေးသောက် ဖွဲ့တော်မူသည်။

နယုန်လ ပဌမပဉ္စင်းလောင်း သာမဏေ သုံးဆဲ့ရှစ်ပါးတို့ကို သုဓမ္မာစရပ်မှာ စည်းဝေးစေ၍ ဆရာတော်တို့ စာမေးကြရသည်။ ။နယုန်လပြည့်ကျော်နှစ်ရက်နေ့ ညီတော်ပင်းတလဲမင်းကို ပင်းတလဲမြို့ကို ထပ်၍မြို့စားပေးတော်မူသည်။

လပြည့်ကျော် လေးရက် ကြာသပတေးနေ့ သားတော်အကြီးကို ရွှေတောင်မြို့၊ သားတော်အလတ်ကို စကုမြို့၊ သားတော်အငယ်ကို ကာမမြို့ကို ပေးတော်မူသည်။

သမီးတော်အကြီးကို ကန္ဒီမြို့၊ သမီးတော်အလတ်ကို တောင်တွင်းကြီးမြို့၊ သမီးတော်အငယ်ကို မြေဒူးမြို့၊ အလယ်နန်းတော် သမီးတော်ကို ဟင်းသာတမြို့၊ ခမည်းတော်သမီးတော်မင်းရွှေမြကို ယင်းတော်မြို့၊မင်းညိုမြကို ပင်းမြို့ကို ပေးတော်မူသည်။ ။ခမည်းတော်ဘုရား သားတော်မင်းရဲညွန့်ကို မြင်ကွန်းမြို့၊ မင်းရဲဖျားကို မြဝတီမြို့၊ နောင်တော် ဆင်ဖြူရှင်မင့်သားတော် မင်းသား မောင်မောင်ကို ပတ္တနဂိုရ်မြို့ကိုပေးတော်မူသည်။ ။မင်းရဲသာဂသူကိုလည်း ပင်းယမြင်းမှူး ခန့်တော်မူသည်။

ဝါဆိုလဆန်းတဆဲ့တရက် ကြာသပတေးနေ့တချက်တီးကျော်၊နှစ်နာရီသုံးပါဒ်တွင် သားတော်အလတ် စကုမင်းသားကို သျှောင်ထုံးပေါက်ချပ်ဆင်တော်မူ၍ နားထွင်းတော်မူသည်။ ။ဝါဆိုလဆန်း တဆဲ့သုံးရက်စနေနေ့ သုံးချက်တီးကျော်၊ လေးနာရီနှစ်ပါဒ်တွင် သားတော်ကာမမင်းသားကို သျှောင်ထုံးပေါက်ချပ် ဆင်တော်မူ၍ နားထွင်းတော်မူသည်။ ။ဝါဆိုလဆန်း တဆဲ့လေးရက် တနင်္ဂနွေနေ့ ပဌမပဉ္စင်းလောင်းသာမဏေသုံးဆဲ့ရှစ်ပါး ပြုတော်မူသည်။

ဝါဆိုလပြည့်ကျော် တရက် အင်္ဂါနေ့ သားတော် ရွှေတောင်မင်းကို ဝေါပလာရွှေပိန်း၊ အတွင်း အနီသုံတ် ကျိုင်းချက်နှစ် အထွတ်ရွှေပိန်း၊ ကွမ်းခွက်ရှစ်ထောင့်မှန်တပ်၊ အနားပတ္တမြားနှစ်ရစ်စီ၊ ကွမ်းလိပ်သုံးမြွာ အနားပတ္တမြားနှစ်ရစ်စီ၊ လက်ဘက်အိုး တကောင်းပိတ်မှန်တပ် အထွတ်ပတ္တမြား နှစ်ရစ်စီ၊ ရွှေထွေးအင်၊ မားမိုးကြိုးစင်မည်းသရီ အိတ်သွတ်၊ ဗောင်းကတ္တီပါနီ ရွှေရောင်ပြား အစိမ်း, အနီ, အဝါ, အဖြူခြယ်၊ ပန်းနားဒေါင်း၊ မြင်းကကိုင်း ညောင်ရွက်ကိုး ရွှေဗုဇွန်ခွံမွမ်း နင်းနှင်းသိပ်၊ ဆက်ပါးကာ နားကာ ရွှေဇဝါပိန်း၊ ကတောင်ရွှေပိန်း၊ မြင်းကြိုး ဦးခက် ထိပ်ဆောင်း မြီးပျမ်း ရင်ဘတ်ကြိုး ကတ္တီပါ ရွှေကြယ်တပ်၊ စီးနှီးကတ္တီပါ တင်ရမ်း၊ ဆက်ရွှန်းသုံးဆင့် ရွှေယက်ပြားကွပ်၊ ဆင်သက္ကလတ်ကြိုး ရွှေကြယ်တပ်၊ ရဲကရွှေတစု အနီတစု၊ ဆင်ခြေဖုံး မိုးနဲရွှေလှံ ငါးဆယ်၊ စည်နီခုနစ်၊ စည်ပုတ်တစ်၊ ပုံသာတစ်၊ လင်းခွင်းတစ်၊ ငွေခရာတစ်၊ ငွေနဲ့ကြီးနှစ်၊ ငွေနှဲ့ငယ်သုံး သနားတော်မူသည်။

စကုမင်းသားကိုလည်း ဝေါပလာရွှေပိန်း၊ အတွင်းအနီသုတ် ကျိုင်းချက်နှစ် အထွတ်ရွှေပိန်း၊ ကွမ်းခွက် ရှစ်ထောင့်မှန်တပ် အနားပတ္တမြား နှစ်ရစ်စီ၊ ကွမ်းလိပ်သုံးမြွာ အနားပတ္တမြား နှစ်ရစ်စီ၊ လက်ဘက်အိုး တကောင်းပိတ် မှန်တပ် အထွတ် ပတ္တမြားနှစ်ရစ်စီ၊ ရွှေထွေးအင်၊ မားမိုးကြိုးစင် မည်းသရီအိတ်သွတ်၊ ဗောင်းကတ္တီပါနီ ရွှေရောင်ပြား အစိမ်း, အနီ,အဝါ,အဖြူခြယ်၊ ပန်းနားဒေါင်း၊ မြင်းကကိုင်း ညောင်ရွက်ကိုး ရွှေဗုဇွန်ခွံမွမ်း နင်းနှင်းသိပ်၊ ဆက်ပါးကာနားကာ ရွှေဇဝါပိန်း၊ ကတောင် ရွှေပိန်း၊ မြင်းကြိုး ဦးခက် ထိပ်ဆောင်း မြီးပျမ်း ရင်ဘတ်ကြိုး ကတ္တီပါ ရွှေကြယ်တပ်၊ စီးနှီးကတ္တီပါတင်ရမ်း ဆက်ရွှန်းသုံးဆင့် ရွှေယက်ပြား ကွပ်၊ ဆင်သက္ကလတ်ကြိုး ရွှေကြယ်တပ်၊ ခဲက ရွှေတစု အနီတစု၊ ဆင် ခြေဖုံး မိုးနဲရွှေလှံ ငါးဆယ်၊ စည်နီခုနစ်၊ စည်ပုတ်တစ်၊ ပုံသာတစ်၊ လင်း ခွင်းတစ်၊ ငွေခရာတစ်၊ ငွေနဲ့ကြီးနှစ်၊ ငွေ့ငယ်သုံး ပေးတော်မူသည်။

သားတော်အငယ် ကာမမင်းသားကိုလည်း ရွှေကျပ်မြင်းမိုရ် လက်ဘက်အိုး လေးထောင့်၊ ကျိုင်းရွှေချက်တစ်၊ မားမိုးကြိုး ကတ္တီပါနီ အိတ်သွတ်၊ မြင်းကကိုင်း ညောင်ရွက်ခုနစ် ရွှေဇဝါပိန်း၊ နင်းနှင်းသိပ်၊ ရွှေဇဝါ အိမ်မြောင် ရင်ဘတ်ကွင်း၊ ဆက်ပါးကာ ရွှေဇဝါပိန်း၊ မြင်းကြိုး သက္ကလတ် ရွှေကြယ်တပ်၊ သက္ကလတ်တင်ရမ်း ဆက်ရွှန်းသုံးဆင့် ပေးတော်မူသည်။

တော်သလင်းလဆန်းခုနစ်ရက် ဗုဒ္ဓဟူးနေ့ မိုင်းညောင်းစော်ဘွားက အထူးထူးသော လက်ဆောင်တော် တို့နှင့် သမီးကညာ လက်ဆောင် အဆက်အသရောက်သည်။ ။ထိုနှစ် တော်သလင်းလပြည့်ကျော်ရှစ်ရက် ကြာသပတေးနေ့ မာန်အောင်တံခါးတော်ပြင် ရေနန်းသို့ ထွက်စံတော်မူ၍ လှေပွဲသဘင် ခံတော်မူ၏။ ၎င်းလပြည့်ကျော် တဆဲ့သုံးရက် ရွှေနန်းတော်သို့ ဝင်တော်မူသည်။

## သူပုန်ဘော့နီးက နန်းတော်သို့ဝင်၍ တိုက်ခြင်း

ယင်းသောအခါ နန်းမြို့တော်ပတ်လည် ညောင်ပင်များတွင် ငှက်အများ ကျရောက်သည်။ မင်္ဂလာအိမ်တော်ပါ ပုဏ္ဏားကြီး ရာမကဗ္ဗာနာလည်း ထိုအကြောင်းများကိုမြင်သည်နှင့် အတွင်းတော်သို့ဝင်၍ လျှောက်သည်ကား…ရွှေနန်းတက်တော်မူ၍ ခမည်းတော် နောင်တော်တို့ အရိုက်အရာ ရွှေးထီးရွှေနန်းကို သိမ်းမြန်း စိုးအုပ်တော် မူသည်မှာ ခုတ်သိုက်ကိန်းခန်းနှင့်အညီ စိုးအုပ်တော်မူသည်။ ကိန်းခန်းအလို မြော်ထောက်ပြန်လျှင်လည်း တောင်အရပ်က တနလ်ာနံ ရှမ်းလူမျိုးတို့ ရန်စမကုန်ချေသေး၊ ယခုနှစ်လအတွင်း ရှင်းလင်း သုတ်သင်တော်မူရမည်ဟု လျှောက်သည်။

ထိုနှစ် ရှမ်းပြည်မြေလတ် မိုင်းခိုင်းမြို့ဇာတိ ငရွှေနန်းဆိုသူသည် ဟံသာဝတီရောက် အဝမင်း မိဖုရား စံလွှတ် မဟေသီတွင် မြင်သည့်သားတော် မင်းခဲမြတ်ဘုန်း ဖြစ်သည်ဟု ပြုလုပ် ပြောဆို ပြီးလျှင် အပေါင်း အသင်း ဖြားယောင်းစုရုံး၍ ရှမ်းပြည် မြေလတ် မြင်းတွင်း တောင်ကြားအရပ်မှာ နေရာ ဘဝရှင်မင်းတရား ရွှေနန်းသိမ်းတော်မူသည့်ကာလ မမိမရ ထွက်လွှတ်သည့် မင်းသား မောင်မောင်တွင် ခေါင်းအကြီးပြုသူ ဂါမဏိ, ငကြာကြီးဘို့ အပေါင်းအသင်း လူတစု ရှောင်ရှား ပုန်းလျှိုးနေသည်နှင့် မြင်းတွင်းအရပ်မှာ ကူးသန်းပေါင်းရှုက်မိကြ၍ အဝမင်းသားဖြစ်ကြောင်းကို ပြောဆိုလေလျှင် ဂါမဏိ,ငကြာတို့ အပေါင်းအသင်း လူတရာကျော် ညောင်ရွှေ,မိုးဗြဲစသော မြေလတ် ရှမ်းခြောက်ဆယ်ကျော်များနှင့် အမှတ်မဲ့ လာခဲ့ပြီးလျှင် ရှမ်းကုန်သည် အမှုဆောင်တို့ အဟန် ပင်းယတန်တားဦးကျောင်းကန်များမှာ ခိုဝင် နေသိုင်ကြ၍ ပင်းယမြို့တောင် အောင်စည်းခုံဘုရားတွင် သွေးသစ္စာစည်းကြပ်ကြပြီးလျှင် တန်တားဦးရွာတောင်တောတွင် လူငါးဆယ်ခန့် လှေကားရှည်အများလုပ်၍ နေသည်ကို ဗဒုံကျေး

အင်တိုင်းရွာသူ ကျွန်တော်မျိုးမ မိငြိမ်းသာပုံ ကွမ်းခြီက ကွမ်းဝယ်၍ ပြန်
လာသည်နှင့်တွေ့လျှင် အမျိုးလည်းခြားသည့်, လူ အစည်း အကြပ်လည်း
များသည့် ကျေးနေရွာသားအဟန်မဟုတ် အကြောင်းရှိရာသည်ဟု စုံစမ်း
လိုသောကြောင့် ရှမ်းတို့ စုရုံးလုပ်ဆောင်နေရာ အနီးအနားသို့ သွားလျှင်
ညဲ့ ကိုဆွေမျိုးနှင့်တကွ စားသုံးလောက်အောင် နောင် ငါတို့ပေးကမ်း ချီး
မြှင့်မည်။ ယခုကွမ်းဘိုးမရသည်ဟု နှလုံးမထားနှင့် ဆိုပြီးလျှင် ကွမ်းကို
သိမ်းယူလိုက်၏။မိငြိမ်းသာပုံလည်း တွေ့မြင်သည့်အတိုင်း လျှောက်ထားမှ
သင့်မည်လာခဲ့၍ ဟံသာဝတီတံခါးသို့ရောက်လျှင် တံခါးတော်ရက်ဖော်
မင်းထုပ်ချ၍ ဝိတ်ဆို့ရှိနှင့်ကြသောကြောင့် တံခါးကို ဖွင့်မည့်အကြောင်း
နှင့် ဆိုသည်ကို တံခါးမှူးက အချိန်ကုန်ပြီ ဆို၍ မဖွင့်နေသောကြောင့်
ကျွန်ုပ်တွင်လျှောက်ထားရန် မင်းရေးမင်းမှုစကားပါပါသည်၊ ဖွင့်ပေးမှ
သင့်ပါမည်ဆို၍ တွေ့မြင်ခဲ့သည့်အကြောင်းများကို ပြန်ပြောသော်လည်း
တံခါးမှူးက နင့်စကားကြီးမားသည်-နင်နှင့်အဆမတန်ဆိုသည်တွင်မိငြိမ်း
သာပုံသည်း တံခါးမဖွင့်လျှင် ကျွန်ုပ်ပြန်ပြောသမျှအကြောင်းများကိုသာ
ဆိုင်ရာရုံးတော်သို့ လျှောက်ထားပါဆိုပြီးမှ ပြန်သွားသည်၊ ဟံသာဝတီ
တံခါးမှူးလည်း မိငြိမ်းသာပုံ မြို့တွင်းသို့ ဝင်လိုသောကြောင့် ပြောဆိုခြင်း
ဖြစ်သည်အဆင်နှင့် ရုံးတော်သို့မလျှောက်မထား အမှတ်မဲ့နေလေ၏။

ငဖုန်းနှင့် စည်းကြပ်ရင်းလူဘို့လည်း စဉ့်ကူးမင်းသက်ထက်နန်းတော်
ထက်သို့ ဘောင်းဘားစားဝင်သည့်ကာလ အလွယ်တကူ ပေါက်ရောက်
ဘူးလေသည်ကို အစွဲပြု၍ဂါမဏိ, ငကြာကြီးတို့ ခေါင်းတည်လျက် ရှမ်း
မြန်မာလူနှစ်ရာကျော်ခန့်နှင့် သီတင်းကျွတ်လပြည့်ကျော် တဆဲ့သုံးရက်
သောကြာနေ့ ပင်းယတန်တားဦးအရပ်က လာခဲ့သည်၊ ညဉ့်သန်ခေါင်
အချိန် အဝမြို့ခတာင်မျက်နှာ ကျော်ဘုံတံခါးကို ချက်တဖြုတ် လှေကား
နှင့်တက်၍ တံခါးမကို ဖွင့်ဝင်ပြီးလျှင် လူနှစ်ရာကျော်-ဘုံကျော်တံခါး
လမ်းမကို လျှောက်ပြေး၍ ရွှေးတော်ယူတံခါးနှင့် တံခါးနီများကို လှေ
ကားနှင့် ကျော်နင်းဖွင့်ဝင်သည်၊ ဝန်ကြီး, ဝန်ထောက်စသော ဝင်းမှူး
သေးဦး, မှူးတော်မတ်တော်,ဗိုမှူးတပ်မှူးတို့လည်းနန်းမြို့တွင်းသို့မတူတရှုလူ
ချက်တဖြုတ် ဝင်ကြောင်းကို ကြားလျှင် လူသူစည်းကြပ်၍ နန်းမြို့လေး
မျက်နှာက ဝင်ကြသည်၊ ငဖုန်းဆိုသူနှင့် သူပုန်သူကန်တစုတို့လည်း မြေ
နန်းရွှေသို့ ရောက်လျှင် ကုလားဒိုလ်ကာပရယ်အုပ်စုကုလားတို့ကို ရိုက်
နှက်ကွပ်ကဲ၍ မြေနန်းတော်ရွှေတွင် ခင်းကျင်းထားသည့် အမြောက်စုံကို

နန်းတော်သို့လှည့်၍ ပစ်လွှတ်စေသည်၊ သူပုန်တချို့ ဆင်တင်းကုပ်များ တွင် ဆင်ကိုယူ၍ လက်ယာမာရဘင်တံခါးကို တိုက်ဖွင့်မည်ချဉ်းသည်၊ထို အခါ အနောက်ဝန်းကျင်သွေးသောက်ကြီး ငလွန်းရလည်း မာရဘင် တံခါးတွင်းကခုခံထိုးခုတ်သောကြောင့်သေနတ်ထိ၍သေလေသည်၊ ငဖုန်း ဆိုသူနှင့် ဂါမဏိ ကြောကြီးတို့မှုကား မြေနန်းတော်သို့ တက်ပြီးလျှင် ငဖုန်းဆိုသူမှာ မြေနန်းတော်တွင် မြင်းစီးလျက် ရပ်နေသည်၊ ဂါမဏိ ကြောကြီးတို့ ခေါင်းတည်၍ လူနှစ်ရာလောက် တောင်ဘိကျပ်သို့ တစု, မြောက်ဘိကျပ်သို့တစု, ကြော်ငြာကာ အပြင်းပြေးဝင်ပြီးလျှင် မှန်နန်း မတော်အရှေ့ဘိကျပ်မာရဘင်ပျဉ်ထောင်ကို တိုက်ဖွင့်သည်၊ ပျဉ်နှစ်ပြား သုံးပြားပွင့်ချေ၏။

ယင်းသို့စင်တွင် ဘဝရှင် မင်းတရားကြီးဘုရားလည်း အဆောတလျင် စီရင်၍ တောင်ဒဝယ်ဆောင် ကျွန်တော်ရင်း လက်ယာရန္တပွ သွေး သောက်၊ မြောက်ဒဝယ်ဆောင် ကျွန်တော်ရင်း လက်ဝဲ ရန္တပွသွေး သောက်၊ ရဲဘော်ကျွန်တော်ရင်းတို့ကို ပုဆစ်ဒူးကျဲကာ တောင်ဘိကျပ် မြောက်ဘိကျပ် မာရဘင်ပျဉ်ထောင်ကို ဖောက်၍ သေနတ်ချက်ချင်းစပ် အောင်လွှတ်စေသည်၊လက်ယာရန္တပွလည်း ရွှေတိုက်မိုးသို့ တက်ပြီးလျှင် သူပုန်တို့လက်ယာမာရဘင်ကို ဆင်နှင့် ထိုးဖွေတိုက်ဖွင့်သည်ကို လှမ်း၍ ပစ်လွှတ်သည်၊ သူပုန်လူဆိုးတို့ ဆင်ဦးထက်က ကျ၏။

ဗောင်းတော်ဆောင်, ဘောင်ဒဝယ်ဆောင် အမိုးများသို့ တက်စေ၍ လည်း ကြော်သံငြာသံ ကြားရာ အစုအခဲသို့ပစ်လွှတ်စေသည်၊သားတော် သခင်အကြီးလည်း အိမ်တော်တွင် အိပ်လှည့်အိပ်ဘန်နှင့် ထမ်းရွက်နေသူ ကျွန်တော်မျိုးတို့ကို ရုံးစုစည်းကြပ်တော်မူ၍ နန်းမြို့ အနောက်တံခါးက ဝင်မည် လာတော်မူသည့်အတွင်း ကျွန်တော်ရင်း ဖြစ်သော မင်းကြီး မင်းခေါင်ကျော်လည်း စစ်ဝတ်တန်ဆာ ဆင်ယင်ပြီးလျှင် ဓားလက်နက် စွဲကိုင်ကာ အဆောတလျင်လာသည်နှင့် နောက်တော်သို့မှီလာသည်တွင် မင်းကြီးမင်းခေါင်ကျော်ကို ခေါ်၍ နန်းမြို့အနောက်တံခါးက ဝင်တော် မူပြီးလျှင် မြေနန်းတော်သို့ လှည့်လည် ပေါက်ရောက် လာသမျှ သူပုန် သူကန်တို့ကို ကိုယ်ခတော်တိုင်ကွပ်၍ အရပ်အဆိုင်းမရှိ ထိုးခုတ်ပစ်ခတ် စေသည်၊ သူပုန်တို့လည်း မှန်နန်းတော်သို့ မပေါက်မရောက်နိုင်၊ အထိ အပါး အသေအဆုံးများလှလေ၍ လက်ဝဲလက်ယာတလုံးတည်းဆုတ်ပြေး လေသည်၊ လင်းအားကြီးရောက်သည်နှင့် ရွှေနန်းတော် လေးမျက်နှာက

ဝင်သည့် ဝင်းမှူးလေးဦး, မှူးတော်မတ်တော်,ဗိုလ်မှူးတပ်မှူး သူရဲတော်တို့ လိုက်လံသိုးခုတ်သည်၊ အများသေလေသည်၊ ထိုသူကောင်တို့ကို လှည်းနှင့် နန်းမြို့တော် အနောက်တံခါးက ထုတ်၍ ရေသို့ချည်း ချစေရ၏၊ အရှင် ဖမ်းဆီး ရမိသူတို့ကိုလည်း ထုံးစံနှင့် အညီ စီရင်တော် မူသည်။ အကြီးပြု၍ သောင်းကျန်းပုန်ကန်သူကိုလည်း ညဥ့်အခါဖြစ်၍ ထွက်လွတ်လေသောကြောင့် စစ်မေးမရရှိသည်အတွင်း ကုလားပျို သေနတ်ဗိုလ်ကျွန်တော်ရင်းဇောတလ ဖမ်းဆီး၍ရသည့် ငဖုန်းလူ ရှမ်းတယောက်ကို အပြင်းအပြ စစ်မေးသည်တွင်မှ ရှမ်းပြည် မြင်းတွင်း တောင်ကြားနေ ငဖုန်းဖြစ်ကြောင်းနှင့် ထွက်ဆိုသည်၊ နောက် ဂါမဏိ, ငကြာကြီးတို့ကိုမိလျှင်လည်း ငဖုန်းကို မမိမရသေးသောကြောင့် ဂါမဏိ ငကြာကြီးတို့နှင့် လူကြီးပြုသူတို့ကို အလုံထားရ၏။

ယင်းသောအခါ ပုဏ္ဏားကြီးရာမကာစွာနာက ယခုနေ့ညချမ်း နေမဝင်မီ ငဖုန်းဆိုသူကို ရမည်ဟုလျှောက်သည်၊ ငဖုန်းဆိုသူလည်း သောက်ရောင်လာတွင် ဖမ်းဆီးပစ်ခတ် ထိုးကြသည့်အတွင်း ထွေးရောထွက်လွတ်လေသည်နှင့် ညချမ်းနေမဝင်မီအချိန်သို့ရောက်မှ မြို့ကြီးတွင်း ကုလားစာသင် မင်္ဂလာဈေးအရပ်မှာ တယောင်လည်လည် မတူတရူ ရှိလေလျှင် နတ်ရှင်မြင်းအစုသား ငလွှမ်းပြေ ဖမ်း၍ဆက်သည်ကို အတွင်းတော်သို့သွင်းခဲ့စေပြီးလျှင် မြောက်စမုတ်သို့ ထွက်တော်မူ၍ နင်–မင်းမျိုးမင်းနွယ်မှန်သလောဟု ဘဝရှင်မင်းတရားကြီးဘုရား စစ်တော်မူသည်ကို ငဖုန်းဆိုသူက ဘုရား့ကျွန်တော် မင်းမျိုးမင်းနွယ်မဟုတ်ပေ၊ ရှမ်းပြည်မြေလတ်မိုင်းနိုင်းမြို့ဇာတိ မိဘတို့ခေါ်ဝေါ်သည့် ငယ်မည် ငရွှန်းဖြစ်ကြောင်း၊ ထိုးကွင်း လက်ဘွဲ့ ခါးလှဲ့ အင်းအိုင်များနှင့် အသက်မွေးသည်ဖြစ်၍ အမှီအခို အနွှံအထား လာရောက်သူတို့ကို ဂုဏ်ကိုလို၍ မင်းမျိုး မင်းနွယ် ဖြစ်သည် ပြုလုပ်ပြောဆိုကြောင်း၊ လေးဆဲ့တခုနှစ် ပုပ္ပါးတွင် အပေါင်းအသင်းများနှင့် စုဝေးနေသည်ကို အဝနေပြည်တော်က ခန့်ထားဖမ်းဆီးသည်တွင် ကိုယ်လွတ်ထွက်ပြေး၍ ရှမ်းပြည်မြေလတ် မြင်းတွင်း တောင်ကြားတွင် ပုန်းလျှိုးနေရာ ဂါမဏိ ငကြာတစုတို့ ခေါ်သွေး လှာသောကြောင့် တန်တားဦးပင်းယသို့ ဆင်းခဲ့ပြီးလျှင် အပေါင်းအသင်း တို့ကို ပင်းယတောင် အောင်စည်းခုံဘုရားမှာ သွေးသစ္စာ စည်းကြပ်ကြောင်းနှင့် လျှောက်ထားထွက်ဆိုလျှင် ငဖုန်းပြုလုပ်သူ ငရွှန်းငယ်နှင့် ခေါင်းတည်အကြီးပြုသူ ဂါမဏိငကြာတို့ကို ကွပ်တော်မူသည်။

ကျော်ဘုံတံခါးမှူး ဗလစက္က၊ ရွှေးတော်ယူတံခါးမှူး ကောင်းထွတ်တေဇတို့ကိုလည်း ညဥ့်အခါ သူပုန်လူဆိုးတို့ မြို့တွင်းသို့ ပေါက်ရောက်ရာသလောဟု ကွပ်တော်မူသည်။ ။အမြောက်မှူးကာပရယ်နှင့် အမြော်သား ကုလားခုနစ်ရောက်ကိုလည်း သူပုန်တို့ဝင်ရောက်သည့်ကာလ သူပုန်တို့ဘက်ကကူညီ၍ အမြောက်သေနတ်ပစ်ခတ်သူ လူဆိုးလူသွမ်းပင် ဖြစ်သည်ဟု ကွပ်မျက်တော်မူသည်။

ရွှေလှံလက်ဝဲဗိုလ် သမန္တရဲ၊ ငုင်းလက်ယာဗိုလ် ကြံသိုင်းရဲ၊ နတ်စုလက်ယာဗိုလ် စက်ထွတ်ဝေရတို့နှင့် အမှုထမ်းကြီးတစုတို့လည်း သူပုန်တို့ဝင်ရောက်သည့်ကာလ မလာမရောက်သူများဖြစ်သည်ဟု လည်ကို သွေးမြင်အောင် ခေါးရစ်ရသည်။

ဟံသာဝတီ တံခါးမှူးကိုလည်း ကျွန်တော်မျိုးမ မိငြိမ်းသာပုံက သူပုန်တို့မရောက်မီ တန်တားဦးရွာတောင်တောတွင် မတူတရူလူတို့ မြို့တက်လှေကားလုပ်၍ စည်းကြပ်ရှိနေရာ တွေ့မြင်ခဲ့ကြောင်းနှင့် ပြောဆိုသည်ကို မလျှောက်မထားနေသောကြောင့် အပြစ်အလျှောက် စီရင်တော်မူသည်။ မိငြိမ်းသာပုံကို ဆုလာဘ်များစွာပေးတော်မူသည်။

မြောက်ရွှေရေးဆောင် ရတနာမဟောကိုလည်း သူပုန်တို့ ဝင်ရောက်သည့်ကာလ ရှေးဦးစွာ တင်လျှောက်သူဖြစ်သည်ဟု ရတနာဒေဝီအမည်နှင့် မြောက်ရွှေရေးဆောင် တင်တော်မူသည်၊ ကျောက်မော်မြို့ကိုလည်း ကံကျွေးခံပေးတော်မူသည်။ ။မင်းကြီးမင်းခေါင်ကျော်ကိုလည်း ရွှေဝင်းတော်မှူး နေမျိုးသူရ မကျန်းမမာရှိသည်နှင့် နေမျိုးသူရအစား ရွှေဝင်းတော်မှူး ခန့်တော်မူသည်။ ။ဝန်းကျင်သေနတ်သွေးသောက်ကြီး ငလွန်းရသားမယားတို့ကိုလည်း ကျေးရွာသူကြီးတို့က ခင်းမှုမင်းခင်း အခွဲအခန့်မရှိစေရ, ချမ်းသာစွာနေစေ အမိန့်တော်ပြန်ရသည်။ ။ပုဏ္ဏားကြီးရာမကစွာနာကိုလည်း ဟောတိုင်းမှန်ပေသည်ဟု ဆုလာဘ်များစွာ ပေးတော်မူသည်။

ငဖုန်းဆိုသူကို ဖမ်းဆီးဆက်သည့် နတ်ရှင်မြင်းအစုသား ငလွမ်းပြေကိုလည်း ရဲထွတ်ကျော်ထင်အမည်နှင့် ဆုလာဘ်များစွာ ပေးတော်မူသည်၊ နောက် ထောင်စချီခန့်တော်မူသည်၊ နောက် ထောင်မှူး ခန့်တော်မူသည်၊ နောက် နေမျိုးနန္ဒသူဘွဲ့အမည်နှင့် မြို့ဝန်ခန့်တော်မူသည်၊နောက်-နောက် ဝင်းမှူး ခန့်တော်မူသည်။ ။ဘဝရှင်မင်းတရားကြီးဘုရားလည်း (၁၁၄၄) တထောင့်တရာ့ လေးဆဲ့လေးခု တန်ဆောင်မုန်း လဆန်း သုံးရက်

သောကြာနေ့ကစ၍ ခုနစ်ရက်တိုင်တိုင် အရိယာသင်္ဃာတော်ငါးထောင်ကို နန်းတော်သို့ပင့်တော်မူပြီးလျှင် သင်္ဃာတော်တပါးကို သင်္ကန်း သုံးထည်စီ လက်တော်နှင့်ကိုင်၍ လှူတော်မူ၏။

## အမရပူရမြို့ကိုတည်၍ ပြောင်းရွှေ့စံတော်မူခြင်း မဟာဥကင်္သဖွင့်ခြင်း–စသည်

ထိုအခါ ဘဝရှင်မင်းတရားကြီးဘုရား အမိန့်တော်ရှိသည်ကား····ငါ မင်းအဖြစ်သို့ရောက်တော်မူလျှင် ထီးပေါင်ကားအရပ်မှာ မြို့သစ်ပြောင်း ချီတည်ထောင်တော်မူမည် ကြံရည်တော်မူရင်းရှိသည်ဖြစ်၍ မြို့ရာချင်းနင်း ကြည့်ရှုရမည်ဟု အမိန့်တော်ရှိပြီးလျှင် ဝန်ကြီးဝန်ထောက်တို့ကိုထီးပေါင် ကား အရပ်သို့သွားစေ၍ မြို့ရာချင်းနင်းကြည့်ရှုတိုင်းစေသည့်တွင် တောင် သမန်အင်းကြီးမှသည် မြောက်တပြင်အရပ်ကို ရှေးအစဉ် ပဏ်ပါခေါ် ဝေါ်ကြကြောင်း၊ မြေအပြင်လည်း စက်ပုံတောင်းကဲ့သို့သာယာညီညွတ် ကြောင်း၊ ယင်းသည့်မြေအရပ်သည်လည်း ထီးပေါင်ကားရွာ နယ်နိမိတ် အတွင်း ဖြစ်ကြောင်းများကို အချင်းအဝန်း တောင်တာ စံနစ်များနှင့် တကွ ပုံစံရေးသား ဆက်သည်တွင် အမိန့်တော် ရှိသည်ကား····ဘုရား မြတ်စွာ ဒေသစာရီလှည့်တော်မူသောအခါ ငတောင်သမန်, ငတောင် ကျည်း,ငတောင်ပြုံး,ငတောင်မြင့်-ဟူသောဘီလူးလေးဦးတို့သည် ဘုရား သခင်အား သားပြွမ်းဆွမ်းလှူနှင့်သည်ကို နောင်သောအခါ ထိုဘီလူး လေးဦးတို့ စောင့်ထိန်းသည့်အရပ်တွင် မင်းနေပြည်ကြီးဖြစ်လတ္တံ့-ဘုရား ဗျာဒိတ်ထားခဲ့သည်-ဆိုသည့်စကား····

ဟံသာဝတီ ဆင်ဖြူရှင်လက်ထက် ထီးပေါင်ကားအရပ်တွင် ပြည်ကြီး မြို့ကြီး ဖြစ်ထွန်းမည်ဟု ရခိုင်ဆရာအသက်ရှစ်ဆယ်ကျော်ရှယ် ဥဂ္ဂါစော ကြီးလျှောက်သည်တွင် ဟံသာဝတီဆင်ဖြူရှင်ကငါ့လက်ထက်တော်တွင် ဖြစ်မည်လောဟု အမေးတော်ရှိသည်ကို လက်ထက်တော်တွင် ဖြစ်ကိန်း မရောက် အနှစ်တရာကျော်, နှစ်ရာလွန်မှ ပြောင်းကိန်း တည်ကိန်း ကြုံ သည်ဟု လျှောက်သည်ကိုနောင်သောအခါသည့်ကဲ့သို့ဖြစ်မည့်အကြောင်း ရှိသည်ကို နောက်နောက်သောသူတို့ မသိမမြင် မထင်မရှားရှိလေတော့ မည်၊ သိထင်ရစ်အောင်ပုံစံစာတမ်း ရေးသားထားရမည်ဆို၍ တောင်သ မန်, ဘောင်ကျည်း, တောင်ပြုံး, တောင်မြင့်-ဟူသော တောင်လေးမည်

နေရာဌာနများနှင့်တကွ ထီးပေါင်ကားရွာမြေအရပ်ကို ပုံစံစာတမ်းရေး သားထားရသည်-ဆိုသည့်စကား,

ထိုအရပ်ဌာနသည်လည်း ကကုသန်ဘုရား လက်ထက်တော် ပဌာနာ မုဏ္ဍိ၊ ကောဏာဂုံဘုရားလက်ထက်တော် ဓမ္မပဏ္ဍ၊ ကဿပဘုရား လက် ထက်တော် ဒေဝပဏ္ဍိ၊ ဂေါတမဘုရားလက်ထက်တော် သဿာပဏ္ဍိဟု လေးကြိမ်သောအမည်တွင်သည်-ဆိုသည့်စကား-

* ထီးပေါင်ကား တောင်၊ ညောင်ပင်ကြီးရင်း၊ တပ်ရာနင်းသည်၊ ဆောင်းတွင်းနှင်းဝေဝေ၊ ရွှေသို့လည်းရောက်၊ နန်းသစ်ဆောက်၊ နှစ်ယောက်မင်းမျှားနောင်၊ တောင်သမန် တောင်ကျည်း၊ နန်း လည်း ခြောက်ဆောင် ဆောက်လတ္တံ့။ ထီးတော်တောင်ပါး၊ ပက်ပါနားက၊ စ၍မြို့ကြီး တည်လတ္တံ့။ တောင်လေးလုံးကြီး၊ရွှေ စည်တီးသည်၊ ပြည်ကြီးအလိုဖြစ်လတ္တံ့။ ထီးပေါင်ကားကြီး၊ ထီး လည်းမိုးသို့ပေါက်လတ္တံ့။ ဆင်ဖြူ,ဆင်နီ၊ မမြင့်မိခင်ရောက်လတ္တံ့၊ ရခိုင်စိုးခြင်း၊ အနောက်ခင်းလည်း ရောက်လတ္တံ့။ ဘုရားကြီးစွာ၊ မဟာမုနိရောက်လတ္တံ့၊တရုပ်ကုလား၊ နှစ်ပြည်သာလည်း၊ ဝင်စား မည်-ဟု ရှေးသိက်စာဟောင်းများကိုလည်း ဂါကြားတော် မူဘူးသည်။

ဘုရားဗျာဒိတ် ရှေးသူဟောင်းသိက်စာများနှင့်လည်း တချက်တည်း ညီညွတ်သည်၊ ယခု မြို့တော်တည်မည့် ထီးပေါင်ကား အရပ်သည်လည်း တောင်သမန်, တောင်ကျည်း, တောင်ပြိုး, တောင်မြင့်ဟူသော တောင် လေးမည်လည်းရှိသည်၊ မြို့တော်လက်ယာ တောင်သမန်အင်း,ဒုဏ္ဍာဝတီ မြစ်၊ လက်ဝဲက တက်သေးအင်း၊ အရှေ့က အောင်ပင်လယ်ကန်,ကြွဝန်း ဆည်၊ အနောက်က ဧရာဝတီမြစ် ခြံရံကုန်သော ထာဝရဌာန မြို့နန်း တည်ရာ မြေမြတ်မှန်သည်ဟု အမိန့်တော်ရှိပြီးလျှင် ဝန်ကြီးမဟာစည်သူ, ဝန်ကြီးနေမျိုးဇေယျဂါမဏိတို့ကို ငွေစင်ပိဿာသုံးထောင်ပေးအပ်တော် မူ၍ မှူးမတ်ပညာရှိ ဝတ်မြေဝန် ဇေယျသင်္ကြို, ပလိပ်စား ငဖျော်, မြစ် ခြေရွာစား စည်တပြစ်ကြီး, ပုဏ္ဏားပညာရှိ ဒေဝရာဇာ, ခေါ်တောစား ဗြာဟ္မဏကျော်ထင်, ဗြာဟ္မဏသီရိတို့နှင့် ဗိသုကာလက်သမား ကံကျွေး လူသူပေးအပ်၍ သက္ကရာဇ် (၁၁၄၄) တထောင့် တရာ့ လေးဆဲ့ လေးခု၊ တန်ဆောင်မုန်းလဆန်း ငါးရက် တနင်္ဂနွေနေ့ နံနက်နေဝန်း ပေါ်လျှင် မြို့နန်းတည်ရာ ထီးပေါင်ကားအရပ်သို့ ခန့်ထား သွားစေသည်။ ။ထီး

ပေါင်ကားအရပ်သို့ ရောက်လျှင် သစ်တောလေးဌာန စသော သစ်ဝါး ရသာယူသာသည့် ရောဝတီမြစ်မညာ မြို့ကျေးရွာဆိုသမျှမှာ အဘိုးအခ ငွေတော် ပေးအပ်၍ သစ်တောဝန်, သစ်တောစာရေး, ဒိုင်းမှူး,သင်းမှူး, သွေးသောက်စု, မြင်းတော်သည်တို့ကို ခန့်ထားချယူစေသည်။

ယင်းသို့မှ "ထီးပေါင်ကားဘောင်၊ ညောင်ပင်ကြီးရင်း၊ တပ်ရာနင်းသည်၊ ဆောင်းတွင်း နှင်းဝေဝေ" ဟူသော သိုက်မောတ်နိမိတ်နှင့် အညီ ထီးပေါင်ကား ညောင်ပင်ကြီးရင်းတွင် စည်းဝေး၍ တန်ဆောင်မုန်း လပြည့်ကျော်တရက် တနင်္လာနေ့ ညဥ့်တချက်တီးကျော် တဗိဇနာ၊တပြန် သုံးခရာ၊ မေခုန်လက်၊ မိဿစန်း၊ တိထိသုံး၊ ဃဋီသုံးဆဲ့ခုနစ်လုံး၊ရေဝတီ နက္ခတ် တပါဒ်ဘည့်၊ ကောင်းမြတ်သောမင်္ဂလာအခါတော်တွင် အနေ့ာ် မြောက်ထောင့်သို့ မျက်နှာရည်၍ နေ့ကျော်သားတို့ မြောက်အရပ်က သည် လက်ယာရစ်လှည့်စေမှ ရွှေမြို့တော်တည်ရပ်မြေအပြင်ဝယ် တော ချုံပုတ်ပေါင်းတို့ကို စ၍ ရှင်းသင်းစေသည်။

တန်ဆောင်မုန်းလပြည့်ကျော် တဆဲ့နှစ်ရက် သောကြာနေ့ နံနက် တချက်တီးကျော်၊ ငါးနာရီပါဒ်ပြည့်၊ လေးဗိဇနာ၊ သုံးပြန်၊ ကိုးခရာတွင် အနောက်မြောက်ထောင့်သို့ မျက်နှာရည်၍ ရွှေမြို့တော်ကြီး တည်ရန် အုတ်ကို နေ့ကျော်သားတို့ စ၍လုပ်စေသည်။

တန်ဆောင်မုန်း လပြည့်ကျော် တဆဲ့နှစ်ရက်၊ သောကြာနေ့ နံနက် တချက်တီးကျော်၊ ငါးနာရီပါဒ်ပြည့်၊ လေးဗိဇနာ၊ သုံးပြန်၊ ကိုးခရာ၊ သိဟ်စန်း၊ မကာရလက်၊ တိထိတဆဲ့တစ်၊ ဃဋီခြောက်လုံး၊ နက္ခတ်ကဆဲ့ တလုံး၊ ဃဋီနှစ်ဆဲ့သုံးတွင် နန်းတော်သစ် ပျဉ်သံအုတ်ကြွပ်စ၍ စိတ်ခွဲ ချွန်လုပ်စေသည်။

နတ်တော်လဆန်းတရက် အင်္ဂါနေ့ နံနက်လေးချက်တီးကျော်၊ လေး နာရီပါဒ်ပြည့်၊ လေးဗိဇနာ၊ နှစ်ပြန်၊ ခရာပြည့်၊ ဗြိဿာစန်း တူလက်၊တိထိ နှစ်လုံးနှင့် ဃဋီသုံးဆယ်၊ နက္ခတ်ငါးလုံး၊ ဃဋီသုံးဆဲ့နှစ်တွင် သစ်ဆေး သစ်ရွေ, သစ်လှ, ထုပ်ခလျောက်များကို နေ့ကျော်သားတို့ကို စ၍ရွေးချယ် ရွေချော လုပ်ဆောင်စေသည်။

နတ်တော်လဆန်း တဆဲ့တရက် သောကြာနေ့ နံနက်တချက်တီးကျော် ခြောက်နာရီသုံးပါဒ်၊ ခြောက်ဗိဇနာ၊ လေးပြန်၊ ခရာပြည့်၊ ငါးဘပါး တွင် ဖနေ့ကျော်သားတို့ကို အရှေ့ရှုးရှုးသို့ မျက်နှာရည်စေပြီးလျှင် ရွှေမြို့ တော်ဘည့်ရန် အုတ်ကိုစ၍ ဖုတ်စေသည်။

နတ်တော်လပြည့်ကျော်သုံးရက် သောကြာနေ့ နံနက်တချက်တီးကျော် ခြောက်နာရီ၊ သုံးပါဒ်၊ တဗီဇနာ၊ နှစ်ပြန်၊ နှစ်ခရာ၊ ကုန်လက်၊မေမုန်စန်း တိထိတဆဲ့တလုံး၊ ဿင်္ခါးလုံး၊ နက္ခတ်နှစ်ဆဲ့ငါးလုံး၊ ဿင်္ခါးဆဲ့ခြောက် လုံးတွင် နေ့ကျော်သားဘို့ကို နန်းတော်ဆောင်ပုံ စ၍ လုပ်စေသည်။

ပြာသိုလပြည့်ကျော် တဆဲ့နှစ်ရက် တနင်္လာနေ့ နံနက် လေးချက်တီး ကျော်၊ ခြောက်နာရီပါဒ်ပြည့်၊ ဗီဇနာပြည့်၊ ငါးပြန်၊ ခရာပြည့်၊ တူစန်း၊ ကုံလက်၊ ပုဏ္ဏာတိထိ တဆဲ့တလုံး၊ ဿင်္ခါး၊ နက္ခတ်တဆဲ့ငါးလုံး၊ ဿင်္ခ နှစ်ဆဲ့ငါးတွင် နေ့ကျော်သားတို့ကို ကြိုးရင်း ကြိုးဖျားကို မစေလျက် အနောက်တောင်သို့ မျက်နှာရည်စေ၍ မြို့တော်, ကျုံးတော်, ရွှေနန်း တော်, ရွှေဂူတော်, ကျောင်းတော်, ဝိဋကတ်တိုက်တော်, ကန်တော်, ခုနစ်ဌာနကို တပြိုင်နက် တချက်တည်း ရွှေပန်နက်, ငွေပန်နက် စိုက်မှတ် စေသည်။

ပြာသို လပြည့်ကျော် တဆဲ့နှစ်ရက် တနင်္လာနေ့ နံနက် လေးချက်တီး ကျော်၊ ခြောက်နာရီပါဒ်ပြည့်၊ ဗီဇနာပြည့်၊ ငါးပြန်၊ ခရာပြည့်၊ တူစန်း၊ ကုံသက်၊ တိထိတဆဲ့တလုံး၊ ဿင်္ခါး၊ နက္ခတ်တဆဲ့ငါးလုံး၊ ဿင်္ခါးဆဲ့ နှစ်တွင် နေ့ကျော်သားတို့ကိုစ၍ ရွှေပန်နက်, ငွေပန်နက် ချမှတ်တွင်းဝန်း စေပြီးလျှင် နန်းတော်ပြမ်း စိုက်ထူလုပ်ဆောင်စေသည်။ ။နန်းတော်ရာ မြေကိုလည်း အောင်မြေစံရာ-သမုတ်တော်မူသည်။

တပို့တွဲလဆန်းခုနစ်ရက် အင်္ဂါနေ့သို့အဝင် ညဉ့် သုံးချက်တီးကျော် တနာရီ၊ တပါဒ်၊ သုံးဗီဇနာ၊ ပြန်ပြည့်၊လေးခရာ၊ ဥတ္တရာဘာဒြပုဒ်နက္ခတ် မွန်းတည့် ပြိဿတွင် စန်း, လက်၊ ပုဏ္ဏာတိထိ တဆဲ့တစ်၊ဿင်္ခသုံးဆဲ့လေး၊ နက္ခတ်သုံးလုံး၊ ဿင်္ခနှစ်ဆဲ့ခုနစ်တွင် မြို့တော်, ကျုံးတော်, ရွှေနန်းတော်, ရွှေဂူတော်, ကျောင်းတော်, ပိဋကတ် တိုက်တော်, ကန်တော် ခုနစ်ဌာန နကို တပြိုင်နက် တချက်တည်း တည်လုပ်စေသည်။ ။ရွှေနန်းတော်မှာ မြို့စားမင်းသား, မြင်းမှူးမင်းသားတို့ကို နေ့နံသင့်ရာ သစ်ငယ် သစ်ဖျား မစခစေပြီးလျှင် တမှတ်ကြိုးနှင့် မှူးသားမတ်သား မြင်းစီး မြင်းခေါင်းတို့ ထူမစိုက်စေသည်။

ထိုအခါနှင့် တချိန်တည်း ပြာသာဒ်တော် သီဟာသနပလ္လင်၊ မှန်နန်း ဆောင် ဘမရာသနပလ္လင်၊ အနောက်ပွဲတက် ဇေတဝန်ဆောင်တော် ပဒု မာသနပလ္လင်၊ ဇေတဝန်ဆောင်တော် ဟံသာသနပလ္လင်၊ ပရိတ်နာဆက် ဆောင်တော် သင်္ခါသနပလ္လင်၊တောင်စမုတ်ဆောင်တော်မိဂါသနပလ္လင်၊

မြောက်စမုတ်ဆောင်တော် မောရိယာသနပလ္လင်၊ မြဲတိုက်ဆောင်တော် ဂဇာသနပလ္လင်၊လွှတ်တော် ဇေတဝန်ဆောင်တော် သီဟာသနပလ္လင်များကိုလည်း နွေကျော်သားတို့ ရွှေဆောက်, ငွေဆောက်, ရွှေလက်ရိုက်, ငွေလက်ရိုက်တို့ဖြင့် စ၍ ထုလုပ်စေသည်။ ။မြို့တော်တမျက်နှာ သုံးတံခါးစီ၊ လေးမျက်နှာ တဆဲ့နှစ်တံခါး၊ ပြသုံးဆဲ့ငါးများကို တပြိုင်တည်းစလုပ်စေသည်။

တပို့တွဲလဆန်းတဆဲ့လေးရက် ကြာသပတေးနေ့ သုံးချက်တီးကျော်၊ နာရီပြည့်၊ သုံးဗိဇနာ၊ တပြန်၊ တခရာ၊ ဗုဒ္ဓဟူးတြင်း၊ တနင်္လာနဝင်း၊ ပြိဿလက်၊ မေဓုန်စန်း၊ တိထိတဆဲ့သုံး၊ ဃဋီနှစ်ဆဲ့လေး၊ နက္ခတ်ငါးလုံး၊ ဃဋီငါးဆဲ့မြောက်တွင် နွေကျော်သားတို့ကို စ၍ နန်းတော်သစ်ကို စခွါး-ရွှေးစေသည်။

တပို့တွဲသဆန်း တဆဲ့ငါးရက် သောကြာနေ့ နံနက် လေးချက်တီးကျော်၊ နှစ်နာရီ၊ ပါဒ်ပြည့်၊ ခုနစ်ဗိဇနာ၊ လေးပြန်၊နှစ်ခရာ၊ မေဓုန် စန်း၊ မိန်တွင်လက်၊ တိထိနှစ်ဆဲ့လေး၊ ဃဋီနှစ်ဆဲ့ရှစ်၊ နက္ခတ်မြောက်လုံး၊ ဃဋီလေးဆဲ့တစ်တွင် နွေကျော်သားတို့ကို မစေပြီးလျှင် နန်းတော်ဆောင်ပုံစ၍ဘင်စေသည်။

ထိုနှစ် တပို့တွဲသဆန်းတဆဲ့ငါးရက် သောကြာနေ့သို့အဝင်၊ ညဥ့်နှစ်ချက်တီးကျော်၊ တနာရီပါဒ်ပြည့်၊ ဗိဇနာပြည့်၊ တပြန်၊ မြောက်ခရာ၊ တူလက်၊ မေဓုန်စန်း အခါတော်တွင် အရှင်မိဖုရားခေါင်ကြီး သမီးတော်အကြီးကို ဆံထုံးထုံး, ဒက်တဘက်ဆင်တော်မူ၍ နားတော်ထွင်းတော်မူသည်။

တပို့တွဲလပြည့်ကျော် ငါးရက် ဗုဒ္ဓဟူးနေ့သို့အဝင် ညဥ့်နှစ်ချက်တီးကျော်၊ ငါးနာရီတပါဒ်၊ သုံးဗိဇနာ၊ ငါးပြန်၊ကိုးခရာ၊ ကြကင်လက်၊ မေဓုန်စန်းတွင် အလယ်နန်းမိဖုရားသမီးတော် ဟင်းသာတ မင်းသမီးကို ဆံထုံးထုံး, ဒက်တဘက်ဆင်တော်မူ၍ နားထွင်းတော်မူသည်။

ဘဝရှင် မင်းတရားကြီးဘုရားလည်း တပေါင်းလဆန်း တဆဲ့သုံးရက်၊ တနင်္လာနေ့, နေ့နှစ်ချက်တီးကျော်ငါးနာရီတွင် ရတနာရွှေဖောင်တော်နှင့် စစ်ကိုင်းသို့ကြွတော်မူ၍ စေတီတော်ကို ရွှေထီးအထွတ်တင်လှူတော်မူပြီးလျှင် အောင်မြေလောက-သမိုက်တော်မူသည်၊ အရည်ဝါသီပုဂ္ဂိုလ်, ဂါမဝါသီပုဂ္ဂိုလ်,အရိယာ သံဃာတော်အပေါင်းတို့ကိုလည်း၊ ပရိက္ခရာ

ရှစ်ပါးနှင့်တကွ ရဟန်းတို့အသုံးအဆောင်ကို များစွာ လှူတော်မူသည်၊ ပွဲသဘင်ကြီးစွာလည်း ခံတော်မူ၏။

တပေါင်းလဆန်းတဆဲ့နှစ်ရက်၊ ဗုဒ္ဓဟူးနေ့ နံနက်လေးချက်တီးကျော် နာရီပြည့်၊ နှစ်ပါဒ်၊ နှစ်ဗိဇနာ၊ သုံးပြန်၊ ခရာပြည့်၊ မေဓုန်စန်း၊ မိဿလက်၊ တိထိဆယ်လုံး၊ ဿဋ္ဌီလေးဆဲ့ကိုး၊ နက္ခတ်ငါးလုံး၊ ဿဋ္ဌီသုံးဆယ်တွင် နေ့ကျော်သားတို့ကို ရွှေတူ, ငွေတူ, ရွှေပေ, ငွေပေတို့ဖြင့် ပြာသာဒ်တီးကိုစ၍ လုပ်စေသည်၊ လွတ်တော်, ပဟိုရ်, စွယ်တော်ကျောင်းများကိုလည်း စ၍ စိုက်ထူတည်လုပ်စေသည်။

တပေါင်းလပြည့်ကျော် တဆဲ့ငါးရက် တနင်္ဂနွေနေ့၊ နှစ်ချက်တီးကျော်၊ နှစ်နာရီပါဒ်ပြည့်၊ ကိုးဗိဇနာ၊ လေးပြန်၊ ခရာပြည့်၊ ပြိဿလက်၊ ကုံစန်း၊ တိထိ တဆဲ့လေး၊ ဿဋ္ဌီနှစ်ဆဲ့ရှစ်၊ နက္ခတ်နှစ်ဆဲ့သုံး၊ ဿဋ္ဌီသုံးဆဲ့နှစ်တွင် နေ့ကျော်သားတို့ကို နန်းတော်ယက်မစ၍ ထွင်းလုပ်စေသည်။

တန်းခူးလပြည့်ကျော် ငါးရက် စနေနေ့ ညဉ့် လေးချက်တီးကျော်၊ ခြောက်နာရီပါဒ်ပြည့်၊ တဆဲ့သုံးဗိဇနာ၊ နှစ်ပြန်၊ ခရာပြည့်၊ဖုသျှနက္ခတ်တပါဒ်တည့်တည့်၊ တူလက်၊ မကာရစန်း၊ လေးဿဋ္ဌီ၊ နက္ခတ်တဆဲ့ငါးလုံး၊ ဿဋ္ဌီ ငါးဆဲ့တစ်တွင် နေ့ကျော်သားတို့ကို မစေလျက် နန်းတော်အမွှမ်းတုရင် စ၍တင်စေသည်။

နယုန်လဆန်းခုနစ်ရက် တနင်္လာနေ့ တချက်တီးကျော်၊ နာရီပြည့်၊ သုံးပါဒ် ငါးဗိဇနာ၊ သုံးပြန်၊ခရာပြည့်တွင်၊နေ့ကျော်သားတို့ကိုပဟိုရ်စည်ခေါင်းလောင်းများကို စ၍ သွန်းစေလုပ်စေသည်။

သက္ကရာဇ် (၁၁၄၅) တထောင့်တရာ့ လေးဆဲ့ငါးခု၊ နယုန်လဆန်း ငါးရက်၊ တနင်္လာနေ့၊ နံနက်လေးချက်တီးကျော်၊ နာရီပြည့်၊ နှစ်ပါဒ်၊ ခုနစ်ဗိဇနာ၊ ပြန်ခရာပြည့်တွင် နေ့ကျော်သားတို့ကို မစေ၍ ပြာသာဒ်တော် ရွှေထီး,ပလ္လင်တော်ရှစ်ရပ်များကိုတင်စေသည်၊စွယ်တော်ကျောင်း ပဟိုရ်, အတွင်းစွယ်တော်ကျောင်း၊ ထီးများနှင့် ရွှေနန်းတော်အဆောင်ဆောင် မှန်ကင်းများကိုလည်း တင်စေသည်။

လက်သမား အထည်လုပ်, ပန်းပုလုပ်, ပန်းပွတ်လုပ် အလုံးစုံ ပြီးပြေလျှင် မှန်နန်းမဆောင်တော်, ပြာသာဒ်ဆောင်တော်, အနောက်ပွဲတက်ဇေတဝန်ဆောင်တော်စသော ရွှေနန်းတော် ငါးဆဲ့ငါးဆောင်, လွှတ်တော်,ဇေတဝန်ဆောင်တော်, ပြင်စွယ်တော်ကျောင်း,အတွင်းစွယ်တော်ကျောင်းများကို ရွှေပိန်းထည့်တော်မူ၍ ခဲမဖြူအုတ်ကြွပ်သင့်သည်, အမိုး

အင်္ဂတေ သင့်သည်များကို လုပ်စေသည်။ ။ပြ, တံခါ, တိုက်တန်း, တင်းကုပ်များကိုလည်း သစ်စေး ဟင်္သပဒါး အမိုးအုတ်ကြွပ်အင်္ဂတေမိုး လုပ်စေသည်။

ရွှေမြို့တော်, ပြ,တံခါး,ရွှေနန်းတော်, လွှတ်တော်, ရွှေရုံး,နောက်ရုံး, ဝင်းရုံး, နာရီ, ပဟိုရ်, တိုက်တန်း, တင်းကုပ်မှစ၍ အလုပ်အဆောင် အလုံးစုံပြီးပြေလျှင် သက္ကရာဇ်(၁၁၄၅) တဆောင့်တရာ့လေးဆဲ့ငါးခု၊ နယုန်လဆန်းဟဆဲ့နှစ်ရက်၊တနင်္လာနေ့၊ပိဋကတ်တော်များကို တိုးရပ်ရွှေဖောင်တော်တွင်တင်တော်မူ၍ရတနာရွှေဖောင်တော်ရွှေကထားတော်မူသည်၊မင်းအိုဆရာတော်"ဂုဏာဘိအနန္တဓဇမဟာဓမ္မရာဇာဓိရာဇဂုရု"မန်လည်ဆရာတော် "ဂုဏမုနိန္ဒာဓိ၁တိပဝရသာမိ မဟာဓမ္မရာဇာဓိရာဇဂုရု"၊ ဆုံထားဆရာတော် "နရိန္ဒာဘိသိရိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု"၊မင်းရွာဆရာတော် "ဉာဏဇမ္ဗုဒီပ အနန္တဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု" ဆရာတော်ကြီး လေးပါးတို့လည်း ပိဋကတ်တင်သည့် ရွှေဖောင်တော်တွင် ပိဋကတ်တော်ကိုကြပ်မ၍ လိုက်တော်မူကြရသည်။

ဘာရှင်မင်းတရားကြီးဘုရားမှာကား-ကရဝိက်ငှက်ပတ္တမြားရှင်ကိုင်၍ ပျံဟန်၊ ဘုံဘဆဲ့တဆင့်ရှိသော ရွှေဖောင်တော်ကြီးဝယ် ထီးဖြူကနက ဒဏ်ဖြန့်၍ အရှင်မိဖုရားခေါင်ကြီးနှင့် တကွ မင်းမိဖုရား, သားတော်, ညီတော်, ဆွေတော်, မျိုးတော်, မှူးတော်, မတ်တော်, ဗိုလ်မှူးတပ်မှူး, သူရဲသူခက်အပေါင်းခြံရံလျက် သိကြားမင်းကြက်သရေကဲ့သို့ ရွှေဖောင်တော်, ရွှေလှေတော်, ဆင်လုံးမြင်းရင်း, စစ်အင်္ဂါလေးပါးနှင့် ရေစပ်ကြည်းတပ် ရေမြေညိုတ်မွှမ်းလျက် ရတနာပူရ အဝရွှေမြို့တော်ကသည် အမရပူရ ရွှေမြို့တော်သို့ ပြောင်းချီတော်မူသည်။

အမရပူရရွှေမြို့တော်သို့ရောက်တော်မူလျှင် မြို့အနောက်ခတ်နန်းတွင် စံတော်မူ၍ နယုန်လဆန်း တဆဲ့သုံးရက် အင်္ဂါနေ့ နံတော်၏ ဂဟာတိ အရပ်ဖြစ်သော ခတ်နန်းတော် အနောက် မြေခုံပေါ်ထွန်းသည့် ကျွန်းထိပ်ထက် မဟာသင်္ကြန်တော်ကြီး ခေါ်တော်မူပြီးလျှင် နယုန်လပြည့်ကျော် တရက် သောကြာနေ့ ရွှေဟပ်, လက်ယာတပ်, လက်ဝဲတပ်, နောက်တပ် စစ်အင်္ဂါလေးပါး ခြံရံလျက် အရှင် မိဖုရားခေါင်ကြီးနှင့် ရွှေဝေါစီးတော်မူ၍ ရွှေမြို့တော်ကို လက်ယာရစ်လှည့်ပြီးလျှင် မြို့ရှေ့မျက်နှာ-ဦးနှိမ်တံခါးက ဝင်တော်မူ၍ နန်းမြို့အတွင်း ကွန်းထောက်နန်းတော်မှာ စံတော်မူပြီးလျှင် နယုန်လပြည့်ကျော် နှစ်ရက် စနေနေ့သို့အဝင်

ညဉ့်သုံးချက်တီးကျော် ခြောက်နာရီတွင် သိကြားရေစင် ခံတော်မူသည်။ ထိုနေ့နံနက် လေးချက်တီးကျော် နှစ်နာရီတွင် ရဋ္ဌာဘိသေက ခံတော်မူသည်။ ။ထိုနေ့လေးချက်တီးကျော် ငါးနာရီတွင် မိဖုရား ခေါင်ကြီးနှင့် ရွှေဝေါစီးတော်မူ၍ ရွှေနန်းတော်ကို လက်ယာရစ် လှည့်တော်မူပြီးလျှင် တက်သိမ်းတော်မူသည်။

ထိုနေ့ ရွှေမြို့တော်ကို အမရပူရ၊ နန်းမြို့တော်ကို မြနန်းဘုံစံ၊ ရွှေနန်းတော်ကို အောင်နန်းစံရာ၊ အရှေ့မျက်နှာ အလယ်ခေတ်တံခါးကို ဦးနှိမ်၊ တောင်မိတ်တံခါးကို သိမ်းဆည်း၊ တောင်မျက်နှာ အရှေ့မိတ် တံခါးကို ကျွန်းလုံးဝင်၊ အလယ်ခေတ်တံခါးကို ကုန်းမော်၊ အနောက် တံခါးကို နန္ဒမူ၊ အနောက်မျက်နှာတောင်တံခါးကို အာဠဝီ၊ အလယ်ခေတ်တံခါး ကို စည်ရှင်၊ မြောက်မိတ်တံခါးကို ရန်နှင်၊ မြောက်မျက်နှာ အနောက် မိတ်တံခါးကို ရန်မျိုးအောင်၊ အလယ်ခေတ်တံခါးကို လေးသိန်း၊ အရှေ့ မိတ်တံခါးကို မှတ်ဦး၊ အရှေ့မျက်နှာမြောက်မိတ်တံခါးကို လေးကျွန်းဟု သမိုက်တော်မူ၍ မော်ကွန်းစိုက်တော်မူ၏။

နယုန်လပြည့်ကျော်ရှစ်ရက် သောကြာနေ့ နံနက် တချက်တီးကျော် ခြောက်နာရီ၊ နှစ်ပါဒ်၊ နှစ်ဗိဇနာ၊ ပြန်ပြည့်၊ ကိုးခရာတွင် ထီးဆောင်း မင်္ဂလာ မဟာဥကာသ် ဖွင့်တော်မူသည်။ သီရိပဝရ တိလောကပဏ္ဍိတ မဟာဓမ္မရာဇာ”- ဟူသော တဆိပ်နာမံတော်ကို ခံတော်မူသည်။ ။ အရှင်မိဖုရားခေါင်ကြီးကိုလည်း သီရိပဝရမဟာမင်္ဂလာ ရတနာဒေဝီ- ဟူသော တဆိပ်နာမံတော်ကို ခံစေသည်။ ။မြောက်နန်း မိဖုရားကိုလည်း သီရိမဟာစန္ဒာဒေဝီ-ဟူသော တဆိပ်နာမံကို ခံစေသည်။ ။အလယ်နန်း မိဖုရားကိုလည်း သီရိမဟာနန္ဒာဒေဝီ-ဟူသောတဆိပ်နာမံကို ခံစေသည်။ နန်းမတော် ရှင်မိဖုရားခေါင်ကြီးသမီးတော်အကြီး ကန္ဒီမင်းသမီးကိုလည်း သီရိမဟာ မင်္ဂလာဒေဝီ-ဟူသော ဘွဲ့အမည်ကို ပေးတော်မူသည်။ ။ သမီးတော် အလတ် တောင်တွင်းကြီးမင်းသမီးကိုလည်း သီရိ မဟာ တိလောကရတနာဒေဝီ-ဘွဲ့အမည်ကို ပေးတော်မူသည်။ ။သမီးတော် အငယ် မြေဒူးမင်းသမီးကိုလည်း ရတနာမလ္လာဒေဝီ-ဘွဲ့အမည်ကို ပေး တော်မူသည်။ ။အလယ်နန်း မိဖုရားသမီးတော် ဟင်းသာတ မင်းသမီး ကိုလည်း သီရိမဟာဒေဝီ-ဘွဲ့အမည်ကို ပေးတော်မူသည်။ ။သားတော် အကြီး ရွှေတောင်မင်းကိုသည်း သတိုးဓမ္မရာဇာ-ဟူသော ဘွဲ့အမည်ကို ပေးတော်မူသည်။ ။သားတော် စကုမင်းသားကို သတိုးမင်းစော၊ သား

တော် ကာမမင်းသားကို မင်းရဲကျော်ခေါင်၊ ညီတော် တလုပ်မင်းကို သီရိသုဓမ္မရာဇာ၊ ညီတော်ပင်းတလဲမင်းကိုသီရိဓမ္မရာဇာ-ဘွဲ့အမည်ပေးတော်မူသည်။ ယင်းတော်မြို့စား သခင်မင်းရွှေမြကို-သုစန္ဒာဒေဝီ၊ ပင်းမြို့စားသခင်မင်းညိုမြကို-သုမလ္လာဒေဝီ၊ သခင်မင်းမိကို ပဘာဒေဝီ၊ မိတ္ထီလာမြို့စားကို သီရိရတနာဒေဝီ၊ ကနောင်မြို့စားကို-သီရိမင်္ဂလာဒေဝီ၊ ရှင်အောင်ကို-သီရိမင်္ဂလာ မဟေ၊ ရှင်နုကို-သီရိရတနာမဟေ၊ မိုးမြိတ်စော်ဘွားသမီးကို-သီရိမြတ်ထားမဟေ၊ ရှင်မင်းလှကို-မင်္ဂလာမဟေ၊ အနန်းစားသမီးကိုသိဒ္ဓါမဟေ၊ သီပေါစော်ဘွားသမီးကို-သီရိစန္ဒာမဟေ၊ မိုးကောင်းစော်ဘွားသမီးကို-သီရိမြတ်စွာမဟေ-ဘွဲ့အမည်ကိုပေးတော်မူသည်။ ။ ထိုပြင် မင်းကိုယ်လုပ်တော် မောင်းမမိဿံအပေါင်းတို့ကိုလည်း အထိုက်အလိုက် ဘွဲ့အမည်ပေးတော်မူသည်။

အတွင်းဝန် နေမျိုးသီဟသူကို သက်တော်ရှည်ခံစေသည်။ ။ဝန်ကြီးမဟာသီဟသူကို သတိုးမဟာသီဟသူ၊ ဝန်ကြီးမင်းလှကျော်ထင်ကို မဟာသီရိပကြံ၊ ဝန်ကြီး နေမျိုးသီရိနော်ရထာကို မဟာဇေယသင်္ကြံ၊ ဝန်ကြီးနေမျိုးဇေယဂါမဏိကို မဟာသီရိသင်္ကြံ ဘွဲ့အမည်ကို ပေးတော်မူသည်။

နယုန်လပြည့်ကျော် တဆဲ့တရက်နေ့ လွှတ်တော်၊ ဇေတဝန်ဆောင်ရာဇပလ္လင်တော်ကို သိမ်းတော်မူသည်။ ။လပြည့်ကျော်တဆဲ့နှစ်ရက်နေ့ ဗြဲတိုက်ရာဇပလ္လင်တော်ကို သိမ်းတော်မူသည်။ ။ပဉ္စမ ဝါဆိုလဆန်းသုံးရက် တနင်္ဂနွေနေ့ စစ်အင်္ဂါလေးပါး ခြံရံလျက် ရွှေမြို့တော်အရှေ့မျက်နှာ ဦးနှိမ်တံခါးက ထွက်တော်မူပြီးလျှင် လက်ယာရစ် လှည့်ကော်မူ၍ ရွှေမြို့တော်ကို သိမ်းတော်မူ၏။

* (မြို့တည် နန်းတည်၊ မြို့သိမ်းနန်းသိမ်း၊ သင်္ကြန်တော်မေါ်၊ သိကြားရေစင်ခံ၊ ရဇ္ဇာဘိသေကခံ၊ ထီးဆောင်းမင်္ဂလာ၊ ဥကင်တော်ဖွင့်၊ လွှတ်တော်သိမ်း၊ ဗြဲတိုက်တော်သိမ်း အစီအရင်များမှာ ရွှေနန်းစဉ် စာတမ်း ရှိပြီဖြစ်၍ အကျယ်မဆိုသည်။)

ရွှေမြို့တော်လေးထောင့် စေတီတော်ကြီးမှစ၍ ကောင်းမှုတော်၊ စေတီတော်၊ စရပ်၊ တန်ဆောင်း၊ ဂူ၊ ကျောင်း၊ ဥမင်၊ အရိယာ သံဃာတော်မြတ်အပေါင်းတို့ သီတင်းသုံးနေတော်မူရန် ဘုံသုံးဆင့်၊ လေးဆင့်၊ ငါးဆင့်ရှိသော ရွှေကျောင်း၊ တန်ဆောင်း၊ စရပ်တို့ကိုလည်း အထူးထူးအဆန်းဆန်း ရွှေအတိပြီးစေလျက် ရွှေမြို့တော်ဝန်းကျင် ရွှေတောင် ပေါက်သကဲ့သို့ များစွာတည်ထားဆောက်လုပ်တော်မူသည်။

ယင်းသောအခါ အမရပူရ ရာဇဌာနီ မင်းနေပြည်ကြီးသည် နေ့ညဥ့် အလျှံတပြောင်ပြောင် တောက်လောင်အံ့သကဲ့သို့သော စေတီဂူကျောင်း တန်ဆောင်းစရပ်တို့၏ တင့်တယ်ခြင်း, ရွှေဘုံရွှေနန်းတော်တို့၏ တင့်တယ် ခြင်း, ရွှေမြို့တော် တံခါး ပြ တန်ဆောင်းတို့၏ တင့်တယ်ခြင်း စသော မြတ်သောကြက်သရေအပေါင်းတို့ဖြင့် တင့်တယ်ခြင်းကို ရှုမြော်နိုင်းချိန် သည်ရှိသော် အဝန်း ယူဇနာကိုးရာရှိသော မဇ္ဈိမတိုက်ဝယ် ငါးလုံး သော တောင်တို့သည် ရံကုန်သော ရာဇဂြိုဟ်ပြည်ကြီး ကဲ့သို့ ဖြစ်လေ သတည်း။

## ရွှေတောင်မင်းနှင့် တောင်တွင်းမင်းသမီးကို လက်ထပ်၍ အိမ်ရှေ့နှင်းတော်မူခြင်း

ထိုနှစ် ဒုတိယဝါဆိုလဆန်းခြောက်ရက် သောကြာနေ့ နှစ်ချက်တီး ကျော် သုံးနာရီပါဒ်ပြည့်၊ တပီဇနာ၊ ငါးပြန်၊ ခြောက်ခရာတွင် ပိဋကတ် တော်စ၍ ရေးရသည်။ ။ဒုတိယ ဝါဆိုလဆန်း နှစ်ရက်၊ တနင်္လာနေ့ ရွှေနန်းတော်မြောက် အိမ်တော်ရာတွင် လက်ထပ်မင်္ဂလာ အိမ်တော် ဆောက်ရသည်။

ဒုတိယဝါဆိုလဆန်း တဆဲ့နှစ်ရက် ကြာသပတေးနေ့တချက်တီးကျော် ခုနစ်နာရီ၊ တပါဒ်၊ ယေးဗီဇနာ၊ လေးပြန်၊ ခရာပြည့်၊ကောင်းမြတ်သော အခါတော်တွင် အဘိသိက်ခံတော်မူသော အရှင်မိဖုရားခေါင်ကြီး–သီရိ ပဝရမဟာမင်္ဂလာရတနာဒေဝီတွင်မြင်သည့်သမီးတော်၊ တောင်တွင်းကြီး မြို့စား သီရိမဟာတိလောကရတနာဒေဝီမင်းသမီးနှင့် အဘိသိက်ခံတော် မူသော မြောက်နန်းမိဖုရား သီရိမဟာစန္ဒာဒေဝီတွင်မြင်သည့် သားကြီး ရတနာ ရွှေတောင်မင်း သတိုးဓမ္မရာဇာတို့ မောင်တော်,နှမတော်နှစ်ပါး ကို ဥက္ကာမုခ သကျသာကီဝင် အနွယ်တော်မပျက် ရည်ညွန်း လက်ထပ် တော်မူ၍ အိမ်ရှေ့ ဆောင်နှင်းတော်မူသည်။

ရွှေ, ငွေ, ကျောက်သံပတ္တမြားရတနာ, ဆင်ရတနာ, မြင်းရတနာ, စားတော် ကွမ်းရေကိုင်, ဓားလိုက်, လက်သုံးဓားစွဲ, မှူးကြီးမတ်ကြီး တို့သားမြေးတို့နှင့် လက်နက်ကြီးစွဲ, ဓားစွဲကိုယ်ရံမှစ၍ အစိုးအငန်းသင်းစု ပင်းစု များစွာ ဖွဲ့တော်မူသည်။

နေမျိုးကျော်ထင်သီဟသူ, နေမျိုးသီရိဇေယစည်သူတို့ကို အိမ်ရှေ့ဝန်၊ နေမျိုးကျော်ထင်, ရွှေတောင်နော်ရထာတို့ကို အတွင်းဝန်၊ ငရွှေပုကို

ဝင်းမှူး၊ သိမ်နန္ဒမိတ်, ရွှေတောင်သာရနန်သူတို့ကို အနောက်ဝန်၊ ရာဇဝေသော်, နရာဒေဝသင်္ကြံတို့ကို နာခံ၊ သိရိဗလကျော်ထင်, ကျော်ထင်ရန္တမိတ်,လက်ယာရန္တမိတ်, ရာဇဝံသတို့ကို စာရေးကြီး၊ လက်ဝဲနန်သူ, ငရွှေတို့ကို အတွင်းသံဆင့် ခန့်တော်မူသည်။

* (အိမ်ရှေ့တော်အဆောက်အလုပ်၊ အိမ်ရှေ့တော်နှင်း၊နားထွင်းဒက်တဘက်ဆင်၊ မင်္ဂလာလက်တပ် အစီအစဉ်များတို့မှာ ရွှေနန်းစဉ်စာတမ်း ရှိပြီဖြစ်၍ အကျယ်မဆိုသည်။)

ထိုနှစ် ဝါခေါင်လပြည့်ကျော် ၅ ရက် ဗုဒ္ဓဟူးနေ့ သလာကဘတ်စာရေးတံ လှူတော်မူသည်။ ။တော်သလင်း လပြည့်ကျော် ၅ ရက် ကြာသပတေးနေ့ မြို့အနောက်ရန်အောင်ဆိပ်သို့ ထွက်စံတော်မူ၍ လှေပွဲသဘင်ခံတော်မူသည်။

သီတင်းကျွတ် လဆန်း ၅ ရက် သောကြာနေ့ကစ၍ လဆန်းတဆဲ့လေးရက်နေ့တိုင် ဝင်းတော်လေးမျက်နှာမှာ အလှူတော်ရွှေဆင်ပွဲသဘင်စုံခံရသည်၊ လဆန်းတဆဲ့ငါးရက် သောကြာနေ့ ဆင်ယာဉ် မြင်းယာဉ်များကို အတွင်းတော်သို့သွင်း၍ရေစက်သွန်းလှူတော်မူသည်။ ။လပြည့်ကျော်တရက် စနေနေ့ကသည် သုံးရက်တိုင် ဆီမီးမြင်းမိုရ်ညှိထွန်းပူဇော်သည်၊ ဇာတ်ကြီးစသော ပွဲသဘင်စုံလည်း ခံရသည်။ ။လပြည့်ကျော်တရက် စနေနေ့ကသည် သုံးရက်တိုင်အောင်ကိုလည်း ပြာသာဒ် ဥကင်တော် သီဟာသနရာဇပလ္လင်တော်ထက် အရှင်မိဖုရားခေါင်ကြီးနှင့် တကွ စံပယ်တော်မူလျက် ဝါကျွတ် ကန်တော့ခံတော်မူသည်။ ။လပြည့်ကျော် လေးရက် အင်္ဂါနေ့ အိမ်ရှေ့အိမ်တော်မှာ အိမ်ရှေ့မင်း ကန်တော့ခံတော်မူသည်။

လပြည့်ကျော်ငါးရက် ဗုဒ္ဓဟူးနေ့ အနောက်ပွဲတက်ဇေတဝန်ဆောင် ဥကင်တော် ပဒုမာသနရာဇပလ္လင်တော်ထက် အရှင်မိဖုရားခေါင်ကြီးနှင့် တကွ စံပယ်တော်မူလျက် အနောက်ပွဲဘက်ကန်တော့ခံတော်မူသည်။ ။တန်ဆောင်မုန်းလဆန်းတဆဲ့လေးရက်သောကြာနေ့အနောက်အတွင်းတော်မှာ ကထိန်သင်္ကန်းရက်စေ၍လှူတော်မူသည်။ ။လပြည့်ကျော် ၅ ရက်နေ့ တန်ဆောင်တိုင် လှူတော်မူသည်၊ တန်ဆောင်မုန်းလ ရွှေမြို့တော်နှင့်တကွ ပြည်တွင်းပြည်ပ,လက်တွင်းလက်ပြင် လမ်းသေး လမ်းမများကို တန်ဆာဆင်ရသည်၊ ရက်သုံးဆယ်အတွင်း ရွှေမြို့တော်မှစ၍ ပြည်အလုံးကြွတ္တိကာသဘင် ကောင်းကင်ဆီမီးတိုင်ဖြင့် ညှိထွန်း ပူဇော်ကြရသည်။

နတ္တော်လဆန်း တရက် စနေနေ့မှစ၍ ဘဝရှင်မင်းတရားကြီးဘုရား, အရှင်မိဖုရားခေါင်ကြီး, မိဖုရား, သားတော်, မြေးတော်, ဆွေတော်,မျိုးတော်, မှူးတော်, မတ်တော်, ကတော်မယားတို့ ခြံရံလျက် တဆဲ့ငါးရက်သုံး နတ်ကြီးတဆဲ့ငါးပါးနိုးသည်ကို အစဉ်အတိုင်း ပွဲသဘင်စုံခံ၍ ဗာလိနတ်စာပေးတော်မူသည်။ ။နတ်တော်လဆန်းငါးရက် သောကြာနေ့ သားတော် ကာမမင်းသားနှင့် နောင်တော် ဆင်ဖြူရှင်သမီးတော် ပဘာဒေဝီတို့ကို စုံဘက်တော်မူသည်။

နတ်တော်လဆန်း ရှစ်ရက် တနင်းလာနေ့ နံနက် တချက်တီးကျော်၊ တနာရီ၊ သုံးပါဒ်၊ တဗိဇနာ၊ နှစ်ပြန်၊ နှစ်ခရာတွင် နိုင်ငံတော် အလုံးကို အိမ်ခြေစာရင်း စစ်သိမ်းတော်မူပြီးလျှင် မြို့ရွာနယ်နိမိတ်အတိုင်း အပိုင်းအခြား လက်စွဲ ကိုယ်ရံတော်, စုသား, ငန်းသား, အသည်တိုင် ထမ်းတို့ကို ရှေးအစဉ်အဆက်အတိုင်း မငုပ်မတိမ် စေရ–အမှန်အကန် သီးသန့်ခြားနားတော်မူ၍ အသည်တိုင်ထမ်းတို့မှာ အိမ်ခြေနှစ်ဆဲ့ငါးလျှင် တတိုင်စည်းကြပ် ဖွဲ့စုခတော်မူသည်၊ နယ်နိမိတ် အပိုင်းအခြား မြို့ရွာအိမ်ခြေတိုင်ဘက်စာရင်း, စုငန်းစာရင်းများကိုလည်း အမွှန်ရှည်စိမ့်သောငှာ ထန်းဖူးထက်တင်၍ ရွှေတိုက်တော်မှာ သွင်းတော်မူသည်။

## ၂၃၀–သောဌာနတို့၌ ရွှေဂူဘုရား ၂၃၀–တည်တော်မူ၍ မြို့တော်ဘုရားလေးဆူကို ဌပနာတော်မူခြင်း

ဘေးလောင်းတော်သိရိမဟ္မာသောကမင်းကြီး မုဋ္ဌောဘုရားကို တချိန်တခါတည်း တည်လုပ်သကဲ့သို့ ရွှေဂူဘုရားတည်လုပ်တော်မူမည်–စေနာတော် ထက်သန်လျက် အကြံတော်ဖြစ်၍ ရွှေဂူ ကုသိုလ်တော်များဝယ် ဌပနာသွင်းရန် မွေတော်, ဓာတ်တော်,ရွှေကြုတ်,ငွေကြုတ်,ရွှေရုပ်တု,ငွေရုပ်တု, လိုဏ်သွင်းရန် ကျောက်ဖြူဘုရားရုပ်တုတော် ကုသိုလ်တော်၊ ရှေးဘုရားပုံစံ အုဘ် အင်္ဂတေ အဘိုးကံကျွေးလက်ခငွေတော်၊ စော်ဘွား,မြို့စား, မြို့ဝန်, စစ်ကဲ, သူကြီး,မြေတိုင်, ကလန်, သံပျင်တို့ကို အသီးအသီးပေးအပ်ခတော်မူ၍ ငစဉ့်ကူးမြို့၊ စုန်းမြို့၊ ကြီးညှပ်မြို့၊ စမ္ဗာယ်နဂိုရ်မြို့၊ တကောင်းမြို့၊ ကောင်းတုံမြို့၊ ဗန်းမော်မြို့၊ မိုးမြိတ်မြို့၊ သုံးဆယ်မြို့၊သီပေါမြို့၊ မိုင်းသုံမြို့၊ တောင်ပိုင်မြို့၊ သိန်းနီမြို့၊ လဲချားမြို့၊ သီကျစ်မြို့၊ ဟဲလုံမြို့၊ ညောင်ရွှေမြို့၊ မိုင်းစိဘ်မြို့၊ မိုင်းကိုင်မြို့၊မိုးနဲမြို့၊ကျိုင်းတောင်းမြို့၊မိုင်းပွန်မြို့၊မိုင်းတုံမြို့၊ မိုးဗြဲမြို့၊ စကားမြို့၊ နောင်မွန်မြို့၊ တဘက်မြို့၊ ကျိုင်းချိုင်မြို့၊ ကျိုင်းတုံမြို့၊

ကျိုင်းသေဉ်မြို့၊ မိုင်းလျဉ်းမြို့၊ မိုင်းခုံမြို့၊ နံ့လွန်မြို့၊ မိုင်းမျဉ်းမြို့၊ ကျိုင်းခန်းမြို့၊ မိုဉးပံမြို့၊ ကိုကြော ငွေခွန်ရွာ၊ ပွေးလှတမဲဆယ်ရွာ၊ ဘော်လေးဆွဲလေးရွာ၊ အင်းလေးရွာ၊ ပန်းယင်းမြို့၊ သာမိုင်းခန်းမြို့၊ ညောင်လှမြို့၊ စောလှမြို့၊ ပင်လယ်မြို့၊ မြင်းခုံတိုင်မြို့၊ မြင်စိုင်းမြို့၊ မကွာရာမြို့၊ ပင်းယမြို့၊ တပယ်မြို့၊ ပြင်စည်မြို့၊ ကျောက်ဆောက်မြို့၊ တလုပ်မြို့၊ တလုပ်ငါးဆွဲငါးစီးမြင်းရွာ၊ လက်ဝဲမြင်းမြေရွာ၊ ပုဂံမြို့၊ ရွာသာမြို့၊ တူရွင်းတိုင်မြို့၊ ငသံရောက်မြို့၊ ပင်းတလဲမြို့၊ ညောင်အုပ်မြို့၊ မိတ္ထီလာမြို့၊ ကုန်တောင်ရွာ၊ လှိုင်းတက်မြို့၊ ညောင်ရမ်းမြို့၊ ရန်အောင်မြို့၊ သစ်မြို့၊ ယင်းတော်မြို့၊ ပင်းမြို့၊ နတ်မောက်မြို့၊ ကျောက်ပန်းတောင်းမြို့၊ စလေမြို့၊ ပုခန်းငယ်မြို့၊ ရေနံချောင်းမြို့၊ ဝက်မစွတ်မြို့၊ မကွေးမြို့၊ ပဋ္ဌနဂိုရ်မြို့၊ တောင်ခွင်မြို့၊ မြေထဲမြို့၊ တောင်တွင်းကြီးမြို့၊ ရမည်းသင်းမြို့၊ ဝတီးမြို့၊ ဘဏ္ဍာမြို့၊ မြို့လှမြို့၊ တောင်ငူမြို့၊ ပြည်မြို့၊ ပေါင်းထည်မြို့၊ ကျွန်းဆုံမြို့၊ ညောင်ပင်ဆိပ်မြို့၊ ရွှေတောင်မြို့၊ တလုပ်မော်မြို့၊ သာယာဝတီမြို့၊ လှိုင်မြို့၊ ရန်ကုန်မြို့၊ ကျောက်မော်မြို့၊ စစ်တောင်းမြို့၊ မုတ္တမမြို့၊ ဒဝယ်မြို့၊ ဗြိတ်မြို့၊ သံလျင်မြို့၊ ဒလမြို့၊ ပုသိမ်မြို့၊ သမြင်တုံမြို့၊ ဓနုဖြူမြို့၊ ခွဲခပေါင်မြို့၊ ဇလွန်မြို့၊ ဟင်းသာတမြို့၊ ကနောင်မြို့၊ မြန်အောင်မြို့ ကြံခင်းမြို့၊ သလဲတန်းမြို့၊ တံလည်းစီးမြို့၊ ပန်းတောင်းမြို့၊ ပြုင်ကြီးမြို့၊ မြဝတီမြို့၊ ကာမမြို့၊ သရက်မြို့၊ မလွန်မြို့၊ မင်းတုန်းမြို့၊ မင်းတမ်းမြို့၊ ပန်းထိမ်းမြို့၊ မဘဲမြို့၊ မြို့သစ်မြို့၊ တိုင်တားမြို့၊ လယ်ကိုင်းမြို့ စကုမြို့၊ စလင်းမြို့၊ ကျပင်းမြို့၊ သောင်းရှည်မြို့၊ ယောမြို့၊ အတွင်းရွဲရွာ၊ ပြင်ရွဲရွာ၊ ထီးလင်းမြို့၊ ကလေးမြို့၊ တိမ်ဉ်းညှဉ်းမြို့၊ ကရားမြို့၊ မင်းခဉ်းမြို့၊ တောင်တွင်းချောင်မြို့၊ မြို့ကြီးမြို့၊ ကန္နီမြို့၊ ပုခန်းကြီးမြို့၊ နဘက်မြို့၊ အမြင့်မြို့၊ စစ်ကိုင်းမြို့၊ ဗဒုံမြို့၊ ခင်မွန်ရွာ၊ ရွာသာမြို့ ထန်းတပင်မြို့၊ ဒီဝဲယင်းမြို့၊ ဟင်းသာမြို့၊ သာဝတ္တိရွာ၊ ဟန်လင်းမြို့၊ မန်းကျည်းကန်ရွာ၊ ရတနာသိဃ်မြို့၊ စည်သာမြို့၊ မင်းပေးရွာ၊ ကျောက်မြောင်းမြို့၊ ပင်းသာဆားကျင်းရွာ၊ စည်ပုတ္တရာမြို့၊ ငရနဲမြို့၊ ခေါ်သန္တိမြို့၊ မြေဒူးမြို့၊ မိုင်းခိုဉ်းမြို့၊ မိုင်းညောင်းမြို့၊ သောင်သွပ်မြို့၊ မော်တုံမြို့၊ မော်ကဿမြို့၊ ပင်းသာမြို့၊ ပင်းချိုင်မြို့ အင်တောက်သာမြို့၊ ကောလင်းမြို့၊ မော်နိုင်းရွာ၊ ခေါင်းတုံးမြို့၊ မိုးကောင်းမြို့၊ မိုးညှင်းမြို့၊ မိုးတားမြို့၊ ကသာမြို့၊ ယင်းခဲမြို့ ချွန်းတောင်မြို့၊ မြဲတောင်မြို့၊ မန်လည်ရွာ၊ ဟင်္ဂမော်မြို့၊ ထိုသို့နှစ်ရာ့သုံးဆယ်ခသော ဌာနတို့၌ ရွှေဂူ နှစ်ရာ့သုံးဆယ် တို့ကို တချိန်တခါတည်း တည်လုပ်စေပြီးလျှင် ချားသီးကသည် မြေတိုင်အောင် ရွှေထည့်တော်မူ၍ ရွှေထီးအထွက် တင်လှူတော်မူ၏။

နတ်တော်လဆန်း တဆဲ့ငါးရက် တနင်္လာနေ့ မဟာပိန္နဲ ရထားတင်တော်မူသည်။ ။ပြာသိုလဆန်းခြောက်ရက် တနင်္ဂနွေနေ့ကစ၍ တပို့တွဲလဆန်း တဆဲ့လေးရက်နေ့တိုင် မြင်းခင်းသဘင် ခံတော်မူသည်။ ။ပြာသိုသပြည့်ကျော် တဆဲ့နှစ်ရက် တနင်္ဂနွေနေ့ သားတော် အိမ်ရှေ့မင်းကို ဝတ်လုံဘဲရုံသုံးဆင့်တပ် ပေးတော်မူသည်။ ။တပို့တွဲလဆန်း တဆဲ့ငါးရက် ကြာသပတေးနေ့ မီးဘုံးရာဂု လှူတော်မူသည်။ ။တပေါင်းလပြည့်နေ့ စေတီပုထိုးများမှာ ဆီမီး ပူဇော်တော်မူသည်။ ။တပေါင်းလပြည့်ကျော်ကိုးရက် တနင်္ဂနွေနေ့ သားတော် စကုမင်းသားကို ရွှေကာမြေနှင့် စည်ပုတ္တရာ မြို့ကို ပေးတော် မူသည်။ ။တန်းခူး လပြည့်ကျော် တရက် တနင်္လာနေ့ မဟာသင်္ကြန်တော်ပြောင်း အတာညောင်ရေသွန်းတော်မူသည်။ ။ဂရုမ္ဘတရား လေးပါးကို ပြည်သူပြည်သား အပေါင်းတို့ကို အမြဲကျင့်ဆောင်ကြရမည်ဟုလည်း တဆဲ့နှစ်ရာသီ လစဉ် လဆန်း ငါးရက်နေ့တိုင်း ပြည်တွင်းပြည်ပ စည်လည်စေ၏။

ရွှေမြို့တော်လေးထောင့် စေတီတော် ဘုရားလေးဆူ တည်လုပ်သည်မှာလည်း ဌပနာတိုက် အလုပ်အဆောင် အလုံးစုံ ပြီးပြေလျှင် တန်းခူးလပြည့်ကျော်နှစ်ရက် အင်္ဂါနေ့ နံနက် တချက်တီးကျော် နှစ်နာရီ သုံးပါဒ် ငါးဗီဇနာ တပြန် ငါးခရာပြည့် တူစန်း မေမုန်လက် ကောင်းမြတ်သော အခါတော်တွင် ရွှေမြို့တော် အနောက်မြောက်ထောင့် စေတီ၌ ဌပနာတော်မူသည်ကား …အတိုင်းဘိုင်းအပြည်ပြည်က ပင့်ဆောင်ရောက်သည့် အဆင်းအားဖြင့် သုံး၂ါး,ပမာဏအားဖြင့်သုံးပါး ပြားကုန်သော ဓာတ်တော် မွေတော် အပေါင်းကို ပတ္တမြားစေတီတွင် သွင်းသည်၊ ပတ္တမြားစေတီကို ရွှေစေတီမြှုသည်၊ ရွှေစေတီကို မိုးကြိုးစေတီ မြှုသည်၊ မိုးကြိုးစေတီကို ငွေစေတီမြှုသည်၊ ငွေစေတီကို ကြေးစေတီမြှုသည်။ ရွှေထီး၊ ငွေထီး၊ ဖလ်ထီး၊ ရွှေတံခွန်၊ ငွေတံခွန်၊ ရွှေတန်ဆောင်၊ ငွေတန်ဆောင်၊ ရွှေပန်းတောင်း၊ ငွေပန်းတောင်း၊ ရွှေပန်းခိုင်၊ ငွေပန်းခိုင်၊ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်၊ ပတ္တမြားပေါက်ပေါက်တို့ဖြင့် စိုက်ဆောက်ခြံရံကျင်းပလျက် သွင်းတော်မူသည်။ နှစ်ကျိပ်ရှစ်ဆူဘုရား ပွင့်တော်မူ၍ ဘုရားလောင်းကို ဗျာဒိတ်ပေးဟန်အစုံ၊ ဘုရားလောင်း မယ်တော်မာယာဝမ်း၌ ပဋိသန္ဓေ ယူတော်မူသည်ကစ၍ ဘုရားအဖြစ်သို့ ရောက်တော် မူသည်ဘိုင် အခမ်းအနားအစုံ၊ သတ္တဌာန နေတော်မူသည် အစုံ၊ ဘုရားဖြစ်တော်မူသည်ကကို လေးဆဲ့ငါးဝါ ဝါဆိုတော်မူ၍ ပရိနိဗ္ဗာန် စံတော်

မူသည့်တိုင် အခမ်းအနားများကိုလည်း ရွှေငွေတို့ကို သွန်းလုပ်၍ သွင်းထားတော်မူသည်။ ထိုပြင် ရွှေဆင်းတု တရာ့ရှစ်ဆဲ့ကိုး၊ ငွေဆင်းတု နှစ်ထောင့် ခုနစ်ဆယ်၊ ဥဿဘယားဆင်းတု လေး၊ နီလာဆင်းတု တစ်၊ ပယင်းဆင်းတု လေးဆဲ့သုံး၊ ဖလ်ဆင်းတု တဆဲ့ရှစ်၊ မိုးပြေးဆင်းတု တစ်၊ ဒက္ခိဏာသာခါဆင်းတု တစ်၊ ကြေးဆင်းတု တရာ့ရှစ်ဆယ်၊ သလွဲဖြူဆင်းတု နှစ်ထောင့် ခြောက်ဆယ်၊ ကျောက်ဆင်းတုတရာ့သုံးဆဲ့နှစ်၊ နံ့သာဆင်းတု ခုနစ်၊ ရွှေစေတီတစ်၊ ငွေစေတီနှစ်ဆယ်၊ ဖလ်စေတီရှစ်၊ ဆယ်စွယ်စေတီ တစ်၊ သလွဲဖြူစေတီ တရာ့ခြောက်ဆယ်၊ ရွှေချစေတီ နှစ်များကို ဌပနာတော် မူသည်။ ။ဌပနာတိုက်ကိုလည်း ကျောက်တထပ် သဲတထပ်တို့ဖြင့် စေ့စပ် သေချာစွာ ပိတ်ဖုံးပြီးလျှင် ကြေးသလွဲရည်တို့ဖြင့် တခဲနက် သွန်းလောင်း ပိတ်ဖုံးတော်မူ၏။

ထိုအခါနှင့်တချိန်တခါတည်း ရွှေမြို့တော်အရှေ့မြောက်ထောင့်စေတီ၊ အရှေ့တောင်ထောင့်စေတီ၊အနောက်တောင်ထောင့် စေတီတော်များမှာ ည်လည်း အနောက်မြောက်ထောင့် စေတီတော်၌ ဌပနာတော်မူသည့် အစီအစဉ် အရေအတွက်အတိုင်း ဓာတ်တော်မွေတော်၊ နှစ်ကျိပ်ရှစ်ဆူဘုရား ရုပ်တုတော်၊ မယ်တော် မဟာမာယာဝင်း၌ ပဋိသန္ဓေယူတော်မူသည်က စ၍ ပရိနိဗ္ဗာန်ယူသည့်တိုင်အောင် ရုပ်တုအခမ်းအနား အစုံများနှင့် ရုပ်ပွားဆင်းတုတော်၊ ရွှေစေတီငွေစေတီများကို ရွှေငွေတို့ကို သွန်းလုပ်၍ ဌပနာတော်မူပြီးလျှင် ဌပနာတိုက်ကို ကျောက်တထပ် သဲတထပ်တို့ဖြင့် သေချာစွာပိတ်ဖုံး၍ ကြေးသလွဲရည်တို့ဖြင့် တခဲနက် သွန်းလောင်းတော်မူသည်။ ။သက္ကရာဇ် (၁၁၄၆) တထောင့်တရာ့ လေးဆဲ့ခြောက်ခု၊ ကဆုန်လဆန်း ငါးရက် သောကြာနေ့ စေတီပုသိုးများမှာ ဗောဓိညောင်ရေ သွန်းလှူတော်မူသည်။

**သွေးသောက်ဘွဲ့ ပေးတော်မူခြင်း စသည်များနှင့်**
**ဆင်ဖြူရှင် ခံတော်မူခြင်း**

နယုန်လဆန်း ဆယ်ရက် သောကြာနေ့ နံနက်တချက်တီးကျော် ငါးနာရီနှစ်ပါဒ်၊ တဆဲ့နှစ်ဗိဇနာ၊ နှစ်ပြန်၊ နှစ်ခရာတွင် သီရိဒေဝဗလတို့ အရည်တူလူပေါင်း နှစ်ဆဲ့ရှစ်ကို လေးဆယ်တော် သီရိဒေဝဗလ သွေးသောက် ဖွဲ့တော်မူသည်။ ။ကောခရန္တသူတို့ အရည်တူ လူပေါင်း နှစ်ဆဲ့တစ်ကို ငါးဆယ်တော် ကောခရန္တသူ သွေးသောက် ဖွဲ့တော်မူ

သည်။ ။စည်တပြစ်ကြီးတို့ အရည်တူ လူပေါင်း ခြောက်ဆဲ့ငါးကို ငါးဆယ်တော် သွေးသောက်လတ် စည်တပြစ်ကြီး သွေးသောက် ဖွဲ့တော်မူသည်။ ။နေမျိုးလက်ယာ သီရိတို့ အရည်တူလူပေါင်း ငါးဆဲ့နှစ်ကို သွေးသောက်လတ် နေမျိုးလက်ယာသီရိ သွေးသောက် ဖွဲ့တော်မူသည်။ ။လက်ဝဲရန္တုပွတို့ အရည်တူလူပေါင်း ခြောက်ဆဲ့ငါးကို သွေးသောက်လတ် လက်ဝဲရန္တုပွ သွေးသောက်ဖွဲ့တော်မူသည်။ ။လက်ယာရန္တုပွတို့ အရည်တူ လူပေါင်း ခြောက်ဆဲ့နှစ်ကို သွေးသောက်လတ် လက်ယာရန္တုပွသွေးသောက် ဖွဲ့တော်မူသည်။ ။ငသာထွေးတို့ အရည်တူလူပေါင်း လေးဆဲ့တစ်ကို သွေးသောက်လတ် ငသာထွေးသွေးသော ဖွဲ့တော်မူသည်။ ။ငပုလှတို့ အရည်တူလူပေါင်းတဆဲ့နှစ်ကို သွေးသောက်လတ် ငပုလှသွေးသောက် ဖွဲ့တော်မူသည်။ ။နယုန်လ သုဓမ္မာစရပ်မှာ ပဌမသာမဏေ ပဥ္စင်းလောင်းတော်တို့ စာမေးကြရသည်။

နယုန်လဆန်း တဆဲ့တရက် စနေနေ့ မဟာသကြိန်တော်ကြီး ခေါ်တော်မူသည်။ ။နယုန်လဆန်းတဆဲ့သုံးရက် တနင်္လာနေ့ သားတော် အိမ်ရှေ့မင်းကို ပေးတော်မူရင်း ကျိုင်းလေးချက်ပြင်၊ ကျိုင်းချက်နှစ်၊ ဓားလိုက်ပေးတော်မူရင်း ရှစ်စင်းပြင် လေးစင်းတို့၌ ပေးတော်မူသည်။

နယုန်လဆန်း တဆဲ့လေးရက် အင်္ဂါနေ့ သားတော် အိမ်ရှေ့မင်းကို မောင်းကတ္တီပါနီ၊ ရွှေသားနဖူးစည်း ဇာပေါက်ရောင်ပြားခံ အလယ်သစ္စာပန်းကိုးပွင့်-ဘော့ခြယ်၊ နဖူးစည်းအထက်အောက် ပတ္တမြား တရစ်စီ၊ ကျောက်အတွင်း သရဖီကုံး-ဘော့ခြယ်၊ သရက်ကင်း မြင်းနားဇာပေါက်ရောင်ပြားခံ ဘော့ခြယ်၊ ကျောက်တရစ်စီ၊ ပန်းတပ် တမာရွက်ထောင်၊ ဇာပေါက် ရောင်ပြားခံ-ဘော့ခြယ်၊ ဝတ်လုံ ရွှေဇုဋ္ဌန်ဆီ ရွှေသားပန်းကြဲ-ဘော့ခြယ်၊ တုရင်ခြေတပ်၊ ဘဲရုံသုံးဆင့်၊ လည်ရွဲပန်းပွားဘွဲ့ဖြူ၊ နှစ်ဘက်မြိတ် သုံးဆင့်၊ ရွှေသားပန်းကြဲ-ဘော့ခြယ်၊ အရှည်ခုနစ်တောင်၊ စလွယ် ပေးတော်မူရင်း တဆဲ့ငါးသွယ်မှာ သုံးသွယ်တိုး၍ တဆဲ့ရှစ်သွယ် ပေးတော်မူသည်။

သားတော် စကုမင်းသားကို မောင်းကတ္တီပါနီ၊ နဖူးစည်းရွှေသားဇာဖောက်ရင်းပျားတသစ်၊ သစ္စာပန်း ခုနစ်ပွင့်၊ နဖူးစည်း အောက်အထက်ပန်းတပ်တကုံးစီ၊ သရက်ကင်းမြင်းနား ဇာဖောက်ပန်းတပ်-ဘော့ခြယ်၊ တမာရွက်ထောင်ပန်းတပ်-ဘော့ခြယ်။

သားတော် ကာမမင်းသားကို ဗောင်းကတ္တိပါနီ နဖူးစည်း ရွှေသား ဇာဖောက် ရင်းပျားတသစ်၊ အထက်နားအောက်နားပန်းတပ်၊ အလယ်သစ္စာပန်း ခုနစ်ပွင့်၊ သရက်ကင်းမြင်းနား ဇာဖောက်ပန်းတပ်၊ တမာရွက်ထောင် ရောင်ပြုံးခံ ဇာဖောက်ပန်းတပ် ပေးတော်မူသည်။

နယုန်လဆန်းတဆဲ့ငါးရက်ဗုဒ္ဓဟူးနေ့သို့အဝင် ညဥ့်သုံးချက်တီးကျော် ခြောက်နာရီနှစ်ပါဒ်၊ နှစ်ဗိဇနာ၊ လေးပြန်၊ ခုနစ်ခရာ၊ ပြိဿလက်၊ မြိဿာစန်းတွင် မုဒ္ဒါဘိသိက် ခံတော်မူသည်။ ။နယုန်လပြည့်ကျော် တရက်၊ ကြာသပတေးနေ့ နံနက်လေးချက်တီးကျော်၊ လေးနာရီ သုံးပါဒ်၊ ငါးဗိဇနာ၊ ငါးပြန်၊ လေးခရာ၊ သိဟ် လက်၊ မြိဿာစန်းတွင် မဟာဥကာသ်ဖွင့်တော်မူသည်။ ။"သီရိပဝရဝိဇယာနန္တ ယသတြိဘဝနာဒိတျာဓိပတိပဏ္ဍိတမဟာဓမ္မရာဇာဓိရာဇာ"-ဟူသော တံဆိပ်နာမံတော်ကို ခံတော်မူသည်။ ။အရှင် မိဖုရားခေါင်ကြီးကိုလည်း သီရိပဝရ မဟာရာဇိန္ဒာမင်္ဂလာ ရတနာဒေဝီ-ဟူသော တံဆိပ်နာမံတော်ကို ခံစေသည်။ ။ မြောက်နန်း မိဖုရားကိုလည်း သီရိမဟာစန္ဒာဘိ ရတနာဒေဝီ-ဟူသော တံဆိပ်နာမံတော်ကို ခံစေသည်။ ။အလယ်နန်းမိဖုရားကိုလည်း သီရိမဟာနန္ဒာဘိ ရတနာဒေဝီ-ဟူသော တံဆိပ်နာမံကို ခံစေသည်။

သားတော်အိမ်ရှေ့မင်းကိုလည်း သီရိမဟာဓမ္မာဘိဇယ သီဟသူရ-ဟူသော တံဆိပ်နာမံကို ခံစေသည်။ ။အိမ်ရှေ့ မိဖုရားကိုလည်း သီရိ တိလောက မဟာဘဒ္ဒာသု ရတနာဒေဝီ-ဟူသော တံဆိပ်နာမံကို ခံစေသည်။ ။အရှင်မိဖုရားခေါင်ကြီးသမီးတော် အကြီး ကန္နီ မင်းသမီးကိုလည်း သီရိမဟာမင်္ဂလာ ရတနာဒေဝီ၊ သမီးတော်အငယ်မြေဒူးမင်းသမီးကိုလည်း သီရိမဟာရတနာမလ္လာဒေဝီ-ဘွဲ့အမည်ကိုပေးတော်မူသည်။ ။ အလယ်နန်းမိဖုရားသမီးတော်ဟင်းသာတမင်းသမီးကိုလည်း သီရိရတနာပဘာဒေဝီ-ဘွဲ့အမည်ကိုပေးတော်မူသည်။ ။သားတော်စကုမင်းသားကိုလည်း သီရိဓမ္မရာဇာ၊ သားတော် ကာမမင်းသားကိုလည်း သတိုးမင်းစော-ဘွဲ့အမည်ကို ပေးတော်မူသည်။ ။ပုသိန်မင်းသားကို မင်းရဲပြတ်စော၊ လှိုင်မင်းသားကို မင်းရဲမြတ်စွာ-ဘွဲ့အမည်ကိုပေးတော်မူသည်။

ဃင်းတော် မြို့စားကို သီရိသုစန္ဒာဒေဝီ၊ ပင်းမြို့စားကို သီရိ သုနန္ဒာဒေဝီ၊ မိတ္ထီလာမြို့စားကို သီရိသု ရတနာဒေဝီ၊ ကနောင်မြို့စားကို သီရိ

သုမင်္ဂလာဒေဝီ၊ ခနုဖြူမြို့စားကို မင်္ဂလာဒေဝီ၊ ကျောက်မော် မြို့စားကို ရတနာဒေဝီ၊ ထန်းတပင်ရွာစားကို မြတ်ထားဒေဝီ၊ သီပေါစော်ဘွား သမီးကို ရာဇာဒေဝီ၊ သံကျင်သံရွာစားကို မြတ်စွာဒေဝီ၊ ဇရွှံမြို့စားကို သီရိမင်္ဂလာမဟေ၊ ကြေးနင်းရွာစားကို သီရိစန္ဒာမဟေ၊ သီရိသန်ဒါကို သီရိနန္ဒာမဟေ၊ မိုးကောင်းစော်ဘွားသမီးကို သီရိသန်ဒါမဟေ-ဘွဲ့အမည် ကို ပေးတော်မူသည်။

ထိုပြင် မင်းကိုယ်လုပ်တော် မောင်းမမိဿံ အပေါင်းတို့ကိုလည်း အထိုက်အလိုက် ဘွဲ့အမည်ပေးတော်မူသည်။ ။ဝန်းကြီး မဟာသီဟသူ ကို ဘုတိုးသီရိမဟာဥဇနာ၊ ဝန်ကြီးမဟာသီရိပကြံကို မဟာဥဇ္ဇမဇေယ သူ၊ ဝန်ကြီး မဟာဇေယသင်္ကြံကို မဟာသီရိသီဟသူ၊ ဝန်ကြီး မဟာသီရိ သင်္ကြံကို မဟာသီဟသူရအမည်ကို တပ်တော်မူသည်။

ထိုပြင် မြို့စားမင်းသား, မြင်းမူးမင်းသား, မှူးတော်မတ်တော် ဗိုလ်မှူး တပ်မှူးတို့နှင့် သူရဲတော်အပေါင်းတို့ကိုလည်း အထိုက်အလိုက် ဘွဲ့အမည် အရည် ထီးစည်စလွယ် အစီးအနင်း အဆောင်အရွက် ပေးတော်မူ သည်။ ။နယုန်လပြည့်ကျော် လေးရက်တနင်္ဂနွေနေ့ တချက်တီးကျော်၊ လေးနာရီ တပါဒ်၊ ငါးဗိဇနာ၊ တပြန်၊ ငါးခရာတွင် မြို့သစ်တောတွင် ရသော ရတနာဆင်ဖြူတော်ကို ခေါင်းဆေးသည်၊ နယုန်လပြည့်ကျော် ခြောက်ရက်အင်္ဂါနေ့၊ နံနက်လေးချက်တီးကျော် နာရီပြည့်၊ နှစ်ဗိဇနာ၊ လေးပြန်၊ခုနစ်ခရာတွင် အခမ်းအနားကြီးကျယ်စွာစီရင်တော်မူ၍ ပွဲသဘင် ကြီးစွာခံတော်မူပြီးလျှင် ရတနာဆင်ဖြူတော်ကိုသိမ်းတော်မူသည်၊ဥပေါ ပြောင်မွန်-ဘွဲ့အမည်ကိုတပ်တော်မူ၍ ဆင်ဖြူရှင်ခံတော်မူသည်။ ။[မုဒ္ဒါ ဘိသေက အစီအရင် ရတနာဆင်ဖြူတော်သိမ်း အစီအရင်များမှာ ရွှေ နန်းစဉ် စာတမ်း၌ပြီဖြစ်၍ အကျယ်မဆိုသည်]။

ဝါဆိုလဆန်းတဆဲ့လေးရက် ဗုဒ္ဓဟူးနေ့ ပဥ္စမသာမဏေပဥ္ဇင်းပြုတော် မူသည်။ ။ဝါဆိုလပြည့်ကျော်တရက် သောကြာနေ့ ပြာသာဒ်ဥကင် တော် သီဟာသနရာဇပလ္လင်တော်ထက် အရှင်မိဖုရားခေါင်ကြီးနှင့် စံပယ် တော်မူလျက် ဝါဝင်ကန်တော့ခံတော်မူသည်။ ။နယုန်လပြည့် ဗုဒ္ဓဟူး နေ့ အိမ်ရှေ့မိဖုရားစံတော်မူရန် ရွှေနန်းတော်တွင်းဝယ် သာယာလှစွာ

သော အိမ်တော် ဆောက်ရသည်။ ၈ဝါဆိုလပြည့် ကြာသပတေးနေ့ အိမ်ရှေ့မိဖုရား နန်းတော်သို့ ဝင်တော်မူ၍ အတွင်းအိမ်တော်မှာ စံတော်မူသည်။

**အိမ်ရှေ့မိဖုရား သားတော် ဖွားမြင်ခြင်း, မြပုခက်တင်ခြင်း နှင့်-စစ်ကိုင်းမြို့ကို မှုံ့ဘိုးပေးတော်မူခြင်း**

ဝါခေါင်လဆန်းခုနစ်ရက် သောကြာနေ့ ကောင်းမြတ်သော မင်္ဂလာ အခါတော်ကြိုက်လျက် အိမ်ရှေ့မိဖုရားသားကြီးရတနာကို ဖွားမြင်တော်မူသည်။ ။ဘိုးတော်ဆင်ဖြူများသခင် အသျှင်ဘဝရှင် မင်းတရားကြီးဘုရားလည်း အရိုက်အရာတော်ထီးနန်းတိုင်းပြည်ကို ငါ့အတူအစဉ်မပျက် ဆက်လက်စိုးအုပ်ခည့်သူမြေးဦးရတနာမင်းလျာစင်စစ်ဖြစ်ပေသည်ဟုဝမ်းမြောက်တော်မူ၍ အခမ်းအနား ကြီးကျယ်စွာနှင့် ပွဲသဘင် ခံတော်မူပြီးလျှင် ဝါခေါင်လဆန်းတဆွဲလေးရက် သောကြာနေ့ နှစ်ချက်တီးကျော် ခြောက်နာရီ တပါဒ် နှစ်ပြန် ရှစ်ခရာ ဗြိဿာလက် မနေစန်း ကောင်းမြတ်သော မင်္ဂလာအခါတော်တွင် မြပုခက် တင်တော်မူသည်။ ။မှူးကြီး မတ်ကြီး မှူးသတ်မတ်လတ်တို့ သားမြေးတို့ကိုလည်း ကစားတော်မူဘက် လက်ဘွဲ့တော်မူသည်။ မဟာဇေယပူရ အမည်ရှိသော စစ်ကိုင်းမြို့ကိုလည်း မှုံ့ဘိုးပေးတော်မူသည်။ မိဖုရား မင်းကိုယ်လုပ်တော်တို့ကိုလည်း အတိမ်းအချီ ပေးတော်မူ၍ မြေးတော်ကို ရွှေနန်းတော်ထက်ဝယ် အခြံအရံ အပေါင်းတို့နှင့် စံနေတော်မူစေသည်။

ဝါခေါင်လဆန်း တဆွဲသုံးရက် ကြာသပတေးနေ့ သားတော် မင်းရဲမြတ်စောကို သင်းဘောဆိပ်နှင့်တကွ ပုသိန်မြို့၊ သားတော် မင်းရဲမြတ်စွာကို မြင်ကွန်းမြို့ကို မြို့စားပေးတော်မူသည်။

တန်ဆောင်မုန်းလဆန်း တဆွဲတရက်နေ့ သားတော် စကုမင်းသားကို ဆင်ပေါင်းဝန်းနက်, အအုံ့ရေးရွှေခြင်ပိတ် ပန်းဆွဲ, ရွှေနှစ်စု, အနီတစု၊ သားတော် ကာမမင်းသားကို ဆင်ပေါင်းဝန်းနက်, အချက်ရွှေ, ကလောင်ရွှေပြည့်, ရဲဘခွက် အနီနှစ်စု, ရွှေတစု ပေးတော်မူသည်။

အထူးထူးသော တိုင်းကြီး ပြည်ကြီး ထီးဆောင်းမင်းများသခင်၊ ရွှေတွင်း, ငွေတွင်း, ပတ္တမြားတွင်း, ပယင်းတွင်းစသော ရတနာအပေါင်းတို့၏အရှင်၊ စေတုတ္တရတနာပူရ မြို့တည် နန်းတည်၊ ဆဒ္ဒန်ဆင်မင်းသခင်၊ ဆင်ဖြူများသခင် အသျှင်

ဘဝရှင် မင်းတရားကြီး ဘုရား လက်ထက်တော် (၁၁၉၁) တတောင့် တရာ့ ကိုးဆဲ့ တခု၊ နယုန်လဆန်း တရက်နေ့က စ၍ ရဟန်းပညာရှိ, ပုဏ္ဏားပညာရှိ၊ မှူးမတ်ပညာရှိတို့နှင့်၊အထူးထူးသော ရတနာတို့ဖြင့်ဆန်းကြယ်သော မှန်နန်းတော် ဆောင်တော်ဦး နန်းမစနု၌ နှိုင်းညှိ၍ အသင့် ယုတ္တိကျမ်းဂန် အာဂုံများနှင့်အညီ သုတ်သင် စီရင်တော်မူသော ဒုတိယ မဟာ ရာဇဝင်တော်ကြီး၊ ပဉ္စမထုပ်၊ ပဥ္စမတွဲ ဤတွင် ရွေ့ပြီး၏။

## ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး ပဥ္စမအုပ် ဤတွင် အပြီးသတ်သတည်း။

* * *

---

### ဤ ပဥ္စမတွဲတွင်

ရတနာသိဥ် နေပြည်တော်ကြီးတည် အလောင်းမင်းတရားကြီးဘုရားမှ အမရပူရ ရွှေမြို့တော်တည် အောင်မြေ လောက စေတီတော်ဒါယကာ မင်းတရားကြီး လက်ထက်တော် မြေးတော် စစ်ကိုင်းမင်း ဖွားမြင်တော်မူသော အခန်းတိုင်အောင် အပြီးသတ်ထားလိုက်ပါသည်။

အမရပူရ ရွှေမြို့တော်တည် အောင်မြေလောကစေတီတော်ဒါယကာ (ဘိုးတော်) မင်းတရားကြီးလက်ထက်တော် သားတော် မဟာ ဥပရာဇာ ရခိုင် ဧည့ဝတီသို့ ချီသိမ်းတော်မူသော အခန်းက စ၍ ရတနာပုံ နေပြည်တော် ဒုတိယနန်းစံ–မာန်အောင်ရတနာစေတီတော်ဒါယကာ(သီပေါ) မင်းတရားကြီး တိုင်အောင်သော ရာဇဝင်တော်တို့ကို ရှေ့–ဒုတိယအုပ်, တတိယအုပ်များမှာ ဆက်လက် ကြည့်ရှုတော်မူပါကုန်။

---